www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဒို့တာဝန် အရေးသုံးပါး

ည်ထောင်စု မပြိုကွဲရေး ဒို့အရေး
ိုးရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
ချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ပွဲစည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ ပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ဆောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိ မာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓော ခတ္တိယော၀ တပတိ၊
စျာယံ တပတိ ဗြာဟ္မဏော ၀။

(၂) အထ သမ္မ မဟော ရတ္တိ
မုဒ္ဓါ တပတိ တေဇသာ ။
တာဒိသံ တေဇ သမ္ပန္နံ၊
မုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာ ရ နုဘာဇနံ၊
သမ္မေ ပုဂ္ဂလုတ္တမာ ။ ။

သဒ္ဒါစရိယ

မဂ္ဂဇင်း

အမှတ် (၇၅)

ဇွန်လ ၂၀၁၂

မှတ်နာပုံနွှင့်ပြုချက်အမှတ် ၅၄၀၀၃၀၀၂၁၀၂၁၂

www.burmeseclassic.com

www.burmeseclassic.com

ဘာသာရေးဆောင်းပါးများ

၅ ဆံတော်သမိုင်းဝင် တွံတေးရွှေဆံတော်
သီခံသူ

၁၁ မကွေးတိုင်းဒေသကြီး နတ်မောက် မြို့နယ် ပင်းမြို့ဟောင်းမှ မဟာ ဗောဓိရွှေညောင်တော်နှင့် အံ့ဖွယ် ထူးခြားဖြစ်ရပ်ဆန်းများ
ကံဝင်း

၁၇ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ စွယ်တော်၊ နဖူးသင်းကျစ်တော်၊ ဓာတ်တော်၊ မွေတော်များ ကိန်းဝပ် စံပယ်တော်မူရာ ဆုတောင်းပြည့် ရွှေစည်းခုံစေတီတော်ကြီး
တက္ကသိုလ်မျိုး

၂၉ ဆရာတော် အရှင်ဇဝန(မေတ္တာရှင်-ရွှေပြည်သာ)၏ နှစ်ဦးမင်္ဂလာ တရားချီးမြှင့်ရာ ကုသိုလ်တော်ပွဲခင်း
အောင်သာကျော်

၃၄ နေအိမ်မိသားစုတွင် လူမှု၊ ကျန်းမာ၊ စီးပွား၊ ပညာ အဆင်မပြေမှုများကြုံရပါက အန္တရာယ်ကင်း အောင်မြင်ခြင်းအတွက် ရွတ်ဖတ်ရန် မန္တန်တော်ကြီး
နတ်မောက်မင်းသန့်နိုင်

၃၆ ကြောက်စရာအကောင်းဆုံး အနီးကပ်ရန်သူ မစ္ဆေရတရား
ရသဂန္ဓိရကျော်ဝင်းအောင် (ပြည်-ဆည်မြောင်း)

၄၀ ကျွန်ုပ်သူငယ်ချင်း မေမျက်ဝန်း ခေါ် မျက်ဝန်းနှင့် ထီပေါက်စေ ကြောင်းဂါထာကောင်း
နတ်မောက်မင်းသန့်နိုင်

၄၄ ရွှေမြင့်မိစေတီဆီသို့
အောင်မြင့်မြတ်(စစ်ကိုင်း)

၅၄ ပုဂ္ဂိုလ်ထူး၏တန်ခိုးသိဒ္ဓိ သို့မဟုတ် သက္ကဆရာတော်
ခွန်စည်သာဟိန်း

၅၇ အသက်ကိုရှည်စေသော ရှင်မဟာကဿပအာဏာစက် ပရိတ်တော်
နေဝန်းသစ်

၆၀ ထူးဆန်းသော သက်တော်ရှည် စစ်ကိုင်းရွှေဟာသာဆရာတော်
ဇော်ခင်ခင်ထွန်း(မြန်အောင်)

၆၁ နိဝရဏခုနစ်ပါးနှင့် သင်္ဂါရဝပုဏ္ဏား
သာထက်ဇော်(မကွေး)

၆၃ ဗောဇ္ဈင်(၇)ပါးတရားတော်
မင်းဘူး-ဇိုလ်ဥဇ္ဈမ

၆၇ လယ်တီဆရာတော်ကြီး၏ ဗုဒ္ဓါဝဂါထာကျော်
လှမြင့်(ရန်ကုန်တက္ကသိုလ်)

၆၉ ဥပုသ်သီလ ဆောက်တည်တတ်ပါစေ
ဦးတင်ကြွယ်(ပုလော)

၇၄ ဘုရား၊ တရား၊ သံဃာ ရတနာ မြတ်သုံးပါး ဂုဏ်ကျေးဇူးကြောင့် အသက်ချမ်းသာရခဲ့သော ကျွန်တော်
မင်းတုန်းဘသီ(သရက်)

၇၆ ပဒုမ္မာကြာပန်းနှင့် ရဟန္တာဖြစ်ခဲ့သူ
တြိရတနမွေပါလ

၉၂ နမောတဿဂါထာအစီအရင်
နတ်မောက်မင်းသန့်နိုင်

၉၃ လင်္ကာပေသလ သိက္ခာကာမ သူတော်ကောင်းတို့ ကဲ့ရဲ့ ပြစ်တင် အစွပ်အစွဲမရှိရအောင် ဆင့်ဆို ဆုံးမ ဩဝါဒပေးရန်
ဒုတိယဥပဒေ(ပုရပိုက်မူ)
မာမက(သူတော်သီ)

သုတဆောင်းပါးများ

၄၉ တိုင်တစ်ရာကျောင်းမှ ရေးဟောင်းပစ္စည်းများ
မကွေးလှမြင့်

၅၁ လင်းပဏ်ခေါ် စလင်းဦးပဏ္ဍိစ္စ၏ စကုကျောင် ယခင်-ယခု သမိုင်းစီးဆင်းမှု
ဦးစန္ဒိမ(စလင်း)

၇၂ သဒ္ဓါနဲ့ပညာ
ဦးဥာဏ်ဝင်းထက် (စာပေဗိမာန်)

၇၉ နောင်တတစ်ဖန် မပူပန်ကြရစေလို
သစ္စာဝါဒီ-ဦးမြင့်အောင်

၈၂ လူတိုင်းနပျိုဖူးကြသည် သို့သော်....
မန်းမော်မဟော်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၈၄ ဥက္ကာလာပ
နိုင်ခင်မောင်လေး

၈၇ မြန်မာ့လူနေမှုဘဝ
ဘာသာရေးအဝန်းအဝိုင်းမှ
လင်းလွန်းပင်၏နေရာ
ရာမည-သွေးမွန်

၉၀ နေ့မှာသာတဲ့ငွေလမင်း
နန္ဒာမိုးကြယ်

၁၀၈ ကျွန်ုပ်နှင့်မြန်မာ့မြေပေါ်မှ
ရတနာတန်းဝင်
ဘယဆေးပင်များ
ဘုန်းခေါင်

၁၁၅ ငါသေချင်တယ်
မအူပင်-သန်းညွှန့်

၁၁၇ အမှန်၊ အမှား မစဉ်းစားတတ်က
လူညံ့
ချောင်းဆုံအုန်းသွင်

၁၁၉ သခင်ရတနာ
မောင်မောင်ချစ်ဦး(မုံရွာ)

၁၃၃ ကြင်ဖော်လက်တွဲ
မြစေလို
ရွှေချိုင်ဝေယျ
(ဆားလင်းကြီး)

၁၃၆ အိုမင်းခြင်းကို နေးကွေးစေပြီး
သက်တမ်းပိုရည်စေမည့်
နည်းလမ်း
အောင်ဘုန်းမြင့်(ကချင်မြေ)

၁၄၆ မေ့မရသောငယ်ဘဝနှင့်
တောရပ်ရွာ
မင်းဟိန်းထိပ်

၁၅၁ နန်းပြိုတွင်းမှအရှေ့ဥယျာဉ်တော်
အနောက်တံခါးမှူးမောင်မှူး

၁၆၁ အင်(နှ)နီဖရန့်၏
နောက်ဆုံးလက်ဆောင်
တင်ထွန်း(စက်မှု-၂ဖြိုမိုး)

၁၈၇ သတ္တဝါလောကနှင့်
အတုပိဇ္ဇာများ
ထုမိုး(ပညာရေး)

၂၀၇ ယူဘုတ်တွေ့ဆော်ဘီးကြီး
အောင်ကောင်း

၂၃၉ ရှင်သူငယ်ဉာက်ပျောနှင့်
အစွမ်းထက်မှုများ
ရီရီဌေး

၂၆၇ ညေးရူ သို့မဟုတ် ဒွိရထတီမွန်များ
နိုင်ခင်မောင်လေး

၂၉၀ ဖြိုးမောက်ဝေစည်
နဂါးတို့တိုင်းပြည်
စေးလာနွယ်

၂၉၅ မင်္ဂလာရှိသောလူ
ဝေယံသိန်း

၂၉၈ စွန့်စားပုံသူများ
လျှမ်းထက်

ဝတ္ထုတို

၅၈ အမှီ
ချစ်ဆိုင်

၉၅ ကိုယ့်ကိုယ်ကိုယ်ကြည့်ညှိသူ
အရှင်ဥဇ္ဇယ

၁၀၄ သက်ငယ်မြက်တစ်ပင်နှင့်
ရွှေစင်တစ်ရာ
ပန်းမြိုင်လယ်-စိန်ဝင်း

၁၁၀ ကာလယန္တရားကြီး
ဝုန်းစီးချင်သည်
တိုးခ

၁၂၂ ကူညီပါဦးသူငယ်ချင်းရယ်
ရွှေပြည်စိုး(မိုးကုတ်)

၁၂၈ ကျွန်တော်နှင့်သူမျက်လုံး
သော်တာအောင်
(ကျောက်တောင်)

၁၃၈ ပီတိဝေသီ မျက်ရည်တစ်စက်
မောင်ယဉ်စိုး(သာစည်)

၁၄၃ ကမ္ဘီရဆရာဝန်
ဓာတ်ပုံ-မောင်မောင်အေး

၁၅၆ တတိယမျက်လုံးပိုင်ရှင်
ကောင်းသော် ၁၆၈
ကူးတို့ဆိပ်ကအဘွား
ကျော်မိုးလွင်(ဝါးခယ်မ)

၁၇၅ ချမ်းသာချင်သူ
ဇွဲမင်း(မိုးကုတ်)

၁၇၈ ကိုဘဲကြီးနှင့်
သုံးထပ်ပဒိုင်းနက်သီး
မိုးကုတ်ကျော်ကျော်စိုး

၁၈၅ အိပ်မက်ပေးသော
ငွေမတ်စေ့ပိုင်ရှင်
ကျော်ထက်ခေါင်(သုံးဆယ်)

၁၉၀ ကျွန်ုပ်နှင့်
ကမ္ဘီရဝက်ကြီးထီးကောင်း
နေဝန်းနီ

၂၀၀ ဘာကိုမှမယုံသောရဲနှင့်
ဘာဖြစ်မည်ကိုကြိုသိနေသော
ဘာဘာကြီး
ကျီးမနီးတင်ဝင်း
(ပေါင်းတည်)

၂၀၅ နွားတစ်ကောင်၏ကံကြမ္မာ
ပန်းတနော်ကျော့မိုး

၂၁၆ စီးရေ၏နိယာမ
တင့်ထူး(ဇေယျဝတီ)

၂၂၄ အနောက်တောင်ဘက်အခန်း
သိဂိကျော်

၂၃၀ ပရိဝိညာဉ်လယ်ကြီးရှင်
ဗျာပုံ-ရည်လွင်အောင်

၂၃၇ အကြည့်ချင်းဆုံရင်ခုန်သည်တဲ့
ဦးသန်းစိုး(ချောင်းနက်)

၂၄၁ ကြည့်လည်းလုပ်ကြပါဦး
စိုးထွန်း(ဥပဒေ)

၂၄၈ ရုပ်ပွားတော်အောက် ဝလုံးပေါက်
မြတ်သက်ကျော်

၂၅၂ ဟင်းချိုးနှင့်သတင်းဆိုး
မောင်မြင့်မား(ဘိုကလေး)

၂၇၀ အရက်တစ်ခွက်ရဲ့
မောဟနယ်ခရီးမှအပြန်
သီဒီးသန်းအောင်(မြင်းခြံ)

၂၇၆ တမာပင်မှရက္ခစိုး
ဂါဠီးနွန်းကို

၂၈၆ ပုထုဇနော ဥမ္မတ္တကော
တက္ကသိုလ်-မောင်လူလု

၃၀၄ တိမ်နှင့်တူသောအိမ်
နေမင်းချို

၃၀၈ ကြယ်ကြေကောက်၍
လမ်းပျောက်ကိုရာ
ဓာတိဝုဏ်-မျိုးမြင့်အောင်

အခန်းဆက်ဝတ္ထုရှည်

၂၀၉ တစ်အူထုံဆင်းညီရင်းအစ်ကို
ကိုဇေယံ

၂၅၁ နှင်းတောင်ပေါ်က
အာယာတမီးလျှံ
ကောင်းပြည့်ဟန်

www.burmeseclassic.com

www.burmeseclassic.com

လက်တွေ့အသုံးချ။ ဗေဒင်

၃၈ မဟာဂန္ဓာရီတက်လမ်းနှင့် ဇော်ဂို့ ရသေ့တို့ကျင့်ထုံး
ဘုန်းခေါင်

၉၇ ကွယ်လွန်သူအတွက် ရည်စူးကုသိုလ်ပြုလုပ်နည်း
နတ်မောက်မင်းသန့်နိုင်

၁၀၂ ဥပေက္ခာ ဆိုသည်မှာ
သုခစုစံ(ကျိုက်ထတ်)

၁၇၁ မြန်မာ့ထွက်ရပ်ပေါက်ဆိုင်ရာ ဝိဇ္ဇာဓရပုဂ္ဂိုလ်ထူးများ၊ ပညာရပ်များ၊ ကျင့်စဉ်များ
ဆရာဦးဆက်ထွန်းထင်း

၁၉၇ ဝေဖန်ပြစ်တင် ရွှတ်ချခံရသော ဗေဒင်လောကထဲက သိက္ခာရှိရှိ ရပ်တည်နေသော ဆန်းဗေဒင်
ဆရာဒလမင်းခေါင်

၂၂၀ သုံးထွေလောက၏ ဂန္ဓိရသော့ချက်များ
ဖုန်းရှိအောင်

၂၃၆ ရင်ကျပ်ပန်းနာဖြစ်နေသူများအတွက်
ခင်မြိုင်ရွှေ(ကျောက်ပုံ)

၂၄၄ လွယ်ကူလေ့လာ လက္ခဏာပညာ
မင်းထွဋ်မင်း

၂၇၉ ဂန္ဓိရဆွယ်သောဗျာလ
မင်းရှိန်အောင်

၂၈၉ ငါးအစိုထားသိုနည်း
ခင်မြိုင်ရွှေ(ကျောက်ပုံ)

၃၀၀ ကလေးသူငယ် ကပ်ပယ်ဥကြီးနေသော
ခင်မြိုင်ရွှေ(ကျောက်ပုံ)

၃၀၁ ရှေ့လာမည့် တစ်နှစ်တာလုံး အန္တရာယ်အမျိုးမျိုး၊ ဘေးဆိုး ဟူသမျှ ကင်းလွတ်စေတဲ့ မြန်မာနှစ်ဆန်းတစ်ရက်မှာ ဆောင်ရွက်ရမယ့်ယတြာများ
ဆရာဒလမင်းခေါင်

နာယက
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
ဆုပ်ချုပ်မှုစာတည်း
ဒေါ်သန်းသန်း
စာတည်းအဖွဲ့
ကျော်မင်းထွဋ်
သင်းသင်းစံ
ဝေလဲလဲထွဏ်း
ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ- ၀၄၃၂၂)
ဥပဒေအကြံပေး
ဦးထွန်းရွှေ
B.A (Law); L.L.B
တရားရုံးချုပ်ရှေ့နေ
မျက်နှာဖုံးနှင့် အတွင်းပန်းချီ
ကိုဘိုးအောင်၊
သိန္ဓိဘိုးစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အထွဋ်ဇလင်
ကိုလှဝင်း
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင်
(မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
ဘာသာရေးမှူး
ဒေါ်စုပယ်ညို
မြန်မာ့ချီးရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလွင်၊
တင်တင်သော်၊ ဝေသဉ်း
ရုံးအဖွဲ့
ခင်နွယ်အေး၊ ခင်ထားဆင့်
ဆုပ်ရေ့ဂ၀၀
မြန်ရေး
(၁၉၀၀) ကျပ်
စာတည်းအဖွဲ့ရုံးခန်းနှင့်
မြန်ချီရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်၊
ဖုန်း- ၀၁-၂၄၀၄၉၀၁၁-၃၀၀၃၀
မန္တလေး-ထွန်ဦးစာပေ၊ ညီစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရွှမ်းတောင်ကယား-ဂင်္ဂါနဒီ၊ ပီလုံမှာ
ပြည်-သုခစာပေ၊
ပဲခူး- သင်ငံစာပေ
ဟသံဝတီ-တာလေးမောင်
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြန်အောင်-လှထုမေမြင့်

www.burmeseclassic.com

www.burmeseclassic.com

မောဓိတစ်ထောင် မာရ်အောင်မြင်ဘုရား (တွံတေးမြို့နယ်)

ဆံတော်သမိုင်းဝင်
တွံတေးရွှေဆံတော်

သိခ်သူ

နေအရုဏ်မကျင်းမီကပင် စာရေးသူ အိပ်ရာမှထသည်။ မျက်နှာသစ်၊ သွားတိုက်၊ ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်ပြီးချိန် လက်မှလက်ပတ်နာရီကို ငုံ့ကြည့်လိုက်သောအခါ (၅) နာရီခွဲဖို့ (၁၀) မိနစ်သာ လိုတော့သည်။ ကမန်းကတန်းပင် အိမ်ကထွက်၍ စုရပ်သို့ ခြေကုန်သုတ်ကာ လာခဲ့သည်။ စုရပ်သို့ ရောက်သောအခါ အားလုံးသောဘုရားဖူးလိုက်ပါမည့်သူများကို စုံစုံညီညီတွေ့လိုက်ရလေသည်။ မှန်ပေသည်။ ၃-၁၀-၂၀၁၀ နေ့တွင် တွံတေးရွှေဆံတော်စေတီတော်မြတ်ကြီးနှင့် တွံတေးမြို့နယ်အတွင်းရှိ ဘုရားများကို ဖူးကာ ခလုပ်ကျေးရွာ ဆရာတော်ကြီးကိုပါ သွားရောက် ဖူးမြော်ရန် စာရေးဆရာ ဦးတိုး



တံတွေးမြို့ရှိ ကျိုက်ကေသာခေါ် တွံတေးရွှေဆံတော်စေတီတော်မြတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

(တက္ကသိလ) နှင့် စာရေးဆရာမ ဝင်းလတ်ဖြူတို့အဖွဲ့က ကြိုတင် စီရင်ခဲ့ကြသည်။

ဘုရားဖူးအဖွဲ့ကို ဦးဆောင်မည့် ဆရာတော်မှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ မြတ်လေးနွယ်ကျောင်းတိုက်ဆရာတော်ဖြစ်သည်။ မူလစုရပ်ဖြစ်သော သာကေတမြို့နယ်မှ စာရေးဆရာ၊ စာရေးဆရာမများနှင့် အခြားဘုရားဖူးအဖွဲ့ဝင် (၂၀) ကျော်တို့သည် စက်မူဇုန်ထုတ် နှစ်တန်ယာဉ်ကလေးဖြင့် နံနက် (၅) နာရီခွဲတွင် သာကေတမြို့မှ ထွက်ခွာလာကာ မြောက်ဥက္ကလာပမြို့နယ်ရှိ မြတ်လေးနွယ်ကျောင်း ဆရာတော်ကို ဝင်ရောက် ပင့်ဆောင်ခဲ့ကြသည်။ ဆရာတော်ကျောင်းမှတစ်ဆင့် လိုင်သာယာမြို့နယ်သို့ ဦးတည်လိုက်ကြပြီး ဘုရင့်နောင်တံတား၊ လှိုင်မြစ်ကူးတံတားနှင့် တံတေးတူးမြောင်းတံတားတို့ကို ဖြတ်ကျော်ခဲ့ကြပြီး နောက် တံတေးမြို့နယ်အတွင်းသို့ ချင်းနင်း ဝင်ရောက်လာခဲ့ကြပါတော့သည်။ ကားလမ်းမကြီးအတိုင်း တံတေးမြို့ဆီသို့ ဦးတည်ကာ မောင်းနှင်လာခဲ့ကြပြီး ကံဘဲကြီးကျေးရွာအနီးသို့ရောက်လာရာ လမ်းဆုံတွင် ဘယ်ဘက်သို့ချိုး၍ ကွမ်းခြံကုန်းမြို့ဘက်သို့ ဦးတည်ထားသော လမ်းမကြီးတစ်ခုကို တွေ့ရသည်။ ထိုလမ်းမကြီးမှာ ယခင် အရှေ့အရိုးတောင်ရွာရှိ ဘုရားအိုကြီးတစ်ခုပေါ်တွင် စေတီတည်ကာ ထီးတင်ခဲ့ကြသောလမ်းဖြစ်၍ စာရေးသူတို့ သွားရောက် ဆင်နွှဲခဲ့ကြဖူးလေသည်။

စာရေးသူတို့အဖွဲ့ တံတေးရွှေဆံတော်ဘုရားခြေတော်ရင်းသို့ ရောက်ရှိသွားချိန်မှာ နံနက် (၇) နာရီခွဲခန့်သာရှိသေးသဖြင့် အအေးဓာတ် လွှမ်းခြုံမှုမကုန်သေးဘဲ သာတောင့်သာယာဖြင့် ဆံတော်ရှင် စေတီတော်ကြီးကို ဖူးမြော်ကြရသည်။ မြတ်လေးနွယ် ဆရာတော်မှာ တံတေးမြို့နယ် ရှမ်းစုရွာဇာတိရွာဖြစ်ပြီး စေတီတော်ဂေါပကအဖွဲ့နှင့် အလွန်ပင် အကျွမ်းတဝင်ရှိသည်။ ထို့ကြောင့် စာရေးသူတို့ သိလိုသော ဘုရားသမိုင်းနှင့် ဘုရားပေါ်ရှိ သိသင့်သိထိုက်သည်တို့ကို လိုက်ပါရှင်းပြ ကူညီခဲ့လေသည်။ တံတေးရွှေဆံတော်တွင် ဌာပနာထားသော မြတ်စွာဘုရားရှင်၏ဆံတော်တို့မှာ ရွှေဟောင်းသမိုင်းအရ မဟာသက္ကရာဇ် ၁၁၁ ခုနှစ်တွင် ဆံတော် (၂) ဆူ၊ ၂၃၈ ခုနှစ်တွင် ဆံတော် (၄) ဆူ၊ ပေါင်း (၆)



တံတေးမြို့နယ် အောင်စကြာကျောင်း ဆံတော်လေးစေတီဝင်းအတွင်းရှိ ထိုင်တော်မူရုပ်ပွားတော်ကြီး



ဆံတော်လေးစေတီအတွင်းဝင်းအတွင်းရှိ ရပ်တော်မူဘုရားကြီး (ဥဿဆတော် ၄၆ တောင်မြင့်သည်)

www.burmeseclassic.com

www.burmeseclassic.com

ဆူရှိလေသည်။ ဘုရားသမိုင်းအကျယ်ကို လယ်တီဦးပညောဘာသမထေရ်က အကျယ်ရေးသားခဲ့သည်။

မြန်မာနိုင်ငံတွင် တည်ထား ကိုးကွယ်ခဲ့ကြသော ဆံတော်ရှင်ဘုရားများသမိုင်းမှာ တစ်ခုနှင့်တစ်ခု၊ တစ်နည်းမဟုတ်တစ်နည်းဖြင့် ဆက်စပ်လျက် ရှိကြသည်။ မြတ်စွာဘုရား ပွင့်ထွန်းတော်မူစ မြန်မာနိုင်ငံမှာ တဖုံသနှင့် ဘလွဲကကုန်သည်ညီနောင်တို့ မဇ္ဈိမဒေသသို့ ကုန်ရောင်းကုန်ဝယ် ကုန်သွယ်ထွက်ရင်း မှ ဂေါတမမြတ်စွာဘုရားကို ဖူးခွင့်ကြုံခဲ့သည်။ ဘုရားရှင်က ဆံတော် (၈) ဆူ သနားတော်မူသဖြင့် ရွှေတိဂုံဆံတော်ရှင် စေတီတော်ကြီးကို တည်ထား ကိုးကွယ်ခွင့်ရခဲ့ကြသည်။ သထုံပြည်သို့ ဂဝံပတိရဟန္တာမြတ် ကြွရောက်တော်မူခဲ့စဉ်က မဇ္ဈိမဒေသတွင် ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူကြောင်း မင်းနှင့် ပြည်သူတို့အား အသိပေးပြောကြားရာမှ မင်းနှင့် ပြည်သူတို့က ဘုရားရှင်ကို ပင့်ဆောင်ပေးပါရန် လျှောက်ထား တောင်းပန်သောကြောင့် ဂဝံပတိမထေရ် မဇ္ဈိမဒေသသို့ ပြန်ရောက်လေသောအခါ ဘုရားရှင်အား ပန်ကြားလျှောက်ထားသဖြင့် သုဝဏ္ဏဘူမိ သထုံပြည်ရှင် တိဿသီဟ ဓမ္မရာဇာမင်းနှင့် ပြည်သူတို့အား တရားရေအေးတိုက်ကျွေးရန် ဂေါတမဘုရားရှင်သည် သက္ကရာဇ် ၁၁၁ ခုနှစ်တွင် သုဝဏ္ဏဘူမိသို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလေသည်။

ထိုသို့ ကြွတော်မူခိုက်တွင် ဘုရားရှင်သည် ခေတ္တရပ်တန့်လျက် အနောက်ဘက်ဒေသသို့ မျက်နှာမူပြီးလျှင် ပြုံးတော်မူလေစ်။ ညီတော်အာနန္ဒာက လျှောက်ထားမေးမြန်းသောအခါ ဘုရားရှင်က လက်ညှိုးတော်ဖြင့် ညွှန်ပြလျက် ဤဒေသတွင် ငါဘုရား နုစဉ်ဘဝ၌ ဆင်မင်းနှင့် သမင်မင်း ဖြစ်ခဲ့ဖူး၍ သေလွန်သောအခါ မေရုဒကုန်းတွင် အရိုးကျခဲ့ပေသည်ဟု မိန့်တော်မူခဲ့သည်။ ထိုမှ သာမက အနှီ မေရုဒကုန်းတော်တွင် ငါဘုရား၏ ဆံတော်နှစ်ဆူကို ဌာပနာ၍ လူအများ ကိုးကွယ်ပူဇော်ကြ လတ္တံ့ဟု ဗျာဒိတ်တော်ထားခဲ့လေသည်။

တွံတေးမြို့နှင့် (၆) မိုင်အကွာ အရှေ့အရပ်တွင် သီဟိဠ် (သီရိလင်္ကာ) ကျွန်းမှ ပြောင်းရွှေ့ နေထိုင်ကြသောသူများ နေထိုင်ကြရာ ထိုအရပ်ကို ခပင်းသီဟိဠ်ငယ်ဟု ခေါ်ကြလေ၏။ ထိုအရပ်



အရှေ့ခလုပ်ကျောင်းလေးအဝင်အဝ သီဟိဠ်စေတီပုံစံဘုရား ပန်းထက်ရာအကြွနှင့် ဆင်းဆုတော်များ

ခလုပ်ကျောင်းလေးအဝင် စေတီတော်

www.burmeseclassic.com

www.burmeseclassic.com

သား သုမနထေရ်၊ တိက္ခပညာ၊ သာဂရပညာ ကုန်သည်ညီနောင်တို့ သင်္ဘော သားငါးရာနှင့်တကွ ပင်လယ်ခရီးထွက်လာခဲ့ကြရာ လမ်းတွင် သင်္ဘောတစ်စီးနှင့် ဆုံမိကြသည်။ ထိုသင်္ဘောပေါ်မှ ခရီးသည်တို့က ဇင်းကျိုက်တောင်တော်၌ ဂေါတမမြတ်စွာဘုရား ခေတ္တရောက်ရှိ သတင်းသုံးလျက်ရှိကြောင်း သတင်းစကားကမ်းကြသည်။ သုမနထေရ်နှင့် ကုန်သည်ညီနောင်တို့ သဏ္ဌိသို့ သင်္ဘောရွက်လွှင့်ကြရာ ဆိပ်ကမ်းသို့ရောက်လေ၏။ ဘုရားရှင်ရှိရာသို့ သွားရောက် ဖူးမြော်၍ ခဲဖွယ်ဘောဇဉ်တို့ကို ဆပ်ကပ်လှူဒါန်းကြသောအခါ ဘုရားရှင်က အလှူခံသုံးဆောင်တော်မူသည်။ ယင်းတို့အားလည်း ဦးခေါင်းတော်ကို လက်ဖြင့် သုံးသပ်တော်မူ၍ ဆံတော်နှစ်ဆူ ပေးသနားလိုက်လေ၏။

ကုန်သည်ညီနောင်တို့လည်း ဆံတော်မြတ်နှစ်ဆူကို ပတ္တမြားကြုတ်အတွင်းသွင်းပြီးနောက် သင်္ဘောဦးတွင်တင်ကာ နေရင်းဒေသသို့ပြန်လာခဲ့ကြသည်။ ထိုအချိန်တွင် ထိုအရပ်ဒေသ၌ ပေါက္ခတီဘုရင် သမိန်ထောဗညားရမ်းနှင့် မိဖုရား စန္ဒာဒေဝီတို့ ထီးနန်းစိုးစံလျက်ရှိကြ၏။ ကုန်သည်ညီနောင်တို့ ဘုရားရှင်၏ ဆံတော်နှစ်ဆူ ပင့်ဆောင်လာကြောင်း ကြားသိရသဖြင့် မင်းနှင့်ပြည်သူတို့က ဆိပ်ကမ်းတွင် သောင်းသောင်းဖြဖြ ကြိုဆိုပင့်ဆောင်ကြပြီးနောက် ဘုံခုနစ်ဆင့် ပြာသာဒ်ကြီးကို ဆောက်၍ ဆံတော်မြတ်ကို ကိန်းဝပ်စံပယ်စေလေသည်။ ဆံတော်ရှင်အား စေတီတည်ထားကိုးကွယ်ရမည့်အရပ်ကို မင်းကြီးက မေးလေလျှင် ကုန်သည်ညီနောင်တို့က မြတ်စွာဘုရား ဗျာဒိတ်တော်ထားသည့် မေရုဒကုန်းတော်အကြောင်း ပြောပြကြလေ၏။

မေရုဒကုန်းတော်အား ရှာဖွေကြရာတွင် သင်္ဘောဆိပ်နှင့် သုံးတိုင်ခန့် ကွာဝေးသောအရပ်တွင် ရှာဖွေတွေ့ကြသဖြင့် ကုန်းတော်၏ထိပ်ကို စည်မျက်နှာပြင်ကဲ့သို့ ပြေပြစ်ညီညာအောင် ညီ

ပဒုမောဟာပေါ်တော်မူဘုရား

တွံတေးရွှေဆံတော်ရင်ပြင်တော်ပေါ်ရှိ
ဘုရင့်နောင်မင်းတရားကြီးအောင်မြေ



တွံတေးပြို့ ရွှေဆံတော်စေတီတော်မြတ်၏တန်ဆောင်းတစ်ခုတွင်
ကိန်းဝပ်စံပယ်လျက်ရှိသော ရှင်မထီးဘွဲ့ခံ .
ရှင်အဂ္ဂဂေါဏဆရာတော်းပြည့်ဘုရားပုံတော်

www.burmeseclassic.com

www.burmeseclassic.com

ပဥ္စလောဟာပေါ်တော်မူ တွေ့ရှိရာနေရာ

ကြသည်။ ချုံနွယ်ပိတ်ပေါင်းတို့ကိုလည်း ခုတ်ထွင်ရှင်းလင်းကြသည်။ ထို့နောက် သမိန်ထောဗညားရမ်းမင်းကြီးက အမတ်သိန်းကို အကြီးအမှူးခန့်၍ လူပေါင်း (၉၀၀၀) ထို့ကို ရွေးကောက်ပြီး စေတီတော်ကြီးတည်ရန် တာဝန်ပေးလေ၏။ ထို့ပြင် လူတစ်ဦးလျှင် အုတ်ဖိုတစ်ဖို၊ အုတ်ဖိုတစ်ဖိုလျှင် အုတ်ချပ် လေးသောင်းကျစီကို အုတ်ဖိုတစ်ဖိုနှင့် အုတ်ချပ်ပေါင်း ရှစ်သိန်းလေးသောင်း၊ သံအုပ်၊ ကျောက်အုပ်ပေါင်း သုံးသိန်း ရအောင် သုံးနှစ်တာမျှ ပြုလုပ်စေလေသည်။

အမတ်ကြီးသိန်းက ပန်းရန်ဆရာကြီး (၂၅) ယောက်၊ တပည့်လုပ်သား (၅၀၀) နှင့် အလျား၊အနံ (၂၇) တောင်၊ ဇောက်အနက် (၇) တောင် တူးဖော်ပြီး လျှင် သမံတလင်းခင်းစေ၏။ အလယ်တွင် ပိန္နဲတိုင် 'ပြင်'သစ်ထိပ်ဝ သုံးတောင်၊ အလျားအတောင်(၈၉)တောင်၊ (၁)မိုက်စိုက်ထူကာ အခင်းကို ပတ္တမြားအုပ်(၄၂) လုံး၊ မြအုပ် (၈၀) လုံး၊ ရွှေအုပ် (၂၄၀) လုံး၊ ငွေအုပ် (၈၀၀) လုံး၊ ကြေးနီအုတ် (၄၀၀၀)၊ ခဲအုပ် (၆၀၀၀) စီ ခင်းစေပြီး ဘုံခုနစ်ဆင့် ပြာသာဒ် ပြုလုပ်စေကာ ဆံတော်ကို သွတ်သွင်းစေသည်။ ထို ဆံတော်ကြုတ်ကိုလည်း သိကြားမင်းက ရွှေသေတ္တာတွင်းသွင်းကာ ရတနာဖယောင်းတိုင် (၄)တိုင်ကို ထောင့်လေးထောင့်တွင် ထွန်းညှိပူဇော်ခဲ့သည်။ မင်းကြီးကိုယ်တိုင်လည်း မိမိ၏ ဦးခေါင်းကို ဖြတ်ကာ ပူဇော်မည်ပြုသောအခါ မိဖုရားကြီးက သတိပေးသဖြင့် မကိုင်ဦးဆောင်းကိုသာ ထည့်သွင်းပူဇော်ခဲ့သည်။ ဆံတော်တိုက်အား ထောင့်လေးထောင့်တွင် ဘီလူးလေးကောင်ထား၍ ဓာတ်ကြီးယန္တရားများလည်း တပ်ဆင်ထားပြီး အလျားခုနစ်တောင်၊ အနံလေးတောင်၊ ထူသုံးမိုက်ရှိသော ကျောက်ဖျာတို့ဖြင့် ပိတ်ဆို့ကာ ဆံတော်မြတ်ကို နဂါးတို့ မခိုးယူရလေအောင် ကျောက်ဖျာပေါ်တွင် ဂဠုန်ရုပ်လေးရုပ် ပြုလုပ်စီရင်၍ အစောင့်ထားခဲ့သည်။

သမိန်ထောဗညားရမ်းမင်း နတ်ရွာစံပြီးနောက် ညီတော်ဗညားကောဇွေးမင်း နန်းတက်လာသည်။ ထိုစဉ် ခပင်းတောကြီးအနီး သီတင်းသုံးလျက်ရှိသော ဘြဿဒ်ရသေ့အားပင့်၍ ဘုရားရှင် ဗျာဒိတ်တော်ထားရှိခဲ့သည့်အတိုင်း မေရုဒကုန်းတော်ပေါ်၌ ဒုတိယအကြိမ် ဆံတော်မြတ်ကို ထည့်သွင်း၌ပနာရန်အတွက် သထုံပြည်သို့သွားရောက်၍ ဆံတော်ပင့်ပေးပါရန် လျှောက်ထားလေ၏။ ဘြဿဒ်ရသေ့လည်း ဗညားကောဇွေးမင်း လျှောက်ထားသည့်အတိုင်း သုဓမ္မဝတီခေါ် သထုံသို့ ကောင်းကင်ခရီးဖြင့် သွားရောက်ကာ မင်းဖြစ်သော သီရိဓမ္မာမင်းနှင့်တကွ ဥပကထေရ်အမှူးပြုသော ရဟန္တာ (၇) ပါးတို့အား ဂေါတမမြတ်စွာဘုရား၏ ဗျာဒိတ်တော်တို့ကို ဖော်ပြ၍ ဆံတော်တို့ကိုတောင်းလေ၏။ သီရိဓမ္မာမင်းလည်း ရဟန္တာများမရှိမဒေသမှ ပင့်ဆောင်ပေးသော ဆံတော်ဓာတ်တော်တို့ကို စွယ်တော်စင်၌ထားကာ ရှေးမင်းအဆက်ဆက်တို့ကိုးကွယ်ခဲ့သော ဘုရားရှင်၏ မွေတော်များအနက်မှ ဆံတော် (၄) ဆူကို ပို့ဆောင်ပေးပါမည်ဟု ကတိပြုခဲ့သောကြောင့် ဘြဿဒ်ရသေ့ ပြန်ခဲ့လေတော့သည်။

သီရိဓမ္မာမင်းလည်း ကတိအတိုင်း ဥပကထေရ်၊ သောနထေရ်၊ ဥတ္တရထေရ်၊ အနုရုဒ္ဓါထေရ်၊ တိဿထေရ်၊ ကုတ္တထေရ်၊ သောမယထေရ် စသော ရဟန္တာ (၇) ပါးအား ဆံတော် (၄) ဆူ အပ်နှင်းသဖြင့် ရဟန္တာတို့လည်း ပင့်ဆောင်ကာ ဗညားကောဇေးမင်းအား အပ်နှင်းခဲ့ကြသည်။ ဘြဿဒ်ရသေ့နှင့်ဗညားကောဇွေးမင်းတို့သည် မေရုဒကုန်းစေတီတော်ကြီး၏ အနောက်မြောက်ထောင့်အရပ်တွင် ဖိနပ်တော်နှင့်ကပ်လျက် အနံ(၇)တောင် ရှိသောတွင်းကို တူးစေရာ နောင်တော် ဗညားရမ်း၏ဥမင်ကို တွေ့လေ၏။ ထို ဥမင်မှ အလျား၊ အနံ သုံးတောင်စီ တူးလေလျှင် ဌာပနာတိုက်သို့ရောက်လေသဖြင့် ဆံတော်မြတ်လေးဆူကို ထည့်သွင်း ဌာပနာခဲ့သည်။

သာသနာနှစ် ၁၁၁ ခုနှစ် သရေခေတ္တရာတွင် နန်းတက်ခဲ့သော ဒဿပေါင်မင်းကြီးကလည်း ရွှေတိဂုံနှင့်ကျိုက်ကေသာခေါ် တို့တေးရွှေဆံတော်ဘုရားကြီးကို ပြုပြင်မွမ်းမံခဲ့လေသည်။ သာသနာနှစ် ၉၃၆ ခုနှစ်တွင် ဓမ္မပါလမင်းသည် အလားတူပင် ရွှေတိဂုံစေတီတော်နှင့် တို့တေးရွှေဆံတော်အား ပြုပြင်မွမ်းမံခဲ့လေသည်။ မင်းလှတန်ဆောင် ရေးသားသော ရွှေဆံတော်သမိုင်းတွင် သာသနာနှစ် ၁၅၉၈ ခုနှစ်တွင် သထုံမင်း မနော ဟရီနှင့်နဂ်လဒေဝီတို့ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော တို့တေးဆံတော်ရှင်အား ပြုပြင်ခဲ့ကြောင်း ဖော်ပြထားသည်။ သာသနာနှစ် ၁၆၀၆ ခုနှစ်တွင် အနော်ရထာမင်းကြီးသည် လည်းကောင်း၊ ၁၆၃၀ ခုနှစ်တွင် ကျန်စစ်သားမင်းကြီးသည် လည်းကောင်း ဆံတော်ရှင်အား ရွှေသင်္ဘန်းကပ်လှူခဲ့သည်။ ကျစွာမင်း၊ ရာဇာဓိရာဇမင်း၊ ရှင်စောပုဘုရင်မကြီး၊ ဓမ္မစေတီမင်း၊ ဗညားရံမင်း၊ တပင်ရွှေထီးမင်း၊ ဘုရင့်နောင်မင်းတရားကြီး၊ နန္ဒမင်း၊ တို့တေးမြို့သူကြီး ငမျိုးစည်နှင့် ဒလစားရန္ဓမိတ်၊ အနောက်ဘက်လွန်မင်း၊ သာလွန်မင်း၊ ကုန်းဘောင်ဆင်ဖြူရှင်မင်း၊ ဒလမြို့ဝန် မင်းရဲ (ခေါ်) ကျော်သူကျော်၊ ဘကြီးတော်မင်း (ခေါ်) စစ်ကိုင်းမင်း၊ ရွှေဘိုမင်းခေါ် သာယာဝတီမင်း၊ ပုဂံမင်း စစ်ကဲတော်မင်း ဦးဝိုက်နှင့် ပွဲစားကြီး ဦးဝိုက်၊ မြို့အုပ်မင်း ဦးသာကင်းနှင့် ဦးပဏ္ဍိတဆရာတော်၊ တို့တေးမြို့ခံ နယ်သူနယ်သားများမှ ခေတ်အဆက်ဆက် ပြုပြင် မွမ်းမံခဲ့ကြသည်။

စာရေးသူတို့အဖွဲ့သည် ဘုရားရှင်၏ ဆံတော်မြတ် (၆) ဆူ ကိန်းဝပ်စံပယ်တော်မူနေသော စေတီတော်ကြီးမှ

www.burmeseclassic.com

www.burmeseclassic.com

ခလုပ်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တဇောတိကအား မြတ်လေးနွယ်ဆရာတော် (ယာ) နှင့် ခလုပ်ကျောင်းဆရာတော် ဦးကောဏ္ဍညတို့မှ ဝတ်ကြီးဝတ်ငယ်ပြုစုနေပုံ

စေတီတော်ရင်ပြင်ပေါ်ရှိ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များကို ဖူးမြော်ကြပြီး နောက် နိုင်ငံကျော် အဆိုတော်ကြီး တွံတေးသိန်းတန်၏မိဘများနေအိမ်သို့ ဝင်ရောက် လေ့လာခဲ့ကြသည်။ မြတ်လေးနွယ်ဆရာတော်က ထွေးညီမှ ကို သိန်းတန်ကို စောင့်မျှော်ရာ ညောင်ပင်နေရာကို ပြခဲ့သော်လည်း ညောင်ညိုပင်ကြီးကား သဘာဝဘေးဒဏ်ကြောင့် မရှိတော့ပြီ။ ညောင်ညိုပင်အနီးမှ တွံတေးသိန်းတန်၏ကောင်းမှု စာသင်ကျောင်း အဆောက်အအုံကိုသာ တွံတေးသိန်းတန် အလွမ်းပြေအဖြစ် တွေ့ခဲ့ရလေသည်။ ထိုမှတစ်ဆင့် ခလုပ်ကြီးကျေးရွာသို့ ဆက်လက် ထွက်ခွာလာခဲ့ကြရာ နံနက် (၁၀) နာရီခန့်တွင် ရောက်ရှိသွားခဲ့ကြသည်။ ခလုပ်ကြီးကျေးရွာ ဆရာတော်ကြီး ဘဒ္ဒန္တဦးဇောတိကကို ဝင်ရောက် ဖူးမြော်ခဲ့ကြသည်။ ဆရာတော်ကြီးမှာ လေဖြတ်ထားသဖြင့် ကုလားထိုင်ပေါ်တွင်ထိုင်ကာ အဖူးမြော်ခံ၏။ မြတ်လေးနွယ်ဆရာတော်က ဆရာတော်ကြီးအား ခြေဆုပ်လက်နယ်ပြုသဖြင့် စာရေးသူကပါ ဝင်ရောက် နှိပ်နယ်ပေးရင်း ကုသိုလ်ယူခဲ့သည်။ ဆရာတော်ကြီး၏ ဘွဲ့တော်အပြည့်အစုံမှာ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ သာသန မဟာဇ္ဇ ဓမ္မာစရိယ၊ သံဝဏ္ဏတ္တယ ဝေဒဂူ ဘဒ္ဒန္တ ဇောတိက သက်တော် (၈၀) ဟူသော မွေးနေ့မင်္ဂလာဆိုင်းဘုတ်ကို ဖတ်မှတ်ခဲ့ရသည်။ တည်ကြည်ခဲ့ညားသော ဥပဓိနှင့် ဖြူစင်ဝင်းမွတ်သော အသားအရေတို့ကြောင့် ကြည်ညိုမဝဖြစ်ကြရသည်။ လက်ထောက်ဆရာတော်ကား ဦးဝရသာမိဖြစ်ပြီး ဧည့်သည်ဘုရားဖူးများဖြစ်သော စာရေးသူတို့ကို မုန့်ဟင်းခါး၊ ထမင်းဟင်း၊ မုန့်ပဲသရေစာ အချိုအချဉ်များဖြင့် တစ်မျိုးပြီးတစ်မျိုး ကျွေးမွေးခဲ့ပါသည်။ ဗိုက်ကားခံ့မျှမက ပေါင်းလန်းအောင်ပင် စားမိကြပြီး ထူးကဲသော အရသာများလည်း ထိတွေ့မိကြပါသည်။

ထိုမှတစ်ဆင့် ခလုပ်အရှေ့ကျောင်းလေးဆရာတော် ဦးကောဏ္ဍညအား ဝင်ရောက်ဖူးမြော်ခဲ့ပြန်ရာ ဆရာတော်မှလည်း ဧည့်သည်များကို မြန်မာမုန့်မျိုးစုံဖြင့် ကျွေးမွေးပြန်ရာ ဘုရားဖူးများမှာ မုန့်မျိုးစုံ၏ ရသတဏှာအပေါ် ၌ ကပ်ငြိခဲ့ကြပြန်ပါသည်။ ဆရာတော်က ကျောင်းဝင်းအဝင်တွင် တည်ထား ကိုးကွယ်ခဲ့သော စေတီတော်ကြီးကို သွားရောက် ဖူးမြော်စေပါသည်။ ထိုမှတစ်ဆင့် တံခွန်တိုင်ရွာ ပေါ်တော်မူ ပျဉ်ခေတ် လက်ရာ ပဉ္စလောဟာဘုရား မတ်ရပ်တော်သုံးဆူနှင့် ပုံတူတော် ကြေးသွန်းဘုရားကြီးသုံးဆူတို့ကို အမိုးအရံအဖြစ် တည်ထားသော စေတီတော်ကြီးရှိရာ တံခွန်တိုင်ရွာသို့လိုက်ပို့သည်။ ပေါ်တော်မူဘုရားများမှာ ဦးလှအုန်း၏ အိမ်ရှေ့တွင် ခြံစည်းရိုးတိုင်တူးရာမှ တွေ့ရှိခဲ့ခြင်းဖြစ်လေသည်။ တွေ့ရှိသောနေ့ကား (၁၅-၅-၂၀၀၅) ခုနှစ် တနင်္ဂနွေ နံနက် (၉) နာရီ (၁၅) မိနစ် ဖြစ်သည်။ ရှေးနှစ်ပေါင်း (၂၀၀၀) ခန့်က ပျဉ်ခေတ် လက်ရာဖြစ်ပြီး ကြေးအပါအဝင် ပဉ္စလောဟာခေါ် သတ္တုစပ်ငါးမျိုးဖြင့် သွန်းလောင်းထားခြင်း ဖြစ်သည်။ အပေါ်မှ အစိမ်းရောင်စဉ်ရည် သွန်းလောင်းထားသဖြင့် အစိမ်းရောင်သန်းနေသည်ဟု ပညာရှင်တို့က ယူဆကြသည်။ ရုပ်ပွား တော်၏ အတိုင်းအတာ ဉာဏ်တော်များမှာ (၂၅) လက်မတစ်ဆူ၊ (၁၆. ၅) လက်မတစ်ဆူ၊ (၁၃. ၅) လက်မတစ်ဆူ၊ ပေါင်း သုံးဆူ ဖြစ်သည်။ စာရေးသူတို့ ပေါ်တော်မူတွေ့ရှိရာ ဦးလှအုန်း၏နေအိမ်သို့ သွားရောက် ကြည့်ရှုပြီးနောက် ထိုမှတစ်ဖန် ဆက်လက် ထွက်ခွာလာခဲ့ကြရာ ကန်သာယာရပ်ကွက် အောင်စကြာကျောင်းသို့ရောက်ရှိခဲ့ပြီး ဆံတော်လေးစေတီဟောင်းသို့ ဝင်ရောက်ဖူးမြော်ခဲ့ကြပြန်သည်။ ထိုမှ ခရီးစဉ်၏ နောက်ဆုံးဖြစ်သော ဗောင်းတော်ချုပ်ဘုရားသို့ ဝင်ရောက် ဖူးမြော်ခဲ့ကြပြီး ရန်ကုန်ဘက်သို့ ပြန်ခဲ့ကြပါတော့သည်။

မြန်မာနိုင်ငံသည် စေတီပုထိုးပေါများ ကြွယ်ဝသော နိုင်ငံဖြစ်ပြီး ရေမြေတောတောင်သဘာဝနှင့် ရှုခင်းများလှပသောနိုင်ငံ ဖြစ်ပါသည်။ မြန်မာတို့၏ တစ်နှစ်တာ အလုပ်ခွင်ထဲ၌ ပင်ပန်းနွမ်းနယ်မှုများကို ပြေလျော့ရန် ခရီးသွားခြင်းမှာ အနောက်တိုင်းသားများကဲ့သို့ လောကီအာရုံ ကြည်လင်လန်းဆန်းဖို့ သာမဟုတ်ဘဲ ဘုရားဖူးခရီးထွက်ရင်းက ကုသိုလ်လည်းယူ၊ စိတ်လည်းလန်း၊ အပန်းလည်းပြေ ဟူသော ကောင်းမွန်သည့် ရည်ရွယ်ချက်များ ပါဝင်လေသည်။ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားသည့် ဘုရားပုထိုးကျောင်းကန်များကို ပြုပြင်မွမ်းမံရန် တစ်နိုင်တစ်ပိုင် လှူဒါန်းကြရင်းက ဗုဒ္ဓဘာသာ သာသနိကအဆောက်အအုံများကို မပျောက်ပျက်စေရန် ပိုင်းဝန်းထိန်းသိမ်းခြင်းလည်း မည်ပေသည်။ ဘယ်သူမပြု မိမိမှ ဆိုသကဲ့သို့ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို ဗုဒ္ဓဘာသာဝင်များကိုယ်တိုင် မတိမ်ကော မပျောက်ပျက်ရလေအောင် စောင့်ရှောက်ကြဖို့လိုပေသည်။ ဒေသန္တရဗဟုသုတလည်းဖြစ်၊ မသိမကြားနားမလည်သေးသော ရှေးသူတော်ကောင်း ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ် မင်းတို့တည်ထားခဲ့ကြသော ဘုရားသမိုင်းများကိုလည်း လေ့လာမှတ်သားခွင့်ရကြသည်။ ထို့ပြင် ဘာသာရေးအသိတရားများကို သားသမီးမြေးမြစ်များအား လက်ဆင့်ကမ်းခြင်းဖြစ်သော ဘုရားဖူးခရီးစဉ်သည် နောင်လာနောက်သားတို့အတွက် ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာရိတ္တတို့ကို စိတ်ဝိညာဉ်ထဲသို့ စွဲဝင်ကိန်းအောင်းသွားစေနိုင်လေ၏။ ထို့ကြောင့် ဘုရားလည်းဖူး၊ ကုသိုလ်လည်းယူ၊ ဘာသာတရား ကိုင်းရှိုင်းမှုမျိုးစေ့များကိုလည်း ကြဲချစိုက်ပျိုးနိုင်ကြပါစေဟု ဆန္ဒပြု ရေးသားလိုက်ရပါသတည်း။

ညီခ်ိဳသူ

www.burmeseclassic.com

www.burmeseclassic.com

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပင်းမြိုဟောင်းမှ

မဟာဇောဓိရှေ့ညောင်တော်

နှင့် အုံဖွယ်ထူးခြားဖြစ်ရပ်ဆန်းများ

ကံဝင်း

မဟာဇောဓိမှာငွေဒင်္ဂဃရုပ်ပွားတော်ကြီး မှ ရှင်အရဟံမဟာဇောဓိရွှေညောင်ခင်းအောက် သို့
ရောင်ခြည်တော်စက်ဝန်းကွန်ပြူတာဖြင့်ဖတ်မှုဒေနပုံ

ဓမ္မဓဇ မုဂ်သိုလ်ဝင် ဦးဥဇ္ဇုမ (ဝင်းခြံ ကျောင်း)

ထေရဝါဒထွန်းပေါ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သည် ပရိဘောဂစေတီထိုက်တော်မူသော မဟာဇောဓိ ရွှေညောင်တော်များ ရှင်သန်ထွန်းကား စည်ပင်တော့်မူရာ သာသနာ့အောင်မြေမဟာ ဗုဒ္ဓဘာသာနိုင်ငံတော်ကြီး ဖြစ်တော်မူပါသည်။

မြတ်ဗုဒ္ဓ၏ သာသနာထွန်းကားတော်မူရာ မြန်မာနိုင်ငံသူနိုင်ငံသား ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်တို့သည် ဗုဒ္ဓမြတ်စွာ၏ ဖွားဖက်တော် ဖြစ်တော်မူသော ဇောဓိညောင်ပင်တော်မြတ်တို့အား ဗုဒ္ဓမြတ်စွာနှင့် မခြား ဖူးမြော်ပူဇော်တော်မူကြပါသည်။ ဇောဓိညောင်ပင်တော်မြတ်တို့သည် လွန်စွာ တန်ခိုးကြီးတော်မူကြောင်းကို 'ဇောဓိပင်ပျိုးပေါင်ကျိုး၊ ဇောဓိပင်ချိုး ရွှေအိုး' ဟူသော စကားက သက်သေခံတော်မူနေပါသည်။ ထိုဆိုစကားကို ရှင်းလင်းအံ့။

ဇောဓိပင်ပျိုးခဲ့သော လူတစ်ယောက်သည် အသက်နှင့်ခန္ဓာ ဆုံးရှုံးရန် အကြောင်းရှိခဲ့သော်လည်း ဇောဓိပင်စိုက်ပျိုးခဲ့သောကုသိုလ်ထူးကြောင့် ပေါင်းသာကျိုးခဲ့ရလေ၏။ ဇောဓိပင်ကို ချိုးခဲ့သူတစ်ယောက်သည် အမှန်တကယ်ပင် အဖိုးထိုက်သော ရတနာမျိုးစုံနှင့် ရွှေအိုးများစွာ ပိုင်ဆိုင်ရနိုင်သူဖြစ်သော်လည်း ဇောဓိပင်အကိုင်းကို ချိုးဖဲ့ခြင်းကြောင့် ရွှေအိုးကလေးသာ ပိုင်ခဲ့ရလေ၏။ ကျန်းမာရေးမကောင်းသူတို့အား တံတားဆောက်၊ ညောင်ထောက် ဟူ၍ ဇောဓိညောင်ပင်ရှင်သန်စေခြင်း၊ ငှာညောင်ထောက်သော ကုသိုလ်ကြောင့် ကျန်းမာလာသည့်အပြင် အသက်ဘေးမှလွတ်ခဲ့ရသော သာဓကများ ရှိခဲ့လေ၏။

စေတီလေးမျိုး တစ်မျိုးပါဝင် ဇောဓိပင်

ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်တို့ ဦးထိပ်တင်မိုး ရှိခိုးထိုက်သော စေတီတော်မှာ လေးမျိုးရှိပါသည်။

၁။ ဓာတုစေတီ

မြတ်ဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ကျန်ရစ်ခဲ့သော ရုပ်ကလာပ်တော်ကို မီးပူဇော်သောအခါ ဓာတ်တော်များကျတော်မူခဲ့ပါသည်။ ထိုဓာတ်တော်များကို ဌာပနာပြီး စေတီပုံစံအမျိုးမျိုး တည်ထားခြင်းကို ဓာတုစေတီဟု ခေါ်ဆိုပါသည်။

၂။ ဓမ္မစေတီ

မြတ်ဘုရား လေးဆယ့်ငါးဝါပတ်လုံး နေ့မအား၊ ညမနား သတ္တဝါများကို ဟော်ကြားတော်မူခဲ့သော ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့သည် ဓမ္မစေတီထိုက်ပါသည်။

၃။ ဥဒ္ဒိသစေတီ

မြတ်ဗုဒ္ဓ၏ ပုံတူ ရွေ့ ငွေ့ ကြွေး သံ၊ အုတ်၊ ကျောက်၊ အင်္ဂတေစသည်တို့ဖြင့် ထုလုပ်ပူဇော်ခြင်းကို ဥဒ္ဒိသစေတီဟု ခေါ်ပါသည်။

၄။ ပရိဘောဂစေတီ

မြတ်စွာဘုရား၏အသုံးအဆောင်

www.burmeseclassic.com

www.burmeseclassic.com

ပရိက္ခရာရှစ်ပါး၊ ဗောဓိပင် စသည်တို့သည် ပရိဘောဂစေတီထိုက်ပါသည်။

ဗုဒ္ဓဘာသာနယ်ဝင် သူတော်စင်များ ဦးထိပ်တင်မိုး ရှိခိုးပူဇော်တော်မူရာ စေတီလေးမျိုးမှာ ဗောဓိပင်သည် ပရိဘောဂစေတီ ထိုက်တော်မူခြင်းကြောင့် ဗောဓိပင်ကို ခေတ်အဆက်ဆက် ဆည်းကပ်ပူဇော်ကိုးကွယ်တော်မူခဲ့ကြပါသည်။ ဗောဓိညောင်ပင်ကို ဆည်းကပ်ကိုးကွယ်ပူဇော်တော်မူခြင်းကြောင့် အကျိုးများတိုးပွားစေခဲ့သော သာဓကများစွာလည်း ရှိခဲ့ဖူးပါ၏။

ဗောဓိညောင်ပင် ဆည်းကပ် ကိုးကွယ်ခဲ့မှုကြောင့် နတ်စည်းစိမ် အကြိမ်ကြိမ်ခံစားခဲ့ရသော ရှင်သီဝလိမထေရ်လောင်း

ဂေါတမဘုရားရှင်လက်ထက်တော်တွင် လာဘ်လာဘ လွန်စွာ ပေါများသောအရာ၌ ဧတဒဂ်ရတော်မူသော အရှင်သီဝလိထေရ်လောင်းသည် အထွဒဿီမြတ်စွာဘုရားသခင်၏ လက်ထက်တော်၌ မြတ်ဘုရားများ ပွင့်တော်မူရာ မဟာဗောဓိပင်တော်၏အနီးဝယ် သစ်ပင်ကြီးတစ်ပင်၌ ဝရုဏမည်သော ရုက္ခစိုးနတ်သားဖြစ်၍ ဘုရားသခင် သက်တော်ထင်ရှားရှိနေတော်မူစဉ် နတ်ချမ်းသာကို ခံစားစံစားလျက် မမေ့မလျော့သောနေခြင်းဖြင့် နေလေ၏။

ထို့နောက် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သဒ္ဓါထက်ပွားသံဝေဂတရားရသဖြင့် ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ကို သက်တော်ထင်ရှား မြတ်ဘုရားကဲ့သို့ ထင်မှတ်ကြည်ညိုခြင်း မိမိ ပရိသတ်နှင့်တကွ လာပြီး လျှင် ထိုမဟာဗောဓိပင်တော်ကို ကချေသဘင် ပဉ္စင်တူရိယာတို့ဖြင့် ခြံမုံခြံမဲ့ညံအောင် တီးမှုတ်ကခုန်လျက် ပူဇော် လျှဒါန်းလေ၏။ ထို့နောက် ဤရုက္ခစိုးနတ်သားနှင့်တကွ ပရိသတ်အခြံအရံဖြစ်သော နတ်အပေါင်းတို့သည် စုတေသေသောအခါ ထိုမဟာဗောဓိပင်တော်ကို များစွာသော ကချေသဘင် တူရိယာတို့ဖြင့် တီးမှုတ် လှူဒါန်းပူဇော်ခဲ့ဖူးသော ကောင်းမှုထူးတို့ကြောင့် -

နတ်ပြည်ခြောက်ထပ်မှာ နတ်သားအခါခါဖြစ်ကုန်ပြီး ဂေါတမဘုရား ရှင်လက်ထက်တော်ဝယ် သုပ္ပဝါသမင်းသမီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေယူပြီးနောက် မီးရှူးသန့်စင် ဖွားမြင်တော်မူ၍ အရွယ်ရောက်သောအခါ အရှင်သီဝလိရဟန္တာဟု ထင်ပေါ်ကျော်စောတော်မူလေ၏။

မဟာဗောဓိပင်တော်သို့ လှူစရာမရှိ၍ တစ်ထည်တည်းသောအဝတ်ကို ချွတ်လှူခဲ့သော ဆင်းရဲသူ ကျွန်မ

လက်ဘဒိပကျွန်းမှ သုံးကျိပ်သော ရဟန်းတော် အရှင်မြတ်တို့သည် ဤဇမ္ဗူဒီပကျွန်း မရွိမဖေသအရပ်သို့ကူး၍ ဘုရားရှင်ပွင့်တော်မူရာ မဟာဗောဓိပင်တော်ကို ရှိခိုးပူဇော် ဖူးမြော်ကန်တော့ခြင်းအကျိုးငှာ ကြွလာတော်မူကြရာ လမ်းခရီးအကြား၌ အိုးထိန်းသည်တို့၏ ရွာမှ ရေပဲရန် ထွက်လာသော အိုးထိန်းသည်တို့၏ ကျွန်မနှင့် ခရီးရင်ဆိုင်တွေ့မြင်တော်မူကြလေကုန်၏။ ထိုသို့တွေ့မြင်တော်မူကြသောအခါ ထိုကျွန်မသည် ရဟန်းတော် သုံးကျိပ်တို့အား ရှိသေစွာ ရှိခိုးပြီး ဤသို့သောစကားဖြင့် လျှောက်ထားလေ၏။

"အရှင်ကောင်းတို့ဘုရား၊ အရှင်တို့သည် အဘယ်မည်သောအရပ်မှ အဘယ်သို့သောကိစ္စဖြင့် ကြွလာတော်မူကြပါသနည်း"

ဟု လျှောက်ထားလေသော် မထေရ်မြတ်တို့က-

"ငါတို့ကား သီဟိုဠ်ကျွန်းကြီးမှ ဤမရွိမဒေသ၌ ငါတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် သစ္စာလေးပါးမြတ်တရားကို ပိုင်ခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူ၍ တစ်ထောင့်ငါးရာကိုလေသာတို့ကို အကြွင်းအကျန်မရှိ ဖျက်ဆီးတော်မူရာ၊ မာရ်ငါးပါးတို့ကို အောင်မြင်တော်မူရာ မဟာဗောဓိပင်ကို ရှိခိုးပူဇော် ဖူးမြော်လိုသောကြောင့် ကြွလာပေသည်"

ဟု ပြောကြားကြလေကုန်၏။

ထိုအခါ အိုးထိန်းသည်တို့၏ ကျွန်မသည်-



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသော ဗောဓိရွက်များ ထူးခြားစွာ ဖူးပွင့်လာပုံ



ကတော့ချွန် ထူးခြားသော ဗောဓိရွက်

"အရှင်မြတ်တို့ကား လွန်ကဲ ထူးမြတ်သော ဘုန်းကံပါရမီ ရှိပါပေစွ၊ အရှင်ဘုရားတို့ အကျွန်ုပ်မှာမူကား ရှေးပါရီမီဘုန်းကံ နည်းပါးလှသည့်အတွက် သက်တော်ထင်ရှား မြတ်စွာဘုရားကို လည်း မဖူးတွေ့လိုက်ရပါ။ မြတ်စွာဘုရားကို မဆိုထားဘိ၊ ပရိဘောဂစေတီတော်ကြီးဖြစ်၍ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၏ ကိုးကွယ်ပူဇော်ရာ ဖြစ်တော်မူသော ဤမဟာဗောဓိပင်တော်မြတ်ကိုမျှ အဖူးအမြော် မသွားရပါ။ သူတစ်ပါးတို့၏ အိမ်၌သာ အစေအပါးကျွန်မ ဖြစ်နေရပါသည်။ ယင်းကဲ့သို့ဖြစ်ရခြင်းသည် သံသရာဘဝများစွာက ဒါနနည်းခဲ့လေသောကြောင့်သာ ဖြစ်ရပါသည်"

ဟု မိမိကိုယ်ကို ပြစ်တင်ဆုံးမ နှိမ့်ချလျှောက်ထားလျက် ထိုမထေရ်မြတ်တို့အား လှူဒါန်းရန်လိုသော သင်္ခါတရားများစွာထက်သန်လှသော်လည်း လှူဒါန်းရန် ဝတ္ထုပစ္စည်းတစ်စုံတစ်ရာမျှ မရှိသည်ဖြစ်၍ မိမိကိုယ်တွင် ဝတ်ရုံထားသော အဝတ်တန်ဆာကိုပင် ချွတ်၍ လှူဒါန်းပူဇော်တော့အံ့ဟု ကြံပြီးမှ ဝတ်ဆင်ထားသော အဝတ်ကို လဲချွတ်လျက် ဖြူစင်အောင့် လျှော်ဖွပ်ပြီးလျှင် မိမိကိုယ်ကို မြက်၊ သစ်ရွက် စသည်တို့ဖြင့် ဖုံးအုပ်လွှမ်းမိုး၍ ရဟန်းတော် သုံးကျိပ်တို့၏ လက်တော်သို့ ဆက်ကပ် အပ်နှင်းပြီးလျှင်-

"အရှင်ဘုရားတို့၊ အလွန်ဆင်းရဲသော တပည့်တော်မကို အစဉ်သနားတော်မူသောအားဖြင့် ဤအဝတ်တန်ဆာကို ယူဆောင်လျက် မဟာဗောဓိပင်မြတ်အား တပည့်တော်မ၏ ကိုယ်စား တံခွန်ကြက်လျှာပြု၍ လှူဒါန်းပေးတော်မူကြပါလေကုန်"

ဟု တောင်းပန်လျှောက်ထား၍ လှူဒါန်း ပူဇော်လိုက်လေ၏။ ရဟန်းတော်သုံးကျိပ်တို့လည်း ထိုကျွန်မ လှူဒါန်းလိုက်သော အဝတ်တန်ဆာကို ယူဆောင်၍ မဟာဗောဓိပင်တော်ရှိရာအရပ်သို့ ရှေးရှုကြွတော်မူကြကုန်စဉ် ထိုကျွန်မသည် ထိုသို့ လှူဒါန်းပူဇော်သော နေ့မှာပင် စုတေသေလွန်ကာ ထိုမဟာဗောဓိပင်တော်မြတ်အနီး တောအုပ်ကြီး၌ တန်ခိုးကြီးသော ဘုမ္မစိုးနတ် ဖြစ်လေ၏။ ထိုအခါ ရဟန်းတော်သုံးကျိပ်တို့သည် ထိုဘုမ္မစိုးနတ်ကို တွေ့မြင်၍ မေးမြန်းကြရာ ထိုဘုမ္မစိုးနတ်က-

"အရှင်ကောင်းတို့၊ အရှင်ကောင်းတို့သည် မိမိကိုယ်ဝတ်ကို ချွတ်၍ မဟာဗောဓိပင်မြတ်အား တံခွန်၊ ကြက်လျှာပြု လုပ်ရန် လှူဒါန်းလိုက်သော အိုးထိန်းသည်တို့၏ အလုပ်အကျွေး ကျွန်မကို သတိရတော်မူကြပါကုန်၏လော"

ဟု မေးမြန်းလျှောက်ထားလေ၏။ ထိုသုံးကျိပ်သော ရဟန်းတော်တို့က-

"အချင်းသူတော်ကောင်းတို့၊ ငါတို့ကား ထိုကျွန်မကို သတိရကြပါကုန်၏"

ဟု ထိုကျွန်မ လှူဒါန်းလိုက်သော အဝတ်အထည်ကို ထုတ်ဖော်ပြသကြကုန်လေလျှင် -

"အရှင်ဘုရားတို့၊ ဤအဝတ်ကို လှူဒါန်းဆက်ကပ်လိုက်သော ကျွန်မသည်ကား အခြားသူမဟုတ်ပါ။ တပည့်တော်ပင် ဖြစ်ပါသည်"

ဟု လျှောက်ထားလေ၏။

ထိုသို့ လျှောက်ထားသော စကားကို အရှင်မြတ်များ ကြားတော်မူကြလေလျှင်

"အချင်းသူတော်ကောင်း၊ ထိုအိုးထိန်းသည်တို့၏ အလုပ်အကျွေး ကျွန်မဖြစ်သောအခါက ကိုယ်ဝတ်ကိုချွတ်၍ လှူလိုက်သော ကောင်းမှုမှတစ်ပါး အဘယ်မည်သော ကုသိုလ်ကောင်းမှုများကို ပြုခဲ့ပါသနည်း။ အဘယ်ကောင်းမှုကြောင့် ဤကဲ့သို့ ကြီးကျယ် ထူးမြက်

www.burmeseclassic.com

www.burmeseclassic.com

သောစည်းစိမ်ချမ်းသာတို့ ရရှိပါသနည်း"

ဟု မေးရာ ဘုမ္မစိုးနတ်မင်းက-

"အရှင်ဘုရားတို့၊ ဤစည်းစိမ်ချမ်းသာကို အခြားသောကောင်းမှုကြောင့်ရသည် မဟုတ်ပါ။ ကိုယ်၌ဝတ်ထားသော အဝတ်ကိုချွတ်၍ မဟာဗောဓိပင်တော်၌ တံခွန်၊ ကြက်လျှာ ပြုလုပ်လျှဒါန်းရန် အလို့ငှာ အရှင်မြတ်တို့အား အပ်နှင်းဆက်ကပ်လိုက်သော မြတ်သောကောင်းမှု ကုသိုလ်ထူးကြောင့်ပင် ရရှိပါသည်"

ဟု လျှောက်ထားလေ၏။

ဤသို့ ကိုယ်တိုင်မရောက် တစ်ဆင့် ပေးလျှူပူဇော်လိုက်သောဒါနဖြင့်ပင်လည်း ဤကဲ့သို့သော နတ်၏စည်းစိမ်ချမ်းသာကို ရပါသေး၏။ ကိုယ်တိုင် သွားရောက်ပြီး မဟာဗောဓိပင်မြတ်အား ရှိခိုးပူဇော်လျှဒါန်းခြင်းကို ပြုမူရပါမူကား ထိုထက် သာလွန်မြင့်မြတ်သော စည်းစိမ်ချမ်းသာတို့ကို ဇောန်မလွဲ စင်စစ်ပင် ရပေရာ၏ဟု လျှောက်ထားပြောဆိုပြီးလျှင် ဘုမ္မစိုးနတ်က-

"အရှင်ကောင်းတို့၊ အရှင်မြတ်တို့ကိုလည်း ဆွမ်း စသော ပစ္စည်းလေးပါးတို့ဖြင့် လျှဒါန်းဆက်ကပ်ပြီးနောက် နောက်တော်က လိုက်ပါမည်"

ဝန်ခံလျှောက်ထားလေ၏။

ထိုရဟန်းတော်သုံးကျိပ်တို့လည်း မဟာဗောဓိပင်ရှိရာသို့ ကိုယ်တိုင်သွားရောက်၍ မဟာဗောဓိပင်မြတ်ကို ရိုသေစွာ ရှိခိုးဖူးမြော် ပူဇော်ကြလေကုန်၏။ ဘုမ္မစိုးနတ်လည်း ထိုအရှင်မြတ်တို့ မိမိသီတင်းသုံးနေထိုင်ရာအရပ်သို့ ပြန်လည်ဆိုက်ရောက်တော်မူကြသည့်တိုင်အောင် အသွား၊ အပြန်ပင် ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လျှဒါန်းလျက် မပင်မပန်းရအောင် စောင့်ရှောက်လိုက်ပါလေသည်။ ရဟန်းတော်တို့လည်း မပင်မပန်း ချမ်းသာစွာ မိမိတို့နေမြဲကျောင်းသို့ ပြန်လည်ဆိုက်ရောက်တော်မူကြလေကုန်သည်။ ဘုမ္မစိုးနတ်သည် မဟာဗောဓိပင်ကို ဆွမ်းကပ်ရခြင်း၊ ရဟန်းတော်များကို ဆွမ်းကပ်လျှဒါန်းခြင်း စသော အလှူတော်များ ထပ်မံလုပ်ခွင့်ရခြင်းကြောင့် မိမိနေရာပြန်ရောက်သောအခါ ယခင်ကထက် ပိုမိုကောင်းမွန်သော ဘုံဗိမာန်ကြီးပေါ် နေသည်ကို တွေ့လိုက်ရ၏။

ကမ္ဘာပေါ်မှာထင်ရှား ဗောဓိပင်များ

ဗောဓိပင်ဖူး ကုသိုလ်ထူးကြောင့် ထူးထူးခြားခြား အကျိုးကျေးဇူးတရား ခံစားရပုံကို တင်ပြပြီးသည့်နောက်တွင်

ဒုဋ္ဌဂါမဏိဘယ၊ သံဃတ္ထေရဝတ္ထု၊ ဗောဓိပူဇာဖလဒီပနကထာ

ထူးဆန်းစွာ ကြာဖူးများ ဖူးပွင့်နေပုံ

ယခု တင်ပြလိုက်သည်ကတော့ ကမ္ဘာပေါ်မှာ ထင်ရှားသော ဗောဓိပင်များအကြောင်း ဖြစ်ပါသည်။ လွန်စွာ ထင်ရှားသော ဗောဓိပင်များမှာ-

ဗုဒ္ဓမြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ထူး ရရှိတော့မူရာ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှ ဖွားဖက်တော်ဗောဓိပင်၊ ဖွားဖက်တော် မဟာဗောဓိပင်မှ ညီတော်အာနန္ဒာ ကိုယ်တော်တိုင်ဖွားယူပင့်ဆောင်စိုက်ပျိုးခဲ့သော သာဝတ္ထိပြည် ဇေတဝန်ဥယျာဉ်အတွင်းရှိ ဗုဒ္ဓရွှေကျောင်းတော်အနီးမှ ယနေ့တိုင် ရှင်သန်နေသော အာနန္ဒာဗောဓိပင်။

သာသနာပြု အကျော်အမော် မင်းတရားကြီးဖြစ်တော်မူသော အသောကမင်းတရားကြီး၏ သမီးတော် သခ်မိတ္တာသည် ဖွားဖက်တော် မဟာဗောဓိပင်တော်မှ အဓိဋ္ဌာန်ဖြင့် ဖွားယူပင့်ဆောင်ပြီး သီဟိုဠ်ကျွန်း(ယခု သီရိလင်္ကာနိုင်ငံ) အနုရာဓပုရမြို့၌ စိုက်ပျိုးခဲ့သည့် ယနေ့ရှင်သန်နေသော နှစ်ပေါင်း (၂၂၀၀) ကျော်သက်တမ်းရှိ မဟာဗောဓိပင်။

မြန်မာတို့အား ဗုဒ္ဓဘာသာ ထေရဝါဒလမ်းကြောင်း အမှန်ပေါ် ကယ်တင်ပေးသနားတော်မူခဲ့သော ခမ္မဒသီဘွဲ့ခံရှင်အရဟံ ရဟန္တာမထေရ်မြတ်ကြီး ဗုဒ္ဓဂယာ မဟာဗောဓိပင်မှ ပင်ပွားပင့်ဆောင်ယူတော်မူပြီးသကာလ သစ္စာဆို အဓိဋ္ဌာန်ပြု စိုက်ပျိုးတော်မူခဲ့သော မြန်မာပြည်အလယ်ပိုင်းဒေသ ပင်းမြို့ဟောင်းမှ သက်တမ်း (၉၄၈)နှစ်ရှိ မဟာဗောဓိပင်။

အထက်ပါ ထင်ရှားသော ဗောဓိပင် (၄) ပင်သည် ကမ္ဘာမှာ ထင်ရှားလူသိများသော ဗောဓိပင်များဖြစ်ကြ၏။ ထို့အပြင် ဗုဒ္ဓဂယာမြေ မြတ်မဟာမဗောဓိပင်မျိုးများကို သာသနာပြုပုဂ္ဂိုလ်များက အသီးသီး ပင့်ဆောင်ကြလျက် သာသနာထွန်းရာ ဒေသအသီးသီးမှာ စိုက်ပျိုးပူဇော်တော်မူကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တန်ခိုးတော်ပြ ထူးလှသည့် ရှင်အရဟံ မဟာဗောဓိရွှေညောင်တော်

ကဿပေါ်မှာ ထင်ရှားသော ဗောဓိရွှေညောင်တော်၏ ထူးခြားဆန်းပြားဖြစ်ရပ်များကို တင်ပြရသော် ရှင်အရဟံ မဟာဗောဓိ ရွှေညောင်တော်သည် ရှင်အရဟံ ရဟန္တာမထေရ်မြတ်ကြီး ကိုယ်တော်တိုင် ဗုဒ္ဓဂယာမှ ပင့်ဆောင်တော်မူခဲ့သည့် မဟာဗောဓိပင်ဖြစ်တော်မူသည်နှင့်အညီ ထူးထူးခြားခြား တန်ခိုးတော်ပြလျက် ရှင်သန်တော်မူနေပါသည်။ ဗောဓိပင်ကြီးသည် ခက်မငါးဖြာနှင့် ပြည့်စုံတော်မူခြင်း၊ အပင်၏ အပွေးအရောင်မှာ ငွေရောင်ကဲ့သို့ရှိခြင်း၊ အရွက်များမှာဆိုလျှင်လည်း လပြည့်နေ့ရောက်တိုင်း ကတော့်ထိုးတော်မူခြင်း၊ အရွက်မှာလည်း ရှည်လျားရွှေ အရွက်ချွန်ပါသည်။ အရွက်နုကလေးများ ထွက်လာသောအခါ သန္ဓာရောင်ထွက်ပါသည်။ ထူးခြားမှုတစ်ခုမှာ ကျိုးကျသွားသော် အကိုင်းနှစ်ကိုင်းမှ အသစ်တစ်ဖန် အကိုင်းအခက်အလက်အရွက်များ ပြန်လည် ရှင်သန် ပေါက်ဖွားတော်မူခြင်းပါပေ။ နောက်ထပ် ထူးခြားမှုကတော့ အရှေ့ဘက်ခြမ်းမှာရှိ ခြောက်နေသော ပင်စည်မှနေ၍ ထိပ်ဆုံးတွင် အတက် အခက်အလက်များ ထွက်နေခြင်းများ ထူးခြားစွာ ဖူးတွေ့ရသည်။ ဗောဓိပင်ကိုင်းကြီးများသည် နှစ်ပေါင်းများစွာ ရှင်သန်နေမှုနှင့်အတူ အကိုင်းကြီးများမှာလည်း လွန်စွာတုတ်ခိုင်သည်ဖြစ်ရာ သံကူကွန်ကရစ်တိုင်များနှင့် ဗောဓိညောင်ထောက်ကုသိုလ်ယူကြလေ၏။

ရောင်ခြည်တော်ကွန့်မြူးတော်မူသော မာရဝိဇယရုပ်ပွားတော်ကြီး

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများသည် ပင်းမြို့ ဗောဓိညောင်သို့ လာရောက် ဖူးမြော်ကြည်ညိုကြပြီး အပြန်တွင် လက်ဆောင်အဖြစ် မိမိတို့ ဒေသနေရာတွင် ပြန်လည်ကိုးကွယ်နိုင်စေခြင်းငှာ ကြွေကျနေသော ဗောဓိရွက်များကို စွန့်ယူသွားကြလေသည်။ သဒ္ဓါထက်သန်စိတ်အားသန်ကြကုန်သော ဘုရားဖူးများ အထူးအလေးထား ဆုတောင်းဖူးမြော်ကြသော ဘုန်းတန်ခိုးတော်ကြီး မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကိုလည်း မဟာဗောဓိ ရွှေညောင်တော် သာသနာ့ကုန်းတော်ပေါ်တွင် အထင်အရှား ဖူးတွေ့နိုင်သည်ဖြစ်ရာ ဘုရားဖူးများသည် တစ်ခေါက်လာ တစ်ခါလိုရာဆုကို တောင်းကြသည်ဖြစ်ရာ လွန်စွာ ဆုတောင်းပြည့်လှကြောင်း သိရပါသည်။ အတန်းတင်စာမေးပွဲအတွက် ဆုတောင်းသူများ စာမေးပွဲအောင်ကြ၏။ စျေးရောင်းကောင်းလိုသူများ စျေးရောင်းကောင်းခြင်း၊ မကျန်းမာသူများ ကျန်းမာရေးဆုတောင်းသောအခါ ကျန်းမာလာခြင်းများ လက်တွေ့ အကျိုးခံစားရကြောင်း ပင်းမြို့မှ ဒေသခံ ကိုရန်အောင်က ရှင်းလင်းပြောပြပါသည်။ ဘုရားဖူးလာသူ မိတ္ထီလာမင်းရပ်ဖောင်တော်ဦးဘုရား အရှေ့ဘက်မှ အငြိမ်းစားကျောင်းဆရာမကြီး ဒေါ်တင်ဦးကလည်း မဟာဗောဓိရွှေညောင်တော်သို့ သွားရောက်ဖူးမြော်တိုင်း ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်သော မြတ်စွာဘုရားကို မျက်စိထဲမြင်အောင်ဖူးပြီး မဟာဗောဓိပင်ရှေ့မှာ ဆီမီးဖယောင်းတိုင်များ ပူဇော်ဆုတောင်းသော် လွန်စွာဆုတောင်းပြည့်လှကြောင်း၊ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသို့လည်း ထိုနည်းတူ ဆုတောင်းပါက ဆုတောင်းပြည့်လှပါကြောင်း စာရေးသူအား ပြောပြပါသည်။ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသည် မကြာခဏဆိုသလို ရောင်ခြည်များ လွှတ်တော်မူကြောင်း တစ်ခါသော် ရောင်ခြည်တော်စက်ဝန်းကြီးသည် ရုပ်ပွားတော်ထံပါးမှ မဟာဗောဓိရွှေညောင်တော်သို့ ကူးချည်ပြန်လှည့် ရောင်တော်ကွန့်ခဲ့သည်ကို ထိုစဉ်က ဒေသခံများနှင့် ဘုရားဖူးအချို့ ဖူးမြင်တော်မူခဲ့ရပြီး ပင်းမြို့ကျောင်းမှ ဆရာတော် ဦးဥတ္တမက မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ယခုအခါ မမွဒါနအဖြစ် ကုသိုလ်ယူ ဖြန့်ဝေပါ

နှစ်ပေါင်း (၂၅၀၀) ရှိ သပြေညိုနောင်

www.burmeseclassic.com

www.burmeseclassic.com

ကြောင်းလည်း ဆရာမကြီး ဒေါ်တင်ဦးမှ တစ်ဆင့်ပုံတော်ကို စာရေးသူ ပူဇော်ကိုးကွယ်ခွင့်ရခဲ့ပါသည်။

အဲ့ဖွယ်ထူးပွင့် ကြာခုနစ်ဆင့် မေတ္တာကန်တော်

ရှင်အရဟံ မဟာဗောဓိရွှေညောင်တော် သာသနာ့ကုန်းမြေတွင် အထူးကျော်ကြား ထင်ရှားတော်မူသော မေတ္တာကန်တော်၏ ထူးခြားဆန်းပြား အံ့ဖွယ်ဖြစ်ရပ်များကလည်း မဟာဗောဓိရွှေညောင်တော် သာသနာ ပိုမိုကြည်ညိုဖွယ်ရာသတင်း ဒေသအသီးသီးသို့ ပျံ့လွင့်ကျော်စောခြင်းသို့ ဖြစ်စေခဲ့ပါသည်။ ထို့ကြောင့်လည်း မြန်မာပြည် အနှံ့အပြား ဒေသများမှ ကြွရောက်ပူဇော် ဖူးမြော်ကြလေ၏။

၁၃၆၉၊ သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့၌ မကွေးတိုင်း ဒေသကြီး နတ်မောက်မြို့နယ် ပင်းမြို့ဟောင်းရှိ ရှင်အရဟံ မဟာဗောဓိရွှေညောင်တော်သို့ လာရောက် ဖူးမြော်ကုသိုလ်ယူကြကုန်သော ဒေသအသီးသီးမှ ဘုရားဖူးများသည် မဟာဗောဓိရွှေညောင်တော်နှင့် သာသနာ့ကုန်းမြေတော်မှ မာရဝိဇယ ရုပ်ပွားမြတ်ဘုရား၊ ဖူးမြင်ဖွယ်ရာ အစုံစေတီတော်များ ဖူးမြော်ကြပြီးသောအခါ ဗောဓိရွှေညောင်တော်၊ မေတ္တာကန်တော်မဟာသို့ သွားရောက်လေ့လာကြကုန်၏။ ကြာကန်သို့ ရောက်သောအခါ ထူးထူးခြားခြား ကြာတစ်ခိုင်တည်းမှ ကြာပွင့်ကြာဖူး (၇) ပွင့် ပွင့်ဖူးနေသည်ကို တွေ့ကြသောအခါ အတိုင်းမသိ ဝမ်းမြောက်ပါတော့၏။ ထို သတင်းကို အနီးအပါး ဘုရားဖူးများ အပြင် မဟာဗောဓိရွှေညောင်တော်လာ ဘုရားဖူးများ ကြားသိလာကြသောအခါ ဝမ်းမြောက်ဝမ်းသာ ကန်တော်မဟာသို့ ရောက်လာကြလေသည်။ ဆရာတော်၊ သံဃာတော်များကလည်း သာသနာ့အတိတ်တဘောင် နိမိတ်ဆောင်လျက် ရှင်အရဟံ မဟာဗောဓိရွှေညောင် သာသနာတော်ဝါ ပွင့်လင်းထွန်းကားခြင်းနှင့် အတူ ပင်းမြို့ဟောင်းသည်လည်း ဘုရားဖူးများ အထူးစည်ကားမည်ဟု နိမိတ်ဖတ်တော်မူကြလေ၏။ ထိုအချိန်မှစ၍ ပင်းမြို့ဟောင်း၏သာသနာ အထူးစည်ပင်လာပါတော့၏။

ပင်းမြို့ဟောင်း၏ သမိုင်းအစ သပြေညီနောင်က

ပင်းမြို့ဟောင်း၏ နာမထင်ပေါ်အမည်တော်မှာ ငါးမျိုးတွင်ခဲ့ကြောင်း သိရ၏။ တကောင်းမြို့စား သတိုးဓမ္မရာဇာ၏ မင်းဆရာဖြစ်သော ဂေါဓံရသေ့သူမြတ်သည် ယနေ့ယခုတိုင် ရှင်သန်နေသော၊ ထူးခြားသော သပြေပင် နှစ်ပင်ကို ရှာဖွေတွေ့ရှိ သီတင်းသုံးရာမှ အစပြု၍ အောင်သပြေမြို့ဟု အစပြုကာ မြို့တည်တော်မူခဲ့သည်မှာ မင်းငါးဆက်တိုင်ခဲ့ကြောင်း သမိုင်းက ဆိုပါသည်။ မြို့တော်အမည်ကို ခေတ်အဆက်ဆက်ခေါ်ခဲ့ရာ (၁) အောင်သပြေမြို့ (၂) အပင်မြို့ (၃) သစ္စာပန်မြို့ (၄) ပင့်မြို့ (၅) ပင်းမြို့ဟု ငါးမည်ရခဲ့ပါသည်။ အောင်သပြေမြို့ကို ဒိဿနိုးမင်းသမီး အုပ်ချုပ်မင်းလုပ်ခဲ့ဖူးကြောင်းလည်း ကြားသိရပါသည်။ ယခုအခါ အောင်သပြေမြို့ ခေါ် ပင်းမြို့ဟောင်း၏ သက်တမ်းသည် နှစ် (၂၅၀၀) ကျော်ခဲ့ပြီဖြစ်သကဲ့သို့ အောင်သပြေညီနောင် ပင်၏ သက်တမ်းသည်လည်း နှစ်ပေါင်း (၂၅၀၀) ကျော်ခဲ့ပြီဖြစ်ကြောင်း သုတေသီတို့က ဆိုပါသည်။

သပြေညီနောင်ပင်အနီးမှ ရေချိုတွင်းသည် သောက်သုံးသူများကို ကိုယ်ကျန်းမာ စိတ်ချမ်းသာစေသောကြောင့် သိဒ္ဓိရေတွင်းဟု ခေါ်ကြပါသည်။ ထိုသိဒ္ဓိရေစင်ကို ရေဘူးများဖြင့် ယူဆောင်၍ အိမ်ဦးဘုရားခန်းတွင်ထားကာ ပဌာန်းဒေသနာတော်များ ရွတ်ဆိုသော် အိမ်မှာကျက်သရေတိုးခြင်း၊ အန္တရာယ်ကင်းခြင်း၊ မီးကွင်းခြင်း စသော ထူးခြားမှုများ ဖြစ်ပေါ် စေပါသည်။

ပင်းမြို့ဟောင်းမှ ဖိတ်ခေါ်သံ

ပင်းမြို့ဟောင်းကို လာလိုသော် နတ်မောက်မြို့မှ မြောက်ဘက်လမ်းအတိုင်းလာသော် (၁၈) မိုင်သာ ဝေးပါသည်။ မိတ္ထီလာမြို့မှလာသော် ဇရပ်ကုန်းသို့ မိုင် (၂၀)၊ ဇရပ်ကုန်းမှ မိုင် (၂၀)၊ စုစုပေါင်း ကား (၂) နာရီခွဲသော် ပင်းမြို့ဟောင်းသို့ရောက်ပါသည်။ ပျော်ဘွယ်မြို့မှ ဆိုပါက မိုင် (၅၀) ကားစီးလျှင် ရောက်ပါသည်။ သွားရေးလာရေး လွယ်ကူ ချောမွေ့ပါသည်။ လမ်းများလည်း ကောင်းပါသည်။

မဟာဗောဓိ ရွှေညောင်တော် ဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း (၈)ရက်မှ တပေါင်းလပြည့်ကျော် (၈) ရက်အထိ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။ ဆီမီး (၁၀၀၀၀)၊ နံ့သာ (၁၀၀၀၀) ပူဇော်ပွဲများ ကျင်းပကြပါသည်။ ဘုရားပွဲစျေးသည် ဒေသအသီးသီးနှင့် အညာဒေသ ထွက်ကုန်များ သက်သက်သာသာဖြင့် ရောင်းချကြသဖြင့် ဘုရားလည်းဖူး၊ စျေးလည်းဝယ် စသဖြင့် မိတ္ထီလာ၊ ပျော်ဘွယ်၊ နတ်မောက်ဒေသရွာများမှ လှည်းများဖြင့် ဝိုင်းဖွဲ့ချက်ပြုတ်စားသောက်ကြကာ ဘုရားပွဲပြီးမှ လှည်းတန်းကြီးဖြင့်ပြန်ကြကြောင်း သိရပါသည်။

နှစ်စဉ် စည်ကားသော နောက်ပွဲတစ်ခုမှာ ကဆုန်ညောင်ရေသွန်းပွဲတော်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ညောင်ရေလောင်းသူ ဘုရားဖူးများနှင့် အလွန်စည်ကားစွာကျင်းပကြကြောင်း သတင်းကောင်းပါးရင်း ပင်းမြို့ဟောင်းမှ ရှင်အရဟံ မဟာဗောဓိရွှေညောင်တော်နှင့် လွန်စွာ ထင်ရှား ဘုန်းတန်ခိုးကြီးမား ဆုတောင်းပြည့်ဝ မာရဝိဇယ ရုပ်ပွားမြတ် ဘုရားတို့အား တစ်ခါတစ်ခေါက် လာရောက်ဖူးမြော်ကြလျှင် အလိုဆန္ဒပြည့်ဝ စေမှာဖြစ်ကြောင်း မေတ္တာအနန္တဖြင့် ဖိတ်မန္တကပြုလိုက်ရပါသည်။

ကျေးဇူးတင်လွှာ။ ။ ဓာတ်ပုံမှတ်တမ်းများ ဓမ္မဒါနပြုပေးတော်မူသော ဆရာတော်ဦးဥတ္တမ(ပင်းမြို့ကျောင်း)နှင့် သမိုင်းအချက်အလက်များ ရှာဖွေပေးပြီး ရေးဖြစ်အောင် ရေးပေးပါရန် တိုက်တွန်းအကြံပြုခဲ့သော မိတ္ထီလာမြို့ဖောင်တော်ဦး ဘုရားအရှေ့ဘက် မင်းရပ်နေ အငြိမ်းစားဆရာမကြီး ဒေါ်တင်ဦးတို့အား အထူး ကျေးဇူးတင်ရှိပါကြောင်း။

မေတ္တာများစွာဖြင့်
ကံဝင်း

ကျမ်းကိုး

၁။ ဒေါက်တာအရှင်ဣန္ဒဝံသရေး ဗောဓိပင်ကို ပူဇော်ထိုက်သလား

၂။ ပင်းမြို့ ဦးဥတ္တမ၏ ဗောဓိပင်ဖူး ကုသိုလ်ထူးစာစောင်

၃။ နတ်မောက်မဂ္ဂဇင်း အမှတ်(၁)၊ အမှတ်(၂) ၁၉၉၁ ခု

၄။ လွင်ချန်ဖြိုး(နတ်မောက်)ရေး ပင်းမြို့ဟောင်းနှင့် မဟာဗောဓိရွှေညောင်

၅။ ၂၀၁၀ ပြည့်၊ မေလထုတ် ဖလားဝါးနယူးဂျာနယ်

၆။ ဒေါ်တင်ဦး အငြိမ်းစားဆရာမ နေကြားသော သတင်းစကားများ

www.burmeseclassic.com

www.burmeseclassic.com



ရွှေစည်းခုံဘုရားကြီးအား အဝေးမှဖူးမြော်ရပုံ

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ စွယ်တော်၊ နဖူးသင်းကျစ်တော်၊ မာတ်တော်၊ မွေတော်များ ကိန်းဝပ်စံပယ်တော်မူရာ

ဘုတောင်းပြည်

ရွှေစည်းခုံစေတီတော်ကြီး

တက္ကသိုလ်မျိုး

ရွှေစည်းခုံဘုရား၌ ကပ်လှူထားသော ရွှေပန်းခိုင်များအား ကြည်ညိုဖွယ်တွေ့ရပုံ

စာရေးသူသည် ယခင်ကလည်း ပုဂံသို့ အကြိမ်ကြိမ်အခါခါ ရောက်ခဲ့ဖူး၏။ ပုဂံသို့ရောက်တိုင်းလည်း ရွှေစည်းခုံစေတီတော်မြတ်ကြီးအား အမြဲဦးတိုက်ဝင်ရောက် ဖူးမြော်သည်။ စည်းခုံဘုရားကြီးအား ဖူးမြော်တိုင်းလည်း ကြည်နူးသဒ္ဓါတရားများ တိုးပွါးတိုးရွှေ့ပေါ်ခဲ့၏။ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ဒါယကာမှာ အနော်ရထာမင်းကြီး ဖြစ်သည်။ အမှန်တကယ်ဆိုရသော် ဘုရားဒါယကာ အနော်ရထာမင်းသည် ဘုရားတည်၍မပြီးမီ နတ်ရွာလားခဲ့ရ၍ ကျန်စစ်မင်းက ဆက်လက် တည်ခဲ့ပြီး အပြီးသတ်ခဲ့သည်။ မြန်မာ့သမိုင်းခေတ်ဦးပိုင်းကာလ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို တစည်းတလုံးတည်းဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com

စုစည်းတည်ထောင်ခဲ့သော မင်းနှစ်ပါး (အနော်ရထာမင်းကြီးနှင့် ကျန်စစ်သား မင်းကြီး) တို့၏ ကောင်းမှုတော်ဖြစ်သလို ထိုစေတီတော်မြတ်ကြီး၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ စွယ်တော်ဓာတ် (သီဟိုဠ် (သီရိလင်္ကာ) ရှိ စွယ်တော်စစ်မှ ပွားခဲ့သော)၊ နဖူးသင်း ကျစ်တော်ဓာတ်များကို ဌာပနာ ထည့်သွင်းတည်ထားတော်မူသည့် စေတီတော်၊ တစ်နည်းဆိုရသော် ဓာတုစေတီတော် အစစ်အမှန်ဖြစ်၍ ဖူးမြော် ကြည်ညိုပ,သသူတို့အနေနှင့် မျက်မှောက်ဘဝအတွက်၌ ဆင်းရဲကင်းခြင်း၊ ဘေးဒုက္ခကင်းခြင်း၊ ချမ်းသာခြင်းသုခများကို ခံစားနိုင်သလို နောင်တမလွန်ဘဝ၌လည်း ဝရဲကင်း၍ နိဗ္ဗာန်မရမီ လူပြည်၊ နတ်ပြည်၌သာ ခံစား စံစားနိုင်မည်ဖြစ်၍ ရှေးဟောင်း ဓာတုစေတီ ရွေစည်းခုံဘုရားကြီးအား စာရေးသူ အလေးထား ပူဇော်ခဲ့ခြင်း ဖြစ်ပေသည်။

စာရေးသူတို့ စာရေးဆရာများအား ကာတွန်းဆရာ ဦးကြည်ဝင်းက သူ၏ဇာတိရွာဖြစ်သော ဖလန်ကန်ဘုရားပွဲတော်သို့ စားစရိတ်ငြိမ်းပို့ပေးရန် ဖိတ်ကြားခဲ့၍ စာရေးဆရာ၊ ဆရာမ နှစ်ဆယ်ကျော် လိုက်ပါခဲ့သည်။ ဆရာကြည်ဝင်းက ပုပ္ပားနှင့် ပုဂံဘုရားများကိုလည်း ပို့ပေးမည်ဖြစ်ကြောင်း ကတိပြု၍ ထိုခရီးသို့ လိုက်ပါလိုကြသော စာရေးဆရာတို့မှာ အလွန်များ၍ ဆရာနန္ဒာမိုးကြယ် (ဦးစီးစီစဉ်သူ) က ဦးစားပေးစနစ်အရ စီစစ်ရွေးချယ်ပြီး ယခုလို နှစ်ဆယ်ကျော် လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။

ဆရာကြည်ဝင်း၏ ဇာတိရွာမှာ ဖလန်ကန်ရွာဖြစ်ပြီး ညောင်ဦးမှ မိုင်သုံးဆယ်ခန့် ကွာဝေးပါသည်။ ဗျတ္တာပန်းဆက်လမ်းအထိ မိုင်(၂၀)ခန့်မှာ ကတ္တရာလမ်းချောဖြစ်၍ သွားရေးလာရေး အဆင်ပြေလှသည်။ ဗျတ္တာလမ်းခွဲခွဲ၍ ရွာအဝင်လမ်းကား (၈)မိုင်ကျော်လောက်သာ ဝေးသော်လည်း နှစ်နာရီနီးပါးလောက်ကားဖြင့် ဝင်ခဲ့ရလောက်အောင် ဆိုးလှသည်။ ယခုနှစ် မိုးရာသီ၏ မိုးနှောင်းမိုးကောင်းမှုကြောင့် ရွာအဝင်လမ်းသည် မြေသား၊ သဲလွှမ်းသောလမ်းဖြစ်၍ ရွှံ့နှင့် သဲများကြား တဖြည်းဖြည်း မောင်းဝင်ရပါသည်။ ချိုင့်များ၊ ရေအိုင်များကြောင့် ကားပေါ်ပါ ခရီးသည်တို့မှာ ဘယ်ညာ၊ အထက်,အောက် ယိမ်းထိုးလှုပ် လိုက်ပါလာခဲ့ရသည်။ ရွာအဝင်လမ်းက ကြမ်းသော်လည်း ဖလန်ကန်ရွာက သာယာလှပါဘိ။ တစ်ရွာလုံး မန်ကျည်းပင်များ ဖုံးလွှမ်းနေသလို တမာပင်တို့ကလည်း မန်ကျည်းပင်များကြား၌ စိမ်းရောင်သန်းလျက် ခရီးသည် စာရေးသူတို့အား ကြိုဆိုခဲ့ကြသည်။ ကျေးရွာ၏ သာယာမှု၊ ဆရာကြည်ဝင်း၏ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းရောင်းရင်းများ၏ ဖော်ရွေမှုကား တစ်သက်မမေ့စရာပင် ဖြစ်တော့၏။ ရွာသူရွာသားအပေါင်း၏ ပြုံးယောင်သန်းနေသောမျက်နှာကို ရွာအတွင်း လျှောက်သွားစဉ် တွေ့မြင်နေရ၍ စာရေးသူတို့၏ မျက်နှာ၌လည်း အလိုလို ပြုံးယောင်သန်းခဲ့ရသည်။

ရွာရှိ ဆရာကြည်ဝင်း၏ ဆရာတော်ကြီးမှာလည်း စာရေးသူတို့ စာရေးဆရာ၊ ဆရာမအပေါင်းတို့အား အတော်ပင် ဂရုစိုက်ပါသည်။ ဖလန်ကန်ရွာသို့ ရောက်ပြီးနောက်နေ့မှစ၍ စာရေးသူတို့အား လေးရက်တိုင်တိုင် နံနက်စာနှင့် ညစာ ထမင်း၊ ဟင်းကို စီစဉ်ကျွေးမွေးခဲ့သည်။ ဆရာတော်ဘုရား လမ်းညွှန်မှုဖြင့် ကျောင်းဝေယျာဝစ္စ ဒကာ၊ ဒကာမတို့သည် နေ့စဉ်နေ့တိုင်း ထမင်းပွဲ၌ ဝက်



ရွေစည်းခုံစေတီတော်မြတ်ကြီးအား အနီးကပ်ဖူးမြော်ရပုံ



ရွေစည်းခုံစေတီတော်မြတ်ကြီးအား ဆွမ်းဆက်ကပ်ရာ သပိတ်ကြီးများထားရာပြာသာဒ်နှင့် ဓာတု ဖူးတွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com

ကြီးမားသောခြင်္သေ့ရုပ်ကြီးကို
အနီးကပ်တွေ့ရပုံ



ရွှေစည်းခုံစေတီတော်ကြီးနှင့် ခြင်္သေ့ရုပ်၊
တံခွန်တိုင်တို့ကို ကြည့်ညှိုးယ်တွေ့ရပုံ

အာရုံခံတန်ဆောင်းအတွင်းရှိ
ဆင်းတုတော်များ



ရှေးဟောင်း
ဆုတောင်းပြည့်ရုပ်ပွားတော်

ရှေးဟောင်းဆုတောင်းပြည့်ရုပ်ပွားတော်
ကိန်းဝပ်တော်မူသည့် တိုက်တန်ဆောင်း



အင်္ကြတောင့်ရှိ သိကြားမင်းတည်ထားသော
ခြင်္သေ့ရုပ်

ရွှင်အရဟံမထေရ်မြတ် သီတင်းသုံးရာ
ကျောင်းဆောင်

ရွှင်အရဟံမထေရ်မြတ်အား
အနီးကပ်ဖူးတွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com



တန်ကြည်တောင်ကို စောင့်ရှောက်သော
ကျောက်နဂါးကြီးအပြီး
ရွှေစည်းခုံဘုရား၌ပေါ်ထွက်ပုံ



ဆုတောင်းပြည့်စေတီတော်နှင့်
စေတီတော်အတွင်း ဂန္ဓကုဋိတိုက်၌
စံပယ်တော်မူသော ရှေးဟောင်းရုပ်ပွားတော်



ရွှေစည်းခုံဘုရားရင်ပြင်တော်ပေါ်ရှိ
ရှေးဟောင်းစေတီတော်

ရှေးခေတ်ဟောင်း ပန္နက်သဲဂူ

ရှေးခေတ်ဟောင်း ပန္နက်သဲဂူ

ရွှေစည်းခုံစေတီတော်အရိပ်ထင်သည့် ရေအိုင်ကျောက်ခွက်

သားဟင်း၊ ငါးခြောက်ထောင်းနှပ်ကြော်၊ ချဉ်ပေါင်ဟင်းချို၊ ကုလားပဲနှပ်၊ သရက်ချဉ်သုပ်၊ ငါးပိကြော်တို့ဖြင့် တခမ်းတနား ကျွေးသည်။ ထိုအကျွေးအမွေးသည် တစ်ကြိမ်တစ်ခါ၊ တစ်ရက်တလေ မဟုတ်ရောက်သည့်နေ့မှ ပြန်သည့်နေ့အထိဖြစ်သည်။

ရွာသူရွာသားအပေါင်း၊ ဆရာကြည်ဝင်းနှင့် ဆွေမျိုးအပေါင်း၊ ဆရာတော်တို့က စာရေးဆရာတို့အပေါ် ဧည့်ဝတ်ကျေပွန်ကြပါသော်လည်း စာရေးဆရာများအပေါ် ဧည့်ဝတ်မကျေပွန်သူကား မိုးမင်းကြီးပင် ဖြစ်သည်။ စာရေးသူတို့ရောက်ပြီး နောက်နေ့မှစ၍ မိုးမပြတ်ရွာတော့၏။ သုံးရက်မြောက်ညဉ့်ကား မိုးသာမက လေပြင်းများပါ တိုက်လေတော့၏။ ရွာသွန်းသည့်မိုးမှာလည်း ကြောက်စရာကောင်းလောက်အောင်၊ မှောင်ပိတ်နေအောင် ရွာသည်။ အညာဒေသမိုးနှင့်မတူ မြစ်ဝကျွန်းပေါ်၌ရွာဆော မိုးထက်ပင် ကဲသည်။ မုန်တိုင်းကြောင့်ရွာသောမိုးဖြစ်၍ မုန်တိုင်းအင္ဂွေ့အသက်ကြောင့် ပြင်းပြင်းထန်ထန် ရွာခြင်း ဖြစ်သည်။

ထိုမိုး အဆက်မပြတ် ရွာသွန်းမှုကြောင့် စာရေးသူ စိတ်ကူးနှင့်စီစဉ်ထားသည့် ပုပ္ပားတစ်ရက်၊ ပုဂံတစ်ရက် ခရီးစဉ်ပျက်ရတော့သည်။ နောက်ဆုံး ဆရာကြည်ဝင်း စီစဉ်ပေးသော စာရေးသူတို့ ပြန်မည့် ၂၁. ၁၀. ၂၀၁၁ ရက်နေ့ ပုပ္ပား-ပုဂံ ဘုရားဖူးခရီးစဉ်ကို ဝင်ခဲလိုက်ရတော့ပါသည်။ ဆရာကြည်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



ရွေးဟောင်းလျောင်းတော်မူရုပ်ပွားတော်

ရွေးဟောင်းလျောင်းတော်မူရုပ်ပွားတော်အား အနီးကပ်ဖူးမြော်ရပုံ

ရှိရာသို့ Guide လမ်းညွှန်အား အမြန်လိုက်လံပို့ဆောင်စေပြီး ဓာတ်ပုံမှတ်တမ်းရိုက်ယူခဲ့သည်။ မိနစ်သုံးဆယ်သည် သာမန်အားဖြင့် အချိန်အတော်ကြာသည်ဟု ထင်ရသော်လည်း စေတီတော်တစ်ပတ်ပြည့်သောအခါ မိနစ်သုံးဆယ်အတိ ဖြစ်တော့၏။ နေရာစုံလိုက်ပြပေးရှာသော မိန်းကလေးအား ငွေငါးရာ ဆုချလိုက်သည်။ ထိုမိန်းကလေးငယ်က မြန်မာလိုရှင်းရမလား၊ အင်္ဂလိပ်လိုရှင်းရမလားဟု မေးစဉ်က စာရေးသူ အတော်လေးစားသွားမိသည်။ မိန်းကလေးရှင်းပြသမျှမှာလည်း အမှန်များပင်ဖြစ်ကြောင်း စာရေးသူ ရွေစည်းခဲ့သို့ အကြိမ်ကြိမ်ရောက်မှု၊ လေ့လာ ဖတ်ရှုထားမှုများကြောင့် သိရှိခဲ့သည်။ မိန်းကလေးငယ်၏ သူသိသမျှ အလွတ်ပြောဆိုနေမှုကို စာရေးသူ နားမထောင်နိုင်။ စာရှုသူတို့အတွက် ဓာတ်ပုံမှတ်တမ်းရိုက်ယူရေးသာ အဓိကဖြစ်၍ စာရေးသူ ကင်မရာတစ်လုံးနှင့် အလျင်အမြန် သွားလေရာနောက်သို့ လိုက်ခဲ့သော လမ်းညွှန်မိန်းကလေးမလေးအား ကျေးဇူးတင်နေမိတော့သည်။

❁

ရွှေစည်းခဲ့စေတီတော်သည် မြေစိုက်စေတီလုံးပုံစံ ဖြစ်သည်။ ပစ္စယာခေါင်းလောင်းပုံ ဖောင်းရစ်နတ်လှေကား၊ ထောင့်စိုက်စေတီ (အရံစေတီ) ပန်းအိုးများဖြင့် တည်ထားသော စေတီပုံစံ ဖြစ်သည်။ ပုဂံ၌ ထိုရွှေစည်းခဲ့စေတီမျိုးကို လောကနန္ဒာ၊ ရွှေဆံတော်၊ မင်္ဂလာစေတီတို့၌ ဖူးမြင်နိုင်သည်။ ရွှေစည်းခဲ့စေတီတော်မြတ်သည် တခြားသော ပုဂံဘုရားကြီးများ ဖြစ်သည့် သဗ္ဗညု၊ ဇေါ်ဂေါပလွင်၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ဇေးလို့ သည် တစ်ရက်တည်းနှင့် ပုပ္ပားကိုလည်း ပို့သည်။ ပုဂံဘုရားစုံကိုလည်း ပို့ပေးရှာသည်။ ပုပ္ပား၌ တစ်နာရီ မိနစ်သုံးဆယ် အချိန်ပေးခဲ့သော်လည်း ပုဂံ၊ ညောင်ဦး ဘုရားစုံဖူးရာ၌ ဘုရားတစ်ဆူ (၁၅) မိနစ်အစီအစဉ်ဆွဲ၍ စာရေးဆရာအပေါင်း ပုဂံဘုရားစုံကို ပုဆိန်ပေါက် ဖူးမြော်လိုက်ပါခဲ့ရတော့သည်။ ယခင်က ပုဂံသို့ ရောက်ဖူးသူတို့အနေနှင့် ပြဿနာမဟုတ်သော်လည်း တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသည့် ဆရာအောင်သျှင် သူတို့လို ပုဂ္ဂိုလ်မျိုးများက ဦးသာချခဲ့ရပါသည်။ ပုဂံဘုရားတစ်ဆူချင်း၏ ထူးခြားမှုကိုကား မသိနိုင်၊ မသိရှိခဲ့ရရှာပေ။

'မွေတော်ဓာတ်ပေါင်း
စွယ်ချောင်းရိုးညှပ်
သင်းကျစ်နဖူး
ရှိမူးအသရေ
အထွေထွေတည့်'

ရှေးစာဆို နဝဒေးကြီး စပ်ဆိုခဲ့သည့်အတိုင်း ဗုဒ္ဓမြတ်စွာဘုရားရှင်၏ စွယ်တော်ဓာတ်မြတ် (သိဟိုဠ်စွယ်တော်ပွား)၊ နဖူးသင်းကျစ်တော်ဓာတ်တို့ ကိန်းဝပ် စံပယ်တော်မူသော ရွှေစည်းခဲ့စေတီတော်မြတ်ကြီးသည် ပုဂံ၊ ညောင်ဦး မည်သည့်အရပ်မှ ဖူးမြော် ဖူးမြော် ရွှေရောင်ဝင်းဝါလျက် အရပ်လေးမျက်နှာ ခပ်ဝေးဝေးကပင် ဖူးမြင်နိုင်သည်။ စေတီတော်အဝင် ရှည်လျားလှသော မှခ်ပေါက်အဆုံး စေတီရင်ပြင်သို့ ခြေချမိသောအခါ၌ကား ဘုရားဖူးအပေါင်း၏ရင်ဝယ် ကြည်နူးသဒ္ဓါတရား ထက်သန်ပွားများစေလေတော့သည်။ ကြီးမားကျယ်ပြန့်သောအာခံခံတန်ဆောင်းကြီးများ၊ မြင့်မားကျယ်ပြန့်ထည်ဝါစွာ တည်ထားတော်မူသော လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူထား၍ ဝင်းဝါပြီး ရွှေတောင်ကြီးအလား ဖူးမြော်ရသော ရွှေစည်းခဲ့စေတီ၊ စေတီတော်ပစ္စယာအဆင့်၌ရှိသော အရံစေတီတော်အဆူဆူတို့၏ ကြည်ညိုဖွယ်တည်ထားမှု၊ စေတီတော်ပတ်လည်ရှိ ရွှေပန်းခိုင်၊ ပန်းခက်တို့၏ လက်ရာမြောက်စွာ ထွင်းထုထားမှုများကြောင့် ဘုရားဖူးအပေါင်းအနေနှင့် စည်းခဲ့စေတီတော်မြတ်အား ဖူးမြော်ကြည်ညိုရ၍ အားရတင်းတိမ်ခြင်းမရှိအောင် ခံစားရသည်။

စာရေးသူတို့အား ရွှေစည်းခဲ့စေတီတော်မြတ်ကြီးကို ဖူးမြော်ရန် အချိန်မိနစ်သုံးဆယ်ပေးရာ တခြား ပုဂံဘုရားများအား ဖူးမြော်ရန် သတ်မှတ်ပေးသော (၁၅) မိနစ်အချိန်ထက် ပိုသောကြောင့် စာရေးသူတို့မှာ အတော်ပင် အချိန်ရသည်ဟု ဆိုရပေမည်။ စာရေးသူသည် ရွှေစည်းခဲ့စေတီတော်မြတ်ထံပါးသို့ အကြိမ်ကြိမ်ရောက်ဖူးပြီး အကြိမ်ကြိမ် ဖူးမြော်ဆုတောင်းခဲ့ဖူးသူတစ်ယောက်ဖြစ်၍ ယခုအခေါက်၌ ဘုရားဖူးရန် ရရှိထားသော မိနစ်သုံးဆယ်အတွင်း ရွှေစည်းခဲ့စေတီတော်မြတ်ကြီး၏ ထူးခြားသော ဖူးမြော်ရန်နေရာများ၊ ထူးခြားသော သာသနိကအဆောက်အအုံများ၊ ထူးခြားသော သိသင့်သိထိုက်စရာများကို ဓာတ်ပုံမှတ်တမ်း အမြန် လိုက်လံရိုက်ယူရလေသည်။

အကြိမ်ကြိမ်ရောက်ဖူးသော်လည်း နေရာတချို့အား ရှာဖွေရန် လွယ်စေမှု အတွက် ဆယ့်သုံးနှစ်ရွယ် ကလေးမငယ်အား Guide လမ်းညွှန် ခေါ်ရတော့၏။ အဖေထက် သားတစ်လကြီးသောနတ်နန်း၊ ပွဲစားကြီးနတ် စသည့် နေရာများ

www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းမခိုးသပိတ်ကြီးနှင့် သပိတ်ငယ်များ

ဘုရားအလောင်းတောထွက်ပုံရုပ်ကြွနှင့် ရှေးဟောင်းသစ်သားတန်ဆောင်း

မင်းလိုဘုရားများနှင့် ပုံစံမတူ ကွဲပြားကြသည်။ မြန်မာပြည် တန်ခိုးကြီးစေတီများဖြင့် ပုံစံတူ၍ ဘုရားဖူးတို့အနေဖြင့် အမြင်အားဖြင့် မထူးဆန်းသော်လည်း ရွှေစည်းခုံစေတီတော်ကြီးကား တခြားတည်ထားသော ဘုရားများနည်းတူ ကြည်ညိုဖွယ် လွန်စွာ ကောင်းလှပေသည်။

ရွှေစည်းခုံစေတီတော်ရင်ပြင်၏ အရှေ့အရပ်၌ ကျန်စစ်သားလုံထောက်ရာငါးချက်ကို တွေ့မြင်ရရာ ကျန်စစ်သားမင်းကြီးကို ပြန်လည် တမ်းတမြင်ယောင်မိ၏။ ထိုလုံထောက်ရာနှင့်မလှမ်း မကမ်း စေတီတော်လေ့ကားအဆင်း၌ ရေအိုင်ခွက်ကလေးကို တွေ့ရသည်။ ရေအပြည့်ထည့်ထားသော ရေအိုင်ငယ် အတွင်းအား ကြည့်လိုက်သောအခါ ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ရေ၌ အရိပ်ထင်ကာ ဖူးမြင်ရလေသည်။ လေတိုက်က ရေလှုပ်လျှင်တော့ ပြက်ပြက်ထင်ထင် မဖူးမမြင်ရသော်လည်း လေငြိမ်သော် ကြည်လင်ပြတ်သားစွာ ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ဖူးမြော်နိုင်ပေသည်။ ထိုမြင်ရသော စေတီတော် အရိပ်ထင်ခြင်းသည် အံ့ဖွယ်တစ်ပါးပင် ဖြစ်လေသည်။

ရွှေစည်းခုံစေတီတော်မြတ်ကြီးသည် တန်ခိုးကြီးသော စေတီတော်မြတ်တစ်ဆူ ဖြစ်သည်။ ထို့ကြောင့်လည်း သိကြားမင်းဆက်ကပ်သော အာ၊ သော၊ မာ၊ ဝ ဘွဲ့တံဆိပ်ရ နှစ်ကျိပ်ဆူဝင်စေတီတော်မြတ်တစ်ဆူ ဖြစ်သည်။ ရွှေစည်းခုံစေတီတော်မြတ်ကြီးသည် အနော်ရထာမင်း (အနုရုဒ္ဓမင်း) ကြီးကောင်းမှုတော် ဖြစ်ရုံသာမက သိကြားမင်း၏ အကူအညီဖြင့် တည်ထားတော်မူသော တန်ခိုးကြီးဘုရားကြီးဖြစ်၍ အတွင်းအံ့ဖွယ်ကိုးပါးနှင့် ပြည့်စုံသော စေတီတော်မြတ် ဖြစ်သည်။

အတွင်းအံ့ဖွယ်ကိုးပါး

၁။ ထီးတော်ကို မဆိုင်းရခြင်း၊
၂။ တံတိုင်းအတွင်းမှ အရိပ်မထွက်ခြင်း၊
၃။ ဘုရားပေါ်မှ ရွှေလှော်စက္ကူကိုချသော် တံတိုင်းအပြင်သို့မကျခြင်း၊
၄။ ထောင်သောင်းမကသော ပရိသတ်တို့ဝင်သော်လည်း မဟာရာမ်တံတိုင်း မပြည့်နိုင်ခြင်း၊
၅။ ပထမသပိတ်တော်၌ ဆွမ်းကပ်သူလက်မဦးနိုင်ခြင်း၊
၆။ တစ်ဖက်မှ တီးသော စည်သံကို တစ်ဖက်မှ မကြားရခြင်း၊
၇။ စေတီတော်ကို များစွာ မြင်သည်ဟု လူတိုင်းထင်မြင်ရခြင်း၊
၈။ မဟာရာမ်တံတိုင်း၌ မိုးရေမကျနိုင်ခြင်း၊
၉။ ခရေပင်သည် (၁၂) ရာသီပတ်လုံးပွင့်ခြင်းတို့ ဖြစ်သည်။

အတွင်းအံ့ဖွယ်ကိုးပါးကို အင်းဝမင်းကြီးက လေးချိုးစပ်ဆိုထားရာ-

'ထီးမဆိုင်း တံတိုင်း၌ ရိပ်သည်၊
မလွှင့်ရွှေလောင်ပ၊ ဗိုလ်သောင်းထောင်ဝင်၊ မကျပ်တဲ့ပြင်၊ ဆွမ်းကပ်သူ လက်မဦးနိုင်နှင့်၊ မကူသံကြား ဟီးဟီးတီးတဲ့ ရွှေစည်၊ မြင့်ဝှန်းယောင်ထင် စနိုးပေပ၊ မိုယ်းကင်ပြုရေအရည်၊ အနည်းမှမကြွင်း၊ ချရားပင်ဒွါဒသင်ခါ မလင့်ပေပ၊ ငံ့ပွင့်ကာကြထုံသဲ့၊ ဇေယျံခုံ အံ့ဖွယ်ကိုးကို တိုးခဝပ်စင်း'

ဟူ၍ပင် ဖြစ်သည်။

အပြင်အံ့ဖွယ်ကိုးပါး

၁။ ရေစီးနေဆဲ ဆင်ဖြူ ဝပ်သောအခါ သောင်ဖြစ်ခြင်း၊
၂။ သဲသောင်ကို ကျောက်မြေဖြစ်အောင် သိကြားမင်းဖန်ဆင်းခြင်း၊
၃။ ရေလယ်စေတီတော်ကို ဦးတိုက်ရစ်ဝဲ၍ စီးဆင်းခြင်း၊
၄။ ရှစ်မင်းပယ်တ၊ မဟာရာမ်တံတိုင်းမှာ ကျယ်ဝန်းခြင်း၊
၅။ ဘုရားတည်စဉ် တူးရွှင်းတောင်မှ ကျောင်းတို့ကို လက်ဆင့်ကမ်း၍ ယူခြင်း၊
၆။ ကျောက်သယ်သူတို့အား နေမပူစေရန် မန်ကျည်းပင် ချက်ချင်း ပေါက်ခြင်း၊
၇။ ကျောက်သယ်၍ပြီးသောအခါ ထိုမန်ကျည်းပင်တို့ ချက်ချင်း ကွယ်ပျောက်ခြင်း၊
၈။ အရှေ့မျက်နှာလေကားရှေ့ မှနှင့် အတွင်း၌ စေတီတော်အရိပ်ထင်

www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊

၉။ အဝေးကမူ ကုန်းမြင့်၌တည်ထားသည်ဟု ထင်ရသော်လည်း အနီးသို့ရောက်လာမှ မြေပြင်၌ တည်ထားသည်ကို တွေ့ရခြင်း။

စသည့် အပြင်အဆင်ဖွယ် ကိုးပါးကို တွေ့ရသည်။ ရွှေစည်းခုံဘုရားကြီး၏ အတွင်းအဆင်ဖွယ်ကိုးပါးသည် ဘုရားဖူးများ လက်တွေ့ မြင်နိုင်တွေ့နိုင်သောအဆင်ဖွယ်များ ဖြစ်သည်။

ထီးတော်မှာ ကြိုးဖြင့် ဆိုင်းရန် မလိုသလို ထီးတော်၏အရိပ်သည်လည်း နေထွက်ခိုန်၊ နေဝင်ခိုန်များ၌ပင် တံတိုင်းအတွင်း၌သာ ကျရောက်သည်ကို တွေ့နိုင်သည်။ ရွှေစည်းခုံဘုရား ရွှေချစ် ရွှေလှောင်စက္ကူများ ပြန့်လွင့်ရာလေမည်မျှပင်တိုက်တိုက် တံတိုင်းအပြင်သို့ လွင့်စဉ်မထွက်ပေ။ ထိုနည်းတူ ဘုရားပွဲတော်ကျင်းပချိန်၌ ဘုရားဖူး ထောင်သောင်းများစွာ ရွှေစည်းခုံဘုရားကြီးအား လာရောက်ဖူးမြော်ကြသော်လည်း ဘုရားဖူးမည်မျှပင်များစေကာမူ မဟာရာဇ်တံတိုင်း မပြည့်နိုင်သည်ကို တွေ့ရသည်။ ဘုရားကြီး၏အရှေ့၌ ယခုအခါ ရွှေချထားသော သပိတ်ကြီးလေးလုံးကို တွေ့နိုင်သည်။ ရှေ့ဆုံးရှိသပိတ်ကြီး၌ လပြည့်၊ လကွယ်နေ့များတွင် အရှက်ဆွမ်းဆက်ကပ်သော် မည်မျှစောစော သပိတ်ကြီးအတွင်း၌ ဆွမ်းဦးလောင်းလှူထားသည်ကိုသာ တွေ့ကြရသည်။ ဆွမ်းဦးပုညရှင်၌ အရှက်ဆွမ်းဦးကပ်သလိုမျိုးပင် ဖြစ်သည်။ ထိုရှေ့ဆုံး၌ရှိသော ပထမဦးဆုံးသပိတ်၌ ဆွမ်းဦးကို မည်သူမျှ ကပ်လှူနိုင်ခြင်းမရှိဟု အံ့ဖွယ်တစ်ပါးအဖြစ် ဖော်ပြခြင်း ဖြစ်သည်။ ရွှေစည်းခုံဘုရားကြီးသည် ဘဏ်တော်မြင့်မားသလို စေတီတော်လုံးပတ်မှာလည်း ကြီးမားလှသည်။ ခုင်ပြင်တော်ရှိ တစ်ဖက်၌ စည်ကြီးကို ကျယ်လောင်စွာ တီးခေါ်လည်း တစ်ဖက်၌ ထိုစည်တော်သံကို မကြားနိုင်ခြင်းသည်လည်း အံ့ဖွယ်တစ်ပါးပင် ဖြစ်ပါသည်။ စေတီတော်ကို အနီးကပ် ဖူးမြော်လျှင် လည်းကောင်း၊ အဝေးမှ ဖူးမြော်လျှင် လည်းကောင်း ဘဏ်တော်လွန်စွာ မြင့်မားသည်ဟု မှတ်ထင်ကြရသည်။ တစ်နည်းဆိုရသော် မူလဘဏ်တော်ထက် ပို၍ မြင့်မားသည်ဟု ထင်မှတ်ဖူးမြင်ရခြင်းသည်လည်း အံ့ဖွယ်တစ်ပါးပင် ဖြစ်သည်။

မိုးမည်မျှပင် သည်းထန်စေကာမူ မောရာဓ်တံတိုင်းအတွင်း၌ ရေကြီးရေလျှံမဖြစ်ဘဲ မိုးတိတ်သည်နှင့် ရေကျန်မရှိခြောက်သွေ့သွားခြင်းသည်လည်း အံ့ဖွယ်တစ်ပါးပင် ဖြစ်သည်။ ရွှေစည်းခုံဘုရားကြီးရှိ ခရေပင်သည် တစ်နှစ်ပတ်လုံး၊ (၁၂) ရာသီပတ်လုံး ပွင့်ခြင်းသည်လည်း အံ့ဖွယ်တစ်ပါးပင် ဖြစ်သည်။

❁

ရွှေစည်းခုံဘုရားကြီးအား စာရေးသူ ဖူးမြော်စဉ် တွေ့ခဲ့၊ မြင်ခဲ့၊ ဖူးခဲ့ရသော ထူးခြားသည့် ဖူးမြော်စရာ၊ လေ့လာစရာ၊ သိသင့်သိထိုက်စရာများကို ဆက်၍ အကျဉ်းချုပ်၍ တင်ပြရပေမည်။

စာရေးသူသည် ရွှေစည်းခုံဘုရားကြီးအား လက်ယာရစ် ရစ်ပတ်၍ ဖူးမြော်ရန် ရည်ရွယ်သော်လည်း ဓာတ်ပုံမှတ်တမ်းရိုက်ယူရန် အလင်းရောင်အဆင်ပြေမည့် လက်ဝဲရစ်လမ်းကို ရွေးလိုက်ရသည်။ အရှေ့ဘက်၌ရှိသော ရေအိုင်ခွက်ငယ်မှ စေတီတော်မြတ်အား ဖူးမြော်ရပုံကို ဓာတ်ပုံမှတ်တမ်း ဦးစွာ ရိုက်ကူးခဲ့ပါသည်။ လှံထောက်ရာနေရာကို ကြည့်ရှုမှတ်တမ်းယူပြီး ဆွမ်းမဦးသပိတ်ကြီးထားရာ ပြာသာဒ်ဆောင်သို့ ရောက်ခဲ့သည်။ သပိတ်လေးလုံးရှိသည်။ ရှေ့ဆုံးမှ သပိတ်ကြီးမှာ ကျန်သုံးလုံးထက်ကြီးသည်။ သပိတ်လေးလုံးစလုံးမှာ ရွှေရောင်ဝင်းဝါလျက် ရှိသည်။ ရှေ့ဆုံးမှ အရွယ်ကြီးသောသပိတ်သည် ဆွမ်းမဦးသပိတ် ဖြစ်သည်။ ထိုသပိတ်ကြီးမှာ ကျန်စစ်သားမင်းကြီး လှူဒါန်းပြုလုပ်ထားသော သပိတ်တော်ကြီးဖြစ်ကြောင်း သိရှိရသည်။

သပိတ်တော်များထားရှိရာ ပြာသာဒ်မှ ရွှေဆက်ခဲ့သော် ရွှေစည်းခုံဘုရားကြီးအား ဓာတ်ပုံရိုက်မှတ်တမ်းပြုရန် လွန်စွာကောင်းလှသောနေရာ၌ နိုင်ငံခြားသား အများအပြား ဓာတ်ပုံရိုက်၊ ဗီဒီယိုရိုက်နေသည်ကို တွေ့ရသည်။ ထို့နေရာမှ ရွှေစည်းခုံဘုရားကြီးအား ဓာတ်ပုံမှတ်တမ်း ရိုက်ယူပုဇော်ခဲ့သည်။ ထို့မဆက်၍ သွားသောအခါ ဘုရားသမိုင်းကို ပြောပြမည့် ကလေးမလေးကို တွေ့ရတော့သည်။ စာရေးသူသည် ရွှေစည်းခုံဘုရားသို့ အကြိမ်ကြိမ်ရောက်ဖူးခဲ့သော်လည်း အရေးကြီး အရေးပါသောနေရာများကိုကား ဘုရားသို့ရောက်တိုင်း မရောက်ဖြစ်ခဲ့ပေ။ ထို့ကြောင့် ထိုကလေးမလေးကို လမ်းညွှန်အဖြစ်ခေါ်လိုက်ခြင်းဖြစ်သည်။ အစကတော့ စာရေးသူခေါ်ရန် စိတ်မကူးပိ၊ ကလေးမလေးက-

"သမီး ဒီနေ့ ပိုက်ဆံတစ်ပြားမှမရသေးလို့ပါ။ ပေးချင်သလောက်သာပေးပါ။ အင်္ဂလိပ်လို့ရှင်းပြဆိုလည်း ရှင်းပြပါ့မယ်။ မြန်မာလို့ရှင်းပြဆိုလည်း ရှင်းပြပါ့မယ်"

အသက် (၁၃) နှစ်ခန့်သာရှိသေးသော ကလေးမလေးအပေါ် သနားသွားရံသာမက လေးလည်းလေးစားသွား၍ ဘုရားဖူးလမ်းညွှန်အဖြစ် ငှားရမ်းလိုက်ပါသည်။ ကလေးမလေးမှာ သွက်သွက်လက်လက်နှင့် စာရေးသူရောက်လို၊ သွားလိုသော နေရာအနှံ့သို့ ပို့ပေးသည်။ ကလေးမလေး စတင် ပို့သောနေရာကား 'ရွှေညိုသင်္ဘောနန်း' ဖြစ်သည်။

ထိုနတ်နန်းတွင် နတ်ရုပ်နှစ်ရုပ်ကို တွေ့ရသည်။ နတ်ရုပ်တုငယ်က အထက်

လုံထောက်ရာနေရာ

ရွှေစည်းခုံဘုရားခေါင်းလောင်း

www.burmeseclassic.com

www.burmeseclassic.com

ရာထူးဌာန တိုးစေသည့် ရွှေညီသင်နှင့် ရွှေစကားနတ်ရုပ်
(အဖထက် သားတစ်ထကြီးနတ်)

အရောင်းအဝယ်ကောင်း။ စီးပွားတက်စေသည့် ပွဲမင်းကြီးနတ် ခေါ် ပွဲစားကြီးနတ်

ဥ ထိုင်လျက် နတ်ရုပ်တုကြီးက အောက် ဥ ထိုင်လျက်အနေအထား တွေ့ရသည်။ အုတ်ခဲ၌ ရေးထိုးထားသော စာတန်းမှာ-

အဖရွှေညိုသင်၊ သားတော်ရွှေစကား နတ်နန်း

ဟူ၍ တွေ့ရသည်။ ထိုနတ်ရုပ်နှစ်ပါးကို မာတ်ပုံမှတ်တမ်းရိုက်ယူနေစဉ် လမ်းညွှန်ကလေးမလေးက နှုတ်မှ တရွွရွှင်းပြနေသည်။ ထိုနတ်သားအဖအကြောင်းကို စာရေးသူ ရှေးယခင်ကပင် သိထားပြီးဖြစ်၍ ကလေးမလေး ရှင်းပြနေသည်တို့မှာ အမှန်တရားများ ဖြစ်ကြောင်း သိရလေသည်။ ထိုနတ်ရုပ်ရှေ့၌ပင် ကလေးမလေးက အဖေထက် သားတစ်လကြီးနတ်ဟုလည်း ပြောလေရာ စာရေးသူ နတ်နှစ်ပါး၏အဖြစ်ကို ပြန်စဉ်းစားမိသည်။

ဤနတ်နှစ်ပါးသည် အထက်အညာဒေသမှ နတ်များမဟုတ်။ အောက်ပြည်အောက်ရွာမှ နတ်များ ဖြစ်သည်။ ကျန်စစ်မင်းကြီးသည် ခမည်းတော်အနော်ရထာမင်းကြီး တည်ထားပြီး မပြီးမပြတ်ရှိသော ရွှေစည်းခုံဘုရားကြီးကို ဆက်လက်ပြီးစီးအောင် တည်ထားခဲ့၏။ စေတီတော်ကြီးအား စောင့်ရှောက်ရန် အောက်ပြည်အောက်ရွာရှိ ပင်လယ်ဒေသပါမကျန် တန်ခိုးရှိသောနတ်များကို မင်းမိန့်နှင့် ဆင့်ခေါ်လေသည်။ ထိုသို့ ဆင့်ခေါ်ရာ၌ အဖေ ရွှေညိုသင်နတ်နှင့် သားတော် ရွှေစကားနတ်လည်း ပါဝင်ခဲ့သည်။ မင်းမိန့်အရ ခေါ်ဆိုရာ သားတော်ရွှေစကားနတ်က ပုဂံသို့ အဖရွှေညိုသင်နတ်ထက် တစ်လစောလာရောက်လေသည်။ အရင်ရောက်လာသော သားတော်ရွှေစကားနတ်က ရာထူးကြီးရပြီး တစ်လနောက်ကျမှရောက်သော အဖရွှေညိုသင်နတ်က ရာထူးငယ်ရသည်။ ထို့ကြောင့် နတ်နန်းအတွင်း နေရာပေးရာတွင် ရာထူးမြင့်သော သားရွှေစကားနတ်က အထက်၊ ရာထူးငယ်သူ အဖေရွှေညိုသင်နတ်က အောက်၌စံနေရခြင်း ဖြစ်သည်။ ပုဂံသို့ တစ်လနောက်ကျမှ ရောက်ခြင်းကို အစွဲပြု၍လည်း 'အဖေထက် သားတစ်လကြီးနတ်' ဟု ခေါ်တွင်ခဲ့သည်။ အထူးသဖြင့် ဤနတ်နန်း၌ အစိုးရဝန်ထမ်း၊ ပဂ္ဂလိက ကုမ္ပဏီလုပ်ငန်း ဝန်ထမ်းတချို့သည် ရွှေချခြင်း၊ ပန်း၊ အမွှေးတိုင်၊ ဆီမီးပူဇော်၍ ရာထူးတိုးတက်ရေးအတွက် ဆုတောင်းခဲ့ကြပါသည်။ တောင်းဆုပြည့်သူများလည်းရှိကြောင်း ကြားဖူးသည်။

ထို အဖထက် သားတစ်လကြီး နတ်နန်း၏အနောက်ကပ်လျက် တန်ဆောင်အတွင်း၌ အများအခေါ် ပွဲစားကြီးနတ် သို့မဟုတ် ပွဲမင်းကြီးနတ်နန်း ရှိသည်။ ပွဲမင်းကြီးနတ်ဖြစ်လာမည့် ဦးနေဒွန်းသည် ရွှေစည်းခုံဘုရားကြီးအား အလွန် ကြည်ညိုသူတစ်ယောက် ဖြစ်သည်။ ရွှေစည်းခုံဘုရားကြီးအား လှူဒါန်းပူဇော်ခဲ့သူ ဖြစ်သည်။ ဦးနေဒွန်းသည် ရွှေစည်းခုံဘုရားအား စွဲလမ်းစိတ်ဖြင့် ကွယ်လွန်ခဲ့ရာ ရွှေစည်းခုံဘုရား၌ အစွဲအလမ်းကြီး၍ နတ်ဖြစ်လာရသည်။ ဦးနေဒွန်းသည် လူဘဝ၌ ကုန်သည်ပွဲစားဘဝအဖြစ် ရပ်တည်လာသူဖြစ်၍ နတ်ဘဝရောက်သောအခါ 'ပွဲစားကြီးနတ် သို့မဟုတ် ပွဲမင်းကြီးနတ်' ဟု အမည်တွင်ခဲ့သည်။ ပွဲစားကြီးနတ်ရုပ်တုသည် ရွှေများ ပိန်းအောင် ချထား၍ လုံခြုံမှုရှိအောင် သံစကာအထပ်ထပ် ကာရံထားရာ မာတ်ပုံမှတ်တမ်းရိုက်ယူရန် အတော်ပင် ကြိုးပမ်းရသည်။ ကင်မရာမှန်ဘီလူးကို သံစကာပေါက်မှသွင်း၍ သုံး၊ လေးပုံ ရိုက်ယူမှ စိတ်တိုင်းမကျသော်လည်း လက်ခံနိုင်လောက်သည့်ပုံကို ရခဲ့သည်။ မာတ်ပုံရိုက်ပြီးနောက် တစ်နေရာသို့သွားရန် ဟန်ပြင်လေသောအခါ-

"အဘပွဲမင်းကြီးနတ်ကို လှူဖို့နဲ့ အဘဆောင်ထားဖို့ ပိုက်ဆံနှစ်ရွက်ပေးပါ။ တစ်ရွက်က နတ်မင်းကြီးကို လှူဖို့နဲ့ တစ်ရွက်က အဘဆောင်ထားဖို့"

"ဘယ်လောက်တန်ပေးရမလဲ"

"တစ်ရာတန်ဖြစ်ဖြစ်၊ နှစ်ရာတန်ဖြစ်ဖြစ် အဘက လှူချင်သလောက် အရွက်တူနှစ်ရွက်ပေးပါ"

စာရေးသူလည်း နှစ်ရာတန်နှစ်ရွက် ထုတ်ပေးလိုက်သည်။ ကလေးမလေးသည် တစ်ရွက်ကို ကတော့ပုံပြုပြီး ကျန်တစ်ရွက်ကို ခေါက်လိုက်ကာ ကတော့အတွင်းထည့်၍ နတ်မင်းကြီး၏ သံစကာ၌ ထိုးလိုက်သည်။ စာရေးသူတို့လည်း ဆုတောင်းခိုင်းသည်။ ကန်တော့ဆုတောင်းပြီးနောက် ကန်တော့ထိုးထားသော ပိုက်ဆံအတွင်းမှခေါက်ထားသော ပိုက်ဆံနှစ်ရာတန်ကို စာရေးသူအားပေး၍-

"အဘ ဆောင်ထားပါ။ စျေးရောင်းကောင်းမယ်၊ လာဘ်ရွှယ်မယ်။ အဘရှိတဲ့ဌေတွေ တိုးပွားပြီး စီးပွားတက်မယ်"

ဟု ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကလေးမလေးသည် နတ်နန်းအနောက်ဘက်ရှိ ရွှေဟောင်းစေတီတော်နှင့် အုတ်တိုက်တန်ဆောင်းသို့ ခေါ်သွားသည်။ ထိုအုတ်တန်ဆောင်းအတွင်းရှိ ရွှေဟောင်းဆင်းတုတော်တစ်ဆူအား ဖူးမြော်ရသည်။ ဆုတောင်းပြည့် ရုပ်ပွားတော်တစ်ဆူပင် ဖြစ်သည်။

ပုဂံသို့ ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားရေးအတွက် အနော်ရထာမင်းကြီးအား စည်းရုံးဆောင်ရွက်ခဲ့သည့် ရှင်အရဟံမထေရ်သည် ပုဂံသာသနာပြန့်ပွားရေး၌ အထူးအရေးပါခဲ့သောရဟန္တာ မထေရ်မြတ်တစ်ပါး ဖြစ်ပေသည်။ ရှင်အရဟံလမ်းညွှန်မှုဖြင့် သုဝဏ္ဏဘူမိသထုံမှ ပိဋကတ်တော်များကို ပင့်ဆောင်နိုင်ခဲ့သည်။ ပုဂံ၌ ထွန်းကားနေသော အရည်းကြီးတို့၏သာသနာကို အနော်ရထာမင်းကြီး၏ အာဏာစက်နှင့် မှုးမိုက်နှယ်ပျောက်စေခဲ့သည်။

ပုဂံနေပြည်တော်အနှံ့၌ ဗုဒ္ဓသာသနာတော်သည် ရှင်အရဟံ၏ လမ်းညွှန်မိန့်ကြားမှု၊ မင်းကောင်းမင်းမြတ် အနော်ရထာမင်းကြီး၏ ကြိုးပမ်းမှုကြောင့် တစ်နေ့တခြား တိုးတက်ပြန့်ပွားလာသည်နှင့်အညီ ပုဂံ၌ ဓာတုစေတီတော်များ၊ ဥဒ္ဒိဿစေတီတော်များ၊ ဓမ္မစေတီတော်များ ထွန်းကားလာခဲ့ပြီး နောင်အခါ လက်ညှိုးထိုးမလွဲအောင် စေတီ၊ ပုထိုး သာသနိကအဆောက်အအုံများ ပေါ်ထွန်းလာခြင်း ဖြစ်သည်။

ရွှေစည်းခုံစေတီတော်မြတ်ကြီးကို မင်းကောင်းမင်းမြတ် အနော်ရထာမင်းကြီးသည် ၁၀၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၄) ရက်နေ့တွင် စတင် တည်ထားခဲ့သော်လည်း စေတီတော်မပြီးဆုံးမီ ကွဲရှိုင်းခတ်၍ နတ်ရွာစံခဲ့ကြောင်းကို စာရှုသူတို့ မြန်မာ့သမိုင်း၌ တွေ့မြင်ရပြီ ဖြစ်သည်။ ရွှေစည်းခုံစေတီတော်မြတ်သည် အနော်ရထာမင်း တရုတ်ပြည်သို့ စွယ်တော် ပင့်ဆောင်ရန် သွားရောက်ရာမှ စွယ်တော် မပင့်ဆောင်နိုင်ဘဲ သိကြားမင်း၏ လမ်းညွှန်မှုကြောင့် သရေခေတ္တရာမှ မြတ်စွာဘုရား၏ သင်းကျစ်တော်ကို ပင့်ဆောင်ပြီး ရွှေစည်းခုံစေတီတော်၌ ဌာပနာထားသလို သီဟိုဠ် (သီရိလင်္ကာ) မှ ပင့်ဆောင်လာသော မြတ်စွာဘုရား စွယ်တော်ပွား ဓာတ်တော်၊ မွေတော်များကို ဌာပနာထား၍ တည်ထားသောစေတီတော်ကြီး ဖြစ်သည်။ အနော်ရထာမင်းကြီးသည် အတွင်းစေတီတော်သာ တည်နိုင်ခဲ့သည်။ အနော်ရထာမင်း နတ်ရွာစံခဲ့၍ တည်ဆောက်ဆဲ တစ်ပိုင်းတစ်စနှင့် ရပ်နားထားခဲ့ရသည်။ အနော်ရထာမင်းကြီး နတ်ရွာစံပြီးနောက် ဆက်ခံသောမင်းမှာ သားတော် စောလူးမင်း ဖြစ်၏။ အနော်ရထာမင်းသည် ၁၀၇၇ ခုနှစ်၌ နတ်ရွာလားခဲ့ရာ စောလူးမင်းသည် ၁၀၈၄ ခုနှစ်အထိ နန်းသက် (၇) နှစ် စိုးစံခဲ့သော်လည်း ခမည်းတော် အနော်ရထာမင်း၏ကောင်းမှုတော် ရွှေစည်းခုံဘုရားကို ဆက်၍မတည်ဆောက်ခဲ့ပေ။

စောလူးမင်း ငရမန်ကန်း လက်ချက်နှင့် နတ်ရွာစံပြီးနောက် ၁၀၈၄ ခုဋ္ဌ် ကျန်စစ်မင်း ထီးနန်းဆက်ခံသည်။ ကျန်စစ်မင်း ထီးနန်းရရှိပြီးနောက် ရွှေစည်းခုံဘုရားကြီးအား ထီးနန်းရလျှင်ရချင်း ဆက်၍မတည်ဆောက်နိုင်ခဲ့သော်လည်း အောက်တိုဘာ (၁၈)ရက်၊ ၁၀၈၉ ခုနှစ်၌ ရွှေစည်းခုံစေတီတော်ကြီးအား အနော်ရထာမင်းတည်ထားခဲ့သော စေတီငယ်ကိုငုံ၍ ကျောက်၊ အုတ်တို့ဖြင့် ထပ်မံတည်ထားတော်မူသည်။ ထိုသို့ တည်ဆောက်ရန် တိုက်တွန်းခဲ့သူသည် ရှင်အရဟံပင် ဖြစ်သည်။

ကျန်စစ်မင်းကြီးသည် ဧပြီလ (၁၅) ရက်၊ ၁၀၉၀ ပြည့်နှစ်၌ ဖိနပ်တော်အရပ်တော်အတောင် (၈၀) မျှစီရှိသော ရွှေစည်းခုံစေတီတော်ကြီးကို အပြီးတည်ထားနိုင်ခဲ့သည်။ ဤနည်းဖြင့် ရွှေစည်းခုံစေတီတော်မြတ်ကြီး တည်ထားနိုင်ရေးအတွက် အရှင်အရဟံမထေရ်မြတ်၏ တိုက်တွန်း နှိုးဆော်မှုသည် အရေးပါ၍ ရွှေစည်းခုံဘုရားကြီး၌ အုတ်ကျောင်း တည်ဆောက်ပြီး အုတ်ကျောင်းအတွင်း၌ ရှင်အရဟံမထေရ်မြတ်ရုပ်ပွားတော်ကို သီတင်းသုံးရာ ကျောင်းဆောင်နှင့်အတူ တည်ထား ကိုးကွယ်ခဲ့သည်။ အာနန္ဒာဘုရားလည်း ကျန်စစ်မင်းကြီး၏ရုပ်တုနှင့်အတူ ရှင်အရဟံရုပ်ပွားတော်ကိုထား ရှိကြောင်း တွေ့ရသည်။

ရွှေစည်းခုံစေတီတော်ရင်ပြင်တော်မှ အရှေ့မြောက်ထောင့်ဘက်သို့ လှမ်းမျှော်ကြည့်ခဲ့သော် ရှေးဟောင်းအုတ်တို့ဖြင့် ရှေးဟောင်းလက်ရာအတိုင်း တည်ရှိနေသည့် အဆောက်အအုံတစ်ခုကို တွေ့ရသည်။ ကလေးမလေးက ထိုအဆောက်အအုံကို လက်ညှိုးညွှန်၍ 'အဘအဲဒါ ပန္နက်သဂု ဖြစ်တယ်' ဟု ညွှန်ပြလေသည်။ စာရေးသူ ယခင်က အကြိမ်ကြိမ်ရောက်ခဲ့သော်လည်း အမှတ်မထားမိခဲ့။ ကလေးမလေး ညွှန်ပြ၍သာ သိရတော့သည်။ ထိုပန္နက်သဲဂူသည် ကျန်စစ်မင်းကြီး တည်ထားကြောင်း သိရသည်။

"အဘ၊ အဲဒီပန္နက်သဲဂူမျိုးကို ရှေ့မှာလည်း တွေ့ရမယ်"

ကလေးမလေးကို အထူးကျေးဇူးတင်မိသည်။ ဆက်၍ လမ်းညွှန်ကလေးမလေးက-

"အဘ၊ ဘုရားကြီးအနောက်ဘက်မှာ တန်ကြည်စေတီတော်စောင့်တဲ့ ကျောက်နဂါးကြီးရဲ့အမြီးပေါ် လာတယ်၊ လိုက်ကြည့်ပါ"

စာရေးသူ ယခင်က မတွေ့မြင်ဘူးခဲ့၊ မကြားမိခဲ့ဘူး၍ ကလေးမလေး ခေါ်ရာနောက်သို့ အပြေးလိုက်သွားရသည်။ စေတီတော်ကြီး၏တံတိုင်းအပြင်ဘက်သို့ ခေါ်သွားပြီး အဆောက်အအုံငယ်အတွင်းသို့ ဝင်ရောက်မိသည်။ နဂါးအမြီးပုံ ရွှေဝါရောင်သုတ်ထားသော တန်ကြည်တောင်စေတီတော်စောင့် ကျောက်နဂါးကြီး၏ အမြီးကို တွေ့ရသည်။ ဤပုဂံနယ်မြေသည် ရှေးအစဉ်အဆက်အရအုံဖွယ်ရာ အမြောက်အမြားရှိရာနယ်မြေ၊ ဂန္ဓိရနယ်မြေဖြစ်၍ ကျောက်နဂါးကြီးအမြီးအား အံ့သြစွာ ကြည့်ရှု မှတ်တမ်းတင်ခဲ့သည်။

ကလေးမလေးသည် ရွှေစည်းခုံစေတီတော်ရင်ပြင်ရှိ လျှောင်းတော်မူရုပ်ပွားတော်၊ ပန်းပုရုပ်တုများဖြင့် ဘုရားအလောင်းတောထွက်ပုံကို ဖော်ဆောင်ထားသော တန်ဆောင်း၊ ကြေးခေါင်းလောင်းတို့ကို လိုက်လံ ပို့ဆောင်ပေးခဲ့သည်။ (၁၂) ရာသီပွင့်သော၊ အံ့ဖွယ်တစ်ပါး ပါဝင်သော ခရေပင်ကိုလည်း တွေ့ရသည်။

တိုက်အုတ်တန်ဆောင်းအတွင်းရှိ ဆုတောင်းပြည့်စေတီတော်သည် ဆုတောင်းပြည့်ဘုရားတစ်ဆူ ဖြစ်သည်။ ထိုစေတီတော်အတွင်း၌ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တစ်ဆူကိုလည်း တည်ထားလေသည်။ ထိုရုပ်ပွားတော်များလည်း ဆုတောင်းအလွန်ပြည့်ကြောင်း ရှေးယခင်ရောက်ခဲ့စဉ်ကပင် သိခဲ့သည်။ စာရေးသူသည် ဆုတောင်းပြည့်စေတီတော်နှင့် ရုပ်ပွားတော်မြတ်ကို ဦးချကန်တော့ခဲ့လေသည်။ ထိုစေတီတော်မှ အပြန်၌ကား ကလေးမလေး လိုက်မလာနိုင်တော့ပေ။ ဂေါပကနှုန်းရှိ၍ ထိုဘက်သို့ လိုက်၍မဖြစ်ကြောင်းပြော၍ စာရေးသူလည်း ကလေးမလေးအား လမ်းညွှန်ပြသမှုအတွက် ပုန်

www.burmeseclassic.com

www.burmeseclassic.com

ပိုးငါးရာပေးခဲ့သည်။

စာရေးသူ ဘုရားတစ်ပတ်လှည့်လည် ဓာတ်ပုံရိုက် ပူဇော်ပြီး အဝင်မုခ်ဝ သို့ ပြန်ရောက်သောအခါ မိနစ်သုံးဆယ်ကျော်နေပေပြီ။ စာရေးသူတို့ စာရေးဆရာအတော်များများသည် ရင်ပြင်တော်၌ ဆက်လက်ရှိနေသည်ကို တွေ့ရ၍ စာရေးသူသည် စေတီတော်ကြီးအား ထပ်မံဓာတ်ပုံမှတ်တမ်း ရိုက်ယူပြန်လေသည်။ ထိုအခါမှ အဂၢါထောင့်၌ရှိသော ခြင်္သေ့ရုပ်ကြီးကို တွေ့ရသည်။ ပထမတစ်ကြိမ်က အလောသုံးဆယ် ဓာတ်ပုံမှတ်တမ်းယူခဲ့၍ ထိုအဂၢါထောင့်မှ ခြင်္သေ့ရုပ်ကြီးကို ကျော်သွားခြင်း ဖြစ်သည်။ ထိုခြင်္သေ့ရုပ်ကြီးသည် အရှေ့တောင်ထောင့် (အဂၢါ) ထောင့်၌ ရှိသည်။

အနော်ရထာမင်းကြီးသည် ရွှေစည်းခုံစေတီတော်ကို တည်တော်မူရာအတွင်းစေတီငယ်သာ ပြီးခဲ့သည်။ ရွှေစည်းခုံစေတီတော်တည်လက်စတွင်ပင် နတ်ရွာစံခဲ့သည်။ ထိုသို့ အနော်ရထာမင်းတည်ဆဲ ရွှေစည်းခုံစေတီတော်ကြီးအား ကျန်စစ်မင်းက အထက်၌ ဆိုခဲ့သည့်အတိုင်း တူးရွင်းတောင်မှ အုတ်၊ ကျောက်တို့ကို လက်ဆင့်ကမ်း သယ်ဆောင်၍ ဆက်လက်တည်ထားခဲ့သည်။ တူးရွင်းတောင်နှင့် ရွှေစည်းခုံဘုရားတည်ရှိရာအရပ်မှာ အလွန် အလှမ်းဝေးလှသည်။ နေပူဒဏ်ကို အုတ်သယ်သူတို့ ပြင်းစွာခံစားကြရသည်။ ပြည်သူတို့ နေပူရှိန်ပြင်းပြင်းအောက်၌ ပင်ပန်းဆင်းရဲစွာ အုတ်သယ်ယူသည်ကို မြင်ရသောအခါ ကရုဏာသက်၍ မင်းကြီးသည် မန်ကျည်းစေ့များကိုယူ၍ စေတီတည်ရာအရပ်မှ တူးရွင်းတောင်အထိ ကြဖြန့်၍ အဓိဋ္ဌာန်ပြု ဆုတောင်းလေသောအခါ နတ်သိကြားတို့က ကူညီဖန်ဆင်းပေး၍ မန်ကျည်းပင်များ နေ့ချင်းပေါက်ခဲ့သည်။ ထိုသို့ပေါက်လာသော မန်ကျည်းပင်တန်းအရိပ်အောက်မှ ပြည်သူတို့သည် တူးရွင်းတောင်မှ ကျောက်အုတ်တို့ကို သက်သက်သာသာ လက်ဆင့်ကမ်း သယ်ယူနိုင်ခဲ့သည်။ ထို ကျန်စစ်သားအဓိဋ္ဌာန်၍ စိုက်ပျိုးခဲ့သော တူးရွင်းတောင်မှ စေတီတော်အထိ မန်ကျည်းပင်တန်းကြီးသည် ရွှေစည်းခုံစေတီတော်တည်ထားပြီးမြောက်သောအခါ အလိုလိုကွယ်ပျောက်လေသည်။

တူးရွင်းတောင်မှ ကျောက်ချပ်များကို သယ်ယူရာတွင် သိကြားမင်း၏အကူအညီဖြင့် ရွှယ်တူ ကျောက်ချပ်များဖြစ်ရန် ပိုင်းဖြတ်ပြီးမှ သယ်ယူခြင်း ဖြစ်ပါသည်။ ကျောက်ချပ်များ၏အရွယ်အစားမှာ အလျားသုံးထွာ၊ အနံတစ်ထွာ ရှိကြောင်း သိရသည်။ ထိုကျောက်ချပ်များကို စေတီတည်ရာ၌ အင်္ဂတေအဖြစ် (သရွတ်အဖြစ်) ရှေးနည်းအတိုင်းစပ်၍ သုံးခဲ့သော်လည်း အုတ်ချပ်တို့၏အကြားလွတ်ဟနေသောနေရာတို့၌ ကျောက်မှုန့်နှံနှီ၊ သစ်တို့ ရောစပ်ထားသည့် သရွတ်ဖြင့် သိကြားမင်းကိုယ်တိုင် ကျောက်ပြားကြားလွတ်ရာနေရာတို့၌ သရွတ်ကိုင်ပေးခဲ့သည်။ သရွတ်တို့ကို အသူရာနတ်တို့က စန္ဒကူးသရက္ခန်သားမှရသော မီးသွေး၊ ဘီလူးတို့က နှားနှီ၊ ဘုမ္မစိုးနတ်တို့က ပုလဲကျောက်တို့ ယူဆောင်ပေးပြီး နဂါးတို့က သရွတ်နယ်ပေးကြသည်ဟု အဆိုရှိသည်။ ထိုရရှိလာသော သရွတ်ဖြင့် သိကြားမင်းကိုယ်တိုင် သရွတ်ကိုင်ပေးခြင်း ဖြစ်သည်။

အဂၢါထောင့်တွင် တွေ့ရသော သိကြားမင်းတည်ထားသည့် ခြင်္သေ့မှာ လက်ရှစ်သစ်ထူသော အင်္ဂတေဖြင့်မံကာ ပြုလုပ်ခြင်း ဖြစ်သည်။ သိကြားကောင်းမှူ ခြင်္သေ့၌ တချို့သောသူများ အဓိဋ္ဌာန်ဝင် ဆုတောင်းကြသည်ကိုလည်း တွေ့ရသည်။

အဂၢါထောင့် သိကြားကောင်းမှူ ခြင်္သေ့ရုပ်အား လေ့လာရင်း ရွှေစည်းခုံမုခ်ဝအဝင်၌ တည်ထားသော ကြီးမားသည့် ခြင်္သေ့ရုပ်တုကြီး နှစ်ရုပ်ကိုလည်း သတိထားမိသည်။ ထိုခြင်္သေ့ရုပ်ကြီးတို့သည် ထုထည်ကို အခြေခံ၍ တည်ထားသောကြောင့် ကြီးမားမြင့်မားပြီး ခုံညားလှသည်။ မာန်အပြည့်နှင့် မြင်ရသူအပေါင်း၏စိတ်၌ ရွှေစည်းခုံဘုရားကြီးအား ပိုမိုသဒ္ဓါတရားထက်သန်မှုကို ဖြစ်စေခဲ့သည်။

အဝင်ဝမုခ်ဝ၌ တည်ထားသော ခြင်္သေ့ရုပ်ကြီးကိုကြည့်၍ ပုဂံပြည်ပျက်ရသော ပါးစပ်ရာဇဝင်သတင်းစကားကို သွား၍ သတိရမိ၏။ ပုဂံခေတ် နောက်ဆုံးမင်းများသည် အရည်အချင်း ကျဆင်းလာသောကြောင့် လက်အောက်ခံနယ်စားပယ်စားတို့၏ ခြိမ်းခြောက်မှုကို ခံနေရချိန်၊ နန်းတွင်း၌လည်း သားအဖ၊ ညီနောင်အချင်းချင်း တန်ဒိုးအာဏာပြိုင်နေချိန်၊ တိုင်းပြည်မငြိမ်မသက်၍ ပြည်ပတရုတ်တရက်ရန်ကလည်း ရှိနေချိန်၊ ပြည်တွင်းစီးပွားရေးပျက်ပြားနေချိန်တွင် ပုဂံသူပုဂံသားတို့အတွင်း၌ ပုဂံပြည်ကြီးပျက်မည့် ကောလာဟလသည် ပျံ့နှံ့လျက် ရှိသည်။

ထိုကောလာဟလများအနက် ရွှေစည်းခုံဘုရားက ခြင်္သေ့ကြီးမျက်လုံးနီပါက ပုဂံပျက်မည်ဟူသော ကောလာဟလမှာ အဆိုးဆုံး ဖြစ်သည်။ ထို့ကြောင့် ပုဂံသူပုဂံသားတို့သည် နံနက်လင်းချိန်တိုင်း ရွှေစည်းခုံဘုရားရှိ ခြင်္သေ့မျက်လုံးအား လာရောက်ကြည့်ကြရသည်မှာ အလုပ်တစ်ခုဖြစ်ခဲ့ရသည်။ ထိုသို့ လာရောက်ကြည့်ကြသူများထဲတွင် ဘိုးသူတော်တစ်ယောက်လည်းပါသည်။ ဘိုးသူတော်သည် နေ့စဉ်ရက်ဆက် ခြင်္သေ့မျက်လုံးကို အများပြည်သူများနှင့်အတူ လာရောက်ကြည့်သော်လည်း ခြင်္သေ့မျက်လုံးက မနီ၊ ပန်းရောင်ပင်မသန်း၊ နီလာမည့်လက္ခဏာ မမြင်သောအခါ ခြင်္သေ့မျက်လုံးနီသော် တကယ်ပင် ပုဂံပျက်မည်လောဟူသောအတွေးဖြင့် တစ်နေ့နံနက် လူများမနိုးမီ ရွှေစည်းခုံခြင်္သေ့မျက်လုံးသို့ လေ့ကားထောင်၍ တက်ကာ ဟသ်ပဒါးဖြင့် အနီရောင်ကို ခြင်္သေ့မျက်လုံးနှစ်ကွင်းအား ရဲရဲနီအောင်သုတ်လေသည်။

ဘိုးသူတော် လက်ဆော့၍ ဟသ်ပဒါးသုတ်ထားသော ခြင်္သေ့မျက်လုံးနီရဲရဲကို အရုဏ်ကျင်း၍ အလင်းရောက်သောအခါ အများပြည်သူတို့ တွေ့မြင်ရလေသောအခါ ထိတ်လန့်တကြားဖြစ်ပြီး-

'ခြင်္သေ့မျက်လုံး နီလေပြီ၊ ပုဂံလည်း ပျက်တော့မည်'

ဟု အော်ဟစ်ကာ ပုဂံကိုခွာ၍ လွတ်ရာသို့ ပြေးရာမှ ပုဂံပြည်၌ လူသူကင်းမဲ့၍ မြို့ပျက်ဖြစ်ရတော့သည်။

ယခု ဖော်ပြ ရေးသားချက်သည် ပုဂံပြည်ကြီးပျက်ရသောအကြောင်းတရားများအနက်မှ တစ်ချက်မျှသာ ဖြစ်သည်။ ပုဂံပျက်စေသည့် အဓိကအကြောင်းရင်းကို ခြင်္သေ့မျက်နှာ၌ဟု လည်းကောင်း၊ စကောတစ်ချပ် လေတိုက်၍ လွင့်ပါရာမှ စေကောမင်းတပ် ဝင်တိုက်ပြီ ဟူသော ကောလာဟလစကားကြောင့် လည်းကောင်းဟု ပုံပြင်ပမာဆိုကြသည်။ ဒါကြောင့်လည်း ပုဂံရာဇဝင်ကို ငြင်းခုံကြရာတွင် ကိုယ့်အမြင်ကိုယ့်အတွေးနှင့် ငြင်းကြရ၍ မကြာခဏ အငြင်းပွားခဲ့ကြရသည် မဟုတ်ပေလော။ ထို့ကြောင့် ရှေးပညာရှိတို့က ပုဂံရာဇဝင်ကို တုတ်ထင်း၍ ပြောကြသည်ဟု ဆိုစမှတ်ပြုခဲ့ကြခြင်းပင် ဖြစ်သည်။

စာရေးသူအနေနှင့် မြင်တွေ့နေရ

www.burmeseclassic.com

www.burmeseclassic.com

သော ကြီးမား၊ မြင့်မားလှသော ခြင်္သေ့ရုပ်ကြီးကို ကြည့်ရင်း စာရှုသူတို့ ဗဟုသုတရစေခြင်းငှာ ခြင်္သေ့မျက်နှာ၌ ပုဂံပျက်ရုပ်ကို အကျဉ်းမျှတင်ပြလိုက်ရခြင်းပင် ဖြစ်သည်။

✪

စာရေးသူတို့ စာရေးဆရာ၊ ဆရာမ နှစ်ဆယ်ကျော်သည် ရွှေစည်းခုံဘုရားဖူးပြီးနောက် တောသားလေးထမင်းဆိုင်၌ ထမင်းစားကြသည်။ 'ရွှေစည်းခုံဘုရားကြီး၌ မိနစ်သုံးဆယ် သတ်မှတ်သော်လည်း တစ်နာရီနီးပါး ကြာခဲ့သည်။ ကျန်ပုဂံဘုရားပေါင်းများစွာ ဖူးရန်ကျန်သေး၍ အများသဘောတူ ဘုရားတစ်ဆူဆယ့်ငါးမိနစ်နှုန်းဖြင့် ဖူးမြော်ပူဇော်ကြရန် ဆုံးဖြတ်လိုက်ကြသည်။

စာရေးသူ ထမင်းစားနေစဉ် ရွှေစည်းခုံစေတီတော်မြတ်ကြီး တည်ထားခဲ့ပုံနှင့် ပတ်သက်၍ အတွေးနယ်ချဲ့နေမိပေတော့သည်။

✪

ရွှေစည်းခုံဘုရားကြီး၏ ဒါယကာမှာ ပထမ မြန်မာနိုင်ငံတော်ကြီးအား စည်းရုံးတည်ထောင်နိုင်ခဲ့သော အနော်ရထာမင်းကြီး (အနုရုဒ္ဓမင်းကြီး) ပင် ဖြစ်သည်။ အနော်ရထာမင်းမြတ်သည် ရှင်အရဟံ၏ အကူအညီဖြင့် ပုဂံ၌ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားရေးအတွက် ဆောင်ရွက်ခဲ့သည်။ သထုံမှ ဗုဒ္ဓမြတ်စွာဘုရား၏ တရားဒေသနာတော်များ ဖြစ်သည့် ပိဋကတ်သုံးပုံကို ပင့်ဆောင်ရယူခဲ့၏။ ပုဂံ၌ အရည်းကြီးတို့၏ သာသနာကို ပိတ်ပင်တားဆီးခဲ့ပြီး ဗုဒ္ဓသာသနာ အစစ်အမှန် ထွန်းကားစေခဲ့သည်။

အနော်ရထာမင်းစော (မှန်နန်းရာဇဝင်အခေါ်) လည်း သာသနာတော်၌ လွန်စွာ သဒ္ဓါတော်မူသည်ဖြစ်၍ ဤသို့ ကြံတော်မူ၏။ ဂန္ဓာလရာဇတိုင်းဖြစ်သော တရုတ်ပြည်၌ စွယ်တော်မြတ်တစ်ဆူရှိသည်။ ထိုစွယ်တော်မြတ်ကို တရုတ်မင်း ဥတည်ဘွားအား တောင်း၍ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား ကိုးကွယ်ရာဖြစ်စေရသော် သာသနာတော်လည်း အတိုင်းထက်အလွန် ထွန်းပသတ္တံ့၊ သတ္တဝါအပေါင်းတို့သည်လည်း သာသနာတော်ငါးထောင်တိုင်တိုင် များစွာသောအကျိုးခံစားရ၏ဟူ၍ ကြံတော်မူပြီးလျှင် နိုင်ငံတော် အလုံးစုံရှိသော ဆင်၊ မြင်း၊ ဗိုလ်ပါတို့ကို ခုံးစုတော်မူ၍ တခုတ်ပြည်သို့ ခရီးတော်မူ၏ဟု တရုတ်ပြည်၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏စွယ်တော်ဓာတ်မြတ်အား ပင့်ဆောင်ရရှိစေရန် တရုတ်ပြည်သို့ အင်အားအလုံးအရင်းနှင့်ခရီးတော်မူပုံကို မှန်နန်းမဟာရာဇဝင်တော်ကြီး၌ ဖော်ပြခဲ့သည်။

အနော်ရထာမင်းကြီးသည် တရုတ်ပြည်သို့ရောက်ရှိပြီး အင်အားပြ၍ စွယ်တော်ရရှိရေးအတွက် တရုတ်မင်းဥတည်ဘွားကို တောင်းဆိုသော်လည်း မလိုက်လျောဘဲ မလေးမစားနေလေသည်။ ထို့အခါ အနော်ရထာမင်းကြီးသည် ရွှေဖျင်းညီနောင်ကိုခေါ်ပြီး ဥတည်ဘွားအိပ်ဆောင်နန်းတော်အတွင်းသို့ ဝင်စေ၏။ ဥတည်ဘွား စီစဉ်ထားသော ရေစက်အား ပန်တူနှင့်စုပ်ပြီးသော် ဥတည်ဘွားအနား ဝင်ရောက်ပြီး ကိုယ်ကို ထုံးသုံးတန့် သားခဲ့သည်။ နံရံ၌လည်း-

'ငါသို့သောမင်း ရောက်တော်မူသည်ကို မဖူးမမြင် မထွက်မနပ်နေသည်။ နေရာသည်လော၊ ယင်းကဲ့သို့နေလျှင် ဤထုံးသားရာကို ဖြတ်ပိုင်းပစ်မည်'

ဟူ၍ နံရံ၌ စာရေး၍ထားခဲ့၏။ နန်းကိုးသောက် အလင်းရောက်သော အခါ အနော်ရထာမင်းကြီးသည် ကျန်စစ်သားကို ခေါ်တော်မူ၍ ဥတည်ဘွားကိုးကွယ်ရာ ကြေးစန္ဒိနတ်ကို ကြိုးဖြင့် ချည်နှောင်၍ အရိန္ဒမာကြိမ်လုံးဖြင့် ရိုက်စေသည်။

စန္ဒိနတ်ရုပ်ကြီးသည် အရိန္ဒမာကြိမ်လုံးဒဏ်ကြောင့် နာကျင်လေသော အခါ-

'အရိမဒ္ဒနာမည်သော ပုဂါရာမပြည်ကို အစိုးရသော အလောင်းမင်းကြီးသည် စွယ်တော်မြတ်ကို ဖူးမြင်လို၍ လာရောက်တော်မူသည်ကို ဥတည်ဘွားစသော အမှူးအမတ် ပြည်သူအပေါင်းတို့သည် မဖူးမမြင် မထွက်မနပ်နေသဖြင့် ငါ့အား အပြစ်ပေးတော်မူ၍ နာကျင်လှသည်'

ဟု အော်ဟစ်လေသည်။

ကြေးစန္ဒိနတ်ရုပ် အော်ဟစ်သံကို ဥတည်မင်းကြားသောအခါ ရွှေဖျင်းညီနောင် ထုံးသုံးတန့်သားထားမှုကြောင့် နဂိုကပင် ကြောက်ရွံ့နေရာမှ ပိုမိုကြောက်ရွံ့လာလေသည်။ ထို့ကြောင့် ဥတည်ဘွားမင်းလည်း အနော်ရထာမင်းကြီးကို လက်ခံတွေ့ဆုံရလေသည်။ ဥတည်ဘွားမင်းသည် အနော်ရထာမင်းကြီးအား-

"အဆွေတော် အနော်ရထာမင်း စော လာရောက်ကြောင်းကို ငါမသိကြောင်း၊ စန္ဒိနတ်ဟစ်မှ ငါသိရသည်"

ဟု စကားဆိုသောအခါ အနော်ရထာမင်းစောလည်း-

"အဆွေတော်နိုင်ငံသို့ ငါလာရောက်ခြင်းသည် လောကီစည်းစိမ်အလိုရှိ၍ ငါလာသည်မဟုတ်။ လောကုတ္တရာချမ်းသာသို့ ရောက်မည့် စွယ်တော်မြတ်ကို ကိုးကွယ်လို၍ တောင်းမည်ဟု ရည်ရွယ်၍ ငါလာသည်"

ဟု မိန့်လေသည်။

ထို့အခါ ဥတည်ဘွားမင်းကလည်း-

"စွယ်တော်မြတ် ကိန်းဝပ်တော်မူလိုသော် ပင့်တော်မူလော"

ဟူ၍ ခွင့်ပြုလေသည်။

အနော်ရထာမင်းကြီးလည်း ဥတည်ဘွား ခွင့်ပြုလေသောအခါ များစွာသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော်ပြီး စွယ်တော်မြတ် ပင့်ဆောင်ရရှိနိုင်ရေးအတွက် တောင်းပန်လေသည်။ စွယ်တော်ဓာတ်မြတ်သည် ရောင်ခြည်တော်ခြောက်ပါးဖြင့် တင့်တယ်တန်ဆာဆင်၍ ကောင်းကင်သို့တက်၍ စက်ဘြ၍နေတော်မူ၏။

အနော်ရထာမင်းလည်း အကြိမ်ကြိမ်အခါခါ ရတနာပန်းတောင်းကို ဦးခေါင်းထက်ရွက်လျက် တောင်းပန်တော်မူလေ၏။ စွယ်တော်မြတ်သည် ကောင်းကင်မှ ဆင်းသက်တော်မမူဘဲနေလေ၏။

ထိုသို့သောအခြေအနေကို အနော်ရထာမင်းကြီး မြင်မိသောအခါ မကြည်မသာ နှလုံးတော် ကြေကွဲဘိအလား ခံစားရလေသည်။ အနော်ရထာမင်း၏ အဖြစ်ကို သိမြင်လေသော သိကြားမင်းသည် မြဖြင့်ပြီးသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို စွယ်တော်မြတ်နှင့်အတူ ကောင်းကင်၌ စက်ဘြ်လျှောက်စေပြီး ကောင်းကင်မှ ဆင်းသက်၍ အနော်ရထာမင်းကြီး ဦးခေါင်းထက်ရှိ ရတနာပန်းတောင်း၌ စံပယ်တော်မူစေသည်။ ထို့နောက် သိကြားမင်းသည် ကိုယ်ထင်ပြပြီးသော်-

"ဤစွယ်တော်မြတ်ကို မင်းကြီး အား ကိုးကွယ်စေဟူ၍ ဘုရားရှင် ဗျာဒိတ်တော် မရှိချေ။ ဂန္ဓာလရာဇတိုင်းတွင် သာသနာငါးထောင်တည်ရစ်စေဟု ဗျာဒိတ်တော်ရှိချေသည်။ မင်းကြီးကိုမူကား နဖူးသင်းကျစ်ဓာတ်တော်ကို ကိုးကွယ်ရလတ္တံ့ဟု ဗျာဒိတ်တော် ရှိသည်။ ထိုနဖူးသင်းကျစ်ဓာတ်တော်သည် သရေခေတ္တရာပြည်ကြီးကို အစိုးရသော ဒွတ္တပေါင်မင်းကြီး ကမ်းယံပြည်မှ ပင့်ဆောင်၍ သရေခေတ္တရာ၌ စေတီကြီးတည်ဆူ

www.burmeseclassic.com

တည်ထား၍ ကိုးကွယ်လေသည်။ ထိုနဖူးသင်းကျစ်ဓာတ်တော်ကို ဆောင်ယူ၍ ကိုးကွယ်လော”

ဟု မိန့်မှာလေသည်။

အနော်ရထာမင်းကြီးသည် သိကြားမင်းဆက်သော မြဆင်းတုရုပ်ပွားတော်ကို ပင့်ဆောင်၍သာ ပြန်ခဲ့ရသည်။

ပုဂံသို့ရောက်ပြီးနောက် သိကြားမင်းလမ်းညွှန်သည့်အတိုင်း သရေခေတ္တရာပြည်သို့ ချီတော်မူလေသည်။ ဒွတ္တပေါင်မင်းကြီး တည်ထားသော စေတီတော်ကို ဖျက်၍ မြတ်ဘုရားသင်းကျစ်တော်ဓာတ်ကို ရယူလေသည်။

ပုဂံသို့ ပြန်ရောက်ပြီးနောက် ရှင်အရဟံနှင့်တိုင်ပင်တော်မူပြီး သတ္တဝါအပေါင်းတို့၏ စီးပွားအလို့ငှာ သာသနာငါးထောင်တည်စေလို၍ စေတီတည်ထားရန် ဆုံးဖြတ်တော်မူသည်။ နဖူးသင်းကျစ်တော်အား ရတနာဆင်ဖြူအထက်၌တင်၍ ဆင်ဖြူတော်ဝပ်ရာအရပ်တွင် စေတီတည်ရန် အဓိဋ္ဌာန်ပြီး ဆင်ဖြူတော်အား လွှတ်တော်မူသည်။

ဆင်ဖြူတော်သည် ရွှေစည်းခုံဘုရားတည်ထားမည့် သဲစဲခုံ၌ ဝပ်လေသည်။ သဲစဲခုံ၌ ဆင်ဖြူတော် ဝပ်လေသည်ကို မင်းကြီးမြင်လေသော် စိတ်မသက်မသာဖြစ်လေသည်။

‘သာသနာ ငါးထောင်ပတ်လုံး တည်ရစ်စေ ဟူ၍ အကြံတော်ရှိသည်။ ယခု သယံဇာတမြေတွင်ကား ဆင်ဖြူတော်မဝပ်၊ ဧည့်မြေဖြစ်သော သဲစဲခုံ၌ ဆင်ဖြူတော်ဝပ်ဘိ၏’

ဟူ၍ စိတ်နှလုံးတော်မသာရှိလေသည်။

ထိုညွှန့် သိကြားမင်းသည်-

“မင်းကြီး၊ ဤဆင်ဖြူဝပ်သောအရပ်သည်ကား သာသနာငါးထောင်ပတ်လုံး တည်တံ့မည့်နေရာပင် ဖြစ်သည်။ မင်းကြီး မစိုးရိမ်လင့်”

ဟူ၍ အိပ်မက်မြင်မက်စေလေသည်။

မင်းကြီးလည်း ထိုသို့မြင်မက်ပြီးနောက် ထိုနေရာ၌ ဘုရားတည်ရန် စီရင်တော်မူလေသည်။ သိကြားမင်းသည် နှစ်သိန်းလေးသောင်းအထူရှိသော မြေကို ကျောက်အတိပြီးစေ၍ သံပြားဖြင့် အနားကွပ်ပေးလေသည်။

အနော်ရထာမင်းလည်း မြန်မာနှစ် ၄၂၁ တွင် ရွှေစည်းခုံဘုရားတည်တော်မူသည်။ ဌာပနာတိုက်၌ နဖူးသင်းကျစ်ဓာတ်တော်မြတ်ကို ဌာပနာလေသည်။ မြတ်စွာဘုရားရှင်၏ သင်းကျစ်တော်ဓာတ်သည် လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်၊ ရောင်ခြည်တော်ခြောက်ပါးတို့ဖြင့် အလွန်တင့်တယ်စွာ တန်ဆာဆင်တော်မူလျက် မနှိုင်းယှဉ်အပ်သော အသရေအပေါင်းကို ဆောင်တော်မူ၍ ပရိက္ခရာရှစ်ပါးလွယ်လျက် ကောင်းကင်သို့ တက်တော်မူပြီးလျှင် ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

ထိုသို့ ထူးထူးခြားခြား တန်ခိုးပြတော်မူသော ဘုရားရှင်၏ နဖူးသင်းကျစ်တော်အား ဌာပနာထား၍ ရွှေစည်းခုံဘုရားကို တည်ထားခဲ့ခြင်း ဖြစ်သည်။ အနော်ရထာမင်းကြီးသည် သိဟိုဠ် (သီရိလင်္ကာ) ကျွန်း (သိန်းယိုကျွန်း) သို့ စွယ်တော် ပင့်ဆောင်ရန် သူရဲကောင်းလေးဦးနှင့် သွားရန် စီစဉ်သည်ကို သိကြားမင်းသိတော်မူ၍ တားမြစ်ပြီး သံတမန် စေလွှတ်တော်ငါးရန် အကြံပြုလေသည်။ ထိုအကြံပြုချက်ကို မင်းကြီးလက်ခံ၍ သိန်းယိုကျွန်းသို့ သင်္ဘောနှင့် သံတမန် စေလွှတ်ခဲ့သည်။ သိန်းယိုမင်းစတုသေနမင်းကိုလည်း သိကြားမင်းက အိပ်မက်ပေးတော်မူခဲ့၍ စွယ်တော်ပွားတစ်ဆူကို အနော်ရထာမင်းကြီး၏ သံတမန်အား ပေးဆက်လေသည်။

ထိုသို့ သိန်းယိုကျွန်းမှ ရရှိသော မြတ်စွာဘုရားရှင်၏ စွယ်တော်ဓာတ်မြတ်ပွားကို နန်းတော်ဦး၌ ထားရှိ ကိုးကွယ်တော်မူခဲ့၏။ ထိုအခါ ရှင်အရဟံမထေရ်မြတ်ကြီးသည် စွယ်တော်ဓာတ်မြတ်ကို နန်းတော်၌ ကိုးကွယ်သည်ထက် သာသနာတော် ငါးထောင်တိုင်အောင် သတ္တဝါအပေါင်း ကိုးကွယ်နိုင်ရန် စေတီတည်ထားရန် မိန့်တော်မူခဲ့၏။ အနော်ရထာမင်းကြီးသည် စွယ်တော်ဓာတ်မြတ်ကို ရတနာဆင်ဖြူထက်၌တင်၍-

‘စွယ်တော်မြတ် ကိန်းဝပ် စံပယ်လိုတော်မူသောအရပ်၌ ဆင်ဖြူတော်ဝပ်စေ’

ဟူ၍ အဓိဋ္ဌာန်ပြု၍ စေလွှတ်ခဲ့သည်။

ဆင်ဖြူတော်သည် နဖူးသင်းကျစ်တော်ဓာတ်မြတ် ဌာပနာတည်ထားရာ ရွှေစည်းခုံဘုရားသို့ တက်၍ ဝပ်လေသည်။ အနော်ရထာမင်းစောလည်း စွယ်တော်ဓာတ်မြတ်ကို ရွှေစည်းခုံဘုရား၌ ပင် ဌာပနာလေသည်။ အနော်ရထာမင်းကြီး အဓိဋ္ဌာန်ပြု၍ နောက်ထပ်ရရှိလာသော စွယ်တော်ပွားများကို တန့်ကြည့်တောင်၌ တစ်ဆူ၊ တူးရွှင်းတောင်ထိပ်၌ တစ်ဆူ၊ ခရွေတောင်၌ တစ်ဆူ၊ လောကနန္ဒာအရပ်၌ တစ်ဆူ စွယ်တော်စေတီငါးဆူ တည်ထားတော်မူခဲ့သည်။

အထက်ပါ ဖော်ပြချက်တို့သည် ရွှေစည်းခုံဘုရားကြီးကို အနော်ရထာမင်းကြီး တည်ထားတော်မူရခြင်းအကြောင်းကို ကုန်းဘောင်ခေတ်ဦးပိုင်း ဘကြီးတော်ဘုရားလင်္ကာထက်၌ ရေးသားတော်မူခဲ့သော မှန်နန်းမဟာရာဇဝင်တော်ကြီးအရ အကျဉ်းတင်ပြရခြင်း ဖြစ်ပေသည်။

❂

ရွှေစည်းခုံဘုရားကြီးသည် မင်းကောင်းမင်းမြတ် အနော်ရထာမင်းကြီး (အနုရုဒ္ဓမင်းကြီး) အား ရဟန္တာမထေရ်မြတ် ရှင်အရဟံ၏ လမ်းညွှန်မှု၊ သိကြားမင်း၏ ကူညီမှုဖြင့် တည်ထားခဲ့သော စေတီတော်တစ်ဆူဖြစ်သလို မြတ်စွာဘုရားရှင်၏ နဖူးသင်းကျစ်တော်၊ သီဟိုဠ် (သီရိလင်္ကာ) မှ ဗုဒ္ဓမြတ်စွယ်တော်ပွားတို့ကို ဌာပနာထား၍ တည်ထားတော်မူသော စေတီတော်တစ်ဆူ ဖြစ်သည်။ ထို့ကြောင့် ရွှေစည်းခုံစေတီတော်သည် မာတုစေတီမြောက်၍ ဖူးမြော်သူတို့အနေနှင့် တောင်းသည့်ဆုနှင့် ပြည့်ဝနိုင်သလို နောင်သံသရာ၌ အပါယ်ငရဲသို့ မကျရောက်နိုင်ဘဲ လူဘုံ၊ နတ်ဘုံသို့သာ လားရမည်ဖြစ်၍ ဘုရားဖူးများအနေနှင့် ရွှေစည်းခုံဘုရားကြီးအား ဗုဒ္ဓမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိသည့်အလား အာရုံ၌ထား၍ ပူဇော်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

တက္ကသိုလ်မျိုး

ကျမ်းကိုးစာရင်း

၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး တတိယအကြိမ် ၁၉၉၂ ပြန်ကြားရေးဝန်ကြီးဌာန

၂။ မြန်မာ့ရက်စွဲစဉ်သမိုင်း ပထမတွဲ -၂၀၀၉၊ သမိုင်းသုတေသနဦးစီးဌာန

၃။ ပုဂံမြို့ရှိ ထင်ရှားကြီးကျယ်သော ဘုရားကြီး (၂၇) ဆူ၏ သမိုင်းမွန်ပဏ္ဍိတဦးချစ်သိန်း တည်းဖြတ်၍ ဆရာဦးမြတ်သွင် ရေးသည်။

၄။ သမိုင်းဝင်ပုဂံစေတီပုထိုးများ ဧကာဒသမ၊ ၁၉၉၄၊ ဦးသန်းသွေး

၅။ ကိုယ်တိုင် အကြိမ်ကြိမ် သွားရောက် ဖူးမြော်လေ့လာမှု

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ)၏
နှစ်ဦးမင်္ဂလာတရားချီးမြှင့်ရာ

ကုသိုလ်တော်ဖွဲ့ခင်း

အောင်သာကျော်



ဆရာတော် တရားချီးမြှင့်စဉ်

၂၀၁၂ ခုနှစ်၏ ပထမဆုံး စာမျက်နှာအဖြစ် မည်သည့်အကြောင်းအရာကို ခံစားဖွဲ့ဆို ရေးသား တင်ပြရသော်ကောင်းပေမည်နည်း ဆိုသည့် အတွေးစုက ရင်ထဲမှာ နေရာယူထားမိလျက်သား ရှိနေသည်။ ကောင်းနိုးရာရာအကြောင်းအရာကို တွေးတောကြံဆနေမိစဉ်မှာပင် ရေးဖော်ရေးဖက်တစ်ဦးဖြစ်သူ ကိုမိန်း (ရွှေပြည်သာ) ရေးကြီးသုတ်ပျာဖြင့် ရောက်လာသည်။

"ဆရာကျော်ရေ၊ နေ့လယ်မှာ ထန်းခြောက်ပင်က ရွှေရတနာ ပရဟိတ သီလရှင်စာသင်တိုက်ကို ဆရာတော် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) ကြွလာမယ် ကြားတယ်"

ဆရာတော်အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) ၏ ဒကာရင်းတစ်ဦးဖြစ်ခဲ့ရသော်လည်း ဆရာတော်အား နီးနီးကပ်ကပ် ဖူးတွေ့ရခွင့်က အခွင့်အလမ်း အတော်လေး နည်းပါးခဲ့ရသည်။ ဆရာတော် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ)သည် ဘာသာသာ၊ သနာတော်ထွန်းကားပြန့်ပွားရေးအတွက် အဓိကကျလှသော သာသနာပြုလုပ်ငန်းအဖြစ် နိုင်ငံတစ်ဝန်းရှိ ဓမ္မပူဇော ကုသိုလ်တော်ပွဲခင်းများ ခင်းကျင်း ကျင်းပရာရှိ ဓမ္မပလ္လင်တော်များသို့ အရောက်သွားကာ မြတ်ဗုဒ္ဓသာသနာတော်လာ မူများအတိုင်း ဓမ္မတို့ကို မိန့်ကြားတော်မူခြင်း၊ ဒုက္ခပင်လယ်ဝဲနေရှာသောသူတို့အတွက် အထောက်အပံ့ပေးခြင်း၊ ပရဟိတအကျိုးအတွက် အပင်ပန်း အဆင်းရဲခံကာ ဆောင်ရွက်တော်မူနေခြင်းတို့ မူလပထမဘူမိနက်သန် မှန်ရာဖြစ်သည့် ရွှေပြည်သာ (၆) ရပ်ကွက်တွင် တည်ရှိသည့် မန္တကျောင်းတိုက်နှင့် ဝေးကွာနေခဲ့ရလေရာ ဒကာရင်းတို့ပင် တွေ့ခွင့်ရနိုင်ဖို့ အတော်လေး ခဲယဉ်းလှပြီပင် ဖြစ်သည်။

ယခုမူ မင်္ဂလာရှိသောစကားကို ကြားခွင့်ရပြီပင်။ ၂၀၁၂ ခုနှစ်၏ ပထမဆုံး ပြက္ခဒိန်စာမျက်နှာပေါ်တွင် အထင်အရှားရှိနေသည့် 'တစ်'ဂဏန်း အတော်လေး ပီတိဖြစ်သွားမိသည်။ ဆရာကိုမိုး (ရွှေပြည်သာ) ကို သွားကြမယ်လေ ဆိုသည့် စကားတစ်ခွန်းပြောဖြစ်ကာ စားပွဲပေါ်မှ ကင်မရာကို လှမ်းယူပြီး လွယ်အိတ်အတွင်း ထည့်လိုက်သည်။ စက်ဘီးကိုယ်စီဖြင့် သွားကြမည်ဖြစ်ရာ တိုင်ကပ်နာရီကို ကြည့်ဖြစ်သည်။ ဆယ်နာရီထိုးရန်ပင် အတော်လေး လိုနေသေးသည်။ လမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်တွင် ခေတ္တထိုင်ကြသေးတာပေါ့ဟု ညှိနှိုင်းကာ အိမ်မှ (၉)နာရီ (၂၀)ခန့်တွင် ထွက်လာဖြစ်၏။ ရွှေရတနာ ပရဟိတ သီလ

www.burmeseclassic.com

www.burmeseclassic.com

ရှင်စာသင်တိုက်သည် ထန်းခြောက်ပင်ဟု တွင်သည်။ ရပ်ဝန်းလေးအနီးတွင် တည်ရှိသည်။ အတိအကျ လမ်းညွှန်ရပါမူ အမှတ် (၂၀) သံဒင်းရပ်ကွက်ရှိ မကွေးလမ်းတွင် တည်ရှိပါသည်။

ရွှေရတနာကျောင်းတိုက် စတင်တည်ထောင်စဉ်က စာသင်တိုက်အဖြစ် ရည်မှန်းသော်လည်း ခေတ်ပညာ ဆက်လက် သင်ယူလိုသော တပည့်သီလရှင်များ၏ ဆန္ဒ၊ နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့ပြီးသည့်နောက်ပိုင်းတွင်ကား ဆရာတော် မေတ္တာရှင် (ရွှေပြည်သာ) နှင့်အတူ လေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးသွားရောက်စဉ် ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များအရ ဒုက္ခခံစားကြရသည့်ကြားမှ ပညာလိုလားလျက်ရှိကြသော ကျောင်းသူများအား သာသနာ့ဘောင်ဝင်ရောက်၍ ပညာ ဆက်လက်သင်ကြားနိုင်ကြပါစေခြင်းအကျိုးငှာ စာသင်တိုက်နှင့်အတူ ပရဟိတအမည်ကိုပါ ခံယူ၍ မိဘမဲ့နှင့် ဆင်းရဲနွမ်းပါးသော အမျိုးသမီးငယ်များအား သီလရှင်ဝတ်နိုင်ရမည်။ လောကီအတန်းစာအပြင် လောကုတ္တရာစာပါ တွဲဖက် သင်ကြားနိုင်ရမည် ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ဘာသာရေးကို အခြေခံသော ပညာတတ်အမျိုးသမီးများအဖြစ် ဘဝရပ်တည်နိုင်မှု ရရှိကြစေရန် ရည်သန်ကာ ရွှေရတနာ ပရဟိတ သီလရှင်စာသင်တိုက်အဖြစ် ဖွင့်လှစ်တည်ထောင်ကာ သာသနာပြုနေခြင်းပင် ဖြစ်သည်။

ယနေ့တွင်မူ ဆရာတော် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) က ရွှေရတနာ ပရဟိတ သီလရှင်စာသင်တိုက်တွင် ကျင်းပမည့် အာဂုံရွတ်ဆိုမှုပြိုင်ပွဲတွင် အောင်မြင်မှုရခဲ့ကြသည့် သီလရှင်များနှင့် လူဝတ်ကြောင်များအား ဂုဏ်ပြုသည့်ပွဲ၌ ဩဝါဒကထာချီးမြှင့်မည်ဖြစ်ရာ မဖြစ်မနေ တက်ရောက်နာယူကြမည့်သူ များမည်မှာ သေချာသည်။ ရွှေရတနာ ပရဟိတ သီလရှင်စာသင်တိုက်သို့ ရောက်သွားမိသည်တွင် ဆရာလေးဒေါ်ကစ္စနမာလာက ကုသိုလ်တော်ပွဲခင်းလေးနှင့်ပတ်သက်၍ သိလိုသမျှကို ပြောပြရာ လွန်စွာမှ ပီတိဖြစ်မိရပါသည်။

ထိုကုသိုလ်တော်ပွဲခင်းကလေးကို ဆရာလေး ဒေါ်ကစ္စနမာလာက သာသနာ့နုဂ္ဂဟအသင်း (အမျိုးသမီး) နှင့် ပူးပေါင်းဆောင်ရွက်ကာ ကျင်းပခဲ့ခြင်း ဖြစ်သည်။ ထိုပွဲအတွက် စာစစ်ဆရာလေး (၂၃) ပါးအား တစ်ပါးလျှင် ငွေကျပ်တစ်သောင်းနှင့် အနွေးထည်တစ်ထည်စီ၊ ပထမကျော်တစ်ပါးလျှင် ခုနစ်ထောင်ကျပ်နှင့် အနွေးထည်တစ်ထည်၊ ပထမကြိုးတစ်ပါး ခြောက်ထောင်ကျပ်နှင့် အနွေးထည် နှစ်ပါး၊ ပထမလတ်တန်းအတွက် ငါးထောင်ကျပ်နှင့် အနွေးထည်တစ်ထည်စီ ငါးပါး၊ အငယ်တန်းကိုမူ လေးထောင်ကျပ်နှင့် ခြုံစောင်တစ်ထည်စီ ခြောက်ဆယ့်တစ်ပါး၊ မူလတန်းအတွက် နှစ်ထောင်ကျပ်နှင့် ခြုံစောင်တစ်ထည်စီ (၁၁၉) ပါးနှင့် လူဝတ်ကြောင်တို့ထဲမှ ဘာသာရေးဆိုင်ရာ ပြဋ္ဌာန်းစာကို အာဂုံပြန်ဆိုနိုင်ခဲ့ကြသည့် အမျိုးသမီးနှစ်ဆယ့်လေးဦးကိုလည်း ခြင်ထောင်တစ်လုံးစီ ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် စုစုပေါင်းကုန်ကျငွေမှာ ဆယ့်နှစ်သိန်းသာသာရှိမည်ဖြစ်ကြောင်း သိခွင့်ရပါသည်။

ဆယ်နာရီသာသာခန့်တွင် ဆရာတော် အရှင်ဇဝန(မေတ္တာရှင်)ရောက်ရှိလာခဲ့ရာ စောင့်ဆိုင်းနေကြသည့် ဒကာ၊ ဒကာမများ၊ သီလရှင်ဆရာလေးများက လက်အုပ်ချီကာ ကြိုဆိုရင်း ကြည်ညိုသဒ္ဓါပွားနေဖြစ်ကြသည်။ ဆရာတော်သည် နှစ်ထပ်ကျောင်းအပေါ်ထပ်မှာပင် ဆွမ်းအကပ်ခံတော်မူခဲ့ရရာ ရာသီဥတုက ပူစပ်စပ်နိုင်လွန်းသည့်အတွက် ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ရွှေရတနာကျောင်းတိုက်ဝင်းအတွင်းရှိ နှစ်ထပ်ကျောင်း၏ ခေါင်းရင်း ဝါးရုံရိပ်တွင် ဝါးကုလားထိုင်လေးဖြင့် ခေတ္တ သီတင်းသုံးနေတော်မူသည်။ ဆရာတော်သည် မြတ်ဗုဒ္ဓ၏ သားတော်တစ်ပါး ပီသစွာ သာသနာတော် ပွင့်ထွန်းဝေစည်လာနိုင်ရေး၊ အရှည်တည်တံ့ခိုင်မြဲရေးအတွက် အချိန်ပြည့် လုံးပန်းအားထုတ်နေရသူ ဖြစ်လေရာ အချိန်တိုအချိန်လပ်လေးများ ရလျှင် ရသလို ခေတ္တနားနေလေ့ရှိသည်။

ဆရာတော်သည် စာရေးဆရာများအပေါ် အသိအမှတ်ပြုတန်ဖိုးထားလေ့ရှိသဖြင့် စာရေးဆရာအတော်များများက

ဓကာမတစ်ဦး သက်နံ့ဆက်ကပ်စဉ်

အဝင်မုခ်ဦး

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်အား အနီးကပ် ဝေျာက်ထားနေသည့် စာရေးသူ

ဆရာတော်အား အလေးထား ချဉ်းကပ်လေ့ရှိကြသည်။ စာရေးသူလည်း အခွင့်ရခိုက် ဆရာတော်၏ ဘုန်းတော်ရိပ်ကို ခိုလှုံရင်း စာအကြောင်းပေအကြောင်းများ ပြောဖြစ်မိသည်။ စကားပြောကောင်းနေခိုက်မှာပင် အခမ်းအနားစ,ပါတော့မည် ဆိုသည့် စပီကာသံကြောင့် ဆရာတော်၏ နောက်တော်ပါးမှ ကပ်လျှောက်လိုက်ပါလာဖြစ်ရာ ကျောင်းအပေါ် ထပ်သို့ ပြန်ရောက်လာတော့သည်။ အခမ်းအနားဖွင့်သည်နှင့် ဆရာတော်အား ကန်တော့ကြပြီးသည်နှင့် ဆရာတော်ထံ သီလခံကြသည်။ ဆရာတော်သည် သီလပေးတော်မူပြီးသည်နှင့်-

"တစ်ဆင့်ပြန်ပြီး ပြောပြချင်တဲ့၊ ရင်ထဲမှာ နှင့်နေအောင်ခံစားရတဲ့ ခံစားချက်လေးကို ပြောချင်တယ်"

ဆိုသည့် ကရုဏာလွှမ်းသော အသံက တုန်ယင်လှိုက်လှဲစွာ ထွက်ပေါ်လို့ လာတော့သည်။

ဆရာတော်၏ ဩဝါဒကထာက ဒဿနပါနေသည်။ တွေးတောသင့်သည့် အကြောင်းအရာများပင် ဖြစ်သည်။

'ကလေးသူငယ်များ ကြီးပွားတိုးတက်စေလိုပါလျှင် ရိုက်ပုတ်၍ မဆုံးမပါနှင့်။ ပို၍ ဆိုးသွားတတ်သည်။ ရိုက်ပုတ်လိုက်ခြင်းကြောင့် ထင်သွားသောဒဏ်ရာတို့သည် ပျောက်ကင်းသက်သာ၍ သွားနိုင်ပါသော်လည်း နှလုံးသားဝယ် စွဲထင်ရစ်သော စိတ်ဒဏ်ရာတို့သည်ကား ပျောက်ပျက်ရန် ခဲယဉ်းလှချေသည်။ ထို့အတွက်ကြောင့် ကလေးသူငယ်တို့၏ နုနယ်သေးသော နှလုံးသားဝယ် အတွေးအယူများစွာ တည်သွားနိုင်သည့် အချက်အလက်တို့ မကိန်းအောင်း စေရန် ရိုက်ပုတ်ဆုံးမသောအလေ့အထကို ဆင်ခြင်သင့်ကြပါသည်။

ဆရာတော်ကို ကျောင်းဆရာတစ်ယောက်က မောင်သစ်ဆင်း ရေးသားသည့် စာအုပ်တစ်အုပ် လက်ဆောင်ပေးသဖြင့် ဖတ်ခွင့်ရခဲ့သည်။ ထိုစာအုပ်တွင် ကလေးသူငယ်တို့အား လွဲမှားစွာ ဆုံးမမိသဖြင့် သူငယ်တို့ နှလုံးသားဝယ် ဝေဒနာတက်ခဲ့ကြရပုံကို ဆင်ခြင်နိုင်ကြစေရန် သတိပေး ရေးသား တင်ပြထား၏။ ရင်ထဲ နင့်ခနဲဖြစ်သွားရသည့်အခန်းကို စတင် ပြောပါမည်။ ကလေး ဆိုပါတော့၊ ဆယ်တန်းကျောင်းသားလေးတစ်ယောက် အောင်စာရင်းသွားကြည့်ရာက ပြန်လာသည်။ ကျောင်းသားရင်ထဲတွင် အပျော်လုံးကြီးကအပြည့်။ တက္ကသိုလ်တက်ရတော့မှာပါလား ဆိုသည့် ပီတိတွေကလည်း လွှမ်းခြုံ။ လောကကြီးသည် အသာယာဆုံး၊ မင်္ဂလာအရှိဆုံး ဆိုသည့် ခံစားမှုကိုလည်း ဖက်တွယ်ထားမိလျက်သားဖြင့် ကဆုန်ပေါက် ပြေးလွှားလျက်ရှိနေသည်။ မိခင်၊ ဖခင်ကို ပြောပြချင်စိတ်ကလည်း ပြင်းပြလို့နေသည်။ အိမ်ကို ဒုန်းစိုင်းပြေးလာရင်း အိမ်အနီးက ပုဏ္ဏရိုက်စည်းရိုးကို လွှားခနဲ ခုန်ကျော်လိုက်သည်။ အောင်စိတ်၊ အပျော်စိတ်တွေရဲ့ စွမ်းအားကြောင့် ဖြစ်မည်ထင်သည်။ ခါတိုင်း မည်သို့မျှ မရည်ရွယ်မိသည့် စည်းရိုးခုန်ကျော်ခြင်းကိစ္စ အောင်မြင်သွားခဲ့သည်။

အိမ်ပေါက်ဝသို့ ရောက်သည်နှင့်-

"ဖေဖေရေ ဖေဖေ၊ အမေရေ အမေ"

ဟု အော်ဟစ်အသံပြုလိုက်သည်။ အိမ်ရှေ့ဧည့်ခန်းသို့ ပြေးဝင်သွားမိသည်တွင် ဂျာနယ်တစ်စောင်ကို ဖတ်နေသော ဖခင်က ဂျာနယ်ကို ပစ်ချလိုက်ပြီး လှမ်းကြည့်နေသည်။ ကလေးရှိရာ ထလာသည်။ ကလေးက အားရဝမ်းသာပင်-

"ကျွန်တော် ဆယ်တန်းအောင်တယ်"

စကားလည်းဆုံး ဖခင်၏လက်ဝါးက ဆယ်တန်းအောင်ခဲ့ကြောင်း သတင်းကောင်းပါးလာသည့် သူငယ်လေး၏ ပါးပြင်ပေါ် သို့ ကျလာတော့သည်။ ဖြန်းခနဲ ပြင်းထန်စွာကျလာသည့် ရိုက်ချက်ကြောင့် အရိုက်ခံလိုက်ရသည့် သူငယ်ကြောင့်သွား၏။ မျက်ရည်စက် များဖြင့် မော့ကြည့်ရင်းက-

"ကျွန်တော် ဘာအပြစ်လုပ်မိလို့လဲ ဖေဖေ

"မင်းရိုးရိုးအောင်တာ ဘာလုပ်လို့ရမလဲ၊ ဂုဏ်ထူးမပါဘူး"

ဆုချီးမြှင့်သည့်ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com

ဖခင်က ထိုသို့ပြော၍ မဆုံးခင်မှာပင် မိခင်က-

"ဂုဏ်ထူးမပါလို့ ပါးချတာ။ ဂုဏ်ထူးမပါတဲ့ကောင် လာခဲ့၊ တုတ်နဲ့ရိုက်မယ်"

ဟု ဆိုသည်။

မိခင်မှာ အပြစ်ရှိသွားသည်။ အကောင်းမြင်ဝါဒမရှိသူ ဖြစ်သွားသည်။

အရာရာတွင် မိမိထက်မြင့်သည့်သူ အများအပြားရှိနေသလို မိမိထက်နိမ့်ကျသောသူများလည်း အများအပြားရှိနေပါသည်။ မြန်မာပြည်တွင် စာမေးပွဲ၌ ဂုဏ်ထူးမပါသဖြင့် အရိုက်ခံရသည့် ကျောင်းသား အများအပြား ရှိနေသည်ကို တွေ့ရ၏။ ခန္ဓာကိုယ်ပေါ်တွင် စွဲထင်ရစ်သောကြိမ်ရာ ပျောက်ချင် ပျောက်မည်၊ ရင်ထဲတွင် စွဲထင်ရစ်သော စိတ်ဒဏ်ရာကား ပျောက်ဖို့ရန် မလွယ်ကူချေ။

ခရီးမြောက်ပြီး ဆုံးမလျှင်လည်းရနိုင်ပါသည်။ လူငယ်တို့သည်များသောအားဖြင့် မုန့်ဖိုးကို လိုချင်စိတ်ရှိတတ်ကြသည်။ ထိုအချက်လေးကို အခြေခံကာ ဝါယမစိုက်ထုတ်ချင်စိတ် ပေါ်လာအောင် ခရီးမြောက်သင့်သည်။ ဆရာတော်ကိုယ်တိုင်ပင် ကျောင်းသားလေးတစ်ဦးကို-

'မင်းကို အမှတ်တစ်မှတ်ရရင် ငွေတစ်မတ်ပေးမယ်'

ဟု စာကြိုးစားချင်စိတ်ပေါ်လာအောင် ခရီးမြောက်စကားဆိုခဲ့ဖူးသည်။ ဆရာတော်ဘက်မှလည်း တကယ် ခရီးမြောက်ပေးခဲ့လို့ သူအများကြီးကြိုးစားကာ အောင်မြင်မှုပန်းတိုင် လှမ်းကိုင်နိုင်သည့် ပညာတတ်ဘွဲ့ရတစ်ဦး ဖြစ်သွားခဲ့သည်။

နောက်ထပ် ရင်နှင့်စရာ ခံစားမှုလေးတစ်ခုအကြောင်းကလည်း စိတ်ဝင်စားစရာကောင်းလှသည်။

ဆရာမ၊ မူလတန်းကျောင်းဆရာမတွေ။ ကလေးတွေဆိုသည်က ခြေလက်အငြိမ်မနေတတ်။ ဟိုတို့သည်ဆိတ်လုပ်တာမျိုး ရှိတတ်သည်ကို ကလေးတွေထိတ်လန့်အောင် ကြိမ်လုံးနှင့်ခြောက်ကြလေ့ရှိသည်။ ကျောက်သင်ပုန်းကို ကြိမ်လုံးဖြင့် တဖြန်းဖြန်းရိုက်၍ အသံပေးကာ-

"ဟိတ်ငြိမ်ငြိမ်နေကြစမ်း။ တိတ်ကြစမ်း"

ဟု ခြောက်လှန့်ကာ ထိန်းကျောင်းလေ့ရှိကြသည်။

မူလတန်းကျောင်းတစ်ကျောင်းတွင် အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်က ရင်နာစရာကောင်းလွန်းလှသည်။

ကလေးတစ်ယောက် 'ဏ' ရေးတာ 'က' ဖြစ်နေသည်ကို အနားမှ ကျောင်းသားက မြင်လေရာ-

"မင်းရေးတာ 'က' ဖြစ်နေတယ်။ 'ဏ' က ဒီလို ရေးရတယ်"

ဟု ပြောဆိုကာ ရေးပြရှာသည်။

ထိုသို့ ကူညီပေးသည့် ကျောင်းသားလေးကို မုဒိတာမပွားနိုင်သည့် ဆရာမက-

"ဘာဆရာလုပ်တာလဲ၊ ကိုယ့်အလုပ်ကိုယ်မလုပ်ဘူး"

ဟု ပြောဆိုကာ အကူအညီပေးကာ အမှန်ကို လမ်းညွှန်ပေးသည့် ကျောင်းသားကို ခုံပေါ်မှာ ဒူးထောက်လျက် နေခိုင်းထားတော့သည်။ ဖြစ်ချင်တော့ ဒူးအောက်တွင် ရောက်နေသည့် ကျောက်စရစ်ခဲခွန်လေးက ဒူးကိုပေါက်ပြဲစေကာ သွေးများပင်စို့ထွက်လာတော့သည်။

ကြောက်စိတ်က စိုးမိုးနေသည့်အတွက် ဆရာမကို ပြန်မပြောရဲဘူး။ ငြိမ်ခံနေရှာ၏။ ထိုအချက်သည် မကောင်းပါ။ ကလေးသူငယ်တို့၏ သတ္တိတို့ကို ချိုးနှိမ်ရာရောက်စေပါသည်။ ကလေးသူငယ်တို့ကို မကြောက်စေသင့်ပါ၊ အော်မငိုစေသင့်ပါ။ ကလေးများအပေါ် စာနာစိတ်ဖြင့် ဖေးဖေးမမ မေးသင့်သည်ကို မေး၍ ပြောဆိုဆုံးမသင့်သည်များကို ကလေးများ နားလည်သဘောပေါက်လာအောင် ချိုသာစွာဖြင့် ဆုံးမပဲ့ပြင်သင့်ကြပါသည်။ ယခုဖြစ်သည့်ပြဿနာတွင် ဆရာမဖြစ်သူက ကျောင်းသားငယ်လေးတွင် ပေါ်ပေါက်လာနေသည့် ကရုဏာစိတ် ပိုမိုကြီးမားလာအောင် မသင်ပြနိုင်၊ မဆုံးမနိုင်ခဲ့ပေ။ အပြစ်ဆိုပြီး ဒူးထောက်ခိုင်းကာ ရိုက်မည်ဟု ကြိမ်မောင်းခဲ့၏။

နောက်အချက်တစ်ချက်ကတော့



စာအောင်ဆရာလေးများ



အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်း စာအောင်ဆရာလေးများ

www.burmeseclassic.com

www.burmeseclassic.com

လူဝတ်ကြောင် အာဂုံပြန် ပထမဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်

အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်း စာစစ်ဆရာလေးများအား ချီးမြှင့်

ဆရာတော်တို့တွေ အသိများခဲ့သည့် မင်းတုန်းမင်းနှင့် ငါးခြောက်ပြား ခေါင်းစီးပါ စကားပြေကို ကျောင်းဆရာတစ်ဦးက သူတပည့်တွေကို ထင်မြင်သုံးသပ်ချက် ရေးခိုင်းသည်။ ငါးခြောက်ကြိုက် တတ်သော ဆရာတော်ကို ငါးရံ့ခြောက်ပြားကြိုးတစ်ပြား ဒကာတစ်ဦးက လာလှူသည်။ မောင်လွင် ဆိုသော ဘုန်းကြီးကျောင်းသားကို သိမ်းခိုင်းထားလိုက်ရာ ဆရာတော်အလိုရှိ၍ မေးသည်ကွင်းရှာမတွေ့တော့သဖြင့် ဆရာတော်က မောင်လွင်ကို ကြိမ်ဖြင့်ရိုက်၍ ဆုံးမသည်။ မောင်လွင် ကြီးလာတော့ မင်းတုန်းမင်းဖြစ်ခဲ့သည်။ ဆရာက ရိုက်ဆုံးမသဖြင့် မင်းဖြစ်ခဲ့ရသည့် ဇာတ်ပင် ဖြစ်သည်။ ထိုဇာတ်သုံးသပ်ချက်ရေးခိုင်းဖြစ်သည်တွင် စူးစူးရှရှ တွေးတတ်သည့်အတွေး (စာရေးဆရာတို့၏ ဉာဏ်မျိုး) ရှိသည့် တပည့်တစ်ဦးက သူ့ထင်မြင်ချက်ကို ရဲရဲဝံ့ဝံ့ ရေးသားပြလိုက်သည်။

ကျောင်းဆရာက-

"ဒီစာရေးတာ ဘယ်သူလဲ၊ မင်းရေ့ကို ထွက်ခဲ့စမ်း။ မင်း ငါ့ကို စော်ကားတာပဲ။ မင်းစာကို ပြန်ဖတ်ပြစမ်း"

ဆိုသည့် ဒေါသသံ၊ ဟိန်းဟောက်သံ ပါသော စကားစုကို ဖွင့်ဟလိုက်သည်။

ကျောင်းသားလေးရေးသည့် သုံးသပ်ချက်တွင် မောင်လွင်အား ရိုက်ကာ အပြစ်ပေးသည့် ဆရာဘုန်းကြီး မှားသည်။ မရိုက်သင့်ပါ။ ဆရာတော်ရိုက်သဖြင့် ဘုရင်ဖြစ်သည်ဆိုသော်လည်း သူသား သီပေါမင်းလက်ထက်တွင်. . . ဆိုသည့်အချက်ပါသည်။ ထိုကျောင်းသားလေး ကျောင်းပြောင်းသွားခဲ့ရသည်။ ဤနေရာတွင် စူးစူးရှရှ တွေးခေါ်ရဲသည့် ဉာဏ်ကို အသိအမှတ်ပြုကာ အမှန်တရားတို့ကို စူးစူးရှရှ တွေးခေါ်နိုင်စွမ်းရှိသူဖြစ်လာအောင် သွန်သင် ညွှန်ပြပေးရမည်က ဆရာတို့၏ တာဝန်သာ ဖြစ်ဟုသော အသိတစ်ချက် ရင်ထဲဝယ် လင်းလက်နေရာယူသွားဖြစ်၏။

မိဘတိုင်းသည် ဆရာဖြစ်သကဲ့သို့ ဦးပဉ္စင်းများ၊ သီလရှင်များသည်လည်း

လူဝတ်ကြောင် အမျိုးသမီးအာဂုံဆိုဖြိုင်ပွဲတွင် ဆုရသည့် (အ. ထ. က-၃) ရွှေပြည်သာမှ (၇) တန်းကျောင်းသူ မချောစုလှိုင် ဆုလက်ခံယူနေစဉ်



ဆုချီးမြှင့်ရာတွင်သုံးသည့် လက်ဆွဲအိတ်များ

www.burmeseclassic.com

www.burmeseclassic.com

နေအိမ်မိသားစုတွင် လူမှု၊ ကျန်းမာ၊ စီးပွား၊ ပညာ၊ အဆင်မပြေမှုများကြုံရပါက

အန္တရာယ်ကင်းအောင်မြင်ခြင်းအတွက် ဂျုတ်ဖတ်ကျန် မန္တန်တော်ကြီး

နတ်မောက်မင်းသန့်နိုင်

မနုဿတ္တဘာဝေါ ဒုလ္လဘောဟု ဆိုသည့်အတိုင်း လူအဖြစ်သည် ရခဲလှစွာပါသည်။ ထိုသို့ လူဘဝသို့ ရောက်ရှိလာသူ လူတိုင်းလူတိုင်း၊ မိသားစုတိုင်း၊ လူမှုအဖွဲ့အစည်းတိုင်းတွင် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးသည် မဖြစ်မနေ တွေ့ကြုံ ရင်ဆိုင်ဖြတ်သန်းရုန်းကန်ကြရပါသည်။

လူတိုင်းလူတိုင်းသည် 'ငါဟာ တစ်နေ့မှာ လူအထက်တန်းရောက်ရမယ်၊ လူအဆင့်အတန်းမြင့်မားရမယ် ဟူသော စိတ်ဖြင့် ကြိုးစားရုန်းကန်နေသည်ချည်းသာ ဖြစ်ပါသည်။ မည်သူမျှ လူအောက်တန်းရောက်ရမည်၊ အဆင့်အတန်းနိမ့်ရမည်' ဟု တွေးပင်တွေးဖူးမည် မထင်ပါ။ ယုတ်စွအဆုံး လမ်းပေါ်မှ သူတောင်းစားသည်ပင် အဆင့်အတန်းမြင့်မားလိုသောစိတ်ရှိနေသည်သာ ဖြစ်ပါသည်။

ထိုသို့ထိုသို့ ကြိုးစားမှု လုံ့လပြုရုန်းကန်လှုပ်ရှားခဲ့ပါသော်လည်း လုပ်တိုင်းမဖြစ်၊ ကြံတိုင်းမအောင်ဖြစ်တတ်သည်။ သဘာဝလောကဓံတရားပင် ဖြစ်ရသည်။ 'လုပ်တိုင်းဖြစ်၊ ကြံစည်တိုင်းအောင်မြင်' လျှင်လည်း လှုပ်ရှားရုန်းကန်မှု၊ ကြိုးစားလုံ့လပြုမှုဟူသည် မရှိနိုင်တော့ပါ။ လူ့အရည်အသွေး၊ အရည်အချင်းများ မေးမှိန်ကျဆင်း နိမ့်ပါးပျောက်ကွယ်သွားမည် မဟုတ်ပါလား။

ကျွန်ုပ်တို့သည် နံနက်မိုးလင်းမှ မိုးချုပ် အသီးသီး အသကအသက မိမိတို့ရည်မှန်းရာ မိမိကိစ္စဦးတည်ချက်ဆီ ရောက်ရှိ အောင်မြင်ရန်သာ စိတ်ထက်ဆရာများပင် ဖြစ်ကြပါသည်။ မှန်ကန်သည့်ဘက်မှ ရပ်တည်ကာ လမ်းညွှန်သမှုပြုကြရန် လိုအပ်ပါသည်။

စူးစူးရှရှဖြင့် အမှန်တရားဘက်မှ ရပ်တည် သုံးသပ်ချက်တို့ကို လွှန်ခဲ့သည့် နှစ်ပေါင်း (၆၀) ကျော်ကျော်ခန့်ကတည်းက ပေါ်ပေါက်လျက်ရှိနေကြောင်း တွေ့ရသည်။ ထိုခေတ်ကာလအခါနှင်က ဘုန်းကြီး၊ သီလရှင်တို့ အင်္ဂလိပ်စာသင်၊မသင် ဟူသော အယူအဆကို ယူဆချက်အမှန်အဖြစ် လက်ကိုင်ထားခဲ့ကြ၊ ခံယူခဲ့ကြသည်။ ထိုစဉ်က စူးစူးရှရှ တွေးခေါ်သည့် ဦးသေဋ္ဌလ ဆရာတော်တစ်ပါးကသာလျှင် အင်္ဂလိပ်စာတတ်သင့်ပါသည်ဟု ဆိုခဲ့သည်။ နောက်ပိုင်းတွင် ဦးအာဒိစ္စဝံသက မိမိတို့သာသနာ့ကမ္ဘာအနှံ့ ပျံ့နှံ့ထွန်းပေါက်စေလိုပါက အင်္ဂလိပ်စာသင်ကြားသင့်ကြသည်ဟု ဆိုလာပြန်သည်။ သို့သော် ယနေ့အချိန်တွင် သာသနာတော်ပြန့်ပွားကာ အရှည်တည်တံ့စေလိုသော ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားဘာသာများ သင်ကြားကာ ကမ္ဘာအနှံ့လှည့်လည် သာသနာပြုနေကြပြီပင် ဖြစ်သည်။

ဆရာတော် အဆုံးသတ်မိန့်ခွန်းချင်သည်မှာ 'အများညီက ဤကို ကျွဲ ဖတ်၍ရသည်' ဟူသော စကားရပ်အပေါ် စိတ်မတိမ်းမိစေဘဲ ဘာသာ၊ သာသနာနှင့် လူမျိုးအတွက် ထွန်းကားတင့်လွင်လာစေနိုင်မည့် စူးစူးရှရှ အတွေးအခေါ်များကို မှန်သည့်ဘက်မှရအောင် တွေးဆကြပါဟု မိန့်တော်မူတော့ရာ ခန်းမတစ်ခုလုံး သာမှ၊ သာမှ၊ သာဓု ခေါ်ဆိုသံများ ဖုံးလွှမ်းသွားတော့သည်။

ဆရာတော်၏ ညွှတ်ဒကထာ ပြီးဆုံးသွားသည်နှင့် အမျိုးသမီး ပရိယတ္တိသာသနနုဂ္ဂဟအသင်းမှ ကြိုးမှူးကျင်းပသည့် ပရိယတ္တိစာပေများကို ငယ်၊လတ်၊ကြီးအာဂုံပြန်ဆိုခဲ့ကြသည့် သီလရှင်များ၊ လူဝတ်ကြောင်များအား ဆုပေးဂုဏ်ပြုသည့် အခမ်းအနားကို ကျင်းပရာ သာဓုခေါ်သံများ စဉ်ဆက်မပြတ် ပေါ်ပေါက်နေခဲ့တော့သည်။ ရွှေရတနာ ပရိတ်တသီလရှင်စာသင်တိုက်မှ ဆရာလေး ဒေါ်ကဉ္စနမာလာနှင့် စာချဆရာလေးတို့၏ မေတ္တာအရိပ်ယောင်၊ ကရုဏာအရိပ်ယောင်တို့က အပြိုင်အဆိုင် ဝင်းလက်တောက်ပနေကြသည့်ကြားမှာပင် လူသန်မှုနှင့် ရုန်းကန် လှုပ်ရှားနေကြရာ ဘုရားမွေ့၊ တရားမွေ့၊ သံဃာမွေ့ ဖြစ်နေတတ်ပါသည်။ ရတနာသုံးပါး၏ ဂုဏ်တော်၊ အနန္တဂါးပါး၏ ကျေးဇူးတော်များကို မေ့လျော့လာသောအခါ လုပ်တိုင်းပျက်၊ ကြံစည်တိုင်းလွဲ ဆိုသလို ဖြစ်လာတတ်ပါသည်။

လူအဖြစ်ရလာသည်ကပင်လျှင် ရှေးအတိတ်က ကုသိုလ်ကောင်းမှု ဒါန အစုစုတို့၏ အကျိုးကျေးဇူး မဟုတ်ပါလား။ သို့အတွက် အတိတ်ကုသိုလ်၊ ပစ္စုပ္ပန်ကုသိုလ်တရားတို့ ဆက်နွှယ်မိအောင် ကုသိုလ်မှားပေးရပါမည်။ အမရပူရ မဟာဂန္ဓာရုံ ကျေးဇူးရှင်ဆရာတော်ကြီး အရှင်ဇနကာဘိဝံသက 'တစ်နေ့တာမှာ ကုသိုလ်ရယ်၊ ဥစ္စာရယ်၊ ကျန်းမာရေးရယ်၊ အတတ်ပညာရယ်၊ တန်ခိုးဂုဏ်သိမ်ရယ် ဒီငါးမျိုးထဲက တစ်မျိုးမျိုး မရဘဲ ကုန်သွားတဲ့နေ့ဟာ ဝမ်းနည်းစရာကောင်းတဲ့နေ့ပဲ။ မသေခင်ကတည်းက အသေလိုဖြစ်သွားတဲ့နေ့ပဲ။ ငါရှင် သလား၊ သေသလား၊ နေ့တိုင်း စိစစ်ကြည့်စမ်းပါ' ဟု လမ်းညွှန်မြွက်ကြားခဲ့ပါသည်။

ထိုမိန့်မှာစကားတွင် 'ကုသိုလ်' ကောင်းမှုသည် ထိပ်ဆုံးရှေ့ဆုံးမှ ပါဝင်ဝတ်ကြောင် အမျိုးသမီး အာဂုံဆိုပြိုင်ပွဲတွင် ဆုရသည့် အမျိုးသမီးငယ်တစ်ဦးကို တွေ့လိုက်ရသည်။ အ. ထ. က (၃) ရွှေပြည်သာတွင် (၈) တန်းတက်နေသည့် မချောစုလှိုင်ပင် ဖြစ်သည်။ ငယ်စဉ်ကလေးဘဝကတည်းကပင် အောက်ပိုင်းမသန်စွမ်းသဖြင့် ဘီးတပ်ကုလားထိုင်လက်တွန်းလှည်းလေးကို အားပြုနေရရှာသူ ဖြစ်သည်။ ယခုမူ ဘာသာရေးဘက်တွင် အာဂုံဆောင်နိုင်စွမ်းသည့် အာဂအမျိုးသမီးငယ်တစ်ဦးအဖြစ် ဆုတွေ့ခွင့်ရလိုက်သည်။

မျှားစွာ ပီတိဖြစ်မိရင်း၊ သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိဖြစ်ရင်း ရွှေရတနာ ပရိတ်တ သီလရှင်စာသင်တိုက်အတွင်းမှ ပြန်လည် ထွက်ခွာလာဖြစ်ခဲ့ရတော့သည်။ ဆရာတော် အရှင်ဇဝန (မေတ္တာရှင် - ရွှေပြည်သာ) ကိုယ်တိုင် ၁-၁-၂၀၁၂ နေ့တွင် ဟောဖြစ်ခဲ့သော ၂၀၁၂ ၏ နိဒါန်းတရားစာမျက်နှာလေးက ရင်ထဲမှာ တွယ်ကပ်ပါလာနေခဲ့သည်ကလည်း အမှန်ပင်ဖြစ်ပါတော့သည်။

အောင်ဘသံကျော်

www.burmeseclassic.com

www.burmeseclassic.com

သည်ကို သတိပြုပါ။ သို့သော် ကျွန်ုပ်တို့ အများသောလူတို့သည် ကုသိုလ်ကောင်းမှုကို နောက်ဆုံးမှာထားပြီး ရာထူးတက်ဖို့၊ စီးပွားတက်ဖို့၊ ကျန်းမာဖို့၊ ပညာတတ်ဖို့၊ လူပေါ်လူမော်လုပ်နိုင်ဖို့ကိုသာ အဓိကထားနေကြသည်ကို စိစစ်တွေ့မြင်နိုင်ပါသည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်ကဆိုလျှင် စာရေးသူလည်း ထိုအတန်းအစားထဲတွင် ပါဝင်ခဲ့သည်ဆိုလျှင် မှန်ပါသည်ဟု ဝန်ခံအပ်ပါသည်။

သို့သော် လွန်ခဲ့သည့် ဆယ်နှစ်မှစ၍ ယခု ဤစာမူရေးနေသည့်အချိန်ထိ နံနက်လင်း မျက်စိပွင့်သည်မှစ၍ သရဏဂုံသုံးပါး ဦးစွာရွတ်ပွား၍ ဘုရားမျက်နှာသစ်တော်ရေ၊ သောက်တော်ရေ ချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်များကပ်လှူ ပူဇော်ဝတ်ပြုပြီးမှ လက်ဖက်ရည်သောက်၍ အခြား ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စများ ဆောင်ရွက်ခဲ့ပါသည်။ ဇနီးသည်မှာ ဘုရားပန်းလဲခြင်းနှင့် ဆွမ်းကပ်လှူခြင်းအမှုပြုပါသည်။ ထားပါတော့၊ အလျဉ်းသင့်၍ တင်ပြလိုက်ခြင်းပါ။ ထားပါတော့။

ယခုတင်ပြမည့် မန္တန်တော်ကြီးမှာ လူသိနည်းပါးပြီး မိသားစုတိုင်း၊ နေအိမ်တိုင်း၊ လူတိုင်း ရွတ်ပွားသင့်သည့် အန္တရာယ်ကင်းမန္တန်တော်ဖြစ်၍ တင်ပြအပ်ပါသည်။ နံနက်အိပ်ရာထ (၃) ခေါက်၊ အိပ်ရာဝင် (၃)ခေါက် မပျက်မကွက် (၃) လမျှ အဓိဋ္ဌာန်ပြု ရွတ်ပွားပေးပါ။ သင့်ကိုယ်သင် မယုံကြည်လောက်အောင်ပင် ကြံတိုင်းအောင် ဆောင်တိုင်းမြောက် အဆင်ပြေ တိုးတက်ပွားများလာပါလိမ့်မည်။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဝုဏ်အရှိန်များ မြင့်မား တိုးတက်လာပါလိမ့်မည်။ သို့သော် ဘာမှမလုပ်ဘဲထိုင်နေပြီး မန္တန်ချည်းသာရွတ်နေလျှင်တော့ ဘာမှဖြစ်လာမည်၊ တိုးတက်လာမည်မဟုတ်ပါ။ ပညာရှိအမတ်ကြီး ဦးပေါ်ဦး ပြောသလိုပင် 'မရှိတာကို ရှိအောင်လုပ်လျှင်ရသည်။ မသိတာကို သိအောင်လုပ်လျှင်ရသည်။ မလုပ်တာကတော့ ဘာမှရမည်မဟုတ်ပါ' ဟူလို။ ဘာမှမဲလုပ်လျှင် ဘာမှဖြစ်လာမည်မဟုတ်တော့ဘဲ ယုတ်လျော့နိမ့်ပါးသွားမည်သာ ဖြစ်ပါသည်။

သင်လုပ်သမျှ၊ ကြံစည်သမျှတို့ကို အန္တရာယ်ကင်း ဘေးရှင်း၍ အဆင်ပြေကောင်းမွန်စေသော အထောက်အပံ့ကောင်း၊ မန္တန်ကောင်းဟု မှတ်ယူပါ။ တစ်နည်းအားဖြင့် အတိတ်ကုသိုလ်နှင့် ပစ္စုပ္ပန်ကုသိုလ် ဆက်သွယ်ဆက်ပွားခြင်းဖြစ်သည်' ဟု မှတ်ယူရွတ်ပွားပေးပါ။

ရွတ်ဖတ်ရမည့် မန္တန်တော်ကြီးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) သိရသို့ မေ ဗုဒ္ဓသေဋ္ဌေ
သာရိပုတ္တောစ ဒက္ခိဏေ၊
ဝါမအံသေ မောဂ္ဂလာနော
ပုရတော ပဒုတတ္တယံ။

(၂) ပစ္ဆိမေ မမ အာနန္ဒော
စတုဒ္ဒိသာ ခီဏာသဝါ၊
သမန္တာ လောကပါလာစ
ဂ္ဂန္ဓာဒေါ သဗြဟ္မကာ။

(၃) ဧတေသံ အာနုဘာဝေန
သဗ္ဗေရောဂါ ဥပဒ္ဒဝါ။
အနေက အန္တရာယာပိ
ဝိနဿန္တု အသေသတော။

ပိုမို လေးနက်ကြည်ညိုရွတ်ပွားနိုင်ရန်အတွက် ပါဠိအနက်မြန်မာပြန်ကိုပါ ပူးတွဲတင်ပြအပ်ပါသည်။ မြန်မာပြန်မှာ သိထားရုံသာဖြစ်ပြီး ရွတ်ဆိုရန် မလိုပါ။

အနက်မြန်မာပြန်

၁။ သမ္မာဗုဒ္ဓ သမ္မုဒ္ဓဗုဒ္ဓတို့ထက် ဥက္ကဋ္ဌဝုဏ်ကြီး အစုံပြီးသဖြင့် ခြီးမွမ်းအံ့သြ၍ မဆုံးကုန်သော သုံးဘုံလုံးနတ် အစိန္တေယျ ဘုရားမြတ်သည် အကျွန်ုပ်၏ ခက်မငါးဖြာ ကိုယ်အင်္ဂါတွင် ဆင်းတန်ဆာမူ မင်္ဂလာတစ်ခုဟု မြွအပ်သော ဦးခေါင်းထက်၌ အကျွန်ုပ်အား သနားကရုဏာ မေတ္တာတော်မိုး ရွာသွန်းဖြိုးလျက် ကိုးကွယ်ပူဇော် တည်စံတော်မူပေ၏။

လက်ယာရံ ဉာဏ်ပညာအရာ၌ ဧတဒဂ်ရ ဓမ္မသေနာပတိ ရာထူးရှိတော်မူသော သာရိပုတ္တရာ မည်သာထင်ပေါ်မထေရ်ကျော်သည်လည်း သုံးလူထွတ်ထား မြတ်စွာဘုရား၌ ခစားမြဲတို့ အကျွန်ုပ်၏လက်ဝဲပခုံး၌ တည်တော်မူ၏။

သုတ်ဝိနည်း အဘိဓမ္မာ၊ ဒေသနာတော်အစုံ ပိဋကတ်သုံးပုံသည် အကျွန်ုပ်၏လက်ဝဲပခုံး၌ တည်တော်မူ၏။

သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဒေသနာတော်အစုံ ပိဋကတ်သုံးပုံသည် အကျွန်ုပ်၏ လက်အုပ်အဝွေလီ တင်ခြီခြင်းငှာ သင့်လျော်စွာသော ရှေ့မျက်နှာအရပ်မှ ယဉ်ကန်တောင်ထက် နေ၊ လစုံထွက်သကဲ့သို့ ဓမ္မစက်ဒေသနာ ထွန်းပေါ်လာ၍ အမှောင်အဝိဇ္ဇာ မပိတ်ကာဘဲ စိတ်ဖြာခွဲဝေ တည်စံတော်မူပေ၏။

၂။ အကျွန်ုပ်၏ ရှေ့အရပ်နှင့် သမသတ်ဖိလာ နောက်မျက်နှာ၌ ဗဟုသုတ စသည်ဧတဒဂ် ပွားတက်အစဉ် ငါးချက်တင်သော အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရား နောက်တော်ပါးက ခံစားမြဲနေ တည်စံတော်မူပေ၏။

အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ဝဲ၊ ယာ၊ လေးမျက်နှာအရပ်မှ အကျွန်အား သနားကရုဏာ မေတ္တာတော်ခြုံ ကြွရောက်တော်မူလာကုန်သည်ဖြစ်၍ ကာမာသဝ စသည်ကုန်ခန်း လွန်အေးချမ်းတော်မူကြကုန်သော ရဟန္တာအရှင်မြတ်တို့သည် သင့်ရာသင့်ရာ သံယာတော်ချင်း စပ်လျဉ်းပေါင်းဆုံတည်စံတော်မူကြကုန်၏။

မြေပြင်၊ ရေပြင်၊ ဝေဟင်ဂမာ ထက်ဝန်းကျင်သော အရပ်မျက်နှာမှ အရိယာပုထုဇဉ် စွာန်ယာဉ်စက်စီး ဗြဟ္မာကြီးတို့နှင့်တကွ နတ်နှစ်ပြည်စီး တန်ခိုးကြီးမြတ် သိကြားနတ်တို့သည် လည်းကောင်း၊ လောကပါလာစ သာသနာတော်ရေး၊ လောကရေးကို အလေးပြုလျက် စဉ်ဆက်မပြတ် မြဲစောင့်ကြပ်သော မြတ်သူတော်ကောင်း နတ်အပေါင်းတို့သည် လည်းကောင်း ရတနာတော်မြတ် သုံးလူနတ်တို့ကို ဆည်းကပ်အာရုံ တည်နေတော်မူကြကုန်၏။

၃။ ထို့ရတနာသုံးပါး၊ သိကြားဗြဟ္မာ၊ နတ်တကာတို့၏ တန်ခိုးတေဇော် အာနုဘော်တော်အားဖြင့် ခပ်သိမ်းကုန်သော ကိုးဆယ့်ခြောက်ဖြာ အနာဟူသမျှတို့သည် လည်းကောင်း၊ ရော် မီး၊ မင်းက စသည် အရပ်ရပ် ဘေးဥပဒ်တို့သည်လည်းကောင်း၊ ထို့မျှမက များလှအသွယ်သွယ် အန္တရာယ်တို့သည်လည်းကောင်း၊ လက်နက်ဝရဇိန် စက်ဘုန်းရှိန်ဖြင့် တရှိန်ရှိန်တည်ခြင်း ရန်ပုံခွင်းသကဲ့သို့ အကြွင်းအကျန် မရှိမူ၍ ကိုယ့်သန္တာန်၌ တစ်ဖန်အာသင် တစ်ရံခေတ်မှ မဖြစ်လုံးလုံး ကိစ္စတုံးအောင် ဆုံးရှုံးပျောက်ပျက်ပါစေကုန်သတည်း။ ။

အနက်မြန်မာပြန်ကို ဖတ်ရှုပြီး မန္တန်တော်ကြီး၏ ကျေးဇူးဂုဏ်အင်ကို ထင်ရှားစွာသိမြင်နိုင်လောက်ပြီဟု ယူဆပါသည်။ ရွတ်ဖတ် ပွားများ၍ အကျိုးကျေးဇူးတရားများကို ထူးခြားစွာ တိုးပွားရရှိနိုင်ကြပါစေသော်။

ကြီးပွားတိုးတက်၍
ဘေးဘယာဝေးကွာကြပါစေ
နတ်မောက်မင်းသန့်နိုင်

www.burmeseclassic.com

www.burmeseclassic.com

ကြောက်စရာအကောင်းဆုံး အနီးကပ်ရန်သူ

မစ္ဆေရုတရား

(ပြည်-ဆည်မြောင်း)

ရသဂန္ဓီရကျော်ဝင်းအောင်

ဗုဒ္ဓဘာသာဝင်တိုင်း မစ္ဆေရဆိုတဲ့ စကားကို အနည်းနှင့်အများ သိဖူး၊ ကြားဖူးလို့ နားမစိမ်းကြပါဘူး။ တကယ်တော့ မစ္ဆေရတရားဟာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောကြားခဲ့တဲ့ အဘိဓမ္မာဒေသနာထဲမှာပါတဲ့ စေတသိက်ပိုင်းထဲက အကုသိုလ်စေတသိက် ဆယ့်လေးပါးထဲမှာ ပါဝင်တဲ့ ဆယ်ပါးမြောက်စေတသိက်ကို ခေါ်တာပါ။ အဘိဓမ္မာဒေသနာဟာ သေးသေးသိမ်သိမ် တရားတော်မဟုတ်ပါဘူး။ ဝါတွင်းသုံးလပတ်လုံး နတ်ပြည်မှာ သွားဟောရတဲ့ တရားပါ။ အဘိဓမ္မာဒေသနာတရားကို နတ်၊ ဗြဟ္မာတွေဟာ အလွန် နှစ်သက်မြတ်နိုးစွာ နာယူကြတဲ့ တရားပါ။ ဒါကြောင့် အကုသိုလ်စေတသိက်ထဲမှာ ပါဝင်တဲ့ မစ္ဆေရ ဆိုတဲ့ အကုသိုလ်စေတသိက်ကို လူသားတိုင်း အမိပ္ပာယ်ပေါက်အောင် အနည်းနဲ့အများ သိရှိထားဖို့ လိုအပ်ပါတယ်။ ဒါကြောင့်-

'မစ္ဆေရဿ ဘဝေါ မစ္ဆရိယံ'

မစ္ဆေရဿ-ဝန်တိုခြင်း၏။ ဘဝေါ-အဖြစ်တည်း။ မစ္ဆရိယံ- ဝန်တိုခြင်း၏ အဖြစ်လို့ဆိုပါတယ်။ မစ္ဆေရတရားသည် ဒါနပြု လှူဒါန်းပေးကမ်းမှုတွင် ထိပ်ဆုံးကနှောင့်ယှက်ဟန့်တားသော အကြီးမားဆုံးရန်သူလည်း ဖြစ်ပါတယ်။ အကောင်အထည်မပြင်ရသော်လည်း ဝရဲကို အသံမည်ဘဲ တိုက်ရိုက်ဆွဲခေါသော အကြောက်စရာအကောင်းဆုံး ရန်သူဆိုလည်း မမှားပါဘူး။ ဒါတင်ပဲလားဆိုရင်လည်း မကဲသေးပါဘူး။ ဒေါသော၊ ကျဿာ၊ မစ္ဆေရ၊ ကုက္ကုစ္စဆိုတဲ့ တရားလေးပါးဟာ ဒေါသအုပ်စုဝင်တွေဖြစ်တာမို့ အကုသိုလ်အကျိုးဆက်ဆိုရင်လည်း မမှားပါဘူး။ အကုသိုလ်တရားမှာ အပေါင်းအဖော်ဖြစ်တဲ့ မစ္ဆေရတရားဟာ မိမိကို ကောင်းကျိုးမပေးဘဲ ဆိုးကျိုးပေးမှုသာ များပါတယ်။

အဋ္ဌကထာမှာ-

အာဝါတော၀စ၊ ကုလံလာဘော၊ ဝဏ္ဏော၊ ဓမ္မောတိ၊ မစ္ဆေရောလို့ ဆိုထားတဲ့အတိုင်း မစ္ဆေရတရားမှာ ငါးခု ရှိပါသေးတယ်။ ဘာတွေလဲဆိုတော့-

၁။ **အာဝါသမစ္ဆေရ** - မိမိပိုင်ဆိုင်ရာ အဆောက်အအုံ၊ အိမ်ရှေ့မျက်နှာစာ၊ သစ်ပင်များ၏ အရိပ်တွင်း နားခိုနေမှုကို မနာလိုဝန်တိုမှု။

၂။ **ကုလမစ္ဆေရ**- မိမိကသာ ဆွေမျိုးအသိုင်းအဝိုင်း၊ ဂုဏ်ဓနတို့နှင့် ပြည့်စုံပြီး သူတစ်ပါးက ဂုဏ်ဓနအသိုင်းအဝိုင်းနဲ့ ကုသိုလ်တရားပွားများမှု၊ လှူဒါန်းမှု၊ ပရဟိတအများအကျိုးဆောင်ခြင်းများကို မနာလိုဝန်တိုမှု။

၃။ **လာဘမစ္ဆေရ**- မိမိထက် လာဘ်လာဘများ၊ ရောင်းရေးဝယ်တာများ၊ လူချစ်လူခင် ပေါများမှုများ၊ စီးပွားဖွံ့ဖြိုးတိုးတက်မှုများ၊ အလုပ်အကိုင် တည်တံ့ခိုင်မြဲမှုများ စသော ကိစ္စအရပ်ရပ်ကို မနာလိုဝန်တိုမှု။

၄။ **ဝဏ္ဏမစ္ဆေရ**- မိမိထက် သူတစ်ပါး ချောမောလှပခြင်း၊ အဝတ်အစား သစ်လွင်တောက်ပခြင်း၊ ရွှေငွေပစ္စည်း ဝတ်စားဆင်ယင်ခြင်း စသော အခြင်းအရာများကို မနာလိုဝန်တိုမှု။

၅။ **ဓမ္မမစ္ဆေရ**- မိမိထက် တရားဘာဝနာ ပြည့်စုံခြင်း၊ အပြောအဟောကောင်းခြင်း၊ လောကီ၊လောကုတ္တရာ ဗဟုသုတရှိခြင်း၊ တရားကောင်းတရားမြတ်ကို မိမိ နာကြားသော်လည်း သူတစ်ပါး နာကြားမှာစိုးရိမ်ခြင်း စသော မနာလိုဝန်တိုမှု။

အဲဒီလို မစ္ဆေရတရား ငါးပါးဟာ ဗုဒ္ဓဘာသာဝင်တိုင်း မသိမဖြစ် သိသင့်သိထိုက်တဲ့ တရားတွေဖြစ်တဲ့အပြင် အဲဒီတရားထဲမှာပါတဲ့ မစ္ဆေရတရားထဲမှာ ငါဟာ ဘယ်လိုမစ္ဆေရတရားတွေ ကပ်ငြိနေသလဲဆိုတာ မိမိကိုယ်ကို မှန်ထဲမှာကြည့်သလို အဖြေရှာနိုင်ပါတယ်။ ဒါဆိုရင် ကိုယ်ကျူးလွန်ထားတဲ့ မစ္ဆေရတရားကို ထိန်းချုပ်ပြီး မစ္ဆေရတရားကို လွှင့်မိုးချုပ်ကိုင်ရာဖြစ်တဲ့ သဒ္ဓါတရားကိုအားထိုးလိုက်ရင် အကုသိုလ်မကပ်တော့

www.burmeseclassic.com

www.burmeseclassic.com

ဘဲ ကုသိုလ်တရားတွေ ပွားများလာပြီး သုခတိဘုံအဆင့်ဆင့်ကို တက်လှမ်းနိုင်ဖို့ လှေကားထစ်သဖွယ်ဖြစ်လို့ပါပဲ။ မစ္ဆေရတရားသည် ငရဲမှာ နှစ်ပေါင်းထောင်ချီခံရစေဆိုတဲ့ အမိန့်စာဆိုလည်း မမှားပါဘူး။ ဥပမာ ဒေဝဒတ်ကို ကြည့်ပါ။ ဘုရားကိုပြိုင်ဆိုင်ပြီး ငရဲကျသွားရတာပါ။ အဲဒါဟာ မစ္ဆေရဆိုတဲ့ မနာလိုဝန်တိုမှုပါ။

ဒါကြောင့် လူပြည်မှာ တစ်ရက်ဆိုရင် ငရဲပြည်မှာ ငရဲခံရတဲ့ ရက်ပေါင်းကိုးသိန်းလေးသန်းနဲ့ညီမျှနေလို့ပါပဲ။ အဲဒါဟာ လူတွေရဲ့ တစ်နေ့တာတစ်ရက်နဲ့ ညီမျှတယ်လို့ အဋ္ဌကထာတွေမှာ ဟောထားပါတယ်။ ငရဲဟာ အလွန်ကြောက်စရာကောင်းလှပါတယ်။ ထို့အတူပဲ တာဝတိံသာနတ်ပြည်မှာ တစ်ရက်သည် လူ့ပြည်မှ အနှစ်ငါးဆယ်နဲ့ညီမျှနေပါတယ်။ ဒါကြောင့် ကုသိုလ်ကို ပွားများပြီး အကုသိုလ်ကို ရှောင်ရှားသင့်ပါတယ်။ ယခုစာဖတ်သူတို့သိထားတဲ့ မစ္ဆေရတရားကို အကျယ်တဝင့် ရှင်းလင်းရပါဦးမယ်။ ဒါမှပဲ ရှောင်ကြဉ်ရတာ လွယ်ကူတာပေါ့။

အာဝါသမစ္ဆေရတရားဆိုတာ သူတစ်ပါးတွေ မိုးမျှော်တိုက်တာ အဆောက်အအုံ မြောက်မြားစွာ ပိုင်ဆိုင်တာတွေ၊ ကုမ္ပဏီပေါင်းများစွာ ပိုင်ဆိုင်နေတာတွေ၊ ကားတွေ အများကြီး ပိုင်ဆိုင်တာမျိုးတွေ ယနေ့လောကကြီးမှာ မြောက်မြားစွာရှိနေကြပါတယ်။ အဲဒါတွေကို ငါပိုင်ဆိုင်ရရင် ကောင်းမှာပဲဆိုတဲ့ လောဘတရားတွေဟာ တစ်နေ့တခြားပွားများလေလေ မစ္ဆေရိယတရားတွေလည်း နုရာက ရင့်သထက်ရင့်လာပြီး အတ္တစိတ်တွေ ကြီးထွားလာကာ မိမိမှာလည်း အကျိုးမဲ့လေလေ ဖြစ်လာပါတယ်။ ယုတ်မာပြီး မနာလိုဝန်တိုမှုမာမစ္ဆရိယတရားပါပဲ။ အဲဒီလို မစ္ဆေရတရားနဲ့ကျူးလွန်ပြီး သေဆုံးခဲ့ရင် မစ္ဆေရတရားကျူးလွန်ခဲ့သူတိုင်း သဲပူပူထဲမှာ ခံစားရတဲ့ငရဲကို ကျတတ်ကြောင်းကို အဋ္ဌကထာတွေမှာ ရေးသား ဖော်ပြထားပါတယ်။

ကုလမစ္ဆေရတရား ဆိုတာ သူတစ်ပါး သိန်းသန်းခြီပြီး လျူဒါန်းပြုလုပ်မှုတွေ၊ ဘုရားတည်၊ ကျောင်းဆောက်မှုတွေ၊ မိဘဆွေမျိုးများနဲ့ သိုက်သိုက်ဝန်းဝန်း ရှင်ပြုနားသအလှူပြုမှုတွေ၊ သူတစ်ပါး ကုသိုလ်ဘာဝနာပွားများ လုပ်ကိုင်မှုတွေကို ဘေးကနေကြည့်ပြီး သူထက်သာအောင် လျူဒါန်းသူ၊ အပြိုင်အဆိုင် ငါလည်းလုပ်မယ် ဆိုတဲ့ အတ္တစိတ်တွေ၊ မနာလိုဝန်တိုတဲ့ မစ္ဆေရတရားက ဝမ်းမြောက်ကြည်နူး သာခုခေါ် မုဒိတာမဖြစ်ဘဲ အကုသိုလ်တရား ငွေကြေးကုန်ကျမှုမရှိဘဲ ဝယ်ယူတဲ့သူလို ဖြစ်သွားတာပါ။ စိတ်ကို အကုသိုလ်တရား ခြယ်လှယ်ပုံက ကြောက်စရာကောင်းလှပါတယ်။ အဲဒါဟာ ကုလမစ္ဆေရတရားပါ။

လာဘမစ္ဆေရတရားကတော့ နည်းနည်းကျယ်ဝန်းလှပါတယ်။ လာဘ ဆိုတာ ပေါ်များချမ်းသာတာလို့ ရည်ညွှန်းအချက်ပါပဲ။ စျေးရောင်းတာချင်းအတူတူ၊ ကုန်ပစ္စည်းအရည်အသွေးချင်းအတူတူ၊ ရောင်းချစျေးကလည်း အတူတူဆိုပေမယ့် သူတစ်ပါးက ရောင်းရေးဝယ်တာ သွက်လက်ပြီး အမြန်ကုန်သွားတာမျိုးကို မနာလိုဝန်တိုခြင်းဘဲ ဖြစ်ပါတယ်။ ဒီမစ္ဆေရတရားဟာ လူတိုင်း အဖက်ဖက်က ဖြစ်နိုင်တဲ့ မစ္ဆေရတရားပါ။ သူ့လယ်က နှမ်းထွက်ကောင်းတယ်၊ စပါးထွက်ကောင်းတယ်၊ လယ်မြေယာမြေချင်း ထိစပ်ရက်နဲ့ ငါ့လယ်တွေ၊ယာတွေကျတော့ မထွက်ဘူးဆိုပြီး မနာလိုဝန်တိုမှုဖြစ်လာတာဟာ လာဘမစ္ဆေရလို့ ခေါ်ပါတယ်။ ပြီးတော့ ရာထူးချင်းအတူတူ သူက အတိတ်ကံကောင်းလို့ ကိုယ့်ထက်သာသွားတာကို ကံ့ကော်၏အကျိုးကိုမကြည့်ဘဲ ကိုယ့်ထက်သာသွားတဲ့သူကို အပြစ်မဲ့ရင်ထဲကနေ အမုန်းပွားတာလည်း လာဘမစ္ဆေရတရားပါပဲ။

တချို့ဆိုရင် ဌာနဆိုင်ရာလုပ်ငန်းတွေမှာ လုပ်သက်ရော အသက်အရွယ်ပါရှိပြီး ဘက်စုံလုပ်ငန်းလုပ်နိုင်တဲ့သူကို ဘေးကနေ မနာလိုအမုန်းပွားပြီး ချောက်တွန်းရာ အစအဆုံးမသိတဲ့ ကြီးကဲသူက ရာထူးက ရပ်ဆိုင်းတာတို့ဆိုတာ လာဘမစ္ဆေရတရားအပြင် ရာထူးရပ်ဆိုင်းခံရတဲ့သူရဲ့ မိသားစုအသိုက်အဝန်း ဒုက္ခရောက်ရပါတယ်။ ဒီတော့ အာဝါသမစ္ဆေရတရားပါ ကျူးလွန်မိပြန်ပါတယ်။ အဝါယ်ကိုကျနိုင်လောက်တဲ့ တွန့်တိုဝန်တိုမှုဆိုရင် မမှားပါဘူး။ တခြားတိုင်းပြည်က လူမျိုးတွေထက် ကွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေမှာ ဘာသာရေးကို အခြေခံကျကျ မလေ့လာရလို့လား မသိဘူး။ မစ္ဆေရတရား အဖြစ်များဆုံးပါ။ ယောကျ်ားသားထက် မိန်းမတွေက ပိုပြီး အဖြစ်များပါတယ်။

ဝဏ္ဏမစ္ဆေရတရား ဆိုတာလည်း ပုရိသယောကျ်ားလေးတွေထက် မိန်းကလေးတွေမှာ ကြောက်ဖို့ကောင်းလောက်အောင်ရှိနေပါတယ်။ ဒါက ဘုရားဟာသုတ္တန်အရ ပြောတာပါ။ မိမိထက် အသားအရေ၊ အရောင်အဆင်း၊ အသွေးအမွေး၊ အဝတ်အစား၊ စက်ဘီး၊ ဆိုင်ကယ်၊ ကားအရေအတွက်၊ အမျိုးအစား၊ တိုက်တာအဆောက်အအုံ၊ ဘွဲ့ဒီဂရီ၊ ဆွေမျိုးအသိုင်းအဝိုင်းတွေကို ဘယ်သူက လှပချောမောနေနေ မချောမောမလှပသူက စက္ခုဆိုတဲ့ အမြင်ဓာတ်က လေးတစ်ခုနဲ့ မစ္ဆေရတရား ပေါ်ပေါက်တာကို ဝဏ္ဏမစ္ဆေရတရားလို့ ခေါ်ပါတယ်။

ဓမ္မမစ္ဆေရတရား ဆိုတာလည်း မိမိထက် လောကီ၊ လောကုတ္တရာတရားတွေ၊ ပညာတွေ ပိုမို တတ်မြောက်တာကို မုဒိတာမဖြစ်ဘဲ မနာလိုဝန်တိုခြင်း၊ တရား ဓမ္မဟောပြောရာတွင် မိမိထက် ပိုမိုသာလွန်သည်ကို မနာလိုဝန်တိုဖြစ်ခြင်း၊ သူတစ်ပါး ထွန်းပေါက်နေတာကို မမြင်ချင်ဘူး။ မိမိကသာ သူလိုဖြစ်ချင်စိတ် အမြဲဖြစ်ပေါ်နေတာဟာ ဓမ္မမစ္ဆေရတရား ဖြစ်ပေါ်နေတာပါပဲ။ ဒါကတော့ လူပုဂ္ဂိုလ် ဖြစ်စေ၊ အခြားမည်သူမဆို ဒီဓမ္မမစ္ဆေရတရားက ဖြစ်ပေါ်လေ့ရှိတယ်။ ဒါကလည်း အပါယ်ကျမယ့် အကုသိုလ်တရားပါ။ ဒါတွေကိုမဖြစ်ပေါ်စေဖို့ နည်းလမ်းကောင်းများမရှိဘူးလားမေးရင် ရှိတယ်လို့ ဖြေကြားရပါလိမ့်မယ်။

အဲဒီလို မစ္ဆေရတရားရဲ့ နှမြောတွန့်တိုဝန်တိုမှု ဆိုတဲ့ အကုသိုလ်တရားတွေက ကင်းဝေးပြီး ကုသိုလ်တရားတွေ ပွားများစေတဲ့ သုခတိဘုံအဆင့်ဆင့် ရောက်စေနိုင်တာက-

၁။ သဒ္ဓါ

၂။ ဒါန

၃။ မုဒိတာ ဆိုတဲ့ အချက်သုံးချက်ကို ဆုပ်ကိုင်လိုက်ရင် မစ္ဆေရတရားဟာ မဝင်လာနိုင်တော့ပါဘူး။ မစ္ဆေရတရားဟာ လောဘ ဆိုတဲ့ အနွယ်အပွားတွေပါ။ အဲဒီ လောဘရဲ့အနွယ်အပွားတွေ ပျက်အောင် အလောဘဆိုတဲ့ ပိန်းကြာရွက်ပေါ် ရေမတင်သကဲ့သို့ တွယ်တာကပ်ငြိမှုတွေမရှိတဲ့ သဒ္ဓါတရားတွေ၊ ဒါနတရားတွေ၊ မုဒိတာပွားများစိတ်တွေရှိခဲ့ရင် သူတစ်ပါးကြီးပွားတာ၊ ချမ်းသာတာ၊ လှတာ၊ ချောမောတာတွေကို မြင်ခဲ့ရင် သူတို့ဟာ ဟိုဘဝက ကုသိုလ်ကံတွေ ဒီဘဝလာပြီး အကျိုးပေးတာပဲဆိုပြီး မုဒိတာတရားနဲ့ ဝမ်းသာကြည်နူးနေခဲ့ရင် နှစ်ဦးနှစ်ဖက် အကုသိုလ်မဖြစ်ဘဲ ကုသိုလ်ဖြစ်စေမယ်။ အကုသိုလ်ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတော်ခြင်း

မဟာဂန္ဓာရီတက်လမ်းနှင့် ဇော်ဂျီ၊ ရသေ့တို့ကျင့်ထုံး

ကျွန်ုပ်တို့သည် ငယ်စဉ်အခါ ကလေးဘဝမှာပင် ဇော်ဂျီ၊ ရသေ့၊ ဝိဇ္ဇာဓိရိတို့အကြောင်းကို နားရည်ဝခဲ့ကြပါသည်။ ဇာတ်ပွဲများ၊ ရုပ်သေးပွဲများတွင် ရသေ့များ၊ ဇော်ဂျီများကို မြင်တွေ့နေရသည်။ စာဆိုတော် ဦးကြင်ဉ၏ ကဗျာများထဲတွင်လည်း ဇော်ဂျီအကြောင်း ဖတ်ရပြန်ပါသည်။ ထိုဇော်ဂျီများ ဖိုဝင်ပြီးပါက ဝိဇ္ဇာဓိရိဖြစ်ကြောင်းနှင့် တန်ခိုးသိဒ္ဓိကြီးဆယ်ပါးရရှိကြောင်း၊ နတ်ပြည်မှာသာပေါက်သော အာသာဝတီနွယ်နတ်ပန်းတို့သည် နတ်တို့၏ အသက်တစ်ထောင်တွင် တစ်ကြိမ်သာပွင့်၏။ သီး၏။ စားနွင့်ကြဲ၍ စားရပါမူ နှစ်တစ်ထောင် အသက်ရှည်သည်ဟု ဆိုကုန်၏။

ကျွန်ုပ်အနေဖြင့် ဇော်ဂျီတို့ ရရှိသော သိဒ္ဓိများကို တင်ပြလိုပါသည်။

ဇော်ဂျီသည် အနည်းဆုံး သိဒ္ဓိခြောက်ပါး ပြည့်စုံအောင် ပေါက်ရောက်၏။ ကောင်းကင်တွင် အလိုအလျောက် သွား၊ိုင်၏။ မြေကိုလျှိုးနိုင်၏။ လူတို့စားသောက်သော အစားအစာကို မစားမသောက်ဘဲ နေနိုင်၏။ ကျင်ကြီး၊ ကျင်ငယ်တို့ မစွန့်ရ။ အသက်ရှည်၍ အနာကင်းပြီးလျှင် အလွန် လှပအောင် စီမံ၍ နေနိုင်၏။ ဆံပင်၊ မုတ်ဆိတ်တို့ မနုတ်ရ၊ မသင်ရ။ ဒုက္ခရောက်သူကိုလည်း ကယ်မနိုင်၏။ ရွှေမိုး၊ ငွေမိုးကိုလည်း ရွာစေနိုင်သည်။ မိစ္ဆာနှင့် အောက်နတ်တို့ကိုလည်း နှိုင်နင်း၏။ ထိုထိုသော တန်ခိုးတို့နှင့် ပြည့်စုံလေသည်။ ဖိုဝင်ပြီးမှသာ ဝိဇ္ဇာဓိရိ ဖြစ်သည်ဟု မှတ်အပ်သည်။ ဖိုဝင်နည်းပေါင်း များစွာရှိလေသည်။

စမစည်းကမ်းဝိဇ္ဇာလမ်း

စများ ရေးသားရာတွင် ဝိဇ္ဇာဓရ ဂန္ဓိရုပညာ မှန်ကန်မှုရှိ၊ မရှိသိရန် လွန်စွာ ခဲယဉ်းလှပါသည်။ ထိုသို့ ခဲယဉ်းကြောင်းကို ရှေးက ဆရာသခင်တို့က အောက်ပါအတိုင်း ရေးသားထားခဲ့ပါသည်။

အဋ္ဌာရသကျော်ဟိုး အတတ်မျိုးကို အစိုးရသော အက္ခရာစတု လေးခု သောဓာတ် လေးရပ်သောဒေသ ပါပသူရ အမြိတ္တ ကောလီ ပထဝီ အာပေါ တေဇေ ဝါယ ဣုဟ်အိမ်ချ၍ ခက်မလေးဖြာ သားပြီးခါမ ညီစွာစတုရန်း ကြက်ခြေသန်း၍ ဂဏန်းလည်းပြု ရမူအက္ခရာ လိုရှိရာက ချမည်ပင်။

ခြေသ့်ထီးဆောင်း အပေါင်းဝင်ရာ ဥသာစိန်ပန်း ဒန်းလှကိုရှာ ချတုံပါမှ ဣုဟ်ဇီဝကို လေးဝလေးခွင် တစ်ခွင်စီပြု စတုပညာသ ဂဏန်းကျလိမ့် ဝရ ကနကလေးပါး စက္ကန့်သွားက တွေ့ငြားအက္ခရာ တစ်လုံးသာလျှင် ကျော်စောထင်သည် သူပင် သိဒ္ဓိအချုပ်တည်း။

ထို့မှတစ်ပါး-

ဝဗျည်းတစ်လုံး နည်းထုံးကျကျ ရေးတတ်ပါက အတိုးအလျှ ဝဗျည်းနက်ကျယ် သုညဝယ် အလွယ်မမှတ်နှင့် ဒါကြောင့် ဒုလ္လဘတရားငါးပါးနဲ့ ပြည့်စုံနေတဲ့ ယခုအခါ မြတ်စွာဘုရားရှင်ရဲ့ သာသနာတွင်း လူလာဖြစ်ခိုက်မှာ မိမိဘဝ အရတော်စေဖို့ အကုသိုလ်တရားပွားများရာဖြစ်သော ဒေါသ၊ ကွသာ၊ မစ္ဆေရ၊ ကုက္ကစ္စ ဆိုတဲ့ ဒေါသအုပ်စုတရားတွေနဲ့ ဝေးသထက်ဝေးအောင်၊ စိတ်ကိုစင်ကြယ်အောင်၊ သမာဓိဖြစ်စေမယ့် ဇကာဂွတာလို့ခေါ်တဲ့ တစ်ခုတည်းသော အာရုံဖြစ်လာအောင် ကမ္မဋ္ဌာန်းလေးဆယ်ထဲက မိမိနဲ့ ကိုက်ညီရာ ကမ္မဋ္ဌာန်းကိုဖြစ်စေ ပွားများအားထုတ်မယ်ဆိုရင် စိတ်စင်ကြယ်လာပြီး ခန္ဓာကွန့်ကိုဝန်တိုမှု ဆိုတဲ့ မစ္ဆေရတရားက လွတ်ကင်းပြီး ကုသိုလ်အဆင့်ဆင့်နဲ့ သုခတိဘုံအဆင့်ဆင့်ကို တက်လှမ်းမှာဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်ကာ လေ့လာသိရှိသင့်ရွေ့ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ရသေ့ဘွဲ့ရကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်း)

မယ့် အောက်ကအချက်တွေကို ရှောင်ဖို့လိုပါတယ်။

၁။ **မုသာဝါဒ**- သိရက်နဲ့ မဟုတ်မမှန်ပြောဆိုမှု၊

၂။ **ပိသုဏဝါစာ**- ကုန်းချောခြင်း၊တစ်ဦးနဲ့တစ်ဦး စိတ်ဝမ်းကွဲအောင်ခွဲခြင်း ပြောဆိုမှု၊

၃။ **ဖရုသဝါစာ** - ယုတ်မာညစ်ညမ်းကြမ်းတမ်းသောစကားပြောဆိုမှု၊

၄။ **သမ္ဖပ္ပဝါစာ** - သိမ်ဖျင်းသောစကားပြောဆိုမှု။

အထက်ပါအချက်တွေကို ရှောင်နိုင်ခဲ့ရင် သမ္မာဝါစာမဂ္ဂင်လို့ခေါ်ပါတယ်။ ဒါဆိုရင် မဂ္ဂင်ရှစ်ပါးထဲက တစ်ပါးရပြီလို့ဆိုနိုင်ပါတယ်။ ဒါတွေကို ထိန်းသိမ်းနိုင်ရင် မစ္ဆေရတရား မဖြစ်ပေါ်နိုင်ပါဘူး။ နောက်တစ်ခုက ကာယကံမြောက် မစ္ဆေရတရား မဖြစ်ပေါ်နိုင်အောင် ထိန်းသိမ်းပေးမယ့် ကာယကံမှသုံးပါး ရှိပါသေးတယ်။ ဒါတွေကတော့-

၁။ **ပါဏာတိပါတာ**- သူ့အသက်ကို သတ်ခြင်း၊

၂။ **အဒိန္နာဒါနာ**- အရှင် ကိုယ်၊ နှုတ်နဲ့ မပေးသော သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း။

၃။ **ကာမေသုမိစ္ဆာစာရာ**- သူတစ်ပါး အိမ်ရာကို အလိုမတူ လွန်ကျူးခြင်း

စတဲ့တရားတွေဟာ မစ္ဆေရတရားက မြစ်ဖျားခံလာပြီး မနာဝန်တိုခြင်းကြီးထွားလာရာက သူ့အသက်သတ်ခြင်း၊ သူတစ်ပါးမပေးဘဲ ခိုးယူခြင်း၊ လိုချင်တပ်မက်မှုတွေများပြီး သူ့သားမယားကို လွန်ကျူးခြင်း ဆိုတဲ့ အကုသိုလ်တရားတွေဟာ လောကီလူဘောင်ထဲမှာလည်း မင်းမဲ့စရိုက်ဆန်စွာ ဖြစ်တတ်ပျက်တတ်ပါတယ်။ ဒါတွေကို ရှောင်ကြဉ်ထိန်းသိမ်းနိုင်ဖို့အတွက် ယောနိသော မနသိကာရ ဆိုတဲ့ သင့်တင့်လျောက်ပတ်စွာ နေထိုင်နိုင်ခဲ့ရင်၊ အကုသိုလ်မစ္ဆေရတရားတွေက ကင်းဝေးပြီး ရှောင်ရှားနိုင်ရင်၊ အသက်မွေးနိုင်ရင် သမ္မာအာဇီဝမဂ္ဂင် ဖြစ်ပါတယ်။ ဒါတွေကို လိုက်နာမယ်ဆိုရင် ကုသိုလ်တရားတွေ ပွားများပြီးသားပါ။

www.burmeseclassic.com

www.burmeseclassic.com

ကရဏီယ အောက်ဝလေးထောက် ပုဂံခင်ကြီး ထီးနန်းပျောက် ကရဏီယ အောက် ဝလေးထောက် ရှမ်းကခင်ကြီး ထီးပါပျောက် မြင်းမိုရ်တောင်အောက် ခမောက်နဲ့ ကွဲဖြူ ထွန်ချင်သူများလှ ပြာထွားငဲ့လေ။ ကုလားမသား သုံးယောက်ဖွား ငါသားညီနောင် ရှင်ကိုသောင် ကျော်ခေါင်သိဒ္ဓိ တုမရှိဟု စပ်ဆိုတော်မူခဲ့ပါသည်။

စမဝိဇ္ဇာကျင့်စဉ်လမ်းဖြင့် ကျင့်ခဲ့ပါမူ မဟာဂန္ဓာရီလမ်း တက်လှမ်းရန် လွယ်လင့်တကူ ဖြစ်ပါသည်။ မဟာဂန္ဓာရီ လမ်းစဉ်သည် သာမန်အကျင့်နှင့်တော့ မရနိုင်ပါ။ မဟာဂန္ဓာရီ တက်လမ်းစည်းကမ်း (၁၁) ချက် ရှိနေပြန်ပါသည်။ ရှေးက ဆရာသခင် သူတော်ကောင်းကြီးများ ထားရစ်ခဲ့သော ဂန္ဓာရီလမ်းတက်ရန် စည်းကမ်းများကို အောက်တွင် ရေးသားတင်ပြလိုက်ပါသည်။

မဟာဂန္ဓာရီလမ်းတက်ရန်စည်းကမ်း

၁။ ယုတ်မာညစ်ဆိုး မကောင်းမှုမျိုးကို တစ်ရံတစ်ခါမှ မပြုကျင့်ရ။

၂။ တရားသဖြင့်ရသော ပစ္စည်းများကိုပင် မလိုချင်ဘဲ ရှောင်လွှဲ၍ ကျင့်ရန်။

၃။ အဖော်မပါ တစ်ယောက်တည်း တရားလုပ်ငန်း ကမ္မဋ္ဌာန်းနှင့် ပျော်မြိုးနေထိုင်ရမည်။

၄။ ဆရာ၊ မိဘ အလိုကျအောင် ပရိသတ်ကို ဆွဲဆောင်ရန်။

၅။ ကမ္မဋ္ဌာန်းအာရုံ ရအောင် အားထုတ်ရန်။

၆။ ရပြီးသော ကမ္မဋ္ဌာန်းအာရုံကို ထင်သည်ထက်ထင်အောင် အထူးကြိုးစားရမည်။

၇။ ထိန်းသိမ်းထားသော သီလကို အမှန်တကယ် လုံခြုံအောင်ထိန်းရမည်။

၈။ ပညာရှိကို ချစ်ခင်မြတ်နိုး ရိုကျိုးခပ်ရမည်။

၉။ မင်းဖိုလ်နိဗ္ဗာန်ကိုသာ အလိုချင်ဆုံးထား၍ တရားအားထုတ်ရမည်။

၁၀။ လွယ်လွယ်ကူကူ မဆင်းရဲ မပင်ပန်းဘဲနှင့် သမာဓိကို ရစေရမည်။

၁၁။ ဆရာ့ ဆရာ သူတော်စွာတို့ ပြုသမျှကုသိုလ်၊ ဆည်းပူးသမျှပါရမီတို့ကို ကုန်စင်အောင် ခံစားရပါလို၏ဟု ဆုတောင်းရမည်။

ရသေ့ရှစ်သောင်း သူတော်ကောင်းများ ရသေ့ဝတ်နှင့် တရားအားထုတ်လျက် ပထမံအလုပ်ကိုလည်း မပျက်ကွက်ရအောင် အောက်တွင် ဖော်ပြထားသော ရသေ့တို့၏ကျင့်စဉ်လမ်းစ ရေးသားပြလိုက်ရပါတော့သည်။

ရသေ့တို့ကျင့်ထုံး

သိဒ္ဓိဆယ်ပါး အစဉ်သွားရန် ခြုံခြံတပသ ဣသရမုနိ အဂ္ဂိသက္ခ သာဂီယ၏ တပည့်တပသ ကျင့်ရဝဋ်ဆို နိဒါန်းဆင်အံ့။ ယခင်လုပ်ခန်း တက်မြှင့်လမ်းဖြင့် ဖြောင့်တန်းပထဝီ သိဒ္ဓိညီသော် ဇော်ဂို့ရသေ့ ဝတ်လေ့လျှော်တေ သစ်နက်ရေနှင့် ဆောင်းလေဒေါက်ခြာ လက်မှာ ပတ်ထား ဂုဏ်ကားပုဟီး လုံးလည်းတွက် စစ် တစ်ရာ့ရှစ်တည်း။

ခံလစ်သီလ အဌင်္နှင့် တူကွမကွာ ဘာဝနာမှာ ရတနာသုံး စုံရုံးဂုဏ်တော် ရွတ်သော်မပျက် ပဥ္စင္ဒန္ဓာ အနိစ္စာနှင့် ဒုက္ခာအနတ္တ နေ့ညဖန်ဖန် ပွားပြန်မေတ္တာ သတ္တဝါအား ဝမ်းထွက်သားလို့ သနားချစ်ခင် မြင်မြင်သမျှ ခိုးခဲမြောက်ရ၏။ ဝါဒမတူ လူမိုက်မူကား လျစ်လျူပယ်ထား မပွားဒေါသ မာနမထွက် ဤရက်ဤလ ဤဌာနတွင် ဤမျှဤလည်း နေမည်ဓိဋ္ဌာန် ဖြောင့်မှန်သစ္စာ ခြုံခြံရာသည် ဆရာရသေ့ ကျင့်ထုံးတည်း။

စသည်ဖြင့် ပေမူကျမ်းလာရှိခဲ့ပါတော့သည်။

ကျွန်ုပ် ယခု ရေးသားတင်ပြသော အကြောင်းများကို အမှန်တကယ် ကျင့်လိုသော အမျိုးကောင်းသားများနှင့် လောကအလယ် တင့်တယ်စွာ စီးပွားအာဏာ သြဇာကြီးမား တန်ခိုးထွားလိုပါက ကျင့်သွားနိုင်ရန် အောက်တွင် ရေးသား ဖော်ပြပေးလိုက်ပါသည်။ လူဘဝ အစက ပဋိသန္ဓေယူရလေ၏။ သန္ဓေမျိုးစေ့ သက်တမ်းပြည့်အောင်ဆိုလျှင် ကိုးလနှင့်ဆယ်ရက် သတ်မှတ်လိုက်ပြီး ဝိဇ္ဇာခရီး အပြီးရောက်စေရန် ဂဗ္ဘဿကျင့်စဉ်ကို ကျင့်ရမည် ဖြစ်ပါသည်။

ဂဗ္ဘဿကျင့်စဉ်

(က) အဓိဋ္ဌာန်ကာလ သတ်မှတ်ရန်၊ အဓိဋ္ဌာန်ကာလကို ကိုးလနှင့် ဆယ်ရက် သတ်မှတ်ပါရန်၊ အရပ်အနားမရှိဘဲ သွားရန်။

(ခ) သီလထိန်းရာတွင် အာဇီဝဋ္ဌမက သီလထိန်းရန်၊ စာချစ်သူများ လွယ်လင့်တကူဖြစ်စေရန် အာဇီဝဋ္ဌမကသီလကို ရေးသား ဖော်ပြပေးလိုက်ပါသည်။

အာဇီဝဋ္ဌမကသီလ

၁။ ပါဏာတိပါတာ ဝေရမဏိ
၂။ အဒိန္နာဒါနာ ဝေရမဏိ
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိ
(သမ္မာကမ္မန္တမဂ္ဂင်အရ)
၄။ မုသာဝါဒါ ဝေရမဏိ
၅။ ပိသုဏဝါစာ ဝေရမဏိ
၆။ ဖရုသဝါစာ ဝေရမဏိ
၇။ သမ္ဖပ္ပလာဝါစာ ဝေရမဏိ
၈။ မိစ္ဆာဇီဝါ ဝေရမဏိ
(သမ္မာဝါစာမဂ္ဂင်အရ)
ထိန်းရန် ဖြစ်ပါသည်။

(ဂ) သမ္ဘဒ္ဒေဂါထာ ပုတီးစိပ်ရန်။

ထိုဂါထာသည် ပထမံကြီး စိပ်သွားသော (ရွက်ဆိုသွားသော) သမ္ဘဒ္ဒေဂါထာဟု ဆိုပါသည်။

စာချစ်သူများ အသင့်ဖြစ်ရန် အောက်တွင် ရေးသား ဖော်ပြပေးလိုက်ပါသည်။

ပထမံ သမ္ဘဒ္ဒေဂါထာတော်

သမ္ဘဒ္ဒေ အဒ္ဒဂိသဉ္စ၊ ပဉ္စသတ သဟဿာနိ၊ ဒ္ဝါဒသဉ္စ သဟဿကွေ၊ ဂင်္ဂါယံ ဝါဠုကာစုဏ္ဏေ။
ပရာဇေတွာ ဗဟုပုလ္လေ၊ နမာမိ သိရသာမဟံ၊ တေသံ ဓမ္မဉ္စ သံယဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာ နုဘာဝေန ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊ အနေကာ အန္တရာ ယာပိ၊ ဝိနဿန္တု အသေသတော။

မှတ်ချက်။ ဂါထာ (၃) ပါဒလုံးဆုံးမှ ပုတီးတစ်လုံးချစနစ်ဖြင့် (၁၀၈) လုံး ဂုဏ်တော်ပုတီးတစ်ပတ်စိပ်ရန် ဖြစ်သည်။

(ဃ) လိုလား တောင့်တသော ဆုတစ်ခုတောင်းပါ။

(င) ဝေနေယျအများကို မေတ္တာအထူးထားပို့သပါ။

မှာကြားချက်

အဓိဋ္ဌာန်တို့၏ ထုံးတမ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

ဂဗ္ဘိရကျင့်စဉ်ဖြင့် ဝိဇ္ဇာပေါက်ပြီး မဟာဂန္ဓာရီလမ်းကို လျှောက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါတော့သည်။

ပညာတိုးပွား၍ အကျိုးများကြပါစေ။

ဘုန်းခေါင်

ကိုးကား-

၁။ သာသနာ့ဝိဇ္ဇာပါရဂူကျမ်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ ကျောင်းနေဖက် သူငယ်ချင်းမ မေမျက်ဝန်းသည် ထီသုံးကြိမ် ပေါက်ခဲ့ဖူးပြီ ဖြစ်ပါသည်။ ထီတစ်စောင်လျှင် (၂) ကျပ်အခ်ိန်က (၇၀၀) ကျပ် ဆုတစ်ကြိမ်၊ (၅၀၀၀)ကျပ်ဆု တစ်ကြိမ် ပေါက်ခဲ့ဖူးပါသည်။ ယခု မကြာသေးဟု ဆိုနိုင်သော လွန်ခဲ့သည့် (၅) နှစ်ခန့်က သိန်းတစ်ရာ ယူနစ်ဆုဝင်ပြီး ထီပေါက်ခဲ့ပြန်ပါသည်။

တစ်နေ့ သူငယ်ချင်းမ မေမျက်ဝန်း၏အိမ်သို့ ကျွန်ုပ် အလည်ရောက်ရှိသွားပါသည်။

"ဂဿိရဆရာကြီး၊ ဘယ်ကလှည့်လာတာလဲ။ ကော်ဖီလား၊ လက်ဖက်ရည်လား ဖျော်လိုက်မယ်နော်။ ထိုင်ပါဦးဟ"

"ထိုင်မှာပေါ့ဟ၊ နင့်အမျိုးသားကော ဘယ်သွားလဲ မျက်ဝန်း"

"မောင် ခရီးထွက်သွားတာ သုံးရက်လောက်ရှိပြီ။ မနက်ဖြန် သန်ဘက်ခါလောက်မှ ရောက်မယ်ဟ။ ဘာလဲ-နင်က မောင်နဲ့တွေ့ရအောင် လာတာလား၊ ငါ့ဆီ သူငယ်ချင်းဆိုပြီး အလည်ဝင်လာတာလား"

"နှစ်မျိုးစလုံး ဟုတ်ပါတယ် မျက်ဝန်းရာ။ နင်ကလေ ကျောင်းတုန်းကအတိုင်းပဲ၊ တန်းပြီး ဂျီကျတာပဲနော်။ နင်တို့ငါတို့ အသက်တွေ မငယ်တော့ဘူးလေ။ လေးဆယ်ကျော် ငါးဆယ်နားကပ်နေပြီ။ နင့်သားကြီးနဲ့သမီးကော"

"သမီးက အပေါ်ထပ်မှာ သူ့သူငယ်ချင်းတွေနဲ့ ကွန်ပျူတာကိုင်လို့ဟ။ သားကြီးကတော့ ဆိုင်ကယ်တစ်စီးနဲ့ လည်လို့ပတ်လို့ပေါ့"

"အေးဟာ- နင့်တို့ဘဝ ပြည့်စုံတော့ လိုလေသေးမရှိပါဘဲ။ တိုက်နဲ့ကားနဲ့၊ ခြံနဲ့ဝင်းနဲ့"

မေမျက်ဝန်းခေါ် သူငယ်ချင်း မျက်ဝန်း အနည်းငယ် တွေဝေသွားပါသည်။ ပြီးတော့-

"သူငယ်ချင်းရယ်၊ ငါ့ဘဝ ကျောင်းသူဘဝမှာ ဘယ်လောက်ဆင်းရဲခဲ့တယ်ဆိုတာ နင်သိပါတယ်ဟာ။ လက်ဖက်ရည်ဆိုင်မှာ မိန်းကလေးစားပွဲထိုးလုပ်ခဲ့ရတာ၊ ဘီယာဆိုင်မှာ မိန်းကလေးဝိတ်တာလုပ်ခဲ့ရတာတွေ တွေးမိရင် ဝမ်းနည်းမိရပါသေးတယ်ဟာ"

ကျွန်ုပ်သူငယ်ချင်း မေမျက်ဝန်းခေါ် မျက်ဝန်းနှင့်

ထီပေါက်စေကြောင်း ဂါထာကောင်း

နတ်မောက်မင်းသန့်နိုင်

www.burmeseclassic.com

www.burmeseclassic.com

"ဒါကတော့ လောကဓံတရားပဲ မျက်ဝန်းရယ် မဆန်းပါဘူးဟာ။ ငါလည်း ကျွဲကျောင်း၊ နွားကျောင်း၊ စပါးရိတ်ရင်း နဲ့ ကျောင်းတက်ခဲ့ရတာပါပဲ။ ဝမ်းနည်း စရာမလိုပါဘူး။ ပစ္စုပ္ပန်တည့်တည့်ပဲ ရှုရအောင်။ ငါ့ကို ကော်ဖီတစ်ခွက် ဧည့်ဝတ်ပြုဟာ"

"ဟင်းဟင်းဟင်း- ဟုတ်ပါရဲ့၊ လေနဲ့ဧည့်ခံသလိုဖြစ်နေပြီ။ ခဏလေးနော် မင်းနိုင်"

ထို့နောက် ထို့နောက် သူငယ်ချင်း မေမျက်ဝန်းသည် ကော်ဖီသာမက မုန့် နှင့် ကျွန်ုပ်အလွန်နှစ်သက်သော စီးက ရက်နှင့်ပါ ဧည့်ဝတ်ပြုပါလေသည်။

"မင်းနိုင်၊ မောင်က ဆေးလိပ် မသောက်ဘူး။ အဲဒါ သူ့တပည့်တစ် ယောက် လာကန်တော့တာ။ နင်အပြန် လက်ဆောင်ပေါ့ဟာ။ တစ်ကာတွန်းလုံး ယူသွားဟာ"

"အတော်ကြီး မင်္ဂလာရှိတဲ့စကား ပဲဗျေ့ ဟား ဟား ဟား ဟား"

"ဟင်းဟင်းဟင်း - မင်းနိုင်ရယ်၊ နင်ကလည်းဟန်ဆောင်ပန်ဆောင်လေး နေပါစေတောင် မရှိဘူး ဟင်း ဟင်း ဟင်း"

ကျွန်ုပ်နှင့် မေမျက်ဝန်းတို့ ဆယ် တန်းကျောင်းသား၊ကျောင်းသူဘဝလို လွတ်လပ်ပေါ့ပါး ဟန်ဆောင်ပလ္လားမှု ကင်းစွာ ရယ်မောလိုက်ကြပါသည်။

မေမျက်ဝန်း ဧည့်ခံသော ကော်ဖီ ကိုသောက်၊ မုန့်နှစ်ခုစားပြီးနောက် ခံ တွင်းချဉ်လာသဖြင့် စီးကရက်တစ်လိပ် ကို မီးညှိ၍ ဖွာရှိုက်လိုက်မိသည်။ ထို့ နောက် ကျွန်ုပ် လာရင်းကိစ္စကို ပြောပြ ရသည်။

"နင့်လူက သူ့ခရီးခဏခဏထွက် ရလွန်းလို့ ခရီးသွားရင် ရွှတ်ဆိုဖို့ အ ကောင်းဆုံး၊ ငါအကြိုက်ဆုံးဂါထာပေး စမ်းပါဆိုလို့ ရေးလာတာရော့။ နောက် ပြီး နင်ထိသုံးကြိမ်ပေါက်ခဲ့ဖူးတာလည်း ငါသိချင်တယ်။ နင့်မှာ လျှို့ဝှက်ချက်ရှိ မယ်လို့ ငါတစ်နေ့က စဉ်းစားမိလို့ လာခဲ့ တာဟာ"

မေမျက်ဝန်းက အတန်ကြာ ပြုံး နေပြီးမှ အနည်းငယ်တည်သွားကာ စကားပြင့်လာပါသည်။

"ဟုတ်တယ် မင်းနိုင်၊ ငါထိပေါက် ခဲ့ရတဲ့ လျှို့ဝှက်ချက် ရှိပါတယ်။ ဒီအ ကြောင်းကို မောင်ကတောင် မမေးဘူး။ နင်ကကော ထိပေါက်တုန်း ပူပူနွေးနွေး တုန်းကမမေးဘဲ ခုမှ ဘာလို့ မေးရတာ လဲ။ အဲဒါပြော"

"မျက်ဝန်းရဲ့၊ ငါက မေးမလို့ လာ ပါတယ်ဆို နင်က ပြန်ပြီး မေးခွန်းထုတ် နေပါပြီ"

"မရဘူး မရဘူး၊ ခုမှ လာမေးတဲ့ အကြောင်းပြော။ အဲဒါမှ ငါကလည်း ငါ ထိပေါက်တဲ့ လျှို့ဝှက်ချက်ကို ပြောပြ မယ်။ give and take ပေါ့ဟာ ဟင်း ဟင်း ဟင်း"

မေမျက်ဝန်းက တည်တည်လေး ရယ်မောပြီး ပြောသည်။

"ကဲပါဟာ၊ နင့်မှာ အကျိုးယုတ် မသွားဘူးဆိုရင် ပြောပါဟာ။ ခုမှ လာ မေးရတဲ့အကြောင်းက အများသိစေချင်၊ အများအကျိုးရှိအောင် စာရေးချင်လို့ပါ"

"ဟင် - နင်က အခု မဂ္ဂဇင်းတွေ ဘာတွေမှာ ရေးနေပြီပေါ့၊ ဟုတ်လား။ ငါ ဆရာမ ဒေါ်ဝင်းကြည်ကိုတောင် အ မှတ်ရမိပြန်ပြီ။ နင့်ကိုပြောတာ၊ ဆူတာ လေ။ မင်းနိုင်ကောင်စုတ်၊ လက်ရေး ဒီ လောက်ညံ့တာ စာရေးဆရာပဲလုပ် ဆို တာလေ"

"ဟာ- နင် အံကုန်ကို မှတ်မိနေ ပါ့လား မျက်ဝန်း"

"မှတ်မိတာပေါ့ဟ၊ ငါဘယ်တော့ မှ ဘဝမမေ့ဘူး။ သူငယ်ချင်းတွေကို လည်း မမေ့ဘူး။ ကြယ်စင်တို့၊ ဇင်ဇင်တို့၊ နောက်ပြီး ဟိုဟာ စံပယ်နဲ့ ဖူးဖူးလည်း ငါမမေ့ပါဘူး။ အလွမ်းတော့ အခုတယ် ရောက်နေလဲမသိဘူး။ မအူပင်မြို့မှာ ငါ နဲ့ ကြယ်စင်နဲ့ တစ်ခါတွေ့ဖူးတယ် ဟ။ ငါတို့ ယောကျ်ားလေးသူငယ်ချင်း တွေထဲက ကိုဝါလင်းနဲ့ နာမည်ငါးလုံးနဲ့ ကောင်ရော တရားသူကြီးတွေဖြစ်နေပြီ ဆို"

"နင်ကလည်း၊ စွတ်ပြောနေတယ်။ တရားသူကြီး မဟုတ်ပါဘူးဟ၊ ရှေ့နေ တွေပါ။ ကိုဝါလင်းက သိပ်ကို အောင် မြင်ကျော်ကြားတဲ့ ရှေ့နေဖြစ်နေပြီဟ။ နင်ပြောတဲ့ နာမည်ငါးလုံးနဲ့ကောင် ဆို တာ ဝင်းမင်းသူရသောင်းလေဟာ။ သူ လည်း အောင်မြင်တဲ့ ရှေ့နေဖြစ်နေပါ ပြီ။ မျက်ဝန်းရာ၊ ငါဝမ်းသာတယ်ဟာ။ နင် သူငယ်ချင်းတွေအကုန်လုံးကို မှတ်မိ နေတာပဲ။ ငါ့စိတ်ထဲရှိတာ အမှန်ပြော ရရင် နင် တိုက်နဲ့ ကားနဲ့ စည်းစိမ်ယစ် နေပြီး သူငယ်ချင်းတွေကို မေ့နေ လောက်ပြီထင်တာ။ နင်ပြောပြမှ ငါ အ ကုန်လုံးပြန်ပြီး လွမ်းရမလိုဖြစ်နေတယ်"

"လွမ်းရမှာပေါ့ မင်းနိုင်ရာ။ ငယ် ပေါင်းသူငယ်ချင်းတွေ၊ ဘဝတူတွေပဲ ဟာ။ တစ်ယောက်နဲ့တစ်ယောက် ပြော မနာ ဆိုမနာ ထမင်းချိုင့်အတူဖွင့်စားကြ၊ အတူစာကျက်ကြ၊ လက်ဖက်စုသုပ်စား ကြတာတွေ ဘယ်မေ့နိုင်ပါ့မလဲ။ အနှစ် သုံးဆယ်နီးပါး ကြာခဲ့ပေမယ့် ဘယ်သူ့ ကိုမှ ငါမမေ့ဘူး။ သူငယ်ချင်းတွေအား လုံးပြန်ဆုံပြီး ငယ်ငယ်တုန်းကလို ထမင်း လုစား၊ အကြော်လုစား၊ အပြန်အလှန် ထမင်းခွံ့ကျွေးနေချင်သေးတယ်ဟာ"

"မျက်ဝန်းရာ၊ နင်က စာရေးဆရာ စဲ့ထက်တောင် စိတ်ကူးယဉ်နေပါသေး ရော။ သူငယ်ချင်းအားလုံး ဆုံဖို့ဆိုတာ မလွယ်တော့ပါဘူးဟာ"

"အင်း- ဟုတ်တော့လည်း ဟုတ် ပါတယ်လေ"

သူငယ်ချင်း မေမျက်ဝန်းက ညင် သာစွာ သက်ပြင်းလေးချလိုက်ပြီး ဝမ်း နည်းစွာဆိုရှာပြီး ခေတ္တငြိမ်သွားပါသည်။ အတန်ငယ်ကြာမှ စကားသံပွင့်လာဖြန် သည်။

"ဒါနဲ့ နင် စာရေးတယ်ဆိုတော့ ကလောင်အမည် သီးခြားယူသေးလား။ မင်းနိုင်ဆိုတဲ့ နာမည်ရင်းနဲ့ပဲလား"

"သီးခြားလို့ပြောရင်လည်း ရမှာပါ ပဲ။ ကိုယ့်မွေးရပ်မြေဒေသကို မမေ့ အောင် နတ်မောက်မင်းသန့်နိုင် ဆိုပြီး ကလောင်အမည် ယူထားတယ်ဟာ"

"ဟုတ်- ဟုတ်လား၊ ဝမ်းသာလိုက် တာ မင်းနိုင်ရယ်။ ငါ သိပ်ကိုဂုဏ်ယူ မိပါတယ်ဟာ။ နတ်မောက်မင်းသန့်နိုင် ဆိုပြီး ခဏခဏ ငါဖတ်ရတယ်။ နင် သူရဇ္ဈမဂ္ဂဇင်းနဲ့ သိဒ္ဓိမိုးမဂ္ဂဇင်းမှာ ပင်တိုင် လောက်နီးပါး ပါပါတယ်ဟ။ ငါ ထင်နေ တာက မင်းသန့်ဦး (တောင်ကြီး) ရဲ့ ကလောင်ခွဲထင်နေမိတာ။ နတ်မောက် မင်းသန့်နိုင်ဟာ ငါ့သူငယ်ချင်း မင်းနိုင် ဆိုတာ ခုမှပဲသိရတယ်၊ ဝမ်းသာလိုက် တာဟယ်။ ငါတို့အိမ်မှာ သူရဇ္ဈမဂ္ဂဇင်း ရယ်၊ နက္ခတ္တရောင်ခြည်နဲ့ မင်္ဂလာ မောင်မယ်ကို လစဉ် ယူတယ်ဟ။ မကွေး ရွှေပြည့်စိုးစာပေကနေ ဝယ်တာ"

"ဟုတ်လား၊ ငါလည်း ဝမ်းသာ သွားပြီဟာ။ ဒီနေ့ နင့်ဆီလာရတာ လာ ရကျိုးနပ်သွားပြီ။ ကဲ - ပို့ပြီးအကျိုးရှိ အောင် နင်ထိပေါက်တဲ့၊ ကြီးပွားချမ်း သာလာတဲ့အကြောင်း အပြည့်အစုံပြော ပြဟာ။ ငါ အပိုအလိုမရှိ နင်ပြောတဲ့ အတိုင်း ရေးမှာ။ ငါ အသံဖမ်းပြီး ယူ သွားမယ်"

"ပြောမယ် မင်းနိုင်၊ နင်ပြည့်ပြည့် စုံစုံတော့ ရေးနော်။ ငါတို့ သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com

တွေ ရောက်ရာဒေသကနေ ဖတ်မိရင်လည်း သတိရအောင် အကုန်ထည့်ရေးပေးဟာ"

"စိတ်ချသူငယ်ချင်း၊ ငါထည့်ရေးမယ်"

ကျွန်ုပ်၏ လွယ်အိတ်ထဲမှ အသံဖမ်းကက်ဆက်ငယ်ကို ထုတ်လိုက်ပြီး **ဓာတ်ခဲအသေးစားလေးနှစ်လုံးကိုလည်း** ထည့်လိုက်ပါသည်။ ပြီးနောက် တိပ်ခွေထည့်၊ အနည်းငယ်စမ်းသပ်ဖွင့်ကြည့်ပြီး ရက်ကောဒင်းခလုတ်ကို ဖွင့်လိုက်မိပါတော့သည်။

✪

"ငါ အသက် (၁၉) နှစ်မှာ ဆယ်တန်းအောင်ခဲ့တာ နှင်သိပါတယ် မင်းနိုင်။ ငါ့ဘဝက မပြည့်စုံတော့ ကျောင်းမှန်မှန်မတက်နိုင်၊ စာမှန်မှန်မကျက်နိုင်။ ဒီတော့ ရှစ်တန်းမှာလည်း တစ်နှစ်ကျခဲ့သေးတယ်။ ဆယ်တန်းမှာလည်း တစ်နှစ်ကျပြီးမှ အောင်တာ ဆိုတော့ အသက် (၁၉) နှစ်မှ ဆယ်တန်းအောင်ရတာ မဆန်းပါဘူးဟာ"

"ငါ့အဖေနဲ့အမေက ငါဆယ်တန်းအောင်တာ ဝမ်းသာပေမယ့် အပြည့်အဝ ဝမ်းမသာနိုင်ခဲ့ကြဘူးလေ။ ဘာလို့လဲဆိုတော့ ငါ့ကို တက္ကသိုလ်ဆက်မထားနိုင်ကြဘူး။ နေ့ဖြည်စာ တစ်နေ့လုပ်မှ တစ်နေ့စားဆိုတော့ တက္ကသိုလ်နားကပ်နိုင်ဖို့တောင် မလွယ်ဘူးလေဟာ။ အဲဒီအချိန်မှာ နိုင်ငံတော်က စာပေးစာယူ တက္ကသိုလ် ဆိုတာ ဖွင့်ပေးလိုက်တော့ ငါပျော်လိုက်တာ မင်းနိုင်ရယ်။ အခု အဝေးသင်တက္ကသိုလ်မျိုးလေဟာ။

ငါနဲ့အတူ ပျော်ရတာက ဇင်ဇင်၊ စံပယ်နဲ့ ကြယ်စင်တို့ပဲ။ သူတို့လည်း ငါ့လိုပဲ စာပေးစာယူတက္ကသိုလ်ပဲ တက်နိုင်ခဲ့ကြတာ။ ငါတို့ စာမေးပွဲဖြေပြီးစတုန်းက စိတ်ကူးယဉ်ခဲ့တဲ့ မြေနီလမ်းတို့၊ ဦးချစ်လက်ဖက်ရည်ဆိုင်တို့၊ သစ်မုပ်ပင်၊ ဂျက်ဆင်၊ အင်းလျားကန်၊ ကံ့ကော်တန်းဆိုတာတွေက သီချင်းထဲနဲ့ ဝတ္ထုထဲမှာပဲ သိရဖတ်ရတော့တာပေါ့ဟာ။ ကိုဝါလင်းတို့၊ ကိုမျိုးမင်းတို့ကတော့ ဥပဒေယူပြီး မန္တလေးတက္ကသိုလ်တက်ကြမယ်လို့ သိရတယ်။ အဲဒီနှစ်က နာမည်ငါးလုံးနဲ့ ဝင်းမင်းသူရသောင်းရယ်၊ နင်ရယ်၊ စာမေးပွဲကျလို့ ငါတို့တစ်တွေ နင်တို့အိမ်တွေ အထိလာပြီး အားပေးစကားပြောတာ နင်မှတ်မိသေးလား၊ ထားပါလေ။

စာပေးစာယူတက္ကသိုလ်ပထမနှစ်မှာပဲ ငါအလုပ်ဝင်ရတယ်လေ။ စစ်သူကြီးဆိုတဲ့ လက်ဖက်ရည်ဆိုင်မှာ တစ်လတစ်ရာနှစ်ဆယ်ကျပ်နဲ့ ငှါးဘဝဟာ လက်ဖက်ရည်ဆိုင်စားပွဲထိုးဖြစ်ခဲ့ရတယ်။ ဝိုအောတီ မူလတန်းပြဆရာအလုပ်ခေါ်လို့ ဝင်လျှောက်တော့လည်း ငါက ပါတီမှာ လုပ်အားမပေးလို့ဆိုပြီး မရခဲ့ဘူး။ မထူးပါဘူး။ စာပေးစာယူတက္ကသိုလ်ကျောင်းသူ စားပွဲထိုးလုပ်တယ်ဆိုပြီး ငါလောကကြီးကို အရွဲ့တိုက်ခဲ့တာ၊ အောင်မြင်တယ်လို့ဆိုရမှာပဲ။ စစ်သူကြီး လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဝိုလ်ကြီးဟောင်း ဘဘကြီးက ငါ့ကို ပညာရေးအားပေးတဲ့အနေနဲ့ တစ်လကို သုံးဆယ်ထပ်ဆောင်းပြီး တစ်လကို တစ်ရာငါးဆယ်ပေးလို့ ဝမ်းသာလိုက်ရတာဟာ အဲဒီတုန်းက လက်ဖက်ရည်တစ်ခွက်ကို ခုနစ်ဆယ့်ငါးပြား။ ရှယ်တစ်ခွက်မှ တစ်ကျပ်လေဟာ။ အခုခေတ် နင်တို့၊ ငါတို့သားသမီးတွေကို ဒီအကြောင်းပြောပြရင် ယုံမှာမဟုတ်ဘူး။ ရယ်လည်းရယ်ကြမယ်ထင်တယ်။ မေမေက ပုံပြင်တွေ ပြောတတ်တယ်လို့ ဆိုချင်လည်းဆိုကြမယ် ထင်တယ်။

ငါ လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးမိန်းကလေးလုပ်ရင်း ပထမနှစ်အောင်ခဲ့တယ်။ ဒုတိယနှစ်တက်လို့ နှစ်ဝက်စာစဉ်တွေပို့ပြီးစ နေ့လယ်ခင်းနေ့ပူပူ လက်ဖက်ရည်ဆိုင်မှာ လူရှင်းနေချိန်မှာ ယောဂီအညိုရောင်ဝတ် ဘကြီးတစ်ယောက် ဝင်လာပြီး စားပွဲဝိုင်းမှာ ထိုင်တယ်ဟ။ ခေါင်းပေါင်း၊ အင်္ကျီ၊ ပုဆိုး၊ ယောဂီရောင်ချည်ပဲ။ ခြေထောက်မှာလည်း ဖိနပ်မပါဘူး။ လည်ပင်းမှာလည်း ကြက်ဆူသီးလောက် ပုတီးလုံးကြီးတွေနဲ့ ပုတီးကုံးကြီးဆွဲလို့။ လွယ်အိတ်ခပ်ညစ်ညစ်ကြီး လွယ်လို့၊ လက်ထဲက တောင်ပေးကတော့ နက်ပြောင်ပြီး အရောင်ထွက်နေတယ်။ ငါကလည်း စားပွဲထိုးဝတ္တရားအတိုင်း အဲဒီဘကြီးဆီသွားပြီး အဘိုး လက်ဖက်ရည်လား၊ ကော်ဖီလား၊ မုန့်ပွပါချရမလားလို့ မေးတော့ အဲဒီဘကြီးက ထူးထူးဆန်းဆန်း ပြောတယ်။ 'အဘိုးဟာ ဝန္ဓာရီလှည့်နေသူပါ။ ပိုက်ဆံမကိုင်ပါဘူး။ ငှါမြေးလှူနိုင်ရင်၊ ကူညီနိုင်ရင် ရေတစ်ခွက်ပဲတိုက်တိုက် သောက်ချင်ပါတယ်။ ငှါမြေးကို ချီးမြှောက်ချင်လို့ ဝင်ထိုင်တာပါ' လို့ ပြောတယ်ဟ။

ငါလည်း ချက်ချင်းတော့ ကြောင်တောင်တောင်ဖြစ်သွားတာပေါ့ဟာ။ ဒါမျိုးကြားမှမကြားဘူးဘဲဟ။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အဘိုး၊ အဘ သက်ကြီးဝါကြီးပဲ ကုသိုလ်ပေါ့ဆိုပြီး ဆိုင်ရှင်ဝိုလ်ကြီးကို ပြောပြရတာပေါ့။ ကျွန်မလစာထဲကနေပြီး လက်ဖက်ရည်တစ်ခွက်နဲ့ မုန့်တစ်ခုဖိုး ဖြတ်ယူပါ။ ဟိုးစားပွဲက ဘကြီးကို ကုသိုလ်ပြုပါရစေလို့ ပြောတော့ ဆိုင်ရှင်ဝိုလ်ကြီးက 'သမီးစိတ်စေတနာကို ဂုဏ်ပြုတဲ့အနေနဲ့ ခွင့်ပြုပါတယ်။ လစာထဲလည်း မဖြတ်ပါဘူး။ သမီးစေတနာရှိသလို ကုသိုလ်ယူပါ' ဆိုပြီး ခွင့်ပြုတော့ ငါဝမ်းသာလိုက်တာဟာ ထခုန်ပစ်ချင်အောင်ပဲ။ ဆယ်တန်းစာမေးပွဲအောင်တာထက်ကို ပိုပြီး ဝမ်းသာမိရတယ်။

ငါ ကြုံကြိုက်ဒါနအဖြစ် လက်ဖက်ရည်ချိုဆိမ့်တစ်ခွက်နဲ့ မုန့်တစ်ခုကို စားသောက်ပြီး အဲဒီဘကြီးက သူ့ခေါင်းပေါင်းကြီးဖြုတ်လိုက်တယ်ဟ။ အဲဒီမှာပဲ ခေါင်းက သျှောင်ထုံးကြီးနဲ့ နဖူးက မဟာနဖူးပြင်အကျယ်ကြီး။ မျက်ခုံးထူပြီး မျက်လုံးက စူးရှတောက်ပြောင်နေတာ ထင်ထင်ရှားရှားပဲ။ မေးရိုးကားပြီး ခိုင်မာတည်ကြည်ပြီး ကျက်သရေရှိအေးမြတဲ့ မျက်နှာပဲဟာ။ ဘကြီးမျက်နှာမြင်လိုက်ရတာ ငါ့ကိုယ်ထဲကို သံလိုက်ဓာတ်တွေ စီးဝင်သွားသလို အင်အားတွေပြည့်လာပြီး တလိုက်လိုက် ဝမ်း သာပီတိတွေ ဖြစ်လာတယ်ဟာ။ ငါ စကားလုံးနဲ့ပြောမပြတတ်အောင်ဘဲ။ ငါ ဘယ်လိုဖြစ်သွားတယ် မပြောတတ်ဘူး။ အဲဒီဘကြီး မျက်နှာကိုကြည့်ပြီး ကြည်ညိုလေးစား သွားတာနဲ့ ချက်ချင်း ဖိနပ်ချွတ်ပြီး ထိုင်ကန်တော့လိုက်မိတော့တယ်ဟာ။

ငါ ဦးသုံးကြိမ်ချ ရှိခိုးကန်တော့ပြီး ခိုနှစ်မှာပဲ ဘကြီးက သာဓု သာဓု သာဓု အောင်မြင်မေါက်မြောက် ချမ်းသာကြီးပွားမယ့် မြေးလေးပါပဲ။ ထထ-ရော့၊ ဒါငှါမြေးနဲ့ထိုက်တဲ့ လက်ဆောင်ကောင်းပဲ။ ဒီဂါထာနှစ်ပုဒ်ကို အိပ်ရာဝင် (၉) ခေါက်၊ အိပ်ရာထ (၉) ခေါက်၊ ခရီးသွားရင် (၉) ခေါက် မပျက်မကွက် ရွတ်ပွားပေး။ အချိန်ရတိုင်း၊ အမှတ်ရတိုင်း ရွတ်ပွားပေး။ နောင်အနှစ် နှစ်ဆယ်၊ အနှစ်သုံးဆယ်တန်ရင် ဘာအကြောင်းကို ငှါမြေးသူငယ်ချင်းတစ်ယောက်ကို ပြောပြရလိမ့်မယ်။ ငှါမြေး မကြာခင် ကြီးပွားချမ်းသာတော့မယ်။ မိဘကို ကျေးဇူးဆပ်ရတော့မယ်။ ကဲ - အဘသွားမယ်ဆိုပြီး ယောဂီတဘက်ကြီး ပြန်ခေါင်းပေါင်း၊ လွယ်အိတ်ကြီးပြင်ပြီးသည် တောင်ဝှေးကြီးကိုင်လို့ ဖိနပ်စီးရင်း ခြေဗလာနဲ့ ဈေးကြီးဘက်ဆီ ခပ်ဝုန်းဝုန်းလျှောက်သွား

www.burmeseclassic.com

www.burmeseclassic.com

လမ်းလျှောက်ထွက်သွားတော့တယ်။

ညော် - နေဦး နေဦး၊ ငါပြောဖို့ တစ်ချက်မေ့သွားသေးတယ်ဟ။ အဲဒီ ဘကြီးက မှာခဲ့သေးတယ်။ တစ်လတစ်ကြိမ် ငါ့မြေး တတ်စွမ်းသမျှ တစ်ကျပ် တစ်ပြား အမြတ်ထားပြီး လူတွေမသိ မမြင်အောင် ပုံသကူပစ်ပေးရမယ်တဲ့။ ငါလည်း လက်ဖက်ရည်ဆိုင်က လစာ ထုတ်တဲ့နေ့တိုင်း တစ်ကျပ်ကနေ ငါးကျပ်၊ တစ်ဆယ်အထိ လမ်းမှာ ပုံသကူ ပစ်ခဲ့ပါတယ်။ အဘပေးတဲ့ ဂါထာနှစ်ပုဒ်ကိုလည်း အိပ်ရာဝင်၊ အိပ်ရာထ၊ ဆိုင်မှာ ခဏထိုင်နားခိုန်ရတိုင်း (၉) ခေါက် မှန်မှန်ရွတ်ပွားခဲ့တယ်ဟ။

အဲဒီကနေ ဆိုင်ကို လက်ဖက်ရည် လာသောက်တဲ့ နယ်လှည့်ထီလက်မှတ် ရောင်းတဲ့ ဦးကြီးတစ်ယောက်ဆီက ထီ တစ်စောင် နှစ်ကျပ်နဲ့ထိုးတာ ထီခုနစ်ရာ ကျပ်ဆု ပထမဆုံးပေါက်တော့တာပဲ။ ငါ ထီငွေထုတ်ပြီးစမှာပဲ အမေအသည်း အသန်ဖြစ်လို့ မကွေးတိုင်းဒေသကြီး ဆေးရုံကြီးမှာ ဆေးကုရတယ်။ တော် သေးတာပေါ့ဟာ။ ထီဆုငွေ(၇၀၀)ရှိလို့ သာ အမေ့ကို ဆေးကုပေးနိုင်ခဲ့တာ။ မရှိရင် အမေ အစောကြီးသေသွားမှာဟ။ အဲဒီတုန်းက တိုင်းဆေးရုံအုပ်ကြီးက ပါရဂူကြီးဒေါက်တာနော်မန်လှတဲ့။ ငါ မမေ့သေးဘူး။ သိပ်တော်ပြီး စေတနာဖြူစင်တယ်ဟာ။ အဲဒီပါရဂူကြီးက ခွဲစိတ်ကုသပေးလိုက်လို့ အမေဟာ အနှစ်နှစ်ဆယ် အသက်ရှင်ခွင့် ဆက်ရခဲ့တာ။ ဘကြီး ပြောသွားတဲ့ မိဘကျေးဇူးဆပ်ခွင့်ကြုံမယ်ဆိုတာ ဒါကိုပြောတာပဲ ဖြစ်ရမယ်လို့ ငါယုံကြည်မိတယ်။

အမေကျန်းမာပြီး ဆေးရုံက ဆင်း၊ ငါလည်း လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုး ပြန်လုပ်။ သိပ်မကြာဘူး လေး၊ ငါးလ အကြာမှာ ငါ အောင်ဘာလေ ထီငါး ထောင်ဆု ထပ်ပေါက်တယ်။ ငါ့မှာ အ ရင်းအနှီးရခဲ့တာပေါ့။ ဆိုင်ရှင်ဗိုလ်ကြီး ဘဘက ငါ့ကို လက်ဖက်ရည်ဆိုင်ခွဲပြီး တည်ထောင်သင်ပြပေးခဲ့တယ်။ နောက် ငါ ဘွဲ့ရ၊ ဆိုင်ကို လက်ဖက်ရည်လာ သောက်တဲ့ မောင်နဲ့ ချစ်သူတွေဖြစ်၊ လက်ထပ်။ လက်ထပ်ပြီးနောက်မှာ ငါ ဟာ လစဉ် တစ်ရာကနေ တစ်ထောင့် အထိ လူမသိသူမသိ ပုံသကူပစ်ခဲ့တယ်။ မောင့်ကိုတောင် အသိမပေးခဲ့ပါဘူး။ မောင်နဲ့ရပြီး သားကြီးကိုကိုယ်ဝန်ဆောင် ထားစဉ်မှာပဲ ထီငါးသောင်းဆုပေါက် သေးတယ်ဟ။ အဲ- အခု နောက်ဆုံး ပေါက်ထားတာကတော့ ပြီးခဲ့တဲ့ လေး ငါးနှစ်လောက်က သိန်းတစ်ရာ ယူနစ်ဆု ကြီးပေါ့ဟာ။ အဲဒါ နှင်သိပြီးသားပါ မင်း နိုင်ရယ်။ အခု ငါ့ဘဝမှာ သားနဲ့သမီးနဲ့ ကားနဲ့တိုက်နဲ့ ပြည့်စုံနေပေမယ့် မပြည့်စုံ နိုင်တဲ့ဆန္ဒကတော့ ငယ်ငယ်တုန်းက သူ ငယ်ချင်းအားလုံး ပြည့်စုံစုဝေးပြီး ထမင်း စားပွဲ ကျင်းပချင်တာပဲဟာ။ သူငယ်ချင်း တွေ ထမင်းလက်ဆုံစားရင်း ငယ်ဘဝကို ပြန်ရချင်သေးတယ်ဟာ"

"အေးလေဟာ- လောကကြီးမှာ ပြည့်စုံတဲ့လူရယ်လို့ မရှိဘူးလေ။ နင် ပြောတဲ့ ဆန္ဒပြည့်စုံနိုင်အောင် ငါကြိုး စားကြည့်ပါဦးမယ်။ စံပယ်ရယ်၊ ဖူးဖူး ရယ်၊ ကြယ်စင်ရယ်ကတော့ တစ်မြို့ တည်းမှာ ရှိမယ်ထင်တယ်ဟ။ မအူပင်နဲ့ လပွတ္တာဘက်မှာ စုံစမ်းရင် ရနိုင်မယ် ထင်တယ်။ ကိုဝါလင်းနဲ့ ဝင်းမင်းသူရ သောင်းကို ရှာရတာက လွယ်မယ်ထင် ပါရဲ့။ အလွမ်းကတော့ မန္တလေးနဲ့ ရန်ကုန် တစ်မြို့မြို့မှာ ရှိမယ်ထင်တယ်။ အင်း- ပြောရင်း ပြောရင်း ငါတောင် ရင်မောလာပြီး အားလုံးစုဆုံဖို့ လွယ် တော့မလွယ်တော့ဘူးဟ။ သူငယ်ချင်း များအားလုံး ဆက်သွယ်ကြပါ ဆိုပြီး မြဝတီသတင်းစာကနေ ကြော်ငြာထည့် ရကောင်းမလား။ ဟဲဟဲဟဲဟဲ။ ဇင်ဇင့် လိပ်စာကလည်း ပြောင်းသွားပြီထင်ပါရဲ့ ဟာ။ လပွတ္တာနဲ့ ဒေးဒရဲ တစ်ခုခုမှာ ရှိ မလားပဲဟ"

"အေးဟ - နင်ပြောတာဖြစ်နိုင် တယ်။ သတင်းစာတိုက်က လက်ခံမယ်၊ ထည့်ပေးမယ်ဆိုရင် နင်ထည့်ပေးဟာ။ ကုန်ကျစရိတ် ငါ့ဆီက ယူသွားပါ။ ငါပေး မယ်နော်"

"အေးပါ မျက်ဝန်းရာ။ နင်က သူ ငယ်ချင်းတွေအကြောင်းပြောရင်း ပြော လက်စ စကားပန်းတိုင် ပျောက်တော့ မယ်။ ခုန နင်ထီပေါက်ခဲ့တာတွေ ဘာ တွေစုံပါပြီ။ ဂန္ဓာရီဘကြီးပေးခဲ့တဲ့ နင် ရွတ်ပွားခဲ့တဲ့ဂါထာ မပြောရသေးဘူး လေဟာ။ အဲဒါ အဓိက စကားလေဟာ၊ ပြောပြဦးမှာပေါ့"

ထိုသို့ ကျွန်ုပ်သတိပေးလိုက်မှ မေ မျက်ဝန်းခေါ် မျက်ဝန်းမှာ သတိရသွား ဟန်တူပါသည်။

"ညော် - အေး ပြောပြပါ့မယ်။ ဘကြီးပေးခဲ့တဲ့ ဂါထာစာရွက်လေးက စာရွက်အညိုပေါ်မှာ ခဲတံကို တံတွေး ဆွတ်ပြီး ရေးထားတာဟ။ ငါ အလွတ် ညက်နေအောင် ရပါတယ်။ အခုရေးပေး မယ်။ ဘကြီးပေးခဲ့တဲ့ မူလ အော်ရီဂျင် နယ်စာရွက်ကလေးကိုတော့ ရွှေချပြီး 'အရဟံဘုရား' မှာ ဌာပနာထည့်လှူ လိုက်ပြီးပြီ"

(မှတ်ချက်- အရဟံဘုရားမှာ ကိုး တောင်ပြည့်စေတီဖြစ်ပြီး လွန်ခဲ့သော ဆယ်နှစ်ခန့်က နတ်မောက်မြို့နယ် ရွှေ နတ်ကယ်တောင်ဆရာတော် ဦးဝိမလ ဗုဒ္ဓိ တည်ခဲ့သော ဘုရားဖြစ်ပြီး နတ် မောက်မြို့ မြို့မကွက်သစ်ရပ်ကွက်တွင် တည်ရှိပါသည်။)

ကျွန်ုပ်၏ သူငယ်ချင်း မေမျက် ဝန်းခေါ် မျက်ဝန်းရေးပေးလိုက်သည့် ထီ ပေါက်စေကြောင်း ဂါထာကောင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ထီပေါက်စေကြောင်းဂါထာကောင်း

ဧတဒဂ္ဂံ ဘိက္ခဝေ
မမသာဝကာနံ
ဘိက္ခုနံ ပထမံ သလာကံ။
ဂဏှာနန္တံ ယဒိဒံ ကုဏ္ဍဓာနော၊
သိယံ သိဒ္ဓတု မေဓန်။
ဧတေန သစ္စဝဇ္ဇေန
ဧဝံ မေ ဟောတု

အထက်ပါ ဂါထာကို ကိုးခေါက် ရွတ်ပြီးလျှင် အောက်ပါ ဖုဋ္ဌဿဂါထာ ကို ကိုးခေါက်ဆက်ရွတ်ပါ။

ဖုဋ္ဌဿဂါထာတော်

ဖုဋ္ဌဿ လောက ဓမ္မေဟိ၊
စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလ မုတ္တမံ။

နေ့စဉ် အိပ်ရာထ၊ အိပ်ရာဝင်၊ အ လုပ်ခွင်တွင် (၉) ခေါက်စီ မပြတ်ရွတ် ပွားပေးပါ။ နေ့စဉ် မပျက်မကွက် မမေ့ မလျော့ မပေါ့မလျစ်သော သတိတရား ဖြင့် ရက်ပျက်မရှိ ရွတ်ပွားပေးပါက ပါရမီ အလျောက် သုံးလ သို့မဟုတ် သုံးနှစ် အတွင်း ထီဆုကြီးများ ပေါက်စေနိုင် ကြောင်း ကျွန်ုပ်၏သူငယ်ချင်း မေမျက် ဝန်းခေါ် မျက်ဝန်း၏ ဘဝဖြစ်ရပ်မှန်ကို ဖတ်ရှု အဆင်ပြေဆီလျော်အောင် ရေး သား တင်ပြအပ်ပါသတည်း။

(သူငယ်ချင်းများဖြစ်သော စံပယ်၊ ဖူးဖူး၊ ဇင်ဇင်၊ ကြယ်စင်၊ မျက်ဝန်း၊ ကို ဝါလင်း၊ ကိုဝင်းမင်းသူရသောင်းတို့ကို အောက်မေ့သတိရခြင်းများစွာဖြင့်)

အစ်ကိုကြီး

နတ်မောက်မင်းသန့်ရှိုင်း

www.burmeseclassic.com

www.burmeseclassic.com

ရွှေမြင်မိစေတီဆီသို့ ...

အောင်မြင့်မြတ် (စစ်ကိုင်း)

"ဆရာအောင်မြင့်မြတ်"

"ဩော်- ကိုမြင့်သူ၊ ပြောဗျာ ဘာကိစ္စလဲ"

"ဆရာ့သူငယ်ချင်း ကိုတင်မောင်ဆွေက မှာလိုက်တယ်။ ရေခါးရွာကို အမြန်လိုက်ခဲ့ပါတဲ့။ မိုးအခြေအနေမကောင်းတော့ သူတို့နဲ့မတွေ့ရင် အခက်အခဲဖြစ်သွားမှာစိုးလို့တဲ့ ဆရာ။ အသိမိတ်ဆွေ တည်းစရာအိမ် ဆရာ့မှာမရှိတော့ စိတ်ပူနေတယ် ဆရာရေ့၊ အမြန်သာသွားလိုက်ပါ"

"ဟုတ်ကဲ့ ကိုမြင့်သူ၊ ကျွန်တော် အခုလိုက်သွားပါ့မယ်။ ကျေးဇူးတင်ပါတယ်ဗျာ"

ကိုမြင့်သူကို နှုတ်ဆက်ကာ ဆိုင်ကယ်ဖြင့် ရေခါးရွာသို့ ထွက်လာခဲ့၏။ မိုးဖွဲဖွဲကလေးများကျနေ၏။ လွန်ခဲ့သောလေး၊ ငါးရက်ခန့်က ဆက်တိုက်ရွာနေသောမိုးသည် မည်သည့်အပြိုးနှင့် ပြိုးမာန်ဖွဲ့ တစိစိရွာနေသည်မသိ။ တောင်ခြေတောလမ်းတစ်လျှောက် ရွှံ့ပွက်အိုင်များကြောင့် ဆိုင်ကယ်အား သတိထားမောင်းနေရ၏။ မြင်ကွင်းသည် မိုးရိပ်တို့ကြောင့် ညိုညို့မှိုင်းမှိုင်း၊ သစ်ခက်သစ်ရွက်တို့ပေါ်တွင် မိုးစက်တို့ တွဲလွဲခိုနေကြပါသည်။

ရေခါးရွာအဝင် ကိုရွှေမိုးကသည်းလာသဖြင့် စောင့်နေမည့် တင်မောင်ဆွေနှင့် ကိုတိုးကို မတွေ့မြင်မိ။ မိမိမှာအသိမိတ်ဆွေ ထိုရွာတွင် မရှိ။ အနီးသွားလာနေသူတစ်ဦးအား အကူအညီတောင်းခံခဲ့ရာမှ နေအိမ်တစ်ခုသို့ ခေတ္တတည်းခိုခွင့်ရရှိခဲ့၏။

"ကဲ- ငါ့တူ၊ ဦးလေးအမည်က ဦးသန်းမောင်တဲ့။ ဘုရားလာခဲ့တဲ့ဧည့်သည်ပါပဲ။ အရင်ကတော့ ဒီရွာသားတစ်ဦးပါ။ ဟောဒီအိမ်ပိုင်ရှင်က ဒေါ်ခင်ရှိန်တဲ့၊ မှတ်ထားပေါ့။ ဦးလေးအမျိုးတွေပေါ့။ နောက် ကြုံရင်လည်း လာတည်းပေါ့ကွယ်။ လူလေး ဒီလာတဲ့ကိစ္စက ဘုရားပွဲတော်ဈာပေါ်လာတာမဟုတ်လောက်ပါဘူး၊ တစ်ယောက်တည်းဆိုတော့. . "

"ကျွန်တော် စာရေးဖို့လာတာပါ။

တတိယမဟာတံတိုင်းမုခ်ဦးအဝင်မှ ဖူးမြင်ရသည့် ရွှေမြင်မိစေတီ

စာရေးဆရာ အောင်မြင့်မြတ်ပါခင်ဗျာ"

"အေးကွယ်၊ သိကျွမ်းရတဲ့ ဝမ်းသာပါတယ်။ မုန့်တွေစားပါဦး ငါ့တူ"

ဇီဇဝါရက်ကန်းပိုင်ရှင် ဒေါ်ခင်ရှိန်မိသားစုမှ ပျူငှာစွာ ဧည့်ဝတ်ပြုသဖြင့် မိမိ များစွာ အားနာခဲ့မိ၏။ မိုးခေတ္တစဲသွားသောအချိန်တွင် စေတီတော်နှင့် ရေခါးအင်းတို့အား လေ့လာမှတ်သားဓာတ်ပုံရိုက်ယူရန်ရှိနေသဖြင့် ဒေါ်ခင်ရှိန်တို့မိသားစုအား ခွင့်တောင်းလိုက်မိ၏။

"ကျွန်တော် မိုးလေစဲနေတုန်း တောင်ပေါ်တက်ချင်လို့ သွားခွင့်ပြုပါဦး ခင်ဗျာ။ ဆိုင်ကယ်ကို အဒေါ်တို့အိမ်ခဏထားခဲ့ပါရစေ"

"ထမင်းစားပြီးမှ သွားပါလား ငါ့တူရယ်"

"မိုးပိုသည်းလာရင် ဓာတ်ပုံရိုက်ရတာ မလွယ်ကူလို့ပါ အဒေါ်"

ဟု ပြောလာရာ အတွင်းလမ်းမကြီးဆီသို့အထွက် တင်မောင်ဆွေနှင့် ကိုတိုးတို့နှစ်ဦး တွေ့လိုက်ရလျှင်-

"ဟာ - သူငယ်ချင်း၊ တို့ မင်းကို စောင့်နေတာ။ မိုးရွာနေလို့ ငါ့ဆွေမျိုးအိမ် မိုးခိုနေတာကွ။ လာကွာ၊ ထမင်းစားရအောင်"

ဟု တင်မောင်ဆွေက ပြောလိုက်၏။

"မစားသေးဘူးကွာ၊ မိုးမသည်းခင် တောင်ပေါ်တက်ရအောင်။ လာသွားကြစို့"

"ဟာ - ညကျမှတက်ရအောင်ကွာ။ အခု ခရီးပန်းလာတယ်၊ နားပါဦးဟ။ အမြင့်ကြီးတက်ရမှာ မချောင်ဘူး"

"ညမှာ ဓာတ်ပုံရိုက်တော့ ဘယ်လှမလဲကွာ။ ချောင်တာ, မချောင်တာ ဘေးချိတ်၊ အခုတက်မယ်"

ဟု ကျွန်တော်မှ လောလိုက်သဖြင့် တင်မောင်ဆွေနှင့် ကိုတိုးတို့နှစ်ဦး ခေါင်းကုတ်လျက်ဖြင့်-

"ဟိုက်- ကိုယ့်အတတ်နဲ့ကိုယ်စူး၊ ကိုယ့်ရှူးကိုယ်ပတ် ဆိုတာ ဒါကိုပြောတာနေမှာ။ ရှေးလူကြီးစကားမှန်လိုက်တာ။ မင်းစာမူတစ်ပုဒ်ရဖို့အတွက် (၇) မိုင်ကျော်ခရီးကိုလည်း ဖြတ်လာရတယ်၊ တောင်ပေါ်ကို ထပ်တက်ရဦးမယ်။ မိုးရေစိုနေတဲ့အဝတ်အစားတွေနဲ့။ အင်း- ငါ မင်းတို့လို စာရေးဆရာဘဝတွေကို လေးစားသွားပြီကွာ"

သုံးဦးသား ရွာအဝင် ရွှံ့ပွက်အိုင်များကိုဖြတ်ကာ တောင်ခြေတက်သို့ ထွက်ခဲ့ကြ၏။ ထန်းပင်မြင့်မြင့်ကြီးများနှင့်၊ သစ်တောအုပ်အုပ်ဆိုင်းဆိုင်းနှင့် တောင်ခြေသို့ရောက်သောအခါ စေတီတော်သို့တက်ရောက်ရန် ပထမတံတိုင်းမုခ်ဦးနှင့်တွဲလျက် (၈) ပေပတ်လည် စောင်းတန်းငယ်ကို တွေ့မြင်လိုက်ရ၏။ ဘုရားဖူးလာကြသူ အများအပြား တွေ့ရလေ၏။ မောပန်းလွန်းသဖြင့် သုံးဦးသား နားလိုက်၊ တက်လိုက်နှင့် ဒုတိယတံတိုင်းမုခ်ဦးကို တွေ့ရပြန်၏။ စေတီတော်ရင်ပြင်အတက်တွင် တတိယမုခ်ဦးကို တွေ့မြင်လိုက်ရပြန်သဖြင့် အလွန်ထူးဆန်းအံ့သြသွားမိပါသည်။

အဘယ်ကြောင့်ဆိုသော် တံတိုင်းသုံးခု၊ မုခ်ဦးသုံးခု ရံထားသောစေတီကို စာရေးသူ တစ်သက် မတွေ့ဘူးခဲ့ပါ။ တောင်ခြေမှ စေတီတော်အထိ စောင်းတန်းငယ် (၉) လုံးနှင့် ဘုရားဖူးများ

www.burmeseclassic.com

www.burmeseclassic.com

ခေတ္တအမောအပန်းဖြေရန် အုတ်ထိုင်ခုံများစွာ တွေ့ရပါသည်။ တောင်ထိပ်ရှိ မန်ကျည်းပင်ကြီးအောက် အနားယူနေစဉ် တောင်ပေါ်မှ လှမ်းမြင်နေရသော ရေခါးအင်းကြီးကို ငေးကြည့်နေမိ၏။

"ဆရာ၊ ဒီရေခါးအင်းတော်ကြီးက ထူးခြားတယ်ဆို"

ဟု ကိုတိုးမှမေးလျှင်-

"ဟုတ်တယ် ကိုတိုး၊ ထူးခြားဆန်းကြယ်တယ်ဗျ။ အင်းတော်မှာ နတ်မောင်နှမနှစ်ဦးစောင့်ပြီး သူတို့မှာ အရံ (၁၆) ယောက်ရှိသတဲ့။ နောက်ပြီး မိုးဘယ်လောက်ရွာရွာ အင်းရေဟာ ဒီအတိုင်းပဲ တိုးမလာဘူး။ မိုးဘယ်လောက်ခေါင်ခေါင် အင်းရေဟာ ဒီအတိုင်းပဲ လျော့မသွားဘူးတဲ့၊ မထူးဆန်းဘူးလားဗျာ။ နောက်ထူးဆန်းတာက အင်းတော်ရေ ပကတိအရောင်အဆင်းရှိနေမယ်ဆိုရင် တိုင်းနိုင်ငံ ပုံမှန်အတိုင်းရှိပြီး အင်းတော်ရေ အစိမ်းရောင်ပြောင်းလာရင် တိုင်းနိုင်ငံ အေးချမ်းသာယာပြီး ဆန်စပါးပေါကြွယ်ဝမယ်။ လူတွေ စီးပွားတိုးတက်ကြမယ်။ အဲ- အင်းရေ အနီရောင်အဆင်းပြောင်းလာရင်တော့ ဆန်ရေစပါးရှားပါးပြီး နိုင်ငံမငြိမ်မသက်ဖြစ်တတ်သတဲ့။ နောက်ပြီး ပိုထူးဆန်းတာက အင်းတော်ရေအတိမ်အနက်ကို ဝါးလုံးပေါင်းများစွာနဲ့ ဘယ်လောက်ဆက်ဆက် တိုင်းတွက်မရဘူးတဲ့။ အောက်ခြေမထိဘူးဆိုတဲ့သဘောပေါ့ဗျာ။ အင်းတော်ရဲ့ ရေလယ်အောက်မှာ အရိမေတ္တေယျမြတ်ဘုန္ဓအတွက် ရွှေစင်ကိုးလောင်း၊ ငွေစင်ကိုးလောင်း၊ ကျောက်သံပတ္တမြားကိုးလောင်း ရတနာသိုက်ရှိတယ်လို့ ဘဒ္ဒန္တ အဘိဇယ (စကျင်) ဆရာတော်ဘုရားကြီး ရေးသားထားတဲ့စာအုပ်မှာ ဖတ်ဖူးတယ်ဗျ။

မြန်မာနှစ် ၆၇၇ မှာ စစ်ကိုင်းမြို့နန်းတည်ခဲ့တဲ့မင်း အသခ်ိယာစောယွမ်းမင်းက အင်းတော်ရဲ့ ရတနာသိုက်ကို တူးဖော်မယ်ကြံလို့ စက္ကူနှစ်လုံး အလင်းပျောက်ခဲ့ရတယ်။ နတ်နန်းဆောက်လှူပေမယ့် မပျောက်လို့ အင်းတော်မောင်နှမကို တိုင်တည်သစ္စာဆို စေတီတည်ပေးလိုက်မှ အလင်းပြန်ရသတဲ့။ အခုချိန်အထိ ကိုးလောင်းစွဲစေတီ အင်းလယ်ဘုရားလို့ လူသိများခဲ့တယ်လေ။ ဟောဟိုက ဖြူဖြူဖွေးဖွေး ထုံးစေတီလေးပေါ့။

နောက်ပြီး ထူးဆန်းတာက အင်းတော်အနီး သမီးရည်းစား၊ လင်မယားသွားလာတာ မကြုံက်ဘူး။ ညစ်ညမ်းစကား မပြောရဘူး

ပထမမုခ်ဦးနှင့် ဘုရားဖူးများ စည်ကားနေစဉ်

အိုးဘိုရပ်ကွက်မှ စေတီတော်သို့ လှူစိန်းမည့် အိုးပုံသဏ္ဌာန်အလှူငွေတော်များ

ကျန်စစ်မင်းခြေရာတော် တွေ့မြင်ရစဉ်မြင်ကွင်း

ကျန်စစ်မင်း လုံထောက်ရာ အနီးကပ် တွေ့မြင်ရစဉ်

ရွှေမြင်မိစေတီတော်သမိုင်းကျောက်စာ

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပွားတော်မြတ်အား သန္ဓေကြည်ညိုလူစေါန်းပါသည်

ထူးခြားဆန်းကြယ်သော ရေခဲအင်းတော်နှင့် ကိုးလောင်းစွဲစေတီအား
တောင်ပေါ်မှ ဖူးမြင်တွေ့ရစဉ်မြင်ကွင်း

ရွှေမြင်မိစေတီတော်အား လူစေါန်းဖူးမြော်ရန် အိုးဘိုအရာထမ်တော်အသင်း

"အဲဒါကတော့ ဖြစ်နိုင်ပါ့မလားဆရာရယ်"

ကိုတိုးက မယုံသည့်ဟန်ဖြင့် မေး၏။

"ကျွန်တော်လည်း ဟိုတစ်ချိန်က ခင်ဗျားလို မယုံကြည်ခဲ့လို့ လဲ့ရည်ညိုနဲ့ ခဲခွာခဲ့ရတာပါ"

"ဗျာ- ဆရာ၊ ဘယ်လို ဘယ်လို"

"ဒီလိုဗျ ကိုတိုး၊ အဲဒီအချိန်တုန်းက သူငယ်ချင်းတွေနဲ့ အလောင်းအစားပြုခဲ့ကြတယ်။ အင်းတော်ကြီးအနီးကို ချစ်စကားပြောဆိုဝံ့တဲ့အတွဲကို မင်္ဂလာဆောင်ခဲ့ရင် မင်္ဂလာကုန်ကျစရိတ် ကုန်ကျငွေတစ်ဝက်တိတိ ကျန်တဲ့လူတွေက စိုက်ထုတ်ရမယ်။ ဘယ်သူမှ မသွားဝံ့ကြဘူးပေါ့။ အဲ- ကျွန်တော်နဲ့ လဲ့ရည်ညိုတို့က တိုးတက်နေတဲ့ခေတ်ကြီးမှာ ဒါတွေမယုံတော့ သွားတာပေါ့။ ပြီးတော့ ဆင်းရဲနွမ်းပါးတဲ့ ကျွန်တော့်အတွက်ကတော့ တစ်ဝက်ဆိုတဲ့စကားမက်လောက်စရာပေါ့ဗျာ"

"နောက်တော့ ဘာဖြစ်ကြလဲဆရာ"

ကိုတိုးက သိချင်စိတ်ပြင်းပြစွာဖြင့် မေးလေ၏။

"နောက်တော့ သူ့မိဘများက ကျွန်တော်နဲ့ သဘောမတူလို့ လဲ့ရည်ညိုကို တောင်ကြီးမြို့ကို ပို့လိုက်တယ်ဗျ"

"ဆရာရယ်၊ သူတကယ်ချစ်ရင် ဘယ်လောက်ဝေးဝေး ဆက်သွယ်သင့်ပါတယ်။ ဒီလိုပါပဲ၊ မိန်းမများဟာ ကွယ်ရင်မှေ့၊ တွေ့သေအောင်လွမ်း ဆိုသလို မိန်းမမာယာ သဲကိုးဖြာလို့ ဆိုထားသေးတာပဲ။ နောက်လူနဲ့ အိမ်ထောင်ပြုသွားတယ် ဆိုပါတော့။ ဟုတ်တယ်မဟုတ်လား ဆရာ"

"ကိုတိုးထင်သလို မဟုတ်ဘူးဗျ။ လဲ့ရည်ညို ကျွန်တော့်ဆီ ပြန်လာခဲ့ပါတယ်။အပြန်မှာ ပြင်ဦးလွင်မြို့ကအဆင်းကားဘရိတ်ပေါက်ပြီး တိမ်းမှောက်ခဲ့လို့ လဲ့ရည်ညိုတစ်ယောက် သေဆုံးသွားရှာတယ်"

"ဗျာ"

ကိုတိုးနှင့်အတူ သိနေသူ တင်မောင်ဆွေတို့ စကားမပြောနိုင်တော့။ စိတ်မကောင်းခြင်းကြီးစွာဖြစ်သွားကြ၏။

တင်မောင်ဆွေမှ-

"တို့ စေတီရှိရာ ဆက်တက်ရအောင်"

ခံစားနေရသောသောက ပြေပျောက်သွားစေရန် စကားလမ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com

လွဲလိုက်၏။

သုံးဦးသား စေတီတော်သို့ ဆက်တက်လာကြ၏။တောင်ထိပ်စေတီတော်ရင်ပြင် အနောက်ဘက် တတိယတံတိုင်း မုခ်ဦးအဝင်မှ ရွှေမြင်မိစေတီတော်မြတ်အား ဖူးမြင်တွေ့ရ၏။ ထူးခြားသည်မှာ စေတီတော်ပတ်ပတ်လည်တွင် အခြားစေတီပုထိုးများလို ခြင်္သေ့ရုပ်တု၊ နဂါးရုပ်တု၊ ဘီလူးရုပ်တု၊ မနုဿီဟရုပ်တုများ (လုံး၀)မရှိပါ။ ရိုးရှင်းလွန်းပြီး ပစ္စယံသုံးဆင့်၊ ကျည်း၀န်း၊ ခေါင်းလောင်း၊ သပိတ်မှောက်၊ ဖောင်းရစ်၊ ကြာမှောက်၊ ရွဲသီး၊ ကြာလှုန်၊ ဌက်ပျောဖူး၊ ထီးတော်၊ စိန်ဖူးတော်တို့ဖြင့် တင့်တယ် သပ္ပာယ် ၀င့်ထည်စွာ ဖူးမြော်လိုက်မိပါတော့သည်။

(၇) ပိုင်ကျော်ခန့် စစ်ကိုင်းမြို့တော်ကြီးနှင့်ကွာဝေးပြီး တောင်စဉ်အထပ်ထပ် ဖြတ်ကျော်ခဲ့ရသော စေတီတော်မြတ်မှာ အနယ်နယ်အရပ်ရပ် ကျော်စောနေသည်မှာလည်း ထူးဆန်းအံ့သြစရာပင်။ အရှေ့ဘက်စေတီလိုက် (မုခ်) အတွင်းရှိ ရုပ်ပွားတော်မြတ်မှာ ဖူးမြော်ကြည်ညိုသူအပေါင်း သောကအပူကင်းဝေးစေဟု ဆုပေးနေသည့် မုဒြာဟန်အတိုင်း ဖူးမြင်တွေ့ရ၏။

(၃၆) ပေ ကျယ်ပြန့်သောရင်ပြင်မှ အရှေ့ဘက်ရှိ ဧရာဝတီမြစ်ပြင်ကျယ်ကို လှမ်းမြင်နေရပြီး အနောက်ဘက်တွင် ရေခါးရွာနှင့် အင်းရေပြင်ကို သာယာလှပစွာ တွေ့မြင်နိုင်ပါသည်။ (ယခုအခါ အင်းရေပြင်မှ ရေညှိစိမ်းများအား ပရိုဇီမင်ဆေး၀ါး ထုတ်လုပ်နေပါပြီ။) တောင်ဘက်တစ်ကြောတွင် စစ်ကိုင်းတောင်တန်းကြီးက သွယ်တန်းလျက် စိမ်းစိမ်းစိုစို။ ဘုရားဖူးလာသူများ မောပန်းနွမ်းနယ်သမျှ သဘာ၀ရှုခင်းအလှများကြောင့် ပြေပျောက်စေပါသည်။

အနောက်ဘက်စေတီအနီးကပ် လျက် ကမ္ဘည်းကျောက်စာတိုင်တစ်ခု တွေ့ရှိရပြီး ရေးထိုးထားသောစာများမှာ-

ရွှေမြင်မိစေတီတော်သမိုင်း
ဦးပဉ္စင်သာဦးပုည၏
(၈၀)ပေါ်တေးထပ်

နရပတိစည်သူ ဘုန်းရောင်မြူးလို့
. . မြေဇမ္ဗူ ဦးလှည့်လို့လာ. . သက်နံ
နက်ဖောင်စကြာရယ်. . . လိုတော်ရှိရာ
ပြည့်နိုင်စွမ်း. . . ရှင်ဖြူရှင်လှ ညီနောင်
နှစ်ဖြာ. . . သိကြားဆက်လာ. . . ကွယ်
ကိုးစေဖို့ကမ်း. . . ရွှေမြင်မိနဲ့ ရွှေမြင်
တော်. . . ဂုဏ်ရောင်လျှမ်း. . . ကြက်
အိပ် ကြက်ထောင့် အုံ့မခန်း. . . ဘုန်း
တော်၀လျှမ်းထူးမြတ်စွာ. . . ကြက်
ယက်၊ ကြက်ကျ၊ ကြက်တောင်ကူး. . .
ရွှေကြက်ငါးဦး၊ ဂုဏ်ပေါင်းကွန့်ကွန့်ဖြာ
. . . ခုဆိုသမျှ ထွင့်သက္ကရာဇ်. . .
သက္ကရာဇ်၏ လေးရာ့ရှစ်ဆယ်စွန်းခဲ့. . .
ပေါ်ထွန်းမူလ. . . ဗုဒ္ဓရုပ်ပွားစည်. . .
ထိုမင်းနရပတိတည်. . . ဖောင်စကြာ
ဖြင့် လှည့်လည်လာသည်. . . ခွန့်ရှည်
သာသနာ တည်ကြောင်းသာပလေး။

ရေးထိုးထားသည်ကို တွေ့မြင်ရသဖြင့် စာရေးသူတို့အားလုံး တွေ့၀ေသွားခဲ့မိ၏။ ရွာသားအချို့က ကျန်စစ်မင်းတည်ခဲ့သောစေတီ၊ အချို့က အလောင်းစည်သူ ခေါ် နရပတိမင်းတည်ခဲ့သောစေတီဟု ဝိ၀ါဒကွဲပြားနေသဖြင့် ဦးအံ့ဘွယ် (စေတီတော်ဂေါပက၊ ဘဏ္ဍာရေးမှူး၊ အကျိုးတော်ဆောင်ချုပ်) ထံသို့

စေတီရှိရာသို့ ခွန့်များအတွင်းမှ ဖြတ်သန်းသွားလာခဲ့ရပါသည်

ရွှေမြင်မိစေတီသို့သွားမည့် 'တေးကမျာ'
တေးဂီတအဖွဲ့.သီဆိုဖျော်ဖြေနေစဉ်

ရွှေမြင်မိသို့သွားမည့်
ရွှေဝံနောင်အဖွဲ့မှ သီဆိုဖျော်ဖြေနေစဉ်

ရွှေမြင်မိသို့သွားမည့် 'ရွှင်မြူးကြွ'
တေးဂီတအဖွဲ့.သီဆိုဖျော်ဖြေနေစဉ်

www.burmeseclassic.com

www.burmeseclassic.com

သွားရောက် မေးမြန်းမိလျှင် ဦးအုံဘွယ်မှ-

"စေတီတော်ရဲ့သမိုင်းကျောက်စာအထောက်အထားပေါ့။ ကျန်စစ်မင်းသို့မဟုတ် အလောင်းစည်သူ ဘဲယ်မင်းမှ တိတိကျကျ မတွေ့ရပါဘူး ဆရာ။ သာသနာဝင်မှတ်တမ်းအရ ရှင်ပြု ရှင်လှူဘုရားကြီးသမိုင်းရေးခဲ့တဲ့ ညောင်ပင်သာ ဦးပုည (၈၀) ပေါ်တေးထပ်အရ နောင်လာနောက်သားများ သိရအောင် နရပတိမင်း ခေါ် အလောင်းစည်သူမင်း ဖြစ်ကြောင်း သံဃာ့နာယကအဖွဲ့၊ ရ-၀-တအဖွဲ့၊ ဂေါပကအဖွဲ့တို့ သဘောတူညီမှုနဲ့ ကျောက်စာရေးထိုးခဲ့တာပါ ဆရာ"

"ဒါပေမယ့် ဦးလေးရေ၊ ရွာသူရွာသားများက ကျန်စစ်မင်းမှ ကျန်စစ်မင်းတဲ့ဗျ။ ဒီနယ်တစ်ကြောမှာ သူရောက်ခဲ့တာ သမိုင်းမှာအမှန်။ သူမြင်းကို မိလို့ ရွှေမြင်းမိစေတီ၊ သစ္စာကျိန်ဆိုခဲ့တဲ့ ရေခါးအင်း၊ စေတီတော်ရဲ့တောင်ဘက်မှာ သူခြေရာ၊ သူရဲ့လှံထောက်ရာ၊ ကျောင်းဖြူရွာသူ ရှင်မထီးရဟန်းတူမ သမ္မုလအကိုးအကားပြောကြားလာတော့ ခက်သားလားဗျာ"

ကိုတင်မောင်ဆွေမှ-

"အလောင်းစည်သူပါလို့ ပြောရင် တချို့က မကြိုက်ဘူး။ ထရိုက်မယ့် အတိုင်းဗျ"

ဇာတ်ဆရာတစ်ယောက် ပြောလိုက်သည့်စကားမှာ-

"ဒီရွာမှာ ပွဲကဖြစ်ခဲ့ရင် အလောင်းစည်သူမင်းနဲ့ ကျန်စစ်မင်းအကြောင်း ပွဲမကဝံ့တော့ပါဘူးဗျာ"

"ဘာဖြစ်လို့"

"ဆုမချဘဲ ခဲကျလာမှာ ကြောက်လို့"

ဟု ပြောလိုက်သောအခါ အားလုံး ရယ်မောကြလေ၏။ ဦးအုံဘွယ်မိသားစုမှ စာရေးသူတို့အား မုန့်၊ လက်ဖက်ရည်၊ ထမင်းများဖြင့် ဧည့်ခံကျွေးမွေးပါသည်။ လိုလေသေးမရှိ ပျူဌာစွာ ဧည့်ဝတ်ပြုပါ၏။

"ဦးလေး၊ စေတီတော်ကြီးရဲ့ထူးခြားချက် ပြောပြပါဦး"

စာရေးသူမှ မေးလိုက်လျှင် ဦးအုံဘွယ်မှ-

"နှစ်စဉ် ဘုရားပွဲတော်ရက် ၀၊ ခေါင်လဆုတ် (၁၃)၊ (၁၄) ရက်မတိုင်မီမှ ပွဲရက်အထိ မိုးကိုပိုင်စိုးတဲ့ သိကြားမင်းက ပူဇော်မှုပြုပါတယ်။ ပွဲတော်ရက်

ရေခါးရွာလူကြီးများထံ သိထိုသမျှ မေးမြန်းခဲ့စဉ်က

စာရေးသူ စေတီတော်ဂေါပက ဦးအုံဘွယ်ထံ မေးမြန်းနေစဉ်

များ လပြည့်လကွယ်နေ့များတွင် ရောင်ခြည်တော်ကွန့်မြူးပါတယ်။ စေတီတော်မှာ အဓိဌာန်ဝင် ဆုတောင်းကြသူတိုင်း အလိုဆန္ဒပြည့်ဝစေပါတယ်။ ညဉ့်ဦးယံ၊ သန်းခေါင်ယံ၊ မိုးသောက်ယံအခါသမယများတွင် မြင်အပ်၊ မမြင်အပ်သောပုဂ္ဂိုလ်မြတ်များ ဘုရားကို လာရောက် ဖူးတွေ့ကြပါတယ်"

ထို့စဉ် ရွာအရှေ့ပိုင်းဆီမှ-

"တီးဝိုင်းကားတွေ လာပြီဟေ့"

အော်ဟစ် ပြောလိုက်သံများနှင့် အတူ ဆူဆူညံညံကလေးသံများ၊ ပျော်ရွှင်နေသောသူများကို တွေ့မြင်နေရ၏။ အနယ်နယ်အရပ်ရပ်မှလာသော ဘုရားဖူးများ၊ ဧည့်သည်များ၊ အရုဏ်တော်များ၊ ဒေသနယ်မြေခံလူတန်းစားများနှင့် အထူးစည်ကားလျက်ရှိနေ၏။ ဦးကျော်အေးနေအိမ်တွင် မုန့်၊ လက်ဖက်ရည်စားသောက်နေစဉ်-

"နေညည်ညည်း×××ညည်ညည်း×××အနောက်ယွန်းတော့မလိုး×××နှုတ်ဆက်နေပေါ့း×××လွမ်းပေါ့မေရေ×××ငွေဖျိုင်းဖြူလေးတွေ×××အိပ်တန်းပြန်တော့×××မှာလိုက်ပါရစေ×××ပြန်ခဲ့တော့လေ×××မောင်အမြဲရှိတဲ့ ငွေသောင်ယံကိုလေ×××"

တေးသံကို လွမ်းလွမ်းရှရှ ကြားရပြန်၏။

နေသည် ညှိုးပုံဝင်မက အနောက်မိုးကုပ်စက်ဝိုင်းဆီသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့ပေပြီ။ သူငယ်ချင်းများက ညအိပ် နေရစ်ကြမည်ဆိုသဖြင့် ကျွန်တော် အားလုံးကို နှုတ်ဆက်လက်ပြကာ ပြန်လာခဲ့လေ၏။ အရှေ့လမ်းမှာ လုံးဝမကောင်းသဖြင့် အနောက်လမ်းမဆင်းလာခဲ့သည်။ တောလမ်းတစ်နေရာသို့

www.burmeseclassic.com

www.burmeseclassic.com

တိုင်တစ်ရာကျောင်းမှ ရွှေဟောင်းပစ္စည်းများ မကွေးလှမြင့်

ဟု သိရသည်။ မိမိနှင့်အတူ ပါလာသော စာရေးဆရာများမှာ အထက်မင်းလှမြို့မှ အမျိုးသားစာပေဆုရ ကဗျာဆရာ တောသားကြီးလူနိုင်နှင့် မောင်သိမ်မွေ့ (အထက်မင်းလှ) တို့ ဖြစ်ကြပါသည်။ မိမိတို့ တိုင်တစ်ရာကျောင်းပရဝဏ်အ

မဟာမြတ်မုနိရုပ်ပွားတော်

မကွေးမြို့နယ် မြင်ကွန်းတိုက်နယ် ဘုရားကုန်းကျေးရွာအုပ်စုတွင် ဘုရားကုန်းရွာ၊ အလယ်ရွာနှင့် ကွေ့ချောင်းရွာများ ပါဝင်ကြပြီး ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌ တည်ရှိကြသည်။ ကွေ့ချောင်းရွာသည် အိမ်ခြေ (၂၀၀) ဝန်းကျင်ခန့်ရှိပြီး တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် အင်္ဂလိပ်ရေတပ်အား အကြီးအကျယ် ဒုက္ခပေးခဲ့သော၊ အင်္ဂလိပ်ရေတပ်မြစ်ကြောင်းကို ဆန့်တက်မရအောင် ခုခံခဲ့သော နာမည်ကျော် ကွေ့ချောင်းခံတပ်နှင့်လည်း တစ်ဖာလုံခန့်သာ ဝေးပါသည်။

ကွေ့ချောင်းရွာမြောက်ထိပ်တွင် လွန်ခဲ့သည့်နှစ်(၁၀၀)ကျော်က ဆောက်လုပ်ခဲ့သော ဇေယျာသိရိကျောင်း (ခ) တိုင်တစ်ရာကျောင်းကြီးရှိပါသည်။ ယခုလက်ရှိ ကျောင်းထိုင်သောဆရာတော်မှာ စတုတ္ထမြောက်ဖြစ်ပြီး ဘွဲ့အမည်မှာ ဦးဇဋိလ ဖြစ်၍ သက်တော် (၇၃) နှစ်ရောက်သောအခါ မိုးများ ပိသည်းလာပြီး ရုတ်တရက် ဆိုင်ကယ်မီးတို့ ပြတ်တောက်သွားသဖြင့် ဝန်းကျင်တစ်ခုလုံး မည်းမှောင်သွား၏။ ရှေ့ခရီးဆက်သွားရန် မလွယ်ကူတော့။ တောလမ်းခရီးမှာ အရှမ်းဝေးလွန်းပြီး ချောင်းမြောင်းများဖြတ်ရဦးမည်။ ရေခါးရွာသို့ ပြန်လှည့်ရန်မှာလည်း ဝေးကွာခဲ့ပြီး အဆင်းအတက်၊ အကွေ့အကောက်များပြီး ရွံ့ဗွက်အိုင်တွေ ရှောင်တိမ်းဖြတ်ကျော်ခဲ့ရသည်။

ညအမှောင်တွင် ကိုရွှေမိုးက အငြိုးကြီးစွာ သဲသဲမဲမဲရွာနေသဖြင့် မြွေပူရာ ကင်းမှောင့် ဆိုသလို တစ်ပူပေါ်နှစ်ပူဆင့်လျက် တောတောင်အလယ် မှောင်မှောင်မည်းမည်း မိမိတစ်ယောက်တည်း ဒုက္ခရောက်သောအခါ ပုထုဇဉ်လူသားပီပီ ဒုက္ခတွေ့မှ မြတ်ဗုဒ္ဓအား သတိရလိုက်မိသဖြင့် ရွှေမြင်မိစေတီမြတ်သို့ စိတ်မှရည်လျက် သစ္စာဆုချီတောင်းမိပါပြီ။

"ရွှေမြင်မိစေတီတော်မြတ်ဘုရား၊ တပည့်တော် ဤခရီးလာရခြင်းသည် အပျော်ခရီး မဟုတ်ပါ။ စေတီမြတ်အား ဆောင်းပါးဇာတ်လမ်း ရေးသား ပူဇော်ရန် ဖြစ်ပါသည်။ ဤမှန်ကန်သောသစ္စာတရားကြောင့် အပြန်ခရီးတွင် အမှောင်ခွင်း၍ အလင်းဆောင်ပါစေသတည်း"

ဆုတောင်းလိုက်ပြီး ဆိုင်ကယ်စက်နှိုးကာ မီးများဖွင့်ကြည့်လိုက်သည်။ မလင်းပါ။ ဘယ်လိုမှ လင်းမလာခဲ့။ အကြိမ်ကြိမ် ကြိုးစားသော်လည်း အချည်းနှီးဖြစ်ခဲ့ရ၏။ ဝန်းကျင်သည် မည်းမှောင်လျက်။ ညဉ့်နက်နက်တွင် စိတ်ဓာတ်ကျလျက် အပေါ့အပါးသွားရန် ခြေအလှမ်းလုံးလုံးရှည်ရှည်အရာအား တက်နင်းမိလိုက်သဖြင့် ထိတ်လန့်တုန်လှုပ်သွားပြီး နောက်သို့ ခုန်ဆုတ်လိုက်သဖြင့် ရွံ့ဗွက်အိုင်အတွင်း ဖင်ထိုင်လျက် လဲကျသွား၏။

ထိုအချိန် မိမိ လျှပ်တစ်ပြက် သတိရလိုက်မိသည်မှာ ဒီဂျစ်တယ်ကင်မရာ မိုးလေလုံစေရန် ကျွတ်ကျွတ်အိတ်အပါးအုပ်ထားပေမယ့် ခလုတ်ပါဝါဖွင့်ကြည့်လိုက်တော့ အနည်းငယ်တော့ အလင်းသား။ စောစောက မိမိတက်နင်းခဲ့သည့်အရာမှာ ဓာတ်မီးတစ်လက်။ ဝင်းလက်သောစိတ်ဓာတ်နှင့်အတူ လျှပ်မြန်စွာ ကောက်ယူ ထွန်းကြည့်လိုက်လျှင် ဓာတ်မီးအလင်းရောင်သည် ဖြာဆင်းသွားစေ၏။ လိုသောဆန္ဒ ပြည့်ဝခဲ့ပြီ။ သစ္စာဆုချီခဲ့မိသော ရွှေမြင်မိစေတီမြတ်ကြီးအား သန္ဓါရိုကျိုး ရှိခိုးလျက် အိမ်အပြန်ခရီးသည် အမှောင်ခွင်း အလင်းဆောင်လျက် မိုးဖွဲဖွဲအောက် ဆိုင်ကယ်ကလေးသည် ပြေးထွက်ခဲ့၏။

အောင်မြင့်မြတ်(စစ်ကိုင်း)

(ဤစာမူဖြစ်မြောက်ရေးအတွက် ပင့်ပန်းဆင်းရဲဒုက္ခခံကာ ကူညီပေးခဲ့ကြသော ကိုတင်မောင်ဆွေ၊ ကိုတိုး (ရွာထောင်) နှင့် ရေခါးရွာသူရွာသားများအား ကျေးဇူးအထူးတင်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

တွင်း ရောက်ရှိချိန်မှာ မွန်းလွဲ (၂) နာရီခန့် ဖြစ်ပါသည်။ မကွေးမြို့နယ်အတွင်း မိုးခေါင်နေသဖြင့် အပူရှိန်မှာ ပြင်းပြလှပါသည်။ ဆရာတော်အား ကျောင်းအောက်က အရိပ်ကောင်းသော မန်ကျည်းပင်ကြီးအောက် ဝါးကွပ်ပျစ်ပေါ်၌ တွေ့ရပါသည်။

ဆရာတော်က-

"ဒီကျောင်းရဲ့ ပထမဆရာတော်က ဦးဩဘာသတဲ့၊ ဒီကွေ့ချောင်းရွာသားပဲ။ ဒုတိယဆရာတော်က ဦးအဂ္ဂဝံသ၊ တတိယဆရာတော်က ဦးဥက္ကဝံသတဲ့။ ကျွပ်က စတုတ္ထဆရာတော်ပေါ့။ ဒီကျောင်းကြီးရဲ့သက်တမ်းက နှစ် (၁၅၀) ခန့်ရှိပြီ။ ကွေ့ချောင်းခံတပ်က ဒုတိယစစ်ပွဲအပြီး (၁၀)နှစ်ခန့်အကြာ၊ ရတနာပုံနေပြည်တော် တည်ထောင်ပြီး (၂) နှစ်ခန့်အကြာ မြန်မာနှစ် ၁၂၂၃ ခုနှစ်မှာ တည်ဆောက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရတယ်။ ဒီတိုင်တစ်ရာကျောင်းကြီးကတော့ ခံတပ်ကြီးအပြီး နောက် (၅) နှစ်ခန့်မှာ ဆောက်လုပ်ခဲ့တာဖြစ်တယ်။ လွန်ခဲ့တဲ့ (၂)နှစ်လောက်က ကျောင်းကြီး ဟောင်းအိုဆွေးမြည့်ပြီး လဲပြိုတော့မယ့် အခြေအနေရောက်လာလို့ ပြန်ပြင်လိုက်တယ်။ ပန္နက်တွေကတော့ ရှေးက ပန္နက်အတိုင်းပဲ။ မူလကတော့ အဆောင် (၄) ဆောင်ရှိခဲ့တယ်။ ရှေးဆရာတော်ကြီးများ လက်ထက်ကတည်းက ထိန်းသိမ်းလာခဲ့တဲ့ ရှေးဟောင်းအမွေပစ္စည်းတွေကို ဆက်ပြီး ထိန်းသိမ်းလာခဲ့တယ်။ ကဲ-ကျောင်းပေါ်တက်ကြည့်စို့"

ဆရာတော်၏ဦးဆောင်မှုဖြင့် မိမိတို့ နောက်ကလိုက်ခဲ့သည်။ ပထမဆုံးတွေ့ရတာက မျက်နှာကြက်တွင် တပ်ဆင်ထားသော ရှေးဟောင်း မီးအိမ်ကြီး (၄) ခု ဖြစ်သည်။ ထိုမီးအိမ်ကြီးများမှာ အိတာလျံနိုင်ငံလုပ်များ ဖြစ်ကြသည်။ ရေနံဆီထည့်၍ မီးစာနှင့်ထွန်းညှိရသည်ဟု ဆိုသည်။ မီးအိမ်အောက်တွင် ခြင်စုံရွဲလုံးများ တပ်ဆင်ထားသည်။ မီးအိမ်၏အုပ်ဆောင်းပတ်လည်၌ ဖန်ချောင်းလေးများတပ်ထား၏။ မီးစာကိုထွန်းညှိပြီး မှန်ပြောင်းတပ်လိုက်သောအခါ အလင်းရောင် ပို၍တောက်ပလာပြီး ဘေးပတ်လည်က ဖန်ချောင်းလေးများနှင့်ထိတွေ့လိုက်သောအခါ လှပသော မီးအိမ်မီးဆိုင်းကြီးတစ်ခု ဖြစ်လာသည်။



ရှေးဟောင်းအောက်လင်းမီးအိမ်

"ဒီရှေးဟောင်းမီးအိမ်ကြီးတွေကို လာဝယ်ကြတယ်။ တစ်ခုကို သိန်း (၃၀) အထိ ပေးကြတယ်။ ဘုန်းကြီးက ဘယ်လောက်ပေးပေး မရောင်းဘူး။ ဒါတွေဟာ ရှေးဆရာတော်ကြီးများ အဆက်ဆက်ကတည်းက ထိန်းသိမ်း စောင့်ရှောက်ခဲ့တာ နှစ်ပေါင်း (၁၅၀) လောက် ရှိပြီလို့ ပြောလိုက်တယ်"

ထို့နောက် ဘုရားခန်းအတွင်း၌ ရှေးဟောင်းရုပ်ပွားတော်များ၊ ရှေးဆရာတော်ကြီးများ အသုံးပြုသော ရှေးဟောင်း တရားတော်ပလ္လင်မှာ ရွှေအဆင်းဖြင့် ဝင်းလက်တောက်ပနေသည်။ ထို့ပြင် ရှေးဟောင်း ပေပုရပိုက်များ၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်းများ သိမ်းဆည်းထားသော စာတိုက်ကြီးမှာ ရွှေရောင်ဖြင့် လင်းလက်နေပါသည်။ ဆရာတော်က ရှေးဟောင်းစာတိုက်ကြီးနှင့်ပတ်သက်၍-

"တီဗီတွေပေါ် ခါစက ကုန်သည်တစ်ယောက်လာတယ်။ ဒီရှေးဟောင်းစာတိုက်ကြီးကို သူ့ကိုစွန့်ပါတဲ့။ အောက်စက်နဲ့ တီဗီဝယ်ပြီး ကန်တော့ပါ့မယ်လို့ ပြောတယ်။ ကိုယ့်လက်ထက်မှာ မတိုးတက်တောင် ရှေးဟောင်းပစ္စည်းများ မပျောက်ပျက်အောင် ထိန်းသိမ်းဖို့ ရှေးဆရာတော်ကြီးအဆက်ဆက်က မှာခဲ့တယ်"

ထို့နောက် မိမိတို့သည် ကျောင်းပေါ်တွင် လှည့်လည်ကြည့်ရှုကြရာ အလွန်လက်ရာမြောက်သော ရှေးဟောင်းဗီရိုကြီးနှစ်လုံးကိုလည်းတွေ့ရသည်။ (၆) ပေခန့်အမြင့်ရှိသည်။ သစ်ထွင်းပန်းပုလက်ရာကနုတ်ပန်းများ၊ ယိုးဒယားပန်းခက်များ၊ ကဒေါင်းရုပ်များဖြင့် အပေါ်ပိုင်းတွင် ထုဆစ်ထားပြီး ဗီရိုအောက်ခြေတိုင်များကို ခြင်္သေ့ရုပ်များ ထုလုပ်ထားသည်ကို တွေ့ရသည်။ ကျောင်းအောက်သို့ ဆင်းကြရာ သနပ်ခါးပင်များ၊ စန္ဒကူးနှံသာပင်များကို စနစ်တကျ စိုက်ပျိုးထားသည်ကို တွေ့မြင်ရပြီး သိမ်တော်ကြီးထဲတွင် မဟာမြတ်မုနိရုပ်ပွားတော်တစ်ဆူကိုဖူးတွေ့ရသည်။ ဝါတွင်းကာလ နံနက်အရုဏ်တက်အချိန်တွင် မဟာမြတ်မုနိရုပ်ပွားတော်ကို ရောင်တော်ဖွင့်မျက်နှာတော်သစ်ပေးသည်ဟု အာမိန့်ရှိသည်။

မဟာမြတ်မုနိရုပ်ပွားတော်နှင့်ပတ်သက်၍ ဆရာတော်က-

"မဟာမြတ်မုနိ ရုပ်ပွားတော်ရဲ့ မျက်နှာတော်က ကြေးနဲ့သွန်းထုထားပြီး ဂုဏ်လုံးတော်က ကုတ္ကိုသားဖြစ်တယ်။ ကနက်ခန်ချည်းပဲ ဖြစ်တယ်။ ရွှာနာမည်က ကွေ့ချောင်း ဆိုတော့ ဘုရားကြီးနဲ့ ရွှာဟာ ကက်ကင်းမိအောင် ရှေးဆရာတော်ဘုရားကြီးများ ထုလုပ်ပူဇော်ခဲ့တာဖြစ်ကြောင်း တတိယဆရာတော်ကြီး ဦးဥက္ကဝံသက ဘုန်းကြီးဝယ်ငယ် သာမဏေဘဝက မိန့်ကြားခဲ့ဖူးတယ်"

ဟု မိန့်တော်မူသည်။

ထို့နောက် ဆရာတော်က ရှေးဟောင်းပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ပထမဆရာကြီးလက်ထက်ကတည်းက လောကီဂုဏ်ရပညာများနှင့် စီမံထားခဲ့သည်ဟု ဆိုသည်။

"မသမာသောစိတ်နဲ့ ဒီကျောင်းပရဝဏ်အတွင်းမှ ဘုရားရုပ်ပွားတော်များနဲ့ အခြားရှေးဟောင်းပစ္စည်းများကို ရန်သူမျိုးငါးပါး လုံးဝ နှောင့်ယှက်လို့မရအောင် လောကီပညာ၊ ဂုဏ်ရရနည်းပေါင်းစုံ အဋ္ဌပဌနည်းများနဲ့ ကျွမ်းကျင်စွာ စီမံထားခဲ့တယ်။ ဒါကြောင့်လည်း နှစ် (၁၀၀)ကျော်တဲ့တိုင် အပ်တိုတစ်ချောင်းတောင် အပျောက်အရှုမရှိခဲ့ပါဘူး"

ထို့နောက် မိမိတို့သည် တိုင်တစ်ရာကျောင်းဆရာတော်အား ကန်တော့၍ တောင်ကုန်းပေါ်ရှိ ကွေ့ချောင်းခံတပ်ဆီသို့ တက်ခဲ့ကြပါသည်။

မကွေးသပ်မြင့်

www.burmeseclassic.com

www.burmeseclassic.com

လင်းပဏ် ခေါ် စလင်းဦးပဏ္ဍိစ္စ၏

စကားကျော်

ယနေ့-ယမ္မကာပြဿနာအကြောင်းရှု

ဦးစန္ဒိမ(စလင်း)

၁၃၇၃ ခုနှစ် ဝါဆိုအမီ စလင်းမြို့က မဟာသုဇနာရာမတိုက်ခေါ် စကားတိုက်ကျောင်းဝိုင်းထဲမှာ ဘုန်းကြီးကျောင်းလေးတစ်ကျောင်း ဖြစ်ထွန်းပေါ် ပေါက်လာတာ တွေ့ရတော့ အတော် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

ဟိုးယခင် ၁၃၂၉ ခု၊ နှစ်ဆန်း (၂) ရက်နေ့ နံနက် (၁၁) နာရီခွဲလောက်မှာ ဒီစကားကျောင်းတိုက်ကြီးက စတင်ပြီး မီးလောင်ပါတယ်။ စလင်းမြို့မှာရှိတဲ့ ရွှေဟောင်းဘုန်းကြီးကျောင်းကြီးတွေ၊ လူနေအိမ်တွေ အထကကျောင်း အပါအဝင် အတော်များများ ဝါးမျိုလောင်မြိုက်ခံလိုက်ရပါတယ်။ စလင်းမြို့လေး အတော် အထိနာသွားရပြီး အသည်းနှလုံးကို သိမ်းကျုံးဖွဲ့ခြေခံလိုက်ရသလိုပါပဲ။ ပိုပြီး နှမြောဖို့ကောင်းတာက လင်းပဏ်ဆရာတော်လို့ အမည်တွင်တဲ့ စလင်းဦးပဏ္ဍိစ္စ သီတင်းသုံးသွားခဲ့တဲ့ စကုကျောင်းတိုက်ကြီးမို့ပါ။ အဲဒီမီးကို မြို့လူထုက စကုမီးလို့ ခေါ်ကြတယ်။ စကုကျောင်းတိုက်က စတင်လောင်ကျွမ်းလို့ ခေါ်တာရယ်။ ကိုရင်လေးတွေ၊ ကျောင်းသားလေးတွေ ကျောင်းခေါင်မှာစွဲနေတဲ့ပုထားကို မီးခိုးမှိုင်းတိုက်ဖွပ်ကြရာမှ လောင်တဲ့မီးဆိုပါတော့။

မဟာသုဇနာရာမတိုက်ခေါ် စကုတိုက်ကြီးဟာ နှယ်နှယ်ရရ မဟုတ်ပါဘူး။ ဂန္ထဝင်အစဉ်အလာကြီးမားလှပခဲ့တဲ့ သမိုင်းဝင်နေရာကြီးပါ။ ဒီကျောင်းတိုက်ကြီးကို အလှူခံပြီး သီတင်းသုံး စာချ သာသနာပြုသွားတဲ့ စလင်းဦးပဏ္ဍိစ္စ ဆရာတော်ကြီး ဆိုတာ လယ်တီဆရာတော်ကြီးရဲ့ ဆရာတွေထဲက ဆရာတစ်ပါး အပါအဝင် ဖြစ်ပါတယ်။

စလင်းဦးပဏ္ဍိစ္စကို စလင်းမြို့ရဲ့ အရှေ့တောင် (၁၄)မိုင်အကွာ ရွာခိုင်ရွာသူကောင်းမျိုးရိုး မိဘနှစ်ပါးက ၁၂၀၅ ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်။ သူကောင်းဆိုတာ ရွှေက မင်းစိုးရာဇာက သူကောင်းပြုမြောက်စားခံရတဲ့ လူတန်းစားတစ်ရပ်ပါ။

ဆရာတော်လောင်းလှာ ငယ်စဉ်အခါက ကျွဲထိရွာဆရာတော် ဦးဩဘာသထံ စာပေသင်ယူတယ်။ မင်းလှမင်းထင်ကျော် မကွေးသူကြီး ဦးရွှေပြည်က မကွေးမြို့မှာ လေးထပ်ကျောင်းကြီး ဆောက်လှူက် ကိုးကွယ်ဖို့ ဆရာတော် ဦးဩဘာသကို ပင့်သွားတော့လည်း ပါသွားတယ်။ မကွေးမှာ ရှင်သာမဏေပြုတော့ ဘွဲ့မည် 'ရှင်ပဏ္ဍိစ္စ' လို့ တွင်ပါတယ်။ ဦးဩဘာသက မကွေး(၇)ဂိုဏ်း ချုပ်ဆရာတော် ဖြစ်ပါတယ်။

အဲဒီကနေ ရှင်ပဏ္ဍိစ္စဟာ မန္တလေးတောင်ခြေရှိ မန္တလာရာမတိုက် (ပြည်တိုက်)သို့ ပြောင်းရွှေ့ကာ ပရိယတ္တိစာပေများကို ဆက်လက် သင်ယူပြန်ပါတယ်။ ၁၂၅၅ ခုနှစ်မှာ စကုမြို့ပန်မင်းသူကောင်းဦးဆိုင်၊ မင်းကတော် ဒေါ်ငွေတို့က ဦးဩဘာသကို ဥပဇ္ဈာယ်ပြုလျက် ရှင်ပဏ္ဍိစ္စကို ရဟန်းဘဝသို့ ရောက်အောင် မြှင့်တင်ပေးလိုက်ကြပါတယ်။



မင်းတုန်းမင်းကြီးရဲ့ ငယ်ဆရာဇောတိကာရာမတိုက် စံကျောင်းဆရာတော် ပုံလွန်တော်မူတော့ မင်းတုန်းမင်းက ပြည်ဆရာတော်ကို စံကျောင်းတိုက်ကြီးလှူတယ်။ အဲဒီအခါမှာ နောက်ပါတပည့်အဖြစ်နဲ့ ဦးပဏ္ဍိစ္စ လိုက်ခဲ့ရတယ်။ ၁၂၅၆ ခုနှစ် ကျောင်းထိုင်သက် (၆) လ ပြည့်ဆရာတော် ပုံလွန်တော်မူပါရော။ ဒီတော့ မင်းတုန်းမင်းက စံကျောင်းကြီးကို ဦးသုဒဿနထံ လှူပြန်ပါတယ်။ ဒီဆရာတော်ဆီမှာပဲ ဦးပဏ္ဍိစ္စ ပညာဆက်လက်သင်တယ်လေ။ အဲဒီကျောင်းတိုက်မှာ ၁၂၀၄ ခုနှစ်ဖွား မိုင်းကိုင်ဆရာတော်ဖြစ်လာမယ့် အလုံသာစည်နယ်သား ဦးပဏ္ဍိတနဲ့ ဦးပဏ္ဍိစ္စတို့ ဆုံတွေ့ကြတယ်။ နှစ်ပါးစလုံး စာတော်သူတွေပို့ သံယာပရိသတ်က အကဲခတ်ပြောစမှတ်ပြုကြတယ်။

'လင်းပဏ်လုံပဏ်၊ ထိုနှစ်ပဏ်၊ ဘယ်ပဏ်သာ၍တတ်သနည်း'

ဆိုတဲ့စာချိုးပေါ် လာတဲ့ထိအောင်ပေါ့။ လင်းပဏ်ဆိုတာ စလင်းဦးပဏ္ဍိစ္စ၊ လုံပဏ်ဆိုတာ အလုံဦးပဏ္ဍိတကို ဆိုလိုတာပါ။

တစ်နေ့တော့ လယ်တီဆရာတော် လောင်းလှာ ဦးဉာဏဓဇ စံကျောင်းကို ရောက်လာပါတယ်။ ဒီတော့ဆရာတော် ဦးသုဒဿနက စလင်းဦးပဏ္ဍိစ္စကိုခေါ်ပြီး-

"မောင်စလင်းက ဒီမောင်ပဉ္စင်းကို စာဝါပို့ချပေးလိုက်။ မောင်ပဉ္စင်းကလည်း မောင်စလင်းထံမှာ ဆိုဝါနဲ့တက်။ ငါထံမှာ လိုက်ဝါနဲ့သင်ရမယ်နော် မှတ်ထား"

လို့ မိန့်တော်မူပါတယ်။ တိုက်ဒုံပဲ ဆရာတော်က စာသင်သားသံဃာတစ်

www.burmeseclassic.com

www.burmeseclassic.com

မူလကျောင်းတိုက်ဧရာတ်လေ့ကား



မဟာသုဇနာရာမတိုက် ယခုကျောင်း

ပါးကို စာချအဖြစ် အသိအမှတ်ပြု မျက်နှာအလွှဲခံရတာ အခွင့်ထူးပါ။ ဆရာက တပည့်ကို အားကိုးယုံကြည်တဲ့သဘော ပါပဲ။

လယ်တီဆရာတော်လောင်းလျာဟာ စလင်းဦးပဏ္ဍိစ္စဆီက ပါစိတျာဒိအဋ္ဌကထာ၊ ပဋ္ဌပကရဏအဋ္ဌကထာတို့ကို သင်ယူတတ်မြောက်ခဲ့တယ်။ လယ်တီဆရာတော်ဟာ သူ့ဆရာ စလင်း ဦးပဏ္ဍိစ္စကျေးဇူးကို အထူးထူတ်ဖော်လေ့ရှိသူပါ။ စလင်းဦးပဏ္ဍိစ္စရှိရာအရပ်ကို အမြဲရှိခိုးအပ်ပါသတဲ့။ ပြီးတော့-

"ငါ့ဗိုက်ထဲ ရှိသမျှ စာတွေဟာ စလင်းဦးပဏ္ဍိစ္စဟာတွေချည်းပဲ"

လို့ ခီးကျူးလေ့ရှိပြီး စလင်းဦးပဏ္ဍိစ္စ သိပ်စာတတ်ကြောင်းတွေ အလျဉ်းသင့်တိုင်း ပြောပါသတဲ့။ စံကျောင်းတိုက်မှာနေစဉ် ဆရာတော်ဦးသုဒဿန က မန္တလေးရဲ့လေးပြင်လေးရပ်ရှိ သံဃာတွေကို ပညာစမ်းချင်တာနဲ့ ပါဠိလိုရေးသားထားတဲ့ အမေးပုစ္ဆာကျမ်းတစ်ခု ထုတ်ပါသတဲ့။ လယ်တီဆရာတော် လောင်းလျာလေးက ဦးအောင် ဖြေဆိုရေးသားပြီး ဆရာတော်ကြီး ပြတဲ့အခါ ဆရာတော်ကြီးက-

"ငါက လေးပြင်လေးရပ်က သံဃာတွေ ပညာစမ်းတာ၊ ဒါ နင့်အရာလား"

လို့ ဆိုပြီး စာမူကိုလွှတ်ပစ်လိုက်ပါတယ်။ အားငယ်သွားရှာတဲ့ လယ်တီလောင်းလျာ ဦးပဥ္စင်းလေးက စလင်းဦးပဏ္ဍိစ္စထံ ရောက်သွားတယ်လေ။ ဦးပဏ္ဍိစ္စက တပည့်ဖြစ်သူရဲ့ အဖြေကျမ်းကိုဖတ်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့-

"ငါ့တပည့် ဘယ်အချိန် သင်ယူတတ်မြောက်လိုက်ပါလိမ့်။ တော်ရှာတယ်"

ဆိုပြီး ခီးကျူးပါတယ်။ ဒီတော့ လယ်တီဆရာတော်လောင်းလျာလေးက သူ့ဆရာ ဦးပဏ္ဍိစ္စကို ဆရာအဖြစ်နဲ့ရော ရဲဘော်ရဲဘက်အဖြစ်နဲ့ပါ ကြည်ညိုခဲ့သူ ဖြစ်ပါလိမ့်မယ်။

၁၂၄၄ ခုနှစ်၊ တန်ဆောင်မုန်းလမှာ မန္တလေးမြို့ကြီးမှာ ပလိပ်ရောဂါဆိုးကြီးဝင်လာတော့ လယ်တီလောင်းလျာနဲ့ စလင်းဦးပဏ္ဍိစ္စတို့ လမ်းခွဲကြရပါပြီ။ ဆရာဖြစ်သူက ဇာတိမြေစလင်းကို ရွှက်လေ့ကြီးစီးပြီးပြန်တော့ မန္တလေးမှာကျန်ရစ်ခဲ့တဲ့ လယ်တီလောင်းလျာလေးက ဂေါဝိန်ဆိပ်အထိ သူ့ဆရာကို လိုက်ပို့ရှာတယ်။ ဆရာ့ တပည့်ခွဲကြရတော့ မျက်စိတစ်ဆုံး ကြည့်ကြသတဲ့။ သူ့ဆရာမရှိတော့တဲ့အခါ လယ်တီလောင်းလျာလေးက မန္တလေးမြို့ကြီးဟာ ခန်းခြောက်သွားတယ်လို့တောင် ထင်ပါသတဲ့။

လယ်တီတို့က်ကြီးတည်ထောင်တဲ့အခါ တစ်နေ့တော့ လယ်တီပဏ္ဍိတ လောင်းလျာ ကိုရင်လေးတစ်ပါး ရောက်လာပါရော။ အသစ်ရောက်လာတဲ့ကိုရင်လေးကို ကြည့်ပြီး လယ်တီဆရာတော်က-

"ကိုရင်လေးဘွဲ့ ဘယ်သူတုံးကွယ်"

"မှန်ပါ၊ ရှင်ပဏ္ဍိစ္စပါ ဘုရား"

"အမယ်မင်း - မဖြစ်ဘူး၊ မဖြစ်ဘူး။ ငါ့ရဲ့ဆရာဘွဲ့အမည် စလင်းဦးပဏ္ဍိစ္စနဲ့ တူနေတယ်။ ဒီနေ့ကစပြီး ဘွဲ့အမည် ရှင်ပဏ္ဍိတလို့ ပြောင်းရမယ်ကြားလား"

ဆိုပြီး ဘွဲ့ပြောင်းလိုက်ပါသတဲ့။

လယ်တီပဏ္ဍိတ ဆိုသူကလည်း ခဲသူ မဟုတ်။ လယ်တီဆရာတော် တပည့်တွေထဲမှာ ပါဠို၊ သက္ကတ၊ ကဗျာ၊ စကားပြေ ကျမ်းပေါင်းများစွာ တတ်မြောက်ရေးသားနိုင်တဲ့ ဦးမောင်ကြီး ဖြစ်ပါတယ်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကလည်း အင်္ဂလိပ်လက်ထက်မှာ သူ့ကို အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ပေးတော့ လက်မခံခဲ့ဘူးတဲ့။ သူ့လယ်တီဆရာတော်ပေးတဲ့ လယ်တီပဏ္ဍိတ ဆိုတဲ့ဘွဲ့ ပျောက်သွားမှာစိုးလို့တဲ့လေ။ ကျေးဇူးတရားသိတတ်လိုက်ကြပုံများ စံထားလောက်ပါရဲ့။

လယ်တီဆရာတော်ဟာ အနယ်နယ်အရပ်ရပ်ကြွတော်မူပြီး တရားဟောပေမယ့် စလင်းမြို့ကိုလာပြီး တရားမဟောပါဘူး။ သူ့ဆရာ စလင်းဦးပဏ္ဍိစ္စ ရှိတဲ့အရပ်ဖြစ်တာကြောင့် အပြိုင်မဖြစ်လို့တာရယ်၊ ပညာရှိထွန်းကားရာအရပ်ဖြစ်တာကြောင့်ရယ်ပါတဲ့။ . နို့ပေမယ့် ဆရာ့ တပည့် အယူအဆချင်းတော့မတူပါဘူး။ ဆရာဦးပဏ္ဍိစ္စက သူ့တပည့်ကို တရားမဟောစေချင်ဘူး။ ပရိယတ်သက်သက်ကိုပဲ လုပ်စေချင်တာပါ။ စလင်းမြို့ရဲ့အနောက် စေတုတ္တရာဘက် တရားဟောကြွလာတော့ လယ်တီဆရာတော်က ဆရာဦးပဏ္ဍိစ္စထံ ဝင်ကန်တော့တဲ့အခါ-

"ဘာထရားဟောမှာတုံး"

လို့ မေးတယ်။

ဒီတော့ လယ်တီဆရာတော်က-

"ဝိပဿနာတရားပါဘုရား"

လို့လျှောက်တော့ ဦးပဏ္ဍိစ္စက-

"ခြင်းကြားနဲ့ရေသယ်"

လို့ ဆိုပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

လယ်တီဆရာတော်က သူဆရာဦးပဏ္ဍိစ္စ ပုံလွန်တော်မူတော့ စလင်းကို ကြွလာပြီး ဆရာရုပ်ကလာပ်ကို ကိုယ်တိုင်ထမ်းသင်္ဂြိုဟ်ပါသတဲ့။ လွမ်းစရာကောင်းလိုက်တာနော်။ ဆရာတပည့် စံနမူနာယူစရာတွေပါ။

စလင်းဦးပဏ္ဍိစ္စ ပြုစုခဲ့တဲ့ ကျမ်းတွေထဲမှာ 'စလင်းဂဏ္ဌိ' ခေါ် 'စလင်း ဝိနယဂဏ္ဌိသစ်ကျမ်း' ဟာ အကျော်ကြားဆုံးပါ။ ရာဇဝင်တွင်ပုံလည်းရှိပါသေးတယ်။ ပုဂံက အရှင်ဥက္ကဋ္ဌသရေးတဲ့ သဒ္ဒနီတိကျမ်းဟာ ပိဋကတ်နယ်ပယ်အားလုံးကို သဒ္ဒါနည်းနဲ့ မွေနှောက်နိုင်သလို စလင်းဦးပဏ္ဍိစ္စရေးတဲ့ စလင်း ဝိနယဂဏ္ဌိသစ်ကျမ်းဟာ ပိဋကတ်နယ်ပယ်အားလုံးကို ဝိနည်းဒေသနာနည်းနဲ့ ချောက်ချားနိုင်ပါပေတယ်။

သဒ္ဒနီတိကျမ်းက ပဒ၊ မာတု၊ သုတ္တမလာများဖြင့် ကြီးကျယ် ခမ်းနားစွာ ကျမ်းအားလုံးကို နိဂုံးသတ် ပြီးစီးအောင်မြင်စေသလို ထိုထိုပိဋကမှ ခက်ခဲလွန်းတဲ့ ဥဒါဟရုဏ်ကို ထုတ်ဆောင်ကာ သဒ္ဒါနည်းနဲ့ တိကျပြီးစီးစေပါတယ်။ စလင်းဝိနယဂဏ္ဌိသစ်ကျမ်းကလည်း ဝိနည်းအဋ္ဌကထာ (၅)ကျမ်း (၄)တွဲအားဖြင့် ကြီးကျယ်လျက် ကျမ်းအားလုံးကို နိဂုံးပြီးဆုံးအောင်မြင်စေသလို ဝိနည်းပိဋကတ်အရပ်ရပ်မှာ ကတ်သီးကတ်သတ် အလွန်အလွန် အခက်အခဲတွေကို တိတိကျကျ သေသေချာချာ ဖြေရှင်းထားပါတယ်ဆိုပြီး ပညာရှင်များက အသိအမှတ်ပြု ထောက်ထားကိုးကား စံထားကြရပါတယ်။

စလင်း ဝိနယဂဏ္ဌိသစ်ကျမ်းကို ပေမူမှ ပုံနှိပ်မူအဖြစ် သာသနာရေးဦးစီးဌာနကနေ ၁၃၅၇ ခုနှစ်မှာ ထုတ်ဝေခဲ့ပါတယ်။

စလင်းဦးပဏ္ဍိစ္စ သီတင်းသုံးခဲ့တဲ့ မဟာသုဇနာရာမတိုက်ကို စကုတိုက်လို့ အမည်တွင်ရခြင်းမှာ စလင်းမြို့မှာရော စကုမြို့မှာပါ နှစ်မြို့ကူးပြီး စာပေသင်ကြားပို့ချခဲ့လို့ စကုကိုအစွဲပြုပြီး တွင်ခဲ့ရတာပါ။ နှေးက စာသင်တိုက်ကြီးတွေမှာ ကျောင်းတိုင်ကြီးတွေဆိုရင် လူကြီးနှစ်ဖက်တောင် မမီပါဘူးတဲ့။ စုလစ်မွမ်းချွန်တွေ၊ ခြူးပန်းခြူးနွယ်တွေ၊ ဇာတ်တော်လာ ပန်းပုရုပ်လုံးဖောင်းကြွတွေနဲ့ တန်ဆာဆင်လေ့ ရှိပါတယ်။ စကုကျောင်းကြီးဟာလည်း ထိုအဆင့်တန်ဆာများ အပြင် အုတ်လေ့ကား (၅) စင်း၊ အတွင်းအုတ် (၄) ဆင့် ကျောင်းမ၊ စနေဆောင်၊ ဘောဂဆောင်တို့ပါ အစုံအလင် ပါဝင်ခဲ့ပါတယ်။ ထိုစကုကျောင်းကြီးကို စလင်းမြို့ ပေါင်းပင်ဇင်းရပ်နေ ကျောင်းဒကာ သူကောင်းဦးထွေး၊ ဒေါ်မြင့်တို့က ၁၂၅၃ ခုနှစ်မှာ မြေနေရာဝယ်ပြီး ၁၂၅၅ ခုနှစ်မှာ ကျောင်းကြီးအပြီးသတ်ဆောက်လုပ်ကာ စလင်းဆရာတော် ဦးပဏ္ဍိစ္စကို လှူဒါန်းခဲ့ပါတယ်။ ငွေဒဂိီး (၅)တင်းကုန်ကျခဲ့ပါသတဲ့။

သိမ်ကိုတော့ ဘုံ (၇) ဆင့်၊ ပြာသာဒ်၊ တန်ဆောင်း၊ လှေကား (၃) စင်းနဲ့ တည်ဆောက်ပြီး အရှေ့-အနောက် (၁၆) တောင်၊ တောင်-မြောက် (၁၆) တောင်ကျယ်ဝန်းသလို သံဃာ (၁၈) ပါးနဲ့သမုတ်ပြီး ၁၂၇၂ ခု၊ တပေါင်းလမှာ ရေစက်ချလှူဒါန်းခဲ့ပါတယ်။ သိမ်ဒကာမှာ မအူပင်မြို့နယ် ဆိပ်သာကုန်းတန်းကြီးရွာနေ ဦးထွား၊ ဒေါ်မယ်ရွှေမုံတို့ ဖြစ်ပါတယ်။

၁၃၂၉ ခုနှစ်ဦးက မီးလောင်ခဲ့ရာကနေ စကုကျောင်းတိုက်မှာ ကျောင်းနဲ့ကင်းကွာလာတာ နှစ်ပေါင်း (၄၃) နှစ်ကျော်ခဲ့ပါပြီ။ ဟော - ယခု ၁၃၇၃ ခု၊ ဝါဆိုလပြည့်အမီ ဝါဆိုလဆန်း (၉) ရက် စနေနေ့မှစတင်ပြီး ပွင့်ဖြူမြို့ အောင်မြေသုခကျောင်းဆရာတော် ဦးသုန္ဒရ ခေါ် ဘုန်းကြီး ဦးကျော်သန်းက သူပိုင်ဆိုင်တဲ့ စကုတိုက်ကျောင်းဝိုင်းမြေနေရာကြီးကို တပည့်ဖြစ်သူ ဦးတေဇိန္ဒကို အပ်နှံလျက် ကျောင်းကန်တည်စေခဲ့ပါတယ်။

နိဒ်ဝံတော် သံဃမဟာနာယက အဖွဲ့ဝင် စလင်းမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဦးကေတု၊ မြို့နယ်သံဃနာယကအကျိုးတော်ဆောင် လယ်ပြင်ကျောင်းဆရာတော် ဦးမာနိတ၊ ပေါင်းနာရပ်ကွက် သံဃနာယကဥက္ကဋ္ဌ လက်ပံပင်တိုက်ဆရာတော် ဦးဝိရိယ၊ မဟာဝိသုတာရာမတိုက်သစ်စာချဆရာတော် ဦးဝိသုတ၊ ဦးကုန္ဒက ကူတိုရွာ ဓာတ်တော်ကျောင်းဆရာတော် ဦးပညာသိဒ္ဓိ၊ မန္တလေး ဒို့ဆွေမျိုးကျောင်းဆရာတော် ဦးဉာဏောဘာသ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်တို့က ကျောင်းပန်းတိုင်ချပြီး ခရီးအသစ်တစ်ဖန် ရှင်သန်နိုးကြားလာပါပြီ။ ဝါးထရံကာ ကျောင်းဆောင်လေးတစ်ဆောင် ဆောက်လုပ်ပြီး အုတ်တံတိုင်းများ ကာရံဆောက်လုပ်လျက် ရှိပါတယ်။

ဟိုတုန်းကတော့ စာရေးသူရဲ့ ကျောင်းကို စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာတွေရောက်လာခဲ့ရင် တောင်ဖီလာဆရာတော် မွေးဖွားချက်မြုပ်ရာမှာ တည်ထားတဲ့စေတီနဲ့ ဆုံတားသာသနာပိုင်၊ ပန်းလွှားဆရာတော် သာသနာပိုင် ဦးချက်လောက်တို့ သီတင်းသုံးခဲ့ရာ လောကမှန်ကင်းတိုက်၊ ဆရာတော်ဦးလွဲ့ ကျောင်းနေရာ၊ မိုင်းကိုင်ဆရာတော်ကျောင်းနေရာ၊ မြောက်လေးစင်ကျောင်း၊ ရွှေမုဋ္ဌော ဝက်သည်းကန်ရေလယ်ဘုရား၊ ရတနာမဏ္ဍိဘုရား၊ ရွှေတန်ဆာစေတီ၊ စကုတိုက် စတဲ့ သမိုင်းဝင်နေရာတွေကို လိုက်ပို့ရတယ်လေ။

စကုတိုက်နေရာရောက်ရင် 'ဒါ စလင်းဦးပဏ္ဍိစ္စ သီတင်းသုံးခဲ့တဲ့ကျောင်းနေရာပဲ' ဆိုပြီး လက်ညှိုးညွှန်ပြရပါတယ်။ အထီးကျန်အုတ်လှေကားတွေနဲ့ ချိုနွယ်ပိတ်ပေါင်းတွေ၊ ကျူးကျော်အိမ်တွေကိုသာ မြင်နေရပါတယ်။ ထိုးပြရတဲ့လက်ညှိုးမှာလည်း တန်းပြီးကွေးညွတ်သွားခဲ့ရပါတယ်။ လက်မထောင်ဖို့ဆိုတာ ဝေးပါရော။ လစ်ဟာနေတဲ့ကွက်လပ်ကြီးက အင်အားကို ဆုတ်ယုတ်စေခဲ့ပါတယ်။ အင်း- ခုတော့ ဒီကျောင်းဝိုင်းကြီးထဲမှာ ကျောင်းရှိပြီး ဘုန်းကြီးရှိပြီ။ တံတိုင်းတွေ ခတ်ပြီ။ သမိုင်းကွက်လပ်ဖြည့်နေကြပြီပေါ့။

ဒီကျောင်းတိုက်ကြီးထဲမှာ တစ်ချိန်က ကျမ်းပြုဆရာတော် ဦးပဏ္ဍိစ္စ အပါအဝင် ပဥ္စာဗျာကရဏ ကျမ်းပြုဆရာတော် ဦးဝါယမနဲ့ ကျမ်းပြုဆရာတော် ဦးသီလာစာရတို့ သီတင်းသုံးခဲ့ကြတယ်လေ။ ဒါကြောင့် သမိုင်းတွင်သမိုင်းဝင်နေရာလို့ ဆိုတာပါ။

စလင်းမြို့မှာ သာသနာပိုင်ဆရာတော်ကျောင်းနေရာတွေ တိမ်မြုပ်နေတာ ကျန်ရှိနေပါသေးတယ်။ ပြန်လည်ဖော်ထုတ်ကြပါဦး။ တို့ခေတ်ရောက်မှညံ့ကြတော့မှာလား။ အောင်မောင်းတောင့်ထားကြရအောင်ပါ။ ဉာဏ်ပညာရယ်၊ သဒ္ဓါတရားရယ်၊ လုံ့လရယ်၊ ဆန္ဒရယ် ပေါင်းစပ်လိုက်ရင် အောင်မြင်ရမှာပေါ့။

ယဉ်ကျေးမှု သမိုင်းပေးတာဝန်အမွေတွေ လက်ဆင့်ကမ်း ဆက်လက်မွေးယူကြပါစို့။

ဦးစန္ဒိမ(စလင်း)

ကျမ်းကိုး

စလင်းဝိနယဂဏ္ဌိသစ်ကျမ်း (စလင်းဦးပဏ္ဍိစ္စ)

လယ်တီဂန္ထဝင်ကျော်များသမိုင်း (လယ်တီဦးလှပိုင်)

www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်ထူးဇော်တန်ခိုးသိဒ္ဓိ

သို့မဟုတ်

သက္ကဆရာတော်

ခွန်စည်သာဟိန်း

လောကတွင် တန်ခိုးသိဒ္ဓိနှင့် ပတ်သက်၍ ဖြစ်ရပ်ဆန်းပေါင်းများစွာ ရှိကြပါ၏။ တန်ခိုးသိဒ္ဓိ ဆိုသည်မှာ သီလ၊ သမာဓိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့နှင့်သာ ဆိုင်သောအရာ ဖြစ်လေသည်။ ထိုထူးဆန်းထွေလာဖြစ်ရပ်များအား မိမိ မယုံကြည်တိုင်းပြုလုပ်သူ (၀၀) ယင်းပုဂ္ဂိုလ်အား ပုတ်ခတ်ပြောဆိုခြင်းငှာ မသင့်ချေ။

ကျွန်ုပ်အနေနှင့် တန်ခိုးသိဒ္ဓိများအကြောင်းအား ဉာဏ်မမီပေမယ့် ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခဲ့ဖူးသူ ကာယကံရှင်များ ပြောပြချက်အရ ကြားသိခဲ့ရသော ကိုယ်တွေ့များကို မျှဝေလိုပါ၏။ ယုံချင်ယုံ၊ မယုံချင်နေဟု မပြောလိုပေမယ့် စိတ်ကူးယဉ်အဖြစ်ပျက်များ မဟုတ်ကြောင်းကို ရေးဦးစွာပြောလို၏။ ပြောပြသူ ကျွန်ုပ်မိခင်နှင့်ဘကြီးမှာ သက်ရှိထင်ရှားရှိနေသဖြင့် လာရောက် မေးမြန်းနိုင်ပါ၏။ ထို့အပြင် ကြုံကြိုက်သိမီဖူးသူများစွာကိုလည်း လိုက်လံ မေးမြန်းနိုင်ပါသေး၏။

လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော် ကာလခန့်၌ အလံတစ်ရာတောင် သက္ကဆရာတော်ဘုရားကြီးသည် သထုံမြို့နယ်တစ်ဝိုက် မွန်ပြည်နယ်အတွင်းဝယ် ဘုန်းမီးနေလ ထင်ရှား ကျော်ကြားခဲ့ဖူး၏။ ထိုစဉ်အခါ၌ အလံတစ်ရာတောင်ပေါ်တွင် စေတီတည်ရန်အတွက် ဆရာတော်ဘုရားကြီး အလှူခံထွက်ရာ သိန်းနှင့်ချီ၍ အလှူငွေရသည်။ သက္ကတောင်

www.burmeseclassic.com

www.burmeseclassic.com

ပေါ်တွင် နတ်သားလေးပါး ရှိ၏။ ထို သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို တိုင်တည်ဆုတောင်းကာ ဝစီပိတ်ရက် ပေါင်း (၉၀) ကျင့်ကြ၍ ထွက်လာသော နေ့၌ သိန်းဆွမ်းအလှူခံတော်မူ၏။ ထို ခေတ် ငွေတစ်သိန်း၊ နှစ်သိန်း၏ တန်ဖိုး မှာ များပြားလှ၏။ ဤသို့ သိန်းနှင့်ချီ၍ အလှူခံရသည်ကိုပင် သိန်းဆွမ်းလောင်း သည်ဟု ခေါ်ဝေါ်ကြကုန်၏။ ထိုသိန်း ဆွမ်းလောင်းသောနေ့တွင် နေနှစ်စင်း ထွက်သည်။ သာမန်မျက်စိဖြင့် နေကို မကြည့်နိုင်သဖြင့် သစ်ရွက်အရိပ်ပွား လေးများကို ကြည့်လျှင် သိနိုင်၏။

ထို့ပြင် သက္ကတောင်ပေါ် တက်ရန် မြေသားသမံလမ်းကလေး ချဲ့ထွင်ရန်အ တွက် သထုံမြို့ရှိ ကျေးရွာ၊ ရပ်ကွက်များ မှ ဝိုင်းဝန်းလုပ်အားပေးကြရ၏။ နတ် ကျွန်း၊ လိပ်အင်း၊ ကျောင်းကုန်း၊ ဘင် လိုင်၊ နန်းခဲ စသော ရပ်ကွက်များမှ အ ချို့ လူအား၊ ကာယအား စိုက်လှူကြပြီး အချို့ မလိုက်နိုင်သူများမှ ထမင်းထုပ် လေးများ ဝိုင်းဝန်းလှူဒါန်းကြ၏။ ကျွန်ုပ် မိခင်ကြီး နေထိုင်သော နန်းခဲရပ်ကွက် တွင်းမှ လူအပေါင်း စုပေးပြီး လမ်းလုပ် အားပေးပွဲကို ဥပုသ်နေ့တစ်နေ့တွင် သွား ကြရာ၌ သူလည်း ပါသွား၏။ ထိုအချိန် က သူအသက် (၂၅) နှစ်ခန့် အပျိုအ ရွယ်သာ ရှိသေး၏။

တောင်ပေါ်တွင် စေတီတည်ရန် အတွက် အဝင်လမ်းဖောက်ခြင်း ဖြစ်၏။ တစ်ဝါတွင်းလုံး လမ်းဖောက်နေကြသည် မှာ (၃) လခန့် ကြာမြင့်၏။ ထိုနယ်မြေ မှိုင် (၅၀) ပတ်လည်အတွင်းတွင် သက် သတ်လွတ် စားကြရ၏။ လမ်းကို ကား ကြီးများဝင်နိုင်ရန် နှစ်လမ်းသွားဖောက် ခြင်းပင်။ ဆရာတော်ဘုရား၏ မေတ္တာ ခိုင် ခိုလှုံကြသော တိုင်းရင်းသား ဥပါသ ကာ၊ ဥပါသိကာမများမှာ သက်သတ် လွတ်စားကြ၏။ နီညိုရောင်ဝတ်စုံ ယော ဂီဝတ်စုံဝတ်ကြ၏။ ယောကျ်ား၊ မိန်းမ မရွေး ကတုံးဆံတောက်ပုံစံဖြင့်သာနေ ကြ၏။ အချို့ (၈) ပါးသီလဖြင့် နေကြ ၏။ သီလဆောက်တည်၊ သက်သတ် လွတ်စားနေကြသော်လည်း အလုပ်လုပ် နိုင်သည်မှာ အံ့ဖွယ်ရာပင်တည်း။ လမ်း ဖောက်ပြီးသောအခါ လမ်းဘေးတစ် လျှောက်နေအိမ်များနှင့် ရွာများဖြစ်သွား ကြ၏။ အိမ်ပေါက်စေ့တံခါးမရှိ၊ ခြံစည်း ရိုးမရှိ။ ရွာဓလေ့မဟုတ်၊ ဆရာတော်၏ ဓမ္မာပင်တည်း။

ဆန်များကို ဆရာတော့်ထံတွင် ဘာ လာရောက် လှူကြကုန်၏။ ထူးခြား ချက်မှာ ဘုရားတည်ရာတွင် ဘိလပ်မြေ မပါ။ သဲ၊ ကျောက်၊ ထုံးနှင့်သာတည်၏။ အနီးအနားရှိ ထုံးတောင်ကို ဖြိုချ ထုံးရ ၏။

လမ်းဖောက်ပွဲ ဥပုသ်နေ့တစ်နေ့ တွင် ကျွန်ုပ်မိခင် ပါသွား၏။ မနက်ခင်း လုပ်အားပေးပွဲလမ်းတစ်လျှောက်တွင် ဟို နေရာလူနည်းနည်း၊ ဒီနေရာ လူကျဲကျဲ နှင့် ပြတ်တောင်းပြတ်တောင်းသာ မြင် ရသော်လည်း အချိန်တိုအတွင်း၌ ခဏ တွင်းချင်း လမ်းပြီးမီးသွားသည်မှာ နတ် များ ဝင်ကူညီသည့်အလား အံ့ဩစရာ ကောင်းလှ၏။ ကားလမ်းမကြီးမှ သက္က တောင်ပေါ် တက်ရန်အတွက် ထိုလမ်း တစ်ကြောင်းသာရှိသဖြင့် မဖြစ်မနေ လမ်းပြင်ရခြင်းပင်။ ထိုမြေလမ်းလေး၏ ဘေးဘယ်ညာတွင် တောနှင့်ချုံပုတ်များ သာရှိ၏။ လမ်းဘေးမြေသား တူးသူတူး။ လမ်းပေါ် ပုံပေးသူက ပုံပေး၊ မြေသယ်သူ သယ်၊ ဖို့သူဖို့နှင့် အလုပ်ရှုပ်နေသော လုပ်အားဒါနရှင်များအား ဆရာတော် ဘုရား တောင်ပေါ်မှဆင်းလာကာ လိုက် လံကြည့်ရှုနေလေ၏။ တဖြည်းဖြည်းနှင့် ဆရာတော် လမ်းအပြင်ပိုင်းသို့ ကြွသွား သဖြင့် သူတို့လည်း အမှုမဲ့အမှတ်မဲ့ အ လုပ်ဆက်လုပ်နေကြ၏။

သူလုပ်နေသောနေရာမှာ လမ်း အလယ်ပိုင်းလောက်တွင်ဖြစ်ပြီး လမ်း အတွင်းပိုင်းသို့ ဆက်ဝင်လျှင် သက္က တောင်ခြေနှင့် လမ်းအပြင်ပိုင်းထွက် လျှင် ကားလမ်းမကြီးရောက်ရန်သာ ရှိ တော့သည်။ ဆရာတော်ပြန်လာလိမ့်နိုး ဖြင့်စောင့်နေရာ အတန်ကြာသည်အထိ မမြင်ရချေ။ ပထမတော့ ဆရာတော် ဩဝါဒတရားပေးသောအခါ တရားနာ ယူပြီးလျှင် အိမ်ပြန်တော့မည်ဟု သူတွေး ထား၏။ ဆရာတော်၏ စကားတစ်ခွန်း ဖြစ်ဖြစ်၊ ဩဝါဒတစ်ခွန်းဖြစ်ဖြစ် နာကြား ချင်သောကြောင့် လုပ်အားပေးပွဲလာခဲ့ ခြင်း ဖြစ်၏။

နောက်ထပ် အတော်အတန်ကြာ သောအခါ ဆရာတော် ပြန်ကြွလာသည် ကို မမြင်ရသဖြင့် သူအဖော်များကိုပင် မေးမိ၏။

"ဆရာတော်လည်း မတွေ့တော့ ပါလား၊ ပြန်ကြွသွားတာမြင်လိုက်လား။ အချိန်လည်း မနည်းတော့ဘူး"

သူအဖော်များက မထူးဆန်းသလို ပင် ဆက်လုပ်နေကြ၏။ နေမွန်းတည့်ခါ နီးပြီဖြစ်သောကြောင့် တရားနာယူရန်အ တွက် တောင်ပေါ် တက်စောင့်ကြမည်ဟု ဆိုပြီး တက်လာခဲ့ကြ၏။ တောင်ပေါ် ရောက်သောအခါ တရားဟောနေသော ဆရာတော်ကို ထူးဆန်းစွာ တွေ့လိုက်ရ သဖြင့် ကြက်သီးဖြန်းခနဲထကာ အံ့သြ သွားရ၏။ ဆရာတော် တောင်ပေါ်မှ ဆင်းကြွလာသည်ကို အားလုံး မျက်မြင် ကိုယ်တွေ့ရှိကြပြီး တောင်ပေါ် ပြန်ကြွ သွားသည်ကိုမူ လုံးဝ မတွေ့ခဲ့ရချေ။ တောင်ပေါ် တက်ရန်အတွက် ထိုမြေ လမ်းတစ်ကြောင်းမှလွဲ၍ တခြားလမ်း လည်းမရှိ။ လုပ်အားပေးသူ တခြားလူ များအား လိုက်မေးကြည့်သော်လည်း ဇဝေဇဝါဖြေကြပြီး တိကျသောအဖြေ မရှိခဲ့။ ရွာခံများကိုလည်း မေးကြည့်သေး ၏။

"ဆရာတော် တောင်ပေါ် ပြန်ကြွ သွားတာ တွေ့လား၊ ဒီမှာ တခြားလမ်း ရှိလို့လား"

"မသိဘူးလေ၊ ကျွန်မတို့တော့ မမြင်ဘူး။ လမ်းက ဒီတစ်လမ်းပဲ ရှိတာ လေ"

ဟု သိပ်မဆန်းကြယ်သလိုပင် ဖြေ ကြ၏။

လူချင်းတူသော်လည်း ခံယူချက် ခြင်း မတူမှု၊ ခြင်ပုံချင်းမတူမှုတို့ကြောင့် ထိုထူးဆန်းမှုကို ပေါ့ပေါ့တန်တန် သဘောထားခြင်း ဖြစ်နိုင်၏။

ဤသည်မှာ ကျွန်ုပ်မိခင် ကြုံတွေ့ ခဲ့ဖူးသော သက္ကဆရာတော်ဘုရားကြီး၏ အံ့ဖွယ်တစ်ခုပင် ဖြစ်၏။ ထိုဖြစ်ရပ်နှင့် ရန်ကုန်မြို့နေ ဘကြီး(အမေ့အစ်ကို)ဖြစ် ရပ်တို့ကို တိုက်ဆိုင်ဆန်းစစ်ကြည့်သော အခါ ပိုခိုင်မာသွားလေ၏။

အလုပ်ကိစ္စတစ်ခုဖြင့် သထုံလာခဲ့ ရန် ဘကြီးလှမ်းခေါ်သဖြင့် တောင်ကြီး မှ သထုံသို့ ကျွန်ုပ်ခရီးထွက်ခဲ့၏။ လုပ် ငန်းပြီး၍ သထုံမှ ရန်ကုန်ပြန်ရန်အတွက် ဘကြီးအား စိတ်မချရသဖြင့် ကျွန်ုပ်အ ဖော်လုပ်ကာ လိုက်ပို့ပေးရပြန်၏။ ရထား စီးရင်းဖြင့် သက္ကတောင်ရှိရာ ရောက် သောအခါ လမ်းညွှန်ပြကာ ဘုရားဖူးစေ ၍ သူ့အဖြစ်အပျက်များ ပြောပြခဲ့၏။

"ဘကြီးဟာ ငယ်ငယ်လေးနဲ့ ရန် ကုန်ရောက်ပြီး ကိုယ့်ထူးကိုယ်ချွန်ခဲ့ရ တယ်။ ရန်ကုန်မှာ အိမ်ထောင်ကျတော့ သထုံကို တစ်နှစ်နေလို့မှ တစ်ခါမပြန် ဖြစ်တော့ဘူး။ အဲဒီသက္ကတောင်ပေါ်မှာ ဘကြီးနဲ့ ဘိုးဘိုး ရဟန်းဝတ်ဖူးတယ်။ ဘကြီးရဲ့အဖေကို ကျေးဇူးဆပ်ချင်လို့ ရဟန်းဝတ်ဖို့ ဘိုးဘိုးကို တိုက်တွန်းခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com

တာပေါ့။ သားတို့ မမွေးသေးဘူးထင်တယ်။ အဲဒီတုန်းက ဘိုးဘိုးကျန်းမာရေးအခြေအနေကို စိတ်ပူလို့ ဆီးဖျော်ရည်လေးတစ်ပုလင်း ပါလာတယ်။ တကယ်တမ်း (၁၀)ရက်လုံး ရဟန်း၀တ်ပြီး တရားထိုင်ပေမယ့် ဘာမှမဖြစ်ခဲ့ပါဘူး။ ဆိုတော့ကာ ဆီးဖျော်ရည်လေးပို့နေတာပေါ့။ရှားပါးတဲ့ခေတ်ကိုး။ အဲဒါနဲ့ နောက်ဆုံးနေ့ရောက်တော့ ဘကြီးရယ်၊ ဘိုးဘိုးရယ် တောင်ပေါ်ကိုတက်တော့ သက္ကဆရာတော်ဘုရားကို ဖူးတွေ့ခဲ့ရတယ်။ မြင်မြင်ချင်းမှာ ဆရာတော်က ပျာပျာသလဲ ခရီးဦးကြိုပြုပြီး နေရာထိုင်ခင်းပေးတယ်။ သာမန်ဆိုရင် ဒီလိုဘယ်ရှိမှာလဲ။ ဆရာတော်ဘုရား ဘယ်လောက်တောင် မာနကင်းလည်း ဆိုတာ အဲဒါကြည့်ရုံနဲ့ သိနိုင်တယ်။ မျက်နှာချင်းဆိုင် ထိုင်ကြပြီး ဘိုးဘိုးနဲ့ ဆရာတော် ပအို့၀်လိုတွေ ပြောကြတယ်။ မြေကြီးပေါ် တစ်ကိုယ်စာ ဖျာခင်းပြီး ထိုင်ပြောကြတာပဲ။ လဟာပြင်ကြီးမှာပေါ့။ တောင်ပေါ်ဆိုတော့ လေလည်းတိုက်တယ်။ ဆရာတော်က 'ဒီဦးပဉ္စင်းလေး ပအို့၀်စကား မတတ်ဘူးလား' လို့ မေးတော့ ဘိုးဘိုးက သူ့နောက်က ဘကြီးနဲ့ ဆရာတော်ကို မိတ်ဆက်ပေးတယ်။ 'သားတော်မောင်ဖြစ်ကြောင်း၊ သားအဖေနှစ်ဦး ဒုလ္လဘလာ၀တ်ကြောင်း၊ ပအို့၀်လို နားလည်ပေမယ့် မပြောတတ်ကြောင်း' ဘိုးဘိုးက ပအို့၀်လို ရှင်းပြတယ်။ ဘကြီးလည်း ဆရာတော်ကို ၀တ်ဖြည့်ပြီး ဆီးဖျော်ရည် ကပ်တာပေါ့။ ဆရာတော်က လက်မခံဘူး။ ပြန်ယူသွားဖို့ မိန့်တယ်။ ဒုလ္လဘ၀တ်တာဖြစ်လို့ မလိုတော့ကြောင်း ရှင်းပြတော့ 'လိုအပ်တဲ့နေရာကို လျှုလိုက်' ဆိုပြီး ဆက်မိန့်တယ်။ လုပ်အားပေးသူတွေကို ညွှန်ပြနေတာဆိုတော့ လုပ်အားပေးသူတွေ အုပ်စုကို တိုက်ခိုင်းတာပေါ့။ ပထမတော့ ဘကြီးလည်း နားမလည်ဘူး။ ဖျော်ရည်က တစ်ပုလင်း လူက (၅၀) ကျော်လောက် ရှိမယ်။ ဘယ်လို တိုက်ရမှာလဲပေါ့။ ဒါနဲ့ ဆရာတော်က တိုက်ဆိုလို့သာ ဖျော်ရည်ဖျော်ဖို့ ထထွက်ခဲ့တာ။ ဘာလုပ်ရမှန်းလဲ ရေရေရာရာ မသိဘူး"

ဘကြီးမောသွား၍ ခဏနား၏။ ပြီးမှ-

"ခဏနေတော့ ပအို့၀်ကြီးနှစ်ယောက် တောင်အောက်ကနေ ခွေးတလုံးလုံးနဲ့ မောမောပန်းပန်း တက်လာကြပြီး။ ခေါင်းပေါင်းကြီးတွေချွတ်ရင်း

ဆရာတော်ကို ၀တ်ဖြည့်တယ်။ ပြီးမှ 'သကြားသုံးပိဿာ လာလှူတာပါဘုရား' ဆိုတော့ 'အိမ်းအိမ်း-လိုအပ်သူတွေကို သွားပေးလိုက်၊ ဟိုမှာစောင့်နေတယ်' လို့ ပအို့၀်လို မိန့်လိုက်တော့ ဘကြီး တော်တော်လန့်သွားတယ်။ ပျော်လည်းပျော်သွားတာပေါ့။ ဒါနဲ့ ဆီးဖျော်ရည်တစ်ပုလင်းကို အိုးအကြီးကြီးနဲ့ သကြားထည့်၊ ရေရောပြီး တိုက်လိုက်တာလေ နေ့ခင်းဘက် ပူတဲ့အခိုက်ဆိုတော့ သောက်ကြတာပေါ့။ ရဟန်းတွေရော လူပုဂ္ဂိုလ်တွေပါ အားလုံးအယောက်စေ့သောက်ပြီး တာတောင် ဖျော်ရည်က မကုန်ဘူး။၀မ်းသာလိုက်တာလေ။ ကြည့်စမ်း - ဆရာတော်ဘုရားက သကြားလာလှူမှာ ကြိုသိနေလို့ ဖျော်ရည်လှူခိုင်းတာကိုး ဆိုပြီး ပြီးမှပဲ သဘောပေါက်မိတယ်။ ဆရာတော်ကို ကြည်ညိုလွန်းလို့ စိတ်ထဲကနေ အကြိမ်ကြိမ် ဦးချနေမိတုန်း။ အဲဒါက တစ်ခုပေါ့"

ဘကြီး ဆက်ပြောဖို့ အသိုရှိုက်ယူလိုက်၏။

"နောက်ထပ်တစ်ကြိမ် သက္ကတောင်ကို ရောက်ဖြစ်တော့ တောင်ခြေမှာ ဆရာတော် တရားဟောနေတယ်။ ဘကြီးလည်း တရားနာရင်း စိတ်ထဲကနေ တိုင်တည် ပြောကြားလိုက်တယ်။ ဆရာတော်ဘုရားဟာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဖြစ်ရိုးသာမှန်ရင် ဘုရားတပည့်တော်ကို လက်တွေ့ ထူးခြားမှုတစ်ခု ပြတော်မူပါ ဆိုပြီး အခါခါ တိုင်တည်မိတယ်။ ဘကြီးက ပုဂ္ဂိုလ်ထူးတွေနဲ့ အပြင်မှာ အရမ်းကြုံချင်တယ်လေ။ ဒါပေမယ့် ပုဂ္ဂိုလ်ထူးဆိုတာကို အပေါ်ယံကြည့်ရုံနဲ့ ဘယ်လိုမှ မသိနိုင်သလို အနေနီးတဲ့ တပည့်တွေတောင်မသိကြဘူး။ တကယ်တမ်း ကြုံချင်တယ်ဆိုတာကလည်း အမှန်တိုင်းပြောရရင် ပြန်ကြားဖို့ပေါ့။ ဘကြီးမိန်းမနဲ့ မိတ်ဆွေတွေကို ပြန်ကြားချင်လို့ မအပ်မချစ်သပ်မိတာပေါ့။

တရားပြီးခါနီးမှာ မိုးတွေ ညိုလာလို့ တောင်ပေါ်ကို ထိုးယူဖို့အတွက် သက်ဆိုင်သူတွေကိုပြောပြီး ဘကြီးတစ်ယောက်တည်းတက်ခဲ့တယ်။ ဆရာတော့် ကျောင်းဆောင်ကိုရောက်ပြီး ထိုးယူပြီး ပြန်ဆင်းလာတော့ "လမ်းတစ်၀က်မှာ သာ ဆရာတော်နဲ့ ဆုံခဲ့ရင် ၀တ်ဖြည့်ဖို့ ဒုက္ခပါပဲ' ဆိုပြီး စိတ်ထဲ တွေးပူမိသေးတယ်။ အရင်က သက္ကတောင်ပေါ် တက်တဲ့လှေကားဟာ မြေသားလှေကား၊ လမ်းကလည်း ခဲတော်တော်ကျဉ်းတဲ့အပြင် တစ်ဖက်မှာ တောင်နံရံ၊ တစ်ဖက်မှာ ချောက်ကြီး။ တောင်အောက်ရောက်တော့ တရားပွဲပြီးလို့မှ ဆရာတော်မရှိတော့ဘူး။ တောင်ပေါ်ပြန်ကြွသွားပြီတဲ့။ ဟိုက်ခနဲ အံ့သြမိပြီး ရင်ထဲလှိုက်ဖိုသွားတာ ခုထိ မှတ်မိသေးတယ်။ မိုးလည်း မရွာပါဘူး။ အဲဒါနဲ့ တောင်ပေါ်ပြန်တက်ခဲ့တော့ ကျောင်းဆောင်ပေါ်မှာ ဆရာတော် ရောက်နေပြီ။ ဆရာတော်ကို ၀င်ဖူးတွေ့လိုက်တဲ့အခါမှာ ဘကြီးရဲ့နှလုံးအိမ်ထဲမှာလေ တလျှပ်လျှပ်နဲ့ ဘယ်လိုကြီးမှန်းမသိဘူး။ ကြက်သီးတဖြန်းဖြန်းထမိပြီး အရမ်းအံ့သြသွားတယ်။ ဆရာတော်ကို မေးလျှောက်မယ်ဆိုတဲ့ မေးခွန်းတွေလည်း မေးစရာမလိုလောက်အောင်ကို ဖြေသွားတာလေ။ ကိုယ်တွေ့မို့သာယုံရတာ။ နို့မို့ ယုံစရာမရှိဘူး။ ဆရာတော့်မျက်နှာတော်ကတော့ ပြုံးနေတာပဲ။

တောင်ပေါ်လမ်းတစ်လျှောက်မှာ မတွေ့ရဘဲ ဘယ်လိုလုပ် တောင်ပေါ်ရောက်သွားလဲ ဆိုတာကိုတော့ ဘကြီးလည်း မစဉ်းစားတတ်တော့ဘူး။ နှတ်တွေပဲ ချိပင့်သွားတာလား၊ စွာန်တန်ခိုးနဲ့ ကြွသွားတာပဲလားတော့ မသိဘူး။ အဲဒါ တကယ့်အဖြစ်မှန်တွေပဲ"

ဟူ၍ ဘကြီး ပြောပြခဲ့လေ၏။

ထိုကဲ့သို့ ပြောပြသူ ကျွန်ုပ်မိခင်နှင့် ဘကြီးမှာ ယနေ့တိုင် သက်ရှိထင်ရှားရှိနေကြသေး၏။ ယုံချင်ယုံ၊ မယုံချင်နေဟု မပြောလိုပေမယ့် ပုံပြင်မဟုတ်ပါဟု ပြောချင်ပါ၏။

အမှန်တော့ ပုဂ္ဂိုလ်ထူး ဆိုတာ . . .

ခွန်ညည်သာဟိန်း

www.burmeseclassic.com

www.burmeseclassic.com

ရှင်မဟာကဿပ

နေဝန်းသစ်

အာဏာစက်ပရိတ်တော်

ဥဒ္ဓံ သင်္ကောစ ဖြဟ္မာစ၊ ဟေဋ္ဌာ နာဂါ စ သုပဏ္ဏာ၊ မဇ္ဈေယက္ခာ စတုဒေဝါ၊ သမုဒ္ဒေ မဏိမေခလာ။

တေ စ ညေစ သဗ္ဗေစ၊ ဖြဟ္မာ ယက္ခာ စ ဒေဝတာ၊ သဗ္ဗေ မေတ္တံ ကရောန္တု မေ၊ ဒိဗ္ဗမန္တဂဒံဝိယ၊ သီဟာဏာ ဗျဂ္ဃာဏာ၊ ဥဒကေ ပထဝီစရာ၊ အဗျာပဇ္ဈာ ဇိနော ဓမ္မာ၊ နိဒ္ဒါက္ခာစ နပုဗ္ဗဝါ။

ဇိနောဗုဒ္ဓေါ ဇိနေဓမ္မော၊ ဇိနေသံ ဃောစ သဗ္ဗဒါ၊ တေ သဗ္ဗေ စ ဝန္တာမိ၊ ဒါနိ သုခီ သဒါ ဘဝေ။

ဥဒ္ဓံ- အထက်အရပ်၌၊ **သင်္ကောစ-** သိကြားနတ်မင်းသည် လည်းကောင်း၊ **ဖြဟ္မာစ-** ဗြဟ္မာမင်းသည် လည်းကောင်း ရှိကြပါကုန်၏။ **ဟေဋ္ဌာ-** အောက်အရပ်၌၊ **နာဂါစ-** နဂါးမင်းတို့သည် လည်းကောင်း၊ **သုပဏ္ဏာစ-** ဂဠုန်မင်းတို့သည် လည်းကောင်း ရှိကြပါကုန်၏။ **မဇ္ဈေ-** အလယ်အရပ်၌၊ **ယက္ခာစ-** နတ်ဘီလူးတို့သည် လည်းကောင်း၊ **စတုဒေဝါစ-** စတုမဟာရာဇိနတ်မင်းကြီးလေးပါးတို့သည် လည်းကောင်း ရှိကြပါကုန်၏။ **သမုဒ္ဒေ-** သမုဒ္ဒရာ၌ကား၊ **မဏိမေခလာ** - မဏိမေခလာမည်သော သမုဒ္ဒရာစောင့်နတ်သမီးသည် ရှိပါ၏။

တေ - ဤနတ်၊ ဗြဟ္မာ၊ နဂါး၊ ဂဠုန်၊ နတ်ဘီလူး၊ မဏိမေခလာနတ်သမီးတို့သည် လည်းကောင်း၊ **အညေ-** အခြားတစ်ပါးကုန်သော၊ **ဖြဟ္မာ ယက္ခာ ဒေဝတာစ-** ဗြဟ္မာများ၊ နတ်ဘီလူးများ၊ နတ်များတို့သည် လည်းကောင်း၊ **မေ** - အကျွန်ုပ်အား၊ **ဒိဗ္ဗမန္တဂဒံဝိယ-** နတ်မန္တန်ဆေးစွမ်းကဲ့သို့သော၊ **မေတ္တံ-** ချစ်ခင်မြတ်နိုးခြင်းမေတ္တာကို၊ **ကရောန္တု-** ထားကြပါစေကုန်သတည်း။

ပထဝီစရာ- မြေ၌ကျက်စားကုန်သော၊ **သီဟာဏာ-** ခြင်္သေ့မင်းတို့သည် လည်းကောင်း၊ **ဗျဂ္ဃာဏာ-** ကျားမင်းတို့သည် လည်းကောင်း၊ **ဥဒကေစရာ-** ရေ၌ကျက်စားကုန်သော သတ္တဝါတို့သည် လည်းကောင်း၊ **အဗျာပဇ္ဈာ-** ကြောင့်ကြကင်းကြသည်၊ **နိဝေရာ** - ရန်ကင်းကြသည်။ **နိဒ္ဒါက္ခာ-** ဆင်းရဲကင်းကြသည်၊ **နပုဗ္ဗဝါ-** ဘေးဥပဒ်ကင်းကြသည်ဖြစ်ကြပါစေကုန်သတည်း။

သမုဒ္ဒါ - အခါခပ်သိမ်း၊ **ဗုဒ္ဓေါ** - မြတ်စွာဘုရားရှင်သည်၊ **ဇိနော-** ဘေးရန်ခပ်သိမ်းကို အောင်တော်မူ၏။ **ဓမ္မော-** တရားတော်သည်၊ **ဇိနော-** ဘေးရန်ခပ်သိမ်းကို အောင်တော်မူ၏။ **သင်္ဃေ-** အားလုံးကုန်သော၊ **တေ-** ထိုရတနာသုံးပါးတို့ကို၊ **ဝန္တာမိ-** အကျွန်ုပ်ရှိခိုးပါ၏။ အကျွန်ုပ်သည်၊ **ဒါနိ-** ယခု နေ့, ညမပြတ်၊ **သုခီ-** ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရသည်၊ **ဘဝေ-** ဘဝယျာမိ- ဖြစ်ရပါလို၏။

ဤပရိတ်တော်ကို ယုံကြည်သဒ္ဓါပွားများကာဖြင့် နေ့စဉ် ည၊ နံနက် ရွတ်ဖတ်သရဇ္ဈာယ်ပါမူ လူ,နတ်တို့၏ချစ်ခင်မြတ်နိုးခြင်းကိုခံရခြင်း၊ သွားလေရာ လာလေရာအရပ်တိုင်း၌ မျက်နှာပွင့်လန်းခြင်း၊ ဘုန်းကြီးခြင်း၊ အသက်ရှည်ခြင်း စသော အကျိုးကျေးဇူးများနှင့် မရေမတွက်နိုင်သော ချမ်းသာသုခကို ရရှိနိုင်ကြောင်း၊ ထိုပရိတ်တော်ကို ရှင်မဟာကဿပမထေရ်သည် နေ့စဉ် ရွတ်ဆိုပွားများခဲ့သဖြင့် အသက် (၁၂၀) တိုင်ရှည်ခဲ့ကြောင်း ကြားနာမှတ်သားရဖူးပါ၏။

စင်စစ်မူ ပရိတ်တော်ပါအကြောင်းအရာတို့သည် ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါးအား ဦးထိပ်ထား၍ ရေနေကုန်းနေသတ္တဝါတို့ကို မေတ္တာပို့၊ ပြဟ္မဉ္ဇဝိဟာရတရား ပွားများ၍ နတ်၊ ဗြဟ္မာတို့နှင့် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခအပေါင်းတို့အား စောင့်ရှောက်ရန် အမှာစကားထားခြင်းအားဖြင့် အာဏာစက်ဟူသော နာမဝိသေသနပါရှိသည့် ပရိတ်ပင် ဖြစ်ပါသည်။ ထိုပရိတ်တော်၌ ရှင်မဟာကဿပ၏ အတ္ထုပ္ပတ် မပါရှိပေ။ သို့သော် ပရိတ်တော်တစ်သုတ်လုံး မထေရ်မြတ်၏ ကောင်းမြတ်သောသဘောထားနှင့် စေတနာတို့ကမူ ထင်ရှား ပေါ်လွင်ခဲ့ပေသည်။

ရှင်မဟာကဿပ မထေရ်သည် ဗုဒ္ဓလင်္ဃာတော်၌ လွန်စွာမှ ထင်ရှားခဲ့သည့် မထေရ်ကြီးတစ်ပါး ဖြစ်ပေ၏။ ရှင်မဟာကဿပ၏ ငယ်မည်မှာ ပိပ္ပလိ ဖြစ်၍ အရွယ်ရောက်သော် မဒ္ဒရာဇ်တိုင်းမှ သူဌေးသမီး မယ်ဘဒ္ဒါနှင့် လက်ဆက်ခဲ့သည်။ သို့သော် ၎င်းတို့နှစ်ဦးလုံးပင် ဗြဟ္မာ့ပြည်မှ လာခဲ့ကြသူများဖြစ်၍ လောကီအာရုံ ကာမဂုဏ်တရားများ မရှိကြသဖြင့် နှစ်ဦးသဘောတူ သာသနာတော်တွင် ဝင်ရောက်ပြီး ရဟန်းပြုခဲ့ကြသူများ ဖြစ်ကြပေ၏။ ကဿပအန္တယ်ဝင် ဗြာဟ္မဏမျိုးမှ ဆင်းသက်လာသူဖြစ်သောကြောင့် ရှင်မဟာကဿပဟု တွင်လေသည်။

ရှင်မဟာကဿပ မထေရ်သည် ရဟန်းဘဝရောက်ပြီး ရှစ်ရက်မြောက်နေ့၌ တရားထူးရရှိပြီး အာသဝေါကုန်၍ ရဟန္တာဖြစ်၏။ ထိုမထေရ်သည် ရဟန်းဘဝရောက်သည်မှစပြီး ခုတင်တစ်ဆယ့်သုံးပါးကို မပြတ်ကျင့်တော်မူ၏။ တော်အရပ်၌သာ သည်းခံရောင့်ရဲ၍ လွန်ဆင်းရဲစွာ သီတင်းသုံးတော်မူ၏။ မြတ်စွာဘုရားရှင်သည် ရှင်မဟာကဿပ မထေရ်အား တန်းတူပြုလျက် သင်္ကန်းချင်းပင် လဲဝတ်တော်မူသည်။ ရှင်မဟာကဿပသည် ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးသော် အဇာတသတ်မင်းနှင့် တိုင်ပင်ညှိနှိုင်း၍ ပထမသင်္ဂါယနာတင်ကာသာသနာတော်ကို ခိုးမြှင့်တော်မူခဲ့၏။ ထိုမထေရ်မြတ်၏ ကျေးဇူးကြောင့်ပင် ဗုဒ္ဓသာသနာတော်သည် ယနေ့ထက်တိုင် တည်တံ့ခဲ့ရခြင်း ဖြစ်ပေသည်။

ထိုမထေရ်မြတ်သည် အာဏာစက်ပရိတ်တော်ကို အမြဲမပြတ် ရွတ်ဆိုခဲ့သဖြင့် အသက်တော် (၁၂၀) ရှည်ခဲ့ပေသည်။ ထိုမထေရ်မြတ်ကြီးကဲ့သို့ပင် ဘုန်းတန်ခိုးကြီးခြင်း၊ လူ,နတ်,သတ္တဝါတို့၏ချစ်ခင်မြတ်နိုးခြင်းကိုခံရခြင်း၊ အသက်ရှည်ခြင်း စသည့် အကျိုးတရားများ ရရှိလိုပါမူ ဤ 'ရှင်မဟာကဿပ အာဏာစက်ပရိတ်တော်' ကို ယုံယုံကြည်ကြည်ဖြင့် ရွတ်ဆိုပွားများကြပါက ရွတ်ဆိုသူရော နာကြားသူပါ နှစ်ဦးနှစ်ဝ မုချအကျိုးခံစားရမည် ဖြစ်ပါသတည်း။

နေဝန်းသစ်

ရည်ညွှန်း

၁။ မဟာစည်သာသနာ့ရိပ်သာ မင်္ဂလာရာမ ကန်ဦးကျောင်းတိုက် ဇီးကုန်းမြို့၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌသာစရ၏ စက်ပရိတ်ငယ်များ (လက်ရေးမူ)

၂။ မောင်လွင်ရည် (ဝိဇ္ဇာသိဒ္ဓိ) ၏ သဗ္ဗသိဒ္ဓိပရိတ်ငယ်များ

www.burmeseclassic.com

www.burmeseclassic.com

ချစ်ဆိုင်
အမှီ

ကျွန်ုပ်သည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းသို့ တက်ရောက်နိုင်ရန် အတွက် တပ်မတော်ဗိုလ်လွှေးအဖွဲ့တွင် ဖြေဆိုခဲ့ရာ တစ်ကြိမ်တည်းဖြင့် အောင်မြင်ခဲ့သူ မဟုတ်ပါ။

ထိုစဉ်အခါက ကျွန်ုပ်၏ရာထူးမှာ တပ်မတော်တွင် တပ်ကြပ်ရာထူးအဆင့် ရှိခဲ့ပါသည်။ အသက် (၃၀) နှစ်အတွင်း ဝင်ရောက်ဖြေဆိုခွင့်ရှိပါသည်။ သို့ဖြစ်၍ ၁၉၈၆ခုနှစ်၌ ဗိုလ်သင်တန်းအမှတ်စဉ် (၇၄) သို့ တက်ရောက်နိုင်ရန် ပထမအကြိမ် ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်မှု မရခဲ့ပါ။

ၦးနောက် ဗိုလ်သင်တန်းအမှတ် (၇၆) သို့ တက်ရောက်နိုင်ရန်အတွက် ၁၉၈၇ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် ဝင်ရောက် ဖြေဆိုရန် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ရပြန်သည်။ ရန်ကုန်မြို့သို့ ရောက်သောအခါ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းမှာ တည်းခိုရ၏။ ထိုမှတစ်ဆင့် ချိန်းဆိုသောရက်ကိုရောက်မှ တပ်မတော်ဗိုလ်လွှေးပွဲသို့ သွားရောက် ဖြေဆိုရမည် ဖြစ်ပါသည်။

ကျွန်ုပ်အနေဖြင့် အမှန်အတိုင်း ဝန်ခံရသော် ထိုနှစ် ဒုတိယအကြိမ် မြောက် လာရောက်ပြီး ဖြေဆိုရသည့် အထိ မည်သည့် ဘာသာရေး အကျင့် စရာမျိုးကိုမျှ မလုပ်ခဲ့ဘူးပါ။ အသောက်အစားမှာလည်း တွေ့လျှင် အလွတ်မပေး။ မတွေ့လျှင်လည်း တွေ့အောင်ရှာပြီး သောက်သည်။ နေရသည့် တပ်ရင်းမှာလည်း ခြေမြန်တပ်မ၏ စစ်လက်အောက်ခံတပ်ရင်းထဲကတစ်ရင်း ဖြစ်သည်။

ထိုစဉ်အခါက ကရင်ပြည်နယ် အတွင်းရှိ ကေအင်ယူ အကြမ်းဖက် သောင်းကျန်းသူတို့၏ အခိုင်အမာစခန်း များဖြစ်ကြသော မဲသဝေါ၊ ဝမ်ခ၊ မော်ဖိုးကေ၊ မယ်လှ၊ ဖရေး အစရှိသည့် စခန်းများကို ဝင်ရောက် တိုက်ခိုက်ရလျက်ရှိရာ ပင်ပန်းခက်ထန်ကြမ်းတမ်းလှသော အခြေအနေအရပ်ရပ်ကြောင့် သေမထူးနေမထူးဘဝဖြင့် ဘာသာရေးဘက်တွင် အတော်ကလေးကင်းကွာနေခဲ့ရပါသည်။

အဆိုပါ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် လာရောက် တည်းခိုနေကြသူတွေထဲက ရခိုင်ပြည်နယ်မှ ဦးဖိုးညွှန့် ဆိုသူလည်းပါသည်။ သူသည် အသက် (၆၀) ခန့်ရှိပြီး သားတော်မောင် စစ်သည် တပ်ကြပ်မြင့်ထွန်း၏ ပင်စင်ရရှိရေးကိစ္စကို တပ်မတော်မှတ်တမ်းရုံးတွင် လာရောက် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်ုပ်တို့ ဗိုလ်လောင်း ဖြေဆိုမည့်သူများနှင့် စကားလက်ဆုံကျမိရာက အဘဦးဖိုးညွှန့်မှ -

"သားတို့ ဗိုလ်လောင်းဖြေကြတယ်ဆိုတော့ ကောင်းတာပေါ့။မအောင်ရင်လည်းအရင်းပေါ့၊ အောင်များအောင်လိုက်လို့ကတော့ ဘာပြောစရာလိုမလဲ၊ အတိုင်းထက်အလွန် တံခွန်နှင့် ကုတ္တားပဲပေါ့။ ဘာပဲဖြစ်ဖြစ် သားတို့အနေနဲ့ ခက်ခဲတဲ့ ဘဝတစ်ဆစ်ချိုး အပြောင်းအလဲကို ရနိုင်ဖို့ အများကြီး ကြိုးစားဖို့ တော့လိုတယ်။ ကြိုးစားရင်းနဲ့ အခြားတစ်ဖက်မှာလည်း အမှီဆိုတာ လိုအပ်တယ်။ အမှီရှိရင် ပိုပြီး ကောင်းသွားနိုင်တယ်"

ဟု ပြောလေသည်။

ထိုအခါ ကျွန်ုပ်က -

"အမှီ ဟုတ်လား အဘ။ ကျွန်တော့်မှာ ဘာအမှီမှမရှိပါဘူး အဘရယ်။ မိဘနှစ်ပါးစလုံးကလည်း တောင်သူလယ်သမားအမျိုးတွေပါ။ ပြီးတော့ အဖေဘက်ကရော အမေဘက်ပါ ဘယ်ဆွေမျိုးသားချင်းကမှ တပ်မတော်ထဲမဝင်ခဲ့ပါဘူး။ ကျွန်တော်တစ်ယောက် တည်းသာ တပ်မတော်ထဲကို ရောက်လာခဲ့တာပါ။ အားကိုးရလောက်တဲ့ ဆရာသမားလည်း မရှိပါဘူး။ ဒါနဲ့ဗျာ၊ အခုလို ရိုးရိုးသားသား ဖြေရင်ကော မအောင်နိုင်ဘူးလား"

ဟု ပြောလိုက်ရာ အဘဦးဖိုးညွှန့်က-

"မဟုတ်ဘူးကွယ့်။ သားပြောတာတွေက မှားနေပြီ။ အဘပြောချင်တဲ့ အမှီ ဆိုတာက မိဘဆွေမျိုးအသိုင်းအဝိုင်းတွေအားကိုး၊ ဆရာသမားတွေကို ကျောထောက်နောက်ခံထားပြီး အားကိုးသမျှပြုရမယ့် အမှီသဟဲမျိုးကို ဆိုလိုတာမဟုတ်ဘူးကွယ့်။ ဘာသာရေးကျင့်စဉ်တစ်ခုခုရဲ့အကျင့်စရာအားကို အမှီသဟဲပြုထားဖို့ကို ပြောတာပါ"

ဟု ပြောလေသည်။

ထိုအခါ ကျွန်ုပ်က -

"ဟုတ်ကဲ့ပါ၊ ဒါဆိုရင်လည်း ဘယ်လိုအကျင့်စရာမျိုးကို ကျင့်ကြံပြီး အမှီသဟဲပြုထားရမလဲဆိုတာကို ပြောပေးပါ အဘာ"

အဘ ဦးဖိုးညွှန့်က-

"မွေးနေ့ကစပြီး အဓိဋ္ဌာန်နဲ့ နေထိုင်စိပ်ပါ။ စိပ်ရမယ့် ဂုဏ်တော်ကိုလည်း ပြောပြမယ်။ ဂုဏ်တော်ကို မပြောခင်

www.burmeseclassic.com

www.burmeseclassic.com

ဦးစွာပထမ ကိုယ့်မွေးနေ့မတိုင်မီ တစ်ရက်ကြိုတင်ပြီး သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတွေကို ပင့်ဖိတ်ထားရမယ်။ ပင့်ဖိတ်ပုံကတော့ အစ မထင်သော သံသရာမှစ၍ တော်စပ်ခဲ့ဖူးသော မိခင်၊ ဖခင်၊ ဆရာသခင်တို့နဲ့ တကွ ဓာတရဋ္ဌ၊ ဝိရူဋ္ဌက၊ ဝိရူပက္ခ၊ ကုဝေရ ဟူသော စတုလောကပါလ နတ်မင်းကြီး(၄)ပါးတို့နဲ့ သိကြား၊ ဗြဟ္မာ၊ ပဇာပတိ၊ မာတလိ၊ ဝိသကြံ့၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗတို့အား လည်းကောင်း။ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး နတ်ပေါင်းတို့နဲ့ သာသနာတော်ကို ကြည်ညိုကြကုန်သော အရိယာဂိုဏ်းဝင် သူတော်စင်အပေါင်းတို့ကို လည်းကောင်း၊ အတွင်း (၃၇) မင်း၊ အပြင် (၃၇) မင်း၊ လက်ဝဲ (၉) သိန်း၊ လက်ယာ (၉) သိန်း၊ အတိုင်းမသိ အကြွင်းအကျန်မရှိရအောင် ကျွန်ုပ်က ပင့်ဖိတ်ပါသည်။ မနက်ဖြန် နံနက် (×××) နာရီ အချိန်တွင် ကျွန်ုပ်၏နေအိမ်သို့ ကြွရောက်ပြီး ကျွန်ုပ်နဲ့အတူ ပါရမီယှဉ်တွဲပြီး အဓိဌာန်ယူနိုင်ကြပါရန် ကြိုတင်ပင့်ဖိတ်ပါသည်။ ကြွရောက်ခိုးမြင့်ပေးသနားကြပါကုန်

ဆိုပြီး အိမ်ရှေ့ကိုထွက်လို့ သုံးကြိမ်သုံးခါ ရွတ်ဆိုပင့်ဖိတ်ထားရမယ်။

အဓိဌာန်စဝင်မယ့် ကိုယ့်ရဲ့မွေးနေ့မနက်မှာတော့ ကိုယ်လက်သန့်စင်ရေချိုး၊ သန့်ပြန့်တဲ့ အဝတ်အစားတွေကို ဝတ်ဆင်ပြီး ဘုရားကျောင်းဆောင်ပေါ်မှာတော့ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ အစရှိသည်ဖြင့် ပြင်ဆင်ထားရမယ်။ ပြင်ဆင်ပြီးတာနဲ့ မနေ့က ကြိုတင်ပင့်ဖိတ်ထားတဲ့ သမ္မာဒေဝနတ်မြတ်နတ်ကောင်း နတ်အပေါင်းတွေကို မနေ့က ကြိုတင်ပင့်ဖိတ်ပြီး ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်များတို့သည် မိမိတို့နဲ့ သင့်တော်ရာမှာ နေရာယူပေးကြပါဆိုပြီး အသိပေးပြောကြားရမယ်။

အဲဒါတွေပြီးရင်တော့ ဘုရားရှိခိုး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများကို ဆက်ကပ်လှူဒါန်းပါ။ ပြီးရင် ငါးပါးသီလခံယူပြီးတာနဲ့ အဓိဌာန်ဝင်ဖို့ ဘုရားရှင်ကိုလျှောက်ထားရမယ်။

ဘုရားတပည့်တော် (×××) နေ့ သား၊ မောင်/မ (×××) သည် ဤနေ့ ဤရက်၊ ဤအချိန်မှစ၍ မြတ်စွာဘုရားရှင်၏ ဂုဏ်တော် (၉) ပါးအား တစ်နေ့လျှင် ပုတီး (၉) ပတ်နှုန်းဖြင့် (၄၉) ရက် အထိ နေ့စဉ် မပျက်မကွက်စိပ်ပြီး ပူဇော်သွားပါမည်။ ထို့ကဲ့သို့ ပူဇော်နေစဉ်ကာလအတွင်း ကံငါးပါးထဲမှ ကာမဂုဏ်မိစ္ဆာစာရတံနှင့် သုရာမေရယတံနှစ်ပါးကို အသက်ထက်ဆုံး ထိန်းသိမ်း စောင့်ရှောက်သွားပါမည်ဟု အဓိဌာန်ပြုပါ၏။ အရှင်ဘုရား။ အဓိဌာန်အောင် မြင်ခဲ့ပါက (×××) ဖြစ်ရပါစေသား အရှင်ဘုရားဆိုပြီး အဓိဌာန်တင်ရမယ်။ အဓိဌာန်တင်ပြီးတာနဲ့ ပုတီး(၉)ပတ် စပြီးစိပ်ပေါ့။ အဲဒါပြီးရင်တော့ မေတ္တာပို့၊ အမျှဝေပါ။ ပြီးရင် ကြွရောက်လာကြတဲ့ သမ္မာဒေဝနတ်မြတ်နတ်ကောင်း နတ်အပေါင်းတွေကို မိမိတို့အလိုရှိရာသို့ ပြန်လည် ကြွမြန်းနိုင်ပြီဖြစ်ပါကြောင်း လျှောက်ထားရမယ်။

နောက်နေ့တွေမှာတော့ နတ်တွေကို ကြိုတင်ပင့်ဖိတ်တာမျိုး လုပ်စရာမလိုတော့ဘူး။ ပုံမှန်လေးပါပဲ စိပ်သွားရမယ်။ အဓိဌာန် (၄၉) ရက်ကို တစ်ဝါလို့ မှတ်ရမယ်။ ဒါမျိုး နှစ်ဝါ၊ သုံးဝါရအောင် အဓိဌာန်တင်ပြီး ဝင်ထားရမယ်။ ပထမတစ်ဝါလောက် အောင်မြင်သွားရင်ကိုပဲ ထူးခြားမှုတွေ စတင်ပြီး ခံစားလာရတာကို တွေ့ရပါလိမ့်မယ်။

အဲဒီ ကျင့်စဉ်ဟာ ကိုယ့်ဘဝရဲ့ အောင်မြင်တိုးတက်မှုအတွက် အထောက်အကူပြုမယ့် ကျောထောက်နောက်ခံ၊ တစ်နည်းအားဖြင့် အမှီသဟဲပြုထားရမယ့် အမှီပေါ့"

ဟူ၍ ရှည်လျားစွာ ရှင်းပြလေတော့သည်။

ကျွန်ုပ်သည် တင်ပြခဲ့သည့်အတိုင်း ထို့နှစ်မှာလည်း ပိုလ်လွှေးသို့ သွားရောက်ဖြေဆိုရာ အောင်မြင်မှုနဲ့ လွဲခဲ့ရပြန်ပါသည်။ အောင်မြင်မှုနဲ့ လွဲခဲ့ရသော်လည်း ဇွဲကားမလျှော့ပါ။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် ဝင်ရောက် ဖြေဆိုနိုင်ရန် နောက်ဆုံး အခွင့်အရေးက ရှေ့မှာရှိပါသေးသည်။

သို့ဖြစ်၍ ထို့နှစ်တွင် ကျွန်ုပ်ဘက်ကလည်း အစွမ်းကုန်ကြိုးစားသည့်အပြင် အဘ ဦးဖိုးညွှန့် ပေးလိုက်သော ပုတီးစိပ်နည်းကျင့်စဉ်တစ်ခုအား ကျင့်ကြံ အားထုတ်ကာ တစ်နည်းအားဖြင့် ဘာသာရေးကို အမှီသဟဲပြုကာ ဝင်ရောက်ဖြေဆိုနိုင်ရန် ဆန္ဒဖြစ်ပေါ်လာခဲ့တော့သည်။ ဆန္ဒနောက်သို့ လိုက်ပါလာသောအခါ အသောက်အစားကို လုံးဝလှည့်မကြည့်တော့ဘဲ အဘဦးဖိုးညွှန့် ပြောလိုက်သည့် ကျင့်စဉ်အား တစ်ဝါ၊ နှစ်ဝါဟူ၍ မဟုတ်တော့ဘဲ ဆက်တိုက် ကျင့်ကြံအားထုတ်ဖြစ်ခဲ့ပါတော့သည်။

၁၉၈၈ ခုနှစ်တွင် ဗိုလ်သုင်တန်း အမှတ် (၇၈) အတွက် ဝင်ရောက်ဖြေဆိုသောအခါ အစစအရာရာ အဆင်အခဲမရှိဘဲ အဆင်ပြေချောမွေ့စွာဖြင့် ဖြေဆိုအောင်မြင်ခဲ့ပါတော့သည်။

ဗိုလ်သင်တန်းအမှတ်စဉ်(၇၈)၏ ဗိုလ်လောင်းအင်အားမှာ ယခုခေတ်လို များများစားစား ရွေးချယ်ခြင်းမရှိ၍ (၁၁၁) ယောက်သာ ရွေးချယ်ခြင်းခံပါသည်။ ထိုမလွယ်ကူသောခေတ်တွင် ဘာသာရေးကျင့်စဉ်တစ်ခုအား အမှီသဟဲပြုပြီး ဝင်ရောက်ဖြေဆိုခဲ့သော ကျွန်ုပ်မှာမူ လွယ်ကူချောမောစွာဖြင့် အောင်မြင်ခဲ့ရပါသည်။

သို့ဖြစ်၍ အဆိုပါ ပုတီးစိပ်နည်းကျင့်စဉ်အား ဗိုလ်လောင်းဖြေဆိုသူမှသာ ကျင့်ကြံရမည်ဟူ၍မဟုတ်ဘဲ ကိစ္စများမြောင် လူတို့ဘောင်တွင် အောင်မြင်မှုအစုစုကို ရယူလိုသူတိုင်း ကျင့်ကြံပွားများသင့်ပါသဖြင့် စေတနာရှေ့ထားပြီး ဖော်ပြလိုက်ပါသည်။

ပုတီးစိပ်နည်းမှာ-

ဩဘာင်းနမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ အရဟံ - ပုတီးတစ်လုံးချ။

ဩဘာင်းနမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ- ပုတီးတစ်လုံးချ။

ဩဘာင်းနမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော - ပုတီးတစ်လုံးချ။

ဩဘာင်းနမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ သုဂတော - ပုတီးတစ်လုံးချ။

ဩဘာင်းနမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ လောကဝိဒူ - ပုတီးတစ်လုံးချ။

ဩဘာင်းနမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ- ပုတီးတစ်လုံးချ။

ဩဘာင်းနမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ - ပုတီးတစ်လုံးချ။

ဩဘာင်းနမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ - ပုတီးတစ်လုံးချ။

ဩဘာင်းနမောဗုဒ္ဓါယ သောဘဂဝါ ဣတိပိ ဘဂဝါ - ပုတီးတစ်လုံးချ။

အောင်မြင်မှုအပေါင်း
သရဖူဆောင်းနိုင်ကြပါစေ

ချစ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသော သက်တော်ရှည်

စစ်ကိုင်း ရွှေဟင်္သာဆရာတော်

(မြန်အောင်)

ဒေါ်ခင်ခင်ထွန်း

အကြောင်းစပ်လာပါ၍ စစ်ကိုင်း ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ဒကာမိသားတစ်စုစု၏ အိမ်သို့ မပင့်မလျှောက်ဘဲ အလိုအလျောက် ကြွရောက်တော်မူလာပါက ထိုမိသားစုသည် စီးပွားတက်တတ်ကြောင်းကို ကြားဉာဉ်၍ တင်ပြလိုပါသည်။

စစ်ကိုင်းရွှေဟင်္သာတိုက်သစ်တွင် နှစ်စဉ် နတ်တော်လဆန်း (၈) ရက်နေ့တိုင်း ဆရာတော်ဘုရားကြီး၏ မွေးနေ့ပူဇော်ပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပပူဇော်လေ့ ရှိပါသည်။ နတ်တော်လဆန်း (၉) ရက်နေ့တွင် ဆရာတော်ဘုရား အနားယူတော်မူပြီး (၁၀)ရက်နေ့ အရုဏ်ဆွမ်းဘုဉ်းပေးပြီးလျှင် ရွှေကျင်ရွာတွင် ဆရာတော် ဘုရားကြီးကိုယ်တော်တိုင် စီမံပြီး တည်ထား ကိုးကွယ်တော်မူထားသော ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဗိမာန်တော်သို့ နောက်ပါ ဒကာ၊ ဒကာမများစွာတို့ဖြင့် ကြွရောက် ကန်တော့လေ့ ရှိပါသည်။

ပထမရွှေကျင်ဆရာတော်ဘုရားကြီး မွေးဖွားရာ အိမ်နေရာတွင်လည်း အမှတ်တရ ကျောက်တိုင်စိုက်ထူကာ ကျောက်တိုင်၏ မျက်နှာစာတိုင်းတွင် ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒများကို ရေးသား ပူဇော်ထားပါသည်။ နှစ်စဉ် ရွှေကျင်ဗိမာန်တော်သို့ ကြွရောက်လေ့ရှိပြီး တစ်ခါတစ်ရံ ရွှေဘို မြို့သို့ ဆက်လက်ကြွတတ်ပါသည်။

၁၉၈၈ ခုနှစ် ဆရာတော်ဘုရားကြီး၏ မွေးနေ့ပူဇော်ပွဲသို့ ကျွန်မ ရောက်ခဲ့ပါသည်။ (၁၀) ရက်နေ့တွင် ဆရာတော်ဘုရားနှင့်အတူ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဗိမာန်တော်သို့ လိုက်သွားခဲ့ပါသည်။ ပူဇော်ပွဲပြီးလျှင် ရှေ့ဆုံးမှထွက်သော ဆရာတော်ကြီး၏ ကားကလေးမှာ စစ်ကိုင်းဘက်သို့ မလှည့်ဘဲ ရွှေဘိုဘက်သို့ ဦးတည်ပြီး မောင်းထွက်သွားပါသဖြင့် နောက်ပါကားအားလုံး ဆရာတော်ကားနောက်သို့ လိုက်ကြရပါသည်။

ရွှေဘိုမြို့ဒေါင့်စေတီသို့ ရောက်လျှင် ကျွန်မတို့တွေ ဘုရားဖူးကြသော အခါ ဆရာတော်ဘုရားလည်း ကားကလေးထဲမှာပင် ထိုင်ပြီးကျန်ခဲ့ပါသည်။ ခဏနေလျှင် ဆရာတော်ဘုရား၏အပါးတော်မြို ဦးပညာသီရိသည် ဘုရားကုန်းတော်ပေါ် သို့ အပြေးတက်လာကာ ဂေါပကရုံးမှ ဖုန်းဖြင့် ဒကာမိသားစုအိမ်သို့ ဖုန်းဆက်ရာ ဖုန်းပျက်နေပါသဖြင့် တခြားဘုရားဖူးဒကာကြီးတစ်ယောက်က 'ဘာကူညီရမလဲ' ဟု လျှောက်ပါသည်။ ရွှေဟင်္သာဆရာတော်ဘုရား ရွှေဘိုစျေးအနီးမှ ရွှေနန်းထိမ် ဦးအေးမောင်တို့ အိမ်သို့ကြွလာမည့်အကြောင်း၊ ဖုန်းဆက်ချင်ကြောင်းပြောရာ ထိုဘုရားဖူးဒကာကြီးမှ သူမှာ ကားပါလာ၍ သူသွားပြီး ပြောထားပါမည်ဟုပြောပြီး သူ့ကားလေးနှင့် မောင်းထွက်သွားပါသည်။ ခဏနေလျှင် ဆရာတော်ဘုရားကြီးနှင့် ကျွန်မတို့ ကားများ ဦးအေးမောင်တို့ မိသားစုအိမ်ရှေ့သို့ ရောက်သွားသောအခါ အိမ်ထဲမှ ဦးအေးမောင်တို့ မိသားစုဝမ်းမြောက်ဝမ်းသာ ပြေးထွက်လာကြကာ ငွေဖလားကြီးနှင့် ပိုက်ဆံတွေကို အားပါးတရကြဲကြပါတော့သည်။ ရွှေဟင်္သာဆရာတော်ဘုရား အလိုအလျောက် ကြွရောက်တော်မူလာပါက ထိုအိမ်မိသားစု စီးပွားတက်တတ်ကြောင်း ပြောပြကြပါသည်။

ဦးအေးမောင်တို့အိမ်မှ ပြန်ထွက်လာပြီးလျှင် စျေးထောင့်နားမှ 'ဝင်း'ကိတ်မုန့်တိုက်သို့ ခေတ္တဝင်၍ အပူဇော်ခံကြွရောက်သောအခါတွင်လည်း အိမ်ရှင်မိသားစုများ အပြေးအလွှား ထွက်လာကြဆိုကာ ပိုက်ဆံများကြဲကြပြန်သည်။

ပြင်ဦးလွင်မှ ဦးအုန်းမောင်၊ ဒေါ်ခင်သန်းတို့သည် ရွှေဟင်္သာဆရာတော်ဘုရားကြီးအား အလွန် ကြည်ညိုကြသည့်အလျောက် ဆရာတော်ဘုရားကြီးကို မိမိတို့အိမ်သို့ ပင့်လျှောက်လိုပါသော်လည်း ဆရာတော်ဘုရားကဲ့သို့ ဘုန်းကံကြီးမားတော်မူသော သက်တော်ရှည် ဆရာတော်ဘုရားကြီးအား မိမိတို့၏ သာမန်အိမ်ကလေးတစ်ဆောင်သို့ ပင့်လျှောက်ရန် အားတုံ့အားနာစိတ်ဖြင့် မပင့်လျှောက်ဖြစ်သည်ကို ဆရာတော်ဘုရား အလိုအလျောက် သိမြင်တော်မူ၍-

"ဒီ ဒေါ်ခင်သန်း ဆိုတဲ့ ဒကာမကြီးက ဘုန်းကြီးဆီကို တစ်နေ့ (၃) ခေါက်ပုံမှန်လာနေက၊ ဘုန်းကြီးကတော့ သူတို့အိမ်ကို တစ်ခါမှ မရောက်ဖူးသေးပါဘူး"

ဟု (၃) ကြိမ်တိုင်တိုင် မိန့်တော်မူပြီး ဒေါ်ခင်သန်းတို့ မိသားစု၏ အိမ်သို့ မေတ္တာဖြင့် ကြွရောက်ပြီး မြှင့်တော်မူခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးသည် ရွှေကျင်သာသနာပိုင်ဆရာတော်များတွင် (၁၂)ဆက်မြောက် ဆရာတော်ဖြစ်ပါသည်။ ပထမရွှေကျင်ဆရာတော်ဘုရားကြီးကို လုံးဝမမီလိုက်ရုံမက ဓာတ်ပုံတော်ကိုသော်မှ မြင်ဖူးလိုက်မည်မထင်ပါ။

ပထမ ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ကို ဆက်စပ်သောအားဖြင့် ပထမဆရာတော်ဘုရားကြီး၏ ပုံတော်ကို စိတ်ကူးဖြင့် မှန်းဆရည်ရော်ကာ ထုလုပ်စီမံပြီး ရွှေကျင်ရွာ၏အစ စစ်ကိုင်းမှ ရွှေဘိုသွားသော ကားလမ်းဘေးတွင် ပထမဆရာတော်ဘုရားကြီး၏ ဗိမာန်တော်ကို ဆောက်လုပ်ပူဇော်ထားပြီး နှစ်စဉ် မွေးနေ့ပူဇော်ပွဲအပြီး တစ်ရက်ကျော် နတ်တော်လဆန်း (၁၀) ရက်နေ့တိုင်း နောက်ပါ ဒကာ၊ ဒကာမပေါင်းများစွာဖြင့် သွားရောက် ကန်တော့မြဲ ဖြစ်ပါသည်။

ရုပ်တုတော် စီမံပူဇော်ပြီး မကြာခင် ရွှေဟင်္သာဆရာတော်ဘုရားသည် အိပ်မက်ထဲတွင် ကိုယ်ရောင်ကိုယ်ဝါလင်းထိန်တောက်ပစွာသော ပုဂ္ဂိုလ်တစ်ဦးသည် ဆရာတော်ဘုရားထံ လာရောက်၍-

"ရုပ်တုတော်မှာ မူလ ရွှေကျင် ဆရာတော်နှင့်တူပါပေတယ်"

ဟု ပြောသွားသည်ဟု မက်ကြောင်း ဆရာတော်ကြီး၏ ဒကာရင်းတစ်ယောက်မှ တစ်ဆင့်ပြောပြ၍ ကြားသိရဖူးပါသည်။

ဒေါ်ခင်ခင်ထွန်း (မြန်အောင်)

www.burmeseclassic.com

www.burmeseclassic.com

(မကွေး)

သာထင်ကျေးရွာ

နိဝရဏခုနစ်ပါးနှင့် သင်္ဂါရဝပုဏ္ဏား

နံနက်ခင်း နေရောင်ခြည်အလင်းတန်းသည် သာဝတ္ထိမြို့၏ အထင်ကရဖြစ်သည့် ဇေတဝန်ကျောင်းတော်ကြီးကို ဆလိုက်ထိုးပြထားသကဲ့သို့ တွင်းကွင်းကွက်ကွက် ပေါ်လွင်မှုရှိနေစေ၏။ ထို ဇေတဝန်ကျောင်းတော်ကြီးကို အထပ်ပေါင်း (၇) ထပ်၊ ဘုံ (၇) ဆင့်ဖြင့် တည်ဆောက်ထားသည်။ သာဝတ္ထိမြို့၏ တောင်ဘက် တစ်ဖာလုံခန့်အကွာတွင် တည်ရှိပြီး ဓက (၃၀) ကျယ်ပြန့်၏။

ဇေတဝန်ကျောင်းတော်ကြီးအတွင်း ရှိ ရေခဲတက်ပင်ပေါ်၌ ဆက်ရက်ငှက် တစ်သိုက် ဘာသာအလိုက် ကျွက်ကျွက်ညံနေအောင် စကားများနေကြသည်။ ထို့အတူ ကြို့ပင်ပေါ်တွင်လည်း ရွှေပြည်စိုးငှက်ငယ်နှစ်ကောင်နှင့် ပုစဉ်းထိုးငှက်ငယ်တစ်ကောင်တို့ လိုက်တမ်းပြေးတမ်း ကစားနေကြပြန်သည်။

အခါနိကား နံနက် မိုးရွာပြီးစ နေထန်းတစ်ဖျားခန့် ဖြစ်ပေ၏။ ထိုအခါန်မှာပင် ဝတ်ဖြူစင်ကြယ်အထက်အောက် ဝတ်ထားသော သင်္ဂါရဝအမည်ရှိ ပုဏ္ဏား

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ဗုဒ္ဓရှိနေသည့် ဇေတဝန်ကျောင်းတော်ကြီးပေါ် ကို ရွှေရွှေလေးတက်သွားသည်။ ဗုဒ္ဓထံပါးသို့ သင်္ဂီရဝ ရောက်သွားပြီ။ သင့်တင့်လျောက်ပတ်သောနေရာမှ ရှိသေစွာဖြင့်ထိုင်ကာ ဗုဒ္ဓအား သူသိလိုသမျှ မေးမြန်း လျှောက်ထားလိုက်သည်။

"အို- သင်္ဃညာတရွေဘုရှင်ဗုဒ္ဓ၊ ကျွန်ုပ်သည် ဗေဒင်ပညာရပ်ကျမ်းပေါင်းများကို တစ်ဖက်ကမ်းခပ်အောင် တတ်မြောက်ကျွမ်းကျင်ခဲ့သူ ဖြစ်ပါလျက် ယခုတစ်လောတွင်မူ ထိုပညာရပ်များကို အဖန်အဖန်အလဲလဲ ရွတ်အံပေမယ့် အမှတ်သညာဘုဏ်၌ မတွယ်ကပ်နိုင်ဘူး ဖြစ်နေရပါတယ်။ တစ်ရံတစ်ခါမှပဲ ဘုဏ်မှာထင်ပါတယ်။ အဲဒါ ဘာကြောင့်ဖြစ်ရသလဲဆိုတာ သိလိုပါတယ်။ အကြောင်းစုံ မိန့်တော်မူပေးပါ ဘုရား"

ထိုသို့ သင်္ဂီရဝပုဏ္ဏားဏ၏ လျှောက်ထား မေးမြန်းလာခြင်းကို ဗုဒ္ဓသည် အကုသိုလ် နိဝရဏခုနစ်မျိုးတို့ဖြင့် ထင်လင်းစွာ ဟောကြားတော်မူလေ၏။

"ဒကာ သင်္ဂီရဝပုဏ္ဏား၊ ကာမ, ရာဂ ထူပြော သောင်းကျန်းနေခြင်္ကမျိုးမှာ ကာမ၊ ရာဂရဲ့ လွတ်မြောက်ရာ လမ်းကြောင်းအမှန်ကို မသိမမြင်နိုင်ပေဘူး။ ကိုယ့်အကျိုး၊ သူတစ်ပါးအကျိုးကိုလည်း မမြင်နိုင်ဘူး။ ဘာတစ်ခုမှ ယထာဘူတကျနစွာ မမြင်ပေဘူး။

နန္ဒင်းတို့၊ မဲနယ်တို့ရောစပ်ထားတဲ့ ရေခွက်တစ်ခွက်ထဲကိုပဲ သင့်ရဲ့မျက်နှာပုံရိပ်ကို ငုံကြည့်လိုက်စမ်းပါ။ လုံးဝမမြင်ရနိုင်ဘူး။ ဒီဥပမာလိုပဲပေါ့။ ကာမ၊ ရာဂ ထကြွနေခိုက်မှာ ဘယ်ဗေဒင်ပညာရပ်မှ ဉာဏ်မှာ မစွဲငြိနိုင်ပေဘူး။ ကာမ၊ ရာဂ မထကြွတဲ့အချိန်အခါမှာဘဲ ဗေဒင်ပညာတွေ၊ ဉာဏ်တွေ ဝင်လာနိုင်ပေတယ်"

သင်္ဂီရဝပုဏ္ဏားသည် အံ့သြသည့် မျက်ဝန်းအစုံဖြင့် ဗုဒ္ဓအား မော်ဖူးနေလေသည်။ ဗုဒ္ဓက ဆက်၍ ဟောပြန်သည်။

"ဒကာ သင်္ဂီရဝပုဏ္ဏား၊ ပျက်စီးယိုယွင်းလာစေလိမ့မယ် ဗျာပါဒ ထကြွနေတဲ့အခါမျိုးမှာ ဗျာပါဒရဲ့ လွတ်မြောက်ကြောင်းကိုလည်း မမြင်နိုင်၊ မိမိ၊ သူတစ်ပါးအကျိုးစီးပွားကိုလည်း မမြင်နိုင်။ ရေတွေပွက်ဆူ၊ အခိုးအငွေ့တွေ ထောင်းထောင်းထနေတဲ့ ရေပူခွက်ကြီးတစ်ခွက်ထဲ သင့်ရဲ့ မျက်နှာပုံရိပ်ကို ရှာကြည့်လိုက်စမ်းပါ။ လုံးဝ မမြင်ပါဘူး။ ဗျာပါဒ

ထိနမိဒ္ဓတွေ ထကြွသောင်းကျန်းနေချိန်မျိုးမှာ ဘယ်ဗေဒင်ပညာရပ်မျှ ဉာဏ်အာရုံထဲ မကပ်ငြိနိုင်ပေဘူး၊ မှတ်သားမရနိုင်ပေဘူး။ ထိနမိဒ္ဓကင်းစင်မှသာ ဗေဒင်ပညာရပ်တွေ၊ ဉာဏ်တွေ ထင်ရှား ပေါ်လွင်လာနိုင်ပေတယ်...

ထကြွနေချိန်မှာ ဘယ်ဗေဒင်ပညာရပ်မျှ ဉာဏ်အာရုံထဲ မစွဲငြိနိုင်ပေဘူး။ မှတ်သားမရနိုင်ဘူး။ ဗျာပါဒကင်းရှင်းမှပဲ ဗေဒင်ပညာရပ်တွေ၊ ဉာဏ်တွေ ဝင်လာနိုင်ပေတယ်"

ဗုဒ္ဓ ဟောကြား သွန်သင်မှုကို သင်္ဂီရဝပုဏ္ဏားသည် ခေါင်းတညိတ်ညိတ်ဖြင့် နာယူနေလေ၏။ ဗုဒ္ဓက ဆက်၍ဟောပြန်သည်။

"ဒကာ သင်္ဂီရဝပုဏ္ဏား၊ နာယူမှတ်သားဦးလော့။ လေးလံထိုင်းမှိုင်းဆိုတဲ့ ထိနမိဒ္ဓတွေရဲ့ လွတ်မြောက်ရာလမ်းကြောင်းအမှန်ကို မမြင်နိုင်ရှာပေဘူး။ ကိုယ့်အကျိုးစီးပွား၊ သူတစ်ပါးအကျိုးစီးပွားကိုလည်း မမြင်။ ရေညှိရေမှော်ပင်တွေ ဖုံးအုပ်နေတဲ့ ရေခွက်တစ်ခွက်ထဲကို သင့်ရဲ့မျက်နှာပုံရိပ်ကို ရှာဖွေကြည့်လိုက်စမ်းပါ။ လုံးဝ မမြင်နိုင်ဘူး မဟုတ်လား။ ထိနမိဒ္ဓတွေ ထကြွသောင်းကျန်းနေချိန်မျိုးမှာ ဘယ်ဗေဒင်ပညာရပ်မျှ ဉာဏ်အာရုံထဲ မကပ်ငြိနိုင်ပေဘူး။ မှတ်သားမရနိုင်ပေဘူး။ ထိနမိဒ္ဓကင်းစင်မှသာ ဗေဒင်ပညာရပ်တွေ၊ ဉာဏ်တွေ ထင်ရှားပေါ် လွင်လာနိုင်ပေတယ်။

သင်္ဂီရဝပုဏ္ဏား၏စိတ်သန္တာန်ဝယ် ကျွမ်းကျင်လိမ္မာသည့် မြက်နုတ်သမား ရှင်းလင်းလိုက်သော မြက်ခင်းပြင်ကဲ့သို့ အစအန လုံးဝမရှိဘဲ တလင်းသားကျလျက် ရှိပေ၏။

"ဒကာသင်္ဂီရဝပုဏ္ဏား၊ ဘယ်သူမဆို စိတ်ပျံ့လွင့်မှု ဆိုတဲ့ ဥဒ္ဓစ္စနဲ့ နောင်တပူပန်မှုဆိုတဲ့ ကုက္ကုစ္စတွေ သောင်းကျန်းနေတဲ့ အချိန်အခါမျိုးမှာ ထိုဥဒ္ဓစ္စနဲ့ ကုက္ကုစ္စတွေရဲ့ လွတ်မြောက်ရာလမ်းကြောင်းအမှန်ကို မမြင်နိုင်ရှာပေဘူး။ ကိုယ့်အကျိုးစီးပွား၊ သူအကျိုးစီးပွားကိုလည်းမမြင်။ လိုင်းထနေတဲ့ ရေထဲကို သင့်ရဲ့ မျက်နှာပုံရိပ်ကို ရှာဖွေကြည့်လိုက်စမ်းပါ။ လုံးဝမမြင်နိုင်ပါဘူး။ ဥဒ္ဓစ္စတွေ၊ ကုက္ကုစ္စတွေ သောင်းကျန်းနေချိန်မျိုးမှာ ဘယ်ဗေဒင်ပညာရပ်မှ ဉာဏ်အာရုံထဲ မစွဲငြိနိုင်ပေဘူး။ မှတ်သားမရနိုင်ပေဘူး။ ဥဒ္ဓစ္စတွေ၊ ကုက္ကုစ္စတွေ ကင်းစင်မှသာ ဗေဒင်ပညာရပ်တွေ၊ ဉာဏ်တွေ ထင်ရှားလာနိုင်ပေတယ်။

ဒကာ သင်္ဂီရဝပုဏ္ဏား၊ မဝေခွဲနိုင်တဲ့ ဝိစိကိစ္ဆာတွေ သောင်းကျန်းနေတဲ့ အခိုန်အခါမျိုးမှာ ထိုဝိစိကိစ္ဆာရဲ့ လွတ်မြောက်ရာလမ်းကြောင်းအမှန်ကို မမြင်နိုင်ရှာပေဘူး။ ကိုယ့်အကျိုးစီးပွား၊ သူအကျိုးစီးပွားကိုလည်းမမြင်။ ရှဉ့်နှစ်ရေထဲကို သင့်ရဲ့ မျက်နှာပုံရိပ် ရှာဖွေကြည့်လိုက်စမ်းပါ။ လုံးဝမမြင်နိုင်ပေဘူး။ ဝိစိကိစ္ဆာတွေ သောင်းကျန်းနေခိုက်မျိုးမှာ ဘယ်ဗေဒင်ပညာရပ်မှ ဉာဏ်အာရုံထဲ မကပ်ငြိနိုင်ပေဘူး။ ဝိစိကိစ္ဆာကင်းစင်မှသာ ဗေဒင်ပညာရပ်တွေ၊ ဉာဏ်တွေ ထင်ရှားလာနိုင်ပေတယ်။

ဒကာ သင်္ဂီရဝပုဏ္ဏား၊ ဗောဇ္ဈင် ခုနစ်ပါးဖြစ်တဲ့ သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တွေကို ပွားများ အားထုတ်ပါလေ။ ဗောဇ္ဈင်တရားတွေဟာ အသိစိတ်ကို မပိတ်ပင်ဘူး။ ကြည်လင်ချမ်းမြေ့စေတယ်။အသင့်အနေနဲ့ ကြိမ်ဖန်များများ ပွားလေလေ အသိဉာဏ်အားကောင်းလာလေလေဖြစ်ပေမယ့် ဗေဒင်ပညာရပ်တွေ၊ ဉာဏ်တွေ ထင်ရှားလာရုံမက မျက်မှောက်ကာလမှာပဲ ကိလေသာက လွတ်မြောက်ပေလိမ့်မယ်။ စွဲစွဲမြဲမြဲပွားများပေလော့"

ဗုဒ္ဓတရားကား ပြီးဆုံးသွားလေပြီ။ သင်္ဂီရဝပုဏ္ဏား၏ မျက်နှာတစ်ပြင်လုံး ပီတိတို့ ဖုံးလွှမ်းပြီး ဝင်းပကြည်လင်လန်းဆန်းနေပေသည်။ ထို့နောက် ဗုဒ္ဓ၏ခြေအစုံကို ဆုပ်ကိုင်ဦးခိုက်ကန်တော့ရင်း-

"တပည့်တော်ကို ဒီနေ့ဒီအချိန်ကစပြီး အသက်ထက်ဆုံး ရတနာသုံးပါးကို အကြွင်းမဲ့ ယုံကြည်စွာနဲ့ ကိုးကွယ်ဆည်းကပ်သူအဖြစ် သတ်မှတ်ပေးတော်မူပါဘုရား"

ဟု လျှောက်ထားလိုက်လေတော့သည်။

သာသဏာဇော (မကွေး)

ကျမ်းကိုး

ပထမကျော် ဦးအေးကျော်၏ 'ဗုဒ္ဓနှင့်ပုဏ္ဏားတော်ကြီးများ' စာအုပ်မှ

www.burmeseclassic.com

www.burmeseclassic.com

မင်းဘူး-ဝိုလ်ဥတ္တမ

ဗောဇ္ဈင်(၇)ပါး တရားတော်

ဗောဓိပက္ခိယတရား (Associales of Eulightment; Bodhipakkhiya Dhamma) (၃၇) ပါးတွင် ဗောဇ္ဈင် (၇) ပါးတရား ပါဝင်သည်။ ဗောဓိပက္ခိယတရား (၃၇) ပါးတို့မှာ သတိပဋ္ဌာန် (၄) ပါး (The four methods of steadfast mindfulluess; Satipalhana)။ သမ္မပ္ပဓာန် (၄) ပါး (The four supreme efforls; Sammapadhana)။ ဣဒ္ဓိပါဒ် (၄) ပါး (The four loases of psychic Polency; iddhipada)။ ဣန္ဒြေ (၅) ပါး (The Five faculties; indriya)။ ဗိုလ်(၅)ပါး (The five powers; bala)။ ဗောဇ္ဈင် (၇) ပါး (Seven factors of enlightment; bojjh anga)။ မဂ္ဂင် (၈) ပါး (The eight eonsti tuenls of the path; magganga) တို့ ဖြစ်သည်။

ဗောဓိပက္ခိယတရား ဟူသည် သစ္စာ(၄)ပါးကို ဖြစ်စေသော အရိယာမဂ်၏ အသင်းအပင်းတရားများ ဖြစ်သည်။ ဗောဇ္ဈင် (၇) ပါး တရားတော်သည် အခြားသော ဗောဓိပက္ခိယတရားများနည်းတူ အရိယာမဂ်ဆိုက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်သောတရား ဖြစ်သည်။

ဆရာတော်အရှင်ဆေကိန္နက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံတွင် တစ်ခုမဟုတ် တစ်ခု တရားတော်ကို ဟောပြောပို့ချ ရင်းဖြင့် သမ္မပ္ပဓာန်တရား (၄) ပါးကို ရှင်းလင်းတော်မူခဲ့သည်။

'တစ်ဦးနဲ့တစ်ဦးက မတူဘူး။ ဒါကြောင့် သတိပဋ္ဌာန်တရားကိုအားထုတ်လို့ အဆင်မပြေရင်၊ ဗောဓိပက္ခိယတရား (၃၇) ပါးထဲက တခြား မိမိနဲ့ သင့်တော်ရာတရားကို အားထုတ်လို့ရနိုင်ပါတယ်'

ဟု မိန့်ကြားခဲ့သည်။

ယင်းကံမြင့်ကျောင်းတိုက်မှာရုံ၌ပင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com

ထေရဝါဒပုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသက ၂၀၁၁ ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့မှသည် ဇွန်လ (၁၄) ရက်နေ့အထိ ဗောဓွင် (၇) ပါးတရားတော် (ဗောဓိပက္ခိယတရားကို လေ့လာသုံးသပ်ခြင်း အပိုင်း (၆) မှသည် အပိုင်း (၁၀) ထိ) ကို ဟောကြားတော်မူခဲ့သည်။ (လွန်ခဲ့သော ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ (၆) ရက်နေ့မှ (၁၀)ရက်တွင် ရှေ့က ဗောဓိပက္ခိယတရားများဖြစ်သည့် သတိပဋ္ဌာန် (၄) ပါး၊ သမ္မပ္ပဓာန် (၄) ပါး၊ ဣဒ္ဓိပါဒ် (၄) ပါး၊ ဣန္ဒြေ (၅) ပါး၊ ဗိုလ် (၅) ပါး တရားတော်များကို ပါမောက္ခချုပ်ဆရာတော်က 'ဗောဓိပက္ခိယတရားကို လေ့လာသုံးသပ်ခြင်းအပိုင်း (၁) မှ အပိုင်း (၅) ဟူ၍ ဟောကြားပို့ချခဲ့ပြီး ဖြစ်ပါသည်။)

ပါမောက္ခချုပ် ဆရာတော်ကြီးသည် အခြားအခြားသော ဓမ္မတရားသဘင်များ၌လည်း အတိဓမ္မာဒေသနာတရားတော်အား - ကဏ္ဍလိုက် ကဏ္ဍလိုက် အလျဉ်းသင့်သလို ဟောပြောပို့ချလေ့ရှိပါသည်။ ဆရာတော်၏တရားကို ကွန်တော်က မှတ်စုအပြည့်အရယူ မှတ်သားခဲ့ရာ ယင်းမှတ်စုမှ ထုတ်နုတ်၍ စာဖတ်သူများသို့ တရားဗဟုသုတ ပြန်လည်မျှဝေခြင်း ဖြစ်ပါသည်။

ဗောဓွင် (၆) ပါးတရားတော်လာ ဗောဓွင်တရားတစ်ပါးချင်းစီ၏ လက္ခဏာရသ စသည်တို့ကို ရှင်းလင်းခြင်းမပြုမီ ဝယ် ဗောဓိပက္ခိယတရား၏ အဓိပ္ပာယ်ကိုလည်းကောင်း၊ ဗောဓွင် (၇)ပါးတရား၏ ယေဘုယျအဓိပ္ပာယ်ကို လည်းကောင်း ပါမောက္ခချုပ်ဆရာတော်ကြီးက ဦးစွာ ဟောပြောရှင်းလင်းတော်မူခဲ့သည်။ မြတ်ဗုဒ္ဓ၏ သာသနာတော်တွင် ဗောဓိပက္ခိယတရား (၃၇) ပါးသည် အနှစ်သာရ ဖြစ်သည်။ ဘုရားပွင့်သောအခါမှသာ ဤတရားပေါ် နိုင်သည်။ ကျန် သုခစရိုက်တရား (၁၀) ပါးကဲ့သို့သော တရားသည် သံသရာမှ လွတ်မြောက်ခြင်းကို မဖြစ်စေနိုင်။ သံသရာမှ လွတ်မြောက်ခြင်းကို ဗောဓိယပက္ခိယတရား (၃၇) ပါးကသာ ဖြစ်စေနိုင်သည်။ ဧကဓမ္မော- တစ်ကြောင်းတည်းသောတရား လမ်းဖြစ်သည်။ ဗောဓိပက္ခိယကို ပုဒ်ခွဲသော် 'ဗောဓိ- အသိဉာဏ်၊ ပက္ခ- အထောက်အပံ့ပြုသောတရား, သက်ဆိုင်သောတရား၊ ဣယ- အသိဉာဏ်နှင့်ဆိုင်သော' ဟူ၍ ခွဲနိုင်သည်။ ဤတရားများသည် မိမိ၏သန္တာန်မှာ လေ့ကျင့်ပေးနိုင်မှသာ ရနိုင်သောတရားများ ဖြစ်သည်။ ယင်းကို ရည်ရွယ်၍ မြတ်စွာဘုရားက 'အတ္တသရဏာ အတ္တဒီပ' မိမိ၏သန္တာန်တွင် ထူထောင်ရမည့် တရားများဖြစ်ကြောင်း မိန့်ဆိုတော်မူခဲ့သည်။ ဗောဓွင်တရား (၇) ပါးနှင့် စပ်လျဉ်း၍ သံယုတ်ပါဠိတော်တွင် သုတ်ပေါင်း (၁၈၀) ၌ ဟောကြားတော်မူခဲ့ကြောင်း တွေ့ရှိရသည်။သံသရာကထွက်၍ နိဗ္ဗာန်ရောက်သူတိုင်းသည် နိဝရဏတရား (၅) ပါး ကင်းစင်ရေး အကျင့်သတိပဋ္ဌာန်တရား၊ ဗောဓွင် (၇) ပါး စသည်တို့ကို ကျင့်ကြံတော်မူခဲ့ကြသည်။

ဧကလနော ဘိက္ခဝေ မဂ္ဂေါ' နိဗ္ဗာန်ရောက်ရန် တစ်ခုတည်းသော လမ်းကြောင်းအဖြစ် မြတ်ဗုဒ္ဓက ဟောတော်မူခဲ့သည်။ သံသရာမှ ထွက်လိုသူတိုင်းတို့သည် ဗောဓွင်ဟူသော ထွက်ပေါက်ကသာထွက်ကြရသည်။ 'ဗောဇ်' ဟူသည် ဗောဓိ+အင် 'ကိလေသာ ဟူသော အိပ်ပျော်ခြင်းမှ နိုးထ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုစေသောတရား' ဟု အဓိပ္ပာယ်ရသည်။ ဗောဓွင်တရား (၇) ပါးတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

သတိသမ္ဗောဇ္ဈင်- (Enlightmeut factor of mind- Fullness - Sati sambojjhanga)

ဓမ္မဝိစယသမ္ဗောဇ္ဈင်- (Enlightmeut factor of investigative knowledge- Dhammavicaya Sambojjhanga)

ဝီရိယသမ္ဗောဇ္ဈင်- (Enlightment factor of effort-viriyasambojjhanga)

ပီတိသမ္ဗောဇ္ဈင်- (Enlightment factor of delightful Satisfaction-Pitisambojjhanga)

ပဿဒ္ဓိသမ္ဗောဇ္ဈင် - (Enlightmeut factor of tranquility- passadhisambojjhanga)

သမာဓိသမ္ဗောဇ္ဈင် - (Enlightmeut factor of concentration-Samadhisam bojjhanga)

ဥပေက္ခာသမ္ဗောဇ္ဈင်- (Enlightmeut factor of equanimity Upekkhasambojjhanga)

(ဝန်ခံချက် - အင်္ဂလိပ်လို ပါဠိဝေါဟာရများကို သာသနာရေးဦးစီးဌာန ထုတ် Dictionary of Buddhist Perms; ဗုဒ္ဓဒေသနာတော် ဝေါဟာရအဘိဓာန် စာအုပ်မှ ရယူသုံးစွဲသည်။ စာရေးသူ)

သတိဟူသည် အမှတ်ရခြင်းဖြစ်ပြီး မိမိခန္ဓာ၌ဖြစ်နေသော အာရုံနှင့်စိတ်တို့အား ကပ်ငြိနေစေသော ဝိပဿနာ အသိဖြစ်သည်။ ဓမ္မဝိစယဟူသည် ခန္ဓာသဘာဝတရားကို စူးစမ်းခြင်းဖြစ်သည်။ ဝီစယ၏အဓိပ္ပာယ်သည် လေ့လာခြင်းဖြစ်သည်။ ရုပ်ဓမ္မ- နာမ်ဓမ္မ- သခ်ါရတရားကို စိစစ်ခြင်းဖြစ်သည်။ ဝီရိယက မဖြစ်သေးတာဖြစ်အောင်၊ ဖြစ်ပြီးတာပွားများအောင် အားထုတ်ခြင်း ဖြစ်သည်။ ပီတိက ကျေနပ်နှစ်သိမ့်ခြင်း ဖြစ်သည်။ ပဿဒ္ဓိက ကိုယ်ငြိမ်းချမ်းမှု၊ စိတ်ငြိမ်းချမ်းမှုဖြစ်သည်။ သမာဓိက အာရုံပေါ်တွင် စိတ်တည်ငြိမ်နေခြင်း ဖြစ်သည်။ ဥပေက္ခာသည် ရှေ့က သဘာဝတရားအားလုံး တစ်ပြေးညီဖြစ်အောင်၊ ဟန်ချက်ညီအောင် ပြုလုပ်ပေးသောတရား ဖြစ်သည်။ ဗောဓိ- ဗုဒ္ဓ- နိုးသည်ဟု အဓိပ္ပာယ်ရသည်။ ဝုစ္စတိဗောဓိ- ကိလေသာတွင် အိပ်ပျော်နေရာမှ နိုးထ၍ သစ္စာကို သိကာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဖြစ်သည်။ သက္ကတဘာသာဖြင့် ဗောဇ်ဟု ခေါ်၍ ပါဠိတွင် ဗောဇ်ဟု သုံးစွဲသည်။ ဗောဓိယသဝတ္တာရော် ကိလေသာမှ နိုးထစေသော အကြောင်းတရား၊ သစ္စာ (၄) ပါးကို သိစေသောအကြောင်းတရားများဖြစ်သည်။ ဗောဓွင် (၇) ပါးတွင် မဂ္ဂင်တရားများ အကျုံးဝင်လျက်ရှိသည်။ သတိသမ္ဗောဇ္ဈင်သည် သမ္မာသတိ ဖြစ်သည်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် သမ္မာဒိဋ္ဌိ ဖြစ်သည်။ ဝီရိယသည် သမ္မာဝါယမ ဖြစ်သည်။ သမာဓိသမ္ဗောဇ္ဈင်သည် သမ္မာသမာဓိ ဖြစ်၏။ ဝိတက္ကဟူသော သမ္မာသင်္ကပ္ပဝဲမပါခြင်း ဖြစ်သည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်ကြီးက ဗောဓွင် (၇)ပါးအား တစ်ပါးစီနှင့် စပ်လျဉ်း၍ အကျယ်ဟောပြောပို့ချခဲ့သည်။ သတိသမ္ဗောဇ္ဈင်သည် သဗ္ဗဒိဋ္ဌ- အချိန်အားလုံးတွင် လိုတိုးပို့လျှော့လုပ်ရန် မလိုသောတရားဖြစ်သည်။ ကမ္မဋ္ဌာန်းအာရုံနှင့် စိတ်ကို ထိတွေ့စေသောတရား ဖြစ်သည်။ အသိဟူသည် သတိမပါဘဲ မဖြစ်နိုင်။ သတိမပါသော ပညာသည် အားနည်းသည်။ အာရုံနှင့် စိတ်ကပ်ထားသည်က သတိ၊ အမှား,အမှန်ခွဲခြားသိတာက ဉာဏ်ဖြစ်သည်။ သတိသည် အာရုံကို ယူပေးခြင်းသာရှိ၍ အာရုံကို ခံစားနိုင်စွမ်းမရှိချေ။ အာရုံတစ်ခုပေါ်တွင် စိတ်ကကပ်နေသည်။ အာရုံသည် စိတ်၌ထင်ရှားနေသည်။ ထွက်လေ၀င်လေသည် စိတ်နှင့်အတူကပ်နေ

www.burmeseclassic.com

www.burmeseclassic.com

သည်။ စိတ်က အာရုံကိုယူ၍ သတိက ကပ်ပေးသည်။ ဓမ္မကိုပြန်ပြီး သတိရစေသောကိစ္စ ဖြစ်သည်။ အသမ္မောသရသ-စိတ်သည် ရှုကွက်ကနေ မပျောက်ရလေအောင် သတိက ထိန်းပေးနေသည်။ ယင်းအချိန်တွင် သတိကို ဉာဏ်နှင့်ရှုသော် သတိသည် အာရုံရှိရာသို့ မျက်နှာမူနေသည်။ သတိ၏ လက္ခဏာရသမှာ အာရုံထဲကနေ စိတ်ကိုပျောက်မသွားစေသောလက္ခဏာ ရှိသည်။

သတိဖြစ်အောင် မည်ကဲ့သို့ လေ့ကျင့်မည်လဲ။ ယောနိသော မနသိကာရမှန်ကန်စွာ နှလုံးသွင်းခြင်းဖြင့် သတိကို ဖြစ်စေ၏။ သတိဖြစ်စေရန် အကြောင်းတရားလေးပါး ရှိသည်။ အပြင်နှစ်မျိုး၊ အတွင်းနှစ်မျိုး ဖြစ်သည်။

၁။ မေ့မေ့လျော့လျော့နေတတ်သူကို ရှောင်၊
၂။ သတိကောင်းသူနှင့်ပေါင်း၊
၃။ ခုနစ်ဌာနလေ့ကျင့်ခန်းယူပါ။
(က) ရှေ့တိုး၊ နောက်ဆုတ်ပြုရာ၌ အမှတ်တမဲ့ အတိုး၊ အဆုတ်မပြုနှင့်။
(ခ) ခြေ၊ လက်ကွေးဆန့် အမှတ်တမဲ့ မပြုနှင့်။
(ဂ) အဝတ်ဝတ်တာ၊ ပစ္စည်းကိုင်တာ သတိနှင့်ပြုပါ။
(ဃ) အစာစား၊ ရေသောက် အိမ်သာတက်သည်ကအစ သတိနှင့်ပြုပါ။
(င) လမ်းလျှောက်သော် သတိနှင့် လျှောက်ပါ။
(စ) အိပ်ရာဝင်၊အိပ်ရာထကို သတိနှင့်ပြုလုပ်ပါ။
(ဆ) စကားပြောလျှင်ဖြစ်ဖြစ်၊ တိတ်တိတ်နေလျှင်ဖြစ်ဖြစ် သတိနှင့်ပြော၊ သတိနှင့်နေပါ။
၄။ သတိရှိဖို့ရန် အာရုံကို ညွတ်ကိုင်းထားပါ။ ကိလေသာကို စွန့်လွှတ်ပြီး နိဗ္ဗာန်သို့ ပြေးဝင်သွားစေအောင် သတိကို ကြိုးပမ်းပါ။

သတိနေပံကွ- သတိရှိလျှင် ရင့်ကျက်သောပညာပါလာသည်။ နေပကွဟူသည် ရင့်ကျက်သောပညာဖြစ်သည်။ ဖော်ပြပါအတိုင်း ခုနစ်ဌာန၌ သတိဖြစ်စေသော် ရင့်ကျက်သောပညာ ပါလာလိမ့်မည်။

ဓမ္မဝိစယသမ္ဗောဇ္ဈင်- ဓမ္မသစ္စာ (၄) ပါးတရားကို၊ ဝိစယ-စူးစမ်းဆင်ခြင်ခြင်း ဖြစ်သည်။ ကမ္မဋ္ဌာန်းအားထုတ်၍ ဒုက္ခကို အာရုံပြုရသည်။ ဝေဒနာဒုက္ခနှင့် ဒုက္ခသစ္စာတို့ မတူပါ။ ဝေဒနာဒုက္ခသည် စိတ်၏ခံစားမှု ဖြစ်သည်။ ဒုက္ခသစ္စာသည် ဝဋ်ဆင်းရဲထဲ၌ ဖြစ်နေသောရုပ်နာမ်တရားကို ရှုခြင်းဖြစ်သည်။ ဒုက္ခကို ရှုရင်း ဒုက္ခသမုဒယ (ဒုက္ခဖြစ်သောအကြောင်း) ကိုဖယ်ရှားနိုင်ခဲ့သော် ဒုက္ခနိရောဓ (ဒုက္ခချုပ်ငြိမ်းမှု) ပေါ်လာမည် ဖြစ်သည်။ ဝိပဿနာအားထုတ်က ရှုကွက်က ဒုက္ခ၊ ရည်ရွယ်ချက်က ဒုက္ခနိရောဓ ဖြစ်သည်။ ဒုက္ခသည် ပရိဒေယ္ယပိုင်းခြားသိအပ်သောတရား ဖြစ်သည်။ ဒုက္ခသမုဒယ ပဟာတဗ္ဗ- ဖယ်ရှားပစ်ရမည့်အရာဖြစ်သည်။ ဒုက္ခနိရောဓသစ္စာ-သစ္ဆိကတဗ္ဗ-မျက်မှောက်ပြုရမည့်တရား ဖြစ်သည်။

ဓမ္မဝိစယ ဟူသော ဉာဏ်ပညာဖြစ်စေဖို့ရန်အတွက် ပညာမဲ့ကိုရှောင်၍ ပညာရှိကို ပေါင်းပါ။ ဉာဏ်တက်စေရန် သန့်သန့်ရှင်းရှင်းနေပါ။ အတွင်းကိလေသာ လောဘ၊ ဒေါသ၊ မောဟ လျော့ပါးအောင်နေပါ။ လေ့လာစူးစမ်း မေးမြန်းဆင်ခြင်ပါ။ ဣန္ဒြေများကို ညီအောင်ထိန်းညှိပါ။ သဒ္ဓါနှင့်ပညာကို တစ်ခုနှင့်တစ်ခု မလွန်ကဲစေဖို့၊ ဝီရိယနှင့် သမာဓိတို့ တစ်ခုနှင့်တစ်ခု မလွန်ကဲစေဖို့ သတိက ထိန်းညှိပေးရသည်။ ပညာအားကြီးက ကောက်ကျစ်စဉ်းလဲမှုဖြစ်စေပြီး သဒ္ဓါအားနည်းက ယုံကြည်မှု မှားယွင်းစေသည်။ သဒ္ဓါမွဲက ဆေးကြောင့်ဖြစ်သောရောဂါနှင့်တူကာ ပညာလွန်က အစွန်းရောက်သည်။ ဝီရိယလွန်က ပျံ့လွင့်တတ်ပြီး သမာဓိလွန်သော် ငိုက်မျဉ်းတတ်သည်။ ဝီရိယ၏သဘောက လှုပ်ရှားပြီး သမာဓိက တည်ငြိမ်သည်။ လှုပ်ရှားမှုလွန်သော် တည်ငြိမ်မှုပျက်သည်။ ထို့ကြောင့် ဣန္ဒြေကထိန်းပေးရန် အရေးကြီးသည်။ လေးနက်သော အကြောင်းအရာတို့ကို သင်ယူဆင်ခြင်ရသည်။ ရုပ်တရား၊ နာမ်တရားတို့ကို ဆင်ခြင်ရမည်။ မဆင်ခြင်တတ်ပါက သင်ယူထားရမည်။ ခန္ဓာ (၅) ပါး၊ အာယတန (၁၂) ပါး၊ ဓာတ် (၁၈) ပါးတို့ကို သင်ယူမှတ်သားထားရမည်။ မိမိ၏စိတ်က ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်အောင် ညွတ်ကိုင်းထားဖို့လိုသည်။ လိုချင်စိတ်ရှိရမည်။ စွဲစွဲမြဲမြဲ အဓိဋ္ဌာန်ပြုရမည်။ အဋ္ဌကထာတွင် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်စေရန် နည်းလမ်းများပြထားသည်။

၁။ စူးစမ်းမေးမြန်းခြင်း၊
၂။ သန့်ရှင်းစွာနေခြင်း၊
၃။ ဣန္ဒြေများညီခြင်း၊
၄။ ပညာမဲ့ကိုရှောင်၊
၅။ ပညာရှိကိုပေါင်း၊
၆။ လေးနက်သောတရားကို စူးစမ်းခြင်း၊
၇။ စိတ်အာရုံကို ညွတ်ကိုင်းထားခြင်း တို့ ဖြစ်သည်။

ဥပမာအားဖြင့် ဝဂ္ဂလိမထေရ်သည် ဘုရားကို ကြည်ညိုသဒ္ဓါလွန်ကာ တရားမကျင့်ဖြစ်ခဲ့ပေရာ ဘုရားက ဆုံးမတော်မူခဲ့ရသည်။ ယောဓမ္မံပဿဒ္ဓိ၊ သောမံပဿဒ္ဓိ၊ ယောမံပဿဒ္ဓိ၊ သောဓမ္မံပဿဒ္ဓိ (တရားမြင်မှ ငါဘုရားကိုမြင်သည်ဟု ခေါ်သည်။ ငါဘုရားကို မြင်မှလည်း တရားကိုမြင်နိုင်သည်) ဟု ဆုံးမတော်မူခဲ့သည်။

ဝီရိယသမ္ဗောဇ္ဈင်- ဝီရိယကို ပုဒ် (၂)ပုဒ်ခွဲ၍ ရသည်။ ဝီရဂ္ဃယ-ရဲစွမ်းသတ္တိရှိသူတို့၏လုပ်ရပ်ကို ခေါ်သည်။ ဝီရိယက စိတ်ဓာတ်ကိုမြှင့်တင်ပေးထားသည်။ ဆွဲခေါ်သွားသည်။ မြှောက်ပင့်ပေးထားသောသဘောရှိသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်မှာ လျော့တိလျော့ရဲပြုလုပ်ခြင်းဖြင့် မရနိုင်ပါ။ ဝီရိယက ယှဉ်ဘက်တရားများကို ဆွဲခေါ်သွားသည်။ မြှင့်တင်ပေးသွားသည်။ ထောက်ကန်ပေးထားသည်။ မမြုပ်စေရန်၊ အပေါ်တက်စေရန် ဝီရိယက ပြုပေးသည်။ သမ္မပ္ပဓာန် (၄) ပါးသည် ဝီရိယဖြစ်သည်။ ဖြစ်ဖြီးသားကုသိုလ်ကို ခိုင်မြဲစေရန်၊ မဖြစ်သေးသောကုသိုလ်ကိုဖြစ်စေရန်၊ ဖြစ်ပြီးသားအကုသိုလ်ဖြေပျောက်စေရန်၊ မဖြစ်သေးသောအကုသိုလ်မဖြစ်စေရန် အားကုန်မှ ဝီရိယသည် သမ္မပ္ပဓာန်တရား (၄) ပါး ဖြစ်သည်။ လေးဖက်လေးတန်ကနေ ပိတ်ဆို့ထားရမည်။ ဝီရိယက ဆွဲတင်ပေးထားသောကြောင့်သာ ယှဉ်ဘက်တရားများ တိုးတက်နေခြင်း ဖြစ်သည်။

ဘယ်နည်းနဲ့ ဝီရိယဖြစ်အောင် လုပ်မလဲ။ စိတ်ကိုမြှင့်တင်ပေးဖို့ရာ၊ စိတ်အားတက်ဖို့ရာ အကြောင်းတရား (၁၁) မျိုး ရှိသည်။

၁။ အပါယ်ဆင်းရဲကို တွေးတောဆင်ခြင်ပေးပါ။
၂။ ကြိုးစားအားထုတ်မှု၏ အကျိုးကျေးဇူးကို ဆင်ခြင်ပါ။
၃။ ကြိုးပမ်းအားထုတ်မှုသည် ဘုရား၏လမ်းစဉ်ဖြစ်သည်ဟု ဆင်ခြင်ပါ။
၄။ လျှာဒါန်းသောပစ္စည်း (၄) ပါးအပေါ်တွင် အလေးဂရုပြု ဆင်ခြင်ပါ။
၅။ ဓမ္မအမွေသည် လွန်စွာမြင့်မြတ်ကြောင်း ဆင်ခြင်ပါ။

www.burmeseclassic.com

www.burmeseclassic.com

၆။ သာမန်ပုဂ္ဂိုလ် ပုထုဇဉ်မဟုတ်ဟု ဆင်ခြင်ပါ။

၇။ ဘုရား၏တပည့်ခံပြီးကတည်းက ဘုရားကဲ့သို့ ဇာတ်မြင့်စာရင်းဝင်သွားပြီဟု ဆင်ခြင်ပါ။

၈။ အတူ တရားကျင့်ဖော်ကျင့်ဖက်များသည် (ဘုရားသာသနာမှ ရဟန္တာပုဂ္ဂိုလ် များသည်။) ထိတ်ထိတ်ကြပုဂ္ဂိုလ်များဖြစ်၍ မိမိက လည်း သာမန်အတိုင်း မပြုသင့်ဟု ဆင်ခြင်ပါ။

၉။ လူပျင်းကို ရှောင်။

၁၀။ လုံ့ဝီရိယရှိသူကို အတုယူ၊ လုံ့လရှိသူနှင့်သာပေါင်း။

၁၁။ ဝီရိယရှိရမည်ဟု စိတ်ကိုညွှတ်ထားပါ။

ပိတိသမ္ဗောဇ္ဈင်-အသိဉာဏ်ရရန် အခြေခံတွန်းအား ဖြစ်သည်။ မည်သည့် အာရုံနှင့် ပိတိဖြစ်သည်ကို သုံးသပ်ရန် လိုသည်။ လောဘ၊ ဒေါသ၊ မောဟနှင့် ရောနေသောပိတိသည် အဆိပ်နှင့် ရောနေသည်။ သမထကျင့်စဉ်ကျင့်၍ ပထမဈာန်ရသွားက ကောင်းမြတ်သောပိတိဖြစ်သည်။ ဝိဝေကပိတိဟု ခေါ်သည်။ နိဝရဏတရားများကို ဖယ်ရှားနိုင်၍ ရသောပိတိဖြစ်သည်။ ဒုတိယဈာန်သမာဓိရက ဝိဝေကဇပိတိ ဖြစ်သည်။ ဝိပဿနာတရားအားထုတ်က ပစ္စုပ္ပန်တည့်တည့် ဖြစ်မှု၊ ပျက်မှုတို့ကိုမြင်ပြီး ဖြစ်ဆဲ ဖြစ်မှု၊ ပျက်မှုအာရုံကိုမြင်က ဝိပဿနာအညစ်အကြေး (၁၀) ပါး ကင်းစင်သွား၏။ ဝိပဿနာပိတိရင့်သွားကာ သာယဉာဏ် စသည်တို့ ဖြစ်လာက ဉာဏ်က လွှမ်းမိုးသွားပြီ ဖြစ်သည်။ တတိယဈာန်မှစ၍ ပိတိမဲ့နယ်ပယ်များ ဖြစ်သည်။

ဒါနသီလကြောင့် ဂုဏ်တော်ပွားသွားကြောင့်လည်း ပိတိဖြစ်နိုင်သည်။ ကောင်းသောဘဏ်ကို အထောက်အကူပြုသဖြင့် ဗောဇ္ဈင်ထဲ၌ အကျုံးဝင်သည်။ ပိတိနှင့်သုခသည် အမြဲတွဲနေပြီး တတိယဈာန်၊ စတုတ္ထဈာန်များတွင်မူ ပိတိမပါဝင်တော့ပါ။ ပိတိမဲ့သုခ ဖြစ်သည်။ သုခရွေ့က ကြိုတင်ခံစားခြင်းသည် ပိတိဖြစ်ပြီး ပိတိဖြစ်ပြီးမှသာ သုခက လိုက်သည်။ ခံစားရမှ သုခဖြစ်ပြီး မခံစားရသေးခင် ကြိုတင်၍ဖြစ်နေတာ ကျေနပ်နေခြင်းက ပိတိဖြစ်သည်။ 'ယထာပိတိ ဧကသုခံ' သုခရှိတိုင်း ပိတိမရှိနိုင်။ သို့သော် ပိတိရှိလျှင်မူ သုခရှိသည်။ ပိတိနှင့် သုခက အမြဲတွဲနေသည်။ ဖြစ်ရာဌာနခွဲ သုခက ပိုမို ကျယ်ဝန်းသည်။ ပိတိ၏ သဘောမှာ ဖရဏလက္ခဏာ ဖြစ်သည်။ ပိတိဖြစ်သော် တစ်ကိုယ်လုံး ပျံ့နှံ့သည်။ ကျေနပ်ခြင်းလက္ခဏာ ဖြစ်သည်။

ကာယ၊ စိတ္တ ကိုယ်ရောစိတ်ပါ ကျေနပ်စေသောသဘော ရှိသည်။ နှစ်မြို့စေခြင်းလက္ခဏာရှိသည်။ ဝိပဿနာရှုစဉ် ပိတိ၏လက္ခဏာမှာ ကိုယ်စိတ်များ တက်ကြွနေသည်။ လန်းဆန်းလို့နေသည်။ ကျေနပ်ပျော်ရွှင်မှုရှိသည်။ ပိတိကိုဖြစ်စေသောအကြောင်း၊ ပိတိဖြစ်ရန် ဆောင်စရာ၊ ရှောင်စရာတွေ ရှိသည်။

စိတ်တွင် အကုသိုလ်အပူအပင်တွေ လွှမ်းမိုး၍နေသောသူ၊ ဝမ်းသာဖွယ်ရာကင်းသောသူကို မပေါင်းနှင့်။ မျက်နှာကြည်လင်ပြီး ပိတိဖြစ်သောသူကိုသာ ပေါင်းပါ။ (ပိတိစိတ်ကူးဖို့ရာ၊ ပဌာန်းပါဠိတော်လာ ဥပနိဿယပစ္စည်းအရ ပုဂ္ဂလောပိ - ပုဂ္ဂိုလ်က အရေးပါသည်။) ပိတိဖြစ်လိုသော် ရုပ်ပွားဆင်းတုကို ကြည်ညိုခြင်း၊ ဂုဏ်တော်ပွားခြင်းဖြင့် ပိတိဖြစ်စေသည်။ ဘုရားဂုဏ်တော်ကို ပွား၍ ပိတိဖြစ်စေကာ ပိတိဖြစ်သည်နှင့် ပိတိကိုခွာ၍ ဝိပဿနာကို ကူးရမည်။ ပိတိကို မည်ကဲ့သို့ ခွာရမည်လဲ။ ဘုရားဂုဏ်တော်ကို ဦးစွာလွှတ်၊ ပိတိ၏ဖြစ်ပျက်ကိုရှုကာ ဝိပဿနာသို့ ကူးရသည်။ ပိတိဖြစ်လျှင် ပိတိစွမ်းအားကိုယူ၍ မိမိကျင့်နေကျတရားကို မှတ်ပါ။ မိမိ၏ဒါန၊ သီလကို ဆင်ခြင်၍လည်း ပိတိဖြစ်နိုင်သည်။ ဒေဝတာနုဿတိဘာဝနာပွားနိုင်သည်။ ဒေဝတာနုဿတိ ဆိုသည်မှာ ဒါန၊ သီလ ဆောက်တည်ခြင်းဖြင့် ဒေဝတာ ဖြစ်ကြရသည်။ မိမိမှာလည်း ဤစရဏများရှိနေသည် ဖြစ်သည်ဟု နှိုင်းယှဉ်ကာ ဒေဝတာနုဿတိပွားရသည်။ ဥပသမ္မာနုဿတိ- နိဗ္ဗာန်၏ သဘာဝ ငြိမ်းချမ်းမှုကို ဆင်ခြင်၍ ပိတိဖြစ်စေနိုင်သည်။ မိမိ ကြည်ညိုရာသုတ္တန် ဥပမာ မေတ္တာသုတ္တန်များ ရွတ်ဖတ်တာလည်း ပိတိဖြစ်စေနိုင်သည်။ နောက်ဆုံး အရေးကြီးဆုံးကား ပိတိဖြစ်ရန် စိတ်ကို ကိုင်းညွှတ်ထားရေးပင် ဖြစ်သည်။ ကာမဂုဏ် အာရုံစိတ်များ ကင်းပြတ်၍ နိဗ္ဗာန်သို့ ပြေးဝင်သည့်တိုင် ပိတိပွားရမည်။

'ပဿဒ္ဓိသမ္ဗောဇ္ဈင်' ပူလောင်မှုကင်းခြင်း ဖြစ်သည်။ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ ဟူ၍ နှစ်မျိုးရှိသည်။ စိတ်၏ငြိမ်းချမ်းမှုကို အဓိကထားပြောသည်။ သွင်ပြင်လက္ခဏာမှာ ငြိမ်းအေးခြင်း၊ ပူပန်မှုကင်းခြင်းဖြစ်ကာ ကိလေသာစိတ်ကိုချိုးနှိမ်ပစ်တတ်သည့် အသွင်သဏ္ဌာန်မှာ ကိုယ်ရောစိတ်ပါ အေးချမ်းနေပြီး လှုပ်ရှားမှုမရှိတော့ဘဲ ကိလေသာကင်းသော ငြိမ်းအေးမှုဖြစ်သည်။ သုခနှင့် သမာဓိကို အထောက်အကူပြုသည်။ ရှောင်ရန်၊ ဆောင်ရန် (၇) မျိုးရှိသည်။

စိတ်ပူပန်ညှိုးငယ်သူနှင့် မပေါင်းနှင့်။ အမြဲကိုယ်စိတ်ငြိမ်းအေးနေသူနှင့်သာ ပေါင်းပါ။ အစားကောင်းကောင်း စားပေး၊ ပဏီတဘောဇနဟု ခေါ်သည်။ ဥတုသုခ ကောင်းသောရာသီဥတုကို မြိဝဲမှ ပဿဒ္ဓိဖြစ်သည်။ မိမိနှင့်လိုက်လျောညီထွေသော ဥတုမှာနေပါ။ ဣရိယာပထ သုခ- သက်သက်သာသာလေးထိုင်ပါ။ ချမ်းသာသော ဣရိယာနှင့် နေပါ။ အစွန်းမရောက်စေရ။ အလယ်အလတ် လုပ်ဆောင်မှုရှိပါစေ။ ဣန္ဒြေမျှအောင် နေရသည်။ ပဿဒ္ဓိဖြစ်ရမည်ဟု စိတ်ကို ညွှတ်ကိုင်းထားပါ။ ပဿဒ္ဓိက သုခ၊ သမာဓိသို့ ဦးတည်သည်။ သုခသမာဓိက ညာကဒဿနဆီသို့ ဦးတည်သည်။ မဂ်စိတ်တွင် သဘာဝအတိုင်း ငြိမ်းချမ်းသွားစေသည်။

သမာဓိသမ္ဗောဇ္ဈင် - သမာဓိ၏ လက္ခဏာမှာ အာရုံများ ပျံ့လွင့်မှုမရှိတော့ဘဲ တည်ငြိမ်နေခြင်းဖြစ်သည်။ ဟို အာရုံဒီအာရုံ ဟူ၍ ပျံ့လွင့်မှုများ မရှိတော့ပါ။ ပျံ့ကြွပြီးမနေတော့။ အဝိသာရလက္ခဏာ စိတ်စေတသိက်များများကို အာရုံတစ်ခုတည်းပေါ် တည်နေအောင် စုစည်းပေးထားသည်။ ဥဒ္ဓစ္စဟူသော ပျံ့လွင့်မှုမဖြစ်တော့။ စိတ်ကငြိမ်ပြီးရပ်သွားသည်။ အာရုံတစ်မျိုးတည်းအပေါ် ထုပ်တလဲလဲဖြစ်နေသည်။ စိတ်နှင့်အာရုံတို့ ယှဉ်ပြေးနေသည်။

သမာဓိဖြစ်အောင် မည်ကဲ့သို့လုပ်ရမည်လဲ။

သန့်ရှင်းအောင်နေပါ။ သဒ္ဓါ၊ ပညာ၊ ဝီရိယကို ညှိပေးပါ။ အာရုံနိမိတ်များအပေါ် ကျွမ်းကျင်ရမည်။ စိတ်ကို နှိမ့်နေက မြှင့်၍ပေး။ မြှင့်နေက နှိမ့်၍ပေးပါ။ စိတ်ကို ရွှင်လန်းအောင် အာရုံပေါ်တွင် စုစည်း၍ပေးပါ။ အာရုံအပေါ်တွင် မျှမျှတတ လွှမ်းမိုး၍ ကြည့်ပါ။ သမာဓိမရှိသူ၊ သမာဓိကင်းသူကို ရှောင်ပါ။ သမာဓိတည်တည်ကြည်ကြည်ရှိသူကို ပေါင်းပါ။ ဈာန်ကို ဆင်ခြင်ပေးပါ။ သမာဓိဖြစ်နေမည်ဟု စိတ်ကိုညွှတ်ကိုင်းထားပါ။

ဥပေက္ခာသမ္ဗောဇ္ဈင် - ဝေဒနာ၊ စိတ်ခံစားမှု မဟုတ်ပါ။ သင်္ခါရတရားများ၊ သတ္တဝါများအပေါ်တွင် ကပ်ငြိမ်

www.burmeseclassic.com

www.burmeseclassic.com

လယ်တီဆရာတော်ကြီး၏

ဗုဒ္ဓဝါဒဂါထာကျော်

လှမြင့် (ရန်ကုန်တက္ကသိုလ်)

လယ်တီဆရာတော်ကြီး ဦးဉာဏ (ခရစ်နှစ် ၁၈၄၆-၁၉၂၃ ခုနှစ်) မထေရ်မြတ်သည် မုံရွာမြို့၏ အရှေ့မြောက်ဘက် ကုလားတား၊ အပြင်ငါးရာအကွာတွင်တည်ရှိသော တောအုပ်ကို ရှင်းလင်းတီထွင်၍ တိုက်တာအဆောက်အအုံ ကျောင်းကန်များ တည်တော်မူပြီး လျှင် တပည့် သံယာတော်အများနှင့် သီတင်းသုံးတော်မူ၏။ ခရစ်နှစ် ၁၈၈၈ ခုနှစ်၊ မြန်မာနှစ် ၁၂၅၀ ပြည့်နှစ်တွင် သိမ်တစ်ခုကိုလည်း သမုတ်တော်မူ၏။ ဤသို့ သီတင်းသုံးတော်မူသောကျောင်းတိုက်ကြီးသည် ရှေးဟောင်း လယ်တီမည်သော တောဒေသနာမကို အစွဲပြု၍ 'လယ်တီတိုက်' ဟု ထင်ရှား၏။ ဆရာတော် ဦးဉာဏမထေရ်သည်လည်း လယ်တီဆရာတော် ဟူ၍ အမည်တွင်တော်မူလေသည်။ ထိုလယ်တီတိုက်ကြီးတွင် အရပ်ရပ်မှလာကြသော စာသင်သားရဟန်းတို့အား ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းဂန်တို့ကို ကောင်းစွာပို့ချတော်မူ၏။

ထို့နောက် ဆရာတော်သည် မြန်မာနိုင်ငံအတွင်းရှိ အမြို့မြို့အရွာရွာသို့ လှည့်လည်၍ တရားဓမ္မ ဟောပြောဩဝါဒ ပြုတော်မူလျက် ရံဖန်ရံခါလည်း တပည့်သံဃာ၊ ဒကာများ၏ တောင်းပန်ချက်အရ မြန်မာဘာသာဖြင့် ကျမ်းပေါင်းများစွာကို စီရင်ပြုစုတော်မူခဲ့သည်။ ခရစ်နှစ် ၁၉၁၅ (မြန်မာနှစ် ၁၂၇၇ ခုနှစ်) တိုင် အင်္ဂလိပ်အစိုးရလက်ထက်၌ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို မြန်မာနိုင်ငံ၏ ပထမဆုံးသော ဆက်ကပ်ခံရသည့် ဆရာတော်ကြီးအဖြစ် ထင်ရှားခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ် ကျောင်းတော်ကြီးက ဆရာတော်ကြီးအား ဒီလစ်ကျမ်းတတ် ပါရဂူဘွဲ့ကိုလည်း ဆက်ကပ်လှူဒါန်းခဲ့သည်။

လယ်တီဆရာတော်ကြီးပြုစုတော်မူခဲ့သော ကျမ်းပေါင်း (၁၀၀) ကျော်ရှိသည့်အနက် ထင်ရှားကျော်ကြားသော ကျမ်းများမှာ ပရမတ္ထဒီပနီကျမ်း၊ နိဂုတ္တိဒီပနီကျမ်း၊ ပဋ္ဌမတ္ထသမ္ပဂါဒဒီပနီကျမ်း၊ မဂ္ဂင်္ဂဒီပနီကျမ်း၊ သောမနသ္သပေက္ခာဒီပနီကျမ်း၊ ရူပဒီပနီကျမ်း၊ ဗောဓိပက္ခဒီပနီကျမ်း၊ ဥတ္တမပုရိသဒီပနီကျမ်း၊ ဓမ္မဒီပနီကျမ်း၊ အနတ္တဒီပနီကျမ်း၊ လက္ခဏာဒီပနီကျမ်း၊ ရောဂန္တရဒီပနီကျမ်း၊ ဒါနဒီဒီပနီကျမ်း၊ ကမ္မဋ္ဌာနဒီပနီကျမ်း၊ ပါရမီဒီပနီကျမ်း၊ ဘာဝနာဒီပနီကျမ်း၊ ဝိဇ္ဇာမဂ်ဒီပနီကျမ်း၊ အာနာပါနဒီပနီကျမ်း၊ သစ္စတ္ထဒီပနီကျမ်း၊ ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ်၊ အနတ္တဝိဘာဝနာ ပါဠိနိဿယ၊ သာသနဝိသောဓနီကျမ်း၊ ဝိနယသံခိပ်ကျမ်း၊ သင်ပုန်းကြီးသံခိပ်ကျမ်း၊ ဗုဒ္ဓဘာသာအလင်းကျမ်း၊ ဂန္ဓိရကဗျာကျမ်း စသည်တို့ ဖြစ်သည်။

လယ်တီဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဝါဝါထာကျမ်းသည် ဆရာတော်ကြီး ပြုစုခဲ့သော ကျမ်းပေါင်းများစွာအနက်မှ ဓာတ်ကမ္မဋ္ဌာန်းကျမ်းသည်ကြီး၏ နိဂုံးပိုင်းတွင်ဖော်ပြခဲ့သော ဂါထာတော်တစ်ပုဒ် ဖြစ်သည်။

လယ်တီဆရာတော်ဘုရားကြီးသည် ဓာတုကမ္မဋ္ဌာနပါဠိတော်ကို အကြောင်းရင်းခံပြု၍ ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ်ကြီးကို ပြုစုရေးသားတော်မူခဲ့သည်။ ထိုကျမ်းကြီးတွင် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တို့၏ လက္ခဏာများနှင့် ရုပ်ဓာတ်လေးပါး အကျယ်ချဲ့တင်ပြမှုများကို ပြုစုရေးသားတော်မူခဲ့သည်။ ထိုကျမ်း၏ နိဂုံးတွင်-

ရောဂါဆိုး၊ အနာဆိုး၊ ကပ်ဥပဒ်သ ဟောကြားသည့် အဘိဓမ္မာတရားတော်တွင် ပါရှိသော ဗောဇ္ဈင် (၇) ပါးတရားတော် ဖြစ်ပါသည်။ ဤဆောင်းပါးတွင် ဖော်ပြရာ၌ ချွတ်ယွင်းအားနည်းချက်ရှိခဲ့ပါက ဤစာရေးသူ၏ တာဝန်သာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မင်းဘူး-ဗိုလ်ဥတ္တမ

ကိုးကား-

၁။ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ၏ ဟောကြားချက်များ

၂။ သာသနာရေးဦးစီးဌာနထုတ် A dictionary of Buddhist Terms (ဗုဒ္ဓဒေသနာတော်ဝေါဟာရအဘိဓာန်) အင်္ဂလိပ်-ပါဠို-မြန်မာ

www.burmeseclassic.com

www.burmeseclassic.com

ဆိုး၊ ဘေးဆိုးအမျိုးမျိုးတို့မှ ကင်းလွတ်စေတတ်သော အန္တရာယ်ကင်းဂါထာပါဠိအနက် အသက်ထက်ဆုံးစွဲမြဲ၍ ဟူသော ခေါင်းစီးဖြင့် ဤသို့ဖော်ပြခဲ့သည်။

၁။ ဗုဒ္ဓေါ မင်္ဂလော လောကေ၊
ဒေဝက္ကန္ဒဗြဟ္မဿရော။
ဗုဒ္ဓံသရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ
ပမုစ္စရေ။

၂။ ဓမ္မောဝ မင်္ဂလော လောကေ၊
သဗ္ဗပါပဝိနာသကော။
ဓမ္မံသရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ
ပမုစ္စရေ။

၃။ သံဃောဝ မင်္ဂလော လောကေ၊
ဘယဝေရဝိနောဒနာ။
သံဃံသရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ
ပမုစ္စရေ။

၄။ ဧတံ ခေါ မင်္ဂလံခေမံ ဧတံ မင်္ဂလ
မုတ္တမံ။
ဧတံမင်္ဂလမာဂမ္မ၊ သဗ္ဗပါပ ပမုစ္စ
ရေ။

၅။ ဧတံ ခေါ သရဏံခေမံ၊ ဧတံ
သရဏ မုတ္တမံ။
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ
ပမုစ္စရေ။

၆။ ဧတံ ခေါ ရတနံခေမံ၊ ဧတံ ရတန
မုတ္တမံ။
ဧတံ ရတနမာဂမ္မ၊ သဗ္ဗဒေါသာ
ပမုစ္စရေ။

အနက်အဓိပ္ပာယ်

၁။ လောကေ - လောကသုံးခွင် ဘုံအပြင်၌၊ ဗုဒ္ဓေါ- မြတ်စွာဘုရားသည်သာလျှင်၊ မင်္ဂလော- လူ၊ နတ်၊ ငြဟ္မာသတ္တဝါအပေါင်းတို့တွင် အတုမရ အဖက်မရ လွန်မြတ်လှသော၊ အနုတ္တရ - မဟာမင်္ဂလာကြီးအစသဖြစ်တော်မူပေ၏။ ဒေဝက္ကန္ဒာဗြဟ္မဿရော- တန်ခိုးကြီးပါဒ် အလွန်ကြီးမြတ်သော နတ်မင်းအပေါင်း၊ သိကြားမင်းအပေါင်း၊ ငြဟ္မာမင်းအပေါင်းတို့ကို အစိုးရတော်မူပေ၏။ ဗုဒ္ဓံသရဏံ - ဘုရားတည်းဟူသော ကိုးကွယ်ရာကို၊ အာဂမ္မ - ကိုးကွယ်သမှုအစွဲပြု၍၊ သဗ္ဗာ - လူနတ်ငြဟ္မာသတ္တဝါတို့သည်၊ သဗ္ဗဒုက္ခာ သဗ္ဗဒုက္ခေဟိ - ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ၊ ပမုစ္စရေ - ပမုစ္စန္တိ - ကင်းလွတ်ကြရကုန်၏။

၂။ လောကေ- လောကသုံးခွင် ဘုံအပြင်၌၊ သံဃောဝ-မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်သည်သာလျှင်၊ မင်္ဂလော- အပေါင်းအများတပည့်သားအစုတွင် အတုမရအဖက်မရ လွန်မြတ်လှသော အနုတ္တရမဟာမင်္ဂလာကြီး အစစ် ဖြစ်တော်မူပေ၏။ ဘယဝေရဝိနောဒနာ - ခပ်သိမ်းသောဘေး၊ ခပ်သိမ်းသောရန်တို့ကို ပယ်လှန်ဖြေဖျောက်တော်မူနိုင်ပေ၏။ သံဃံသရဏံ- သံဃာတည်းဟူသော ကိုးကွယ်ရာကို၊ အာဂမ္မ- ကိုးကွယ်သမှု အစွဲပြု၍၊ သဗ္ဗာ - လူနတ်ငြဟ္မာသတ္တဝါတို့သည်၊ သဗ္ဗဒုက္ခာ- သဗ္ဗဒုက္ခေဟိ - ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ၊ ပမုစ္စရေ- ပမုစ္စန္တိ- ကင်းလွတ်ကြရကုန်၏။

၃။ ခေါ- စင်စစ်၊ ဧတံ-မင်္ဂလံ- ဤဘုရား၊ တရား၊ သံဃာ မင်္ဂလာသုံးပါးသည်သာလျှင်၊ ခေမံ- ဘေးရန်ကင်းရာ မရဏာအစစ်ကြီးဖြစ်တော်မူပေ၏။ ဧတံ မင်္ဂလံ- ဤ ဘုရား၊ တရား၊ သံဃာ မင်္ဂလာသုံးပါးသည်သာလျှင်၊ ဥတ္တမံ - လောကအားလုံး၌ အမြတ်ဆုံးသော မင်္ဂလာကြီး ဖြစ်တော်မူပေ၏။ ဧတံမင်္ဂလံ- ဤဘုရားတရားသံဃာမင်္ဂလာကို၊ အာဂမ္မ- ကိုးကွယ်သမှုအစွဲပြု၍၊ သဗ္ဗာ- လူနတ်ငြဟ္မာသတ္တဝါတို့သည်၊ သဗ္ဗပါပါ- သဗ္ဗပါပေဟိ - ခပ်သိမ်းသော အယုတ်တမာ မိစ္ဆာမမှုဟူသမျှတို့မှ၊ ပမုစ္စရေ- ပမုစ္စန္တိ- ကင်းလွတ်ကြရကုန်၏။

၄။ ခေါ- စင်စစ်၊ ဧတံသရဏံ- ဤဘုရား၊ တရား၊ သံဃာ ကိုးကွယ်ရာသုံးပါးသည်သာလျှင်၊ ခေမံ- ဘေးရန်ကင်းရာ ကိုးကွယ်ရာအစစ်ကြီးဖြစ်တော်မူပေ၏။ ဧတံသရဏံ- ဤဘုရားတရားသံဃာ ကိုးကွယ်ရာ သုံးပါးသည်သာလျှင်၊ ဥတ္တမံ-လောကအားလုံး၌ အမြတ်ဆုံးသော ကိုးကွယ်ရာကြီးဖြစ်တော်မူပေ၏။ ဧတံသရဏံ - ဤဘုရား၊ တရား၊ သံဃာ ကိုးကွယ်ရာသုံးပါးကို အာဂမ္မ- ကိုးကွယ်သမှုအစွဲပြု၍၊ သဗ္ဗာ- လူနတ်ငြဟ္မာသတ္တဝါတို့သည်၊ သဗ္ဗဒုက္ခာ- သဗ္ဗဒုက္ခေဟိ- ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ၊ ပမုစ္စရေ- ပမုစ္စန္တိ- ကင်းလွတ်ကြရကုန်၏။

၅။ ခေါ- စင်စစ်၊ ဧတံရတနံ- ဤဘုရားတရားသံဃာ ရတနာသုံးပါးသည်သာလျှင်၊ ခေမံ- ဘေးရန်ကင်းရာ ရတနာအစစ်ဖြစ်ကြီးဖြစ်တော်မူပေ၏။ ဧတံ ရတနံ- ဤဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသည်သာလျှင်၊ ဥတ္တမံ- လူရပ်နတ်ရွာရတနာအားလုံးတို့ထက် အမြတ်ဆုံးသောရတနာ ဖြစ်တော်မူပေ၏။ ဧတံ ရတနံ- ဤဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အာဂမ္မ - ကိုးကွယ်သမှုအစွဲပြု၍၊ သဗ္ဗာ - လူနတ်ငြဟ္မာသတ္တဝါတို့သည်၊ သဗ္ဗဒေါသာ- သဗ္ဗဒေါသေဟိ- ခပ်သိမ်းသော အပြစ်ဒေါသဟူသမျှတို့မှ ပမုစ္စရေ- ပမုစ္စန္တိ- ကင်းလွတ်ကြရကုန်၏။

လယ်တီဆရာတော်ဘုရားကြီးသည် မာတ်ကမ္မဋ္ဌာန်းသစ်ကျမ်းကြီး၏ နိဂုံးတွင် ရောဂါဆိုး၊ အနာဆိုး၊ ကပ်ဆိုး၊ ဥပဒ်ဆိုး၊ ဘေးဆိုးအမျိုးမျိုးတို့မှ ကင်းလွတ်စေတတ်သော ဗုဒ္ဓေါဝမင်္ဂလော အစချီ အန္တရာယ်ကင်းဂါထာကျော်ကို အသက်ထက်ဆုံး ဂါထာပါဠိအနက်များဖြင့် ရွတ်ဆိုပွားများခြင်းဖြင့် ဘေးအန္တရာယ်များ ကင်းရှင်း ပပျောက်စေနိုင်ကြောင်းကို ဤသို့ ကိုယ်တော်တိုင် ဖော်ထုတ်ဟောကြား မိန့်ဆိုလမ်းညွှန်ခဲ့သည်။

ဤအန္တရာယ်ကင်း (၆)ဂါထာတို့ကို အိပ်ရာဝင်လျှင် နေ့စဉ်သက်စေ့ရွတ်၊ သားငယ်သမီးငယ်ရှိသော မိဘများမှာ သားငယ်သမီးငယ်အတွက် ပိုမို၍ရွတ်။

အနုသတိဘာဝနာ ကိစ္စနှင့် ကုသိုလ်ဖြစ် ရွတ်ဆိုသောအခါတွင် သာယာစွာ ရွတ်ဆိုရသည်။ အန္တရာယ်ရှိ၍ အန္တရာယ်ကင်းရန် ရွတ်ဆိုသောအခါတိုင်း စိတ်ကို တင်းတင်းနှင့် ပြင်းထန်စွာ ရွတ်ဆိုရသည်။

လှမြင့်(ခန့်ကုန်တက္ကသိုလ်)

ကျမ်းကိုး

၀။ မာတ်ကမ္မဋ္ဌာန်းကျမ်း (လယ်တီဆရာတော်ဘုရားကြီး)
၂။ စာဆိုတော်များအတ္ထုပ္ပတ္တိ (မောင်သုတ)

www.burmeseclassic.com

www.burmeseclassic.com

ဥပုသ်သီလ ဆောက်တည်တတ်ဖို့ (ပုလော)

ဦးတင်ကြွယ်

ပုဒ္ဓဘာသာဝင်များသည် သီတင်းနေ့များ၌ဖြစ်စေ၊ အခါကြီးရက်ကြီးများ၌ဖြစ်စေ ကျောင်းကန်ဘုရားသို့သွား၍ ဥပုသ်သီလ ဆောက်တည်လေ့ ရှိကြပါသည်။ ဘုရားရှင်လက်ထက်ကတည်းက သူတော်ကောင်းတို့ စောင့်ထိန်းခဲ့သည့် အစဉ်အလာသည် ယနေ့တိုင် ရှင်သန်နေသည်မှာ အလွန် ဝမ်းမြောက်ဖွယ်ကောင်းလှသည်။ ဥပုသ်သီလ ဆောက်တည်ရာတွင် ဥပုသ်သီလအကြောင်းကို ဂဃနဏသိရှိရန် အထူး လိုအပ်လှပါသည်။

ဥပုသ်သီလ ဟူသော စကားတွင် ဥပုသ်+သီလ ဖြစ်ပါသည်။ ဥပုသ် ဟူသောစကားသည် ဥပေါသထ ဟူသော ပါဠိမှ ဆင်းသက်လာသည့် ပါဠိပျက် ဝေါဟာရတစ်ခု ဖြစ်သည်။ ဥပ+ဝသထ ပေါင်းထားခြင်း ဖြစ်သည်။ ဥပ-ညစာ မစားခြင်း၊ သူ့အသက်မသတ်ခြင်း၊ သူ့ဥစ္စာမခိုးခြင်း စသည့် အကျင့်မြတ်နှင့် ပြည့်စုံ၍ ဝသထ-နေခြင်း၊ တစ်နည်းအားဖြင့် မိမိ ခံယူဆောက်တည်ထားသော သီလများ မကျိုးမပေါက်အောင် ဆောက်တည်နေထိုင်ခြင်း ဖြစ်သည်။

သီလ ဆိုသည်မှာ ကောင်းသော အကျင့်ပင် ဖြစ်သည်။ တစ်နည်းအားဖြင့် စောင့်ရှောက် ထိန်းသိမ်းရမည့် အကျင့်တရား ဖြစ်သည်။ သီလ ဆိုသော အကျင့်တရားတွင် (က) ကောင်းစွာထား ရှိခြင်း၊ (ခ) ကောင်းစွာ လုပ်ဆောင်ခြင်း နှစ်မျိုး ရှိပါသည်။ (က) ကောင်းစွာထား ရှိခြင်းတွင် ကာယကံမှု၊ ဝစီကံမှုတို့ကို မကျူးလွန်အောင် ထားရှိခြင်း ဖြစ်၏။ (ခ) ကောင်းစွာ လုပ်ဆောင်ခြင်းတွင် ကုသိုလ်တရားတိုးပွားအောင်လုပ်ဆောင်ခြင်းသည် ကောင်းစွာ လုပ်ဆောင်ခြင်း ဖြစ်၏။

ထို့ကြောင့် ဥပုသ်သီလ ဆောက်တည်ခြင်းသည် ညစာမစားခြင်း၊ သူ့အသက်မသတ်ခြင်း၊ သူ့ဥစ္စာမခိုးခြင်း စသည့် အကျင့်မြတ်များနှင့် ပြည့်စုံ၍ ကာယကံမှု၊ ဝစီကံမှု မကျူးလွန်အောင် စောင့်ထိန်းပြီး ကုသိုလ်တရား တိုးပွားအောင် ဆောက်တည်နေထိုင်ခြင်း ဖြစ်ပါသည်။

လောကတွင် ဝါရိတ္တသီလ၊ စာရိတ္တသီလ ဟူ၍ နှစ်မျိုး ရှိပါသည်။ ပါဏာတိပါတ စသော ငါးပါးသီလသည် ဝါရိတ္တသီလမျိုး ဖြစ်ပါသည်။ မစောင့်မနေရ အမြဲနိစ္စ စောင့်ရှောက်ရသောသီလမျိုး ဖြစ်ပါသည်။ ပယ်ပျက်လျှင် အပါယ်ငရဲကျရောက်နိုင်သည်။ ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမည့်သီလ ဖြစ်ပါသည်။

အဩဟ္မစရိယ၊ ဝိကာလဘောဇန၊ နစ္စဂီတနှင့် ဥစ္စာသယန၊ မဟာသယန သိက္ခာပုဒ်တို့သည် စာရိတ္တသီလ ဖြစ်ပါသည်။ စောင့်နိုင်လျှင် ကုသိုလ်အထူးရသည်။ ပျက်လျှင် အပါယ်ကျခြင်း စသော အပြစ်ကား မရှိပေ။ သို့သော် အပါယ်ငရဲ၌ ကျရောက်ခြင်း, ဖြစ်ပွားရခြင်း ဟူသော ပဋိသေန္ဓကျိုးမရှိဟု ဆိုသော်လည်း ဥပေါသထသီလအဖြစ်ဖြင့် ခံယူဆောက်တည်ထားသဖြင့် ပဝတ္တိကျိုးအနေဖြင့်ကား မကောင်းကျိုးများ ဖြစ်နိုင်သေးသည်ဟု ဆိုပါသည်။ ဥပေါသထမြတ်သီလကို တစ်ရက်တစ်နေ့ ကျင့်သုံးလေ့က မရွေ့အာသဝေါ ကြွေကျလျော့သည် သမ္မောဓိဉာဏ် ရောက်အောင်ယှဉ်ကြောင်း ဘုရားဟော ရှိပါသည်။ ဥပုသ်သီလမှသည် နိဗ္ဗာန်သို့ အမြန် ကူးရောက်နိုင်ကြောင်း သတ္တိရှိကာ ကောင်းစွာ ဆောက်တည် စောင့်ရှောက်ရန် လိုအပ်ပါသည်။ ဥပုသ်သီလ ဆောက်တည်ခြင်းနှင့်ပတ်သက်၍ အထူး မှတ်သားလိုက်နာသင့်သော လက်တစ်ခုကို ဖော်ပြလိုပါသည်။

ဥပုသ်စောင့်ဟူခေါ်

မိမိစိတ်မှာ၊ စင်ကြယ်လာအောင်၊
အင်္ဂါရှစ်တန်၊ သီလခံ၍
ခြိုးခြံအောင့်အည်း၊ တစ်ဖြောင့်တည်းဖြင့်၊
စောင့်စည်းအားထုတ်၊ တရားကုတ်၊
ဥပုသ်စောင့်ဟူခေါ်။

အထက်ပါလက်ာကို ကြည့်ခြင်းဖြင့် ဥပုသ်သီလ ဆောက်တည်မည့် ပုဂ္ဂိုလ်သည် မိမိစိတ်သန္တာန်တွင် လောဘ၊ ဒေါသ၊ မောဟ စသော မကောင်းမှုတို့မှ ကင်းဝေးပြီး စင်ကြယ်လာအောင် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရှစ်ပါးသီလကို ခံယူရပါမည်။ ထို့နောက် မိမိအဓိဋ္ဌာန်ပြုထားသည့် အချိန်ကာလအတိုင်း၊ ခြိုးခြံခြင်း၊ အောင့်အည်းခြင်းဖြင့်၊ တစ်ဖြောင့်တည်းနေထိုင်သွားကာ ရုပ်နာမ်မမွေသခိါရတရားသိရှိအောင် ကုသိုလ်တရားများကို အပတ်တကုတ် ကြိုးစားအားထုတ်နေခြင်း ဖြစ်ပါသည်။

သီလခံယူခြင်း

သီလဆောက်တည်ရာ၌ သီလယူရိုးဖြစ်သော ပါဠိအပိုဒ်များကို (ရှစ်ပါးသီလကို) ရွတ်ဆိုမှသာ သီလရရှိသည်မဟုတ်ပါ။ မိမိနားလည်သော ဘာသာစကားဖြင့် ရွတ်ဆိုဆောက်တည်လျှင်၊ ဆိုလိုရင်းအကြောင်းအရာကို နားလည်လျှင် သီလရရှိပါသည်။ ထို့ပြင် သီလခံယူရာတွင် ရဟန်းသံဃာတော်များထံ ယူခြင်း၊ ဆင်းတုတော်ရှေ့မှောက်တွင် ယူခြင်း၊ မိမိဘာသာသီလယူခြင်းတို့သည် မည်သို့မျှ မထူးခြားပါ။ သီလရရှိသည်ပင် ဖြစ်ပါသည်။ ယုတ်စွအဆုံး ၎င်းသီလ အင်္ဂါလက္ခဏာတို့ကိုသိသော ကလေးသူငယ်၊ ဥပါသကာ ယောကျ်ား၊ ဥပါသိကာ မိန်းမ မည်သူထံမှာမဆို ခံယူနိုင်ပါသည်။ မိမိကိုယ်တိုင် အဓိဋ္ဌာန်ပြု သီလခံယူနိုင်ပါသည်။ သို့သော် ဆရာဘုန်းတော်ကြီးက ရိုသေလေးစားလောက်ပါလျှင် ထိုဆရာကို ရိုသေသောအားဖြင့် သီလကို မကျိုးမပေါက်အောင် စောင့်ရှောက်တတ်ကြပါသည်။

သို့ပါ၍ ရဟန်းသံဃာတော်များထံတွင် သီလယူသင့်ပါသည်။ ရှစ်ပါးသီလခံယူရာတွင် တစ်ပါးစီရွတ်ဆို သီလခံယူသင့်သည်။ တစ်ပါးစီ မခံယူဘဲ ပေါင်း၍ 'အဋ္ဌင်္သီလံ သမာဒိယာမိ' ဟူ၍ တစ်ပေါင်းတည်း ခံယူတည်ဆောက်လျှင် သိက္ခာပုဒ်တစ်ပါး ပျက်ပြားခဲ့သည့်နှင့်

www.burmeseclassic.com

www.burmeseclassic.com

သော် အားလုံး ပျက်ကုန်မည် ဖြစ်ပါသည်။

ဥပုသ်ရက်သတ်မှတ်ခြင်း

၁။ ပကတိဥပုသ်
၂။ ပဋိဇာဂရဥပုသ်
၃။ ပဋိဟာရိယဥပုသ်

၁။ ပကတိဥပုသ်

ပကတိဥပုသ်နေ့ (၄) ရက်-
လဆန်း (၈) ရက် ဥပုသ်နေ့။
လဆန်း (၁၅) ရက် ဥပုသ်နေ့။
လဆုတ် (၈) ရက် ဥပုသ်နေ့။
လဆုတ် (၁၄) ရက်၊ (၁၅) ရက် လကွယ်ဥပုသ်နေ့။

ပကတိဥပုသ်နေ့ (၆) ရက်

လဆန်း (၈) ရက် အဋ္ဌမီဥပုသ်။
လဆုတ် (၈) ရက် အဋ္ဌမီဥပုသ်။
လဆန်း (၁၄) ရက် စာတုဒ္ဒသီ ဥပုသ်။
လဆုတ် (၁၄) ရက် စတုဒ္ဒသီ ဥပုသ်။
လဆန်း (၁၅) ရက် ပန္နရသီ ဥပုသ်။
လဆန်း (၁၅) ရက် ပန္နရသီ ဥပုသ်။

ပကတိဥပုသ်နေ့ (၈) ရက်

ပကတိဥပုသ်နေ့ (၆) ရက်။
လဆန်း (၅)ရက် ပဉ္စမီဥပုသ်နေ့။
လဆုတ် (၅)ရက် ပဉ္စမီဥပုသ်နေ့။

ဥပုသ်သီလ ကျိုးပေါက်ခြင်း (၄) မျိုး

၁။ ကျိုးခြင်း (ခဏ္ဍ)

ရှစ်ပါးသီလတွင် အစသီလ ပါဏာတိပါတဖြစ်စေ အဆုံးသီလ ဥစ္စာသယန၊ မဟာသယန သီလပျက်ပါက တုတ်တောင်ဝှေးတွင် အဖျားပိုင်းက လည်းကောင်း၊ အဆုံးပိုင်းက လည်းကောင်း ကျိုးသွားသကဲ့သို့ဖြစ်၍ ဥပုသ်သီလကျိုးသည်ဟု ခေါ်သည်။ ခံယူထားသော ရှစ်ပါးသီလအားလုံး ကျိုးသွားပါသည်။

၂။ ပေါက်ခြင်း (ဆိဒ္ဒ)

အလယ်မှ သိက္ခာပုဒ်တစ်ပါးပါး ပျက်သွားက ဝတ်ထားသောပုဆိုး၌ အပေါက်တစ်ပေါက် ပေါက်သွားသကဲ့သို့ ဖြစ်၍ ပေါက်သည်ဟု ဆိုပါသည်။

၃။ ပြောက်ခြင်း (သဗလ)

အလယ်မှ တစ်ပါးကျော်၊ နှစ်ပါးကျော်၊ နှစ်ခု၊ သုံးခု (ဥပမာ အဒိန္နာဒါန၊ မုသာဝါဒ၊ ဝိကာလဘောဇန) ပျက်သွားလျှင် နွားမပြောက်၏ ခန္ဓာကိုယ်မှ အပြောက်ပြောက်များကဲ့သို့ဖြစ်၍ ပြောက်သည်ဟု ဆိုပါသည်။

၄။ ကျားခြင်း (ကမ္မာသ)

အလယ်မှ နှစ်ပါးစီ၊ သုံးပါးစီ ဆက်တိုက် (ဥပမာ- အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ သုရာမေရယ၊ ဝိကာလဘောဇန) ပျက်လျှင် ကျား၏ ခန္ဓာကိုယ်

၂။ ပဋိဇာဂရဥပုသ် (အကြိုဥပုသ်)

ပကတိဥပုသ်	၈ ရက်
ပဉ္စမီ (၅) ရက်နေ့အကြိုအပို	
လဆန်း၊ လဆုတ် (၄) ရက်နှင့် (၆) ရက်	၄ ရက်
အဋ္ဌမီ (၈) ရက်နေ့ ဥပုသ် အကြိုအပို	
လဆန်း၊လဆုတ် (၇) ရက်နှင့် (၉) ရက်	၄ ရက်
စတုဒ္ဒသီ (၁၄) ရက် ဥပုသ်အကြို	
လဆန်း၊ လဆုတ် (၁၃) ရက်	၂ ရက်
ပန္နရသီ (၁၅) ရက်နှင့် ဥပုသ်အပို	
လဆုတ် (၁) ရက်နှင့် လဆန်း (၁) ရက်	၂ ရက်
စုစုပေါင်း	၂၀ ရက်

(ရက်မစုံလ၌ ပန္နရသီဥပုသ်မရှိ၍ ၁၉ ဥပုသ်သာ ရှိပါသည်။)

၃။ ပါဋိဟာရိယဥပုသ်

တစ်လတန်သည်၊ (၁၅) ရက်တန်သည်၊ ငါးလတန်သည် စသည်ဖြင့် ရက်ရှည် အမြဲစောင့်သောဥပုသ်ကို ခေါ်ပါသည်။

၌ အစင်းကြောင်းကြီးပမာဖြစ်၍ ကျားသည်ဟု ဆိုပါသည်။

ဥပုသ်အမျိုး

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ကျောင်းအမကြီး ဝိသာခါအား ဥပုသ် (၃) မျိုးအကြောင်း ဟောကြားတော်မူသည်။

၁။ ဂေါပါလဥပုသ်

ဥပုသ်စောင့်သူသည် ဥပုသ်သီလကို လုံခြုံစွာ မထိန်းသိမ်းဘဲ ယနေ့ မည်သည့် စားသောက်ဖွယ်ရာများကို စား၍ မနက်ဖြန် မည်သည့်စားသောက်ဖွယ်ရာများကို စားမည် စသည်ဖြင့် လောကီရေးရာများကို ကြံစည်နေသည့် ဥပုသ်ကို ခေါ်ပါသည်။ နွားကျောင်းသားသည် မိမိ၏ နွားများကို မနက်ဖြန် မည်သည့်နေရာ၌ မြက်စားမည်၊ မည်သည့်ရေသောက်မည် စသည်ဖြင့် ကြံစည်သကဲ့သို့ နွားကျောင်းသား၏ အကြံအစည်အတိုင်း ဥပုသ်စောင့်သူလည်း လောကီရေးရာကို ကြံစည်နေသောကြောင့် (ဂေါ-နွား၊ ပါလ- ထိန်းကျောင်းခြင်း) နွားကျောင်းသားဥပုသ်ဟု ခေါ်ပါသည်။

သင်္ဂဟဆရာတော်က သူ့ထံ ရောက်လာသည့် ဥပုသ်စောင့်ပြီး ပြန်ကြတော့မည့်သူများအား အောက်ပါဥပုသ်များကို ရခဲ့ကြပြီဟုတ်လားဟု မေးပါသည်။

-မွန်းမလွဲခင် မြင်မြင်သမျှ ရသဆိမ့်အီ၊ ချို၊ ဆိမ့်၊ ချဉ်၊ ငန် အတန်တန်သော အစားတို့ကို တဝကြီးစား၊ အစားကြူးဘီလူးဥပုသ်။

-ထမင်းဟင်းလျာ များစွာစားသောက် ဇရုပ်ပေါ် အရောက်တွင် လေတဖြူးဖြူးနှင့် တခူးခူးမြည်အောင်ဟောက်ပြီး စောင့်သော နဂါးဥပုသ်။

-ပုတီးမစိပ်၊ အိပ်ချင်တိုင်းအိပ်ပြီး ညနေစောင်း နေချိုချိုလေးချက်တီးအလိုတွင် ကမန်းကတန်း အိပ်ရာကထပြန်သွားကြသော စာကလေးဥပုသ်ဟု မိန့်ကြားခဲ့ဖူးပါသည်။

ဥပုသ်စောင့်သူများသည် ကျောင်းသို့လာပြီး အောက်ပါလောကီရေးရာများကို ပြောဆိုပြုမူ ကျင့်ကြံနေထိုင်ခြင်းသည် ဂေါပါလဥပုသ် ဖြစ်ပါသည်။

- လယ်ယာလုပ်ငန်းအကြောင်း ဝေဖန်ဆွေးနွေးနေကြခြင်း။
- ပင်လယ်ပြင်သို့ထွက်ပြီး ငါးဖမ်းနေကြခြင်း။
- ကုန်သွယ်လုပ်ငန်းဆောင်ရွက်နေကြခြင်း။
- ရော်ဘာစိုက်ပျိုးနေကြခြင်း။
- သားသမီးများအကြောင်း ရေရွတ်ဆိုနေကြခြင်း။

www.burmeseclassic.com

www.burmeseclassic.com

- နိုင်ငံရပ်ခြားသို့ထွက်ပြီး အလုပ်လုပ်နေကြခြင်း။
- ဝန်ထမ်းရေးရာကိစ္စ ဆွေးနွေးကြခြင်း။
- အဝတ်အထည် နောက်ဆုံးပေါ် ဒီဇိုင်းအကြောင်း ပြောဆိုခြင်း။
- ကိုရီးယားဇာတ်လမ်းတွဲများအကြောင်း ဝေဖန်နေကြခြင်း။
- မြန်မာဇာတ်ကားအကြောင်း၊ အကယ်ဒမီအကြောင်း ပြောဆိုခြင်း။
- မိမိကောင်းကြောင်း၊ သူများမကောင်းကြောင်းများကို ပြောဆိုနေခြင်း။

၂။ နိဂဏ္ဌာဥပုသ်

တိတ္ထိ၊ တက္ကတွန်းတို့ အဆုံးအမ အတိုင်း စောင့်ထိန်းသော ဥပုသ်ဖြစ်သည်။ ၎င်းမှာ ယူဇနာတစ်ရာပြင်ပ၌ တည်သော၊ သတ္တဝါတို့ကို မသတ်အံ့ဟု ဆောက်တည်သောသီလမျိုး ဖြစ်သည်။

၃။ အရိယာဥပုသ်

အရိယာသူတော်ကောင်းတို့ ကျင့်သုံးဆောက်တည်အပ်သော မြတ်သော ဥပုသ်သည် အရိယာဥပုသ်မည်၏။ အရိယာဥပုသ် (၆) မျိုး ရှိပါသည်။

(က) မြဟ္မဥပုသ်

ဘုရားရှင်သည် ဗြဟ္မမည်တော်မူ၏။ ရှစ်ပါးသီလ ခံယူဆောက်တည်ပြီး လျှင် ထိုဗြဟ္မမည်သော ဘုရားရှင်၏ ဂုဏ်ကို အာရုံပြုနေခြင်းသည် ဗြဟ္မဥပုသ်ဟု ခေါ်ပါသည်။

(ခ) ဓမ္မဥပုသ်

ဥပုသ်သီလ ခံယူပြီးလျှင် တရားဂုဏ်တော် အာရုံပြု၍ နေခြင်းကို ဓမ္မဥပုသ်ဟု ခေါ်ပါသည်။

(ဂ) သံဃာ့ဥပုသ်

ဥပုသ်သီလခံယူပြီးလျှင် သံဃာ့ဂုဏ် အာရုံပြု၍ နေခြင်းကို သံဃာ့ဥပုသ်ဟု ခေါ်ပါသည်။

(ဃ) သီလဥပုသ်

သီလ ခံယူဆောက်တည်ပြီးလျှင် မိမိသီလ မကျိုးမပေါက်၊ မပြောက် မကျားသောဂုဏ် အာရုံပြု၍ ဝမ်းမြောက်ဝမ်းသာ နေထိုင်ခြင်းကို သီလဥပုသ်ဟု ခေါ်ပါသည်။

(င) နတ်ဥပုသ်

သီလယူပြီးလျှင် နတ်တို့အား သက်သေထားပြီး မိမိသန္တာန်၌ရှိသည့် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ ဩတ္တပ္ပဟူသော သူတော်ကောင်းတရား ဂုဏ်ကျေးဇူးကို အောက်မေ့၍ စောင့်ထိန်းသော ဥပုသ်ကို နတ်ဥပုသ်ဟု ခေါ်ပါသည်။

(စ) အဋ္ဌင်္ဂိကဥပုသ်

ယခုကာလ လူအများ စောင့်ကြသော ရှစ်ပါးသီလသည် အဋ္ဌင်္ဂိကဥပုသ်မည်၏။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်၊ မိမိသီလနှင့် သူတော်ကောင်းဥစ္စာခုနစ်ပါးတို့ကို အောက်မေ့ဆင်ခြင်လျက် ဥပုသ်စောင့်ခြင်း ဖြစ်ပါသည်။

ဥပုသ်စောင့်ခြင်း၏ လက်ငင်းအကျိုး

လူဝတ်ကြောင်တို့၏ စိတ်၌ ရာဂ၊ ဒေါသ စသော မြူမှုန်များသည် ပျော်ပျော်ရွှင်ရွှင်နေစဉ်၌လည်း ကျရောက်၏။ အလုပ်အကိုင်လုပ်ကိုင်ရင်း၊ ရောင်းရင်းဝယ်ရင်းလည်း ကျရောက်၏။ ထို့ကြောင့် ထိုစိတ်အစဉ်၌ ထိုမြူမှုန်တွေ သန့်ရှင်းအောင် အိမ်ယာအလုပ်တွေကို အနားပေးကာ၊ မေထုန်ကိုလည်း ရှောင်ကြဉ်ကာ ဥပုသ်စောင့်သောအားဖြင့် ဆေးကြောပစ်ရလေသည်။

- စိတ်အစဉ်ကို ကောင်းရာသို့ ဦးတည်ပေးခြင်း၊ ကောင်းကျိုးခံစားရခြင်း။
- ခြိုးခြံမှု၊ စောင့်စည်းမှုအလေ့အကျင့်ကိုရခြင်း။
- ကိုယ်ကျင့်တရားကို သိမ်ငိတင်ပေးရာရောက်ခြင်း။
- ကာယ၊ စိတ္တ သုခနှစ်ဖြာ ချမ်းသာရေးအတွက် လက်တွေ့တရား ဖြစ်ခြင်း။
- နိဗ္ဗာန်သို့ တက်လှမ်းနိုင်ရေးအတွက် ပထမဆုံး လှေကားထစ် ဖြစ်ပါသည်။

ဥပုသ်တစ်ကြိမ်စောင့်သူ၏ လက်ငင်းအကျိုး

ဝိပဿီမြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်စဉ်က ဖြစ်၏။ ထိုဝိပဿီဘုရားသည် ဗန္ဓုပြည်ကို အုပ်စိုးသော ဗန္ဓုမာမင်းကြီး၏သားတော် ဖြစ်၏။ ဗန္ဓုမာမင်းကြီးသည် လပြည့်နေ့တိုင်း ဥပုသ်သီလ ဆောက်တည်လေ့ရှိ၏။ ထိုအချိန်ဝယ် ကုမ္ဘဒါသီ အမည်ရှိသော အမျိုးသမီးသည် ကျွန်မငယ်တစ်ဦး ဖြစ်နေသည်။ သူမသည် ဗန္ဓုမာမင်းကြီး ဥပုသ်စောင့်သည်ကိုမြင်သဖြင့် ပြည့်ရှင်မင်းကြီးကာမဂုဏ်ကို ပယ်စွန့်၍ ဥပုသ်စောင့်ခြင်းမှာ ကာမဂုဏ်စည်းစိမ်ထက် သာလွန်သောကြောင့် ဖြစ်ပေမည်။ မိမိသည် ဤဘဝ၌ အလွန်ဆင်းရဲလှ၏။ ဆင်းရဲသော ဤဘဝဖြင့် သေလျှင် တမလွန်၌ အပါယ်သို့ကျကာ ပို၍အတိဒုက္ခရောက်ပေတော့မည်။ ထိုဆင်းရဲခြင်းမှ လွတ်ကင်းအောင် ဥပုသ်စောင့်အံ့ဟု ဆုံးဖြတ်၍ ဥပုသ်စောင့်လေ၏။ ဤသို့ဖြင့် ကုမ္ဘဒါသီ သေလွန်သော် ထိုဥပုသ်တစ်ကြိမ်စောင့်သော သီလကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်သို့ ရောက်သည်။ ယုံကြည်ထက်သန်သော သဒ္ဓါစိတ်ဖြင့် ဥပုသ်စောင့်ခဲ့သည့် သူမ၏ အကျိုးတရားတို့ကား ကြီးမားများပြားလှ၏။

-နတ်သမီးတစ်သိန်း အခြံအရံရှိသည်။

- ထိုတစ်သိန်းတွင် အလှဆုံး၊ အတင့်တယ်ဆုံးဖြစ်ခဲ့ရသည်။
- နတ်မင်းကြီး၏ မိဖုရား (၆၄) ကြိမ်၊ စကြာမင်း၏ မိဖုရား (၆၃) ကြိမ် ဖြစ်ရသည်။
- ကျင်လည်ရသော ဘဝသံသရာ၌ ရွှေဆင်းကဲ့သို့ တင့်တယ်သည်။
- ဆင်၊ မြင်း၊ ရထားယာဉ်၊ ရွှေထမ်းစင်တို့ကို အလိုရှိတိုင်းရသည်။
- ရွှေ၊ ငွေ၊ ပတ္တမြားတို့ဖြင့် ပြီးသော ဝတ္ထုပစ္စည်းတို့ကို အလိုရှိတိုင်းရသည်။
- ထမင်း၊ အဖျော်၊ ခဲဖွယ်၊ ဘောဇဉ်၊ အိပ်ရာနေရာတို့ကို အလိုရှိတိုင်းရသည်။
- ပန်းနုံသာ၊ အမွှေးအထုံတို့ကို အလိုရှိတိုင်း ရသည်။
- ကိုးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်လေးပါးသို့ မလားရောက်ချေ။

ဥပုသ်သီလ ဆောက်တည်ခြင်းဖြင့် လက်ရှိဘဝတွင်ပင် လက်ငင်းအကျိုးကျေးဇူး ခံစားရရှိပြီး တမလွန်ဘဝတွင်လည်း တန်ဖိုးမဖြတ်နိုင်သော ကျေးဇူးတရားများ ခံစား စံစားနိုင်ပါသည်။ သို့ပါ၍ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့အနေဖြင့် ဂေါပါလဥပုသ်၊ နိဂဏ္ဌာဥပုသ် စောင့်ခြင်းနည်းများကို ရှောင်ရှားပြီး အရိယာသူတော်ကောင်းတို့ တည်ဆောက်သော အရိယာဥပုသ်ကို စောင့်စည်းအားထုတ်ခြင်းဖြင့် ဥပုသ်စောင့်ခြင်း၏အကျိုးတရားများကို ခံစား၊ စံစားနိုင်စေရန် တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။

ဦးတင်ကြွယ် (ပုလော)

ကျမ်းကိုး

၁။ ဦးအဂ္ဂဉာဏ ဆရာတော်၊ မော်သာယာကျောင်းတိုက်၊ ပုလော မြို့၏ ဟောကြားချက်

၂။ ဥပုသ်သည်နှင့်သိမှတ်ဖွယ် စေတနာလှိုင် (ရေစကြို)

www.burmeseclassic.com

www.burmeseclassic.com

သင်္ခါနဲ့ဖတ်ညာ

(စာပေဗိမာန်)

ဦးဘကော်ဝင်းထက်

တစ်နေ့သဘ္ဘ ကျွန်ုပ်၏ အင်္ဂလိပ်စာသင်တန်းမှ တပည့်တစ်ယောက်က-

"နင့်ကို ငါ မသထာဘူး ဆိုတဲ့ စကားဟာ အသုံးအနှုန်းမှန်လား ဆရာ။ သဏ္ဌာ တယ်ဆိုတာ အပြင်မှာတော့ ပြောနေကြတာပဲ။ သတ်ပုံစာအုပ်မှာ ရှာတာ မတွေ့ဘူး ဆရာ"

ဟု မေးသည်။

ကျွန်ုပ်- သတ်ပုံမှာတော့ သဒ္ဒါတရားလို့ ပြပါလိမ့်မယ်။ စာတတ်ပေါတတ် ဆရာတော်ကြီးအများစုက ပီပီသသ သတ်ဓာလို့ ဖတ်ကြတယ်။ အများမွေးချင်စိတ်ရှိတာကိုပြောတာလားဆရာ။

ကျွန်ုပ်- ဆရာက ပါဠိပညာရှင်မဟုတ်လို့ အနက်အဓိပ္ပာယ်အကျယ်တော့ မပြောတတ်ပါဘူး။ ဆရာဖတ်ထား၊ မှတ်ထားဖူးတာနဲ့ ပြောရရင် 'သဒ္ဒါတရား' ဆိုတာ ကျွေးချင်မွေးချင်တဲ့ စိတ်တစ်ခုတည်းကို ပြောခြင်းမဟုတ်ပါဘူး။ မူရင်းအနက်က ယုံကြည်မှု။ ဘာကိုယုံကြည်တာလဲဆိုတော့ ရတနာသုံးပါးကို ယုံကြည်တယ်၊ ကံ,ကံ၏အကျိုးကို ယုံကြည်တယ်။ အဲဒီလိုယုံကြည်မှုကြောင့် ဒါနပြုတယ်၊ သီလဆောက်တည်တယ်၊ ဘာဝနာပွားတယ်။ ဒါကြောင့် လှူတာ တစ်ခုတည်းကို သဒ္ဒါလို့ခေါ်တာ မဟုတ်ပါဘူး။ သီလစောင့်ထိန်းတာလည်း သဒ္ဒါကြောင့်ပါ။ တရားနာ၊ တရားအားထုတ်၊ တရားစာအုပ်ဖတ်တာကအစ ကုသိုလ်ကောင်းမှု အမျိုးမျိုးပြုလုပ်တာ သဒ္ဒါကြောင့်ပါ။ အာဠာဝကဘီလူးက မေးလို့ မြတ်စွာဘုရား ဖြေတော်မူတဲ့ အမေး၊ အဖြေ ဆယ့်သုံးချက်မှာ သဲသရာရေပြင်ကျယ်ကို သဒ္ဒါတရားနဲ့ ကူးမြောက်နိုင်တယ်ဆိုတာ ပါတယ်။ ကျန်တဲ့ကုသိုလ်တရားတွေ ဖြစ်ပေါ်လာအောင်၊ အားကောင်းလာအောင် သဒ္ဒါတရားက တိုက်တွန်းပေးတယ်၊ စေ့ဆော်ပေးတယ်၊ လမ်းခင်းပေးတယ်။

တပည့်- သဒ္ဒါတရားဟာ လက်နဲ့ တူတယ်ဆိုတာလည်း သမီးကြားဖူးတယ်။ အဲဒါ ဘာကို ပြောတာလဲ ဆရာ။

ကျွန်ုပ်- သဒ္ဒါတရားဟာ လက်နဲ့ တူတယ်၊ စကြဝတေးမင်းရဲ့ ပတ္တမြားရတနာနဲ့တူတယ်၊ မျိုးဒေနဲ့တူတယ် စသည်ဖြင့် ရှေးအဋ္ဌကထာ ဆရာတော်ကြီးတွေ ဥပမာပြထားတာ ရှိပါတယ်။ လက်နဲ့တူတယ်ဆိုတာ လက်ရှိမှ အလုပ်လုပ်လို့ရ၊ ပစ္စည်းဥစ္စာကို ကိုင်တွယ်လို့ရ၊ ခံယူလို့ရသလို သဒ္ဒါတရားရှိမှ အခြားကုသိုလ်ဖြစ်ကြောင်းတရားများကို လုပ်

သူငါကတော့ 'သဓာ' လို့ အသံထွက်ကြလိမ့်မယ်။ မှားတယ်လို့တော့ မဆိုပါဘူး။ တစ်ဆက်တည်းဖတ်တဲ့အသံပေါ့။ ဒါပေမယ့် 'သထာ'လို့ အသံထွက်တာကတော့ မူရင်းစကားလုံးနဲ့ သိပ်ဝေးသွားပြီလို့ ပြောရမယ်။ အထူးသဖြင့် စာပေ မလေ့လာတဲ့သူအများစု၊ များသောအားဖြင့် စာပေနဲ့ဝေးတဲ့ တော်သူတောင်သားတွေက ကိုယ့်စိတ်ထဲ အဆင်ပြေသလို၊ ကိုယ့်နားထဲကြားသလို ခပ်လွယ်လွယ်ဖတ်ကြတယ်။ အဲဒီလိုပြောလို့ စာပေမတတ်ရှာတဲ့ တောသူတောင်သားတွေကို နှိမ့်ချခြင်းမဟုတ်ပါဘူး။ ဆရာ့အမေလည်း မွန်ပြည်နယ်ဘက်က တောသူပဲ။ သူလည်း ခုန သမီး ကြားလာခဲ့သလို 'သထာ' တယ်လို့ ပြောတာပါပဲ။ ဒါက ဘာသာစကားတိုင်းမှာရှိတဲ့ လွယ်ကူတဲ့အသံကို ပြောင်းတတ်တဲ့ သဘာဝပါ။

တပည့်- ဒါဆို 'သထာ' တယ် သို့မဟုတ် 'သဒ္ဒါတယ်' ဆိုတာ ကျွေးချင်

www.burmeseclassic.com

www.burmeseclassic.com

နိုင်မယ်။ သူတော်ကောင်းဥစ္စာခုနစ်ပါး လုံးကို (သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ၊ ဩတပ္ပ တရားအားလုံးကို) ယူနိုင်မယ်။ လက်မရှိတဲ့သူဟာ ဘာပစ္စည်းကိုမှ မယူနိုင်၊ မဆုပ်ကိုင်နိုင်သလို သဒ္ဓါတရားမရှိတဲ့သူဟာ အခြား ကုသိုလ်တရားများကို မယူနိုင်တော့ပါဘူး။

စကြဝတေးမင်းရဲ့ ပတ္တမြားရတနာဟာ နောက်ကျနေတဲ့ ရေထဲကိုထည့်လိုက်ရင် တစ်ခဏချင်း အနည်ထိုင်ပြီး ကြည်လင်သွားတယ်။ သဒ္ဓါတရားဖြစ်ပေါ်လာရင် စိတ်ဟာ ကြည်လင်သွားတယ်။ ဒါကြောင့် သဒ္ဓါကို (ယုံကြည်မှု)လို့ အနက်ဖွင့်ရာမှာ မှန်တယ်လို့ လက်ခံတာက 'ယုံ' တာ။ စိတ်ထဲမှာ သံသယအနည်မှုန်တွေမရှိဘဲ ရှင်းရှင်းလင်းလင်းဖြစ်နေတာက 'ကြည်' တာ။ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးနှင့် ကံ၊ကံ၏ အကျိုးကို အစစ်အမှန်ဖြစ်တယ်၊ ဟုတ်မှန်တယ်၊ အားကိုးထိုက်၊ လိုက်နာကျင့်သုံးထိုက်တယ်လို့ လက်ခံပြီး စိတ်ထဲမှာ ကြည်လင်အေးချမ်းနေတာ သဒ္ဓါတရားပဲ။

(နောက်တပည့်တစ်ဦးက သိချင်တာကို မအောင့်နိုင်ဘဲ ဝင်မေးသည်။)

တပည့်- မျိုးစေ့နဲ့တူတယ်ဆိုတာ ပြောဖို့ ကျန်သေးတယ်ဆရာ။

ကျွန်ုပ်- မျိုးစေ့နဲ့တူတာကို ကြားဖူးတာပေမယ့် တူပုံတူနည်းကို ဆရာလည်း အရင်တုန်းက မမှတ်ထား၊ မဖတ်ထားဖူးပါဘူး။ မကြာခင်ကမှ အပြည်ပြည်ဆိုင်ရာ ထေရဝါဒပုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ကြီးရဲ့ တရားတစ်ပုဒ်ကို နာရမှ သေသေချာချာ သိသွားပါတယ်။ အဲဒါကို ပြန်ပြီး လက်ဆင့်ကမ်း ရှင်းပြရတာပေါ့။

မျိုးစေ့ဟာ အလုပ်နှစ်ခုကို လုပ်တယ်။ အဲဒါ တပည့်တို့ စဉ်းစားကြည့်စမ်း။

တပည့်တစ်ဦး- မြေကြီးထဲက အစာအာဟာရကိုစုပ်တယ်၊ လေထဲက အောက်ဆီဂျင်ကို ရှူတယ်၊ ဟုတ်လား ဆရာ။

ကျွန်ုပ်- မင်းဟာနဲ့မင်းတော့ ဟုတ်နေတာပေါ့။ ရှေးဆရာတော်ကြီးတွေရဲ့ ဥပမာပြုပုံကတော့ မျိုးစေ့ဟာ မြေအောက်ကို ဆင်းပြီးအမြစ်တွယ်တဲ့အလုပ်နဲ့ အပေါ်ကို အညွှန့်အညောက်တက်ပြီး ရှင်သန်ကြီးထွားတဲ့ အလုပ်နှစ်ခုကို လုပ်တယ်။ သဒ္ဓါတရားဟာလည်း ကိုယ်ကျင့်တရား၊ အကျင့်သီလကို အမြစ်တွယ် ခိုင်မာစေပြီး သမထဝိပဿနာတရားကိုလည်း ရှင်သန် ဖွံ့ဖြိုးစေတယ်။ သဒ္ဓါတရားရှိရင် သီလသိက္ခာကိုလည်း ဖြည့်ကျင့်တယ်၊ သမာဓိသိက္ခာ ပညာသိက္ခာကိုလည်း ဖြည့်ကျင့်တယ်။ သာသနာတော်ရဲ့ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်ကြဖြည်းဆည်းအောင် ထောက်ပံ့ပေးတာ သဒ္ဓါတရားပါပဲတဲ့။

(ထိုအချိန်တွင် တေးမှ နားထောင်နေသော အခြားတပည့်တစ်ဦးက ဝင်ပြောသည်။)

တပည့်- သဒ္ဓါနဲ့ ပညာညီစေရမယ်ဆိုတဲ့ စကားလည်း ကြားဖူးတယ်။ အဲဒါ ဘာကိုဆိုလိုတာလဲ ဆရာ။

ကျွန်ုပ်- ဗောဓိပက္ခိယတရား (၃၇) ပါးမှာပါတဲ့ ဗိုလ်ငါးပါးဆိုတာကြားဖူးလား။ သဒ္ဓါဗိုလ်၊ ပညာဗိုလ်၊ ဝီရိယဗိုလ်၊ သမာဓိဗိုလ်၊ သတိဗိုလ်ဆိုတာ။

တပည့်- ဟုတ်တဲ့၊ ကြားဖူးပါတယ်။ အဲဒါနဲ့ ဘယ်လိုပတ်သက်လို့လဲ ဆရာ။

ကျွန်ုပ်- ဗိုလ်ဆိုတာ အင်အားကြီးမားတဲ့ ဦးစီးခေါင်းဆောင်မှုကို ပြောတာ။ သဒ္ဓါနဲ့ ပညာဆိုတဲ့ ဦးစီးခေါင်းဆောင်နှစ်ခုဟာ တစ်ခုနဲ့တစ်ခု ထိန်းမတ်ရင်း အတူယှဉ်တွဲ ခေါင်းဆောင်ကြတယ်။ အဲဒီ တရားနှစ်ပါးက တစ်ပါးနဲ့တစ်ပါး ညီညွတ်မှုတမှု၊ သဟဇာတဖြစ်မှုရှိရင် အလွန်အားကောင်းတဲ့၊ အလွန်တော်တဲ့ ခေါင်းဆောင်နှစ်ဦး ရထားသလို ဖြစ်တယ်။ ဒါပေမယ့် ယုံကြည်မှုလွန်ကဲပြီး ပညာဆိုတဲ့ ဆင်ခြင်သုံးသပ်မှု၊ ဝေဖန်ပိုင်းခြားမှုမပါရင် အစွန်းရောက်သွားတတ်၊ လမ်းလွဲသွားတတ်တယ်။ ထို့အတူ ဝီရိယနဲ့ သမာဓိလည်း တစ်တွဲပဲ။ ဝီရိယလွန်လွန်းပြီး သမာဓိအားပျော့ရင် ဖြစ်ဖြစ်၊ သမာဓိလွန်ပြီး ဝီရိယလျော့နည်းခဲ့ရင်ဖြစ်ဖြစ် အစွန်းရောက်တတ်ပြန်တာပဲ။

တပည့်- သတိကျတော့ ဘယ်သူနဲ့ တွဲမလဲ ဆရာ၊ သူကော လွန်ကဲရင် ဘာဖြစ်လဲ။

ကျွန်ုပ်- သတိက လွန်ကဲတယ်လို့ မရှိဘူး၊ ပိုတယ်လို့မရှိဘူး။ သူက ကျန်ဗိုလ်လေးပါးလုံး ထိန်းညှိပေးနေတာ။ သမီးတို့နားလည်အောင် မြန်မာလို ခပ်ရှင်းရှင်းပြောရရင် သတိဆိုတာ အာရုံကို ယူပေးတဲ့အလုပ်၊ အာရုံကိုစွဲကပ်ပေးတဲ့အလုပ်ကို လုပ်တယ်။ သမာဓိက ဝိပဿနာရှုမှတ်မှုကို အာရုံမှာ စူးစိုက်နေအောင်၊ ဘယ်မှမသွားအောင် လုပ်ပေးတာ။ ဝီရိယက အားစိုက်ပြီး အာရုံပေါ် ထွန်းတင်ပေးနေတာ၊ သဒ္ဓါက ယုံကြည်မှု၊ ဝိပဿနာရှုမှတ်မှုအပေါ် ယုံကြည်တယ်။ လမ်းမှန်ပေါ် လျှောက်နေတာလို့ ယုံကြည်တယ်။ ရုပ်တရား နာမ်တရားတို့ရဲ့ သဘာဝအမှန်ကို သိရမယ်လို့ ယုံကြည်တယ်၊ ပညာက အာရုံရဲ့ သဘာဝကို အမှန်အတိုင်း မြင်အောင် ကြည့်တယ်။ ဆင်ခြင်သုံးသပ်တယ်။

တပည့်- သဒ္ဓါလွန်ပြီး ပညာမပါရင် ဘာဖြစ်နိုင်လဲဘုရား။

ကျွန်ုပ်- ဝိပဿနာရှုတဲ့ ကိစ္စမှာတော့ အမှန်မမြင်နိုင်ဘူး၊ တရားထူးမရနိုင်ဘူး။ အပြင်လောကမှာလည်း ဒုက္ခရောက်နိုင်တယ်၊ အလိမ်ခံရနိုင်တယ်။ ဘဝပါနစ်မွန်းသွားနိုင်တယ်။

တပည့်- ဘာဖြစ်လို့လဲ ဆရာ။

ကျွန်ုပ်- ပညာမပါတဲ့ သဒ္ဓါတရားသည် စစ်မှန်တဲ့ သဒ္ဓါတရား၊ အားကောင်းတဲ့ သဒ္ဓါတရား၊ ဗိုလ်ဖြစ်ထိုက်တဲ့ သဒ္ဓါတရား မဟုတ်ဘူး။ ပြောသမျှ ယုံတဲ့ မျက်ကန်းယုံကြည်မှု (blind faith) သာ ဖြစ်လို့ပဲ။

မြန်မာလူမျိုးတွေဟာ ပင်ကိုစရိုက်က ရိုးအေးကြတော့ ယုံလွယ်တာ အကျင့်ပါနေတယ်။ ပညာမပါတဲ့၊ ပါသော်လည်း အလွန်နည်းတဲ့ အညံ့စား သဒ္ဓါတရားတွေ အဖြစ်များတယ်။

တပည့်- ဆရာလည်း မြန်မာလူမျိုးပဲ။ ဆရာ့စကားက ကိုယ်ပေါင်ကိုယ် လှန်ထောင်းသလိုဖြစ်မနေဘူးလား။

ကျွန်ုပ်- ထောင်းသင့်ရင် ထောင်းရမှာပဲ။ ကာတွန်းဝိဇ္ဇာကြီးဦးဘကျမ်းရဲ့ ရသေ့ကြီး ဖျောက်ဆိပ် ကာတွန်းတစ်ခုမှာ 'သူများလာထောင်းတာထက် ကိုယ့်ပေါင် ကိုယ်လှန်ထောင်းတာက သက်သာတယ်' လို့ ရယ်စရာ ခနဲ့ထားတယ်။ ထားပါတော့။ ဆရာက မြန်မာအားလုံးလို့ ဝါးလုံးရှည်နဲ့ ယမ်းပြီးပြောတာမှ မဟုတ်ဘဲ၊ ဖြစ်တတ်တာကို ပြောတာ။ ဆရာ့ကိုယ်တွေ့တွေထဲက သာဓကတွေ ယူပြောရင်တောင် လက်မျိုးရေလို့မရနိုင်ဘူး။

တပည့်များ- အဲဒီ အတွေ့အကြုံတွေကို ကြားချင်ပါတယ် ဆရာ။

ကျွန်ုပ်- နောက်တစ်ပတ်မှာ ဆက်ပြောကြတာပေါ့။

ဦးဥာဏဝင်းထက်
(စာပေဗိမာန်)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ နေ့စဉ် နံနက် (၆) နာရီခွဲ (၇) နာရီလောက်မှာ ထပြီး လမ်းလျှောက်လေ့ ရှိပါတယ်။ မန္တလေးတိုင်း ဒေသကြီး ပလိပ်မြို့မှာနေတော့ ရထားသံလမ်းကိုကျော်ပြီး ရန်ကုန်-မန္တလေး အဝေးပြေးလမ်းကြီးအတိုင်း မြောက်ဘက်ကို မြွေဘုရားလမ်းခွဲ (လမ်းဆုံ) အထိ လျှောက်ပါတယ်။

လမ်းလျှောက်ရာတွင်လည်း ဦးထုပ်ဆောင်း၊ တုတ်ကောက်ကိုင်ပြီး လျှောက်လေ့ ရှိပါတယ်။ အိမ်ကထွက်ကတည်းက သရဏဂုံသုံးပါး ဆောက်တည်ခြင်း၊ ဘုရားဂုဏ်တော်ကိုးပါး ရွတ်ဆိုပွားများခြင်း၊ ဘုရားရှိခိုး ငါးပါးသီလ ခံယူခြင်း၊ မေတ္တာသုတ်ရွတ်ဆိုခြင်း၊ မျှားသတ္တဝါအားလုံး ကျန်းမာချမ်းသာစေရန် ဆုတောင်းမေတ္တာပို့ခြင်း၊ ၂၄-ပစ္စည်း ရွတ်ဆိုပူဇော်ခြင်း။

(သရက်)

မုဒ်းဝတ္ထုနှစ်ဆောင်

ဘုရား၊ တရား၊ သံဃာ
ရတနာမြတ်သုံးပါးဂုဏ်ကျေးဇူးကြောင့်
အသက်ချမ်းသာရခဲ့သောကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

မြွေဘုရားဘက် မျက်နှာမူပြီး ခြေခုံရုပ် မျက်စိမှိတ်ထားပြီး ဘုရားအာရုံပြု ရှိခိုးနေစဉ် ဘယ်က ဘယ်လို ပေါင်မုန့်တုံး သဏ္ဌာန်ကားကလေး မိမိကိုကျော်ပြီး နောက်ပြန်မောင်းလာသည်မသိ။ ကျွန်တော့်ကို ဝင်တိုက်ပါတော့တယ်...

မိမိ၏ ဤအနိစ္စဖြစ်သော ခန္ဓာကိုယ်၊ ဤဒုက္ခဖြစ်သော ခန္ဓာကိုယ်၊ အနုတ္တဖြစ်သော, အသုဘဖြစ်သောခန္ဓာကိုယ်များကို ပရမတ်၊ ပညတ်ဘရုပ်ရပ်အလုံးစုံ သိမြင်တော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား လျူဒါန်းအပ်နှင်းပြီး နေ့စဉ်လမ်းလျှောက်တိုင်း နိစ္စခူဝ ရွတ်ဆို ပွားများပါတယ်။

နောက်ပြီး မြွေဘုရားလမ်းခွဲ(လမ်းဆုံ) ရောက်တိုင်း မြွေဘုရားဘက် မျက်နှာမူပြီး ခြေခုံရပ်လျက် လက်အုပ်ချီကာ အာရုံပြုရှိခိုးပါတယ်။ (လမ်းဘေးနားရပ်လျက်ပါ။) ဒါလည်း ကျွန်တော် လမ်းလျှောက်တိုင်း နေ့စဉ်လုပ်နေကျ အလုပ်ပါ။

တစ်နေ့မှာ(လွန်ခဲ့သောသုံးလေးလလောက်က ဖြစ်ပါတယ်။) ကျွန်တော် လမ်းလျှောက်လို့ မြွေဘုရားလမ်းခွဲ(လမ်းဆုံ) အရောက်မှာ မြွေဘုရားဘက် မျက်နှာမူပြီး ခြေခုံရပ် မျက်စိမှိတ်ထားပြီး ဘုရားအာရုံပြု ရှိခိုးနေစဉ် ဘယ်ကဘယ်လို ပေါင်မုန့်တုံးသဏ္ဌာန်ကားကလေး မိမိကိုကျော်ပြီး နောက်ပြန်မောင်းလာသည်မသိ။ ကျွန်တော့်ကို ဝင်တိုက်ပါတော့တယ်။

ကျွန်တော်လည်း သတိမေ့သွားပါတယ်။ ဘာမှန်းမသိတော့ပါ။ သတိရလို့ကြည့်လိုက်တော့ ဆေးခန်းရောက်နေပါတယ်။ ဆေးခန်းထဲမှာ ဆရာဝန်က ပျာပျာသလဲ ကျွန်တော့်ကို ပြုစုနေပါတယ်။ ကျွန်တော့် ခုတင်ဘေးနားမှာ ဆယ်ကျော်သက်ရွယ် မိန်းကလေးနှစ်ယောက် ဘေးဝိဂ္ဂုည်တွေနဲ့ပါ။ ကျွန်တော့်ကို စိုးရိမ်တကြီး ကြည့်နေကြပါတယ်။ တစ်ယောက်က ကျွန်တော့်လက်ဖဝါးကို ဆုပ်ကိုင်ထားပါတယ်။

နောက် ဘုန်းကြီးတစ်ပါးနဲ့ ဒရိုင်ဘာလို့ ယူဆရတဲ့ လူငယ်တစ်ယောက်။ 'ဘာ သတိရပြီလား။ ဘာမှမဖြစ်ဘူးနော်။ နေကောင်းလား' စသဖြင့် မေးပါတယ်။ မိန်းကလေးနှစ်ယောက်ကလည်း ဝမ်းသာသွားတဲ့အမူအရာနဲ့ ကျွန်တော့်ကို စိုက်ကြည့်နေကြပါတယ်။

ဘုန်းကြီးကလည်း စိုးရိမ်သောကစိတ်တွေ ပျောက်သွားတယ် ထင်ပါရဲ့။ ကျွန်တော့်ကို ပြုံးကြည့်ပြီး-

"ဒကာကြီး နေကောင်းလား"

လို့ မေးပါတယ်။

ကျွန်တော်လည်း ခေါင်းညိတ်ပြီး-

"နေကောင်းပါတယ် ဘုရား"

လို့ပြန်လျှောက်ထားလိုက်ပါတယ်။

ဆရာဝန်ကလည်း ကျွန်တော့်ကို ဆေးတွေထိုး၊ လုပ်စရာရှိတာတွေလုပ်ပြီး ကျွန်တော့်တစ်ကိုယ်လုံး စစ်ဆေးကြည့်နေပါတယ်။

ကျွန်တော်ကတော့ ငါ့ကို ကား တိုက်တာလားလို့မေးတော့ ဒရိုင်ဘာလို့ ထင်ရတဲ့ ကောင်လေးက-

"ဟုတ်ပါတယ် အဘ၊ နည်းနည်း လေးပွတ်တိုက်မိသွားတာပါ"

လို့ ပြန်ပြောတယ်။

ဆရာဝန်လည်း ကျွန်တော့်ကို စစ်ဆေးကြည့်နေရာ ကျွန်တော့် ညာဘက် မျက်စိဘေးနားက နားထင်မှာ ပေါက်ပြဲတဲ့ဒဏ်ရာတွေ့လို့ ဆေးထည့်ပြီး ပလတ်စတာနဲ့ ကပ်ပေးပါတယ်။

ကျွန်တော်လည်း ထထိုင်ပြီး မတ်တတ်ရပ်ကြည့်ပါတယ်။ ဘာမှမဖြစ်လို့ အားလုံးက ဝမ်းသာကြပါတယ်။ ပြီးတော့ ဘုန်းကြီး၊ ဒရိုင်ဘာလို့ထင်ရတဲ့ကလေး၊ ကောင်မလေးနှစ်ယောက်ပါ ကျွန်တော်တို့အားလုံး ဆရာဝန်ကို နှုတ်ဆက်ပြီး ကားရှိရာကို လာခဲ့ကြပါတယ်။ ကျွန်တော့်ကို တစ်ယောက်စီ တွဲခေါ်ကြပါတယ်။ ဒါပေမယ့် ကျွန်တော် ဘာမှမဖြစ်ပါဘူး။ ကိုယ့်ဘာသာကိုယ်လာနိုင်ပါတယ်။

ကားပေါ် ရောက်တော့-

"မင်းတို့ ဘယ်ကလဲ"

လို့ ကျွန်တော်က မေးပါတယ်။ ပထမတော့ မန္တလေးကလိုလို ပြောပါတယ်။ နောက်တော့ ဘုန်းကြီးက မြစ်ကြီးနားက ဘုရားဖူးလာကြောင်း ပြောပါတယ်။ အမှုလုပ်မှာစိုးရိ၍ ဟိုပြောဒီပြော ပြောကြသလားတော့ မသိပါဘူး။

ကျွန်တော်က-

"ကိစ္စမရှိပါဘူး။ ဘာမှမလုပ်ပါဘူး။ သူဖြစ်ချိန်တန်လို့ ဖြစ်လာတာပဲ။ ဘာလည်း ဘာမှမဖြစ်ဘဲဟာ။ ဘာမှမတွေးကြပါနဲ့"

လို့ပြောလိုက်ပါတယ်။ ကျွန်တော့် နောက်ကခုံမှာ ထိုင်နေတဲ့ ကလေးမက ကျွန်တော့်ကို ငွေ (၁၀၀၀၀) ကျပ် ပေးပါတယ်။

ကျွန်တော်ကလက်မခံဘဲ အတင်းပြန်ပေးတော့ ပြန်ယူထားပါတယ်။ ကျွန်တော့်ကို ကားနဲ့ အိမ်နားအထိလိုက်ပို့ကြပါတယ်။ ပထမတော့ တစ်နာရီလောက် သတိမေ့မြောသွားသည့်ဒဏ်ကြောင့်လား မသိ မိမိအိမ်နေရာ၊ သွားရမည့်လမ်းကို မမှေနေပါတယ်။ ကားကို ဘယ်မောင်းခိုင်းရမှန်းမသိ ဖြစ်နေပါတယ်။

နောက်မှ ကားမောင်းလာရင်း ပလိပ်ဆိုတဲ့ လမ်းဆုံက ဆိုင်းဘုတ်ကြီး မြင်တော့မှ အိမ်သွားရမည့်လမ်းကို ရေးရေးမှတ်မိလိုက်ပါတယ်။ သူတို့လည်း အိမ်နားအထိ လိုက်ပို့ကြပါတယ်။ ကားပေါ်ကဆင်းတော့ စောစောက ငွေပေးတဲ့ ကောင်မလေးက ငွေ (၁၀၀၀၀) ကို ကျွန်တော့်အိတ်ကပ်ထဲ အတင်းထည့်ပေးလိုက်ပါတယ်။ ကျွန်တော်လည်း ဘုန်းကြီးနဲ့တကွ သူတို့လေးတွေကို ကျွန်းမာချမ်းသာကြစေကြောင်း မေတ္တာပို့ဆုတောင်းမိပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော် ကားတိုက်မိလို့ သတိလစ်မေ့မြောလဲနေချိန်မှာ ကျွန်တော့်ကို ထားခဲ့ပြီး ကားမောင်းပြေးလည်းရရဲ့သားနဲ့ မပြေးဘဲ ဆေးခန်းပို့ခဲ့တယ်။

ပြီးတော့ ကားနဲ့တင်ပြီး အိမ်အထိလိုက်ပို့သေးတယ်။ ငွေ (၁၀၀၀၀) လည်း ပေးသွားသေးတယ် မဟုတ်လား။ ဒါကြောင့် သူတို့လေးတွေကို ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ မေတ္တာပို့ဆုတောင်းရပါတယ်။

ကျွန်တော့်မှာ တစ်နာရီလောက်သာ သတိမေ့မြောပြီး နားထင်တွင် အနည်းငယ် ပေါက်ပြဲသွားတာကလွဲလို့ ဘာမှမဖြစ်ခဲ့တာကတော့ ကျွန်တော် နေ့စဉ်လမ်းလျှောက်ထွက်တိုင်း ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ဦးထိပ်ထားပြီး သရဏဂုံတည်သွားလို့ပဲလို့ ယုံကြည်ပါတယ်။ ဆရာတော် တိပိဋကယောဆရာတော်ရဲ့ အဆိုအမိန့်နဲ့ ပြောရမယ်ဆိုရင် နှလုံးသားထဲ ဘုရားတည်သွားလို့ပဲ မဟုတ်ပါလား ခင်ဗျာ။

ကျွန်းမာချမ်းသာကြပါစေ

မင်းဘုန်းဘသီ(သရေကော်)

www.burmeseclassic.com

www.burmeseclassic.com

ကြိုက်တန်ဆေးမှုဖါလ

ပဒုမ္မာကြာပန်းနှင့်ရဟန္တာဖြစ်ခဲ့သူ

တောရကျောင်းလေးအတွင်း၌ ရဟန်းပျိုတစ်ပါး တင်ပျဉ်ခွေ၍ ကိုယ်ကို ဖြောင့်မတ်အောင် စနစ်တကျထိုင်ပြီး ထွက်သက်၊ ဝင်သက်ကို မပြတ် သတိချပ်လျက် မှတ်သိစိတ်ဖြင့် အာရုံစူးစိုက်ကာ အာနာပါနာသတိပွားလိုက်၏။ ထိုအခါ ပျံ့လွင့်နေသောစိတ်တို့ တဖြည်းဖြည်း ငြိမ်သက်လျက် အေးချမ်းလာ၏။ သို့စိတ်တည်ငြိမ်လာသည်နှင့် ရဟန်းပျိုသည် မိမိစိတ်ကို ဆရာသခင် အရှင်သာရိပုတ္တရာအရှင်သူမြတ်ကြီး သင်ပေးထားသော အသုဘကမ္မဋ္ဌာန်းသို့ပြောင်း၌ အာရုံပြုဆင်ခြင်လိုက်၏။

'ငါ၏ခန္ဓာကိုယ်သည် အခိုနှစ်အခါ မရွေး မနှစ်သက်ဖွယ်သော အနံ့ဆိုးများနှင့် မစင်မကြယ် ညစ်ညမ်းလှသော စက်ဆုပ်ဖွယ် ခန္ဓာကောင်ပုပ်ပါတကား။ ဤခန္ဓာသည် အတွင်းမှ အရိုးတို့က တိုင်သဖွယ် ထောက်ခံ၍ အရေအထူ၊ အပါးတို့ဆပ်၍ ရုစ်ပတ်အုပ်ကာ ဖုံးထားသော ကိုယ်ကောင်ပါတကား။ ထိုခန္ဓာကိုယ်ကောင်ကြီးသည် ရွံရှာဖွယ်ယိုစီးကြောင်းများ ဟောင်းလောင်းအက်အာ အိုင်းအမာကိုးခုရှိသော ကိုယ်ကောင်ကြီးပါတကား။ *(နားနှစ်ပေါက်၊ မျက်စိနှစ်ပေါက်၊ နှာခေါင်းနှစ်ပေါက်၊ ပါးစပ်တစ်ပေါက်၊ ကျင်ကြီး,ကျင်ငယ်တစ်ပေါက်စီ၊ ပေါင်း ကိုးပေါက်တို့မှ နားဖာချေး၊ မျက်ချေး၊ မျက်ဝတ်၊ နှပ်ချေး၊ သွားရည်၊ တံတွေး၊ သွားချေး၊ ကျင်ကြီး၊ ကျင်ငယ် အသွယ်သွယ်တို့ အမြဲယိုစီးဖိတ်ကျထွက်နေကြသည်ကို ဆိုလိုသည်။)* အမိဝမ်းမှ မွေးသည်ကစ၍ မပြုမပြင် ပင်ကိုအတိုင်း မြင်ရလျှင် ဦးခေါင်းကစ ဆံပင်တွေ ရှုပ်ထွေးစုတ်ဖွား ဖားလျားနှင့် တစ်ကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com

အမွေးမြိုင်မြိုင် အညစ်အကြေးတွေလိုင်လျက် သူရူးအလား ထူးမခြားနားသောကိုယ်ကောင်ပါတကား။

ပေါက်ပင်နှင့် ပေါက်ပွင့်တို့သည် မကြွေမီ၊ မကျမီ၌ အဆီတရွဲရွဲ အသားတွဲဟု ခွေးတော်ကထင်မှတ် စိတ်စွဲနေသော်လည်း အမှန်စင်စစ် ပေါက်ပွင့်သည်ကား ပေါက်ပွင့်သာတည်း။ *(အစာငတ်နေသောခွေးသည် ပေါက်ပင်မှ နှိနှိ ရဲရဲပေါက်ပွင့်တို့အား အဆီတရွဲရွဲရဲနေသော အသားတွဲများဟု ထင်မှတ်နေသော်လည်း အမှန်ကတော့ ပေါက်ပွင့်များသာ ဖြစ်ပါသည်။)* ထို့အတူ ဤခန္ဓာမပျက်မီး မယိုယွင်းမီ အဆီရွဲရွဲ အသားတွဲဟု တဏှာငတ်၍စွဲသော်လည်း အဖတ်အခဲ အရေအညွှဲ မသတီ ရွံရှာဖွယ်ရာများသာတည်း။

အကယ်၍ ဤခန္ဓာကိုယ်အတွင်း သားများကို အရေပြားခွာ အပြင်မှာ လှန်ထားပြီး ထားပါလေမူကား ကျီးစာ၊ ခွေးစာ၊ လင်းတစာမို့ လေး၊ မြား၊ တုတ်ချောင်း စုကာပေါင်း၍ ခြောက်မောင်းရမည့် အမဲအညှီများကဲ့သို့သာပါတည်း။ ဤသို့ စက်ဆုပ်ရွံရှာဖွယ် ခန္ဓာကောင်ကြီးကို အကြောင်းစုံမသိ ဉာဏ်မျက်စိကင်း မမြင်ခြင်းကြောင့်သာ တဏှာကြောင့် စွဲမက် နှစ်သက် မစွန့်ရက်ကြပေ။ ပညာနှင့်ယှဉ် မြင်တတ်ပါကား အနားကပ်ခံချင်စရာမကောင်း အကြောင်းမလှသည့် ခန္ဓာပုပ်ပါတကားဟု ဆရာသင်ကြား အသုဘကမ္မဋ္ဌာန်းကိုပွား၍ အားထုတ်နေပါသည်။

ရဟန်းပျို တောရဆောက်တည်ကာ အသုဘကမ္မဋ္ဌာန်းပွားများ၍ တရားအားထုတ်နေသည်မှာ သုံးလမျှ ရှည်ကြာနေပြီ ဖြစ်သည်။ တရားအားထုတ်ပြီးနောက် ဆရာသခင် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးထံ သွားရောက်၍ မိမိအားထုတ်ခဲ့သည်များအတွက် တရားအစစ်ခံခဲ့ရာ ဆရာက ကမ္မဋ္ဌာန်းမပြည့်စုံသေးဟုဆိုကာ မိမိကို အသုဘကမ္မဋ္ဌာန်းကိုပင် ဆက်၍ ပွားများ အားထုတ်ခိုင်းခဲ့သည်မှာ နှစ်ကြိမ်တိုင်တိုင် ရှိခဲ့ပေပြီ။ ယခု သုံးကြိမ်မြောက်အဖြစ် တရားအစစ်ခံရန် ဆရာသခင် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးထံ သွားရောက်မည်ဟု ကမ္မဋ္ဌာန်းအပြီး၌ ရဟန်းပျို ဆုံးဖြတ်ချက်ချလိုက်သည်။ သို့နှင့် ဆရာအရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ ထွက်ခွာလာခဲ့တော့သည်။

အင်း. . . ဤရဟန်းငယ် တင်လျှောက်ချက်များအရတော့ဖြင့် ငါပေးလိုက်သည့် အသုဘကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ရာ၌ အမှားအယွင်းမရှိ သင့်မြတ်မှန်ကန်စွာ ပြုခဲ့ပေသည်ပဲ။ သို့ပေမင့် ဤကမ္မဋ္ဌာန်းကို ငါပေးလိုက်သည်မှစ၍ ယခု သုံးလတိုင်၍ သုံးကြိမ်မြောက် တရားစစ်ဆေးခဲ့သည့်တိုင် ဤရဟန်းငယ်၌ ကမ္မဋ္ဌာန်းမပြည့်စုံ၊ တရားထူးမရဖြစ်နေရှာချေသေးပါကလား။ သူ၏အားထုတ်မှု၌ သဒ္ဓါဝိရိယအားနည်းမှုလည်းမရှိချေ။ သို့ဆိုလျှင် ဤရဟန်းငယ်သည် ငါတို့၏ဆရာ ဘုရားရှင်ကိုယ်တိုင် ချွတ်တော်မူပါမှ ကျွတ်တမ်းဝင်နိုင်မည့် ဗုဒ္ဓဝေနေယျမျိုး ဖြစ်ချေလိမ့်မည်။ သို့အတိုင်းဆိုလျှင် ငါ၏တပည့် ရဟန်းငယ်အား ဘုရားရှင်ထံ ခေါ်ဆောင်သွားလေမှ ဖြစ်ချေတော့မည်။

မိမိရှေ့မှောက်သို့ ရောက်ရှိလာပြီး ရိုသေစွာ ရှိခိုး၍ ကမ္မဋ္ဌာန်းတရားအားထုတ်ခဲ့ပုံအကြောင်း လျှောက်ထားလာသောတပည့်ရဟန်းငယ်အား တရားစစ်ဆေးပြီးနောက် ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ထိုသို့ စဉ်းစားဆင်ခြင်တွေးတောနေမိခြင်း ဖြစ်ပေသည်။

ထိုတပည့်ရဟန်းပျိုကား သာဝတ္ထိမြို့မှ ရွှေပန်းထိမ်သည်တစ်ဦး၏သားဖြစ်ပြီး ရုပ်ဆင်းရှုပကာ လှပတင့်တင်သော လုလင်ပျိုတစ်ယောက်လည်း ဖြစ်သည်။ ငယ်ရွယ်သူတို့၏ သဘာဝအရ ရာဂတဏှာပွားတတ်သောသဘော ရှိသည်ကများသဖြင့် ရာဂတဏှာတို့ကို ပယ်သတ်ပေးနိုင်သော အသုဘကမ္မဋ္ဌာန်းကိုသာ အရှင်မြတ်ကြီးက ထိုတပည့်ရဟန်းကို သင်ပေးခဲ့ပေ၏။ ထိုသို့ ဆရာအရှင်က သင်ကြားပေးလိုက်သည့်အတိုင်း တပည့်ရဟန်းပျိုက တောရဆောက်တည်လျက် သဒ္ဓါဝိရိယအားကြီးစွာ ကြိုးစားအားထုတ်ရှာပါသော်လည်း သုံးလကြာ၍ ယခု သုံးကြိမ်မြောက် တရားစစ်ဆေးပြီးသည့်အထိ ရဟန်းတရား မပြီးမြောက်သေးသည်ကိုတွေ့ရသဖြင့် အရှင်မထေရ်မြတ်ကြီးက အထက်ပါအတိုင်း တပည့်ဖြစ်သူကို ဘုရားရှင်ထံ ခေါ်ဆောင်သွားရန် စဉ်းစားနေရခြင်း ဖြစ်ပါသည်။

သို့နှင့် နောက်ဆုံး ဆရာ၊ တပည့် နှစ်ပါး ဘုရားရှင်ရှေ့တော်မှောက်သို့ အရောက်သွားခဲ့ကြပါလေတော့သည်။

ထိုစဉ်အခါက ဂေါတမဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေလေသည်။ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးနှင့် ရဟန်းပျိုတို့သည် ဘုရားရှင်ကို ရိုသေစွာ ရှိခိုးကြပြီးနောက် ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက ရဟန်းပျို၏ကမ္မဋ္ဌာန်းတရားမပြည့်စုံပုံ၊ ရဟန်းတရားမပြီးမြောက်ပုံ အကြောင်းစုံကို လျှောက်ထားလိုက်လေသည်။

ထို့အခါ ဗုဒ္ဓဘုရားရှင်သည် လေးသခြေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်ဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူပြီးနောက် သစ္စာလေးပါးတရားတို့နှင့်တကွ အလုံးစုံသောတရားတို့ကို မဖောက်မပြန် မခြွင်းမချန် ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူသည့် သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင် ဖြစ်တော်မူသည့်အားလျော်စွာ ဘုန်းတော်ခြောက်ဖြာ ဒသဗလဉာဏ်တော်ဆယ်ပါး၊ ဆအသဘဉာဏ်တော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူရကား ဘုရားရှင်သည် သတ္တဝါဝေနေယျတို့ အတွင်းစိတ်ဓာတ်ကို သိနိုင်သော အာသယာနုသယဉာဏ်တော်ဖြင့် ကြည့်တော်မူသောအခါ ရှင်သာရိပုတ္တရာမထေရ်မြတ်၏ တပည့်ရဟန်းပျို၏ အတွင်းစိတ်ဓာတ်အခန့်ငှဲ့ အသုဘကမ္မဋ္ဌာန်းတို့ သင့်လျော်အပ်စပ်ခြင်းမရှိသည့်အဖြစ်ကို သိမြင်တော်မူလေ၏။ ထို့မှတစ်ဖန် ဆက်လက်၍ စူးစမ်းဆင်ခြင်တော်မူသောအခါ ထိုရဟန်းပျိုသည် လွန်ခဲ့သော ဘဝပေါင်းငါးရာတိုင်တိုင် ရွှေပန်းထိမ်သည်ဖြစ်ခဲ့ကာ နီမြန်းသော ရွှေကိုသာ အစဉ်သဖြင့် တပြောင်းတပြန် အတန်တန်ခတ်ခဲ့ရ၏။ ထို့ကြောင့် ထိုရဟန်းပျို၏အတိတ်ဘဝ ဝါသနာအကျင့်စရိုက် အကြိုက်နှင့် သင့်လျော်ညီညွတ်မည့်ကမ္မဋ္ဌာန်းတရားကို ပေးသနားရန် ကြံစည်တော်မူလျက် လှည်းဘီးမျှ ပမာဏရှိ၍ အလွန်လှပတင့်တယ်သော ပဒုမ္မာကြာပန်းကို အရွက်၊ အရိုးတို့မှ ရေပေါက်များပါ ယိုထွက်စွတ်စိုစေကုန်လျက် ဖန်ဆင်းတော်မူပြီးနောက် ရဟန်းပျိုအား ပေးတော်မူလိုက်၏။

ရဟန်းပျိုသည် ဘုရားရှင်ကို ဖူးမြင်နေသည့်အခိုက် မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း၌ပင် ဘုရားရှင်လက်တော်ထဲ၌ ထိုထူးဆန်းအံ့ဩဖွယ် လှပတင့်တယ်လွန်းလှပြီး နီမြန်းသောအရောင်ရှိသည့် လှည်းဘီးတမျှ ကြီးမားလှသော ပဒုမ္မာကြာပန်းကြီးကို မြင်တွေ့လိုက်ရသောအခါ အလွန်အံ့အားသင့်လျက် နှစ်သက်မက်မောစွာ ငေးကြည့်

www.burmeseclassic.com

www.burmeseclassic.com

နေမိစဉ် ဘုရားရှင်က မိမိကို ကမ်းပေးလိုက်သောအခါ ဝမ်းမြောက်ဝမ်းသာ ရှိသေစွာ လက်ခံရယူလိုက်လေသည်။

"ချစ်သား ရဟန်းငယ်၊ ဤပဒုမ္မာကြာပန်းအား ယူဆောင်၍ 'အနှီ၊ အနှီ' ဟု ဆိုကာ ကြည့်ရှုပွားများလေလော့"

ရဟန်းပျိုလည်း ဘုရားရှင် ပေးသနားတော်မူလိုက်သော ပဒုမ္မာကြာပန်းကြီးအား ယူဆောင်ကာ ဇေတဝန်ကျောင်းအစွန်တစ်နေရာရှိ သဲပုံတစ်ခုပေါ်၌ တင်ထားလိုက်ကာ ထိုကြာပန်း အနှီးဦးထိုင်၍ 'အနှီ၊ အနှီ' ဟု ပွားများမှတ်ရှုနေလေတော့သည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက အသုဘကမ္မဋ္ဌာန်းပေးလိုက်သဖြင့် ခန္ဓာကိုယ်၌ နှစ်လိုဖွယ်မရှိသော, ရွံရှာဖွယ်သောအကြောင်း၊ ငြီးငွေ့ဖွယ်သောအကြောင်းတို့ကို အောက်မေ့ဆင်ခြင် ရှာဖွေရှုမှတ်စဉ်က အာရုံကောင်းစွာ စူးစိုက်၍မရဘဲ စိတ်ပျံ့လွင့်သွားသည်ကများသဖြင့် ထိုပျံ့လွင့်သွားသော စိတ်အာရုံတို့ကို အကြိမ်ကြိမ်အခါခါ ပြန်လည်စုစည်းနေရသည်နှင့်ပင် ကမ္မဋ္ဌာန်း၌ ကောင်းစွာ အာရုံစူးစိုက်နိုင်ခဲ့ခြင်းမရှိသဖြင့် သမာဓိအားမကောင်းခဲ့။ ယခုမူ သူ၏ အတိတ်ဘဝ သံသရာအဆက်ဆက်က အနှီရောင် ရွှေနှင့် လက်ဝတ်ရတနာအလှအပများကို ထိတွေ့ မြင်တွေ့ခဲ့ရသော ရွှေပန်းထိမ်သည် ဘဝငါးရောက အထုံဝါသနာကြောင့် ယခုကဲ့သို့ ထူးဆန်းလှပ နှိုရဲသောအရောင်ရှိသည့် ပဒုမ္မာကြာပန်းကြီးကို မျက်တောင်ပင်မခတ်ဘဲ 'အနှီရောင်၊ အနှီရောင်' ဟု မပြတ်ကြည့်ရှု ပွားများနေမိလေသည်။

ပဒုမ္မာကြာပန်းကြီးကလည်း ဘုရားရှင်၏ တန်ခိုးတော်ဖြင့် ဖန်ဆင်းထားသောပန်းကြီး ဖြစ်သဖြင့် ပွင့်ဖတ်ပွင့်ချပ် အထပ်ထပ်တို့ဖြင့် သပ်ရပ်လှပလေသည့် အပြင် ကြာပန်းကြီး၏အရောင်မှာလည်း သာမန် ပဒုမ္မာကြာပန်းများနှင့်မတူဘဲ စို့ရွှန်းတောက်ပသော အနှီရောင်မျိုး ဖြစ်သဖြင့် ကြည့်ရှု၍မငြီးအောင် လှပလွန်းလှစွာသောပန်းကြီး ဖြစ်လေရကား ဘဝများစွာ အနှီရောင်ရွှေနှင့် အလှအပတို့တွင် နှစ်သက်စွဲလမ်းခဲ့ဖူးသော ဓလေ့စရိုက် အထုံဝါသနာတို့ကြောင့် ရဟန်းပျိုမှာ ထိုသို့ ပဒုမ္မာကြာပန်းကြီးကို မမှိတ်မသုန် မျက်တောင်မခတ် တရစပ်ကြည့်ရှုနေခြင်းပင် ဖြစ်ပေသည်။

ဤသို့ အာရုံစူးစိုက် ဘဝင်ခိုက်အောင် တရစပ်ကြည့်ရှုနေမိခြင်းကြောင့် စိတ်အာရုံတို့ ပျံ့လွင့်ခြင်း အလျှင်းမရှိလေတော့သဖြင့် သမာဓိအားကောင်းလာ၏။ ဤသို့ဖြင့် နိဝရဏာကွာလာ၏။ ကိလေသာမြူတို့ အနည်ကျလာ၏။ ထို့သို့ဖြင့် ဥပစာရသမာဓိပိုင်လာ၏။ ဥပစာရသမာဓိပိုင်လာသဖြင့် ဥပစာရစျာန်ရ၏။ ဤသို့ ထက်သန်သောစိတ်ဖြင့် မပြတ် ပွားများနေလေတော့ရာ တစ်ခဏချင်းအတွင်းမှာပင် ရဟန်းပျိုသည် စျာန်အဆင့်ဆင့်ကို ရလေတော့သည်။ ထိုသို့ ရဟန်းပျို စျာန်အဆင့်ဆင့်ရ၍ စျာန်ဝင်စားနေစဉ်တွင် ဘုရားရှင်သည် ပဒုမ္မာကြာပန်းကြီးကို ညှိုးနွမ်းနေသော ပဒုမ္မာကြာဖြင့် ပြုတော်မူလိုက်၏။ ထို့နောက် ရဟန်းပျို စျာန်မှထလာသော အခါ ညှိုးနွမ်းနေသော ပဒုမ္မာကြာပန်းကြီးကို မြင်တွေ့ရသောဇာတ်၌-

"အလို - ဤပဒုမ္မာကြာပန်းကြီးသည် ပွင့်ဖတ်ပွင့်ချပ်အထပ်ထပ်တို့ဖြင့် လှပတင့်တယ် နီသွေးသောအရောင် ခြယ်လှယ် လန်းဆန်းစိုပြည်ရှိနေလေရာက ယခုတော့ဖြင့် မလန်းမဆန်း ရင့်ရော်ညှိုးနွမ်း၍နေချေပြီတကား။ သက်မဲ့ဖြစ်သော ဤမျှလှပသည့် ပဒုမ္မာကြာပန်းကြီးသည်ပင်လျှင် ညှိုးလျော့နွမ်းကျသွားရလေသေးလျှင် သက်ရှိဖြစ်သော ခန္ဓာကိုယ်တို့မှာကား အဘယ်မှာဆို့ဖွယ်ရာရှိတော့ပါအံ့နည်း။ မုချမသွေ ဤခန္ဓာကိုယ်တို့သည် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာ ဆိုသကဲ့သို့ မလွဲမသွေ အိုမင်း ရင့်ရော် နာကျင်ခြင်းတို့ဖြင့် နှိပ်စက်ခံရမည်သာတည်း"

ဟူ၍ မမြဲသော အနိစ္စသဘောလက္ခဏာများကို ရှုမြင်မိလာ၏။ ဘုံသုံးပါးတို့၌ ချမ်းသာသုခမရှိ၊ မမြဲသော အနိစ္စနှင့် ဒုက္ခဖြစ်ကြောင်း အပြစ်များကို သိမြင်လာ၏။

ထိုစဉ်ခဏ၌ပင် ရဟန်းပျိုနှင့်မနီးမဝေးရှိ ရေအိုင်ထဲမှ ကုမုဒြာကြာများကို သူငယ်အချို့တို့က ချိုးယူ၍ ကုန်းမြေပြင်ပေါ်၌ ပုံထားကြလေရာ ထိုကုမုဒြာကြာတို့မှာလည်း ဓာတုခဏ၌ပင် အဖျားအနားတို့မှစ၍ ညှိုးနွမ်းလာကုန်ကြလေသည်။ ထိုအခြင်းအရာတို့ကို ဆက်တိုက်တွေ့မြင်နေရပြီး တရားအမြင်ဖြင့် ဆင်ခြင်နေသော ရဟန်းပျိုသည် အနှီစွဲ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးတို့ကို ရှုမြင်နေမိတော့၏။ မိမိ၏ရှေ့မှ ပဒုမ္မာကြာပန်းကြီးသည် လည်းကောင်း၊ သူငယ်တို့ ရေအိုင်ထဲမှ ချိုးယူလာသော ကုမုဒြာကြာတို့သည် လည်းကောင်း ထိုပန်းအားလုံးတို့သည် ရှင်သန်လန်းဆန်းနေရာမှ ညှိုးနွမ်းသွားကြ၏။ ညှိုးနွမ်းသွားရာမှ မကြာခင် သွေ့ခြောက်ပျက်စီးသွားကြပေတော့မည်။ ထို့အတူ ခန္ဓာငါးပါး ရုပ်နာမ်တရားအစုဖြစ်သော ခန္ဓာကိုယ်တို့သည်လည်း ပျိုရာမှအို၊ အိုရာမှနာ၊ နာရာမှသေ ဒုက္ခတွေဖြင့်သာ အဆုံးပြီးသော အနှီစွဲ၊ ဒုက္ခ၊ အနတ္တ သုံးပါးသောလက္ခဏာတို့မှ မလွတ်ကင်းသည့် ခန္ဓာကောင်ရုပ်တွေပါတကားဟု လက္ခဏာရေးသုံးပါးတို့ ကောင်းစွာထင်လာ၏။

ထိုအခါ ဘုရားရှင်သည် ရဟန်းပျိုထံသို့ ရောင်ခြည်တော်များ လွှတ်၍ အောက်ပါ ဒေသနာတော်ကို ဟောတော်မူလေ၏။

"ဥစ္ဆိန္ဒ သိနေဟမတ္တနော၊ ကုမုဒံ သာရဒိကံဝ ပါဏိနာ၊

သန္တိမဂ္ဂမေဝဗြူဟယ၊ နိဗ္ဗာနံ သုဂတေန ဒေသိတံ"

'တန်ဆောင်မုန်းလ သရဒရာသီ၌ (လရောင်ကြောင့်) ပွင့်သော ကုမုဒြာကြာပန်းကို လက်ဖြင့်ဖြတ်သကဲ့သို့ မိမိ၏ ချစ်ခြင်းတရာကို ဖြတ်ပါလော့။ မြတ်စွာဘုရားသည် နိဗ္ဗာန်ကိုဟောကြားတော်မူအပ်၏။ နိဗ္ဗာန်ရောက်ကြောင်း အင်္ဂဂိကမဂ်တရားကိုသာလျှင် ပွားများပါလော့'

ဘုရားရှင်၏ အထက်ပါ ဒေသနာတော်နှင့် တရားအဆုံးအမကို နာကြားရပြီးသည်၏အဆုံး၌ ရေနှင့်ထိလျှင် ပွင့်ရန် အဆင်သင့်ဖြစ်နေသော ပန်းအပူးအငုံများကဲ့သို့ တရားအမြင်ဉာဏ် ရင့်သန်နေပြီဖြစ်သော ရဟန်းပျိုသည်လည်း ဘုရားရှင်က တရားရေအေး တိုက်ကျွေးလိုက်သည်နှင့်တစ်ပြိုင်နက် အရဟတ္တမဂ်ဖိုလ်ဆိုက်၍ အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူလေတော့၏။

(ဓမ္မပဒ၊ မဂ္ဂဝဂ္ဂ၊ ရွှေပန်းထိမ်သည်၏သားရဟန်းဇာတ်လမ်းကို ခံစားရေးဖွဲ့ပါသည်။)

ကြိုတောနဓမ္မပါလ

စာညွှန်း

ဦးအေးပင်တောရတိုက်၊ နာယကဆရာတော် ဦးအရိယမထေရ် (အဂ္ဂမဟာပဏ္ဍိတ) ပြုစုတော်မူသော 'ဝိသုဒ္ဓိမဂ်အရသာ'

www.burmeseclassic.com

www.burmeseclassic.com

နောင်တတစ်ဖန် မပူပန်ကြရစေလို

သစ္စာဝါဒီ-ဦးမြင့်အောင်

နောင်တဟူသည် နောင်မှရတတ်စမြဲ ဖြစ်သည်။ နောင်တရရန် ပေးဆပ်ရသည့် တန်ဖိုးကား ကြီးမားလှသည်။ ထိုနောင်တရရန် ပေးဆပ်ရသည့်တန်ဖိုးကား အသက်၊ သိက္ခာ၊ အချိန်၊ မျက်ရည်၊ သွေး၊ ချွေး၊ ဥဏ္ဍာသိန်း၊ စည်းစိမ်၊ ခြွေရံ၊ ဥစ္စာတို့ ဖြစ်သည်။

လူလောကၥ အများမကင်းကြ သောလူသားများအဖို့ မိမိပြုခဲ့မိသော အမှားကို သိမြင်ဆင်ခြင်လျက် ထိုအမှားမျိုး နောင်တစ်ဖန် မဖြစ်စေတော့ဟု သတိသံဝေဂဖြင့် ဆင်ခြင်ခြင်းသည် နောင်တကောင်းဖြစ်၍ ထိုမိုက်မှားပြုမိခဲ့သော အမှားအတွက် နောင်တတစ်ဖန် ပူပန်ခြင်းသဘောသည် ကုက္ကုစ္စသဘောပင် ဖြစ်ပါသည်။ ကုက္ကုစ္စ ဟူသည်ကား နောင်တတစ်ဖန် ပူပန်ထန်ပြင်းခြင်းဖြစ်ရာ ဤကုက္ကုစ္စအားဖြင့် နောင်တရမှုသည် မကောင်းမှုအကုသိုလ်ကိုပြုမိပြီးမှ ပြုမိတာ မှားလေစွဟု နောင်တရခြင်းနှင့် ကောင်းမှုကုသိုလ်ကို မပြုခဲ့မိ၍ မပြုမိတာ မှားလေစွဟု နောင်တရခြင်းအားဖြင့် နှစ်မျိုးရှိပါသည်။

ထိုသို့ အမှားကို သိမြင်ဆင်ခြင်၍ နောင်တစ်ဖန် ထိုအမှားမျိုးမဖြစ်အောင် ဆင်ခြင်သတိပြုခြင်းသည် ကောင်းမြတ်သည်ဖြစ်၍ ထိုဆင်ခြင်တုံပါသောနောင်တမျိုးသည် ကောင်းသောနောင်တဟု ဆိုရပေမည်။

ထိုသို့မဟုတ်၊ ပြုခဲ့မိသောအမှားကို တွေးတောပူပန်မှုသက်သက်ဖြစ်သော ကုက္ကုစ္စသည် လည်းကောင်း၊ အမှားကို မဆင်ခြင်မသိမြင်ပါဘဲ မှားပင်မှားမျိုးမှားဆတိုး၍ မှားမျိုးခါခါ ဆက်ကာဆက်ကာနေသူများကား နောင်တနှင့်ဝေး၊ မှားဘေးကြုံကြမည့်သူများသာ ဖြစ်လေမည်။ တစ်နည်းအားဖြင့် အမှားကိုမဆင်ခြင်မပြုပြင်ဘဲ ငါ့လေ့ငါထိုး ပဲခူးရောက် ရောက် ဟူ၍ ငါတကော ကောကာ အမှန်မခြင် ဉာဏ်မထင်ဘဲ မိုက်မှားကြသူများကား ဘဝလျှင် ဆုံးသည့်တိုင် နောင်တရမည့်သူမျိုးများ မဟုတ်ပါ။

နောင်တ ဟူရာ၌လည်း ထိုနောင်တကို အကြောင်းပြု၍ ပြုပြင်နိုင်မည့် နောင်တနှင့် ပြုပြင်မရနိုင်တော့သော နောင်တ ဟူ၍ရှိရာ မိမိမှားခဲ့သည်ကို သိမြင်ဆင်ခြင်လျက် ပြုပြင်မည်ဟူသော စိတ်၊ အမှန်အတိုင်းမြင်မှု၊ သင့်တင့်အောင် နလုံးသွင်းမှုတို့သည်ကား နောင်တကောင်းဖြစ်၍ အမှားကြောင့် ယူကျုံးမရ အပူလုံးကြွ၍ နောင်တတစ်ဖန် ပူပန်ပြုပြင်၍လည်းမရနိုင်တော့သော နောင်တမျိုးကား နှောင်းနောင်တသာ လျှင် ဖြစ်ရပေမည်။

ထိုထက် အသက်သာကျိုး အချောင်လိုက် အခွင့်အရေးယူ အမြတ်ထုတ်ကာ အမှားဆက်နေသူမျိုးကား ဘယ်အခါမှ နောင်တရမည်မဟုတ်ဘဲ ဘဝနစ်မြုပ်ဇာတ်ရှုပ်ထွေသာ လုံးလည်ချာပတ် အဆက်မပြတ် မှားဇာတ်ကလျက်သာ အဆုံးတိုင်ကြရပေမည်။

သို့ဖြစ်၍ နောင်တတစ်ဖန် ပူပန်ခြင်းတွင် လွန်ခဲ့သော အမှားပြုမိသည်ကို၊ ပြုပြင်၍မရနိုင်သည်ကို နောင်အခါ နောင်တတစ်ဖန်မျိုး ထပ်မံမဖြစ်ရလေအောင် ကြိုတင် ဆင်ခြင်သတိပြုရမည်ကို နိပါတ်တော်၌ ထင်ရှားလာရှိရာ နောင်တ (၁၀) မျိုးရှိကြောင်း တင်ပြလိုပါသည်။

နောင်တ(၁၀)ပါး

၁။ အသက်အရွယ်ကြီးရင့်ပါလျက် အတတ်ပညာမလုံလောက်သူတို့ကား အချိန်ရှိခိုက် ငယ်စဉ်က ပညာမသင်ခဲ့မိလေခြင်းဟု နောင်တကြီးစွာရတတ်သည်။

၂။ ပစ္စည်းဥစ္စာ ရသင့်ပါလျက် စုဆောင်းခဲ့ခြင်းမရှိသူတို့ကား ဥစ္စာမစုဆောင်းမိခဲ့လေခြင်းဟု နောင်တကြီးစွာရတတ်သည်၊

၃။ တစ်ယောက်နှင့် တစ်ယောက် မသင့်မြတ် ကွဲပြားလေအောင် ကုန်းတိုက်မိသူတို့ကား သူတစ်ပါး၏ချစ်ခင်သင့်မြတ်ခြင်းကို ဖျက်ဆီးမိခဲ့လေခြင်းဟု နောင်တကြီးစွာရတတ်သည်၊

၄။ သူတစ်ပါး၏အသက်ကို ကိုယ်တိုင်ဖြစ်စေ၊ တစ်ပါးသူအား စေခိုင်း၍ဖြစ်စေ ရက်စက်စွာ သတ်ဖြတ်ခဲ့မိသူတို့အား သူတစ်ပါး၏ အသက်ကို သတ်မိခဲ့လေခြင်းဟု နောင်တကြီးစွာရတတ်သည်၊

၅။ မိမိသားမယားဖြင့် မရောင့်ရဲနိုင်ဘဲ သူတစ်ပါး၏ ဇနီးမယားနှင့် သဘော်

www.burmeseclassic.com

www.burmeseclassic.com

ပျိုတို့ကို လွန်ကျူးမိသူတို့ကား သူတစ်ပါး၏ သားမယားကို ပြစ်မှား မိခဲ့လေခြင်းဟု နောင်တကြီးစွာရ တတ်သည်။

၆။ ပစ္စည်းဥစ္စာပြည့်စုံပါလျက် အလှူခံပုဂ္ဂိုလ်တို့အား မလှူဒါန်း သဒ္ဓါချို့၍ နှမြောတွန့်တိုခဲ့မိသူတို့ကား ဥစ္စာပစ္စည်းရှိလျက် မလှူဒါန်းမိခဲ့လေခြင်းဟု နောင်တကြီးစွာရတတ်သည်။

၇။ မိအို၊ ဖအို့တို့အား စောင့်ရှောက်ကျွေးမွေးနိုင်ပါလျက် စောင့်ရှောက်ကျွေးမွေးမှုမပြုခဲ့မိသူတို့ကား မိဘကို မလုပ်ကျွေးမိခဲ့လေခြင်းဟု နောင်တကြီးစွာရတတ်သည်။

၈။ လက်ဦးဆရာမည်သော မိဘတို့၏ ကောင်းရာညွှန်ပြ ဆုံးမစကားကို မထီလေးစား ပစ်ပယ်မိသူတို့ကား မိဘတို့၏ ဆုံးမစကားကို နားမထောင်မိခဲ့လေခြင်းဟု နောင်တကြီးစွာရတတ်သည်။

၉။ ဆရာသမားတို့အား ရိုသေဆည်းကပ် နည်းလမ်းကောင်းတို့ကို သင်ယူလိုက်နာခြင်း မရှိခဲ့သူတို့ကား ပညာရှိထံနည်းခဲ၍ မသင်ကြားမိခဲ့လေခြင်းဟု နောင်တကြီးစွာရတတ်သည်။

၁၀။ အကျင့်သီလပျက်ပြား၍ ကုသိုလ်ကောင်းမှုမပြုဘဲ အပျော်အပါး လိုက်စား မိုက်မှားမိသူတို့ကား မြတ်သောအကျင့်ကို မကျင့်မိခဲ့လေခြင်းဟု နောင်တကြီးစွာရတတ်သည်။

ဤသို့သော နောင်တ(၁၀)မျိုးဖြစ်တတ်ကြောင်းကို ဗုဒ္ဓမြတ်စွာသည် ဒွါဒသနိပါတ် ဇနသန္ဓဇာတ်တွင် ဟောကြားတော်မူခဲ့ပါသည်။

စာရှုသူများ 'လူမိုက်နောက်မှ နောင်တရ' ဟူသကဲ့သို့ နောင်တတစ်ဖန် မပူပန်ကြစေရန် ကြိုတင်ဆင်ခြင်ဖွယ်ရာ ပဋိဋ္ဌကတ်စာပေလောနှင့် ရာဇဝင်တို့၌လာရှိသော သာဓကအချို့ကို ကောက်နုတ် တင်ပြလိုက်ပါသည်။

အဖသတ်သား အဇာတသတ်

အဇာတသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား သတ်မိသော ပိတုဃာတကံကြီးကို လွန်ကျူးမိ၍ နောင်တကြီးစွာရခဲ့ရသည်။ မြတ်စွာဘုရားရှင်အား ဆည်းကပ်ရသဖြင့် အမှားသိမြင် ပြုပြင်ဆင်ခြင်လျက် ဖခင်ဗိမ္ဗိသာရမင်းကြီးအား ရည်မှန်း၍ မြတ်စွာဘုရားရှင်အား ဝန်ချတောင်းပန် ကန်တော့ရသော ကုသိုလ်ကြောင့် မိုက်မှားခဲ့မိသော အကုသိုလ်ကံကြီးသည် လောင်းရိပ်မိသော သစ်ပင်ပမာ နောင်အကျိုးပေးမသန်ဖြစ်၍ ခမည်းတော် အရိယာသောတာပန် ဗိမ္ဗိသာရမင်းကြီးကို သတ်မိသော်ကြောင့် ဒုတိယဘဝ မှချကောက်ငရဲကျမည့် အနန္တရိယကံကြီးထိုက်မှုသည် အဝီစိငရဲ၌ တကမ္ဘာခံရမည့် အပြစ်ဒဏ်ကြီးမှလွတ်၍ လောဟကုမ္ဘီကြေးအိုးငရဲ၌ အနှစ်ခြောက်သောင်းသာခံ၍ လွတ်ပြီးလျှင် ဝိဇိတာဝီပစ္စေကဗုဒ္ဓါပင် ဖြစ်ရဦးတော့မည်။

ဤကား ပြုပြင်မရနိုင်သော မိုက်နောင်တဖြစ်ကာ နောင်တတစ်ဖန် ပူပန်ခဲ့ရသော်လည်း ဘုရားရှင်အား ဆည်းကပ်ရကာ အမှားသိမြင် ပြုပြင်ရကျိုးရှိခဲ့ပေသည်။

ဒေဝဒတ်၏နောင်တ

မြတ်စွာဘုရားရှင်အား ဂိရိဗ္ဗကုဋ်တောင်ပေါ်မှ ကျောက်မောင်းဆင်ကာ သွေးစိမ်းတည်အောင်ပြုမိခြင်း၊ သံဃာတော်ကိုသင်းခွဲခြင်း စသော ကံကြီးများထိုက်ခဲ့သော ဒေဝဒတ်သည် မြေမျိုခံရစဉ် နောင်တကြီးစွာရှိခဲ့သည်ဖြစ်လျက် ဘုရားရှင်ကို ကန်တော့ခဲ့သည်။

နောင်တရလျက် အမှားသိမြင်ပြုပြင်သောစိတ်ဖြင့် ဘုရားရှင်အား ကန်တော့ရသောကုသိုလ်ကြောင့် အဝီစိငရဲ၌ တစ်ကမ္ဘာခံရပြီးလျှင် အပြစ်ဒဏ်လွတ်၍ အဠိဿရုပစ္စေကဗုဒ္ဓါအဖြစ်ရောက်ရပေမည်ဖြစ်၍ နောင်တတစ်ဖန် ပူပန်ခဲ့ရသော်လည်း ဘုရားရှင်အား ကန်တော့ရသော အမှားသိမြင် ပြုပြင်ရကျိုးရှိခဲ့ပေသည်။

သူဌေးသားလေးယောက်၏နောင်တ

ဒု-သ-န-သော အများပြောကြသော သူဌေးသားလေးယောက်တို့သည် ကုသိုလ်ကောင်းမှုပြုနိုင်လျက် ဥစ္စာပစ္စည်း ပြည့်စုံပါသော်လည်း ကုသိုလ်မပြု အကုသိုလ်မိစ္ဆာစာရ ကာမမှုအကုသိုလ်တို့ကို လွန်ကျူးခဲ့မှုကြောင့် လောဟကုမ္ဘီငရဲသို့ ကျရောက်ခဲ့ကြသည်။ ထို သံပူငရဲမှ အနှစ်ခြောက်သောင်းကြာမှ ပေါ်လာပြီးလျှင် 'ငါတို့သည် လူဘဝ တုန်းက ပစ္စည်းဥစ္စာ ပေါများပါလျက် အားကိုးလောက်သည့် ကုသိုလ်များကို မပြုမိဘဲ မှားယွင်းစွာ အသက်မွေးခဲ့ကြမိလေ၏' ဟု စကားကို ဆုံးအောင်ပင် မပြောနိုင်ဘဲ 'ဒု' ဟူ၍ အသံနက်ကြီး အော်ဟစ်ပြီး ပြန်လည် နစ်မြုပ်ခဲ့ရလေသည်။ ထိုသူဌေးသား ငရဲသားကား ကုသိုလ်ကောင်းမှုမပြုခဲ့မိခြင်းအတွက် နောင်တတစ်ဖန် ပူပန်ရသော ကုက္ကုစ္စဖြစ်ခဲ့ရလေသည်ဖြစ်၍ ပြုပြင်မရသော နှောင်းနောင်တဖြစ်ကာ အကျိုးမဲ့ရလေသည်။

မိတ္ထဝိန္ဒကာ၏မိုက်နောင်တ

ကဿပဘုရားရှင် လက်ထက်အခါက ဗာရာဏသီပြည်မှ ကုဋေရွှစ်ဆယ်ကြွယ်ဝသော သူဌေး၏သား မိတ္ထာဝိန္ဒကာသည် သားမိုက်သားဆိုးတစ်ယောက်ဖြစ်သည်။ မိဘတို့ကား သောတာပန်အရိယာပုဂ္ဂိုလ်များ ဖြစ်ကြသည်။

မိတ္ထဝိန္ဒကာသည် ဖခင်သူဌေး ကွယ်လွန်ပြီး မိခင်က ထိန်းသိမ်းစောင့်ရှောက် ဆုံးမမှုကို ဆန့်ကျင်ပစ်ပယ်၍ မိခင်အား ရိုင်းပျစွာ ကိုယ်ထိလက်ရောက် ရိုက်ပုတ်ပြစ်မှားကာ လေ့ဖြင့် သမုဒ္ဒရာသို့သွားခဲ့သည်။ သမုဒ္ဒရာ၌ လေနှစ်၍ သူယုတ်စာရေးတံမဲဓရာ မိတ္ထဝိန္ဒကာသည် သုံးကြိမ်ကျခဲ့သည်။

သူ့အား သဘော်မှချ၍ ဖောင်တော်ပေါ်တင်ကာ သမုဒ္ဒရာ၌ ချထားခဲ့ကြသည်။ သူသည် ကျွန်းသို့ ဆိုက်ကပ်ခဲ့ပြီး ကျွန်းများမှ ဝေမာနိကပြိတ္တာမတို့နှင့် တဏှာအလိုလိုက်ကာ ပျော်ပါးခဲ့ပြီး ဆက်သွားရာတွင် တံခါးလေးခုရှိ၍ သံတံတိုင်း ကာရံထားသော မြို့တွင်းသို့ သင်တုန်းစက်ကို ဦးခေါင်းပေါ် ရွက်လျက် သွေးများပန်းထွက်ကာ ဆင်းရဲဒုက္ခခံနေရသော ငရဲသားတို့နေရာ ဥဿဒငရဲသို့ ရောက်ခဲ့သည်။

အကုသိုလ်ကံကြီးလှသော မိတ္ထဝိန္ဒကာသည် ထိုသင်တုန်းစက်ကို ငရဲပန်းမှန်းမသိ။ ပဒုမ္မာကြာပန်းထင်လျက် ငရဲသားတစ်ဦးထံမှ ဤပဒုမ္မာကြာပန်းကို ငှါးပေးလော့ဟု အကြိမ်ကြိမ်တောင်းယူပြီး ဦးခေါင်းထက်တင်လိုက်သောအခါ သွေးဖြာဖြာထွက်စီးကာ ကြီးစွာ ဒုက္ခခံစားခဲ့ရသည်။

ထိုအခါ ဘုရားအလောင်း ရှက္ခစိုးနတ်သည် ထိုဥဿဒငရဲသို့ အဠိအရံဖြင့်လာ၍ လှည့်လည်သည်ကို မိတ္ထဝိန္ဒကမြင်၍-

"အကျွန်ုပ်သည် အဘယ်မကောင်းမှုကိုပြုခဲ့ဖူးပါသနည်း"

ဟု မေးသဖြင့် ဘုရားအလောင်းနတ်သားက-

"သင်သည် သုံးဆယ့်နှစ်ဦးသော ဝေမာနိကပြိတ္တာမတို့ကို ရခဲ့ပြီးတိုင် လိုရမှတ်ကြီးလှသဖြင့် ဤသင်တုန်းစက်ကို ရွက်၍ ဆင်းရဲခဲ့ရ၏"

ဟု ဆိုကာ မိမိနတ်ပြည်သို့ ပြန်

www.burmeseclassic.com

www.burmeseclassic.com

လေသည်။

ဇရပ်နန်းကို နတ်ပန်းထင်၍ ကြီးစွာသော ဆင်းရဲဒုက္ခခံစားနေရသော မိတ္တဝိန္ဒကကား မိမိမိုက်မှားသည့် အကုသိုလ်ကံကို သိခဲ့ရသော်လည်း နှောင်းနောင်တဖြစ်ကာ ပြုပြင်ခွင့်မရတော့လေပြီတကား။

မြန်မာရာဇဝင်လာ နရပတိစည်သူ၏ နောင်တ

ပုဂံခေတ်တွင် ကုလားကျမင်းနောက် သားတော် မင်းယဉ်နရသိခ်နန်းတက်၍ (၃)နှစ်စံပြီးနောက် ညီတော် နရပတိစည်သူမင်း လုပ်ကြံနန်းတက်ရာ နောင်တော်၏ အထိန်းတော်သား အနန္တသူရိယအမတ်အား နောင်တော်၏ဘက်သားဟု သတ်လေဟု လူသတ်တို့အား အပ်လေသည်။

အနန္တသူရိယအမတ်ကြီးသည် ရဲရင့်တည်ကြည်သော နှလုံးသားရှိသူဖြစ်၍ မသေမီ မျက်ဖြေလက်ံာ (၄) ပိုဒ်ကို ရေးသားပြီးလျှင် မင်းကြီးအား ဆက်သရန် မှာခဲ့လေသည်။

အနန္တသူရိယအမတ်ကြီး၏ မျက်ဖြေလက်ံာ

၁။ သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မှ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။

၂။ ရွှေအိမ်နန်းနှင့် ကြဥန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ စည်းစိမ်မကွာ၊ မင်းခမ်းသာကား၊ သမုဒ္ဒရာရေ မျက်နှာထက်၊ ခဏတက်သည်၊ ရေပွက်ပမာ၊တစ်သက်လျာတည်း။

၃။ ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွတ်လည်း၊ မလွတ်ကြွမှာ၊ လူတကာတို့၊ ခန္ဓာဒိုင်ကြည်၊ အတည်မမြဲ၊ ဖောက်လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါတည်း။

၄။ ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံး၏။ ခိုက်ကြုံဝံပါက်၊ သံသာစက်၌၊ ကြိုက်လတွန်မူ၊ တို့မယူလို၊ ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည်အနိစ္စာ၊ ငါ့ခန္ဓာတည်း။

နရပတိစည်သူမင်းကြီးသည် အမတ်ကြီး၏ မျက်ဖြေလက်ံာ (၄) ပုဒ်ကို ကြားရသော် ချက်ချင်း တရားရ၍ လွတ်လေဟု ဆိုလေသည်။ အမတ်ကြီး သေလွန်ပြီဖြစ်ကြောင်း လျှောက်ကြလေ၏။

မင်းကြီးသည် အနန္တသူရိယအမတ်ကြီး၏ မျက်ဖြေလက်ံာ (၄) ပုဒ်ကို ကြားသိရပြီးနောက် နောင်တကြီးစွာရခဲ့လေသည်။ မင်းကြီး၏နောင်တသည် နှောင်းခဲ့လေပြီ။ ပြုပြင်၍မရနိုင်တော့လေပြီ။

သို့ရာတွင် ထိုအမှားကို သိမြင်ဆင်ခြင်လျက် နောင်အခါ ငါက သတ်လေမိန့်သော်လည်း တစ်လလေးသီတင်းထား၍ စစ်ကြောဘိ။ သေထန်မှ သေပါစေဟု မင်းဆွေမင်းမျိုးဖြစ်သော မဟာသမန်းကို မိန့်ခဲ့လေသည်။ မင်းကြီး၏ထိုမိန့်မှာချက်သည်ကား အမှားသိမြင်အမှန်ပြင်၍ နောင်အခါ ထိုအမှားမျိုးမဖြစ်ရလေအောင် သတိသံဝေဖြင့် ဆင်ခြင်မှာကြားခြင်းဖြစ်၍ ပြုပြင်ကျိုးကား ဖြစ်ပေလိမ့်မည်။

နရသီဟပတေ့မင်းကြီး၏နောင်တ

ပုဂံပြည့်ရှင် နရသီဟပတေ့မင်းကြီးသည် နွေအခါ နန်းတော်မှ မြစ်ဆိပ်ရောက် တဲတန်းလျားဆောက်၍ အလုံကာရံပြီးလျှင် မိဖုရားမောင်းမတို့နှင့် ပျော်ရွှင်စွာ ရေဖျန်းပက်ကစားလေ့ ရှိသည်။

တစ်ခါသော် မင်းကြီးသည် မိမိချစ်လှသော မိဖုရားစောလုံကို ကျီစယ်သောအားဖြင့် မောင်းမတစ်ယောက်အား နှုတ်ထည့်၍ မိဖုရားစောလုံအား ဆဲပင်နှင့် တစ်ကိုယ်လုံး ရွှဲစိုအောင် ရေလောင်းစေလေသည်။

စိတ်ဆတ်သော မိဖုရားစောလုံသည် မင်းကြီး ထိုသို့ပြုမူစေခဲ့သည်ကို လွန်စွာ စိတ်နာကြည်းလျက် မင်းကြီး၏ စားတော်ပွဲတွင် အဆိပ်ခတ်ခဲ့လေသည်။ မင်းကြီးသည် စားတော်ပွဲကိုစားခါနီးတွင် အောက်က ခွေးချေသံကြား၍ နှိမိတ်မကောင်းဟု စားတော်ကိုမစားဘဲ ထိုခွေးကိုကွေးလေရာ ခွေးစား၍ တစ်ခဏ၌ သေလေသည်။

မင်းကြီးသည် ပြင်းစွာ အမျက်ထွက်၍ စစ်ဆေး မေးမြန်းလေလျှင် မိဖုရားစောလုံ အဆိပ်ခတ်သည်ကိုသိ၍ မိဖုရားအား သံကျပ်စင်တွင် ဖိထိုး၍ ကျပ်တင်သတ်စေလေသည်။

မိမိအား သတ်ရန် သံကျပ်စင်ဆောက်လုပ်နေစဉ်တွင် မိဖုရားစောလုံသည် (၇)ရက်မျှအတွင်း သီလဆောက်တည်၍ အဘိဓမ္မာတရားကို နာကြားကာ ဝုဏ်တော်တို့ကို ပွားများလျက် အမြဲ ပုတီးစိပ်လေသည်။ (၇) ရက်စေ့၍ မီးကျီးရဲနေသော သံကျပ်စင်ထက်သို့ မိဖုရားစောလုံတက်လျှင် မီးသုံးကြိမ်တိုင် ငြိမ်း၍ မလောင်ကျွမ်းခဲ့။ သုံးကြိမ်စေ့မှ ငါသည် ခဏချင်းတွင် လောင်ကျွမ်းစေသောဟု ဆုတောင်း၍ သေလွန်ခဲ့လေသည်။

ထိုသို့ မိဖုရားစောလုံ သေလွန်လေမှ နရသီဟပတေ့မင်းကြီးသည် နောင်တကြီးစွာရလျက် ကောင်းစွာ မအိပ်စက်နိုင်။ စက်တော်ခေါ် ရာမာ့ပင်ယောင်ယမ်းမြည်တမ်းလျက် စောလုံစောင့်ပါခလှည့်၊ စောလုံစောင့်ပါခလှည့်ဟူ၍ တမ်းတမိလေတော့သည်။

ဤသို့ နောင်တတစ်ဖန် ပူပန်ကြေကွဲရှိနေရာမှ မိဖုရားစောနှင့် ဆရာတော်မဟာထေရ်တို့က တရားဓမ္မဟောကြား နှစ်သိမ့်စေခဲ့သဖြင့် သက်သာရာရခဲ့သည်။

ထိုအခါမှစ၍ မင်းကြီးက နောင်အခါ ငါကသေစေဆိုကာမူ (၁၀) ရက်၊ (၁၅) ရက်ထားကာ စစ်ကြောရှာ၍ သေတန်မှ သေပါစေဟု မိမိ၏ဦးကြီးတော်ဖြစ်သည့် သိမ္ဘစည်းအား မှာကြားခဲ့လေသည်။

မိဖုရားစောလုံ သေလွန်ခဲ့ရသည်ကို အကြောင်းပြု၍ နရသီဟပတေ့မင်းကြီးရခဲ့သော နောင်တသည် နှောင်းနောင်တဖြစ်ကာ ပူပန်ခြင်းဖြစ်ခဲ့ရသော်လည်း ထိုအမှားမျိုး နောင်တတစ်ဖန် မဖြစ်စေရန် ပြုပြင်ကျိုးကား ဖြစ်ခဲ့ရပေသည်။

ဤသည်တို့ကာ ဝိဋ္ဌကစာပေလာသံဓကအချို့နှင့် ရာဇဝင်လာဖြစ်ရပ်သုံးသာဓကအချို့ ဖြစ်ပါသည်။

စာရှုသူများ အမှားကြောင့် နောင်တတစ်ဖန် ပူပန်မှုမျိုးမဖြစ်ရလေအောင် အရာခပ်သိမ်း၌ ကြိုတင်စဉ်းစား သတိထား အမှားနည်းရမည် ဟူသည့်အတိုင်း သတိတမံ၊ ဉာဏ်မြေကတုတ်၊ ပညာချွန်းဖြင့်အုပ်၍ ဆင်ခြင်တုံတရားဖြင့် ပြုမူဆောင်ရွက်နေထိုင်ခြင်းဖြင့် အမှားကင်း၍ နောင်တတစ်ဖန် မပူပန်ကြပါစေသောဝ်ဟု ဆန္ဒပြု တင်ပြလိုက်ပါသည်။

နောင်တတစ်ဖန် ပူပန်သူများအဖြစ်မှ ကင်းလွတ်ကြပါစေ။

သဒိသံပါကံဇနေတိ

သစ္စာဝါဒီ-ဦးမြင့်အောင်

ကျမ်းကိုး

၁။ ဇာတ်တော်ငါးရာငါးဆယ်
ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ-လန်ဒန်)

၂။ ခေတ်မီမြန်မာရာဇဝင်အကျဉ်း
အမျိုးသားပညာဝန်ဦးဖိုးကျား

၃။ ခင်ပွန်းကြီးဆယ်ပါး ပူဇော်ကျိုးနှင့် ပြစ်မှားကျိုး
သစ္စာဝါဒီ-ဦးမြင့်အောင်

www.burmeseclassic.com

www.burmeseclassic.com

'ချစ်သားတို့၊ ငါဘုရားအား လုပ်ကျွေးပြုစုလိုသောပုဂ္ဂိုလ်သည် နာမကျန်းသော ဂိလာနများကို ပြုစု လုပ်ကျွေးလော့'

(မဟာဝါပါဠိတော်)

(၁)

ဒီမြို့ဒီနေရာရောက်တာ (၂၄) နှစ်ပြည့်ခဲ့ပြီ ဖြစ်၏။ ထိုနည်းတူ မိမိ၏ စိတ်ဆန္ဒလည်း ပြည့်ဝခဲ့ချေပြီ။ မျိုးစေ့ချစိုက်ပျိုးခဲ့သော အပင်သည် ယခုအခါ ဝင့်ဝင့်ကြွားကြွားနှင့် ရှင်သန်နေပြီ ဖြစ်၏။ ဒီအရွယ်ရောက်အောင်၊ ဒီအနေအထားရောက်အောင် စိတ်ရောကိုယ်ပါ အပင်ပန်းခံ၍ ရေလောင်းခဲ့ရ၏။ မြေဆွခဲ့ရ၏။ ပေါင်းသင်ခဲ့ရ၏။ အပင်ကြီးထွားလာသည်နှင့်အမျှ ဂုဏ်သတင်းလည်း မွှေးပျံ့လာ၏။

နိုင်ငံတော်အစိုးရကလည်း (၂၈. ၉. ၉၀) ရက်စွဲပါ စာအမှတ် (၃၀/သရသ/၉၀) ဖြင့် အသိအမှတ်ပြုခဲ့၏။ ဒီအပင်ကြီးရဲ့ အမည်လေးကတော့ ရိုးရိုးလေးပါ။ ဗန်းမော်ခရိုင် ဘိုးဘွားရိပ်သာတဲ့။

(၂)

စားဝတ်နေရေး၊ ပညာရေးကို အခမဲ့ရယူနိုင်ပြီး သာသနာ့ဝန်ထမ်းရှင် ကောင်း၊ ရဟန်းကောင်းများ မွေးထုတ်ရာ ပရိယတ္တိစာသင်တိုက်ကြီးအတွင်း တိုက်တွင်းအစမ်းစာမေးပွဲ ဖြေဆိုပြီး ဆွမ်းစားပြီးစအချိန် ဖြစ်၏။

'ငါးဝိရည်. . စပ်ပုပ်ပုပ်. . ငရုတ်က လင်းမပါ. . ရေလုံပြုတ် ချဉ်ရည်မှာ . . ငါးကင်းကွာ. . ဆီဝေး. . ဝေး. . ဟား . . ဟား'

ဒီအသံကြားတော့ အခန်းအသီးသီးမှ တွဲပြန်သံများ ထွက်ပေါ်လာ၏။

"ဟုတ်လှပါလား၊ တယ်မိတဲ့ စာသားပဲ"

"ဗန်းမော်လက်သစ်ပေါ်ပြီဟေ့" အဆိုရှင် မိမိကို ဝိုင်းဝန်း ထောမ



www.burmeseclassic.com

www.burmeseclassic.com

နာပြုကြ၏။ တချို့ ကိုယ်တိုင်ထွက်လာပြီး ခိုးမှမ်းကြ၏။ နေရာကတော့ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ရွှေဟင်္သာတောရပါဋိဝတ္ထုသိုလ်တွင် ဖြစ်၏။ သီတင်းသုံးတော်မူကြသည့် သံဃာပေါင်းက (၃၀၀) ကျော်၊ တိုက်တည်းက တည်းက ဆွမ်းခံထွက်ခွင့်မပြု။ အရှေ့ဆွမ်း၊ နေ့ဆွမ်းကို တိုက်ကပဲ ကျွေး၏။

ဒီနေ့ ဆွမ်းဒကာမရှိသည့်ရက်မို့ ဘုဉ်းပေးခဲ့ရသည်ကို လက်တန်းဖွဲ့ဆို လိုက်သောကြောင့် အားလုံး ပွဲကျသွားခြင်းဖြစ်၏။

ထိုစဉ်က မိမိသည် ကျောင်းတိုက်ကြီး မီးလင်းရေး၊ ရေများရရှိရေးတာဝန်ကိုပါ ယူထားရသဖြင့် စာလုပ်ချိန် နည်းပါးပေသည်။ ရှုပသိဒ္ဓိနှင့် ကခ်ါအဋ္ဌကထာ (၂) ဝါ စာဆိုပါသေး၏။ စာသင်သားဘဝဆိုတာ ချမ်းသာတစ်ခါ၊ ဆင်းရဲအထိ ပျော်တစ်ခါ ပျင်းတစ်လှည့် ဖြစ်၏။

"မောင်ပဉ္စင်းတို့ရေ - အဘွားကို ဆွမ်းကျန်ပန်းကျန်လေးများ စွန့်ကြပါ"

အသံကြားလို့ ကြည့်လိုက်တော့ အသက်အရွယ် (၇၀) ခန့် ခါးကုန်းကုန်းနှင့် ဟောင်းနွမ်းနေသော တဘက်ကို ပခုံးပေါ် တင်ထားသည့် တောင်ဝှေးကိုင် အဘွားအိုကို မြင်ရ၏။ ဘယ်ကိုယ်တော်ကို လျှောက်လို့လျှောက်မှန်းမသိ။

သပိတ်သုတ်သူကသုတ်၊ တံပူဝါးသူကဝါး၊ စာကြည့်သူကကြည့်နဲ့။ အသံကြားရတုန်းသာ ဖျတ်ခနဲလှမ်းကြည့်ပြီး နောက်တော့ ကိုယ့်အလုပ်ကိုယ် လုပ်နေကြ၏။ အစမ်းစာမေးပွဲဖြေရန် အချိန်ကလည်း တစ်နာရီခန့်သာလိုတော့သည်မို့ အဘွားအိုကို သံဃာမန် သူတောင်းစား တစ်ယောက်ဟု သဘောထားလိုက်ကြဟန်တူ၏။

မိမိလည်း အများနည်းတူ စာဖြေရမှာမို့ ရင်ဖိုစိတ်မောလျက် စာအုပ်ကို ကောက်ကိုင်လိုက်၏။ စာအုပ်ကို လက်ကသာ ကိုင်ထားပြီး အကြည့်ကတော့ အဘွားအိုဆီ ရောက်နေ၏။

အချိန်ကလည်း (၁၁) နာရီခန့်၊ ရာသီကလည်း တပေါင်းလမို့ အတန်ပင် ပူပြင်း၏။ အဘွားအိုသည် တဘက်နွမ်းဖြင့် အသာအယာ လေယမ်းရင်း နောက်တစ်ကြိမ် အသံထွက်ပေါ်လာ၏။

"အဘွားကို ဆွမ်းကျန်ပန်းကျန်များ စွန့်ကြပါ"

အဘွားအိုအသံသည် သူတောင်းစားအသံနှင့်မတူဘဲ ကရုဏာသံအတော်လွှမ်းနေသည်ကို သတိပြုမိသည်။ ရုပ်ကိုလည်း သေချာအကဲခတ်တော့ သူတောင်းစားအစစ်တော့ ဖြစ်မည်မထင်။ ထူးတော့ထူးနေ၏။

ယခု ရွှေဟင်္သာမှာ ဆွမ်းမခံရပါသော်လည်း ခြင်းခြံမဟာစည်နှင့် အမရပူရမဟာဂန္ဓာရုံတို့မှာ ဆယ်နှစ်ကျော် ဆွမ်းခံအတွေ့အကြုံများအရ စာအုပ်ကို ကိုင်ရင်း ရုပ်ကိုပါ အကဲခတ်နေမိခြင်းဖြစ်၏။ ယခင်က ဘောဂသမ္ပတ္တိပြည့်စုံခဲ့ခြင်း အရိပ်အယောင်ကို ဇရာပင်အို သော်လည်း တွေ့နေရသေးသည့် သမ္ပတ္တိအရှိန်ကို စဉ်းစားအဖြေရှာနေမိခြင်းဖြစ်၏။ ဘိက္ခုနသီလော ယာစနသီလော ဘိက္ခုချင်းပေသည့် စားဦးစားနှင့် စားကြွင်းစား ဘုရားသား သီလသမာဓိဝုဏ်ချင်းခြားနားမှုတွေလည်း ဉာဏ်ထဲပေါ်လာ၏။

"မောင်ပဉ္စင်းရယ်၊ ဆွမ်းကျန်ပန်းကျန်လေးများ စွန့်ကြပါ"

တဲ့။ ဒီအသံလေးက မိမိနှလုံးသားထဲအထိ ယိုဆင်းသွား၏။

"အဘွားရေ၊ တိုက်တာစည်းကမ်းအရ ဆွမ်းစားကျောင်းမှာလည်း ဝ အောင်စားပြီး အပြန်ယူလာခွင့် မရှိပါဘူး။ ဒါပေမယ့် အများနည်းတူဝေလိုက်တဲ့ လိမ္မော်သီး၊ ငှက်ပျောသီးတော့ ရှိပါတယ်။ စားမလား အဘွား"

"တင်ပါ့-ဘုရား"

လှမ်းလိုက်သော အဘွားအို၏ လက်သည် တုန်ယင်၍နေ၏။ မျက်လုံးနှင့် ပါးစောင်တို့လည်း တော်တော်လေး ချိုင့်ဝင်နေ၏။

"အဘွား၊ အဘွားမှာ သားတွေ၊ သမီးတွေကော ရှိလား။ အဘိုးကော ရှိသေးလား"

အဘွားအိုသည် လိမ္မော်သီးကို တုန်တုန်ခါခါနှင့် အခွံနွှာကာ၊ ပါးစပ်တွင်းထည့်၍ မြို့ရင်း ဆို့နှင့်ကြေကွဲသံဖြင့် မိမိအမေးကို ဖြေဆိုလေ၏။

"ကိုယ်တော်တို့ဒကာ ရှိတုန်းက ဒီလိုဘဝမျိုးရောက်လာမယ်လို့ မထင်ဘူး ဘုရား။ တပည့်တော်မတို့က အရင်တုန်းက သိမ်ဒကာ၊ ကျောင်းဒကာ၊ ရဟန်းဒကာပါ ဘုရား။ ဒကာကြီးမရှိတော့တဲ့နောက် စီးပွားရေးတွေကျပြီး တဖြည်းဖြည်းနဲ့ ဒီဘဝမျိုးရောက်တော့တာပဲ ဘုရား။ ကံချ၍ပါလော၊ ဉာဏ်မပါ၍ပါလော၊ ဝိရိယဟာ၍ ဖြစ်သလော။ မိမိဉာဏ်ဖြင့် မစဉ်းစားတတ်တော့ပါဘူး ဘုရား"

အဘွားအို၏ စကားဆုံးသည်နှင့် စာမေးပွဲဖြေရန် အချက်ပေးသံကြားရလေ၏။ စာသင်သားတို့လည်း လှုပ်လှုပ်ရွရွနှင့် စာသင်တိုက်ဆီသို့ သွားကြလေ၏။

"အဘွားရေ၊ စာမေးပွဲဖြေရတော့မှာမို့ သွားတော့မယ်"

မိမိလည်း အဘွားအိုကို နှုတ်ဆက်ပြီး စာဖြေခန်းမဘက် ထွက်လာခဲ့၏။

"ဩော်- စာချဆရာတော်ဘုရား ပြောတဲ့ မဟာခေနသူဌေးသား၊ သူဌေးသမီး သူတောင်းစား အဘိုးအို၊ အဘွားအိုဖြစ်ရတယ်ဆိုတာနဲ့ တူနေပြီရော"

အဘွားအိုအကြောင်း စဉ်းစားဝေဖန်ရင်း ခန်းမရှေ့ရောက်တော့ စာချဆရာတော်ဘုရားနှင့် မျက်နှာချင်းဆိုင်တွေ့သမို့ ဖိနပ်ကိုချွတ် ခြေစုံရပ် လက်အုပ်ချီပြီး အရိုအသေပေးကာ ဂါရဝပြု၏။ ဒါ ရွှေဟင်္သာရဲ့အစဉ်အလာမဟုတ်လား။

ဖိနပ်ကို ပြန်စီးရင်း အဘွားအိုကို သတိရ၍ နောက်လှည့်ပြန်ကြည့်သောအခါ ဆံပင်ဖြူဖြူ၊ ခါးကုန်းကုန်းနှင့် တဘက်နွမ်းတင်လျက် တောင်ဝှေးထောက်ကာ တုံ့နှေးတုံ့နှေးနှင့် သွားနေသော အဘွားအို၏ ကျောပြင်ကိုသာ မြင်ရတော့၏။

(၄)

"စာကိုသာ စိတ်ဝင်စားစမ်းပါ။ အခုလို မြင်ရတဲ့ သာသနာ့ဒါယကာ၊ ဒါယိကာမတွေအတွက် အကောင်းဆုံးကတော့ ဘိုးဘွားရိပ်သာလို့ခေါ်တဲ့ ပရဟိတလုပ်ငန်းမျိုး လိုအပ်တယ်"

"အရှင်တို့ တစ်ချိန်ကျလုပ်ပေးနိုင်လုပ်ပေးကြပေါ့။ မေတ္တာရှေးရှုသည့် ကတညုတ ကတဝေဒီ အကောင်းဆုံး ပရဟိတလုပ်ငန်းပဲ။ ကဲကဲ- အခုတော့ စာပဲအာရုံစိုက်"

အဘွားအိုအကြောင်း စိတ်ထဲမတင်မကျဖြစ်မိသည်မို့ စာချဆရာတော်ကို မေးလျှောက်မိ၏။ တုံ့ပြန်လာသော ဆရာတော်၏ ဩဝါဒသည် မိမိနားထဲမှ မထွက်တော့။ နှလုံးသားထဲ သံမှိုရိုက်ဘိနှယ် စွဲထင်နေတော့၏။

"အဘွားရေ၊ မသေသေးနှင့်ဦး။ တစ်ချိန် ကျုပ်ဘုန်းကြီးဖြစ်ရင်. . .

ဇန်းမော်မဟေသိ

www.burmeseclassic.com

www.burmeseclassic.com

နိဂဗောဓိသုတ်

ဥက္ကလာပသည် မြို့အမည်လည်း ဟုတ်၏။ မင်းအမည်လည်း ဟုတ်၏။ ဥက္ကလာပမင်း၏ယေ်မည်မှာ ပေါလ ဖြစ်၏။ ဥက္ကလာပဟုလည်း ခေါ်၏။ ဥက္ကလာပလုလင် အသက် (၁၆) နှစ်သားအရွယ်တွင် ရွာတစ်ရွာ တည်ထောင်၏။ ယင်းရွာကို ဥက္ကလာပရွာ၊ ဥက္ကလာပဇနပုဒ်ဟု ခေါ်၏။ ဥက္ကလာပသားတို့သည် လယ်ယာလုပ်ငန်းအပြင် တစ်ရပ်တစ်ကျေးသို့ ကုန်သွယ်သွားကြသည်လည်း ရှိ၏။ သို့နှင့် ဥက္ကလာပ ဇနပုဒ်သည် တဖြည်းဖြည်း ကြီးကျယ်လာ၏။

မဟာသက္ကရာဇ် ၈၇ ခုနှစ်တွင် ဥက္ကလာပလုလင် (၁၉) နှစ် ရှိလာ၏။ ဥက္ကလာပသားတို့က ဥက္ကလာပဇနပုဒ်ကို ကျူး၊ မြောင်း၊ ပစ္စင်၊ ရင်တား၊ သူရဲပြေးစသည့် မြို့ပြအဝိုနှင့်အညီ မြို့ပြတည်ထောင်ပြီး ပေါလအား ဥက္ကလာပ ဟူသောဘွဲ့ဖြင့် မင်းမြှောက်၏။

မဟာသက္ကရာဇ် ၁၀၂ ခုနှစ်အကုန် ၁၀၃ ခုနှစ်အရောက်တွင် ဥက္ကလာရွှေပြည်တော်၏တောင်ဘက် ပေါက္ခရဝတီမြို့မှ တပုဿ၊ ဘလ္လိက ညီနောင်နှစ်ပါးတို့သည် တိုင်းတစ်ပါးသို့ ကုန်စည်ရောင်းဝယ်သွားလာမြဲ ဖြစ်၏။ ထိုစဉ်က အဇ္ဈတ္တနဂရပြည်တွင် အသပြာတစ်ပြည် ဆန်တစ်ဒုံ၊ ဆန်တစ်ပြည် အသပြာတစ်ဒုံလဲရသည် ဟူသော သတင်းကြားသိရ၏။ ထို့ကြောင့် ဆန်အများအပြားတင်ဆောင်ပြီး ထွက်သွား၏။ ရက်များမကြာမီ အဇ္ဈတ္တနဂရပြည်သို့ တက်သွားမြဲ ဆိပ်ကမ်းဇနပုဒ်ရွာသို့ ရောက်၏။ ထိုမှလည်း (၅၀၀) ဌားရမ်းပြီး ဆန်များကို တင်ဆောင်၍ သွားကြပြန်၏။

ထိုစဉ် မဇ္ဈိမဒေသတွင် ဂေါတမမြတ်စွာဘုရားပွင့်တော်မူပြီး လင်းလွန်းပင်ရင်းတွင် သတ္တသတ္တာဟ စံနေတော်မူ၏။ ကုန်သည်ညီနောင်တို့ ထိုနေရာသို့ ရောက်ရှိသွားရာ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးနေသော အလွန်တရာ သပ္ပာယ်သည့် မြတ်စွာဘုရားကို ဖူးတွေ့ရ၏။ ထို့နောက် ကြွက်ကျစ်မုန့်၊ ပျားမုန့်ဆုပ်ဆွမ်းကိုကပ်ရာ မြတ်စွာဘုရားက ပဲနောက်အဆင်းရှိ သပိတ်တော်နှင့်ခံယူပြီး ဆွမ်းဘုဉ်း၏။ သည့်နောက် တပုဿနှင့် ဘလ္လိက ညီနောင်နှစ်ပါးအား ဆံတော်ရှစ်ဆူ ပေးသနားတော်မူ၏။ သို့သော် တပုဿနှင့် ဘလ္လိကတို့၏ ဇာတိအရပ်ဒေသနှင့်ပတ်သက်၍သော်လည်းကောင်း၊ ဆံတော်ရရှိမှုနှင့်ပတ်သက်၍သော် လည်းကောင်း ကျမ်းအမျိုးမျိုးတွင် အဆိုအမိန့်အမျိုးမျိုး မိန့်ဆိုခဲ့၏။

အချို့က ဥက္ကလာပသည် မွန်တိုင်းရင်းသားတို့ မှီတင်းနေထိုင်ရာ တရိုဟကမ္မဖြစ်သည် ဆို၏။ တရိုဟကမ္မကို တကုမ္မဟုလည်း ခေါ်၏။ တိကုမ္မဟု ကဏ္ဏဇပဋ္ဌမအက္ခရာ ကကြီးနှင့် ရေးမှသာ အမှန်ဖြစ်၏။ ကုမ္မသည် မွန်ဝေါဟာရဖြစ်၍ ချောင်းကို ဆိုလို၏။ မဂဓသဒ္ဒါသုံးခု သခ်္ခာဟောတိ သဒ္ဒါနှင့်တွဲ၍ ချောင်းဆုံးချောင်းဆုံရာဟု မှတ်ယူရာ၏။ ထို့ကြောင့် တိကုမ္မနဂရ-တိကုမ်မြို့သည် ချောင်းသုံးခုဆုံရာ၌ တည်ထားသောမြို့ဟု အဓိပ္ပာယ်ရ၏။ ချောင်းသုံးချောင်းကား-

၁။ ပဲခူးချောင်း
၂။ ငမိုးရိပ်ချောင်း
၃။ ပုဇွန်တောင်ချောင်း
စသည်တို့ ဖြစ်၏။ တစ်နည်းအားဖြင့်-

၁။ ငမိုးရိပ်ချောင်း
၂။ မော်ဝန်းချောင်း
၃။ လှိုင်မြစ်
တစ်နည်းကား-
၁။ ငမိုးရိပ်ချောင်း
၂။ ပန်းလှိုင်ချောင်း
၃။ ပဲခူးချောင်း စသည်ဖြင့် အမျိုးမျိုး ဖော်ပြခဲ့ကြ၏။ သို့သော် ကလျာဏီကျောက်စာမူများတွင် တိဂုမ္မဟု 'ဂ' ယေ် နှင့်သော်လည်းကောင်း၊ တိကုမ္မဟု 'က' ကြီးနှင့်သော်လည်းကောင်း ရေးထိုးခဲ့၏။

တိဂုမ္မ၊ တိကုမ္မနှင့် ဥက္ကလာပ အခေါ်အဝေါ်နှင့်ပတ်သက်၍ ရှေးဟောင်းမှတ်တမ်းအစောင်စောင်တို့တွင် ဤသို့ဖော်ပြထား၏။ ရွှေတိဂုံစေတီတော်မြတ်ကြီးမတည်မီက သိဂုံတွရကုန်းနှင့် အရံကုန်း (၉) ကုန်းကို မြို့ကြီးလေးမြို့မြစ်မြောသုံးမြို့၊ ချောင်းသုံးချောင်း ဝန်းရံထား၏။ မြို့သုံးမြို့မှာ-

၁။ မြောက်အရပ်ရှိ ဥက္ကလာပမင်းကြီး စိုးစံသော တရိုကုမ္မနဂရခေါ် ဥက္ကလာမြို့တော်။

၂။ အရှေ့အရပ်ပါဒနိုင်ငံ၏ မြို့တော်ဖြစ်သော သန်လျင်မင်းကြီး စိုးစံသည့် ရမ္မာဝတီမြို့တော်။

၃။ တောင်အရပ်ရှိ ပေါက္ခရဝတီခေါ် ဧည်ဝတီမြို့(ယခု တွံတေးမြို့အနီး)။

၄။ အနောက်အရပ် ဝါးတစ်ရာမြစ်အနီးရှိ အသိတဉ္ဇန်မြို့များ ဖြစ်၏။

မြစ်မြောသုံးမြို့မှာ-

(၁) ပဲခူးမြစ်၊
(၂) မော်ဝန်းမြစ်၊
(၃) လှိုင်မြစ်များ ဖြစ်၏။

ချောင်းသုံးချောင်းမှာ-

(၁) အရှေ့အရပ် ဒီတိုးသရက်ချောင်း (ယခု ငမိုးရိပ်ချောင်း)၊
(၂) တောင်အရပ် ပေါက္ခရဝတီမြို့အနီးရှိ ပုစွန်ဒီချောင်း၊
(၃) အနောက်အရပ် အသိတဉ္ဇနမြို့အနီးရှိ အသိစန္ဒနချောင်း (ယခု ဝါးတစ်ရာချောင်း) တို့ ဖြစ်၏။ ဥက္ကလဇနပုဒ် (သို့) ပေါက္ခရဝတီသည် တစ်နည်းအားဖြင့် အသိတဉ္ဇနဟုလည်း ခေါ်၏။

ဓမ္မစေတီမင်းရေးထိုးခဲ့သည့် ရွှေတိဂုံကျောက်စာ၌ သိဂုံတွရကုန်းတော်၏ အရှေ့အရပ်တွင် ပေါက္ခရဝတီ (နောက်ဧည်ဝတီ) နှင့် ပုစွန်ဒီချောင်း၊ အနောက်အရပ်တွင် အသိတဉ္ဇန (နောက်အသိတဉ္ဇနမြို့) နှင့် အသိစန္ဒနချောင်း၊ မြောက်အရပ်တွင် တြိဟကမ္မ (နောက်တြိကုမ္မ ဥက္ကလာပ) မြို့ တည်ရှိသည်ဟု ဖော်ပြပါရှိ၏။

ရွှေတိဂုံကျောက်စာသည် ဘုရင်မှကြီးရှင်စောပုနှင့် ရာဇဓိပတိ (ဓမ္မစေတီမင်း) တို့ ရွှေတိဂုံဘုရားကို ပြုပြင်ကြောင်းနှင့် ရွှေတိဂုံသမိုင်းကို ရေးထိုးထားသော ကျောက်စာဖြစ်၏။ ယင်းကို မူလတွေ့ရှိရာ ရွှေတိဂုံဘုရားအရှေ့ဘက်စောင်းတန်းတွင် စိုက်ထူထား၏။ ဤကျောက်စာကို ၁၉၂၁ ခုနှစ်၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် မြန်မာပြည်ကျောက်စာများစာရင်းစာအုပ်၊ နောက်ဆက်တွဲ စာရင်းအမှတ် (၁၅)ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့်ပင် ထုတ်ဝေသော မြန်မာပြည်ကျောက်စာအတွဲ (၄) အပိုင်း (၁) ၌ ဖော်ပြပါရှိ၏။

တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့၏ဇာတိအရပ်ဒေသနှင့် ပတ်သက်၍ ရှေးဟောင်းကျမ်းစာများတွင် အဆိုအမိန့် အမျိုးမျိုးရှိ၏။

ရှေးအခါ ရာမညတိုင်း အသိတဉ္ဇနမြို့ နောက်အခါ ပေါက္ခရဝတီမြို့ ဥက္ကလာပဇနပုဒ်မှ ယခုအခါ ရန်ကုန်မြို့ အနောက်မြောက်ဖြစ်သော မဇ္ဈိမဒေသအရပ်သို့ တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ လှည်းငါးရာတို့နှင့် ကုန်ရောင်းသွားကြရာတွင်. . .

(သဒ္ဓန္တ မေဓာဝီ
စေတိယပကာနီကျမ်း)

ဥက္ကလာပမင်းကြီး၏ အသုံးတော်ခံဖြစ်သော (ပေါက္ခရဝတီ) အသိတဉ္ဇနမြို့နေ သုဝဏ္ဏသူဌေးကြီးအား တပု

www.burmeseclassic.com

www.burmeseclassic.com

သ၊ ဘလိုကမည်သော ညီနောင်နှစ်ယောက်. . .

(ဆရာတော် ဦးဝံသအဂ္ဂ၊ ရွှေတိဂုံသမိုင်းသစ်)

ဗုဒ္ဓဝိဋ္ဌကအဖွင့် အဋ္ဌကထာများတွင် တပုဿ၊ ဘလိုကတို့၏ဇာတိဒေသကို အသိတဝွန်မြို့ဟု ပြကြသည်။ ထို့တပုဿ၊ ဘလိုကတို့ ဆံတော်ဌာပနာ၍ စေတီတည်ရာမြို့ကိုလည်း အသိတဝွန ဂ၇ရဟုပင် ပြဆိုကြသည်။

(ဆရာမာဃ-ပုသိမ်ရာဇဝင်)

ရှင်ဗုဒ္ဓယောသနှင့် ဓမ္မပါလတို့က ညီနောင်တို့၏ ဇာတိမြို့ကို အသိတဝွန သို့မဟုတ် ပေါက္ခရုတီဟု ခေါ်ဆို ဖော်ပြကြသည်။ ညီနောင်တို့သည် ဆံတော်များကို မိမိတို့ဇာတိဒေသဖြစ်သော အသိတဝွနစေတီတွင် ဌာပနာကြောင်း လက်မွန်အစ ပဋ္ဌမဖော်ပြသည့်ပုဂ္ဂိုလ်မှာ အရှင်မဟာဗုဒ္ဓယောသဖြစ်လေသည်။

(ဦးသိမ်းမောင်၊ ရန်ကုန်ရာဇဝင်သမိုင်း)

ရာမညတိုင်း ဥက္ကလဇနပုဒ် ပေါက္ခရုတီမြို့မှ တပုဿနှင့် ဘလိုက ကုန်သည်ညီနောင်တို့သည် ကုန်သွယ်ခြင်းငှာ လှည်းငါးရာနှင့် မရွှိမဒေသသို့ လာကြသည်တွင် ဘုရားရှင်ရှိရာအရပ်သို့ ရောက်လေသော်. . .

(ကိုးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဇိနတ္ထပကာသနီကျမ်း)

မြတ်စွာဘုရားသည်. . . တပုဿ ဘလိုကတို့အား. . . (၁၈) . . . အသိတဝွနဂရ. . .

(ရွှေတိဂုံမွန်ကျောက်စာ (က) ဘာသာပြန်)

ဥက္ကလာဇနပဒအမည်သော ရာမညတိုင်းသား လက်ဦးစွာ ဒွေဝါစိက သရဏဂုံယူ၍ လက်ဦးစွာ ပျားဆုပ်မုန့် ကြွက်ကျစ်မုန့်အာဟာရလှူဒါန်းရသော တပုဿနှင့် ဘလိုကကုန်သည်ညီနောင်တို့က အရင်စ၍ ဘုရားဖြစ်တော်မူဦး သတ္တဌာနအလွန် (၇) ရက် (၇) ကြိမ် (၄၉) ရက် ဝါဆိုလဆန်း (၄) ရက်၊ (၅) ရက်ပင် ရာမညတိုင်း၌ သာသနာတော်မြတ် သက်ဆင်းစ ဖြစ်သည်။

(အမတ်ကြီး မဟာဓမ္မသင်္ကြန် သာသနာလင်္ကာရစာတမ်း)

တပုဿ၊ ဘလိုကတို့ နေရပ်ဌာနသည် ဝိနည်း မဟာဝါပါဠိတော်တွင် ပေါက္ခရုတီမြို့၊ ဥက္ကလာဇနပုဒ်မှ မရွှိမဒေသသို့ ကုန်ရောင်းသွားသည်ဟု ဆိုသည်။ အဂိုတ္တိရိအဋ္ဌကထာက အသိတဝွနမြို့၊ ဥက္ကလာဇနပုဒ်ဟူ၍ ဆိုသည်။ ရွှေတိဂုံသမိုင်းဟောင်း၌လည်း ယခု ရန်ကုန်မြို့သည် ရှေးအခါက အသိတဝွနမြို့ဖြစ်ကြောင်း၊ နောက် ဥက္ကလာပဇနပုဒ်ဖြစ်ကြောင်း ဆိုသည်။

ရှစ်ရက်မြောက်သောနေ့၌ ဥက္ကလာပဇနပုဒ် ပေါက္ခရုတီမြို့မှ တပုဿနှင့် ဘလိုက ကုန်သည်ညီနောင်သည် ကုန်သွယ်ခြင်းငှာ လှည်းငါးရာနှင့် လာကြသည်တွင် ဘုရားရှင်ရှိရာအရပ် အနီးသို့ရောက်သော်. . . ။

ညီနောင်နှစ်ဖော်တို့လည်း ဆံတော်ကိုရလျှင်ပင် အမတနတ်ရောင်ဖြင့် ကိုယ်တွင် သွန်းလောင်းသကဲ့သို့ နှစ်ထောင်းအားရ ပီတိကြွလျက် ဥက္ကလာပဇနပုဒ် သို့မဟုတ် အသိတဝွနမြို့ နှစ်လိုဖွယ်ရာ ဥက္ကလာပတိုင်း သမိုင်းစာအရ ပေါက္ခရုတီ ဘွဲ့ချီဝေါဟာရ ကြေညာဆန့်စုန်၊ မြို့ရန်ကုန်ဟု ဆိုအပ်သော နဂိုသာစည် မိမိတို့နေပြည်တော်သို့ ပြန်လည်ခဲ့ကြရာ. . .

(ရွှေတိဂုံသမိုင်းတော်သစ်)

ထိုရောအခါ တပုဿ၊ ဘလိုက အမည်ရှိသော ကုန်သည်ညီနောင်တို့သည် ဥက္ကလာပအမည်ရှိသော ဇနပုဒ်မှ ဘုရားရှိရာ မရွှိမတိုက်အရပ်သို့ အခွန်ရှည်သောခရီးကို သွားလေကုန်၏။

(ကဝိဝံသာဘိဓဇ မာလာလင်္ကာရ ဝတ္ထုတော်ကြီး ဒုတိယတွဲ)

ဥက္ကလာပမင်းကြီးသည် အလွန်တန်ခိုးအာနုဘော်ကြီး၏။ မွန်တိုင်းအလုံး အုပ်စိုးစံတော်မူပြီး တြိကုမ္ဘ ဥက္ကလာပမြို့၌ မင်းပြုတော်မူစဉ် ထိုမင်း၏ အသုံးတော်ခံ ပေါက္ခရုတီ အသိတဝွနမြို့နေ သုဝဏ္ဏသူဌေးကြီးသား တပုဿနှင့် ဘလိုကညီနောင်တို့သည်. . .

(နဂါးဗိုလ်ထိပ်တင်ထွေး ရန်ကုန်ရာဇဝင်)

၇၅၃။ ဗောဓိပင်စည်ကမေးသည်။ ကုန်သည်လာလမ်း ဘယ်ကနည်း။

၇၅၄။ ညီနောင်ကုန်သည် ရှာဖွေနည်း။ မည်သည့်မြို့အရပ်ကလာသနည်း။

ဟူသော အမေးပုစ္ဆာနှစ်ခုခွဲ အဖြေဝိသဇ္ဇနာကား-

အင်္ဂုတ္တိရ် အဋ္ဌကထာ၌ တပုဿ၊ ဘလိုကတို့သည် အသိတဝွနမြို့ ဥက္ကလာဇနပုဒ်မှ မရွှိမဒေသသို့ ကုန်ရောင်းသွားရာတွင် တွေ့သည်ဟု ဆိုသည်။

ရွှေတိဂုံသမိုင်းဟောင်းတွင်လည်း ယခု ရန်ကုန်မြို့သည် ရှေးအခါ အသိတဝွနမြို့ဖြစ်ကြောင်း၊ တစ်ဖန် ပေါက္ခရုတီမြို့တွင်ကြောင်း၊ ဥက္ကလာပဇနပုဒ်ဖြစ်ကြောင်း ဆိုထား၏။

(ကိုးသဲလေးထပ်ဆရာတော် စွယ်စုံကျော်ထင်ကျမ်း)

အထက်ပါအချက်အလက်များကို ထောက်ရှုသော် တပုဿ၊ ဘလိုကတို့၏ ဇာတိရပ်မြေသည် အသိတဝွန၊ ပေါက္ခရုတီ၊ ဥက္ကလာဇနပုဒ် စသည့် အရပ်ဒေသများဖြစ်သည်ကို တွေ့ရှိရ၏။

ပုသိမ်ရာဇဝင်အရ ပုသိမ်မြို့၏ ရှေးအကျဆုံးအမည်လည်း အသိတဝွန ဂရ ဖြစ်၏။ စာဆိုစုတေသီများက ထိုမြို့ကို ဗုဒ္ဓဝိဋ္ဌကအဖွင့်အဋ္ဌကထာများတွင် ဖော်ပြထားသော အသိတဝွနမြို့ဟု ယူဆလို၏။ တကောင်းသည် ဘီစီ ၃ ရာစုအတွင်း ထွန်းကားခဲ့သည့် မြို့တစ်မြို့ ဖြစ်၏။ ထို့ကြောင့် ရာမညတိုင်း ဥက္ကလာပ အသိတဝွနမြို့တို့သည် ဘီစီ ၃ ရာစုကတည်းက တည်ရှိခဲ့သောမြို့များ ဖြစ်၏။

မွန်သမိုင်းအရ မဟာသက္ကရာဇ ၇၁ ခုနှစ်တွင် ဥက္ကလာပမင်းကို မွေးဖွား၏။ ထိုစဉ်က ဥက္ကလာပဇနပုဒ်တွင် နိုင်ဒကောင်းရွာတ် (နာဒကောင်ရတ်) နှင့် မိဒကောင်းဗလွဲ (မိဒကောင်းဗဲ) သူဌေးနှီးမောင်နှံနှစ်ဦး ရှိ၏။ ယင်းတို့တွင် ရုပ်အဆင်းအဂိါနှင့်ပြည့်စုံသည့် မိဒကောင်းဖိုတ် (မိဒကောင်းဖိုတ်) ခေါ် သမီးတစ်ဦး ရှိ၏။ မိဒကောင်းဖိုတ် အရွယ်ရောက်သော် ဥက္ကလာပမင်းက မိဖုရားမြောက်၏။

တစ်နည်းကား ဥက္ကလာပမင်းကြီး၏နယ်ပယ်တွင် ကောကျွန်းရွာ ရှိ၏။ ယင်းကောကျွန်းရွာတွင် မောင်သကာလေနှင့် မယ်သကာပံတို့ ဇနီးမောင်နှံမှာ အလွန် ချမ်းသာကြွယ်ဝသဖြင့် ဥက္ကလာပမင်းက သုဝဏ္ဏ ဟူသော ဘွဲ့အမည်ဖြင့် သူဌေးကြီးရာထူးပေး၏။

ဥပနန္ဒဟံသာဝတီရာဇဝံသကထာတွင် ရန်ကုန်မြို့ကို အမည်လေးမျိုး ဖော်ပြထား၏။

၁။ ပေါက္ခရုတီ
၂။ တြိကုမ္ဘ
၃။ ရမ္မာနဂိုရ်
၄။ အသိတဝွနနဂိုရ်
ဟူ၍ ဖြစ်၏။

အဓိပ္ပာယ်ကား-

ဥက္ကလာပနယ်ပယ်အတွင်းရှိ ရေကန်တွင် ကြာမျိုးစုံပွင့်ပြီး ရေသတ္တဝါနှင့် ငှက်များ ပျော်ရွှင်မြူးထူးနေခြင်းကြောင့် ထိုမြို့ကို ပေါက္ခရုတီဟု တွင်၏။

တောင်များတွင် ချွန်ယပ်တံပေါင်းတို့ဖြင့်သာ အုပ်ဆိုင်းနေပြီး ရသေ့သူတော်စင်၊ ဇော်ဂျီ၊ တပသီတို့ သမထဘာဝနာပွားများ မွေ့ပျော်ရာဖြစ်သည့် ယင်းမြို့ကို တြိကုမ္ဘဟု ခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com

ရမ္မာနဂိုရ်ကား ရန်ကုန်ရဲ့ ဖြစ်၏။ ရမ္မသည် မွေ့ပျော်ခြင်း အဓိပ္ပာယ်ရ၏။ နဂရသည် မြို့ဖြစ်၏။ ဥက္ကလာပမင်း စိုးမိုးအုပ်ချုပ်သောမြို့သည် ဥယျာဉ်လယ်ယာ၊ စီးပွားဖွံ့ဖြိုးတိုးတက်ပြီး နောက်ပိုင်း ပုဒ္ဓသာသနာရောက်ကာ ရတနာသုံးပါး တွင် မွေ့ပျော်ရာဖြစ်သဖြင့် ရမ္မာနဂိုရ်ဟု တွင်၏။

အသိတင္ဆနဂိုရ်သည် အသိတင္ဆ နဂရမှ လာ၏။ အသိတင္ဆန 'သာဒမျိုင်' အမည်းရောင်၊ နဂရ-နဂိုရ်၊ ဥက္ကာလာပမင်း မြို့အနီးအနားပတ်ဝန်းကျင်ရှိ တောတောင်တို့သည် သမင်ငယ်၏ မျက်လုံးကဲ့သို့ရှိသဖြင့် အသိတင္ဆနဂိုရ်တွင်၏။

စစ်ကဲ့ဦးရွှေနော်ကမူ သိဂိုတ္တရကုန်းတော်ကို ဝိုင်းရံထားသော မြို့သုံးမြို့နှင့် မြစ်လေးမြစ် ရှိ၏။ ယခုအထင်အားဖြင့်ယူသော် အရှေ့အရပ် အသိတင္ဆနကား သန်လျင်မြို့နှင့် ဒေါပုံမြစ်၊ တောင်ဘက်အရပ် ပေါက္ခရဏီကား ကွမ်းဒေး (တံတား) မြို့ ကွမ်းဒေးမြစ်၊ အနောက်အရပ် ရမ္မာနဂရကား ဝါးတစ်ရာမြို့နှင့် ငပိုးရိပ်မြစ်ဟု ထင်ရန်ရှိ၏။ ပေါက္ခရဏီအမှန်သည် ကွမ်းဒေးမြို့နှင့် ဘုရားကြီးရွာစပ်ကြားတွင် ရှိ၏။ တရိကုမ္ဘအမှန်သည် ဝါးတစ်ရာမြစ်ဖျားတွင် ရှိ၏။ ယခုမြို့ကုန်းရွာနေရာတွင်ရှိ၏ ဟူ၍ ၁၈၉၉ ခုနှစ်ထုတ် မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်တွင် ရဲရဲဝံ့ဝံ့ဆိုထား၏။ သို့သော် တိကျခိုင်လုံသော အထောက်အထားဖော်ပြထားခြင်း မရှိ။

ရှေးအခါက မွန်ဒေသကို ပိုင်းခြားရာ၌ သထုံ၊ မုတ္တမ စသော ရာမညတိုင်းအစိတ်ကား သုဝဏ္ဏဘူမိ၊ တိဂုံ၊ ဒဂုစသော ရာမညတိုင်းအစိတ်ကား ဥက္ကလာပ၊ ပုသိမ်၊ မြောင်းမြ စသော ရာမညတိုင်းအစိတ်ကား ကုသိမရဋ္ဌ ဟူ၍ ပိုင်းခြားသတ်မှတ်ထား၏။ ထို့ကြောင့် ဥက္ကလာပ၊ ပုသိမ်၊ မြောင်းမြ စသော ရာမညတိုင်းအစိတ်ကား ကုသိမရဋ္ဌ ဟူ၍ ပိုင်းခြားသတ်မှတ်ထား၏။ ထို့ကြောင့် ဥက္ကလာပသည် တိဂုံ၊ ဒဂု စသည် ဒေသတွင်တည်ရှိခဲ့ကြောင်း သိသာနိုင်၏။ သမိုင်းအဆိုအရ သိဂိုတ္တရကုန်းကို ရဲသောမြို့လေးမြို့အနက် ဥက္ကလာပသည် မြောက်ဘက်တွင် တည်ရှိသည်ဟု ဆိုသဖြင့် ယခု ရန်ကုန်မြို့သည် ရှေးက ဥက္ကလာပ မဖြစ်နိုင်။ သို့ဆိုလျှင် ရှေးကဥက္ကလာပသည် ယခု မည်သည့် နေရာတွင်ရှိသနည်း။

၁၉၃၀ ပြည့်နှစ်တွင် ရှေ့ဟောင်း ကမ္ဘည်းကျောက်စာဌာနမှ ယခု ရန်ကုန်မြို့ နာဂလိုဏ်ဂူနေရာတစ်ဝိုက်တွင် တူးဖော်ခဲ့၏။ ထိုသို့ တူးဖော်ရာတွင် ဒွဆောက်အအုံတစ်ခုနှင့် ရုပ်ပွားတော်များ တွေ့ရှိရ၏။ အဆောက်အအုံသည် အေဒီ ၉ ရာစု၊ ၁၀ ရာစုခန့်ကလက် ရာဟု ခန့်မှန်းရသည်။ ထို့အပြင် ကြေးကလပ်၊ ကြေးမုံ၊ ကြေးလင်ပန်း၊ ကြေးရုပ်ပွားတော်၊ လက်စွပ် စသည်တို့ကိုလည်း တွေ့ရှိရသည်။ ယင်းပစ္စည်းများသည် အေဒီ (၅) ရာစုမှ (၁၂) ရာစုအတွင်းက ပစ္စည်းများဖြစ်မည်ဟု ခန့်မှန်းရ၏။

အထက်ပါတူးဖော်တွေ့ရှိချက်များအနက် ဘာသာရေးနှင့်မဆိုင်သော လူမှုအသုံးအဆောင်ပစ္စည်းတစ်မျိုး ပါ၏။ ယင်းကား ကြေးမုံ ဖြစ်၏။

ကမ္ဘာပေါ်တွင် ကြေးမုံကို လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ခန့်က အသုံးပြုခဲ့သည်ဟု ခန့်မှန်းခဲ့ကြ၏။ ယင်းနှစ်ပေါင်း (၅၀၀၀) သည် စတင်အသုံးပြုသည့်ကာလ မဟုတ်။ စတင်အသုံးပြုသည့်ကာလကို မည်သူမျှ မခန့်မှန်းနိုင်ကြ။

အိဂျစ်ပြည် ကိုင်ရိုမြို့မှ ၂၆- ၅-၁၉ နေ့စွဲပါ ကြေးနန်းသတင်းတွင် အိဂျစ်ပြည် ကိုင်ရိုမြို့ ဆင်ခြေဖုံး (ဟဲလ်ဝန်အရပ်) ၌ တူးဖော်ရရှိရသော ပထမနန်းဆက်ခေတ် ဘီစီ ၃၂၀၀ က အမျိုးသမီး မံမီအလောင်းမြှုပ်ရာဂူတွင်းမှ သစ်သားလက်ကိုင်ပါသော ကြေးမုံတစ်ချပ် တွေ့ရကြောင်း သတင်းတစ်ခုပါလာ၏။

၁၉၅၇ ခုနှစ်၊ ဩဂုတ်လထုတ် China Recenstruction စာစောင်တွင် တိုကျိုမြို့ ကမ္ဘည်းကျောက်စာဌာနတွင် ပါမောက္ခယိုရှိဒါဒါဟာရာဒါက ကြေးမုံနှင့်ပတ်သက်၍-

ဂျပန်ပြည် နာရာမြို့အနီး လေးရာစုနှစ်ကတည်းက တည်ဆောက်ခဲ့သော သချိုင်းတော်ကြီးကို တူးဖော်ရာမှ ကြေးမုံ အများအပြား တွေ့ရှိရ၏။ ယင်းတို့အနက် စာတန်းရေးထိုးထားသည့်ကြေးမုံလည်း ပါ၏။ ထိုစာတမ်းများမှာ ခရစ်နှစ် ၂၂၁ မှ ၂၆၃ အထိ စိုးစံခဲ့ကြသော တရုတ်နိုင်ငံ ဝိပြည်နှင့် ဝူပြည်မင်းဆက် နန်းစံသက္ကရာဇ်များ ရှိ၏။ ထိုခေတ်က တရုတ်ကြေးမုံကို ဂျပန်ပြည်တွင်လည်း အမြောက်အများ တွေ့ရှိရ၏။ ဤသို့ များပြားသော ကြေးမုံတွေ့ရသဖြင့် ရောင်းကုန်ပစ္စည်းတစ်ခုအနေဖြင့် တရုတ်နှင့်ဂျပန်တို့ကြေးမုံကို ကူးသန်းရောင်းဝယ်ခဲ့သည်ဟု ယူဆရ၏။ တရုတ်သမိုင်းအရ အေဒီ ၂၂၀-၂၆၅ ခေတ် ဝိလူမျိုးအခန်းတွင် ဝိပြည်ဘုရင်သည် ဝိုမိဖုရားအား ကြေးမုံတစ်ရာ လက်ဆောင်ပေးခဲ့ကြောင်း ရေးသားဖော်ပြခဲ့၏။ ထိုစဉ်က ဂျပန်လူမျိုးကို တရုတ်တို့က ဝိဟု ခေါ်၏။

မြန်မာနိုင်ငံတွင် ကြေးမုံကို မည်သည့်ခေတ်အခါက အသုံးပြုသည်ကို တပ်အပ်မပြောနိုင်သော်လည်း ပဲခူးရွှေမော်ဓောပြတိုက်တွင် ရာဇဓာတုကလျာ၏ ကြေးမုံတစ်ချပ် ခင်းကျင်းပြသထားကြောင်း တွေ့ရှိရ၏။

ဘာသာရေး အသုံးအဆောင် မဟုတ်သော ကြေးမုံတွေ့ရှိရာ နာဂလိုဏ်ဂူဝန်းကျင်သည် လူနေရွာများဖြစ်နိုင်သည်ဟု ယူဆရ၏။ ယင်းလူသူနေထိုင်ခဲ့သော နာဂလိုဏ်ဂူအနီးအနားဝန်းကျင် ယခင် စိတ်ကျန်းမာရေးဆေးရုံ၊ ယခု မင်္ဂလာဒုံနေရာတို့သည် ယခင် ဥက္ကလာပနေပြည်တော် ဖြစ်မည်ဟု အချို့ပညာရှင်များက ယူလို၏။ အသေအချာ သုတေသနပြု တူးဖော်မှသာ မှန်ကန်တိကျသော အဖြေတစ်ခု ရရှိနိုင်မည် ဖြစ်၏။

ခိုင်ခင်မောင်လေး

ကျမ်းကိုးစာရင်း

၁။ ဘဒ္ဒန္တမေဓာဝီ၏ စေတီယပကာသနီကျမ်း

၂။ ဆရာတော် ဦးအဂ္ဂဝံသ၏ ရွှေတိဂုံသမိုင်းသစ်

၃။ ဆရာမာယာ၏ ပုသိမ်ရာဇဝင်

၄။ ဦးသိမ်းမောင်၏ ရန်ကုန်ရာဇဝင်သမိုင်း

၅။ ကျီးသဲလေးထပ် ဆရာတော် ဘုရားကြီး၏ ဇိနတ္ထပကာသနီကျမ်း

၆။ ဦးချစ်သိန်း၏ မွန်ကျောက်စာပေါင်းချုပ်

၇။ အမတ်ကြီး မဟာမမ္မသကြိန် သာသနာလင်္ကာရစာတမ်း

၈။ ရွှေတိဂုံသမိုင်းတော်သစ်

၉။ ကဝိဝံသာဘိဓေ၏ မာလာလင်္ကာရဝတ္ထုတော်ကြီး

၁၀။ နဲဂါးဗိုလ်ထိပ်တင်ထွေး၏ ရန်ကုန်ရာဇဝင်

၁၁။ ကျီးသဲလေးထပ် ဆရာတော် ဘုရားကြီး၏ စွယ်စုံကျော်ထင်ကျမ်း

၁၂။ ရှင်သံဝရာဘိဝံသ၏ ဗုဒ္ဓနိုင်ငံတော် (တတိယတွဲ)

၁၃။ စစ်ကဲ့ဦးရွှေနော် မွန်ရာဇဝင်စေတီတော်သမိုင်း ပေါင်းချုပ်

၁၄။ B.R Pearm, A Rangoon History

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့လူနေမှုဘဝ ဘာသာရေးအဝန်းအဝိုင်းမှ

လင်းလွန်းပင်၏နေကျ

ရာမည-သွေးမွန်

ပင်သက် (၄) နှစ်ကျော်

အမှန်အတိုင်းဝန်ခံရလျှင် လင်းလွန်းပင် ဟူသောအပင်သည် မိမိတို့နှင့် အနီးဆုံး ဂေါတမမြတ်ဗုဒ္ဓ၏ အမှီပြုပွင့်တော်မူရာမှာ ညောင်ပင်မှန်း အများနည်းတူ သိရှိပြီးဖြစ်၍ လင်းလွန်းပင် မဟုတ်မှန်းတော့ အများနည်းတူ သိရှိထားပြီး ဖြစ်သည်။ သို့သော်လည်း အခြား အခြားသော ပွင့်တော်မူပြီး ဗုဒ္ဓဘုရားများတစ်ဆူဆူ၏ အမှီပြုရာဗောဓိပင်ဟု ယုံကြည်ယူဆထားခဲ့ဖူးပါသည်။

ဤဘဒ္ဒကမ္ပာတွင် ဘုရားအဆူဆူ ပွင့်တော်မူခဲ့ရာ၊ အမှီပြုပွင့်တော်မူခဲ့ရာ ဗောဓိပင်များ အသီးသီးရှိခဲ့သည်။ မိမိတို့၏ဘဒ္ဒကမ္ပာတွင် ပွင့်တော်မူပြီးသော ဘုရားလေးဆူမှာ ကကုသန္ဓဘုရားက ကကုဏ်။ ကောဏာဂမနဘုရားက ရေသဖန်း၊ ကဿပဘုရားက ပညောင်ပင် နှင့် နောက်ဆုံးပွင့်တော်မူခဲ့သော ဂေါတမဘုရားက ညောင်ဗုဒ္ဓဟေ ဖြစ်သည်။

ကျန်ရှိသောအရိမေတ္တေယျဘုရားရှင်သည် သက်တမ်းတစ်သိန်းတွင် ဒုက္ကရစရိယာ (၆) ရက်မျှ (ဂေါတမဘုရားက ၆ နှစ် ဖြစ်ပါသည်။) ကျင့်တော်မူပြီး ကံ့ကော်ပင်တွင် အမှီပြုပွင့်တော်မူမည် ဖြစ်သည်။ ဘဒ္ဒကမ္ပာ၏ နောက်ဆုံး သောမြတ်စွာဘုရား ဖြစ်သည်။

မိမိသည် မူလက လင်းလွန်းပင် မည်သောအပင်သည် ဂေါတမမြတ်စွာဘုရားမတိုင်မီက ဘုရားတစ်ဆူဆူ၏ အမှီပြုရာအပင်ဟု အမှတ်မှားခဲ့သည်။ နောင်လေ့လာကြည့်ရာမှ သီရသည်မှာ ကမ္ဘာ၏ကနဦးအစ သာရမဏ္ဍကမ္ဘာတွင် ဗုဒ္ဓမြတ်စွာ (၈) ဆူ ပွင့်တော်မူခဲ့ပြီး အဦးအစ တဏှင်္ကရောဘုရားသည်ပင် အမှီပြုရာဗောဓိမှာ ပေါက်ပင် ဖြစ်သည်။ နှစ်သက်တမ်း တစ်သိန်းတမ်းတွင် ပွင့်ထွန်းတော်မူခဲ့ကြောင်း မှတ်သားရသည်။ အစဉ်လိုက်အားဖြင့် ပေါက်၊ စရဏ်း၊ ညောင်ကြိတ် (၂) ဆူ၊ ကံ့ကော် (၄) ဆူ အမှီပြုပွင့်တော်မူခဲ့သည်။

သာရကမ္ဘာတွင် (၄) ဆူပွင့်တော်မူခဲ့ရာ ဘွဲ့မည် ကောဏ္ဍညမြတ်စွာဘုရား၏ အမှီပြု ဗောဓိမှာ နပဲပင်ဖြစ်ပြီး ကျန် (၃) ဆူဖြစ်သော ပဒုမုတ္တရဘုရားအမှီပြုရာမှာ ထင်းရှူး၊ သိဒ္ဓတ္ထဘုရား အမှီပြုရာဗောဓိမှာ မဟာလေကားပင်၊ ဝိပဿီဘုရားအမှီပြုရာ ဗောဓိမှာ သခွတ်ပင်တို့ ဖြစ်သည်။

ထိုမှ ဝရကမ္ဘာတွင် (၆) ဆူ ပွင့်တော်မူခဲ့ရာ အနောမဒဿီ မြတ်စွာဘုရားမှစ၍ အစဉ်လိုက်အားဖြင့် ထောက်ကြံ၊ ကြောင်လျှာ (၂) ဆူ၊ ရေခဲတက်ပင်၊ စံကားပင်၊ သဲသတ်ပင်တို့ ဖြစ်ကြသည်။

မဏ္ဍကမ္ဘာတွင် (၆) ဆူ ပွင့်ခဲ့သည်။ သုမေဓမြတ်စွာဘုရားမှစတင်၍ အစဉ်လိုက်အားဖြင့် အမှီပြုရာ ဗောဓိပင်များမှာ တမာပင်၊ ကြခတ်ပင်၊

www.burmeseclassic.com

www.burmeseclassic.com

ပိတောက်ပင်၊ သျှီသျှားပင်၊ သရက်ဖြူ အင်ကြင်းတို့ ဖြစ်ကြကြောင်း တွေ့ရသည်။

ထို့နောက်မှ မိမိ အထက်တွင် ဖော်ပြခဲ့သော ဘဒ္ဒကမ္ကာသို့ ရောက်ရှိလာသည့်အတိုင်း လင်းလွန်းပင် မည်သော အမှီပြုရာအပင်ကို မတွေ့ရပါ။ မြန်မာပြည်တွင်လည်း မိမိရောက်ရှိခဲ့သောဒေသများတွင် လင်းလွန်းပင်ကို မတွေ့ဘူး၊ မမြင်ဘူးခဲ့ပါ။ စာပေကျမ်းဂန်များတွင်သာ ကြားဖူးနားဝရှိခဲ့သည်။

မိမိတို့မြန်မာများအဖို့ ဗောဓိပင်သည် နောက်ဆုံးပွင့်တော်မူရာ ဂေါတမမြတ်စွာဘုရား၏အမှီပြုပွင့်တော်မူသောညောင်ပဒ္မဗောသည်သာ ဖြစ်ပါသည်။ မဟာဗောဓိပင်နှင့်ပတ်သက်၍ မြန်မာ့စွယ်စုံကျမ်း အတွဲ (၈) (ဗီ-ဟော) တွင် မဟာဗောဓိပင်သည် မြတ်စွာဘုရား၏ ဖွားဖက်တော်တစ်ပါးဖြစ်၍ သတ္တဥတ္တရွေဉာဏ်တော်ကို ရရှိခဲ့ရာဖြစ်သည့် မူလဗောဓိပင်ကား မဟုတ်ပေ။ သမိုင်းများအဆိုအရ ဟိန္ဒူဘုရင် သသင်္သည် ထိုဗောဓိပင်ကို ခုတ်လဲဖျက်ဆီးခဲ့သည်။ သို့သော် မဟာဗောဓိပင်၏အမြစ်နေရာမှပင် ဗောဓိပင်တစ်ပင်ပေါက်လာသည်။ ထိုဗောဓိပင်သည်လည်း ၁၁၇၀ ပြည့်နှစ်တွင် အပင်လဲသွားရာ ထိုအချိန်က မဟာဗောဓိစေတီကို ဦးတီသျှအစိုးရအမိန့်ဖြင့် ပြင်ဆင်မွမ်းမံလျက်ရှိသော ဆာအယ်လက်ဇန္ဒာကန္ဒဂမ်က မူလဗောဓိပင်နေရာ၌ လဲကျသွားသောပင်မကြီးမှ အကိုင်းတစ်ကိုင်းကို ပြန်၍စိုက်ပျိုးထားခဲ့ရာ ယခုဖူးတွေ့ကြရသော မဟာဗောဓိပင်သည် ထိုဗောဓိပင်ပွားဖြစ်ပေသည်ဟု ရေးသားထားသည်။

ဗောဓိပင်မည်သောဝေါဟာရနှင့် ပတ်သက်၍ ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်တွင် ဗောဓိ - ထွန်းပြောင်၊ ဗောဓိ၊ မုနိသက္ခ၊ ဂေါတမဟု ဆိုထားပြီး ဗောဓိကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌-

၁။ သစ္စာလေးပါးကိုသိသောဉာဏ်၊
၂။ သစ္စာလေးပါးကိုသိသောပုဂ္ဂိုလ်၊
၃။ ဘုရားပွင့်ရာသစ်ပင်

ဟု ဆိုထားသည်ဖြစ်ရာ ဗောဓိပင်မည်သောသစ်ပင်များကို မိမိတို့၏မြန်မာ့လူနေမှု ဘာသာရေးအယူအဆများအပေါ် မည်မျှလွှမ်းမိုးထားသည်ကို မြင်သာနိုင်ပါသည်။ မြန်မာ့စွယ်စုံကျမ်းပါ ဗောဓိပင်အကြောင်း ဖော်ပြချက်တစ်နေရာတွင်လည်း ဗောဓိပင် ဆိုသော စကားရပ်အစား ဗောဓိစေတီကိုဟု သုံးထားသည်ကိုပင် တွေ့ရမည် ဖြစ်သည်။

ဤတွင် လင်းလွန်းပင်မည်သော သစ်ပင်အမည်ကို အဆိုပါ မြန်မာ့စွယ်စုံကျမ်းမှာပင် မြတ်စွာဘုရားသခင် သဗ္ဗညုတဉာဏ်တော်ရရှိပြီး ဘုရားအဖြစ် ခံယူပြီးနောက်မှ တွေ့ရသည်။ မဟာဗောဓိပင်စေတီတော်ကြီး၏တောင်ဘက် ပေ(၇၀)ခန့်တွင် ဘုရားရှင် သတ္တသတ္တာဟ စံနေတော်မူခဲ့သောနေရာမှာ လင်းလွန်းပင်ဖြစ်ကြောင်း သိရသည်။

မြတ်စွာဘုရားသည် သစ္စာလေးပါး သိမြင်တော်မူ၍ ဘုရားအဖြစ်ကို ခံယူတော်မူပြီး အပရာဇိတပလ္လင် (ကမ္ဘာစကြဝဠာ၏ဗဟိုချက်) နေရာမှ (၇)ရက်မထဘဲ အရတတ္တဖိုလ်ချမ်းသာကို ခံစားတော်မူသည်။ ဥမှ အနိမိသဌာန ရတနာစင်္ကြံတော်၊ အပေါလည်ပေါင်ပင်၊ မုစလိန္ဒာအိုင်ဌာနများတွင် (၇) ရက်စီစံနေတော်မူပြီးမှ သတ္တသတ္တာဟနောက်ဆုံး ရာဇာယတန လင်းလွန်းပင်တွင် စံနေတော်မူကြောင်း တွေ့ရသည်။

ဤတွင် လင်းလွန်းပင်၏နေရာကို မိမိတွေ့ရခြင်း ဖြစ်သည်။ လင်းလွန်းပင်သည် ဘုရားရှင်တို့ အမှီပြုပွင့်တော်မူရာအပင် မဟုတ်ဘဲ ဘုရားအဖြစ်ရရှိပြီးမှသာ သတ္တသတ္တာဟ စံနေတော်မူရာနေရာဖြစ်ကြောင်း သိရသည်။ ထိုလင်းလွန်းပင်နေရာတွင် ယခုအထိမ်းအမှတ်အုတ်တိုက်စေတီ ရှိသည်။ ထိုနေရာကို



လင်းလွန်းပင်စည် (အနီးကပ်)

www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းရွက် (အနီးကပ်)

ရာဇာယတနသတ္တာဝဟုတ် ခေါ်သည်။ ထိုနေရာ၌ (၇) ရက်စံနေတော်မူပြီး၍ ဘုရားအဖြစ်ရရှိပြီးသည်မှ (၄၉) ရက်မြောက်တွင် ထိုလင်းလွန်းပင်ရင်း၌ပင် ဥက္ကလာဇနပုဒ်မှ တပုဿ၊ ဘလ္လိကကုန်သည်ညီနောင်တို့အား ဆံတော် (၈) ဆူ ပေးသနားတော်မူ၍ သရဏဂုံတည်စေခဲ့သည်။ ဆံတော်များကို ရွှေတိဂုံစေတီ၌ ဌာပနာထားသည်ဟု သိရသည်။

လင်းလွန်းပင်နှင့် မြန်မာ့လူနေမှုဘဝ သာသနာရေးတွင် တရင်းတနှီးရှိခဲ့သော်လည်း လင်းလွန်းပင်ကို တွေ့ဖူးမြင်ဖူးသူ ရှားလိမ့်မည် ထင်ပါသည်။ ဗောဓိပင် မဟုတ်သော်လည်း ဂေါတမမြတ်စွာဘုရားဖြစ်တော်စဉ်တွင် အထင်အရှားရှိနေသော လင်းလွန်ပင်ကို မိမိသည် လားရှိုးမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ သင်္ကြန်တွင်း တရားစခန်းဝင်မှသာ အပြင်တွင် တွေ့မြင်ရခြင်း ဖြစ်သည်။ တရားစခန်း၏ လက်ရှိဒုတိယဥက္ကဋ္ဌ ဦးမြင့်ခိုင်ကို မိမိစူးစမ်းကြည့်ရာ-

"လင်းလွန်းပင်ကို ယူလာတဲ့သူက ရပ်ဝေးက သူစိမ်းဧည့်သည်ပါ။ ဘယ်က နေလာတယ်တော့ မသိဘူး။ စိုက်ဖို့လာပေးတာနဲ့ စိုက်ထားတာပါ။ ယူလာတုန်းက တစ်တောင်လောက်ပဲ ရှိမယ်"

ဟု ဆိုပါသည်။

လူအတော်များများက လင်းလွန်းပင်သည် ဘုရားတစ်ဆူဆူ၏အမှီပြုရာဗောဓိဟုသိထားကြသည်သာဖြစ်သည်။ ဦးမြင့်ခိုင်လည်း ဘုရားပွင့်ရာ ဗောဓိဟုဆိုပါသည်။ သို့သော်လည်း မိမိအထက်တွင် ဖော်ပြပါ ကောက်နုတ်ချက်အရ ဘုရားဖြစ်ပြီး သတ္တသတ္တာဟဌာန၏ နောက်ဆုံးစံနေတော်မူရာ ဖြစ်ပါသည်။

လင်းလွန်းပင်မှာ အရွက်သဏ္ဌာန်က မိမိတို့မြင်ဖူးနေကျ ညောင်ရွက်နှင့် ခပ်ဆင်ဆင်ရှိသော်လည်း ညောင်ရွက်ကဲ့သို့ အသည်းပုံသဏ္ဌာန် ဝိုင်းဝန်းမှု သိပ်မရှိလုပါ။အနည်းငယ်သွယ်ပါသည်။ ညောင်ပင်နှင့် သိသာစွာ ကွဲပြားသည်မှာ ပင်စည် ဖြစ်သည်။ ပင်စည်တွင် ကသစ်ပင်ကဲ့သို့ ဆူးများပြန့်ကျဲလျက်ရှိနေပါသည်။ ကသစ်ပင်နှင့် ညောင်ပင် ပေါင်းစပ်ထားဟန်ရှိနေသည်ကို တွေ့ရသည်။ ဦးမြင့်ခိုင်သည်လည်း လင်းလွန်းပင်ကို ယခင်က မတွေ့ဘူးပါကြောင်း ဝန်ခံပါသည်။

လားရှိုး မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် စိုက်ပျိုးထားသော လင်းလွန်းပင်သည် ၂၂-၆-၂၀၀၇ ရက်နေ့က စိုက်ပျိုးထားခြင်းဖြစ်ပြီး ယခုအခါ အပင်သက် (၄) နှစ်ကျော်ဟုဆိုရမည် ဖြစ်ပါသည်။ (၁၅) ပေခန့် မြင့်မားနေသည်ကို တွေ့ရသည်။ လင်းလွန်းပင်သည် ဤဘဒ္ဒကမ္ပာသာမက ဝဏ္ဏကမ္ပာတွင် ပွင့်ထွန်းတော်မူသော ဘုရား(၆)ဆူ၊ သာရကမ္ပာတွင် ပွင့်ထွန်းတော်မူသော ဘုရား (၄) ဆူ၊ ဝရကမ္ပာတွင် ပွင့်ထွန်းသော ဘုရား (၆) ဆူနှင့် သရမဏ္ဍကမ္ပာတွင် ပွင့်ထွန်းသော ဘုရား (၈) ဆူတို့တွင်ပါ အမှီပြုရာဗောဓိပင် မဟုတ်ခဲ့ပါ။

ဤသည်ကို နှစ်ကျိပ်ရှစ်ဆူသော ပွင့်ထွန်းပြီး ဘုဉ်မြတ်စွာဘုရားများ၏ ဘုဉ်ဝင်အကျဉ်းချုပ်ဇယားနှင့် သတ္တသတ္တာဟဌာနများကို ဖော်ပြထားသော မြန်မာ့စွယ်စုံကျမ်း၏ ရေးသားချက်များအရ သိရှိရပါသည်။

ဧရာမညာ-သွေးမွှန်

ကျမ်းကိုး

၁။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၈) ဗီ-ဟော။

၂။ ပါဠိသက်ဝေါဟာရအဘိဓာန် ဦးထွန်းမြင့် (၁၉၆၈)

၃။ ကောင်းစံလင်း(နန္ဒဝန်)၏ သူရဇ မဂ္ဂဇင်း ၂၀၀၃ ခုနှစ်၊ မတ်လတွင် ဖော်ပြသောဆောင်းပါး

၄။ စာရေးသူကိုယ်တိုင် လေ့လာစူးစမ်းချက်များ

www.burmeseclassic.com

www.burmeseclassic.com

သည်ကနေ့ ခေါ်ယူသော တရားသဘင်အစည်းအဝေးသည် ခါတိုင်းလို မျိုးမဟုတ်တာ သေချာသည်။ အရှင်အာနန္ဒာကိုယ်တော်ကြီး၏ မျက်နှာတော့် အမူအရာဆိုလျှင် ခါတိုင်းလိုမျိုး ရွှင်ရွှင်ပျပျ မရှိ။ သည်ကတည်းက တစ်စုံတစ်ခု ထူးထူးထွေထွေဖြစ်တော့မည်ကို သဘောပေါက်သလို ရှိနေကြတော့သည်။

ရဟန်းအပေါင်းတို့လည်း တရားသဘင်အတွင်း ကိုယ်စီကိုယ်ငင နေရာယူပြီးချေပြီ။ တိုးတိုးတိတ်တိုး စကားသံတို့သည် တရားပလ္လင်ထက် ဘုရားရှင်မြန်းသက်မိလေသောအခါ၌ ဆိတ်ဆိတ်ငြိမ်သက်သွားကြပါလေသည်။

"ချစ်သားတို့၊ ငါဘုရားရှင်ဟာ သက်တော်အားဖြင့်လည်း ကြီးရင့်ခဲ့ပါပြီ။ ဒီတော့ ခုလေးလကနေ လွန်မြောက်ပြီဆိုတာနဲ့ ပရိနိဗ္ဗာန်စံဝင်ပါတော့မယ့်အကြောင်း အသိပေးတာပါ ချစ်သားတို့"

"ဟာ"

"ဟင်"

"ဟယ်"

ဘယ်လိုမှ မမျှော်လင့်ထားသော စကား။

ခု- သည်လိုမျိုးစကားကို ကြားလိုက်ရတော့ ဘုရားရှင်အနီးအပါး၌ ရှိကြကုန်သော ပုထုဇဉ်ရဟန်းများစွာအဖို့ စိတ်နှလုံးတွေ ညှိုးနွမ်းပူဇာ ပွေရလေတော့၏။ ရဟန္တာပုဂ္ဂိုလ်တွေကမူ တုန်လှုပ်မှုမရှိ။ ဓမ္မသံဝေဂယူလျက် ဆင်ခြင်ထိန်းချုပ်နိုင်ကြသော်ငြား တရားမမြင်သေးသည့် ပုထုဇဉ်ရဟန်းတွေအဖို့မှာမူ တုန်လှုပ်မှုတွေ ဖြစ်ကြသည်။ ထိတ်လန့်မှုတွေ ဖြစ်ကြသည်။ အချို့ဆိုလျှင် တုန်လှုပ်ခံစားမှုကို ထိန်းချုပ်ခြင်းငှာ မစွမ်းသာတော့ဘဲ မျက်ရည်ယိုစီး ငိုကြွေးကြပါကုန်၏။ ရှိုက်ငင်ယိမ်းယိုင်ကြပါကုန်၏။ တချို့ထိုင်နေရာမှထလျက် ဆောက်တည်ရာမဲ့သွားသည့်အလား ဟိုမှသည်၊ သည်မှဟို ခေါက်တုံခေါက်ပြန် လျှောက်လှမ်းကြပါကုန်၏။

"ငါ့ရှင်တို့၊ ငါတို့ရဲ့အဖဘုရားရှင်ဟာ မကြာခင်ကာလအတွင်းမှာ တို့မျှားကို ခွဲခွာသွားတော့မယ်တဲ့ကွယ်။ ကိုင်း-ဘယ်လိုလုပ်ကြမှာတဲ့လဲ"

"ဟုတ်ပါ့၊ တို့တော့ အဖမဲ့သားရေခန်းငါးတွေ ဖြစ်ကုန်ကြတော့မှာပဲကွယ်။ ဆိုးလိုက်တဲ့ကုသိုလ်ကံများကွယ်။ ဘုရားရှင်မရှိရင် တို့များ ဘယ်သူ့ကို ကြည်ညိုရမှာတဲ့တုံး၊ ဖူးမြော်ရမှာတဲ့တုံး၊ ပူဇော်ရမှာတဲ့တုံး"

"သည်အတွက် ဘုရားရှင်ကို ပရိနိဗ္ဗာန်မစံပါနဲ့ဦးရယ်လို့ တို့များ ဝိုင်းဝန်းတောင်းပန်လျှောက်ထားကြရင် ဖြစ်နိုင်ပါ့မလားကွယ်"

"ဒါတော့ ဖြစ်လိမ့်မယ်မထင်ဘူး။ ဘာကြောင့်ဆို ဘုရားရှင်တို့ရဲ့ နှုတ်ထွက်စကားဆိုတာ ထွက်ပြီးတဲ့ ဆင်စွယ်လိုပဲ ဘယ်တော့မှ အထဲကို ပြန်ဝင်ရိုးထုံးစံ မရှိဘူး"

"ခက်တယ်ကွဲယ်၊ ခက်တယ်၊ ခက်တယ်။ ဒီကနေ့ ဘုရားရှင်ဆီက ဒီစကားကြားရတာ အင်မတန်ကို စိတ်သောက

နဂါးကြီးကွယ်

နေ့မှာသာတဲ့ ငွေလမင်း

ဖြစ်ရတယ်။ သေသာသေလိုက်ချင်တော့တာပါပဲ"

သည်လိုမျိုး ပုထုဇဉ်ရဟန်းအတော်များများ အုပ်စုဖွဲ့ ဝိုင်းဖွဲ့လျက် စိတ်မသက်သာဖွယ် မချိတင်ကဲစကားတွေ တစ်ယောက်တစ်ပေါက် ပြောကြလွမ်းကြ၊ ဆွေးကြချိန်ဝယ် 'တိဿ' မည်သော မထေရ်ကလေးသည် မည်သည့်စကားမျှ ဝင်ရောက်ပြောဆို လွှမ်းတမ်းမရှိဘဲ တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးတောနေခဲ့သည်မှာ အတော်ကြာဟုလည်း ဆိုနိုင်ကောင်း၏။ ဒါဟာ သူနံဘေးမှ ရဟန်းတွေလည်း သတိပြုခဲ့ကြသည်။

သို့စဉ်ခိုက် တိဿမထေရ်လေးသည် ရုတ်ခြည်းဆိုသလိုပင် ဝိုင်းအတွင်းမှထကာ တစ်နေရာသို့ လှမ်

www.burmeseclassic.com

www.burmeseclassic.com

ထွက်သွားလေတော့သတည်း။

✪

'တိသဲ ဆိုတဲ့ ကိုယ်တော်ဟာ ဘယ်လိုလဲဟေ့။ သူမှာ ဘာခံစားချက်မှ မရှိဘူးနဲ့တူတယ်။ တို့များ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ချစ်သလောက်၊ ကြည်ညိုမြတ်နိုးသလောက် မချစ်ဘူး၊ မကြည်ညို၊ မမြတ်နိုးဘူးနဲ့တူတယ်"

"ဟုတ်ပါရဲ့ကွယ်၊ သူစိမ်းပြင်ပြင်လိုမျိုး နေနိုင်ရက်လိုက်တာ။ တို့တစ်တွေမှာ ဘုရားရှင်နဲ့ ထာဝရခွဲခွာသွားတော့မှာ သိလိုက်ရတာနဲ့ ဘယ်ကလောက်များသည်းအူတွေ ပြတ်ထွက်တော့မတတ် ကြေကွဲလွမ်းဆွတ်လိုက်ရသလဲ။ ဟင်း-သင်းကတော့ သံဃာအသည်းပိုင်ရှင်လား မပြောတတ်ဘူး။ ဒေါင်ဒေါင်မြည်လောက်အောင်ကို မာပဲမာနိုင်လွန်းပါဘိတော့"

"ခုလည်း ဘယ်ထွက်သွားပြန်တယ်မသိဘူး"

"ဘုရားရှင်ကို တို့တစ်တွေလောက် မချစ်ဘဲ၊ မမြတ်နိုးဘဲ သာသနာတော်ထဲ ဝင်လာတာများ အံ့အားသင့်စရာကောင်းလိုက်ပါဘိကွယ်"

တီးတိုးတီးတိုး သဖန်းပိုးအလား အပြစ်တင်သော၊ ကဲ့ရဲ့သော၊ ရွှတ်ချသော စကားတွေကား တိသမထေရ်ကလေး၏ နောက်ကွယ်မှာတော့ တဝေဝေတဝဲဝဲ ဖြစ်နေခဲ့သည်။ သို့သော်ငြား တိသမထေရ်ကလေးသည် ဒါတွေကို မည်သို့မျှ အလေးထားမနေခဲ့၊ ဂရုစိုက်မနေခဲ့။ သူတစ်ပါးတည်း ဆိတ်ငြိမ်ရာ အရပ်ကလေးဆီသို့ ဖဲခွာထွက်ရင်း သူလုပ်စရာရှိသည်တို့ကို လုပ်နေခဲ့တော့သည်။ မည်သည့်ရဟန်းတွေထံသို့လည်း မသွားတော့။ မည်သည့်စကားပိုင်းတွေထံသို့လည်း မဝင်ရောက်တော့။ သူဘာသာသူ တသီးတခြား ဖဲခွာခဲ့တော့သည်။

သည်လိုမျိုး အမှုအကျင့် စရိုက်လက္ခဏာတို့အပေါ် ရဟန်းတော်များ အမြင်မကြည်လင်ခဲ့။ အထင်မပြင်ခဲ့။ သည့်အတွက် တိသမထေရ်ကလေးသည် ကျိန်းစက်ဖို့ရာ ကျောင်းတော်သို့ ပြန်ရောက်လာသည်ဆိုလျှင် ကျယ်ကျယ်တစ်မျိုး၊ တိုးတိုးတစ်ဖုံ ပျားတူအုံကို ထိုးဆွပြိုက်သည့်အလား စကားလုံးမြားတံတွေ ပစ်သွင်းကြတော့၏။

သို့ငြား တိသမထေရ်ကလေးသည် မကြားသလိုပင် တုံ့ကိုဘာဝနေခဲ့သည်။

မသိသလိုပင် ဘာသိဘာသာနေခဲ့သည်။

ဒါကိုပင် ဥပေက္ခာဟူ၍ ခေါ်ဆိုရလေမည်လား။

✪

တရားသဘင် ကျင်းပချိန်ရောက်လာပြန်ပါပြီ။

တရားသဘင်မှာတော့ဖြင့် ရဟန်းတော်တွေဆိုသည်မှာ အပြည့်အသိပ်။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော့မည့်ကာလ နီးကပ်လာလေလေ ဘုရားရှင်၏ စကားတော်၊ တရားတော်တွေကို ပို၍ နာယူလိုလေလေ၊ တန်ဖိုးထားလာလေ။

သည်တရားနာ ရဟန်းပရိသတ်တွေထဲမှာ တိသမထေရ်ကလေးလည်း ပါဝင်ခဲ့ပါသည်။ သည့်အတွက် အမြင်မကြည်လင်ကြကုန်သော ရဟန်းတွေက တိသမထေရ်ကလေးအပေါ် မေးငေါ့သူငေါ့ကြ၏။ စကားတင်းဆိုသူဆိုကြ၏။ နှာခေါင်းရှုံ့သူရှုံ့ကြ၏။ သို့ငြား မထေရ်ကလေးသည် ဘာမှမဖြစ်သလိုပင်။ 'အပေး' တွေရှိနေကြပါလျက် ဘာမှ 'မယူ' သလိုပင်။

ထိုသို့သော် အခြေအနေအလုံးစုံကို ဘုရားရှင်သည် နှိုင်းတုဖွယ်ကင်းမဲ့လှစွာသော ဉာဏ်တော်ဖြင့် သိစွမ်းနေခဲ့သည်။ ပြီးတော့ သည်တရားပွဲ၏ အဆုံးသတ်၌ မထေရ်ကလေးနှင့်တကွ ပရိသတ်အပေါင်း အကျိုးထူးမည်ကိုလည်း သိစွမ်းနေခဲ့သည်။ သည်အခြေအနေထိရောက်အောင် ကြားကာလတွေလည်း ခြားခဲ့ရသည်ပင်။

"ချစ်သားတို့ - သင်တို့ရဲ့ မနောစိတ်တွေ တိသမထေရ်ကလေးနဲ့ ပတ်သက်ပြီး စနိုးစနောင့်ဖြစ်နေသလိုပဲ။ အခြေအနေမှန်ကို ငါဘုရားရှင် သိလိုတယ်"

တကယ်တော့ ဘုရားရှင်အနေဖြင့် အလုံးစုံကို သိတော်မူပြီး ဖြစ်သည်။ သို့ပါသော်ငြား ဘုရားရှင်တစ်ပါးတည်း သိ၍မဖြစ်။ တရားနာပရိသတ်အပေါင်း သိဖို့လည်း လိုအပ်နေသည်။ ဉာဏ်စဉ်တွေဆိုသည်မှာ ရွေပြင်ညီမဟုတ်။ အနိမ့်၊ အမြင့်တွေ ရှိနေကြသည်ပဲ။

"အရှင်ဘုရား၊ တိသဟာ တပည့်တော်တို့လို မဟုတ်ပါဘူး ဘုရား။ ပကတိ ခံစားမှုနှလုံးသား ကင်းမဲ့နေသူပါဘုရား။ သူဟာ အရှင်ဘုရား ပရိနိဗ္ဗာန်ပြုတော့မယ့် အရေးကိစ္စကို ဘာမှ မခံစားရသလို တုံ့ကိုဘာဝနေသူ ဖြစ်ပါတယ် ဘုရား။ ပြီးတော့ တပည့်တော်တို့လို ပူဆွေးခြင်းအလျှင်းမရှိဘဲ တစ်ယောက်ထီးတည်း ဖဲခွာပြီးနေပါတယ် ဘုရား။ တပည့်တော်တို့ကိုလည်း ဘာစကားမှမပြောဘဲ သူစိမ်းပြင်ပြင်နေပါတယ်ဘုရား"

ရဟန်းတော်တစ်ပါးက အားလုံး၏ ကိုယ်စား ဦးဆောင်လျက် ပကတိအခြေအနေကို တင်ပြလျှောက်ထားလိုက်သည်။ သူ၏ တင်ပြလျှောက်ထားချက်အပေါ် ကျန်သော ရဟန်းတွေကလည်း 'မှန်ပါတယ် ဘုရား' ဟူ၍ တညီတညွတ်တည်း ထောက်ခံခဲ့ကြသည်။

"ကဲ - ချစ်သား တိသ၊ ကြားတယ်မဟုတ်လား။ တစ်ဖက်ကလျှောက်ထားတင်ပြတဲ့စကားတွေကို"

"ကြားပါတယ် ဘုရား"

ပရိသတ်အားလုံး၏ အာရုံသည် ဘုရားရှင်နှင့် တိသမထေရ်ကလေးအပေါ်သို့ တိုင်ပင်မထားပါဘဲနှင့် စုပုံရောက်ရှိသွားကြသည်။ စိတ်ထဲမှာလည်း သံဃာဂိုဏ်းမှ ခွဲထွက်ဖို့ ကြံနေသော တိသမထေရ်ကလေးအပေါ် တွင် ဘယ်သို့များ ဘုရားရှင်မှ ချေချွတ်ဆုံးမတော်မူမည်ကို စူးစိုက်မိကြလေတော့သည်။

"ချစ်သား တိသ၊ ချစ်သားဟာ သူတို့တင်ပြလျှောက်ထားသလိုမျိုး နေထိုင်ပြုမူတာဟာ ဘယ်လိုကြောင့်ဆိုတာ ငါဘုရားရှင်ကို မခြွင်းမချန် လျှောက်ထားပါ"

"တင်ပါ့ ဘုရား၊ တပည့်တော်ဟာ အရှင်ဘုရားရဲ့ နှုတ်တော်ကနေပြီး 'ငါဘုရားရှင်ဟာ သက်တော်အားဖြင့် ကြီးရင့်ခဲ့ပါပြီ။ ဒီတော့ ခု လေးလကနေလွန်မြောက်ပြီဆိုတာနဲ့ ပရိနိဗ္ဗာန်စံဝင်တော့မယ်အကြောင်း' အသိပေးစကားကြားရချိန်မှာပဲ စိတ်ထဲမှာ တုန်လှုပ်ခြင်းနဲ့အတူ စဉ်းစားမိပါတယ် ဘုရား။

တပည့်တော် စဉ်းစားမိတာကတော့ ဘုရားရှင်ဟာ မကြာမတင်ကာလ ရောက်ရင်ဖြင့် ပရိနိဗ္ဗာန်စံဝင်တော့မယ်။ အဲဒီအချိန်မှာ ငါဟာ 'တဏှာ' ကနေ မကင်းပြတ်သေးပါလားလို့ အသိဝင်ပြီး ထိတ်လန့်ခဲ့ပါတယ် ဘုရား။ ဒီတော့ ဘုရားရှင် သက်တော်ထင်ရှားရှိနေသေးတဲ့ ကာလအခိုက်အတန့်ကလေးမှာတင် တဏှာကုန်ပြတ်လို့ အရဟတ္တဖိုလ်ဆိုက်ရောက်အောင် ကြိုးစားရမယ်ဆိုတဲ့အသိဝင်လာမိပါတယ် ဘုရား။

အဲဒါကြောင့် အချိန်ကို အလဟသ အဖြစ်မခံနိုင်တော့ဘဲ အဖော်မဲ့း

www.burmeseclassic.com

www.burmeseclassic.com

တစ်ကိုယ်တည်း ဘာစကားမှမပြောတော့ဘဲ ဆိတ်ငြိမ်ရာအရပ်ကို ရွေးချယ်လို့ ဣရိယာပုတ်လေးပါးတို့နဲ့ တရားကို ရှုမှတ်အားထုတ်နေခဲ့ပါတယ် ဘုရား။ အဲဒီကာလမှာ တပည့်တော်ဟာ ဘယ်ရဟန်းတော်ဆီကိုမှလည်း မသွား။ ဘယ်စကားဝိုင်းမှလည်း မဝင်၊ ရေငုံနှုတ်ပိတ်ဆိုသလိုမျိုး နေထိုင်မိခဲ့ပါတယ် ဘုရား"

"သာဓု သာဓု သာဓုပါ ချစ်သားတိသ"

တိသမထေရ်ကလေး၏ တင်လျှောက်မှုအဆုံးမှာတော့ အများထင်သလိုမဟုတ်ဘဲ ဘုရားရှင်ထံမှ ကောင်းချီးပေးသံသည် လွှင့်ပျံ့ဝေ့ဝဲလာခဲ့တော့သည်။ သည့်အတွက် ပရိသတ်အပေါင်းမှာတော့ ပါးစပ်အဟောင်းသား။

"ချစ်သား ရဟန်းအပေါင်းတို့၊ ချစ်သားတို့ဟာ ငါဘုရားရှင်ကို အမှန်တကယ် ကြည်ညိုပြီး ချစ်မြတ်နိုးကြတယ် ဆိုရင်ဖြင့် တိသကို အတုယူကုန်ကြပါကုန်လော့။

ချစ်သားတို့အနေနဲ့ ငါဘုရားရှင်ကို ပန်းနုံသာအမွှေးအကြိုင်၊ ဆီမီးတို့နဲ့ ပူဇော်ကြတယ်ဆိုတာ တကယ်တော့ ငါဘုရားရှင်ကို ပူဇော်လျှဒါန်းခြင်းရယ်လို့ မဆိုထိုက်ပေဘူး။ တကယ်တမ်း ငါဘုရားရှင်ဟောကြားလမ်းညွှန်ခဲ့တဲ့ လောကုတ္တရာ တရားတော်တွေကို၊ တရားလမ်းစဉ်တွေကို ကျင့်ကြံအားထုတ်ကြတဲ့သူတွေမှသာလျှင် ငါဘုရားရှင်ကို အမှန်တကယ် ကြည်ညို၊ အမှန်တကယ် ချစ်မြတ်နိုးစိတ်နဲ့ ပူဇော်တယ် မည်ပါတယ်"

သည်သို့ မိန့်မှာတော်မူပြီး သကာလ 'ပဝိဝေကရသံ ပိတွာ' အစချီဂါထာတော်ကို ကျူးရင့်လိုက်တော်မူခဲ့၏။

ဂါထာတော်အဆုံး၊ ဒေသနာတော်အဆုံးမှာဖြင့် တရားကိုရှုမှတ်နေသော တိသမထေရ်ကလေးအဖို့ ဉာဏ်အလင်းပွင့်ကာ ရည်မှန်းရာဖြစ်သော အာသဝေါတရားတို့ ကုန်ခန်းရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ပါခဲ့၏။ ထို့အတူ တရားနာပရိသတ်အပေါင်းမှာလည်း ဒေသနာတော်၏အကျိုးကြောင့် ဉာဏ်အနု အရင့်အလိုက် ကျွတ်တမ်း ဝင်ကြပါလေတော့သည်။

နဲ့ဒွာမိုးကြယ်

ကျမ်းကိုး

ဓမ္မပဒ၊ သုဓဝဂ် ခုနစ်ခုမြောက် တိသမထေရ်ဝတ္ထု

နတ်မောက်မင်းသန့်နိုင်

နမောတေဂါထာ အပါအဝင်

နမောတေဂါထာကိုလည်းကောင်း၊ နေနတ်သားဂါထာကို လည်းကောင်း၊ လနတ်သားဂါထာကို လည်းကောင်း သိပြီးသူများပါသည်။ သို့သော် နမောတေဂါထာအစီအရင်ကိုမူ သိသူ နည်းပါးပါသည်။

နမောတေဂါထာ အစီအရင်မှာ နိုင်ငံရပ်ခြားခရီးသွား၍ အလုပ်လုပ်မည့် သူများအတွက် အထူးအစီအရင်တစ်ခုပင် ဖြစ်ပါသည်။ နမောတေဂါထာအစီအရင်နှင့်အတူ နမောတေဂါထာ+နေနတ်သားဂါထာတွဲရွတ်ရခြင်း၊ နမောတေဂါထာ+လနတ်သားဂါထာ တွဲရွတ်ရခြင်းဟူ၍ ရှိပါသည်။

အနောက်အရပ်သို့လည်းကောင်း၊ တောင်အရပ်သို့ လည်းကောင်း နိုင်ငံရပ်ခြားခရီးသွားမည့်သူသည် နံနက်နေထွက်ချိန်တွင် နမောတေဂါထာနှင့် နေနတ်သားဂါထာကို တွဲ၍ (၉) ခေါက် မပျက်ရွတ်ဆိုရပါမည်။ (၉) ရက်အတွင်း၊ (၁၈) ရက်အတွင်း၊ (၂၇) ရက်အတွင်းအခက်အခဲများ လွှင့်ပျောက်ပြီး လွယ်ကူချောမောစွာ သွားရောက်နိုင်ပါမည်။

ထို့အတူပင်-

အရှေ့အရပ်သို့ လည်းကောင်း၊ မြောက်အရပ်သို့ လည်းကောင်း၊ နိုင်ငံရပ်ခြားခရီးသွားမည့်သူသည် ည လထွက်ချိန်တွင် 'နမောတေဂါထာနှင့် လနတ်သားဂါထာကို' ကို တွဲ၍ (၉) ခေါက် မပျက်မကွက် ရွတ်ဆိုပါ။ (၉) ရက်၊ (၁၈) ရက်၊ (၂၇) ရက်၊ (၃၆) ရက်အတွင်းအခက်အခဲမရှိ လွယ်ကူချောမောစွာ သွားရောက်နိုင်ပါမည်။

တွဲ၍ ရွတ်ဆိုရမည့် ဂါထာအတွဲလိုက်ကို တင်ပြအပ်ပါသည်။

အနောက်အရပ်နှင့်တောင်အရပ် သွားမည့်သူများ ရွတ်ဆိုရန်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

* နမောတေ ဗုဒ္ဓဝိရတ္ထ
ဝိပုမုပ္ပဋ္ဌိ ပန္နောသ္မိ
တဿ မေ သုရဏ်ဘဝ။

* တထာဂတံ အရဟံန္တ
သူရိယော သရဏ်ဂတော
ရာဟု သူရိယံ ပမုစ္စသု
ဗုဒ္ဓေါ လောကာန ကမ္မကာ။

(နေထွက်ချိန်တွင် ရွတ်ဆိုရမည် ဖြစ်ပါသည်။)

အရှေ့အရပ်နှင့် မြောက်အရပ်သို့ ခရီးထွက်မည့်သူများ ရွတ်ဆိုရန်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

* နမောတေ ဗုဒ္ဓဝိရတ္ထ
ဝိပုမုပ္ပဋ္ဌိ ပန္နောသ္မိ
တဿ မေ သုရဏ်ဘဝ။

*တထာဂတံ အရဟန္တံ
စန္ဒိမာ သရဏ်ဂတော
ရာဟု စန္ဒံ ပမုစ္စသု
ဗုဒ္ဓေါ လောကာန ကမ္မကာ။

(ညအခါ လထွက်ချိန်တွင် ရွတ်ဆိုရမည် ဖြစ်ပါသည်။)

ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ သတ္တုပြားပေါ်တွင် မိမိတတ်စွမ်းရာဖြင့် အောက်ပါ နမောတေအစီအရင် အင်းပြားစကို ရေးသွင်း၍ အိတ်ကပ်ထဲတွင် ဆောင်ထားပေးပါ။

	တ	မော	သိ	ပွ	
နံ	သ	ဒ္ဓိ	ဿ	တေ	တ္ထော
ပ	ဝိ	သ္မိ	မု	ဏ်	ဓ
ဗ္ဓေ	ဝ	သ	ဝိ	မေ	ဗုဒ္ဓ
တ္ထ	နော	ပ္ပ	ဘ	မွာ	ရ
	မိ	ရ	သ	ဒ္ဓ	

အထက်ပါ အစီအရင်အင်းပြား ဆောင်ထားပြီး ရွတ်ဖတ်ရမည့် ဂါထာများ ရွတ်ဖတ်ပေးခြင်းဖြင့် အန္တရာယ်ကင်းခရီးသွားခြင်းဖြစ်ပြီး အကျိုးဆက် လိုရာပြီးမြောက် အောင်မြင်စေပါသည်။

နတ်မောက်မင်းသန့်နိုင်

www.burmeseclassic.com

www.burmeseclassic.com

လင်္ဂီပေသလ သိက္ခာကာမ သူတော်ကောင်းတို့
ကဲ့ရဲ့ ပြစ်တင် အစွပ်အစွဲ မရှိရအောင် ဆင်ဆိုဆုံးမ သြဝါဒပေးရန်

ဒုတိယဥပဒေ(ဗုဒ္ဓဝိုဂ်ဂ်)

မာမက(သုတေသီ)



မြန်မာနှစ် ၁၂၃၄ ခုနှစ်၊ နယုန်လပြည့်ကျော် (၂) ရက်နေ့၌ သာသနာပိုင်အမျှူးရှိသော သုမင်္ဂလာဆရာတော်တို့က ပထမဥပဒေ (၄၁) ချက်ကို ထုတ်ပြန်ပြီးနောက် ယင်းနေ့၌ပင် ပထမဥပဒေ (၄၁) ချက်တွင် မပါဝင်သော် ဒုတိယဥပဒေကို ထပ်မံ ထုတ်ပြန်ခဲ့ပြန်ပါသည်။ ဒုတိယဥပဒေများမှာ အောက်ပါအတိုင်း ဖြစ်သည်။ ဝိုဏ်းအုပ်၊ ဝိုဏ်းထောက်တို့အား ညွှန်ကြားသော ဥပဒေပင် ဖြစ်သည်။

၁။ ဧည့်သည် အာဂန္တုတို့ ကျောင်းတိုက်အတွင်း ရောက်လာလျှင် အာဂန္တုကပြုရသောဝတ်နှင့်အညီ မြင်သည့်အရပ်က သောက်ရေများနှင့် ကြိုဆို၍ ကျောင်းပေါ် သို့ရောက်လျှင် ခြေသုတ်ခြင်း စသော အမှုကိုပြု၍ အိပ်ရာနေရာ ညွှန်ပြခြင်း၊ တက်နေလျှင် အရှိအသေ ပုဆစ်,ဒူး,နဖူး ကြမ်းထိရှိခိုး (၃) ကြိမ်ဝတ်ချခြင်း၊ သောက်ရေပေးခြင်း၊ သောက်ရေတည်ခြင်း၊ ယပ်လေခတ်ခြင်း၊ သင့်တင့်လျောက်ပတ်ရာအရပ်က လက်အုပ်မိုး၍ ရှိခိုးနေထိုင် လျှောက်ထားခြင်း၊ ပဋိသန္ဓာရစကားတို့ကို အရှိအသေဖြေဆိုပြီးသည့်နောက် ညောင်းညာပင်ပန်းအံ့ထင်လျှင် ခြေဆုပ်လက်နယ်ပြခြင်း, ပြုစေခြင်း၊ ပုစ္ဆာပြဿနာမေး,ဖြေခြင်း၊ ဝစ္စကုဋီ, ပဿာဝကုဋီတို့ကို ညွှန်ကြားခြင်း စသော အာဂန္တုကဝတ်တို့ကို မလစ်မလပ်စေရ။ အာဂန္တုကမထေရ်ကြီးထံ ရဟန်း၊သာမဏေတို့ ရံခါရံခါလာသဖြင့် ပဋိသန္ဓာရစကားတို့ကို နေ့, ညမဆို လျောက်ပတ်သည့်အခါကြည့်ရှု၍၊ အာဂန္တုမထေရ်ကြီးထံ သွားလာ၍ တရားစကား ဆုံးမနှာခံခြင်း စသော အမှုတို့ကို ပြုကျင့်ကြအောင် ဆင့်ဆိုဆုံးမ သြဝါဒပေးကြရမည်။

၂။ မိမိတို့ကျောင်းတွင် ဧည့်သည် အာဂန္တုတို့လာလျှင် ဘုရားပညတ်တော်နှင့်အညီ ခြေဆေးရေဖြည့်အိုး၊ ခြေဆေးအင်းပျဉ်၊ ခြေပွတ်အိုးခြမ်း၊ ခြေသုတ်ကြိုးဝန်းများကို ကျောင်းစေ့ တည်ထားရှိကြအောင် ဆင့်ဆိုဆုံးမ သြဝါဒပေးကြရမည်။

၃။ ဝိုဏ်းအတွင်းရှိ ရဟန်း၊ သာမဏေတို့လိမ္မာယဉ်ကျေးသူတော်ကောင်းတို့၏ အလေ့အကျင့်ဖြစ်သော ဧကာသနိက်ပတ္တပိဏ္ဍဝတ်အကျင့်များကို တစ်လ လေးသီတင်း၊ ရှစ်သီတင်း ဆောက်တည်ကြအောင် ဆင့်ဆိုဆုံးမ သြဝါဒပေးကြရမည်။

၄။ ဝိုဏ်းအတွင်းရှိ ရဟန်း၊သာမဏေတို့ ဆွမ်းခံသွားသည်မှတစ်ပါး မြို့တွင်း၊ ရွာတွင်းသို့ဝင်လျှင် သာမဏာသာရုပ္ပဖြစ်အောင် ယပ်ကိုကိုင်စွဲ၍ သွားလာကြအောင် ဆင့်ဆိုဆုံးမ သြဝါဒပေးကြရမည်။

၅။ ရဟန်း၊ သာမဏေတို့ ဆွမ်းစားလျှင် စမွှခက်ခင်းပြီးလျှင် တင်ပျဉ်ခွေ၍ သေခဲယဉ်ကျေးပုဒ်တော်နှင့်အညီ ဘုဉ်းပေးသုံးဆောင်ကြအောင် ဆင့်ဆိုဆုံးမကြရမည်။

၆။ ရဟန်း၊ သာမဏေတို့ သုံးဆောင်သည့် ဝစ္စကုဋီ၊ ပဿာဝကုဋီတို့၌ ကျင့်ဆောင်ရသောဝတ်တို့ကို ပြည့်စုံစေခြင်း၊ ကံနုတံသစ်ကို တောင်းနှင့် ညီညီထားရမည်။ သုံးဆောင်ပြီး ကနုတံကိုလည်း ကုဋီတွင်းသို့ မကျစေမူ၍ ညီညီထားရမည်။ ၎င်းကုဋီအိမ်၌ သန့်သက်ပုံရေစစ်ရေတို့ကို တည်ထား၍ လက်သုတ်ပဝါ၊ သင်္ကန်းတန်းကြိုး၊ တံမြက်စည်း၊ ထွေးခံများနှင့် ဝစ္စကုဋီပြုရာသောဝတ်တို့ကို သူတော်ကောင်းတို့ ကဲ့ရဲ့ပြစ်တင်မရှိရအောင် ကောင်းမွန်စွာ သန့်ရှင်းကြရမည်။

၇။ မိမိကျောင်းတိုက်အတွင်း ကျောင်းသားလူငယ်တို့ ကျည်းသားတော်၊ ခဲညှင်းဒိုး၊ ထုပေါက်၊ တွင်းခို၊ လက်ခေါက်ပစ်၊ ပိုက်ဆံပစ်၊ ဇယ်တောက်၊ ကလိပ်ခွဲ၊ နပန်းကိုင်၊ လက်ပွေ့လက်ပန်း၊ ကလူစဖွယ် စသည်များကို မပြုမကျင့်ကြရအောင် ဆင့်ဆို မြစ်တားကြရမည်။

၈။ ရဟန်း၊ သာမဏေတို့ ဆွမ်းစား၍ နေလျှင် ကျောင်းသားလူငယ်တို့လက်ကတော့ကို ရိုသေစွာထိုးပြီးလျှင် ဘုရားဝှက်တော်ကို ရွတ်ဖတ်၍ နေထိုင်စေရမည်။

၉။ ရဟန်း၊ သာမဏေတို့ ဆွမ်းစားပြီးလျှင် ကျောင်းသားလူငယ်တို့ ဆွမ်းစားပွဲ၊ ဟင်းလျာ၊ သပိတ်၊ ပန်းကန်ခွက်ယောက်များကို ယူငင်သင့်ရာအရပ်မှာ သွား၍ စားသောက်စေရမည်။

၁၀။ ကျောင်းသားလူငယ်တို့ သရဏဂုံခံယူခြင်း၌ လိမ္မာယဉ်ကျေးအောင် ငါးပါးသီလ နေ့စဉ် ခံယူစေခြင်း၊ ရှစ်ပါးသီလကိုလည်း တစ်လလျှင် လေးသီတင်းသီလများကို မပြတ်မလပ် စောင့်

www.burmeseclassic.com

www.burmeseclassic.com

ရှောက်ထိန်းသိမ်း၍ မြတ်စွာဘုရား ရှပ်ရှင်တော်တွင် ဝတ်တက်ဝတ်ကပ် တံမြက်တလင်း သုတ်သင် ရှင်းလင်းစေ၍ အမြဲမပြတ် ကုသိုလ်တရား တိုးပွားအောင် တစ်ခုခုကမ္မဋ္ဌာန်းကိုပေး၍ ယဉ်ကျေးအောင် ဆုံးမကြရမည်။

၁၃။ ကျောင်းသားလူငယ်တို့ ဗုဒ္ဓအဂါရဝ၊ ဓမ္မအဂါရဝ၊ သံဃာအဂါရဝ မဖြစ်အောင် မြတ်စွာဘုရားရင်ပြင်တော်သို့ သွားလာလျှင် မိမိအဝတ်ပုဆိုးကို လက်ကတော့ ကောင်းမွန်စွာထိုးပြီးလျှင် အရိုအသေ အလေးအမြတ်ဖြစ်အောင် လက်အုပ်ချီ၍ သွားလာခြင်း၊ ပရိသတ်ကို တက်အံ့စဉ်လည်း ခြေ၊ လက်ကားရာ ဖရိုဖရဲမရှိစေရ၊ လက်ကတော့ထိုးပြီးလျှင် သာမဏေတို့နှင့် ရောနှောမရှိဘဲ တက်အံခြင်း၊ ရဟန်းသာမဏေတို့ အနီးအပါး ကျောင်းသားလူငယ်တို့ မရိုမသေ မလေးမစား ဆဲရေးကြမ်းတမ်းနင်ဟယ်ဆိုခြင်း၊ ရွာသားတို့၏ အလေ့အကျင့်စကားများကို အပြောအဆိုမရှိဘဲ လိမ္မာယဉ်ကျေးခြင်း၊ ရဟန်းသာမဏေတို့ အမှုကိစ္စရှိ၍ ခေါ်ငင်လျှင် လက်ကတော့ထိုးပြီး၍ လျင်မြန်စွာ တုပ်ဝပ်ရှိခိုး ရိုသေစွာလာအောင် ဆုံးမသွန်သင် ပြသကြရမည်။

၁၂။ ရဟန်း၊ သာမဏေတို့ ခရီးသွားရာ၌ လမ်းခရီးအကြားတွင် မထေရ်ကြီးတို့နှင့် တွေ့ကြုံလျှင် ရိုသေစွာ တုပ်ဝပ်ရှိခိုးလျက် ခရီးညွှန်ပြပေးပြီးမှ မိမိလိုရာအရပ်သို့ သွားလာအောင် ဆင့်ဆိုကြရမည်။

၁၃။ ကျောင်းသားလူငယ်တို့ ခရီးသွားရာ၌ ရဟန်း၊သာမဏေတို့ကိုတွေ့ကြုံလျှင် ကျိုးနွံတုပ်ဝပ် လက်အုပ်ချီခြင်း အမှုကို ပြုပြီးသည့်နောက်မှ သွားလာကြအောင် ဆင့်ဆိုဆုံးမရမည်။

၁၄။ ၎င်းဒုတိယဥပဒေများကို ကျော်နင်းလွန်ကျူးကျင့်ကြနေထိုင်သွားလာသောပုဂ္ဂိုလ်တို့ကို ထောက်လှမ်းမေးမြန်း တွေ့ရှိကြားသိရလျှင် ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်တို့နှင့် ပါတိမောက္ခဒ္ဒေသကခေါင်းတို့က အုပ်စုထောက်စုအတွင်း ကျောင်းနေပုဂ္ဂိုလ်တပည့် ရဟန်း၊ သာမဏေတို့ကို ထိုက်သည့်အားလျော်စွာ အထက်ဥပဒေပါသည့်အတိုင်း စီရင်။

၁၂၃၄ ခု၊ နယုန်လပြည့်ကျော် (၂) ရက်နေ့ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်တို့ကို ဆုံးမပေးရန် ဒုတိယဥပဒေ။

၁၅။ ၎င်းဆင့်ဆိုသည့် အရပ်ရပ် အမိန့်မှတ်စာဥပဒေများကို ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်တို့နှင့် ၎င်းတို့က ကိုယ်စားနားမျက်စိလွှဲထားသည့် ပါတိမောက္ခဒ္ဒေသက အကြီးအအုပ်ပုဂ္ဂိုလ်တို့က ၎င်းဥပဒေများကို ဂိုဏ်းသံဃာတို့ မဆင့်မဆို မမြစ်မတား အပ္ပောသုက္က ကြောင့်ကြမ့်နေ၍ တစ်လတစ်ကြိမ် လာရောက်သုတ်ကို ထောက်လှမ်းမေးမြန်း ကြားသိရလျှင် အကြီးအအုပ်တို့ကို အပြစ်ထိုက်ရာ စီရင်မည်။

(၁၂၃၄ ခု၊ နယုန်လပြည့်ကျော် ၂ ရက်နေ့ သုဓမ္မာဆရာတော်၏ မိန့်ခွန်း။)

မင်းတုန်းမင်းတရား လက်ထက် သာသနာပိုင်ဆရာတော်နှင့် သုဓမ္မာဆရာတော်တို့ ထုတ်ပြန်ခဲ့သော ပထမအမိန့်ဥပဒေ၊ ဒုတိယအမိန့်ဥပဒေများကို ကြည့်ခြင်းဖြင့် ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ဆရာတော်အကြီးအအုပ်ဆရာတော်များ၏ လုပ်ငန်းဆောင်တာကိစ္စ များပြားကြီးလေးလှသည်ကို တွေ့ရှိနိုင်သည်။ နိုင်ငံတွင်းရှိ ရဟန်း၊ သာမဏေများမှာလည်း နေချင်သလိုနေ၍ မရလောက်အောင် ကျင့်ကြံ နေထိုင်ကြရသည်ကို တွေ့ရှိနိုင်သည်။ ထိုခေတ်အခါက ထုတ်ပြန်သော အမိန့်ဥပဒေများမှာ ထုတ်ပြန်ပြီးပြီရောမဟုတ်ဘဲ ထုတ်ပြန်ထားသည့်အတိုင်း တကယ်လိုက်နာကျင့်ကြံခဲ့ကြကြောင်း သိရှိနိုင်သည်။ မင်းတုန်းမင်းကိုယ်တိုင်က သာသနာတော် သန့်ရှင်းရေးကို အလေးပေး ရှေ့တန်းတင်ဆောင်ရွက်နေသဖြင့် ထုတ်ပြန်သော အမိန့်ဥပဒေများကို မလိုက်နာဘဲ မနေဝံ့သည်မှာ အမှန်ပင် ဖြစ်သည်။

ပထမအမိန့်ဥပဒေများမှာ ရဟန်း၊ သာမဏေများ ကျင့်ကြံနေထိုင်မှုများအတွက် ထုတ်ပြန်ထားသော အမိန့်ဥပဒေ ဖြစ်သည်။ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် အကြီးအအုပ် ဆရာတော်များနှင့်တကွ လက်အောက်ခံ ရဟန်း၊ သာမဏေအားလုံး လိုက်နာကျင့်ကြံရသော အမိန့်ဥပဒေ ဖြစ်သည်။ ဝိနည်းတရားနှင့်အညီ ကျင့်ကြံနေထိုင်ရန်အတွက် ထုတ်ပြန်သော အမိန့်ဥပဒေဒေလည်း ဖြစ်သည်။ ဝိနယော နာမသာသနဿအာယု ဝိနည်းသည် သာသနာ၏အသက်ဟု ဆိုထားသည့်အတိုင်း ဝိနည်းကျင့်ဝတ်မလွှတ်ရေးအတွက် ဦးစားပေးထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်မှာ ထင်ရှားသည်။ ထုတ်ပြန်ထားသည့်အတိုင်း ကျင့်ကြံနေထိုင်ကြရေးအတွက် ထုတ်ပြန်သော သာသနာပိုင်နှင့် သုဓမ္မာဆရာတော်များ၊ ထပ်ဆင့်၍ ဆုံးမဩဝါဒပေးကြရသော ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် အကြီးအအုပ်ဆရာတော်များမှာ စံပြအဖြစ် ကျင့်ကြံနေထိုင်တော်မူခဲ့ကြသဖြင့် လက်အောက်ခံ ရဟန်း၊ သာမဏေများလည်း လိုက်နာကျင့်ကြံနေထိုင်မပြုဘဲ မနေဝံ့တော့ပါ။

ဒုတိယအမိန့်ဥပဒေတွင် ကျောင်းသားသူငယ်များ ကျင့်သုံးဆောက်တည်ရန် နည်းနာများကို ဟာကွက်လစ်ကွက် မရှိလောက်အောင် စေ့စေ့စပ်စပ် လမ်းညွှန်ထားသည်ကို တွေ့ရှိနိုင်သည်။ ယင်းလမ်းညွှန်မှုများနှင့်အညီ ကျောင်းသားလူငယ်များ အကယ်၍နေခဲ့ကြပါမူ အလွန်ယဉ်ကျေးသိမ်မွေ့၍ တွေ့မြင်ရသော လူကြီးသူမများ ချီးမွမ်းထောမနာပြုရသော သာသနာ့အညွှန့်အညောက်ကလေးများဖြစ်၍ တစ်နေ့သောအခါ သာသနာတော်တွင် ကြည်ညိုဖွယ်ဂုဏ်ဆောင် သီလဝန္တ ရဟန်းကောင်းရဟန်းမြတ်များ ဖြစ်လာနိုင်သည်။ ရဟန်းအဖြစ်မရောက်၍ အိမ်ရာတည်ထောင် လူဘောင်လောက၌ နေကြပါလျှင်လည်း အမျိုးဘာသာ ယဉ်ကျေးမှုဂုဏ်ဆောင်သော သာသနာ့ ဒါယကာကောင်းများဖြစ်လာနိုင်သည်။ သက်ဆိုင်ရာ အကြီးအကဲ ဆရာသမားများ အဆင့်ဆင့်၏ ကြပ်မတ် ပဲ့ပြင်မှုကြောင့် ထိုကလေးသူငယ်များမှာ ဥပဒေညွှန်ကြားချက်ပါအတိုင်း နေခဲ့ကြရသည်မှာ ယုံမှားစရာမရှိပါ။

တစ်ချိန်က ဆရာတော်ကြီးတစ်ပါးသည် ရွှေကျင်ဆရာတော်ကြီးထံ ကြွသွားတော်မူရာ ရွှေကျင်ဆရာတော်ကြီးက ကျောင်းရှိ ကျောင်းသားသူငယ်များ၊ ရှင်သာမဏေများ၏ ယဉ်ကျေးသိမ်မွေ့သော အမူအရာများဖြင့် အာဂန္တုကဝတ်ပြုမှုများကို တွေ့ရှိရသော ဆရာတော်ကြီးမှာ ချီးမွမ်းမဆုံးဖြစ်ခဲ့ရသည်။ မင်းတုန်းမင်းတရားလက်ထက်၌ ကျောင်းသားလူငယ်များသည်ပင် ထုတ်ပြန်ထားသော ဒုတိယအမိန့်ဥပဒေနှင့်အညီ နေထိုင် ကျင့်ကြံခဲ့ကြပါသေးလျှင် ပထမအမိန့်ဥပဒေအရ ရဟန်း၊ သာမဏေများ၏ ကျင့်ကြံနေထိုင်မှုမှာ ပြောစရာပင်မလို တော့အောင် ပါသာဒိကဂုဏ်ဆောင်နိုင်သော ဝိနည်းကျင့်ဝတ် ပြည့်ဝသည့် သီလဝန္တ လဇ္ဇီပေသလ သိက္ခာကာမ ရဟန်းကောင်းရဟန်းမြတ်များသာ ဖြစ်တော်ကြမည်မှာ ယုံမှားစရာပင် မရှိကြောင်း တင်ပြလိုက်ရပါသည်ခင်ဗျား။

မာမက (သုတေသီ)

www.burmeseclassic.com

www.burmeseclassic.com

အာဏာဥဿုယ

ကိုယ့်ကိုယ်ကိုယ်ကြည်ညိုသူ

စိတ်ကိုပြင်ဖို့ ပြင်ဦးလွင်သို့

သိန်းသန်းရတနာကျောင်းဆရာထော်သည် သက်တော် (၆၀) ပြည့်ခါနီး တရားအားထုတ်ပြီးအချိန်၌ တရားအားထုတ်လျှင် ရနိုင်သည့် အနှစ်သာရများကို ကိုယ်တွေ့ကဲ့သို့ ပြောပြတတ်၏။

"စာပေလည်းသင်၊ တရားရှုမှတ်ပြီး စိတ်ကိုလည်းပြင်မှ ရဟန်းဘဝ ခိုင်ခံ့မယ်၊ ပြည့်စုံမယ်"

မိမိသည် ဆရာတော်၏ ဩဝါဒကြောင့်ပင် ၁၃၆၆ ခုနှစ်မှစ၍ ပြင်ဦးလွင်သို့ တရားအားထုတ်ရန် လိုက်ဖြစ်ခဲ့ပါသည်။ ရောက်သောနေ့ ညနေ (၅) နာရီခန့်၌ အားလုံး တရားစုထိုင်ရာကျောင်းကြီးအောက်ထပ်၌ နိဿဂ္ဂိထိုက်သော သင်္ကန်းများကို ဝိနည်းကံနှင့်အညီ စွန့်ပြီး ဒေသနာကြားရပါသည်။ ထို့နောက် ပရိက္ခာရစောင့အဓိဋ္ဌာန်တင်ရပါသည်။

ဆရာတော်က ထိုင်မှတ်ပုံ၊ စင်္ကြံမှတ်ပုံ ထိုနှစ်မျိုးမှတစ်ပါး အခြားအချိန်၌ အသေးစိတ်မှတ်ပုံတို့ကို ပြောပြပါသည်။ ထို့နောက် အစမ်းသဘောဖြင့် ည(၈)နာရီအထိ တရားရှုမှတ်ရပါသည်။

အလုပ်ခွင်သို့ ဝင်ရပြီ

နောက်နေ့များ၌ နံနက် (၃) နာရီခွဲ သံချောင်းခေါက်၍ အိပ်ရာမှထကြရ၏။ နံနက် (၄) နာရီမှစ၍ ည (၉) နာရီအထိ တစ်ကြိမ်ကို (၁) နာရီနှုန်းဖြင့် (၈) ကြိမ်ထိုင်ကြရပါသည်။ ထိုင်ချိန်များ၏ အကြား၌ စင်္ကြံလျှောက်၍လည်း ရှုမှတ်ရပါသည်။

ကိုယ်လုတ်စိတ်လုတ် နေချင်သလိုနေခဲ့သော မိမိသည် ကိုယ်ရောစိတ်ပါ ထောင်ကျသလိုဖြစ်ပြီး အလွန်ခက်ခဲစွာ ကြိုးစားရပါသည်။ ထွက်ပြေးချင်စိတ်များလည်း ဖြစ်လာပါသည်။ အခြားသူများလည်း ကောင်းလို့သာ တက်တက်ကြွကြွ အားထုတ်နေကြခြင်း ဖြစ်မည်၊ ငါလည်း ဘာကြောင့် သူတို့လို အားမထုတ်နိုင်ရမည်နည်းဟု ဤသို့စိတ်ကို တင်းထားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တိုက်တွန်းမိန့်ကြား ဩဝါဒစကား

"ဦးပဉ္စင်းတို့ စိတ်အစဉ်မှာ ပါဝင်လာတဲ့ မကြောက်မရွံ့ ရဲဝံ့တဲ့သဘောဟာ ဝီရိယဆိုတာ သိပြီးသားပဲ။ ရှုမှတ်ရမှာ ကြောက်နေတာ၊ မရှုမှတ်ချင်တာ၊ ပျင်းတာ၊ စိတ်ဆုတ်နစ်နေတာတွေဟာ ဝီရိယလျော့နေတာပါ။ အားထုတ်ခါစမှာ ဝီရိယမလျော့ဖို့ အရေးကြီးပါတယ်။

ဝီရိယအားကောင်းဖို့က အရေးကြီးဆုံးဖြစ်လို့ ဦးပဉ္စင်းတို့သင်ထားတဲ့ သာသိပ္ပတ်ကျမ်းမှာ 'သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ' လို့ သမ္မာဝါယာမ - ဝီရိယကို ရှေ့ဆုံးက ပြထားခြင်းဖြစ်ပါတယ်။ ဘုရား၊ ရဟန္တာများ အသေလွတ်ရာပန်းတိုင်သို့ လျှောက်လှမ်းခဲ့တဲ့လမ်းမကြီးပေါ် သို့ ငါတို့ရောက်နေပြီလို့ သဘောထားပါ"

ဆရာတော်၏ ဤကဲ့သို့ ဆုံးမတိုက်တွန်းမှုကြောင့် အားမလျော့ဘဲ ကြိုးစားခဲ့ပါသည်။

(၅)ရက်ခန့်ကြာသောအခါ ရှုစရာအာရုံနှင့် ရှုမှတ်စိတ်ထည့်ပြီး တစ်ခါတစ်ရံ ကြည်ကြည်နူးနူး မှတ်လို့ကောင်းလာပါသည်။

ခက်ခဲနေသည်မှာ ကွေးထိုင်ထားသည့် အောက်ပိုင်းခန္ဓာကိုယ်၌ ကိုက်ခဲထုံကျဉ်လာပါသည်။ ဝမ်းဗိုက် တင်း၊ လျော့ ရှုမှတ်ကွက်ကို ရပ်ထားပြီး ဒုက္ခမှ ဒေါမနဿဘက် မကူးစေမှ၍ သည်းခံပြီး ကိုယ်ရောစိတ်ပါ တင်းမထားဘဲ အလိုက်သင့် ဝေဒနာရဲ့ သဘောကို သိအောင် ဆရာတော်ညွှန်ပြထားသည့်အတိုင်း စူးစူးစိုက်စိုက် 'နာတယ်၊ နာတယ်' ဟု မှတ်ပါသည်။

တစ်ခါမှတ် တစ်နာတိုးလာပြီး သည်းမခံနိုင်တော့၍ အမှတ်မလွတ်စေဘဲ ကျရိယာပုတ်ပြောင်းလိုက်ရသည် ချည်း ဖြစ်ပါသည်။

(၁၀) ရက်ကြာသောအခါ ကိုယ်ခန္ဓာအောက်ပိုင်းကဝေဒနာသည် မသက်သာဘဲ ပိုဆိုးလာပါသည်။ ရှုမှတ်ရန်ထိုင်ခါစ၌ပင် ကိုက်ခဲထုံကျဉ်သည့် ဝေဒနာနှင့် ရင်ဆိုင်ရပါသည်။ ဝေဒနာကိုချည်းမှတ်နေရပြီး သည်းမခံနိုင်တော့၍ လက်လျှော့ချင်စိတ်ပေါက်လာ၏။

"တရားအားထုတ်ရင် ကျရိယာပုတ်မမျှတတဲ့အတွက် ဖြစ်ပေါ်တဲ့ ဒုက္ခဝေဒနာနဲ့တော့ လူတိုင်း ရင်ဆိုင်ကြရမယ်။ ဝေဒနာကိုရှုမှတ်တဲ့အခါ အနာဆုံးနေရာကိုရွေးပြီး ရှုမှတ်ပါ။ ဝီရိယမလျော့ပါနဲ့၊ မကြောက်ပါနဲ့။ အဲဒီဆင်းရဲဝေဒနာနောက်မှာ သမာဓိအားကောင်းလာတဲ့အခါ တွေ့ကြမယ့် ချမ်းသာတွေက စောင့်ကြိုနေဖါတယ်"

ဤသို့ ဆရာတော်၏ ဆုံးမစကားများ နားထဲ၌ ကြားယောင်လာ၍ အားမလျော့ဘဲ ဆက်လက် ကြိုးစားခဲ့ပါသည်။

သမာဓိအားကြောင့် ဝေဒနာပျောက်သွား

တစ်နေ့ဝယ် နေ့ (၁၂) နာရီမှ (၁) နာရီအထိ ထိုင်ချိန်၌ (၁၅) မိနစ်ခန့် ကြာသောအခါ အောက်ပိုင်းတစ်ခုလုံး နေရာမလပ် ထုံကျဉ်ကိုက်ခဲလာပါသည်။ အနာဆုံးဒူးဆစ်နေရာကိုရွေး၍ အလိုက်သင့်ရှုမှတ်လိုက်ရာ အခြားနေရာများမှာ နာကျင်ကိုက်ခဲမှုများပျောက်၍ ရှုမှတ်နေရာ ဒူးဆစ်သို့ ရောက်လာသလိုဖြစ်ပြီး ဝိုင်းအုံစုခံသလိုဖြစ်လာပါသည်။ သည်းခံ၍ ရှုမှတ်နေရာ တဖြည်းဖြည်းမှိန်၍ သက်သာလာပါသည်။ အပူထွက်သလို ဖြစ်ပြီး ရှင်းခနဲ ပျောက်သွားပါသည်။

ထိုအချိန် ထူးထူးခြားခြား စိတ်ရွှင်လန်းလာပါသည်။ ခန္ဓာကိုယ်လည်း အေးငြိမ့်လာပြီး ချမ်းသာမှုကို ခံစားရပါသည်။ မှတ်ကောင်း၍ (၃) နာရီထိုးသည်အထိ (၃) နာရီ အချိန်ပြည့်မှတ်လိုက်ပါသည်။ စိတ်ထဲ၌ ဓဏာလေးကဲ့သို့ ထင်ပါသည်။

တရားထိုင်သောရက်မှာ (၁) လ ပြည့်ခါနီးပါပြီ။ ထိုနေ့မှစ၍ ခက်ခဲမှုများ မရှိတော့ဘဲ ဝမ်းဗိုက်တင်း၊ လျော့ အာရုံနှင့် ရှုမှတ်စိတ်ထည့်ပြီး မှတ်လို့ကောင်းပါသည်။

ထင်ထင်ရှားရှား ဘုရားဖူးရ

တစ်ခါနို့မှာ ရှုမှတ်နေဆဲ အာရုံလည်းမပျောက်ဘဲ ရွှေရောင်တပြောင်ပြောင်တောက်ပနေသည့် မဟာမြတ်မုနိရုပ်ပွားတော်ကြီးကို ထင်ထင်ရှားရှားကြီး ဖူးမြင်ရပါသည်။ ရှုမှတ်နေဆဲ ဖောင်း၊ ပိန်၊ တင်း၊ လျော့အာရုံကို မေ့ပျောက်သွားပြီး ရုပ်ပွားတော်ကို ကြည်ညိုသောသဒ္ဓါတရားဖြင့် ဖူးမြော်နေသည်မှာ (၁၅) မိနစ်ခန့် ကြာသွားပါသည်။

သတိပြန်ရ၍ ဖူးမြင်တယ်၊ ဖူးမြင်တယ်ဟု မှတ်လိုက်ရာ တဖြည်းဖြည်းချင်း နောက်ဆုတ်သလို ပျောက်ကွယ်သွားပါသည်။

ကောင်းမှန်းသိသွားပြီ

၁၃၆၆ ခုနှစ်တွင် တရားအားထုတ်ရန် ပြင်ဦးလွင် 'အဓိဋ္ဌာန်တရားခန်း' သို့ အစအဆုံး လိုက်ခဲ့ပါသည်။ အားထုတ်စဉ် ပင်ပန်းခက်ခဲသော်လည်း နောက်ပိုင်း၌ မကြောက်တော့ဘဲ တရားရှုမှတ်ချင်လာပါသည်။ (၁) နာရီထိုင်ခိုန်ကို ဓဏာလေးကြာသည်ပင် ထင်ခဲ့ပါသည်။ တရားအားထုတ်ရသည်ကို ကောင်းမှန်းသိသွားခဲ့ပါပြီ။

ပရိယတ္တိကိုသာမက ပဋိပတ္တိအကျင့်ကိုပါ သင်ပြပေးတော်မူသည့် သိန်းသန်းရတနာဆရာတော်ကိုလည်း အလွန်ကျေးဇူးတင်ပါသည်။

ထို့ကြောင့် ၁၃၆၆ ခုနှစ်မှ ၁၃၇၀ ပြည့်နှစ်အထိ (၅) နှစ်တိုင်တိုင် ဆက်တိုက်လိုက်ခဲ့ပြီး ဖြစ်ပါသည်။ နောက်နှစ်များ၌လည်း လိုက်ပါဦးမည်။ ကျောင်းသို့ပြန်ရောက်ချိန်၌လည်း အချိန်ကို ရအောင်ယူ၍ တရားထိုင်ဖြစ်ခဲ့ပါသည်။ မိမိကို အတုလိုက်၍ အချို့သီတင်းသုံးဖော်များလည်း တရားထိုင်ကြသည်ကို တွေ့ရ၍ ဝမ်းသာရပါသည်။

မိမိ (ဦးမာနိတ၊ ရတနာဘုံမြင့်ကျောင်း၊ ငါးဆူကျောင်းတိုက်) သည် တရားအားမထုတ်ဘူးမီက ဒေါသအလွန်ကြီးပါသည်။ ကိုယ်ထိလက်ရောက် ကျူးလွန်မိတတ်ပါသည်။ မဟုတ်မခံသည့်စိတ်က ကြီးစိုးနေခဲ့ပါသည်။ ယခုတရားအားထုတ်ပြီးချိန်၌ ဒေါသဖြစ်လာလျှင် ကိုယ့်စိတ်ကိုကိုယ်သိ၍ ထိန်းနိုင်ပါသည်။ ချက်ချင်း ဒေါသငြိမ်းသွားပါသည်။ စိတ်အေးချမ်းသာသွားပါသည်။ အေးအေးပြောဆိုနိုင်၍ အခြားသူများမိမိကြောင့် ကိုယ်စိတ်ဆင်းရဲမှု မဖြစ်တော့ပါ။

မိမိ၏ ရဟန်းဘဝသည် ပြည့်စုံသွားပြီဟု မဆိုနိုင်သေးပါ။ သို့သော် ကိုယ့်ကိုယ်ကိုယ်တော့ ကြည်ညိုလာပါပြီ။ တရားအားထုတ်၍ ရနိုင်သည့် အေးငြိမ်းချမ်းသာမှုကို စွမ်းနိုင်သမျှ တင်ပြ၍ သီတင်းသုံးဖော်များကို 'ရဟန်းဘဝပြည့်စုံအောင် တရားအားထုတ်ဖို့' တိုက်တွန်းလိုက်ပါသည်။

(ကျေးစေတမန် ပြင်ဦးလွင်မြို့ အရိယာမှန်ပြ နွေရာသီအဓိဋ္ဌာန်တရားစခန်း (၁၀) နှစ်ပြည့် အထိမ်းအမှတ် စာစောင် ၂၀၀၉ မှ ကူးယူဖော်ပြတယ်။)

အောင်ဥဇ္ဇယ

www.burmeseclassic.com

www.burmeseclassic.com

ကွယ်လွန်သူ ဘာတွေက ကျန်ရစ်သူတို့ကို ပြုလုပ်နှင်းလဲ

နတ်မောက်မင်းသန့်နိုင်

လူဘုံ လူဘဝသို့ ရခဲလှစွာ လူအဖြစ်သို့ ရရှိရောက်ရှိလာသူတိုင်း မည်သူမဆို တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ရှောင်လွှဲမရနိုင်သော သေခြင်းတရား မရဏတံခါးသို့ အလျားမှောက် တိုးဝင်ရသည်သာ ဖြစ်ပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သခါရတရားတို့သည် ထာဝရ မြဲသောတရားမျိုးသာ ဖြစ်နေပါသည်။ မမြဲသောတရားသာလျှင် အမြဲ ရှိနေသည်ဟု ဘုရားရှင် ဟောဖော်ညွှန်ပြတော်မူခဲ့ပါသည်။

သို့သော် ထိုမမြဲခြင်းတရားကိုပင် မြဲသည်ဟု ထင်မြင်ယူဆ အစွဲကြီးစွဲ၍ ငါ့အဖေ၊ ငါ့အမေ၊ ငါသား၊ ငါသမီး၊ ငါ့မယား၊ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ သံယောဇဉ်နှောင်ကြိုးများ တစ်ထွေးကြီး ငြိတွယ်လျက် အတ္တကိုင်စွဲ စွဲလမ်းမှုတရားများနှင့် အယူလွဲ အပူကဲစွာ လူဘဝမှ ထွက်ခွာ ကွယ်လွန်သွားကြသူများမှာ မထင်မှတ် မမျှော်လင့်ထားသော ပြိတ္တာဘုံသို့ ရောက်ရှိသွားတတ်ကြပါသည်။ အစွဲကင်းသူ ဟူ၍လည်း ရှားပါးလှလေရာ တစ်ရာလျှင် ကိုးဆယ်ကျော်လောက် ပြိတ္တာဘုံသို့ ရောက်ရှိနိုင်သည်ဟု ဆရာတော်ကြီးတစ်ပါး မိန့်ဖူးပါသည်။ ထားပါတော့။

ထိုသို့ထိုသို့ အယူလွဲ အပူကဲမှုဖြင့် ပြိတ္တာဘုံသို့ ရောက်ရှိသွားသည့် ကွယ်လွန်သူတို့ကို ရည်စူးကုသိုလ် အလှူဒါန ကောင်းမှုမျိုးစွာအား ကျန်ရစ်သူ ဆွေမျိုးအသိုင်းအဝိုင်းက မကြာခဏပြုပေးရပါသည်။ ခုနှစ်ရက် ရက်လည်မှစ၍ တစ်လ၊ တစ်နှစ်၊ သုံးနှစ်၊ ငါးနှစ်ပြည့် စသည်ဖြင့် ကုသိုလ်ပေးဆက် အမျှဝေကာ သာခဲ့ခေါ်နိုင်အောင် ပြုပေးရပါသည်။ ထိုသို့ပြုပေးရာတွင် ကျန်ရစ်သူတို့ ပြုပေးသော ကုသိုလ်အဖို့ ဘာဝကို ကွယ်လွန်သူတို့ ရကြစေရန် ရည်စူးကုသိုလ်ပြုလုပ်နည်းကို ရှာဖွေတင်ပြအပ်ပါသည်။

၁၉-၂-၂၀၁၁ စနေနေ့ နံနက်တွင် စာရေးသူနှင့် သားကြီးမောင်ကျော်စွာထက် (ပြည့်မင်းရာဇာ)တို့သည် နတ်မောက်မြို့၏ မြောက်ဘက် ခုနစ်မိုင်သာသာဝေးကွာသော စည်သာရွာ အင်ပင်တောကျောင်း ဆရာတော် အရှင်ဥဇ္ဇယထံသို့ ဖူးမြော်ကန်တော့ရန် သွားရောက်ခဲ့ပါသည်။

နံနက် (၈) နာရီခန့်တွင် ရောက်ရှိသွားရာ ဆရာတော်မှာ ဆွမ်းကျန်သပိတ်ကို စွန့်ကျွေးပါသည်။ ဆရာတော်မှာ ပတ္တပိုဏ်ဆွမ်းဘုဉ်းပေးရာ သပိတ်အတွင်းမှ မြေပဲဆန်၊ ချဉ်ပေါင်ဟင်း၊ ဝဲသီးသုပ်၊ ငါးခြောက်၊ ငရုတ်သီးထောင်း၊ အကြော်အစုံကို နယ်ဖတ်စားသောက်ရပါသည်။ တစ်မျိုးအရသာထူးပြီး ဒုက္ခနည်းပါး၊ ကရိကထနည်းပါးသည်ဟု ယူဆမိပါသည်။ စားပြီးနောက် ရေနွေးကြမ်းသောက်ရင်း ဆရာတော်နှင့် အာလာပသလ္လာပ စကားစမြည်ပြောဆိုကာ ဥဇ္ဇယစာကြည့်တိုက်စာအုပ်စင်မှ စာအုပ်များကို မွှေနှောက်မိပါသည်။

ဆရာတော်သည် လွန်ခဲ့သော(၅)နှစ်မှစ၍ ဥဇ္ဇယစာကြည့်တိုက် တည်ထောင်ခဲ့ပြီး ဓမ္မစာပေများကို အခမဲ့ ငှားရမ်းဖြန့်ဝေပါသည်။ ဒကာ၊ ဒကာမများ၏ လှူဒါန်းမှုနှင့် ဆရာတော်ကိုယ်တိုင် ရေးသားပြုစုသည့် (စု၊ တု၊ ပြု) စာမူခဝတ္ထုငွေကြေးတို့နှင့် စာအုပ်များ ဝယ်ယူစုဆောင်းပါသည်။ ဩကာသဘုရား ရှိခိုးမှစ၍ စစ်နှင့်ငြိမ်းချမ်းရေး၊ လေးသုနံသုနံ၊ ရွှေပြည်တော်မျှော်တိုင်းဝေးစသော ကမ္ဘာကျော်စာအုပ်ကြီးများအထိ စုံလင်စွာ တွေ့ရှိရပါသည်။ ဆရာတော်၏အမြော်အမြင်၊ စေတနာ၊ မေတ္တာတော်ကို ကျေးဇူးတင်ဝမ်းမြောက်ခြင်းနှင့် အတူ ရင်ထဲမှ သာမှအနုမောဒနာ လှိုက်လှိုက်လှဲလှဲ ခေါ်ဆိုမိပါသည်။

ဆရာတော်၏ စာကြည့်တိုက်စာအုပ်စင်ကို စိတ်ကြိုက်မွှေရင်း မမျှော်လင့် မထင်မှတ်စွာ စာအုပ်သေးသေးပါးပါးသေးသေးလေးတစ်အုပ် တွေ့လိုက်ရပါသည်။

စာအုပ်ကလေးကို ဆွဲယူကြည့်လိုက်သောအခါ-

ကွယ်လွန်သူ မိဘ၊ ဘိုးဘွား၊ ဆွေမျိုးသားချင်းများကို တမ်းတမ်းတတ မှတ်မှတ်ရရ မေ့မရသူများအတွက် ကွယ်လွန်သူအတွက် ရည်စူး၍ အလှူဒါနပြုလုပ်နည်း

ပြည်ကျော်လွင် (ပညာရေး)

ဟူ၍ မျက်နှာဖုံးတွင် တွေ့မြင်ဖတ်ရှုလိုက်ရရာ စာရေးသူမှာ အလွန်ပင် စိတ်ဝင်စားသွားမိသလို ကျယ်ကျယ်ပြန့်ပြန့် အများသိစေလိုသော စိတ်စေတနာလည်း ဖြစ်ပေါ်လာမိပါသည်။ အစားကောင်းစားရလျှင် မိတ်ဆွေများကို သတိရသည့်နယ် လူဘဝအတွက် အဓိကအရေးပါလှသည့် သေခြင်းတရားနှင့် ရှောင်လွှဲကင်းကွာမရသော လူဘုံအတွက် ဤစာအုပ်ကလေးသည် အဖိုးအနှုတ်ထိုက်လှသည်ဟုလည်း မှတ်ချက်ပြုမိပါသည်။

ထုတ်ဝေသည့်ကာလကြည့်လိုက်သောအခါ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ၊ အုပ်ရေ (၃၀၀၀)၊ ဒေါ်ရွှေအိမ် (တိုင်းရင်းစာပေ) အမှတ် ၈/၉၅၊ အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မှ ထုတ်ဝေခြင်းဖြစ်ပြီး ဒေါ်ညွှန့်ဝေ၊ ပိဋကတ်စာအုပ်ဆိုင်၊ အမှတ် (၃၉/၄၀)၊ ရွှေတိဂုံစေ့းတော်ရုံသစ်၊ တောင်ဘက်မုခ်၊ ဒဂုံစာတိုက် ရန်ကုန်မြို့မှ ဓမ္မဒါန ဖြန့်ဝေခြင်း ဖြစ်နေပါသည်။ စာအုပ်ကလေး၏သက်တမ်းမှာ လွန်ခဲ့သော (၁၁) နှစ်ခန့်ကဖြစ်ပြီး ဝါဖန့်ဖန့်ကလေး ဖြစ်နေပြီ ဖြစ်ပါသည်။ သို့ပေမယ့် စာအုပ်တစ်အုပ်လုံး ကွန်ပျူတာစီထားသဖြင့် ထင်ရှားပီသစွာ ဖတ်ရှုရ၍ အဆင်ပြေသည်။

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်လေးတွင်ပါသော အချက်အလက်များနှင့် စာရေးသူကိုယ်တိုင် သိရှိမှတ်သားထားချက်များ ပေါင်းစပ်၍ ပို့မိုပြည့်စုံအောင် တင်ပြအပ်ပါသည်။ မူရင်းမှာ ဆရာပြည်ကျော်လွင်(ပညာရေး)၏ ကြိုးစားအားထုတ်မှု တင်ပြချက်ကျေးလူးပင် ဖြစ်ပါသည်။ မတိုလွန်း၊ မရှည်လွန်း အပြည့်စုံဆုံးဖြစ်အောင် ကြိုးစားရေးသား တင်ပြသွားပါမည်။

ငိုခြင်းနှင့် စတင်လာခဲ့ရသော လူဘဝသည် ငိုခြင်းနှင့်ပင် အဆုံးသတ် နိဂုံးချုပ်ရပါသည်။ သေဆုံးသူအတွက် ကျန်ရစ်သူ ဆွေမျိုး၊ မွေးချင်း၊ မိတ်ဆွေ အပေါင်းအသင်း အသိအကျွမ်း နီးစပ်ရာလူတိုင်းပင် စိတ်အပူသောကရောက်ရသည်မှာ အမှန်ပင် ဖြစ်ပါသည်။

ဆရာတော် အရှင်ဆန္ဒာဓိက,က 'ဆေးပေါင်းခတဲ့မျက်ရည်' စာအုပ်တွင် ရေးသား တင်ပြထားသည်မှာ 'သေခြင်းတရားသည် သူတော်ကောင်းတို့၏ မိတ်ဆွေ' ဟု ဆိုပါသည်။

. . . သူတော်ကောင်း အာဇာနည်လေးမျိုး ရှိတယ်၊ တချို့ပုဂ္ဂိုလ်များက ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဒေသမှာ၊ ဘယ်သူဘယ်ဝါ၊ ဘယ်ယောကျ်ား၊ ဘယ်မိန်းမ သေပြီတဲ့လို့ သတင်းလေးကြားလိုက်တာနဲ့ သံဝေဂတွေ ဖြစ်တယ်။ သံဝေဂဖြစ်ပြီးတော့ ဝိပဿနာအားထုတ်တယ်။ အားထုတ်တဲ့အတိုင်းလည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဆိုက်ရောက်ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်။

ဒုတိယမြောက် သူတော်ကောင်းအာဇာနည်ကတော့ သေတဲ့အကြောင်းကြားရုံနဲ့တော့ မတုန်လှုပ်သေးဘူး။ ကိုယ့်မျက်စိရှေ့မှာ သေဆုံးနေတဲ့ယောကျ်ား၊ မိန်းမကိုမြင်ရတော့မှ ထိတ်လန့်တဲ့စိတ်ဖြစ်တယ်။ သံဝေဂဖြစ်တယ်။ ဝိပဿနာအားထုတ်တယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုက်ရောက်ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်။

တတိယမြောက် သူတော်ကောင်းအာဇာနည်ကတော့ သေတဲ့အကြောင်းကြားရုံနဲ့လည်း သံဝေဂမဖြစ်ဘူး။ ကိုယ်အင်မတန် ချစ်ခင်မြတ်နိုးတဲ့ ဆွေမျိုးသားချင်းထဲက တစ်ယောက်ယောက် သေဆုံးသွားတော့မှပဲ သံဝေဂဖြစ်တယ်။ ဝိပဿနာအားထုတ်တယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုက်ရောက်ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်။

စတုတ္ထမြောက် သူတော်ကောင်းအာဇာနည်ကတော့ သေကြောင်းကြားရုံ၊ သေတာမြင်ရုံ၊ ဆွေမျိုးသွေးသားထဲက သေရုံနဲ့လည်း သံဝေဂမရသေးဘူး။ မတုန်လှုပ်သေးဘူး။ ကိုယ်ကိုယ်တိုင် သေလုမြောပါး ဆင်းရဲဒုက္ခခံစားရပြီး အချိန်ပိုင်းအတွင်းမှာ သေရတော့မယ်ဆိုတာကို သေချာပေါက်သိတော့မှပဲ သံဝေဂဖြစ်တယ်။ သံဝေဂဖြစ်ပြီးတော့ ဝိပဿနာတရားအားထုတ်တယ်။ အားထုတ်တဲ့အတိုင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုက်ရောက်ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်။ 'သူတော်ကောင်းအာဇာနည်လေးမျိုး'။

'အဲဒီလေးမျိုးနဲ့ ဝိပဿနာအားထုတ်ပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတာ ဘာကြောင့်လဲဆိုရင် သေခြင်းတရားကို (ဆင်ခြင်သတိနဲ့) ပွားများလိုက်မိလို့ပါပဲ။ ဒါကြောင့် 'သေခြင်းတရားသည် သူတော်ကောင်းတို့၏ မိတ်ဆွေ' ဆိုတာ ဒီအဖြစ်အပျက်ကို ကြည့်ပြီး ပြောတာပါပဲ'

(အရှင်ဆန္ဒာဓိက၊ ဆေးပေါင်းခတဲ့မျက်ရည်၊ စာမျက်နှာ ၁၃၈၊ ၁၃၉၊ ၁၄၀)

ဆရာတော် အရှင်ဆန္ဒာဓိက၏ အထက်ပါစာစကားများ ဖော်ကြားပြီး နောက် စာရေးသူ ဆင်ခြင်မိသည်မှာ-ဝိပဿနာတရားအားထုတ်၍၊ အားထုတ်ပြီးသား၊ အားထုတ်ရင်း ကွယ်လွန်သေဆုံးသူ ဘယ်နဦးရှိပါမည်လဲ၊ လက်ချိုးရေတွက်၍ ရနိုင်လောက်မည် ထင်ပါသည်။ သို့အတွက်လည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသော ဘုံတွေမှာ ပြည့်နေသည်ဟု ထင်ပါသည်။

ထို့အပြင် ကွယ်လွန်သေဆုံးသူ ဘယ်ဘဝ၊ ဘယ်ဘုံ၊ ဘယ်အခြေအနေရောက်နေသည်ကိုလည်း ကျန်ရစ်သူ ပုထုဇဉ်တို့အနေဖြင့် တိကျ သေချာမသိနိုင် မမြင်နိုင်သည် မှန်သော်လည်း ကောင်းသောဘုံ၊ ကောင်းသောဌာန်၊ ကောင်းသောနေရာ၊ မြင့်သောအဆင့်၊ တောက်ပသောအလင်းတို့ ရရှိစေဖို့ ကုသိုလ်ဒါနပြုလုပ်ပြီး အမျှဝေ၊ သာဓုခေါ်နိုင်စေရန် ဆောင်ရွက်ကြရမည်သာ ဖြစ်ပါသည်။

သီးမှည့်တဝင်းဝင်း၊ သီးကင်းတဖြုတ်ဖြုတ်ဆိုသကဲ့သို့ပင် ကွယ်လွန်သေဆုံးသူသည် ငယ်ရွယ်သူဖြစ်နိုင်သလို မီးစာကုန်ဆီခန်း အရွယ်ရင့်သူလည်း ဖြစ်နိုင်ပါသည်။ ဘယ်အရွယ်မှာ သေရမည်ဟု ဥပဒေကန့်သတ်ချက် မရှိပေ။ သို့ပေသောကြောင့် ကွယ်လွန်သူသည် ဘိုးဘွား၊ မိဘ၊ ဆရာသမား၊ ညီအစ်ကို၊ မောင်နှမ၊ ဇနီးမယား၊ သမီး၊ သား ဟူသည့် သံယောဇဉ်၊ ပစ္စည်းဥစ္စာ၊ ငွေကြေး၊ အလုပ်အကိုင် စသော သံယောဇဉ်နှောင်ကြိုးတစ်ထွေးကြိုးနှင့် အယူလွဲ၊ အတ္တအစွဲနှင့် ကွယ်လွန်သွားသောအခါ ပြိတ္တာဘုံသို့ မထင်မှတ် မမျှော်လင့်ဘဲ ရောက်ရှိနေတတ်ပါသည်။ ထိုသူတို့အတွက် ကျန်ရစ်သူများက အလှူဒါန ကုသိုလ်ကောင်းမှုများပြုလုပ်၍ အကျိုးရှိစေရန် ဆောင်ရွက်ပေးရပါသည်။

သေခြင်းတရားသည် မည်သူမျှ မကင်းနိုင်ပါ။ မိသားစုအတွင်း နာရေးကိစ္စ ကြုံတွေ့လာသောအခါ ကွယ်လွန်သူအတွက် ရည်စူး၍ သင်္ဃောက်ဆွမ်း၊ မြေချဆွမ်း၊ ရက်လည်ဆွမ်း၊ တစ်လပြည့်ဆွမ်း၊ နှစ်ပတ်လည်အလှူ စသော ကုသိုလ်မျိုးစုံ ပြုလုပ်ကြပါသည်။ အများအယွင်း ဓလေ့ထုံးတမ်းမဖျက်မို့ အလွန်လိုအပ်ပါသည်။ မှားယွင်းလွဲခဲ့သည်ရှိလျှင် 'အတွင်းပိုးစားသည်' ဟု ဆိုပြီး ထိုမိသားစုအသိုင်းအဝိုင်းတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ၊ ထိခိုက်ဆုတ်ယုတ် ပျက်စီးတတ်ပြီး ထိုနေအိမ်သည် မင်္ဂလာမဲ့ကာ အရောင်မှိန်ဖျော့တတ်ပါသည်။ ဤသည်ကို မသိနားမလည်သူအချို့သည် စမ်းတဝါးဝါးလုပ်ကိုင်ပြီး မိရိုးဖလာထုံးစံသဘော တာဝန်ကျေရုံ ဖြစ်ကတတ်ဆန်း ပြီးစလွယ်ပြုလုပ်နေသည်များကိုလည်း ဝမ်းနည်းဖွယ်ကြုံတွေ့ရပါသည်။

နည်းမှန်၊ စနစ်မှန်လမ်းမှန်နှင့် ပြုလုပ်ဆောင်ရွက်သူနည်းပါးပြီး ကွယ်လွန်သူမှာ ၎င်းအတွက် ရည်စူးပြုလုပ်သော အလှူဒါန ကုသိုလ်အကျိုးတရားကို အပြည့်အဝမရရှိနိုင်ပဲ နိမ့်ကျသော ဘုံဘဝမှ မကျွတ်မလွတ်နိုင်ဘဲ နှစ်ပေါင်းရှည်ကြာ ကျင်လည်နေရတတ်ပါသည်။

ကျန်ရစ်သူတို့က နည်းစနစ်မှန်စွာ အလှူဒါနပြုလုပ်နိုင်ကြသော် ထိုသို့ ကွယ်လွန်သွားသည့် မကျွတ်မလွတ်သေးသူသည့် (၇) ရက်သားသမီးများသည် အလှူဒါနပြုလုပ်ရာသို့ တရားနာကြွရောက်ပြီး သာဓုခေါ်ဆိုနိုင်ကြပြီး ကောင်းမွန် မြင့်မားသော ဘုံဘဝသို့ ရောက်ရှိကူးပြောင်းသွားနိုင်ပါသည်။

အကယ်၍ ကွယ်လွန်သူသည် သာဓုခေါ်၍ မရနိုင်သော ဘုံဘဝသို့ ရောက်ရှိနေပါကလည်း ၎င်းအတွက် ရည်စူးပြုလုပ်သော အလှူဒါန ကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com

၏ အကျိုးသက်ရောက်မှုကို ကွယ်လွန်သူ မရရှိနိုင်သော်လည်း အလှူပြုလုပ်သူ (ကျန်ရစ်သူများ)အတွက် ရသင့်ရထိုက်သော ကုသိုလ်အကျိုးတရားများရရှိမည်ဖြစ်ပါသည်။

* ဦးစွာပထမ ကွယ်လွန်သူအတွက် ရည်စူးပြုလုပ်မည့် ကုသိုလ်အလှူဒါနပွဲကို ကြိုတင် ရက်သတ်မှတ်ရပါမည်။

ကွယ်လွန်သူသည် ပြိတ္တာ၊ တန္ဆေသရဲဘဝသို့ ရောက်ရှိနေပါက မကွယ်လွန်မီက နေထိုင်ရာ နေအိမ်၊ နေအိမ်ပတ်ဝန်းကျင်နှင့် အလုပ်လုပ်ခဲ့သော အလုပ်ဌာနတို့တွင် မှီတွယ်နေတတ်ပါသည်။ သို့မဟုတ်ပါကလည်း ခြေဦးတည့်ရာ လျှောက်သွားနေတတ်ပြီး နားခိုရန်နေရာနှင့် အစာရေစာတို့ကို ပင်ပန်းကြီးစွာ လိုက်ရှာနေတတ်ရပါသည်။ ထိုအခြေအနေများကြောင့် အလှူလုပ်မည့်နေ့တွင် အဝေးတစ်နေရာသို့ ရောက်ရှိနေတတ်ပါသည်။ ထိုအခါ အခြားနီးစပ်ရာပုဂ္ဂိုလ်များက ကွယ်လွန်သူများအား ရှာဖွေကူညီစေလွှတ်ပေးနိုင်ရန်အတွက် ကြိုတင် အကြောင်းကြား သတင်းပို့ထားနိုင်ရန် ဖြစ်ပါသည်။

* ဒုတိယ လုပ်ဆောင်ရမည်မှာ ကြိုတင်ဖိတ်ခေါ် အကြောင်းကြားရန် ဖြစ်ပါသည်။

×××အလှူဒါနပြုမည့် ×××နေ့၊ ×××နာရီတွင်၊ ×××နေ့က ကွယ်လွန်သွားသူ၊ ×××နေ့သား/သမီး၊ ဦး/ဒေါ် ×××သည် ရောက်ရာဘုံဘဝ၊ ရောက်ရာအရပ်မှ ၎င်းအတွက် ရည်စူး၍ အလှူဒါနပြုလုပ်ရာ ×××မြို့၊ ×××လမ်း၊ အိမ်အမှတ် ×××သို့ လာရောက်ပြီး တရားနာယူ သာဓုခေါ်ပါရန် ကြိုတင်ဖိတ်ခေါ် အကြောင်းကြားထားရပါမည်။

အထက်ပါအတိုင်း အကြောင်းကြားထားပြီးနောက် အလှူနေ့မတိုင်မီ ကွယ်လွန်သူအား သတိရတိုင်း၊ အမှတ်ရ အောက်မေ့မိတိုင်း ကျန်ရစ်သူများက နှုတ်မှ အကြိမ်ကြိမ်ဖိတ်ခေါ် အကြောင်းကြားထားရပါမည်။

* တတိယ လုပ်ဆောင်ရန်မှာ ပဌာန်းဆက်ရှိသော ပုဂ္ဂိုလ်များအား အကူအညီတောင်းခံရန်ဖြစ်ပါသည်။

"ကွယ်လွန်သူ ဦး/ဒေါ် ×××နှင့် ပဌာန်းဆက်ရှိတော်မူကြသော ကျေးဇူးရှင် အထက်ပုဂ္ဂိုလ်များသည် ကွယ်လွန်သူရောက်ရာဘုံဘဝ၊ ရောက်ရာအရပ်မှ (×××)နေ့တွင် ၎င်းအတွက် ရည်စူးပြု

ကွယ်လွန်သူသည် ပြိတ္တာ၊ တန္ဆေသရဲဘဝသို့ ရောက်ရှိနေပါက မကွယ်လွန်မီက နေထိုင်ရာ နေအိမ်၊ နေအိမ်ပတ်ဝန်းကျင်နှင့် အလုပ်လုပ်ခဲ့သော အလုပ်ဌာနတို့တွင် မှီတွယ်နေတတ်ပါသည်။ သို့မဟုတ်ပါကလည်း ခြေဦးတည့်ရာ လျှောက်သွားနေတတ်ပြီး နားခိုရန်နေရာနှင့် အစာရေစာတို့ကို ပင်ပန်းကြီးစွာ လိုက်ရှာနေတတ်ပါသည်။

လုပ်မည့် အလှူအိမ်သို့ ကူညီ၍ စေလွှတ်ပေးတော်မူပါရန် ကြိုတင်မေတ္တာရပ်ခံ လျှောက်ထားအပ်ပါသည်။

သာမန်လူတစ်ယောက်က အကြောင်းကြားဖိတ်ခေါ်ခြင်းထက် သာမန်လူထက် အဆင့်မြင့်သော မိမိတို့နှင့်လည်း အကြောင်းအဆက်ရှိသော အထက်ပုဂ္ဂိုလ်များ၏ အမိန့်အာဏာက ပို၍ စူးရှထိရောက်နိုင်သောကြောင့် ထိုပုဂ္ဂိုလ်များအား အကူအညီတောင်းရခြင်း ဖြစ်သည်။

* စတုတ္ထ လုပ်ဆောင်ရန်မှာ အရပ်ဒေသဆိုင်ရာ ပုဂ္ဂိုလ်များအား အကူအညီတောင်းခံရန် ဖြစ်ပါသည်။

မိမိတို့အရပ်ဒေသအလိုက် စောင့်ရှောက်တော်မူသော ပုဂ္ဂိုလ်များ၊ ကွင်းပိုင်၊ နယ်ပိုင်၊ မြို့နယ်ပိုင် ဘိုးဘိုးများ၊ (ဥပမာ ရွှေတိဂုံဘိုးဘိုး၊ ဆူးလေဘိုးဘိုး၊ ဝိုလ်တထောင်ဘိုးဘိုး၊ ရွှေဘုန်းပွင့်ဘိုးဘိုး၊ မြင်းဖြူရှင်၊ ကိုးမြို့ရှင် စသည်ဖြင့်) အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ လမ်းစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာတော်ရှင်၊ မြို့တော်ရှင် စသော ပုဂ္ဂိုလ်များအား အမျှပေးဝေပါ။ ကွယ်လွန်သူ ဦး/ဒေါ် ×××အား အလှူပြုလုပ်မည့်နေ့တွင် ရောက်ရှိနေသည့် ဘုံဘဝမှ အလှူပြုလုပ်ရာနေရာသို့ ကူညီစေလွှတ်ပေးပါရန်နှင့် အနှောင့်အယှက် အတားအဆီးများရှိပါကလည်း ဖယ်ရှားရှင်းလင်းပေးပါရန် မေတ္တာရပ်ခံရပါမည်။

လူရွာလူရပ်ဌာနေတွင် အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်ဖြင့် အုပ်ချုပ်သကဲ့သို့ မမြင်ရသော ပရလောကတွင်လည်း အဆင့်ငယ်သူများသည် ၎င်းတို့ထက် အဆင့်ကြီးသူများ၏ အမိန့်အာဏာကို နာခံရပါမည်။ ထို့ကြောင့် အရပ်ဒေသနှင့် ဆိုင်သောပုဂ္ဂိုလ်များကို အကူအညီတောင်းခံရခြင်း ဖြစ်ပါသည်။

တစ်ခါတစ်ရံ ကွယ်လွန်သွားသူက အလှူပြုလုပ်ရာနေရာသို့ တရားနာ ရေစက်ချ၊ သာဓုခေါ်ရန် လာရောက်လိုသော်လည်း အနှောင့်အယှက် အတားအဆီးများကြောင့် မလာနိုင်တာမျိုးရှိနိုင်ပါသည်။ အဝေးတစ်နေရာသို့ ခရီးလွန်နေသဖြင့် ၎င်းအား သတိပေးမည့်ပုဂ္ဂိုလ် မရှိလျှင် အလှူပြုလုပ်ပေးတာကို လုံးဝမသိလိုက်တာမျိုးလည်း ရှိတတ်ပါသည်။ ထိုသို့မဖြစ်စေရန် အရပ်ဒေသဆိုင်ရာ ပုဂ္ဂိုလ်များကို အကူအညီတောင်းခံမေတ္တာရပ်ခံရပါမည်။

* ပဉ္စမမြောက်ပြုလုပ်ရန်မှာ အလှူခံပုဂ္ဂိုလ်များကို ပင့်ဖိတ်ရန်ပင် ဖြစ်ပါသည်။

အလှူအတွက် ပင့်ဖိတ်သော ရဟန်းသံဃာတော်များတွင် အကျင့်သီလ၊ သိက္ခာ၊ သမာဓိနှင့် ပြည့်စုံတော်မူသော သံဃာတော်များ ပါဝင်ရန် အလွန် အရေးကြီးပါသည်။ သို့မှသာလျှင် ကွယ်လွန်သူအတွက် ပို၍ အကျိုးသက်ရောက်မှုရှိပါမည်။

အလှူခံပုဂ္ဂိုလ်မှာ သီလမရှိသော ဒုဿီလရဟန်း ဖြစ်နေခဲ့ပါလျှင် ကွယ်လွန်သူအနေဖြင့် ၎င်းကုသိုလ်၏ အဖို့ဘာဂကို သာဓုမခေါ်နိုင်ပေ။

* ဆဋ္ဌမပြုလုပ်ရမည်မှာ ဆရာတော် သံဃာတော်များကို ပင့်ဖိတ်လျှောက်ထားနည်း မှန်ကန်ရန် လိုပါသည်။

အကျင့်သီလ၊ သိက္ခာ၊ သမာဓိနှင့် ပြည့်စုံတော်မူခြင်း ရှိ/မရှိကို မရွေးချယ်တတ်လျှင် ပုဂ္ဂလအဓိဋ္ဌာန်ဖြင့် မလှူဘဲ သံဃာတော်များကို ရည်စူး၍ (သံဃိက) အလှူအဖြစ် လှူဒါန်းရပါမည်။

သံဃိကဒါန ဖြစ်မြောက်အောင် ပင့်ဖိတ်နည်းမှာ (လ၊ နှစ်ပြည့်) ဆွမ်းသွတ်အလှူဒါန ပြုလုပ်လှူဒါန်းလိုပါသဖြင့် အရှင်ဘုရား၏ ကျောင်းတိုက်မှ သံဃာတော် (-) ပါး ကြွရောက်ခိုးမြွင့်အလှူခံတော်မူပါဘုရား ဟု ပင့်ဖိတ်လိုရာ ကျောင်းတိုက်မှ အကြီးအကဲဆရာတော် (သို့မဟုတ်) ကျောင်းထိုင်ဆရာတော်အား လျှောက်ထားရပါမည်။

* ဆက်လက်၍ လှူဖွယ်ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com

များ စီစဉ်ရပါမည်။ ရဟန်းသံဃာတော်များအား လှူဒါန်းသော လှူဖွယ်ပစ္စည်းများသည် ဆွမ်း၊ ဆွမ်းဟင်း၊ ရေ၊ သပိတ်၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်၊ အနေကထိုင်ခင်းတို့ ဖြစ်သင့်ပါသည်။

ဘုရားကျောင်းဆောင်၊ သိမ်၊ ဇရပ်၊ ရေချမ်းစင်တို့ လှူဒါန်းနိုင်လျှင် ပို၍ ကောင်းလွန်းပါသည်။ ဒွေကြေးကို ဤကိစ္စအတွက် ဦးစားပေး မလှူသင့်ပါ။

ဆွမ်း၊ ဆွမ်းဟင်း၊ ရေ၊ သင်္ကန်း ပစ္စည်းသုံးမျိုးကိုသာ ဦးစားပေး ရှေ့တန်းတင် လှူဒါန်းသင့်ပါသည်။

အကယ်တန်၍ ဒွေကြေးလှူလိုလျှင်လည်း (နဝကမ္မ) အလှူဌေးဟု စာအိတ်ပေါ်တွင်ရေးပြီး လှူဒါန်းသင့်ပါသည်။ ဒွေကြေးကို တိုက်ရိုက် အလှူခံသော သံဃာတော်များ ဖြစ်ပါက အောက်ပါအတိုင်း လျှောက်ထားရပါမည်။

"ဆရာတော်ဘုရား၏ အပ်စပ်သော ပစ္စည်းလေးပါးအတွက် (---) ကျပ်တန် ပစ္စည်းဝတ္ထုကို လှူဒါန်းပါ၏၊ ဘုရား၊ ကပ္ပိယကာရကအား ညွှန်ကြားတော်မူပါဘုရား"

ဟု လျှောက်ထားပြီး ကပ္ပိယကာရကမှတစ်ဆင့် လှူဒါန်းပါ။

အမှန်စင်စစ် ကွယ်လွန်သူအတွက် ထိရောက်စွာ အကျိုးပေးသော လှူဖွယ်ပစ္စည်းများကို ရွေးချယ်တတ်ရန် လွန်စွာ အရေးကြီးပါသည်။

* ဆွမ်း၊ ဆွမ်းဟင်း၊ ရေ၊ သပိတ်၊ လှူပါက ကွယ်လွန်သူအတွက် အစာရေစာပြည့်စုံစေပါသည်။ အစားဆင်းရဲခြင်းဒုက္ခမှ လွတ်မြောက် ကင်းဝေးစေပါသည်။

* သင်္ကန်းလှူပါက ကွယ်လွန်သူအတွက် အဝတ်တန်ဆာ ပြည့်စုံစေပါသည်။ အဝတ်ဆင်းရဲခြင်းဒုက္ခမှ လွတ်မြောက်ကင်းဝေးစေပါသည်။

* ထီး၊ ယပ် လှူပါက ကွယ်လွန်သူအတွက် ပူပန်မှုငြိမ်းအေးစေပြီး အေးချမ်းမှု မေတ္တာရိပ်ပြည့်စုံစေပါသည်။ ပူလောင်ခြင်းဒုက္ခမှ လွတ်မြောက်ကင်းဝေးစေပါသည်။

* ဖိနပ်လှူပါက ကွယ်လွန်သူအတွက် လိုရာခရီးကို ရောက်ရှိခြင်း ပြည့်စုံစေပါသည်။

* အနေကထိုင်ခင်း၊ ဖျာ၊ ကျောင်း၊ ဇရပ်၊ သိမ် လှူပါက ကွယ်လွန်သူအတွက် နားခိုရန်ဌာန ပြည့်စုံစေပါသည်။ အနေဆင်းရဲခြင်းဒုက္ခမှ လွတ်မြောက်ကင်းဝေးစေပါသည်။

* အလှူပြုလုပ်မည့်နေ့တွင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ဆွမ်း၊ ရေ ချမ်း၊ ဆီမီး၊ ပန်း၊ အမွှေးတိုင်တို့ကို ကပ်လှူပူဇော်ပါ။

ကွယ်လွန်သူသည် ယနေ့ပြုလုပ်မည့် အလှူဒါနပွဲသို့ လာရောက်ပြီး တရားနာ သာဓုခေါ်နိုင်ရန် ဆုတောင်းမှု ပြုလုပ်ပါ။

အချို့ ကွယ်လွန်ပြီးသူတို့သည် ပြိတ္တာ၊ တစ္ဆေဘဝသို့ ရောက်နေကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရောက်သည့်ဘုံဘဝတွင် ပျော်မွေ့နေတတ်ပါသည်။ ကျွတ်လွတ်လိုသောစိတ် မရှိကြသောကြောင့် အလှူပွဲဌာနသို့ လာရောက်ကြသော်လည်း သာဓုမခေါ်ကြပါ။ ထို့ကြောင့် အလှူဌာနသို့ လာရောက်ရန် အရေးကြီးသကဲ့သို့ သာဓုသုံးကြိမ်ခေါ်ဆိုရန်လည်း အရေးကြီးပါသည်။ အထူးသတိပြုသင့်သော အချက်ဖြစ်ပါသည်။

* သံဃာတော်များ ကြွရောက်မလာမီတွင် အလှူမစမီ ဘုရားဆောင်၌ အနန္တောအနန္တင်းပါးအား အမှူးထား၍ ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား အလင်းတိုင်၊ အမွှေးတိုင်တို့ကို ပူဇော် လှူဒါန်းပါ။

ထို့နောက် ကွယ်လွန်သူ ဦး/ဒေါ်(---) ကိုယ်စား ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား အလင်းတိုင်၊ အမွှေးတိုင်တို့ကို လှူဒါန်းပါသည်ဟု ရွတ်ဆိုပြီး ထပ်မံ၍ ပူဇော်ပါ။

* သံဃာတော်များ ကြွရောက်လာပြီဆိုလျှင် အလှူစတင်တော့မည်ဖြစ်ပါသဖြင့် ကွယ်လွန်သူ ဦး/ဒေါ်(---) အား ကိုယ်တိုင် ကြွရောက် တရားနာ သာဓုခေါ်ရန်အတွက် ထပ်မံဖိတ်ခေါ်ရပါမည်။

မိမိနေထိုင်ရာ အိမ်၊ ခြံ၊ မြေတို့ကို စောင့်ရှောက်သော ပုဂ္ဂိုလ်များနှင့်တကွ အိမ်စောင့်နတ်၊ ခြံစောင့်နတ်တို့သည်လည်း ကွယ်လွန်သူ ဦး/ဒေါ်(---)ကို အိမ်တွင်းသို့ ဝင်ခွင့်ပြုပါရန်နှင့် မည်သည့်အနှောင့်အယှက်ကိုမဆို ရှင်းလင်းပေးရန်ကိုပါ မေတ္တာရပ်ခံရပါမည်။

ကွယ်လွန်သူ အလှူအိမ်သို့ လာရောက်လိုသော်လည်း တစ်ဦးဦးက နှောင့်ယှက်ဟန့်တားသဖြင့် အလှူအိမ်ထဲသို့ ဝင်ခွင့်မရသည်မျိုးရှိတတ်ပါသည်။ အမှုဝေခွဲနိုင်တွင် အခြားမိစ္ဆာတစ်ဦးဦးက အနှိုင်ယူပြီး သာဓုမခေါ်နိုင်အောင် နှောင့်မှုမျိုး ရှိတတ်ပါသည်။ ထို့အတွက် အနှောင့်အယှက် အဟန့်အတားများကို မေတ္တာရပ်ခံခြင်း ဖြစ်ပါသည်။

*အမှုဝေရန် လိုပါသည်။ တရားနာ ရေစက်ချပြီး အမှုဝေသောအခါ တရားဦးဖြင့်သော ဆရာတော် သံဃာတော်များသည် အမှုဝေရန် နှုတ်မှ ရွတ်ဆိုပေးတတ်ပါသည်။ ထိုအခါ ဆရာတော်များ ရွတ်ဆိုသည့်အတိုင်း လိုက်ဆို၍ အမှုဝေပါ။ သို့မဟုတ် ဆရာတော်များ အမှုဝေရာ၌ နှုတ်မှ ရွတ်ဆိုမပေးကြပါက အလှူရှင်က ကွယ်လွန်သူ၏ အမည်နာမကို နှုတ်မှရွတ်ဆိုခေါ်ပြီး အမှုဝေပါ။

"ကွယ်လွန်သူ ဦး/ဒေါ်(---)နှင့် တကွ (၃၁) ဘုံတွင် ရှိကြကုန်သော ပုဂ္ဂိုလ်အပေါင်း၊ သတ္တဝါအပေါင်းတို့သည် ကျွန်ုပ်တို့လှူဒါန်းသော ကောင်းမှုအစုစု၏ ကုသိုလ်အဖို့ကို ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရကြပါစေ။ အမှု၊ အမှု၊ အမှု ယူတော်မူကြပါ" ဟု အမှုပေးဝေရပါမည်။

အချို့ မိသားစုများသည် ကွယ်လွန်သူ၏ အမည်နာမကို နှုတ်မှ အော်၍ အမှုပေးဝေခြင်း မပြုလုပ်ကြပါ။ သင်စာရှူသူတို့ မမေ့ပါနှင့်။

အများအားဖြင့် 'အားလုံးကြားကြားသမျှ၊ အမှု၊ အမှု၊ အမှု ယူတော်မူကြပါ' ဟုသာ ရွတ်ဆို၍ အမှုဝေတတ်ကြပါသည်။ ကြားကြားသမျှ ဟူသော စကားအသုံးအနှုန်းသည် ကြားသည့်သူများအတွက်သာဟု ယူဆဖွယ်ဖြစ်ပြီး မကြားသူများ မပါဝင်သလို ဖြစ်နေပါသည်။

မိမိတို့၏ အလှူဒါနကောင်းမှုအဖို့ဘာဂကို အခြားဘုံဘဝများမှ သာဓုခေါ်ဆိုလိုသူများသည် အလှူဒါနသို့ လာရောက်ရန်မလိုဘဲ ၎င်းရှိရာဘုံဘဝမှပင် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်ကြပါသည်။

မိမိတို့ပြုလုပ်လိုက်သော အလှူဒါနသည် စူးရှထိရောက်မှုရှိလျှင် ရှိသလောက် (၃၁) ဘုံသို့ ရောက်ရှိပြည့်စုံနိုင်ပါသည်။

ထို့ကြောင့် အမှုဝေရာတွင် ကြားကြားသမျှ ဟူသော အဓိပ္ပာယ် ကျဉ်းမြောင်းသည့်သဘောဟု ယူဆဖွယ်ဖြစ်သည့် အသုံးအနှုန်း စကားလုံးကို မထည့်ဘဲ 'ပုဂ္ဂိုလ်အပေါင်း၊ သတ္တဝါအပေါင်း' ဟု ရွတ်ဆိုသင့်ပါသည်။

* ရေစက်ချပြီးသော ဇရများစွန့်

www.burmeseclassic.com

www.burmeseclassic.com

ပစ်ရာတွင် စုပေါင်း၍ သင့်တော်ရာနေရာတွင် မြေကြီးပေါ်သို့ သွန်ပါ။ နူတ်မှလည်း အောက်ပါအတိုင်း ရွတ်ဆိုပါ။

"မဟာပထဝီ ဝသုန္ဓရေ ဤမြေပဲသု သီလာထုလည်း သက်သေအမှုတည်စေသော်။ သာသနာတော်ကို စောင့်ကြပ်သော နတ်အပေါင်းတို့လည်း ကောင်းစွာ ကြားသိကြပါစေ။

ကျွန်ုပ်တို့၏ ကျေးဇူးရှင်များဖြစ်ကြသော ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတို့လည်း ကြားသိပါစေ။

ဤအရပ် ဤဒေသကို စောင့်ကြပ်ကြကုန်သော နတ်အပေါင်းတို့နှင့် တကွ ဝေမာနိက ပြိတ္တာအပေါင်းတို့သည် လည်းကောင်း၊ ကျွန်ုပ်၏ အိမ်၊ ခြံအပြင်၌ သာမုခေါ်ရန်အတွက် ရောက်ရှိနေကြကုန်သော မကျွတ်မလွတ်ကြသေးသည့် သတ္တဝါအပေါင်းတို့သည် လည်းကောင်း၊ အခြားသိသင့်သိထိုက်ကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် လည်းကောင်း ကြားသိကြပါစေ။

အထက်ဘဝ်၊ အောက်အဝီစိ၊ (၃၁)ဘုံ ကျင်လည်ကုန်သော သတ္တဝါအပေါင်းတို့အားလုံး ကြားသိကြပါစေသတည်း။

ငရဲသေနင်း ယမမင်းလည်း ကြားသိကြပါစေသတည်း။

ကျွန်ုပ်တို့ လျှဒါန်းသော ကောင်းမှုအစုစု၏ ကုသိုလ်အဖို့ကို ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရကြပါစေ။

အမျှ၊ အမျှ၊ အမျှ ဟု ဆိုပါ။

* နောက်ဆုံးအနေဖြင့် ပြန်ပို့ရန် မမေ့ပါနှင့်။

အလှူပွဲပြီးဆုံးခဲ့သော် ကွယ်လွန်သူ ဦး၊ ဒေါ်(---)နှင့်တကွ အခြားသော ပုဂ္ဂိုလ်များအားလုံး မိမိသွားလိုရာဌာနသို့ သွားနိုင်ပြီဖြစ်ကြောင်း မမေ့မလျော့ ပြောကြားပါ။ မေတ္တာရပ်ခံပါ။

အချို့မှာ ထိုသို့ပြန်လွှတ်ရန်၊ ပြန်ပို့ရန် မေ့နေတတ်ပါသည်။ အမှတ်တမဲ့မေ့နေသဖြင့် မလိုလားအပ်သော နောက်ဆက်တွဲ အကျိုးဆက်များ ဖြစ်လာတတ်ပါသည်။

ယခုတင်ပြခဲ့သည့်အတိုင်း ကွယ်လွန်သူအတွက်ရည်စူးကုသိုလ် ပြုလုပ်ရာတွင် ဦးဆောင်ပြုလုပ်မည့်သူရှိလျှင် ပိုကောင်းပါသည်။

သာသနာပြု၊ သတ္တဝါကယ် အလုပ်ကို ကုသိုလ်ဖြစ် ဆောင်ရွက်တော်မူနေသော ဆရာတော်ကြီးများ၊ အထက်ဂိုဏ်းဆရာကြီး/ဆရာမကြီးများသည် အထက်ပုဂ္ဂိုလ်များကို ပင့်ဖိတ်နိုင်စွမ်းရှိကြသလို အောက်မိစ္ဆာ၊ သရဲ၊ တစ္ဆေ၊ စုန်း၊ ကဝေ စသည်များကိုလည်း ဆင့်ခေါ်နိုင်စွမ်း ရှိကြ၏သည်။

ထို့အတူ ကွယ်လွန်သွားသူကိုလည်း ရောက်ရာဘုံဘဝ၊ ရောက်ရာအရပ်မှ လာရောက် တရားနာ သာမုခေါ်ရန် ဖိတ်ခေါ်နိုင်စွမ်းရှိကြပါသည်။

ထိုဆရာကြီးများက ဦးဆောင်ဦးရွက်ပြုပြီး ကွယ်လွန်သူအတွက် အလှူဒါနပြုလုပ်ခြင်း၊ အမျှဝေခြင်းတို့ကို ဆောင်ရွက်ပေးလျှင် သာမန်လူပုဂ္ဂိုလ်များ ပြုလုပ်သည်ထက် ပိုမိုထိရောက်မှုရှိပါမည်။

အကယ်တန္တ ထိုသို့သော ဆရာကြီးများက ဆောင်ရွက်ပေးရန် အကြောင်း မညီညွတ်ပါက မိမိတို့ မိသားစုထဲမှ သီလလုံခြုံသူ၊ အနည်းဆုံး ကံတစ်ပါး၊ပါးကို အသက်ထက်ဆုံး ထိန်းသိမ်းထားသူ(ရှစ်ပါးသီလလုံသူ)ရှိပါက ထိုသူများက ဦးဆောင်ပြီး အလှူဒါနပြုလုပ်သင့်ပါသည်။

ကျန်ရစ်သူတို့က နည်းစနစ်တကျ မှန်မှန်ကန်ကန်မလုပ်တတ်သောကြောင့် ကွယ်လွန်သူတို့ခမျာ ၎င်းတို့အတွက် ကုသိုလ်ကောင်းမှု အကြိမ်ကြိမ် လုပ်ပေးနေသည်ကိုပင် မသိနိုင်ကြပါ။ ထို့ကြောင့် တတ်ကျွမ်းနားလည်သူ ပုဂ္ဂိုလ်တစ်ဦးဦးက ဦးဆောင်၍ ပြုလုပ်ပေးမည်ဆိုပါလျှင် ကွယ်လွန်သူအတွက် လွန်စွာမှ အကျိုးရှိနိုင်ပါသည်။

သားသမီးများအပေါ် မိဘများ၏ နောက်ဆုံးမျှော်လင့်ချက်မှာ -

မိဘများကွယ်လွန်သော် ၎င်းတို့တွင် နောက်ဆုံးမျှော်လင့်ချက် ကိုယ်စီရှိကြပါသည်။ ထိုမျှော်လင့်ချက်မှာ ငါတို့ ကွယ်လွန်သော် သားသမီးများက ငါတို့အား ရည်စူး၍ ကုသိုလ်ကောင်းမှုပြုကြကာ ငါတို့အား အမျှပေးဝေခြင်းဖြင့် ငါတို့၏သံသရာခရီး ကောင်းမွန် ဖြောင့်ဖြူးရေးအတွက် ထောက်ပံ့မှုများ ပြုပေးကြလိမ့်မည်ဟုပင်။

မိဘများ သက်ရှိထင်ရှားရှိစဉ်က အကြောင်းအမျိုးမျိုးကြောင့် ထိုက်ထိုက်တန်တန် ကျေးဇူးမဆပ်နိုင်စေကာမူ သားသမီးများထံမှ ရလိုသော နောက်ဆုံးမျှော်လင့်ချက်ကို ကျန်ရစ်သူသားသမီးများက လေးစား ကျေးဇူး သိတတ်စွာ ဆောင်ရွက်ပေးခြင်းဖြင့် ကျေးဇူးဆပ်ရာရောက်ပါသည်။

တတ်စွမ်းပါ၊ ဖြစ်နိုင်ပါက 'လှူဒါန်းမှုအစုစုကို မကြာခဏ ပြုလုပ်ပေး' သင့်ပါသည်။

ကွယ်လွန်သူအတွက် ရည်စူး၍ ပြုလုပ်သော အလှူသည် ခုနစ်ရက်ပြည့်ရက်လည်ဆွမ်းသွတ်အလှူလောက်သာ ပြုလုပ်ကြခြင်းမျိုးမဟုတ်ဘဲ ကွယ်လွန်သူအား ချစ်ခင် လေးစားသောအားဖြင့် ကွယ်လွန်ပြီး တစ်လပြည့်၊ တစ်နှစ်ပြည့်၊ နှစ်နှစ်ပြည့်၊ သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် တတ်နိုင်သလောက် တစ်ဦးချင်းဖြစ်စေ၊ သားသမီး၊ ညီအစ်ကိုမှောင်နှမများ စုပေါင်းပြီးဖြစ်စေ၊ လှူဒါန်းမှုကို မကြာခဏ ပြုလုပ်ပေးသင့်ပါသည်။

ကျန်ရစ်သူတို့က တစ်ကြိမ်၊ နှစ်ကြိမ်ခန့် တာဝန်ကျေရုံ အလှူဒါနပြုလုပ်ပေးရုံဖြင့် ကွယ်လွန်သူသည် သာမုခေါ်နိုင်ပြီး ကောင်းမွန်ရာဘဝသို့ ရောက်သွားမည်ဟု ပုံသေတစ်ချသတ်မှတ်၍ မရပါ။

ကွယ်လွန်သွားသူတွင် သာမုခေါ်ရန် အဆင်မပြေသော အကြောင်းများ ရှိနေပါက အကြိမ်များစွာ အလှူပေး၊ အမျှဝေနေလျက် လပေါင်း၊ နှစ်ပေါင်းများစွာ ပြိတ္တာဘဝတွင် မကျွတ်မလွတ်နိုင်ဘဲ ရှိနေတတ်သည်ကိုလည်း အထူးသတိပြုစေလိုပါသည်။

ထို့ကြောင့် ဖြစ်နိုင်လျှင် တတ်စွမ်းသမျှ ကွယ်လွန်သူအတွက် စေတနာ၊ မေတ္တာထားလျက် မကြာခဏ အလှူဒါန ပြုလုပ်ပေးကြရန် တိုက်တွန်းအပ်ပါသည်။ (ဆွမ်းတစ်ချိုင့်၊ ရေတစ်အိုး တတ်နိုင်လျှင်လည်း တတ်နိုင်သလို လှူပေးနိုင်ပါသည်။)

ကွယ်လွန်ပြီးသူများကို ရည်စူး၍ အလှူဒါန ပြုလုပ်ပေးကြရန် မိမိတို့တွင် တာဝန်ရှိသလို မိမိတို့ ကွယ်လွန်သွားကြသောအခါတွင်လည်း ကျန်ရစ်သူများက ဆက်လက် ပြုလုပ်ကြရန် တာဝန်ကိုယ်စီ ရှိကြပါသည်။ လက်ဆင့်ကမ်းသယ်ယူသွားကြရမည့် ကုသိုလ်ဒါန အလှူပွဲများ ဖြစ်ပါသည်။

ကွယ်လွန်သွားပြီဖြစ်သော မိဘ၊ ဆွေမျိုး၊ မွေးချင်း၊ သားချင်းပေါက်ဖော်များအတွက် တာဝန်ကျေပွန်စွာ လှူဒါန်းနိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

ကျန်းမာ ချမ်းသာ လန်းဖြာကြပါစေ။

နတ်မောက်မင်းသမီးဝင်း

www.burmeseclassic.com

www.burmeseclassic.com

ဥပေက္ခာ ဆိုသည်မှာ ၈၈

သုခစုစံ(ကျိုက်လတ်)

ဝါတွင်းကာလ ဈေးပိတ်သော ဥပုသ်နေ့တစ်နေ့၏ ညနေစောင်းအချိန်တွင် ညီငယ်တစ်ယောက်ကဲ့သို့ ခင်မင်ရသော မောင်အောင်မိုးသည် ကျွန်ုပ်ထံသို့ ရောက်ချလာ၏။ ဈေးသမားဖြစ်သော အောင်မိုးသည် ဥပုသ်နေ့ ညနေတိုင်းလိုလို ကျွန်ုပ်ထံသို့ ရောက်ရောက်လာကာ သူသိလိုသော ဗေဒင်ပညာနှင့် ပတ်သက်သော ဗဟုသုတများ၊ ဘာသာရေးနှင့်ပတ်သော ဗဟုသုတများကို လာရောက်ပြီး မေးမြန်းပြောဆို ဆွေးနွေးခြင်း ဖြစ်၏။ အောင်မိုးသည် ဧည့်ခန်းဌာနှင့် မျက်နှာချင်းဆိုင် ဆက်တီခုံတွင် ဝင်ထိုင်ရင်း ကျွန်ုပ်ကို စကားစတင်ဆို၏။

" ကိုဇော်သန့်၊ ကျွန်တော့်စိတ်ထဲမှာ မတင်မကျဖြစ်နေတာလေးတစ်ခု မေးစရာရှိတယ်"

"မေးလေကွာ၊ အစ်ကို သိသလောက်တော့ ပြန်ဖြေပေးမှာပေါ့"

"ဒီလို ကိုဇော်သန့်ရဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မစိုရ်တရား (၄) ပါးမှာ မေတ္တာက တစ်ဦးအပေါ် တစ်ဦး စေတနာ၊ မေတ္တာထားတာ၊ ဒါကောင်းတဲ့အလုပ်ပေါ့။ ကရုဏာက တစ်ဦးအပေါ် တစ်ဦး ကြင်နာသနားတာ၊ ဒါလည်း ကောင်းတဲ့အလုပ်ပဲ။ မုဒိတာက သူတစ်ပါးကောင်းစားတာကို ကြည်နူးဝမ်းမြောက်တာ။ ဒါလည်း ကောင်းတဲ့အပြုအမူပဲ။ အဲလာပြီ ဥပေက္ခာ။ ဥပေက္ခာက သူတစ်ပါးကို လျစ်လျူရှုတာ၊ အဲဒါ ဘာကြောင့် ကောင်းတဲ့အလုပ်ထဲ ပါနေရတာလဲ။ ဥပေက္ခာအလုပ်က ဘာလို့ ကုသိုလ်အလုပ်ဖြစ်နေရတာလဲ။ အောင်မယ်- သူက ပါရမီ (၁၀) ပါးထဲတောင် ပါလိုက်သေးတယ်ဗျာ"

" ဪော် - မင်းက ဥပေက္ခာ အကြောင်းကို သိချင်တာပေါ့။ အဲဒါဆို အစ်ကိုက မင်းကို အရင်မေးမယ်ကွာ။ ဥပေက္ခာကို မင်းသိထားတဲ့သဘောတရားလေး အစ်ကို့ကို အရင်ပြောပြ"

"ကျွန်တော် သိထားတာကတော့ ဥပေက္ခာက ဒီလိုလေ။ ဥပမာပေါ့နော်၊ ကိုဇော်သန့် ပန်းထိမ်သမား သန်းလွင်ကို သိပါတယ်၊ သူက ကျွန်တော့်သူငယ်ချင်း။ သူက အရက်တအားသောက်တယ်။ ကျွန်တော်က သူငယ်ချင်းကောင်းပီသစွာနဲ့ မင်း အရက်တွေ မသောက်ပါနဲ့တော့ကွာ၊ အိမ်က မိဘတွေလည်း စိတ်ညစ်ရတယ်။ မင်းလည်း သိက္ခာကျတယ်။ ရောဂါလည်းရတယ်။ မကောင်းပါဘူးကွာလို့ တစ်ခါပြောတယ်၊ မရဘူး။ နောက်တစ်ခါထပ်ပြောတယ်၊ သောက်မြဲပဲ။ နောက် တတိယ အကြိမ် ထပ်ပြောပြန်တယ်၊ သူက သောက်ဆဲပဲ။ အဲဒီတော့ ကျွန်တော့် စိတ်ကို တုံးတုံးချပြီးပြောလိုက်တယ်။ ငါ နောက် ဘယ်တော့မှ မင်းကို မတားမြစ်တော့ဘူး။ မင်းဘာသာမင်း လမ်းဘေးလဲလဲ၊ မြောင်းထဲပဲ ခေါင်းစိုက်စိုက်၊ အသည်းပဲကျွမ်းကျွမ်း ငါ ဘယ်တော့မှ မပြောတော့ဘူး။ မင်းဘာသာ ဘာပဲဖြစ်ဖြစ် မင်းထိုက်နဲ့မင်းကံပဲလို့ ပြောလိုက်တယ်။ အဲဒါ ဥပေက္ခာပြုလိုက်တာလေ။ အဲဒါ ဘာဖြစ်လို့ ကုသိုလ်အလုပ်ဖြစ်နေရတာလဲ"

"ဪော် - အဲဒါက ဥပေက္ခာသဘောမဟုတ်ဘူးကွ။ မင်းက လူကိုလျစ်လျူရှုလိုက်တာကိုး။ ဥပေက္ခာ ဆိုတာ လူကို လျစ်လျူရှုရတာ မဟုတ်ဘူး။ အပြုအမူကို လျစ်လျူရှုရတာ"

"ဗျာ- ဘယ်လို၊ လူကို လျစ်လျူရှုတာမဟုတ်ဘူး၊ အပြုအမူကို လျစ်လျူရှုတာ ဟုတ်လား။ ကျွန်တော် အခုမှပဲ ကြားဖူးတယ်။ ကျွန်တော့်ကို ဥပမာလေးနဲ့ ရှင်းပြပါဦး"

"မင်းကို ထင်ထင်ရှားရှား ဥပမာပေးရရင် ဒီလိုကွာ။ မင်းကို လူတစ်ယောက်က လာပြီး ကျောမယ်၊ နှိမ်မယ်၊ စော်ကားမယ်ကွာ။ အဲဒီ မကောင်းတဲ့ အပြုအမူ (အာရုံဆိုး) မှာ မင်းက မကျေနပ်တဲ့ စိတ်တွေ၊ ခံပြင်းတဲ့စိတ်တွေ၊ ဝမ်းနည်းတဲ့စိတ်တွေ လုံးဝမဖြစ်ဘူးဆိုရင် အဲဒါ (သူ့ရဲ့ အပြုအမူကို လျစ်လျူရှုတဲ့) ဥပေက္ခာသဘောပဲ။ ပြီးတော့ မင်းကို လူတွေက ချီးမွမ်းမယ်၊ မြှောက်စားမယ်၊ ကုညီပုံပိုးမယ်၊ မျက်နှာသာပေးမယ် ဆိုပါစို့။ မင်းက အဲဒီကောင်းတဲ့ အပြုအမူ (အာရုံကောင်း) တွေမှာ သာယာတဲ့စိတ်မဖြစ်ဘူး၊ ဝမ်းသာတဲ့စိတ်မဖြစ်ဘူးဆိုရင် အဲဒါဟာ (သူတို့ရဲ့အပြုအမူကို လျစ်လျူရှုတဲ့) ဥပေက္ခာသဘောပဲပေါ့။ ရှင်းရှင်းပြောရရင်ကွာ သူများကြိုးဆွဲတိုင်း မကတာပေါ့။ သူများက ကိုယ့်ကို စိတ်ဆိုးအောင်လာလုပ်လည်း ကိုယ်က စိတ်မဆိုးဘူး။ ကိုယ့်ကိုပျော်ရွှင်ကြည်နူးအောင် လာလုပ်ရင်လည်း သာယာတဲ့စိတ် မဖြစ်ဘူး။ ကိုယ့်ကိုလာစော်ကားလည်း မမုန်းဘူး။ ကိုယ့်ကို ရိုသေလေးစားလည်း မချစ်ဘူး။ လောကဓံဆိုးနဲ့တွေ့လည်း ဝမ်းမနည်းဘူး။ လောကဓံကောင်းနဲ့တွေ့လည်း စိတ်ကိုမသာယာဘဲ စိတ်ကို ချိန်ခွင်လျှာလို အလယ်မှာပဲ ထားတယ်။ တစ်ဖက်သားက ကိုယ့်ဆီလာလို့လည်း ဝမ်းမသာဘူး။ မလာလို့လည်း ဝမ်းမနည်းဘူး။ ကိုယ့်ကို ချစ်လို့လည်း ဝမ်းမသာဘူး။ မုန်းလို့လည်း ဝမ်းမနည်းဘူး။ ကိုယ့်ကို စကားပြောလို့လည်း ဝမ်းမသာဘူး။ စကားမပြောလို့လည်း ဝမ်းမနည်းဘူး။ အလုပ်ကောင်းလို့လည်း ဝမ်းမသာဘူး။ အလုပ်မကောင်းလို့လည်း ဝမ်းမနည်းဘူး။ အခွင့်အရေးရလို့လည်း ဝမ်းမသာဘူး။ အခွင့်အရေးမရလို့လည်း ဝမ်းမနည်းဘူး။ ဒါတွေဟာ ဥပေက္ခာရဲ့ သဘောတွေပဲပေါ့ကွာ"

"နည်းနည်းတော့ သဘောပေါက်လာပြီ၊ ထပ်ရှင်းပြပါဦး ကိုဇော်သန့်ရာ"

"ဥပေက္ခာရဲ့ တိုက်ရိုက်အနက်က 'အသင့်အားဖြင့် ရှုခြင်း' လို့ အဓိပ္ပာယ်ရတယ်ကွ။ ဒါကို ရှေးဆရာတော်ဘုရားကြီးတွေက 'လျစ်လျူရှုခြင်း' လို့ မြန်မာပြန်ဆိုပေးထားတာ။ များသောအားဖြင့်တော့ ဥပေက္ခာကို မင်းအခုထင်နေသလိုပဲ ဥပေက္ခာဆိုတာ ဂရုမစိုက်တော့ဘဲ ဖြစ်ချင်ရာဖြစ်ပါလေ့စေ၊ သူ့အကျိုးကို မဆောင်ရွက်တော့ဘဲ ပစ်ထားလိုက်တာလို့ ယူဆနေကြတယ်။ အဲဒါ များနေကြတဲ့ အယူအဆပဲ။ မဟာအများကြီးပဲ။ ဥပေက္ခာဆိုတာ ပါရမီ (၁၀) ပါးထဲမှာ ပါတယ်ကွ။ ပါရမီဆိုတာ မြင့်မြတ်သူတွေရဲ့ အလုပ်လေ။ စိတ်ထားမြင့်မြတ်သူတွေဟာ သူတစ်ဖက်သားကို ကိုးထိုးထိုး၊ ခွေးဆွဲဆွဲ ဖြစ်ချင်ရာဖြစ်ပြီး မျက်နှာလွဲခဲပစ် ပစ်ထားလို့ ဘယ်ဖြစ်မလဲ။ မင်း ခုနက ပြောခဲ့တဲ့ ဥပမာအရဆိုရင် မင်းဟာ သန်းလွင်ကို ကူပေကာင်း

www.burmeseclassic.com

www.burmeseclassic.com

သူကောင်းဖြစ်အောင် ပြုမူဆောင်ရွက်တယ်။ သန်းလွင်က မင်းရဲ့ စကားကို အလေးမထားဘူး။ မင်းရဲ့ စေတနာကို စော်ကားတယ်။ ဂရုမစိုက်ဘူး။ အဲဒီမှာ မင်းကစိတ်ဆိုး၊ စိတ်ခုပြီး သူ့ကို ဖြစ်ချင်ရာဖြစ်ပါလေ့စေ ဆိုပြီး ပစ်ထားလိုက်တယ်။ အဲဒါ ဥပေက္ခာမှ မဟုတ်တာ။ ဥပေက္ခာဆိုတာ ကိုယ့်အပေါ် သူ့ရဲ့ ဂရုမမူတဲ့၊ ဆန့်ကျင်တဲ့၊ စော်ကားတဲ့လုပ်ရပ်တွေကို မမြင်မသိ ကန်းအသည်းဟန် သည်းခံပြီးတော့ မိမိရဲ့စိတ်မှာ သူ့ကို ဒေါသထွက်ခြင်း၊ မုန်းတီးခြင်း၊ စိတ်နာခြင်းတို့ကို နည်းနည်းလေးမှ မဖြစ်စေဘဲ စိတ်ကို တည်တည်ငြိမ်ငြိမ်လေးထားနိုင်တာဟာ ဥပေက္ခာပဲပေါ့ကွာ။ ဥပေက္ခာဟာ ပါရမီအလုပ်၊ မြင့်မြတ်တဲ့အလုပ်ဖြစ်လို့ အဲဒီလို ဒေါသမဖါတဲ့ တည်ငြိမ်တဲ့စိတ်ကလေးနဲ့ သူ့ကို လူကောင်းသူကောင်းဖြစ်အောင် ဆက်ပြီး နားချပြီး ကူညီပေးရမယ်။ အဲ- သူပေါ်မှာ ကြင်နာသနားစိတ်တွေနဲ့ ချစ်စိတ်ဝင်နေပြန်ရင်လည်း ဥပေက္ခာသဘောမဟုတ်ပြန်ဘူးကွ။ ဥပေက္ခာဆိုတာ ချစ်ခြင်းတွေ၊ မုန်းခြင်းတွေ မရှိဘူး။ ချစ်ခြင်း၊ မုန်းခြင်း ကင်းစွာနဲ့ သူတစ်ပါးအကျိုးကို ကူညီရမယ်။ ဥပေက္ခာဟာ ပါရမီအလုပ်ဖြစ်လို့ သူတစ်ပါးအကျိုးကို အမြဲတမ်း ငဲ့နေရမယ်။ မငဲ့နိုင်ရင်တော့ ဥပေက္ခာပါရမီ မမြောက်ဘူးပေါ့ကွာ"

"ကျွန်တော် တော်တော်တော့ သဘောပေါက်သွားပြီ။ အဲ-နေပါဦး ကို ဇော်သန့်ရယ်၊ အချစ်နဲ့ အမုန်းမှာ ချစ်တာဟာ ကောင်းတဲ့အလုပ် မဟုတ်ဘူးလား။ ဘာလို့ ချစ်ခြင်းကို ပယ်ရတာလဲ။ ကျွန်တော့်ကို ရှင်းပြပေးပါဦး"

" ချစ်တာတစ်ခုရှိရင် ဒုက္ခတစ်ခုရှိတယ်။ ချစ်တာနှစ်ခုရှိရင် ဒုက္ခနှစ်ခုရှိတယ်။ ချစ်တာ သုံးခုရှိရင် ဒုက္ခသုံးခုရှိတယ်လို့ မြေးဆုံးသွားလို့ ပူဆွေးနေတဲ့ ဝိသာခါကျောင်းအမကြီးကို ဘုရားရှင်က တရားဟောခဲ့ဖူးတယ်ကွ။ ဝမ်းနည်းပူဆွေး ငိုကြွေးရသော ဒုက္ခသောက ဟူသမျှ ချစ်ခြင်းခြောင့်သာ ဖြစ်တယ်။ ချစ်ခြင်းတွေ၊ မုန်းခြင်းတွေ ငြိမ်းနေမှ ဥပေက္ခာဖြစ်မှာ။ လောကမှာ ချစ်ရတာလည်း မကောင်းဘူး၊ မုန်းရတာလည်း မကောင်းဘူးကွ။ သံသရာတစ်လျှောက်လုံး ချစ်ခဲ့ရတာတွေလည်း များခဲ့ပါပြီ။ မုန်းခဲ့ရတာတွေလည်း များခဲ့ပါပြီ။ အဲဒီအချစ်၊ အမုန်းတွေကြောင့်ပဲ ဘဝသံသရာကြီးဟာ ရှည်လျားခဲ့ရတာပဲပေါ့။ မင်းတို့၊ ငါတို့ဟာ ဗုဒ္ဓဘာသာဝင်တွေလေကွာ။ တို့ဗုဒ္ဓဘာသာဝင်တွေရဲ့ အမြင့်ဆုံးပန်းတိုင်၊ အမြတ်ဆုံးပန်းတိုင်ဟာ နိဗ္ဗာန်လေ။ နိဗ္ဗာန်ကိုရောက်ဖို့ ဝိပဿနာကို အားထုတ်ရမယ်။ ဝိပဿနာကို အားထုတ်တဲ့အခါမှာ 'ဝိပဿနာအရာ ဥပေက္ခာ မုန်စွာ အဓိကဖြစ်ပေသည်' ဆိုတဲ့ အတိုင်းတို့ဟာ ' တစ်စတစ်စ စွန့်စား ဝံ့မှသာ ဘဝနောင်နှောင်း ဆက်တိုင်းကောင်း၏' ဆိုတဲ့ လက်ဘလေးအရ ချစ်ခြင်းတွေ၊ မုန်းခြင်းတွေကို တစ်စ တစ်စ စွန့်ပြီး အားထုတ်ရမှာကွ။ ဒါက လောကုတ္တရာဘက်က ပြောတာပါ။

လောကီဘက်မှာလည်း ဥပေက္ခာကို ကိုင်ထားပြီး ရှုနိုင်သမျှ ရှုရမယ်။ ကိုယ့်ကို မုန်းနေတဲ့သူ အကူအညီလာတောင်းရင်လည်း ကူညီပေးလိုက်၊ ကိုယ့်ကိုချစ်တဲ့သူက အကူအညီလာတောင်းရင်လည်း ကူညီပေးလိုက်၊ အဲဒီလူနှစ်ယောက်အပေါ်မှာ စိတ်နှစ်မျိုးမဖြစ်ဘဲ တစ်သားတည်းထားပြီး ကူညီတာဟာ ဥပေက္ခာပေါ့ကွာ။ ဒါပေမယ့် သူတို့ဆီက အပူဓာတ်ကိုတော့ မယူရဘူးနော်။ အဲဒါ အရေးကြီးတယ်။ လောကမံ အဆိုး၊ အကောင်းတွေနဲ့ ရင်ဆိုင်လာရတဲ့အခါမှာ ဥပေက္ခာရှုနိုင်မှ နေပျော်တာကွ။ ဥပေက္ခာမရှုနိုင်ရင်တော့ မင်းစိတ်တွေ တအား ဆင်းရဲရလိမ့်မယ်။ တကယ်တော့ တစ်စုံတစ်ယောက်အပေါ်မှာ မကျေနပ်တဲ့စိတ် ဖြစ်နေတယ်ဆိုရင် ကိုယ့်မှာ ဥပေက္ခာ မရှိသေးဘူး။ ဥပေက္ခာသာရှိရင် တစ်ဖက်က ဘယ်လောက်ဆိုးပြဆိုးပြ ကိုယ်က ဘာမှ မဖြစ်တော့ဘူး။ အကုသိုလ်မဖြစ်တော့ဘူး။ ကိုယ့်စိတ်ကလေးက ပုံမှန်ပဲ။ ဥပေက္ခာဟာ အဲဒီလို ကိုယ့်ကိုအကျိုးပြုတာကွ။ ဘာပဲပြောပြောကွာ၊ ဥပေက္ခာဟာ တို့လူသားတွေအတွက် ဘဝမှာ မဖြစ်မနေ လိုအပ်နေတာတော့ အမှန်ပဲကွ"

" ဟုတ်တယ်နော် ကိုဇော်သန့်၊ ဥပေက္ခာက တော်တော့်ကို အရေးပါအရာရောက်တာပဲနော်"

" ဟုတ်တယ်၊ ကိုယ့်စိတ်ကို ကိုယ် ပြန်စစ်ကြည့်ပေါ့။ ဝမ်းသာတဲ့စိတ်၊ ဝမ်းနည်းတဲ့စိတ်တစ်ခုခုဖြစ်နေရင် ဥပေက္ခာမဖြစ်သေးဘူး။ ကိုယ့်စိတ်ဟာ ဘယ်ဘက်ကိုမှ မယိမ်းဘဲ အလယ်မှာတည်နေမှ ဥပေက္ခာဖြစ်တာ။ ဥပေက္ခာဟာ သိပ်ပြီး သိမ်မွေ့နက်နဲပြီး ကျင့်ဖို့လည်း အလွန်ခက်ခဲတယ်ကွ။ 'ချီးမွမ်းလို့လည်း မသာယာ၊ ကဲ့ရဲ့လို့လည်း စိမ်မဆိုး၊ စိတ်နှစ်မျိုးမဖြစ်တာ ဥပေက္ခာ' ဆိုတဲ့ စကားစည်းမျဉ်းလေးကို လက်ကိုင်ထားပြီး အာရုံတွေကြုံလာတိုင်း၊ ကြုံလာတိုင်း 'ငါ ဥပေက္ခာဖြစ်အောင်နေမယ်၊ ငါ ဥပေက္ခာဖြစ်အောင်နေမယ်' လို့ ထပ်ကာထပ်ကာ ကိုယ့်ကိုယ်ကိုယ် သတိပေးနေရမယ်။ သတိပေးမှုနဲ့အတူ နေလည်းနေပေးရမယ်။ တကယ်လို့များ ဝမ်းသာတဲ့စိတ်၊ ဝမ်းနည်းတဲ့စိတ်၊ ကျေနပ်တဲ့စိတ်၊ မကျေနပ်တဲ့စိတ်၊ တစ်ဖက်ဖက်ကို ယိမ်းနေသေးရင် ကိုယ့်စိတ်ကလေးကို သေသေချာချာ စိုက်ကြည့်ပြီး 'ငါ့မှာ ဥပေက္ခာမရှိဘူးဖြစ်နေတယ်၊ ငါ့စိတ်ကလေးကို ဥပေက္ခာဖြစ်အောင် နေမယ်' လို့ ဉာဏ်ဖြစ်တဲ့အထိ ဆင်ခြင်ရမယ်။ ပြီးတော့ တစ်ဖက်ကိုယိမ်းနေတဲ့ ကိုယ့်စိတ်ကလေးကို အလယ်ဗဟိုကို ဖြည်းဖြည်းချင်း ပြန်ခေါ်ရမယ်။ ခေါ်ခါစမှာ ခက်ပေမယ့် ခေါ်ပါများ၊ ကျင့်ပါများလာရင်တော့ အလယ်ဗဟိုကို ရောက်လာပါလိမ့်မယ်။ တို့ဟာ ပုထုဇဉ်တွေဆိုတော့ အာရုံတစ်ခုခုနဲ့တွေ့လိုက်တာနဲ့ စိတ်ကလေးက တစ်ဖက်ဆီကို ဖျတ်ခနဲ ဖျတ်ခနဲ ယိမ်းသွားတတ်တယ်။ အဲဒါကို ကိုယ်က သတိပြန်ကပ်လိုက်မိဖို့ပါပဲ။ လွယ်လွယ်ကူကူနဲ့တော့ ရမှာမဟုတ်ဘူး။ တဖြည်းဖြည်း ကျင့်ယူရင်း ကျင့်ယူရင်းနဲ့ ကိုယ်လိုချင်တဲ့ ဥပေက္ခာပါရမီဆီကို ရောက်သွားမှာပါကွာ။ ကိုယ်က ဥပေက္ခာပါရမီဖြည့်ချင်တဲ့စိတ်တော့ ရှိဖို့လိုတာပေါ့နော်"

ကျွန်ုပ်၏ စကားအဆုံးတွင် အောင်မိုးသည် ခေါင်းကိုတဆတ်ဆတ် ငြိမ့်နေကာ ခါးကို ဆန့်လိုက်ရင်း-

" ဟုတ်တာပေါ့၊ အင်း-အခုမှပဲ ဥပေက္ခာအကြောင်းကို အမြင်မှန်မှန်နဲ့ ဂဃနဏာ သိရတော့တယ်။ ကျေးဇူးအရမ်းတင်ပါတယ် ကိုဇော်သန့်ရာ။ ကဲ-မိုးကလည်းမှောင်လာပြီ။ မိုးလည်းချုပ်ခါနီးပြီ။ ကျွန်တော်လည်း ပြန်တော့မယ်။ နောက်အပတ်ကျမှပဲ တွေ့ကြတာပေါ့"

ဟု ဆိုကာ ကျွန်ုပ်တို့ ဇနီးမောင်နှံအား နှုတ်ဆက်ရင်း အိမ်မှ ပြန်သွားပါလေတော့သည်။

ကောင်းမှု အကြောင်းပြု တောင်းဆုပြည့်ပါစေ

သုခစုစံ(ကျိုက်လတ်)

ကျမ်းကိုး

မြင့်မြတ်သူတို့ရဲ့အလုပ်
ရဝေန္တယ်(အင်းမ)

www.burmeseclassic.com

www.burmeseclassic.com

ဖန်းပြုံင်လဖယ်–ဝိန်ဝင်း

သက်ငယ်မြက်တစ်ပင်နှင့် ရွှေစင်တစ်ရာ

(၁)

ကျုပ်တို့ ဗာရာဏသီပြည်သားတွေထဲက ကျုပ်ရဲ့ ကျေးဇူးရှင်လည်းဖြစ်၊ အလုပ်ရှင်လည်းဖြစ်တဲ့သူကြွယ်ကြီးကို ရှုထောင့်တစ်ခုကနေ ဝေဖန်နေမိပါတယ်။ ကိုယ့်သခင် ကိုယ့်သူဌေးအကြောင်းပြောရမှာဆိုတော့ ကိုယ်ပေါင် ကိုယ်လှန်ထောင်းသလို ဖြစ်နေတော့ တာပါပဲ။

ကျုပ်တို့သူဌေးဟာ ဗုဒ္ဓဘာသာတစ်ဦးဖြစ်တာနဲ့အမျှ ကြည်ညိုမှုသဒ္ဓါတရားဟာ သူများတကာနဲ့မတူအောင် သာလွန်တယ်လို့ ဆိုရမှာပါ။ ပြီးတော့ သူ့ရဲ့ အားနည်းချက်တစ်ခုက သူ့ကို သနားအောင်ပြောတဲ့သူ၊ သူကျလောက် အောင် အပြောကောင်းတဲ့သူတွေဆို သဒ္ဓါပြီးသား၊ စွန့်ကြဲပေးကမ်းလှူဒါန်းပြီးသား ဖြစ်နေတာပါ။ ဒီတော့ ကျုပ်က စဉ်းစားကြည့်ပါတယ်။ ဒီလို သူ စွန့်ကြဲပေးကမ်းလှူဒါန်းမှုဒါနကြောင့် ချမ်းသာကြီးခြင်းဖြစ်ရတယ် ဆိုတဲ့ အသိတစ်ခု ကျုပ်နှလုံးသားထဲ စိမ့်ဝင်ယိုစီးခဲ့ရတော့ တာပေါ့။

(၂)

သူကို သေသေချာချာကြည့်လိုက်တော့မှ ရဟန်းတစ်ပါးမဟုတ်ဘဲ ရသေ့သူတော်စင်တစ်ဦးအဖြစ် သိလိုက်ရပါတယ်။ သစ်ခေါက်ဆိုးထားတဲ့ လျှော်သင်္ကန်းကို ဝတ်ရုံထားပြီး ဦးခေါင်းက ဆံပင်ကို ဆံကျစ်ထုံးလို့ ကြိုးမြတ်တဲ့ ဂုဏ်သိက္ခာ၊ မြင့်မြတ်တဲ့ ဣန္ဒြေတို့နဲ့ စက္ခုပသာဒကို မျက်လွှာချထားပါတယ်။

အဲဒီရသေ့ကို မြင်လိုက်တယ်ဆိုရင်ပဲ မြင်သူတိုင်းဟာ ကြည်ညိုသဒ္ဓါပွားကြရပါတယ်။ တောတောင်အရပ်က ချဉ်ဆားအလို့ဌာ ဒီဗာရာဏသီကို ရောက်လာ အလှူခံတဲ့အကြောင်းကို တစ်ယောက်စကား တစ်ယောက်နားနဲ့ ကျုပ်ရဲ့သူဌေးလည်း ကြားသိခဲ့ရပါတယ်။ နဂိုကတည်းက သဒ္ဓါပိုတဲ့သူဌေးဟာ သူတော်စင်ရသေ့ကို သွားဖူးပြီး စကားစမြည်ပြောတော့ ရသေ့က ကာမဘုံသား ဆုံလည်နွားလို့ဆိုတဲ့ ရှုပ်ထွေးပွေလီလှတဲ့ လူလောကီကို စွန့်လွှတ်ပြီး လူသူကင်းဝေးရာ သစ်တစ်ပင်၊ ဝါးတစ်ရုံရိပ်မှာ အေးချမ်းစွာ တရားရှာနေ၍ ချမ်းသာအစစ်ကို တွေ့ခဲ့ရပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး တရားကျင့်နိုင်ဖို့ရာ ဒီရုပ်၊ နာမ် ခန္ဓာတည်မြဲနိုင်ဖို့ အာဟာရအတွက် ချဉ်ဆားအလှူခံသက်သက် ထွက်လာခဲ့တဲ့အကြောင်း စုံနေအောင် ပြောလိုက်ပါတယ်။ ကျုပ်တို့သူဌေးက တော့ ခေါင်းကလေးငုံ့၊ ပုဆစ်လေးတုပ်ပြီး ရသေ့ကြီးပြောသမျှ မှန်ပါ၊ မှန်ပါနဲ့ ဟန်ကျလို့ ပုတ်သင်ညှိတစ်ကောင်လို ခေါင်းလေးတဆတ်ဆတ်နဲ့။ ပြီးတော့မှ သူဌေးကြီးက-

"သူတော်စင်ရသေ့မြတ်၊ အသင်၏စကားများကို ကြားရသည်မှာ လွန်စွာ အားရသဒ္ဓါထက်မိပါသည်။ ရသေ့မြတ်၏ လိုအပ်သော ချဉ်ဆားကိုလည်း လှူပါရစေ။ ရသေ့ရဟန်းတို့အတွက် တရားကျင့်ကြံ ပွားများအားထုတ်ရာမှာ လိုအပ်သော ပစ္စည်းလေးပါးဖြစ်သည့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ကိုလည်း လှူဒါန်းလိုပါ၏။ တပည့်တော်အား ပစ္စည်းလေးပါး ဒါယကာအဖြစ် သတ်မှတ်ခွင့်ပြုတော်မူပါ။ တပည့်တော်တို့အား ရသေ့မြတ်၏ တပည့်ဒါယကာအဖြစ် ဆုံးမသွန်သင်မှုဖြင့် ကြည့်ရှုတော်မူပါ"

"သည်းခံလေ့ ဒကာတော်၊ ကျွန်ုပ်ဆိုခဲ့ပြီးပါပကော။ ရှုပ်ထွေးပွေလီလှတဲ့ လူလောကီအာရုံ ကာမဂုဏ်တွေကို တွေ့ကြုံဖြတ်သန်း ညစ်ညမ်းခဲ့ဖူးပြီမို့ ကျွန်ုပ်သည် လူသူမြို့ရွာများနှင့် ထွေးရောယှက်တင်နေထိုင်ခြင်းကိုပင် အလိုမရှိ။ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ဖုံးလွှမ်းနေတဲ့ ကာမဘုံလူသားတွေရဲ့ မြို့ရွာကျေးလက် အရောင်အသွေးနဲ့ ဟန်

www.burmeseclassic.com

www.burmeseclassic.com

ဆောင်မှုရန်တွေဟာ ကျွန်ုပ် ရှာဖွေကျင့်ကြံနေတဲ့ မမွှေတရား မဟုတ်ပေဘူး"

ရသေ့ကြီးက ကြည်ညိုမှုသဒ္ဓါတရားလွန်ကဲနေတဲ့ သူဌေးကြီးရဲ့ မျက်နှာကို အကဲခတ်သလိုကြည့်ပြီး အတန်တန် ငြင်းချက်တွေပေးလို့နေပါတယ်။

ကျွပ်တို့သူဌေးဟာ အလွန် ဇွဲကောင်းတဲ့လူပါ။ မဖြစ်နိုင်ဘူး ဆိုတဲ့ စကားဟာ သူ့မှာ မရှိစေရဘူးတဲ့။ ဒါကြောင့် နောက်တစ်ကြိမ် ထပ်မံ ကြိုးစားဖို့ရာ ကျွပ်ကိုပါ အဆစ်ခေါ်လို့လိုက်လာခဲ့ရပါတယ်။ ဒီတစ်ခါတော့ ရသေ့မြတ်ကို သူဌေးကြီးအိမ်ကို ဆွမ်းစားပင့်ဖိတ်တာပါ။ ကျွပ်လည်း ရသေ့ကြီးကို သေသေချာချာဖူးလိုက်တော့ ရသေ့ကြီးရဲ့ မျက်လုံးတွေဟာ စူးရှထက်မြက်နေသလို ကြည်ညိုလိုက်မိပါတယ်။ အဲဒီမျက်လုံးတွေနဲ့ ကျွပ်တို့သူဌေးကို စူးစူးနစ်နစ်ကြည့်ပြီး ဆွမ်းစားပင့်ခြင်းကို ချက်ချင်း လက်ခံလိုက်ပါတယ်။

"အရှင်ရသေ့မြတ်၊ ဆွမ်းဘုဉ်းပေးရတာ အဆင်ပြေပါရဲ့လား။ လိုအပ်တာရှိရင် မိန့်ကြားတော်မူပါ"

"တရားမမှအစစ်ကို ရှာဖွေနေတဲ့ သူတော်စင် အစစ်အမှန်တို့ဟာ ရသတဏှာကို မက်မောတမ်းတခြင်း မရှိကြပေဘူး ဒကာ။ အမှတ်နဲ့ဘုဉ်းပေးရတဲ့အတွက် ရသတဏှာကင်းစေပါတယ်"

ရသေ့ကြီးရဲ့စကားကြောင့် ဆွမ်းဒါနပြုတဲ့သူဌေးဟာ သူဖြစ်ချင်တာကို ထပ်ဆင့် ပြန်လျှောက်တင်ပြန်ပါတယ်။

"အရှင်ရသေ့၊ အစဉ်အမြဲမဟုတ်သော်လည်း မြို့ပေါ်ကြွသည့်ကာလတစ်လျှောက် သင့်တင့်လျောက်ပတ်သည့် အချိန်အထိ သီတင်းသုံးနေတော်မူပြီး တရားမမှအဆုံးအမကို အခါအားလျော်စွာ ချီးမြှင့်ပေးသနားတော်မူပါ သူတော်ရသေ့"

ရသေ့ဟာ သူဌေးကြီးရဲ့ ဧည့်ကောင်းစောင့်ကောင်းများအား ဧည့်ခံရာအဆောင်၌ ဆွမ်းကပ်လှူခြင်းဖြစ်၍ ဧည့်ခန်းပတ်လည်ကို သူ့ရဲ့စူးရှတဲ့အကြည့်နဲ့ ဝေ့ဝဲကြည့်နေတာကို ကျွပ်လည်း အကဲခတ်မိပါတယ်။ သူဌေးကြီးကတော့ ကြည်ညိုသဒ္ဓါထက်သန်စွာနဲ့ ခေါင်းငုံ့ထားလို့ မမြင်ပါဘူး"

"အိမ်း - ကောင်းပြီ ဒကာတော်၊ ကျွပ်တစ်ပါးတည်း တရားအားထုတ်လို့ရ၊ ဒကာကြီးတို့ကိုလည်း တရားပြဖို့ရာ အခက်အခဲမရှိတဲ့နေရာမှာ ယာယီကျောင်းနဲ့ သီတင်းသုံးရပေတာပေါ့ကွယ်"

ဒီလိုနဲ့ သူဌေးရဲ့ အလွန်ကျယ်ပြန့်တဲ့ ခြံဝိုင်းကြီးတစ်နေရာ၊ လူသံဆူသံကင်းလွတ်မယ့်နေရာကို ရွေးချယ်ပြီး ကျောင်းဆောက်လှူပါတယ်။ ပစ္စည်းလေးပါးဒါယကာအဖြစ် အသိအမှတ်လည်းအပြုခံရတာကြောင့် အစစအရာရာ လိုလေသေးမရှိအောင်ပါဘဲ။

သူဌေးကြီးဟာ ရသေ့ရဲ့ ကျောင်းသခ်ိမ်းကို အခါမလပ်တော့ မရောက်ဖြစ်ပါဘူး။ ကျွပ်ကတော့ သူဌေးမင်း၏ စေခိုင်းတာဝန်ပေးချက်အရ ရသေ့ရဲ့ ဆွမ်းကွမ်းဝေယာဝစ္စမှန်သမျှ လုပ်ပေးနေရတဲ့သူဆိုတော့ နေ့စဉ်မလပ် ရောက်ခဲ့ရပါတယ်။ သူဌေးကိုယ်တိုင်ပါလာတဲ့နေ့ဆို သူ့ရဲ့အမှုအရာဟာ အင်မတန် သိမ်မွေ့နူးညံ့လို့ စကားပြောသံဟာ တကယ့်ကို လေပြည်လေညင်းခတ်သလို ဆည်းလည်းသံလွင်လွင် ပျော့ပျော့ပျောင်းပျောင်းလေးပါ။ကျွပ်တစ်ယောက်တည်း လာတဲ့အခါဆို ငေါက်လားငမ်းလားနဲ့။ အနေအထိုင်ကလည်း ဖိုးရိုးဖားရား ကိုးရိုးကားရားနဲ့။ ကျွပ်ကတော့ စဉ်းစားပါတယ်။ သူဌေးရဲ့ အရှိန်အဝါနဲ့ ကျွပ်ရဲ့ အရှိန်အဝါဟာ မိုးနဲ့မြေလိုခြားနေတာကြောင့်လို့သာ မှတ်ယူထားလိုက်မိပါတယ်။

(၃)

အခုတစ်လော ကြားနေရသော သတင်းစကားများသည် ကြွယ်ဝချမ်းသာသူများအတွက် စိုးရိမ်သောက ကြောင့်ကြပူပင်ရမည့် အချိန်အခါအဖြစ် ဆိုက်ရောက်လျက် ရှိနေပေသည်။ အဲဒီလို ပူပင်ကြတဲ့ သူဌေးသူကြွယ်တွေထဲမှာ ကျွပ်တို့ရဲ့သူဌေးက ပိုကဲတယ်လို့ တောင် ဆိုရမလားမသိ။

ကြည့်-စေတနာသဒ္ဓါလွန်ကဲမှုမှာလည်း သူထက်သာတဲ့သူ မရှိသလောက်ဖြစ်ရသလို အခုလို ရာသီဥတုက မကောင်း၊ အရောင်းအဝယ်ကကျဆင်း၊ စပါးသီးနှံတွေကလည်း ရှားပါးဆိုတော့ အနယ်နယ်အရပ်ရပ်မှာ ဆင်းရဲကျပ်တည်းမှုတွေ ဖြစ်လာခဲ့ပါတယ်။

လောကတံထွာမမွှေတာအရ ဆင်းရဲကျပ်တည်း လွန်ကဲလာမှုများကြောင့် သူခိုးသူဝှက်တွေ ထူပြောလာတယ်။ လူဆိုးဓားပြတွေလည်း ထက္ကြောင်းကျန်းလာနေကြတယ်။ ဒီလိုအ,မင်္ဂလာသတင်းစကားတွေကြောင့် ကျွပ်တို့သူဌေးလည်း စိုးရိမ်မှုတစ်ရပ် ဖြစ်လာခဲ့ရပြန်ပါတယ်။ ဒါကြောင့် လက်ရင်းတပည့် ငယ်ကွန်ယုံတော့ ကျွပ်ကို အကြောင်းအကျိုး အကောင်းအဆိုးကို သူ့စိတ်ကူးနဲ့ယှဉ်ပြီး တိုင်ပင်ခဲ့ပါတယ်။

"အမောင်၊ အခုတစ်လော ဓားပြအတိုက်ခံနေကြရတာ သူဌေးသူကြွယ်အိမ်တွေကိုချည်း ရွေးတိုက်နေကြတယ်။ ဒါကြောင့် ကျွပ်လည်း စိုးရိမ်သောက ဖြစ်မိရတယ်။ ဒီတော့ ကျွပ်မှာရှိတဲ့ ပစ္စည်း ရွှေစင်တွေကို လုံခြုံစိတ်ချရမယ့် နေရာမှာ ရွှေ့ပြောင်း သိုဝှက်ထားချင်တယ်။ အမောင် ဘယ်လိုသဘောရသလဲ"

သူဌေးက ကျွပ်ကို တိုးတိုးဖော်တိုင်ပင်ဖက်အနေနဲ့ စိတ်ချယုံကြည်စွာ တိုင်ပင်လိုက်တာပါ။

"အခြားနေရာတွေထက်စာရင် သူဌေးမင်းအိမ်မှာသာ လုံခြုံစိတ်ချရနိုင်တယ်လို့ ထင်မြင်မိပါတယ်။ တော်ရုံ အလွယ်တကူနဲ့တော့ ရန်ရှာဖောက်ထွင်းခိုးယူခြင်းငှာ မဖြစ်နိုင်ပါဘူး သခင်"

"မှန်ပါတယ် အမောင်၊ ဒါပေမယ့် လူပပါများတော့ နဲ့ဆိုသလို ရေများရင် ကျောက်သားတောင် ပွဲရတတ်တယ်လေ။ ရန်သူလူဆိုးဓားပြတွေများလာခဲ့ရင် ဘာခံနိုင်မှာမှတ်လို့။ ဒီတော့ကာ လူတွေမထင်မှတ်နိုင်တဲ့နေရာမှာ သိုဝှက်ထားချင်တာပဲ"

ကျွပ်လည်း သူဌေး ဘယ်နေရာမှာဖွတ်ချင်တာလဲ ဆိုတဲ့အမေးကို မမေးလိုတာကြောင့် ဆိတ်ဆိတ်နေလိုက်မိတယ်။

"အမောင်၊ ကျွပ်ကတော့ ရသေ့သူတော်စင်မြတ်ကို ယုံကြည်တယ်။ ရသေ့ကြီးဟာ သီလ၊ သမာဓိ၊ ဣန္ဒြေသိက္ခာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် ဖြစ်ပေတယ်။ ဒါကြောင့် လူတွေမထင်မှတ်တဲ့နေရာဖြစ်တဲ့ ရသေ့ကြီးရဲ့ကျောင်းအောက်မှာ ကျွပ်ရဲ့ ရွှေစင်နိုက္ခတစ်ရာကို အိုးနဲ့ထည့်ပြီး မြေမြှုပ်လို့ သိုဝှက်ထားချင်တာပဲ အမောင်"

သူက သူဌေးဆိုတော့ ကျွပ်က ဘယ်လိုလုပ် စောဒကတက်ဝံ့မှာလဲ။ ဒါကြောင့် ကျွပ်လည်း ခပ်မဆိတ်နေလိုက်မိပါတယ်။

ဒီလိုနဲ့ သူဌေးရဲ့ စေခိုင်းချက်အရ ကျွပ်နဲ့ သူဌေး ရသေ့ကျောင်းကို သွားတယ်။ ကျွပ်ကတော့ ကျောင်းအောက်ကိုဝင်ပြီး မြေတွင်းတူးလို့ ရွှေအိုးကိုမြှုပ်ပေးရပါတယ်။ ရွှေတွေယူလာတာကိုလည်း ရသေ့ကြီး တွေ့တယ်။ တွင်းတူးမြှုပ်နေတာကိုလည်း သိနေတယ်။ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com

မယ့် အဆိုး၊ အကောင်း ဘာတစ်ခုမှ မဝေဖန်ပါဘူး။ အားလုံး ကိစ္စပိစ္စတွေပြီး သွားတော့မှ ရသေ့ကိုအပ်တဲ့အနေနဲ့-

"အရှင်ရသေ့သူမြတ်၊ တပည့်တော်၏ ရွှေစင်နိကွတ်ရာကို မသူတော် လူဆိုးဓားပြများရန်မှ ကင်းဝေးရအောင် အရှင်သူမြတ်ရဲ့ကျောင်းအောက်မှာ ဝှက်မြှုပ်ထားခဲ့ပါတယ်။ အရှင်မြတ်က တပည့်တော်၏ ရွှေစင်များကို ကြည့်ရှုစောင့်ရှောက်ပေးတော်မူပါ"

"အို-သူဌေးမင်း၊ ဘယ့်နှယ်စကားကို သင်ဆိုဘိသနည်း။ ဤမြေဤနေရာသည် သူဌေးမင်းပိုင်ဆိုင်ရာပင် မဟုတ်ပေလော။ ဒါကြောင့် သူဌေးမင်း၏ ရွှေအိုးမြှုပ်နှံသည်ကိုလည်း ကျွန်ုပ် မကန့်ကွက်ပါ။ တိုက်လည်းမတိုက်တွန်းပါ။ သူတော်ကောင်းတို့၏ဥစ္စာသည် ရွှေ၊ ငွေ မဟုတ်။ အပ်လည်းမအပ်စပ်။ ထို့ရွှေငွေတို့အပေါ် စိတ်ဖြင့်ပင် မပြစ်မှား မလွမ်းခြံအပ်။ ဒါကြောင့် ကျွပ်သည် သင်သူဌေး၏ ဥစ္စာရွှေငွေတို့ကို စောင့်ကြပ်ရန် ရောက်လာသည့် ဘဏ္ဍာထိန်းမဟုတ်။ ကျွန်ုပ်နှင့်အပ်စပ်သည့်အရာ ထိန်းသိမ်းရမည့်အရာမှာ တရားမမွှာသာလျှင် ဖြစ်ချေသည်"

"သည်းခံပါ ရသေ့သူမြတ်၊ သူတော်စင်တို့နှင့် မအပ်မရာ ဆိုမိမှားခဲ့လေသော တပည့်တော်အား ခွင့်လွှတ်တော်မူပါ"

ရသေ့လည်း မျက်လွှာချ၍ ခပ်မဆိတ်ပင်နေလေ၏။။

ကျွန်ုပ်နှင့်သူဌေးလည်း ရသေ့သူမြတ်တို့ ဦးတိုက်ကာ ကျောင်းမှပြန်ခဲ့ကြပါတယ်။ လမ်းရောက်တော့ သူဌေးက-

"ကဲ- ဘယ့်နှယ်လဲ အမောင်၊ ဒီရသေ့သူမြတ်ဟာ သီလ၊ သမာဓိနဲ့ ပြည့်စုံပြီး လောဘရမ္မက်ကင်းလှတာကို မျက်မြင်ဒိဋ္ဌတွေ့လိုက်ရတော့ သီလစင်ကြယ်ခြင်းကို ငြင်းစရာမရှိပေဘူးပေါ့။ ကျွပ်တို့ ရသေ့သူမြတ်နဲ့ ကြုံရဆုံရတာ ကံကောင်းခြင်းလက်ဆောင်ပါပေပဲ"

(၄)

ရသေ့သူမြတ် ဤကျောင်းသခ်မ်းတွင် သီတင်းသုံးနေထိုင်လာသည်မှာ ကာလအားဖြင့် အတန်ငယ်ကြာခဲ့ပါပြီ။ သူဌေးလည်း သူ့ရဲ့ ရွှေစင်နိကွတစ်ရာကို ရသေ့ကျောင်းအောက်မှာ သိုသိုသိပ်သိပ်ဝှက်ထားနိုင်ခဲ့လို့ ကျေနပ်ပြီး ပိတိတွေဖြစ်လို့။

ဒီလိုနဲ့ သုံးရက်လောက်လွန်တဲ့နေ့တစ်နေ့မှာ နေ့ဆွမ်းဘုဉ်းပေးအပြီး ရသေ့ကြီးဆီက မမျှော်လင့်တဲ့စကားကြားလိုက်ရပါတယ်။

"ပစ္စည်းလေးပါး ဒါယကာသူဌေး၊ အကျွန်ုပ်သည် သူဌေးမင်း၏ အလိုဆန္ဒအရ ဒါယကာကြီး လှူဒါန်းခဲ့သော ဤကျောင်းသခ်မ်း၌ သီတင်းသုံးနေထိုင်ပြီး သူဌေးမင်းနှင့်တကွ သင်္ဃာမိတ်ဆွေသတ္တဝါအချို့ကို ဆိုဆုံးမခဲ့သည်မှာ ကာလပင်ကြာခဲ့ချေပြီ။ သူတော်စင်သူတော်မြတ်မည်သည် နေရာဒေသတစ်ခုတည်း၌သာ နေထိုင်ကျင့်ကြံ သီတင်းသုံးနေပါမူ တရားမမွှာများ ဝေဆာစည်ပင်ပြန့်ပွားခြင်း မဖြစ်နိုင်။ ဒါယကာသူဌေးမင်း၏ တောင်းပန်လျှောက်ထား အသနားခံမှုကြောင့် အခါအားလျော်စွာ တရားမမွှာများ ဟောဖော်ညွှန်ပြ ဆိုဆုံးမခဲ့ဖူးပြီ။ အကျွန်ုပ်၏ အဆုံးအမကြောင့် သူဌေးမင်းနှင့်ပတ်သက်သူအချို့အဖို့ရာ အကျိုးဖြစ်ထွန်းခဲ့ရပေပြီ။ အကျွန်ုပ်အဖို့မူကား တရားကျင့်ကြံအားထုတ်ခြိန် လွန်စွာနည်းရုံး ပုထုဇဉ်လူသား ကာမဘုံသားတို့နှင့် အကျွမ်းတဝင် ရောနှောနေခြင်းသည် ကျွန်ုပ်အတွက် အညစ်အကြေး အာပတ်သင့်ချေပြီ။ သို့ကြောင့် သူဌေးမင်းအနေဖြင့် ကျွန်ုပ်အား ဧကစာရီ ဂန္ဓာရီခရီးကို ခွင့်ပြုပေးပါလော့"

"ရသေ့သူမြတ်ဖြစ်နိုင်ပါလျှင် ဤကျောင်း၌ သီတင်းသုံးပြီး ဆိုဆုံးမမှုကို ဆက်လက် ခိုးမြွှင့်ပေးပါ။ ဧကစာရီဂန္ဓာရီခရီးကို ခွင့်ပြုပေးပါလော့"

"ရသေ့သူမြတ်၊ ဖြစ်နိုင်ပါလျှင် ဤကျောင်း၌ သီတင်းသုံးပြီး ဆိုဆုံးမမှုကို ဆက်လက် ခိုးမြွှင့်ပေးပါ။ ဧကစာရီဂန္ဓာရီခရီးကို ဆိုင်းငံ့တော်မူပါဦး"

"တော်လောက်ပေပြီ ဒကာ၊ ဒယကာတို့ရဲ့အကျိုးကို ရှေးရှုပြီး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးသမှုပြုခဲ့ပြီးချေပြီ။ ယခုအခါ ကျွပ်အတွက် လားရာဂတိကောင်းဖို့ တရားသတိ၊ တရားအသိရှိဖို့ ကိုယ်တိုင် ကြိုးကုတ်အားထုတ်ရပေဦးမည်။ဒီတော့်ကာ တားမြစ်ခြင်းကို သည်းခံပေလော့ ဒကာ"

သူဌေးလည်း ပြောလျှောက်မရသည့်အဆုံး စိတ်မကောင်းစွာဖြင့် ရသေ့ကြီး၏ ဂန္ဓာရီခရီးကို ခွင့်ပြုလိုက်လျော်လိုက်ရပေတယ်။

ဒီလိုနဲ့ ရသေ့ကြီးလည်း ဆွမ်းကွမ်းကိစ္စပြီးလို့ သူဌေးနဲ့စကားဆိုပြီးပြီမို့ သူ့ရဲ့ ယာယီကျောင်းကို ပြန်ကြွသွားပေတော့တယ်။

အချိန်တစ်နာရီနီးပါးလောက်ကြာတော့မှ သူဌေးကြီးက စဉ်းစားမိတယ်။ ရသေ့ကြီးဟာ ဒီကနေပဲ ဒေသစာရီကြွတော့မှာမို့ နှုတ်ဆက်ပို့ဆောင်ဖို့လိုတယ်ဆိုတဲ့ အသိတစ်ခုနဲ့ ရသေ့ရဲ့ကျောင်းကို ကသုတ်ကရက်လာခဲ့တော့တယ်။ ကျွပ်လည်း သူဌေးနောက်က အပြေးလိုက်ခဲ့ရတာပေါ့။

ကျောင်းရောက်တော့ ရသေ့ကြီးဟာ သူလာစဉ်တုန်းက ဝတ်ရုံလာခဲ့တဲ့ သစ်ခေါက်ဆိုး လွှေ်တေသက်နှံးအဟောင်းကိုရုံလို့ သပိတ်အဟောင်းကို ပိုက်ပြီး ကျောင်းထဲကထွက်လာတာကို တွေ့လိုက်ရပါတယ်။

"အိမ်း- ဒကာကြီးတို့ရောက်လာပြီကိုး။ ဒီကျောင်းသခ်မ်း၊ ဒီသက်နှံးတွေကို ထားရစ်ခဲ့တယ်။ ကျွပ်အတွက်က သက်နှံးတစ်စုံ၊ သပိတ်တစ်လုံးဆို ပြည့်စုံနေပါပြီ ဒကာ။ ဒါကြောင့် အားလုံး လိုရာသုံးကြပေရော့။ ကျွပ်ပြန်စွန့်ခဲ့ပါတယ်"

သူဌေးလည်း ကျွပ်ဆီကိုအကြည့်တစ်ချက် လှမ်းကြည့်လိုက်တယ်။ သူဌေးဆိုတဲ့သဘောက လိုချင်တပ်မက်မှု အလွန်နည်းတဲ့ ရသေ့မြတ်ကို မြင်တယ်မို့လား ဆိုတဲ့ သိစေလိုတဲ့အသိကို ပြောလိုက်သလိုပါပဲ။ ကျွပ်တို့လည်း ဒေသစာရီ ဂန္ဓာရီခရီးကြွသွားတဲ့ရသေ့ကို အိမ်ခြံဝိုင်းကြီးအလွန်အထိ လိုက်ပါနှုတ်ဆက်ပို့ဆောင်လိုက်ပါတယ်။ ခြံဝိုင်းအလွန်ခပ်လှမ်းလှမ်းအထိ ကြွသွားတော့မှ အိမ်ဆီသို့ ပြန်လာခဲ့ပါတယ်။ အိမ်မှာလည်း ဧည့်သည် အာဂန္တုကုန်သည်ကြီးတစ်ဦး ရောက်ရှိလို့နေပြန်ပါတယ်။

(၅)

ကုန်သည်ကြီးနှစ်ဦးဟာ သာကြောင်းမာကြောင်းမှအစ စီးပွားရေးကြီးပွားရေးအလယ် နယ်မြေအေးချမ်းရေးနှင့် သူဌေးသူဝှက် ထူပြောမှုများပါ ပြောဆိုဖြစ်ကြပါတယ်။ ဒီအချိန်မှာပဲ ဒေသစာရီ ဂန္ဓာရီခရီးကို ကြွမြန်းသွားပြီဖြစ်တဲ့ရသေ့ဟာ ပြန်ကြွလာတာကိုတွေ့လိုက်ကြရတာမို့ ကျွပ်တို့သူဌေးဟာ အားရဝမ်းသာစွာနဲ့-

"သူတော်စင်ရသေ့မြတ်၊ တပည့်တော်ကို တရားရေအေးတိုက်ကျွေးဖို့ရာ ပြန်ကြွလာတာပါလား"

လို့ ဆီးကြိုမေးလိုက်တော့-

"မဟုတ်ပေဘူး ဒါယကာ"

"ဒါဆို အဘယ်အရာကို အားလုံး၍ ပြန်ကြွလာခြင်းဖြစ်ပါသလဲ"

"ဒါယကာ သူဌေးကြီး၊ ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com

သည် ဧကစာရိခရီး ကြွခြံတော်မူစဉ် ရွာအလွန်တစ်နေရာ၌ ဦးခေါင်းယားယံသဖြင့် လက်နှင့်ကုတ်ခြစ်မိရာ ကျွန်ုပ်၏ဆံကျစ်ကြားမှ သက်ငယ်မြက်တစ်မျှင်ကို အမှတ်မထင်တွေ့လိုက်မိပေတယ်။ ကျုပ်လည်း အဲဒီ သက်ငယ်မြက်မျှင် ရောက်လာပုံကို သေသေချာချာ စဉ်းစားမိလေတော့မှ သူဌေးအိမ်တံစက်မြိတ်မှ သက်ငယ်စဟာ ငြိတွယ်ကပ်ပါလာတာကို သတိရလိုက်မိတာပါပဲ။ ဒါကြောင့် အရှင်မသိဘဲ ပါလာသောဥစ္စာသည် နည်းသည်၊ များသည်ကား ပဓာနမဟုတ်။ သူတော်ကောင်းအကျင့်နှင့်လည်း မအပ်စပ်။ အဒိန္နာဒါန်လည်း သင့်ပေမည်။ ဒါကြောင့် ကျွန်ုပ် ပြန်လာ၍ပေးအပ်ခြင်းသာ ဖြစ်ပေတယ်"

ရသေ့ရဲ့စကား ကြားတဲ့သူတိုင်းဟာ 'ဟယ်' 'ဟာ' 'အို' အံ့ဖွယ်သရဲပါပေတကား။ ရသေ့လည်း အပိုစကားမဆိုတော့ဘဲ သူဌေးအိမ်ကြမ်းပြင်ထက်သို့ သက်ငယ်စလေး အသာချကာ ခြေလှမ်းမှန်မှန်နှင့် ပြန်လည် ထွက်ခွာ ကြွမြန်းသွားပေတော့သည်။

"အဲဒါကိုသာကြည့်ပါတော့အဆွေ။ ဤရသေ့မြတ်သည်ကား သက်ငယ်တစ်စကိုပင် အငြိတွယ်မခံ၊ သူတစ်ပါးဥစ္စာ ပစ္စည်းပေါ်လည်း မတပ်မက်၊ သီလကို အပျက်မခံ။ ဒီလို သူတော်စင်ပုဂ္ဂိုလ်ကို ဆည်းကပ်ခွင့်ရတာ မမြတ်ပါလော"

ရသေ့ကြီးကား ထိုသူဌေးနှစ်ဦး၏ စကား မကြားတော့ပါ။ လူတို့နှင့်ဝေးရာ တစ်နည်းအားဖြင့် ပတ်သက်ဆက်နွယ်ခဲ့သည့် သူဌေးဒါယကာကြီးတို့နှင့် ဝေးရာဆီသို့ ဦးတည်သွားနေပေပြီ။

သူဌေးရဲ့မိတ်ဆွေဘုရားအလောင်းကုန်သည်ကြီးဟာ ရသေ့ရဲ့ အမူအရာ၊ သူဌေးရဲ့ ယုံကြည်မှုသဒ္ဓါတရား၊ ရသေ့ရဲ့လုပ်ရပ်နဲ့ စကားတွေကို စေ့စေ့စပ်စပ်ကြည့် သေသေချာချာနားထောင် လေးနက်စွာ စဉ်းစားမိလိုက်ပြီး-

"အဆွေသူဌေး၊ သင့်ရဲ့ ပစ္စည်းဥစ္စာ တစ်စုံတစ်ရာကို ထိုရသေ့ထံ အပ်နှံထားဖူးခဲ့သလော"

"လက်ရောက်အပ်နှံခဲ့ဖူးခြင်းတော့ မရှိပါဘူးအဆွေ။ ရသေ့သူမြတ်ဟာ ရွှေငွေတွေကိုလည်း ဂရုမပြု အလေးမထားဘူး။ အပ်တာကိုလည်း လက်မခံ။ သူ့ကျောင်းအောက်မှာ ကျုပ်မြုပ်ဝှက်ထားတဲ့ ရွှေအိုးကို တစ္ဆေတစောင်းကြည့်ဖို့တောင်းပန်တာတောင် ငြင်းဆန်ခဲ့တာပါ"

"အဲဒီလို ရသေ့ကငြင်းတော့ ရွှေအိုးကို သူဌေးမင်း ပြန်ယူခဲ့ပါလား"

"မယူပါဘူး၊ ယခုတိုင် မြုပ်နှံထားဆဲပါ"

"ဒါဆို ယခုလောလောဆယ် သင့်ရွှေအိုး ရှိ မရှိ သွား၍ တူးဖော်ကြည့်စမ်းပါဘိ"

ကုန်သည်မိတ်ဆွေရဲ့စကားကြောင့် သူဌေးလည်း ထိတ်ထိတ်ပျာပျာဖြစ်လို့ ကျုပ်ကိုခေါ်ပြီး ချက်ချင်း တူးကြည့်စေပါတယ်။ ပိရိသေသပ်ချက်က ရွှေစင်တွေ အိုးထဲမှာ မတွေ့ရတော့ဘဲ ပျောက်ဆုံးလို့နေတော့တာပါ။ ဒါကြောင့် သူဌေးလည်း မျက်စိမျက်နှာပျက်လို့ အိမ်ပေါ်ရောက်တယ်ဆိုရင်ပဲ သူ့မိတ်ဆွေ ကုန်သည်ကို-

"မိတ်ဆွေ၊ ကျုပ်မြုပ်ထားတဲ့ရွှေစင်တွေ မရှိတော့ဘူး"

"ကဲ- ဒါဆို အဆွေသူဌေးရဲ့ ရွှေစင်နိက္ခတစ်ရာလုံးကို ဟိုရသေ့မှတစ်ပါး အခြားသူ မယူပါ"

"ဖြစ်နိုင်ပါ့မလား မိတ်ဆွေရယ်၊ ရသေ့ဟာ သူတော်စင်မြတ်ပါ။ သက်ငယ်တစ်ပင်တောင် အငြိမခံတာ မဟုတ်လေတာပဲ"

"အဆွေသူဌေး၊ ကောက်ကျစ်လိမ်လည်လိုသူသည် ဟန်ဆောင်အလွန်ကောင်းတတ်ပါတယ်။ သူတို့ရဲ့ဟန်ဆောင်မှုပရိယာယ်ဟာ သဘာဝထက်ကျော်လွန်ပြီး ဟန်ဆောင်တတ်သလို မိမိရဲ့ ပင်ကိုစိတ်ရင်းကို ဟန်ဆောင်မှုနဲ့ ယုံကြည်အောင် ဖုံးကွယ်ကြပြန်ပါတယ်။ ထိုသရုပ်သဏ္ဌာန်ပါတဲ့ ဟန်ဆောင်မှုကောင်းတဲ့ရသေ့ကို ကျုပ် မြင်စဉ်ကပင် တွက်ချင့်မိပါရဲ့။ အခုချိန်မနှောင်းသေးပါ သူဌေး၊ လိုက်ရင်မီနိုင်ပါသေးတယ်။ ကဲ- လိုက်ကြစို့ရဲ့"

(၆)

သူဌေးလည်း ခြေမကိုင်မိလက်မကိုင်မိဖြစ်ပြီး ကျုပ်ကိုလည်းခေါ်ရဲ့၊ မိတ်ဆွေကုန်သည်ကြီးကိုလည်းခေါ်ရဲ့ အပြေးလိုက်တဲ့အထဲမှ သူဌေးက ရွှေဆုံးကပါ။ ဒီလိုနဲ့ ရသေ့ကိုမီလာပါတယ်။ သူဌေးက ရသေ့လက်ထဲကသပိတ်ကို လှမ်းကြည့်ဖို့ရာ မဝံ့မရဲဖြစ်နေတာမို့ မိတ်ဆွေကုန်သည်ကြီးက ကျုပ်ကို မျက်စမျက်ခုံးနဲ့ သပိတ်ကို ယူကြည့်ဖို့ပြောတာမို့ ကျုပ်လည်း အားမနာခွင့်မတောင်းဘဲ ရသေ့လက်ထဲကသပိတ်ကို ဆတ်ခနဲဆွဲယူလိုက်ပါတယ်။ အလေးချိန်စီးနေတဲ့ သပိတ်ကို ဖွင့်ကြည့်လိုက်တော့ ဝင်းအိလို့နေတဲ့ ရွှေစင်နိက္ခတစ်ရာလုံးကို တွေ့ရတော့တာပါပဲ။ သူဌေးဟာ လုံးဝ မျှော်လင့်မထားတာမို့ အံ့အားသင့်လွန်းလှစွာ ရသေ့ကို စိုက်ကြည့်နေပါတယ်။ အဲဒီမှာ မိတ်ဆွေကုန်သည်ကြီးက-

"အို- ရသေ့၊ သိမ်မွေ့နူးညံ့သော စကားကိုဆိုသော သင်၏ စကားသည် သာလျှင် သိမ်မွေ့နူးညံ့သည် ဖြစ်ပေ၏။ သင်သည် သက်ငယ်တစ်ရိုး၊ မြက်တစ်ပင်မျှ၌ ငြိစွန်းသောစိတ်မရှိဟု ဆိုကာ ငြိပါလာသော သက်ငယ်စကိုမူ ပြန်ပေးပေ၏။ ယခု ရွှေစင်နိက္ခတစ်ရာကို တူးဆွခိုးဖော်ယူခဲ့သော သင်၏စိတ်ကို မငြိယောင်ပါတကား"

ကျုပ်လည်း ရသေ့ယုတ်ကို ရိုက်ပုတ်ကန်ကျောက်ဖို့အလုပ်မှာ ကျုပ်သူဌေးက သက်နှံးငရဲမကြီးရအောင် လှမ်းလို့ဆွဲလိုက်ပါတယ်။ ပြီးတော့မှ ဖြည်းဖြည်းလေးလေးပြောလိုက်တာက-

"ရသေ့အသွင် ဟန်ဆောင်ခြင်းကောင်းသောရသေ့၊ ထိုရွှေများကို ရသေ့ထံ အပ်နှံစဉ်အခါက ဘဏ္ဍာစိုးမဟုတ်ဟု ဆိုခဲ့၏။ ရွှေ ငွေများသည် ရသေ့နှင့် မအပ်စပ်ဟုလည်း ဆိုပေ၏။ ရသေ့က ဘာမှတန်ဖိုးမရှိသည့် အိမ်တံစက်မြိတ်မှ ငြိတွယ်ခဲ့သော သက်ငယ်စကို ပြန်ပို့၏။ တန်ဖိုးကြီးသည့် ရွှေစင်တစ်ရာကို ခိုးယူ၏။ အမှန်စင်စစ် သင်ရသေ့သည် ထိုငြိတွယ်ခဲ့သော သက်ငယ်မြက်တစ်ချောင်းနဲ့ရွှေစင်တစ်ရာပြည့်တဲ့ရွှေခေါင်းလောင်းကို ထိုးနှက်လိုက်ပေတာပဲ။ ရသေ့ထိုးတဲ့ သက်ငယ်ချောင်းဟာ ရွှေခေါင်းလောင်းကို အသံမမြည်စေနိုင်ပါလားဗျာ"

ရသေ့လည်း ငိုင်ကျန်ရစ်ခဲ့၏။ ကျေးဇူးရှင် ပညာရှိဘုရားအလောင်းကုန်သည်ကြီး ကယ်လိုက်ပေလို့သာ ကျုပ်တို့သူဌေးကြီးရဲ့ ရွှေစင်နိက္ခတစ်ရာလုံးလုံး မဆုံးဘဲပြန်ရခဲ့ရတာ မဟုတ်ပါလားဗျာ။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ
အပေါင်းအား ထာဝရဦးညွတ်လျက်

ဇနေတိ သဒိသံ ပါကံ

ပန်းမြိုင်လယ်-စိန်ဝင်း

ကျမ်းကိုး

မဂ်လာဘုံကျော် ညောင်ကန်ဆရာတော်ဘုရားကြီး၏ ငါးရာငါးဆယ်ဇာတ်ဝတ္ထု ပထမတွဲ နှာ- ၃၇၆ မှ ကဇာတ်ကို မှီး၍ ခံစားရေးဖွဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့် မြန်မာ့မြေပေါ်မှ ရတနာတန်းဝင်

ဘာဖွဲ့ဆေးဖက်ဝင်များ

ဘုန်းခေါင်

ကျွန်ုပ်သည် တိုင်းရင်းဆေးနှင့် ဆေးပညာရပ်တို့ကို ဆရာများထံမှ လေ့လာမှတ်သား သင်ကြားခဲ့ပါသည်။ 'အမောင်ယောကျ်ား၊ သင်သည် ဆေးကုသနိုင်ရန် ပညာပြည့်အောင် ရှာမှီးရမည်။ နှလုံးလှရပေမည်။ ရန်သူ၊ မိတ်ဆွေ၊ ဆင်းရဲ၊ ချမ်းသာမဟူ ဝေဒနာမှ သက်သာပျောက်ကင်းအောင် ကုသပေးနိုင်စွမ်းသော သမားကောင်း' ဖြစ်ရန် ကြိုးစားပါဆိုသော အဆိုအမိန့်နှင့် 'အမောင်လူသား၊ သူသတ်ယောကျ်ား ဆေးသမား' မဖြစ်ဖို့ အထူးအရေးကြီးလှပါသည်။

ကျွန်ုပ်သည် အဘိဓမ္မာဆရာမှတ်တို့နှင့် ခေတ်ပြိုင်ထင်ရှားခဲ့သော ရွာငယ်ဆရာကြီး၏ပညာဆက်၊ ဆရာတော် ဘဒ္ဒန္တကုန္ဒာစာရထံမှ လည်းကောင်း၊ အဘိဓမ္မာဆေးပညာ ဆရာတော် ဦးကိုတ္တိသာရထံမှ လည်းကောင်း၊ ဆေးဝိဇ္ဇာ ဆရာကြည်ထံမှလည်းကောင်း၊ သဘာဝမွှေဆရာ ဦးဘမြိုင်တို့ထံမှလည်းကောင်း ပညာရင်နှီသောက်စို့ခဲ့ရသူ ဖြစ်ပါသည်။

ဆရာသခင်များ၏ အဆုံးအမ ဩဝါဒများအရ သုတေသနလုပ်ရပါသည်။ ဆေးပင်၊ ဆေးရွက်၊ အမြစ်၊ ဥ၊ အခေါက်၊ အပွင့်၊ အသီး စသည်တို့ကို လေ့လာရ၏။ စမ်းသပ်ရ၏။ နှစ်ကာလများစွာ ဝေးလာပြီဖြစ်သည့်အတွက် ဩဇာ၊ ရသာဂုဏ်တို့ ကွာဟနိုင်သည်။ နောက် ထွက်ရှိရာဒေသ၏သဘောအရ ကွာခြားမှုများရှိနိုင်မည် စသည်တို့ကို သေချာစွာ ညွှန်ပြပေးခဲ့ကြပါသည်။

ကျွန်ုပ်မှာ ဌာနမှ မျက်စိကျန်းမာရေးကြောင့် အသက်အရွယ် (၄၀) ကျော်စကပင် လုပ်ငန်းခွင်မှ နာမကျန်းပင်စင်ယူခဲ့ရလေသည်။ ဆရာများ၏ ဆုံးမစကား မြေဝယ်မကျနားထောင်၍ စားဆေးနှင့် မျက်စဉ်းတို့ကို စနစ်တကျ စားခြင်း၊ ခတ်ခြင်းတို့ကြောင့် ယခုအခါတွင် အဝေးကြည့်မျက်မှန်လွတ်ကင်း သွားပါပြီ။ စာကြည့်ပါဝါမှာ (+) ၆၀၀ မှ ယနေ့ဆိုလျှင် (+) ၃၀၀ ဒီဂရီအထိပင် လျော့ကျသွားပြီ ဖြစ်ပါသည်။

ကျွန်ုပ်ပင်စင်စားဘဝရောက်တော့ တစ်ရပ်တစ်ကျေးက မိတ်ဆွေများ၏အကူအညီတောင်းခံမှုကြောင့် ကျွန်ုပ်၏တူများဖြစ်ကြသော မောင်မင်းကို၊ မောင်ရဲညိုတို့နှင့်အတူ ပုံတောင်၊ ပုံညာနှင့် အနောက်ရိုးမတစ်ခွင်ကို ခရီးနှင်ဖြစ်ခဲ့ပါသည်။

ကျွန်ုပ်တို့ အမိမြန်မာနိုင်ငံတော်သည် လွန်စွာ အဖိုးအနှုတ်ထိုက်တန်သော သဘာဝအရင်းအမြစ် ရတနာများကို ကိုယ်တိုင်ကိုယ်ကျ သိခွင့်ကြုံတွေ့ရပါတော့သည်။ မြန်မာ့ရတနာမြေသည် မည်သည့်နိုင်ငံတွင် ဘယဆေးပင်တွေ ဘာတွေပေါက်သတဲ့။ ဘာပင်တွေ ဘယ်နိုင်ငံမှာရပါသည် ဆိုကြ၊ ပြောကြ၏။ အနှိုနိုင်ငံတွင် ပေါက်ရောက်နေကြသော ဘယဆေးပင် အစုံအလင်တို့သည် မြန်မာ့မြေပေါ်တွင် ပေါက်ရောက်ဖြစ်ထွန်းလျက် ရှိပါသည်။

ကျွန်ုပ်တို့မြို့နှင့်စပ်လျက် (ကျွန်ုပ်တို့ခရိုင်အတွင်းရှိ) နေရာဒေသများတွင် ပေါက်ရောက်နေသော ဆေးပင်များကို၊ ကျွန်ုပ် လက်တွေ့သိရသော ဘယဆေးပင်တို့၏အမည်နာမတို့ကို အောက်တွင် ရေးသားဖော်ပြပေးလိုက်ပါသည်။ ကျွန်ုပ် လက်လှမ်းမမီ၍ ကျန်ရှိနေသော ဘယဆေးပင်များတို့ ကျန်နေဦးမည် ဖြစ်ပါသည်။

ကျွန်ုပ် တွေ့ခဲ့သော ဘယဆေးပင်များမှာ-

* ဝဥ
* အုံတုံခေါက်
* မုံနိုင်ပင်
* မင်းကိုကာ (၁)
* နန္ဒင်း
* နန္ဒင်းခါး
* မိဿလင်
* ဆိတ်ဖူး
* ဆေးတလုံး
* ပရုတ်
* ဆေးပုလဲ
* ပညာလက်ာ
* ဥပသကာ
* ဆေးကြီးလက်တွန့်
* ပရူး
* တောင်မရိုး
* တောင်ပုန်းသွေးနက်
* ဘုမ္မရာဇာ
* ပန်းမ
* ပန်းနု
* ပန်းဥ
* နွယ်ချို
* တောပုန်း
* ဘုခါး
* ဆေးပုစွန်
* သစ်ကြံပိုး
* ကရဝေး
* ကန့်ချုပ်နီ
* နလင်ကျော်
* ဆိတ်ဖလူး
* မက်ဒင်း
* ယမ်းခွေယိုင်
* ချောင်းချား
* မဟာကာ (၂)
* မျောက်ဥ
* ပိန်းဥ
* ဂုံခါး
* တောရှောက်

စသည်တို့ ဖြစ်ပါသည်။

၁။ မင်းကိုကာမှာ -

* မင်းကိုကာအဖြူ
* မင်းကိုကာအနီ
* မင်းကိုကာအဝါ
* မင်းကိုကာအနက်

တို့ ဖြစ်ပါသည်။

၂။ မဟာကာ။ ။

မဟာကာကို မြန်မာ့အဘိဓာန် ချုပ်တွင် (၁၀) မျိုး ပြထားပါသည်။

၁။ မဟာကာကြဲဆစ် (နဂါးမြီး) ဟု လည်း ခေါ်သည်။
၂။ မဟာကြက်ဆူ
၃။ မဟာကာကွဲရေကျ
၄။ မဟာကာထင်းဆွေး
၅။ မဟာကာလှံတင်
၆။ မဟာကာလှံထမ်း
၇။ မဟာကာကြီး
၈။ မဟာကာနက်
၉။ မဟာကာခြည်ဝင်
၁၀။ မဟာကာဆင်မြီးတို့ ဖြစ်သည်။

ကျွန်ုပ်တို့ မဟာကာ (၁၀) မျိုးလုံးတော့ မတွေ့ခဲ့ရပါ။ မဟာကာ (၄) မျိုးကိုတော့ တွေ့ခဲ့ရပါသည်။ ထိုတွေ့ခဲ့ရသော မဟာကာတို့မှာ -

* မဟာကာကြဲဆစ်
* မဟာကာကွဲရေကျ
* မဟာကာထင်းဆွေး

www.burmeseclassic.com

www.burmeseclassic.com

* မဟာကာလုံတင်

တို့ ဖြစ်ပါသည်။

နောက် ကြီးပြုန့်နှင့် ကြီးနီတို့လည်း တွေ့ရှိရသလို သစ်ဝံပေါက်မှာ အဖြူနှင့် အနီ (၂) မျိုး တွေ့ရှိခဲ့ရပါသည်။

တစ်နေ့သ၌-

ကျွန်ုပ်မှာထားသော နန္ဒင်းခါးနှင့် မင်းကိုကာတို့ လာရောက်ပို့ပေးသော မိတ်ဆွေဖြစ်သူ ကိုတင်အေးနှင့် ရှေးဖြစ်များကို စကားလက်ဆုံကျပြီး စကားကောင်းနေစဉ် ဖြစ်ပါသည်။

ထိုစဉ်တွင် ကျွန်ုပ်၏ တပည့် မောင်စောမြင့်သန်း ရောက်လာပါသည်။ လာရင်းအကြောင်းက နှစ်ခုပါလာခဲ့ပါသည်။ တစ်ခုက သူတို့ရပ်ကွက်တွင် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းနေကျဖြစ်၍ ယခုလည်း (၂) ရက် လောက်အကြာမှာ မဟာပဋ္ဌာန်းပွဲ စတင်တော့မည် ဖြစ်ပါသည်။ မဟာပဋ္ဌာန်းပွဲတွင် သံယာတော် (၁၈) ပါး အလှည့်ကျ ရွတ်ဖတ်ကြရာတွင် သာသနာ့ဒါယကာများက အချိုပွဲ၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဆေးဝါးများ စုံလင်စွာ လှူဒါန်းကြမြဲလည်း ဖြစ်ပါသည်။ ပဋ္ဌာန်းသံယာတော်များကို အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့ ကပ်လှူရာတွင် ဆွမ်းဒါယိကာတို့က အိမ်ပင့်၍ ကျွေးကြပါသည်။ ဆေးဝါးတို့ကိုသာ ရွတ်ဖတ်ရာ နေရာ၊ ရပ်ကွက်မှာရုံတွင် ပေးပို့ကပ်လှူကြရပါသည်။

ဆေးဝါးများကပ်လှူရာတွင် 'စတုမဓူ' လည်း ပါဝင်ပါသည်။ စတုမဓူချက်ရန်အတွက် ကျွန်ုပ်ထံ စတုမဓူချက်နည်း လာတောင်းရာ လမ်းတွင် ကျွန်ုပ်၏ အခြား တပည့်တစ်ဦးကလည်း ဆွမ်းချက်ရန်အတွက် ကြိုတင်ပြီး ထင်းလောင်စာ စီမံနေစဉ် ထင်းစမှန်ပြီး မျက်စိမှာ ဖွးယောင်ပြီး ဖွင့်မရလို့ မျက်စဉ်းပါ ကျွန်ုပ်ထံမှ တောင်းခဲ့ရန် မှာလိုက်ကြောင်း ပြောပြီး ဆေးများကို တောင်းခံနေပါတော့သည်။

မျက်စဉ်းပေးပြီး (၃) မိနစ်ကြား (၅)မိနစ်အကြားမှ တစ်ကြိမ်ကျစီ မကြာခဏာတ်ပေးရန် မှာကြားလိုက်ရသည်။ ဆွမ်းကပ်လှူချိန်အမီ မျက်စိဝေဒနာ ပျောက်ကင်းမှာ ဖြစ်ကြောင်းကိုလည်း မှာကြားလိုက်ရပါသေးသည်။

မောင်စောမြင့်သန်း တောင်းခံသော စတုမဓူချက်နည်းကိုလည်း ပေးလိုက်ပါသည်။ ကျွန်ုပ်၏ တပည့် မောင်စောမြင့်သန်းကို ပေးလိုက်သော စတုမဓူချက်နည်းသည် မဟာမဓူသင်္ကြံတွဲ့မည်ခံ မောင်းထောင်ဆရာတော်ကြီး၏နည်းဖြစ်ပါသည်။ ဆရာတော်ကြီးသည် အောက်ပါကျမ်းများကို ပြုစုခဲ့ပါသည်။

* သရောဒယကျမ်း
* ပြို့ဟဇ်ကျမ်း
* ဘာသုတိကျမ်း
* လက္ခဏာကျမ်း
* ဒြဗ္ဗဂုဏ်ကျမ်း
* သီရိသူရိယ သိဒ္ဓိန္တရဟဿကျမ်း
* ရာဇဘိသေကကျမ်းတို့ ဖြစ်ပါသည်။

ဆရာတော်သည် ထိုကျမ်းကြီးများကို ရေးသား စီရင်တော်မူခဲ့သည့် အတိုင်း စတုမဓူအားဆေးကြီးဖော်စပ်ပုံကိုလည်း လက်ာရေးသားထားခဲ့ပါသည်။ လက်ာမူရင်းကို အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

မောင်းထောင်ဆရာတော်ကြီး၏ စတုမဓူဆေးကြီးလက်ာ

နှမ်းထောတင်များ ဤလေးပါး၊ မှတ်သား မဓုမှတ်။

ဓက်၊ ဒွေး၊ ပဥ္စာ၊ ပျားသတ္တ ပေါင်းက ဆယ်ငါးကျပ်၊ အားအင်ပြည့်ဖြိုးသွေးသားတိုး၊ အကျိုးကြီးပါလှ။

ဝိနည်း မဟာဝါ ကျမ်းတော်မှာ စဉ်လာအမြဲပြ။

ရဟန်းရှင်လူ များပြည်သူ ဖော်ယူသုံးဆောင်ကြ။

နံနက်တစ်ဇွန်း၊ ညတစ်ဇွန်း၊ မပျင်းသုံးဆောင်ရ။

ဇရုဝတီမြို့ရွေကြည်၊ ရေစီမောင်းထောင်က"

ဟု ဖြစ်ပါသည်။

မှတ်ချက်

(မီးနှင့်ချက်သည်ထက် နေနှင့်ချက်သည်က ပိုကောင်းပါသည်။)

နေနှင့်ချက်ရာတွင် နေကောင်းစွာပူချိန်တွင် အရိပ်အမိုးလွတ်သောနေပူထဲတွင် ထားရပါမည်။ နာရီဝက်ခန့် အကြာတွင် တစ်ကြိမ် သမအောင် မွှေပေးရမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ မြေလတ်ပိုင်းသည် အပူကဲသောဒေသဖြစ်၍ (၃) ရက်လောက် နေနှင့်ချက်လိုက်ပါက လွန်စွာကောင်းမွန်သော မဓုဆေးတော်ကြီးကို ရရှိပါသည်။

ဆေးစုရန်ရန် လွယ်ကူအောင် အောက်တွင် ထပ်မံရှင်းပြလိုက်ပါသည်။ ဤဆေးမည်မှာ-

* နှမ်းဆီ
* ထောပတ်
* တင်လဲ
* ပျားရည်

တို့ဖြစ်ပါသည်။ အကယ်၍ တင်လဲရည် ခက်နေပါက သကာရည်ကို အသုံးပြုနိုင်ပါသည်။

၁။ ဆေးချိန်မှာ -

* ဓက်
* ဒွေး
* ပဥ္စာ
* သတ္တာ

တို့ဖြင့် ပြထားပါသည်။ ထင်ရှားသိသာအောင် နမူနာနှင့် ပြလိုက်ပါသည်။

နှမ်းဆီ (၁) ကျပ်သား
(နှမ်းဆီမှာ နှမ်းနက်ဆီ ပို့ကောင်းပါသည်။)
ထောပတ် (၂) ကျပ်သား
တင်လဲ (၅) ကျပ်သား
(သကာရည်ကိုသုံးနိုင်ပါသည်။)
ပျားရည် (၇) ကျပ်သား
(ပျားလေးရည်ကိုသုံးပါ။)

လေးပါးသောဆေးများကို တစ်ကျပ်သား ပထမစံထားပြီး ဆေးစုရာတွင် (၁၅) ကျပ်သား အလေးချိန်ရှိသော မဓုယို ဖြစ်သည်။ စတုမဓူဆေးတော်ကြီးကို ရရှိပါသည်။

ကျွန်ုပ်ရေးသားအပ်သော မောင်းထောင်ဆရာတော်ကြီး၏ 'စတုမဓူဆေးတော်ကြီး' နည်းအတိုင်း စာဖတ်ပရိသတ်စာချစ်သူများ နှစ်သက်လျှင် သုံးစွဲနိုင်ရန် ထပ်မံ ဖော်ထုတ် ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏ ခြံဝင်းထဲတွင် 'မြန်မာကျင်စင်း' ပင်များ စိုက်ပျိုးထားပါသည်။ ဆေးဝင်ဥတော့ မရသေးပါ။ အရွက်ကို တော့ ကန်စွန်းရွက်ကြော်သကဲ့သို့ ကြော်စားခြင်း၊ တို့မြုပ်ခြင်း၊ သုတ်နယ်စားရာတွင် လွန်စွာနူးနူးညံ့ညံ့ဖြစ်ပြီး အရသာကောင်းမွန်၍ နှုတ်မြိန်သော ဟင်းလျာတစ်မည်ကို ရနေပါသည်။ အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် ဝါသနာရှင်များ စိုက်ပျိုးထိုက်ကြောင်း ထပ်လောင်း၍ မေတ္တာရပ်ခံပြီး ရေးသားလိုက်ပါသည်။

ပညာတိုးပွား၍ အကျိုးများကြပါစေ။

ဘုန်းခင်

www.burmeseclassic.com

www.burmeseclassic.com

ကိုဓ

ကာလယန္တရားကြီး ငှားစီးချင်သည်

လွန်လေပြီးသော ဆယ်စုနှစ်လေး ခုကာလ အတိတ်ဘဝများကို ပြန်လည် သတိရ တွေးတောမိသော အချိန်များ တွင် ရင်မှာတမ်းတ လွမ်းဆွတ်ခြင်းများ ဖြစ်ခဲ့ရဘူးသည်။ ၁၉၇၃ ခုနှစ်မှ စတင်ရေး တွက်လျှင် နှစ်လေးဆယ်နီးပါးရှိလာခဲ့ ပါပြီ။ သည်တုန်းက ကျွန်တော့်အသက် (၂၀) ဆယ်ကျော် လူပျိုလူလွတ်ဘဝ။

www.burmeseclassic.com

www.burmeseclassic.com

ဆယ်တန်းလေးသော်မှ မအောင်ပါဘဲ ရန်ကုန်လို ဧရာမမြို့ကြီးမှာ ကျွန်တော် အလုပ်လာလုပ်ခဲ့သည်။ သည်တုန်းက ရန်ကုန်မြို့မှာ အလုပ်တစ်ခုရဖို့မလွယ်။ ကူညီဖေးမသူရှိပါမှ ဖြစ်နိုင်သည့်အခြိန်။

လှိုင်မြို့နယ်မှ ဆပ်ပြာစက်ရုံကြီးတွင် ရုံးအုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော ဆွေမျိုးမကင်းသူ အစ်မတစ်ဦး၏ ကူညီဖေးမမှုဖြင့် ထိုစက်ရုံတွင် ကျွန်တော် အလုပ်ရရှိခဲ့သည်။ ရာထူးကား ဘဏ္ဍာရေးဌာနမှ ရုံးလုလင်။ အမှန်ဆိုလျှင် ဆယ်တန်းလေးမှအောင်သော ကျွန်တော့်လိုလူအဖို့ ကုန်ထုတ်ဌာနမှာဝင်ပြီး ဆပ်ပြာသေတ္တာထမ်းဖို့ပဲ ရှိသည်။ အစ်မ၏ ဖေးမကူညီမှုကြောင့်သာ လူမမင်ပန်းသောနေရာမှာ လုပ်ရခြင်း ဖြစ်သည်။ လူမမင်ပန်းခဲ့သော်လည်း ရာထူးတိုးပေးရန် လစ်လပ်နေရာပေါ် တိုင်း ကျွန်တော် ကျန်ခဲ့သည်ချည်းဖြစ်သည်။ ပညာအရည်အချင်းရှိမှ အနည်းဆုံး ဆယ်တန်းအောင်မှ ဆိုသော ဘဏ္ဍာရေးလိုဌာနမျိုးမှာ နေသာသလို နေခဲ့မိသည်က ကျွန်တော့်အမှားပဲ ဖြစ်သည်။ ဒဿနတစ်ခု ကျွန်တော်ရလိုက်သည်က (အနေချောင်လို့ အချောင်နေလျှင် ချောင်ထိုးခံရတတ်သည်။) ဆိုတာပဲ ဖြစ်သည်။ ပညာအရည်အချင်း မလိုအပ်သော ဌာနမျိုးသွားလုပ်မိလျှင် ရာထူးတက်နိုင်ပါသေးသည်။ သည်သို့မလုပ်ခဲ့၍ အဆင့်တိုင်းမှာလို နှစ်တွေကြာခဲ့ရသည်။ ကံကောင်းထောက်မ၍ ပင်စင်ယူတော့ အလုပ်ရုံမှူးအထိတော့ဖြစ်ခဲ့ပါသည်။ ဖေးမထောက်ကူခဲ့ကြသော အရာရှိကြီးများ ကျေးဇူးကို အမြဲသတိတရရှိနေရပါသည်။

ကျွန်တော် အလုပ်စဝင်တော့ နေ့စား၊ သုံးကျပ်ဆယ့်ငါးပြား။ ခြောက်လပြည့်မှ လခစား ရှစ်ဆယ့်နှစ်ကျပ်။ ရှစ်ဆယ့်နှစ်ကျပ်စားမှ ကိုးဆယ့်ခုနစ်ကျပ်စားဖြစ်ဖို့ပင် တော်တော်နှင့်မလွယ်သောကာလပါ။ ရှစ်ဆယ့်နှစ်ကျပ်မျှသော လခလေးနှင့်ပင် ထိုခေတ်အခါက အောက်ခြေဝန်ထမ်းများ ဘဝရပ်တည်နိုင်ခဲ့ကြသည်ကို ပြန်တွေးကြည့်လျှင် အံ့ဩစရာတွေချည်းလို ဖြစ်နေသည်။ တစ်လလုံးလုံး ကုန်းရုန်းကြသည့်တိုင်း ရာတန်တစ်ရွက် မကိုင်ခဲ့ကြရသည့်ခေတ်ကာလ။ သို့ပါသော်ငြား ကျွန်တော်တို့တွေ စားကာ၊ သွားကာ၊ ကစားကာ၊ လည်ကာပတ်ကာ၊ ရုပ်ရှင်ကြည့်ကာနှင့် ပျော်ရွှင်ခဲ့ရသည်များကို ယနေ့တိုင် မမေ့နိုင်ခဲ့။ အောက်မေ့သတိရ တသလွမ်းဆွတ်နေဆဲပါ။

အလုပ်ရသော်လည်း နေစရာမရှိသည်နှင့် စမ်းချောင်း ဝင်ဆာလမ်း ယခုရှင်စောပုလမ်းရှိ အလုပ်သွင်းပေးသော အစ်မ၏ အစ်ကိုအိမ်တွင်ပင် ထမင်းလခပေးနေပြီး အလုပ်ဆင်းရသည်။ ကျွန်တော်ပေးရသည့် ထမင်းလခက လေးဆယ်ကျပ်မျှသာ။ ကျွန်တော့်လခ၏ တစ်ဝက်ဟု ဆိုရမည် ဖြစ်သော်လည်း တွက်ကြည့်လျှင် တစ်နေ့မှ တစ်ကျပ်ပြားသုံးဆယ်ပဲ ကျပါသည်။ နေ့လည်းနေ့သေး၊ စားလည်းစားသေး နည်းလှပါကလားဟု ယခုမှ ပြန်တွေးပြီး အားနာကျေးဇူးတင်ဖြစ်ရသည်။

ကျွန်တော် နေ့စဉ် အလုပ်သွားသည့်ခရီးစဉ်မှာ မြေနီကုန်း ရတနာပုံရုပ်ရှင်ရုံရှေ့ရှိ မှတ်တိုင်မှ အမှတ် (၈) ဟီးနိုးကားကြီးများကို စောင့်စီးပြီး လှိုင်မြို့နယ် သုခမှတ်တိုင်မှာ ဆင်းရသည်။ ဘတ်(စ်)ကားခက ပြားနှစ်ဆယ်သာ။ ကားစပယ်ယာကလည်း အကြွေလွယ်အိတ်ကြီးတချွင်ချွတ်လွယ်လျက်။ တစ်ခါတစ်ရံ ကျပ်တန်ပေးပြီး တော်တော်နှင့် ပြန်မအမ်းသေး၍ ပေးမိသူမှာ လည်တဆန့်ဆန့်။ နှစ်ပေါင်းလေးဆယ်ရှိလာခဲ့ပြီ ဖြစ်သော်လည်း ယခုအချိန်အထိ မပြောင်းမလဲဖြစ်နေသေးသော အကြွေမျှော်ရသည့် လည်တဆန့်ဆန့်ကိစ္စပါတကား။ ပြားဂဏန်းမျှသာ တန်ဖိုးရှိသည့် အကြွေအနုတ်ဖြစ်ပါသော်လည်း အလွန်တန်ဖိုးရှိသောခေတ်ကာလဖြစ်၍ အရေးအရာလုပ်ခဲ့ကြရသည်။ယခုတော့လည်း ကျွန်တော်တို့ တယ့်တယ်ရှိခဲ့ကြသော အကြွေစေ့များ၊ ဝိုလ်ချုပ်ပုံနှင့် ကျပ်တန်များကို ပြတိုက်များတွင်သာတွေ့ရပါတော့မည်။

ကျွန်တော်က ရန်ကုန်မြို့မှာ၊ ရည်းစားက ပြွန်တန်ဆာမှာ။ လွမ်းလိုက်ကြရသည်ဖြစ်ခြင်း။ လကုန်ရက်တိုင်း၊ အလုပ်သုံး, လေးရက် ဆက်ပိတ်တတ်သည့်အခါတိုင်း ကျွန်တော် မိဘရပ်ထံ၊ ရည်းစားထံ ပြန်ပါသည်။ အမှန်ဝန်ခံရပါသော် ရည်းစားက နံပါတ်တစ် ဦးစားပေး ဖြစ်သည်။ သည်တုန်းက ရန်ကုန်နှင့် ပြွန်တန်ဆာ ရထားခမှာ လေးကျပ်ပြားနှစ်ဆယ်သာ ဖြစ်သည်။ ငွေတစ်ဆယ်ရှိလျှင် ကောင်းကောင်းလုံလောက်သည်။ ပြွန်တန်ဆာပြန်လျှင် လူကြီးများအတွက် ကျွန်တော်တတ်နိုင်သလို ဝယ်သွားလေ့ရှိသည်က ပြည်သူ့မုန့်တိုက်မှ (ယခု ထရိတ်ဒါးဟိုတယ်နေရာ) ပေါင်မုန့်ချွန်ချွန် မွေးမွေးကြီးများပင် ဖြစ်သည်။ စျေးနှုန်းမမှတ်မိတော့။ နှစ်ကျပ်ဝန်းကျင်ဟုပဲ ထင်သည်။ ချိုမွေးပြီး အရသာရှိလှသော ပေါင်မုန့်ချွန်ကြီးများပင် ဖြစ်သည်။ ဘိုးဘွားများကလည်း သဘောကျနှစ်ခြိုက်ကြပါသည်။ ညီ၊ ညီမငယ်များအတွက်တော့ နာမည်ကြီးရှားမီးသကြားလုံးထုပ်။ သကြားလုံးပုံစံလှလှလေးများဖြစ်ပြီး အတွင်းမှာ ယိုလေးတွေနှင့် တစ်ထုပ်မှ တစ်ကျပ်၊ တစ်ကျပ်ခွဲမျှသာရှိပါမည်။ ဒါသည်လည်း သတိရစရာပဲ ဖြစ်သည်။

အလုပ်ကလေးရပြီ ဆိုသည်နှင့် မိဘကျေးဇူးဆပ်ဖို့ နောက်ထားပြီး သားမလိမ္မာ ကျွန်တော် မိန်းမယူဖို့ ရည်ရွယ်လာသည်။ သို့ဖြစ်၍ ပိုက်ဆံစုပါသည်။ ကျွန်တော့်လခထဲမှ ဖွဖြဲး စုသည့်ငွေကို စာအိတ်ထဲထည့်ပြီး ငွေဘယ်လောက်ပေးပို့ပါကြောင်း၊ လက်ခံရရှိပါကြောင်း ဖြတ်ပိုင်းလေးတစ်ခုပါ စနစ်တကျထည့်၍ ရည်းစားဖြစ်သူထံ ပေးပို့အပ်နှံ စုဆောင်းခြင်း ဖြစ်ပါသည်။ ဘယ်နှစ်၊ ဘယ်လမှာ လက်ထပ်ကြမည်ဟု သတ်မှတ်ထားခြင်းမပြုသေးပါဘဲ ကြိုတင်စုဆောင်းခြင်း ဖြစ်သည်။ ကျွန်တော် လစဉ် စုငွေ ဘယ်လောက်ပါလဲဟု သိချင်ကြပါသလား။ ထိုခေတ်က ငွေငါးကျပ်သာပါခင်ဗျား။ 'မိန်းမယူဖို့ တစ်လစုငွေ ငါးကျပ်တဲ့ဟေ' ဟုသာ ပြုံးတော်မူကြပါ။

အနိမ့်ဆုံးလစာ ရှစ်ဆယ့်နှစ်ကျပ်နှင့် လုပ်နေကြသော်လည်း စက်ရုံမှ မကြာခဏဆိုသလို ဝန်ထမ်းများအား ပုံပြီးထောက်ပံ့သည့်အနေဖြင့် အခါအားလျော်စွာ ကော့စတစ်သံပြား၊ ပီပါခွံ အစရှိသည့် အသုံးမလို ပို့လှျံပစ္စည်းများ ရောင်းချပေးခြင်း၊ လဆန်းတိုင်း ယခုလွှဲ ဝါဆပ်ပြာနှစ်တောင့်စာ အရှည်ရှိသည့် ရွှေဒင်္ဂါးဆပ်ပြာ (၁၂) တောင့်၊ အခါကြီးရက်ကြီးပါသည့်လဆိုလျှင် နောက်ထပ်တစ်ဦး (၁၀) တောင့်ကို စက်ရုံစျေးဖြင့် ရောင်းချပေးခြင်းတို့ ပြုပါသည်။

ကဆုန်လပြည့်၊ ဝါဆိုလပြည့်လိုလမျိုးများတွင် လုပ်သားနှစ်ယောက်ပေါင်းက ဆပ်ပြာတစ်သေတ္တာနှင့်လေးတောင့် ရရှိသည်ဖြစ်၍ ကျွန်တော်တို့မှာ ထမ်းလို့သာ ရောင်းကြပေရော့ပါ။ သည့်အပြင် အမြတ်ရရှိနိုင်သော ပစ္စည်းလေးများကိုလည်း မကြာခဏဆိုသလို ရောင်းလေး

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်တော်တို့မှာ လခအပြင် အပိုဝင်ငွေလေးများရကြသဖြင့် ဖျော်တပြုံးပြုံး။ သည်သို့ နားလည်မှုရှိစွာဖြင့် ပံ့ပိုးပေးသော ပစ္စည်းများကို ကုန်သည်ပွဲစားများထံ ကျွန်တော်တို့က တစ်ဆင့် ပြန်လည် ရောင်းချပြီး ရရှိလာကြသော အမြတ်ငွေလေးများဖြင့် သူသူကိုယ်ကိုယ် စိုစိုပြည်ပြည်ရှိခဲ့ကြသည်။ သည်တုန်းက ယခုနှစ်တောင့်စာ ဆပ်ပြာတစ်တောင့် တစ်ကျပ်ပြားနှစ်ဆယ်။ယခုနှစ်ရာကျော်။ ပီပါခွဲတစ်လုံး အဲသည်တုန်းက တစ်ဆယ့်နှစ်ကျပ်။ ယခု ခုနစ်ထောင်၊ ရှစ်ထောင်။ ပြန်လည်တမ်းတ သတိရမိပါ၏။

ဝန်ထမ်းသက် နှစ်လေးဆယ်နီးပါး အတွေ့အကြုံများအရ ဝန်ထမ်းများသက်သာချောင်ချိရေးကို ရှေးရှု၍ တာဝန်ရှိသူများမှ အခါအားလျော်စွာ ပံ့ပိုးကူညီထောက်ပံ့ပေးသည့် ကိစ္စများမှာ မည်သည့်ခေတ်၊ မည်သည့်ကာလပင်ဖြစ်စေ၊ လစာမည်မျှရကြသည်ဖြစ်စေ လိုအပ်သည်ဟု ကျွန်တော်မြင်ပါသည်။ သို့မှသာ မချောင်လည်ကြသည့်တိုင် ကျပ်တည်းဆင်းရဲခြင်းများမှ သက်သာရာရကြပါလိမ့်မည်။ လက်ဖက်ရည်ဖိုးအမည်တပ်၍ လာဘ်စားကြသောသူများမှလွဲပြီး ဝန်ထမ်းချမ်းသာသည်ဟု ကျွန်တော် မမြင်ဘူးခဲ့ပါ။ အလုပ်တာဝန်တွေမှာ ဘဝအား နှစ်မြှုပ်လျက် လုံးလည်ချာလည်နှင့်ပင် အသက်ကြီးသွား ပင်စင်နားခဲ့ကြရသည်ကသာ များလှပေတောင်း။

လွမ်းဆွတ်တသ မေ့မရသည့်အကြောင်းအရာတစ်ခုလည်း ရှိပါသေးသည်။ ကျွန်တော်တို့တစ်တွေ၏ လခမှ ရာထူးအဆင့်အလိုက် လစဉ် နှစ်ကျပ်၊ သုံးကျပ်၊ ငါးကျပ် စသည်ဖြင့် စုဆောင်းပြီး တန်ခူးလရောက်လျှင် ဗြောသံစည်သံတည်ညံဖြင့် လုပ်သားများ စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာပွဲကြီး နှစ်စဉ် ကျင်းပခဲ့ကြသည်။ ဖျော်ဖျော်ရွှင်ရွှင် ကကြခုန်ကြ။ ဟင်းကောင်းကျွေးကောင်းများဖြင့် ဧည့်ခံကျွေးမွေးသည့် အလှူ ထမင်း၊ အလှူဟင်းများကို အားရပါးရ မြိန်ရှက်စွာ သုံးဆောင်ကြနှင့်။ ပီတိတွေဖုံး အပြုံးကိုယ်စီ ဖျော်ခဲ့ကြသည်များကို သတိတရဖြစ်ရပါသည်။

လခလေးတစ်ပဲခြောက်ပြားတုန်းက လှူဒါန်းနိုင်ခဲ့ကြပြီး သောင်းသိန်းချီရကြကာမှ ကျွန်တော်တို့ ဗြောသံစည်သံတွေနှင့် မမျော်ကြရတော့သည်မှာ ဘာကြောင့်ပါလဲဟု ကျွန်တော် တွေးတောအဖြေထုတ် ခေါင်းရှုပ်ရပါသည်။ ကျွန်တော်တို့ ဖျော်ရွှင်ခဲ့ရသော အိုးစည်ဒိုးပတ်သံ တုတ်တုတ်ခြုန်းသံတို့ကို ပြန်လည် ကြားချင်စမ်းလှပါဘိသည်။

❁

ကျွန်တော် လူပျိုဘဝက လက်ပတ်နာရီနှင့် အိတ်ဆောင်ရေဒီယိုတို့ကို အလွန် ဝါသနာပါ လိုချင်ခဲ့သည်။ ထိုပစ္စည်းတို့၏တန်ဖိုးကား ကျွန်တော့်လခထက် များနေကြ၍ ဝယ်မသုံးနိုင်ခဲ့။ အိုးရီးရင့် သံပတ်နာရီတစ်လုံး (၁၅၀) ကျပ်၊ အော်တိုနာရီ (၄၅၀) ကျပ်ဖြစ်၍ ဝယ်မသုံးနိုင်။ သိမ်ကြီးစျေးအောက်မှ ပေါ်ချောင်ညှဉ်နာရီများကိုသာ (၇၀) ကျပ်လောက်ပေး၍ ဝယ်ပတ်ခဲ့ရသည်။ ကြာကြာမခံ ခဏခဏပျက်၍ ဆိုင်မဆင်းဘဝနှင့်သာ နိုင်ုးချပ်ရတော့သည်။ တေးဂီတဝါသနာကြီးသူဖြစ်၍ သွားလေရာ ယူဆောင်နိုင်သည့် အိတ်ဆောင်ရေဒီယိုလေးတစ်လုံးလောက် လိုချင်လှသော်လည်း မဝယ်နိုင်ခဲ့။ သို့ဖြစ်၍ ကျောင်းသားလူငယ် အသံဖမ်း၊ အသံလွှင့်ပညာပေး၊ ဒိုင်အုပ်၊ ကျောက်၊ ကွိုင်၊ နားကြပ်ကလေးများ ပါဝင်သော ပညာပေးရေဒီယိုကလေး တစ်ဆယ့်ခြောက်ကျပ်နှင့် ဝယ်ယူပြီး ဧရိယာတိုင်ထောင်ကာ နားကြပ်ကလေးတစ်ဖက်ဖြင့် သီချင်းနားထောင်ခဲ့ရသည်ကိုလည်း ယနေ့တိုင် မမေ့နိုင်ရှိနေခဲ့ရသည်။ ယခုတော့လည်း ရေဒီယိုဆိုသည်မျှားမှာ ပေါမှပေါ။

တေးဂီတဝါသနာပါလှသည့်ကျွန်တော် ရန်ကုန်ရောက်ခဲ့သည်က ရေတပ်တုန်း ရေတွင်းထဲကျဟု ဆိုရမည်ဖြစ်သည်။ ဂီတလောကကိုဝင်ဖို့ အခွင့်အရေးရခဲ့ပြီ။ အဆက်အသွယ်ရအောင်ရှာပြီး ရေဒီယို ကာလပေါ်တေးအဖွဲ့များတွင် ဝင်ရောက်ဟဲပါတော့သည်။ ကျွန်တော် ပါဝင်သီဆိုခဲ့သော ကာလပေါ်တေးဂီတအဖွဲ့ကား စန္ဒရားဘိုကြီးအဖွဲ့၊ ဂျင်း၏ညီ မောင်လှကြည်၏မေတ္တာတေးမွန်အဖွဲ့၊ ပြည်လှိုင်မင်းအောင်၏ ဝတ်မှုတေးအဖွဲ့တို့ပင် ဖြစ်သည်။ ကျွန်တော် အသံလွှင့်ခွင့်သာရခဲ့သည်။ ဓာတ်ပြားရအဆိုတော်မဖြစ်ခဲ့ပါလေ။ ကျွန်တော့်လို ဝါသနာပိုးထကြသည့် တေးသံရှင်များက အသံလွှင့်ရန်ကိစ္စအတွက် ပိုင်းခြင်းဆောင်ကို ပိုင်းကြေးအဖြစ် တစ်ဦးလျှင် ငါးဆယ်၊ ခုနစ်ဆယ့်ငါးကျပ် စသည်ဖြင့် ပေးကြရ၏။ သည်ငွေများကို ကျွန်တော်တို့ မြန်မာ့အသံ၌ အသံသွင်းကြသည့်နေ့တွင် အတီးအမှုတ်သမားများကို ပိုင်းခြင်းဆောင်မှ တီးမှုတ်ခပေးချေသည်။

ကိုယ်ဝါသနာပါသည်ကို ဖျော်ဖြော်ရွှင်ရွှင်လုပ်ကြရ၍ ကုန်ကျရသည်ကို ကျေကျေနပ်နပ်ရှိခဲ့သည်။ အများပြည်သူက ရေဒီယိုမှလွှင့်ပေးသည့် ကျွန်တော်တို့သီချင်းများကို နားထောင်ပြီး ရေဒီယိုအဆိုတော်ဟု နာမည်တပ်ကောင်းတပ်ကြမည်ဖြစ်သော်လည်း အမှန်တော့ ပိုက်ဆံမရဘဲ ပိုက်ဆံသာကုန်ကြသည်။ ငွေကုန်သံပြာ အဆိုတော်များသာပါ။ ကိုယ့်အသံကိုယ်ပြန်နားထောင်ပြီး ပီတိသာစားခဲ့ကြရသည်။ ကျွန်တော့်လခ တစ်ဝက်မက ငွေကို အကုန်အကျခံပြီး ပီတိစားခဲ့ရသော တစ်ခေတ်တစ်ခါက ဂီတလောကအတွေ့အကြုံများ ဖြစ်၏။ ယခုလက်ရှိကာလတွင် ဟိုယခင်ကလို ကာလပေါ်တေးဂီတပိုင်းများ အသံသွင်းအသံလွှင့်ကြပါသေးသလော။ ပိုင်းကြေးများထည့်ဝင်ပြီး သီဆိုကြရသည့် စနစ်ကော ရှိပါသေးသလော ဆိုသည်ကို သည်လောကနှင့် ဝေးကွာခဲ့ရသည်မှာ ကြာခဲ့ပြီဖြစ်သော ကျွန်တော့်အဖို့ မသိရှိနိုင်တော့ပါပြီ။

❁

ကျွန်တော် အလုပ်ဝင်ပြီး တစ်နှစ်အကြာတွင် စက်ရုံဝန်ထမ်းအိမ်ရာ လူပျိုခန်းရရှိသဖြင့် မူလနေခဲ့သော ကျေးဇူးရှင်များအိမ်မှ ပြောင်းရွှေ့ခဲ့သည်။ ဘိကလေးနယ် ခနဲးဆိပ်ရွာမှ ရဲတင့် ဆိုသော သူငယ်ချင်းနှင့် နှစ်ယောက်အတူနေ အတူချက်စားခဲ့ကြသည်။ ဟင်းချက်စရာကို သူဝယ်သူမှတ်၊ ကိုယ်ဝယ်ကိုယ်မှတ်ထားပြီး လကုန်တော့ အားနုံးကုန်ကျစရိတ်ကို နှစ်ဖြင့်စားပြီး သူလိုက

www.burmeseclassic.com

www.burmeseclassic.com

သူပေး၊ ကိုယ်လိုက ကိုယ်ပေး လုပ်ခဲ့စားခဲ့ကြသည်။ ချက်ပြုတ်သည်ကလည်း အားသူချက်သည်။ တွက်ကပ်မနေကြပါ။ စိတ်တူကိုယ်တူဝါသနာတူသမားတွေမို့ စိတ်ချမ်းသာ ပျော်ရွှင်ရသည်။ ဘယ်သူမှ ဟင်းမချက်နိုင်သည့်နေ့မျိုးတွင် အသုပ်တစ်ခုခု သို့မဟုတ် စွေးသက်သာသော ထမင်းဆိုင်များမှ ဟင်းတစ်မျိုးမျိုး ဝယ်စားလိုက်ကြသည်သာ။ စားနိုင်သောအရွယ်တွေဖြစ်၍ ဘာနှင့်စားစား မြိန်ခဲ့ကြသည်။ သူငယ်ချင်းနှစ်ယောက် စားလိုက်ကြ၊ ကစားလိုက်ကြ၊ လည်ပတ်လိုက်ကြ၊ ရုပ်ရှင်ကြည့်လိုက်ကြ၊ အလုပ်သွားလိုက်ကြနှင့် လွတ်လပ်ပျော်ရွှင်ခဲ့ရသောဘဝများကို အောက်မေ့ လွမ်းဆွတ်နေမိသည်။ ယခုတော့လည်း လူဘောင်လောကအထုပ်ကြီး ကျွန်တော့်အပေါ်မှာ ပိနေသည့်အပြင် ဇနီး၊ သားသမီး၊ မြေးကြိုးကြီးများကလည်း တုပ်လျက်နှောင်လျက်။

သူငယ်ချင်းနှင့် လူပျိုခန်းမှာ အတူနေကြစဉ်က စွေးဝယ်ခဲ့ကြသည့် စွေးဝယ်မှတ်တမ်းစာအုပ်လေး အိမ်ရှင်းရင်း ပြန်တွေ့ရသည်နှင့် ယခုခေတ်လူတွေ ဒီအကြောင်းလေးတွေ သိကြရအောင် ပြန်ရေးရရင် ကောင်းမှာပဲဟု စိတ်ကူးမိပြီး ဤစာရေးဖြစ်သွားခြင်းပါ။ ကျွန်တော်တို့ ဘိုးဘွားတွေပြောခဲ့ကြသလို တို့ငယ်ငယ်တုန်း ... အစခ်ီသော အောက်မေ့တသဖွယ်ရာအကြောင်းများကို ကျွန်တော်ရေးချင်ပြောချင်ခဲ့ပါသည်။

ကျွန်တော့် စွေးဝယ်မှတ်တမ်းစာအုပ်လေးမှာ (၁၉၇၃-၇၄) ခုနှစ်က စားသောက်ကုန် စွေးနှုန်းများကို ရေးမှတ်ထားခြင်း ဖြစ်သည်။ ယနေ့ ၂၀၁၁ ခုနှစ် ကုန်စွေးနှုန်းများနှင့် မည်မျှကွာခြားသွားသည်ကို နှိုင်းယှဉ်လေ့လာနိုင်မည် ဖြစ်သည်။ ဘဝပေးအခြေအနေအရ ယခုအခါ အိမ်မှာ ကျွန်တော် အဝယ်ရှော်ဖြစ်နေပါသည်။ စွေးသည် ခဏခဏနှပ်တာခံနေရသဖြင့် 'အဝယ်တော်'ဟု ကျွန်တော်မသုံးတော့ပါ။ နေ့စဉ် နံနက်တိုင်း စွေးဝယ်ထွက်ရသဖြင့် ယနေ့ခေတ် ဟင်းချက်စရာစွေးနှုန်းများကို ထိတွေ့သိရှိနေရသည်တွင် ကျွန်တော့်စွေးဝယ်မှတ်တမ်းလေးမှာ ဟိုခေတ်ဟိုအခါကို လွမ်းဆွတ်စရာဖြစ်စေခဲ့ပါသည်။ စာရှုသူတို့အား ဟိုတုန်းက ဆီတစ်ပုံးမှ ဘယ်လောက်၊ ဆန်တစ်အိတ်မှ ဘယ်လောက် ဆိုသည်များကို မှတ်သားသရွေ့ ပြောပြပါမည်။ (၁၉၇၃-၇၄) ခုနှစ်များက စွေးနှုန်းများဟု သိထားစေလိုပါသည်။

စွေးဝယ်မှတ်တမ်းစာအုပ်အရ သူငယ်ချင်းနှစ်ယောက် ဝယ်ယူ ချက်ပြုတ်စားခဲ့ကြသည့် စွေးနှုန်းများမှာ ဆန်တစ်တင်း (၄၂)ကျပ်။ မည်သည့်ဆန်ဆိုသည်ကိုတော့ မရေးထားမိကြ၍ မမှတ်မိတော့ပါ။ ဆီတစ်ပိသာ (၁၂) ကျပ်။ ကြက်၊ ဝက်၊ အမဲသားတစ်ပိသာ (၁၀) ကျပ်မှ (၁၂) ကျပ်။ ကြက်အသည်းအမြစ် (၁၄) ကျပ်။ ဆိတ်သားချက်မစားဖြစ်ကြ၍ မမှတ်မိ။ (၁၅) ကျပ်ခန့် ရှိပါလိမ့်မည်။ ငါးကျည်း၊ငါးခူ၊ငါးသလောက် တစ်ပိသာ (၉) ကျပ်၊ (၁၀) ကျပ်။ ငါးရံ့ (၆) ကျပ်၊ (၈) ကျပ်။ ပုစွန်ကျော့ (၇) ကျပ်၊ ငါးရွှဲ့ (၆)။ ငါးခြောက်ငါးခြမ်းစွေးများမှာ ငါးရံ့ခြောက်တစ်ဆယ်သား (၂) ကျပ်၊ (၅၀) ပြား၊ ငါးမွှေထိုးခြောက် တစ်ဆယ်သား (၂) ကျပ်၊ ငါးခြောက်သေးသေးလေးများ တစ်ဆယ်သား ပြား (၉၀) စသည်ဖြင့် ဝယ်စားခဲ့ကြသည်။ ဘဲဥ၊ ကြက်ဥ တစ်လုံး (၂၅)ပြား/(၃၀)ပြား ဖြစ်သည်။ ကန်စွန်း၊ ချဉ်ပေါင်ရွက် အစရှိသော အရွက်အားလုံးမှာ (၅) ပြား၊ (၁၀)ပြားများချည်းသာ ဖြစ်သည်။ အာလူးတစ်ပိသာ (၁)ကျပ်၊(၅၀)ပြား၊ ကြက်သွန်နီ တစ်ပိသာ (၁)ကျပ်၊(၄၀)ပြား၊ ကြက်သွန်ဖြူ တစ်ပိသာ (၆)ကျပ်ဝယ်ခဲ့ရပြီး ဟင်းခတ်မှုန့်၊ ပုစွန်ခြောက် စသည်တို့ကိုကား (၁၀)ပြား၊ (၂၅) ပြား စသည်ဖြင့်သာ ဝယ်သုံးခဲ့ကြသည်။

သူငယ်ချင်းနှစ်ယောက် ဟင်းချက်ရန် မအားလပ်သည့်နေ့များတွင် အသုပ်တစ်မျိုးမျိုး၊ ဟင်းတစ်မျိုးမျိုးဝယ်ပြီး စားလိုက်ကြသည်။ အမဲသားဟင်း၊ အမဲကလီစာဟင်း၊ ငါးမြင်းဟင်း၊ ဆိတ်သားဟင်း စသည့် ဟင်းတို့ကို (၁) ကျပ်၊ (၁) ကျပ်၊ (၅၀) ပြားဖိုး ဝယ်၍စားကြသည်။ ဝက်ခေါင်းသုပ်၊ အခေါက်ကင်၊ ကြက်သားသုပ်၊ ခေါက်ဆွဲသုပ်၊ ခေါက်ဆွဲပြုတ်တို့ကို ငွေ (၁) ကျပ်ဖြင့် ဝယ်စားနိုင်ပြီး ပဲဟင်း၊ ချဉ်ရည်ဟင်း၊ ပဲပြုတ်၊ ချဉ်ပေါင်ကြော်တို့ကို (၁)မတ်၊ (၅)မူးဖြင့် ဝယ်စားနိုင်ခဲ့သည်။ နာမည်ကြီး ခွဲစိစ်ခဲပေါက်၊ လမ်း(၃၀)ခဲပေါက်တို့မှာ (၅) ကျပ် ဖြစ်ပါသည်။ (၂၀) လမ်းမှ လို့လုလျှင် ခေါက်ဆွဲကြော်သည်လည်း (၅) ကျပ်ပဲ ဖြစ်သည်။ ပိုက်ဆံအသုံးခံလှသော စွေးနှုန်းများပင် ဖြစ်ချေသည်။

သည်တုန်းက ကျွန်တော်တို့ ရေနံဆီမီးဖိုသုံးကြသည်။ ရေနံဆီကို ရပ်ကွက်သ/မဆိုင်မှလည်း ရောင်းပေးမည်။ ရေနံဆီတစ်ပုလင်း (၆၀)ပြား၊ တစ်ဂါလံ (၁) ကျပ်၃၀ပြား)၊ (၂)ကျပ်၊ (၆)ကျပ် စသည်ဖြင့် မှတ်ထားသည်ဖြစ်၍ ဘယ်ဟာအစိုးရစွေးနှုန်း၊ ဘယ်ဟာအပြင်စွေးနှုန်းဆိုသည်ကို မပြောတတ်တော့ပါပြီ။ မှတ်မိနေသည်က ကျွန်တော်တို့ဇနီးမောင်နှံညားခါစတွင် အစားမှားပြီး အထက်လှန်အောက်လျှောဖြစ်၊ ဗိုက်တွေနာကြ၍ ရေနံဆီနှင့် ပရုတ်ဆီရောပြီး ဝမ်းဗိုက်တွေ၊ ခြေထောက်တွေကို လိမ်းခဲ့ကြရခြင်းပဲ ဖြစ်သည်။ ယခုနေများ သည်လို လိမ်းဖို့ အရေးပေါ် ရေနံဆီလိုခဲ့ပါသော် ဘယ်မှာဘယ်လို ရှာရလေမည်မသိ။ ရေနံဆီ ဆိုသည် ဘယ်လိုအရည်ပါလဲဟု မသိနိုင်တော့ပါပြီ။

သူငယ်ချင်းနှစ်ယောက် သူဝယ်၊ ကိုယ်ဝယ်စွေးဝယ်ပြီး လကုန်မှာ စာရင်းရှင်းတွက်ချက်ထားကြသော စာမျက်နှာများကိုလည်း တွေ့ရသည်။ သတိရစရာဖြစ်ရပြန်ပါသည်။ ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ဟင်းချက်စရာဖိုး ကုန်ကျငွေမှာ နှစ်ယောက်ပေါင်းမှ (၉၈) ကျပ်ဖြစ်၍ တစ်ဦးလျှင် (၄၉) ကျပ်သာ ကုန်ကျခဲ့သည်။ ၁၉၇၄ ခုနှစ်၊ ဧပြီလတွင် (၇၃) ကျပ်ခဲ့ဖြစ်၍ တစ်ဦးလျှင် စားစရိတ် (၃၆) ကျပ်၊ (၇၅) ပြားသာ ကုန်ကျခဲ့ကြသည်။ အကုန်အကျ နည်းပါးလှသည်ဖြစ်ခြင်း။ ယခု စမူဆာတစ်ခုဖိုး (၅၀)ကျပ်နှင့် နှိုင်းပြီး ဟိုအတိတ်ဆီ ပြေးသွားချင်ပေတော့သည်။ ဤစွေးဝယ်စာရင်းစာအုပ်လေးကိုကြည့်၍ စိတ်တူကိုယ်တူ လူပျိုခန်းမှာ အတူနေခဲ့ကြသော သူငယ်ချင်းရဲတင့်ကိုလည်း အောက်မေ့သတိရမှိလှပါသည်။ သူငယ်ချင်းဖြစ်သူမှာ အရက်လည်းရောင်း၊ သောက်လည်းသောက်ဖြင့် လှိုင်သာယာတွင် ရှိသလိုလိုကြားရ၏။ လူလောကမှာ ရှိနေသေးလျှင်တော့ တွေ့ချင်ပါသေးသည်။

❂

၁၉၇၅ ခုနှစ်တွင်း သူငယ်ချင်းရဲတင့် မိန်းမခိုးပြေးပြီး အလုပ်မှထွက်သွားသောအခါ ကျွန်တော်တစ်ယောက်တည်းကျန်ခဲ့ပြီး တစ်ကိုယ်တည်း ချက်ပြုတ်စားသောက်ခဲ့ရသည်။ ကျွန်တော် တစ်ဦးတည်းပိုင်အခန်းဖြစ်သွားသောအခါ ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျွန်တော် အိမ်ထောင်ပြုဖြစ်ခဲ့သည်။ လခလေး တစ်ရာနှင့် အိမ်ထောင်ပြုခဲ့သည်မှာ မဟာစွန့်စားခန်းကြီးဟု ဆိုရမည်ဖြစ်သည်။ ရှေးလူကြီးများက သုံးနှစ်သုံး

www.burmeseclassic.com

www.burmeseclassic.com

မိုးဟု ဆိုခဲ့ကြ၏။ ကျွန်တော်ကား (၁၂) နှစ်၊ (၁၂) မိုးပါ။ ၁၉၆၄ ခုနှစ်ကတည်းက ရည်းစားဖြစ်ခဲ့သော ချစ်သူကို ၁၉၇၆ ခုနှစ်မှ လက်ထပ်ယူခဲ့သည်။ စားဝတ်နေရေးမှအစ တွေးတောပူပန်ဆင်ခြင်ဉာဏ်များဖြင့် ဤသို့ ရက်ရှည်လများ ကြာညောင်းသွားရခြင်း ဖြစ်သည်။

ကျွန်တော့်ကို ယခုခေတ်လူငယ်များက ငကြွားကြီးဟု သတ်မှတ်ကြမည်လား၊ ငတုံးအေကြီးဟု သတ်မှတ်ကြမည်လား ဆိုသည်ကို ကျွန်တော် မသိ။ ပြောစရာရှိသည်ကတော့ (၁၂) နှစ်ကြာမျှ သမီးရည်းစားအဖြစ်နေခဲ့ကြသော်လည်း ယခုလူငယ်တွေပြောနေကြသည့် 'အာဘွား' မှလွဲ၍ ဘာမှမပွားခဲ့ကြပါ။ နှမချင်းစာနာခြင်း၊ ရှေ့ရေးနောက်ရေးမြော်တွေးခြင်းတို့ဖြင့် ထိန်းထိန်းသိမ်းသိမ်းရှိခဲ့ကြခြင်း ဖြစ်သည်။ မနက်ဖြန်ဆိုသည်များမှာ ရေရာသေချာလှသည်မဟုတ်၍ ထိန်းထိန်းသိမ်းသိမ်းနေကြခြင်းက အမှန်ကန်ဆုံးလုပ်ရပ်ဟု ကျွန်တော် ယုံကြည်ခဲ့ပါသည်။ အဓိပ္ပာယ်ရှိတန်ဖိုးရှိသော မင်္ဂလာဦးများဖြစ်ဖို့ လိုအပ်လှပါသည်။

အိမ်ထောင်ပြုမည်ဆိုတော့ မိန်းကလေးဘက်မှ သိပ်မကြည်ဖြူကြပါ။ ကြည်ဖြူနိုင်စရာလည်းမရှိသော ကျွန်တော့်အနေအထားပါ။ စက်ရုံအလုပ်သမား လခတစ်ရာစာလေးကို အဘယ်သမီးရှင် ကြည်ဖြူချင်မှာပါလိ။ ကျွန်တော်တို့ကလည်း ဆယ်နှစ်မက ခိုင်မြဲလှစွာ သံယောဇဉ်ဖွဲ့ခဲ့ကြပြီဖြစ်၍ သဘောတူတူ၊ မတူတူ ယူတော့မည်ဟု ဆုံးဖြတ်ထားကြသည်နှင့် နောက်ဆုံး သဘောတူ လက်ခံကြရတော့သည်။ လူကြီးလူကောင်း လေးငါးဆယ်ဦး အသိသက်သေအဖြစ် ဖိတ်ကြားပြီး လက်ဖက်ရည်၊ ကိတ်မုန့်ပွဲလေးဖြင့် လက်ထပ်ခြင်းကိစ္စပြီးခဲ့ရသည်။ ဂုဏ်တွေ၊ ဌေးတွေ၊ ပကာသနတွေ ကျွန်တော်တို့ မလိုခဲ့ကြပါ။ ကျွန်တော်တို့ လိုသည်က နှစ်ပါး ဂဟေခြားမသွေဖို့ဘဲ မဟုတ်ပါလား။

လူကြီးမိဘတွေက မင်္ဂလာပွဲလုပ်မပေးသော်လည်း ဇနီးသည် ရန်ကုန်ပါလာတော့ စက်ရုံမှာ ကျွန်တော် မင်္ဂလာပွဲလုပ်ပါသည်။ ကျွန်တော်တတ်နိုင်သလို မင်္ဂလာပွဲကျင်းပပုံကို ပြောပါဦးမည်။ မပြာရမည်ဆိုလျှင် ဖိတ်စာကစ၍ ပြောရမည် ဖြစ်သည်။ ကျွန်တော့်မင်္ဂလာဖိတ်စာမျိုး မြန်မာပြည်တွင်သာမက ကမ္ဘာမှာပါ ရှိလိမ့်မည်မထင်ပါ။ ကျွန်တော့် ဖိတ်စာကို ကျွန်တော်ကိုယ်တိုင် ဖယောင်းစက္ကူမှာ ဒီဇိုင်းဆွဲ၊ လက်နှိပ်စက်ရိုက်ပြီး စာကူးစက်ဖြင့်လှည့်ကာ ဖိတ်စာကမ်းပါသည်။ ရွှေ့ ငွေအပြားခတ်ပြီး ရိုက်နှိပ် ရေးသားထားသည့်ဖိတ်စာ မဟုတ်သမျှ မည်မျှပင်ပေးရပေးရ အားလုံးအမှိုက်ခြင်းထဲသို့သာ ရောက်မည့်ကိစ္စ။ ဖိတ်စာသည် သာမည။ အကြောင်းအရာသည်သာ အဓိကဟု ကျွန်တော်ယူဆပါသည်။

ဖိတ်စာမှာ ကျွန်တော် ရေးသားဖိတ်ကြားပုံကိုလည်း ကြည့်ပါ။ မိဘတို့နာမည်ရေးပြီး 'ကျွန်တော် မောင်တိုးခန့်၊ ကျွန်မ မသန်းသန်းတို့အား ရာသက်ပန် ဇနီးမောင်နှံအဖြစ် အသိအမှတ်ပြုပါရန် အတွက် ကြွရောက်ခီးမြွှင့်ကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်' ဟု တိုရှင်းလိုရင်းရေးကာ ဖိတ်ကြားခဲ့သည်။ စံကရုံဝန်ထမ်းများအားလုံးနှင့် ခင်မင်ရင်းနှီးသော မိတ်သင်္ဂဟများအား ဖိတ်ကြားပါသည်။ မင်္ဂလာအခမ်းအနားကို စက်ရုံမြက်ခင်းပြင်တွင် စားပွဲကုလားထိုင်များခင်း၊ ပန်းပင်များတွင် ရောင်စုံပန်းစက္ကူ ရောင်စုံပူဖောင်းများ ချိတ်ဆွဲ၍ ပြင်ဆင်ပြီး အသံချဲ့စက်မှ မင်္ဂလာသီချင်း 'အခါတော်ပေးတာက. . .' ဖွင့်လိုက်သည်နှင့် ပြီးပြည့်စုံသော မင်္ဂလာအခမ်းအနား ဖြစ်သွားပါပြီ။

ဧည့်ခံကျွေးမွေးသည်က ကိုယ်တတ်နိုင်သလို လက်ဖက်ရည်၊ ကိတ်မုန့်သာ ဖြစ်သည်။ စီးကရက်ပြန်ကမ်းခဲ့သည်။ ခင်မင်သောမိတ်ဆွေသင်္ဂဟများ လာရောက်ခီးမြွှင့်ကြပါသည်။ ထိုခေတ်က လက်ဖွဲ့ငွေကတော့ နည်းသည်။ (၂)ကျပ်၊ (၃)ကျပ်၊ (၅)ကျပ် ထီလက်မှတ်တို့သာ ဖြစ်သည်။ အလွန်ခင်မင်သူ၊ ပို့ကဆံရှိသူတို့မှ (၁၀)ကျပ်။ ယခုခေတ်လို လက်ဖွဲ့ပါဆယ်ထုပ်တွေ သိပ်မပါလှ။ ပါတော့လည်း နဂါးဖန်ချက်စက်မှ ဖန်ခွက်နှင့် ရေတကောင်းများသာပါ။ ဘာပဲရရ အမှတ်တရဖြစ်ပါသည်။ ငွေတန်ဖိုးရှိသော ခေတ်ကာလပါ။ ထိုအချိန်က လက်ဖွဲ့မှတ်တမ်းနှင့် ကုန်ကျစရိတ်မှတ်တမ်းစာအုပ်ကလေး - သိမ်းထားသော်လည်း ရှာဖွေရန် အချိန်မရသည်နှင့် မဖော်ပြနိုင်တော့ပါ။ ကျွန်တော် ကုန်ကျငွေမှာ ငွေလေးငါးခြောက်ရာလောက်ပဲ ရှိမည်ထင်ပါသည်။ ပြန်ရငွေမှာလည်း မတိမ်းမယိမ်းပါဘဲ။

ယခုခေတ် ဟိုမင်းသားလေးနှင့် ဟိုမင်းသမီးလေးတို့၏ မင်္ဂလာအခမ်းအနား ကုန်ကျငွေနှင့် ကျွန်တော်ကျင်းပခဲ့သည့် မင်္ဂလာအခမ်းအနားကုန်ကျငွေတို့ကား မည်သို့မျှ ခိုင်းနှိုင်းစရာမခြင်း။ သို့သော် ကျွန်တော် အဲသည်မင်းသားလေးကို ယှဉ်နိုင်သော၊ ယှဉ်ရဲသောအချက် တစ်ခုတော့ အသေအချာရှိပါသည်။ ထို အချက်ကား စိတ်ဖိစီးမှု နတ္ထိဖြင့် ကျွန်တော် အလွန် စိတ်ချမ်းသာပျော်ရွှင်ခဲ့ရခြင်းပင် ဖြစ်ပါသတည်း။ ဤသည်လည်း အောက်မေ့တသ လွမ်းဆွတ်သတိရစရာပဲ ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်နီးပါးက ကျွန်တော်တို့ ကိုင်တွယ်သုံးစွဲခဲ့သော ငွေကြေး၊ ကျွန်တော် တွေ့ကြုံကျင်လည်ခဲ့သော ဘဝပုံရိပ်အချို့ကို တင်ပြခဲ့ပါပြီ။ ဟိုတုန်းက လခတစ်ရာကျော်လေးသာရခဲ့ပြီး ဘဝကို ရပ်တည်ပျော်ရွှင်ခဲ့သောကျွန်တော်၊ ယနေ့ခေတ်ကာလ တစ်လရှာဖွေရသမျှမှာ ငွေတစ်သိန်းဝန်းကျင် ရှိနေပါပြီ။ လိုသည့်အခါလည်းလို၊ ပိုသည့်အခါလည်းပို၊ လောက်ငလားဟု မမေးပါနှင့်။ ဟိုပြေးသည်ပြေးလုပ်နေရဆဲပါ။ တစ်သိန်းဆိုသည့်ငွေ နည်းသလား၊ ဆယ်သောင်းကြီးများတောင်ရှိပါသည်။ ဘယ်တုံးကမှ မမျှော်လင့်၊ မစဉ်းစားခဲ့ဘူးသည့် ငွေအရေအတွက်။ သို့သော်. . . ။

ခုနေခါများ ဆရာကြီးဒဂုန်ရွှေမျှား ၏ဝတ္ထုစာအုပ်ထဲမှ အတိတ်၊ အနာဂတ်၊ ကာလများသို့ မောင်းနှင်သွားရောက်နိုင်သည့် 'ကာလယန္တရား' ဆိုသည့် ယာဉ်ကြီးကို ငှားစီး၍ များရမည် ဆိုပါလျှင် ယခုကာလ လစဉ် ကျွန်တော် ရှာဖွေရရှိနေသည့် တစ်သိန်း၊ တစ်သိန်းကျော်မျှသော ငွေထုပ်ကြီးပိုက်ပြီး ဇနီး၊ သားသမီး၊ မြေးမြီးတို့နှင့်အတူ ကျွန်တော် လူပျိုကာလဖြစ်သော ၁၉၇၃ - ၇၄ ခုနှစ် အတိတ်ခေတ်ဆီသို့ နောက်ကြောင်းပြန်သွားလိုက်ချင်ပါဘိသည်။ စာရေးဆရာတိုးခတစ်ယောက် တိုက်တွေ၊ ကားတွေ နှင့်များ ဖြစ်နေမည်လားမသိ။

စာရှုသူခင်ဗျား - မိတ်ဆွေကော ကျွန်တော့်လို မသွားချင်ဘူးလား။ အကယ်၍များ မိတ်ဆွေမှာ အဲသည့် 'ကာလယန္တရားယာဉ်ကြီး' များရှိလာခဲ့ပါလျှင် ကျွန်တော့်ကို အရင်ဆုံး လက်လာတို့လိုက်ပါ။

(ဘဝအမော သောကတောမှ ကို ကျော်ဖြတ်နိုင်ကြပါစေ)

တိုးခ

www.burmeseclassic.com

www.burmeseclassic.com

မအူပင်–သန်းညွန့်

ငါသေချင်တယ်



ခေါင်းစီးကို ဖတ်မိသူတို့သည် စာရေးသူအား ရူးများနေပြီလား ဒါမှမဟုတ် ဘာတွေစတန့်ထွင်ပြန်ပြီလဲဟု သိလိုကြပါလိမ့်မယ်။

မှန်ပါတယ်။

သက်ရှိမှန်သမျှ သေရမှာကို ကြောက်နေကြတယ်။ အကယ်၍ သေဘေးနဲ့ကြုံရင် မိမိအသက် မသေအောင် ခွန်အားရှိသလောက် ရုန်းကန်ကြတယ်။ ပြန်တိုက်ကြတယ်။ မည်သူမျှ လည်စင်းခံပေးကြမှာ မဟုတ်ဘူး။ ဒါဆိုရင် ဘယ်လိုလူမျိုးတွေ သေချင်ကြတာလဲ။

ငါသေချင်တယ်ပြောသူမှာ ကျွန်တော်၏ အသက်(၉၀)ကျော် မိခင်ကြီးဖြစ်ပါတယ်။ အသက် (၇၀) ရှိပြီဖြစ်သော ကျွန်တော်သည် ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလက ညီမများနှင့်နေသော မိခင်ကြီးရှိရာ မအူပင်သို့ သွားရောက် ကန်တော့ပါတယ်။ မိခင်ကြီးမှာ အသက် (၉၀) ကျော်နေပြီ ဖြစ်သော်လည်း ကျန်းမာရေး ကောင်းပါတယ်။ သို့သော် သက်ကြီးရွယ်အိုတို့၏ ထုံးစံအတိုင်း သူတစ်ပါး၏ အကူအညီနဲ့ အထိုင်အထပြုနေရပါတယ်။ သားရေးသမီးရေး၊ စီးပွားရေးသောက မရှိပါ။ အေးချမ်းစွာနေရပါတယ်။ သို့သော် အခြိန်ပိုများနေတော့ သူနဲ့ အနေဝေးတဲ့သားတွေဆီ စိတ်ရောက်သွားပြီး ကြဲဖန် ပူတတ်တယ်။ သူ့ဘေးမှာ တစ်ယောက်ရှိနေရင် မရှိတဲ့တစ်ယောက်အတွက် ပူတတ်တယ်။ နှစ်ယောက်ရှိနေရင် ကျန်တစ်ယောက်အတွက် ပူတတ်တယ်။ လောကသဘာဝအလျောက် မိသားစုခွဲနေရတာကို သူမေ့ပြီး ငယ်စဉ် ကလေးဘဝမှာလို သူမျက်စိအောက်မှာ ရှိနေချင်တယ်။ အခြိန်မှန် သူ့အား ညီမများက စာရေးသောက်ရေး ပြုစုပြီး တခြားလုပ်စရာများကို ဆက်လုပ်ကြတော့ သူတစ်ယောက်တည်း ဟိုတွေးဒီတွေးပြီး ရှည်လျားတဲ့ တစ်နေ့တာကို ဖြတ်ကျော်နေရတာ သူငြီးငွေ့နေရှာတယ်။

ဒီနေရာမှာ ပြောစရာတစ်ခု ကျန်နေပါတယ်။ ဒါကတော့ တခြားမဟုတ်ပါဘူး။ မိခင်ကြီးဟာ ဗုဒ္ဓဘာသာဝင်မဟုတ်ပါဘူး။ ဗုဒ္ဓဘာသာဝင်ဆိုရင် ဖြစ်ပျက်ရှုနေရင်း အခြိန်တိုင်းဟာ အကျိုးရှိနေမှာပါ။ ဒါပေမယ့် ကရင်အမျိုးသမီး ပီပီ ယခုလို ကျန်းကျန်းမာမာ မပူမပင် ဘဲ စားသောက်နေထိုင်ခွင့်ပေးသနားတော်မူတဲ့ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို အမြဲတမ်း ကျွန်တော်တို့ကို ပြောပြနေတတ်ပါတယ်။

"ငါ့ကို ငါ့သားသမီးတွေက ကောင်းကောင်း ကျွေးတယ်။ နှင့်သမီး ငါမြေးမတွေကလည်း ပေးတယ်၊ ကျွေးတယ်။ ဘုရားသခင်ကလည်း ငါ့ကိုစောင့်ရှောက်တယ်"

ဟု ကျေနပ်စွာ ပြောလေ့ရှိပါတယ်။ ကျွန်တော်လည်း တတ်အားသရွေ့ ဘုရားရှင်ဟောကြားခဲ့တဲ့ ဖြစ်၊ ပျက်တတ်တဲ့ အကြောင်းအရာအချို့ကို ကြုံကြိုက်ရင် မိခင်ကြီးအား သတိပေးပြောခဲ့ပါတယ်။

ကျွန်တော်ဖြစ်စေ၊ ကျွန်တော့်ညီဖြစ်စေ သို့မဟုတ် ကျွန်တော့်သမီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com

စေ မအူပင်ပြန်ရင် သူနဲ့ထိုင်စကားပြောရင် သူအလွန်ပျော်ပါတယ်။ တစ်ခဏလောက် ကျွန်တော်ပျောက်ရင် ဘယ်သွားလဲလို့ မေးတတ်ပါတယ်။ ဒါကြောင့် ညီမတွေက-

"အစ်မသား ကလေး မဟုတ်ဘူး၊ အဘိုးကြီး"

ယခင် သိနေသောသူများ (ယခု အသက် ၅၀ ကျော်) က သူ့အား လာရောက် နှုတ်ဆက်ကြရင် သူပြောနေကျစကားမှာ-

"ဟယ်- နင်အိုသွားလိုက်တာ"

ဒါကြောင့်ပဲ အသက်(၅၀)ကျော် နေပြီဖြစ်သော ညီမများက-

"သူများကိုမပြောနဲ့လေ၊ ကိုယ့်ဟာကိုကြည့်ပါဦး အစ်မရဲ့"

ဟု ဆိုကြသည်။

(မအူပင်နှင့် မြစ်ဝကျွန်းပေါ် အရပ်ဒေသအချို့၌ အမေကို 'အစ်မ' ဟူ၍ ခေါ်သည်။)

တစ်ခါက ကျွန်တော်နဲ့စကားပြောနေတုန်း-

"ဟဲ - သားကြီး၊ ငါသေချင်တယ်"

လို့ ရုတ်တရက် ပြောလိုက်ပါတယ်။ ကျွန်တော်လည်း ဘာပြောရမှန်းမသိဘဲ-

"အစ်မတော့ မဟုတ်တာပြောပြန်ပြီ။ သူငယ်များပြန်နေသလား"

ဟု ရယ်စရာများ ပြောလိုက်ပါတယ်။ ဟုတ်ပါတယ်၊ သူငယ်တော့ပြန်တာ မဟုတ်ဘူး။ မေ့တတ်တယ်၊ ထမင်းစားပြီးလည်း မစားသေးဘူး ထင်နေတယ်။ အလေးအပေါ့ မထိန်းနိုင်ဘူး။ သူ့ပတ်ဝန်းကျင်မှာ ကျင်ငယ်နံ့များသာရနေတယ်။ ဒါကြောင့် ကျွန်တော်က-

"အစ်မဘေးလာရတာ ရေမွှေးမလိုဘဲ အမြဲတမ်း Evening in Paris ရေမွှေးနံ့ရတယ်"

လို့ နောက်ပြောင်ရင် ရယ်၍မဆုံးတော့ပါ။ ကျွန်တော်ပြန်ခါနီး ထိုရေမွှေးနံ့ရသော သူ့ရဲ့ထဘီကိုလျှော်ရင် မလျှော်ရန်ပြောသော်လည်း သူကျေနပ်လျက်ရှိပါတယ်။

ကျေးဇူးရှင်မိခင်နဲ့ စကားပြောဖို့ အခွင့်သာရင် ဗုဒ္ဓ၏ တရားစကားများကို သူမနားလည်အောင်ရှင်းပြရင် စူးစူးစိုက်စိုက်နဲ့ ငြိမ်ငြိမ်ပြီး နားထောင်နေပါတယ်။ ကုသိုလ်ကောင်းမှုကို အမျှပေးဝေနည်း၊ သူတစ်ပါးအမျှဝေရင် သာဓုခေါ်နည်း၊ မိမိပြုခဲ့ပြီးသော ကုသိုလ်ကောင်းမှုများ သတိရနေပြီး မြင်တွေ့နေတာများသည် ပြန်ပြီးပျက်နေတတ်ကြောင်းကို သတိပေးပြောခဲ့ပါတယ်။

သူမငယ်ရွယ်စဉ်က မအူပင်မြို့လယ်ကျောင်းတိုက် ဆရာတော်ဘုရားကြီးအား ဗုဒ္ဓဘာသာဝင်တစ်ဦးမဟုတ်သော်လည်း ဆွမ်း၊ ဟင်းများကို (မကြာမကြာ) ချက် ပြုတ်လှူဒါန်းခဲ့ပါတယ်။ အထူးသဖြင့် နံနက်အရုဏ်ဆွမ်း မဘုဉ်းပေးတတ်သော ဆရာတော်ဘုရားအား ပုစွန်ခြောက်နှိုင်နှိုင်နဲ့ အစပ်၊ ဆီလျှော်ပြီး အငန်ပေါ့ပေါ့်။ ခြောက်ခြောက်ကြော်ပြီး ဆရာတော်အား ကပ်လှူပါတယ်။ ဆရာတော်ဘုရားကြီးမှာ မိခင်ကြော်သော ပုစွန်ငါးပိကြော်နဲ့ ရေနွေးကြမ်း သို့မဟုတ် လက်ဖက်ရည်ချို အီကြာကွေးတို့ဖြင့် ဘုဉ်းပေးပါတယ်။ (အလျဉ်းသင့်၍ ဖော်ပြလိုသော အကြောင်းတစ်ခုမှာ ကွယ်လွန်သွားပြီးဖြစ်သော ဖခင်ကြီးသည် မြို့လယ်ကျောင်းတိုက်ဆရာတော်အား နှစ်ပေါင်း (၄၀) ကျော်ကျော် သူ၏ ဆိုင်မှ လက်ဖက်ရည်နှင့် အီကြာကွေးနှစ်ခွောင်းကို ဆိုင်လုပ်ငန်းရပ်သွားသည်အထိ လှူဒါန်းခဲ့ပါသည်။)

မိမိတို့တစ်နိုင်ကုသိုလ်ကောင်းမှုကို ပကာသနမပါဘဲ လှူဒါန်းခဲ့ကြသော မိခင်၊ ဖခင်တို့၏ အလှူဒါနမှာ ကျွန်ုပ်တို့အား အတုယူဖွယ်ရာ ဖြစ်စေခဲ့ပါတယ်။ ကျောင်းပိတ်၊ နံ့းပိတ်ရက်များတွင် မအူပင်ပြန်ပြီး ဆရာတော်အား သွားရောက်ဖူးရင်-

"ဒကာမကြီးကြော်ပေးတဲ့ ငါးပိကြော်က အတော်အဆင်ပြေတယ်ကွ"

လို့ မိန့်တော်မူပါတယ်။

ငါသေချင်တယ်ပြောတဲ့ မိခင်ကြီးဟာ သူ့အတွက် ဘာတာဝန်မှမရှိတော့နေရမှာ ငြီးငွေ့လာလို့ သေချင်တယ်။ ဘာအလုပ်မှမရှိဘဲ တစ်နေ့တာရဲ့အချိန်ပိုတွေဟာ ရှည်လျားလွန်းတယ်လို့ သူခံစားနေရတယ်။ ပျင်းလှတယ်။ ငြီးငွေ့လှတယ်။ ဒါကြောင့် သေချင်တယ်။ တခြားသေချင်သူတွေလည်း ရှိပါသေးတယ်။ အဲဒီပုဂ္ဂိုလ်တွေကျတော့ ဥပမာ ငွေကြေးချို့တဲ့ပြီး ကုသလို့ မပျောက်တဲ့ရောဂါဝေဒနာ တာရှည်စွာခံစားနေရသူများ၊ ငွေကြေးပြည့်စုံသော်လည်း အထက်ပါအတိုင်း ကုသလို့မပျောက်တဲ့ရောဂါဝေဒနာခံစားနေသူများဟာ မြန်မြန်သေချင်သူများ ဖြစ်ပါတယ်။ အချို့ပုဂ္ဂိုလ်များကတော့ ငွေကြေးစီးပွားဥစ္စာချို့တဲ့ပြီး ကြွေးထူလွန်းတာကြောင့် သေချင်ကြတယ်။ အချို့မှာ အရှက်ရစရာအကြောင်းကြောင့် သေချင်ကြတယ်။ အချို့မှာ စစ်သုံ့ပန်းများအဖြစ် နှိပ်စက်ညှဉ်းပန်းမှုမခံနိုင်သောကြောင့် သေကြောင်းကြံစည်မှုအထိ လုပ်လာကြပါတယ်။ ဥပမာ လက်မောင်းသွေးဖောက်၊ ဆွဲကြိုးချ စတာတွေ။ သို့သော် အထက်ပါ ပြဆိုခဲ့သည့်အတိုင်း ထိုသေချင်သော ပုဂ္ဂိုလ်များဟာ အကြောင်းတစ်စုံတစ်ရာတိုက်ဆိုင်လို့ ကြုံတွေ့နေရသောဒုက္ခများမှ အဆင်ပြေမှုများ ပေါ်လာပါက မသေချင်ကြတော့ပေ။ (ရဟန္တာပုဂ္ဂိုလ်များမှလွဲ၍)

မှန်ပါတယ်။ သဘာဝတရားကိုက သတ္တဝါတွေဟာ မသေချင်ကြပါ။ အသက်ရှင်လိုကြတယ်။ ဒါကြောင့်လည်း မသေအောင် အသက်ရှင်စေတဲ့နည်းလမ်းကို ရှာကြတာပဲ မဟုတ်လား။

ကင်ဆာဖြစ်နေရင် ရောဂါပျောက်ပြီး အသက်မသေရအောင် ကုနေကြတာပဲ မဟုတ်လား။ ဒေါသ၊ လောဘ၊ မောဟတွေ လွှမ်းမိုးပြီး သူတစ်ပါးရဲ့ အသက်၊ မိသားစုရဲ့အသက်၊ လူမျိုးစု တစ်စုရဲ့အသက်ကို ပုရွက်ဆိတ်လောက် တန်ဖိုးမထားဘဲ သတ်ခဲ့ကြတယ်။(ပုရွက်ဆိတ်တောင် သေမှာကြောက်တယ်။) ထိုသူတို့ဟာ မိမိတို့အလှည့်ပြန်ရောက်ရင် ကြောက်လိုက်တာမှ ပြောဖွယ်မရှိ။ အပြင်လောကတွင် ကျွန်တော်တို့ မြင်တွေ့နေကြသော လူမိုက် (သတ္တိမရှိသူဟု မပြောလိုပေ။) များသည် 'ငါသတ္တိရှိတယ်၊ မိုက်တဲ့ကောင်ထွက်ခဲ့' ဟု စိန်ခေါ်ပြီး သတ်ကြဖြတ်ကြတယ်။ သူတို့သည် ၎င်းတို့၏ဒေါသကြောင့်၊ ၎င်းအငြိုးကြောင့်၊ ၎င်းလူသတ်မှုကျူးလွန်၍ ထောင်ကျပြီး ကြိုးပေးခံရသောအခါ အချို့ ရှူးသွားကြောင်းကို ထောင်အကြောင်းရေးသော 'ထောင်အမှုထမ်းဟောင်း စာရေးဆရာများရဲ့ ကျေးဇူးကြောင့် သိရ၊ မှတ်ရဖူးပါတယ်။

သို့ပါ၍ အထက်ပါ ငါသေချင်တယ်ဆိုသော ခေါင်းစဉ်အတိုင်း စာဖတ်သူနဲ့ စာရေးသူတို့ဟာ ပုထုဇဉ်များပီပီ သေရမည်ကိုကြောက်သော်လည်း မြတ်စွာဘုရားရှင် ဆုံးမတော်မူခဲ့သည့်အလျောက် နေ့စဉ် ဖြစ်ခြင်း၊ ပျက်ခြင်း၊ ဖြစ်ပျက်ခြင်းကို ဆင်ခြင်ရှုမှတ်လျက် သစ္စာလေးပါးကို အမြန်သိပြီး အသက်ရှင်ခြင်းဒုက္ခကို မလိုချင်ဘဲ ငါသေရမှာတယ်ဟု ရဲရဲဝံ့ဝံ့ ပြောနိုင်ကြပါလေ။

မအူပင်-သန်းညွှန့်

www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆိုးကုန်းသွင်း

အမှန်၊ အမှား
မစဉ်းစားတတ်က လူညံ့

တစ်နေ့မနက်တွင် တရားစာအုပ် ဌားရန် ဓမ္မမိတ်ဆွေကြီး ဦးအုန်းတို့အိမ်သို့ သွားခဲ့ပါသည်။ အချိန်ရကြသဖြင့် တရားရေးဆွေးနွေးကြပါသည်။

ထိုစဉ် ဦးအုန်းက-

"ကိုအုန်းသွင် - ခင်ဗျားက အသက် (၈၀) ကျော်ပြီ၊ ကျွန်တော်က (၈၀) နီးပြီ။ အခုချိန်အထိ ကျွန်တော်တို့ မသိသေးတာတွေ၊ သိတယ်ထင်ပြီး တကယ်မသိတာတွေ အများကြီးရှိသေးတယ်။ လောကီရေးရာတွေကို ထားလိုက်ပါတော့၊ လောကုတ္တရာရေးရာတွေကျယ်ကျယ်ပြန့်ပြန့် မဟုတ်ပါဘူး။ ကျွန်တော်တို့ တရားမှတ်နေတဲ့ နေရာမှာတောင် သိသလိုနဲ့ မသိတာတွေ အများကြီး ရှိနေတယ်လို့ ကျွန်တော် အဲဒီလို ခံစားမိတယ်။ ခင်ဗျားတော့မသိဘူး"

ဟု ပြောပါသည်။

ကျွန်တော်က-

"ကျွန်တော်လည်း ဒီလိုပဲပေါ့ဗျာ။ မသိသေးတာတွေ အများကြီးပါပဲ"

ဟု ပြန်ပြောရာ ဦးအုန်းက-

"ဝေဒနာနုပဿနာမှာ ဝေဒနာဘယ်နှမျိုးရှိသလဲ။ ဘာတွေလဲ"

ဟု မေးပါသည်။

ကျွန်တော်က-

"ဒုက္ခဝေဒနာ၊ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာ ဆိုပြီး ဝေဒနာ (၃) မျိုး ရှိပါ တယ်"

ဟု ဖြေရာ သူက-

"ဥပေက္ခာဝေဒနာ ဆိုတာ ဘယ်လိုလဲ"

ဟု မေးပြန်ပါသည်။

ကျွန်တော်က-

"အ- ဒုက္ခ- မ- သုခ ဆိုပြီး ဆင်းရဲတာလည်းမဟုတ်၊ ချမ်းသာတာလည်း မဟုတ်။ ဆင်းရဲ၊ ချမ်းသာမပေါ်တဲ့ ဝေဒနာလို့ သိထားပါတယ်"

ဟု ပြန်ဖြေရာ သူက-

"အဲဒါကို သာမန်စဉ်းစားရင် 'ဘာမှမဟုတ်တာ' လို့ ပြောရမလားဗဲ့။ ဥပက္ခာဆိုတာကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ကြလဲ"

သူက ထပ်မေးပြန်ပါသည်။

ကျွန်တော်က-

"လျစ်လျူရှုခြင်း၊ အရေးမစိုက်ခြင်း၊ ဘာမှမခံစားခြင်း စသဖြင့် အမျိုးမျိုး ကြားဖူးတာပဲ။ ပြီးတော့ ချစ်သူနဲ့ မုန်းသူကို အတူထားတဲ့စိတ်လို့လည်း ပြောကြတာပဲ။ ဒါပေမယ့် အများသုံးနေတာကတော့ လျစ်လျူရှုခြင်းသဘောပါပဲ"

ဟု ကြားဖူးနားဝ ရှိသမျှ ပြန်ပြောပါတယ်။ သူက-

"ကျွန်တော်လည်း အဲဒီလိုပဲ သိထားပါတယ်။ ချုပ်ပြောရရင် ဘာမှမဟုတ်တာ၊ ဘာမှမလုပ်တာလို့ ပြောရမှာပဲ။ အဲဒီတော့ ဝေဒနာ (၃) ပါးမှာ သူက ဘာဝေဒနာမှ မဟုတ်တာ၊ ဘာမှမဟုတ်တာလို့ ပြောရမလိုဖြစ်နေပြီ။ ဒါပေမယ့် အလေးအနက်စဉ်းစားဖို့ ကျွန်တော်တွေ့ရှိလာပြီ။ တွေ့ရှိပုံက-

ပြီးခဲ့တဲ့ ဝါခေါင်လဆန်း (၁၃) ရက်နေ့ မနက်မှာ ညဘက်က ဗိုက်မကောင်းလို့ အိပ်ပျက်ပြီး အိပ်ရာထနောက်ကျသွားတယ်။ တရားမှတ်နေကျ အချိန်လွန်သွားတဲ့အတွက် နေလို့လည်း မကောင်းတာနဲ့ တရားမမှတ်တော့ဘဲ ဘုရားရှိခိုး သီလယူပြီး ခဏနားနေလိုက်တယ်။ နားရင်း သတိရတာနဲ့ တီဗီဖွင့်ကြည့်လိုက်တယ်။ မြန်မာ့ရုပ်သံ (၄)ပေါ့။ (၅) နာရီ (၄၅) မိနစ်မှာ တရားလာတယ်။ ဆရာတော် ဘဒ္ဒန္တသောဘနရဲ့ ဝေဒနာနုပဿနာတရားတော်ဖြစ်တယ်။ အဲဒီမှာ ကျွန်တော် မှတ်မိသလောက်၊ နားလည်သလောက် ပြန်ပြောပြမယ်။ မှားရင် ကျွန်တော် အမှတ်မှား၊ နားလည်မှားတာပဲ။

ဆရာတော်က-

ဝေဒနာ(၃)မျိုးရှိတယ်။ အဲဒါတွေက ဒုက္ခဝေဒနာ၊ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာတို့ ဖြစ်တယ်။ ဒုက္ခဝေဒနာဟာ တရားနဲ့ မရှုမှတ်နိုင်ရန် ဒေါသစိတ်လေ

www.burmeseclassic.com

www.burmeseclassic.com

သာ ဖြစ်မယ်။ သုခဝေဒနာကို တရားနဲ့ မရှုမှတ်နိုင်ရန် လောဘကိလေသာ ဖြစ်မယ်။ ဥပေက္ခာဝေဒနာကို တရားနဲ့မရှုမှတ်နိုင်ရင် မောဟကိလေသာဖြစ်မယ်။ အဲဒီလိုဟောတယ်။

အဲဒါ ကျွန်တော် သဘောပေါက်သလို သဘောကို ချုပ်ပြောပြောတာ။ ဆရာတော်က အများကြီးရှင်းထားပါတယ်။ ဆရာတော့်တရားက 'ဥပေက္ခာဝေဒနာ' ဆိုတာကို အထူးပြောချင်လို့ပဲ။

ဥပေက္ခာ ဆိုတာကို သူနေရာနဲ့သူ လိုက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုကြတယ်နဲ့ တူတယ်။ ဝေဒနာသုံးပါးမှာ ဆင်းရဲလည်း မဟုတ်၊ ချမ်းသာလည်းမဟုတ်တဲ့ တစ်နည်းပြောရရင် ဘာမှမဟုတ်တဲ့ ဝေဒနာကို 'ဥပေက္ခာ' လို့ ခေါ်တယ်ဆိုတော့ ကျွန်တော်တို့လို လူပြိုန်းတွေးတွေးရင် ဥပေက္ခာဟာ 'သုည' ဖြစ်နေတယ်။

ဒါပေမယ့် ဒုက္ခက ဒေါသသို့၊ သုခက လောဘသို့၊ ဥပေက္ခာက မောဟလို့ ဆိုတာကို စဉ်းစားမယ်ဆိုရင်-

ဥပေက္ခာမှာ ကုသိုလ်မှာဖြစ်တဲ့ ဥပေက္ခာ၊ အကုသိုလ်မှာဖြစ်တဲ့ ဥပေက္ခာ ဆိုပြီး နှစ်မျိုးရှိတယ်လို့ ကြားဖူးတယ်။ အကုသိုလ်မှာဖြစ်တဲ့ ဥပေက္ခာမှာ မသိမှု၊ နားမလည်မှုကြောင့် ဝမ်းနည်း၊ ဝမ်းသာမှု အစွန်းတစ်ဖက်သို့မကျရောက်ဘဲ နေတာကို ဆိုတာတဲ့။ ဉာဏ်မယုဉ်မှု၊ မသိမှုနဲ့ တွဲနေတာတဲ့။ ဥပမာ ပစ္စည်းကောင်းတစ်ခုရတဲ့အခါ ပစ္စည်းကောင်းမှန်း မသိလို့ ဝမ်းမသာဘူး။ တစ်ခုခုကြောင့် ပျက်စီး ဆုံးရှုံးသွားတဲ့အခါ ဝမ်းမနည်းဘူး၊ မသိလို့ဘဲ။ ဆရာတော်မိန့်ကြားတာက အဲဒီ ဥပေက္ခာမျိုးက မောဟကို ဖြစ်စေနိုင်တယ်လို့ ဆိုလိုတာဖြစ်မယ်။

ဒီတော့ မောဟကို ဘယ်လိုဘယ်လို အဓိပ္ပာယ်ဖွင့်ဆိုလဲ"

ကိုအုန်းက ပြောရင်းမှ ကျွန်တော့်ကို မေးလိုက်ပါသည်။

"မောဟဆိုတာ အကြောင်းအကျိုးကိုမသိ၊ တွေဝေမိန်းမောခြင်းသဘောလို့ ဆရာတော်အသျှင်ဩဘာသာဘိဝံသက သုတေသနသရုပ်ပြအဘိဓာန်မှာ ဖွင့်ဆိုထားတယ်။ ဒီတော့ 'မောဟဟာ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ သင့်မသင့်ရာ၊ မှန်ရာကို မဆင်ခြင် မစဉ်းစိုင်ဘဲ တွေဝေမိန်းမောနေတဲ့သဘော' လို့ ဆိုရတယ်။ ဒါကြောင့် ဆုတောင်းရာမှာ စုတေခါနီး၌ တွေဝေခြင်းမရှိ ကောင်းသောသတိဖြင့် စုတေရပါလို၏လို့ ဆုတောင်းခြင်း ဖြစ်တယ်"

ဟု ကျွန်တော်က ပြန်ပြောလိုက်ပါသည်။

သူက-

"မှန်တယ်၊ တွေဝေပြီး သေရင် မုချ အပါယ်ကျမယ်။ မောဟနဲ့ သေရင် မုချ အပါယ်ကျမယ်။ မောဟဟာ အပါယ်အကျိုးကိုပေးတယ်"

ဟု ပြောပြီးနောက်-

"ကျွန်တော်တို့ သံသရာဝဋ်ဆင်းရဲထဲကို ရောက်လာတာ အဝိဇ္ဇာကြောင့် မဟုတ်လား။ သံသရာဝဋ်ဆင်းရဲထဲက မထွက်နိုင်ကြသေးတာလည်း အဝိဇ္ဇာကြောင့်ပဲ မဟုတ်လား။ အဝိဇ္ဇာဆိုတာ မသိခြင်းကိုပြောတာမဟုတ်လား။ ဘာကိုမသိတာလဲ၊ အမှန်ကိုမသိတာ။ ဘာအမှန်ကိုပြောတာလဲ။ ဆင်းရဲခြင်းအမှန်၊ ဆင်းရဲကြောင်းအမှန်၊ ချမ်းသာခြင်းအမှန်၊ ချမ်းသာကြောင်းအမှန် ဆိုတာတွေကို မသိတာဘဲ။ ဘာလို့မသိလဲ။ မတွေးနိုင်လို့မသိတာ။

အကြောင်းအကျိုးကိုမသိ၊ တွေဝေမိန်းမောခြင်းသဘော။ တစ်နည်း အကြောင်းအကျိုး၊ အကောင်းအဆိုး၊ သင့်, မသင့်၊ ရာ, မရာ မှန်ရာကို မဆင်ခြင် မစဉ်းစားနိုင်ဘဲ တွေဝေမိန်းမောနေတဲ့ သဘောကို မောဟလို့ စောစောက ခင်ဗျားကိုပြောခဲ့တယ်။ အဲဒီတော့ အဝိဇ္ဇာဟာ မောဟပဲ။ ပြီးတော့ ကိလေသာ ဆယ်ပါးမှာ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ (၃) ပါးဟာ အဓိကပဲ။ ရေသောက်မြစ်ပဲလို့ ဆိုတယ်မဟုတ်လား။ သေသေချာချာ စဉ်းစားရင် အမှား၊ အမှန်ကို မစဉ်းစားမဝေဖန်နိုင်ခြင်းဟာ အကုသိုလ်အားလုံးရဲ့အရင်းအမြစ်ပဲလို့ ကျွန်တော် ထင်တယ်။ အမှား၊ အမှန်ကို ဝေဖန်ဆင်ခြင် စဉ်းစားနိုင်တယ်ဆိုရင် လောဘကိုလည်း ထိန်းနိုင်ရမယ်။ ဒေါသကိုလည်း ထိန်းနိုင်ရမယ်။ မကောင်းကျိုးပေးမယ့် အလုပ်မှန်သမျှကို ထိန်းနိုင်ရမယ်။ အဲဒီလို မထိန်းနိုင်ဘဲ အဆုံးကိုပြုမိသူများဟာ မောဟကြောင့်ပဲ။ ကျွန်တော် ဒီလိုတွေးမိတယ်။

မောဟကို အလွယ်တကူ ဖြုတ်လို့ မရဘူး။ မောဟသည် အဝိဇ္ဇာဆိုတော့ ဝိဇ္ဇာသည် အ,မောဟပေါ့။ အ,မောဟဆိုတာ ပညာပဲ။ လောကုတ္တရာသဘောနဲ့ ပြောရင် သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာ (၃) ရပ်၊ သာသနာ (၃) ရပ်မှာ ပညာဟာ အခြေခံဆုံး။ လောကုတ္တရာ ပညာဆိုတာ ဝိဇ္ဇာ ဉာဏ်ပညာကိုပြောတာ။တစ်နည်းပြောရင် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ပဲ။

မောဟကနေ အ,မောဟဖြစ်ဖို့၊ အဝိဇ္ဇာကနေ ဝိဇ္ဇာဖြစ်ဖို့ အဆင့်ဆင့် ကြိုးပမ်းအားထုတ်ရတယ်။ ကြိုးပမ်းအားထုတ်တာနဲ့အမျှ တဖြည်းဖြည်း မောဟနည်းပြီး အ,မောဟများလာရမယ်။ အ,မောဟနယ်ထဲ ရာနှုန်းပြည့်ရောက်သွားပြီဆိုရင် သံသရာကုလားထိုင်ပြီ။ ဒါက လောကုတ္တရာနယ်အကြောင်း ကျွန်တော် သဘောပေါက်သလောက် ပြောတာ။ လောကီနယ်ပယ်မှာလည်း-

မောဟထူပြောသူ၊ မောဟပါးရှားသူ ဒီလိုရှိတာပဲ။ သုတာမယ (အကြားအမြင်)၊ စိန္တာမယ (အတွေးအခေါ် ဆင်ခြင်တုံတရား) စသည်တို့အပေါ်မှာ အခြေတည်ပြီး အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြား ဆင်ခြင်စဉ်းစားနိုင်တဲ့အပေါ် မူတည်ပြီး မောဟထူပြောခြင်း၊ ပါးရှားခြင်းဖြစ်ရတာပဲ။ ကင်းစင်ခြင်းကတော့ မရှိနိုင်ဘူး။

မောဟရာနှုန်းပြည့်ရှိသူဟာ အဟိတ်တိရစ္ဆာန်ပဲ၊ တိရစ္ဆာန်ပဲ။ ဆင်ခြင်တုံတရား လုံးဝ မရှိဘူး။ လူဖြစ်လာပြီး မောဟရာနှုန်းပြည့်မဟုတ်တောင် ဆိုကြပါစို့ (၉၀)၊ (၅၅) ရာနှုန်းလောက်ဖြစ်နေရင် လူထဲမှာ အညံ့ဆုံးလူပဲ။ အဲဒီလို လူမျိုးတွေ အတော်များများ ရှိတယ်။ သက်သက်သာသာပြောရရင် စက်ရုပ်လို လူမျိုးပေါ့။ ပြောသမျှ ယုံပြီး ခိုင်းသမျှ လုပ်တဲ့၊ ဘာမှမစဉ်းစားတတ်တဲ့လူမျိုးပေါ့။

အဲဒါထက် အဆင့်ဆင့်တက်ပြီး အဆင့်အဆင့် အမှား၊ အမှန်ကို ဆင်ခြင် စဉ်းစားဝေဖန် သုံးသပ်နိုင်တဲ့ လူတွေအဆင့်ဆင့် ရှိတယ်။ တစ်နည်းပြောရရင် ပိုပြီးပိုပြီး မောဟနည်းလာပြီး ဖြစ်တယ်။ အဲဒီလူတွေဟာ အဆင့်ဆင့် လူတော်တွေဖြစ်ပြီး အဆင့်ဆင့် အထက်တန်းကို ရောက်နေကြတယ်။

အဲဒီတော့ ကျွန်တော် စဉ်းစားမိတာက မောဟများပြီး အမှား၊ အမှန် ဝေဖန်ပိုင်းခြား ဆင်ခြင် စဉ်းစားနိုင်မှုနည်းလျှင်နည်းသလောက် လူညံ့ဖြစ်ပြီး ဆင်ခြင် စဉ်းစားနိုင်မှု များရင်များသလောက် လူတော်ဖြစ်တယ်ဆိုတာပဲ"

ဟု ပြောပါသည်။

ကျွန်တော် ကိုအုန်းထံမှ ပြန်လာပြီးနောက် 'အမှန်၊ အမှား မစဉ်းစားတတ်က လူညံ့' ဟူ၍ မှတ်ချက်ချမိပါသည်။

မောင်းဆုံအုန်းသွင်

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ချစ်ဦး

သခ်ၤရတရား

မြတ်စွာဘုရားရှင် လက်ထက်တော်က ဖြစ်သည်။

ထိုအချိန်က ကုန်သွယ်ခြင်းအမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် မဟာတာလ မည်သော သူကြွယ်ကုန်သည်ကြီးတစ်ဦး ရှိလေသည်။ ၎င်းသည် အိမ်ထောင်ပြုခြင်းမရှိဘဲ တပည့်တပန်းများနှင့် အတူတကွ ကုန်စည်ကူးသန်းနေခြင်းကိုသာ ပျော်မွေ့နေသူ တစ်ဦးပင် ဖြစ်ပေသည်။

တစ်နေ့သောအခါတွင် သူကြွယ်ကုန်သည်ကြီးသည် ကုန်စည်ကူးသန်းသွားလာရင်းဖြင့် မြတ်စွာဘုရားရှင် တရားဟောနေသည်နှင့် ကြုံကြိုက်၍ ဝင်ရောက်ပြီး တရားနာယူလေသည်။ ထိုကဲ့သို့ ကြုံကြိုက်၍ တရားနာယူသည့် သူကြွယ် ကုန်သည်ကြီးသည် မြတ်စွာဘုရားရှင်ဟောကြားတော်မူသည့် ကာမဂုဏ်ငါးပါး၏အပြစ်ကို လည်းကောင်း၊ ယုတ်ညံ့ခြင်းကို လည်းကောင်း၊ ကာမဂုဏ်မှ လွတ်မြောက်ခြင်း၏ အကျိုးအာနိသင်ကို လည်းကောင်း ကြားနာရသည်နှင့်တစ်ပြိုင်နက် အလင်းတံခါးပွင့်၍ သွားပါသည်။

"အို - ကြည့်စမ်းပါဦး၊ မြတ်စွာဘုရားရှင် ဟောကြားတော်မူတာ ဟုတ်လှ မှန်လှပါလားကွယ်ရို့။ ငါဟာ ကာမဂုဏ် ဆိုတဲ့ အမိုက်မှောင် ဝဲဂယက်က နေ မလွတ်မြောက်နိုင်သလို လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ အဆိုးတရားတွေ အစဉ်လိုလို ဖုံးလွှမ်းနေသူပါတကား။ တကယ်တော့ ငါတို့တစ်တွေဟာ -

မည်ရွှေ့မည်မျှပင် စားရ,စားရ၊
တစ်ဝမ်းဝရုံပါပဲ။
မည်ရွှေ့မည်မျှပင် ဝတ်ရ,ဝတ်ရ၊
သားရေပြားဖုံးရုံပါပဲ။
မည်ရွှေ့မည်မျှပင် အိပ်ရ,အိပ်ရ၊
တစ်ကိုယ်စာကလေးပါပဲ။
မည်ရွှေ့မည်မျှပင် ပစ္စည်းဥစ္စာရှိရှိ၊
သေလျှင်ထားပစ်ခဲ့ရတာချည်းပါပဲ။
ကုသိုလ်ပြုလျှင် ကိုယ့်ဖို့၊
ကျန်ခဲ့လျှင် သူများဖို့ပါပဲ

လို့ အသိတရားရရှိလိုက်သလို-

ငါ. . ငါသာ သေသွားခဲ့ရင် ငါ့ရဲ့ နောက်ကို ငါရှာထားတဲ့ ဥစ္စာပစ္စည်းတွေလည်း ပါမလာနိုင်ဘူး။ ငါ့ကို ခင်မင်လှပါတယ်ဆိုတဲ့ မိတ်ဆွေရောင်းရင်းတွေ၊ တပည့်တပန်းတွေ၊ ဆွေမျိုးသားချင်းတွေလည်း မလိုက်နိုင်ဘူး။ ငါနဲ့တစ်ပါတည်း လိုက်နိုင်တာကတော့ ငါ့ရဲ့ ကုသိုလ်ကောင်းမှုတွေပဲ ဖြစ်တယ်။ ဒီတော့ ငါ့ရဲ့ ဥစ္စာပစ္စည်းတွေကို ငါ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ဝေခြမ်းပေးကမ်းပြီး ငါ. . . ငါ ရဟန်းပြုတော့မယ်'

ဟူ၍ ဆုံးဖြတ်လိုက်သည်။

ထိုကဲ့သို့ ဆုံးဖြတ်ပြီးသည်နှင့် တပည့်များကို အကျိုးအကြောင်းပြောပြ၍ မိမိပိုင်ဥစ္စာပစ္စည်းများ အားလုံးကို ခွဲဝေပေးပြီး ရဟန်းပြုလိုက်ပါသည်။ တပည့်များက စိတ်မကောင်းကြပါ။ သို့သော်လည်း မိမိတို့၏ ဆရာသမားမှာ မွန်မြတ်လှသော ရဟန်းဘဝသို့ ရောက်ရှိသွား၍ ဝမ်းလည်းသာကြပါသည်။

သူကြွယ်ကုန်သည်ကြီးမှာ ရဟန်းဘဝသို့ ရောက်ရှိသည်နှင့် အချိန်ပြည့်နီးပါးမျှ တရားအလုပ်ကို လုပ်ဆောင်တော့၏။ လုပ်ဆောင်ပုံမှာ နေ့အချိန်များတွင် တရားဓမ္မများကို ကျင့်ကြံ အားထုတ် ပွားများသလို ညအချိန်တွင်လည်း သုသာန်သို့ ကြွကာ ခုတင်အကျင့်ကို ကျင့်ကြံလေသည်။ ခုတင် ဆိုသည်မှာ ကိလေသာကို ဖဲခွာနိုင်သောအကျင့်ပင် ဖြစ်ပါသည်။ *(ခုတင်ကို ကျင့်ကြံရာ၌ အရှင်ကဿပသည် ပထမစွဲသည်ဟု မြတ်စွာဘုရားရှင်က ချီးကျူးခဲ့ဖူးပါသည်။)*

ထိုသို့ ညမိုးချုပ်သည်နှင့် သုသာန်သို့လာကာ သုသာန်ခုတင် ကျင့်ကြံပြီး အများသူငါ မထမီ နံနက်စောစော ပြန်လည်ကြွသွားသော မဟာတာလရဟန်းကို သုသာန်စောင့် ကာလီကမြင်တွေ့သွားပါသည်။

သုသာန်စောင့်ကာလီကား အမျိုးသမီး သုဘာဇာတစ်ဦးဖြစ်ပြီး လူသေကောင်များကို မီးသင်္ဂြိုဟ်ရသောသူပင် ဖြစ်ပါသည်။ သုသာန်စောင့် ကာလီသည် မိမိပိုင်နက်နယ်မြေ (သုသာန်) ထဲသို့ ဝင်ရောက်သော်လည်း မိမိအား အသိပေး ခွင့်ပန်ကြားခြင်း လုံးဝပင် မရှိသော မဟာတာလရဟန်းအား စိတ်ထဲမှ ဘဝင်မကျလျက်ရှိနေ၏။

ထို့ကြောင့် တစ်ခုသောတစ်ညတွင် သုသာန်ခုတင် ကျင့်ကြံနေသော မဟာတာလရဟန်းထံသို့သွား၍ ဤသို့ လျှောက်ထားလိုက်သည်။

"အရှင်ဘုရား၊ တပည့်တော်မသည် ကာလီဖြစ်ပြီး ဤသင်္ချိုင်းကိုစောင့်ရသော သင်္ချိုင်းစောင့်ဖြစ်ပါသည်ဘုရား"

"အေးအေး - ဒါနဲ့ ကိစ္စများ အထူးရှိလို့လား ဒါယိကာမ"

"ကိစ္စကတော့ အရှင်ဘုရားသည်

www.burmeseclassic.com

www.burmeseclassic.com

အများသူ ငါအိပ်ချိန်တွင်မှ ဤသုသာန်သို့ ကြွကြွလာသည်ကို တပည့်တော်မ မြင်တွေ့နေရပါသည် ဘုရား။ မည်သည့် အတွက်ကြောင့် ညအချိန်ကာလတွင်မှ သုသာန်သို့ ကြွလာသည်ကို သိလိုလှပါသည် ဘုရား"

"ညောက်- ဒါလား၊ ငါဟာ သုသာန်ခုတင် ကျင့်ကြံရန်အတွက် လာခြင်း ဖြစ်ပါတယ်ကွယ်"

"သုသာန်ခုတင် ဆိုတာ. . . "

"သုသာန်ခုတင် ဆိုတာ အသုဘဘဝနာ၊ မရဏသာဂိဘာဝနာ ပွားရတာပါ။ လောဘကိလေသာနဲ့အတူ ဘဝသံသရာဇာတ် အမြစ်ပြတ်အောင် ကြိုးစားသူတွေအတွက်တော့ အသုဘဘာဝနာဟာ ကိလေသာကုန်ကြောင်းပဲပေါ့ ဒါယိကာမ။ သေပြီးလို့ ပုပ်ပွနေတဲ့ အလောင်းတွေ၊ အရိုးစုတွေကို မျက်စိထဲမှာ စွဲနေအောင်ရှုရသလို ကိုယ်ခန္ဓာကြီးကိုလည်း အပုပ်ကောင်ကြီး၊ အရိုးစုကြီးလို့ မြင်အောင် ရှုပွားရတာပါ ဒါယိကာမ"

"ညောက် - သုသာန်ခုတင် ဆိုတာ အဲဒီလိုကိုး၊ ထားပါတော့ဘုရား။ သခ္ခိုင်းကုန်းသို့ ကြွရောက်၍ ခုတင်ကျင့်ကြံသည်၊ အားထုတ် ပွားများသည်ဆိုလျှင် လိုက်နာရမည့် သခ္ခိုင်းကုန်းစည်းမျဉ်းစည်းကမ်းဥပဒေနှင့် ဝတ္တရားများရှိနေပါသည် ဘုရား"

"ဟင် - သခ္ခိုင်းကုန်းစည်းမျဉ်းစည်းကမ်းဥပဒေနဲ့ ဝတ္တရားများတဲ့ ဟုတ်လား"

"မှန်ပါသည်ဘုရား၊ အရပ်ထဲမှာလည်း အရပ်စည်းကမ်းများ ရှိသလို သုသာန်သခ္ခိုင်းမှာလည်း စည်းကမ်းများ ရှိပါသည် ဘုရား။ အရှင်ဘုရားသည် ဤသခ္ခိုင်းကုန်းသို့ ကြွရောက်၍ သီတင်းသုံးသည့်အတွက် သတ်မှတ်ထားရှိသော စည်းမျဉ်းစည်းကမ်းဥပဒေများကို လိုက်နာသင့်ပါသည် ဘုရား"

"ကဲပါလေ၊ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းဥပဒေများကို ပြောပြပါဦး"

"အရှင်ဘုရား၊ သုသာန်၌သီတင်းသုံးနေသော ရဟန်းတို့မည်သည်ကား သုသာန်၌နေသည့်အဖြစ်ကို သုသာန်စောင့်တို့အား လည်းကောင်း၊ ကျောင်း၌ မထေရ်ကြီးအား လည်းကောင်း၊ ရွာအား လည်းကောင်း ပန်ကြား ပြောဆိုခြင်းငှာ သင့်ပါသည် ဘုရား"

"အာဘယ်ကြောင့်များပါလိမ့် ဒါယိကာမ"

"ဒီလိုပါဘုရား၊ ခိုးသူများသည် အိမ်များ၌ ဝင်ရောက်ခိုးယူ၍ အိမ်ရှင်များနိုးသည့်အခါ ဥစ္စာပစ္စည်းများကို ယူဆောင်ပြီး သခ္ခိုင်းကုန်းများသို့သာ ပြေးလာတတ်ကြပါသည် ဘုရား။ အိမ်ရှင်များသည် ဤသူခိုးကို ခြေရာခံ၍ လိုက်လာသည်ရှိသော် သူခိုးများသည် ဥစ္စာပစ္စည်းများကို သခ္ခိုင်းကုန်း၌ပစ်၍ ပြေးသွားကြပါသည်။ ထိုအခါ ဥစ္စာရှင်များသည် သခ္ခိုင်းကုန်းတွင်ရှိသောသူများကိုသာလျှင် ယိုးစွပ်ကြပါသည် ဘုရား"

"အေးလေ - ဥစ္စာပျောက် ငရဲရောက်ဆိုတာလို ကိုယ့်ရဲ့ ဥစ္စာပစ္စည်းများပျောက်ခဲ့ရင် ဟိုလူခိုးနိုးနိုး၊ ဒီလူခိုးနိုးနိုးနဲ့ ထင်တတ်မြင်တတ် ယိုးစွပ်တတ်ကြတာဟာ ဓမ္မတာပါပဲလေ"

"မှန်ပါသည်ဘုရား၊ သို့သော်လည်း သုသာန်စောင့်၊ မထေရ်ကြီးနှင့် ရွာစားတို့အား စောစောကတည်းက အသိပေး ပြောကြားပြီးဖြစ်၍ ဥစ္စာရှင်များ၏ ယိုးစွပ်ခြင်းဘေးမှ လွတ်ကင်းနိုင်ပါသည် ဘုရား"

"ဆက်ပါဦး ဒါယိကာမ"

"အရှင်ဘုရား၊ သုသာန်၌သီတင်းသုံးသော အရှင်မြတ်တို့သည်ကား ငါး၊ အမဲ၊ နှမ်း၊ မုန့်ညက်၊ ဆီ၊ တင်လဲ စသည်တို့ကို ရှောင်ရပါသည် ဘုရား။

ထို့ပြင် နေ့လယ်အခါ၌ မအိပ်အပ်၊ ပျင်းရိခြင်းမဖြစ်ရာ။ အားထုတ်အပ်သော လုံ့လ၊ ဝီရိယ ရှိရမည်ဖြစ်ပါသည် ဘုရား။

ထို့မှတစ်ပါး စဉ်းလဲခြင်း၊ လှည့်ပတ်ခြင်းမရှိဘဲ မြတ်သော အလိုအဖျာ ဘယ ဖြစ်ရပါမည် ဘုရား။

ထို့မှတစ်နည်း ညအချိန် အများသူငါအိပ်ချိန်မှ မိမိတို့ကျောင်းမှထွက်၍ သုသာန်သို့ကြွလာပြီး နံနက်စောစော အများသူငါမနိုးမီ ကျောင်းသို့ ပြန်လည်၍ ကြွရပါမည် ဘုရား။

ဤသည်တို့မှာ သုသာန်တို့ လာရောက်၍ ကျင့်ကြံအားထုတ်ကြသည့် ရသေ့၊ ရဟန်းနှင့် လူပုဂ္ဂိုလ်များတို့၏ ပြုသင့်ပြုအပ် လိုက်နာကြရမည့်တာဝန် စည်းကမ်းဝတ္တရားများပင် ဖြစ်ကြောင်းပါ ဘုရား"

"အို- ဒါယိကာမ၊ သင် ပြောကြားသော ပြုမူအပ်သည့် စည်းမျဉ်းစည်းကမ်းများကား လွန်စွာမှ သင့်တော်ကောင်းမွန်လှပါသည်။ ငါသည် ယခင်က မသိ၍ သင်ပြောပြသည့် စည်းကမ်းများကို ပြုမူခဲ့ခြင်း မရှိခဲ့ပါ။ ယခုတော့ သင်ပြောပြ၍ သိရှိခဲ့ရပါပြီ။ ဆက်ဆက် ပြုမူဆောင်ရွက်သွားမည်ဟု ကတိပေးပါသည် ဒါယိကာမ"

"အရှင်ဘုရား၊ တပည့်တော်မ အနေဖြင့် ယခုကဲ့သို့ လျှောက်ထားရခြင်းမှာ အရှင်၏ အကျိုးကို လိုလား၍သာ လျှောက်ထားရခြင်း ဖြစ်ကြောင်းပါ ဘုရား"

"မှန်ပါပေတယ်၊ ဟုတ်ပါပေတယ်ကွယ်"

"အရှင်ဘုရား၊ အရှင်မြတ်သည် ဤသုသာန်သို့ ကြွရောက်လာပြီး တရားအားထုတ်ခြင်းဖြင့် ရဟန်းကိစ္စပြီးဆုံးခြင်းသို့ ရောက်ခဲ့ပါက အရှင်ဘုရား ပျံလွန်တော်မူသည့်အခါ ကြွင်းကျန်သော ရုပ်အလောင်းကို တပည့်တော်မသည် ကမ္မလာအထွတ် စုလစ်မွမ်းချွန်တပ်သော တလားကြီးသို့တင်၍ ပန်းနံ့သာစသည်တို့ဖြင့် ရိုသေစွာ ပူဇော်လျက် သင်္ဂြိဟ်ခြင်းကိစ္စကိုပြုပါအံ့။"

သို့သော် ရဟန်းကိစ္စ ပြီးမြောက်ခြင်းမရှိဘဲ ပျံလွန်တော်မူပါက အရှင်ဘုရား၏ ရုပ်အလောင်းကို ထင်ပုံပေါ်သို့တင်၍ မီးတိုက်လျှင် တံစူးဝါးခြိတ်ဖြင့် ဆွဲငင်ပြီး ပုဆိန်ဖြင့် ပေါက်ခွဲကာ အဝိုင်းပိုင်းပြတ်အောင်လုပ်ပြီး မီးတိုက်သင်္ဂြိဟ်ခြင်းအမှုကိုပြုပါမည် ဘုရား"

ဟူ၍ သုသာန်စောင့် ကာလိက လျှောက်ထားလိုက်ပါသည်။

ထိုအခါ မထေရ်ကလည်း -

"ကောင်းပါပြီ ဒါယိကာမ၊ ငါသည် ရဟန်းကိစ္စ ပြီးစီးအောင် ဂရုလုံ့လထား၍ဆောင်ရွက်ပါသည်။ တစ်ခုတော့ ငါ့ကိုကူညီပါ။ ထိုတစ်ခုမှာ မပျက်မစီးသေးဘဲ လှပချောမောသော မိန်းမပျိုများ၏ ရုပ်အလောင်း ရောက်လာပါက ငါ့အား ပြောကြားပေးရန် ဖြစ်ပါသည်"

"ကောင်းလှပါပြီ ဘုရား"

ထို့နောက် သုသာန်စောင့်ကာလိသည် ရဟန်းအပေါ်မှ ထွက်ခွာသွားသလို ရဟန်းသည်လည်း မိမိ ဆောင်ရွက်မြဲဖြစ်သော ခုတင်အကျင့်ကို ကျင့်ကြံ၍ နေပါတော့သည်။

✪

တစ်နေ့သောအခါ သုသာန်စောင့်ကာလိ၏သခ္ခိုင်းသို့ လှပချောမော၍ အရွယ်ကောင်းသော မိန်းမပျိုတစ်ဦး၏အလောင်း ရောက်ရှိ၍လာသည်။ ဤမိန်းမပျိုကား ရောဂါဒဏ်နာ

www.burmeseclassic.com

www.burmeseclassic.com

ကို ရက်ရှည်လများခံစား၍ ညိုးနွမ်း ပင်ပန်းစွာသေဆုံးရသည်မဟုတ်ဘဲ ဝေဒနာတစ်ခု ပြင်းစွာကျရောက်ပြီး ရုတ်တရက် သေဆုံးခြင်း ဖြစ်ပါသည်။ ထိုသေဆုံးသော သတို့သမီးအလောင်းကို ၎င်း၏ မိဘဆွေမျိုးများက ထင်း၊ ဆီ စသည်တို့နှင့်တကွ သချိုင်းသို့ ညအချိန် ရောက်ရှိလာပြီး သုသာန်စောင့်ကာလီအား -

"အလောင်းကို ကောင်းစွာ သင်္ကြိုဟ်ပါလော့"

ဟု ပြောဆိုကာ အခကြေးငွေပေး၍ ပြန်သွားကြပါသည်။

သုသာန်စောင့် ကာလီလည်း အလောင်း၌ လွှမ်းခြုံထားသော ခြုံထည်နှင့် အဝတ်အစားများကို ချွတ်လိုက်သည်။

'အို - လတ်လတ်ဆတ်ဆတ်သေလို့ ထင်ပါရဲ့။ အသားအရောက ပြည့်ပြည့်ဖြိုးဖြိုး၊ အရောင်အဆင်းက ရွှေရောင်လို ဝင်းလို့လက်လို့ပါတကား။ ရုပ်ရည်က လည်း ပြောစရာမရှိအောင် ချောမောပါရဲ့။ ဒီအလောင်းကို သင်္ကြိုဟ်ရမှာတောင် နှမြောမိပါရဲ့'

သုသာန်စောင့် ကာလီသည် ရုပ်အလောင်းကိုကြည့်၍ ထိုကဲ့သို့ စဉ်းစားမိလိုက်သည်။

တစ်ဆက်တည်းမှာပင် -

'အို. . အလိုလေး- မေ့တော့မလို့ပါလား၊ တော်ပါသေးရဲ့။ ညအချိန် ဒီမှာ လာပြီး တရားကျင့်ကြံတဲ့ ရဟန်းက ငါ့ကို မပျက်စီးသေးဘဲ ချောမောလှပတဲ့ မိန်းမပျိုများရဲ့ ရုပ်အလောင်း ရောက်လာပါက ပြောကြားပေးဖို့ ပြောကြားထားတာ ရှိပါလား'

ဟု သတိရလိုက်ပြီး မိန်းမပျို၏ရုပ်အလောင်းကို သင်္ကြိုဟ်ခြင်းမပြုသေးဘဲ ရဟန်း (မဟာတာလရဟန်း) ကြွအလာကို စောင့်မျှော်၍နေပါသည်။

မကြာပါ၊ အများသူငါများ အိပ်စက်ချိန် ရောက်သည့်အခါတွင်တော့ မဟာတာလရဟန်း ကြွရောက်၍လာပါသည်။ သုသာန်စောင့် ကာလီလည်း ရဟန်းအား ဆီးကြို၍ ဝမ်းသာစကား ပြောကြားပါသည်။

"အရှင်ဘုရား၊ အရှင်ဘုရားတော့ ကုသိုလ်ထူးတာပါပဲ ဘုရား။ စောစောကမှ လတ်လတ်ဆတ်ဆတ် သေဆုံးတဲ့ မိန်းမပျိုအလောင်းတစ်လောင်း ရောက်ရှိလာပါတယ် ဘုရား"

"ရုပ်ရည်လက္ခဏာနဲ့ အသားအရော၊ အရောင်အဆင်း မည်သို့ရှိသနည်း ဒါယိကာမ"

"အို - ရုပ်ရည်က အင်မတန်မှ ချောမောလှပသလို အသားအရောကလည်း ရွှေအဆင်းကဲ့သို့ ဝင်းဝါလျက်ရှိပါသည် ဘုရား။ အပျိုစင်စစ်စစ်မှ သေဆုံးလာသူဖြစ်သလို မကြာခင်ကမှ အသက်ကုန်ဆုံးလာ၍ သေသူနှင့်မတူ၊ အိပ်ပျော်နေသလားလို့တောင် ထင်မှတ်မိရကြောင်းပါ ဘုရား"

"အိမ်း - ဒါယိကာမရဲ့ အပြောနဲ့အဟော ညီ၊ မညီ သိရမြင်ရအောင် ပြစမ်းပါဦးလေ"

သုသာန်စောင့် ကာလီလည်း အလောင်းထားရာနေရာသို့ ရဟန်းကို ပင့်ဖိတ်၍ပြလိုက်သည်။ ရဟန်းသည် မိန်းမပျို၏ ရုပ်အလောင်းကို ခြေဖျားမှနေ၍ ဦးခေါင်းအထိ တရားမျက်စိအစုံဖြင့် ကြည့်ရှုလိုက်ရာ သုသာန်စောင့် ကာလီ၏ အပြောနှင့် အဟော ညီနေသည်ကို မျက်မြင်ကိုယ်တွေ့ မြင်တွေ့ရပါသည်။

'အိမ်း - သုသာန်စောင့် ဒါယိကာမရဲ့ အပြောအတိုင်း အင်မတန်မှ ချောမောလှပသူပါတကား။ ရုပ်ရည်ရှုပကာ၊ အသားအရေ ပြောစရာမရှိအောင် တင့်တယ်ပါပေရဲ့'

ဟူ၍ စိတ်ထဲမှတွေးကာ သုသာန်စောင့်ကာလီအား -

"အို- ဒါယိကာမကာလီ၊ ငါ ကြည့်ရှုခဲ့ပြီးပါပြီ။ သင်ဆောင်ရွက်ရမည်ကို သာ ဆက်လက် ဆောင်ရွက်ပါလော့"

ဟု ပြောကြားလိုက်ရာ သုသာန်စောင့်ကာလီက -

"ကောင်းလှပါပြီ ဘုရား"

ဟူ၍ လျှောက်ထားလိုက်ပြီး အလောင်းတို့အား ပြုမြဲထုံးစံအတိုင်း မီး၌ထည့်၍ သင်္ကြိုဟ်ခြင်းအမှုကိုပြု၏။ သုသာန်စောင့်ကာလီက မိန်းမပျို၏ ရုပ်အလောင်းကို စတင်သင်္ကြိုဟ်လိုက်သည်နှင့် ရဟန်းလည်း မီးနှင့်လွတ်ရာ မနီးမဝေးသို့သွား၍ ရုပ်အလောင်းကို သာ မမှိတ်မသုန်ကြည့်၍ တရားအား ထုတ်နေပါသည်။

မိန်းမပျို၏ ရုပ်အလောင်းကို မီး သင်္ကြိုဟ်လိုက်သည်နှင့် မီးမဖုတ်မီက လွန်စွာမှပင် လှပချောမော၍ ရွှေရောင် အဆင်းကဲ့သို့ ဝင်းပခဲ့သော မိန်းမပျို၏ ရုပ်အလောင်းသည်ကား ကြက်ပျောက်ငှက်ပျောက်ဖြစ်ကာ မီးလောင်သည့် အသားအရေများကား ပြောက်ကျားသော နွားမနှင့်တူ၍လာသည်။ လှပတင့်တယ်ကြည့်၍ကောင်းသော ခြေထောက်တို့သည်လည်း ထင်းပုံတလားမှ ထွက်၍ တွဲလဲ၍ကျကုန်သည်။ လှပပြေပြစ်သော လက်တို့သည်လည်း တွန့်လိမ်ကောက်ကွေး၍လာပါသည်။ ပေါင်နှင့် နဖူးပြင်တို့သည်လည်း အရေမရှိဖြစ်၍လာသည်။ ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း နီရဲရာမှမည်း၍လာသလို တွန့်လိမ်ကောက်ကွေး၍ သွားသည်ကို အထင်းသား မြင်တွေ့ရပါသည်။

မကြာသေးမီကမှ လှပတင့်တယ်ရှုစဖွယ်အသွင်ဖြင့် တွေ့မြင်ခဲ့ရသော မိန်းမပျို၏ ရုပ်အလောင်းမှာ ယခုတော့ မီးတို့၏ ဝါးမျိုခြင်းခံရသည့် ခဏတာ အတွင်းမှာပင် ပြောင်းလဲ၍၊ အင်မတန် မြင်ကွင်းဆိုးဝါးသော စက်ဆုပ်ဖွယ်အဆင်းသဏ္ဌာန်သို့ ပြောင်းလဲ၍ သွားပါတော့သည်။ ဤသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသော မဟာတာလ မထေရ်သည် -

'သြော် - ဤအလောင်းကောင်ကား မကြာလှသေးသော အချိန်ပိုင်းလေးက ကြည့်ရှုမြင်တွေ့ကြရတဲ့သူများကို အပိုင်းအခြားမရှိ နှစ်သက်မြတ်နိုးခြင်းကို ဖြစ်စေခဲ့သော်လည်း ယခုတော့ကား သူမ၏အလှတရား၊ သူမ၏ခန္ဓာကိုယ်တို့သည် ကုန်ဆုံးခြင်းသို့ ရောက်သွားပါရော့လား'

ဟူ၍ နှလုံးသွင်းကာ မီးသင်္ကြိုဟ်သောနေရာမှ ဖယ်၍ မိမိအမြဲတမ်း ခုတင်ကျင့်ကြံအားထုတ်သောနေရာသို့ ပြောင်းရွှေ့ထိုင်၍ 'ကုန်ခြင်း၊ ပျက်ခြင်း' ကို နှလုံးသွင်း၍ ကောင်းစွာ ထင်မြင်အောင် ရှုတော်မူလျက် ဤဂါထာကို ရွတ်ဆိုလေသည်။

'အနိစ္စာ ဏာ သခါရာ၊
ဥပ္ပာဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊
တေသံ ဝူပ သမောသုခေါ'

(သခါရတရားတို့သည် အမြဲမရှိကုန်စွတကား၊ ဖြစ်တတ်,ပျက်တတ်သောသဘောရှိကုန်၏။ ဖြစ်ပြီး၍ ချုပ်ကုန်၏။ ထိုသခါရတရားတို့ ငြိမ်းရာဖြစ်သောနိဗ္ဗာန်သည် အလွန်တရာ ချမ်းသာလှပေသည်။)

မဟာတာလမထေရ်သည် ထိုဂါထာကို ရွတ်ဆိုပြီးလျှင် ဝိပဿနာကိုပွားများလိုက်သည်နှင့် ညတွင်းချင်းမှာပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ရှိတော်မူသွားပါတော့သည်။

မောင်မောင်ချစ်ဦး (မုံရွာ)

www.burmeseclassic.com

www.burmeseclassic.com

ရွှေဖြည့်ပိုး (မိုးကုတ်)

ကူညီပါဦး သူငယ်ချင်းရယ်

နမ့်(မ်)တောင်အလွန်

နမ့်(မ်)တောင်ဆိုတဲ့ နာလေးကို မိုင်းရှူးရောက်ဖူးသူတိုင်း သိကြပါတယ်။ မိုင်းရှူးရတနာမြေကို ပြည်နယ်အဝန်းကလူတွေ သန်းနဲ့ချီပြီး ရောက်ဖူးကြပါတယ်။ လားရှိုးလမ်းဘက်ကပဲလာလာ၊ တောင်ကြီးလမ်းဘက်ကပဲလာလာ၊ တန့်ယန်းလမ်းဘက်ကပဲလာလာ နမ့်(မ်)တောင်ကို ရှောင်လို့မရပါဘူး။

ဘာလို့လဲဆိုတော့ သူက မိုင်းရှူးမြို့နဲ့ မိုင်းရှူးရတနာမြေရဲ့ကြား ကားလမ်းမှာ ကားနားစခန်း ဖြစ်နေလို့ပါ။ မိုင်းရှူးမြို့ကနေပြီး တောင်ပေါ်ကို ရုန်းကန်အော်ဟစ်ပြီး တက်လာရတဲ့ ကားတွေ၊ ထော်လာဂျီတွေ၊ ဆိုင်ကယ်တွေဟာ နမ့်(မ်)တောင်ဆိုတဲ့ ပြန့်ကလေးရောက်တာနဲ့ အမောပြေတစ်ထောက်နားရလို့ပါပဲ။

အင်ဂျင်တွေပူလွန်းလို့ အင်္ဂေတထောင်းထောင်းထနေတယ်။ ရေတိုင်ကီတွေ တပွက်ပွက်ဆူနေတယ်။ ကားရေဖြည့်ဖို့ ရေစင်ကြီးတွေ ဆိုင်တိုင်းမှာ ဆောက်ထားတယ်။ ရေပိုက်တွေ အသင့်ရှိတယ်။ ကြိုက်သလိုဖြည့်၊ ကြိုက်သလိုသုံး၊ ကားရေဆေးချင်ရင် ဆေးလိုက်ဦးရတယ်။

ဆိုင်တွေဆိုတာကလည်း သူ့ထက်ငါအပြိုင်အဆိုင် အစီအရီရှိတယ်။ စားပွဲထိုးကောင်မလေးတွေကလည်း ချောမှချော။ ဖော်ဖော်ရွေရွေ ပျူပျူငှာငှာရှိတယ်။ မောင်ကြီးမပြန်နိုင်ဆိုတဲ့အလှမျိုးလေးတွေပါ။

ကျွန်တော်တို့ဆိုင်ကယ်သမားတွေ၊ ကားသမားတွေ၊ ထော်လာဂျီသမားတွေ ဆိုတာက အဲဒီဆိုင်တွေမှာ မျက်နှာအလွန်ပွင့်တာကလားဗျာ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ သူတို့ဆိုင်ကိုသွားရပ်မှ ကျွန်တော်တို့ခရီးသည်ကို သူတို့ရောင်းရတာကိုး။ ဒီတော့ ကျွန်တော်တို့ယာဉ်မောင်းသူတွေ ဆိုတာ သူတို့အတွက် အလွန်အရေးပါတာကိုးဗျ။

ဒီလိုဒီလိုနဲ့ပဲ အနေနီးတော့ကာကား သမား၊ ထော်လာဂျီသမား၊ ဆိုင်ကယ်သမားတွေနဲ့ "အိမ်ထောင်ကျကုန်တဲ့ ကောင်မလေးတွေလည်း အများအပြား ရှိတာပေါ့ဗျာ။

ကျွန်တော်လား၊ ကျွန်တော်ကတော့ ခုထိတိုင် လူပျိုကြီးပါပဲဗျာ။ မိုင်းရှူးမှာလည်း မစ္စံ၊ မိုးကုတ်မှာလည်း မစ္စံနဲ့ ခုထိ တစ်ကိုယ်တည်းပါပဲ။ နမ့်(မ်)တောင်ကို ဘာလို့ပြောပြလဲ ဆိုတော့ နမ့်(မ်)တောင်အလွန်မှာ ဆန်းကြယ်တဲ့ အဖြစ်တစ်ခုကြုံခဲ့လို့ပဲဗျ။

မျှော်တော်တေနဲ့ မောရသူများ

ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ကြရတဲ့ ကျွန်တော်တို့ တက္ကစီသမားတွေဟာ အလုပ်ခွင်မှာ အဓိကမျှော်ရတာက ခရီးသွားမယ့်ခရီးသည်ပါပဲ။ ကျွန်တော်တို့ သူငယ်ချင်း သုံးယောက် မိုင်းရှူးတောင်ပေါ် ရတနာမြေကနေပြီး ခရီးသည်သုံးယောက် ရတနာနဲ့ မိုင်းရှူးကို ဆင်းခဲ့တာပါ။ ခရီးသည်က မိန်းကလေးသုံးယောက်ဖြစ်ပြီး နက်ဖြန်နံနက် တောင်ကြီးကားနဲ့ တောင်ကြီးကို ခရီးဆက်ကြမှာပါ။ အချိန်ကညနေ (၄) နာရီ ရှိပါပြီ။

သူတို့ကို တည်းခိုခန်းပို့ပြီး ရတနာမြေ တောင်ပေါ်ကိုတက်မယ့် ခရီးသည်ရှိ မရှိ ကားတို့ စုဝေးဆိုက်ရောက်ရာ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကားကြီးဝင်းဘက်ကိုထွက်ခဲ့ကြပါတယ်။ ခရီးသည်က တစ်ယောက်မှ မရှိသေးပါဘူး။

ဒီတော့ သူငယ်ချင်း မင်းမင်းက-

"မောင်စိန်ရေ၊ တို့တွေ တောင်ပေါ် ခါလီပြန်တက်ကြမလား"

လို့ မေးပါတယ်။

"ဟော့ကောင်၊ မိုးတွင်းကြီးဟ။ တစ်လမ်းလုံး ဗွက်တွေနဲ့ ချောနေတဲ့ဟာ။ ခရီးသည်မပါဘဲတက်ရင် ယက်နေမယ် ထင်တယ်။ အလေးချိန်ဝိတ်နဲ့တက်မှ အဆင်ပြေမှာဟ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်မလဲ၊ ဒီမှာ ညအိပ်ပြီး ခရီးသည်စောင့်ကြည့်တာပေါ့ကွာ။ ရောက်ပြီးတော့မှာ မထူးပါဘူး။ မိုးချုပ်ခါနီးမှ ဆိုက်လာတဲ့ကားရှိရင် သူတို့ ဒီမှာ ညအိပ်ကြမှာပဲ။ မနက်စောစောတည်းခိုခန်းတွေ လိုက်မေးရင် အဆင်ပြေတယ်။ မနက်မှ တက်ကြမယ်ကွာ"

"အေးလေ၊ ဒါဆိုလည်း ပြီးတာပဲ။ မင်းဘယ်မှာတည်းမလဲ"

"ငါ ဒီနားက မိုးကုတ်တည်းခိုခန်းမှာတည်းမှာ။ မင်းတို့ကော"

"အေး၊ ငါတို့လည်း အဲဒီမှာပဲ တည်းမယ်။ ဒါပေမယ့် လျှောက်လည်ဦးမှာ။ ည (၈) နာရီလောက်မှ လာခဲ့မယ်"

"အေးကွာ၊ ငါလည်း (၈) နာရီလောက်မှ လာခဲ့မှာ။ ဘာဖြစ်လို့လဲဆိုတော့ ငါထမင်းစားရင်း တစ်ပြားလောက်ချလိုက်ဦးမယ်ကွ"

"မင်းဘယ်မှာရှိမလဲ"

"ငါ အဲဒီဆိုင်မှာရှိမယ်"

ဆိုပြီး ထမင်းဆိုင်ကို မေးငေါ့ပြလိုက်ပါတယ်။ သူငယ်ချင်း (၂)ယောက် ထွက်သွားကြတယ်။ ကားကြီးဝင်းအနီးမှာ ထမင်းဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ တည်းခိုခန်းတွေ ရှိတယ်။ ပြီးတော့ ရွှေဟင်္သာစျေးကြီးလည်း ရှိတယ်။ မိုင်းရွာမြို့လေးရဲ့ အဓိကစည်ကားတာ ဒီနားတစ်ဝိုက်ပါပဲ။

မိုင်းရွာဟာ တောမြို့လေးဖြစ်တာနဲ့အညီ မြင်းလှည်းရှိတယ်၊ နွားလှည်းရှိတယ်။ရတနာတွေပေါ် ထွက်ပြီးနောက် ပိုင်း စည်ကားပြီး အဆင်မြင့်ခဲ့ပေမယ့် မြင်းလှည်း၊ နွားလှည်းဆိုတာ ဒေသရဲ့ မရှိမဖြစ်တာမို့ ထာဝရရှိနေဦးမှာပါ။

မိုင်းရွာရဲ့ ပင်မအလုပ်က စိုက်ပျိုးရေးပါ။ စပါးနဲ့ မြေပဲအစိုက်များပါတယ်။ မြေပဲ အထွက်များတာကြောင့် မိုင်းရွာမြေပဲဆီစစ်စစ်ကို ဆီစက်တွေက ရတနာမြေတောင်ပေါ်ကို တင်ပို့ရောင်းချကြပါတယ်။ ဒါပေမယ့် လိုအပ်ချက်ရဲ့ အပုံတစ်ရာမှာ တစ်ပုံလောက်သာ ဖြည့်တင်းနိုင်ခြင်းပါ။ ဒါက ကျွန်တော့်မျက်စိရှေ့မှာ မြင်းလှည်းတွေ စီတန်းရပ်ထားလို့ ဆက်စပ်ပြောပြခြင်းပါ။

မြန်မာရမ်တစ်ပြားကို အမြည်းနဲ့ တမျှဉ်းမျှဉ်းသောက်ရင်း ခရီးသည်များ ရုတ်တရက် ပေါ်လာလေမလား ဆိုတဲ့ စိတ်နဲ့ လမ်းမဘက်ကိုမျှော်ငေးရင်း စိတ်မောရတာကလည်း တစ်မျိုးပါပဲဗျာ။

မိုးချုပ်စမှာ တက်ခဲ့ကြပြီ

ကျွန်တော်က မိုးကုတ်ပိတ်စွယ်မှာမွေးတဲ့ ပိတ်စွယ်သားဆိုတော့ စာဆို နဲ့အညီ အမြဲမဟုတ်ပေမယ့် ကြာကြာ တစ်ခါ အရက်သောက်ပါတယ်။ စာဆို က 'ပိတ်စွယ်လယ်ဦး အရက်မူး' တဲ့ဗျ။ စာဆိုအပြည့်အစုံဆိုရင် 'လယ်ဦးပိတ်စွယ် အရက်ဝယ်၊ ပိတ်စွယ်လယ်ဦး အရက်မူး' တဲ့။ ဒါက ကျွန်တော်တို့ငယ်ငယ် ကလေးတုန်းက ဆိုခဲ့ကြတဲ့ စာဆိုပါပဲ။

စာဆိုနဲ့အညီပါပဲ၊ ရမ်တစ်ပြား တစ်ဝက်ကျိုးသွားပါပြီ။ ခေါင်းထဲမှာလည်း တရိပ်ရိပ် ဒီဂရီတက်ခဲ့ပါပြီ။ ကျွန်တော်က မိုင်းရွာမှာ သူများတွေလို လိုင်းစုံမကြောင်ဘူး။ အားတဲ့၊ နားတဲ့အခါ အရက်လိုင်း တစ်လိုင်းတည်းပဲ ကြောင်တယ်။ အရက်ဖီလင်လေးကို တစ်ကိုယ်တည်း လွတ်လပ်စွာ ခံစားတယ်။ ဖီလင်လေးတက်ကာရှိသေးတယ် မင်းမင်းဆိုင်ကယ် အနားရောက်လာတယ်။

"မောင်စိန်ရေ၊ ခုန ကားတစ်စင်းဝင်လာတာ ယောကျ်ားခရီးသည် (၃) ယောက် ဒီမှာ ညမအိပ်ချင်ဘူးတဲ့။ တောင်ပေါ် တက်ချင်တယ် ပြောတယ်။ အဲဒါ တို့တွေ ပြန်တက်ကြမလား"

"ဟာ - ကောင်းတာပေါ့ကွ။ ငါလည်း ခရီးသည်မျှော်ရင်း သောက်နေတာ။ စျေးနှုန်းညှိလိုက်ကွာ၊ စျေးနှုန်းကိုက်ရင် တက်တာပေါ့။ အဆင်ပြေရင် ငါ့ကိုလာခေါ် လိုက်"

လို့ ပြောပြီး မင်းမင်းကို ကားဝင်းဘက် ပြန်လွှတ်လိုက်ပါတယ်။ ရမ်လက်ကျန်နဲ့ အမြည်းကို ဇိမ်မခံတော့ဘဲ ခပ်သွက်သွက်လေး ရှင်းလိုက်ပါတယ်။ အနေအထားက အတော်လေးမှန်သွားပါပြီ။ ဒီဂရီကိုက်သွားပြီ ဆိုရမှာပါ။ ဒီလို တရိပ်ရိပ်လေးနဲ့ဆို ဆိုင်ကယ်မောင်းလို့ကောင်းမှကောင်းပါပဲ။ (၁၅) မိနစ်လောက်အကြာမှာ မင်းမင်း ပြန်ရောက်လာတယ်။

"စျေးနှုန်းလည်း အိုကေပဲ။ အားလုံး အိုကေတယ်။ မောင်စိန်၊ မင်းဥစ္စာရမ်တစ်ပြားတောင် ကုန်နေပြီပဲ။ ဆိုင်ကယ်မောင်းလို့ရပါ့မလား။ တော်ကြာ တစ်ခုခုဖြစ်နေဦးမယ်"

"အောင်မာ-မင်းက ငါ့ကို အထင်သေးလိုက်တာ။ ရမ်တစ်ပြားလောက်တော့ နံကြားတောင်မည်ပဲဘူး ဟော့ကောင်"

လို့ ပြောပြီး ဆိုင်ကို ပိုက်ဆံရှင်းပေးပြီး ခရီးသည်ရှိရာ ကားကြီးဝင်းဘက် ထွက်ခဲ့တဲ့။ ခရီးသည်ရဲ့အိတ်ကို နောက်ကယ်ရီယာမှာ အသေအချာချည်နှောင်ပြီး ခရီးသည်တွေရဲ့ ဆန္ဒအရ ထမင်းစားပြီးမှတက်မယ်ဆိုတာနဲ့ ထမင်းဆိုင်ကို ကျွန်တော်တို့ မောင်းခဲ့ရပါတယ်။

သူတို့လည်း ညစာစား၊ ကျွန်တော်တို့လည်း ညစာစားနဲ့ အဆင်ပြေကြပါတယ်။ ထွက်လာတော့ (၆)နာရီထိုးပြီးပြီ။ မိုးချုပ်စအချိန်မှာပါပဲ။ မိုးတွင်းကာလ ဆိုတော့ ဆိုင်ကယ်က တစ်ခါတစ်ရံ ကိုယ်သွားချင်ရာမသွားဘဲ မြွေတစ်ကောင်လို သူ့ဟာသူ သွားချင်ရာသွားတတ်ပါတယ်။

လူးလူးလိမ့်လိမ့်နဲ့ မောင်းရတာဆိုတော့ ဗွက်မနစ်အောင်၊ မလဲအောင်၊ ချောက်ထဲထိုးမကျအောင် မောင်းရတာပါ။ အတော်အတန် ဆိုင်ကယ်မကျွမ်းလို့ကတော့ ဒီအတက်နဲ့ ဒီလမ်းမှာ မလွယ်လှပါဘူး။

ဒီတီဆိုင်ကယ်တွေဆိုတော့ စက်အားကလည်း ကောင်းတာမို့ တက်နိုင်ခြင်းပါ။ ဆူပါကပ်တွေဆိုရင် ပွင့်လင်းရာသီမှ တက်နိုင်တာပါ။ ကားတွေ၊ ထော်လာဂျီတွေဆိုရင် ကားဘီးမှာ ချိန်းပတ်ပြီးတက်မှ ရတယ်။ ဆိုင်ကယ်ကတော့ အလျဉ်းသင့်ရာ လမ်းကြောင်းကနေပြီး တက်ရတာပါ။ ဒီလမ်းနဲ့ ဒီခရီးဟာ ကျွန်တော်တို့ဆိုင်ကယ်တက္ကစီတွေအဖို့တော့ ရေအိုးနဲ့ ရေမှုတ်ဖြစ်နေပါပြီ။ လမ်းကြောသိနေပါပြီ။

မိုးရာသီဆိုတော့ စိတ်သွားတိုင်းကိုယ်မပါဘူး။ ပွင့်လင်းရာသီဆိုရင် ဒီခရီးကို အချိန်တိုနဲ့ မောင်းပစ်လိုက်တာခုတော့ တစ်နာရီနီးပါး မောင်းပါမှ နမ့်(မ်)တောင်ရွာကိုရောက်တော့တယ်။ တော်သေးတယ်ဗျာ၊ မိုးမရွာတာ ကံကောင်းတယ်။ မိုးရွာရင် မချောင်ဘူးဗျ။

ဆိုင်ကယ်ဆွဲထားခံရပြီ

မင်းမင်းနဲ့ တင်အောင်ကို ရှေ့က မောင်းခိုင်းပြီး ကျွန်တော်က နောက်ဆုံးက လိုက်တာပါ။ ကျွန်တော့်ရဲ့ (၃)စင်း

www.burmeseclassic.com

www.burmeseclassic.com

နားနေကျ 'မောင်ခမ်းစားသောက်ဆိုင်'မှာ ဝင်နားကြပါတယ်။ ဆိုင်ကယ်လည်း အနားပေး၊ လူလည်း အနားပေးပေါ့ဗျာ။

ဆိုင်တွေတိုင်း ရေအားလျှပ်စစ်ရဲ့ အသိုးအပွင့်ကြောင့် ထိန်လင်းနေကြပါတယ်။ နာရီဝက်နီးပါး နားအပြီးမှာ ကျွန်တော်တို့ ခရီးဆက်ခဲ့ကြပါပြီ။ ရှေ့ဆုံးက တင်အောင်၊ ဒုတိယ မင်းမင်း၊ နောက်ဆုံးက ကျွန်တော် စီတန်းပြီး တက်ကြပါတယ်။

နမ့်(မ်)တောင်ဆိုတာ မြန်မာလို ရေတကောင်းလို့ အဓိပ္ပာယ်ရပါတယ်။ ရေတကောင်းဆိုတာ တော်ဝင်သုံးပစ္စည်းတစ်ခုပါ။ ဘုန်းတော်ကြီးကျောင်းပစ္စည်းတွေ၊ ဘုရင်တွေရဲ့ ထီးသုံးနန်းသုံးပစ္စည်းတွေ၊ မှူးကြီးမတ်ရာတွေရဲ့ အသုံးပစ္စည်းတွေ၊ စော်ဘွားတွေ, နယ်စားပယ်စားတွေ, သူဌေးကြီးတွေရဲ့ အသုံးပစ္စည်းတွေမှာ အကျုံးဝင်တာမို့ မြင့်မြတ်တဲ့ပစ္စည်းတစ်ခုရဲ့ အမည်ပါ။

နမ့်(မ်)တောင်ပြန့်လေးရဲ့ဘေးမှာ ကျောက်တောင်ကြီး ရှိတယ်။ စကျင်သက်နဲ့ကျောက်တောင်ကြီးပါ။ အဲဒီကျောက်တောင်ကြီးအလွန်မှာ အတက်လမ်းကို စတက်ကြရပါတယ်။ ဆိုင်ကယ်ရဲ့မီးကို အဓိကအားပြုပြီး သွားနေရတာပါ။ မီးအားကောင်းတာကြောင့် လမ်းကို ရှင်းရှင်းလင်းလင်း မြင်ရပါတယ်။

ဂီယာပြောင်းပြီး စက်ရှိန်မြှင့်ကာ တင်အောင်နဲ့ မင်းမင်းတို့ တက်သွားကြပါပြီ။ ကျွန်တော်လည်း ဂီယာပြောင်းအရှိန်ယူပြီး သူတို့တက်သွားတဲ့ လမ်းကြောင်းအတိုင်း တက်ခဲ့ပါတယ်။

နည်းနည်းပြေတဲ့နေရာအရောက်မှာ ဆိုင်ကယ်ဟာ တုံ့ခနဲလူတစ်ယောက် ဆောင့်ဆွဲလိုက်သလိုမျိုး (သို့) ဘရိတ်ကို နင်းလိုက်သလိုမျိုးဖြစ်ပြီး ဆိုင်ကယ်ရပ်သွားပါတယ်။ အထက်မှာ အတက်ချည်းဆိုတော့ ဒီနေရာကနေ စက်နှိုးပြီးတက်ရင် အရှိန်မရှိလို့ မတက်နိုင်ပဲ့ါဘူး။

ဒါနဲ့ပဲ ကျွန်တော်ဟာ ဆိုင်ကယ်ကို အောက်ပြန်အထိ ပြန်လှိမ့်ဆင်းပါတယ်။ အောက်ပြန့်ကနေ အရှိန်ယူပြီး ပြန့်တက်ပြန်ပါတယ်။ ဆိုင်ကယ်ဟာ အရှိန်နဲ့ တက်လာခဲ့ပေမယ့် အဲဒီနေရာအရောက်မှာ ဒုတိယအကြိမ် ဆောင့်ဆွဲခံလိုက်ရပြီး ဆိုင်ကယ် တုန့်ခနဲ ရပ်သွားပြန်ပါတယ်။

ဒီတစ်ခါမှာတော့ ကျွန်တော်ဟာ သန့်ဖျပ်ပူထူပြီး ဆံပင်တွေတောင် ဆောင့်ထွက်ကုန်တယ် ထင်ရမှာပါ။ ဒါဟာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော် သိပြီလေ။ ကျွန်တော် ဖီလင်ခံစားနေတဲ့ ရှစ်ကစ်ပြား ဘယ်ဆီရောက် သွားမှန်းတောင် မသိတော့ပါဘူးဗျာ။ ချွေးတွေတောင် ပြန်လာတယ်။

ဒါနဲ့ မကျေမနပ် ဆဲရေးတိုင်းထွာပြီး ဒုတိယအကြိမ် ပြန့်ကို ပြန်လှိမ့်ဆင်းရပြန်တယ်။ လမ်းကြောင်းမကောင်းတာလည်း ဖြစ်နိုင်တယ်ဆိုပြီး လမ်းကြောင်းပြောင်းကာ တတိယအကြိမ် ပြန်တက်ပြန်တာပါပဲ။

နောက်ကစီးတဲ့ ဆရာကလည်း ကျွန်တော့်ခါးဖက်ပြီး ပါးစပ်က ပွစိပွစိနဲ့ ဘာတွေရွတ်ဖတ်နေတယ် မသိပါဘူးဗျာ။ သူလည်း ကျွန်တော့်လိုပဲ ကြောက်နေဟန်ရှိတယ်ဗျ။

လူတွေဆိုတာ အများအားဖြင့် ဘယ်လောက်ပဲ မကြောက်တတ်ပါဘူး ပြောပြော တကယ်အခြောက်ခံရရင် အနည်းနဲ့အများ ကြောက်တတ်ကြတာပါပဲဗျာ။ နောက်ကဆရာလည်း တုန့်နေဟန်ရှိတယ်ဗျ။

ဒါနဲ့ဗျာ၊ အဲဒီနားအရောက်မှာတော့ ခပ်ကြမ်းကြမ်းပဲတို့။ ဝုန်းဆိုတဲ့အသံ မြည်အောင်ကို ဆောင့်ဆွဲခံလိုက်ရတာကလား။ ဆိုင်ကယ်တုန့်ခနဲထိုးရပ်လိုက်တာနဲ့ ခြေထောက်က ထောက်ပြီး သားဖြစ်နေပြီး စိတ်တိုတိုနဲ့ အတော်ကြမ်းကြမ်းကို ကျွန်တော် ဆဲရေးတိုင်းထွာပြီး ဆိုင်ကယ်ကို ဒေါက်ထောက်ပြီး အောက်ဆင်းလိုက်ပါတယ်။ ပြီးမှ အပေါ်နဲ့ ပန်းထည့်လိုက်ပါတယ်။

"ကဲ- ဆရာရေ၊ လာဗျာ။ နောက်တစ်ကြိမ် ပြန်တက်မယ်"

ဆိုပြီး အောက်ကိုလျှောဆင်းခဲ့ရပြန်ပါတယ်။ အောက်ခြေပြန့် ခပ်ဝေးဝေးအထိ မောင်းခဲ့ပြီး ဒီတစ်ခါ အတော်ဝေးဝေးက အရှိန်ယူမလို့ပါ။ အဲဒီအခါ ခရီးသည်က-

"ဆိုင်ကယ်ဆရာ၊ ဒီညတော့ရမှာ မဟုတ်ဘူးထင်တယ်"

လို့ ပြောပါတယ်။ ဒေါသကို ဆွသလိုစကားဖြစ်နေတာနဲ့ မခံချင်စိတ်နဲ့-

"ဘာလို့မရရမှာလဲ။ ဒီလမ်းမှာ မောင်စိန်ဆွဲခဲ့တာ နေ့နေ့ညည အခေါက်ပေါင်း မရေတွက်နိုင်ဘူး။ ရကိုရရမယ်။ ကဲ- ဆရာ၊ တက်မယ်"

ဆိုပြီး စတုတ္ထအကြိမ် တက်ခဲ့ပြန်တယ်။ ထုံးစံအတိုင်း ဖြစ်နေတာနဲ့ မထူးဘူးဆိုပြီး ဆိုင်ကယ်ရပ်ပြီး အဲဒီနားမှာ ပတ်ပြီး ဆဲနေမိသလို ခဲကောက်ပြီး ခဲနဲ့ပတ်ထုနေမိပါတယ်။ မရဲသော်လည်း ပြေးခဲဆိုလိုပေါ့ဗျာ။

အဲဒီအခါမှာပဲ အပေါ်ကဆင်းလာတဲ့ဆိုင်ကယ် (၂)စီးရဲ့ မီးရောင်ကို မြင်ရပါတယ်။ အနားရောက်လို့ရပ်တော့မှ မင်းမင်းနဲ့ တင်အောင်တို့ ဆိုင်ကယ် (၂) စီး ပြန်ဆင်းလာတာဖြစ်ကြောင်း သိရပါတယ်။

ဆိုင်ကယ်ပြောင်း၍ကြိုးစားကြပြန်ပြီ

"မောင်စိန်၊ မင်းလိုက်လာတာ မတွေ့လို့ အထက်နားက စောင့်ကြည့်နေတာကွ။ အချိန်အတော်ကြာလို့ လိုက်မလာတာနဲ့ မင်းဆိုင်ကယ်ပျက်ပဲနေသလား၊ မှောက်ပဲနေသလားဆိုပြီး စိတ်မချလို့ ပြန်ဆင်းလာကြတာ"

"ဘာလဲ၊ မင်းတို့က ငါရမ်တစ်ပြားသောက်လာလို့ အထင်သေးတာလား"

"အေးလေကွာ၊ အပေါ်ကိုရောက်မလာတော့ တစ်ခုခုပဲဆိုပြီး ထင်တာပေါ့ဟ"

"မောင်စိန်ရဲ့ရာဇဝင်မှာ ဆိုင်ကယ်မှောက်တယ်ဆိုတာမရှိဘူးကွ မှတ်ထား။ ခုဟာက ဘာဖြစ်နေမှန်းကို ငါလည်း မသိတော့ဘူး။ ဒီနားကနေ ရှေ့ကို လုံးဝ မောင်းလို့မရဘူး ဖြစ်နေတယ်။ အဲဒါ အောက်ပြန်ကို ဆင်းကြမယ်။ ခရီးသည် ချင်းချိန်းပြီး မောင်းကြည့်ကြရအောင်ကွာ"

လို့ ပြောပြီး အောက်ပြန်ကို ဆင်းခဲ့ကြတာပေါ့ဗျာ။ ဒါနဲ့ ကျွန်တော့်ခရီးသည်ကို မင်းမင်းကတင်ပြီး ရှေ့ဆုံးက တက်တယ်။ ကျွန်တော်တို့ (၂)စင်းက နောက်ကမှေးလိုက်တယ်။

ထိုးရပ်တဲ့နေရာရောက်တာနဲ့ မင်းမင်းဆိုင်ကယ် ဆွဲဆောင့်ခံရသလို ရပ်သွားပါတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း ရပ်လိုက်ကြတယ်။ ညအမှောင်မှာ ဆိုင်ကယ်သမား (၃)ဦးနဲ့ ခရီးသည် (၃)ဦးတို့ဟာ တက်လိုက်၊ ဆင်းလိုက်နဲ့ ပတ်ချာလည်နေကြတာပါ။

ကျွန်တော်တို့အားလုံး လူငယ်တွေဆိုတော့ အင်အားလည်းကောင်းတော့ ကြောက်စိတ်မရှိတော့တာ အမှန်ပါ။ ဒါမျိုး တစ်ခါမှ မကြုံဘူးသေးတာမို့ အထူးအဆန်းဖြစ်နေကြပါတယ်။

ဒါနဲ့ နောက်ဆုံးကြိုးစားကြည့်တဲ့အနေနဲ့ တင်အောင်ရဲ့ဆိုင်ကယ်နဲ့ ကျွန်တော့်ခရီးသည်ကိုတင်ပြီး မောင်းစေပါတယ်။ ဟိုနေရာရောက်တာနဲ့ ဆိုင်ကယ်ထိုးရပ်ပြန်တာပါပဲ။

ကျွန်တဲ့လူ (၂)ယောက်မှာ ဘာမှမဖြစ်ပေမယ့် ကျွန်တော့်ခရီးသည်ကိုမှ

www.burmeseclassic.com

www.burmeseclassic.com

သွားခွင့်မပြုတာ ဘာသဘောမှန်းကို ကျွန်တော်တို့ မသိတော့ဘူး။ အဲဒါကြောင့် ကျွန်တော်က ကျွန်တော့်ခရီးသည်ကို မေးကြည့်ရပါတယ်။

"ဒီကအစ်ကိုက နာမည်ဘယ်လို ခေါ်လဲမသိဘူး"

"ကျွန်တော်က အောင်ကြည်ပါ။ ပုလဲနယ်ကပါ။ ဆရာဘာမေးချင်တယ်ဆိုတာ ကျွန်တော် သိတယ်။ ဒီနေ့ည ကျွန်တော်တို့ တက်လို့ရမှာမဟုတ်ဘူး။ အဲဒါ နမ့်(မ်)တောင်မှာပဲ ဒီညအိပ်ကြရအောင်ပါ။ ဟိုကျမှ ကျွန်တော်ပြောပြပါ့မယ်။ ကဲဗျာ၊ အားလုံး နမ့်တောင်ပြန်ကြရအောင်"

လို့ ပြောလာတာနဲ့ ကျွန်တော်တို့ နမ့်(မ်)တောင်ကဆိုင်ကို ပြန်ဆင်းခဲ့ကြပါတော့တယ်။

၁၉၉၈ ခုနှစ်က

ကျွန်တော်တို့အုပ်စု မောင်ခမ်းစားသောက်ဆိုင်ကို ခဏနဲ့ပြန်ရောက်လာကြပါတယ်။ ဆိုင်ရှင်ဒေါ် နန်းကြာဆိုင်က ကျွန်တော့်ကို ဆီးပြီးမေးပါတယ်။

"မောင်စိန်တို့ ဗွက်ထူလို့ မတက်နိုင်ကြတော့ဘူးလား"

"ဗွက်မထူဘူး အစ်မရေ၊ သရဲထူတာ။ သရဲ၊ သရဲ"

"ဘာ သရဲ၊ ဟုတ်လား။ နင့် ဟာက အလန့်တကြားဟာ"

ဆိုတော့ ကျွန်တော်က ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်တယ်။ အဲဒီတော့ ဒေါ် နန်းကြာဆိုင်က-

"ဟိုးလွန်ခဲ့တဲ့ (၅)နှစ်၊ (၆)နှစ်လောက်က အဲဒီအတက်မှာ ကားတစ်စီး နောက်ပြန်ကျပြီးမှောက်လို့ လူ (၃) ဦး သေသွားဖူးတယ်။ အဲဒီ သေသွားတဲ့လူတွေ မကျွတ်မလွတ်ဖြစ်နေတာလားမှမသိတာ"

လို့ ပြောပြပါတယ်။

အဲဒီအချိန်မှာ ကောင်မလေး (၂) ယောက်က ကျွန်တော်တို့အိပ်ဖို့ အိပ်ရာတွေခင်းပေးပါတယ်။ ဒါနဲ့ပဲ ကျွန်တော်တို့ ကော်ဖီမစ်မှာသောက်ရင်း (၆) ယောက် ဝိုင်းဖွဲ့ဖြစ်တယ်။ အဲဒီကျမှ ကျွန်တော်က-

"ကဲ- ကိုအောင်ကြည်၊ ပြောစရာရှိတယ်ဆိုတာ ပြောပြဗျာ"

လို့ ပွဲတောင်းလိုက်ပါတယ်။

တကယ်တော့ ကျွန်တော်တို့ (၆) ယောက်ဟာ (၂၀) ကျော်၊ (၃၀) နီးပါး လူရွယ်တွေပါ။ မတိမ်းမယိမ်းတွေလို့ ပြောလို့ရပါတယ်။ ပြီးခဲ့တဲ့ဖြစ်ပျက်မှုနဲ့ ဆက်နွယ်နေမယ်ဆိုတာလည်း သိတော့ ကျွန်တော်တို့ အမှန်တကယ် စိတ်ဝင်စားနေကြတာပါ။ အဲဒီတော့မှ ကို အောင်ကြည်က စပြောတယ်။

"ဟိုးလွန်ခဲ့တဲ့ ၁၉၉၈ ခုနှစ် ခုလိုမိုးရာသီမှာ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း ဌေးမောင်တို့ မိုင်းရွာကိုတက်ခဲ့ကြပါတယ်။ ကျွန်တော်တို့က ပုလဲမြို့နယ် ကြောင်သန်းရွာကပါ။ ကျွန်တော်တို့ရွာကလူတွေ ယောကျ်ားလေးတွေရော မိန်းကလေးတွေပါ မိုင်းရွာတက်ပြီး အလုပ်လုပ်ကြတော့ ရွာမှာ အိမ်တွေဆောက်၊ တိုက်တွေတည်နဲ့ အတော် အဆင်ပြေကြတော့ ကျွန်တော်တို့လည်း အားကျပြီး မိုင်းရွာ ကို တက်ခဲ့ကြတာပါ။

ပါးစပ်ပါတော့ ရွာရောက်ဆိုသလိုပါပဲ၊ မေးမြန်းစုံစမ်းပြီး လာလိုက်ကြတာဟောဒီနမ့်(မ်)တောင်အထိ ခလုတ်မထိဆူးမငြိပါဘဲ။ ချောချောမောမောဆိုပါတော့ဗျာ။ မိုင်းရွာရတနာမြေကိုလည်း ဟိုင်းလတ် အမိုးဖွင့်ကားပေါ် ကနေပြီး မိုင်းရွာပြို့အထွက်ကနေပြီး တစ်လျှောက်လုံးကြည့်ပြီး ပီတိတွေဖြစ်နေတာပေါ့ဗျာ။ ဟိုင်းလတ်ဆိုတာကလည်း ဆရာတို့သိတဲ့ အတိုင်းပဲလေ။ အောက်မှာ ကုန်အပြည့်တင်ပြီးမှ အပေါ်မှာ လူတွေ အများကြီး ညပ်သပ်ပြီး လိုက်ရတာဆိုတော့ ပြုတ်မကျအောင် မနည်းဂရုစိုက်ပြီးစီးခဲ့ရတာပါ။

ဒါပေမယ့် မိုင်းရွာရတနာမြေတောင်တန်းကြီးရဲ့ထိပ်မှာ အိမ်လေးတွေ ပြွတ်ခဲနေတာမြင်ရတော့ ဟော်ရွှင်ကြည်နူးပြီး ကားစီးရတာ ဒုက္ခရောက်တယ်လို့ မထင်မိပါဘူး။ ဆိုရရင်တော့ ရတနာမြေဟာ ကျွန်တော်တို့ကို ညှို့ယူဖမ်းစားနိုင်စွမ်းရှိနေတာဖါပဲ။

ဒါနဲ့ မိုင်းရွာရတနာမြေကို အတော် သဲသဲကွဲကွဲ မြင်နေရပြီဖြစ်တဲ့ ဟောဒီ နမ့်(မ်)တောင်စခန်းကထွက်ရင် သိပ်မဝေးတော့ဘူးလို့ ထင်ပြီးပျော်နေကြတာပေါ့ဗျာ။

နမ့်(မ်)တောင်မှာ နာရီဝက်နီးပါးနားပြီး ဟိုင်းလတ်ကားဟာ ခရီးစထွက်ပါတယ်။ အခု ကျွန်တော်တို့ ဆိုင်ကယ်ရပ်ရပ်သွားတဲ့နားအရောက်မှာ ကားဟာ စက်ထိုးရပ်ပြီး အရှိန်နဲ့ နောက်ပြန်လိမ့်ကျပြီး မှောက်တော့တာပါပဲ။

ဘယ်လိုကဘယ်လိုဖြစ်ကုန်တယ်မသိတော့ပါဘူးဗျာ။ လူတွေ အော်ဟစ်သံတွေနဲ့ ဆူညံသွားတယ်။ ကျွန်တော် ကတော့ လမ်းဘေးတစ်နေရာမှာရောက်နေတာ ခြေ၊ လက်တွေ ပွန်းပဲ့တာကလွဲပြီး ဘာမှမဖြစ်ပါဘူး။

ကယ်ပါယူပါ တစာစာအော်သံတွေ၊ ညည်းညူသံတွေလည်း ဆူညံလို့ပါပဲ။ ကျွန်တော် ဘာမှမဖြစ်ပေမယ့် ကျွန်တော့်သူငယ်ချင်း ဌေးမောင်ကို လိုက်ရှာကြည့်ပါတယ်။ ပွက်ထဲမှာ လူးလိမ့်နေတဲ့ သူငယ်ချင်းကို တွေ့ရတယ်။ ကျွန်တော် သူ့ကိုပွေ့ပြီး အော်ခေါ်ပါတယ်။ အဲဒီမှာ သူ မျက်စိဖွင့်ကြည့်ပြီး ကျွန်တော့်ကို ကူညီပါဦး သူငယ်ချင်းရယ်လို့ တိုးတိုးလေးပြောပြီး ခဏအကြာမှာ ငြိမ်သက်သွားခဲ့ပါတယ်။ ကျွန်တော့် သူငယ်ချင်းဟာ ကျွန်တော့်ကို အားကိုးတကြီး အကူအညီတောင်းပေမယ့် ကျွန်တော် ဘာမှလုပ်မပေးနိုင်ခဲ့ဘူးဗျာ။ အတော်ဝမ်းနည်းစရာကောင်းတာပါ။

ကျွန်တော့်အထင် သူကားပေါ်က ခုန်အချမှာ ကားက သူ့ကိုဖြတ်ကြိတ်သွားပုံရှိပါတယ်။ သွေးတွေ၊ ရွံ့တွေ၊ ဗွက်တွေနဲ့ ကြည့်မကောင်းပါဘူးဗျာ။ အဲဒီအနိဋ္ဌာရုံမြင်ကွင်းကို ကျွန်တော် ခုထိမျက်စိထဲက မထွက်သေးပါဘူး။

အဲဒီနေ့က လူ (၃) ယောက်သေတယ်။ (၆) ဦးလောက် ဒဏ်ရာရတယ်။ ဟောဒီနမ့်တောင်ရွာကလူတွေလာပြီး ကူညီပေးကြပါတယ်။ သူတို့လည်း မှတ်မ်ကြပါတယ်။ ခုနှ ဆိုင်ရှင်အဒေါ် ပြောတာမှန်ပါတယ်။

ကျွန်တော် အဲဒီနှစ်ကစပြီး မိုင်းရွာရတနာမြေဖက်စပ်ကြီးတစ်ခုမှာ ဝင်လုပ်ရင်း နောက်ပိုင်း အင်ချတ်ရာထူးရပါတယ်။ အိမ်ကို ပိုက်ဆံပို့ပေးနိုင်ခဲ့ပါတယ်။

ခုလည်း ရွာကို ခဏအလည်ပြန်တာပါ။ ဒီက ညီလေး (၂)ယောက်လိုက်ချင်တယ်ဆိုတာနဲ့ ရွာက ကျွန်တော်ခေါ်ခဲ့တာပါ။ နမ့်(မ်)တောင်ရောက်တာနဲ့ ကျွန်တော်ဟာ နမ့်(မ်)တောင်အလွန် အတက်မှာ ဆုံးပါးသွားတဲ့ ကျွန်တော့်သူငယ်ချင်း ဌေးမောင်ကို အရမ်းသတိရခဲ့ပါတယ်။

ခုချိန်ဆိုရင် ကျွန်တော့်သူငယ်ချင်း ဌေးမောင်တစ်ယောက် ဘယ်ဆီရောက်လို့ ဘယ်ဆီပေါက်နေပါလိမ့်လို့ သတိရနေမိတာပါ။ သူသေတဲ့အနားရောက်တော့ ဆရာတို့ မြင်တဲ့အတိုင်းပဲလေ။ ဆိုင်ကယ်ကို ဆွဲဆွဲထားတာပဲ။

တကယ်ဆို သူဒီနားပဲပို့နေသေး

www.burmeseclassic.com

www.burmeseclassic.com

နေ့လစဉ် ပိုက်ချွဲလိမ်းဆေး

နေ့စဉ်မှန်မှန်လိမ်းရုံဖြင့် ပိုနေသောအဆီများကိုကျစေပြီး ပိုက်သားကို ကျစ်လစ်လှပစေပါသည်။

အဝလွန် ပိုက်ခေါက်ထူပျော့ဆေး

နေ့စဉ်ပုံမှန် စားသုံးခြင်းဖြင့် ညောင်းညာကိုက်ခဲခြင်းကိုလည်း ပြေပျောက်စေပြီး ခန္ဓာကိုယ်ပေါ်ပါးသွက်လက် အဆီကျအသားကျစ် အချိုးကျအလှတိုးစေပါသည်။

နေ့လစဉ်အဝိုးပွင့်လိမ်းဆေး

ကိုယ်ပူလွန်ခြင်း၊ မိတ်ပေါက်ခြင်း၊ အဝိုးပိတ်ညောင်းညာကိုက်ခဲခြင်းများကို ပျောက်ကင်းစေပြီး အသားအရည်ကို အေးမြကြည်လင်စေပါသည်။

မှတ်ပုံတင်အမှတ်-၀၃၀၆၄၂၆၅၅၅ ရိုင်စင်-၈/၂၀၀၅ တစထလတိုးဂဇ နေလစဉ်
ဆေးဝါးထုတ်လုပ်ငန်း-တိုက်အမှတ်-၁၊အခန်း-၀၁၁(ဂ္လွာ)၊စက်ရုံလမ်း၊မင်္ဂလာဈေးအနီး
မဂလာတောင်ညွန့်မြို့နယ်၊ မှန်း ၀၁-၂၀၀၄၉၁၊ ၂၀၀၄၈၄၇ လိုင်းခွဲ ၎၀၀၆၆

WWW.nailsynmedicine.com
nailsyn@myanmarhealth.com

BURMESE CLASSIC .com

ဆေးပြန့်ဖြူဖြူရေး ကိုဝင်းမြင့်+မဘောဘီ ကမ်းနားလမ်းနှင့်၁၅လမ်းထိပ်၊ဖုံး ၀၁၂၂၂၂၂၂
စိန်ကြည်စတိုး မန္တလေး ၀၂-၂၃၂၃၆ အမြို့ပြဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

တယ်ဆိုတာကို သိစေချင်လို့ ကျွန်တော့်ကို လက်တွေ့ပြတာပါပဲ။ ကျွန်တော်လည်း သူ့ရဲ့စက်ကွင်းက လွတ်လိုလွတ်ငြား ဘာမှမပြောဘဲ အကြိမ်ကြိမ်တက်ဖို့ ကြိုးစားနေတာကို နောက်ကလိုက်နေတာပဲ။

ဘယ်လိုသွားသွား ရမှာမဟုတ်မှန်းသိမှ ကျွန်တော် နမ့်(မ်)တောင်မှာ အိပ်မယ်လို့ အကြံပြုတာပါ။ ဒါပေမယ့် ကျွန်တော့်နားထဲမှာ 'ကူညီပါဦး သူငယ်ချင်းရယ်' ဆိုတဲ့ သူ့ရဲ့ အသံလေးကို ကြားနေရသလို ခံစားနေရတယ်ဗျ။ သူပြောနေတာနေပါလိမ့်မယ်။

အဲဒါကြောင့် ဘုရားဝုဏ်တော်တွေ တဖွဖွရွတ်တာ။ ဒါပေမယ့် အရေးကြုံမှ ကြောက်ကြောက်နဲ့ ရွတ်ရတာဆိုတော့ သူ့ကို မကျော်လွှားနိုင်ဘူးဗျာ။ ဝုဏ်တော်ဟာ ကြည်ညိုစိတ်နဲ့ ထုံနေအောင် ပွားထားမှ စွမ်းတယ်ဆိုတာ တကယ်ပါပဲဗျာ။

အေးဗျာ၊ လွှာဝမှာ ဘယ်လောက်ပဲချစ်ချစ် ဘဝခြားသွားပြီ ဆိုတဲ့ အသိစိတ်ကရှိနေတော့ ကြောက်တာပေါ့ဗျာ။ မနက်ကျရင်လည်း မိုးစင်စင်လင်းမှ တောင်ပေါ်တက်လို့ရမယ် ထင်တယ်။ စားသောက်ပြီးမှ အေးအေးဆေးဆေး တက်ကြတာပေါ့ဗျာ"

ရပါတယ်၊ ကိုအောင်ကြည်တို့ စိတ်ချမ်းသာတဲ့အချိန်သာတက်ပါ။ ဒါထက် ကိုအောင်ကြည်ရဲ့သူငယ်ချင်းဟာ ပြိတ္တာဘဝနဲ့ အဲဒီနားမှာရှိနေတာ အသေအချာပဲဗျ။ သနားပါတယ်ဗျာ၊ သူ့ကို ကုသိုလ်ကောင်းမှုလေးဘာလေးပြုပြီး အမျှပေးဝေပေါ့ ကိုအောင်ကြည်ရာ။ ဒါဆို သူ့ကို ကူညီရာရောက်ပါပြီ"

"ဟုတ်ကဲ့၊ ကျွန်တော် ကြိုးစားပါ့မယ်။ ခုအဖြစ်သာ ရွာက သူမိဘဆွေမျိုးတွေကြွေးရင် ပိုပြီးစိတ်မကောင်းဖြစ်ကြမှာပါ"

လို့ စိတ်မကောင်းစွာ ပြောပါတယ်။ လိုက်လာတဲ့ လူငယ် (၂) ဦးကတော့ ငေးမောနားထောင်ပြီး စိတ်မကောင်းဖြစ်နေကြဟန် ရှိတယ်။

ကူညီပါဦး သူငယ်ချင်းရယ်

ကျွန်တော်တို့ မနက် (၆) နာရီကျော်ကျော် အလင်းပြည့်ဝတဲ့အချိန်မှာ တက်ခဲ့ကြပါတယ်။ ဆိုင်ကယ်ရပ်ရပ်သွားတဲ့နေရာကိုရောက်တဲ့အခါ ကျွန်တော်ရော၊ ကျွန်တော့်သူငယ်ချင်းတွေရော၊ ကိုအောင်ကြည်တို့ (၃)ယောက်ပါ ကိုဌေးမောင်ရဲ့ နောက်ဆုံး အကူအညီတောင်းသွားတဲ့ 'ကူညီပါဦး သူငယ်ချင်းရယ်' ဆိုတဲ့ စကားသံလေးကို ဆို့နင့်ဖွယ်ရာ ကြားယောင်မိကြမှာပါ။

အမှောင်ကာလ ညအချိန်မှာသာ ဆိုင်ကယ်ကို ဆွဲထားပြီး သူငယ်ချင်းကို ဟန့်တားနိုင်စွမ်းရှိပေမယ့် နေ့အခါမှာတော့ တားဆီးနိုင်စွမ်း မရှိပါဘူး။ မိုင်းရှူးရတနာမြေကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ကြပါတယ်။

ကျွန်တော် မိုင်းရှူးမှာ ဆိုင်ကယ်ဆွဲစဉ်က နမ့်(မ်)တောင်အတက် နားရောက်တိုင်း အဲဒီနေရာလေးကို မမေ့သလို ကိုဌေးမောင်ရဲ့ 'ကူညီပါဦး သူငယ်ချင်းရယ်' ဆိုတဲ့ သနားစဖွယ် အကူအညီတောင်းသံကိုလည်း အမြဲလိုလို ကြားယောင်နေမိတယ်ဗျာ။

('ဆန်းလိုက်' ဆိုင်ကယ်ပြင်ဆိုင်မှ ကိုမောင်စိန်သို့ အမှတ်တရ)

ချမ်းမြေ့ကြယ်စေ
ဧည့်ညီစိုး (ဒိုးကုတ်)

www.burmeseclassic.com

www.burmeseclassic.com

(ကျောက်တောင်)

သော်တာအောင်

ကျွန်တော်နှင့်သူမျက်လုံး

အခုရက်ပိုင်းအတွင်း မိုးအေးအေးနဲ့ အလုပ်အကိုင်ပါးနေတော့ ကျွန်တော်လည်း ခရိုင်ဆောက်လုပ်ရေးဝင်းထဲက ဘဒွေးသိန်းလွင်တို့ဆီ မကြာခဏရောက်ဖြစ်တယ်။ ဘဒွေးသိန်းလွင်ရဲ့ ပင်ကိုအလုပ်က ကဗျာဆရာပါ။ ဘဝဝမ်းစာအတွက်က အခု ခရိုင်ဆောက်လုပ်ရေးရုံးမှာ ဝန်ထမ်းလုပ်နေတယ်။ ဆိုလိုတာက စာပေသမားပေါ့။ကျွန်တော်ရောက်တိုင်း ဘဒွေးက ဆောက်လုပ်ရေးတိုက်ခန်းမှာ ဖွင့်ထားတဲ့ ဂန္ထဝင်ဆည်းဆာ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်အမြဲတိုက်ပါတယ်။လက်ဖက်ရည်သောက်ရင်း ကဗျာအကြောင်း၊ စာအကြောင်း၊ မဂ္ဂဇင်းတွေအကြောင်း ပြောကြတာ။ (ပြောရင်းနဲ့ ဘဒွေးသိန်းလွင် ပြောပြောနေတဲ့ 'လက်ဖက်ရည်သောက်တော့ တီခွက်၊ ရေနွေးကျ တီလုံးပြီး တီလုံး' ဆိုတဲ့ တရုတ်လက်ဖက်ရည်ဆိုင်က ဆိုင်ရှင် တရုတ်ကြီးလျောင်ကီးရဲ့ မရိုးနိုင်တဲ့ဟာသကို သတိရမိပါတယ်။) ကျွန်တော်တို့ အနုပညာသမားတွေရဲ့ လောကစည်းစိမ် ဆိုတာ အဲဒါမျိုးလို့ ကျွန်တော် ယုံကြည်တယ်။ တစ်နေ့တစ်နေ့ စာအကြောင်း၊ ကဗျာအကြောင်း၊တခြားအနုပညာအကြောင်းများ မပြောမဆိုရရင် ခေါင်းကိုက်သလိုလို၊ ဝမ်းနာသလိုလို၊ ဟိုလိုလိုဒီလိုလိုနဲ့ ဟာတာတာကြီးကိုဖြစ်လို့။ မီးရထားစက်ခေါင်းရုံဝင်းထဲက ကဗျာရေးတဲ့ 'မိုးနှင်းထွက်' ကိုမျှော်လိုက်၊ ကျောက်တောင်ရပ်မှာနေတဲ့ ကာတွန်း၊ မူပိုင် ဘူဝဲများ

www.burmeseclassic.com

www.burmeseclassic.com

စက်ဘီးစုတ်လေးနဲ့ ရောက်လာမလားလို့ မျှော်ရတာ အမော အမော။ ကျောင်းပို့၊ ကျောင်းကြိုရင်း အချိန်အနည်းငယ်ပိုလို့ လို့ ဂန္ထဝင်ဆည်းဆာ လက်ဖက်ရည်ဆိုင်ကို ဆိုင်ကယ်လေးနဲ့ ဝင်ဝင်လာတဲ့ ကန်တော်ကြီးနားက စာရေးတဲ့ ချစ်ထူးကို ကျွန်တော်တို့လက်ဖက်ရည်သောက်ရင်း၊ လမ်းမဘက် လှမ်းလှမ်းကြည့်ရင်း မျှော်ရတာက တစ်မျှော့ငှဲ့။ ဂန္ထဝင်လက်ဖက်ရည်ဆိုင်မှာ တစ်ယောက်မဟုတ် နှစ်ယောက်က ရှိနေတတ်တယ်။ မတွေ့ရင်တော့ ဘဒွေးသိန်းလွင်နေတဲ့ ခရိုင် ဆောက်လုပ်ရေးဝင်းထဲကအိမ်ကို လိုက်သွားလိုက်။ မတွေ့မရှိ၊ တွေ့ပါ၏။ အိမ်ကမိန်းမ ဒေါ်တင်အေးအလိုက္ခ ဟိုအလုပ်ကလေးလုပ်ပေးလိုက်၊ ဝက်စာလေးကျွေးလိုက်၊ ကွမ်းရွက်တွေဆေးလိုက်နဲ့ ကျွန်တော်ရောက်လို့ ငါးမိနစ်လောက်ဆိုရင်-

"လာ ဟေ့ကောင်၊ ငါ လက်ဖက်ရည်တိုက်ပါ့မယ် သွားကြစို့"

ဆိုပြီး ဘတ်ငွေရှိရင် ဘတ်ငွေနဲ့ တိုက်လိုက်၊ ဘတ်ငွေမရှိရင် ဒေါ်တင်အေးဆီက ငါးရာ၊ တစ်ထောင်တောင်းပြီး ဂန္ထဝင်လက်ဖက်ရည်ဆိုင်ရှိရာကိုသွားကြမယ်ဆိုရင်-

"ကဗျာဆရာမှန်းမသိလို့ ယူခဲ့မိပါတယ်တော်၊ သိလို့များကတော့. . . "

ဆိုပြီး ဒေါ်တင်အေးက ဘဒွေးသိန်းလွင်ကို ပြုံးပြုံးပြုံးပြုံးနဲ့ စ,လေရဲ့။

ဆိုလိုရင်းက ဒီလိုပါ။

ဘဒွေးသိန်းလွင်က ပုံတိုပံတ်စ၊ ဖတ်စရာမှတ်စရာ၊ ရယ်စရာမောစရာ အတိုအထွာလေးတွေကို တစ်မျိုးမဟုတ် တစ်မျိုးပြောနေက၊ တစ်ခါတလေ ကျွန်တော့်အတွက်က တွေးစရာတွေ၊ ရယ်စရာတွေ နားထောင်ရလို့ တွေးစရာဆိုလည်း တွေးနေလိုက်တာ အိမ်ရောက်တဲ့အထိပါပဲ။ ရယ်စရာပြုံးစရာဆိုလည်း အိမ်အပြန် စက်ဘီးစီးရင်း တွေးမိလို့ တစ်ယောက်တည်း အရူးဖြစ်ရတာ ခဏခဏပါ။ တချို့တလေ ပုံပြင်လေးများက ဘဒွေးကတော့ ဘာရယ်မဟုတ် ရယ်စရာပြောလိုက်ပေမယ့် ကျွန်တော့်အဖို့က အဖိုးတန်အိုင်ဒီယာရပြီး ဂျာနယ်၊ မဂ္ဂဇင်းတွေအတွက် ကာတွန်းရေးစရာ ရခဲ့ပါတယ်။ အဲဒီတော့ နှစ်ရက်ခြားတစ်ခါ ဆိုသလို ကျွန်တော်က ဘဒွေးသိန်းလွင်တို့အိမ်ကို မဝင်မဖြစ် ဝင်တော့တာပါပဲ။

အခုလည်း ဘဒွေးသိန်းလွင်က ဂန္ထဝင်ဆည်းဆာ လက်ဖက်ရည်ဆိုင် ရောက်ပြီး မကြာခင်မှာပဲ ကျွန်တော့်ကို ဘဒွေးရဲ့ ကိုယ်တွေ့အကြောင်းအရာ ပုံတိုပတ်စဇာတ်လမ်းလေးကို လက်ဖက်ရည်သောက်ပြီး ရေနွေးသောက်ရင်း ထုံးစံအတိုင်း ပြောပါလေရောဗျာ။

"ငါငှယ်ငယ်က (၁၂) နှစ်သားလောက်ပေါ့ကွာ။ ငါတို့ရွာက ဘကြီးဘုန်းကြီးကျောင်းမှာ ဘုန်းကြီးကျောင်းသားဘဝနဲ့နေခဲ့တုန်းက ငါ့ရဲ့ကိုယ်တွေ့အဖြစ်အပျက်တွေထဲက တစ်ခုပေါ့ အူဝဲရ။ ဘုန်းကြီးကျောင်းမှာက မနက် (၃) နာရီခွဲထပြီး အလှည့်ကျ ရေနွေးအိုးတည်ရတယ်။ (၄) နာရီ အုန်းမောင်းခေါက်တဲ့သူကလည်း အလှည့်ကျခေါက်ရတယ်လေကွာ။ အရုဏ်ဆွမ်းချက်သူကချက်နဲ့။ တို့ကျောင်းသား(၄)ယောက်က တစ်ဖွဲ့။ အားလုံး ဘုန်းကြီးကျောင်းသား (၁၂)ယောက်ရှိတော့ (၄)ယောက်တစ်ဖွဲ့စီခွဲပြီး အလှည့်ကျ ကျောင်းဝေယျာဝစ္စလုပ်ကြရတယ်ကွ။ တို့အလှည့်ပြီးလို့ နီတွတ်တို့အလှည့်ရောက်တဲ့ အရုဏ်ဆွမ်းချက်မယ့်ညက မိုးတွေ၊ လေတွေ တဝုန်းဝုန်း တဒိုင်းဒိုင်းနဲ့ပေါ့ကွာ။ တို့ကတော့ မိုးအေးအေးမှာ ချိုးကွေးကွေးပြီး ခေါင်းမြီးခြုံအိပ်ကြတာပေါ့။

မနက် (၅) နာရီကျ ဘုန်းကြီးကျောင်းသားအားလုံး ထကြရတယ်။ ဘဘုန်းကြီးနဲ့ အခန်းနေ ဦးပဉ္စင်း(၈)ပါးနဲ့ ကိုရင်ကြီး (၃) ပါးအတွက် အရုဏ်ဆွမ်းစားဖို့ ဝိုင်းဝန်းပြင်ဆင်ကြရတာ ထုံးစံပေါ့ကွာ။ ဆွမ်းစားပြီး မနက် (၆) နာရီဆို ဘုန်းကြီးနဲ့ ဦးပဉ္စင်း၊ ကိုရင်ကြီးအပါအဝင် ဘုန်းကြီးကျောင်းသား (၈)ယောက်နဲ့ ရွာထဲကို ဆွမ်းခံထွက်ကြတယ်လေ။ ဘုန်းကြီးကျောင်းမှာ ကျန်ခဲ့တဲ့ ကျောင်းသား (၄) ယောက်က ကျောင်းဝေယျာဝစ္စလုပ်ရင်း၊ ကျောင်းစောင့်ရင်း အလှည့်ကျနေခဲ့ကြရတယ်။ ပြောချင်တာက အခုမှ ဇာတ်လမ်း,ရမှာကွ။ ဒီလို အူဝဲရ။

ညဉ့်ဦးပိုင်းကတည်းက ရွာလိုက်တဲ့မိုးကွာ။ မနက် ဘုန်းကြီးကျောင်း အုန်းမောင်းခေါက်ပြီး ထမင်းတစ်အိုးချက်ကြမှ မိုးကတိတ်တာပေါ့ကွာ။ ကျောင်းကလည်း ငါတို့ဘိုးစဉ်ဘောင်ဆက်လက်ထက်ကတည်းက ရှေးဘုန်းကြီးကျောင်းဆိုတော့ အိုပြိုပေါ့။ ဘုန်းကြီးကျောင်းအိုတာကတော့ ငါမမွေးခင် ဘယ်ဘဝရောက်မှန်းမသိခင်ကရှိတဲ့ ဘုန်းကြီးကျောင်းကွာ၊ မင်းစဉ်းစားကြည့် အူဝဲရ။ ခေါင်က မလုံ၊ ကြမ်းခင်းကဆွေး ဆိုတော့ ခေါင်မိုးက မိုးရေတပေါက်ပေါက်နဲ့။ မိုးရာသီမျှားရောက်လို့က ငါတော့ ဘုန်းကြီးကျောင်းကနေ အိမ်ကို ထွက်ပြေးချင်တော့တာ။ ဘုန်းကြီးကြိမ်လုံးကြောက်လို့သာ။

ခုပြောတဲ့ ဘုန်းကြီးကြိမ်လုံးက ငါတစ်ယောက်တည်းကြောက်တာ မဟုတ်ဘူးဟ။ ညောင်ခြေထောက်ရွာတစ်ရွာလုံး ကြောက်ရတဲ့ကြိမ်လုံး။ မင်းကိုပြောရင်းနဲ့ စကားတွေတောင် တောင်ရောက်မြောက်ရောက်နဲ့။ ဘုန်းကြီးကြိမ်လုံးအကြောင်း နောက်မှ ငါပြောပြမယ် အူဝဲရေ။ အခုပြောမယ့်အကြောင်းက ငါ့ကိုယ်တွေ့အကြောင်း။ မင်းကိုပြောခဲ့တဲ့ အကြောင်းက ခေါင်မိုးက မိုးမလုံတော့ ထွက်ပြေးချင်တယ်လို့ ငါပြောခဲ့တယ်နော် အူဝဲ။ အေး- နောက်တစ်ခါ ငါတို့လေးယောက်တစ်ဖွဲ့ကျတဲ့ အရုဏ်ဆွမ်းချက်အပြီး ငါလည်း ဘုန်းကြီးကျောင်းကနေ အိမ်ကို အပြီးထွက်ပြေးခဲ့ရတာပေါ့ ငှဲ့ကောင်ရေ။ မင်းရေရေလည်လည်သိအောင်လို့ ပြောရဦးမယ်။ ဒီလိုကွ၊ ဒီလို။

အဲဒီ မိုးတွေ တဝုန်းဝုန်းရွာတဲ့ အရုဏ်ဦးပိုင်းမှာ ဟိုကောင် နီတွတ် စကားပေါ်တာက ဇာတ်လမ်းစ,ခဲ့တာကွ အူဝဲရ။ ရေနွေးအိုးတည်တဲ့ ခွေးပုရယ်၊ အရုဏ်ဆွမ်းချက်တဲ့ နီတွတ်ရယ်က သူတို့ ဘုန်းကြီးကျောင်းသားမဖြစ်ခင်က ကြည့်ခဲ့ရ၊ ကြားခဲ့ရတဲ့ တစ္ဆေကား၊ သရဲကားတွေအကြောင်း ရေနွေးတည်ရင်း၊ ဆွမ်းချက်ရင်းနဲ့ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်အဖြစ်နဲ့ ပြောပါလေရော။ ကျန်တဲ့ မဲတူရယ်၊ မျက်ပြူးရယ်ကတော့ မပြောပါနဲ့၊ ကြောက်လို့ပါ။ မကြားရဲလို့ပါလိုတော့ အတန်တန်တားရှာသား။ ဒါပေမယ့် မင်းသိပါတယ်။ လူတွေက မန်းလေပြေလေ၊ တောင်းပန်လေ ဆိုးလေနဲ့။ အဲဒီလိုလူတွေထဲမှာ နီတွတ်က ထိပ်ဆုံးက ဆိုးတဲ့ကောင် ဆိုတော့ ဘာပြောကောင်းမလဲ အူဝဲရာ။ မဲတူနဲ့ မျက်ပြူးဆို ကြောက်လွန်းလို့ ဘောင်းဘီထဲ သေးပါပါလေရောဗျော့။ နီတွတ်နဲ့ ခွေးပုကလည်း အစကတော့ သူတစ်လှည့် ငါ တစ်ခါပြောရင်းက စကားအရိုင်လုပြီး ပြောတဲ့အဆင့်ရောက်ပြီး စိန်ခေါ်တဲ့အဆင့်၊ အလောင်းအစားလုပ်တဲ့အဆင့်ထိ ရောက်ပါလေရောဗျော့။

စိန်ခေါ်တဲ့အကြောင်းက ဒီလိုလေ။ နီတွတ်က သူ့အစ်ကို ဥသြလုပ်တဲ့ ထမင်းစားပွဲခုံကို လက်နဲ့ပုတ်၊ မန်းမူတ်ပြီး အစိမ်းသေသရဲကိုခေါ်ပြီး စကားပြောတဲ့နည်းကို အသုံးပြုပြီး လုပ်ပြမယ်ပေါ့။ ခွေးပုကလည်း ခေတဲ့သူမဟုတ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တော့ သိတဲ့အတိုင်း အနိုင်မခံ၊ အနှိုးမပေးတဲ့စိတ်ဓာတ်နဲ့ ခေါ်ပြေ၊ လုပ်ပြပေါ့။ မင်းလုပ်ပြလို့ နိုင်ရင် မင်းပြောတဲ့လောင်းကြေးကို ငါပေးမယ်လို့ သဘောတူတာပေါ့။ ကြောက်ပါတယ် ဆိုတဲ့ မဲတူနဲ့ မျက်ပြူးကို ထမင်းစားစားပွဲခုံ ယူခိုင်းတယ်။ မဲတူနဲ့ မျက်ပြူးကလည်း နီတွတ်ရဲ့ငယ်ကြောက်တွေ ဆိုတော့ ကြောက်ကြောက်လန့်လန့်နဲ့ ဟိုကြည့်ဒီကြည့်ပြီး စားပွဲခုံကို အခန်းထောင့်ကနေ ယူပေးလိုက်တယ်။ မယူချင်ဘူးလို့ မပြောရဲဘူးလေကွာ။ ဒီကောင် နီတွတ်က သူတို့မမြင်ဘူးတဲ့ တစ္ဆေသရဲထက် ဆိုးတဲ့ ဘီလူး၊ လူဘီလူး နီတွတ်လေ။ သိတယ် မဟုတ်လားကွာ။

ထမင်းစားပွဲခုံကို အခန်းအလယ် ကောင်မှာ ချခိုင်းပြီး ဆွမ်းစားဆောင်ရဲ့ ပြတင်းပေါက်နှစ်ပေါက်ကို ဖွင့်ခိုင်းသေးတယ်။ အစပိုင်းတော့ ရမလားလို့ မဖွင့်ရဲဘူး၊ ကြောက်တယ်ဘာတယ်နဲ့ ဟန်ကိုယ့်ဖို့ ဆိုပြီး ခပ်တည်တည်နဲ့ ငြင်းမလို့ ပါးစပ်ဟပြီး အသံထွက်ပြောမလို့ရှိသေး၊ 'ဖုန်း. . . ဒိုင်း. . . ခွပ်' ဆိုပြီး နီတွတ် အကြောင်းပြလိုက်တာ။ မိုးကလည်း ရွာကောင်းတုန်းဆိုတော့ မဲတူနဲ့ မျက်ပြူးတို့ကို နီတွတ်မေးတဲ့ 'ဖုန်း. . . ဒိုင်း. . . ခွပ်' က ဘယ်သူမှ မကြားလိုက်ပေမယ့် ခွေးပုတစ်ယောက်က ကြားမိအောင် ကြားလိုက်သေးတယ်လေ။ မဲတူနဲ့မျက်ပြူးလည်း နားထဲက လေတွေထွက်ပြီး ပါးစပ်ပိတ်လို့သွားတယ် အူဝဲရေ။

ဖွင့်လိုက်တဲ့ ပြတင်းပေါက်ဘက်က မိုးမဝင်တဲ့ဘက်ဆိုတော့ တော်သေးတာပေါ့နော်။ လေနဲ့မိုးနဲ့က ဇာတ်ကြမ်းတိုက်နေတော့ တစ်လောကလုံးမှာ ဝုန်းဒိုင်းကြဲလို့ပဲဟေ့။ နီတွတ်က ထမင်းစားပွဲခုံနားကို ပြတင်းပေါက်ဘက် မျက်နှာလှည့်ထိုင်လိုက်တယ်။ နောက် စားပွဲခုံကို သူ့လက်နဲ့ ခပ်ပြင်းပြင်း (၃) ချက်ပုတ်ပြီး ပါးစပ်က ပွစိပွစိနဲ့ ဘာတွေမန်းမွှတ်နေမှန်းမသိပေမယ့် အလိုလေးဗျာ-နီတွတ်က 'လာဆို လာခဲ့၊ ခုချက်ချင်း လာခဲ့ကြ' လို့လည်း အသံထွက်ပြီးပြောနေတော့ ခွေးပုရယ်၊ မဲတူရယ်၊ မျက်ပြူးရယ်က ကြက်သီးမွေးညင်းထပြီး ရေခွေးအိုးရော ယာဂုအိုးပါ မေ့ပြီး နီတွတ်မျက်နှာမူတဲ့ဘက်ကို မကြည့်ဝံ့ကြည့်ဝံ့ဟန်နဲ့ မရဲတရဲ မျက်စောင်းထိုးကြည့်နေတာပေါ့။ မကြာပါဘူးဗျာ၊ လေသံမိုးသံတွေ ဖြုန်းခနဲ တိတ်ဆိတ်သွားသလိုလို၊ ပြတင်းပေါက်နှစ်ပေါက်စလုံးဆီက လေတိုးသံလိုလို၊ လူလာသလိုလိုအသံနဲ့ လှုပ်ရှားသံကြားလိုက်သလိုလို။ နီတွတ်တော့ မသိဘူး။ ခွေးပု၊ မဲတူ၊ မျက်ပြူးတို့ သုံးယောက်စလုံး တစ်ကိုယ်လုံးလည်း အကြောအခြင်တွေထောင်ပြီး ဖျဉ်းခနဲလင်းခနဲ ဖြစ်သွားတယ်။ ပြတင်းပေါက်ကနေ ဘယ်သူတွေဝင်လာသလဲဆိုတာ မမြင်လိုက်ပေမယ့် ပုပ်အဲ့အဲ့အနံ့နဲ့ နန္ဒင်းစိမ်းအနံ့ကိုလည်း ခွေးပု၊ မဲတူ၊ မျက်ပြူးတို့သုံးယောက် ခပ်ပြင်းပြင်းရှူမိကြတယ်။

သေချာပြီ၊ နီတွတ်နိုင်ပြီး ခွေးပုရှုံးပြီ ဆိုတာ။ အဲဒီအချိန်မှာ ညစဉ်ညတိုင်း ဘုရားကန်တော့ပြီး ရွာထဲကလူတွေကြားအောင် တစ်ယောက်နဲ့ တစ်ယောက် အပြိုင်အဆိုင် အသံကုန်အော်ဟစ်ရွတ်ဆိုခဲ့တဲ့ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' တို့၊ 'သမ္မဒ္ဓေ' တို့၊ 'ဂုဏ်တော်ကိုးပါး' တို့ကို အော်ဟစ်ရွတ်ဆိုဖို့ မေ့နေပြီ။ ပုပ်အဲ့အဲ့အနံ့နဲ့ တစ်ပြိုင်နက်ဆိုသလို ပြတင်းပေါက်ကနေ မီးဖိုဆောင်ထဲကို မီးခိုးငွေ့လားဘာလား မသိဘူး၊ ဖြူဖြူအငွေ့တွေ ဝင်လာသလိုလိုတော့ ခွေးပုနဲ့အတူ မဲတူနဲ့မျက်ပြူးတို့ ငိုးတဝါး မြင်လိုက်သလိုပဲ။

"ပြောစမ်း၊ မင်းတို့ ဘယ်သူတွေလဲ။ ဘယ်ကလာသလဲ၊ ဘယ်မှာနေတာလဲ ပြော"

အဲဗျာ- နီတွတ်က တကယ့်ဆရာကြီးလေသံနဲ့ မေးနေလေရဲ့။ ခွေးပု၊ မဲတူ၊ မျက်ပြူးတို့က အကြောက်လွန်ပြီး အသက်ရှူဖို့မေ့နေတယ်။ ငုတ်တုတ်မေ့တယ်လို့ ပြောရတော့မှာပေါ့ကွာ ။ နီတွတ်က မေးပြီး 'သြော်-အေး၊ ဟုတ်ပြီ တအင်းအင်းနဲ့ ခေါင်းကညိတ်သေး။ လက်ထဲကကြိမ်လုံးက ဘယ်နေရာကနေ ဘယ်လိုယူထားသလဲ မသိဘူး။ တကယ့် ဂန္ဓိရဆရာကြီးစတိုင်(လ်)နဲ့။ မဲတူ၊ မျက်ပြူး၊ ခွေးပုတို့ကို မမြင်ရတဲ့ သူဆီက မကြားရတဲ့စကားသံကို ဆရာကြီးနီတွတ်က မြန်မာလို ဘာသာပြန်ပြောပြတယ်။

"ဟေ့ကောင်တွေ ခွေးပု၊ မဲတူ၊ မျက်ပြူး၊ မင်းတို့သိအောင် ငါပြောပြမယ်။ အခု ငါမန်းမွတ်ခေါ်လိုက်တာကို ကြားတဲ့သူနှစ်ယောက် ဝင်လာတယ်။ အဲဒါ ဘယ်သူမှတ်တုံး။ တခြားသူတွေ မဟုတ်ဘူးဟေ့၊ လွန်ခဲ့တဲ့တစ်လလောက်က ဦးသာအေးထန်းရည်တဲမှာ စကားများပြီး ဦးချစ်တင်က ထန်းလျင်ဓားနဲ့ခုတ်လို့ သေသွားတဲ့ ဦးတုတ်ကြီးရယ်၊ နောက် တစ်ယောက်က ဟိုဘက် ခံတက်ကုန်း ရွာတောင်ဖျားက ဦးမြဒင်ရဲ့ မိန်းမ ကလေးမမွေးနိုင်ဘဲ မီးတွင်းထဲမှာသေသွားတဲ့ ဒေါ်ညွန့်တင် ဆိုတဲ့ မိန်းမကြီး ပဲကွ။ မင်းတို့သုံးကောင်ကို မျက်လုံးပြူးပြူး၊ လျှာတွဲလဲ၊ ပါးစပ်ပြဲပြဲနဲ့ကြည့်နေတာကွ။ ကောင်လေးတွေ ဘာလုပ်နေကြတာလဲ။ ဟိုသျှောင်ပေစူးနဲ့ ကောင်လေးက ငါ့အိမ်ရှေ့ရောက်ရင် ငမူးကြီး၊ အရက်သမားကြီးလို့ ငါ့ကိုအော်အော်ပြီး ထွက်ပြေးသွားတဲ့ မျက်ပြူး မဟုတ်လား။ အကြော်သည် ဒေါ်စိန်တင်ရဲ့သားလေ ဟင်းဟင်းဟင်းလို့ ငါ့ကို မေးနေသေးတယ် ဦးတုတ်ကြီးက။ သွားရည်များတောင်ကျလို့ဗျာ

"ဟာကွာ - ကြောက်ပါတယ်လို့ ဆို ပိုပြီးဖြခြောက်နေသေးတယ်။ တော်တော့ကွာ၊ တော်တော့။ မင်းကို ငါအရှုံးပေးပါတယ်။ မင်းခေါ်ထားတဲ့သူတွေကို သာ မြန်မြန်ပြန်ခိုင်းလိုက်ပါတော့ကွာ။ ကြောက်လည်းကြောက်ပါတယ်၊ ရှိကြီးခိုးပါရဲ့ ဆရာနီတွတ်ရယ်"

မျက်ပြူးနဲ့အတူ မဲတူနဲ့ ခွေးပုတို့ သုံးယောက်သား ပြောပြောဆိုဆို နီတွတ်ကို ရှိခိုးနေတာများ ပြားပြားဝပ်လို့။ နီတွတ်ကလည်း သူငယ်ချင်းတွေက ရှိခိုးတောင်းပန်နေလေတော့ တကယ့် ဂန္ဓိရဆရာကြီးပုံစံနဲ့ကန်တော့ခံပြီး ခွေးပုတို့ကို ပြောဖြစ်အောင် ထပ်ပြောလိုက်သေးတယ်။

"ဟကောင်တွေရ၊ ငါကလည်း ငါပဲကွ။ သူတို့ကို ခေါ်စ,ကတည်းက စားစရာတစ်ခုခုကျွေးမယ်လို့ အာမခံပြီးခေါ်ထားတာဆိုတော့ ရော့ - ခက်ကပြီပေါ့ ငါ့ကောင်တွေရ။ ဦးတုတ်ကြီးက စားပြီးသောက်ပြီးမှပြန်မယ်လို့ ပြောနေတာ။ စားစရာမကျွေးရင် မင်းတို့တစ်တွေရဲ့ အူတွေ၊ အသည်းတွေ၊ အသားတွေ၊ အရိုးတွေကို ဂျွတ်ဂျွတ်မြည်အောင် ဝါးစားမယ်တဲ့ကွ"

"ဟေ့ကောင် နီတွတ်- ဒါနောက် စရာကိစ္စ မဟုတ်ဘူးကွ၊ သေရေးရှင်ရေးကွ။ မင်းနောက်ချင်ရင် နေ့လယ်မှနောက်"

"အလကားစ,တာပါကွာ။ မင်းနဲ့ အလောင်းအစားလုပ်မယ် ဆိုကတည်းက ငါက ကြိုတင်စီမံချက်နဲ့ ဘကြီးချက်ဘို(လ်)ဆီက အမဲသားအတိုအစအရွက်တစ်ထုပ် ငါတောင်းထားပါတယ်ကွ ဟောဒီမှာ"

နီတွတ်က ပြောပြောဆိုဆို သူ့စားပွဲခုံအောက်က ဖက်ရွက်နဲ့ထုပ်ထားတဲ့ အမဲသားထုပ်ကို ယူပြပြီး-

"ရော့ ရော့- စားကြ၊ စားကြ။ စားပြီး အေးအေးဆေးဆေးပြန်ကြဟော့။ နောက် လိမ္မ ခင်ဗျားတို့ကို ဘူးပဲခေါ်လိုက်မယ်။ ဘယ်မှ ရှည်ရှည်ဝေးဝေး

www.burmeseclassic.com

မသွားနဲ့"

နိဗ္ဗိတ်က အဲဒီကိစ္စကို ဘယ်သူ့ကိုမှ ပြန်မပြောရဘူး။ ပြောရင် မင်းတို့ကို ဦးတုတ်ကြီး၊ ဒေါ်ညွန့်တင်တို့နဲ့ တိုင်ပြောမှာလို့လည်း ခြိမ်းခြောက်ထားတော့ ခွေးပုရယ်၊ မျက်ပြူးရယ်၊ မဲတူရယ်က ပါးစပ်ဟ,ပြီး အသံထွက်ပြောဖို့နေနေသာသာ အမြီးရော နားရွက်ပါ မလှုပ်ရဲဘူးဟ။ အဲဒီလောက် ဆရာကြီးနိဗ္ဗိတ်က မီးသေတာ။ ဘုန်းကြီးနဲ့ ဦးပဉ္စင်းတွေ အတွက် ယာဂုကျိုခိုင်းလို့ တော်တော့တယ်။ ယာဂုအိုးကြီးလည်းကျက်ရော ဘုန်းကြီးနဲ့ဦးပဉ္စင်းတွေ အရက်ဆွမ်း၊ ယာဂုဆွမ်းဘုဉ်းပေးဖို့ အချိန်လည်းရောက်ရော.. တော်ပါသေးရဲ့ကွာ၊ ယာဂုမကျိုရဘဲ ဆွမ်းချက်ရလို့။ ဆွမ်းအိုးကြီး ပျော်ဘူးမနပ်ဖြစ်အောင်လုပ်တဲ့ ဂမ္ဘီရဆရာကြီး နိဗ္ဗိတ်နဲ့အတူ ငါတို့လည်း ဘုန်းကြီးကြိမ်လုံးနဲ့ နှစ်ပါးသားရမှာ အသေအချာပဲ အူဝဲရ"

ဘဒ္ဒေးသိန်းလွင်က ပြောပြပြီး ဘဒ္ဒေး လုပ်နေကျ စတိုင်(လ်)အတိုင်း အေးစက်စက် ရေနွေးပန်းကန်ကို ဆတ်ခနဲယူပြီး မော့သောက်လိုက်တယ်။ 'အဟမ်း အဟမ်း' ဆိုပြီး-

"ကဲ- ဒီအဖြစ်ကလည်း ငါ့ကိုယ်တွေ့ထဲက အပိုင်း(၂)လို့ ပြောရမှာပေါ့ကွာ။ အဲဒီနေ့က ဝါခေါင်လကွယ်နေ့ဆိုတော့ တို့ရွာပတ်ဝန်းကျင်အားလုံး မိုးမိုးမှောင်မှောင် မဲမဲသဲသဲပဲပေါ့ အူဝဲရေ။ ငါတို့ဘုန်းကြီးကျောင်းသားတွေထဲမှာ ရေသာခိုတဲ့ကောင်တော့မရှိဘူး။ ဒါပေမယ့် တစ်ခါတစ်ရံ စုန်းပြူးလေးတော့ ပါလာသေးတာဟ။ ငါတို့လေးယောက်အဖွဲ့ထဲက အောင်ဘုက စုန်းပြူး။ ခါတိုင်း အပတ်တွေဆို အားလုံး တက်ညီလက်ညီလုပ်ကြတော့ တစ်ယောက်တစ်လက် (၁၅) မိနစ်၊ နာရီဝက် နှပ်လို့ရတယ်။ ဒီတစ်ပတ်တော့ ဒီကောင် အောင်ဘုက ခါးနာတာလိုလို၊ ခေါင်းကိုက်တာလိုလို နဲ့ ခွေနေတော့ လိုတဲ့ သူ့နေရာကို ကျန်တဲ့သုံးယောက်က ကြုံကြုံသလို လှည့်ဝင်နေရသေးတာရယ်။ ဒီကောင် မခွေခင်က မနေ့ည ရွာထဲမှာ ဦးသောင်းဒီတို့အိမ်က တရုတ်တစ္ဆေကားအကြောင်းပြောနေသေးတာ။ အောင်မယ် - ဒီကောင် အောင်ဘုက အာပေါင်အာရင်းသန်သန် ခြွေဟန်လက်ဟန်နဲ့ သရုပ်ဆောင်ပြလိုက်သေးတာရယ်။ တရုတ်တစ္ဆေကားအကြောင်းပြောလည်းပြီးရော ခေါင်းကိုက်တာ၊ ဖင်နာတာဖြစ်လို့ စုန်းပြူးဝင်ပူးပြီး ရေသာခိုပါလေရောဗျာ။ ကျန်တဲ့ ငါတို့သုံးယောက်က တက်ညီလက်ညီနဲ့ အရက်ဆွမ်းအိမ် အလုပ်လုပ်ကြရုံပဲ ရှိတော့တာပေါ့ကွာ။ ဘာတတ်နိုင်မှာတဲ့လဲ အူဝဲရာ၊ စိတ်ရှည်ရှည်ထားရတော့မှာပေါ့။ ဘုန်းကြီးကလည်း ငါတို့ဘုန်းကြီးကျောင်းသား (၁၂) ယောက်ကို တစ်လတစ်ခါ ဆုပေး၊ ဒဏ်ပေးစနစ်ကျင့်သုံးတာဆိုတော့ တစ်ဖွဲ့နဲ့တစ်ဖွဲ့က အပြိုင်အဆိုင် ကြိုးစားလုပ်ကြတာပေါ့။ ဒီနေ့လည်း အောင်ဘုက သူရေသာမခိုခင် ငါတို့အကြိုက် ဗီဒီယိုဇာတ်ကားတစ်ထုပ်ပြောပြပြီး အခွင့်အရေးယူသွားတာလေ။ ဒီကောင်က ဆယ်ခါရံတစ်ခါဆို သလို တစ်လလုံးမှာ သုံး၊ လေးရက်လောက်တော့ ဒီလိုမျိုး ရေသာခိုတတ်တယ်။ ဘိန်းစားများလိုပေါ့ အူဝဲရာ။ ကျန်တဲ့ရက်တွေမှာဆို ခိုင်းစရာမလိုဘူး။ ငါတို့သုံးယောက်စာကို ဒီကောင်တစ်ယောက်တည်း အကုန်သိမ်းကျုံးလုပ်သွားတာဆိုတော့ (၇) နှစ်၊ (၈) နှစ်သားကတည်းက ဘုန်းကြီးကျောင်းမှာ လက်ရည်တစ်ပြင်တည်း အတူစားသောက်ပြီး ကြမ်းတစ်ပြင်တည်းအိပ်၊ ဘုန်းကြီးစာအတူသင်လာတဲ့ အချစ်ဆုံးသူငယ်ချင်းတွေဆိုတော့ ကျန်တဲ့ သုံးယောက်ကလည်း နားလည်မှုပေးရတော့တာပေါ့ အူဝဲရေ။ ဒါကလည်း လူကြီးတွေ နားလည်မှုပေးသလိုမျိုး တို့ကလေးတွေရဲ့ နားလည်မှုမျိုးပေါ့ကွာ နော။

ပြောရဦးမယ်။ အောင်ဘုက ရေသာမခိုခင် တရုတ်တစ္ဆေဇာတ်ထုပ်ကို ပြောပြီး ပါးစပ်အငြိမ်မနေဘဲ ငါတို့သုံးယောက်ကြောက်အောင်လို့ စ,နောက်နေသေးတာရယ်။

"ဟေ့ကောင်တွေ - ငါမနှပ်ခင် ပြောထားရဦးမယ်။ သတိတော့ထားပေါ့နော်။ အဲဒီ တရုတ်တစ္ဆေကားထုပ်ထဲက တုစ္ဆေမင်းသမီးလေးကို ငါနဲ့လိုက်ခဲ့ဖို့ ခေါ်လာခဲ့တယ်နော်။ဒီဘုန်းကြီးကျောင်းအဝင်နားလေးကျမှ ပျောက်သွားတာ။ ငါ့နောက် လိုက်တော့လိုက်ခဲ့တယ်ကွ။ တကယ်လို့ မင်းတို့နဲ့ တွေ့ရင်လည်း ထမင်းကျန်ဟင်းကျန်လေး ကျွေးထားပေါ့ကွာ။ ငါအိပ်ရာနိုးမှ ကြည့်စီစဉ်လိုက်မယ်၊ ကြားလား ချစ်တီး

ပြောပြောဆိုဆိုနဲ့ စောင်ခေါင်းမြီးခြုံပြီး နှပ်နေတယ်။

ငါတို့က ကြောက်တတ်တဲ့ကောင်တွေမှန်းသိတော့ ဖြဲခြောက်တာလည်း ပါတာပေါ့။ ချစ်လို့စ,တာလည်း ပါတာပေါ့ကွာ။ ဒါပေမယ့် စ,မှန်းနောက်မှန်းသိလို့ မကြောက်ချင်ပေမယ့် လူက မကြောက်၊ စိတ်က ကြောက်သလိုလိုရှိသား ငါ့ကောင်ရေ။ ကလေးအတွေးနဲ့ တွေးပြီး စဉ်းစားကြည့်မိတော့ အဲဒီအရွယ်တုန်းက ပြောပါတယ်။

"အင်း - ဒီကောင် အောင်ဘုက တို့ကြောက်အောင်လို့ ခြောက်ပေမယ့် တကယ်တော့ ဘာကြောက်စရာရှိလို့လဲကွာ။ မင်းတို့စဉ်းစားကြည့်မိကြရဲ့လား။ ဒီကောင်ပြောတဲ့စကားတွေက ဗီဒီယိုထဲကအရုပ်မကို ခေါ်လာသတဲ့ကွာ။ ဗီဒီယိုထဲက တရုတ်တစ္ဆေမင်းသမီးက အပြင်ကို ဘယ်လိုလုပ်ပြီး ဒီအောင်ဘုနောက်လိုက်နိုင်မှာလဲလို့။ ယုတ္တိယုတ္တာမရှိတာကိုများ စ,စရာနောက်စရာလုပ်ပြီး ပြောနေသေးကွာ။ အလကားး အောင်ဘု။ ဗီဒီယိုထဲက မဟုတ်ဘဲ ရွာထဲကတို့၊ သချိုင်းကုန်းကတို့၊ အသုဘအိမ်ကတို့ဆို ထားပါတော့။ အခုတော့ ဗီဒီယိုထဲက အရုပ်မကိုမျှား ငါတို့က ကြောက်ရမှာတဲ့လားကွာ။ လိုက်လာရဲ့ လာကြည့်ပေါ့။ ကြွက်နိ်အကြောင်း ပြလိုက်ရသေးတာပေါ့။ တစ်ပွဲတစ်လမ်း အကဲစမ်းကြမယ်ကွာ။ ဟုတ်ရဲ့လား ခေါင်းကြီးရာ ဟားဟားဟား"

လို့ ကြွက်နီပြောတဲ့ မကြောက်တရားကို ချစ်တီးနဲ့ခေါင်းကြီးက သေသေချာချာ နားထောင်ကြည့်လိုက်တော့ ကြွက်နီရဲ့အသံက ရွာထဲက လမင်းအေးဗီဒီယိုရုံမှာ ဇာတ်ကားထုပ်ပြတဲ့အသံကြီးလို အက်(စ်)ကိုးသံ ဆိုလား မသိဘူး၊ တုန်တုန်ချည်ချည်အသံကြီးကွ။ ဘာပဲပြောပြော ကြွက်နီရဲ့ မကြောက်တရားသံကြားပြီး ငါမကြောက်ဘူးလို့ ကိုယ့်ကိုယ်ကိုယ် အားတင်းရတာပေါ့ကွာ။ အရုပ်မကို ဘာကြောက်စရာရှိလို့လဲလို့ အသိတရားက မကြောက်ပေမယ့် ငါတို့ရဲ့အတွင်းစိတ်၊ မသိစိတ်က ဇောခွေးတော့ နည်းနည်းစို့နေတာပေါ့ အူဝဲရာ။ ထားလိုက်ပါတော့။

အဲဒီလိုနဲ့ ငါတို့လည်း ဆွမ်းချက်ဖို့ပြင်ကြ၊ ရေနွေးအိုးတည်ဖို့ မီးမွှေးကြနဲ့ အလုပ်ရှုပ်နေတာနဲ့ပဲ အဲဒီ တရုတ်မင်းသမီး အရုပ်တစ္ဆေမ လိုက်လာမယ်ဆိုတာ မေ့နေပါရောဗျော့။ ဘယ်အချိန်မှ သတိရသလဲဆို လေမတိုက်ပါဘဲ မီးဖိုဆောင်ပြတင်းပေါက်က မပြောမဆို ဂျိမ်းခနဲ ပိတ်သွားတော့မှ ဟိုက်ခနဲဆို သူငယ်ချင်းသုံးယောက်သား ဖြုန်းခနဲ တရုတ်မင်းသမီး အရုပ်တစ္ဆေမကို သတိရတော့တယ်။ သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် တစ်ပြိုင်နက် လှည့်ကြည့်မိကြတယ်ကွ။ ချစ်တီးက ထင်းခွောင်းကိုင်၊ ခေါင်းကြီးက မီးညှပ်ကိုကိုင်၊ ငါက ထင်းခွဲတဲ့ဓားကြီးကို ပါးစပ်က အသံထွက် မတိုင်ပင်ဘဲ ပြင်

www.burmeseclassic.com

www.burmeseclassic.com

သွေးတိုးရောဂါတိုင်းရင်းဆေးကုခန်း

အနန္တောအနန္တငါးပါး ဦးထိပ်ထားလျက် သွေးတိုးရောဂါ တိုင်းရင်းဆေးကုခန်းကို ၁၃၇၂ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှ စတင်၍ ဖွင့်လှစ်လိုက်ပါပြီ။ အနာရောဂါဘေးမဲ့ ကင်းဝေးကြစေကြောင်း နိမိတ်ကောင်းယူလိုက်ခြင်း ဖြစ်ပါသည်။

ဆရာသည် ၁၉၆၃ ခုနှစ်က အစိုးရတိုင်းရင်းဆေးဆရာစာမေးပွဲ(ဒ.ဘ.ဇ)ကို အောင်မြင်ပြီး မြန်မာဆေး၊ အင်္ဂလိပ်ဆေး၊ ဂျာမန်ဟိုမိုပက်သီဆေးတို့ဖြင့် နယ်လှည့်ဆေးကုခဲ့ပါသည်။ မီးယပ်၊ ဒူလာ၊ သူငယ်နာ၊ ရောဂါစုံကုတာပါ။

နယ်လှည့်ဆေးကုသက်(၁၇)နှစ်အရာတွင် ၁၉၈၀ပြည့်နှစ် ပခုက္ကူမြို့၊ မြို့ပတ်လမ်းနှင့် မြိုင်လမ်းတို့တွင် ဆေးခန်းဖွင့်၍ ကုသပေးခဲ့ပါသည်။

ယခုအခါ ဆေးကုသက် (၄၇)နှစ်၊ ဆရာအသက် (၇၂)နှစ် သမားအိုဘဝဖြင့် ရန်ကုန်မြို့၏ တောင်ဒဂုံမြို့သစ်တွင် တိုင်းရင်းဆေးကိုးခန်း ဟိုးမြင့် ဖွင့်လှစ်နိုင်ပါပြီ။ တိုင်းရင်းဆေးနှင့်သင့်လျော်သည့် ရောဂါမျိုးစုံ ကုပေးမှာပါ။ သို့သော် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါတို့ကို အထူး ဦးစားပေးကုဖို့ ဆေးဝါးများ (Special) စီစဉ်ထားပြီး ဖြစ်ပါသည်။

သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါတို့သည် နက်နဲခက်ခဲလှပါသည်။ ပျောက်နိုင်ခဲလှသည်။ အခြေခံ ဓာတ်ကြီးလေးပါး ဖောက်ပြန်၍ ဖြစ်ရသောရောဂါများ ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာသည်လည်း အခြေခံဓာတ်ကြီးလေးပါးကို အခြေခံသော ဆေးပညာဖြစ်၍ အနာနှင့်ဆေး ကိုက်ညီနေပါသည်။ အပ်စပ်နေပါသည်။

သို့ပါ၍ အခြေခံသဘာဝကျကျ ကုသမှုခံယူလိုသူများ ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်မန္တကပြုအပ်ပါသည် ခင်ဗျား။

ဆရာကြီးဦးအောင်သန်း(ပါဒိကရဏ)
(B.A) (၁-ဘ-၀) တ-ဆ-၀၂၄၅
၂၀(က)ရပ်ကွက်၊ လှော်ကားလမ်း၊ တ/ဒဂုံ၊ ရန်ကုန်မြို့။(ဘုန်းကြီးကွေ့မှတ်တိုင်အလွန်)

တူကောက်ကိုင်ကြတာပေါ့ အူဝဲရာ။ ဝင်လာရဲလာကြည့်၊ သုံးယောက်သား ပြိုင်တူ ရိုက်ကြမယ်ပေါ်လို့ လက်တံပြင်ပြင်နဲ့ ပြတင်းပေါက်ကို စောင့်ကြည့်နေကြတယ်။ တော်တော်ကြာကြာထိ မီးဖို့ဆောင်ထဲမှာ တိတ်ဆိတ်နေတယ်။ ဝင်လာမယ့် ခြေသံကိုလည်း သုံးယောက်သား နားစွင့်နေကြတာ။ ပြတင်းပေါက်ကလည်း ပြန်ပွင့်မသွားဘူး။ ပိတ်မြဲပိတ်နေတယ်။

ဒီတော့ ခေါင်းကြီးကို ပြတင်းပေါက်ဖွင့်ဖို့ ခေါင်းဆတ်ပြလိုက်တော့ ခေါင်းကြီးက ခေါင်းခါတယ်။ မသွားရဲဘူး ဆိုတဲ့သဘောပေါ့။ ငါနဲ့ခေါင်းကြီးကလည်း ကြွက်နီဘက် လှမ်းကြည့်ပြီး ပြတင်းပေါက်ဖွင့်ဖို့ မေးငေါ့ပြလိုက်တာ ဒီကောင်ကြွက်နီလည်း ကြောက်ကြောက်လန့်လန့်နဲ့ နောက်ကိုခြေတစ်လှမ်းဆုတ်သွားလိုက်သေးဗျာ။ တကယ့်ဗန္ဓလသတ္တိအပြည့်နဲ့ပေါ့ကွာ။ အဲဒီအခိုက် တိတ်ဆိတ်နေတာများ ရေနွေးအိုးပွက်သံ၊ ပုစဉ်းရင်ကွဲအော်သံတွေ၊ အိမ်မြှောင်စုတ်ထိုးသံတွေများ ကြားချင်လို့မကြားရဘူးပေ့ာ့။ ဖြစ်ပုံများပြောပါတယ်၊ တကယ် တကယ်။

ဒါနဲ့ ချစ်တီးကို ပြတင်းပေါက်သွားဖွင့်ဖို့ မျက်နှာရိပ်မျက်နှာကဲနဲ့ မျက်စပစ်ပြလိုက်တယ်။ ချစ်တီးက မျက်လုံးပြူးပြတယ်၊ မဖွင့်ရဲဘူးပေါ့။ သူကြည့်လိုက်၊ ကိုယ့်ကြည့်လိုက်နဲ့ အဲဒီလို အကြာကြီးတိတ်ဆိတ်နေတာကို သည်းမခံနိုင်တဲ့ငါက လက်ထဲက ထင်းခွဲတဲ့ဓားမတို့ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ခြေတစ်လှမ်းချင်း၊ တစ်လှမ်းချင်း ဖြည်းဖြည်းလှမ်းပြီး ပြတင်းပေါက်ကို ဖွင့်မလို့ လုပ်တုန်း ပြတင်းပေါက်က ရုတ်တရက် ပွင့်သွားတော့ ငါလည်း ဒိန်းခနဲ လန့်ဖျပ်ပြီး သတိလစ်သွားလိုက်တာ ဟိုမှီးကောင်းကင်ပေါ်မှာ ပျံဝဲပြီး ပြေးလိုက်၊ တောတွေတောင်တွေပေါ် ပြေးတက်လိုက်နဲ့ ငါ့နောက်က ဘာကောင်လိုက်လာလို့ ပြေးရမှန်းလဲ မသိဘူးဟေ့။ နောက်လှည့်ကြည့်တော့လည်း ဘာမှမတွေ့ဘူး။ ဒါပေမယ့် ငါကပြေးနေရတာကွ။ မော့လိုက်တာများ ဟောဟဲလိုက်ပြီး လျှာထွက်လို့။ တကယ်၊ တကယ်။ ဘယ်နေရာခိုလို့ ဘယ်နေရာပုန်းရမှန်းလဲ မသိ။ လူလိုလို၊ သတ္တဝါလိုလိုတွေကလည်း နေရာအနဲ့ အပြည့်အလျှဲပဲကွ။ တောထဲကအထွက် ဆည်းလည်းသံနဲ့ ငါ့နောမည်ခေါ်တဲ့အသံကို တစ်ပြိုင်နက်ကြားရတော့မှ ငါလည်း ငါ့နောမည်ခေါ်တဲ့အသံကြားရတဲ့နေရာကို လိုက်ရှာရင်း ပြန်သတိရလဲတာပဲဟေ့။ ငါ့ဘေးနားမှာလည်း အဘရော၊ အစ်မရော သူငယ်ချင်းတွေပါ ဝိုင်းပြီး ငါ့နောမည်ခေါ်တဲ့သူကခေါ်၊ ယပ်ခတ်ပေးတဲ့သူကပေး၊ ခြေမ, လက်မ ချိုးဖဲ့ နှိပ်နယ်ပေးတဲ့သူကပေးနဲ့ ဘုန်းကြီးတွေ၊ ဦးပဉ္စင်းတွေ နေ့ဆွမ်းစားပြီးတဲ့အချိန်လောက်အထိ ဘုရားခန်းထဲမှာ စန့်စန့်ကြီးလဲနေတာဗျ။ ပါးစပ်ကလည်း ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတဲ့။

အဲဒီနေ့ကစပြီး ငါလည်း ဘုန်းကြီးကျောင်းကနေ အိမ်ကိုအပြီးပြန်မယ်ဆိုတော့ ဘုန်းကြီးက ခွင့်ပြုတယ်။ ဘာအကြောင်းညာအကြောင်းတွေ ငါ့ကို မမေးတော့ဘူး။ ငါလည်း ကိုယ့်အဝတ်အစားယူ၊ ဘုန်းကြီးကို ဝတ်ချကန်တော့ပြီး အဘနဲ့ အစ်မတို့နဲ့အတူ အိမ်ကို အပြီးပြန်လိုက်လာတာပဲကွ အူဝဲရ။ ငါကလည်းငါ၊ သူရဲဘောကြောင်တဲ့ ဒီအကြောင်းတွေကို လူသိရှင်ကြား ဘယ်သူကိုမှ မပြောခဲ့ဘူး။ ခု (၉၉) ယောက်မြောက်ပြောပြီး မင်းတစ်ယောက်ကိုပဲ ငါပြောတာကွ ဟေ့ကောင် အူဝဲရ၊ မှတ်ထား"

သော်ဇာအောင်
(လှေကားတောင်)

www.burmeseclassic.com

www.burmeseclassic.com

ရွှေချိုင်ဇေယျ
(ဆားလင်းကြီး)

ကြင်ဖော်လက်တွဲ ခြေစေလို

အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုး၊ အချက်မပိုင်လျှင်၊ နောင်ပြန်ရန် ခက်သည့်အမျိုး။

၁။ ဘုရားစေတီပုထိုးတည်ထား ကိုးကွယ်ခြင်း၊

၂။ ခန္ဓာကိုယ်အရေပြားတွင် ဆေးမင်ကြောင်အရုပ်အမျိုးမျိုးထိုးခြင်း၊

၃။ အိမ်ထောင်ပြုခြင်း

ဆိုသောကိစ္စသုံးရပ်သည် ပြုလုပ်ပြီးကာမှ တစ်ဖန် မကြိုက်မနှစ်သက်၍ ပြန်လည် ပြုပြင်ရန် ခက်ခဲသောအရာများ ဖြစ်၏။

ဘုရားစေတီပုထိုး တည်ထားကိုးကွယ်ရာဝယ် တည်ဆောက်ဆဲကာလမှာ အကောင်းမွန်ဆုံး၊ အပြစ်အနာအဆာ ကင်းစင်ဆုံးဖြစ်အောင် စိတ်ကြိုက်ပြုပြင် တည်ဆောက်ရမည်။ ဂရုတစိုက် တည်ထားရပါမည်။ ပြီးဆုံးသည့်အခါမှ ဘယ်နေရာက ဘာဖြစ်တယ်ညာဖြစ်တယ် ဆိုပြီး ပြန်လည် ဖြိုချပြုပြင်လို့ မလွယ်ကူတော့ပါ။

စေတီပုထိုး ဆိုသည်မှာ အတုမရှိသောမြတ်ဗုဒ္ဓ၏ ဂုဏ်တော်များကို ရည်မှန်းပြီး တည်ထားသော ဥဒ္ဒိဿစေတီတော်မြတ် ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အလေးဂရုပြုရန် တည်ခြင်းဖြစ်၍ ခုတစ်မျိုး၊ တော်ကြာတစ်မျိုး မလုပ်သင့်သောအရာ ဖြစ်သည်။ ချွတ်ယွင်းချက် တစ်စုံတစ်ရာဖြစ်နေလျှင် ပြန်လည် ဖြိုချရန်လည်းခက်၊ ဒီအတိုင်းထား၍လည်းမသင့် ဖြစ်တတ်သည်။ ထို့ကြောင့် အစကတည်းက ပြည့်စုံနိုင်သမျှ ပြည့်စုံအောင်၊ ချွတ်ယွင်းချက်ကင်းနိုင်သမျှကင်းအောင်၊ ကောင်းနိုင်သမျှ ကောင်းအောင် တည်ထားရမည် ဖြစ်သည်။

ဆေးမင်ကြောင်ထိုးသောကိစ္စမှာလည်း ထို့အတူ ပြန်လည်ပြုပြင်ရန် ခက်ခဲသောကိစ္စတစ်ရပ် ဖြစ်သည်။ အသားရေပေါ်မှာ စွဲထင်သွားအောင် ပြုလုပ်ထားသည်ဖြစ်၍ မနှစ်သက်သောအခါမှ ရေနှင့်ဆေးကြောပစ်၍မရနိုင်။ အသားကို လှီးထုတ်ပစ်ရအောင်လည်း မလွယ်ကူ။ အခက်တွေ့ရတတ်သည်။ တစ်ခါက မိတ်ဆွေတစ်ယောက်သည် နဂါးရုပ်ကို ညာဘက်လက်မောင်းတွင် ဆေးမင်ကြောင်ထိုးထား၏။ သူ့ကိုယ်သူလည်း အဟုတ်ကြီးထင်မှတ်နေသည်။ အကျီဝတ်လိုက်သည့်အခါ နဂါးရုပ်ကို ဖုံးလွှမ်းသွား၍လည်း အခက်ဖြစ်စရာမရှိပါ။ ထိုအရုပ်သည် နှစ်ပေါင်းများစွာ သူ့လက်မောင်းမှာ ပျော်မွေ့နေခဲ့သည်။

တစ်နေ့ ဒုလ္လဘရဟန်းဝတ်သောအခါ ထိုနဂါးရုပ်မှာ ထင်ထင်ရှားရှားကြီးပေါ်လွင်နေ၏။ ရဟန်းဝတ်နှင့် တင့်တယ်နေရမည် ဖြစ်သော်လည်း နဂါးရုပ်ကြောင့် မတင့်မတယ်ဖြစ်ရသည်။ တိုလူကပြောဒီလူကပြောနှင့် လူပျိုပေါက်အရွယ်က ထိုးထားသော နဂါးရုပ်မှာ သူ့ကို စိတ်အနှောင့်အယှက်ပေးလေတော့၏။ ရှက်လွန်းလှ၍ ဒုလ္လဘရဟန်းဘဝမှာ (၉) ရက်ပင်မပြည့်ဘဲ ထွက်သွား၏။ မိတ်ဆွေ၏ ရင်ထဲမှာ ထိုအရုပ်ကို ဖျက်ပစ်လိုသောစိတ်သည် ကိန်းအောင်းသွားလေတော့၏။

တစ်ခါမှာတော့ ပွဲစေ့းတစ်ခုသွားရင်း ဆေးမင်ကြောင်ထိုးသောဆိုင်တွင် သူ့လက်မောင်းက နဂါးရုပ်ကို ပြန်ဖျက်လို့ ရ၊ မရ စုံစမ်းကြည့်၏။ ရနိုင်သည်ဆို၍ အားရဝမ်းသာဖြစ်သွား၏။ သို့နှင့် ဆေးဖြင့်ပေါက်ကာ ဖျက်လိုက်လေတော့၏။ ဖျက်ပေးလိုက်သောပုဂ္ဂိုလ်ကလည်း 'ဘာမှမပူနဲ့၊ တစ်ရက်, နှစ်ရက်နေရင် မူလအတိုင်း ပြန်ဖြစ်သွားလိမ့်မယ်' ဟု ပြောလိုက်၏။

ထိုပုဂ္ဂိုလ်ပြောလိုက်သော တစ်ရက်၊ နှစ်ရက်တင်မက သုံး, လေးရက်ရှိသည့်တိုင် မူလအတိုင်း မဖြစ်သည့်အပြင် အနာများပင် ဖြစ်လာ၏။ မူလနဂါးရုပ်အတိုင်း အနာသည် ကွင်း၍ကွက်၍ ဖြစ်နေ၏။ အလုပ်လည်းမသွားရဲ၊ ဟိုဆေးဒီဆေးလိမ်းကာ ကြိတ်၍ကုး၏။ လုံးဝမပျောက်။ ပို၍ပင်ဆိုးလာ၏။ တစ်ပတ်ခန့်ကြာသောအခါ မနေနိုင်တော့

www.burmeseclassic.com

www.burmeseclassic.com

၍ ဆေးခန်းသို့ ပြေးရ၏။ ဆရာဝန်၏ ပြစ်တင်ခြင်းကိုလည်း ခံရ၏။ လက်ပါ ဖြတ်ရန်ဒဏ်တယ်ဟု ခြိမ်းခြောက်တာကို လည်း ခံရ၏။ 'အခန့်မသင့်ရင် ကူးစက် ရောဂါပါ ရနိုင်တယ်။ နောက်ဒါမျိုး မလုပ်ပါနဲ့' ဟု ဆုံးမတာကိုလည်းခံရ လေ၏။ ထိုဆရာဝန်ကသပေး၍ အနာ များ ပျောက်ကင်းသွားသည်။ 'ဆေးမင် ကြောင်များလည်း မရှိတော့ပါ။ သို့သော် မူလနဂါးရုပ်ပုံစံအတိုင်း အနာရွတ်များ သည် ခွေလျက်၊ ခေါက်လျက်၊ အမောက် ထောင်လျက်ပင် ရှိနေပါတော့သည်။ ထို့ ကြောင့် ဤကိစ္စမျိုးကို အစကတည်းက ထိုးသင့်၊ မထိုးသင့် သေချာစဉ်းစား ဆင် ခြင်ပြီးမှ ပြုလုပ်သင့်၏။ ခဏတာမျော် ရွှင်မှု၊ မိုက်ရူးရဲဆန်မှုကြောင့် တစ်ဘဝ လုံး ဒုက္ခပင် လယ်ဝေတတ်၏။

အိမ်ထောင်ပြုသောကိစ္စမှာလည်း ပြန်လည်ပြုပြန်ရန် ခက်ခဲသောအရာထဲ မှာ အဓိကအခန်းကဏ္ဍမှာ ပါဝင်၏။ 'ဘယ့်ကြောင့် ဤအရာကျမှ အဓိကဖြစ် ရလေသနည်း။ စဉ်းစားကြည့်ပါ။ လူ တိုင်း ဘုရားတည်နိုင်ချင်မှ တည်နိုင် မည်။ ဆေးမင်ကြောင်လည်း ထိုးချင်မှ ထိုးကြပါမည်။ ဖိုနှင့်မ ပေါင်းစပ်ခြင်း သဘာဝကိုတော့ မည်သည့်သတ္တဝါမျှ လွန်ဆန်နိုင်ကြမည် မဟုတ်ပါ။ လွန်ဆန် ပါက သဘာဝလောကကြီးသည် ပျက် သုဉ်း ပျောက်ကွယ်သွားရပေလိမ့်မည်။ သဘာဝလောကကြီးကလည်း ဒီအတိုင်း ခရီးဆက်နေမည်။ ဖိုနှင့် မတို့လည်း ပေါင်းစည်းမြဲ ပေါင်းစည်းနေကြမည် ဖြစ်လေသည်။ ထို့အတွက်ကြောင့် အဓိ ကကျရသည်။

ရပ်ထဲရွာထဲမှာ မကြာခဏ လင် မယားရန်ဖြစ်သောကိစ္စ၊ ကွဲကြကွာ ကြသောကိစ္စ၊ ယောကျ်မနှင့် သမက်၊ ယောကျ်မနှင့်ချွေးမ အဆင်မပြေသော ကိစ္စတို့မှာ မကြာခဏဆိုသလို ကြားသိ နေရ၏။ 'အစကတည်းက အဆင်ပြေ မယ့်သူကို မရွေးချယ်ခဲ့၍လား၊ အချစ် မှာ မျက်စိမမှိ၍ အရွေးမှားခဲ့ကြလေ သလား မပြောတတ်ပေ။ လူနှစ်ယောက် တစ်ဘဝ၊ တစ်အိမ်ထောင် ပေါင်းစပ် ခြင်းသည် လွယ်ကူသောကိစ္စမဟုတ်ပေ။ တစ်ယောက်တည်းကိုပင် စိတ်သည် အခု တစ်မျိုး၊ တော်ကြာတစ်မျိုးနှင့် တည်ငြိမ် လှသည်မဟုတ်။ နှစ်ယောက် တစ်စိတ် တစ်ဝမ်းတည်းဖြစ်ဖို့ရာမှာ သာ၍မလွယ် ကူပါ။ တစ်ခါတလေ ဘေးလူတွေပင် ပါ လာတတ်သေး။

အဓိကကတော့ သေတစ်ပန်သက် တဆုံး ပေါင်းဖက်ကြမည့် ဇနီးမောင်နှံ နှစ်ဦးသည် စိတ်တူကိုယ်တူ ကြည်ဖြူဖို့၊ နားလည်မှုရှိဖို့ အထူးပင်လိုအပ်လှ၏။ အိမ်ထောင်ပြုပြီးမှ ပြန်လည်ကွဲကွာဖို့ရာ မှာ နှစ်ဦးနှစ်ဖက် ကောင်းမွန်သောကိစ္စ မဟုတ်။ အမျိုးသားထက်စာရင် အမျိုး သမီးက ပို၍ အရေးကြီး၏။ နစ်နာစရာ ရှိလျှင် ပို၍နစ်နာ၏။ ရွေးအခါက ဆို လျှင် သုံးနှစ်သုံးဝိုး လေ့လာပြီးမှ လက်ခံ ကြ၏။ ယခုခေတ်မှာတော့ ခုမြင်၊ ခု ကြိုက်၊ အခုယူ။ နောက်တော့ ခုပူ၊ ခု ရိုက်၊ ခုကွဲ၊ ခုပြဲ ဖြစ်လေတော့သည်။ ထို့ကြောင့် အချစ်မှာ မျက်စိမရှိလျှင် ရသော်လည်း အိမ်ထောင်ပြုကြတော့ မည်၊ နှစ်ယောက်တစ်ဘဝ ပေါင်းစပ် တော့မည်ဆိုလျှင်တော့ မျက်စိမရှိလို့ မရတော့ပေ။ ရွေးပညာရှိတို့သည် အိမ် ထောင်ဖက်ကောင်း ရွေးချယ်ရာမှာ 'ပါ သုံးပါ၊ ချာသုံးချာ၊ ကွာသုံးကွာ' ဆိုတဲ့ လူမျိုးကို ရှောင်ကြဉ်ရမည်ဟု ဆိုထား ၏။

ထို့တွင် ပါသုံးပါ ဆိုသည်မှာ-

၁။ အကြွေးတွေများစွာပါလာသူ၊

၂။ ရောဂါဘယပါလာသူ၊

၃။ အပိုစားမည့်သူပါလာသူများ ဖြစ် ၏။

မိမိလက်တွဲဖော်သည် အကြွေး များ ထူထပ်စွာပါလာပါက နှစ်ယောက် တစ်ဘဝ အကြင်နာခရီးလမ်း လျှောက် လှမ်းစကာလမှာ အခက်အခဲ အဟန့် အတားတစ်ခု ဖြစ်လာနိုင်၏။ ကြည်နူး ပျော်ရွှင်မှုတို့ ပျက်သုဉ်းရနိုင်၏။ အိမ် ထောင်ဦးကာလမှာ စီးပွားရေးသည် အခြေတကျ ဖြစ်ချင်မှဖြစ်ဦးမည်။ လို အပ်တာတွေ ဖြည့်ဆည်းဖို့အတွက် ငွေ ကြေးဥစ္စာသည် မဖြစ်မနေ လိုအပ်မည် သာ ဖြစ်၏။ လိုအပ်တာတွေဖြည့်ဆည်း ဖို့နေနေသာသာ အကြွေးတွေချည်း ရှာ ကြံဆပ်နေရလျှင် ဘယ်ကလာပြီး သာ ယာမှု ရရှိနိုင်တော့ပါမည်နည်း။ ထို့အ တွက် စဉ်းစားဆင်ခြင်ရမည် ဖြစ်၏။

ယခုခေတ်အခါသည် ရောဂါ ဘယ အလွန်ထူပြောသောကာလ ဖြစ် သလို လိုက်စားစရာအာရုံများကလည်း အလွန်ပင်ပေါလှ၏။ တော်ရုံတန်ရုံရော ဂါဆို တော်သေးသည်။ အနာကြီးရော ဂါကြီးဖြစ်ပါက ပျော်ရွှင်ရမည်ဟု ထင် ထားသော အိမ်ထောင်ရေးသည် ကြည် နူးစရာများ ဝေးသည်ထက်ဝေးနေမည် ဖြစ်၏။ အချို့ရောဂါတို့သည် နုစဉ်အခါ မှာ ရောဂါလက္ခဏာမပေါ်ဘဲ ကိုယ်ခံ အား ကျဆင်းလာမှသာ သိရ၏။ ကူးစက် ရောဂါမျိုးဖြစ်နေက နှစ်ယောက်စလုံး အတွက်သာမက ပဋိသန္ဓေအတွက်ပါ စိုးရိမ်ရ၏။ ထို့ကြောင့် မိမိချစ်သူ၊ လက် ထပ်မည့်သူသည် မည်သို့သောပုဂ္ဂိုလ်ဖြစ် နေပါစေ မျက်စိမှိတ်ယုံကြည်တာမျိုး မလုပ်ဘဲ ရောဂါဘယစစ်ဆေးပြီးမှသာ လက်ခံသင့်၏။

အပိုစားမည့်သူ ဆိုသည်မှာ အ ရေးမကြီးသလိုနှင့် အရေးပါသော သဘောရှိ၏။ ကြင်စဉ်ဦးကာလမှာ အစစ အရာရာ အဆင်မပြေလျှင် အပိုလူအ တွက် မလွယ်ကူလှပေ။ ဒါက ဖြေရှင်း မယ်ဆို ရနိုင်သေး၏။ အပိုလူသည် အပို ပြောလေ့ရှိတတ်၏။ ဇနီးမောင်နှံနှစ်ဦး ကြားမှာ မီးပွားများ ကြဲချတတ်၏။ ငြိမ် သက်နေသော ရေပြင်မှာ ခဲလုံးများ ပစ် ချတတ်၏။ အပိုလူပါ၍ ကျွေးရမွေးရ တာကုသိုလ်ပင်ရသေး၏။ စားပြီးသောက် ပြီး ငြိမ်ငြိမ်နေလျှင် အကောင်းသား။ ဟို ပြောဒီပြော ဟိုနှောင့်ဒီနှောင့် လုပ်လာ လျှင်ကား အလကားနေ အကုသိုလ်များ ရနိုင်၏။ အပိုလူကြောင့် အိမ်ထောင်ရေး အဆင်မပြေဖြစ်ကြသည့်စုံတွဲများ များ စွာတွေ့ဖူး၏။ ထို့ကြောင့် သိတတ်မှ၊ နားလည်မှုမရှိသော အပိုလူများ မပါ လေကောင်းလေ ဖြစ်၏။

ထို့နောက် ချာသုံးချာ ဆိုသည် မှာ-

၁။ ပညာအရည်အချင်းနဲ့ချာသူ၊

၂။ အကျင့်စာရိတ္တနဲ့ချာသူ၊

၃။ အလုပ်အကိုင်နဲ့ချာသူ ဖြစ်၏။

ဘွဲ့ရပညာတတ်တစ်ယောက် မ ဟုတ်စေကာမူ စက်မှုလက်မှု၊ နှုတ်မှု ပညာရပ်တစ်ခုခုတော့ တတ်မြောက် ထားသင့်၏။ အိမ်ထောင်ပြုသည်ဖြစ် စေ၊ မပြုသည်ဖြစ်စေ လူဘဝလှုဋ္ဌာနမှာ သူတစ်ပါးထံ အောက်ကျို့မခံရအောင် သိသင့်သိထိုက်သော၊ တတ်သင့်တတ် ထိုက်သော ပညာရပ်တို့ကိုဖြင့် သိထား၊ တတ်ထားရပါမည်။ အထူးသဖြင့် အိမ် ထောင်ဦးစီးဖြစ်လာမည့် ယောကျ်ားတို့ မှာ အရည်အချင်း ညံ့ဖျင်းနုံချာသူများ မဖြစ်သင့်ပါ။ အိမ်ထောင်သည်ဘဝခရီး လမ်းသည် တစ်ခဏသာမဟုတ်သလို၊ နှစ်ယောက်တည်းသာ ပြီးဆုံးသွားမည် လည်း မဟုတ်ပေ။ သားတွေသမီးတွေ လည်း ရရှိလာဦးမည်ဖြစ်၏။ ထို့အတူ အိမ်ထောင်တစ်ခု၏ ပုံကိုင်ရှင်သည် အ ရည်အချင်း အသင့်စာင့်တော့ ရှိရပေ

www.burmeseclassic.com

မည်။ ပဲ့ကိုင်မှူ ညဲ့ဖျင်းလျှင် မြစ်ပြင်ကျယ်မှာ ချာလည်ချာလည်နှင့် ဟိုမရောက် ဒီမရောက် ဖြစ်တတ်လေ၏။

နောက်တစ်ချက် အဓိက အရေးကြီးသည်မှာ အကျင့်စာရိတ္တပင် ဖြစ်၏။ အခြားအရာတွေ ချို့ယွင်းချက် ရှိပါက ကြဖန်ဖြည့်ဆည်းလို့ ရနိုင်သေး၏။ အကျင့်စာရိတ္တညံ့ဖျင်းနေလျှင်ကား အိမ်ထောင်ရေး တာရှည်မခိုင်မြဲနိုင်သလို သည်းခံပေါင်းသင်း၍ မြဲနေလျှင်လည်း တစ်ဘဝလုံး ပူပင်သောကတို့ ပိုက်ထွေးထားရတတ်၏။ ထို့ထက်ပိုဆိုးသည်မှာ မိဘတို့၏ အကျင့်စာရိတ္တသည် သားသမီးများအပေါ် လွှမ်းမိုးပြီး မိဘကောင်းရင် သားသမီးလည်းကောင်းနိုင်၏။ မိဘညံ့လျှင်ညံ့သလို၊ ဆိုးလျှင်ဆိုးသလို သားသမီးတို့သည်လည်း ညံ့တတ်၊ ဆိုးတတ်လေ၏။ အချို့မိဘများမှာ မိမိသားသမီး မည်သို့ လိမ္မာယဉ်ကျေးအောင် ဆုံးမရမည်ပင် မသိပေ။ မိဘက အကျင့်စာရိတ္တကောင်းမွန်နေလျှင် အထူးတလည် ဆုံးမနေစရာမလို။ မိမိတို့နေသလို နေတတ်အောင်၊ ပြောသလို ပြောတတ်အောင် သင်ပြပေးရုံသာ ရှိ၏။ မိဘတို့ ကိုယ်တိုင် အကျင့်စာရိတ္တ ညံ့ဖျင်းနေသော် ဆုံးမလျှင်လည်း မထူးမခြားနားဖြစ်တတ်၏။ 'သားသမီးမကောင်း၊ မိဘခေါင်း' ဆိုသော စကားမှာ အလကား ဆိုထားသောစကားမဟုတ်ပေ။ အကျင့်စာရိတ္တ ကောင်းမွန်သူကို လက်ထပ်ပေါင်းသင်းပါမှ အိမ်ထောင်ရေး စိတ်အေးရနိုင်သလို ဘဝတစ်သက်တာအတွက်ပါ ကောင်းမွန်နိုင်မည် ဖြစ်လေ၏။

ယော်စဉ်က အတန်းဖက်စာထဲမှာ သင်ရသော ကုဋ္ဌ (၈၀) သူဌေးသားဟာ နောက်ဆုံး ဥစ္စာကုန်ခန်းပြီး ခွက်လက်စွဲတောင်းစားရတာ ဘာကြောင့်လဲဟု မေးလျှင် အဖြေကား သိပ်များများစားစားရှိမည် မဟုတ်ပါ။ ပစ္စည်းဥစ္စာကို သုံးရုံသုံး၊ ဖြုန်းရုံဖြုန်းတတ်၍သာ ဖြစ်၏။ မရှိသေးတဲ့ပစ္စည်းဥစ္စာကို ရှိလာအောင်၊ ရှိပြီးသား ပစ္စည်းဥစ္စာကို တိုးပွားအောင် လုပ်တတ်ကိုင်တတ်၊ ရှာတတ်ဖွေတတ် ရမည်ဖြစ်၏။ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ လုပ်သင့်လုပ်ထိုက်တာကို လုပ်တတ်ကိုင်တတ်ရမည် ဖြစ်၏။ အိမ်ထောင်ရေးပြေလည်ဖို့ဆိုသည်မှာ တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ကြင်နာတတ်ရုံနှင့်တော့ မရပါ။ စီးပွားဥစ္စာအထိုက်အလျောက်တော့ ပြည့်စုံရမည် ဖြစ်သည်။ အချစ်သည် ဆန်အိုးထဲ ဆန်ရောက်လာအောင် မစွမ်းဆောင်နိုင်သည်မှာ အသေအချာပင်ဖြစ်၏။ မလုပ်တတ်မကိုင်တတ်၊ စီးပွားဥစ္စာ မရှာဖွေတတ်လျှင် ကုဋ္ဌေ (၈၀) သူဌေးသားလို့ ဖြစ်သွားနိုင်၏။ စာရေးသူ၏ ခံယူချက်မှာ 'အပြောနှင့်မလုပ်ပါနှင့်၊ အလုပ်နှင့် ပြောပါ' ဟု ဖြစ်၏။ အချို့သည် ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်ဆိုပြီး လူရွှေ့သူရွှေ့ အလွန်ပင် ပြောတတ်၏။ တကယ်တမ်း ကျ ကြွက်စုတ်တစ်ကောင်ပင် ရအောင် မဖမ်းနိုင်ပေ။ ထိုသို့သော အပြောသမားများကို သတိထားရမည်ဖြစ်၏။ ဖြစ်နိုင်လျှင် မိမိရွေးချယ်ထားသောအိမ်ထောင်ဖက်သည် လက်ဆုပ်လက်ကိုင်ပြနိုင်သော အလုပ်တစ်ခုရှိထားပါက ပို၍ကောင်း၏။

နောက်ဆုံး ရှောင်ကြဉ်ရမည့် ကွာသုံးကွာ ဆိုသည်မှာ-

၁။ မိမိတိုင်းနိုင်ငံနှင့်လူမျိုးကွာခြားသူ၊
၂။ အယူဝါဒကွာခြားသူ၊
၃။ စိတ်သဘောထားကွာခြားသူများ ဖြစ်၏။

လူမျိုးမတူ၊ အယူဝါဒမတူ ကွဲပြားခြားနားခြင်းနှင့် ပတ်သက်၍ သိနေ၊ မြင်နေ၊ ကြားနေကြရသည်မို့ အထူးပြောဖို့ပင် လိုမည်မထင်ပါ။ ယခုအခါ စာရေးသူတို့ ဗုဒ္ဓဘာသာမြန်မာနိုင်ငံတွင် လူမျိုးခြား၊ ဘာသာခြားများမှာ အလွန်ပင် ပေါများလာပြီ ဖြစ်၏။ အထူးသဖြင့် ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးများမှာ ပို၍ သတိထားသင့်၏။ အားနာခြင်း၊ ယုံလွယ်ခြင်း၊ ပစ္စည်းဥစ္စာ မက်မောခြင်းတို့ဖြင့် လူမျိုးခြား၊ ဘာသာခြားကို ယူမှားမိက ယခုဘဝအတွက်သာမက နောင်သံသရာအတွက်ပါ ကံဆိုးမိုးမှောင်ကျနိုင်၏။ အထူးသဖြင့် မိမိအတွက် ထည့်မစဉ်းစားရင်တောင် မွေးဖွားလာမည့် မိမိသားသမီးများအတွက် လည်းကောင်း၊ မိဘဆွေမျိုးသားချင်းများအတွက် လည်းကောင်း၊အမျိုးဘာသာသာသနာအတွက်သော် လည်းကောင်း ထည့်သွင်းစဉ်းစားသင့်၏။ (ထိုအကြောင်းအရာများနှင့် ပတ်သက်၍ ဖိုးပညော - သပိတ်ကျင်းရေးသား ပြုစုသော 'မျက်ရည်မကျခင် သိစေချင်' နှင့် အခြားစာအုပ်များကို ရှာဖွေ ဖတ်ရှုကြပါရန် စာရေးသူအနေဖြင့် တိုက်တွန်းလိုပါသည်။)

စိတ်သဘောထားတူညီခြင်းသည်လည်း မဖြစ်မနေ လိုအပ်သော ကိစ္စတစ်ရပ် ဖြစ်၏။ မြတ်ဗုဒ္ဓဘုရားရှင်သည် နကုလပိတာနှင့် နကုလမာတာတို့ကို-

'အကြင်ဇနီးမောင်နှံနှစ်ဦးတို့သည် သမစိတ္တာ - တူမျှသောစိတ်ထားရှိပါမူ၊ သမသဒ္ဓါ- ယုံကြည်မှုသဒ္ဓါလည်း တူညီကြပါမူ၊ သမသီလာ - အလေ့အကျင့် (၀ါ) အကျင့်သီလချင်းလည်း တူညီကြပါမူ၊ သမစာဂါ- စွန့်ကြဲပေးကမ်းမှုလည်း တူညီကြပါမူ ထိုဇနီးမောင်နှံအစုံတို့သည် ယခုဘဝမှာသာမက နောင်ဘဝအဆက်ဆက်လည်း အကြောင်းဆက်လို့ ပေါင်းဖက်ကြရမည်'

ဟု ဟောတော်မူထားခဲ့၏။ အချစ်ခရီးလမ်းကို မငြိုးစတမ်း သေတစ်ပန်သက်တစ်ဆုံး နေချင်ကြလျှင် စိတ်တူကိုယ်တူကြည်ဖြူမယ့်သူကို ရွေးချယ်ရမည် ဖြစ်၏။ ထိုသို့မဟုတ်ဘဲ လင်ကတစ်မျိုး၊ မယားကတစ်ဖုံ၊ ကိုယ်ကအရှေ့ဆို၊ သူကအနောက်၊ သူတစ်လူငါတစ်မင်း သဘောထားချင်း မတိုက်ဆိုင်ကြလေသော် သက်ဆုံးတိုင်ပေါင်းရဖို့ မဖြစ်နိုင်။ အပြက်အပြက်နှင့် နှာခေါင်းကသွေးထွက်ကိန်းဆိုက်မည် ဖြစ်လေသည်။

'သူလည်းလေ လောကီသားပေမို့' ဆိုတဲ့ စကားလိုပင် လောကီလူသားတို့အတွက် သဘာဝအလျောက် ပေါင်းစပ်ကြခြင်းသည် အပြစ်တစ်ခုတော့ မဟုတ်ပေ။ သို့သော် ပြန်လည်ပြုပြင်ရန် ခက်ခဲသည့်သုံးမျိုးတွင် ပါဝင်နေသည့်အတွက်ကြောင့် အိမ်ထောင်ပြုရာမှာ-

'ပါသုံးပါ၊ ချာသုံးချာ၊ ကွာသုံးကွာ' ဟူသော အချက်များနှင့် လွတ်ကင်းအောင် ရွေးချယ်ကြရပါမည်။

သို့မှသာ သေတစ်ပန်သက်တစ်ဆုံး ပေါင်းဖက်ကြရမည့် ချစ်ခရီးလမ်းမှာ အိမ်ထောင်ရေးသုခနှင့်လည်း ပြည့်စုံမည်။ ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော ဘဝခရီးလမ်းလည်းဖြစ်မည်။ သာယာသော မိသားစုကမ္ဘာလေးကိုလည်း ပိုင်ဆိုင်ရမည်။

ဆက်လက်ပြီး စိတ်တူကိုယ်တူကြည်ဖြူစွာ ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှုတို့ကို ပြုလုပ်နိုင်ကြလျှင် ဘဝသံသရာအဆက်ဆက်မှာ ကောင်းမြတ်ခြင်းသုခအဖြာဖြာနှင့် အကြောင်းဆက်လို့ ပေါင်းဖက်နိုင်ကြမည် အမှန် ဖြစ်လေသည်။

စေတနာ မေတ္တာဖြင့်

ဒွေချိုင်ဇေယျ (ဆားသင်းကြီး)

www.burmeseclassic.com

www.burmeseclassic.com

(ကချင်မြေ)

ဒေသခံချုံးမြှုပ်နှံ

အိုမင်းခြင်းကိုနေးကွေးစေပြီး သက်တမ်းဝိုရှည်စေမည့်နည်းလမ်း

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာ

လူသတ္တဝါရယ်လို့ဖြစ်လာရင် မွေးဖွားကြီးပြင်း အရွယ်ရောက်လာပြီးနောက် အိုမင်းရင့်ရော် ပျက်စီးနေးကွေး ပြောင်းလဲလာတာကို ဘယ်တန်ခိုးရှင်ကမှ ကာကွယ် တားဆီးပေးနိုင်မှာ မဟုတ်ပါဘူး။ ဇီဝဗေဒပညာရှင်ကြီး ချားလ်စ်ဒါဝင်ကသတ္တဝါနဲ့ အပင်များဟာ မပြောင်းမလဲတည်မြဲနေတယ်လို့ မယူဆနိုင်ကြောင်း၊ ဆင့်ကဲပြောင်းလဲမှုရှိနေကြောင်း တင်ပြခဲ့ပေမယ့် တန်ခိုးရှင်ရဲ့ ဖန်ဆင်းမှုဖြင့် အသက်ရှင် ရပ်တည်နေကြရတာ ဖြစ်တယ်ဆိုတဲ့ ယုံကြည်မှုကို လက်ခံထားသူများကလည်း အများစုအဖြစ် ရှိကြလေရဲ့။ မည်သို့ပင်ဆိုစေကာမူ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ သဘောတရားကိုတော့ လွန်ဆန်နိုင်မှာ မဟုတ်ပါဘူး။

အရွယ်မတိုင်ခင် ဇရာမရောက်မီ ကြောက်မက်ဖွယ်ကောင်းတဲ့ ကူးစက်ရောဂါ အပါအဝင် ဘေးအန္တရာယ်အဖုံဖုံကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနဲ့ ဝေဒနာအမျိုးမျိုး စုပေါင်းခံစားနေကြရပြီး မရွှင်မလန်း စိတ်သောက ဗျာပါဒ အတိဒုက္ခပေါင်းစုံကြောင့် ငွေနှင့် အသက်ဆက် ရုန်းကန်ရှင်သန်နေကြသူများအတွက်ကတော့ သက်ရှိလူသေလို့ ခေါ်ရမလိုပါဘဲ။

ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝကို အနှုံးပေးသွားရပြီး အသေစောသူများရှိကြသလို ဇရာဆိုတဲ့ အိုခြင်းတရားကို နည်းလမ်းပေါင်းစုံနဲ့ အနှံတု တိုက်ပွဲဝင်သွားကာ လူသက်တမ်းရှည်အောင် ဆင်ခြင်နေထိုင်ကြသူတွေလည်း ရှိကြပါတယ်။ ဒီခေတ်အခါမှာ ကမ္ဘာ့လူသားများအတွက် ကျန်းမာရေးဗဟုသုတ ကျယ်ပြန့်လာတာ၊ အစွမ်းထက်တဲ့ဆေးဝါးများ အလုံအလောက် ထုတ်လုပ်လာနိုင်တာ၊ လူနေမှုအဆင့်အတန်း မြင့်မားလာတာ ရယ်နဲ့ ခေတ်မီ ဆေးရုံ၊ ဆေးခန်းတွေ တိုးတက် များပြား ကောင်းမွန်လာတာကြောင့် သက်တမ်းရှည် လူဦးရေ တစ်နေ့တခြား တိုးပွားနေတယ်လို့ ဆိုရမှာ ဖြစ်တယ်။

အချို့နိုင်ငံများမှာ သက်ပြည့်ပင်စင်အလုပ်ခွင်ကိုတောင် အသက်(၆၀) အထက် သတ်မှတ်နေကြပါပြီ။ နောင်အခါဆိုရင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာဆိုတဲ့ အိုခြင်းတရားကို အောင်နိုင်ကြပြီး လူသားတိုင်း အသက်တစ်ရာကျော် နေထိုင်နိုင်တဲ့၊ ခေတ်မီတိုးတက်တဲ့ ကမ္ဘာကြီးကို တည်ဆောက်သွားပါလိမ့်မယ်။

သက်ကြီးရွယ်အို

ဟိုးငယ်ငယ်တုန်းက စာသိပ်တော်တဲ့ ခင်မမ ဆိုတဲ့ ကောင်မလေး ဘာသာစုံ အမှတ်ကောင်းကောင်းနဲ့ အောင်တယ်။ ရည်ရွယ်ချက်ကြီးသူဖြစ်တာမို့ အလုပ်ရတော့ အရာရှိဖြစ်သွားတယ်။ ခေတ်မီတဲ့ အတွေးအခေါ်ရှိပြီး အလုပ်ကြိုးစားရင်း ရာထူးကြီးမှာ တာဝန် ထမ်းဆောင်ရပြန်တယ်။ အကယ်ဒမီရှုပ်ရှင်ကားကောင်းတွေကိုမှ ရွေးကြည့်တတ်ပြီး ကမ္ဘာကျော် Time မဂ္ဂဇင်းကိုဖတ်သူ။ အသက် (၆၀) အပျိုကြီး ဘဝနဲ့ အငြိမ်းစားယူပြီး ပြန်တွေ့ကြရတော့ ငယ်ငယ်တုန်းက တက်ကြွတဲ့ ငယ်မူငယ်သွေး တက်ကြွတဲ့ အရည်အသွေးတွေကို ရှာမတွေ့ရတော့ဘူး။ သာမန် အရပ်သူတစ်ယောက်လို ဖြစ်နေပါပြီ။ တက်ကြွ ဖျတ်လတ်တဲ့ ငယ်မူငယ်သွေးတွေကို ဇရာက ရုပ်သိမ်းသွားခံရတဲ့ လက္ခဏာတွေပါ။ ဒါကြောင့် ကြောက်စရာကောင်းတဲ့ ဇရာဆိုတဲ့ အိုမင်းခြင်းတရားတွေကို ဆွဲဆန့်နိုင်ဖို့ ကြိုးစားနေကြရတာ ဖြစ်ပါတယ်။

ခရစ်နှစ် ၂၀၆၀ မတိုင်မီ တစ်ကမ္ဘာလုံးမှာ အသက် (၆၀) အထက် သက်ကြီးလူဦးရေ သန်းနှစ်ထောင် အထက်ကို ကျော်တက်သွားလိမ့်မယ်ဆိုပြီး ပညာရှင်များက ခန့်မှန်းတွက်ချက်ထားတာရှိပါတယ်။ ဒါကြောင့် အသက် (၆၀) အထက် သက်ကြီးဦးရေက ကမ္ဘာ့လူဦးရေ စုစုပေါင်းရဲ့ ထက်ဝက်ဆိုတဲ့ ကိန်းဂဏန်းကိုဝင်ရောက်လာဖို့ ပမာဏနိဒါန်းပို့စ်လောတာဖြစ်တဲ့အကြောင်း ဟောကိန်းတွေထုတ်ထားကြပါတယ်။

တခြားတစ်ဖက်က ကြည့်ပြန်ရင်လည်း တဖြည်းဖြည်း ကြီးထွားလာမယ့် သက်ကြီးလူဦးရေကြောင့် နိုင်ငံတွေရဲ့ စီးပွားရေးကို ထိခိုက်လာနိုင်ပါတယ်။ ဒါကြောင့် အသက်ရှင်သူတိုင်း ကျန်းမာသန်စွမ်းပြီး နိုင်ငံ တိုးတက် ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းက တာဝန်ယူ အလုပ်လုပ်ကိုင်သူများဖြစ်ဖို့ရန် အထူး လိုအပ်ပါလိမ့်မယ်။

၂၀ ရာစုအတွင်းမှာ တီထွင်ရရှိထားတဲ့ ဆေးပညာ တိုးတက်အောင်မြင်မှုဆိုတာတွေကလည်း ၂၁ ရာစုအထဲကို ရောက်လာရင် ဆေးလောကရဲ့ အရက်ဦး ပဏာမအဆင့်မှာသာ ကျန်ရစ်ခဲ့မှာပါ။ ခေတ်သမားတော်ဆရာဝန်ကြီးများက Regenerative, Medicine ခေါ်တဲ့ စွမ်းအားသစ် ဖြည့်ဆည်းပေးနိုင်ပြီး အားသစ်လောင်းပေးကာ လူသစ် စိတ်သစ်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာစေမယ့် ဆေးကောင်းဝါးကောင်းတွေ ထုတ်လုပ်ပေးနိုင်ပါလိမ့်မယ်။

ထိုဆေးဝါးသစ်တွေရဲ့ စွမ်းဆောင်အကျိုးသက်ရောက်စေမှုကြောင့် တံ့ဆိုင်းလေးကန်လာနေတဲ့ သက်ကြီးတွေရဲ့ ဦးနှောက်ပိုင်းဆိုင်ရာ လှုပ်ရှားမှုမှန်သမျှကို ပြန်လည် ရှင်သန် အားကောင်း ထက်မြက်လာစေကာ သက်ကြီးရွယ်အိုများကို ကျန်းမာသန်စွမ်းပြီး အရာရာတိုင်းမှာ ပါဝင် စွမ်းဆောင်နိုင်သူများအဖြစ် တည်ဆောက်ပေးနိုင်ပါလိမ့်မယ်။ ဘာကြောင့်လဲ ဆိုတော့ လူဘဝတစ်ခုလုံးအတွက် ဦးနှောက်ပိုင်းဆိုင်ရာ ရှင်သန်နေမှုဟာ လွန်စွာ အရေးပါနေလို့ပဲ ဖြစ်ပါတယ်။

လူသက်တမ်း

ခေတ်ဆေးပညာရှင်များက ပျက်စီးယိုယွင်းသွားတဲ့ သက်ရှိလူသားများရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ပြန်လည် တည်ဆောက်ပေးပြီး အသက်ရှည်စေမယ့် နည်းလမ်းမျိုးစုံကို နေ့မအား၊ ည မအား နဲ့ ရှာဖွေသုတေသနပြုကြတာ အတော်အတန်အောင်မြင်ခရီးပေါက်နေပြီဖြစ်ပါတယ်။ နောင်အခါ ယခုထက်ပို ခေတ်မီ အစွမ်းထက်တဲ့ ဆေးဝါးနဲ့ ကုထုံးသစ်တွေ တွေ့ရှိလာကြကာ ခန္ဓာကိုယ် အစားထိုးကုသမှုများကို ရှေ့ဆောင်လာနိုင်ပါလိမ့်မယ်။ ဒီလိုနည်းသစ်တွေနဲ့ လူသက်တမ်းကို ပို့ရှည်လာအောင် ပြုပြင်ယူနိုင်မှာ မလွဲပါဘူး။

ပုံမှန် လုပ်ငန်း ဆောင်ရွက်မှု အားနည်းသွားတဲ့ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ် အစရှိတဲ့ ခန္ဓာအစိတ်အပိုင်းများကို တစ်စစီ အစားထိုးပြောင်းလဲ ကုသနိုင်လာတာနဲ့ သေခြင်းတရားကို အတိုင်းအတာတစ်ခုအထိ အချိန်ဆွဲဆန့်ထားနိုင်မှာ ဖြစ်တယ်။ ဒါ့အပြင် ကုသဖို့ ခက်ခဲ မျက်စိလည်နေတဲ့ ရောဂါဆန်းများကိုလည်း မဟာဗျူဟာသစ်တွေ ချမှတ် ကုသနိုင်ပြီး ပျောက်ကင်းချမ်းသာရစေနိုင်ပါလိမ့်မယ်။

လူသက်တမ်းဟာ ရှင်တော်မြတ် ဘုရားလက်ထက်တော်နဲ့ ယခု ၂၀ ရာစု ခေတ်ကာလအထိ ကြီးကြီးမားမား ကွာဟမှုမရှိဟုဆိုရမှာ ဖြစ်သော်လည်း ၂၁ ရာစုနှစ်များထဲမှာတော့ ထူးထူးခြားခြား ပြောင်းလဲ တိုးတက်လာရန် အကြောင်းရှိလာနိုင်ပါတယ်။ တောရောမြို့ပါ အသိပညာ ဗဟုသုတကျယ်ပြန့်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာလို့ ဆိုရမှာ ဖြစ်ပါတယ်။

၁၈ ရာစုနှစ်တွေမှာ လူသက်တမ်းကို ၆၀ ဝန်းကျင်ထဲ တွက်ချက်ခဲ့ကြပေမယ့် ၂၀ ရာစုရောက်လာတော့ ပျမ်းမျှ (၇၀)အထက် ရောက်လာ တွေ့ရပါလိမ့်မယ်။ ဒါပြင် အသက် (၉၀)၊(၁၀၀)အထိ နေထိုင်သွားနိုင်တဲ့ သက်ကြီးရွယ်အိုများ တစ်စတစ်စနဲ့ များပြားလာတာဟာ အသက်ရှည်လာခြင်းရဲ့ အဓိကဖြစ်တယ်လို့ ဆိုရမှာဖြစ်တယ်။ ဒါကြောင့်မို့ အချို့ ပညာရှင်များက လူသက်တမ်းဟာ (၁၂၀)ထက် ပို့ရှည်လာမယ့်အချိန် မဝေးတော့ဘူးလို့ ခန့်မှန်းထားကြတယ်။ လူသက်တမ်း ပို့ရှည်လာအောင် ဆွဲဆန့်နိုင်မယ့်နည်းလမ်းကတော့ အိုမင်ခြင်းကို နှေးကွေးသွားအောင် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

အစားအစာနှင့်လူသက်တမ်း

ဒီကနေ့ ကျန်းမာရေးလောကမှာ အစားအစာကို ပုံစံနဲ့ စနစ်တကျ စားသောက်ခြင်းနဲ့ အစာလျှော့စားခြင်းက နုပျိုကျန်းမာ အသက်ရှည်စေနိုင်တယ်ဆိုတဲ့အဆိုကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး သုတေသနပြုနေကြပါတယ် ဆိုပေမယ့် တကယ်တော့ ဝါးတားတားနဲ့ အဖြေမှန်မထွက်သေးဘူး။ နှစ်အတော်ကြာ စူးစမ်းလေ့လာရဦးမယ်လို့ဆိုတယ်။ အထောက်အထားတွေအရ ခိုင်မာတာကတော့ ကယ်လိုရီကို အတိုင်းအတာနဲ့ လျှော့ချပြီး မျှတစားသွားရင် အိုမင်းခြင်းကို နှောင့်နှေးကြန့်ကြာသွားစေနိုင်တယ်ဆိုတာပါပဲ။

ဒါပေမယ့် အစာလျှော့စားရမယ့် ကိစ္စတော့ လူနည်းစုအတွက်သာ သက်ရောက်စေနိုင်မှာဖြစ်ပေမယ့် လူများစုအတွက်ကတော့ ဖြစ်နိုင်မယ်မထင်ဘူး။ ဘာကြောင့်လဲဆိုတော့ လူတွေက စားရမယ့် အခွင့်အလမ်းသာကြရရင် ရောဂါရချင်ရပါစေ နောင်ခါလာ နောင်ခါစေးလက်လှမ်းမီတဲ့ စားကောင်းသောက်ဖွယ်များကို အလွန်အကျူး စားသောက်ကြမှာ သေချာတယ်။ ဆိုးကျိုးပွားစေနိုင်တဲ့ အရက်၊ ဆေးလိပ်၊ ကွမ်းယာနဲ့ မူးယစ်ဆေးဝါးတွေကိုတောင် ခုံမင်နေကြတာပဲ မဟုတ်ပါလား။

ယနေ့ ချမ်းသာကြွယ်ဝပြီး အစားကောင်းအသောက်ကောင်း စုံလင်လှတဲ့ နိုင်ငံကြီးတွေမှာ စားပြီးရင်း စားသောက်နေကြတာမို့ အဝလွန် ရောဂါဆိုးကြီး လွှမ်းမိုးလာကာ ရောဂါရနေသူများ ဒုနဲ့ဒေး အလွန် များပြားလာနေပါတယ်။ ရောဂါဘေးကျရောက်နိုင်တဲ့ အန္တရာယ်ကို အမြဲမပြတ် သတိပေးနေတဲ့ကြားက တ ဖြည်းဖြည်းဝသည်ထက် ဝလာကြတာ အခုဆိုရင် နိုင်ငံတိုင်းမှာလိုလို ပုံ့နံ့လာနေပါပြီ။ နောင်အခါ ဘာဆက်ဖြစ်လာမယ်ဆိုတာတောင် အတော့်ကိုတွေးရခက်ကြီးဖြစ်လို့နေပါပြီ။

ဒါကြောင့် ကျန်းမာအသက်ရှည်စွာ နေထိုင်သွားနိုင်ရေးအတွက် မျှော်လင့်ချက်ထားပြီး အစားအသောက်တွေကို နှစ်သိမ့်လျော့စားသွားမှာလား ဒါမှမဟုတ် အရသာခံပြီး တဝတပြဲ စားသောက်ခြင်းကို တွန်းအားပေးသွားမှာလား ဆိုတာကို စဉ်းစား ရွေးချယ်ရမှာ ဖြစ်တယ်။ လမ်းမှန်ကို ရွေးချယ်လိုက်နာနိုင်မယ် ဆိုရင်တော့ လူတိုင်း ကျန်းကျန်းမာမာနဲ့ အသက် (၁၀၀) ကျော် နေထိုင်နိုင်ပြီး နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်တဲ့ မျိုးဆက်သစ်တွေ ထွန်းကားလာမှာ သေချာပါတယ်။

ပညာရှင်များရဲ့အဆို

ရှေ့အလားအလာအနေနဲ့ ကျန်းမာပြီး အိုမင်းခြင်းနှေးကွေးသူတွေကို ရွေးချယ်ယူကာ အနာဂတ်ကာလ မျိုးဆက်သစ် သားသမီးတွေကို မွေးဖွားစေမယ်ဆိုရင် အိုမင်းခြင်းနှေးကွေးပြီး သက်တမ်း ပို့မို့ရှည်တဲ့ လူဘဝကို တည်ဆောက်ပေးနိုင်မယ်လို့ ပညာရှင်တို့က ဆိုကြတယ်။ ဒါပေမယ့် မသေချာတာက တစ်ခါတလေ အထင်နဲ့အမြင်လွဲတတ်ပြီး သဘာဝဖြစ်စဉ်နဲ့ကင်းကွာသွားတတ်တာမျိုးလည်းရှိတတ်ပါတယ်။ ဒါ့အပြင် စိစစ် ရွေးချယ်ပြီး သားသမီး မွေးဖွားခိုင်းတာဟာ လူယဉ်ကျေးမှုကို ဖိဆန်အနိုင်ကျင့်တဲ့ သဘောမျိုး သက်ရောက်သွားပါလိမ့်မယ်။ ဒါကြောင့် အိုမင်းခြင်းကို နှေးကွေးစေမယ့် နည်းသစ် မတွေ့ရှိမီ နည်းဟောင်းတွေနဲ့ ဆင်ခြင်နေထိုင်သွားရမှာ ဖြစ်တယ် ဆိုတဲ့ အကြောင်းအကြံပြု တင်ပြရပါတယ်။

ပန်းလို၊ စင်းလို၊ လမင်းလို
သာယာချမ်းမြေ့ကြပါစေ

အောင်ဘုန်းမြင့် (ကချင်မြေ)

www.burmeseclassic.com

www.burmeseclassic.com

မူလတန်းပြဆရာ ကိုခင်မောင်ဇော်သည် ဆရာ၊ ဆရာမများ နားနေခန်းပြတင်းပေါက်မှာရပ်လျက် ကျောင်းကစားကွင်းထဲတွင် လိပ်ပြာလေးများပမာ မြူးထူးပျော်ပါး ကစားနေကြသည့် ကလေးငယ်များကို ငေးမောကြည့်နေမိသည်။

"ဒေါင်ဒေါင်. . . ဒေါင်ဒေါင်. . . ဒေါင်ဒေါင်"

ကျောင်းတက် သံချောင်းခေါက်သည်နှင့် ကစားကွင်းတွင် ကစားနေကြသော ကျောင်းသား၊ကျောင်းသူများ မိမိသက်ဆိုင်ရာ စာသင်ခန်းဆောင်များရှိရာသို့ နှစ်ယောက်တစ်တွဲ စီတန်း၍ ဝင်နေကြသည်။

သူငယ်တန်း(က)မှ အတန်းပိုင်ဆရာ ကိုခင်မောင်ဇော်တစ်ယောက် စာသင်တန်းရှိရာသို့ လျှောက်လှမ်းခဲ့သည်။ သူငယ်တန်း(က)သို့ မရောက်မီ ဆရာလေး မြင်နေကျမြင်ကွင်းသို့ လှမ်းကြည့်လိုက်မိသည်။

ဆံပင်ရှည်ရှည်၊ ညှင်းသိုးသိုး၊ အပေါစား စပို့ရှပ်အင်္ကျီ နွမ်းနွမ်းလေးနှင့် ဘောင်းဘီညစ်ညစ်လေးကို ဝတ်ထားသည့် (၆) နှစ်အရွယ် ကလေးငယ်တစ်ဦး။ သူ့လက်ထဲမှာ ကျောက်သင်ပုန်းကွဲတစ်ချပ်နှင့် ကျောက်တံတိုလေးတစ်ချောင်း။

သူကလေးကို မြင်တွေ့နေသည်မှာ တစ်လကျော်ကျော်ခန့် ရှိနေပြီ ဖြစ်သည်။ သူသင်သည့် သူငယ်တန်းမှ ကျောင်းသားမဟုတ်တာတော့ သေချာသည်။

သူငယ်တန်း(ခ) အတန်းပိုင်ဆရာမ ဒေါ်ရီရီသန့်အခန်းကမျာ ဖြစ်နေမလား။

"ဆရာမ ဒေါ်ရီရီသန့်"

"ရှင့်၊ ဆရာဦးခင်မောင်ဇော်"

"ဩော် - ဆရာမရေ၊ ဒီကလေးလေး ဒီနားမှာတွေ့ရတာ အတော်ကြာပြီ။ ဆရာမအခန်းက ကျောင်းသားမှား ဖြစ်နေသလားလို့ မေးမလို့ ဆရာမရေ"

"မဟုတ်ဘူး ဆရာ"

ကျွန်တော့်အတန်းရှေ့မှ တွေ့နေရသော ကလေးငယ်သည် မနက်ခင်းစာသင်ချိန်၌ မတွေ့ရချေ။ နေ့လယ်ပိုင်းစာသင်ချိန်များ၌သာ တွေ့မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

(သာစည်)
ဓမ္မောဒယချဉ်ဖိုး
ဝိတိဝေသီ
မျက်ရည်တစ်စက်

နောက်တစ်နေ့မနက် စာသင်ချိန်တွင် ကျွန်တော့်အတန်းမှ ကျောင်းသား၊ ကျောင်းသူများကို မေးမိသည်။

"နေ့ခင်းနေ့ခင်းမှာ တို့အတန်းဘေးမှာလာပြီး စာလိုက်ဆို၊ လိုက်ရေးနေတဲ့ကလေးကို မင်းတို့သိသလား"

"သိပါတယ် ဆရာကြီး၊ သူနာမည် တင်အောင်စိုးပါ"

"ဘယ်နားမှာနေတာကော သိသလား"

"သချိုင်းကုန်းသွားတဲ့လမ်းဘေးမှာ တဲကလေးနဲ့နေတာပါ ဆရာကြီး။ သူ့အဖေက အရက်သမားကြီး ကိုသိန်းမောင်ပါ။ သူ့အမေက အကြော်သည် ဒေါ်အေးဆီက မနက်မနက် အကြော်ယူပြီး ရပ်ကွက်ထဲ လှည့်ရောင်းတာပါ။ တင်အောင်စိုးကလည်း အကြော်ရောင်းတယ်၊ ရပ်ကွက်ထဲကအိမ်တွေကို ရေထမ်းရောင်းပါတယ် ဆရာ"

"ဩော် - ကျောင်းနေချင်ရှာသူကျောင်းမနေရဘူး။ စာတတ်ချင်လွန်းလို့ ထင်ပါရဲ့။ ဒေ ကျောက်သင်ပုန်းကွဲလေးနဲ့ စာလိုက်ဆို၊ လိုက်ရေးနေတာ သနားစရာ ကလေးငယ်လေးပဲ"

ကျွန်တော် စိတ်မကောင်းဖြစ်မိရင်း ညည်းတွားမိပါသည်။

*

ကျွန်တော်က ပြင်ဦးလွင်မြို့သား။ (---) မြို့ ရပ်ကွက် (၁) အမှတ်(၁) အ-မ-ကတွင် မူလတန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်သည်မှာ (၃)နှစ်ရှိပါပြီ။

ဆရာမ ဒေါ်ရီရီသန့်က မြင်းခြံသူဖြစ်ပါသည်။ အ-မ-က(၁)မှာ ဆရာမတာဝန်ဖြင့် ရောက်လာသည်မှာ (၂)နှစ်ခွဲခန့် ရှိပါပြီ။ ရပ်ဝေးမှ လာရောက်သူချင်း ကူညီရိုင်းပင်းကြသည်။ ကျွန်တော်က အ-မ-ကကျောင်းမှာပင် နေသည်။ ဆရာမ ဒေါ်ရီရီသန့်က အမှတ် (၁) ရ-ယ-ကအဖွဲ့ဝင်(၁) ဦးဝင်းလှိုင်၊ ဒေါ်စန္ဒာတို့အိမ်မှာနေသည်။ တောင်သာမ ဆရာမလေး ဒေါ်သူဇာလွင်က ဒေါ်ရီသန့်နှင့်အတူနေ ချက်ပြုတ်စားကြသည်။

ကျွန်တော်တို့သုံးဦးက တပူးတွဲတွဲ။ ကျောင်းပိတ်ရက်တွေမှာ ရွာကြီးရွှေယင်မျှော်ဘုရားဖူးသွားကြသည်။ ငါးဆူဘုရားကြီးကိုတော့ ညနေတိုင်းလိုလို လမ်းလျှောက်ရင်း ဘုရားဖူးမြင်ကြသည်။ ကျွန်တော်တို့ အမှတ်(၁)အ-မ-က ကျောင်းနှင့် မဝေးသည့် ထွန်းကားလက်ဖက်ရည်ဆိုင်မှာ မကြာခဏ ထိုင်ဖြစ်ကြပါသည်။

တစ်ရက် သောကြာနေ့ ကျောင်းဆင်းအပြန်မှာ ကျွန်တော် မေးလိုက်သည်။

"ဆရာမပြင်ဦးလွင်ပြန်ဦးမလား"

"ဟင့်အင်း - မပြန်ဘူး ဆရာ

www.burmeseclassic.com

www.burmeseclassic.com

ဆရာဘာလုပ်ချင်လို့လဲဟင်"

"သြော်- ဆရာမ ဒေါ်ရီရီသန့်ရေ၊ ဆရာမဒေါ်သူဇာလွင်ပဲ တောင်သာပြန်မှာဆိုတော့"

"အင်းလေ၊ ဆရာမ တောင်သာပြန်တာနဲ့ ဘာဖြစ်တုံး။ ဆက်ဦးလေ ဆရာရဲ့"

ကျွန်တော်က စကားရပ်ထားစဉ် ဆရာမက ထောက်ပေးလိုက်သည်။

"သြော်- မင်းလှကန်ဘက် လမ်းလျှောက်ရင်း စကားပြောကြရအောင်လို့ ပြောမလို့ပါ"

ကျွန်တော်က ရယ်ကျဲကျဲဖြင့် ပြောလိုက်မိပါသည်။

"ဆရာနော်"

ဆရာမ ဒေါ်ရီရီသန့် နှင်းဆီပန်းမျက်နှာဖြင့် မျက်စောင်းထိုးလိုက်ပါသည်။

ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်လေညင်းလေးက အေးအေးမြေ့မြေ့အရသာရှိလှပါသည်။ ကန်ရေပြင်မှာ တံငါလှေငယ်လေးများ လှော်ခတ်သွားလာနေကြသည်။ ညနေ (၅) နာရီခန့်ရှိပြီမို့ ဆည်းဆာအလှက တစ်မျိုးတစ်ဘာသာ။

ဆရာမနဲ့ ကျွန်တော် မင်းလှကန်ပေါ်ငပေါ်တွင် လမ်းလျှောက်ဖြစ်ကြသည်။

"ဆရာမ"

"ရှင်၊ ဆရာ"

"ဟိုမှာကြည့်ပါဦး ဆရာမရေ။ နေလုဝင်ဆဲ ဆည်းဆာအလှနဲ့ မသာယာဘူးလားဟင်"

"ဟုတ်တယ်နော် ဆရာ၊ နေဝင်လုဝင်ဆဲ အလှအပလေးတွေကို ကျွန်မခံစားလို့မဝဘူး ဆရာရယ်"

"သြော်-ဆရာမရေ၊ ညနေဆည်းဆာအလှနဲ့ ဆရာမရဲ့အလှ ယှဉ်လိုက်ရင် ဆရာမရဲ့အလှက ပိုပြီးပိုပြီး လှနေတာပါ"

"အို - ဆရာကလည်း"

ဆရာမ ဒေါ်ရီရီသန့်မျက်နှာလေး ရှက်သွေးဖြင့်ရဲသွားသည်။

"သန့်"

ကျွန်တော့်ကို ဆရာမ မျက်နှာလေး ငဲ့စောင်းကြည့်သည်။

"ကျွန်တော် ဆရာမကို သန့်လိုပဲ ခေါ်ပါရစေနော်"

"ပိုင်ပိုင်ပိုင်နင်း သန့်မခေါ်ရပါဘူးနော်။ ကျွန်မနဲ့ ဆရာ ဘာမှမဆိုင်ဘဲနဲ့"

"ဟင့်အင်း- သန့်ရယ်၊ ကျွန်တော့်ရင်ထဲက အချစ်ကို မျိုသိပ်လို့မရတော့ပါဘူးဗျာ။ သန့်ကို ကျွန်တော့်ဘဝမှာ တစ်ကြိမ်မှ မချစ်ခဲ့ဘူးသေးတဲ့အချစ်နဲ့ ချစ်နေမိတာပါဗျာ။ သန့် ကျွန်တော့်ကို ပြန်ချစ်ပါနော်. . . နော် သန့်"

ကလေးဆိုးကြီးလို ခပ်ခွဲ့ခွဲ့ ပူဆာလိုက်မိပါသည်။

"အံမယ်- မယုံရေးချမယုံပါ။ တစ်ခါမှမချစ်ဘူးသေးတဲ့အချစ်နဲ့ ချစ်မိတာပါတဲ့။ ဘယ်နှကြိမ်မြောက်၊ ဘယ်နှယောက်မြောက်ပြောတဲ့စကားလဲဟင်"

"သန့်ကို ပထမဆုံးပြောခဲ့တာပါ။ ကိုယ် တက္ကသိုလ်မှာလည်းတစ်ယောက်ကိုမှ စိတ်မဝင်စားခဲ့ဘူးဗျာ"

"ဆရာ၊ မှောင်ရည်သန်းလာပြီ။ ပြန်ကြစို့နော်"

"ဟင့်အင်းကွာ၊ သန့်က ချစ်ပါတယ်လို့မဖြေရင် မပြန်ဘူး"

"အံမယ်လေး ဆရာရယ်၊ ဖြစ်မှဖြစ်ရလေ။ ဆရာ ညအိပ်ချင်လည်း မင်းလှကန်မှာအိပ်နေခဲ့။ သန့်တစ်ယောက် တည်းပြန်မယ်"

ကျွန်မဟု ပြောနေကျ ကျွန်မအစား သန့်ဟုသုံးလိုက်သည်ကို သတိထားလိုက်မိသည်။

"အစ်ကို သန့်ကိုချစ်တဲ့ အချစ်ထက် မလျော့သောအချစ်နဲ့ ချစ်နေပါတယ်နော်။ ကဲ- ကျေနပ်ပြီလား"

"သူဇာရေ၊ ပြီးပြီလား။ ကျောင်းသွားမယ်လေ"

ဆရာမဒေါ်ရီရီသန့်သည် သုံးဆင့်စတီးချိုင့်လေးကိုဆွဲပြီး လက်ဆွဲခြင်းကို လက်တစ်ဖက်က ဆွဲလျက် ဆရာမသူဇာလွင်အား ရပ်စောင့်နေသည်။ ဆရာမသူဇာလွင်က ထမင်းဘူးပိုက်ပြီး ထွက်လာသည်။

"အံမယ် - အံမယ်၊ အံ့ဖွယ်သရဲထူးထူးကဲကဲပါလား။ ခါတိုင်း နှစ်ဆင့်ချိုင့်နဲ့ ထမင်းထည့်လာတာ ဒီနေ့မှ သုံးဆင့်ချိုင့်တွေဘာတွေနဲ့ပါလား ရီရီသန့်ရဲ့"

"ဟုတ်တယ် သူဇာရဲ့၊ ဆရာ့အတွက် ဟင်းပိုထည့်လာတာလေ။ သူမလည်း တစ်ယောက်တည်း တော်ကြာကြက်ဥပြုတ်၊ကြက်ဥကြော်နဲ့ ဟင်းအနှစ်လေးဘာလေးနဲ့ တစ်ခါတလေ စားစေချင်လို့ ကြက်သားလေးဝယ်ချက်တာနဲ့ ထည့်လာတာလေ"

"စေတနာတွေ၊ စေတနာတွေ ရေစီးကမ်းပြိုလိုက်တယ်ပေါ့"

ကျောင်းရောက်တော့ (၇)နာရီခွဲ ရှိသေးသည်။

"ဆရာမတို့ရေ၊ ကျွန်တော် ထွန်းကားမှာ လက်ဖက်ရည်တိုက်တယ်။ ကျွန်တော့်ဝတ္ထု သိဒ္ဓိမိုးမှာပါလာတယ်။ စာမူခ ငါးထောင်ရတယ် ခင်ဗျ"

"အင်း - ဒီနေ့တော့ တွေ့ရမြင်ရတာ ခါတိုင်းနဲ့မတူတာကတော့ အမှန်ပဲ"

ဆရာမ သူဇာလွင်က ပြောနေသည်ကို ဆရာမရီရီသန့်နှင့်ကျွန်တော်က မကြားယောင်ပြုနေလိုက်ကြသည်။

ဆရာ၊ ဆရာများ နားနေခန်းတွင် ကျွန်တော်တို့သုံးဦး ထမင်းစားကြသည်။ ဆရာမ သူဇာလွင် ချိုင့်တွေသွားဆေးနေစဉ်-

"အစ်ကို"

"ပြောလေ သန့်"

"အစ်ကိုလည်း တစ်ယောက်တည်း ချက်ပြုတ်စားနေရတာ ပင်ပန်းပါတယ်။ သန့်ပဲ ချိုင်နဲ့ယူခဲ့တော့မယ်"

"သန့်ပင်ပန်းနေပါ့မယ်ကွယ်၊ အစ်ကို ချက်စားရတာ ဝန်မလေးပါဘူး။ ကျောင်းဖွင့်ရက်မှာ သန့်ချက်ကျွေးတာစားရပြီး ကျောင်းပိတ်ရက်ကျတော့ အစ်ကို့ဘာသာ ချက်စားရမှာ ပျင်းစရာကြီးကွာ"

"အစ်ကိုကလည်း၊ သန့်ချက်ထားမှာပေါ့။ ဦးဝင်းလှိုင်တို့အိမ် အစ်ကိုလာစားပေါ့"

"အမယ်လေး၊ မလုပ်ပါနဲ့ကွာ။ တော်ကြာ သန့်ကို ပြောနေကြမှာပေါ့"

ဆရာမ သူဇာလွင် ချိုင့်တွေဆွဲပြီး ပြန်လာသဖြင့် စကားဖြတ်လိုက်ကြတော့သည်။

နေ့လယ် ကျောင်းတက်သံချောင်းခေါက်သည်။ ကျွန်တော်သင်သည့် သူငယ်တန်း(က)အခန်းသို့ သွားသည်။ ထိုးစံအတိုင်း သူငယ်တန်း(က)အခန်းရှေ့မှာ ကလေးငယ်ကို တွေ့ရသည်။

သူငယ်တန်း(ခ)သို့သွား၍-

"သန့်ရေ၊ အစ်ကို့အခန်း ခဏထိန်းထားပေးစမ်းကွာ"

"အစ်ကိုဘယ်သွားမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုတို့အခန်းရှေ့မှာ လာလာနေတဲ့ကလေးကို စိတ်ဝင်စားလို့ကွာ။ အကျိုးအကြောင်းသိရအောင် မေးချင်လို့ပါ"

"ရတယ် အစ်ကို၊ သန့် အစ်ကို့အခန်းဝင်လိုက်မယ်"

ကျွန်တော်က သူငယ်တန်း (က) အခန်းရှေ့မှ ကလေးကို ကြည့်လိုက်ရာ ကလေးက မဝံ့မရဲမျက်နှာငယ်လေးဖြင့် ကျွန်တော့်မျက်နှာကိုမော့ကြည့်နေသည်။

"သားနာမည်ဘယ်လိုခေါ်သလဲ"

"သားနာမည် တင်အောင်စိုးပါ ခင်ဗျ"

"သားမှာ အဖေတွေ၊ အမေတွေ ရှိသလားကွ"

"ရှိပါတယ်။ အဖေက ဦးသိန်းမောင်၊ အမေက ဒေါ်ခင်ဌေးပါ"

"သားအဖေက ဘာလုပ်သလဲကွ"

"သားအဖေက ရေထမ်းရောင်းပါသေးတယ်။ ခု ဌက်ဖျားထထနေလို့ မရောင်းနိုင်ဘူး။ အမေက အကြော်ဖောက်သည်ယူရောင်းပါတယ်"

"သားကျောင်းမနေဘူးလား"

"သားကျောင်းနေချင်ပါတယ်၊ စာတွေတတ်ချင်ပါတယ်။ ကျောင်းစရိတ် မတတ်နိုင်လို့ အဖေက မထားဘူးလို့ ပြောပါတယ်။ သား မနက်ခင်းမှာ အကြော်လည်ရောင်း၊ ရေလိုတဲ့အိမ်တွေ ရေထမ်းပို့ပြီး နေ့လယ်အားနေတဲ့အချိန် ကျောင်းလာပြီး ကျောင်းစာတွေ လိုက်ဆို၊ လိုက်ရေးနေတာပါ ဆရာကြီး။ သား ကိုမရိုက်ပါနဲ့ ခင်ဗျာ။ သား ကြောက်ပါတယ်"

"ဆရာက သားကို မရိုက်ပါဘူးသားရယ်။ သား ကျောင်းနေပြီး စာတွေ သင်ရမယ်ဆိုရင် သားကြီးလာရင် ဘာလုပ်မှာလဲ၊ ဆရာ့ကို ပြောပြပါဦး သားရယ်"

"သားသာ ကျောင်းနေခွင့်ရရင် စာတွေကြိုးစားသင်ပြီး ဆရာဝန်လုပ်မှာ။ အဖေတို့လို နေမကောင်းတဲ့သူတွေကို ဆေးကုပေးမှာ"

"ဩော် - အေးအေး၊ ကောင်းပါတယ်ကွာ။ ရော့ - သားမုန့်ဝယ်စား"

ကျွန်တော်က အိတ်ကပ်ထဲမှ ပါလာသော နှစ်ရာတန်တစ်ရွက် ထုတ်ပေးလိုက်ပါသည်။

"ဟင့်အင်း၊သားမယူချင်ဘူးခင်ဗျ"

"ယူပါကွ၊ သားကို စေတနာနဲ့ပေးတာပါ"

"သားဖေဖေက ပြောတယ်။ ကိုယ့်လုပ်အားနဲ့ရတဲ့ ပိုက်ဆံမှမဟုတ်ရင် မယူရဘူးလို့ ပြောပါတယ်"

"ဆရာတို့ သားတို့အိမ်ကိုအလည် လာခဲ့မယ်နော်"

ကျွန်တော် ကလေးကို နှုတ်ဆက်ပြီး အခန်းသို့ပြန်လာခဲ့ပါသည်။ စိတ်မကောင်းပါ။ ကျွန်တော့်ရင်ထဲမှာ မဖော်ပြနိုင်သော ဝေဒနာတစ်ခု ခံစားနေသလို ခံစားလိုက်ရပါတော့သည်။

စနေနေ့နံနက် (၁၀) နာရီ။

ကျောင်းပိတ်သဖြင့် ကျွန်တော့်နှင့် ဆရာမ ရိရိသန့်တို့ မောင်တင်အောင်စိုးအိမ်သို့သွားသည်။

အိမ်သေးသေးလေးခေါင်းရင်းတွင် အသက် (၃၀) ခန့် လူတစ်ယောက် ထိုင်နေသည်။ တင်အောင်စိုးလေးနှင့် သူ့မိခင်ဆိုသူ မတွေ့ရပါ။ အကြောရောင်းသွားနေဟန်တူပါသည်။

"ဩော် - လာကြပါ ခင်ဗျာ၊ ဘာများကိစ္စရှိပါသလဲ ခင်ဗျာ"

ကျွန်တော်နှင့်သန့်တို့ တုံးတိုးလေးချပြီး ထိုင်လိုက်ကြပါသည်။

"အားနာစရာကြီးတော့ဖြစ်ကုန်ပြီဗျာ။ ကျွန်တော့်အိမ်ကလည်း နေစရာထိုင်စရာကို မရှိပါဘူးဗျာ။ ကျွန်တော့်နာမည် သိန်းမောင်ပါ ခင်ဗျာ"

ကိုသိန်းမောင်က ယဉ်ကျေးစွာ ပြောပါသည်။

"ဩော် - ကိုသိန်းမောင် ခင်ဗျာ၊ ကျွန်တော့်နာမည်က ဆရာ ခင်မောင်ဇော်ပါ။ သူက ဆရာမ ရိရိသန့်ပါ ခင်ဗျာ။ အမှတ် (၁) မူလတန်းကျောင်းက ဆရာ၊ ဆရာမတွေပါ"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒီလိုပါ အစ်ကို့ရေ၊ အစ်ကို့ရဲ့သား တင်အောင်စိုးလေ၊ သူအကြောင်းပြောပြချင်လို့။ သူဟာ နေ့စဉ် နေ့လယ်မှာဆိုရင် ကျွန်တော်တို့ကျောင်းမှာ လာလာပြီး စာလိုက်ရေး၊ လိုက်ဆိုနေတာတွေ တွေ့တွေ့နေရတယ်။ အဲဒါ မောင်တင်အောင်စိုးကို ကျွန်တော်တို့ ကျောင်းထားပေးချင်ပါတယ်"

"ဆရာတို့၊ ဆရာမတို့ကို ကျွန်တော် ကျေးဇူးအထူးတင်ပါတယ်။ဆရာတို့ ကျောင်းထားပေးမှာကို ဝမ်းသာပါတယ်။ ဒါပေမယ့် ဆရာ၊ ရှေ့နှစ်တွေမှာ ဆက်ပြီး ကျွန်တော့်တို့ ကျောင်းထားနိုင်တဲ့အင်အား မရှိပါဘူးဗျာ။ နောက်ပြီးတော့. . . "

"နောက်ပြီးတော့ ပြောပါဦး အစ်ကို"

"ကျွန်တော်တို့ စားဝတ်နေရေးက ရှိပါသေးတယ် ဆရာရယ်"

"ဟုတ်ကဲ့ပါ အစ်ကိုသိန်းမောင်၊ ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ခွင့်ပြုပါ ခင်ဗျာ"

ကျွန်တော်နှင့် သန့် နှုတ်ဆက်ပြီး ပြန်ခဲ့ကြပါသည်။

❂

ကျွန်တော်၊ ဆရာမ ရိရိသန့်၊ ဆရာမ သူဇာလွင်တို့သုံးဦး တိုင်ပင်ပြီး မောင်တင်အောင်စိုးလေးအား အမှတ် (၁) အ-မ-ကတွင် ကျောင်းအပ်ထားပေးလိုက်သည်။

မောင်တင်အောင်စိုး၏ ဖခင် ကိုသိန်းမောင် ဌက်ဖျားရောဂါကို ဒေါက်တာစိုးဦးထံ အကျိုးအကြောင်း ပြောပြ အကူအညီတောင်းခံပြီး ကြေပ်မတ်ကုသပေးလိုက်သဖြင့် ကောင်းစွာကျန်းမာလာပြီ ဖြစ်သည်။

ရပ်ကွက်၌ ဩဇာရှိသူ ရပ်မိရပ်ဖများနှင့် ညှိနှိုင်းတိုင်ပင်ပြီး ကိုသိန်းမောင်အား ဦးမောင်မောင်သိန်း၏ သစ်စက်တွင် ညစောင့်အလုပ်သွင်းပေးသည်။ (၁၀) တန်းအထိ ပညာသင်ယူခဲ့သော ကိုသိန်းမောင်အား သစ်ရောင်းဝယ်ရာတွင် သင်ကြားပေးပြီး စာရေးအဖြစ် ခန့်ထားကြောင်း သိရပါသည်။

သစ်စက်ပိုင်ရှင် ဦးမောင်မောင်သိန်းက သစ်စက်ဝင်းထဲတွင် အိမ်ဆောက်ပေးပြီး ကိုသိန်းမောင်တို့မိသားစု နေထိုင်စေသည်။

❂

ကျွန်တော်နှင့် ဆရာမ ရိရိသန့်တို့ မောင်တင်အောင်စိုး (၄) တန်းတက်သောနှစ်တွင် လက်ထပ်ခဲ့ကြပါသည်။

ကျွန်တော်နှင့် သန့်တို့သည် အလယ်တန်းပြအဖြစ်လည်းကောင်း ရာထူးတိုးမြှင့်ပြီး ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။

ကျွန်တော်က အလယ်တန်းကျောင်းအုပ်အဖြစ် လည်းကောင်း၊ သန့်က အထက်တန်းပြဆရာမအဖြစ် လည်းကောင်း မြစ်ကြီးနားသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ကြရပါသည်။

❂

(၁၅)နှစ်ခန့်ကြာသောအခါ ကျွန်တော်နှင့်သန့်တို့တွင် သမီးနှစ်ယောက် မွေးဖွားခဲ့ပါသည်။ သမီးကြီး သန့်သန့်ဦးက (၁၀)တန်းဖြေဆိုထားဆဲ၊ သမီးငယ် သန့်သန့်မျိုးက (၉)တန်းတက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ အလယ်တန်းကျောင်းအုပ်မှ ကျန်းမာရေးကြောင့် ဆေးပင်စင်ယူခဲ့ရပါသည်။ သန့်၏ အထက်တန်းပြလစာလေးနှင့် မိသားစုစားဝတ်နေရေး၊ သမီးနှစ်ယောက်ပညာရေး ရုန်းကန်နေကြရပါသည်။

(၁၀) တန်းအောင်စာရင်းထွက်သောနေ့။ သမီးကြီး (၆) ဘာသာဂုဏ်ထူးဖြင့် အောင်သည်။ မိသားစုအားလုံး အပျော်ကြီးပျော်ကြသည်။ သမီးကြီး အတွက် ဂုဏ်ယူမဆုံးဖြစ်ခဲ့ကြရသည်။

သမီးကြီးသူငယ်ချင်းများက ဆိုင်ကယ်ဖြင့် လာခေါ်ကြသည်။ ဘာသာစုံဂုဏ်ထူးရှင်မို့ ကျွေးမွေးရမည်ဟု ဆိုသည်။

"သန့်ရေ၊ ဗီရိုအပေါ်ထပ်က စာအုပ်ထဲမှာ ငွေတစ်သောင်း အစ်ကိုထည့်ထားတယ်။ သမီးကြီးကို ယူပေးလိုက်ပါကွယ်"

ဇနီးသန့်ကို တိုးတိုးခေါ်ပြောရသည်။ သမီးကြီး မျက်နှာမငယ်စေချင်ပါ။ ပြီး- သန့်အားတိုင်ပင်သည်။

"အစ်ကိုရယ်၊ သန့်တို့ ခုနေနေတဲ့ အိမ်နဲ့ခြံလေး ရောင်းလိုက်ရင် (၁၀၀) နီးပါးလောက်တော့ရမှာပဲလေ။ သင့်တင့်တဲ့ မြို့စွန်က ဝိုင်းလေးဝယ်ပြီး အိမ်လေးဆောက်နေကြတာပေါ့ရှင်။ သမီးကြီး ဆရာဝန်ဖြစ်သည်ထိတော့ ရုန်းကန်ရမှာပေါ့နော်။ အစ်ကိုကောဘယ်လိုသဘောရလဲ ပြောပါဦး"

"အေးလေ၊ အဆင်ပြေအောင်တော့ လုပ်ကိုင်ရမှာပေါ့ သန့်ရယ်"

ကျွန်တော့်က သက်ပြင်းတစ်ချက်ချလိုက်မိပါသည်။

"ဟူး. . ."

ကျွန်တော်တို့မိသားစု လေးဦးစည့်စားပွဲတွင် ရေနွေးသောက်ရင်း စကားပြောနေကြသည်။ ကျွန်တော့်အိမ်ရှေ့သို့ ကားအဖြူလေးတစ်စီး ထိုးရပ်လိုက်သည်။

"ဆရာကြီး ဦးခင်မောင်ဇော်နဲ့ ဆရာမကြီး ဒေါ်ရီရီသန့်တို့အိမ်ပါလား ခင်ဗျာ"

အသက် (၃၀) ခန့် အသားဖြူဖြူ အရပ်သွယ်သွယ် လူငယ်တစ်ဦး ဆင်းလာပြီး ရည်မွန်စွာမေးသံကြားရပါသည်။

သမီးကြီးက-

"ဖေဖေ၊ စည့်သည်တွေထင်တယ်" ကျွန်တော်က ထွက်လာပြီး-

"ဟုတ်ပါတယ်ကွယ်၊ ဆရာကြီး ဦးခင်မောင်ဇော်ဆိုတာ ဦးပါ"

လူရွယ်က ပြုံးပြခေါင်းညိတ်လိုက်ပြီး ကားရှေ့ခန်းအတွင်းသို့ တစ်စုံတစ်ရာ လှမ်းပြောလိုက်သည်။ ကားတစ်ဖက်တံခါးကိုဖွင့်၍ (၂၈) နှစ်အရွယ် ချောမောလှပပြီး မြန်မာဆန်ဆန်ဝတ်စားထားသော အမျိုးသမီးတစ်ဦး ဆင်းလာပါသည်။ လူရွယ်အနီးသို့ ယှဉ်ရပ်လိုက်ပါသည်။

"ကဲ - အိမ်ထဲဝင်ကြပါဦးကွယ်"

ကျွန်တော်က ဦးဆောင်ပြီး အိမ်ထဲသို့ဝင်ခဲ့ကြပါသည်။

"ကဲ- ထိုင်ကြပါကွယ်၊ ထိုင်ကြပါ"

"မိတ်ဆက်ပေးရဦးမယ်။ ဒါက ဦးရဲ့ဇနီး ဆရာမကြီး ဒေါ်ရီရီသန့်ပါ။ ဒါက သမီးကြီး သန့်သန့်စိုးပါ။ သူက သမီးငယ် သန့်သန့်မျိုးပါ"

"ဟုတ်ကဲ့ပါ ခင်ဗျား၊ ကျွန်တော့်နာမည်က ဒေါက်တာ တင်အောင်စိုးပါ။ သူက ကျွန်တော့်ဇနီး ဒေါက်တာ မလေးသန့်ပါ ခင်ဗျာ။ (×××) မြို့နယ်ဆေးရုံမှာ တာဝန်ကျပါတယ်။ ကျွန်တော်ရဲ့ကျေးဇူးရှင် ဆရာကြီးနဲ့ ဆရာမကြီးတို့ကို လာကန်တော့တာပါ ခင်ဗျာ။ မင်္ဂလာဆောင်တုန်းက ဖိတ်စာပို့ချင်တာ စုံစမ်းလို့မရတာနဲ့ မပို့ခဲ့ရတာပါ ဆရာကြီး။ အခုမှ ဖေဖေ့မိတ်ဆွေတစ်ဦးဆီက သတင်းစုံစမ်းသိရှိရလို့ လာကန်တော့ရတာပါ ခင်ဗျာ။

ဆရာတို့ မမှတ်မိဘူးနဲ့တူတယ်။ သာစည်မြို့ အမှတ်(၁) အ-မ-က သူငယ်တန်းရှေ့မှာ ကျောက်သင်ပုန်းကွဲလေးနဲ့ စာလိုက်ရေးနေတဲ့ တင်အောင်စိုးပါ ဆရာကြီးရဲ့။ ဆရာကြီးတို့ကျေးဇူးကြောင့် ကျောင်းနေခွင့်ရခဲ့တယ်။ မိဘနှစ်ပါး ကျန်းမာပြီး အလုပ်အကိုင်တွေရခဲ့ရတယ်။ သစ်စက်ပိုင်ရှင် ဦးမောင်မောင်သိန်းက ဖေဖေ့ကို သစ်စက်မန်နေဂျာခန့်ခဲ့တယ်။ သား (၁၀) တန်းအောင်တော့ ဆေးတက္ကသိုလ်ကို ဦးမောင်မောင်သိန်းတို့က ထားပေးခဲ့ပါတယ် ဆရာကြီး။ ခုတော့ ဦးမောင်မောင်သိန်းတို့ဇနီးမောင်နှံလည်း ဆုံးပါးသွားပါပြီ။ သစ်စက်ကို ဖေဖေ့နာမည်နဲ့ လွှဲပေးခဲ့တယ်။ ဒါတွေဟာ ဆရာကြီးတို့ ဆရာမကြီးတို့ကျေးဇူးတွေပါ ခင်ဗျာ"

တိုက်ပုံစ, အင်္ကျီစ, လုံချည်, ပါတိတ် စသည့် အဝတ်အစားများ၊ မိုင်လို, ဟောလစ်ဘူးများ၊ မုန့်ပုံးများနှင့် ဆရာဝန်ဇနီးမောင်နှံက သူဆရာနှင့် ဆရာမကို ကန်တော့ကြပါသည်။

"သားတို့၊ သမီးတို့ ဆန္ဒနဲ့ဘဝတစ်ထပ်တည်းကျပါစေလို့ ဆရာကြီးတို့ ဆုတောင်းပေးလိုက်ပါတယ်"

နံနက်စာ ကျွေးမွေးခြင်းကိုပင် လက်မခံ၊ ခရီးသွားရန်ရှိသည်ဟု ပြောဆိုကာ ဒေါက်တာတင်အောင်စိုးတို့ ဇနီးမောင်နှံ ပြန်သွားကြပါသည်။

သန့်က သမီးနှစ်ယောက်ကို တင်အောင်စိုးတို့ငယ်ငယ်က ဘဝအကြောင်းပြောပြနေသည်။

စားပွဲပေါ်မှ ဒေါက်တာ တင်အောင်စိုးနှင့် ဒေါက်တာ မလေးသန့်တို့ကန်တော့သွားသော ပစ္စည်းများကို ကြည့်ရှုနေစဉ် (၈) လက်မပတ်လည် ပက်ကင်ထုပ်လေးကို သတိပြုမိလိုက်သည်။

"သမီးကြီးရေ၊ ပက်ကင်ထုပ်လေး ဖောက်လိုက်ပါကွယ်"

သမီးကြီး သန့်သန့်စိုးမှ လှပသေသပ်စွာ ထုပ်ထားသော စက္ကူပတ်ကို ဖောက်ကို ဖောက်လိုက်ပါသည်။

မြန်မာ့စီးပွားရေးဘဏ် ငွေစုစာအုပ်လေးတစ်အုပ်။

"ဖေဖေ၊ ဘဏ်ငွေစုစာအုပ်ဖေဖေရဲ့"

စာအုပ်ကို သမီးကြီး လှန်ကြည့်လိုက်ရာ သန့်သန့်စိုးအမည်ဖြင့် ငွေစုအပ်နှံထားသည်။

သိန်း (၁၀၀) တိတိ။

လှပဝိုင်းစက်သော လက်ရေးဖြင့် ရေးထားသော စာရွက်တစ်ရွက်။

ညီမလေး သန့်သန့်စိုး ဆေးတက္ကသိုလ် တက်ရောက်ရန်အတွက် ပညာဒါနပြုပါသည်။

ဒေါက်တာတင်အောင်စိုး၊
ဒေါက်တာ မလေးသန့်

ကျွန်တော့်မျက်နှာမှာ မျက်ရည်စတွေ ဝေသီနေပါသည်။ သန့်က မျက်မှန်ကို ချွတ်၍ မျက်စိကို လက်ကိုင်ပဝါဖြင့် သုတ်နေသည်။

ကျွန်တော့်မျက်စိထဲတွင် ဓာတ်ပုံရိုက်ထားသလို ကွင်းကွင်းကွက်ကွက်ဖြင့် ပေါ်လာသောပုံရိပ်တစ်ခု။ ကျောက်သင်ပုန်းကွဲလေးနဲ့ လိုက်ဆို စာလိုက်ရေးနေသော (၆) နှစ်အရွယ် နွမ်းပါးဖတ်သိန်းသော တင်အောင်စိုး ဆိုသော လူငယ်ကလေး။ ယခုအချိန်မှာတော့. . . ။

မောင်ယဉ်စိုး (သာစည်)

www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓီရဆရာဝန်
ဓာတ်ဖို-မောင်မောင်အေး

ဓာတ်ပုံမောင်မောင်အေးဆိုသော စာရေးသူသည် သူရေးသော စာတိုင်းလို လိုတွင် ဘ. ဓ. ရ မှ ဝန်ထမ်းတစ်ဦး ဖြစ်ခဲ့ကြောင်း၊ တောတောင်လျှိုမြောင် များတွင် သယံဇာတများကို ဘူမိဗေဒ ပညာရှင်များဖြင့် ကွင်းဆင်းလေ့လာ ရှာဖွေခဲ့ရကြောင်းများ ထည့်သွင်း ရေးသား ဖော်ပြသည်ကို ကျွန်တော်၏စာ ဖတ်ဖူး သူတိုင်း ဖန်တစ်ရာတေအောင် တွေ့မိ ကြပါလိမ့်မည်။ ဤကဲ့သို့ ဖော်ပြနေရ ခြင်းမှာ ဝင့်ဝါလို၍ မဟုတ်ဘဲ ကျွန် တော်တင်ပြရေးသားလိုသောအကြောင်း များက ထိုထိုသော တောတွင်းဘူမိဗေဒ လေ့လာရှာဖွေရသည့် လုပ်ငန်းများကို အခြေခံ၍ ပေါက်ဖွားလာခြင်းကြောင့် ထည့်သွင်း ဖော်ပြရခြင်း ဖြစ်ပါသည်ဟု ဆိုလျှင် မဖတ်ဘူးသေးသူတို့ (ဓာတ်ပုံ မောင်မောင်အေးကို မသိသေးသူတို့) သိ စေရန် ရည်ရွယ်ခြင်းပါ ခင်ဗျား။

၂၀၁၀၊ သိဒ္ဓိမိုး၊ စက်တင်ဘာ၊ အမှတ် (၆၀) တွင် ဖော်ပြခဲ့ဖူးသော ဂန္ဓာရီအဘိုး ရေးသားစဉ်က နွေရာသီ ၏ ပူပြင်းသော အပူလှိုင်းများကြောင့် ကျွန်တော်တို့လို အသက်ကလေး နည်း နည်းရင့်လာသော၊ သစ်သီးဆိုလျှင် အဝါ ရောင်သန်းလာသော (ယခု ၇၆) အရွယ် များ အမှည့်ကြွေ မကြွေစေရန် သတိ ကြီးစွာထားနေရ၍ ဘာစာမှမမ ရေး ဖြစ်ခဲ့ပါဟု ဖော်ပြခဲ့ဖူးပါသည်။ ယခု ၂၀၁၁ နွေရာသီတွင်တော့ ရာသီဥတု က ကိုယ့်ဘက်ပါလာပြီး မိုးများပါ ရွာ သောကြောင့် အဝါရောင်သန်းနေသော ဓာတ်ပုံ-မောင်မောင်အေးတစ်ယောက် အမှည့်ကြွေ မကြွေနိုင်သေးဟု အင်အား တွေတက်မိပါသည်။

အင်အားတွေတိုး၍ သူရဇ္ဈတိုက် ပို့ရန် 'သံသရာဘယ်ခါဆုံးစေတော့' ဂန္ဓီရ ဇာတ်လမ်းလေးတစ်ပုဒ် ရေးခဲ့ရာ စာ မျက်နှာ (၅၀) ကျော်သောအခါ ဝဲဘက် ခြေဖမိုးက ရောင်ကိုင်းလာပါသည်။ အထိုင်များ၍ သွေးကျတာပါဟုပင် ပေါ့ ပေါ့တွေးကာ လိမ်းဆေးလိမ်း၍ နေခဲ့၏။ နံနက်မိုးသောက် အလင်းရောက်လျှင် ဒဂုံမြို့သစ်မြောက်ပိုင်း (၄၀) ရပ်ကွက် ပျံကျစွေးလေးထောင့်ရှိ မိဘမေတ္တာ လက်ဖက်ရည်ဆိုင်သို့ စီးတော်ယာဉ် စက်ဘီးအိုလေးနင်းကာ မပျက်မကွက် သွားလေ့ရှိ၏။ ကျွန်တော်နေသော ရပ် ကွက်နှင့် (၂) မိုင်ခန့် ဝေးပါသည်။ (၂) မိုင်လောက်ဝေးသောနေရာသို့သွား၍ လက်ဖက်ရည်သောက်ရလောက်အောင် ကိုမောင်မောင်အေးတို့ရပ်ကွက်မှာ လက် ဖက်ရည်ဆိုင်မရှိသလောဟု ထင်စရာရှိ ပါသည်။

ကျွန်တော်တို့ရပ်ကွက်တွင်လည်း လက်ဖက်ရည်ဆိုင်တွေ ရှိပါသည်။ ပုံကျ စွေးလေးတစ်ပိုက်တွင် တစ်ဆိုင်နှင့်တစ် ဆိုင် ပေ(၂၀၀)ခြားလောက်သာကွာ၍ (၆) ဆိုင် ရှိ၏။ ကျွန်တော် မိဘမေတ္တာ သို့သွားခြင်းမှာ လက်ဖက်ရည်သောက် ရန် မဟုတ်ပါ။ ဗဟုသုတသောက်ရန်ဖြစ် ပါ၏။ ဒီလိုပါ။ အနို့ မိဘမေတ္တာဆိုင်၏ စနေထောင့်ကျကျတွင် တပင်ရွှေထီး လမ်း၊ ဗိုလ်မင်းရောင်လမ်းတို့ ဆုံရာ ထောင့်မှန်ကျဘေးတွင် ထိုလမ်းမကြီး များဘက် မျက်နှာမူထားသော လမ်း ထောင့်ကွမ်းယာဆိုင်နှစ်ဆိုင်တို့လည်း ရှိ၏။ ထိုကွမ်းယာဆိုင်နောက်ကျော ထောင့်တွင် ပင်စင်ဝိုင်း ဟူ၍ ရှိပါသည်။ မိဘမေတ္တာ၏ လက်ဖက်ရည်လုပ်သား လေးများကို မေးကြည့်သောအခါ-

"အဲဒီဝိုင်းက ဆရာကြီးတွေက ဒီ နေရာမှာပဲ နေ့တိုင်း လာလာထိုင်ပြီး သောက်ကျလို့ ပင်စင်ဝိုင်းလို့ ခေါ်တာ ပါ"

ဟု ရှင်းပြပါသည်။

ထိုပင်စင်ဝိုင်းတွင် ကောင်လေး များပြောသလို တကယ် ပင်စင် (အငြိမ်း စား) အဘိုးကြီးများ (၈၀) ကျော်၊ အဘိုး လေးများ (မောင်မောင်အေးတို့အရွယ်)၊ အဘိုးငယ်များ (၆၀) ပြည့်နှင့် အဘိုး မဟုတ်သေးသော စာရေးဆရာများ၊ စာ ပေဝါသနာရှင်များ စုဝေးရာနေရာ ဖြစ် ပါသည်။

ကောင်လေးများက ပင်စင်စား (အငြိမ်းစား) ကို ရည်ညွှန်း၍ ပင်စင်ဝိုင်း ဟု ပြောသည် မဟုတ်ပါ။ မြန်မာအသုံး အနှုန်းစစ်စစ် အမြဲလာတတ်သောသူ များကို ပင်တိုင်ပင်စင်ဟု ဆိုခြင်းပါ။

ကျွန်တော်က ဗဟုသုတသောက် ရန်သွားသည်ဆိုခြင်းမှာ စကားဆန်းထွင် သည် မဟုတ်ပါ။ လက်ဖက်ရည်သောက် သော်လည်း သက်ကြီးပင်စင်စားကြီးများ (ညွှန်ချုပ်၊ မန်နေဂျင်းဒါရိုက်တာ၊ ညွှန် မှူး အရာရှိ) ကြီးများထံမှ ဗဟုသုတ များ (မြန်မာ့လက်ရွေးစင် ဘောသမား ကြီးတစ်ဦးလည်း ပါဝင်ပါသည်။) ကို ကြားနာရခြင်း၊ ကျွန်တော့်ထက် ဝါရင့် သမ္ဘာရင့် ပညာမြင့်ကြသော စာရေး ဆရာကြီးများ၊ အမျိုးသားစာပေဆု ရှင် ကြီးများတို့ထံမှ ဗဟုသုတအတွေ့အကြုံ တို့ကို တစ်စက်တစ်ပေါက်ရရ စုဆောင်း သိမ်းဆည်း သောက်သုံးရန် သွားရောက်ခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ အချို့သော

www.burmeseclassic.com

www.burmeseclassic.com

မြောက်ပိုင်းမြို့နယ်တွင် စာနယ်ဇင်းအဖွဲ့ဝင်အင်အား (၁၃၀) ကျော် ရှိပါသည်။ မဝင်ကြသေးသူ အများအပြားလည်း ရှိပါသည်။

ကျွန်တော်တို့မြို့နယ်မှ ထိုမျှ များပြားသော စာရေးဆရာအုပ်စုတွင် ကျွန်တော် မောင်မောင်အေးက စာရေးဆရာဖြစ်ရန် ကြိုးစားနေသည့် (တောထွက်ကြိုး) အဆင့်ဖြစ်သောကြောင့် သမ္ဘာရင့်ပိုင်းတွင် တစ်လုံးတလေမျှ ဝင်ရောက်ပြောဆို ဆွေးနွေးခြင်း မရှိသေးသဖြင့် ဆရာကြီးများက 'နှစ်ဆယ်ရာစုတေမိ' ဘွဲ့ပေးထားပါသည်။ နောက်တစ်မျိုးက ထိုပင်စင်ပိုင်းတွင် ဒဂုံမြောက်ပိုင်းမြို့နယ် စာပေစာနယ်ဇင်းအဖွဲ့၏ အလုပ်အမှုဆောင်များဖြစ်သော ဥက္ကဋ္ဌမောင်ညွန့်လှိုင်၊ ဥက္ကဋ္ဌ(၁) ညွှန့်ဟံ (ကြူတော)၊ အောင်မြင့်(သစ်လုပ်ငန်း)၊ ရေကူးမြတင်လေးနောင်၊ ဆရာသူရဇော် (နာယကကြီး)၊ ရဲလုလင် (နာယကကြီး) စသည့် စာရေးဆရာကြီးများ နေ့စဉ်လိုလို ရောက်လာတတ်ကြသည်ဖြစ်၍ အလုပ်အမှုဆောင်အဖွဲ့တွင် စိုင်ကော်၍ ချဲ့ပေါ်ရောက်သွားသော ဓာတ်ပုံ-မောင်မောင်အေး (ဘဏ္ဍာရေးမှူး) ကလည်း ပါဝင်ပတ်သက်နေခြင်းမကြာင့် အသင်း၏ကိစ္စများရှိက ကြိုတင်သိရှိရန်သွားခြင်းလည်း ဖြစ်ပါသည်။

ရောင်ကိုင်းလာသော ခြေဖမိုးအား လိမ်းဆေးလူးခြင်း၊ ဆေးသောက်ခြင်းလုပ်ကာ ပင်စင်ပိုင်းသို့သွားနေရာမှ ဧပြီလ (၁၈) ရက်နေ့ရောက်သောအခါ စက်ဘီးမစီးနိုင်လောက်အောင် အခြေအနေဆိုးဝါးလာပါတော့သည်။ သို့သော် ထိုနေ့တွင် မိဘမေတ္တာ ပင်စင်ပိုင်း၌ စာရေးဆရာမကြီး မကြွယ်ကြွယ်၏ (၇၈)နှစ်မြောက် မွေးနေ့အဖြစ် ရေးဖော်ရောင်းရင်း စာရေးဆရာ၊ ဆရာမများအား သဒ္ဓါပွားစေ့စားလိုရာစား ကျွေးမွေးဧည့်ခံမည်ဖြစ်သောကြောင့် ဆရာမကြီး၏ ဒါနပါရမီ ဖြည့်စွမ်းရန်အလို့ငှာ မဖြစ်မနေ ကြိုးစား၍ (၃၆)လိုင်းကားစီးကာ စာရေးဆရာမလေး (တင်တင်နွဲ့-ရန်ကုန်တက္ကသိုလ်) နှင့်အတူ တက်ရောက်ခဲ့ပြီး ဆရာမကြီး မကြွယ်ကြွယ် (စာရေးသူနှင့် အနုပညာရှင်တို့သည် အသက်အရွယ် သဘာဝအရ ကြီးရင့်ရသော်လည်း စိတ်ဓာတ်က အစဉ်နုပျိုနေသူများဖြစ်၍ ဦး၊ ဒေါ် မသုံးပါ။ ဤကား ကျွန်တော်၏ခံယူချက်ပါ။)အသက် (၁၂၀) တိုင်တိုင် စာပေများ ရေးသားပြုစုနိုင်ပါစေကြောင်း ဆုမွန်တောင်း၍ မိမိကြိုက်ရာ နှန်းကြီးသုပ် အဝစားခဲ့ပါ၏။

စာရေးရန် အထိုင်များ၍ ခြေဖမိုးသွေးကျတာပါဟု ပေါ့ပေါ့နေခဲ့ရာမှ တစ်စထက်တစ်စ ပိုဆိုးလာပြီး လမ်းပင်မလျှောက်နိုင်တော့ပါ။ ထိုအခါမှ ရပ်ကွက်တွင်းရှိ တိုင်းရင်းဆေးဆရာထံ သွားပြရပါသည်။ ဆရာမှ လိုအပ်သော လိမ်းဆေးသောက်ဆေးများပေး၍ ညွှန်ကြားချက်အတိုင်း သောက်လိမ်းခဲ့ပါသော်လည်း မသက်သာ၍ ဆရာဝန်ဆေးခန်းသို့ ပြောင်းလဲပြသရပြန်ပါသည်။

ဆရာဝန်ဆေးခန်းမှလည်း ထိုးဆေး၊ သောက်ဆေးများဖြင့် နှစ်ပတ်ကုသရာ ဝေဒနာကမသက်သာဘဲ လမ်းပင် ကောင်းကောင်းမလျှောက်နိုင်သည့် အခြေအနေရောက်လာပါသည်။ အသိမိတ်ဆွေများက သာကေတတွင် ဂန္ဓိရုပစ္စည်းဖြင့် ကုသသော မြန်မာဆရာရှိရာသို့ သွားရောက် ကုသရန် အကြံပေး၍ သာကေတရှိ ဂန္ဓိရုဆရာကြီးရှိရာ (၆) ရပ်ကွက်သို့ ရောက်ပြန်ပါပြီ။

သူတို့ပြောကြသလိုပင် ဆရာကြီးသည် ထူးဆန်းသော ဂန္ဓိရုပစ္စည်းဖြင့် ကုသ၍ သောက်ဆေး၊ လိမ်းဆေးကိုပင် ပေးပါသည်။ ဆရာကြီး၏ ဂန္ဓိရုစွမ်းဖြင့် ကုသနေခိုက် (မိနစ်ပိုင်း) သက်သာသလိုရှိသော်လည်း အိမ်ပြန်ရောက်သောအခါ ယခင်အတိုင်းပင်ဖြစ်နေပြီး မထူးခြားပါ။ သို့သော်လည်း ဆရာကြီး ချိန်းသော ရက်ပတ်တိုင်း သွားရောက်ရာမှ တတိယအပတ်သွားရန် တစ်ရက်အလိုတွင် ရောဂါအခြေအနေ အဆိုးဝါးဆုံးအချိန် ရောက်လာပါသည်။

အထိုင်အထတွင် ရောင်ကိုင်းနေသော ခြေဖမိုး၊ ခြေဖနောင့်အဆက်များ နာကျင်မှုသက်သာစေရန် လက်ထောက်၍ထခြင်း၊ ထိုင်ခြင်းပြုဖန်များလာသော အခါ လက်ကောက်ဝတ်အဆစ်၊ ဒူးခေါင်းများပါ ရောင်ရမ်း နာကျင်ကုန်ပါသည်။ ထိုမှတစ်ဆင့် တစ်ကိုယ်လုံး အရိုးအဆက်များပါ အရိုက်အနှက်ခံထားရသလို ဆိုးဝါးလာပါသည်။ သက်သာသည်မရှိပါ။ သို့သော်လည်း ကျွန်တော်သည် သမထအလုပ်ကို ပဋိဘာဂနိမိတ်ရောက်သည်အထိ အားထုတ်ဖူးသူ ဖြစ်၍ ဝေဒနာများကို သမထအာရုံသို့ပြောင်း၍ ဝေဒနာရှုမှတ်ခြင်းဖြင့် ရှုမှတ်ချိန် တစ်ဆက်တည်း (၄)နာရီတိတိ ရှုမှတ်ပါသည်။

ထိုနေ့သည် ၁၇-၅-၂၀၁၁ ကဆုန်လပြည့်နေ့ ဖြစ်ပါသည်။ ဝေဒနာများ အာရုံတင်၍ ရှုမှတ်နေစဉ် နံနက် (၃) နာရီခန့်၌ မြောက်စူးစူးအရပ်မှ အဖြူရောင် အလင်းစက်တစ်ခု ကျွန်တော်ရှိရာသို့ ရွှေ့လျားလာသည်ကို မြင်ရသဖြင့် ဝေဒနာရှုမှတ်ခြင်းမပြောင်း၍ မြင်တယ်၊ မြင်တယ်၊ မြင်တယ်ဟု ကျင့်စဉ်အရ ရှုမှတ်သော်လည်း ထုံးစံအရ ပျောက်ကွယ်မသွားဘဲ အလင်းစက်ဟု ထင်ထားသောအရာသည် ဝတ်ဖြူစင်ကြယ်ဝတ်ထားသည် ပုဂ္ဂိုလ်အဖြစ် ထင်ရှားစွာမြင်ရပါသည်။

ထိုဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်သည် မြင်တွေ့ဖူးနေကျ အသက် (၅၀) ကျော် အထက်ရှိသောအရွယ်မဟုတ်ဘဲ ခန့်မှန်းခြေအားဖြင့် အသက် (၃၀) ခန့်ပင် ပြည့်သေးပုံမရသော လူလတ်ပိုင်းဖြစ်သလို လည်ပင်းတွင် ပုဝါတစ်ကုံးဆွဲထားသည်မှအပ လူရွယ်လူလတ်ပိုင်းတို့ ဝတ်ဆင်ထားသည့်ပုဂ္ဂိုလ် ဖြစ်ပါသည်။

ကျွန်တော် မခိုမဆဲခံစားရင်း ဝေဒနာ ရှုမှတ်နေသည်ကို ခေတ္တမျှ စူးစိုက်ကြည့်နေပြီးမှ မည်သည့်စကားမျှမဆိုဘဲ ကျွန်တော်အား ပါးစပ်ဟဆိုသော အမူအရာပြသဖြင့် ကျွန်တော်လည်း အလိုက်သင့်ပင် ပါးစပ်ဟပေးလိုက်ပါသည်။ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်လေးသည် ပါးစပ်အတွင်းသို့ တစ်စုံတစ်ရာထည့်ပေး၍ ကျွန်တော်လည်း မျိုချလိုက်ပါသည်။ မြိုချလိုက်ပြီး မကြာမတင်ပင် ဆိုးဝါးစွာခံစားနေရသော နာကျင်ကိုက်ခဲမှုဝေဒနာများ ဖာပြုပြုပ်တစ်ကောင်လို ရောင်ကိုင်းနေသည့် ခြေဖမိုးများ၊ ဒူးခေါင်းများ ပုံမှန်အတိုင်းဖြစ်၍ ဝေဒနာများလည်း မရှိတော့ပါ။

ကျွန်တော်လည်း ဝမ်းသာလွန်း၍ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်လေးအား ကျေးဇူးတင်လွန်းသောကြောင့် 'ကျေးဇူးကြီးလိုက်တာ ဆရာရယ်။ နောက် ဆရာနဲ့တွေ့ချင်ရင် ဆက်သွယ်နိုင်အောင် အမည်နာမနဲ့ နေရပ်ကလေး ပြောခဲ့ပါလို့ နှုတ်မှမဟုတ်ဘဲ စိတ်ဖြင့်ပင် မေးပါသည်။ (သမထအားထုတ်ခြင်းကို ပဋိဘာဂနိမိတ်ရအောင် အားထုတ်ဖူးသူများသာ ဤအဆင့်ကို ကောင်းစွာသဘောပေါက်ပါသည်။)

ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်လေးသည် ရှည်ရှည်ဝေးဝေးမဆိုဘဲ 'ဆရာ အင်္ဂါသား၊ မြောက်စူးစူး' ဟု နှစ်လုံးသာပြော၍ မြင်ကွင်းမှကွယ်ပျောက်သွားပါသည်။ ပုဂ္ဂိုလ်လေးသည်လည်း စိတ်ဖြင့် ပြန်ပြောသွားခြင်း ဖြစ်ပါသည်။

ကဆုန်လပြည့်နေ့ နံနက်ပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

နာရီမှ စတင်ရှုမှတ်ခဲ့သော အာနာပါန သမထအလုပ်ကို နံနက် (၆) နာရီထိုးသောအခါ ရပ်နားလိုက်ပါသည်။ ရှုမှတ်နှိုင်ခိုန် (၄)နာရီတိတိ ဖြစ်ပါသည်။ ကျွန်တော် ယခင်က စံချိန်တင် ရှုမှတ်ခဲ့ဖူးသော စံချိန်သည် (၃)နာရီတိတိသာ ရှုမှတ်ခဲ့ဖူးရာမှ ယခုမှ ဆိုဝါးသောဝေဒနာများကြောင့် ရှိသမျှ အားကုန်စိုက်ထုတ်ကာ (၄)နာရီရှုမှတ်ခြင်း ဖြစ်ပါ၏။

ယခင်ရက်များက ခြေချင်းဝတ်ကန၁၊ ဒူးဆစ်ကန၁၊ လက်ဆစ်နှင့် တစ်ကိုယ်လုံး အလွန် နာကျင်သော်လည်း အိပ်ရာထလျှင် ရှုရှိုက်ဖီယံ အပြာရောင် နှစ်ပြား၊ ပါရာစီတမော့ နှစ်ပြားသောက်၍ ခေတ္တမျှကြာလျှင် လူပိုမတွဲဘဲ မိမိဘာသာထ၍ အပေါ့အပါးသွားနိုင်ပါသည်။ သို့သော် ယနေ့ သမထလုပ်ငန်းမှ ရပ်နားသောအခါ ထရန်ဝေးစွ ဒူးနှစ်ဖက်ပင် လှုပ်ရှားမရအောင် နာကျင်သလို လက်ဆစ်၊ ပခုံးဆစ်တွေလည်း ဆိုးဝါးစွာ နာကျင်နေ၍ မလှုပ်နိုင်တော့ပါ။ (သမထအားထုတ်မှုတွင် လုပ်ရိုးလုပ်စဉ် တင်ပျဉ်ခွေ နှစ်ဖက်ကိုပါ တင်စရာဖြင့် ဆန့်တန်းလျက် ခါးအထက်ပိုင်းကို ၄၀ ဒီဂရီ၊ ၄၅ ဒီဂရီခန့်အတိုင်း ထား၍ အားထုတ်ခြင်း ဖြစ်ပါသည်။)

သမထအာရုံတွင် သောက်ခဲ့ရသော ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ် ဆရာအင်္ဂါသားဆေးကြောင့် ဝေဒနာများ ကင်းစင်သွားခြင်းနှင့် ဆန့်ကျင်ဘက် ပစ္စက္ခအခြေအနေသည် တစ်လကျော် ကြာပြီဖြစ်သော ဝေဒနာ၏ အမြင့်ဆုံး သောအခြေအနေ ဖြစ်နေပါသည်။

ထို့ကြောင့် ဇနီးသည်ကိုခေါ်၍ အကျိုးအကြောင်းပြောပြီး အိမ်သာပို့ခိုင်းရပါသည်။ ဇနီးနှင့်သား ချီပိုး၍ပို့ရပါသည်။ အိမ်သာထဲတွင်လည်း မထိုင်နိုင်၍ ဖြစ်သလိုပင် စခန်းသွားခဲ့ရပြီး ပြန်ဇာထွက်တွင် အရုပ်ကြိုးပြတ် ခွေလဲကျသွားပါတော့သည်။

ကြားဖြတ်၍ ကျွန်တော့် အကြောင်း အနည်းငယ်တင်ပြရသော် ယခုဖြစ်စဉ်ကြောင့် တိုင်းရင်းဆေးခန်း၊ ဆရာဝန်ဆေးခန်းတို့သို့ရောက်ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ဆေးခန်းများနှင့်ပတ်သက်၍ မည်သည့်ဆေးခန်းမျှ မရောက်ခဲ့ဘူးသည်မှာ (၁၀)နှစ်ကျော်၍ (၁၅)နှစ်ခန့် ရှိခဲ့ပါပြီ။ ဆေးခန်းသို့သွားလောက်သည့် ဝေဒနာလည်း လုံးဝမရှိခဲ့။ ယုတ်စွအဆုံး နာစေး၊ချောင်းဆိုးရောဂါတောင် မဖြစ်ပါ။ ယခုဖြစ်လာပြန်တော့ သေကောင်ပေါင်းလဲဟု ဆိုရမည်ပင်။

ဇနီးသည်လည်း သွားခဲ့ဖူးသော ဆေးခန်းဆရာဝန်အိမ်ပြော၍ ဆရာခေါ်ပါသည်။ ကံဆိုးသည်လား၊ ကံကောင်းသည်လားတော့ မပြောတတ်ခေ့။ ဆရာဝန်က အိမ်တွင်မရှိဖြစ်နေသည်။ ဆေးခန်းသုံးခန်းမှ ဆရာဝန်များ မရသောအခါ မကြာခင်ကမှလာရောက် ဖွင့်လှစ်သော (×××) ဆေးခန်းအသစ်သို့ ပြေးရပြန်ပါသည်။ ရောက်သွားသည့်အခါ ဆရာဝန်က အပြင်သွားရန် ကားစက်နှိုးနေချိန် ကွက်တိ။

လူနာ၏ အရေးပေါ်အခြေအနေ ပြောပြတော့ ဆရာဝန်သည်လည်း ချက်ချင်းပင် သူ့ကားဖြင့်လိုက်ခဲ့သည်။ ဆရာဝန်ရောက်မှ သားအမိနှစ်ယောက်တွဲ၍ ဆရာဝန်ရှိရာ အိမ်ဦးခန်းသို့ ထုတ်ခဲ့ရသည်။ ရောဂါဖြစ်စဉ်အကျဉ်း၊ ကြာမြင့်ခဲ့သောကာလ၊ နောက်ဆုံးသောက်လိုက်သောဆေးတို့ကို မေးမြန်းပါသည်။

သိလိုသော အကြောင်းအကျဉ်း ချုပ်သိရပြီးသောအခါ သူလုပ်သင့်သော ကုသမှုများ စတင်ပါသည်။ အကြောဆေး၊ အသားဆေးများထိုး၍ သောက်ဆေးသုံးရက်စာ ပေးခဲ့ပါသည်။ ညနေ (၅) နာရီတွင် အခြေအနေသတင်းပေးရန်လည်း မှာခဲ့သည်။ ဆရာဝန်ပြန်သွားသည်အထိ ကျွန်တော်လည်း ထားသည့် နေရာမှ မလှုပ်ရှားနိုင်သေး။ ဝေဒနာတွေ ခံစားနေရဆဲ။

၁၇-၅-၂၀၁၁၊ လပြည့်နေ့ညနေ (၃)နာရီတွင် မိမိကိုယ်တိုင် မယ့်ကြည့်နိုင်သောဖြစ်ရပ်တို့ကို တွေ့ရသည်။ တစ်လကျော်ကျော် ဖောရောင်နေသော ခြေဖမိုး၊ ခြေချင်းဝတ်၊ ဒူးဆစ်၊ လက်ဆစ်၊ လက်ချောင်းများ လုံးဝနီးပါး အရောင်ကျသွားသည်။ ထမရပ်နိုင်သော ဒူးနာရောဂါလည်းမရှိတော့။ ယူပစ်သလို ပျောက်သွားသည်။ တစ်လကျော်မျှ မသက်သာဘဲ ခံစားနေရသောဝေဒနာများကို (၉၀) ရာနှုန်း ပျောက်ကင်း သက်သာသွား၏။ နှတ်ဆေးနှင့် ကုသသည်ဟုပင် ထင်မိကာ ဝမ်းသာအံ့သြရသည်။ ဇနီးနှင့်သားလည်း ကျွန်တော့်နည်းတူ ခံစားကြရသည်။

ဝေဒနာများ နတ်ဆေးသြသဓဖြင့် တွေ့သလို ပျောက်ကင်းသက်သာသွားသောအခါမှ သမထအာရုံမြင်ကွင်းကို ပြန်တွေးမိပါသည်။ ကျွန်တော့်ဝေဒနာများ ကုသပေးသွားသော ဆရာဝန်လေး (အသက် ၃၀ ခန့်) ၏ ရုပ်သွင်ကို ပုံဖော်ကြည့်သောအခါ သမထအာရုံမြင်ကွင်းမှပုဂ္ဂိုလ်နှင့် ထပ်တူနီးပါး တူညီသလို အဖြူရောင် လည်ကတိုးအင်္ကျီ၊ အဖြူရောင်များသော ပလေကတ်လုံချည်၊ လည်ပင်းတွင် ပုတီးမဟုတ်ဘဲ နားကြပ်ဆွဲထားသည်ပင် ကွာခြားသည်။ ဆံပင်ပုံစံရိုးရိုးလေး ဘဲမြီးပုံ ဖြစ်သည်။ ဝင့်ဝါပလွားမှု လုံးဝမရှိ။ အေးဆေးတည်ငြိမ်သည်။ သမထအာရုံတွင် ခံစားရသလို တစ်လကျော် ဝေဒနာများ နေ့မကူးဘဲ (၄ နာရီခန့်အတွင်း) သက်သာပျောက်ကင်းခြင်း၊ လူကောင်းပကတိသွားလာလှုပ်ရှားနိုင်ခြင်းများသည် မယုံနိုင်အောင် ဖြစ်ခဲ့ရပါသည်။

ဤဖြစ်စဉ်များသည် မတော်တဆတိုက်ဆိုင်ခြင်း မဟုတ်နိုင်ခေ့။ ဝေဒနာရှုမှတ်နေသော သမထအာရုံမြင်ကွင်းနှင့် ထပ်တူမျှဖြစ်ပေါ်လာခြင်းကြောင့် ထူးဆန်းသော 'ဂဒ္ဓိရဆရာဝန်' ဟူ၍သာ ယုံကြည်မိပါသတည်း။

ဓာတ်ပုံ-မောင်မောင်အေး

စာကြွင်း-

ရောဂါဝေဒနာများမှ သက်သာပျောက်ကင်းပြီးနောက် အားဆေးသွင်းခြင်း၊ ဆက်လက်စားရန်ဆေးများ ညွှန်ကြားချက်ယူရန် ထိုဆရာဝန်လေး၏ ဆေးခန်းသို့ တစ်ကြိမ်၊ နှစ်ကြိမ်ရောက်ရှိရသောအခါတွင်မှ ဆရာဝန်လေး၏ အမည်နာမနှင့် မွေးနေ့ကို မသိမသာ စုံစမ်းမိသောအခါ အင်္ဂါသားဖြစ်နေပြန်သဖြင့် သမထအာရုံအတိုင်း ကွက်တိဖြစ်နေသလို မြတ်ဗုဒ္ဓ၏ အဘိမွာသင်တန်းကို တက်ရောက်သင်ယူနေသော သင်တန်းသားတစ်ဦး၊ သက်သတ်လွတ်စားသူတစ်ဦးဖြစ်ကြောင်းပါ သိရပေရာ အမှန်ပင် ထူးခြားသောဖြစ်ရပ်ဟူ၍သာ ယုံကြည်မိပါတော့သည်။ ပုဂ္ဂိုလ်ရေးအရကြော်ငြာပေးသလိုဖြစ်မည်စိုး၍ ဆေးခန်းအမည်ကိုရော ဆရာဝန်လေး၏အမည်တို့ပါ ဖော်ပြခြင်းမပြုသည်ကို ခွင့်လွှတ်ပါ။ မိမိနှင့် တိုက်ဆိုင်သည်ဟု ယူဆပါက ကျွန်တော့်ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ဆရာဝန်လေး၏ဆေးခန်းသည် ထူးဆန်းစွာပင် ကျွန်တော့်အိမ်၏ မြောက်စူးစူးအရပ်ရှိနေသည်ကလည်း တိုက်ဆိုင်မှု မဟုတ်ခေ့။ စိတ်ကူးဖြင့်ရေးခြင်းမဟုတ်ကြောင်း သစ္စာတရားဖြင့်ဆိုပါမည်။ ဤမှန်သောသစ္စာကြောင့် သင့်အား လည်းကောင်း၊ ကျွန်ုပ်အား လည်းကောင်း ကောင်းကျိုးသွေ့ရမည်စေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

မဟာဗုဒ္ဓဂါရုဝ

၉

မေ့မရသောငယ်ဘဝနှင့် တောရပ်ရွာ

ဤနေကား စရိယဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီး၏ ရင်ပြင်တော်တွင် စုပေါင်းမဟာဘုံကထိန်၊ စုပေါင်းမဟာပဝါရနာ၊ စုပေါင်း မဟာပရိဝတ်ထွက်ပွဲ စသည်များ ရှိသည်။ ထို့ကြောင့် ဘုရားကြီး၏ ရင်ပြင်တော်တွင် သက်နှံးရွှေဝါရောင်များ လွှမ်းလျက်ရှိသည်။

ဘုရားကြီး၏ ပွဲတော်ကို သကြိန်သုံးရက်အတွင်းသာ သတ်မှတ်သော်လည်း ယခုအခါ အဆိုပါ ဘာသာရေးပွဲတော်သုံးပွဲကို အကြောင်းပြု၍ ဓာတ်ပွဲ၊ မျက်လှည့်ပွဲနှင့် အရောင်းဆိုင်များသည်လည်း တန်းစီလျက် အထပ်ထပ်ရှိနေကြသည်။ ထို့ကြောင့် ဘုရားရင်ပြင်တော်ပေါ်၌ ကြက်ပျံမကျအောင်ပင် စည်ကားလျက်ရှိသည်။

ဤစရိယဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီး၏ ပတ်ဝန်းကျင်၌ မြို့ဟူ၍မရှိဘဲ ရွာများသာ ရှိကြသည်။ ရွာများသည်လည်း ကြီးကြီးမားမား အိမ်ခြေများများမရှိကြဘဲ အိမ်သုံးရာရွာသည် အကြီးဆုံးဖြစ်ပြီး အချို့ရွာများမှာ အိမ်ခြေတစ်ရာပင်မပြည့်ဘဲ လေး၊ ငါးဆယ်မျှသာ ရှိကြသည်။

ပြောစရာဆို၍ ရေလမ်းတစ်ခုသာရှိသည်။ (ယခုအခါ ဘုရားကြီးသည် ကားလမ်းပေါက်၍ ရန်ကုန်-တပ်တောင် ကားလမ်းဘေးဖြစ်နေပြီ) ထိုရေလမ်းတစ်ခုတည်းမှပင် မော်တော်သံများ

www.burmeseclassic.com

www.burmeseclassic.com

တဖုတ်ဖုတ်ဖြင့် ဟိုမှသည်မှ ရောက်လာကြ၍ ဘုရားကြီး၏ ရင်ပြင်တော်ပေါ်၌ ဘုရားဖူးပရိသတ်များပြည့်နှက်သွားတတ်သည်။

မောင်အေးချမ်းတို့ လူစုက ဆရာတော်ကြီးနှင့်အတူတကွ လိုက်လာကြခြင်းမပြုဘဲ နောက်မှ ပုန်းလျှိုးကွယ်လျှိုးဖြင့်သာ ရောက်လာကြသည်။ ဤသို့ ပုန်းလျှိုးကွယ်လျှိုးလာကြခြင်းမှာ အကြောင်းရှိသည်။ မောင်အေးချမ်းတို့လူစုမှာ ဘုရားမှပန်းများကို ခိုးရောင်းမှုနှင့် ဦးမောင်မဲနှင့် ဦးသန်းမြတို့အား ခရီးမြန်ချင်လွန်း၍ (လိုက်၍ရိုက်စေရန်အတွက်) ဆဲရေးတိုင်းထွာခဲ့မှုတို့ကြောင့် ပွင့်လင်းစွာဖြင့် မလာရဲကြခြင်း ဖြစ်သည်။

ဆရာတော်ကြီး ကျောင်းမှ ကြွသွားပြီးနောက် တောလမ်းမှ ပုန်းလျှိုးကွယ်လျှိုးလာခဲ့ကြသည်။ ရင်ပြင်တော်ပေါ်သို့ရောက်လျှင် ဦးစွာ ဆရာတော်ကြီးအား ရှိခိုးပြီး ကျောင်းသားစာရင်းကိုင်ကြီးအား ကျောင်းသားစာရင်းသွားပေးကြသည်။ ဤကဲ့သို့ ကျောင်းသားစာရင်းပေးထားမှသာလျှင် ဆရာတော်ကြီးများ၏ ပွဲတော်ကျ ဆွမ်းကျန်များကို စားသောက်ကြရပေမည်။

မောင်အေးချမ်းတို့လူစု ကျောင်းသားစာရင်းသွင်းပြီးနောက် ပွဲထဲသို့ လျှောက်ထွက်လာကြသည်။ ဦးမောင်မဲနှင့် ဦးသန်းမြတို့ကိုလည်း မသိမသာဖြင့် လိုက်ကြည့်ကြသည်။ ဦးမောင်မဲနှင့် ဦးသန်းမြတို့ကသာ မောင်အေးချမ်းတို့လူစုအား၌၌ မှတ်မိသွားလျှင်လည်း ရှောင်ပြေးနေရဦးမည်။ သို့မဟုတ်ပါက ဖမ်းမရိုက်ဟု မပြောနိုင်ပေ။ အပြစ်ကရှိနေတော့ သတိရှိသည်က အကောင်းဆုံးသာ ဖြစ်သည်။

ထို့နောက် ပန်းခိုးခဲ့မှုနှင့်ပတ်သက်၍ ဂေါပကလူကြီးများကိုလည်း အကဲခတ်၍ မိမိတို့အား မှတ်မိ၊ မမှတ်မိဟု



www.burmeseclassic.com

www.burmeseclassic.com

သတိထားပြီး ကြည့်ကြရသေးသည်။ အားလုံး စိတ်ချရပြီးမှ ဘုရားကြီး၏ ရင်ပြင်တော်နှင့်တကွ ပွဲခင်းထဲကို ရဲရဲကြီး လျှောက်ရဲကြသည်။ မနေ့က ပန်းခိုး ရောင်း၍ ရထားသောငွေများဖြင့် မုန့်ဝယ်စားကြသည်။

မောင်အေးချမ်းတို့လူစု လျှောက်လည် မုန့်စားရင်းက ဗိုက်မဆာ၍ ကျောင်းသားစာရင်းခေါ်သည့်အခါတွင် ထမင်းစားရန်ပင် မသွားကြတော့ဘဲ ပွဲခင်းထဲမှာသာ လျှောက်လည်နေကြသည်။ ဘုန်းကြီးကျောင်းသား ဟူသည်မှာလည်း အခြားအချိန်များတွင် လွတ်လပ်မှု အင်မတန်နည်းပါးပြီး ဆရာဘုန်းတော်ကြီးနှင့်အတူ ပွဲလိုက်ရမှ လွတ်လပ်စွာဖြင့် ပွဲလျှောက်လည်ခွင့်ရကြသည်။

တစ်အောင့်အကြာတွင် ဆူဆူညံညံကြား၍ ကြည့်လိုက်ကြရာ ထောင်ပုလိပ်များ လူတစ်ယောက် ဖမ်းခေါ်လာသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ကြာသီးတို့လူစု ထိုလူအား ဘာကြောင့် ဖမ်းလာသည်ကို သိလို၍ ပြေးလိုက်သွားကြသည်။ မောင်အေးချမ်းကမူ သောက်လက်စ မုန့်တစ်ခွက်မကုန်သေး၍ ကျန်နေခဲ့သည်။

ကြာသီးတို့လူစု ပြန်ရောက်လာ၍ မေးကြည့်လိုက်ရာ ထမင်းဆိုင်က ကြက်တွန်လို့ ဟူ ပြောပြကြသည်။

"ဘာ - ဒါဆို အဲဒီလူ တော်တော် ဆိုးတာပဲ။ ဘုရားပွဲက ထမင်းဆိုင်က ကြက်တွန်ရတယ်လို့များ"

"ဆိုးဆို၊ အခု ထောင်ပုလိပ်တွေ ဖမ်းလာကြပြီလေ"

"အဲဒီလူကြီး လူကျယ်တိုင်မှာ အချည်ခံရတော့မှာပေါ့"

"မင်းက ပြောတုန်းရှိသေး၊ ဟိုမှာ ချည်ထားကြပြီလေ"

မောင်အေးချမ်းတို့အရပ်၌ ယခင်က ဘုရားပွဲ၌ ထမင်းဆိုင်မရောင်းရပေ။ ဘုရားဖူးရန်လာကြသော ပရိသတ်များအား ဘုရားဒကာရွာများကသာ လမ်းဆုံလမ်းဝများက စောင့်ခေါ်ပြီး ကျွေးမွေးကြရသည်။ မုန့်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်မှလွဲ၍ ထမင်းဆိုင် မရှိရပေ။

နောက်ပိုင်းတွင် မြို့သူမြို့သား ဘုရားဖူးများက တောချက်ကို မဝင်နိုင်ဟု ညည်းတွားလာကြ၍ ဘုရားပွဲတော်၌ ထမင်းဆိုင်ရောင်းခွင့်ကို ပြုလာရသည်။ အခြောက်အခြမ်းများဖြင့် ရောင်းချခွင့်ပြုသည်။ ထို့နောက် အသားစိမ်း၊ ငါးစိမ်းများကိုလည်း အခြားမှ ခုတ်ထစ်ယူလာပြီး ရောင်းချခွင့်ပြုလာရပြန်သည်။

ယခုမူ ထမင်းဆိုင်က ကြက်တွန်ပြီတဲ့။

ဆရာတော်များ နေဆွမ်းဘုဉ်းပေးပြီးနောက် ဘုရားထောက်ဝင်ရွာ (ဂေါပကဝင်ရွာ) အားလုံးကပင် ရှေ့ပိုင်းနောက်ပိုင်းများဖြင့် တီးမှုတ်ကခုန်ပြီး ဆူဆူညံညံဖြင့် ဘုရားပွဲသို့ ချီတက်လာကြလေသည်။ တောင်ဘက်မှ လာကြသော ဘုရားဖူး (ဘုရားပူဇော်) အဖွဲ့များက နည်းပြီး မြောက်ဘက်မှ လာကြသော အဖွဲ့များက သာ၍များသည်။

မြောက်ဘက်မှ ချီတက်လာကြသည့် ဘုရားဖူးများတွင် မောင်အေးချမ်းတို့ တန်းတင်ရွာသားများလည်း ပါဝင်သည်။ တန်းတင်ရွာက ရွာမိရွာဖ၊ အုပ်စုရွာကြီးလည်း ဖြစ်သည်။ အိမ်ခြေကမူ တစ်ရာပင် မပြည့်သော်လည်း ဆိုခဲ့သည့်အတိုင်း ရွာမိရွာဖ အုပ်စုခုံးစိုက်သော ရွာဖြစ်၍ နာမည်ကြီးသည်။

ထိုအထဲတွင် မောင်အေးချမ်းတို့ တန်းတင်ရွာ၌ ဆင်သုံး၊ လေးကောင် ရှိသည်။ ထို ဆင် သုံး၊ လေးကောင်လုံး၏ ကျောပေါ်တွင် ပဒေသာပင်နှင့် အလှူရဲပစ္စည်းများကို တင်ပြီး ဘုရားပွဲကျင်းပချိန်တိုင်း လာလေ့ရှိကြသည်။ ဆင်ပေါ်တွင် ပဒေသာပင်နှင့် အလှူရဲပစ္စည်းများကို တင်လာကြသဖြင့် သာ၍ပင် တင့်တယ်ပြီး ကျက်သရေရှိသည်။

ဆင်မမြင်ဘူးသော ဘုရားဖူးခရီးသည်များလည်း ဆင်ကြည့်ကြရသည်။ ဤသည်ကို သိထား၍ပင် မောင်အေးချမ်းတို့ တန်းတင်ရွာသားများကလည်း ဘုရားကြီး၏ ရင်ပြင်တော်နှင့်အနီး လယ်နှစ်ကွက်မျှသာခြားသော ဓာတ်တော်ရွာ (ယခု အောင်သပြေရွာဟု နာမည်ပြောင်းထားသည်) သို့ ရောက်လျှင် ဘုရားကြီး ရင်ပြင်တော်ပေါ်သို့ တိုက်ရိုက်မလာသေးဘဲ ခဏနားပြီးနေကြသည်။

ထို့နောက် ဆင်များကို တစ်ခုခုဖြင့်အော်အောင်လုပ်ကြသည်။ ဤသည်မှာ အကြောင်းရှိသည်။ ဆင်အော်သံကို ကြားလျှင် ဆင်ကို မမြင်ဘူးကြသောလူများ ရာထောင်မက သောင်းနှင့်ချီ၍ပင် ဆင်ကြည့်ရန် ချက်ချင်းထလိုက်သွားကြသည်။ ထို့မှ တန်းတင်ရွာသားများက ဆင်များပေါ်တွင် ပဒေသာပင်နှင့် အလှူရဲပစ္စည်းများကိုတင်ပြီး ကွန်ရှေ့ကြီးတစ်ခွဲသားဖြင့် ဘုရားရင်ပြင်တော်ပေါ်သို့ လာတတ်ကြသည်။

ထိုအခါ အခြားရွာသားများ ဘုရားဖူးများမှာ လူလေးငါးဆယ်၊ တစ်ရာမျှဖြင့်သာ လာကြပြီး တန်းတင်ရွာသားများ လာကြသောအခါ လူအုပ်ကြီးမှာ သောင်းချီနေလေသည်။ ထို့ကြောင့် အကြောင်းမသိသူများက တန်းတင်ရွာကို ရောမရွာကြီး၊ အိမ်ခြေသောင်းနှင့်ချီ၍ပင် ရှိလိမ့်မည်ဟုထင်၍ တန်းတင်ရွာသားများမှာ ဆင်အော်သံကြောင့် ဂုဏ်တက်ရလေသည်။

မောင်အေးချမ်းတို့ တန်းတင်ရွာသား ဘုရားဖူးများဘုရားကြီး၏ ရင်ပြင်တော်ပေါ် သို့ရောက်ပြီးနောက် ဘုရားကြီးကို ဆင်များဖြင့် လှည့်ပတ်၍ ပူဇော်နေကြချိန်တွင် လူအုပ်ကြီးမှာလည်း သောင်းချီနေ၍ အံ့မခန်းဖြစ်ကြရသည်။ ဆင်များကလည်း ယဉ်ယဉ်ကျေးကျေးဖြင့်ပင် လှမ်းလျှောက်နေကြသည်။

ထို့နောက် လူများက ဘုရားဖူးကြသလို ဆင်များကလည်း သင်ကြားလေ့ကျင့်ပေးထားသည့်အတိုင်း လူများနည်းတူပင် ဒူးတုပ်ဝပ်တွား၍ ဘုရားဖူးကြသည်။ ထိုအခါ လာကြည့်နေကြသော လူထုပရိသတ်ကြီးမှာ ချီးမွမ်းအံ့သြပြောဆို၍ မကုန်အောင် ဖြစ်သွားကြရသည်။ ဆင်ကို ယခုမှမြင်ဖူးကြသလို ဆင်ဘုရားဖူးသည်ကိုလည်း ယခုမှ မြင်ဖူးကြခြင်းလည်း ဖြစ်သည်။

လူထုပရိသတ်ကြီး ထိုထက်အံ့သြကြရသည်မှာ ကိုးပေကျော်သော ခေါင်းဆောင်ဆင်ပြောင်ကြီး၏ ဦးကင်း၌ ချွန်ကြီးကိုကိုင်ပြီး ဆေးလိပ်ဖွာလျက် အမိန့်သား ပါလာသည့် ဆင်ဦးစီးကြီး ဦးကျော်ဟန် (ယခု ကွယ်လွန်) ကိုပင် ဖြစ်သည်။ ဆင်ဦးစီးကြီးမှာ ခန္ဓာဗလထွားကျိုင်းပြီး အကြောအသားများ အပြိုင်းပြိုင်းထလျက် ယောကျ်ားပီသသော လူကြီးတစ်ယောက် ဖြစ်သော်လည်း လက်တစ်ဖက် မရှိပေ။

ထိုအဖြစ်ကို တွေ့မြင်ကြရသော ဘုရားဖူးအပေါင်းတို့မှာ ဟင်၊ ဟာ ဖြစ်ကုန်ကြသည်။ လောကၠ၌ သေသူခြောက်ယောက်စာရင်းပေါက်သည့်အထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည့် အထူး အရေးကြီးပြီး အသက်နှင့် များစွာ နီးစပ်သော အသက်အန္တရာယ်လည်းများသည့် ဆင်ဦးစီးဖြစ်ပါလျက် ဦးကျော်ဟန်မှာ လက်တစ်ဖက်မပါသောလူကြီးဖြစ်နေပြန်သည်။

ဘုရားဖူးများက ထိုကဲ့သို့ပင် သူ့အား တအံ့တသြ စကားဆိုနေကြသည်

www.burmeseclassic.com

www.burmeseclassic.com

ကိုကြားသိရလျှင် ဆင်ဦးစီး ဦးကျော်ဟန်ကသာ၍ပင် ကဲပြလိုက်လေသည်။ ဆင်များ ဘုရားဖူးပြီးနောက် ရင်ပြင်တော်ဟိုဘက်အစွန် သောက်ရေကန်ကြီး၏ အနားတွင်ရှိသည့်အပင်ကြီး၏အောက်သို့ ဆင်ပြောင်ကြီးအား နားရွက်ကိုကိုင်၍ ခေါ်သွားပြီး သူ့အား ကျောပေါ်မှ ခါချအောင် ပြုလုပ်လေသည်။

ထိုအခါ ဆင်ပြောင်ကြီးသည် စွယ်သံပေး၍ တစ်ချက်ဟစ်အော်လိုက်ပြီးနောက် သုံး၊ လေးကြိမ် ထခုန်ကာ ခန္ဓာကိုယ်တစ်ခုလုံးကို လှုပ်ယမ်းလျက် သူ့ခေါင်းပေါ်မှ ဆင်ဦးစီးကြီး ဦးကျော်ဟန်အား ခါ၍ချလေသည်။ ထိုမျှဖြင့် ဆင်ဦးစီး ပြုတ်မကျလျှင် မြေပြင်တွင် ခွေထိုင်လျက် ခေါင်းကြီးကို မတ်မတ်ထားပြီးလည်း ခါချလေသည်။

ထိုအခိုက်တွင် ဆင်ပြောင်ကြီး၏ ဦးကင်းပေါ်က လက်တစ်ဖက်မပါသည့် ဦးစီးကြီးသည် ပြုတ်မကျဘဲ ရှေ့တိုးနောက်လန် ဘယ်ယိမ်းညာနွဲ့ဖြစ်လျက် အရုပ်ကလေးတစ်ရုပ်ကဲ့သို့ ပါနေလေသည်။ ဆင်ပြောင်ကြီးကလည်း ဟန်ဖြင့် မဟုတ်ဘဲ မာန်နှင့်ခါချနေခြင်းသာ ဖြစ်သည်။ တစ်ခို ဘုရားဖူးများ ကြောက်လန့်ထအော်ပြီး ထွက်ပြေးသည်အထိပင် ဖြစ်ကြရသည်။

ဆင်ဦးစီးကြီး ဦးကျော်ဟန် ထိုကဲ့သို့ သူ၏ ဆင်ဦးစီးအစွမ်းသတ္တိကို ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ခွဲခန့်အထိ ပြသပြီးနောက် ဆင်ပြောင်ကြီးအားချွန်းဖြင့် ထိန်းလျက် ငြိမ်သက်စေပြီး ဘုရားဖူးပရိသတ်များဘက်လှည့်၍ ပြုံးပြနေလေသည်။ ထိုအခါ အလွန်အမင်း သဘောကျနေကြသော ဘုရားဖူးများက ဌက်ပျောသီးနှင့် မုန့်ပဲသရေစာ၊ ငွေကြေးများ ဆုချကြ၍ ဆင်များရော ဆင်ဦးစီးပါ ဗိုက်ကားအောင်ပင် စားသောက်ကြရလေသည်။

ဆင်ဦးစီးကြီး ယခုကဲ့သို့ လက်တစ်ဖက်မပါဖြစ်ရသည်မှာ အကြောင်းရှိသည်။ ဆင်ဦးစီးကြီး အရွယ်နုစဉ်က ခပ်ကျယ်ကျယ် ခပ်မိုက်မိုက် ဖြစ်သည်။ မဟုတ်မမှန်သည့်ကိစ္စရပ်များတွင် သည်းခံခြင်းမရှိဘဲ ထစ်ခနဲဆို ရန်တွေ့တတ်သည်။ ရန်တွေ့လျှင်လည်း အနည်းဆုံး ခေါင်းကွဲထိပ်ပေါက်ဖြစ်သည်။

တစ်နေ့သောအခါ ယောက်ဖဖြစ်သူနှင့် ရန်တွေ့ကြသည်။ ယောက်ဖဖြစ်သူက ဓားကိုင်ထားသော်လည်း ဦးကျော်ဟန်နှင့် ရင်ဆိုင်ရဲသောသတ္တိမရှိ။ ထို့ကြောင့် ဦးကျော်ဟန် လိုက်လာသော အခါ ဓားကြီးကိုင်လျက်က လှည့်ပတ်ထွက်ပြေးသည်။ ဦးကျော်ဟန်လည်း ဒေါသထွက်ထွက်ဖြင့် နောက်မှ ထိန်းလိုက်သည်။

ဤတွင် ယောက်ဖဖြစ်သူသည် နောက်ပြန် ဓားဖြင့်ယမ်းလိုက်ရာ ဦးကျော်ဟန်၏ ဘယ်လက်တစ်ဖက် တိခနဲ ပြတ်သွားလေသည်။ ထို့ကြောင့် ဦးကျော်ဟန်သည်အဖြစ်သို့ ရောက်နေရခြင်း ဖြစ်သည်။ ယောက်ဖဖြစ်သူလည်း ထောင်ကျလေသည်။ ယောက်ဖဖြစ်သူ၏ အမည်မှာ ဦးအတာ ဖြစ်သည်။

❂

မောင်အေးချမ်းတို့ တန်းတင်ရွာသားများ ဘုရားရင်ပြင်တော်ပေါ်သို့ ရောက်၍ ဘုရားဖူးပြီးနောက် အခြားရွာသားများလည်း တစ်ရွာပြီးတစ်ရွာ ရောက်လာကြသည်။ ထိုထိုရွာသားများမှာ မောင်အေးချမ်းတို့ တန်းတင်ရွာသားများကဲ့သို့ ဆင်မပါဘဲ သာမန်အားဖြင့် အလှူရန်ပစ္စည်းများကို သယ်ဆောင်ပြီး ဘုရားကြီးအား လှည့်ပတ်ပူဇော်ကာ ဖူးမြော်ကြခြင်းသာ ဖြစ်သည်။

ရင်ပြင်တော်သို့ ဘုရားဖူးလာကြရာတွင်လည်း တစ်ရွာပြီးတစ်ရွာသာလာကြရ၍ နောက်တွင် အလှည့်ကျကို စောင့်ဆိုင်းနေကြရသော ဘုရားဖူးရွာသား အတော်များများပင် ကျန်ရှိနေသေးသည်။ ထိုအထဲတွင် ကျွဲကူးရွာသူကြီး ဦးဘဂျာသည် မျက်နှာကြီးရဲရဲနှင့် ပြီး တင်းလျက် မောင်အေးချမ်းထံသို့ ရောက်လာသည်။

"ဟေး - တန်းတင်ကျောင်းသားလေး၊ ငါ့ ကြေးစည် ခဏငှားကွာ"

"ဗျာ- ဦးကြီးတို့မှာ ဘုရားဖူးလာကြတာတောင် ကြေးစည်မပါကြဘူးလား"

"အလာတုန်းကတော့ ကြေးစည်မပါဘဲနေမလားကွ။ ကိုယ့်ကျောင်းက ကြေးစည်ကို ယူတာပေါ့။ ဒီအနား ဓာတ်တော်ရွာ (ယခုအောင်သပြေရွာ)ရောက်လို့ မင်းတို့ တန်းတင်ရွာသားတွေ ဆင်နဲ့အိုက်တင်ခံနေတာ စောင့်နေတုန်း တို့ကြေးစည်ကို ဘယ်သူခိုးသွားသလဲ မသိဘူး"

"ဟောဗျာ"

မောင်အေးချမ်း ဦးဘဂျာတို့ ရွာသားများ ကြေးစည်အခိုးခံလိုက်ရသည်ဆို၍ ရယ်ချင်စိတ်ကို မနည်းထိန်းထားလိုက်ရသည်။ တလိပ်လိပ်တက်လာသည်အထိ ရယ်ချင်သွားမိသော်လည်း ဦးဘဂျာ၏ မျက်နှာ တင်းနေ၍ မရယ်ရပေ။

"ကိုယ့်ရွာက နွားတွေကလည်း တောင်ငေးမြောက်ငေးနဲ့ ကိုယ့်ကြေးစည် လူခိုးသွားတာ မသိလိုက်ကြဘူးတဲ့။ ဟောက်- ခိုးတဲ့အကောင်လည်း မြင်လို့၊ သိလို့ကတော့ ငါလက်မှာ သက်သာမှာ မဟုတ်ဘူး"

"သည်းခံပါ ဦးဘဂျာရယ်၊ ဘုရားဖူးလာတာ အကုသိုလ်ဖြစ်လို့မကောင်းပါဘူး"

"အကုသိုလ်ဖြစ်ဖြစ်၊ မဖြစ်ဖြစ်ကွာ။ ကြေးစည်သူခိုးသာ စုံစမ်းလို့ သိလို့ကတော့ လုပ်ဖြစ်အောင်ကို လုပ်ပစ်လိုက်မှာ"

(နောက်မှသိရသည်မှာ ကြေးစည်သူခိုးများသည် မြောက်ဥချောင်းရွာကဟု ဆို၏။။ ဤကိစ္စကို ဦးဘဂျာ သိမသိတော့ မောင်အေးချမ်းလည်း မသိပေ။)

မောင်အေးချမ်းလည်း ဦးဘဂျာအလွန်အမင်း စိတ်ဆိုးနေသည်ကိုမြင်၍ နောက်ဘာမှ မပြောတော့ဘဲ ကြေးစည်ကြီးကို ထုတ်ပေးလိုက်သည်။ ဦးဘဂျာလည်း ကြေးစည်ကြီးကို ပခုံးတွင်ထမ်းပြီး လက်ကိုင်ဘုကို တဆဆဖြင့် ထွက်သွားလေသည်။ မောင်အေးချမ်းတို့အရပ်တွင် ဘုရားဖူးသွားလျှင် ကြေးစည်ပါရသည်။ ရှေ့က ကြေးစည်ခိုက်ပြီးသားသူများကြသည်။

ကျွဲကူးရွာသူကြီး ဘာဂျာ စိတ်ထိ

www.burmeseclassic.com

www.burmeseclassic.com

တတ်၊ ဒေါသကြီးတတ်သည့်အကြောင်းကို မောင်အေးချမ်းသိသည်။ မဟုတ်မခံ၊ ထစ်ခနဆိုလည်း ရန်ဖြစ်သည်။တစ်ဖက်ကသာ အလျှော့မပေးလျှင် ခေါင်းကွဲ၊ ထိပ်ပေါက်လည်း ဖြစ်တတ်သည်။ ထို ထက်လည်း ပို၍သာ၍ ဖြစ်တတ်သည်။

တစ်ခါက ဦးဘာဂျာ မောင်အေးချမ်းတို့ တန်းတင်ရွာတွင် ဖဲလာရိုက်၏။ ဦးဘာဂျာ ဖဲနိုင်သည်။ ဖဲစန်းပွင့်သည်ဟု ပင်ဆိုရမည်လောမသိ။ တစ်ဝိုင်းလုံးက ပိုက်ဆံ ဦးဘာဂျာ၏ ခါးပိုက်ထဲသို့ အားလုံး ရောက်သွားသည်။ ပိုက်ဆံများသာမက ခဲအားလုံးလည်း ရောက်သွားသည်။ ခဲ ဟူသည်မှာ ပိုက်ဆံအနုတ်လဲရလွယ်ကူစေရန်အတွက် တစ်လက်မသစ်သားလေးများကို ကြက်ခြေခတ်ပြီး သေသေသပ်သပ် လုပ်ထားခြင်းမျိုးပင် ဖြစ်သည်။

အကောက်သည်က ဖဲဝိုင်းသိမ်းပြီး နောက် ဖဲရိုက်သမားအားလုံးတို့ဆီမှ ခဲများကို ငွေဖြင့်ရွှေးရသည်။ ခဲပြုလုပ်ထားသည်မှာလည်း အကောက်သည်သာဖြစ်သည်။ အကောက်သည်မှာ ဖဲဝိုင်းကို ဒိုင်ခံ ထောင်ပေးထားသူ ဖြစ်သည်။ ဖဲဝိုင်းဒိုင်က ဖဲနိုင်သူထံမှ တစ်ရာ့တစ်ဆယ် ကောက်ယူ၍ ဖဲရိုက်သူများအား ဆေးလိပ်၊ ထမင်း၊ အရက် စသည်ဖြင့် ကျွေးရသည်။

ထိုနေ့က ဖဲဒိုင်လည်း အကောက်ငွေ မြိုးမြိုးမြှက်မြှက် ရရှိဟန်မတူ။ ထို့ကြောင့် ဦးဘာဂျာထံမှ ခဲအားလုံးကို မရွှေးနိုင်ဖြစ်နေသည်။ ဦးဘာဂျာလည်း ရှားရှားရဲရဲဖြစ်ကာ အလွန်အမင်း စိတ်ဆိုးနေသည်။ ထမင်းစားသောက်ပြီးသည် အထိ စောင့်ဆိုင်းနေ၍ မရွှေးနိုင်ရှိနေသေ်ာကြောင့် ဦးဘာဂျာလည်း ဒေါသထွက် စိတ်ဆိုးပြီး အကောက်သည်အိမ်က ခြံစောင်အားလုံးကို အထုပ်ကြီးထုပ်ပြီး ယူသွားလေသည်။

အကောက်သည်နှင့် ဆွေမျိုးများက နောက်နေ့တွင် ခဲအားလုံးကို လာရွေးပါမည်ဟု ဝိုင်းပြောကြသော်လည်း မရတော့ဘဲ စောင်အားလုံးကို ထမ်းသွားလေသည်။ ဆောင်းရာသီဖြစ်၍ အကောက်သည်မိသားစုမှာ များစွာ ဒုက္ခရောက်ကြရသည်။ အအေးကြီးသော ဒေသလည်းဖြစ်သောကြောင့် မိသားစုလုံး မိုးလင်းပေါက် မီးဖိုနားတွင်နေကြရလေသည်။

❂

ညနေသို့ရောက်လျှင် ဇာတ်ရုံများ ဆီမှ ဆိုင်းသံဗုံသံများ ကြားလာရသည်။ အခြား စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် မျက်လှည့်ရုံများဆီကလည်း ကက်ဆက်သံ၊ အသံချဲ့စက်သံများကို ကြားလာရသည်။ ရွှေပွဲလာပရိသတ်များမှာလည်း များသထက်များပြား၍လာကြလေသည်။ အခြားစျေးဆိုင်တန်းလေးများလည်း အစီအရီ ပေါ် ပေါက်လာကြသည်။

ထိုအချိန်အထိ မောင်အေးချမ်းတို့လူစု ညနေစာထမင်းစားကြရသေးပေ။ ရွာကျောင်းများတွင်ပြုလုပ်သည့် ကထိန်၊ ရတန်းခံ၊ ရှင်ပြု စသော ပွဲများကို လိုက်သွားကြသည့် ကျောင်းသားများဆိုလျှင် ရွာသားများက ညနေစာကိုပါ ကျွေးသော်လည်း ယခုလို ဘုရားပွဲလိုက်သွားကြသော ကျောင်းသားများကိုမူ ညနေစာကျွေးလေ့မရှိပေ။

ကျောင်းသားစုထဲတွင် ဗိုက်အဆာဆုံးဖြစ်နေသော မောင်အေးချမ်း က-

"ဟိုက်ကောင် ကြာသီး၊ ပွဲခင်းထဲမှာ မင်းဦးလေး ဦးစံသိန်းအောင် ထမင်းဆိုင်ရောင်းလို့ရှိတယ်ကွ။ အဲဒါ မင်းဦးလေးသွားပြော။ ထမင်းသွားစားရအောင်။ ဒီထက်ဖြစ်နိုင်မယ်ဆိုရင်တော့ ညပွဲသုံးဖို့ပိုက်ဆံလေးဘာလေးပါပြော။ ပိုက်ဆံတော့ ပြန်ပေးဆိုလည်း ရွာပြန်ရောက်တဲ့အခါ အိမ်ကတောင်းပေးကြတာပေါ့"

ကြာသီး ဘာမှမပြော။ သားရေလုံးတစ်လုံးကိုသာ အပ်ချည်ကြိုးဖြင့် စ, ချည်နေသည်။

"ဟိုက်ကောင် ကြာသီး၊ မင်း ဦးလေးသွားပြောလေကွာ"

"ငါ ဦးလေးနဲ့ မတည့်ဘူးကွ"

"ဘာ"

"အကောင်းပြောတာ၊ ငါ ဦးလေးနဲ့ မတည့်ဘူး။ ဒါကြောင့် မပြောချင်ဘူး"

"ကိုယ့်ဦးလေးနဲ့လည်း မတည့်ရှိရသလားကွ၊ ဘယ်လိုများဖြစ်ကြတုံး။ ရည်းစားများလုခဲ့ကြဖူးသလား"

"မဟုတ်ဘူး၊ သူတို့လင်မယားရန်တွေဖြစ်ကြတော့ ဦးလေးက ခရမ်းသီးကောက်ပြီး သူ့မိန်းမကိုပေါက်လို့ ငါက ကာကာပေးတယ်။ နောက် ခရမ်းသီးတွေကုန်လို့ ကျောက်ပျဉ်နဲ့ ကောက်ပေါက်တော့.ငါထွက်ပြေးလို့ ဒုန်းဆို သူ့မိန်းမခေါင်းသွားထိပြီး သတိမေ့လဲနေတယ်။ အဲဒါ ကျောက်တုံးကြီးထမ်းပြီး ငါရွာပတ်လိုက်တယ်"

"ဘာလဲ- မင်းက ခရမ်းသီးနဲ့တုန်းကတော့ ကာပြီး ကျောက်ပျဉ်နဲ့ပေါက်တာ မကာလို့ ဆိုတဲ့သဘောလား"

"မပြောတတ်ပါဘူးကွာ၊အဲဒီအချိန်ကပင် မခေါ်ကြတာ"

"ဟုတ်လည်းဟုတ်သားပဲ။ ခရမ်းသီးနဲ့တုန်းက ကာပြီး ကျောက်ပျဉ်နဲ့ ကောက်ပေါက်မှ မကာတော့ဘူး ဆိုတော့ မင်း မတရားဘူး"

"ဟ- သေမှာပေါ့ကွ။ ခရမ်းသီးနဲ့တုန်းကတောင် အတော်လေးနာနေပြီ၊ ဒါပေမယ့် ကာလက်စ ဆိုပြီး ကာနေတာ"

"အေးလေ၊ ကာလက်စဆက်တာလိုက်ရင် အခုလောက်ဆို တို့အားလုံး ထမင်းစားရပေါ့။ ညနေ ပွဲသုံးဖို့လည်း ရပေါ့"

ကြာသီးက မျက်ထောင့်နှိုက်ကြည့်နှင့် မောင်အေးချမ်းအား စိုက်ကြည့်သည်။

ထိုညနေက မောင်အေးချမ်းတို့လူစု အကြံအိုက်ပြီး ထမင်းငတ်လူဖြစ်နေကြချိန်မှာပင် မိုးချုပ်စအချိန်၌ ဦးပဉ္စင်းကြီး ဦးဥေ ယျရောက်လာသည်။ ထို့ကြောင့် ဦးဥေ ယျက ကျောင်းသားတစ်ယောက် သုံးကျပ် မှန့်ဖိုးပေး၍ ဆိုင်ထမင်းဖိုးရော ပွဲသုံးရန်အတွက်ပါ အဆင်ပြေသွားကြလေသည်။

(ဆက်ရန်)

မင်းဟိန်းဆင်

www.burmeseclassic.com

www.burmeseclassic.com

နန်းမြို့တွင်းမှ အရှေ့ဥယျာဉ်တော်

အနောက်တံခါးမှူးမောင်မှူး

နန်းမြို့အဝင်

နေသာသည်။ နန်းမြို့အတွင်းမှ အရှေ့ဥယျာဉ်တော်သို့ သွားရောက်ကြည့်ရန် အိမ်မှထွက်ခွာလာကြ၏။ ထုံးစံအတိုင်း ရထားဘူတာရုံသို့ သွားကြလေသည်။ ထိုဘူတာရုံမှတစ်ဆင့် တိုကျိုဘူတာရုံကြီးသို့ ရထားဖြင့်ထွက်ခွာလာ၏။

တိုကျိုဘူတာကြီးသည် ခမ်းနားလှပါသည်။ ဘူတာကြီးအောက်ထပ်တွင်ပင် လိုအပ်သော ပစ္စည်းများကို ဝယ်နိုင်သည်။ ယနေ့ ရွေးနှုတ်တော်ကြီး၏အရှေ့ပိုင်းဥယျာဉ်တော်ကို သွားကြည့်ကြမည်။ မိမိတို့ နေထိုင်ရာနေရာမှ ငါးဘူတာမျှ နာမည်ကျော်ယာမာနိုတေမြို့ပတ်ရထားနှင့် သွားလျှင် တိုကျိုဘူတာကြီးသို့ ရောက်ပေပြီ။

တိုကျိုဘူတာရောက်သော် ရထားဆင်းလျှင် (၂) မိနစ် မျှသာ ရပ်နားရာ ရန်ကုန်မှ ကားဆရာလေးများလို 'သန်မြန်သူ ဆင်းမယ်' ဟု မပြောသာ။ သူ့အချိန်နှင့်သူ မိအောင် ဆင်းရသည်။ တိုကျိုဘူတာကြီးမှာ (၁၅) မိနစ်ခန့် လမ်းလျှောက်လျှင် ဂျပန်ပြည့်ရှင်မင်း၏ ရွှေနန်းတော်သို့ ရောက်ပေပြီ။ တိုကျိုရထားတို့သည် အချိန်တိကျသည်။ ရထားလိုင်းများ အချိန်မှန်မှန်နှင့် ရထားစင်းရေများများထွက်ပေး၍ လူတိုင်းလိုပင် ရထားစီးကြသည်။ တစ်မြို့လုံး ရထားလမ်းက ပို်က်ကွန်သဖွယ်ယှက်၍ဟု ဆိုရမည့်အစား ရထားလမ်းတို့သည် သိုးမွေးချည်လုံးတစ်ခုပမာ တစ်ခုနှင့်တစ်ခု ဆက်နွယ်နေသည်။ မြေအောက်တွင်လည်းလေး, ငါး ခြောက်ထပ်၊ မြေပြင်ပေါ်တွင်လည်း တစ်ခုပေါ်ကတစ်ခုဆင့်နှင့် ခေါင်မိုးအမြင့်မက တစ်ဆင့်ပြီးတစ်ဆင့် အမြန် ရထားတွေကလည်း ပြေးဆွဲရာ အိမ်ကကားကို ထုတ်မောင်းလျှင် ကြာချင်ကြာမည်၊ ရထားစီးသော် အချိန်ကိုက် ရောက်မည်အမှန် ဖြစ်၏။

ကျုံးတော်နှင့်ကျောက်သားတို့ဖြင့် ပြီးသော မြို့ရိုးကြီးဖြင့် နန်းမြို့ကြီးကို တွေ့ရသည်။ ကွန်ပုတို့ မန်းမြို့မှ မြနန်းစံကျော်ရွှေနန်းတော်ကို အမှတ်ရသည်။ ဤ(၇, ၄၁)စတုရန်းကီလိုမီတာ (၂, ၈၆) စတုရန်းမိုင် ကျယ်ဝန်းသော မြို့ရိုးကြီးအတွင်းတွင် ဂျပန်ပြည့်ရှင် ဧကရာဇ်မင်းစံတော်မူသော နန်းတော်နှင့် အခြားသော လက်ဖက်ရည်တော်ဆက် အဆောက်အအုံ၊ နိုင်ငံခြားသံတမန်တို့နှင့် လက်ခံစကားပြောရာ အဆောက်အအုံ စသော အဆောင်ဆောက်လုပ်သည့် နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com

ပန်းဥယျာဉ်တို့လည်း ရှိ၏။ ဂျပန်ပြည်ရှင် ဘုရင်သည် ဤနေရာ၊ ဤဌာနမှနေ၍ နန်းထိုင်လျက် အုပ်ချုပ်လျက် ရှိ၏။ ယခုသော် နန်းတွင်းရှိ အချေပိုင်း ဥယျာဉ်တော်ကို ကြည့်ရန် ကျွန်ုပ်တို့ ရောက်ပေပြီ။

ဂျပန်ဧကရာဇ် ဘုရင်မင်းမြတ်သည် တိုကျိုမြို့တော်တွင် နန်းတော်နှင့် စံပျော်သည်။ ဂျပန်ပြည်တွင် ဧကရာဇ် ဘုရင်ကို တိုင်းသူပြည်သားတို့က လေးစား ကြည်ညိုကြသည်။

မြန်မာထီးနန်းဟန်အရ ဇမ္ဗူဒီပါလဲက်ယာတောင်ကျွန်း၏ ဗဟိုအချက် အချာဟန်ပန်တို့အတိုင်း ကျွဲတော်၊ မြို့ရိုး စသည်တို့လည်း ရှိ၏။ ကျွန်ုပ်တို့ လေ့လာခွင့်ရသခိုက် လေ့လာရပါမည်။ နန်းမြို့အဝင် တံခါးကြီးကို တွေ့ရသည်မှာ 'တိုမြိုမှာလည်း ဒီလိုတံခါးမျိုး တွေ့ဖူးပါတယ်'ဟု စဉ်းစားမိပါသည်။ သူထက်လည်းထူသည်၊ လက်ရာလည်းကောင်းသည်၊ ပုဂံခေတ်တံခါး၊ ဘယ်မှာရှိသည်ကိုတော့ စဉ်းစားပါ။ ကဲ- အာနန္ဒာဘုရားက တံခါးကြီးကို တွေ့ဖူးလား။ ရန်သူတွေဝင်လာလျှင် ခုခံဖို့ တံတိုင်းအထပ်ထပ်၊ သူရဲခိုတွေနှင့်။ ခုတော့ ပြည်သူအများကို လေ့လာ လည်ပတ်ခွင့် ပြုတော်မူပြီ။ ကျောက်တုံးတွေကိုဆင့်ပြီး တံတိုင်းတွေ မြင့်တဲ့အခါမှာ ကိုယ်တို့ရခိုင်ဘက်မှာလည်း မင်းဘကြီးက သူနန်းတော်မှာ ဒီလိုကျောက်တွေစီပြီး တည်ခဲ့တာ။ ရှစ်သောင်းဘုရားမှာတည်ခဲ့တဲ့ လက်ရာတွေကို ပြန်ပြီးအောက်မေ့မိသည်။

ပြည်သူတွေ လမ်းလျှောက်ကြဖို့၊ လေကောင်းလေသန့် ရှူနိုင်ကြဖို့ အပန်းဖြေနိုင်ကြရန်၊ အရင်က တိုကျိုမြို့ ရဲတိုက်မျှော်စင်။ နောက်မီးလောင်သွားတော့ ဖိနပ်ခုံပဲပြထားတယ်။

တစ်ခေတ်တစ်ခါက ရှိုကန်လို့ခေါ်တဲ့ နယ်စားကြီးတွေက ဂျပန်နိုင်ငံမှာ အုပ်ချုပ်ခဲ့သည်။ ရှိုကန်စနစ်နှင့် ဂျပန်ဧကရာဇ်က အုပ်ချုပ်ခဲ့သည် ဆိုသော်လည်း ဧကရာဇ်ဘုရင်၏ အခန်းကဏ္ဍမှာ နည်းသည်။ ထို့ကြောင့် မင်ဂျီဘုရင်လက်ထက်တော်တွင် ရှိုကန်စနစ်ကို ဖျက်သိမ်းတော်မူသည်။ တိုကျိုမြို့တော်တွင် တိုကူဂါဝါ၊ ယိုရှိနိုဘူသည် ယခုနန်းတော် ပြုလုပ်ထားသော အီဒိုရဲတိုက်ကြီးတွင် နေထိုင်ခဲ့သည်။ ဂျပန်ဧကရာဇ်က ကျိုတိုမြို့တော်တွင် နန်းထိုင်သည်။ ခရစ်နှစ် ၁၈၆၈ခု၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် တိုကျိုမြို့မှ ပြောင်း

နန်းတော်အရှေ့ဘက်ရှိ ဥယျာဉ်တံခါးဝမှလမ်းညွှန်မြေပုံကြည့်နေသူတစ်ဦး



ကျွဲ။ မြို့ရိုးနှင့် ပန်းချယ်ရီ သို့မဟုတ် ဆာကူရာ

နန်းမြို့အဝင်

www.burmeseclassic.com

www.burmeseclassic.com

ရန်သူတွေဝင်လာရင် ခုခံဖို့ တံတိုင်းအထပ်ထပ်၊ သူရဲနိုးတွေနဲ့ .....



နန်းမြို့အဝင် တံခါးကြီး

ပြည်သူတွေ လမ်းလျှောက်ကြဖို့၊ လေကောင်းလေသန့်ရှူနိုင်ကြဖို့၊ အပန်းဖြေနိုင်ကြရန်

ရွှေ့၍ အိဒို့ရဲတိုက်ကြီးတွင် နန်းစိုက်တော်မူခဲ့သည်။ ထိုအချိန်မှစ၍ မင်ဂျီဘုရင်၏ စံနန်းတော်ဖြစ်သွားသည်။ တိုကျိုရဲတိုက် (Tokyo Castle Tokyo-jo) ဟု ၁၈၆၈ ခု၊ အောက်တိုဘာလမှစ၍ ခေါ်တွင်စေသည်။ ၁၈၆၉ ခုနှစ်တွင် ထပ်မံလျက် (Imperial Castle) ဧကရာဇ်ဘုရင်၏ ရဲတိုက်ဟု ခေါ်ဆိုသည်။ နန်းတော်ဟု မသတ်မှတ်မီ ၁၆၅၇ ခုနှစ်တွင် မီးလောင်ရာ အဆောက်အအုံအချို့ မီးဒဏ်ခံရသည်။ ၁၈၇၃ ခုနှစ်၊ မေလ (၅) ရက်နေ့ မီးလောင်ရာတွင် ယခင် ရှိကန်ကြီး နေခဲ့သော နီရှိနိုမာရူး (Nishno maru) သည် မီးလောင်ခြင်းခံရသည်။ ၁၈၈၈ ခုနှစ်တွင် တိုနန်းတော်နေရာပေါ်တွင် ဧကရာဇ်ဘုရင်၏ ရဲတိုက်တော် (Imperial Palace) ကို တည်ဆောက်သည်။

၁၈၈၈ ခုမှ ၁၉၄၈ ခုအထိ နန်းရဲတိုက် (Palace Castle) ဟု ခေါ်ပြီး နန်းမြို့ကို ၁၉၄၈ ခုနှစ်တွင် ဧကရာဇ်ဘုရင်စံအိမ်တော် (Imperial Rasident) ဟု ခေါ်တွင်စေသည်။ နန်းတော်အရှေ့ဘက်ဥယျာဉ်ကိုလည်း ၁၉၆၈ ခုနှစ်တွင် ပြည်သူများ ဝင်ရောက် ကြည့်ရှုခွင့်ပြုသည်။ ၁၉၄၅ ခု၊ မေလ (၂၅) ရက်နေ့တွင် မဟာမိတ်လေတပ်ကကြဲသော မီးလောင်ဗုံးများကြောင့် နန်းတွင်းရှိ အဆောက်အအုံများ ပျက်စီးသည်။ မင်ဂျီခေတ်လက်ရာ အဆောက်အအုံများ ပျက်စီးသွားခဲ့သည်။

ရွှေနန်းတော် ဥယျာဉ်တော်ကထွက်ပြီ။ နန်းမြို့အပြင်ဘက်မှ တစ်ပတ်ကားဖြင့် ပတ်ကြည့်ပါသည်။ ပွဲလမ်းသဘင်ပြုသောအခါ ပြည်သူတို့က ဘုရင်ကို ဂါရဝပြုသော နန်းရှေ့ရင်ပြင်ကို သွားကြည့်ပါသည်။ ၂၀၀၉ ခု၊ နိုဝင်ဘာ (၁၂) ရပ်နေ့က ဒီလွင်ပြင်ကြီးမှာ လူပင်လယ်ကြီးတစ်ခုပမာ စုဝေးကြပြီး ဘုရင်ကြီး နန်းတက်ပွဲ နှစ်ပတ်လည်နေ့ကျင်းပပြီး ဘုရင်ကိုဖူးမြော်ကြကြောင်း သိရ၏။ တေးသံသာခန်းမတဲ့။ ဒီဘက်ကတော့ လူများမဝင်ရပါ။ တံတားထိပ်မှ တံခါးများ (Famous Nijubashi Bridge & Tokyo Imperial Palace) တံခါးမှာ စောင့်နေတဲ့အစောင့်။ ဂျပန်မင်္ဂလာတံခါးပါ။

နန်းရှေ့လွင်ပြင်ကြီး။ သူတို့ဘုရင် ပွဲလမ်းသဘင်လုပ်လျှင် ဒီဘက်ကနေပြီး ဂါရဝပြုကြသည်။

၂၀၀၉ ခုနိုဝင်ဘာလ (၁၂) ရက်မှာ လက်ရှိဘုရင်ကြီးကို နန်းတက်တဲ့ နှစ်ပတ်လည်လုပ်နေတော့ အခုမြင်ရတဲ့ လွင်ပြင်ကြီးဟာ လူပင်လယ်ကြီးဖြစ်သွားတယ်။ (Famous Nijubashi Bridge) တံတားကြီးက နောက်မှာမြင်ရတယ်။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၅ခု၊ မေလ (၁၂) ရက်နေ့မှာ တိုကျိုမြို့ကို အမေရိကန်လေတပ်က ဘီ-၂၉ ဗုံးကြဲလေယာဉ်ကြီးတွေသုံးပြီး မီးလောင်ဗုံးများနှင့် တိုက်ခိုက်တာမှာ တိုကျိုမြို့ လူနေရပ်ကွက်တွေ မီးလောင်သည်။ လက်နက်ထုတ်လုပ်မှုမရှိရန် ရည်ရွယ်ပြီး တိုက်ခိုက်သည်။ နန်းတော်ဝင်းအတွင်း (နန်းမြို့) ရှိ အဆောက်အအုံများလည်း ပျက်စီးသည်။ သို့သော် ဂျပန်ပြည်ရောက်လျှင် မင်ဂျီဘုရင်၏ အုပ်ချုပ်ရေးစနစ်ပြောင်းလဲမှု၊ ထိုခေတ်တွင် အနောက်နိုင်ငံနှင့်ဆက်သွယ်ပြီး ခေတ်မီအောင် ပြုပြင်ကြီးစားမှုများလုပ်ခဲ့ခြင်းကို တွေ့ရသည်။ ထိုအသီးအပွင့်ကို လက်ရှိလူတို့ အကျိုးခံစားနေရသည်ကိုလည်း မြင်တွေ့ရပြီး၊ ထိုသို့ မြင်ရကြားရသောအခါ မင်ဂျီဘုရင်ကြီးကို လေးစားမိသည်။ သူက တိုကျိုမှာ နန်းတည်ပြီး အုပ်ချုပ်တဲ့ ခေတ်နှစ် ၁၈၆၈ ပတ်ဝန်းကျင်မှာ

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးပေါ်တောနားမှာတွေ့ရတဲ့ ရွေးအဆောက်အအုံတစ်ခု



အရင်က တာဝူရွာဝါနယ်စားရဲ့ ရဲတိုက်၊ ခုတော့ အိမ်ရဲတိုက်ကြီး

ရွှေနန်းတော်ဥယျာဉ်တော်က ထွက်ပြီ

တို့မြန်မာပြည်မှာ ဘာတွေဖြစ်နေပြီလဲဟု စဉ်းစားမိပါသည်။ သို့ဖြစ်၍ အရှင်တိက္ခဓမ္မာလင်္ကာရ ပြုစုတော်မူသော 'မြန်မာ့ရက်စွဲသမိုင်း (ကုန်းဘောင်ခေတ်) စာအုပ်ကို လှန်လိုက်ရာ မင်ဂျီဘုရင်ကြီး ဂျပန်ပြည်မှာ ပြုပြင်ပြောင်းလဲရေးလုပ်တဲ့အချိန်မှာ မြန်မာပြည်မှာလည်း မင်းတုန်းမင်းဘုရင် ရှိနေပါပြီ။

ရာဇဝင်လှန်ကြည့်လျှင် ဂျပန်တွေလည်း မွန်ဂိုတွေဝင်တိုက်တာခံရသလို မြန်မာပြည်မှာလည်း မွန်ဂိုတွေနှင့် စစ်ပြိုင်ခဲ့ရတာချင်း တူသည်။ မင်ဂျီဘုရင်ကြီးလို မင်းတုန်းမင်းကလည်း နိုင်ငံခြားကို ပညာတော်သင်များ စေလွှတ်သည်။ အိမ်ရှေ့မင်းဖြစ်သူ ကနောင်မင်းသားကြီး ဦးဆောင်ပြီး တိုင်းပြည်တိုးတက်ရေးကို လုပ်ဆောင်ခဲ့တာပါ။ တိုင်းတစ်ပါးသားရဲ့ သွေးထိုးပေးမှုကြောင့် ကနောင်မင်းသားကြီး ရေတိမ်နစ်ရသည်။ မြန်မာရက်စွဲသမိုင်းကို လေ့လာလျှင် ခေတ်မီတဲ့ နိုင်ငံတော်ကြီး ဖြစ်အံ့ဆဲဆဲအချိန်မှာ နန်းတွင်းအရေးတော်ပုံကတစ်မျိုး၊ လူလိမ်တွေကလည်း အယုံသွင်းလိမ်ကြနှင့် ပညာရှိမင်းသားကြီးများပင်လျှင် အခြေအရံမဆိုထားနှင့် ဝင်ရောက် ခစားသူများပင်လျှင် အပြစ်ပေးခံရသည်အထိ အဖြစ်များရခဲ့သည်။

မြန်မာနှစ် ၁၂၂၈ ခု၊ ဒုတိယဝါဆိုလဆုတ် (၅) ရက်၊ အင်္ဂါ။ ခရစ်နှစ် (၃၁-၇-၁၈၆၆)

နေ့ သုံးချက်တီးကျော် ခြောက်မောင်းခန့်အချိန် တစ်မိုးလုံး သွေးခဲသို့ နီပြီးလျှင် လေးချက်တီးအချိန် မည်းမိုက်၍ မိုးကြီးရွာရာ နန်းမြို့တော်အရှေ့မြောက်၊ ရွှေမြို့တော်အရှေ့မြောက် အရပ်တွင် မိုးကြိုးလောင်မီးကျ။

မြန်မာနှစ် ၁၂၂၈ ခု၊ ဒုတိယဝါဆိုလဆုတ် (၇) ရက်၊ ကြာသပတေး။ ခရစ်နှစ် (၂-၈-၁၈၆၆)

နေ့ နှစ်ချက်တီးကျော်အချိန်။ (မြင်းကွန်း၊ မြင်းခုံတိုင်အရေးအခင်းဖြစ်ပါသည်။အကျယ်မရေးလိုတော့ပါ။) တိုင်းရေးပြည်ရေး မကောင်းပါ။ ထို့ကြောင့် အားယူရမည့် အချိန်ကောင်း၊ အခါကောင်းတို့သည် လက်လွတ်ဆုံးရှုံးခဲ့ရပါသည်။

မြန်မာနှစ် ၁၂၃၄ ခု နယုန်လဆန်း (၁) ရက်။ ခရစ်နှစ် (၇-၅-၁၈၇၂)

ရွှေဒဂံး၊ ငွေဒဂံး ပုံရိုက်လုပ်ဆောင်သော ဒဂံးရုံတော် စသောစက်မှုအမျိုးမျိုး၊ ဦးရေ (၅၀) ကျော်တို့ကို ပြုပြင်လုပ်ဆောင်စေသည့် လူမျိုးခြားများနှင့်

www.burmeseclassic.com

www.burmeseclassic.com

တေးသံသာခန်းမတဲ့

တံတားထိပ်မှ တံခါးမှူး



နန်းရှေ့လွင်ပြင်ကြီး

အလုပ်ဝန်၊ ပညာဝန်တို့ကို လစဉ် လစာ ငွေပေးရန်၊ အလုပ်တော်နှင့်စပ်သမျှ ဆင့်ဆိုရန်ရှိသည်များကို အလုပ်ရုံတော် ဌာနပါ အမျှးအကြီး ဝန်ကြီးတို့အပေါ် က သားတော် မက္ခရာမင်းသား သတိုးသုဓမ္မ မဟာရာဇာကိုအပ်။

မြန်မာနှစ် ၁၂၃၊ ဝါဆိုလဆန်း (၁) ရက်၊ ခရစ်နှစ် ၁၄-၆-၁၈၇၄။

သားတော် သီပေါမင်း စသည်တို့ကို သာမဏေရပဗ္ဗဇ္ဇာအဖြစ် ချီးမြှင့်၍ မာလာလင်္ကာရ သီရိခဇ မဟာရာဇဂုရု တံဆိပ်တော်ရ တောင်တော်ဆရာတော် ဘုရားထံ အပ်နှံပြီးလျှင် ရွှေနန်းတော် အတွင်း လွှတ်တော်ရှေ့တွင် ကျောင်းတော် ဆောက်လုပ်တင်လျှူ။

၁၂၈၈ ခု၊ မြင်းကွန်းမင်းသား စသည်တို့၏ အရေးတော်ပုံ ပြီးပြိမ်းသွားပြီးသည့်နောက် အရွယ်တော်တော် ရောက်သည့် သားတော်များထံ အခြားသူတို့ အဝင်အထွက်မရှိစေနှင့်။ ပြဋ္ဌာန်းပိုင်းခြားပါလျက် သားတော်မက္ခရာမင်းသားထံ အမြင့်မြို့အုပ် မောင်ကြီးကို အရာမှနုတ်၍ မိုးကောင်းမြို့သို့ အကျဉ်းပို့ထား။

မောင်ကြီးအကြောင်းကို တိတ်တဆိတ်မနေ လျှောက်ထားသော ယောက္ခမဖြစ်သူ အလုံမြို့ဝန်ကို မင်းကြီးမဟာသက်ရှည်ဘွဲ့ လွှဲပြောင်းသနား။

၁၂၈၈ ခုနှစ်အရေးတွင် သက်စွန့်ကြိုးပမ်း ထမ်းရွက်သည့် သားတော်ဖြစ်သောကြောင့် မက္ခရာသားကိုမူ ရာဇဝတ်တော်ကို ချမ်းသာပေး။

စက်ရုံများ နေပြည်တော်တွင်ရှိပြီး အိမ်ရှေ့မင်း နတ်ရွာစံပြီးသည့်နောက် မက္ခရာမင်းသားကြီးက ဆက်လက် ကြီးကြပ်ရကြောင်း တွေ့ရှိရသည်။ သို့သော် သားတော်များကို အရွယ်ရောက်ပါက အပြင်လူတို့နှင့်မဆက်ဆံရန် အမိန့်ထုတ်ထား၍ မင်းသားများကို စောင့်ကြည့်ရသောအခြေအနေတွင်ရှိကြောင်း တွေ့ရလေသည်။

မြန်မာနိုင်ငံအောက်ပိုင်းကို ဗြိတိသျှက ရယူထားပြီး ဖြစ်နေသည်။ ထို့ကြောင့် တိုးတက်သင့်သလောက် မတိုးတက်ပါဟု ဆိုရပေမည်။ ထိုအထဲတွင် နဂါးပြည်ကလာသော မောင်ရဲဆိုသူက လည်းပေါ်သေးသည်။ နဂါးမင်းသံတမန်ဟုဆိုရာ ဘုရင်ကလည်း ယုံလေသည်။ နဂါးဖြစ်၍ နဂါးအခိုးအငွေ့ပြရန် ရေလို့သည်ဟုဆိုရာ မန္တလေးတောင်ခြေတွင် ရေကန်တူးပေးရပြီး ညအခါ နဂါးအငွေ့များလွှတ်သည်ကို မြင်ရသည်ဟု ဆို၏။ ထိုကန်မှာ နဂါးမောင်ရဲအမည်ဖြင့် ယခုတိုင် မန္တလေးတောင်ခြေတွင် ရှိနေသည်ဟု သိရသည်။

ဂျပန်ဘုရင် နန်းမြို့တွင်မူ ဒုတိယ ကမ္ဘာစစ်၏ ဒဏ်ရာဒဏ်ချက်တို့ကို ကုစားနိုင်ခဲ့ပြီ။ ကိုယ့်နိုင်ငံ၊ ကိုယ့်အရေး၊ ကိုယ့်စီးပွားတိုးတက်ရေးကို ဂရုပြု၍ ညီညာဖြူဖြူ အားထုတ်ကြသူတို့ကို လေးစားသင့်ပါသည်။

အနောက်တံခါးမှူးမောင်မှူး

ကျမ်းကိုး

၁။ Tokyo Imperial Palace Form Wikipedi, the Free encyclopedia)

၂။ မြန်မာ့ရတ်စွဲသမိုင်း (ကုန်းဘောင်ခေတ်)၊ အရှင်တိက္ခဓမ္မာလင်္ကာရ

၃။ ဓာတ်ပုံမောင်မှူး

www.burmeseclassic.com

www.burmeseclassic.com

ကောင်းဆော်

တတိယမျက်လုံးပိုင်ရှင်

"ကြိုးစားထားပါ လူကလေး၊ ကိုယ်ကြိုးစားမှကိုယ်ရမှာ"

"ဘယ်လောက်ကြာအောင် ကြိုးစားရမှာလဲ ဘရသေ့"

"ဒါကတော့ လူကလေးအပေါ်မှာ မူတည်တယ်။ လူကလေးရဲ့ သမာဓိအားကောင်းရင် မြန်မြန်ရမှာပေါ့"

"ဘရသေ့အကြားအမြင်ရအောင် ဘယ်လောက်ကြိုးစားခဲ့ရသလဲ။ ကျွန်တော်က ဘရသေ့လို အကြားအမြင်ရချင်ပါတယ်"

"လူကလေး၊ တစ်နေ့ အဘလို ဖြစ်လာမှာပါ"

"အဘတကယ်ပြောလိုက်တာလား"

"တကယ်ပေါ့ကွယ်၊ လူသားတိုင်းမှာ မျက်စိနှစ်လုံးသာပါပေမယ့် သမာဓိအားကောင်းရင် မျက်စိတစ်လုံးပိုလာသလိုပဲ။ သူများမမြင်တာကို မြင်နိုင်တယ်။ အနာဂတ်ကိုပါ မြင်နိုင်တာမို့ တတိယမျက်လုံးပေါ့ကွယ်"

"တတိယမျက်လုံးပိုင်ရင် အကြားအမြင်ရရောလား"

"တတိယမျက်လုံးပိုင်ရင် အားလုံးကို ကြိုတင်မြင်နိုင်တာပေါ့။ အဘက တတိယမျက်လုံးရချင်လို့ ပုတီးစိပ်ခဲ့တာတော့မဟုတ်ပါဘူး။ တောထဲတောင်ထဲမှာ (၁၀)နှစ်ကျော် ပုတီးစိပ်ခဲ့တာ သမာဓိအားကောင်းပြီး တတိယမျက်လုံးကို ပိုင်ဆိုင်ခဲ့ရတာပေါ့"

"ဒါဆို ကျွန်တော်လည်း ရနိုင်တာပေါ့နော်"

"သမထ အလုပ်ဆိုတာ ဗုဒ္ဓရဲ့ လက်စဉ်ပဲကွယ်။ ဘယ်သူမဆို လုပ်ရင် ရနိုင်တာပေါ့။ ဒါပေမယ့် တတိယမျက်လုံးရတယ် ဆိုတာ အောင်မြင်မှုတော့ မဟုတ်ဘူးနော်။ တရားရဖို့ရဲ့ လမ်းစပဲ ရှိသေးတယ်။ ဆက်ကြိုးစားဖို့ များစွာလိုသေးတယ်။ အဘ တတိယမျက်လုံးရတာကလည်း တတိယမျက်လုံးရဖို့ ကြိုးစားခဲ့တာ မဟုတ်ပါဘူး။ သမထအလုပ်ကိုလုပ်ရင်း ရခဲ့တာပါ။ ဒါပေမယ့် အဘဟောသမျှ၊ ပြောသမျှတွေက အကုန်မှန်နေတော့ လူတွေက အဘကို တန်ခိုးရှင်ကြီးလို့ ထင်နေကြတယ်။ တကယ်တော့ အဘက မြင်သမျှကို မပြောချင်ပါဘူး။ ဒါပေမယ့် သတ္တဝါတွေကို ဒုက္ခမရောက်စေချင်လို့ သတိပေးရင်း ပြောသလို၊ ဟောသလို ဖြစ်ခဲ့တာပါ။ အခု ဒီကိုလာခဲ့တာလည်း ဟောချင်ပြောချင်လို့ မဟုတ်ပါဘူး။ ဆရာတော်ကြီး ခေါ်လို့ လာခဲ့ရတာပါ။ အဘက နေတာတောင် လူတွေနဲ့ဝေးရာ တောထဲတောင်ထဲမှာ နေခဲ့တာပါ။ ကိစ္စပြီးရင် ပြန်တော့မှာပါ"

"အဘပြန်ရင်လိုက်ခဲ့ပါရစေအဘရယ်၊ အဘနောက်လိုက်ပြီး အဘလို ဖြစ်အောင် ကြိုးစားချင်ပါတယ်။ အဘပြောတဲ့ စကားထဲမှာ ပါသွားပြီ။ ကျွန်တော်လည်း တစ်နေ့ အဘလိုဖြစ်ရမယ်တဲ့။ ဒီတော့ အဘနဲ့ တစ်ခါတည်းလိုက်

www.burmeseclassic.com

www.burmeseclassic.com

ပြီး ကြိုးစားချင်လို့ လိုက်ခွင့်ပြုပါ အဘ"

"လူကလေးက သံယောဇဉ်ဖြတ်နိုင်တယ်ဆိုရင်တော့ လိုက်ခဲ့ပါ။ လူတွေနဲ့ ဝေးရာအရပ်ဆိုတော့ လူကလေးနေနိုင်ပါ့မလား"

"နေနိုင်ပါတယ် အဘ၊ ကျွန်တော် ကြိုးစားပါ့မယ်"

သာအောင် ပျော်ရွှင်ခဲ့ပါသည်။ ဘရဏ်သေ့က ခွင့်ပြုသဖြင့် ဘရဏ်သေ့နှင့် တစ်ခါတည်းလိုက်ရန်စီစဉ်ရတော့သည်။ ဘရဏ်သေ့ထံမှ အကြားချင်ဆုံးစကားကို ကြားရသည်။ သူဆန္ဒ ပြည့်ဝရတော့မည်။ သာအောင်သည် တစ်ကိုယ်တည်း သမားဖြစ်၍ကာ အခြားသံယောဇဉ်မရှိသူဖြစ်၍ ဘရဏ်သေ့ကို အားကိုးပြီးလိုက်

www.burmeseclassic.com

www.burmeseclassic.com

ရန် ဆုံးဖြတ်လိုက်ပါသည်။

သာအောင်သည် ငယ်စဉ်ကပင် မိခင်ဆုံးပါးပြီး မိထွေးနှင့်နေခဲ့ရသူ ဖြစ်သည်။ မိထွေး၏ နှိပ်စက်သည့်ဒဏ်ကို မခံနိုင်၍ ဖခင်က ရွာဦးဘုန်းကြီးကျောင်းသို့ ပို့ထားပါသည်။ ဘုန်းကြီးကျောင်းသားဘဝနှင့်နေရင်း ဖခင်က ရှင်ပြုပေးသဖြင့် ကိုရင်ဝတ်ခဲ့သည်။ ကိုရင်ဝတ်လိုက်သည်နှင့် ဘာသာရေးစာပေများ သင်ယူရပြီး ဘာသာရေးကို အလေးအနက်ထားခဲ့ပါသည်။ ကိုရင်ဝတ်၍ (၃)ဝါအရွတွင် ဖခင်ကြီး အသက်ရှိစဉ် ပြုစုနိုင်ရန်အတွက် ရှင်လူထွက်၍ အိမ်သို့ပြန်ခဲ့သည်။ ဖခင်ကြီးကို ပြုစုခွင့်ရခဲ့သော်လည်း တစ်နှစ်အကြာတွင် ဖခင်ကြီး ကွယ်လွန်ခဲ့သဖြင့် မိထွေးနှင့် နေ့စဉ်ရန်ဖြစ်နေရပြန်သည်။ မိထွေး၏ဒဏ်ကို မခံနိုင်သည့်အဆုံး အိမ်မှဆင်းကာ ရွာဦးကျောင်းသို့ ပြန်လည် ရောက်ခဲ့ပြန်သည်။

ထိုအချိန် ရွာဦးကျောင်းသို့ ဘရသေ့ ရောက်ရှိနေချိန် ဖြစ်သည်။ ဘရသေ့မှာ တောထဲတောင်ထဲတွင် တရားကျင့်နေသော ဆရာတော်၏ သူငယ်ချင်းတစ်ဦး ဖြစ်သည်။ ဘရသေ့မှာ အကြားအမြင်ရသည်ဟု နာမည်ကြီးနေဖြင့် ရှေ့ဖြစ်မျှားမေးရန် လာသူများမှာ တစ်နေ့ထက်တစ်နေ့ များပြားလျက် ရှိပါသည်။ ဘရသေ့၏ ဆန္ဒမှာ အကြားအမြင် မဟောကြားလိုသော်လည်း မေးမြန်းလာသူများကို အားနာသဖြင့် ဟောပြောနေရပါသည်။ ဘရသေ့ ဟောပြောသမျှမှာလည်း အားလုံးမှန်နေတတ်သဖြင့် တစ်နေ့ထက်တစ်နေ့ လူများလာနေပါသည်။ ဘရသေ့က ငွေဝင်မည်ဟု ပြောဟောခြင်းခံရသူသည် ထီပေါက်လျှင်ပေါက်၊ ထီမပေါက်လျှင် အခြားနည်းလမ်းဖြင့် ဝင်ငွေများရတတ်သည်။ အခြေအနေမကောင်းသူများကို တွေ့ပါက ဘရသေ့က တရားအလုပ်လုပ်ရန်၊ အသွားအလာ အနေအထိုင်ဆင်ခြင်ရန် ဟောပြောခြင်းခံရပါက ထိုလူသည် မကြာခင် ဒုက္ခရောက်ရသည်ကို တွေ့ရတတ်ပါသည်။

ဘရသေ့ဟောပြောသမျှ လူတိုင်းကို မှန်ကန်နေသဖြင့် သာအောင်မှာ သူ၏ ရှေ့ရေးအတွက် အလွန်မေးချင်နေရာ စကားမစရဲသဖြင့် ငြိမ်နေခဲ့ရသည်။ ယနေ့မှ ဘရသေ့နှင့် စကားပြောခွင့်ရခဲ့ခြင်း ဖြစ်သည်။ ဘရသေ့နှင့် စကားပြောရင်း မရည်ရွယ်ဘဲ သူ၏ အနာဂတ်ကို ကြိုတင် ဟောလိုက်သလို ကြုံလိုက်ရသည်။ သူ၏ဆန္ဒ ပြည့်ဝမည်ဟု သိလိုက်ရသဖြင့် အံ့သြဝမ်းသာခဲ့မိ၏။ ဘရသေ့၏ တတိယမျက်လုံးမျိုးကို ပိုင်ဆိုင်ချင်သည်။ ဘရသေ့လို ဟောချင်ပြောချင်သည်။ တစ်နေ့တွင် ဘရသေ့ကဲ့သို့ ဖြစ်ရမည်ဟု ပြောလိုက်သည့်အတွက် ဘရသေ့ကဲ့သို့ အစွမ်းရှိမည်ဆိုပါက မည်သို့ပင် ကျင့်ရကျင့်ရ ကျင့်ကြတော့မည်ဟု ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။ ဘရသေ့ကဲ့သို့ ဖြစ်ရန်မှာ ဘရသေ့နှင့်အတူနေရပါက အဆင်ပြေမည်ဟု တွေးမိ၍ ဘရသေ့နှင့် လိုက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပါသည်။

ဘရသေ့ တောသို့ပြန်သည့်အခါ ဘရသေ့နှင့်အတူလိုက်ခဲ့ပါသည်။ တော အထပ်ထပ် တောင်အသွယ်သွယ်ကို ကျော်ဖြတ်သွားရသဖြင့် ခရီးလမ်းက ကြမ်းတမ်းခက်ခဲပါသည်။ လမ်းခရီးတွင် တောကျောင်းတစ်ကျောင်း၌ ညအိပ်ရပ်နားခဲ့ရသည်။ နောက်နေ့ ခရီးဆက်၍ ထွက်ခဲ့ရာ ညနေတွင် ဘရသေ့ကျောင်းသို့ ရောက်ပါသည်။ အမြင့်ဆုံးတောင်ထိပ်တွင် ဝါးကျောင်း ဆောက်လုပ်ပြီး နေထိုင်ခဲ့ခြင်း ဖြစ်သည်။ ထိုဝါးကျောင်းတွင် အသက် ငါးဆယ်ကျော် ရသေ့နှစ်ပါးနှင့် ထိုရသေ့တို့၏မြေးလူငယ်နှစ်ဦးကို တွေ့ရသည်။ တောင်ခြေရှိ ရွာများမှ ရွာသားများက လာရောက် လှူဒါန်းသောဆန်၊ ဆီ၊ ဆားများဖြင့် လူငယ်နှစ်ဦးက ဆွမ်းချက်ကျွေးခဲ့ခြင်းဖြစ်သည်။ ကလေးနှစ်ဦးမှာ ရသေ့များကို အရုဏ်ဆွမ်းကပ်ပြီးသည်နှင့် တောထဲသို့ သစ်သီးခူး၊ သစ်ရွက်ခူးသွားလေ့ ရှိပါသည်။ ရလာသည့် မို့မျှား၊ မျှစ်များနှင့် လူငယ်နှစ်ဦးက ညစာအတွက် ဖန်တီးကြရသည်။

သာအောင် ကျောင်းသို့ရောက်သည့်နေ့မှစ၍ အခြားရသေ့ကြီးနှစ်ဦးကဲ့သို့ ပုတီးစိပ်ခဲ့ပါသည်။ ထမင်းစားချိန်၊ ကိုယ်လက်သန့်စင်ချိန်မှလွဲ၍ အချိန်ပြည့် ပုတီးစိပ်၍နေခဲ့ပါသည်။ ညပိုင်းတွင် ဘရသေ့နှင့်အတူ အားလုံး ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ကြရသည်။ ဘရသေ့က ဝိပဿနာတရားအားထုတ်ရန် နည်းလမ်းများကို လမ်းညွှန်ခဲ့သည်။

"မြတ်ဗုဒ္ဓရဲ့ အဆိုအမိန့်အရ သံသရာမှ လွတ်မြောက်ဖို့အတွက် ဝိပဿနာတရား ကျင့်ကြံဖို့ဟာ အရေးအကြီးဆုံးပါ။ လူကလေးက ဘာသာရေးကို ထိတွေ့စမို့ ပုတီးစိပ်သင့်တာပါ။ သမာဓိအားကောင်းလာရင် ဝိပဿနာဟာ အဓိကဖြစ်ပြီပေါ့"

သာအောင်သည် ဘရသေ့၏ စကားကို အထူး လေးစားသော်လည်း ဝိပဿနာအထိ မရည်ရွယ်ခဲ့ပါ။ ပုတီးစိပ်ခြင်းဖြင့် တတိယမျက်လုံးကို ပိုင်ဆိုင်ရလျှင်ပင် ကျေနပ်မိမည် ဖြစ်ပါသည်။ ပုတီးကို မနားမနေစိပ်နေခဲ့သည်။ ပုတီးစိပ်၍ ပင်ပန်းပါက ကျောင်းသားနှစ်ဦးနှင့် တောထဲသို့လိုက်၍ သစ်သီး၊ ဟင်းရွက်ရှာခဲ့ပါသည်။ တောထဲမှ မြို့နှင့်မျှစ်များ ရတတ်ပါသည်။ ကျောင်းတွင် အနေကြာလာသည်နှင့် ပုတီးစိပ်ရသည်ကို ပျော်မွေ့ခဲ့သည်။ တစ်နှစ်ခန့်အကြာတွင် သမာဓိအင်အား ကောင်းလာသည်။ ပုတီးစိပ်ရာတွင် အခြားအာရုံသို့ စိတ်မလွင့်ပျံ့စေရန်ထိန်းနိုင်ခဲ့သည်။ စိတ်ကို ထိန်းရင် အာရုံကိုစုစည်းနိုင်သည်နှင့်အမျှ သမာဓိအားကောင်းလာသည်။ တရားနှင့် ပျော်မွေ့အောင်နေတတ်ပြီ ဖြစ်၍ အချိန်ကုန်မှန်းမသိအောင် အသားကျလာခဲ့သည်။ ယခုဆိုလျှင် (၁၀)နှစ် ကြာခဲ့ပြီ ဖြစ်သည်။

တစ်နေ့တွင် ဘရသေ့က အားလုံးကိုခေါ်၍ ပြောပြပါသည်။

"ကျွပ်တရားကျင့်ခဲ့တာ တရားကို မြင်သင့်သလောက်မြင်ခဲ့ပါပြီ။ ဒါပေမယ့် အားရလောက်စရာ မဖြစ်သေးပါဘူး။ ရသေ့ဘဝကို စွန့်လွှတ်ပြီး ရဟန်းဘဝနဲ့ တရားရအောင် ဆက်ကြိုးစားဖို့ ဆုံးဖြတ်လိုက်ပြီ။ ရွာဦးကျောင်းဆရာတော်ကြီး ဟာလည်း အသက်ကြီးပြီဖြစ်လို့ ပြုစုဖို့ လိုအပ်နေပြီ။ ဒီတော့ ကျွပ်ရွာကိုပြန်မယ်။ ဆရာတော်ကြီးထံမှာ ရဟန်းပြုပြီး ဆရာတော်ကြီးကို ပြုစုရင်း တရားရသည်အထက် ဆက်လက်ကြိုးစားတော့မယ်။ ဒီတော့ အားလုံးကိုခွဲပြီး ရွာကိုပြန်တော့မယ်"

ဘရသေ့က ရွာသို့ ပြန်တော့မည်ဆို၍ သာအောင် စိတ်မကောင်းဖြစ်နေပါသည်။ ဖြစ်နိုင်ပါက ဘရသေ့နှင့် ပြန်လိုက်ချင်ပါသည်။ ဘရသေ့ မရှိပါက အားလျော့နေမည် ဖြစ်သည်။ ဘရသေ့ကလည်း သာအောင်၏ အခြေအနေကို ရိပ်စားမိပုံရပါသည်။

"လူကလေးက အဘနဲ့ လိုက်ချင်တယ်ထင်တယ်။ အချိန်မကျသေးဘူး။ နောက်ထပ် ငါးနှစ်ကြိုးစားလိုက်ပါဦး။ ငါးနှစ်ကြာရင် လူကလေးရဲ့ ဆန္ဒပြည့်ဝမှာဖြစ်လို့ ဘရသေ့နောက်ကို လိုက်နိုင်

www.burmeseclassic.com

www.burmeseclassic.com

ပြီပေါ့"

ဘရသေ့၏စကားကြောင့် စိတ်လျှော့လိုက်ရသည်။ နောက်ငါးနှစ်ဆက်လက် ကြိုးစားရန် ဆုံးဖြတ်လိုက်သည်။ နောက်နေ့တွင် ဘရသေ့ ရွာသို့ ပြန်သွားပါသည်။ ဘရသေ့ မရှိ၍ အားငယ်မိသော်လည်း နောက်ငါးနှစ်ကြာပါက ဆန္ဒပြည့်ဝပြီး ဘရသေ့နှင့် ပြန်လည်တွေ့ရမည်ဖြစ်၍ မိမိကိုယ်ကို အားတင်းပြီး ပိုမိုကြိုးစားခဲ့ပါသည်။ ကြိုးစားသည်နှင့် ကြိုးစားသလောက် တိုးတက်ခဲ့ပါသည်။ ပုတီးစိပ်တိုင်း အာရုံမလွှင့်တော့။ သမာဓိကို ပိုင်ပိုင်နိုင်နိုင်ထူထောင်နိုင်ခဲ့ပါသည်။ စိတ်ကို လစ်ဟာမှုမရှိအောင် ထိန်းရင်း ကြိုးစားခဲ့သဖြင့် တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုရှိလာပါသည်။

သုံးနှစ်ကျော်သည်နှင့် စိတ်မှာ အေးချမ်း တည်ငြိမ်ပြီး တရားအရသာတွေ့နိုင်ခဲ့ပါ သည်။ မိမိ၏စိတ်က တစ်စုံတစ်ခုဖြစ်တော့မည်ဟု ထင်လိုက်ပါက ထင်သည့်အတိုင်း ဖြစ်လာသည်။ တစ်နေ့ ကျောင်းရှိ ကျောင်းသားလေး နှစ်ယောက်က တောထဲသို့ သစ်သီးရှာဖွေသွားရန် ပြင်ဆင်နေကြသည်။ သာအောင်က ပုတီးစိပ်ရင်း အခ်ိန်အခါမဟုတ် မိုးကြိုးလေကြီး ကျရောက်မည်ဟု အာရုံတွင်ပေါ်လာ၍ ကျောင်းသားနှစ်ဦးအား အပြင်ထွက်ခွင့်မပြုဘဲ တားဆီးထားလိုက်သည်။ ထို့နေ့က အမှန်တကယ်ပင် အခ်ိန်အခါမဟုတ် မိုးသည်းထန်စွာရွာခဲ့ပြီး လေပြင်းကျခဲ့ပါသည်။ တောထဲတွင် တောင်ပြိုခြင်း၊ သစ်ပင်များ လဲကျခြင်း၊ ချောင်းရေလျှံခြင်း စသည့် အဖြစ်အပျက်များ ဖြစ်ခဲ့ပါသည်။ သာအောင်သည် မိမိကိုယ်ပင် မိမိ မယုံကြည်နိုင်လောက်အောင် အံ့သြနေမိပါသည်။

နောက်တစ်နေ့တွင် ကျောင်းသို့ ဆန်၊ ဆီ၊ ဆား လျှံနေကျ အလှူရှင် ရွာသားတစ်ဦး ရောက်ရှိလာပါသည်။ သာအောင်သည် ပုတီးစိပ်ရင်း ထိုရွာသား၏ ပုံရိပ်ကို အာရုံခံကြည့်ရာ ထိုလူတွင် အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေကို ရုတ်တရက်တွေ့လိုက်ရသည်။ ပုတီးစိပ်ခြင်းကို ရပ်နားပြီး ထိုလူကို ယနေ့ ရွာသို့မပြန်ဘဲ ကျောင်းတွင် တစ်ညအိပ်ပြီး မနက်မှပြန်ရန် တားဆီးလိုက်ပါသည်။ နေ့လယ်ပိုင်း ပုတီးစိပ်ပြီး ညဘက်တွင် ဝိပဿနာတရား ဆက်

လက် ရှုမှတ်နေခဲ့ပါသည်။ ညပိုင်းအိပ်ရာဝင်ခါနီး ကျောင်းသားတစ်ယောက်က လာရောက် သတင်းပို့ပါသည်။

ဆန်လျှူတဲ့ရွာသားဟာ ညက ဘယ်သူမှ မသိအောင် တိတ်တဆိတ် ရွာသို့ပြန်သွားခဲ့ရာ ရွာမရောက်မီ လမ်းမှာ မြွေဆိုးကိုက်လို့ သေဆုံးခဲ့ကြောင်း ရွာက အကြောင်းကြားလာကြောင်း ပြောဆိုလေရာ ထိုသတင်းကို ကြားလိုက်ရသဖြင့် သာအောင် လန့်သွားပါသည်။ သူ၏အာရုံတွင် ယခုဖြစ်ပျက်သည့်အတိုင်း တိတိကျကျ ပေါ်လာပါသည်။ ထိုလူ ကြောက်သွားမည်စိုးသဖြင့် ဘာဖြစ်မည်ကို မပြောလိုက်ခဲ့သော်လည်း မိမိအာရုံတွင် ပေါ်သည့်အတိုင်း အမှန်ဖြစ်ခဲ့ပါသည်။ သူ၏စိတ်တွင် တတိယမျက်လုံးကို ပိုင်ဆိုင်ခဲ့ကြောင်း ခိုင်မာသွားပါသည်။

တစ်နေ့ ပုတီးစိပ်နေရင်း ငယ်ဆရာဖြစ်သော ရွာဦးကျောင်းဆရာတော်ကြီးကို မြင်ယောင်နေသည်။ ဆရာတော်ကြီးက ထက်ကောင်းကင်သို့ တက်သွားသည်ကို အဆက်မပြတ် မြင်နေရပါသည်။ ဆရာတော်ကြီး တစ်ခုခုများဖြစ်လေပြီလားဟု စိုးရိမ်မိပါသည်။ မဖြစ်ပါစေနှင့်ဟု အကြိမ်ကြိမ်ဆုတောင်းမိသော်လည်း အာရုံမှ ဖျောက်ဖျက်၍ မရနိုင်ခဲ့ပါ။ ထို့နေ့က တစ်နေ့လုံး မကြည်မလင်ဖြစ်ခဲ့ရသည်။ ထို့နေ့ ညဘက်တွင် ရွာဦးကျောင်းမှ ကျောင်းသားနှစ်ဦး ရောက်လာပါသည်။

"ဦးပဉ္စင်းကြီးက တစ်ခါတည်း လိုက်ခဲ့ဖို့ မှာလိုက်ပါတယ်"

ဦးပဉ္စင်းကြီး ဆိုသည်မှာ ဘရသေ့ကို ဆိုလိုပါသည်။ ဘရသေ့က သူ ကတိပေးခဲ့သည့်အတိုင်း နောက် ငါးနှစ်ပြည့် လျှင်လိုက်ခဲ့ရန် ပြောခဲ့သည့်စကားအတိုင်း ငါးနှစ်ပြည့်၍ လာရောက်ခေါ်ခြင်းဖြစ်ပါသည်။ စိတ်တွင် မတင်မကျဖြစ်နေရသောကိစ္စကို သိလိုသဖြင့် မေးလိုက်မိသည်။

"ဆရာတော်ကြီးကော ကျန်းမာပါရဲ့လား"

"ဆရာတော်ကြီး ပုံလွန်တော့မှလို့ ဦးပဉ္စင်းကြီးက ကျောင်းထိုင်ဖြစ်နေပါပြီ"

"ဒါဆို ကျုပ်ရဲ့ဆရာက ကျောင်းထိုင်ဆရာဖြစ်လို့ ကျုပ်ကိုလာခေါ်တာကိုး"

"မှန်ပါတယ် ခင်ဗျာ"

ကျောင်းသားများ၏ စကားအရ မိမိအာရုံတွင် ပေါ်လာချက်များသည် တိကျစွာ မှန်ကန်နေပါသည်။ မိမိလိုလားတောင့်တခဲ့သော တတိယမျက်လုံးကို ရသည်မှာ သေချာပြီ ဖြစ်သည်။

နောက်နေ့တွင် ကျောင်းသားများနှင့်အတူ ရွာသို့ပြန်ခဲ့သည်။ ကျောင်းသို့ရောက်သည်နှင့် ကျောင်းထိုင်ဆရာတော်ကို ဝင်ရောက် တွေ့ဆုံလိုက်ပါသည်။

"လူကလေးရဲ့ လိုအင်ဆန္ဒပြည့်ဝပြီမဟုတ်လား"

"တတိယမျက်လုံးကို ပိုင်ဆိုင်ခဲ့ပြီဘုရား"

"ဒါဟာ ကောင်းတဲ့လက္ခဏာတော့ မဟုတ်သေးဘူး။ တတိယမျက်လုံးမှာ ယစ်မူးနေရင် တရားရဖို့ နှောင့်နှေးတတ်တယ်။ ကျုပ်က အခု ဘုန်းကြီးဖြစ်နေပြီဆိုတော့ ပြောလို့ဟောလို့ မဖြစ်တော့ဘူး။ ဘာတွေသိသိ၊ ဘာတွေကိုပဲမြင်မြင် မပြောတော့ဘူး။ ဒါတွေ့ မပြောရတော့ တရားတက်မြန်တာပေါ့။ လူကလေးလည်း သတိထားပါ"

ပုံလွန်တော်မူသွားသော ဆရာတော်ကြီး၏ ဈာပနအတွက် အားလုံးအလုပ်များနေကြသည်။ ပွဲတော်ကျင်းပရေးအတွက် ရပ်ရွာလူကြီးများက အဖွဲ့များဖွဲ့ပြီး ဆောင်ရွက်နေကြသည်။ ဈာပန စည်ကားရေးအတွက် ဇာတ်ပွဲများလည်းပါခဲ့သည်။ ဇာတ်ပွဲမကြည့်ရသည်မှာ ကြာပြီဖြစ်၍ ရွာသူရွာသားများ ပျော်ရွှင်နေပြီး ပွဲတော် စည်ကားလှပါသည်။ ဆရာတော်မှာ လောကီကိစ္စများတွင် မပါဝင်သဖြင့် ဆရာတော်၏ကိုယ်စား အချို့နေရာတွင်များ သာအောင်က

www.burmeseclassic.com

www.burmeseclassic.com

ဦးစီးလုပ်ကိုင်ရပါသည်။ ပွဲတော်စည်ကားနေချိန် သာအောင်ထံတွင် အနာဂတ်မေးမြန်းသူများမှာလည်း အထူးများလှပါသည်။ သာအောင်ကလည်း တတိယမျက်လုံးရစဖြစ်၍ မေးသမျှ ဖြေကြားခဲ့သည်။ ပြောသမျှ မှန်ကန်နေသဖြင့် အထူး ကျော်ကြားနေပါသည်။

တစ်နေ့ ဘုရားပွဲသို့ မိထွေးလာသည်ကိုတွေ့လိုက်ရသည်။ သူ့ကိုအလွန်မုန်းတီးနေသော မိထွေးကို စူးစိုက်ကြည့်မိသည်။ သူ၏အာရုံတွင် မိထွေး၏အနိဋ္ဌာရုံကိုမြင်လိုက်ရသည်။ မိမိကို မယုံကြည်မလိုလားသူကို ပြောသင့်၊ မပြောသင့် ချိန်ဆရသည်။ မိထွေးက မိမိကို မည်မျှ မုန်းတီးစေကာမူ မိမိက တရားသမားဖြစ်၍ ခွင့်လွှတ်ရန် စဉ်းစားပြီး မိထွေးကို ပြောရန် ဆုံးဖြတ်လိုက်သည်။ မိထွေးရှိရာ ဇရပ်ပေါ်တက်၍ မိထွေးနှင့် တွေ့လိုက်သည်။

"ဒေါ်လေး၊ ကျွန်တော့်ကို မှတ်မိရဲ့လား။ သာအောင်ပါ"

"နင့်ကို မှတ်မိတော့ကော ဘာလုပ်ရမှာလဲ"

"ဒေါ်လေးကို သတိပေးစရာရှိလို့ပါ"

"ဘာမှ သတိပေးမနေနဲ့၊ နင့် မျက်နှာမကြည့်ချင်ဘူး။ နင်ထွက်သွားပါ"

"သွားပါ့မယ် ဒေါ်လေးရယ်၊ ဒေါ်လေးကို သတိပေးချင်လို့ပါ။ ဒေါ်လေး ဒီပွဲစျေးကို မလာပါနဲ့။ လာရင် ဒေါ်လေးမှာ အန္တရာယ်ရှိလို့ပါ"

"ငါက ပွဲကိုဝါသနာပါတာမဟုတ်ဘူး။ ဒါပေမယ့် နင်က မလာနဲ့ဆိုတဲ့ပွဲကို လာဖြစ်အောင်လာမယ်။ ပွဲကိုလာကြည့်ဖြစ်အောင်ကြည့်မယ်။ ငါ့ကို ဘယ်သူမှ တားလို့မရဘူး"

"ကျွန်တော်က စေတနာနဲ့ ပြောတာပါ ဒေါ်လေးရယ်"

သူက အမျိုးမျိုးတောင်းဝန်းသော်လည်း မိထွေးဖြစ်သူက လက်မခံပါ။ မူလက ပွဲကြည့်ရန် အစီအစဉ်မရှိသော်လည်း သာအောင် သတိပေးသည်ကို မယုံကြည်၊ အထင်မကြီးသည့်အပြင် သာအောင်ကို အရွဲ့တိုက်သည့်အနေဖြင့် ပွဲကို ကြည့်ဖြစ်အောင်ကြည့်ခဲ့သည်။

ထိုညက ပွဲခင်းထဲတွင် လူရွယ်တစ်စု မူးယစ်ရမ်းကားရာမှ တစ်ဖက်နှင့် တစ်ဖက် ရန်ပွဲဖြစ်ခဲ့ကြသည်။ ဓားများဖြင့် အပြန်အလှန်ထိုးကြရာ မိထွေးမှာ မည်သူ၏ လက်ချက်မှန်းမသိဘဲ ဓားထိ၍ ကွယ်လွန်ခဲ့ရသည်။ မိထွေးကွယ်လွန်ရမှုတွင် သာအောင်၏ ပယောဂကြောင့် ဖြစ်ရသည်ဟု ဆွေမျိုးများက ယူဆပြီး သာအောင်ကို အပြစ်တင် ဆဲဆိုသူက ဆဲဆိုကြသည်။ ရန်ငြိုးဖွဲ့ကာ အပြတ်ရှင်းလိုသူများကရှင်းရန် စီစဉ်ခဲ့ကြသည်။ သာအောင်သာမပြောပါက အရွဲ့တိုက်ပြီး ပွဲကြည့်မည်မဟုတ်၍ သာအောင့် အပေါ် အမျိုးမျိုး စွပ်စွဲပြောဆိုကြပါသည်။

နောက်တစ်ဦးရှိသေးသည်။ ငါးဖမ်းခြင်းဖြင့် အသက်မွေးသူ ကိုဘဌေးဆိုသူ ဖြစ်သည်။ ကိုဘဌေးက တံငါသည်သုံးဦးနှင့်အတူ ညဘက် မြစ်ထဲသို့ ငါးဖမ်းသွားရန် စီစဉ်နေကြသည်။ ကိုဘဌေး ဒုက္ခရောက်မည်ကို အာရုံတွင် ပေါ်သဖြင့် ရင်းနှီးသူဖြစ်၍ ကိုဘဌေးကို ထိုညအတွက် အပြင်မထွက်ရန် တောင်းပန်ရသည်။ ကိုဘဌေးမှာ ငါးရရန်လောဘတက်နေသူဖြစ်သဖြင့် အကြိမ်ကြိမ် တောင်းပန်မှ မကျေမနပ်နှင့် ငါးဖမ်းမထွက်ဘဲနေခဲ့သည်။ ထိုညက ငါးဖမ်းမထွက်ရသဖြင့် နောက်နေ့တွင် ကိုဘဌေးရောက်လာပြီး ရန်တွေ့ပါတော့သည်။

"သာအောင် မင်းစကားကိုယုံမိလို့ ငါ ဒုက္ခရောက်ရပြီ။ ညက ငါးဖမ်းထွက်တဲ့လူတွေ ရာသီဥတုမကောင်းပေမယ့် ငါးတွေရလို့ အဆင်ပြေနေကြပြီ။ ငါ့မှာ သာ မင်းစကား နားထောင်မိလို့ ဒုက္ခရောက်ရတာ"

"ငါးမရတာက အရေးမကြီးပါဘူးဗျာ။ ခင်ဗျားအသက်ဘေးမို့ ပြောရတာပါ။ ဒီညလည်း မသွားပါနဲ့ဗျား အန္တရာယ်မြင်လို့ ပြောရတာပါ"

"တော်ပြီ- သာအောင်၊ မင်းဘယ်လိုတားတား ဒီညတော့ ငါသွားဖြစ်အောင်သွားမယ်။ မင်းကိုလည်း လုံးဝမယုံကြည်တော့ဘူး။ မင်းကိုလည်း သတိပေးလိုက်မယ်။ နောက်ကို သိသလို တတ်သလို မပြောပါနဲ့ကွာ"

ကိုဘဌေးက ဒေါသဖြင့် ပြောနေသဖြင့် သာအောင်မှာ ပြန်မပြောနိုင်တော့ပါ။ သာအောင်ကို အမြင်ကတ်သူများက သူ့ကို အထင်သေးကာ အယုံအကြည်မရှိ ဖြစ်လာကြသည်။ နောက်နှစ်ရက်အကြာတွင် ကိုဘဌေး ညဘက် ငါးဖမ်းထွက်ရာ လှေမှောက်ပြီး ကွယ်လွန်ခဲ့ပါသည်။ ကိုသာအောင်၏ ဟောပြောချက်မှာ မှားသည်ဟု မရှိခဲ့ပါ။ ပြောသမျှ မှန်ကန်ခဲ့ပါသော်လည်း မကျေနပ်သူ၊ မနာလိုသူများက သာအောင်၏ အကြောင်းကို အကောင်း မပြောကြပါ။ သာအောင်သည် သူ၏ဘဝကို တစ်စတစ်စ စိတ်ပျက်လာသည်။ နေ့စဉ် မပြတ် အောင် လာမေးနေသည်ကို ဟောပြောနေရသည်။ ဟောသမျှ မုန်ကန်ပါသော်လည်း ထိုသို့မှန်ကန်သည်ကိုပင် မလိုသူများက ရန်ငြိုးဖွဲ့ကြသည်။ နေ့စဉ် ဟောရပြောရသဖြင့် တရားအလုပ်ကိုပင် ဖြောင့်အောင် မလုပ်နိုင်ခဲ့ပါ။ ဟော၍ ပြော၍ မှန်ကန်သော်လည်း ဘဝင့်ကြွေးကြောင့် ဒုက္ခရောက်ရသူများက သာအောင် ဟော၍ ဖြစ်ရသည်ဟု အပြစ်ဆိုကြသည်။ ဟောပြောခြင်းအလုပ်ကို စိတ်ကုန်လာသဖြင့် ဆရာတော်ကို လျှောက်ထားမိပါသည်။

"ဆရာတော်ဘုရား၊ တပည့်တော်ကို ရဟန်းပြုပေးပါတော့။ တပည့်တော်ဟောပြောတဲ့အလုပ်ကို စိတ်ကုန်ပါပြီ။ တတိယမျက်လုံးကိုလည်း မပိုင်ချင်တော့ပါဘူး။ ရဟန်းပြုပြီး လူသူဝေးရာမှာ သွားပြီး ဝိပဿနာတရားကျင့်ပါတော့မယ် ဘုရား"

"လူကလေး အမြင်မှန်ရလို့ ဝမ်းသာပါတယ်။ လူကလေးရဲ့ဆန္ဒ ပြည့်ဝအောင် ဆောင်ရွက်ပေးပါ့မယ်"

"ဆရာတော်ရဲ့ စကားကို နားမထောင်ခဲ့လို့ နောင်တရပါပြီ ဘုရား။ တတိယမျက်လုံးပိုင်ချင်လို့ ဝိပဿနာတရားမှာ နောက်ကျခဲ့ရပါတယ်"

"တရားရှာရာမှာ နောက်ကျတယ်မရှိပါဘူး။ သိတဲ့အချိန်က စလုပ်နိုင်တာပဲ။ ဂွဲ၊ လုံ့လနဲ့ကြိုးစားရင် နောက်ကျတယ်ဆိုတာ မရှိပါဘူး"

မကြာမီ သာအောင် ရဟန်းဘဝသို့ ရောက်ခဲ့ပါသည်။ ဆရာတော်က အတူနေရန် တားသော်လည်း တရားအမြန်ရချင်သဖြင့် မူလက နေခဲ့သော တောထဲတောင်ထဲသို့ ပြန်ခဲ့သည်။ ရရှိထားသော တတိယမျက်လုံးကို ပြန်လည်စွန့်လွှတ်လိုက်ပြီ။ လက်ရှိဘဝတွင် တရားထူးရအောင် ကြိုးစားတော့မည်ဟု ပိုင်နိုင်စွာ ဆုံးဖြတ်လိုက်ပါတော့သည်။

မရင့်ကျက်မိက တောင့်တခဲ့သော တတိယမျက်လုံးသည် ဝိပဿနာတရားနှင့်ယှဉ်ပါက အရာမရောက်နိုင်ကြောင်း ကောင်းကောင်း သိရခဲ့ပါသည်။

ကောင်းသော်

www.burmeseclassic.com

www.burmeseclassic.com

အင်(နှ်)နီဖရန့်၏ ရောက်ဆိုးလက်ဆောင်

တင်ထွန်း(စက်မှု-၂ ငြိမ်း)

လွန်ခဲ့သော အနှစ် (၅၀) ကျော် ကာလ ဂျူးလူမျိုး သာမန်မိန်းကလေး တစ်ဦးသည် နာဇီခေါင်းဆောင် ဟစ်တလာ၏ သေမင်းတမန်အကျဉ်းစခန်းတွင် လူသားမဆန်သည့် ရက်စက်မှုများ အောက်တွင် သေဆုံးခဲ့ရပါသည်။ သို့သော်လည်း သူမ ရေးသားခဲ့သည့် နေ့စဉ်မှတ်တမ်းစာအုပ်ကတော့ ယခုမျက်မှောက်ကာလအထိ ကမ္ဘာပေါ်ရှိ သန်းနှင့်ချီသောပြည်သူများ၏လက်ဝယ်သို့ ရောက်ရှိနေကြပါ၏။

စာရေးသူ

ဆီးနှင်းများ ကျရောက်နေခဲ့သည့် ရက်တစ်ရက်။

နံနက်မိုးသောက်သည့်ကာလ၌ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့တွင် လူတစ်စုတို့သည် နှင်းများ တပေါက်ပေါက် ကျရောက်နေခဲ့သော ကာလ၌ ဆီးနှင်းများကို ကာကွယ်သည့်အနေဖြင့် သူတို့မှာပါရှိလာခဲ့ကြသည့် ထီးများကို ဖွင့်၍ဆောင်းနေကြပါ၏။ ထိုနေရာကား နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ ပရင်ဆန်ဂရက်(စ်)လမ်းပေါ်ရှိ အမှတ်(၂၆၃)၏ လေးထပ်အဆောက်အအုံရှေ့၌ ဖြစ်ပါ၏။

ဤနေရာ၌ မိုးရွာနေသည့်ကာလတွင် လည်းကောင်း၊ နေပူပြင်းနေသည့် ကာလတွင် လည်းကောင်း လူများ စုံလုံ ရောက်ရှိနေတတ်ကြပြီး တစ်ခါတစ်ရံမှာ ထိုအဆောက်အအုံသို့ ဝင်ရောက်ကြရန် အတွက် တန်းစီစောင့်နေကြသော လူတန်းကြီးမှာ တစ်တန်းတည်းမဟုတ်ကြဘဲ တန်းနှစ်တန်းဖြစ်သွားခဲ့ကြ၍ လူများတန်းစီစောင့်နေကြသောလူတန်းကြီးမှာလည်း ပရင်ဆန်ဂရက်(စ်)လမ်း၏အစွန်ဆုံးလမ်းထောင့်တစ်နေရာသို့ ရောက်ရှိသွားခဲ့ကြပါ၏။

သူတို့ တန်းစီစောင့်နေကြရသည့် အကြောင်းရင်းမှာလည်း အလည့်ကျ ဝင်ရောက် ကြည့်ရှုကြမည့် လှေကား ထစ်များပါရှိသော တစ်ခြိုနှိက် ဂျူးအမျိုး အနွယ် မိန်းကလေးတစ်ဦး နာဇီ ဂျာမန် တို့ရန်များကို ကြောက်ရွံ့၍ ပုန်းခိုအောင်း နေခဲ့သည့် နေအိမ်အခန်းကျဉ်းလေးဖြစ်

နာဇီတို့၏အကျဉ်းစခန်းတွင် အသတ်ခံခဲ့ရသည့် 'အင်(နှ်)နီဖရန့်၏နေ့စဉ်မှတ်တမ်း' စာအုပ်ကို ရေးသားခဲ့သည့် ဂျူးမိန်းကလေး အင်(နှ်)နီဖရန့်၏ မှတ်တမ်းစာတိုပုံ

ပါ၏။

လွန်ခဲ့သော နှစ် (၅၀) က ဂျူးမိန်းကလေးတစ်ဦးသည် ထိုအခန်းကျဉ်းလေးတွင် နေ့စဉ်မှတ်တမ်းများရေးသားခဲ့ပြီး သူမ ရေးသားခဲ့သည့် နေ့စဉ်မှတ်တမ်းစာအုပ်သည် တစ်ကမ္ဘာလုံးရှိ ပြည်သူများအား တုန်လှုပ်ချောက်ချားစေခဲ့ပါ၏။ ထိုအခန်းကျဉ်း (၄) ခန်းသည် ထိုအဆောက်အအုံ၏တတိယထပ်တွင် ရှိနေပြီး နေအိမ်ခေါင်မိုးနှင့် အလွန်နီးကပ်စွာဖြင့် တည်ရှိနေကာ အထပ်ခိုး သဘောဖြင့် တည်ဆောက်ထားခြင်းလည်း ဖြစ်ပါ၏။ ယခုမျက်မှောက်ကာလ၌ အမှတ် (၂၆၃) ဖရန်ဆန်ဂရက်(စ်) လမ်းရှိ ထိုသမိုင်းဝင်အဆောက်အအုံမှာ လူများမနေကြတော့၍ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပါ၏။

တစ်ခြိုနှိက် ထိုအခန်းကျဉ်းလေးတွင် လူ (၈) ဦး နေထိုင်ခဲ့ကြပြီး နာဇီဂျာမန်တို့၏ဘေးရန်မှ ကင်းဝေးနိုင်ကြစေရန်အတွက် ပုန်းခိုအောင်းခဲ့ကြပါ၏။ လွန်ခဲ့သော အနှစ် (၅၀) ခန့်က ထိုအခန်းသို့ နာဇီဂျာမန်စစ်သားများ ရောက်ရှိလာခဲ့ကြပြီး နာဇီလက်မခံတပ်သားများက ဂျူးလူမျိုးဖြစ်ကြသောသူတို့အား နွားအုပ်များကို မောင်းနှင်ခဲ့ကြသည့်ပမာ အလား နေအိမ်အပေါ်သို့ လျှိုဝှက်စွာ တက်ရောက်ရသည့် လှေကားပေါ်မှ လမ်းမပေါ်သို့ မောင်းချခေါ်ဆောင်သွားခဲ့သည်ကို ဆယ်ကျော်သက်အရွယ်မိန်းကလေးဖြစ်သူ အင်(နှ်)နီဖရန့် (Anne Frank) က သူမ၏နေ့စဉ်မှတ်တမ်းစာအုပ်တွင် ရေးသားဖော်ပြခဲ့ပြီး ထိုဖြစ်ရပ်များသည် ယခုမျက်မှောက်ကာလအထိ ကမ္ဘာပေါ်ရှိ ပြည်သူတို့၏အသည်းနှလုံးများတို့တွင် မှတ်ကျောက်တင်ထားလျက်ရှိကြပါ၏။

ထိုအခန်းလေးတွင် နေထိုင်ခဲ့ကြသည့် လူဦးရေမှာလည်း (၈) ယောက်ရှိခဲ့ပြီး မိသားစုနှစ်စုနှင့် သွားကုဆရာဝန်တစ်ဦးတို့ နေထိုင်ခဲ့ပါ၏။ သွားဆရာဝန်၏အမည်က ဖရစ်ဖက်ဖာဖြစ်ပြီး သူတို့တစ်တွေသည် အခန်းကျဉ်းလေးတွင် နေထိုင်ခဲ့သည်မှာလည်း (၂၅) လဖြည့်ခဲ့ပါ၏။ ထိုအချိန်ကာလက လူတွေဟာ နာဇီဂျာမန်တို့၏ ဘေးရန်များကြောင့် အိပ်ရာဝင်ခဲ့ကြသည့်ကာလများတွင်လည်း ကြောက်ရွံ့ထိတ်လန့်နေကြရသလို အိပ်ရာမှနိုးထလာကြသည့်ကာလများတွင်လည်း ကြောက်ရွံ့ဖွယ်ရာမိစ္ဆာများဖြစ်ပေါ်နေကြရပါ၏။

ထိုအချိန်ကာလက လူတွေဟာ မကုန်ဆုံးနိုင်သော အချိန်နာရီများကို စိတ်ပင်ပန်းဆင်းရဲစွာဖြင့် ငရဲဘုံသို့ ရောက် ရှိနေသည့်အလား ခံစားနေကြရပြီး ဖက်ဆစ်နာဇီဂျာမန်တို့၏ ရက်စက်စွာ ညှဉ်းပန်း နှိပ်စက် သတ်ဖြတ်ကြသည့်ရန်တို့ကိုလည်း အလွန်ကြောက်ရွံ့နေကြရသောအချိန်လည်း ဖြစ်ပါ၏။

သို့သော်လည်း အင်(နှ်)နီဖရန့်၏ဝိညာဉ်ကတော့ မည်သည့်ကာလတွင်မျှ ပျောက်ကွယ်သွားလိမ့်မည် မဟုတ်ပေ။ သူတို့အား နာဇီဂျာမန်တို့ မဖမ်းဆီးမီကာလ (၃) ပတ်အလိုက ဂျူးလူမျိုးများစွာအား ရာဇဝတ်သားများပမာ တိရစ္ဆာန်များကဲ့သို့ ညှဉ်းပန်းနှိပ်စက်ကြကာ ပြန်လမ်းမရှိသည့် သေမင်းတမန် အကျဉ်းစခန်းများဆီသို့ခေါ်ဆောင်သွားကြပုံကိုလည်း သူမ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ရေးသား ဖော်ပြခဲ့ပါ၏။

အင်(နှ်)နီဖရန့်၏နေ့စဉ်မှတ်တမ်းစာအုပ်တွင် ရေးသားဖော်ပြခဲ့သည်မှာ-

www.burmeseclassic.com

www.burmeseclassic.com



အင်(နှ)နီဖရန်စ်လျှို့ဝှက်အိပ်ခန်းထဲ တက်ရောက်ရသည့် ဆုံးဖြတ်ချက်အရပ်ဝင်ပါရှိသည့် လျှို့ဝှက်တံခါးမှတ်တမ်းဓာတ်ပုံ

'ကျွန်မယုံကြည်မှုတစ်ခုရှိပါတယ်။ အဲဒါကတော့ ကမ္ဘာပေါ်ရှိ လူသားတွေဟာ မေတ္တာနှင့် သစ္စာတရားတို့ကို မြတ်နိုးကြပါတယ်။ ကျွန်မအတွက် ကြီးမားစွာသောအခက်အခဲများမှာ မရေရာလှသော ကျွန်မ၏ဘဝရှေ့ရေးကို တည်ဆောက်နေရခြင်းပဲ ဖြစ်ပါတယ်။ နောက်ဆုံးကျတော့ လူတွေဟာ နာဇီတို့ရဲ့ရက်စက်စွာ နှိပ်စက်ခြင်းတို့ကို ခံစားကြရပြီး သေဆုံးကြရခြင်းပဲ ဖြစ်ပါတယ်။ ကမ္ဘာကြီးတစ်ခုလုံးဟာလည်း တဖြည်းဖြည်းနှင့် ရိုင်းစိုင်းသည့်အဖြစ်သို့ ရောက်ရှိနေခြင်းလည်း ဖြစ်ပါတယ်။ ကျွန်မဟာ နေ့စဉ် ကြောက်စရာကောင်းသည့် မိုးကြိုးပစ်သည့်အသံကြီးကို ကြားနေရသလို ခံစားခဲ့ရပြီး သန်းနှင့်ချီသော ပြည်သူများစွာလည်း ကြီးစွာသော ဒုက္ခဆင်းရဲခြင်းများကိုတွေ့ကြုံနေကြရသလို ကျွန်မ၏စိတ်ဝယ် တွေးထင် ခံစားမိခဲ့ရပြီး ကျွန်မ၏ ယုံကြည်ချက်ကတော့ ကျွန်မကောင်းကင်ပြင်ကြီးကို ဦးမော့ကြည့်ခဲ့သည့်ကာလ၌ ရက်စက်ခြင်းများသည် တစ်နေ့တွင် ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်ကြရမည်ဖြစ်၍ ငြိမ်းချမ်းခြင်းနှင့် တည်ငြိမ်ခြင်းတို့သည် ကမ္ဘာမြေပေါ်သို့ တစ်ဖန် ပြန်လည်၍ ရောက်ရှိလာကြမှာ ဖြစ်ပါတယ်'

အင်(နှ်)နီဖရန်စ်၏နေ့စဉ်မှတ်တမ်းများကို ထုတ်ဝေပြီးခဲ့သည့်ကာလ၌ ကမ္ဘာစစ်ရှိ ပြည်သူများထဲသို့ လေမုန်တိုင်းတိုက်ခတ်သလို အမြန်ဆုံးရောက်ရှိသွားခဲ့ကြပြီး ထိုအချိန်ကာလက သန်းနှင့်ချီသောလူသားတို့သည် နာဇီတို့၏ ရန်များကြောင့် သေမင်းကို ရင်ဆိုင်နေကြရသလိုလည်း ဖြစ်နေပါ၏။ ပထမဦးဆုံးသော အင်(နှ်)နီဖရန်စ်၏နေ့စဉ်မှတ်တမ်းများကို ဒတ်(ချ်)ဘာသာဖြင့် ထုတ်ဝေခဲ့ပြီးနောက် အင်(နှ်)နီ၏ နေ့စဉ်မှတ်တမ်းများကို ဘာသာပေါင်း (၅၅) မျိုးဖြင့် ထုတ်ဝေခဲ့ပြီး (၂၅) သန်းသောပြည်သူတို့၏လက်ဝယ်သို့ ရောင်းချခဲ့ပါ၏။ အမေရိကန်ပြည်ထောင်စုတွင်လည်း ကျူမိန်းကလေးတစ်ဦး ရေးသားခဲ့သည့် နေ့စဉ်မှတ်တမ်းစာအုပ်သည် ရောင်း၍မလောက်နိုင်အောင် ဖြစ်ခဲ့ပါ၏။

မည်သို့ပင်ဖြစ်စေ ကမ္ဘာပေါ်ရှိ ပြည်သူများသည် နောက်ဆုံးကျန်ရှိခဲ့သည့် မေ့ဖျောက်၍မရနိုင်ခဲ့သည့် နေ့ရောဟောင်းလေးတစ်ခုဖြစ်သည့် သူ့သက်ရှင်စဉ်ကာလ၌ နေထိုင်ခဲ့သော နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ရှိ ပရင်ဆန်ဂရက်(စ်)လမ်းတွင်ရှိသည့် အမှတ် (၂၆၃) နေအိမ်ကလေးအား သွားရောက်ကြ၍ လွမ်းဆွတ်တမ်းတစွာဖြင့် ကြည့်ရှုခဲ့ကြပြီး ၁၉၆၀ ပြည့်နှစ်တွင် ပြည်သူပေါင်း (၉၀၀၀) ကျော်ခန့် လာရောက်ကြည့်ရှုခဲ့ကြပြီး လွန်ခဲ့သည့်နှစ်တွင်လည်း ပြည်သူပေါင်း (၆၀၀,၀၀၀) ကျော်ခန့် တိတ်ဆိတ်ငြိမ်သက်နေသည့် နေအိမ်လေးအား သွားရောက် ကြည့်ရှုခဲ့ကြပါ၏။

အင်(နှ်)နီဖရန့်ကို ၁၉၂၉ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ မွေးဖွားခဲ့ပြီး ထိုမြို့သည် ဂျူးလူမျိုးများ အစဉ်အဆက် နေထိုင်ခဲ့ကြသောမြို့လည်း ဖြစ်ပါ၏။ အင်(နှ်)နီဖရန့်၏ဖခင်အမည်က အိုတိုဟိန်.ရစ်ဖြစ်၍ သူသည် ပထမကမ္ဘာစစ်ကာလတွင် ဂျာမန်တပ်မတော်၌ ပြန်တမ်းဝင် အရာရှိတစ်ဦးအနေဖြင့် စစ်မှုထမ်းခဲ့၏။ ဟစ်တလာ အာဏာကြီးထွားလာခဲ့သည့်ကာလတွင် ဂျူးလူမျိုးများအား ဂျာမနီနိုင်ငံ၏ အဓိကရန်သူများအဖြစ် သို့ သတ်မှတ်ခဲ့၍ အင်(နှ်)နီဖရန့်၏ ဖခင်ဖြစ်သူ အိုတိုဟိန်းရစ်သည် သူ၏ မိသားစုတို့အား နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့သို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါ၏။ ထိုမြို့သို့ရောက်ရှိလာခဲ့သည့်ကာလ၌ သူမိသားစု၏စားဝတ်နေရေးအတွက် သစ်သီးယိုများထုတ်လုပ်သည့်လုပ်ငန်းများကို လုပ်ကိုင်ခဲ့ပြီးနောက် သဘာဝတိုင်းရင်းဆေးပင်များနှင့် သစ်မွေးများထုတ်သည့်လုပ်ငန်းများကို ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပါ၏။

သူ၏ မိသားစုကိုလည်း ၁၇ ရာစုက ဆောက်လုပ်ခဲ့သည့် အမ်စတာဒမ်မြို့ရှိ ပရင်ဆန်ဂရက်(စ်)လမ်းရှိ အမှတ် (၂၆၃) နေအိမ်သို့ ပြောင်းရွှေ့စေခဲ့ပြီး ထိုလမ်းသည် တူးမြောင်းနံဘေးတွင်ရှိပြီး အစိအရီစိုက်ပျိုးထားသည့် အရိပ်ကောင်းသော သစ်ပင်ကြီးတို့ဖြင့် အုပ်ဆိုင်းနေ၍ သာယာအေးချမ်းလှသည့် လမ်းတစ်လမ်းလည်း ဖြစ်ပါ၏။

အင်(နှ်)နီဖရန့်၏ဖခင်ဖြစ်သူထံပါးတွင် သစ္စာရှိသောအလုပ်သမားတစ်ဦးလည်း ရှိခဲ့ပါ၏။ အမ်စတာဒမ်မြို့သို့ ရောက်ရှိလာခဲ့သည့် ပထမနှစ်ကာလ၌ အင်(နှ်)နီဖရန့်၏အတွက် ပျော်စရာကောင်းခဲ့ပြီး ထိုမြို့သို့ ရောက်ရှိလာခဲ့သည့်ကာလတွင် သူတို့မိသားစု နေထိုင်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြသည့်နေအိမ်လေးသည် နှစ်လိုဖွယ်ကောင်းလှ၍ မြို့၏ဆင်ခြေဖုံးတွင် ရှိနေခဲ့ပါ၏။ နာဇီတပ်များ အမ်စတာဒမ်သို့ မရောက်မီကာလများ၌ အင်(နှ)နိုဖရန့်သည် ဒတ်(ချ်)ဘာသာစကားများကို ပိုမို တတ်ကျွမ်းနားလည်ခဲ့ပါ၏။ အင်(နှ)နိုဖရန့်၏ အစ်မဖြစ်သူ မားဂေါ့သည် သူမထက် (၃)နှစ်ခန့်ကြီး၍ အင်(နှ)နိုဖရန့်ထက် ပိုမိုချောမွေ့လှုပ်ရှ၍ ဉာဏ်ရည်မှာလည်း ထက်မြက်ခဲ့ပါ၏။ သို့သော်လည်း အရာရာတွင် ထက်မြက်လှသည့် အင်(နှ)နိုဖရန့်သည် တစ်နေ့တခြား ထင်ပေါ် ကျော်ကြားခဲ့ပြီး စကားပြောဆိုရာတွင်လည်း သိမ်မွေ့လှ၍ ကြင်နာသနားတတ်သူလည်း ဖြစ်ခဲ့သဖြင့် သူမ၏ ဂုဏ်သတင်းများမှာ တစ်နေ့တခြား ထင်ပေါ် ကျော်စောခဲ့ပါ၏။

သူမသည် ရုပ်ရှင်များကို အထူးကြိုက်နှစ်သက်ပြီး ဂရိရိုးရာပုံပြင်များနှင့် လူငယ်လေးများကိုလည်း စွဲလမ်းချစ်ခင်တတ်ပါ၏။ ၁၉၄၀ ပြည့်နှစ်၊ မေလသို့ ရောက်ရှိလာခဲ့သည့်ကာလ၌ နာဇီတပ်များ နယ်သာလန်နိုင်ငံသို့ ရောက်ရှိလာခဲ့ပြီးနောက် နာဇီစစ်ရဲများသည် ဂျူးလူမျိုးများအား ရှာဖွေ ဖမ်းဆီးခြင်းတို့ကို စတင် လုပ်ဆောင်ခဲ့ပါ၏။ ၁၉၄၁ ခုနှစ်၊ စက်တင်ဘာလ၌ အင်(နှ)နိုဖရန့်နှင့် အစ်မဖြစ်သူ မားဂေါ့တို့မှာ ဂျူးကလေးများ တက်ရောက် သင်ကြားနေသည့် စာသင်ကျောင်းသို့ပြောင်းရွှေ့ခဲ့ပြီး ပညာသင်ကြားခဲ့ပါ၏။ ဂျူးလူမျိုးများဖြစ်ကြောင်းကို အလွယ်တကူသိရှိနိုင်ကြစေရန်အတွက် ဂျူးလူမျိုးများ ဝတ်ဆင်ကြသည့် အင်္ကျီရင်ဘတ်များပေါ်တွင် အဝါရောင်ကြယ်အမှတ်တံဆိပ်များကိုလည်း ချုပ်၍တပ်ဆင်ထားကြရပါ၏။

၁၉၄၂ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် အင်(နှ)နိုဖရန့်သည် သူ၏နေ့စဉ်မှတ်တမ်းစာအုပ်ကို စတင်ရေးသားခဲ့ပါ၏။ ထိုစာအုပ်သည် အနည်းငယ်ထူပြီး စာအုပ်အဖုံးကို အနီနှင့် အဖြူရောင်ဘို့ဖြင့် ဖုံးအုပ်ထားပါသည်။ ထိုနေ့စဉ်မှတ်တမ်းရေးသည့်စာအုပ်ကို သူမ၏ (၁၃) နှစ်မြောက်မွေးနေ့တွင် မိဘတို့က မွေးနေ့လက်ဆောင်အဖြစ်နှင့် ပေးအပ်ခဲ့ပါ၏။ ထိုမှတ်တမ်းစာအုပ်တွင် ပထမဦးဆုံးသော ရေးသားချက်များက သူမ၏အခန်းဖော် ကျောင်းသား၊ ကျောင်းသူတို့၏ နေ့စဉ်အကြောင်းအရာများ ဖြစ်ကြပြီး ရက်သတ္တပတ်ကြာလာခဲ့သည့် ကာလ၌ သူမ ရေးသားခဲ့သည်များက တော့-

အင်(နှ)နိုဖရန့် နေထိုင်ခဲ့သည့် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ ပရင်ဆန်ဂရက်(စ်)ထမံးရှိ အမှတ် (၂၆၃) နေအိမ်မှတ်တမ်းတိုက်ပုံ

၁၉၄၂ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့တွင် ဂျူးလူမျိုးများအား နာဇီတို့သည် စက်ဘီးစီးနင်းခွင့်သာပြုခဲ့ပြီး မြို့တွင်းပြေးဆွဲနေကြသော ခရီးသည်တင်ဘတ်(စ်)ကားများပေါ်တွင် လိုက်ပါစီးနင်းခွင့်မပြုခြင်း၊ ဂျူးလူမျိုးများ ပိုင်ဆိုင်ကြသည့် ကိုယ်ပိုင်ကားများကို မောင်းနှင်ခွင့်မပြုခြင်း၊ ဂျူးလူမျိုးများအား ည (၈) နာရီမှ နံနက် (၆)နာရီအထိ လမ်းများပေါ်တွင် သွားလာခွင့်မပြုခြင်း၊ ည (၈)နာရီနောက် ပိုင်းကာလ၌ ဂျူးလူမျိုးများအား ပန်းခြံများတွင် ထိုင်ခွင့်မပြုခြင်း။

ရက်တစ်ရက်မှာ အင်(နှ)နိုဖရန့်၏ ဖခင်ဖြစ်သူက လျှို့ဝှက်စွာ အစီအစဉ်တစ်ခုကို ချမှတ်ခဲ့ပါ၏။ အဲဒါကတော့ သူ့ရဲ့မိသားစုများအား နာဇီဂျာမန်တို့၏ ရန်မှ ကင်းဝေးကြစေရန်အတွက် ရန်သူများ အလွယ်တကူ မမြင်တွေ့ကြသည့် နေရာများကို ရွေးချယ်ခဲ့ပါ၏။ သူတို့မိသားစု ပုန်းကွယ်ကြရမည့်နေရာများက လူများအသုံးမပြုကြသည့် အခန်းလွတ်များ ဖြစ်ကြပြီး ထိုအခန်းလွတ်များ၏ တည်နေရာများက ပရန်ဆန်ဂရက်(စ်) လမ်းရှိ အမှတ် (၂၆၃) အဆောက်အအုံ၏ အပေါ် ဆုံးထပ်ရှိ အထပ်ခိုးနေရာ လေးဖြစ်ပြီး ထိုအထပ်ခိုးသည် နေအိမ်ခေါင်မိုးနှင့် အလွန်နီးကပ်စွာတည်ရှိသဖြင့် နာဇီများအနေဖြင့် အလွယ်တကူ ရှာဖွေ၍ မတွေ့နိုင်ခြင်းကြောင့်လည်း ဖြစ်ပါ၏။

တနင်္ဂနွေနေ့သို့ ရောက်ရှိလာခဲ့သည့်ကာလ၌ အင်(နှ)နိုဖရန့်၏ဖခင်ဖြစ်သူ အိုတိုဟိန်းရစ်က အသုံးပြုလိုသည့် ပစ္စည်းများဖြစ်ကြသည့် စားပွဲကုလားထိုင်များ၊ သေတ္တာများနှင့် စည်သွတ်အစားအစာများကို သူတို့နေထိုင်ကြမည့် လျှို့ဝှက်စွာ ဖွဲ့စည်းထားသောအခန်းအတွင်းသို့ ရွှေ့ပြောင်းခဲ့ကြပါ၏။ တစ်ဖန် နေအိမ်ပြင်ပမှ အကူအညီများလည်း အထူး လိုအင်၍ အကူအညီပေးကြမည့်လူ (၄)ယောက်ကိုလည်း ရှာဖွေခဲ့ပါ၏။ သူတို့အမည်များက ဂျိုဟန်နက်(စ်)ကလိုင်မင်၊ ဗစ်တာကုဂလာနှင့် အတွင်းရေးမှူး မိန်းကလေးနှစ်ဦးဖြစ်ကြသူ မစ်ကိုင်းနှင့် ဗစ်ဇော့(စ်)ကွိ(စ်)တို့ ဖြစ်ကြပါ၏။

အင်(နှ)နိုဖရန့်ရဲ့နေ့စဉ်မှတ်တမ်းတွင် ရေးသားခဲ့သည်က-

၁၉၄၂ ခုနှစ်၊ ဇူလိုင်လ (၅) ရက်၊ တနင်္ဂနွေနေ့။

လွန်ခဲ့သည့် ရက်အနည်းငယ်က ဖခင်ဖြစ်သူက နာဇီတို့၏ရန်မှ ကာကွယ်ကြရန်အတွက် ရှောင်တိမ်းပုန်းကြရန် ပြောကြားခဲ့ပါ၏။ ဖခင်ဖြစ်သူ၏ လေးနက်စွာ ပြောကြားခဲ့သည့် စကားများကြောင့် ကျွန်မ ကိုယ်တိုင်မှာလည်း ကြောက်ရွံ့လာခဲ့ပါ၏။ ထိုအခါ ဖခင်ဖြစ်သူက ကျွန်မအား မကြောက်ရွံ့ရန် ပြောကြားခဲ့ပြီး တတ်နိုင်သလောက်ပျော်ရွှင်စွာနေကြရန်လည်း မှာကြားခဲ့ပါ၏။ အခြေအနေအရ ဖခင်ဖြစ်သူ ပြောကြားခဲ့သည့်စကားများတို့သည် မှန်ချင်မှမှန်ကန်ပေလိမ့်မည်။ ရန်သူဖြစ်သူ နာဇီတို့၏ရန်များကို ကြိုတင်ကာကွယ်ခြင်းသာဖြစ်၍ တကယ်ဖြစ်လာမည်၊ မဖြစ်လာမည်များကိုတော့ ဖခင်ဖြစ်သူလည်း အတိအကျ မပြောကြားနိုင်ခဲ့ပါ။ ဖခင်ဖြစ်သူ ပြောကြားခဲ့သည့် စကားများကို အင်(နှ)နိုဖရန့်က နေ့စဉ်မှတ်တမ်းတွင် ရေးသားမှတ်ခဲ့ပြီး အက်(စ်)အက်(စ်)ခေါ် နာဇီတို့၏ ဆင့်ခေါ်သည့်အမိန့်စာသည် အင်(နှ)နိုဖရန့်၏ အသက် (၁၆) နှစ်အရွယ်ရှိ အစ်မဖြစ်သူ မားဂေါ့ထံသို့ ရောက်ရှိလာခဲ့ပါ၏။

သူမသည် ထိုနေ့နေ့လယ်ပိုင်းတွင် ဂျာမနီနိုင်ငံရှိ ခွေးတပ်ဝန်းသို့ လိုက်ပါရန်အတွက် သတင်းပို့ရမည် ဖြစ်ပါ၏။ အခွိုင်းကြန့်ကြာခြင်းများ လုံးဝမရှိစေသော် နောက်တစ်နေ့နံနက် မိုးသောက်သည်ကာလတွင် အင်(နှ)နိုဖရန့်၏ ခြေသားရှု

www.burmeseclassic.com

www.burmeseclassic.com

အားလုံး ရုတ်တရက် ပျောက်ကွယ်သွားခဲ့ပါ၏။ အစ်မဖြစ်သူ မားဂေါ့ကာ အရင်သွားနှင့်ပြီး နာဇီများက သူမအား ကူးလူမျိုးဟု မသိရှိစေလိုသည့်အတွက် ကြောင့် အကျီရင်ဘတ်ပေါ်တွင် တပ်ဆင်ထားခဲ့သည့် အဝါရောင်ကြယ်အမှတ်တံဆိပ်ကိုဖြုတ်ချခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းနေသည့်ကာလတွင် စက်ဘီးစီး၍ ဖခင်ဖြစ်သူ၏ အတွင်းရေးမှူးဖြစ်သည့် မစ်ကိုင်း ပုန်းခိုအောင်းနေသည့် နေရာသို့ သွားရောက်ခဲ့ပါ၏။ အင်(နှ်)နီဖရန့်နှင့် သူမ၏မိဘတို့သည် ခြေကျင်ခရီးဖြင့် ထိုနေရာသို့ သွားရောက်ခဲ့ကြပါ၏။

ဖခင်ဖြစ်သူရယ်၊ မိခင်ဖြစ်သူရယ်၊ ကျွန်မရယ် မိုးသည်းထန်စွာ ရွာသွန်းနေသည့်ကာလ၌ လမ်းပေါ်တွင် လျှောက်လှမ်းနေကြရပြီး ကျွန်မတို့မိသားစုသုံးယောက်တို့တွင် ကျောင်းလွယ်အိတ်နှင့် စွေးဝယ်အိတ်များ ကိုယ်စီဖြင့် ထိုအိတ်များတွင်လည်း အစားအသောက်မျိုးစုံထည့်လာခဲ့ကြပါ၏။ သူတို့မိသားစုသည် အရာရာကို စွန့်လွှတ်ခဲ့ရပြီး နေအိမ်တံခါးများကိုလည်း လုံခြုံစွာ ပိတ်ထားခဲ့ကြပါ၏။ သူတို့ပိုင်ဆိုင်ကြသည့်အရာအားလုံးကိုလည်း စွန့်လွှတ်ခဲ့ကြရသလို တစ်ခါိုက အေးချမ်းသာယာခဲ့ရသည့် သူတို့၏ လူနေမှုဘဝများကိုလည်း စွန့်လွှတ်ခဲ့ရပါ၏။

သူတို့နေအိမ်မှ ထွက်ခွာလာခဲ့ပြီး နောက် ရက်အနည်းငယ်အကြာမှာ ကြို့တင် စီစဉ်မှုမရှိဘဲ အခြားပုန်းခိုအောင်းနေသော ကျူးမိသားစုတစ်စုနှင့် မမျှော်လင့်ဘဲ တွေ့ကြုံခဲ့ကြပါ၏။ ထိုကျူးမိသားစု၏ အိမ်ထောင်ဦးစီးဖြစ်သူမှာ ဟာမန်းဖြစ်ပြီး အင်(နှ်)နီဖရန့်၏ဖခင်ဖြစ်သူရဲ့ စီးပွားရေးလုပ်ဖော်ကိုင်ဖက်လည်း ဖြစ်ပါ၏။ ဟာမန်းတွင် ဇနီးတစ်ယောက်နှင့် (၁၅) နှစ်အရွယ်ခန့် သားတစ်ယောက် ရှိပြီး အမည်က ပီတာ ဖြစ်ပါ၏။ ထိုအချိန်ကာလက ကောလာဟလ သတင်းတစ်ပုဒ် ထွက်ပေါ်လာခဲ့ပါ၏။ အဲဒါကတော့ အင်(နှ်)နီဖရန့်တို့ တစ်မိသားစုလုံး ဆွစ်ဇာလန်နိုင်ငံသို့ ထွက်ပြေး လွတ်မြောက်သွားခဲ့ခြင်း ဖြစ်ပါ၏။

၁၉၄၂ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက် နေ့
(အင်(နှ်)နီဖရန့်၏နေ့စဉ်မှတ်တမ်း)

ကျွန်မ၏ဘဝသည် ထူးဆန်းလှသည့် အငြိမ်းစားတစ်ယောက်လို ဖြစ်နေခဲ့ပါသည်။ ပျင်းရိခြောက်သွေ့သောဘဝဧရိယမ်းကိုလျှောက်လှမ်းနေရသည့် သူလိုဖြစ်နေပြီး ကျွန်မတို့နေအိမ်မှလွဲ၍ နာဇီရဲ့ရန်များကို ရှောင်တိမ်းစရာနေရာများ မရှိကြပါ။ ကျွန်မတို့နေအိမ်သည် လျှို့ဝှက်အခန်းများနှင့် လျှို့ဝှက်စာအုပ်စင်ပါသည့် အဝင်တံခါးပေါက်ရှိနေ၍ ရှောင်တိမ်းပုန်းကွယ်ရန် အကောင်းဆုံးနေရာလည်းဖြစ်ပြီး ကျွန်မတို့နေရာထက် ပိုမိုကောင်းမွန်သည့်နေရာများ နယ်သာလန်နိုင်ငံတွင် မရှိကြပါ။ ကျွန်မတို့အိပ်စက်သည့်နေရာနှင့် ကပ်လျက်ရှိသည့် အုတ်နံရံတွင် နံရံကပ်ရုပ်ပုံများ မရှိကြ၍ ပြောင်တလင်းကြီးဖြစ်နေပါသည်။ ဒါပေမယ့် ကျွန်မ၏ အဖေကို ကျေးဇူးတင်ရပါသည်။ ကျွန်မ၏အဖေက ရုပ်ရှင်သရုပ်ဆောင်တို့၏ ဓာတ်ပုံများကို အပြင်မှပြန်လာသည့်အခါ ယူဆောင်လာခဲ့သဖြင့် ကျွန်မလည်း ထိုဓာတ်ပုံများကို အုတ်နံရံတွင် ကော်ဖြင့်ကပ်ထားလိုက်ပါသည်။

အင်(နှ်)နီဖရန့်နှင့် အစ်မဖြစ်သူ မားဂေါ့တို့၏အိပ်ခန်းသည် ရှည်လျားသော်လည်း အခန်းက ကျဉ်းမြောင်းလှပါသည်။ အင်(နှ်)နီဖရန့်နှင့် မားဂေါ့တို့၏အိပ်ခန်းနှင့် ကပ်လျက်တွင် သူတို့ရဲ့ မိဘ အိပ်စက်သည့်အခန်း ရှိပါ၏။ သူတို့ရဲ့အဖော်ဖြစ်သူ ဗင်ဗဲ(လ်)ကတော့ သူတို့အိပ်ခန်း၏အပေါ် ထပ်၌ အိပ်စက်ပါ၏။ အထူးတလည် ပြုလုပ်ထားသည့် ဆုံလည်စာအုပ်စင်သည် သူတို့ ပုန်းခိုအောင်းနေသည့် လျှို့ဝှက်အခန်း၏အဓိကဝင်ပေါက်တံခါး ဖြစ်ပါသည်။ သူတို့အိပ်စက်ကြသည့် အခန်းပြတင်းပေါက်များကိုလည်း အနက်ရောင် ဇာခန်းဆီးများဖြင့် ကာရံထားပါ၏။ အိပ်ခန်းကို အထူးသတိထားရသည်က မီးဘေးအန္တရာယ်များ မကျရောက်နိုင်ရန်အတွက် အစားအသောက်များကို သတိပြု ချက်ပြုတ်ရပါသည်။ အိပ်ခန်းတွင် ကျင်ကြီးကျင်ငယ်စွန့်နိုင်ရန်အတွက် ရေအိမ်သာတစ်လုံးလည်း ရှိပါ၏။ အင်(နှ်)နီဖရန့်တို့မိသားစုများ အထူးသတိထားကြရသည်က နေအိမ်အောက်ထပ်ရှိသူများက သူတို့ပြောကြားသည့်စကားသံများကို မကြားရအောင် ခြေဟန်လက်ဟန်ဖြင့် ပြောကြားကြရပါ၏။ သူတို့သည် နာဇီတို့၏ရန်များကို ရှောင်ရှားနေကြရသည်ကို အောက်ထပ်အခန်းမှသူများက မသိရှိကြပါ။

အင်(နှ်)နီဖရန့်တို့၏မိသားစုသည် လျှို့ဝှက်ပုန်းအောင်းနေသည့်အခန်းတွင် ဖိနပ်များ မစီးရဲကြပါ။ အသံကြား၍ လူများသိရှိသွားကြမည်ကို စိုးရိမ်ကြသဖြင့် ခြေအိတ်ရှည်များသာ ဝတ်ဆင်ကြပြီး အခန်းတွင်း၌ လျှောက်လှမ်းကြရပါ၏။ အထူးသဖြင့် နာဇီများ ခြေရှုပ်နေကြသည့်ကာလများတွင် စကားပြောသံများ မကြားရအောင် အထူးသတိထားပြီးနေကြရပါ၏။ ၁၉၄၂ ခုနှစ် နွေရာသီသို့ ရောက်ရှိလာခဲ့ပြန်ပါပြီ။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသည့်နေ့ရက်များလည်း ကုန်ဆုံးခဲ့ပါသည်။ အင်(နှ်)နီဖရန့်တို့၏ မိသားစုအတွင်းရေးကိစ္စများကို ဆောင်ရွက်ပေးနေသည့် မစ်ကိုင်း ဆိုသည့် အမျိုးသမီးတစ်ဦး ရောက်ရှိလာခဲ့ပြီး သူမပြောကြားခဲ့သည့်စကားများက သူတို့နှင့် တစ်တိုက်တည်းနေထိုင်သည့် သွားကုဆရာဝန်ဖြစ်သူသည် နာဇီတို့၏ရန်များကို ရှောင်ရှားနိုင်ရန် နေရာများမရှိ၍ အထူး စိုးရိမ်ကြောင့်ကြနေကြောင်းကို ပြောကြားခဲ့၍ အစ်မဖြစ်သူ မားဂေါ့က သူမ၏မိဘတို့အိပ်ခန်းသို့ ပြောင်းရွှေ့ပေးခဲ့ပြီး သွားကုဆရာဝန်ဖြစ်သူအား အင်(နှ်)နီဖရန့်က အစ်မဖြစ်သူ၏အိပ်စင်ကို လွှဲပြောင်းပေးခဲ့ပါ၏။

အင်(နှ်)နီဖရန့်၏ဖခင်ဖြစ်သူရဲ့အလုပ်သမားများသည် သူတို့၏ နေအိမ် အဆောက်အအုံမှ ထွက်ခွာသွားခဲ့သည့် ကာလ၌ သစ္စာရှိကြသည့် အလုပ်သမား အသစ် (၄) ယောက်တို့ ရောက်ရှိလာခဲ့ကြပါ၏။ ထိုအလုပ်သမား (၄)ယောက်တို့က သူတို့စားသောက်ကြရန်အတွက် အစားအစာများအား ယူဆောင်လာခဲ့ကြပါ၏။ ထိုအစားအသောက်များနှင့် အတူ ကိုယ်တိုက်ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံနှင့် အင်္ကစပရင်းဆေးပြားများကိုလည်း ပေးအပ်ခဲ့ပါ၏။ သူတို့သည် စာအုပ်များနှင့် မဂ္ဂဇင်းစာအုပ်များလည်း ယူဆောင်လာခဲ့ကြပြီး အင်(နှ်)နီဖရန့်တို့မိသားစုအား ပေးအပ်ခဲ့ပါ၏။ အင်(နှ်)နီဖရန့်တို့မိသားစုအတွက် အဓိကအကြောင်းကတော့ သူတို့ရောက်ရှိလာခဲ့ကြသည်မှာ သစ္စာရှိကြသောမိတ်ဆွေများ ရောက်ရှိလာကြသလိုလည်း ခံစားမိခဲ့ကြပါ၏။

အင်(နှ်)နီဖရန့်မိသားစုအား ကူညီခဲ့ကြခြင်းအတွက် သူတို့လေးဦးစလုံးသည် မည်သူမျှ ညည်းညူခြင်းမရှိခဲ့ကြဘဲ သူတို့ကူညီနေကြခြင်း ဖြစ်သည်ကိုလည်း မည်သူ့ကိုမျှ ထုတ်ဖော် မပြောကြားခဲ့ကြောင်းကို အင်(နှ်)နီဖရန့်က သူမ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ဖော်ပြ ရေးသားခဲ့ပါ၏။ အင်(နှ်)နီဖရန့်က သူမ၏မိသားစုတို့ အသက်ဘေးအန္တရာယ်မှ လုံခြုံရေးအတွက် နာဇီတို့၏သတင်းများကို အနည်းငယ် ကြားသိခဲ့ရသော်လည်း

www.burmeseclassic.com

စိတ်ချမ်းသာစရာသတင်းများ တစ်ခုမှ မပါရှိပါ။ နာဇီတို့၏ လျှို့ဝှက်သတင်းများကို ကြေညာနေသည့် ဘီဘီစီအသံလွှင့်ဌာနမှ သတင်းကြေညာချက်အရ နာဇီတပ်သားများက ဂျူးလူမျိုးတို့အား စစ်သုံးလော်ရီကားများပေါ်၌တင်ဆောင်ကြပြီး နာဇီအကျဉ်းစခန်းများတွင် သုတ်သင် သတ်ဖြတ်ကြရန်အတွက် ခေါ်ဆောင်သွားခဲ့ကြကြောင်းများကို ကြေညာခဲ့ပါ၏။

သွားကုဆရာဝန် ဖက်ဖာ ပြောကြားခဲ့သည့်စကားကတော့ ညနေခင်းများ ရောက်ရှိလာကြတိုင်း နာဇီတို့၏ စစ်လော်ရီကားများသည် တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် နေအိမ်များပေါ်သို့ တက်ရောက်လာကြကာ ဂျူးလူမျိုးများအား ရှာဖွေနေကြပါသည်။ နေဝင်မိုးချုပ်သည့် ညပိုင်းကာလမှောင်မိုက်လာသည့် အချိန်များ၌ အပြစ်မဲ့သည့် ဂျူးလူမျိုးတို့အား အဖွဲ့လိုက် တန်းစီစေပြီး နွားအုပ်ကြီးများပမာ မောင်းနှင်ထုတ်လာခဲ့ပြီး သေမင်းတမန် အကျဉ်းစခန်းများဆီသို့ ပို့ဆောင်ခဲ့ကြပါ၏။

သွားကု ဆရာဝန် ပြောကြားခဲ့သည်က သူသည် အိပ်ရာပေါ်၌ လဲလျောင်းနေရင်းနှင့် ကြောက်စိတ်များ ဝင်လာခဲ့ကြောင်း၊ သူတွေးတောစဉ်းစားခဲ့သည်က သူနှင့် အရင်းနှီးဆုံးသော မိတ်ဆွေများသည် သနားညှာတာခြင်းကင်းမဲ့ကြ၍ ကြောက်စရာကောင်းကြသည့် နာဇီတို့၏ထံပါးတွင် သူတို့ဘဝများ ဆက်လက် အသက်ရှင် ရပ်တည်နိုင်ရေးအတွက် အသနားခံ တောင်းပန်နေကြခြင်းပဲ ဖြစ်ပါ၏။ ထိုသို့ အသနားခံတောင်းပန်နေကြသည့်သူများသည် ဂျူးလူမျိုးများဖြစ် ၍နေသောကြောင့်လည်း ဖြစ်ပါ၏။

နောက်အင်(နှ်)နီဖရန့်ရေးသားခဲ့သည်က ဒီဖြစ်ရပ်များသည် နောင်သောအခါ သူမ မပြောချင်ဆုံးသော အကြောင်းအရာများ ဖြစ်ကြပါ၏။ သူမ၏ အတွေးများမှာလည်း ကြောက်စရာကောင်းလှသည့် ညဉ့်နက်ပိုင်းအိပ်မက်များကို မြင်မက်နေရသလိုလည်း ခံစားမိပါ၏။ သူမ၏ အိပ်မက်ဆိုးများသည် သူမအတွက်တော့ အနိဋ္ဌာရုံများကို မြင်မက်ရသလို စိတ်ဆင်းရဲခြင်းများကိုသာ ခံစားခဲ့ရပြီး ရက်စက်ကြမ်းကြုတ်ကြသူများက နေအိမ်အတွင်းရှိ ပစ္စည်းထားသိုရာအခန်းသို့ ရောက်ရှိလာခဲ့ကြသည့်ကာလ၌ နာဇီစစ်ပုလိပ်များက တစ်အိမ်လုံး မွှေနှောက်ရှာဖွေခဲ့ချိန်တွင် အင်(နှ်)နီဖရန့် အပါအဝင် လူ (၈) ယောက်တို့မှာ လျှို့ဝှက်အခန်းတွင်း၌ ပုန်းအောင်းနေကြသည်။ လျှို့ဝှက်တံခါးအဖြစ် ပြုလုပ်ထားသည့် ဆုံလည်စာအုပ်စင်သည် သူတို့နှင့် နာဇီစစ်ပုလိပ်တို့အား ကာရံထားသလိုဖြစ်နေခဲ့ပြီး နာဇီတို့က ရှိုင်းစိုင်း ရက်စက်စွာဖြင့် နေအိမ်ပေါ်မှ မောင်းချခေါ်ဆောင်နိုင်ခြင်းမပြုရန်ကိုလည်း ကာကွယ်ပေးထားသလိုဖြစ်နေပါ၏။

လျှို့ဝှက်တံခါးဖြစ်သည့် စာအုပ်စင်ရှေ့မှ နာဇီတပ်သားတို့၏ ကြိမ်းမောင်းအော်ဟစ်သည့် အသံကြီးများကို လည်း ကြားနေရပြီး အင်(နှ်)နီဖရန့်က စကားကို အသံတိုးညင်းစွာဖြင့် 'ကျွန်မတို့အောင်ပြီ' ဟု သူမ၏အခန်းဖော်များအား ပြောကြားနေစဉ်ကာလ၌ နာဇီစစ်ပုလိပ်တို့သည်လည်း လှေကားပေါ်မှ ပြန်လည်၍ ဆင်းသက်သွားခဲ့သည့်အချိန်တွင် သူမတို့သည် ဘေးအန္တရာယ်မှ လွတ်ကင်းကြပြီဟု စိတ်ထဲ၌ တွေးတောမိခဲ့ကြပါသည်။

အင်(နှ်)နီဖရန့်က နေ့စဉ်မှတ်တမ်းတွင် စာမျက်နှာတိုင်းကို ရေးသားနေခဲ့ကာလ၌ ဖခင်ဖြစ်သူ၏ အမျိုးသမီးအတွင်းရေးမှူးဖြစ်သူက အင်(နှ်)နီဖရန့်၏ အဝတ်အစားပုပ္ပါကြီးများနှင့် စာမျက်နှာအလွတ်များပါရှိသည့် စာရင်းစာအုပ်ကို ရုံးခန်းမှ ယူဆောင်လာခဲ့ပြီးနောက် အင်(နှ်)နီဖရန့်က သူ၏နေ့စဉ်မှတ်တမ်းများကို ဆက်လက် ရေးသားနေခဲ့ပါသည်။ သူမ၏ နေ့စဉ်မှတ်တမ်းသည် သူမအတွက် သစ္စာအရှိဆုံးမိတ်ဆွေဖြစ်ခဲ့ပြီး သူမက နေ့စဉ်မှတ်တမ်းများ ရေးသားပြီးသည့်အခါ စိတ်မှာလည်း ပေါ့ပါးလန်းဆန်းသွားခဲ့ပါ၏။ သို့သော်လည်း သူမ၏ခန္ဓာကိုယ်ကတော့ မလွတ်လပ်သေးပါ။ ကျွန်မ ခံစားမိခဲ့သည်က သီချင်းသီဆိုနေသည့် ငှက်ကလေးသည် မှောင်မိုက်နေသည့် ငှက်လှောင်အိမ်မှ လွတ်မြောက်လာခဲ့ပြီး တောင်ပံများဖြန့်ကြက်ကာ ကောင်းကင်ပြင်သို့ ဝဲပျံသွားသလို ခံစားမိခဲ့ပါ၏။

သို့သော်လည်း သူမထက် အသက်အရွယ် ကြီးရင့်ကြသော လူ (၅)ဦးတို့သည် နာဇီတို့၏ဖမ်းဆီးခြင်းကို ခံခဲ့ကြရပြီး နာဇီတို့က သူတို့သိချင်နေသည့် မေးခွန်းများကို နားချိန်မရကြဘဲ ဆက်တိုက် မေးမြန်းခဲ့ကြသည့်ကာလ၌ အင်(နှ်)နီဖရန့်က အံ့သြသင့်ခဲ့သည်မှာ နာဇီတို့က သူမလို ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်အားလည်း လူကြီးများအား မေးမြန်းခဲ့သလို မေးခွန်းများထုတ်ခဲ့ကြပါက ရယ်စရာဖြစ်နေမည်ကို ထင်မြင် ယူဆမိပါ၏။

အင်(နှ်)နီဖရန့် အသက် (၁၅)နှစ်အရွယ် ပီတာနှင့် တွေ့ကြုံချိန်တွင် ရှက်ရွံ့နေခဲ့ပြီး ပီတာမှာလည်း ပေကတ်ကတ်နိုင်လှ၍ ပတ်ဝန်းကျင်၏ဥပေက္ခာပြုခြင်းများကို ခံခဲ့ရပါ၏။ သို့ပေမယ့် ၁၉၄၄ ခုနှစ် ဆောင်းဦးပေါက်ကာလသို့ ရောက်ရှိလာခဲ့သည့်အခါ အင်(နှ်) နီဖရန့်လည်း (၁၅) နှစ်အရွယ်သို့ရောက် ရှိလာခဲ့ပြီး ပီတာနှင့် ချစ်ကြိုက်ခဲ့ပါ၏။ အင်(နှ်)နီဖရန့်နှင့် သူမ၏ရည်းစားဖြစ်သူ ပီတာတို့ နေအိမ်ခေါင်မိုးအောက်ရှိ လျှို့ဝှက်ထပ်ခိုးအခန်းလေးတွင် မကြာခဏ တွေ့ဆုံခဲ့ကြပြီး ထိုအထပ်ခိုးအခန်းရှိ ပြတင်းပေါက်မှ ပြင်ပသို့ ရှုမျှော်ကြည့်လိုက်ပါက ကောင်းကင်ပြာကြီးကို မျက်စိတစ်ဆုံး တွေ့မြင်ကြရပါ၏။ ထိုပြတင်းပေါက်မှနေ၍ ပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်လိုက်ပါက စိမ်းလန်းနေကြသော သစ်ပင်ထိပ်ဖျားများကို မြင်တွေ့ကြရပြီး ပင်လယ်ပျော်ဝင်ကမ်းများ လေဟုန်စီးနေကြသည်ကိုလည်း မြင်တွေ့ခဲ့ကြပါ၏။

၁၉၄၂ ခုနှစ်၊ ဧပြီလ (၁၆) ရက်
(အင်(နှ်)နီဖရန့်နေ့စဉ်မှတ်တမ်း) မှ

ကျွန်ခဲ့သည့်မနေ့က ရက်တစ်ရက်ကို သတိတရရှိမိပါ၏။ ဒီလိုနေ့က သူမအတွက် အမှတ်တရနေ့ မဟုတ်ပါလား။ အဘယ်ကြောင့်ဆိုရလျှင် မိန်းကလေးတိုင်းက သူမတို့၏ချစ်သူများရဲ့ ပထမဦးဆုံးသောအနမ်းများကို ရရှိခဲ့သည့်နေ့ဖြစ်သောကြောင့်ပါပဲ။ နောက်တော့ သူမအား ဖခင်ဖြစ်သူက နေအိမ်လျှို့ဝှက်အထပ်ခိုးအခန်းသို့ မကြာခဏသွားရောက်နေခြင်းကို ခွင့်မပြုခဲ့သော်လည်း သူမက ပီတာနှင့် မကြာခဏဆုံတွေ့နေရခြင်းကို နှစ်သက်သူဖြစ်သဖြင့် သူကိုလည်း သူမ ယုံကြည်မှုရှိခဲ့ပါသည်။

သူမသည် စာပေများစွာကိုလည်း ဖတ်ဖူးခဲ့ပါ၏။ ဒါပေမယ့် သူမမှာ လူလောကၠ၌ လေ့လာစရာများနှင့် သင်ကြားယူစရာတွေလည်း များစွာရှိနေပါသေးသည်။ သူမ၏ နေ့စဉ်မှတ်တမ်းတွင် အရေးချင်ဆုံးက လျှို့ဝှက်ကမ္ဘာလေးအကြောင်း ဖြစ်ပါသည်။ သူမ အပြစ်ချင်ဆုံးက ဆောင်းပါးရှင်တစ်ဦး ဖြစ်ပြီး သူမအနေဖြင့် ဆောင်းပါးများကို ရေးသားနိုင်ကြောင်းကိုလည်း သူမကိုယ်တိုင် သိရှိနေခဲ့ပါသည်။ ဤလူဘောင်တွင်

www.burmeseclassic.com

ရေးသားနေရခြင်းဖြင့်သာ နေထိုင်လိုပြီး သူမ သေဆုံး ပြီးခဲ့သည့်ကာလ၌လည်း တမလွန်ဘဝတွင် စာများကို ဆက်လက် ရေးသားလိုပါသည်။ ထို့အတွက်ကြောင့် သူမအား စာရေးသားခြင်းဆုလာဘ်ကို ပေးသနားခဲ့သည့် ဘုရားသခင်အား ကျေးဇူးအထူးတင်မိပါသည်။ သို့မှသာ သူမ၏ ဘဝဇာတ်ကြောင်းများကို အတွင်းကျကျ ရေးသားနိုင်မည်လည်း ဖြစ်ပါ၏။

၁၉၄၄ ခုနှစ်၊ ဇွန်လ (၆) ရက်၊ နံနက် (၈) နာရီ
(အင်(နှ)နီဖရန့်၏နေ့စဉ်မှတ်တမ်းအရ)

ဘီဘီစီအသံလွှင့်ဌာနမှ သတင်းထုတ်ပြန်ခဲ့ပါသည်။မဟာမိတ်တပ်ပေါင်းစုတို့သည် နော်မန်ဒီကမ်းခြေသို့ ဆိုက်ရောက်လာခဲ့ကြ၍ နာဇီတို့၏ကျူးကျော်မှုများသည်လည်း ရပ်ဆိုင်းကြတော့မည်ဖြစ်ကာ အောင်မြင်ခြင်းပန်းတိုင်သို့ မကြာမီ ရောက်ရှိလာတော့မည် ဖြစ်ကြောင်း၊ မှောင်မည်းနေသော ကမ္ဘာကြီးပေါ် သို့ မကြာမီ အလင်းရောင်များ ရောက်ရှိလာကြတော့မည်ဖြစ်ကြောင်း၊ နာဇီတို့၏ ကျူးကျော်မှုများ မကြာမီ ရပ်ဆိုင်းတော့မည် ဖြစ်ကြောင်းတို့ကို ကြေညာခဲ့ပါ၏။ ဒီနေ့ဟာ အောင်မြင်ခြင်းနှင့် လွတ်လပ်ခြင်းတို့ကို ဖော်ဆောင်နိုင်ကြမည့်နှစ်ဖြစ်နိုင်လေမလား။ ဖြစ်နိုင်ကြောင်းကိုလည်း အင်(နှ)နီဖရန့်က ယုံကြည်နေပါသည်။

နယ်သာလန်နိုင်ငံသည် နာဇီတို့၏ အုပ်ချုပ်မှုအောက်မှ လွတ်မြောက်သွားလျှင် သူမ ကျောင်းသို့ ပြန်လည် တက်ရောက်၍ ပညာများ ဆက်လက် သင်ကြားနိုင်တော့မည်ဖြစ်ကြောင်း၊ ရက်အနည်းငယ်ကြာသည့်ကာလသို့ရောက်ရှိလာသည့်အခါ သူမ၏(၁၅)နှစ်မြောက် မွေးနေ့ကို ကျင်းပခဲ့ပါသည်။ ၁၉၄၂ ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့ သောကြာနေ့နံနက်မိုးသောက်သို့ ရောက်ရှိလာခဲ့သည့်နေ့ရက်သည် သူမတို့၏နောက်ဆုံးနေ့ ဖြစ်လာခဲ့ပါသည်။ သူမတို့ ပုန်းအောင်းနေခဲ့ရသည့် ရက်ပေါင်းမှာလည်း (၇၆၁) ရက်သို့ ပြည့်ခဲ့ပါပြီ။ ထိုနေ့နံနက် (၁၀း၃၀) နာရီခန့်တွင် သူမတို့ နေထိုင်ခဲ့သည့် အမှတ် (၂၆၃)၊ ပရင်ဆန်ဂရက်(စ်)လမ်း နေအိမ်ရှေ့သို့ မော်တော်ယာဉ်တစ်စီး ရောက်ရှိလာခဲ့ပြီး ထိုကားတွင် နာဇီစစ်ရဲဝတ်စုံများ ဝတ်ဆင်ထားကြသည့်သူများ ပါရှိလာခဲ့ကြပါသည်။ နေအိမ်အတွင်းသို့ မောင်းပြန်သေနတ်များကိုင်ဆောင်ခဲ့ကြကာ ပြေးဝင်ရောက်သွားကြပါသည်။ နာဇီတို့သည် ဗစ်တာကူကလာကို သူတို့၏ ရှေ့ဆုံးက သွားစေခဲ့ပြီး ဆုံလည်စာအုပ်စင်အဖြစ် ပြုလုပ်ထားသည့် လျှို့ဝှက်တံခါးရှေ့သို့ ရောက်ရှိလာသည့်ကာလ၌ လျှို့ဝှက်တံခါးကိုဖွင့်ရန် နာဇီတို့က အမိန့်ပေး၏။ မကြာမီကာလတွင် အင်(နှ)နီဖရန့် နှင့် ဗင်(နှ)ပဲ(လ်) မိသားစု၊ သွားကူဆရာဝန် ဒေါက်တာဖက်ဖာတို့အား ဖမ်းဆီးလိုက်ပါသည်။ ထို့နောက် အလုံပိတ်ကားတစ်စီးရောက် ရှိလာခဲ့ပြီး ဂျူး (၈) ယောက် အပါအဝင် ကူဂလာနှင့် ဂျိုဟန်နက်(စ်) ကလိုင်မင်(နှ်)တို့ကိုပါ ထိုကားပေါ် သို့ ဖမ်းဆီး ခေါ် ဆောင်သွားကြပါသည်။

အင်(နှ်)နီဖရန့် ဖခင်ဖြစ်သူရဲ့ အမျိုးသမီးအတွင်းရေးမှူးနှစ်ယောက်ဖြစ်ကြသည့် မစ်ကိုင်းနှင့် ဗက်ဖော့(စ်)ကီးတို့သည် နာဇီတို့ နေအိမ်မှ ပြန်လည်၍ ထွက်ခွာသွားခဲ့သည့်ကာလ၌ အင်(နှ်)နီဖရန့်တို့ ပုန်းခိုအောင်းခဲ့ကြသည့် လျှို့ဝှက်အခန်းတွင်းသို့ မဝင်ရောက်မီ နေအိမ်ပြင်ပမှ စောင့်ဆိုင်းနေကြပါ၏။ နာဇီတို့က အဖိုးတန်ပစ္စည်းများအား ပိုက်စိပ်တိုက် ရှာဖွေခဲ့ကြ၍ အခန်းများမှာလည်း ရစရာမရှိအောင် ပစ္စည်းများဖြင့် ပြန့်ကျဲနေပါ၏။ နာဇီများ ပြန်လည်၍ ထွက်ခွာသွားခဲ့ကြသည့်အခါ အမျိုးသမီးအတွင်းရေးမှူးဖြစ်သည့် မစ်ကိုင်းက ကြမ်းပြင်ပေါ် သို့ ပြန့်ကျဲ ကျရောက်နေခဲ့ကြသည့် စက္ကူများကို ကောက်ယူသိမ်းဆည်းနေခဲ့ပါ၏။ ထိုအခါ သူမ ရုတ်တရက် တွေ့မြင်လိုက်ရသည်က ရတနာပစ္စည်းများနှင့် ငွေစက္ကူတို့ထက် တန်ဖိုးများစွာရှိခဲ့သည့် ဇာနီဖိုးမဖြတ်နိုင်သော အင်(နှ်)နီဖရန့် ရေးသားခဲ့သည့် 'အင်(နှ်)နီဖရန့်၏ နေ့စဉ်မှတ်တမ်းစာအုပ်' ဖြစ်ပါသည်။

တစ်လခန့် ကြာမြင့်ခဲ့ပြီးနောက် နာဇီတို့ ဖမ်းဆီး ခေါ် ဆောင်သွားခဲ့ကြသော ပရင်ဆန်ဂရက်(စ်)လမ်းနေအိမ်မှ အကျဉ်းသားများအဖြစ်နှင့် ဂျူး (၈) ယောက်တို့အား နောက်ဆုံး ရထားဖြင့် နယ်သာလန်နိုင်ငံမှ ပို့လန်နိုင်ငံရှိ အော့စ်ဝစ် နာဇီအကျဉ်းစခန်းသို့ ခေါ် ဆောင်သွားခဲ့ပါ၏။ အကျဉ်းစခန်းများသို့ ခေါ် ဆောင်သွားခဲ့ကြခြိုန်တွင်လည်း ယောကျ်ားများနှင့် မိန်းမများတို့အား သီးခြားစီ ခွဲထားခဲ့ကြပြီး ဒီနေ့ဒီအခြိန်မှစ၍ သူတို့လည်း တစ်ယောက်နှင့်တစ်ယောက် မည်သည့်အခြိန်ကာလများတွင်မျှ ပြန်လည်၍ မတွေ့ဆုံကြတော့ပါ။

အင်(နှ်)နီဖရန့်နှင့် အစ်မဖြစ်သူ မားဂေါ့တို့အား ဂျာမန်နိုင်ငံအလယ်ပိုင်းဘားဂင်းဘဲ(လ်)ဆန်မြို့သို့ ပို့ဆောင်ခဲ့ပြီး ထိုအကျဉ်းစခန်း၌ ထောင်ပေါင်းများစွာသော အကျဉ်းသား ဂျူးလူမျိုးများသည် တိုက်ဖွိုက်ခေါ် အုရောင်ငန်းဖုများ ရောဂါများ ခံစားနေကြရပါသည်။ အင်(နှ်)နီဖရန့်က အစ်မဖြစ်သူ မားဂေါ့အား နောက်ဆုံးခရီးအဖြစ်နှင့် နှစ်သိမ့်အားပေးခဲ့ပြီးနောက် နာဇီအကျဉ်းစခန်း၌ မကြာမီကာလတွင် အစ်မဖြစ်သူ မားဂေါ့လည်း သေဆုံးခဲ့ပါသည်။ မားဂေါ့သေဆုံးခဲ့ပြီးနောက် ၁၉၄၅ ခုနှစ်၊ မတ်လတွင် အင်(နှ်)နီဖရန့်လည်း ကွယ်လွန်သွားခဲ့ပါသည်။ သူတို့ညီအစ်မ သေဆုံးခဲ့ကြပြီးနောက် ရက်သတ္တပတ် အနည်းငယ်ကြာလာခဲ့သည့်ကာလ၌ ဗြိတိသျှတပ်မှူးလည်း သူတို့သေဆုံးခဲ့ကြသည့် အကျဉ်းစခန်းသို့ ရောက်ရှိလာခဲ့ကြပါ၏။

အင်(နှ်)နီဖရန့်ဖခင်၏ သစ္စာရှိသောအလုပ်သမားတစ်ဦးမှာ အကျဉ်းစခန်းတစ်ခုမှ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့သို့ ပြန်လည်၍ ရောက်ရှိလာခဲ့ပါ၏။ သူသည် အလုပ်သမားအသစ်တစ်ယောက် ဖြစ်သော်ငြားလည်း အင်(နှ်)နီဖရန့်တို့မိသားစုအပေါ် တွင် အလွန်သစ္စာရှိခဲ့သူတစ်ယောက် ဖြစ်ခဲ့ပါသည်။ သူ့အား နာဇီတို့က နှစ်ကြိမ်တိုင်တိုင် ပြင်းထန်စွာ ရိုက်နှက်စစ်ဆေး မေးမြန်းခဲ့သော်လည်း အင်(နှ်)နီဖရန့်တို့၏ မိသားစုဘက်မှ ရဲဝံ့စွာ ရပ်တည်ခဲ့ပြီး နာဇီတို့က ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်၍ မေးမြန်းခဲ့သော်လည်း လုံးဝပြန်လည်၍မဖြေကြားခဲ့ကာ လည်စင်း၍ခံခဲ့သည့် သူတစ်ဦးလည်း ဖြစ်ပါသည်။

ကလိုင်းမင်(နှ်) နှင့် ကူဂလာတို့သည် နယ်သာလန်နိုင်ငံတွင် အကျဉ်းချခြင်းကိုခံခဲ့ကြရပြီး မကြာမီကာလ၌ အကျဉ်းစခန်းမှ ပြန်လည်၍ ထွက်ပြေးထွက်မြောက်လာခဲ့ပြီးနောက် အမှတ် (၂၆၃) ပရင်ဆန်ဂရက်(စ်)လမ်းရှိ နေအိမ်တွင် ပြန်လည်၍ နေထိုင်ခဲ့ကြပါသည်။

အင်(နှ်)နီဖရန့်၏ဖခင်ဖြစ်သူ အိုတိုဖရန့်က ပို့လန်နိုင်ငံ အော့စ်ဝစ် အကျဉ်းစခန်းတွင် အကျဉ်းကျခံခဲ့ရပြီးနောက် ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလတွင် ဆိုဗီယက် တပ်နီတော်တို့၏ ကယ်တင်ခြင်းကို ခံခဲ့ရပြီးနောက် ပြန်လည်၍ လွတ်မြောက်လာခဲ့ပါသည်။ သူသည် သူ့ရဲ့နေအိမ်ရှိရာ အမ်စတာဒမ်မြို့သို့

www.burmeseclassic.com

ပြန်လည်၍ ရောက်ရှိလာခဲ့ပြီးနောက် သူ၏အမျိုးသမီးအတွင်းရေးမှူးဖြစ်ခဲ့သည့် မစ်ကိုင်းနှင့် သူမ၏ခင်ပွန်းဖြစ်သူတို့နှင့် ပြန်လည်၍ နေထိုင်ခဲ့ပါ၏။ သူတို့က အင်(နှ်)နီဖရန့် သေဆုံးခဲ့ကြောင်းကို ကြားသိရပြီးနောက် အမျိုးသမီးအတွင်းရေးမှူး မစ်ကိုင်းက အင်(နှ်)နီဖရန့်၏ ဖခင်ဖြစ်သူအား အင်(နှ်)နီဖရန့်ရေးသားခဲ့သည့် နေ့စဉ်မှတ်တမ်းစာအုပ်ကို ပြန်လည်၍ ပေးအပ်ခဲ့ပါ၏။

ထိုနေ့စဉ်မှတ်တမ်းစာအုပ်ကို အချိန်ယူ၍ ပြီးဆုံးအောင်ဖတ်ကြရမှာဖြစ်ပြီး ဖတ်ရင်းနှင့် နာကျင်မှုဝေဒနာများကို ခံစားခဲ့ကြရသဖြင့် ဖခင်ဖြစ်သူက အင်(နှ်)နီဖရန့်၏ နေ့စဉ်မှတ်တမ်းစာအုပ်ကို မိတ္ထုများပွား၍ သူ၏မိတ်ဆွေများနှင့် ဆွေမျိုးတို့အား ဖတ်ကြည့်စေပါသည်။ တစ်နှစ်ခန့် ကြာလာခဲ့သည့်ကာလတွင် အင်(နှ်)နီဖရန့်၏နေ့စဉ်မှတ်တမ်းစာအုပ်များကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး ထင်ပေါ်ကျော်ကြားသည့်စာရေးဆရာမကြီးတစ်ဦးအဖြစ်နှင့် ကမ္ဘာပေါ်တွင် ကျော်ကြားခဲ့ပါ၏။

အင်(နှ်)နီဖရန့် နေထိုင်ခဲ့သည့် ပရင်ဆန်ဂရက်(စ်)လမ်းရှိ အမှတ် (၂၆၃) နေအိမ်သို့ အမှတ်တရ သွားရောက်ကြည့်ရှုခဲ့ကြသူများ ပြောကြားကြသည့် စကားများက သူဘဝမှာ နောက်ဆုံးလက်ကျန် စာအုပ်နှစ်အုပ်သာ ကျန်ရှိခဲ့ပါ၏။ အဲဒါကတော့ ဘုရားသခင်၏ ကျမ်းစာအုပ်နှင့် အင်(နှ်) နီဖရန့်၏နေ့စဉ်မှတ်တမ်းစာအုပ်တို့ပင် ဖြစ်ကြပါ၏။

ယခုမျက်မှောက်ကာလ၌လည်း အမှတ်(၂၆၃)နေအိမ်သို့ လူများရောက်ရှိလာကြလေ့ရှိကြပြီး တံခါးများကိုလက်ဖြင့် တီးခေါက်ကြကာ အင်(နှ်)နီဖရန့် ပုန်းခိုခဲ့သော လျှို့ဝှက်အခန်းကို ကြည့်ရှုချင်ကြကြောင်းကို ပြောကြားကြပါသည်။ နှစ်အနည်းငယ်ကြာရှိလာခဲ့သည့် ကာလ၌ အင်(နှ်)နီဖရန့်၏နေအိမ်ကို အမှတ်တရပြတိုက်အဖြစ်နှင့် ပြန်လည်၍ ပြုပြင်ခဲ့ကြပါ၏။ ပြည်သူများတို့၏ တောင်းဆိုချက်အရ အင်(နှ်)နီဖရန့် နေထိုင်ခဲ့သည့်နေအိမ်အား မည်သည့်ကာလတွင်မျှ ဖျက်သိမ်းခြင်းမပြုကြရန်၊ အမြဲတမ်း အမှတ်တရ နေအိမ်ပြတိုက်အဖြစ်နှင့် ထားရှိကြရန် ဖြစ်ပါသည်။ ထိုနေအိမ်တည်တံ့ခိုင်မြဲရေးအတွက် ဖောင်ဒေးရှင်းတစ်ခုကို ချမှတ်ခဲ့ကာ ငွေကြေးများ စုဆောင်းကြပြီး ထိုနေအိမ်နှင့် နေအိမ်ဝန်းကျင်အား ပြတိုက်အဖြစ်နှင့် ယခုမျက်မှောက်ကာလတွင် ဖွင့်လှစ်ထားလျက် ရှိပါ၏။

၁၉၆၀ ပြည့်နှစ်၊ မေလ (၃)ရက်နေ့တွင် အင်(နှ်)နီဖရန့်၏နေအိမ်ကို တရားဝင်ဖွင့်လှစ်ခဲ့ပြီး ပြည်သူများအား ဝင်ရောက် ကြည့်ရှုခွင့်များကိုလည်း ပေးခဲ့ကြပါ၏။ ယခုမျက်မှောက်ကာလထိ အင်(နှ်)နီဖရန့်နေအိမ်ခန်းတွင် မဟာမိတ်တပ်ပေါင်းစုတို့ နော်မန်ဒီ ကမ်းခြေသို့ ဆိုက်ရောက်လာခဲ့သည့် မာတ်ပုံမှတ်တမ်းကို ချိတ်ဆွဲထားလျက်ရှိပြီး ဖခင်ဖြစ်သူက နေအိမ် နံရံတွင် ရေးသားထားခဲ့သည်ကတော့ သူ၏ သားသမီး (၃) ဦးစလုံးတို့သည် လူကြီးဘဝများသို့ မရောက်ရှိခဲ့ကြဘဲ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးခဲ့ကြရကြောင်းကို ခံတံဖြင့် အုတ်နံရံတွင် မှတ်တမ်းတင်ရေးခြစ်ထားခဲ့ပါ၏။

အင်(နှ်)နီဖရန့်၏နေအိမ်ခန်းတွင်လည်း ယခုမျက်မှောက်ကာလတိုင် သူမချစ်ခင်မြတ်နိုးခဲ့သည့် တစ်ချိန်က ရုပ်ရှင်သရုပ်ဆောင်တို့၏ဓာတ်ပုံများကို ချိတ်ဆွဲထားလျက်ရှိပြီး ထိုဓာတ်ပုံများသည် အကျဉ်းစခန်းနှင့်တူညီလှသော နေအိမ်လျှို့ဝှက်အခန်းအား သာယာကြည်နူးခြင်းကို ဖြစ်စေပါသည်။ အင်(နှ်)နီဖရန့်၏နေအိမ်သို့ လာရောက်ကြည့်ရှုခဲ့ကြသူများမှာလည်း မျက်ရည်လည်ရွဲတို့ဖြင့် နေအိမ်အခန်းတွင်းမှ ပြန်လည်၍ ထွက်ခွာသွားခဲ့ကြသည်များကိုလည်း မြင်တွေ့ခဲ့ကြရပါသည်။

အင်(နှ်)နီဖရန့်၏ဖခင်ဖြစ်သူ အိုတိုဖရန့် သည် ၁၉၈၀ ပြည့်နှစ်၊ အသက် (၉၁) နှစ်အရွယ်၌ ကွယ်လွန်သွားခဲ့ပါသည်။ ထိုလျှို့ဝှက်အခန်းများပါရှိသည့် နေအိမ်၌ နေထိုင်ခဲ့ကြသူများမှာလည်း ယခုမျက်မှောက်ကာလ၌ အားလုံးကွယ်လွန်ကုန်ခဲ့ကြသော်လည်း အင်(နှ်)နီဖရန့်၏ဖခင် အမျိုးသမီးအတွင်းရေးမှူးဖြစ်သူ မစ်ကိုင်းတစ်ယောက်တည်းသာ ဆက်လက် နေထိုင်လျက်ရှိပြီး ယခုအခါ သူမအသက်အရွယ်မှာလည်း (၈၅) နှစ်သို့ ရောက်ရှိလာခဲ့ပါ၏။ သူမ ပြောကြားခဲ့သည့် စကားများက နေ့စဉ်နေ့တိုင်း အရာရာတိုင်းသည် ပြောင်းလဲနေကြပြီး အင်(နှ်)နီဖရန့် ရေးသားခဲ့သည့် နေ့စဉ်မှတ်တမ်းစာအုပ်မူရင်းမှာလည်း ကမ္ဘာပေါ်တွင် ပျောက်ဆုံးခဲ့ပါသည်။

အင်(နှ်)နီဖရန့်၏ ယုံကြည်ချက်ကတော့ ကမ္ဘာကြီးတွင် ဘယ်လိုပဲဖြစ်ကြပါစေ ကမ္ဘာပေါ်ရှိလူသားများသည် နှလုံးသားဆန်၍ စိတ်ထားဖြူစင်ကြသူများဖြစ်ကြကြောင်းကို အင်(နှ်)နီဖရန့်၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ရေးသားခဲ့ပါသည်။ လူသားများအနေဖြင့် ယုံကြည်ချက်များကို မလျှော့ကြဘဲ မျှော်လင့်ချက်ရှိသောအိပ်မက်များကို မြင်မက်စေလိုကြောင်းကို ရေးသားဖော်ပြခဲ့ပြီး သူမသည် ယနေ့ိင် အသက်ရှင်လျက်ရှိပါက အမှောင်ထဲက ဖယောင်းတိုင်ပမာ ကျွန်ုပ်တို့အတွက် ဘဝအလင်းရောင်ကို ပေးစွမ်းနိုင်သူတစ်ဦး ဖြစ်ပါလိမ့်မည်ဟု ဖော်ပြ ရေးသားလိုက်ပါသည်။

စာရေးသူအနေဖြင့် ဖော်ပြ ရေးသားလိုသည်မှာ ကမ္ဘာပေါ်တွင် နာဇီတို့ကဲ့သို့ ဖက်ဆစ်စနစ်များ မပျောက်ကွယ်ကြသရွေ့ ကာလပတ်လုံး ကမ္ဘာပေါ်ရှိ ပြည်သူများအနေဖြင့် အနိဋ္ဌာရုံများနှင့်သာ ရင်ဆိုင်တွေ့ကြုံကြရမည်သာဖြစ်ပြီး လူသားနှလုံးသားဆန်လှသည့် ကျူးမျိုးနွယ်မိန်းကလေးတစ်ဦးဖြစ်ခဲ့သူ အင်(နှ်)နီဖရန့်မှာလည်း နာဇီတို့၏ဖက်ဆစ်စနစ်ဆိုးများကြောင့် ကမ္ဘာမြေပြင်ပေါ်မှ လုံးဝ ပျောက်ကွယ်သွားခဲ့ရသည်မှာလည်း ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ သူမကိုယ်တိုင် လက်ရေးမူဖြင့် ရေးသားထားခဲ့သည့် အင်(နှ်)နီဖရန့်၏ နေ့စဉ်မှတ်တမ်း (The Diary of Anne Frank) ၏မူရင်းစာအုပ်သည် ကမ္ဘာမြေပြင်ပေါ်မှ ပျောက်ကွယ်သွားခဲ့ရသည်မှာလည်း တန်ဖိုးမဖြတ်နိုင်ကြသည့် ရတနာပစ္စည်းများထက်ပင် နှမြောတ,သဝမ်းနည်းမိပါသည်။

ထို့အတူက်ကြောင့် ကမ္ဘာမြေပြင်ပေါ်မှ ဖက်ဆစ်စနစ်များ ချုပ်ငြိမ်းနိုင်ရေးအတွက် နာဇီတို့၏ ဖက်ဆစ်စနစ်တို့အား တိုက်ဖျက်ခဲ့ကြရာတွင် အသက်ပေးလှူ၍ တိုက်ခိုက်ခဲ့ကြသည့် မဟာတပ်ပေါင်းစုမှ ကျဆုံးသွားခဲ့ကြသည့် ရဲဘော်အပေါင်းတို့အား ဝမ်းနည်းဂုဏ်ယူစွာဖြင့် ဦးညွတ်အလေးပြုအပ်ပါသည်။ ထို့အတူ အသက်မသေကြ၍ ကျန်ရစ်လျက်ရှိသည့် မဟာမိတ်တပ်ပေါင်းစုမှ ရဲဘော်အပေါင်းတို့အားလည်း လေးစားစွာဖြင့် ဂုဏ်ပြုအပ်ပါကြောင်းကို ရေးသား ဖော်ပြရင်းနှင့် ဤဝမ်းနည်းဖွယ်ရာကောင်းလှသည့် အင်(နှ်)နီဖရန့်၏ နောက်ဆုံးလက်ဆောင် (Anne Frank's Enduring Gift) ဆောင်းပါးကို ရေးသား ဖော်ပြရင်းနှင့် အဆုံးသတ်လိုက်ပါသည်။

တင်ထွန်း(စက်မှု ၂)ဦး

ကိုးကားသည့်စာအုပ်

The Diary of Anne Frank မှ *Anne Frank's Enduring Gift* တို့ ဘာသာပြန်ဆိုထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(ဝါးခယ်မ)
ကျော်မိုးလွင်
ကူးတို့ဆိပ်က အဘွား



အသက်က (၇၀) ကျော်နေပြီဟု သိရသည်။ မျက်စိမမှုန်၊ နားမထိုင်း၊ ခါးမကိုင်း။ သမီးဖြစ်သူ၏လုပ်ငန်းဖြစ်သော ကူးတို့ခကောက်ခြင်းလုပ်ငန်းကို လုပ်နေသည်။

ကျွန်တော်တို့ ရွာသစ်နှင့် ဝါးခယ်မမြို့ဘက် ပေါင်းကူးပေးထားသော ကူးတို့ဖြစ်၍ အဘွားနှင့် နေ့စဉ်ကြုံတွေ့နေရတော့သည်။

ကူးတို့ကူးခက အသွား (၇၀)၊ အပြန်(၇၀)ဖြစ်၍ ပေါင်း (၁၄၀)ကျသည်။ အဘွားက စာရေးဆရာဖြစ်သော ကျွန်တော့်ကို နားလည်ပေးသည်။ ကျွန်တော့်မှာ ပေးစရာငွေ ပြတ်သည့်အခါ 'ကူးစေသတည်း' ဟူသောပါဝါ ပေးထားသည်။

အဘွားကသဘောကောင်းသည်။ မနက်တိုင်း အဘွား ကူးတို့ခကောက်သောနေရာများမှာ ထမင်းချိုင့်ကြီး၊ငယ် ပတ်ချာလည်ပိုင်းလျက်တွေ့ရတတ်၏။

"အဲဒီကလေးမလေးဆို တော်တော်ဆင်းရဲတာ။ အဘွား သူ့ထမင်းချိုင့်လေးဖွင့်ကြည့်တိုင်း ငါးပိရည်၊ တို့စရာ၊ ငါးလေးတစ်ဖတ်၊ နှစ်ဖတ်သာ တွေ့ရတတ်တာမို့ အဘွားစားဖို့ ထမင်းချိုင့်ထဲက ဟင်းတွေ ဖြည့်ပေးရတယ်"

အဘွားကို ထမင်းချိုင့်လာပေးကြသည်မှာ ကျောင်းသူ၊ ကျောင်းသား၊ အလုပ်သမားကိုယ်စားပြုသူများဖြစ်သည်။

အဘွား ကူးတို့ခကောက်သည့်တဲ့က ထမင်းချိုင့်အပ်သည့်ဌာနလည်းဖြစ်နေသည်။ အဘွားက အပ်ခမယူသည့်အပြင် အားနည်းသူကိုပင် အားဖြည့်ပေးသူ ဖြစ်ပါ၏။

အဘွားက ကူးတို့ခ ကောက်သူ

www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ လူပေါင်းစုံနှင့် ဆက်ဆံနေရသည်။ တချို့က ကူးတို့ခကို မှန်မှန်ပေးတတ်ကြသည်။တချို့က အတည်ပေါက်နှင့် တက်သွားတတ်ကြ၏။

အဘွား ဒါကို မကြိုက်။ ကူးတို့ခ ပေးစရာမရှိလျှင် မရှိကြောင်းကို ရိုးသားစွာပြောလျှင် ကျေနပ်လက်ခံသည်။

အဘွားသမီးက လေလံဆွဲပြီး ဒီအလုပ်လုပ်နေခြင်း ဖြစ်သည်။ စက်လှေမောင်းသူကို အခပေးရသည်။ စက်လှေပျက်လျှင် ပြင်ရသည်။ တံတားပျက်လျှင် ပြင်ရသည်။

တစ်ခါတစ်ခါ ကူးတို့တံတားမှန်းမသိ၍ လှေ၊ စက်လှေ၊ သင်္ဘောများ လာကပ်တတ်သည်။ ထိုအခါ အဘွားမှာ မအော်ချင်ဘဲ အော်ပြောရ၏။

အဘွား ကူးတို့ကောက်သည့်နေရာက မြို့တွင်းသုံးအိမ်သာ၊ ဘိလိယက်ခုံ၊ အမှုန့်ကြိတ်စက်များ ဝိုင်းရံထားသည့် ကမ်းစပ်မှာရှိသည်။ အနံ့မျိုးစုံ အဘွားခံရ၏။ ကျွန်တော်က အဘွားနှာခေါင်းကို လက်ကိုင်ပဝါအုပ်ထားတာကို တွေ့ရလျှင်-

"အဘွား၊ ကူးတို့ကောက်ရတာ အဆင်မပြေလို့ ဓားပြထွက်တိုက်မလို့လား"

ဟု မေးလိုက်သောအခါ အဘွား ရယ်၍ လက်ကိုင်ပဝါ ပြုတ်ကျသွားပါတော့သည်။

ကျွန်တော်တို့ ရွာသစ်ဘက်ကမ်းမှာ အသက် (၉၀) ကျော်ပြီဖြစ်သော ဘကြီး ဦးဟန်သိန်း ရှိပါသည်။

အသက် (၉၀)ကျော်သော်လည်း အဘွားလိုပင် မျက်စိကောင်းသည်၊ နားကောင်းသည်၊ ခါးမကိုင်း။ နေ့စဉ် မြို့ဘက်ကမ်းကူးတတ်သည်။

အဘွားက ဘကြီးဦးဟန်သိန်းကို ကူးတို့ခမယူပါ။ ခုံဖိနပ်မစီးရန်ပင် နေ့စဉ် ပြောရသည်။ ဒီအရွယ်က လဲလျှင် ကုန်မလွယ်သောကြောင့် ဖြစ်၏။

အဘဦးဟန်သိန်းက မနက်တိုင်း ဝါးခယ်မမြို့ ကျက်သရေဆောင် သက္ကမဟာသီရိဘုရားကြီးကို သွားကာ ခိုစာကျွေးသည်။

ဘုရားကြီးအနီးတွင်နေသော အိမ်ထောင်သည် မြေးမလေးဆီကိုလည်း သွား၏။

သားဖြစ်သူက အသက်ကြီးပြီး ချော်လဲမှာစိုး၍ တားသည်၊ မရပါ။ သားနှင့် ချွေးမ အလုပ်သွားသည်နှင့် အိမ်ကထွက်တော့သည်။

အဘွားက ကျောင်းသူမလေးများကို ဂရုစိုက်သည်။ အတွဲနှင့်တွေ့လျှင် ဘယ်သူဘယ်ဝါ သားသမီးမှန်းမသိ။ မိန်းကလေးက လက်မခံမှန်းသိလျှင် ဝင်တားတတ်သည်။ အသိထဲကဖြစ်လျှင် အသိပေး ပြောကြားတတ်သည်။

တစ်ခါတော့ ကျွန်တော်နှင့်ပတ်သက်သောကိစ္စ ကြုံရတော့သည်။

ကောင်မလေးက ကျွန်တော်နှင့် အမျိုးတော်သည့် ဆယ်တန်းကျောင်းသူ ဖြစ်သည်။ အဘွားကတော့ ကျွန်တော့် အမျိုးမှန်း မသိပါ။

"ကောင်လေးနှစ်ယောက် ဆိုင်ကယ်နှစ်စီးနဲ့ ကူးတို့ဆိပ်အထိ လိုက်လာတယ်။ ကောင်မလေးက ကြောက်တယ် ထင်ပါရဲ့ကွယ်၊ အဘွားဘေး ပြေးကပ်လာတယ်။ အဲဒီမှာ အဘွားလည်း မိန်းမကြမ်းကြီး လုပ်ရတာပဲပေါ့။ မိန်းကလေး သဘောမတူရင် မင်းတို့ မနှောင့်ယှက်ပါနဲ့၊ အဘွားမှာ လက်ကိုင်ဖုန်းပါတယ်၊ စခန်းကို ဆက်လိုက်ရမလားလို့ ပြောလိုက်တော့မှ ကောင်လေးနှစ်ယောက်လည်း ဆိုင်ကယ်တွေစီးပြီး ပြန်လှည့်ထွက်သွားခဲ့ကြတယ် မောင်မိုးရဲ့"

အဘွားက ကောင်မလေးနာမည် ပြောပြတော့ ကျွန်တော့်အမျိုးမှန်း ကျွန်တော်သိလိုက်ရသည်။

ကျွန်တော်နေ၍မရတော့၊ ကောင်မလေးမိဘတွေတွေဆီ ထိုအကြောင်း သွားပြောလိုက်ရသည်။

ဆယ်တန်းရောက် ကျောင်းသူကျောင်းသားများနှင့် ပတ်သက်၍ အငြိုးစားယူသွားပြီဖြစ်နေသော ဆရာကြီး ဦးကျော်စိုးက ပြောဖူးခဲ့သည်။

"ဒီက ငါ့တပည့်တွေ ဆယ်တန်းမအောင်ဘဲ တစ်ခုနေကြတာ အဲဒီ ဖိုးမပြဿနာတွေ ဝင်လို့ပဲကွယ့်"

ဆရာကြီး ပြောသည်မှာ မှန်ပါသည်။ ကျွန်တော် သိမီသမျှ အတန်းထဲမှာ စာတော်သောကျွန်တော့်သူငယ်ချင်း အတော်များများ ဆယ်တန်းမအောင်ဘဲ အိမ်ထောင်ဆိုသော ထောင်ထဲမှာ အကျဉ်းကျနေခဲ့ကြသည်။

ထိုနှစ်က ကောင်လေးနှစ်ယောက် ဆိုင်ကယ်နှင့် အလိုက်ခံရသော ကျွန်တော့်ဆွေမျိုးကောင်မလေး ဆယ်တန်းကျပါသည်။

စာညှဉ်လို့လားစိတ်ကစားလို့လား။ ကျွန်တော် မဆုံးဖြတ်တတ်ပါ။ ကာယကံရှင်သာ သိပါလိမ့်မည်။ နောက်တစ်နှစ်မှာ ထိုကောင်မလေး ဆယ်တန်း အောင်ပါသည်။

အခုတစ်လော အဘွားကို တက်ကြွေးတစ်လက်၊ ကော်ကပ်သော တိပ်ခွေနှင့် အလုပ်ရှုပ်နေသည်ကို တွေ့ခဲ့ရပါသည်။

အခါတိုင်း နေ့လယ်နေ့ခင်း ကူးတို့ကူးသူနည်းသည့်အချိန်တွင် ကူးတို့ကောက်သော တစ်ဖက်ယပ်တဲလေးမှာ ခွေခွေလေးအိပ်လျက်တွေ့ရတတ်သည်။

ကျွန်တော် အဘွားနှားနေပြီး ထိုင်ကာကြည့်လိုက်တော့ ပိုက်ဆံအပြားများ စိတ်ရှည်ရှည်နှင့် ဖာထေးနေကြောင်း တွေ့လိုက်ရသည်။

ကူးတို့ခပေးသော တစ်ရာတန်၊ နှစ်ရာတန်များမှာ များသောအားဖြင့် အစုတ်အပြဲများသာ များကြသည်။

ပလတ်စတစ်အုပ်ထားသော ပိုက်ဆံအမျိုးမျိုးကို အဘွားမလိုချင်ပါ။ တစ်ခါတစ်ခါ တစ်ခြမ်းတည်း ပါလာတတ်သောကြောင့် ဖြစ်ပါသည်။ အဘွားမှာ မလိုချင်လည်း ရှောင်လွှဲ၍မရ၊ ယူနေရသည်။

အဘွားက ပလတ်စတစ်ဖုံးထားသောပိုက်ဆံများကို လွှားလေးနှင့် ခွာပစ်သည်။ ပြီးလျှင် ပြန်သောနေရာများကို ကော်ကပ်တိပ်နှင့် ဖြတ်တောက်ကပ်နေ၏။

အဘွား၏ပိုက်ဆံကောက် ပလတ်စတစ်ခွက်လေးထဲတွင် ရာတန်၊ ထောင်တန်ငွေများကို သေသပ်စွာသားရေကွင်းနှင့် စီကာထည့်ထားသည်ကို တွေ့ရ၏။

"အဘွားက အလုပ်နှစ်မျိုးလုပ်နေတာပဲ"

ကျွန်တော်က အဘွားအနီးတွင် ဝင်ထိုင်ကာ ပြောလိုက်သည်။ အဘွားက နှစ်ရာတန်တစ်ရွက်ကို တိပ်ကပ်နေသည်။

"အလုပ်သုံးမျိုးလုပ်နေတာ မောင်မိုးရဲ့"

အဘွားက ရယ်မောကာ ပြန်ပြောပါသည်။

"ကျွန်တော် သိတာက ပိုက်ဆံကောက်တာနဲ့ ပိုက်ဆံပြဲတွေဖာနေတာပဲ။ နောက်တစ်ခုက ဘာလဲ အဘွားရဲ့"

အဘွားနှင့် စကားပြောနေစဉ် ကူးတို့ပဲ့ထောင်က ကပ်လာသည်။ ခရီးသည်များ ပိုက်ဆံပေးလာ၍ အဘွားက လုပ်လက်စအလုပ်ကိုရပ်ကာ ကောက်နေရပြန်သည်။

အဘွားက ပေးလာသောငွေများကို ယူကာ အမ်းနှိုင်တာ အမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com

အမ်းစရာအကြွေမရှိလျှင် အသင့်ဝယ်ထားသော ချိုချဉ်လုံးထုပ်များနှင့် ဖြည့်ကာ အမ်းသည်။

ခရီးသည်တွေကုန်မှ ကျွန်တော့်က အဘွားပြောသော အလုပ်သုံးမျိုးထဲက တစ်မျိုးကို ပြန်မေးလိုက်ရသည်။

"ဩော် ဒါလား။ အဘွားပြော်တဲ့နောက်အလုပ်က တရားမှတ်တဲ့အလုပ်ပဲကွယ့် မောင်မိုးရဲ့"

ကျွန်တော် အဘွားစကားကို စိတ်ဝင်စားသွားရတော့သည်။ ခရီးသည်တွေနှင့် မအားလပ်သော အဘွား၊ ပိုက်ဆံအပြများကို တိပ်နှင့် ဖာထေးနေရသော အဘွား တရားမှတ်သတဲ့။

"ဘာလဲ- အံ့သြနေပြီလား။ ဒါတွေကြည့်ပြီး တရားမှတ်နေတာကွယ့်"

အဘွားက သူဖာထေးပြီး စုထပ်ထားသော ပိုက်ဆံတစ်ထပ်ကို မေးငေါ့ပြကာ ပြောလိုက်သည်။

"အဘွားက ပိုက်ဆံတွေကို ဖာထားရင်း အလကားနေတာ မဟုတ်ဘူး၊ ဝိပဿနာသဘောအရ ဖြစ်၊ ပျက်ကို ရှုနေတာ မောင်မိုးရဲ့"

လမ်းဆုံးမှ ရွာမြင်တဲ့ ကျွန်တော်။

"ဒါတွေလည်း ဖြစ်ပြီး ပျက်တာပဲ မဟုတ်လား။ အဘွားက ကျွန်းမာရေးကောင်းသေးလို့ ဒါကိုပြုပြင်နိုင်တာပဲကွယ့်။ အဘွား ခုနေ့ လဲကြည့်ပါလား၊ ဒါတွေကို မပြုပြင်နိုင်သလို ကိုယ်တိုင်လည်း ကိုယ့်ခန္ဓာကို မပျက်နဲ့လို့ တားဆီးရမှာမဟုတ်တော့ဘူး။ ရှုတတ်ရင် တရားပဲပေါ့ မောင်မိုးရယ်"

ကျွန်တော် အဘွားကိုကြည့်ကာ စိတ်ထဲမှ သာဓုခေါ်နေမိပါတော့သည်။ ယခုမှ ကျွန်တော် တွေးမိတော့သည်။ အဘွား နေ့လယ်နေ့ခင်း ခရီးသည်ပါးချိန်မှာ လဲလျောင်းနေခြင်းသည် တရားမှတ်နေတာလည်း ဖြစ်နိုင်သည်။ တစ်ခါတစ်ခါ ကျွန်တော်က အဘွားကို ချစ်ခင်သူပီပီ ကျိစယ်သည့်အနေနှင့် နှိုးမိသည်များ ရှိခဲ့သည်။

အသက် (၄၀) အရွယ် အမျိုးသားတစ်ဦး ကူးတို့ဆိပ်ကို ရောက်လာသည်။ သေသေချာချာကြည့်လိုက်တော့ စိတ်မနှံ့သူ ချစ်တူး ဆိုသူ ဖြစ်နေသည်။

အဘွားက ပိုက်ဆံထည့်ထားသောခြင်းထဲမှ ရာတန်တစ်ရွက်ကို ဆွဲယူကာ ထိုလူကို ပေးလိုက်သည်။

"ငါ့မှာ ဒီကောင်လေးအတွက် နေ့စဉ် ရာတန်တွေ ချန်ချန်ထားရတယ်"

ကူးတို့ပဲ့ထောင်ကပ်လာ၍ ခရီးသည်များ တက်လာသည်။ ကျွန်တော် ကူးတို့ခပေးရန် အကြွေမရှိ။ ရှိသည့် တစ်ထောင်တန်တစ်ရွက်ကလည်း ဟင်းစားဝယ်ရဦးမည်ဖြစ်၍-

"အဘွားရေ၊ နေ့ခင်းပြန်ကူးမှ ပေးတော့မယ်"

ဟု ပြောလိုက်ရသည်။

အဘွားက ရယ်ကာ ပြန်အော်ပြောလိုက်သည်။

"ချစ်တူးနဲ့ မောင်မိုးကို ကွမ်းမစားလုပ်ထားတယ်ဟေ့" တဲ့။

ကျော်မိုးလွင်(ဝါးခယ်မ)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးဆက်တွန်းလင်း

မြန်မာ့ထွက်ရပ်ပေါက်ဆိုင်ရာ ဝိဇ္ဇာဓရေပုဂ္ဂိုလ်ထူးများ၊ ပညာရပ်များ၊ ကျင့်စဉ်များ

ဗုဒ္ဓကိုယ်တော်တိုင် ခွင့်ပြု တိုက်တွန်းတော်မူခဲ့သည့် တန်ခိုးပြာဋိဟာ

ဗုဒ္ဓသာသနာတော်တွင် တန်ခိုးပြာဋိဟာပြခြင်း (၃) မျိုး ရှိ၏။ ထိုတန်ခိုးပြခြင်း (၃) မျိုးမှာ-

၁။ ကာယိဒ္ဓိပါဋိဟာရိယ ခေါ် တန်ခိုးသိဒ္ဓိပြခြင်းပြာဋိဟာ၊

၂။ အာဒေသနာပါဋိဟာရိယ ခေါ် အတပ်ဟောခြင်းပြာဋိဟာ၊

၃။ အနုသာသနီပါဋိဟာရိယ ခေါ် ဆုံးမခြင်းပြာဋိဟာတို့ ဖြစ်၏။

၁။ ကာယိဒ္ဓိပါဋိဟာရိယ ခေါ် တန်ခိုးပြခြင်းပြာဋိဟာ ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးမှ အများလုပ်ပြခြင်း၊ အများမှ တစ်ယောက်တည်းပြခြင်း၊ အုတ်, နံရံ, တံတိုင်းတို့ကို ဖောက်ထွင်း ဝင်ရောက်ပြခြင်း, ထွက်ပြခြင်း၊ ကောင်းကင်အာကာသခရီးဖြင့် သွားပြခြင်း၊ မြေလျှိုးပြခြင်း၊ ပေါ်ပြခြင်း၊ ရေပေါ်၌သွားလာပြခြင်း၊ လ, နေတို့ကို သုံးသပ်ပြခြင်းတို့ကို ခေါ် ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

၂။ အာဒေသနာပါဠိဟာရိယခေါ် အတပ်ဟောခြင်း၊ သူတစ်ပါး၏ စိတ်အကြံအစည်ကိုသိခြင်းပြာဋိဟာရိယဆိုသည်မှာ 'သင်၏စိတ်သည် ဤသို့ သဘောရှိ၏။ သင်၏စိတ်သည် ဤသို့ အခြင်းအရာရှိ၏။ သင်၏စိတ်အကြံသည် ဤသို့ဖြစ်၏' ဟု အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏စိတ်ကိုလည်း အတပ်ဟောနိုင်၏။ စိတ်၌ဖြစ်ပေါ် နေသည်ကိုလည်း အတပ်ဟောနိုင်၏။ ကြံစည်သမျှကိုလည်း အတပ်ဟောနိုင်၏။ ဆင်ခြင်သည်ကိုလည်း အတပ်ဟောနိုင်၏။ ၎င်းတို့ကို ခေါ်ဆိုခြင်း ဖြစ်၏။

၃။ အနုသာသနီပါဋိဟာရိယခေါ် ဆုံးမခြင်းပြာဋိဟာ ဆိုသည်မှာ အခြားသော တစ်စုံတစ်ဦးအား 'သင်တို့သည် ဤသို့မကြံစည်ရာ၊ ဤသို့သာ ကြံစည်သင့်၏။ ဤသို့ နှလုံးမသွင်းသင့်၊ ဤသို့သာ နှလုံးသွင်းပါ။ ဤတရားတို့ကို ပယ်ပါကုန်လော့၊ ဤတရားကို ရောတ်၍နေပါကုန် စသည့် ဆိုဆုံးမခြင်းတို့ပင် ဖြစ်၏။ ဤသို့ ဆုံးမခြင်းတန်ခိုးတွင် ရှင်မဟာမောဂ္ဂလာန်က နန္ဒောပနန္ဒနဂါးမင်းကြီး ဆုံးမ ချေဖျက်ခြင်းအပေါင်းတို့သည် အကျုံးဝင်၏။

အထက်ပါ တန်ခိုးပြခြင်း (၃)မျိုးတို့တွင် အထက် (၁) နှင့် (၂) ဖြစ်သည့် ဣဒ္ဓိပါဋိဟာရိယနှင့် အာဒေသနာပါဋိဟာရိယတို့ကို ရဟန်းတော်များသည် မပြု၊ မပြကြရန် ဖြစ်၏။ ထိုသို့ မြေလျှိုးပြခြင်း၊ မိုးပျံပြခြင်းတို့သည်လည်းကောင်း၊ သူတစ်ပါး၏စိတ်အကြံအစည်တို့ကိုပြောဆိုခြင်းသည် လည်းကောင်း မလိုအပ်ဘဲ တန်ခိုးသိဒ္ဓိတို့ကို အလွဲသုံးစားပြုသကဲ့သို့ ဖြစ်နေ၏။ ထို့အပြင် သူတစ်ပါးစိတ်အကြံအစည်ကို အတပ်ဟောပြောနေခြင်းသည် ဗေဒင်ဟောသကဲ့သို့ဖြစ်နေသဖြင့် သိကြားမင်း၏ဝရဇိန်လက်နက်ကို ကိုးမောင်းကြက်နှင်ပြုနေသကဲ့သို့ ဖြစ်နေ၏။ သာသနာတော်ကို မလိုလားသူတို့၏ ကဲ့ရဲ့ဖွယ်ရာလည်း ဖြစ်နေ၏။ အလဟဿအခိုင်ကုန်စေသည့်လုပ်ငန်းမျိုးဖြစ်နေ၏။ ထို့အပြင် မကောင်းသောရည်ရွယ်ချက်ဖြင့် လည်းကောင်း၊ ငွေကြေးလာဘ်လာဘပေါများရေးရည်ရွယ်ချက်ဖြင့် လည်းကောင်း တန်ခိုးပြာဋိဟာကို မလိုအပ်ဘဲ ပြသနေတတ်၏။ ထို့ကြောင့် ဤကဲ့သို့ တန်ခိုးပြခြင်းမျိုးကို မြတ်စွာဘုရားက ပယ်မြစ်တော်မူခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့်လည်း ထိုနည်းမျိုးစုံတို့ဖြင့် သာသနာပြုနည်းကို ဗုဒ္ဓက ပယ်တော်မူခဲ့ခြင်း ဖြစ်၏။

ဤကိစ္စနှင့် ပတ်သက်၍ အရှင်မဟာကဿပမထေရ်မြတ်ကြီးအားပင် လျှင် ဗုဒ္ဓက ဆုံးမတော်မူခဲ့၏။

တစ်နေ့သ၌ အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် ရာဇဂြိုဟ်မြို့အား ဂေါစရဝံပြုပြီး ပိပ္ပလိလိုဏ်ဂူတော်၌ သီတင်းသုံးနေတော်မူ၏။ အရှင်မြတ်သည် ဆွမ်းကိစ္စပြီးစီးပြီးသောအခါ နေ့ပိုင်းတွင် အာလောကကသိုဏ်းကို ပွားတော်မူ၍ မှေ့မှေ့လျော့လျော့နေကြသူများကို လည်းကောင်း၊ မမှေ့မလျော့နေကြသူများကို လည်းကောင်း၊ ရေမြေတောတောင်တို့ရှိ သတ္တလောကသို့ နေထိုင်ကြသည့် စုတေခဏိသတ္တဝါတို့ကို လည်းကောင်း၊ ပဋိသန္ဓေနေပြီးစသတ္တဝါများကို လည်းကောင်း စသည် အမျိုးအစားစုံလင်လှသော သတ္တဝါတို့၏ဖြစ်စဉ်ကို ဒိဗ္ဗစက္ခုအဘိညာဉ်တန်ခိုးဖြင့် ကြည့်ရှုတော်မူလျက် နေတော်မူ၏။

ထိုအခိုက်တွင်ပင် ဗုဒ္ဓမြတ်စွာသည် ဇေတဝန်ကျောင်း၌ နေထိုင်မူလျက်ရှိ၏။ ထိုအချိန် ဗုဒ္ဓက 'ငါ့သားတော်ကြီး ကဿပမထေရ်သည် အဘယ်သို့သော နေထိုင်ခြင်းမျိုးဖြင့် နေလေသနည်း' ဟု ကြည့်ရှုဆင်ခြင်တော်မူရာ သတ္တဝါတို့၏စုတေခြင်း၊ ပဋိသန္ဓေနေခြင်းတို့ကိုကြည့်လျက်နေထိုင်ကြောင်း သိရှိတော်မူသဖြင့် ဗုဒ္ဓက ရှင်မဟာကဿပမထေရ်မြတ်ကြီးအား အောက်ပါအတိုင်း ဩဝါဒပေးတော်မူ၏။

"ကဿပ - သတ္တဝါတို့၏ စုတေခြင်း၊ ပဋိသန္ဓေနေခြင်းကိစ္စတို့သည် ဘုရားရှင်တို့၏ ဉာဏ်တော်ဖြင့်သော်မှ မပိုင်ခြားနိုင်ပေ။ မိခင်ဝမ်း၌ ပဋိသန္ဓေနေပြီး မိဘများမသိလိုက်ဘဲ စုတေကွယ်လွန်သွားကြသည့် သတ္တဝါများအား မရေမတွက်နိုင်အောင်ပင် များပြားလှပေ၏။ ထိုသို့ သတ္တဝါတို့၏စုတေခြင်း၊ ပဋိသန္ဓေနေခြင်းတို့ကို အဘိညာဉ်တန်ခိုးဖြင့် သိအောင် ကြည့်ရှုနေခြင်းသည် သင်တို့ပြုရမည့်အရာ မဟုတ်ချေ။ ကဿပ၊ မမှေ့မလျော့နေခြင်းသည်သာ သင်သားတော်ကြီးတို့၏ ပြုရမည့်အရာ ဖြစ်ပေသည်"

ဟု မိန့်ကြားတော်မူခဲ့ပါသည်။ ဤသို့ဖြင့် ဒိဗ္ဗစက္ခုအဘိညာဉ်ကိုဝင်စားပြီး အချိန်ကုန်လွန်စေကြောင်းကို အလိုရှိတော်မမူကြောင်း ထင်ရှားပါသည်။

ထို့ပြင် အရှင်ပိဏ္ဍောလမထေရ်မြတ်အားလည်း မလိုအပ်ဘဲ တန်ခိုးပြသဖြင့် ကဲ့ရဲ့တော်မူခဲ့၏။ ထိုကိစ္စပေါ်ပေါက်ရသည့်အကြောင်းမှာ ရာဇဂြိုဟ်သူဌေးကြီးသည် သူ့အိမ်၌ရှိသော စန္ဒကူးနှံသာနီတုံးကို သပိတ်ပြု၍ အတောင် (၆၀) ရှိသော ဝါးလုံး၏ထိပ်၌ ချိတ်ဆွဲကာ ကောင်းကင်ခရီးဖြင့်ကြွပြီး ယူဆောင်ပါဟု ကြေညာ၏။ ထိုသပိတ်ကို စွာန်ပျံယူနိုင်သူအား သူသည် သားမယားနှင့်တကွ ကိုးကွယ်မည်ဟု ကြေညာ၏။ (၇) ရက် အချိန်ပေးထား၏။

ထိုသပိတ်ကို အခြားသော တိတ္ထိဂိုဏ်းများက ယူဆောင်ရန် ကြိုးစားကြ၏။ ဆရာဖြစ်သူက စွာန်ဖြင့်တက်ယူမည်ဟန်ပြု၏။ တပည့်တို့ကလည်း ဤသစ်သားခွက်တစ်လုံးအတွက်နှင့် အဖိုးတန် လျှို့ဝှက်အပ်သောတန်ခိုးကို အသုံးမပြုရန် တောင်းပန်ကြပြီး သူဌေးကြီးအား ထိုအတွက်ကြောင့် သပိတ်ကိုဖြုတ်ယူရန် တိုက်တွန်းကြ၏။ ဖြားယောင်းသိမ်းသွင်းကြ၏။ သို့သော် ရာဇဂြိုဟ်သူဌေးက လက်မခံပေ။

(၇)ရက်မြောက်သောနေ့၌ အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလဘာရဒွါဇတို့နှစ်ပါးသည် ရာဇဂြိုဟ်မြို့တွင် ဆွမ်းခံဝင်ရန် ကျောက်ဖျာကြီးတစ်ခုပေါ်၌ သက်န်းရုံနေတော်မူ၏။ ထိုအခိုက် အနားရှိ အရက်မူးသမားနှစ်ယောက်သည် တစ်ဦးကိုတစ်ဦး ပြောဆိုတိုင်ပင်နေကြ၏။ သူတို့ပြောစကားမှာ-

"ဤလောက၌ မိမိကိုယ်ကို ရဟန္တာဟု ဝန်ခံ ပြောဆိုနေကြသူများရှိကြသော်လည်း ယခုအခါတွင်ကား ရဟန္တာမရှိကြောင်းကို ကောင်းကောင်းသိရပြီ။ ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးသပိတ်ကို အရယူနိုင်သည့်ရဟန္တာမရှိ။ ယနေ့ကား (၇) ရက်မြောက် ရောက်နေပေပြီ"

ဟု သာသနာတော်တစ်ခုလုံးအား ထိပါးပုတ်ခတ် ပြောဆိုခြင်းအမှုပြုကြလေ၏။ ထိုအမူးသမားတို့ပြောစကားကို ကြားရသောအခါ အရှင်မဟာမောဂ္ဂလာန်သည် အရှင်ပိဏ္ဍောလအား-

"ငါ့ရှင်၊ ကြားရဲ့လား။ ဤအရက်မူးသမားတို့ကပင်လျှင် ဘုရားရှင်၏သာသနာတော်ကိုပါ ထိပါးပုတ်ခတ် ပြောဆိုနေကြပြီဖြစ်၏။ ငါ့ရှင်လည်း တန်ခိုးရှင်ပင် ဖြစ်၏။ ထိုစန္ဒကူးသပိတ်ကို သွားရောက် ယူဆောင်ပါလေ"

ဟု တိုက်တွန်းတော်မူခဲ့၏။

မထေရ်မြတ်၏တိုက်တွန်းချက်ဖြင့် အရှင်ပိဏ္ဍောလသည် အဘိညာဉ်၏အ

www.burmeseclassic.com

ခြေခံဖြစ်သော စတုတ္ထစျာန်ကို ဝင်စားပြီး ထိုစျာန်မှထ၍ အဘိညာဉ်တန်ခိုးဖြင့် မိမိတို့ရုပ်တည် သက်နံ့ဝတ်ရုံနေသည့် နေရာရှိ (၃) ဂါဝုတ် ပမာဏရှိသော ကျောက်ဖျာကြီးကို ကောင်းကင်သို့တက် စေကာ ရာဇဂြိုဟ်မြို့ပေါ်၌ (၇) ကြိမ်၊ (၇) ပတ် လှည့်လည်စေ၏။

ထိုအခါ ရာဇဂြိုဟ်မြို့နေလူထုသည် ကောင်းကင်ပေါ်၌ ကျောက်ဖျာကြီးနှင့် အရှင်ပိဏ္ဍောလကို မြင်ကြသဖြင့် ကြောက်ရွံ့အထိတ်တလန့်ဖြစ်ကြကာ-

"အရှင်ပိဏ္ဍောလဘုရားကျောက်ဖျာကြီးကို မြဲမြံစွာ ကိုင်ထားတော်မူပါဘုရား။ လူအားလုံးကို မပျက်ပြုန်းပါစေလင့် ဘုရား"

ဟုအော်ဟစ်တောင်းပန်လျှောက်ထားကြ၏။

ထိုအခါတွင် အရှင်မြတ်သည် ကျောက်ဖျာကြီးကို ခြေစွန်းဖြင့် တွန်းကန်၍ မူလနေရာသို့ ပြန်ပို့လိုက်၏။ ထို့နောက် အရှင်ပိဏ္ဍောလသည် ရာဇဂြိုဟ်သူဌေး၏အိမ်အထက် ကောင်းကင်တွင် ရပ်တည်ကာ နေတော်မူလေ၏။ ထိုအခါတွင်မှ သူဌေးကြီးသည် အရှင်မြတ်အား အိမ်ထဲသို့ ပင့်ဆောင်ထိုင်တော်မူစေပြီး စန္ဒကူးသပိတ်ကို အထက်မှချကာ စတုမဓုအပြည့်ထည့်၍ အရှင်မြတ်အား ဆက်ကပ်လှူဒါန်းလေသည်။

ထိုသို့ အရှင်ပိဏ္ဍောလသည် စန္ဒကူးနဲ့သာနီသပိတ်ကို အလှူခံယူတော်မူပြီး ဝေဠုဝန်ကျောင်းတော်သို့ ပြန်လည်ကြွလာတော်မူရာ အရှင်မြတ် တန်ခိုးပြစဉ်က မမြင်မတွေ့လိုက်ရသူများသည် အုတ်အုတ်ကျက်ကျက်ဖြစ်ကာ ဝိုင်းအုံလိုက်လာကြပြီး တန်ခိုးပြရန် တောင်းပန်ကြ၏။ ထိုအခါ အရှင်မြတ်ကလည်း တန်ခိုးပြရင်း ကျောင်းတော်သို့ ဆိုက်ရောက်လာခဲ့လေ၏။

ထိုအခါ လူအုပ်သည် အံ့ဖွယ်သရဲဖြစ်ပြီး ဆူညံနေ၏။ ထိုအခါ ဘုရားရှင်လည်း ထိုသို့ ဆူညံနေရသည့်အကြောင်းအရင်းကို အရှင်အာနန္ဒာအား အကျိုးအကြောင်း မေးမြန်းရာ အရှင်အာနန္ဒာက အရှင်ပိဏ္ဍောလ တန်ခိုးပြသည့်အကြောင်း လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က အရှင်ပိဏ္ဍောလအား ခေါ်ယူ၍ ဟုတ်၊ မဟုတ် မေးမြန်းတော်မူရာ အရှင်ပိဏ္ဍောလကလည်း ဟုတ်မှန်ကြောင်း လျှောက်ထားရာ ဘုရားရှင်က ထိုကိစ္စနှင့်ပတ်သက်ပြီး အရှင်ပိဏ္ဍောလ အား ကဲ့ရဲ့တော်မူပြီးနောက်-

"ရဟန်းတို့၊ တန်ခိုးပြာဋိဟာကို မပြအပ်။ တန်ခိုးပြသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ"

ဟု သိက္ခာပုဒ် ပညတ်တော်မူ၏။

ထို့နောက် အလှူခံယူတော်မူလာခဲ့သော စန္ဒကူးသပိတ်ကို အစိတ်စိတ် အမြွှာမြွှာခွဲစေကာ မျက်စဉ်းအဖြစ် အသုံးပြုရန် ရဟန်းတို့အား ဝေငှပေးလိုက်၏။ ထိုကဲ့သို့သော သစ်သားအမွှေးနံ့သာ သပိတ်မျိုးကို အသုံးမပြုရန်နှင့် အသုံးပြုပါက ဒုက္ကဋ်အာပတ်သင့်စေဟု သိက္ခာပုဒ်ပညတ်တော်မူခဲ့၏။

ဤတွင် ဗုဒ္ဓ၏ တန်ခိုးပြာဋိဟာဖြစ်သော ဣဒ္ဓိပါဋိဟာရိယနှင့်ပတ်သက်ပြီး အရေးယူဆောင်ရွက်ပုံကို လေ့လာသင့်ပါသည်။ ဗုဒ္ဓ၏ဆန္ဒတော်မှာ သူ၏ တပည့်သား ရဟန်းများအား အရဟတ္တာမဂ်ဖိုလ်တို့ဖြင့် ပြည့်စုံစေလိုတော်မူ၏။ ထို့နောက် အရိယာပုဂ္ဂိုလ်တိုင်းအား တန်ခိုးအဘိညာဉ်ဖြင့် ပြည့်စုံထားစေလို၏။ သို့သော် တန်ခိုးကို ယခုကဲ့သို့ ဘာမဟုတ်သည့် သပိတ်တစ်လုံးအတွက်သော် လည်းကောင်း၊ ကျောက်ဖျာကြီး ကောင်းကင်ပေါ် သို့တင်ပြီး လူများအား အထိတ်တလန့်ဖြစ်စေမှုအတွက် လည်းကောင်း၊ တန်ခိုးကို မဟုတ်သည့်နေရာများတွင်သုံးခြင်းအတွက် လည်းကောင်း၊ လူတို့က အုတ်အုတ်ကျက်ကျက်ဖြင့် ပွဲခံနေခြင်းဖြင့် လည်းကောင်း၊ လူတို့က မျက်လှည့်ပြသလို အထပ်ထပ်အခါခါ ပြန်ပြခိုင်းသဖြင့် ပြသသူကလည်း တန်ခိုးကို မကြာခဏပြခြင်းအတွက်သော် လည်းကောင်း နှစ်သက်တော်မမူ၍ ဝိနည်းပညတ်ခြင်း ဖြစ်၏။ ထိုသို့မဟုတ်ဘဲ လူတကာပြခိုင်းတိုင်းပြနေပါက မိမိအပတ်တကုတ်အားထုတ်ထားသော အဖိုးတန်သည့်တန်ခိုးသည် လည်းကောင်း၊ လျှို့ဝှက်အပ်သောတန်ခိုးသည် လည်းကောင်း အပေါစားဖြစ်သွားနိုင်ပါသည်။ ဗုဒ္ဓသည် ထိုအဖြစ်မျိုးကို အဖြစ်မခံလိုပေ။

သို့သော် တန်ခိုးအဘိညာဉ်အား ရဟန်းတိုင်း ရရှိထားအောင် အားထုတ်စေလိုသည့် ဆန္ဒတော်ကား ထင်ရှားလှပါသည်။ တန်ခိုးအသုံးပြုရန်၊ တန်ခိုးပြရန်ကိစ္စတို့၌သာ သတိဖြင့် ဆင်ခြင်စေလိုတော်မူခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓသည် တန်ခိုးပြာဋိဟာပြခြင်းကို တားမြစ်တော်မူရာ၌ ပြင်းထန်သော ဝိနည်းပညတ်ကို မပြဋ္ဌာန်းဘဲ ဒုက္ကဋ်အာပတ်အဆင့်သာ သတ်မှတ်ထားခြင်း (၀၊) အာပတ်အင်္ဂယ်စားကို သာ သတ်မှတ်ထားခြင်းအားဖြင့် သိသာစေနိုင်ပါသည်။ အကယ်၍ ဗုဒ္ဓသည် တန်ခိုးပြခြင်းကို လုံးဝမပြုစေလိုပါက ဝိနည်းပြဋ္ဌာန်းရာတွင် သံဃာဒိသိတ် သို့မဟုတ် ပါရာဇိကသိက္ခာပုဒ်များဖြင့် ပြဋ္ဌာန်းခဲ့မည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဒုက္ကဋ်အာပတ်အဆင့်သည် တန်ခိုးပြာဋိဟာပြခြင်းကိစ္စတွင် အရမ်းကာရောလက်လွတ်စပယ်မပြုရန်အတွက် ထိန်းသိမ်းသည့်သဘောပြုခြင်းကို ထင်ရှားသိသာစေပါသည်။

ထို့ကြောင့် ဗုဒ္ဓ၏ဆန္ဒတော်အမှန်ကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓသည် လိုအပ်သည့်အခါ သူ၏တပည့်သားရဟန်းတို့အား တန်ခိုးပြရန်ပင် တိုက်တွန်းတော်မူခဲ့ပါသည်။

ဗုဒ္ဓသည် တန်ခိုးပြာဋိဟာပြခြင်း (၃) မျိုးတွင် တတိယမြောက်ဖြစ်သည့် ဆုံးမခြင်းပြာဋိဟာကိုကား ခွင့်ပြုတော်မူခြင်းဖြင့် ထင်ရှားစေပါသည်။ ဘုရားရှင်သည် အရှင်ပိဏ္ဍောလတန်ခိုးပြသကဲ့သို့ သတ္တဝါများနှင့် အခြားမည်သူတစ်ယောက်မျှ အကျိုးမရှိစေသော တန်ခိုးပြသူများကို လည်းကောင်း၊ လူတို့ အံ့ဖွယ်ဖြစ်အောင်၊ အထိတ်တလန့်ဖြစ်အောင် တန်ခိုးပြခြင်း (ကြွဒှိပါဋိဟာရိယ) နှင့် သူတစ်ပါးတို့၏စိတ်အကြံအစည်တို့ ဗေဒင်ဟောသကဲ့သို့ အတပ် လျှောက်ဟောနေခြင်း(အာဒေသနာပါဋိဟာရိယ) တို့ကို လည်းကောင်း ဟသည့် အကျိုးမများစေသည့် တန်ခိုးပြခြင်းမျိုးကိုသာ ကဲ့ရဲ့တော်မူခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တန်ခိုးပြာင်္ဒိဟာနှင့် ပတ်သက်သော မူဝါဒမှာ 'စျာန်အဘိညာဉ်တန်ခိုးရ အောင် အားထုတ်ပါ။ သို့သော် မိမိ၌ တန်ခိုးရှိမှန်း လူမသိစေရ' ဟူသည့် အချက်ပင်ဖြစ်ပါသည်။ ဤအချက်ကား တန်ခိုးနှင့် ပတ်သက်၍ ဗုဒ္ဓသာသနာတော်၌ အရေးကြီးသောအချက်ပင် ဖြစ်ပါသည်။

သို့သော် ဗုဒ္ဓသည် ဝေနေယျဇ္ဈာသယ ခေါ် ကျွတ်သင့်ကျွတ်ထိုက်သည့် သတ္တဝါတို့၏ အလိုဆန္ဒအားလျော်စွာ တန်ခိုးပြခြင်းကိုကား ဘုရားရှင်ကိုယ်တော်တိုင်ကပင် တန်ခိုးပြရန် တိုက်တွန်းတော်မူခဲ့ပါသည်။

ထိုသို့ ဘုရားရှင်ကိုယ်တိုင်က တန်ခိုးပြရန် တိုက်တွန်းတော်မူသောသာဓကကို ဗုဒ္ဓ၏အလုပ်အကျွေးရဟန်းဖြစ်သည့် အရှင်သာဂတအား တန်ခိုးပြခိုင်းသည့်ကိစ္စတွင် သိသာစေပါသည်။

လိုအပ်သည့်အခါ၌ အတိုင်းထက်အလွန် တန်ခိုးပြပါဟု တိုက်တွန်းတော်မူသော ဗုဒ္ဓ

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာဂတသည် ဘုရားရှင်၏ အလုပ်အကျွေးပြုနေစဉ်က ဖြစ်၏။ ထိုအချိန်ကာလ၌ စမ္ဘမြို့နေ ကောဋိဝိသအမျိုးအနွယ်သူဌေးသား သောဏ ဆိုသူ ရှိ၏။ ၎င်း၏ခန္ဓာကိုယ်သည် သူတကာနှင့်မတူ အလွန်နူးညံ့သိမ်မွေ့၏။ အဘယ်ကြောင့်ဆိုသော် သူ၏ခြေဖဝါးပြင်၌ပင် အမွေးနုများပေါက်နေ၏။

ထိုစဉ် ဗိမ္ဗိသာရမင်းကြီးသည် သူ့အုပ်ချုပ်သော ရွာပေါင်း ရှစ်သောင်းတို့မှ လူထုအား အစည်းအဝေး ဆင့်ခေါ်ခဲ့၏။ ထို့အတူ သောဏသူဌေးသားကိုလည်း ထိုအစည်းအဝေးသို့တက်ရောက်ရန် ဆင့်ခေါ်ထား၏။ ထို့ကြောင့် သောဏ၏ဆွေမျိုးများက သောဏကို ထမ်းစင်ဖြင့်ထမ်း၍ မင်းကြီးထံ ပို့ပေးကြ၏။ သောဏ၏မိဘများကလည်း-

"ချစ်သား၊ သင်၏ခြေဖဝါးကို မင်းကြီးက ကြည့်ရှုလို၍ ခေါ်ခြင်းသာ ဖြစ်ပေမည်။ မင်းကြီးက ကြည့်ရှုလို၍ ခေါ်ခြင်းသာ ဖြစ်ပေမည်။ မင်းကြီးဘက်သို့ ခြေမဆန့်မိပါစေနှင့်။ မင်းကြီးရှေ့၌ ခြေကိုမြင်ရစေရန် တင်ပျဉ်ခွေထိုင်ပါ"

ဟု မှာလိုက်ကြ၏။

ထိုအစည်းအဝေးပွဲ၌ ဗိမ္ဗိသာရမင်းကြီးသည် သောဏ၏ ခြေဖဝါးကို ကြည့်ရှုပြီး ကျန်လူထုကြီးအား သောဏကိုပြ၍ ပစ္စုပ္ပန်လက်ရှိဘဝ၌ အကျိုးကျေးဇူး အကျိုးတရားများကို ပြောပြဆုံးမ၏။ အဂ္ဂယ်၍ လူထုကြီးအနေဖြင့် တမလွန်ဘဝ၌ဖြစ်သော အကျိုးတရားတို့ကို သိရှိလိုပါမူ ဘုရားရှင်ထံသို့သွားရောက်ကြပါဟု ဆုံးမပြီး ဘုရားရှင်ထံ လွှတ်လိုက်၏။

ထိုအခါ အဆိုပါ လူထုကြီးသည် ဂိဇ္ဈကူဋ်တောင်သို့ စုဝေးရောက်ရှိလာကြပြီး ဗုဒ္ဓ၏အလုပ်အကျွေး အရှင်သာဂတထံ ချဉ်းကပ်ပြီး ဘုရားရှင်အား ဖူးမြော်လိုပါကြောင်း လျှောက်ထားကြ၏။ ထိုအခါ အရှင်သာဂတသည် စုဝေးနေသောလူထုကြီးရှေ့မှောက်မှာပင် ကျောင်းတော်လှေကားဦးတွင် ခင်းထားသော ကျောက်ဖျာပေါ်၌ပင် ငုပ်လျှိုး၍ ဘုရားရှင်၏ရှေ့တော်မှောက်၌ ပေါ်ပေါက်ပြီး ဘုရားရှင်အား လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က-

"သာဂတ၊ လူတို့က ထိုသို့ဖူးမြင်လိုကြမှု ကျောင်းစွန်းအရိပ်၌ နေရာခင်းလော့"

ဟု မိန့်တော်မူလိုက်၏။ ထိုအခါ အရှင်သာဂတသည် နေရာခင်းရန် အင်ဖျဉ်ကိုယူ၍ ဘုရားရှင်၏ရှေ့တော်မှပင် မြေ၌ငုပ်လျှိုးကာ လူထုပရိသတ်ရှေ့လှေကားဦးကျောက်ဖျာထက်၌ ပေါ်၍လာပြီး ကျောင်းတော်၏အစွန်းအရိပ်တွင် နေရာခင်းလေ၏။

ပြီးလျှင် ဘုရားရှင်သည် ကျောင်းတော်မှထွက်လာကာ ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၏။ သို့ရာတွင် လူထုပရိသတ်ကြီးသည် ဘုရားရှင်အပေါ်၌ စိတ်မဝင်စားနိုင်ဘဲ အရှင်သာဂတပေါ်၌သာ စိတ်ဝင်စားနေကြလေ၏။

ထိုအခါ ဘုရားရှင်က အရှင်သာဂတအား-

"ချစ်သား သာဂတ၊ သို့ဖြစ်လျှင် လူထုကြီးအား အတိုင်းထက်အလွန် တန်ခိုးပြာင်္ဒိဟာကို ပြဦးလော့"

ဟု တိုက်တွန်းတော်မူလေ၏။

ထိုအခါ အရှင်သာဂတလည်း ဘုရားရှင်၏တိုက်တွန်းတော်မူချက်အရ ချက်ချင်းပင် ကောင်းကင်သို့ ပျံတက်၍ ကောင်းကင်ပြင်၌ စင်္ကြံသွားပြ၏။ ရပ်၏။ ထိုင်၏။ လျောင်း၏။ အခိုးအလှို့တို့ကိုလည်း လွှတ်၏။ ကွယ်ဖျောက်၏။ ဤသို့ စသည်ဖြင့် တန်ခိုးအမျိုးမျိုးတို့ကို ပြ၏။ ထိုသို့ပြပြီးနောက် ကောင်းကင်မှ ကွယ်ပျောက်၍ ဘုရားရှင်၏ခြေတော်ရင်း၌ ဝပ်စင်းဦးခိုက်လျက်-

"မြတ်စွာဘုရား၊အရှင်ဘုရားသည် တပည့်တော်၏ဆရာပါတည်း"

ဟု သုံးကြိမ်တိုင်တိုင် လျှောက်ထား၏။

ထိုသို့ အရှင်သာဂတ၏လျှောက်ထားသံကြားသောအခါ လူထုပရိသတ်ကြီးသည်-

"အချင်းတို့၊ အံ့ဖွယ်ရှိပေစွ။ မဖြစ်စဖူး ထူးကဲပေစွ။ တပည့်ဖြစ်သူပင်လျှင် ဤမျှလောက် တန်ခိုးကြီးမားနေလျှင် ဆရာဖြစ်သူမူကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။ သာလွန်၍ အံ့သြဖွယ်ရာ တန်ခိုးကြီးမည်သာတည်း"

ဟု အောက်မေ့ကြကာ အရှင်သာဂတထံမှ ဘုရားရှင်ထံသို့ပြောင်း၍ အာရုံစိုက်ဝင်စားလာကြလေသည်။

ဤသာဓကဌ၌ ကြည့်ပါက ဗုဒ္ဓသည် လိုအပ်သောအခါ အများပြည်သူအကျိုးများမည်အရေး၌ အလုပ်အကျွေးရဟန်း အရှင်သာဂတအား အတိုင်းထက်အလွန် တန်ခိုးပြာင်္ဒိဟာပြရန်ပင် တိုက်တွန်းတော်မူသည်ကို ကြည့်ခြင်းအားဖြင့် ဘုရားရှင်သည် တန်ခိုးသိဒ္ဓိအဘိညာဉ်တို့ကို မနှစ်သက်၊ မလိုလားသည်မှာ လုံးဝမဟုတ်မမှန်ဘဲ မလိုအပ်သည့်နေရာ၌ တန်ခိုးပြခြင်းကိုသာ တားမြစ်တော်မူခဲ့ပြီး လိုအပ်ပါက အတိုင်းထက်အလွန် တန်ခိုးပြာင်္ဒိဟာပြရန်ကိုပင် လိုလားတော်မူခဲ့ပါသည်။

ထို့ကြောင့် ဘုရားရှင်၏ ဗုဒ္ဓသာသနာတော် အခွန့်ရှည်ရန်၊ တည်တံ့ရန်၊ ခိုင်မြဲရန်၊ တိုးတက်ပြန့်ပွားစေရန်အတွက် ပရိယတ္တိ၊ ပဋိပတ္တိဆိုင်ရာတို့တွင် ကုံလုံပြည့်စုံသည့်ပုဂ္ဂိုလ်များအပြင် တန်ခိုးအဘိညာဉ်ဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်များပါ ပြည့်စုံနိုင်သမျှ ပြည့်စုံမှုများပြားလျှင် အကောင်းဆုံးဖြစ်ပါမည်။ စိတ်အချရဆုံးဖြစ်ပါမည်။ ထိုသို့သော် သာသနာဆိုင်ရာ ကိစ္စအဝဝ အင်္ဂါစုံ ပြည့်စုံစေရန်အတွက် ဝိဇ္ဇာဓိုရ်များကပါ ဝိုင်းဝန်း၍ ထိန်းသိမ်းစောင့်ရှောက်နေကြောင်း ထင်ရှားသဖြင့် သာသနာတော်အတွက် တစ်အားတက်ခဲ့ပါတော့သတည်း။

(ရွှေ့လဆက်ရန်)

ဆရာဦးဆက်ထွန်းလင်း

www.burmeseclassic.com

www.burmeseclassic.com

ရွှေမင်းဒုံမြို့ကတ္တိ

ချမ်းသာချင်သူ

ကျွန်တော် စိတ်ဝင်စားခဲ့သည်မှာ ကြာပါပြီ။ အကျိုးအကြောင်း မေးမြန်း ချင်သော်လည်း အကြောင်းက မတိုက် ဆိုင်ခဲ့ပါ။ အဓိကအကြောင်းမှာတော့ ကျွန်တော် ကွမ်းမစားခြင်းကြောင့်ပါ။ ကျွန်တော် ဒီလမ်းလေးကို ဖြတ်တိုင်း 'ချမ်းသာချင်သူ' ကွမ်းယာဆိုင်လေးကို ကြည့်မိသည်။ ကျွန်တော် စိတ်ဝင်စားမိ ဘာကလည်း ကွမ်းယာဆိုင်ရှင်ထက် 'ချမ်းသာချင်သူ' ဆိုတဲ့ ဆိုင်နာမည်လေး ကိုပါ။ အခြားအခြားသောကွမ်းယာဆိုင် များ နာမည်ပေးပုံများမတူ၊ တစ်မူ ထူး ခြားသောကြောင့်ပါပဲ။ တကယ်စိတ်ဝင် စားသင့်သည်မှာ ဆိုင်နာမည်ကို ပေးခဲ့ သူကိုပါ။ သာမန်ပဲပေးခဲ့လေသလား ဒါ မှမဟုတ် ရည်ရွယ်ချက်ကြီးကြီးမားမားနဲ့ ပေးထားတာဆိုရင်တော့ ရည်ရွယ်ချက် ကို ကျွန်တော်သိချင်ပါတယ်။ 'ချမ်းသာ ချင်သူ'ဆိုတာတော့ လူတင်မဟုတ်ပါဘူး၊ တိရစ္ဆာန်ဆိုရင်တောင်မှ ချမ်းချမ်းသာ သာ နေချင်မှာပေါ့။ လူဆိုရင်တော့ မ ပြောနှင့်ပေါ့။

ချမ်းသာချင်သူ။

ချမ်းသာချင်သူတဲ့။ ကွမ်းယာ ရောင်းသူကိုကြည့်တော့ အသက်ကြီးလှ သည်မဟုတ်သေး။ ရှိလှမှ အစိတ်ကျော် သာ။ ရုပ်က အချောကြီးမဟုတ်သော် လည်း ယောကျ်ားတစ်ယောက်မှာရှိသင့် သော ခံ့ညားမှုတော့ ရှိတယ်။ တစ်ချက် ထူးခြားတာက စိတ်ဓာတ်ညှိုးငယ်ခြင်း အလျှင်းမရှိဘဲ အမြဲတတ်ကြွနေပုံပါပဲ။ ခပ်ခွမ်းခွမ်းအကျီကို သပ်သပ်ရပ်ရပ်ဝတ် ထားတတ်သလို သူ့ရဲ့ ဆံပင်တိုကို သပ် ရပ်စွာ ဖြီးထားတာလည်း တွေ့ရတယ်။ ကွမ်းယာစားသူတွေက သူ့ကိုခင်မင်လေး စားပုံပါပဲ။ သေချာတာကတော့ တခြား ကွမ်းယာသည်တွေနဲ့ မတူတာပါဘဲ။

ဒီနေ့တော့ ကျွန်တော့်သိလိုစိတ် တွေဖြစ်မယ့်နေ့ပဲထင်ပါတယ်။ မန္တလေး ရောက်လာတဲ့ မိတ်ဆွေက ကွမ်းချိုး။ ကွမ်းယာဝယ်ဖို့ ပြောလာရင်တော့ သူ ဆိုင်ခေါ်သွားပြီး ကျွန်တော်မေးချင်တာ ကို မေးဖြစ်အောင်မေးရမှာပဲ။

မနက်စာစားပြီးချိန်မှာ မိတ်ဆွေက-

"ကိုဇော်ရေ ခဏွင်းချဉ်တယ်။ ကွမ်းယာဆိုင်သွားမလို့ လိုက်မလား"

"ဟာ- လိုက်မှာပေါ့၊ ကိုမြတ်မင်း ရယ်။ ကျွန်တော်က ကွမ်းယာမစားပေ မယ့် ကွမ်းယာဆိုင်ကောင်းတော့ သိပါ တယ်။ လာ - သွားရအောင်"

တကယ်တော့ ကွမ်းယာစားဖူးသူ မဟုတ်သလို ချမ်းသာချင်သူ ကွမ်းယာ ကောင်း၊ မကောင်းလည်း မသိပါ။ မ ကောင်းလို့ ကိုမြတ်မင်း ဆဲလည်း ခံယုံ ပေါ့။ ကျွန်တော့်သိလိုစိတ်ရဲ့တစ်ခုတည်း သောလမ်းမို့ လက်လွတ်မခံနိုင်ဘူးလေ။

'ချမ်းသာချင်သူ' ကို ရောက်သွား ချိန်မှာတော့ ကံအားလျော်စွာ လူရှင်း နေပါတယ်။

ကိုမြတ်မင်းက-

"ညီလေးရေ ကွမ်း (၃၀) ဖိုး၊ နှပ် ဆေးနဲ့"

လို့ ပြောလိုက်တော့-

"ထုံးပါးပါးလားအစ်ကို၊ ဧည့်သည် နဲ့တူတယ်"

"ဟုတ်တယ်ကွ၊ ညီလေးရ။ မန္တ လေးက မနေ့ကမှ ရောက်တာ။ ကွမ်း စားချင်တယ်ပြောတော့ ကိုဇော်က ဒီ ဆိုင်ကောင်းတယ်ဆိုပြီး ခေါ်လာစာပဲ"

သူ ကျွန်တော့်ကို ပြုံးကြည့်ပါ တယ်။ ပြီးတော့-

"ဒီအစ်ကိုကိုတော့ ကျွန်တော်သိ ပါတယ်။ ကွမ်းတော့စားပုံမရဘူး"

"ဟုတ်တယ် ညီလေး၊ ကိုယ်ကွမ်း မစားပါဘူး။ ဒါနဲ့ စပ်စုတယ်တော့မထင် နဲ့၊ တစ်ခုလောက်မေးချင်လို့"

ဆိုတော့ သူ ကျွန်တော့်ကို ဇဝေ ဇဝါကြည့်ပါတယ်။ ပြီးတော့ တည်ငြိမ် စွာပဲ-

"မေးပါ အစ်ကို"

"ဒီလိုပါ ညီလေး၊ အစ်ကိုက အ လုပ်အသွားအပြန် ညီလေးဆိုင်ရှေ့ကပဲ ဖြတ်သွားတာလေ။ အဲဒါ ညီလေးဆိုင် နာမည်က ထူးခြားနေလို့ အစ်ကိုစိတ်ဝင် စားနေတာ။ ဘာကြောင့် ဒီလိုပေးထား တာလဲ မေးချင်တာပါ။ အစ်ကိုက ကွမ်း မစားတော့ မတိုက်ဆိုင်ဘူးလေ"

"ကွမ်းယာ (၅၀) ဖိုး"

ထိုအချိန် ကွမ်းဝယ်သူ ရောက် လာလို့ သူက-

"အစ်ကို၊ ခဏနော်"

"ရတယ် ညီလေး၊ လုပ်လုပ်"

www.burmeseclassic.com

www.burmeseclassic.com

ကွမ်းဝယ်သူ ပြန်ရှင်းသွားတော့မှ-

"ဒီလို အစ်ကိုရ၊ လူတိုင်းလူတိုင်းဟာ ချမ်းသာချင်သူတွေပဲဆိုတာ အစ်ကို လုက်ခံလား"

သူ့အမေးစကားအတွက် ကျွန်တော့်မှာ ငြင်းစရာမရှိဘူးလေ။

"ဒါတော့ လက်ခံပါတယ်။ 'ချမ်းသာချင်သူ' ဆိုတဲ့နာမည်ကို ကွမ်းယာဆိုင်လေးအတွက် ဘာလို့ပေးတယ် ဆိုတာ အစ်ကို နားရှင်းအောင် ပြောပါဦး"

ဆိုတော့

"ဒါဆိုရင် ကျွန်တော့်အမြင်နဲ့ကျွန်တော့်စိတ်ကူး၊ စေတနာတွေကို သေချာရှင်းပြမယ်။ အမေးရှိမှ အဖြေရှိတာ မဟုတ်လား အစ်ကို။ ဒါကြောင့်လည်း ကျွန်တော့်အမြင်တွေ ပြောခွင့်ရှိအောင် ကွမ်းယာဆိုင်ကို ချမ်းသာချင်သူလို့ ပေးထားတာပဲ။ အစ်ကိုတို့လို သိလိုသူတွေရှိလို့ မေးလာရင် ဖြေခွင့်ရတာ ကျွန်တော့်ရည်ရွယ်ချက် အောင်မြင်တာပဲ"

ဟု ပြောရင်း စကားကို ရပ်ထားပြီး-

"အစ်ကိုတို့ ကျွန်တော့်ကို နားလည်ဖို့တော့ လိုမယ်။ လမ်းဘေးကွမ်းယာသည် လေကြီးတယ်လို့ မထင်စေချင်ဘူး။ ဒီလိုဈာ- ကမ္ဘာနဲ့ချီမပြောချင်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ လူတိုင်းလူတိုင်းဟာ ချမ်းသာချင်သူတွေချည်းပဲ။ ဒါပေမယ့် ချမ်းသာအောင်တော့ မလုပ်ကြဘူး။ ဒါက အစ်ကိုတို့ အမြင်အတွေ့ပါ။ ပျင်းတဲ့သူတွေ၊ အချောင်ရချင်သူတွေ မှီခိုစားချင်သူတွေ များပါတယ်"

"ဒါဆို ညီလေးဆိုလိုချင်တာက"

ကျွန်တော် ဖြတ်မေးမိတော့-

"ချမ်းသာချင်တယ်၊ ကြီးပွားချင်တယ် ဆိုပြီး စိတ်ကူးယဉ်နေလို့မရဘူး အစ်ကို့။ တက်ကျမ်းတွေဖတ်ပြီးနေလို့လည်း ဘာမှဖြစ်လာမှာမဟုတ်ဘူး။ ဘယ်ဘုရား၊ ဘယ်နတ်မှလဲ အလကားလာမ,မှာ မဟုတ်ဘူး။ တကယ် ဖန်ဆင်းရှင်အစစ်ဟာ ကိုယ်ပဲဆိုတာ သိဖို့လို တယ် အစ်ကိုရေ" တဲ့။

"ဒါနဲ့ ငါညီက အခုလို အတွေးအမြင်တွေ ဘယ်လိုလုပ်ရလာတာလဲ။ ညီလေးအတွေးအခေါ်ကတော့ လေးစားစရာကောင်းနေပြီ"

"ညီလေးရေ ဆေးလိပ် (၂) လိပ်၊ ကွမ်း (၁၀) ဖိုးလုပ်ကွာ"

ဈေးဝယ်လာတော့ စောင့်ရင်း သူ့အကြောင်းတွေးနေမိတယ်။ ကိုမြတ်မင်းကတော့ ပြန်ရအောင်ဆိုတဲ့အသိနဲ့သတိပေးနေတယ်။ ကျွန်တော်မပြန်ချင်သေးပါ။ သိလိုသည်ကို အစ၊ အဆုံးမေးရဦးမယ်။ ကွမ်းဝယ်သူတွေက ဆက်တိုက် ရောက်လာတယ်။ သူတောင်းပန်ကြည့်လှမ်းကြည့်တယ်။ ရပါတယ် ဆိုတဲ့ အကြည့်နဲ့ ကျွန်တော်ခေါင်းညိတ်ပေးလိုက်တယ်။ ခဏကြာတော့ ကွမ်းဝယ်သူတွေ မရှိတော့မှ-

"ကျွန်တော် လူတွေကို အားမရဘူးဗျာ"

လို့ သူပြောရင်း-

"ကျွန်တော်ဟာ မိုးကုတ်မှာ မွေးတဲ့ မိုးကုတ်သားအစစ်ပါ အစ်ကို့။ ကျွန်တော့်မိသားစုနဲ့ ကျွန်တော့်ဝန်းကျင်က လူတွေကို လုံးဝ အားမရဘူးဗျာ။ ချမ်းသာချင်ကြတာလည်းပြာလို့၊ ပျင်းတာလည်း ချာလို့ ဆိုတာလိုပဲ။ ကျွန်တော် တို့မြို့သားတွေက ဖြတ်လမ်းနည်းတွေ သိပ်ကြိုက်ကြတာ။ တွင်းမှာ ကုန်းရှုန်းလုပ်၊ မရမချင်း အငတ်ခံပြီး ရလာပြန်တော့လည်း တိုးပွားအောင် လုပ်ဖို့စိတ်ကူးမရှိကြဘူး။ ကောင်းကောင်းဝတ်၊ ကောင်းကောင်းစားပြီး လေး,ငါး,ခြောက်လတော့ ဟုတ်နေတာပဲ။ နောက်ကျတော့လည်း ဒုံရင်းဒုံရင်းပါပဲ တွင်းပြန်လုပ်ရတာပါပဲ။ တချို့ကျတော့လည်း ကျောက်ရရင် ရေရှည်လည်ပတ်မယ့် အလုပ်လုပ်မယ်လို့ စိတ်မကူးဘူး၊ တစ်သက်မှာ တစ်ခါလောက် ရတာကို ထပ်ရမယ်အထင်နဲ့ ရလာတဲ့ပိုက်ဆံကို တွင်းသားမွေး ပေါလန်လုပ်တော့ ရှိပြီးသားပြန်ကုန်လို့ ပြန်မွဲ၊ တွင်းသားပြန်ဖြစ်နဲ့ လုပ်နေတာ။ ကျွန်တော်ကတော့ တွင်းလည်းမလုပ်ချင်ဘူး၊ ခဲ့ထီလည်း မထိုးဘူး၊ ကံဆိုတာ အလုပ်လို့ပဲ ယုံကြည်တယ်။ မရသေးတာကို စိတ်ကူးယဉ်ပြီး ကံမစမ်းချင်ဘူး။ လက်တွေ့လုပ်ပြီး ရလာတာကိုပဲ တိုးပွားအောင်လုပ်ပြီး တက်လမ်းကို တဖြည်းဖြည်း ဖောက်သွားမယ်။ ခု ကျွန်တော် ECO တတိယနှစ်ရောက်နေပြီအစ်ကို၊ အဝေးသင်ပေါ့။ အိမ်ကမိဘတွေကတော့ ကျောက်လုပ်ငန်းပဲ လုပ်ကြတယ်။ ကျွန်တော် လမ်းဘေးကွမ်းယာရောင်းနေတာကို ရှက်လို့တဲ့။ ကျွန်တော်ကတော့ မရှက်ပါဘူး။ အရင်းနှီး၊ ဝန်ကျဉ်းပြီး ကိုယ်ကြိုးစားရင် ကြိုးစားသလောက်ရနိုင်တဲ့အလုပ်မို့ ကြိုက်လို့ စ,လုပ်တာပဲ"

ဟု ရှည်လျားစွာ ပြောရှာတယ်။

ကျွန်တော်က-

"ချမ်းသာချင်သူ နာမည်ပေးထားပုံကို လိုရင်းတိုတိုပဲပြောပါ ညီလေး။ ညီလေးလည်း အလုပ်နဲ့ဆိုတော့ အားနာတယ်လေ"

"ဩော် - ရပါတယ် အစ်ကိုရာ၊ ပြည့်ပြည့်စုံစုံဖြစ်အောင်ပါ။ လိုရင်းက ဒီလိုပါ။ ကျွန်တော် ကျောင်းတက်ရင်း အလုပ်စုံအောင် လုပ်ဖူးတယ်။ အဲဒီမှာ ချမ်းသာချင်သူတွေ ဘာလို့မချမ်းသာသလဲဆိုတာ သဘောပေါက်လာတာဗျ။ ကျွန်တော် သဘောပေါက်ပြီး အသိပေးလိုက်တဲ့ လူတွေအကြောင်းကို အစဉ်အတိုင်း ပြောပြမယ်။

(၁) ပျင်းတဲ့လူ။

ပျင်းတော့ ဘာမှ မလုပ်ချင်ဘူး။ လုပ်ပြန်တော့လည်း ချောင်ခို့ဖို့ ချောင်းနေရော။ အလုပ်လာ နောက်ကျနဲ့ လုပ်ဖော်ကိုင်ဖက်၊ အလုပ်ရှင်နဲ့ မဆင်မပြေရော။ အဲဒီတော့ အလုပ်မရှိဘူးဆိုပြီး ယောင်ခြောက်ဆယ် လုပ်နေတော့ ချမ်းသာချင်သူဖြစ်ဦးလေ ဘယ်လိုလုပ် ချမ်းသာမှာလဲ အစ်ကိုရာ။

(၂) အချောင်သမား။

ဒီလိုလူက ဘာမဆိုလုပ်တော့လုပ်တယ်။ ဒါပေမယ့် အချောင်ကွက်ကို အမြဲရှာနေတာ။ အလုပ်လုပ်လည်း လုပ်ဖော်ကိုင်ဖက်ချင်း ညှာခိုင်းပြီး ချောင်အောင်နေမယ်။အစားအသောက်လည်း ကိုယ်က မကျွေးရဘဲ ချောင်ရင်ချောင်သလို ကပ်စားမယ်။ ကိုယ့်ကိုကျွေးခိုင်းရင်တော့ အမျိုးမျိုးညည်းပြပြီး မကျွေးရအောင် လုပ်နေမယ်။ ဘာမဆို အချောင်ရအောင်ပဲ လုပ်နေတော့ ဒီလိုလူမျိုးကို အကြောင်းမသိတဲ့လူတွေကသာပေါင်းမှာ၊ အကြောင်းသိရင် ရှောင်ကြရော။ အဲဒီတော့ မိတ်ပျက်ကုန်တယ်။ အစ်ကိုစဉ်းစားကြည့်လေ၊ မိတ်ဆွေဆိုတာ ချမ်းသာခြင်းရဲ့ ပထမရရေသောက်မြစ်ပဲ။ မိတ်ဆွေမရှိတော့မှ ချမ်းသာချင်သူဖြစ်ဦးလေ၊ ချမ်းသာဖို့ အခွင့်အလမ်းပိတ်နေပြီလေ။

(၃) အလုပ်ရွေးသူ။

ဒီလိုလူမျိုးကျတော့ ရိုးသားချင်ရိုးသားမယ်၊ ကြိုးစားချင်ကြိုးစားမယ်။ ဟို အလုပ်မလုပ်ချင်၊ ဒီဟာမလုပ်ချင်နဲ့ ရွေးနေတော့ ဘာမှမလုပ်ဖြစ်တော့ ရိုးသားမှု၊ ကြိုးစားမှုလည်း ဘယ်သူမှမသိတော့ ဘယ်သူကမှ မယုံရဲဘူး။ ကိုယ့်အရည်အချင်း ဘယ်လောက်ရှိရှိ တစ်ဆင့်ပြီး တစ်ဆင့်မကြိုးစားချင်ဘဲ တစ်ချက်တည်း နေရာကောင်းကိုလုပ်ချင်တော့ အလုပ်လုဖို့ဆိုတာ ဝေးရော။ ဒီလိုနဲ့ အခွင့်တွေ

www.burmeseclassic.com

www.burmeseclassic.com

ကုန်နေတယ်။ ဘယ်လောက်ပဲ ချမ်းသာချင်သူဖြစ်ဦးတော့ ဒီလိုလူမျိုးလည်း ချမ်းသာဖို့ခက်တယ် အစ်ကို။

(၄) ကိုယ်တိုင် မလုပ်ချင်သူဘဲ အစ်ကို"

လို့ပြောနေတုန်း ကွမ်းဝယ်သူတွေ ရောက်လာတယ်။ တစ်ယောက်ပြီးတစ်ယောက် များနေတယ်။ နောက်ကြပြောင်ကြနဲ့ ကွမ်းရောင်းသူနဲ့ ကွမ်းဝယ်သူ အဆင်ကိုပြေလို့။

ကိုမြတ်မင်းကညး အလုပ်ကိစ္စရှိနေတာနဲ့-

"ညီလေးရေ ညနေဖြစ်ဖြစ်၊ မနက်ဖြန်ဖြစ်ဖြစ် လာခဲ့မယ်"

"ပြော- အစ်ကို၊ ဟုတ်ကဲ့ လာခဲ့ပါ"

မနေ့ညနေက ကိုမြတ်မင်းကို မိုးကုတ်မြို့ရဲ့ အထင်ရှားဆုံးဖြစ်တဲ့ ဖောင်တော်ဦးဘုရားနဲ့ ချမ်းသာကြီးဘုရား လိုက်ပို့ပြီး တစ်ခါတည်း တည်ဆောက်ပြုပြင်ဆဲ မဟာမုနိဘုရားပါ လိုက်ပို့ရင်း တစ်နေကုန်သွားလို့ 'ချမ်းသာချင်သူ' ကွမ်းယာဆိုင်ကို မရောက်ဖြစ်တော့။ ကိုမြတ်မင်းက ရောက်လေရာ ကွမ်းယာဆိုင် ဝင်ဝယ်ခဲ့လို့ မလိုတော့တာလည်း ပါတာပေါ့လေ။ အခု မနက်စာစားပြီး ရေနွေးသောက်ရင်း မန္တလေးရွှေမြို့တော် အကြောင်း ထွေရာလေးပါးမေးနေတုန်း ကိုမြတ်မင်းက-

"ကိုယ့်လူ၊ ပြောရတာ ခဲတွင်းချဉ်တယ်၊ ကွမ်းယာဆိုင်သွားမယ်။ သွားရင်း မေးချင်တာမေး"

ဆိုလို့ ကျွန်တော်တို့ ကွမ်းယာဆိုင်ဘက် လျှောက်ခဲ့တယ်။ ကျွန်တော်တို့ရောက်သွားခိုက်မှာ 'ချမ်းသာချင်သူ' ကွမ်းယာဆိုင်လေးဟာ ဝယ်သူ၊ စောင့်သူနဲ့ စည်လို့။ ကျွန်တော်တို့လည်း ကွမ်းမှာပြီး စောင့်နေတယ်။

"အစ်ကို၊ ခဏလေးနော်၊ လူကျနေလို့"

"ရပါတယ် ညီလေးရာ၊ လုပ်လုပ်" အတော်ကြာမှ လူရှင်းသွားတယ်။

"အောင်မလေး အစ်ကိုရာ၊ ခွေးကိုပြန်သွားတာပဲ။ ကျွန်တော်က ဒီလို လုပ်လိုက်ရမှ ကျေနပ်တာ"

ဒါနဲ့ ကျွန်တော်လည်း-

"မနေ့ကစကားလေး ဆက်ပါဦး ညီလေး"

"ပြော- ဟုတ်ကဲ့အစ်ကို၊ မနေ့က ကိုယ်တိုင်မလုပ်ချင်သူ ရောက်သွားပြီလေ"

"ကိုယ်တိုင်မလုပ်ချင်သူ ဆိုတာ ဘယ်လိုလဲ ညီလေး"

"ဒီလို အစ်ကိုရဲ့၊ ဥပမာဟာ "အလုပ်တစ်ခုကို အစ်ကိုကလုပ်တယ် ဆိုပါတော့။ အစ်ကို ပျင်းလို့ပဲဖြစ်ဖြစ်၊ ယုံကြည်ရသူရှိလို့ပဲဖြစ်ဖြစ် အလုပ်ကိုပစ်ပြီး လက်ဖက်ရည်အကြောကြီး သွားသောက်တာတို့၊ ကျားကစားနေတာတို့၊ ဒီဒီယိုသွားကြည့်တာတို့ပေါ့။ အစ်ကိုကတော့ အလုပ်မှာ ယုံကြည်ရသူရှိလို့ လုပ်ပေးမယ့်သူရှိလို့ဆိုပြီး ထားခဲ့တာပဲ။ ကျန်ခဲ့တဲ့သူက ဘယ်လောက်လုပ်ပေးမှာလဲ။ သူ့အလုပ်မဟုတ်ဘူးလေ။ တာဝန်ကျေလုပ်မှာပဲ။ ဘယ်လောက် ချမ်းသာချင်သူဖြစ်နေပါစေ အစ်ကို၊ ကိုယ့်အလုပ်မှ ကိုယ်သေချာမလုပ်ချင်သူဟာ မချမ်းသာနိုင်ပါဘူး။ အောက်ခြေက ချမ်းသာလာသူတိုင်း ကျွန်တော်သိရသလောက် ကိုယ့်အလုပ်ကို တန်ဖိုးထား ကြိုးစားသူတွေလေ။ တန်ဖိုးလည်း မထား၊ ကြိုးလည်း မကြိုးစားရဲင့်တော့ ဘယ်အောင်မြင်တော့မလဲ အစ်ကိုရယ်။ အလုပ်ရွေးသူ၊ ကိုယ်တိုင်မလုပ်ချင်တဲ့သူ၊ ကဲကို မျှော်ကိုးပြီး ဘာမှမလုပ်တဲ့သူ၊ ဆက်ဆံရေးညံ့ဖျင်းသူ၊ ဇွဲမရှိသူ၊ ရေရှည်မကြည့်သူ၊ ကျေးလူးမသိတတ်သူ၊ ဖြတ်လမ်းနည်းကြိုက်တဲ့သူတွေဟာ ချမ်းသာချင်သူဖြစ်သော်လည်း ချမ်းသာဖို့မလွယ်ပါဘူး။ ဒါကတော့ ကျွန်တော် ဖြတ်သန်းလာရတဲ့ ဘဝတိုတိုလေးမှာ ရခဲ့တဲ့ သင်ခန်းစာလေးပါ။ ကျွန်တော်ကတော့ အထက်က ကျွန်တော် ပြောခဲ့တဲ့ အချက်နဲ့ လွတ်အောင် ကျင့်သုံးတယ် အစ်ကို။ မိဘဆီကလည်း ဘာမှမမျှော်လင့်ဘူး။ ထီခွေလည်း မထိုးဘူး။ ကွမ်းယာဆိုင်လေးနဲ့ ကိုယ့်ကျောင်းစရိတ်ရှာတယ်၊ စားဝတ်နေရေး ဖြေရှင်းတယ်။ အသိဉာဏ်ဖွံ့ဖြိုးမယ့်စာအုပ်တွေ ဝယ်တယ်။ ညထမင်းစားပြီး၊ ဘုရားရှိခိုးပြီးတာနဲ့ (၁၁)နာရီထိ စာဖတ်တယ်။ မနက် (၆) နာရီထ၊ ဘုရားရှိခိုးပြီး ထမင်းချက်၊ စားသောက်ပြီးတာနဲ့ ဆိုင်ထွက်ဖို့ ဝယ်ခြမ်းတာပဲ။ ဒါ အခုချိန်ထိ ကျွန်တော့် နေ့စဉ်အလုပ်ပဲ။ ကျွန်တော့်ဆိုင်ကို ဘယ်တော့မှ သူများနဲ့လွဲမထားဘူး၊ မယုံလို့။ ကျွန်တော့်ဖောက်သည်ကို စိတ်ကျေနပ်မှုမပေးနိုင်မှာစိုးလို့ပါ။ ကျွန်တော့်ဘာသာ စိတ်ရှုပ်နေလို့ပဲဖြစ်ဖြစ်၊ ကျန်းမာရေးမကောင်းလို့ဘဲဖြစ်ဖြစ် ကျွန်တော့် မိတ်ဆွေတွေနဲ့ ဖောက်သည်တွေဆီ မကူးစက်စေရဘူး။ ကိုယ့်ဒုက္ခကို ကိုယ့်ဘာသာပဲ ဖြေရှင်းတယ်။ အဲဒါကို မင်းက လုပ်နိုင်တုန်းမို့လို့ပါကွာလို့ပြောမယ်။ ဘာမှ မသေချာပေမယ့် အကောင်းဆုံးရင်ဆိုင်နိုင်အောင် ပြင်ဆင်ထားရမှာ ကိုယ့်တာဝန်ပဲလေ"

လို့ ပြောပြီး အမောဖြေရင်း ရေဘူးထဲကရေကို ဖွင့်သောက်နေတယ်။

ကျွန်တော်က-

"ညီလေးမိဘတွေ၊ မောင်နှမတွေကော မရှိဘူးလား"

"ဟာ - ရှိတာပေါ့ အစ်ကိုရာ၊ အဖေရော အမေပါ ရှိတယ်။ မောင်နှမသုံးယောက်လေ။ အစ်မတစ်ယောက်၊ အစ်ကိုတစ်ယောက်ပါ။ အစ်မက ကျောက်အရောင်းအဝယ် လုပ်တယ်။ အစ်ကိုက တွင်းဆင်းတယ်။ အဖေ၊ အမေကလည်း ကျောက်အရောင်းအဝယ်လုပ်တာပါ။ ကျွန်တော့်ကိုတော့ ချစ်ကြတယ်ထင်ပါတယ်။ ကွမ်းရောင်းဘူး၊ စာအုပ်တွေမဖတ်ရင် ဘာမှမလုပ်ဘဲ ထိုင်စားတောင် ပြောထာ။ ကျွန်တော့်မိဘ၊ အစ်ကို၊ အစ်မတွေနဲ့ ကျွန်တော် အမြင်ချင်းမတူဘူး။ တိုတိုပြောရရင် ကျွန်တော်က ထိပ်သွားဖို့ အောက်ဆုံးကနေ တက်ချင်တာ။ လောကခံနဲ့ တိုက်ပွဲဆင်ပြီးမှ နိုင်အောင်လုပ်ချင်တာ။ လွယ်လွယ်ရတာဆို ဘာမှမလိုချင်ဘူး။ ဒါကြောင့် ဘဝကို ဒီလိုရင်ဆိုင်ပြီး ဘဝအတွေ့အကြုံတွေကို လူတွေနားက သင်ယူနေတာ။ ချမ်းသာချင်သူတစ်ယောက်ဖြစ်ဖို့က ချမ်းသာချင်စိတ်ကလေးတစ်ခုတည်းနဲ့ မရနိုင်ဘူးဆိုတာ ကျွန်တော် သိလာသလို အခြားသူများကလည်း သိစေချင်လို့ ဆိုင်နာမည်ကို ချမ်းသာချင်သူလို့ ပြောခဲ့တာပဲ။ အစ်ကိုတို့လို မေးတဲ့သူတွေ ရှိပါတယ်။ မေးတဲ့သူတိုင်းကို ကျွန်တော့်ဘဝ အတွေ့အကြုံကရတဲ့ အသိလေးနဲ့ ခုလို ရှင်းပြတာပဲ။ ဒါ ကျွန်တော့် အမြတ်လေ။ ကျွန်တော်ဟာ မပြည့်သေးတဲ့ အိုးတစ်လုံးလို အမြဲသဘောထားတယ်။ ပြည့်အောင် ဖြည့်ရင်း ဘဝကို ကျေနပ်အောင်နေတာပဲ အစ်ကို" တဲ့။

ကျွန်တော့်ဘဝမှာ ပထမဆုံးတွေ့ဖူးတဲ့ ပုဂ္ဂိုလ်ထူးတစ်ယောက်ပဲ။ ခုချိန်ကစပြီး ကျွန်တော့်အားနည်းချက်တွေ ပြင်ပြီး ချမ်းသာသူတစ်ယောက်ဖြစ်အောင် ကြိုးစားတော့မယ်။

လိုအင်ဟူသမျှ ပြည့်စေ

ဒွဲမင်း (ဒိုးကုတ်)

www.burmeseclassic.com

www.burmeseclassic.com

ဘုရားသုံးဆူ

"ရွှေကြာပင်ပါလား"

"ဘုရားသုံးဆူပါလား"

"ပြန်ကပြေးဘုရားကြီးပါလား၊ ကြို ပြောထားပါ"

ဟူ၍ ဘတ်(စ်)ကားကြီး၏ ယာဉ် နောက်လိုက်နှစ်ဦးအနက် တစ်ဦးက မှတ်တိုင်များတွင် ရပ်ပေးရန်အတွက် အော်၍ မေး၏။ ခရီးသည်များမှ-

"ရွှေကြာပင်ပါတယ်"

"ဘုရားသုံးဆူပါတယ်"

ဟုပြန်အော်ကြရာ ကျွန်ုပ်မှလည်း ဘုရားကြီးပါတယ်ဟု ပြန်အော်လိုက်၏။ ကျွန်ုပ်သည် နေပြည်တော်ခေတ္တရောက် နေခိုက် စာမူများရေးပြီးသဖြင့် နေပြည် တော် ဗဟိုစာတိုက်ကြီးမှ အမြန်ချောပို့ ဖြင့်ပို့ပြီး တော်ဝင်ဘတ်(စ်)ကားကြီးစီး ကာ ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးရပ်သို့ ပြန်ခဲ့ခြင်း ဖြစ်သည်။

ရွှေကြာပင်ရပ်ကွက်သို့ သွားရာ မှတ်တိုင်တွင် ကားရပ်ပေးပြီး ဆက်လက် ထွက်ခွာလာရာ ခေတ္တအကြာ၌ ဘုရား သုံးဆူသို့ ရောက်သဖြင့် ကားရပ်ပေး၏။

ကျွန်ုပ်သည် တောင်၊ မြောက် တန်းစီ၍ တည်ထားသော ရွှေဝါရောင် စေတီသုံးဆူကို အာရုံဖြင့်ကြည်ညိုလိုက် ၏။ ထိုဘုရားသုံးဆူ၏ဝန်းကျင်တွင် ထန်း ပင် အနည်းငယ်ရှိ၏။ ထိုထန်းတောကို ဘုရားသုံးဆူထန်းတော ဟူ၍ ကျွန်ုပ်တို့ ငယ်စဉ်က ခေါ်တွင်၏။

ရှေးအခါကမူ ယခုကဲ့သို့ ရွှေဝါ ရောင်ဆေးသုတ်ထားခြင်းမျိုး မဟုတ်ဘဲ ထုံးဖွေးဖွေးဖြင့်သာ စံပယ်တော်မူသည်။ တောစိမ်းစိမ်းနှင့်၊ ထန်းတောနှင့် ထုံးဖြူ ဖြူစေတီတော်သုံးဆူကား အလွန်လှပ သော သဘာဝပန်းချီကားချပ်တစ်ခု ဖြစ် လေ၏။

ထိုဘုရားသုံးဆူတည်နေရာသည် ပြန်ကပြေးရွာကြီး၏ တောင်ဘက်တည့် တည့်လောက်တွင်တည်ရှိကာ ဘုရားသုံး ဆူထန်းတောကလည်း ထန်းရာသီတွင် နာမည်ကြီးလှ၏။ ရွာနှင့် အလွန်ကြီးမ ဝေးလှပါ။ နာမည်ကြီးခြင်းမှာ အခြား မဟုတ်၊ ဘုရားသုံးဆူထန်းတောမှ ထွက် သော ထန်းရည်ခါးသည် အသောက် သမားလောကတွင် နာမည်ကြီး၍ ဖြစ် ၏။

ကျွန်ုပ်တို့နေပြည်တော်ဒေသသည် ကား အညာကဲ့သို့ ထန်းပေါများခြင်း မရှိ ဘဲ အုန်းပင်များသာဖြစ်ထွန်းလေ၏။ အ စဉ်အလာအားဖြင့် အုန်းသာစိုက်ပျိုးကြ ပြီး ထန်းစိုက်ပျိုးမှုနည်းသည်။ အောက် ရေထွက်တိမ်သောဒေသဖြစ်၍ အုန်းဖြစ် ထွန်းမှုကြောင့် ထန်းကို အလေးမထား ဘဲ အုန်းသာ အရေးထား၍ စိုက်ပျိုး၏။

ထို့ကြောင့် ရွာတည်ရာအရပ်တိုင်း၌ အုန်းပင်တို့ကို အဝေးမှပင် မြင်ကြရ လေ၏။ ထန်းတို့ကိုမူ ဘုန်းကြီးကျောင်း နှင့် ရွာပြင်ရှိ ကုန်းမြေတို့တွင်သာ စိုက် ပျိုးတတ်လေ၏။

ထန်းပင်ရှားသော ကျွန်ုပ်တို့ဒေသ၌ ထန်းရည်ခါးကို အမြတ်တနိုး သောက် သုံးကြ၏။ ကျွန်ုပ်တို့ဒေသမှ လူတို့သည် ထန်းမတက်တတ်ကြပါ။ ထန်းရည်ထွက် အောင် မပြုပြင်တတ်ကြပါ။ အညာထန်း တောဒေသမှ ရောက်လာသူတို့ကိုသာ ရာသီပြတ်နှင့် ရောင်းကြလေ၏။

ဘုရားသုံးဆူ ထန်းတောသည် ထန်းပင်နည်းသဖြင့် ထန်းလျက်ချက်ရန် မလောက်၍ နေ့စဉ် ထန်းရည်ခါးအဖြစ် သာ အသောက်သမားတို့ကို ပြုပြင် ရောင်းချသဖြင့် နာမည်ကြီးနေခြင်း ဖြစ် သည်။

ဘတ်(စ်)ကားကြီးပေါ်မှ ထန်း တောလေးကြားတွင် စံပယ်တော်မူသော စေတီသုံးဆူကို မြင်သည်နှင့် ကျွန်ုပ်တို့ ငယ်စဉ်ကလေးဘဝ၌ မှန်ကျောင်း၌ နေ လျက်ရှိစဉ် ခပ်ပျော်ပျော်နေတတ်သော ကိုဘဲမြိုးအား ရုတ်တရက် ပြေး၍ မြင် ယောင်မိလေတော့၏။

ကိုဘဲမြိုး

ကိုဘဲမြိုးသည် ခေသူမဟုတ်။ သူ လည်း မှန်ကျောင်းထွက် ဖြစ်လေ၏။ ထို ခေတ်ထိုအခါက ပြန်ကပြေးမှန်ကျောင်း ထွက်ဆိုလျှင် ဘယ်သူမှ အထင်မသေး ရဲ။ အနည်းဆုံး အလျှုမဏ္ဍပ်တို့၌ ဘုန်း တော်ကြီးများ မကြွမီ သံဃာစင်၌ ထိုင် ၍ ဘာသာ၊ သာသနာအကြောင်း၊ စာ အကြောင်းပေကြောင်းတို့ကို ဦးဆောင် ပြောနိုင်သူတို့ ဖြစ်ကြ၏။ ကိုဘဲမြိုးသည် လည်း သူ့ခေတ်နှင့်သူ့အခါက စာတတ် ပေတတ်ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

မိုးကုတ်ကျော်ကျော်စိုး

ကိုဘဲမြီးနှင့်
သုံးထပ်ပဒိုင်းနက်သီး

သို့သော် ကိုဘဲမြီးသည် အသောက်အစား ဝါသနာပါ၏။ သူများကဲ့သို့ မူးပြီး ရမ်းကားသော လူမျိုးကား မဟုတ်ပါ။ သူမူးလာလျှင် မူလထက်ပင် သဘောကောင်းနေချေသေး၏။

ကိုဘဲမြီးကား အသားညိုညို၊ မျက်နှာလေးထောင့်ဆန်ဆန်၊ ပြည့်ပြည့်၊ ရုပ်ချောချော၊ ဂင်တိုတိုနှင့် ခပ်တောင့်တောင့်ဖြစ်ကာ သဘောမနောကောင်းပြီး အမြဲပြုံးရယ်နေတတ်သော လူပျော်ဖြစ်သည်။

သူ့အမည်ရင်းမှာ တင်ညွန့် ဖြစ်သည်။ ကျောင်းသားတို့က ဘဲမြီးထား၍ ကျောင်းကို ရောက်ခဲ့သဖြင့် နောက်ပြောင်ကာ ဘဲမြီးဟု ခေါ်ရာမှ ဘဲမြီးနာမည်တွင်ခဲ့သော်လည်း မှန်ကျောင်းဘုန်းတော်ကြီး ဦးနန္ဒောဘာသမ္မသျှောင်ထုံးဖြစ်အောင် ပြောင်းပစ်လိုက်လေ၏။ သို့သော် ဘဲမြီးနာမည်ကား လုံးဝမပျောက်ဘဲ ထာဝရတွင်သွားခြင်းဖြစ်သည်။

ကိုဘဲမြီးကား ကျွန်ုပ်အဖေ ဦး

www.burmeseclassic.com

www.burmeseclassic.com

တုတ်လှ၊ ဘထွေးကြီး ဦးထွန်း၊ ဦးစံလှတို့ ထက် အနည်းငယ် အသက်ငယ်၏။ ကို ဘဲမြီးသည် အလယ်ပိုင်းရပ်မှဖြစ်သလို အလယ်ပိုင်းသူ မတင်လှနှင့် အိမ်ထောင်ကျကာ မောင်ကျော်ရှိန်း၊ မောင်ခင်မောင်တင့်၊ မောင်ခင်မောင်မြင့် ဟူသောသား (၃) ယောက် မွေးဖွား၏။

မတင်လှကား မျက်နှာသွယ်သွယ်ဖြူဖြူလေးနှင့် အတော်ချောဂ၏။ သား (၃) ယောက်မှာ မိခင်နှင့် အသားအရေတူကာ ဖြူဖွေး၍ အလှကိုယ်စီရှိကြ၏။ ထိုညီအစ်ကို(၃)ယောက်မှာ မှန်ကျောင်းတွင် ကျွန်ုပ်နှင့် ကျောင်းနေဖက်များ ဖြစ်ကြ၏။

နောက်ပိုင်းတွင် မှန်ကျောင်းမှ အတန်းကျောင်းသို့ ပြောင်းကာနေသဖြင့် ခေတ်ပညာတတ်များ ဖြစ်ကြပြီး နိုင်ငံတော်၏ ဌာနအသီးသီးတွင် အရာရှိများ ဖြစ်နေကြောင်း ဝမ်းမြောက်ဖွယ် ကြားသိရလေသည်။ ယခုအချိန် ပင်စင်ယူလောက်ကြပေပြီ။

ထန်းရည်ခါး၏အရသာ

ဘုရားသုံးဆူ ထန်းတောကား ထန်းပင်နည်းသဖြင့် ထန်းတဲဆောက်မထားဘဲ တစ်ရက်လျှင် (၂) ကြိမ်သိမ်းပြီး ထန်းရည်ခါးကို ရွာထဲ၌သာ ရောင်း၏။ ထန်းရည်ကြိုက်သော ကိုဘဲမြီးတို့အုပ်စုမှာ နေ့စဉ်သောက်သော ဖောက်သည်ဖြစ်သည်။

တဆေးနှင့်ပြုလုပ်ထားသောထန်းရည်အပင်ကို အောက်တွင်ခံ၍ ထန်းရည်ခံထားလျှင် ထိုထန်းရည်မှာ ချလိုက်လျှင် အနည်းငယ်အချိုဓာတ်ကြွင်းလေ့ရှိနေသဖြင့် သောက်၍အင်မတန်ကောင်းပြီး ဗိုက်ထဲတွင်မှ အချဉ်ပေါက်သဖြင့် ကျွမ်းစိုက်အောင် မူးလေ၏။

ထို့ကြောင့် ထန်းပင်ကျရည် ချိုတမြမြနှင့် ခါးသလေဟု ဆိုကြခြင်း ဖြစ်၏။ အချို့က ထိုပင်ကျရည်အား ရဟန်းကြီးကြိုက်ဟု တင်စားခေါ်ဝေါ်ကြသေး၏။ ချိုတမြမြနှင့် ခါးသက်သက်အရသာသည် လူကြီးကြိုက်အရသာဖြစ်သဖြင့် လူကြီးမဆိုထားဘိ ရဟန်းကြီးများပင် ကြိုက်လောက်သည်ဟု တင်စားထားခြင်း ဖြစ်ပေလိမ့်မည်။

ထန်းရည်သောက်ပါက အချို့က မြူအိုးလိုက် အလှည့်ကျ မော့သောက်ကြသလို အချို့က အုန်းမှုတ်ခွက်၊ ဝါးဆစ်ခွက်လေးများဖြင့် သောက်ရမှ အရသာရှိသည်ဟု ထင်ကြ၏။ သို့ကြောင့် ဝါးဆစ်ခွက် (ဝါးပေါက်)၊ အုန်းမှုတ်ခွက်လေးများ ပြုလုပ်ထားပေးရ၏။

အမြည်းမှာ ထူးထူးထွေထွေမလို ပါ။ပဲကြီးလှော်လက်တစ်ဆုပ်စာလောက် ရှိလျှင် ပြည့်စုံပြီ ဖြစ်သည်။ ပဲကြီးလှော်သည် ထန်းရည်ခါးနှင့် လွန်စွာလိုက်ဖက်သလို အမူးဓာတ်ကိုလည်း အားပေးသဖြင့် ထန်းရည်သမားတို့ လွန်စွာကြိုက်ကြ၏။ ပဲလှော်တစ်စေ့၊ ထန်းရည်တစ်ကျိုက် လွန်စွာလိုက်ဖက်လှပေ၏။

သို့ကြောင့် အညာသား ကိုမဲကြီး၏ ထန်းရည်ဆိုင်လေးတွင် ပဲကြီးလှော်အသင့်ရှိ၏။ ထန်းရည်တစ်မြူ တစ်မတ်၊ ပဲကြီးလှော် ငါးပြားဖိုးဆိုလျှင် ကိုဘဲမြီးတို့သူငယ်ချင်း (၃)ဦး အဆင်ပြေကြပြီ။ ထိုခေတ်ထိုအချိန်က ယောကျ်ားတစ်ဦး တစ်နေကုန်လုပ်ပါမှ လုပ်အားခ(၂)ကျပ် သာရသောခေတ် ဖြစ်လေ၏။

အရက်မူးလာသူနှင့် ထန်းရည်မူးလာသူကို လူတို့က ခွဲခြား၍သိကြလေ၏။ ထန်းရည်မူးလာသူမှာ နောက်သို့လန်နေပြီး အရက်မူးသူမှာ ရှေ့သို့စိုက်လေ၏။ ထန်းရည်မူးပြီး လမ်းသွားပါက ရုတ်တရက် ရှေ့သို့မရောက်နိုင်၊ ရှေ့သို့တစ်လှမ်းတိုးပြီးလျှင် နောက်သို့လန်ပြီး နှစ်လှမ်း၊သုံးလှမ်း ပြန်ပြန်ရောက်နေတတ်ရာ ရယ်ဖွယ်ကောင်းလှ၏။ ဤသည်ပင် ထန်းရည်၏အရသာ ဖြစ်ပေသည်။

ထန်းရည်မူးမူးဖြင့် ဝမ်းလျှားမောက်အိပ်ပါကလည်း လွန်စွာ စည်းစိမ်ရှိကာ ဘာနှင့်မှမလဲနိုင်သောအရသာ ဖြစ်လေ၏။ သူတို့၏ အကောင်းဆုံးနှင့် တန်ဖိုးအရှိဆုံးအမြည်းမှာ ကြက်ခြေထောက်ကြော်ဖြစ်ပြီး ခြေထောက်ကြော် တစ်စုံလျှင် ရွာစေး၌ (၁၅) ပြား ရောင်းရာမကြာမကြာ တစ်ခါသာဝယ်၍ကိုက်နိုင်ကြ၏။ ခြေထောက်မှာ ဒူးဆစ်မှဖြတ်ပြီး ခြေထောက်သက်သက် ကြော်ထားရာ အသားဟူ၍ စိုးစဉ်းမျှမပါချေ။ ထိုခြေထောက်ရိုးကို အရသာခံကာ တမြို့မြို့ကိုက်ရင်း ထန်းရည်သောက်ကြခြင်းဖြစ်၏။

ထန်းရည်ခါးသည် အရက်၏ အရသာနှင့် လုံးဝတူညီမှုမရှိပေ။ ပကတိထန်းရည်မှသည် ဓာတုပြောင်းလဲဖြစ်ပေါ်သဖြင့် ချို၊ ဆိမ့်၊ ချဉ်၊ ခါး ဟူသော အရသာ (၄) ပါးကို အရသာခံကြည့်ပါက တွေ့နိုင်ပေ၏။ ထန်းရည် စစ်၊ ဓစစ် ထန်းရည်သမားတို့က လျှာဖြင့်တို့၍ အရသာခံကြည့်လိုက်ရုံနှင့်သိကြ၏။

ထန်းရည်ချိုသောက်မည်ဆိုပါက မည်သူမျှ တစ်မြူကုန်အောင် သောက်နိုင်စွမ်း မရှိကြသော်လည်း ထန်းရည်ခါးမှာမူ လူတစ်ယောက်ကို တစ်ထိုင်တည်းနှင့် တစ်မြူ၊ နှစ်မြူကုန်အောင် သောက်နိုင်စွမ်းရှိကြ၏။ ထန်းရည်ခါးသည် ထိုမျှဆွဲဆောင်နိုင်စွမ်းရှိ၏။

နိုင်ငံခြားသားတို့က ဘီယာအရသာနှင့်ဆင်ပြီး အမူးယဉ်သဖြင့် ထန်းပင်အမြင့်ကောင်းကင်မှလာသော ထန်းရည်ခါးကို 'စကိုင်းဘီယာ' ဟု တင်စား ခေါ်ဝေါ်ကာ ကျွန်ုပ်ငယ်စဉ် မုံရွာခရိုင် ကနီမြို့လေးသို့ ရောက်စဉ်က ကြားသိခဲ့ရ၏။

စီ-ဂျီ-ဂျီရေနံကုမ္ပဏီမှ ရေနံရှာဖွေရေးအတွက် ကနီတွင် စခန်းချကာ ရေနံကြောရှာဖွေနေကြစဉ် အညာဒေသ ကနီမြို့၌ ထန်းရည်ပေါရာ နိုင်ငံခြားသားတို့ မက်မောစွာ သောက်ကြ၏။

ထန်းရည်သည် တဆေးနှင့်အလင်မခံဘဲ သည်အတိုင်းထားပါကလည်း နေကျော်သည်နှင့် အလိုအလျောက် အချဉ်ပေါက်ကာ ထန်းရည်ခါး ဖြစ်လာ၏။ ထို့ကြောင့် သဘာဝအတိုင်း ထားပါကလည်း ထန်းရည်ခါးဖြစ်လာရာ အဆိပ်အတောက် သက်သာသည်ဟု ဆိုရပါမည်။

သို့ကြောင့် ထန်းရည်ခါးကို ကွဲသောက်၊ နွားသောက် မသောက်ဘဲ ဘီယာကိုင်းခွက်နှင့် တစ်ခွက်လောက် ထမင်းမစားမီ မှန်မှန်သောက်ပေးနိုင်လျှင် ဝမ်းမီးကောင်း၍ ဆီးရွှင်နိုင်သဖြင့် တန်လျှင် ဆေးဖြစ်ပြီး အစာလည်းဆေးဖြစ်ပါမည်။ လူလည်း ဝလာနိုင်ပါသည်။

အငြို

ကိုဘဲမြီး၊ ကိုမှတ်ကြီး၊ ကိုအောင်ဒင်တို့ သူငယ်ချင်း (၃) ဦးသည် ထန်းရည်တစ်မြူကုန်သောအခါပြန်ရန် ကိုဘဲမြီးက ထန်းရည်နှင့် ပဲလှော်ဖိုး ပြား (၃၀) ထုတ်ပေးလိုက်၏။

"ဟေ့ကောင် ဘဲမြီး၊ ပြန်တော့မလို့လားဟ"

"ပြန်မယ်လေကွာ၊ ပိုက်ဆံက ဒါပဲပါတာဟာ"

"နေပါဦးကွာ၊ ငါ တစ်မြူထပ်မှာပါဦးမယ်။ ဒါပေမယ့် ငွေမှာ ပိုက်ဆံမပါဘူးဟ၊ အောင်ဒင်ကော ပါလား"

"ဟင့်အင်း- ဘဲမြီးလာခေါ်လို့ ထလိုက်လာတာဟေ့။ ဒီကောင့်ကို မခေါ်ကအကြွေးမရောင်းဘူးလေကွာ"

"တို့သောက်နေကျပဲကွာ၊ ရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

ဗျို့- ကိုမဲကြီး၊ ထန်းရည်တစ်မြူ အကြွေးရမလား။ နက်ဖြန်ပေးမယ်”

“ထန်းပင်ပေါ် အသက်စွန့်ပြီးတက်ယူရတဲ့ ထန်းရည်ကွ၊ အကြွေးတော့ မရောင်းဘူး။ ရော့- ပတ္တမြား၊ ရော့- နဂါး ပဲ။ အကြွေးဆိုတာ လူချင်းမုန်းတတ်သလို သဲသရာလည်း အလွန်ရှည်တာကွ။ ပိုက်ဆံမပါတော့လည်း နောက်နေ့မှ သောက်ပေါ့ကွာ”

ဟု ပြောလိုက်သဖြင့် ကိုဘဲမြီးတို့ အုပ်စု ခပ်အောင့်အောင့်ဖြစ်ကာ ထပြန်ခဲ့ကြတော့၏။ ကိုမှတ်ကြီး ဆိုသည့်အတိုင်းပင် သူ၏ကျောတွင် အမှတ်နိနိကြီး ပါလာခဲ့သူဖြစ်ပြီး အမှတ်အတေးလည်း ကြီး၏။

“ကိုမဲကြီးကို ငါတော့ မကျေနပ်ဘူးကွာ”

“မကျေနပ်ရအောင် မင်းကို ရိုက်လွှတ်တာမှ မဟုတ်တာ”

“ဟေ့ကောင် အောင်ဒင်၊ ဒါက ရိုက်တာထက်နာတယ်ကွ။ ရိုက်တာက အသားလောက်ပဲနာတာ။ သူပြောလိုက်ပုံက အသည်းနှလုံးထဲအထိကို စူးပြီးနာသွားတာကွ။ ငါတော့မကျေနပ်ဘူးကွာ”

“ဒါလောက်ပြောတာနဲ့တော့ ခွင့်လွှတ်လိုက်ပါကွာ”

“ငါ လက်တုံ့ပြန်ရမှ ကျေနပ်မှာ”

“ဘာလဲ၊ ချောင်းရိုက်မလို့လား။ ဟိုက မင်းထက် ဗလရော မိုက်တာပါသာတယ်။ သူက အညာသားဟ”

“ချောင်းရိုက်ရင် ဇာတ်လမ်းရှည်တယ်။ ချောင်းမရိုက်ဘဲ ငါ လက်စားချေပြမယ်။ မင်းကြည့်ထား၊ အောင်ဒင်”

“အေးပါ. . . အေးပါ၊ နောက်မှ အောင်ဒင် ကယ်ပါဦး လာမလုပ်နဲ့”

“စိတ်ချ၊ မှတ်ကြီးက ယောကျ်ားပါကွ။ မဲကြီးဆိုတဲ့ အညာသားကို ငါ ကောင်းကောင်း ပညာပေးမယ်။ မင်းစောင့်ကြည့်နေစမ်းပါ”

“အေးပါဗျာ၊ အေးပါ”

ထန်းရည်တွေပျောက်ပြီ

ကိုမဲကြီးမှာ ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်းနှင့် အသားမည်းမည်း၊ ကြည့်ပျော်ရွှေပျော်ရုပ်ရည်အသင့်အတင့် သပ်ရပ်၏။

မီးမြှိုက်ထားသော မြူအိုးကို ထမ်းပိုးဖြင့် လျှိုထမ်းကာ ထန်းလိုးဓားခါးခွိတ်ပြီး ကြားကျောင်းအရှေ့ဘက်ရှိ တောထဲသွားလမ်းအတိုင်း ဘုရားသုံးဆူထန်းတောသို့ ထန်းတက်ရန် ထွက်ခဲ့ပြီး ညသက်ရည်များသိမ်း၍ အိုးအသစ်ချိတ်ကာ ရွာသို့ပြန်ခဲ့လေ၏။ ညနေပိုင်းတစ်ချိန် သိမ်းရပေဦးမည်။

ညနေပိုင်း ထန်းရည်များ သွားသိမ်းသောအခါ ထန်းပင်ခြေရင်းတွင် သောက်ပြီးသော မြူအိုး (၄) လုံးကိုတွေ့ရရာ ကိုမဲကြီးသည် ထန်းပင်များပေါ် သို့ လိုက်ကြည့်၏။ ထန်းပင် (၂) ပင်မှ မြူအိုး (၄) လုံး ချသောက်သွားသည်ကို တွေ့ရသည်။

ကိုမဲကြီးမှာ ဆဲရေးတိုင်းထွာနေမိ၏။ တော်သေးသည်၊ မြူအိုးတို့ကို ရိုက်ခွဲမသွားသည်ပင် ကျေးဇူးတင်ရပေမည်။ အကျင့်ဆိုးသောဝက်သည် စားပြီးလျှင် စားကျင်းကို ထိုး၍ မှောက်ပစ်လေ့ရှိ၏။ ဒီကောင်တွေ ဝက်ဆိုးလိုအကျင့်မရှိလို့ တော်သေးတယ်ဟု တွေးမိကာ ညနေပိုင်း ထန်းရည်တို့သိမ်းကာ ပြန်ခဲ့လေ၏။

ကိုမဲကြီး ထန်းသွားတက်နေလျှင် ကိုမဲကြီး၏ဇနီး မဒေါင်းက ထန်းရည်ရောင်း၏။ ကိုမဲကြီးသည် ထိုကိစ္စကို မသိသလိုနေ၏။ တစ်ခွန်းတစ်ပါဒမျှ မဟပါ။ ကိုမဲကြီးသည် အိမ်ရှေ့မြေကွက်လပ်တွင် ထိုင်သောက်နေကြသူများထဲမှ ဘဲမြီးတို့အုပ်စုကို မသိမသာ အကဲခတ်ကြည့်လိုက်၏။ သူတို့နောက်ပြောင်ရယ်မောကာ အရင်လိုပင် ပျော်ပျော်ရွှင်ရွှင် သောက်နေကြ၏။

သူထင်လိုက်သည်မှာ မနေ့က အစာမကြေဖြစ်သွားသော မှတ်ကြီးတို့အုပ်စုဟု ထင်၏။ သို့သော် မှတ်ကြီး၊ ဘဲမြီး၊ အောင်ဒင်တို့မှာ မှင်မပျက်ကြပါ။ အရင်လိုပင် ပျော်ပျော်ရွှင်ရွှင်နှင့် သူ့ကိုပင် သတိမထားကြပါ။ ထို့အခါ ကိုမဲကြီး ဇဝေဇဝါဖြစ်သွားခဲ့၏။ သို့သော် တရားခံမည်သူ ဟူသည်ကို မိအောင်ဖမ်းနိုင်မှ တော်ပေမည်။

ပဒိုင်းသီး

‘နမ်းလျှင်မူး၊ ဆုပ်လျှင်စူး၊ စားလျှင်ရူး’ ဟူသော ပဒိုင်းသီးကို မမြင်ဘူးခဲ့သော်မှ ကြားဖူးကြပေလိမ့်မည်။ ပဒိုင်းပင်တို့သည် တောင်ပေါ်၊ မြေပြန့်အနှံ့ပေါက်ရောက်သော်လည်း မျိုးချင်းမတူကြပေ။

ထိုပဒိုင်းပန်းတို့သည် ရောင်စုံရှိ၍ အပွင့်ဖာဖားကြီးများဖြင့် လှပကြ၏။ မိုးကုတ်ဒေသတွင် အလေ့ကျ ပဒိုင်းပင်တို့ အများအပြားရှိ၏။ အပွင့်မှာ အဖြူဖြစ်ပြီး တစ်ထပ်သာပွင့်သည်။

ယခုခေတ်တွင် ပဒိုင်းရိုင်းများကို သိပ္ပံနည်းကျ မျိုးစပ်သောအခါ အလှစိုက် ပဒိုင်းပန်းပင်တို့ ဖြစ်လာပြီး အပွင့်ပို၍ကြီးလာ၏။ အရောင်အသွေးလည်း စုံလာ၏။ အပွင့်အားလည်း ပြွတ်ခဲနေအောင်ပွင့်ကာ အလှကိုဆောင်၏။

သို့သော် မည်သည့်ပဒိုင်းသီမဆို အဆိပ်သီးသာ ဖြစ်လေ၏။ သုံးတတ်သော်ဆေး ဖြစ်သော်လည်း မသုံးတတ်သော် ဘေးကိုဖြစ်စေ၏။ ပဒိုင်းသီးအဆိပ်ကား လူကို သေစေနိုင်လောက်အောင် မပြင်းထန်သော်လည်း သူ့စားမိသော် (၂၄) နာရီ သတိလက်လွတ်ဖြစ်ကာ ရူးသွပ်စေခြင်းပင် ဖြစ်၏။

မည်သည့်ပဒိုင်းသီးမဆို ဆူးပါစမြဲဖြစ်၏။ သို့ကြောင့် ဆုပ်လျှင်စူးမည်။ အဆိပ်သီးဖြစ်၍ နမ်းလျှင်မူးမည်။ စားလျှင် စိတ်ကစဉ့်ကလျားဖြစ်ကာ ခေတ္တရူးမည်။ ဤသည်မှာ မသုံးတတ်ပါက ကြုံနိုင်သောဘေးဖြစ်ပြီး သုံးတတ်ပါက အလွန်တန်ဖိုးရှိသောဆေး ဖြစ်သည်။

ပဒိုင်းသီးစိမ်းကို လေလုံဘူးတွင် ထည့်၍ မီးဖုတ်သော် ကျွမ်းနေသော မီးသွေးခဲများ ဖြစ်သွားပါမည်။ ထိုသည်ကို အမှုန့်ပြု၍ ပျားရည်တစ်ပုလင်းတွင် ဆီးကင်းခန့်ထည့်၍ မွှေပြီး တစ်နေ့ (၃) ကြိမ် လက်ဖက်စားဇွန်းဖြင့် အစဉ်စားသုံးပေးလျှင် ချဲသလိပ်များ အန်ထုတ်ကာ အဆုတ်ရောဂါ သက်သာ ပျောက်ကင်းနိုင်လေ၏။

ပဒိုင်းပင်ကို စိုက်ခင်းစည်းရိုးနှင့် ခြံများ၊ အိမ်များ၌ စိုက်ထားပါက ပဒိုင်းမြစ်၏ အဆိပ်သတ္တိကြောင့် သီးပင်စားပင်များကို ဖျက်ဆီးတတ်သည့် မွေး၊ ကြွက်၊ ကြွက်ကတိုး စသည့် အကောင်များ ဝင်ရောက် ဖျက်ဆီးခြင်း မပြုတော့ပါ။ အိမ်ခြံအကာအကွယ်ရပါသည်။ အခြားအသုံးလည်း များစွာရှိပါမည်။

ပိတုန်းရုပ်စီမံရာတွင်လည်း ပဒိုင်းပါဝင်၏။ ပိတောက်သား လှည်းပန်းတောင်းအား ပိတုန်းရုပ်ထုကာ ဝမ်းဗိုက်ကို အပေါက်ဖောက်၍ ပြဒါးထည့်ပြီး ပဒိုင်းသားနှင့် ပိတ်ရ၏။ ထို့ကြောင့် ပိတောက်-ပန်းတောင်း-ပိတုန်း-ပဒိုင်း-ပြဒါး ဟု ဆိုကြခြင်း ဖြစ်သည်။

အပင်တို့တွင် ဆန့်ကျင်ဘက်ဟူသော နှံသာဖြူ နှံသာနီ ဟူ၍ အရောင်ခွဲကာရှိသကဲ့သို့ အဖြူ-အနီ၊ အဖြူ-အနက် ဟူ၍ အရောင်ကွဲကာ ရှိနေတတ်ကြ၏။

ဆန်တွင်လည်း ဆန်ဖြူ ဆန်နက် (ငချိပ်)၊ ကြံတွင်လည်း ကြံဖြူ ကြံနက်

www.burmeseclassic.com

www.burmeseclassic.com

ရှိသကဲ့သို့ပင် အပင်အတော်များများတွင်လည်း အဖြူ အနက် ရှိ၏။ ဆေးအရာတွင် အဖြူထက် အနက်က ပိုစွမ်းတတ်၏။

ထို့အတူပင် ပဒိုင်း၌လည်း ပဒိုင်းဖြူရှိသကဲ့သို့ ပဒိုင်းနက်လည်း ရှိလေ၏။ ပဒိုင်းနက်သည် ကျွန်ုပ်တို့ဇာတိ နေပြည်တော် ပြန်ကပြေး ဝန်းကျင်တွင် တွေ့နိုင်၏။

သူအနိုးသည် အမည်းခေါ် ခရမ်းနက်ရောင်ဖြစ်ကာ သူအပွင့်သည် ခရမ်းနုရောင် (၃) ထပ် ပွင့်လေ၏။ မိုးကာလ ပွင့်လျှင် အပွင့်သည် တစ်ထွာမျှရှည်၍ ဆောင်းနှင့် နွေ ပွင့်လျှင် တစ်မိုက်မျှရှိပြီး အပွင့် (၃) ထပ်နှင့် လုပပါသည်။

ထို (၃) ထပ် ပဒိုင်းနက်ကို မည်သည့်ဒေသတွင်မျှ မတွေ့ခဲ့ရပါ။ အစွမ်းအထက်ဆုံးနှင့် အဆင့်အမြင့်ဆုံး ပဒိုင်းမျိုးနွယ် ဖြစ်၏။

ထို (၃) ထပ်ပဒိုင်းနက်ပင်တို့သည် ကျွန်ုပ်တို့ငယ်စဉ်က မှန်ကျောင်း၏သိမ်တောင်ဘက်စည်းရိုး၌ တောထအောင် ပေါက်နေတတ်သော်လည်း ယခု မျိုးပြုတ်သွားပြီကို တွေ့ရ၏။

ဆိတ်နံတုန်းရွာ ရွာရှေ့ကျောင်းနှင့် သိမ်ကျောင်းတို့တွင် ကောင်းစွာ စိုက်ပျိုးထားသည်ကို တွေ့ရသဖြင့် ဝမ်းသာရပါသည်။ မျိုးရယ္ယလိုသူများ ဆရာတော်များထံ လျှောက်ထား၍ ယူနိုင်ကြပါသည်။ (စကားချပ်)

ပဒိုင်းသီးမှုန့်

ကိုမှတ်ကြီးတို့အုပ်စု မှင်မောင်းမပျက် ဝိုင်းဖွဲ့နေသည်ကိုတွေ့ရရာ ကိုမဲကြီးသည် ဖြစ်နိုင်ခြေရှိသော တရားခံကို တွေးကြည့်နေမိ၏။ သူသည် ထန်းတောကို ထန်းရာသီအပြတ်ဝယ်၍ ထန်းတက်ရောင်းခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီ။ ယခုကဲ့သို့ မဖြစ်စဖူးချေ။

သို့ကြောင့် မြွေမသေ၊ တုတ်မကျိုး အကြံတစ်ခုရ၍ ကိုမဲကြီး မှန်ကျောင်း ဝင်းအပြင်မှပတ်ကာ ကျောင်းတောင်ဘက် စည်းဝင်းအတွင်း ပေါက်နေသော ပဒိုင်းနက်ပင်များမှ ပဒိုင်းသီး (၅) လုံးခွဲကာ ခါးပိုက်ထဲထည့်၍ ပြန်ခဲ့လေ၏။

ထိုခေတ်အခါက ကျောင်း၏သတ်မှတ်ထားသော စည်းသည် သရက်ပင်၊ ပိန္နဲပင်၊ မန်ကျည်းပင်၊ ဥနဲပင် စသော အပင်များသာရှိပြီး သီးခြားစည်းမကာသေးချေ။ သို့ကြောင့် တောထအောင် ပေါက်နေသော ပဒိုင်းပင်တို့မှ ပဒိုင်းသီးတို့ကို အလွယ်တကူ ခူးနိုင်ခြင်း ဖြစ်၏။

အိမ်ရောက်သောအခါ အိုးကင်းနှင့် ကျွမ်းအောင်လှော်၍ ငရုတ်ဆုံဖြင့် အမှုန့်ထောင်းကာ စက္ကူဖြင့်ထုပ်၍ သိမ်းထားလိုက်၏။ ကိုမဲကြီးမှာ ကျိတ်ပြုံးပြီး ပီတိတွေ့ တဝေဝေဖြစ်နေလေတော့၏။

'ထန်းရည်ခိုးသောက်တဲ့ကောင်တွေ့ တွေ့ကြသေးတာပေါ့ကွာ။ နောက်နေ့ညနေ တရားခံပေါ် စေရမယ်ကွ'

ဟုလည်း စိတ်ထဲမှ ကြိမ်းဝါးနေမိလေ၏။ ဘယ်အထိ ပီတိဖြစ်သနည်းဆိုသော် ညပင်ကောင်းကောင်းအိပ်မပျော်ချေ။ မနက်ဖြန် မူးရူးပြီး ကခုန်နေမည့် သူ သို့မဟုတ် မှတ်ကြီးဆိုသောကောင်ကို ကြိုတင်မြင်ယောင်ကာ ဆေးလိပ်ဖွာရင်း ပြုံးနေမိ၏။

မဒေါင်း တစ်ရေးနိုးသော်လည်း ဆေးလိပ်ဖွာမယ်မက်သေးသော ကိုမဲကြီးကိုမြင်ရရာ-

"ဟင်- ကိုမဲ၊ မအိပ်သေးဘူးလား။ တော်ဘာတွေစိတ်ကူးယဉ်နေတာလဲ"

ဟု မေးသော် ကိုမဲကြီးသည် မိန်းမကို တံတောင်နှင့် အသာတွက်ကာ-

"နင့်ဟာနင် အိပ်စမ်းပါဟာ၊ ငါ့စိတ်ကူးနဲ့ငါပါ"

ဟူ၍ ပြန်ပြောလိုက်ရလေ၏။ အမှန်သော် မဟုတ်တာကို လုပ်ရမည်မို့ စိတ်လှုပ်ရှားနေခြင်းသာ ဖြစ်လေ၏။

ပဒိုင်းထန်းရည်များ

ကိုမဲကြီးသည် မြူအိုးအသစ်များထဲသို့ အလင်နှင့် ပဒိုင်းသီးမှုန့် အနည်းငယ်စီထည့်ကာ အိုးဟောင်းများချ၍ ထန်းနို့တို့ကို ထန်းလိုးဖြင့် မျက်နှာသစ်ကာ အိုးသစ်တို့ချိတ်ဆွဲထားခဲ့ပြီး ထန်းရည်များ ထမ်းပိုးဖြင့်ထမ်းကာ ပြန်ခဲ့၏။

ထိုသို့ ပြန်လာရသောအခါ စိတ်မကောင်းဖြစ်ရပြန်၏။ ထိုသည်မှာ ထန်းရည်အားလုံးတို့သည် အဆိပ်သင့်ထန်းရည်ဖြစ်ကာ မည်သူမျှ သောက်၍မရတော့သဖြင့် အကုန်သွန်ပစ်ပြီး အိုးတို့ကို ပြောင်စင်အောင်ဆေးကာ မီးပြန်မြှိုက်ရပေဦးမည်။

သူခိုးကို မိခဲ့သော် လုပ်ရကျိုးနပ်မည် ဖြစ်သော်လည်း သူခိုးမမိခဲ့သော် အကျိုးမဲ့ အလဟဿ ထန်းရည်များ ပျက်စီးဆုံးရှုံးရခြင်းသာ အဖတ်တင်ပေမည်။

ကိုမဲကြီးသည် နေ့လယ်ပိုင်းထန်းရည်ရောင်းနေစဉ် လမ်းဘက်သို့ မသိမသာ အကဲခတ်ပြီး သတိထားနေမိ၏။ ထိုစဉ် ကိုဘဲမြီးနှင့် ကိုမှတ်ကြီးတို့နှစ်ဦး ထန်းရည်ဆိုင်လေးထဲသို့ ဖျတ်ခနဲ တစ်ချက်ကြည့်ကာ မှင်သေသေဖြင့်လျှောက်သွားကြသည်ကို တွေ့လိုက်ရ၏။ အချိန်မှာ နေ့လယ် (၂) နာရီကျော်ကျော်ရှိပြီဖြစ်၏။

"ဒီနှစ်ကောင် ငါ့ကိုလာချောင်းတာနေမှာ"

ဟု တွေးမိလိုက်ပြီး မမြင်သလိုနေလိုက်ကာ ဆေးလိပ်ကို တွန်းဖွာနေလိုက်၏။ သူတို့နှစ်ယောက်လွန်သွားမှ ကိုမဲကြီး ကျေနပ်ကာ ကျိတ်ပြုံးနေလေတော့၏။

ထန်းရည်ခိုးသောက်ကြပြီ

ကိုမှတ်ကြီးနှင့် ကိုဘဲမြီးတို့နှစ်ဦးသည် ဘုရားသုံးဆူထန်းတောသို့ ညနေ (၃) နာရီတွင် ရောက်လာကြ၏။ ထန်းတောဝန်းကျင်ရှိ လယ်တို့မှာ သိမ်းပြီးပြီဖြစ်၍ ထိုခေတ်က လယ်တစ်သီးသာ စားကြရာ လယ်တောတစ်ခွင် လူတို့မရှိတော့၍ လေတည်းညည်းဖြင့် တိတ်ဆိတ်ငြိမ်သက်နေ၏။

"ဘဲမြီးရေ- အဲဒီသရက်ပင်ပေါ် တက်ပြီး ကင်းစောင့်ကွာ၊ ငါတက်ချမယ်။ ကိုမဲကြီးကို ဒီနေ့လည်း ပညာပေးရဦးမယ်ကွ"

"အင်းပါ မှတ်ကြီးရ"

ဟုပြောပြီး ကိုဘဲမြီးသည် သရက်ပင်ခွကြားမှ လာရာလမ်းသို့ မျှော်မှန်းကာ ကင်းစောင့်နေ၏။ ထန်းတက်သော ကိုမှတ်ကြီးသည် ကျွမ်းကျင်စွာ မတက်တတ်သဖြင့် အမြင့်သို့တက်ရသော်လည်း ပတ်ဝန်းကျင်ကို စိတ်မဝင်စားအားပါ။

ပထမ ရင်းထောင်လှေကားဖြင့် တက်၏။ ရင်းထောင်လှေကားဆုံးသော် ပင်စည်ကို ဖက်တက်ရ၏။ မကျွမ်းကျင်၍ ဝိုက်ပင်ပွန်းကုန်၏။ မခံချင်စိတ်နှင့် မို့သာ တက်ရသည်။ ထန်းတက်စားပါဆိုသော် အကြိမ်ကြိမ် ဆလံပေးမည် ဖြစ်သည်။ ဖက်တက်၍ ဆုံးပါမှ ရင်းဆွဲလှေကားကို ရောက်၏။ ရင်းဆွဲလှေကားမှသည် ဆက်တက်ကာ ထန်းနို့များ၌ ခံထားသော ထန်းရည်အိုးကို ဖြုတ်ကာ ခါးတွင် အသင့်ပြုလာသော ချိတ်တွင် ချိတ်ပြီး မနည်းအသက်အောင့်ကာ ပြန်ဆင်းရ၏။

ခြေချော်လက်ချော် ဖြစ်ခဲ့သော် မှတ်ကြီး ထန်းရည်ခိုးသောက်ရာမှ ပြုံးကျပြီး သေဆုံးသွားသည် ဟူသော အ

www.burmeseclassic.com

www.burmeseclassic.com

လွန် အရွယ်ဆိုးသည့် သတင်းမျိုးဖြင့် ကျော်ကြားသွားပေမည်။ သို့ကြောင့် ခြေချော်လက်ချော်မဖြစ်အောင် မနည်း သတိထားရ၏။

ထန်းရည်အထွက်နည်းသဖြင့် အခ်ိန်လည်း မတန်သေး၍ မြူအိုး (၄) ခု ပေါင်းပါမှ တစ်မြူကျော်ကျော်ရရာ သောက်ရန်အသင့်ဖြစ်လေ၏။

သရက်ပင်ပေါ်မှ ကိုဘဲမြီးက ကိုမှတ်ကြီးကို လှမ်းပြောသည်။

"မှတ်ကြီး၊ ငါ ဒီနေ့ အရင်သောက် မယ့်အလှည့်လေကွာ"

"အေးပါ။ သောက်ပါ။ ငါလည်း မောနေတာနဲ့ မသောက်ချင်သေးပါဘူး"

"ဒါဆို မင်းကင်းတက်စောင့်ကွာ၊ ဒီနေ့ ကိုမဲကြီးလာချောင်းရင် ချောင်နိုင်တယ်ဟ။ သူလာရင် မိလို့မဖြစ်ဘူး။ မိရင် ငါတို့ သူကြီးကိုလေးဆီ ရောက်နေလိမ့်မယ်"

"အင်းပါဟာ"

ဟု ဆိုသည်နှင့် ကိုဘဲမြီးဆင်းလာပြီး ကိုမှတ်ကြီး သရက်ပင်ခွကြားတက်ကာ ကင်းစောင့်ပြန်၏။ သူကြီး ဦးကို လေးသည် ထိုခေတ်ထိုအခါက နှစ်လုံးပြူးတစ်လက်နှင့် အတော်နာမည်ကြီး၏။ အပြစ်ရှိလျှင် ထိတ်တုံးထဲထည့်ကာ အပြစ်ပေးတတ်၏။ သို့ကြောင့် ကြောက်ကြ၏။

အပေါ်တွင် ကင်းရှိနေသဖြင့် ထန်းရည်ကို စိမ်ပြေနပြေ မော့သောက်နေသော ကိုဘဲမြီးကို အပေါ်ကနေလှမ်းပြောရသေး၏။

"ဘဲမြီး၊ ငါ့အတွက်လည်း ချန်ဦးနော် ဟေ့ကောင်"

"အင်းပါဟာ၊ တစ်ဝက်ပဲသောက်မှာပါ၊ ဇိမ်ပျက်လိုက်တာ"

ဟု ပြောပြီး ဆက်သောက်နေ၏။ ထန်းရည်မှာ အချဉ်ဓာတ်အနည်းငယ် သာရှိကာ ချိုဆိမ့်၍ နေ၏။ ထန်းရည်ချိုသော်လည်း သောက်နေဆဲမှာပင် တရိပ်ရိပ်တက်ကာ မူးဝေလာသည်မှာ အံ့သြစရာတော့ကောင်း၏။

အမှန်သော် ပင်ကျရည်သည် သောက်ပြီး၍ အနည်းငယ်ကြာမှသာ ဒီဂရီတဖြည်းဖြည်းတက်လာပြီး မူးသော အမျိုးဖြစ်သော်လည်း ယခုမူ သောက်ရင်းပင် မူးဝေလာရာ ကိုဘဲမြီးသည် အိုးကိုချကာ မျက်စိမှိတ်ထားလိုက်၏။

လောကကြီး ချာချာလည်မှ မူးဝေလာပြီးနောက် အမူးဒဏ်ကိုမခံနိုင်တော့သော ကိုဘဲမြီးသည် တဝေါ်ဝေါ် ထိုးအန်ပြီး သတိလစ်သွားလေတော့သည်။ ထိုသည်ကို မြင်ရသောအခါ ကိုမှတ်ကြီး သရက်ပင်ပေါ်မှ ကသောကမျော ပြေးဆင်းလာကာ ကိုမဲကြီးကို သတိမရနိုင်တော့ဘဲ ကိုဘဲမြီးကို ပြုစုရလေ၏။

ကိုဘဲမြီးသူပြီ

ကိုမှတ်ကြီးမှာ ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ ကိုဘဲမြီးကို ပွေ့ပိုက်ပြီး အတန်တန် လှုပ်၍ခေါ်၏။ ကိုဘဲမြီးသည် ပါးစပ်မှ သွားရည်များထွက်ကာ မျက်ဖြူလန်၍မေ့နေ၏။

အတန်ကြာမှ အိပ်ရာမှနိုးသကဲ့သို့ မျက်စိဖွင့်ကြည့်ကာ ကိုမှတ်ကြီးကို တဟဲဟဲရယ်မောပြလေ၏။ ပြီးလျှင် လူးလဲထပြီး ဘုရားများပတ်၍ပြေးနေသဖြင့် ကိုမှတ်ကြီးသည် အတင်းလိုက်ကာ ဆွဲ၏။ ထိုအခါ ပုဆိုးကျွတ်ကျန်ခဲ့ပြီး ဆက်ပြေးပြန်၏။ နှုတ်မှလည်း ကလေးတစ်ဦးပမာ လိုက်တမ်းပြေးတမ်း ကစားသည့်နှယ် 'စိန်ပလိန်တိန် မုန့်ကြီးလိမ်၊ ငါ့ကို မိအောင်ဖမ်းကွ' ဟု အော်ကာ ထန်းပင်နှင့် ဘုရားများကြားတွင် ပတ်ပြေးနေရာ ဒုတိယအကြိမ် အကျီကို ဆွဲမိပြန်၏။ ကြယ်သီးတပ်မထားသောအကျီမှာလည်း ကျွတ်ကျန်ရစ်ကာ အောက်ခံဘောင်းဘီတို့မျှသာ ကျန်တော့၏။ ကိုမဲကြီးလာခဲ့သော် သူ့ဆိုးမိပေတော့မည်။

ကိုမှတ်ကြီးသည် ကိုဘဲမြီးအား မကောင်းဆိုးဝါးခေါ် အပမ်ိုပြုဟူ၍ ထင်မှတ်လိုက်လေ၏။ သို့ကြောင့် ကိုဘဲမြီးကို မိအောင်ဖမ်းကာ ရွာသို့ခေါ်သွားနိုင်မှ တော်ရုံကျမည်ဆိုပြီး နှုတ်မှလည်း 'ဟေ့ကောင် ဘဲမြီး၊ ငါလေ မှာ်ကြီးပါကွ။ သတိထားပါဦး' ဟု အကြိမ်ကြိမ် အော်ကာ ဖမ်းချုပ်ရန် ကြိုးစားနေရ၏။

အရွယ်မှာ (၃၀) နှစ်ကျော်၊ (၄၀) နှစ် ဝန်းကျင်အရွယ်များမို့ အားကောင်းမောင်းသန်အရွယ်များဖြစ်သလို ဗလလည်း တူညီနေသဖြင့် ဖမ်းရန်ခက်နေ၏။ သို့သော် ကိုမှတ်ကြီးကို မှတ်မိဟန်ရှိ၏။ အဘယ်ကြောင့်ဆိုသော်-

"မှတ်ကြီး၊ မင်းလိုက်အလှည့်မှာ ငါတောင် မိအောင်မဖမ်းနိုင်ဘူး။ အတော်ညံ့တဲ့ကောင်။ ဘုန်းကြီးက မင်းကို ခဏခဏရိုက်တာ နည်းနေသေးတယ် ဟားဟားဟား။ ကဲ - ငါလိုက်မယ့်အလှည့် ရောက်ပြီ၊ မင်း လွတ်အောင် ပြေးပေတော့။ ဘဲမြီးတဲ့ကွတစ်မြီးတည်းရှိတာ။ ဟေ့ကောင်မှတ်ကြီး ပြေးလေ"

ဟု ဆိုလေမှ ကိုမှတ်ကြီးသည် ကို ဘဲမြီး စိတ်ဖောက်ကာ ကလေးစိတ်ပေါက်နေပြီး ကျောင်းနေစဉ်တုန်းက ကစားခဲ့သော ခွေးလူးလိုက်တမ်းကစားသည်ကို အမှတ်ရနေကာ ယခုလည်း စိတ်လွတ်ကိုယ်လွတ် ခွေးလူးလိုက်တမ်းကစားနေခြင်း ဖြစ်သည်။ အံ့သြဖွယ် ကလေးဘဝသို့ စိတ်ပြန်ရောက်သွားခြင်း ဖြစ်၏။

ခုန ကိုမှတ်ကြီးကို ခွေးလူးနေရာထားကာ သူ့ကိုမိအောင်လိုက်ဖမ်းခိုင်းခြင်းဖြစ်ပြီး ယခုတစ်ဖန် သူ ခွေးလူးလုပ်ကာ ကိုမှတ်ကြီးကို လိုက်ဖမ်းမည်ဖြစ်၍ ပြေးခိုင်းနေခြင်း ဖြစ်၏။ ရသောအခွင့်အရေးကို လက်လွတ်မခံသော ကိုမှတ်ကြီးလည်း 'ကဲ- မိအောင်လိုက်ဖမ်းပေတော့၊ စိမ်ပြီ ဘဲမြီးရေ' ဟု အော်ကာ ရွာသို့ ခြေကုန်သုတ်လေတော့၏။

ကိုဘဲမြီးကလည်း နောက်က အတင်းလိုက်ရာ ခဏနှင့်ပင် ရွာတွင်းသို့ ဝင်လာပြီး ကိုမှတ်ကြီးက ရှေ့ကပြေး၏။ ကိုဘဲမြီးက ကိုယ်တုံးလုံးဖြင့် နောက်က အတင်းလိုက်နေ၏။

လူတွေက မူးပြီးရန်ဖြစ်နေတယ် ဟုထင်ကာ ရပ်ကြည့်နေကြ၏။ ကိုမှတ်ကြီးသည် ကိုဘဲမြီးအိမ်ရှိရာသို့ တန်းနေအောင်ပြေးကာ ပါးစပ်မှလည်း-

"လုပ်ကြပါဦးဗျို့၊ ဘဲမြီး တောထဲက စိတ်ဖောက်လာလို့ ဝိုင်းဖမ်းပေးကြပါဦး"

ဟု အကူအညီတောင်းရလေ၏။

ကိုဘဲမြီးသည် တဟားဟားရယ်မောကာ မမောတမ်းလိုက်နေသော်လည်း ရှေ့က ပြေးနေရသော ကိုမှတ်ကြီးမှာ မောလှပြီ ဖြစ်၏။ ယောကျ်ားအချို့ အကူအညီပေးရန် ပြေးလိုက်လာကြ၏။

ကိုဘဲမြီးတို့အိမ်ရောက်သောအခါ ကိုမှတ်ကြီးသည် မဟန်တော့ဘဲ မောဟိုက်ကာ လဲကျသွားတော့၏။

ထိုအခါ ကိုဘဲမြီးက ဖမ်းချုပ်ထားပြီး ကိုယ်ပေါ်တက်ခွကာ-

"ကဲ့- ဟေ့ကောင် မှတ်ကြီး၊ မင်းလွတ်အောင်ပြေးနိုင်သေးလားကွ ဟားဟားဟား။ ဒီတစ်ခါ မင်းခွေးလူးအလှည့်၊ ငါပြေးမယ်"

ဟူ၍ ကလေးတစ်ယောက်ပမာ သဘောကျစွာရယ်မောနေတော့၏။ ထို့အခိုန်တွင် ပါလာသူ လူ(၄)(၅)ဦးသည် ကိုဘဲမြီးကို ဝိုင်း၍ ဖမ်းချုပ်တာ လက်ခြေတို့ကို နွားချည်ကြိုးဖြင့် တုပ်လိုက်ကြတော့၏။

www.burmeseclassic.com

ထိုအခါ ကိုဘဲမြီးက-

"ဟေ့ကောင်တွေ၊ ငါကျောင်းပြေးတာမဟုတ်ဘူး။ ကျောင်းပြေးတာမဟုတ်ဘဲ ဘာလို့ ငါ့ကိုကြိုးနဲ့တုပ်တာလဲ။ ငါတို့ဟာငါတို့ ခွေးရူးလိုက်တမ်းကစားနေတဲ့ဟာ"

ဟူ၍ မကျေမနပ်ဆိုလေ၏။ ထို့နောက်တွင်မူ ကိုဘဲမြီးအား အိမ်ပေါ်ဝိုင်းတင်လိုက်ပြီး ဖြစ်ကြောင်းကုန်စင်ကို ကိုမှတ်ကြီးက အမှန်အတိုင်း ပြောပြလိုက်၏။

ထိုအခါ လူတို့သည် ဘုရားသုံးဆူတောသည် ကြမ်းကြောင်း၊ မှားရှိမရကြောင်း၊ တစ်ခုခုမှားရှိ အပမ်းကြောင်း ပြောကာ အလယ်ပိုင်းရပ် မနီးမဝေးရှိ မြန်မာ ဗိန္ဒောဆရာကြီး ဦးရွှေမင်းကို သွားပင့်ကြလေ၏။

ကလေး (၃)ယောက်မှာ ကျောင်းအိပ်ကျောင်းစားမို့ အိမ်ကိုရောက်မလာသေးပါ။ မတင်လှမှာ ခင်ပွန်းအတွက် သောကဖြစ်ရရှာလေ၏။

သူတို့သည် စီးပွားရေး အထိုက်အလျောက် ပြေလည်သူများဖြစ်ရာ ကိုဘဲမြီးသည် ထိုသို့ ပျော်ချိန်ပါးချိန်များများရနေခြင်း ဖြစ်သည်။ အမှန်သော် ကိုဘဲမြီးသည် သဘောကောင်းသော လူနောက်လူပျော် ဖြစ်လေ၏။ သူများကဲ့သို့ သွေးမဆိုးပါ။

ပယောဂိမဟုတ်

ကိုဘဲမြီးအိမ်သည် ခဏအတွင်း ပွဲဖြစ်သွား၏။ 'ကိုဘဲမြီး တောထဲက အပမ်းပြီး ရူးလာတာ၊ အခု ကြိုးနဲ့တုပ်ထားရတယ်တဲ့' ဟူသော သတင်းသည် သူတို့နားဝန်းကျင် ပြန့်သွားသောအခါ ကြည့်သူတို့ ကျိတ်ကျိတ်တိုးနေ၏။ ကိုဘဲမြီးကား ကလေးတစ်ယောက်ပမာလိုပြော၍ တရုပ်ရွှပ်ငိုနေလေ၏။

ပိုးပဝါ အဝါရောင်လေး ခေါင်းပေါင်းကာ ပင်နီတိုက်ပုံဝတ်လျက် မြန်မာဆန်လွန်းသော ဗိန္ဒောဆရာကြီး ဦးရွှေမင်း ကြွလာသောအခါ လူတို့ရှုကုန်၏။ ဆေးလွယ်အိတ်ကို ကိုမှတ်ကြီးက ကိုင်လာခဲ့၏။ ဆရာကြီးသည် ခဏစမ်းသပ်လိုက်သည်နှင့်-

"မင်းတို့ဟာ အပမ်ဒီဘာမဟုတ်ဘူး ကွယ်။ပယောဂလုံးလုံးမဟုတ်ဘူး။ မောင်မှတ်ကြီး၊ မင်းတို့ဖြစ်ပုံပြောပြစမ်း"

ဟု ခိုင်းရာ ကိုမှတ်ကြီးက ထန်းရည်ဆိုင်၌ အစွန်းအငြိရှိသည်မှစပြီး ဘဲမြီးနှင့် တိုင်ပင်ကာ ထန်းရည်ခိုးသောက်ပြီး ကိုမဲကြီးကို လက်စားချေကြကြောင်း၊ ဒုတိယနေ့ ယနေ့သောက်အပြီးမှာ ခုလို စိတ်ဝေဒနာ ခံစားရကြောင်း ပြောပြသောအခါ ဦးရွှေမင်းသည် ရှေ့တွင် ခေါနေသော သွား(၂)ချောင်းပေါ် အောင်ပြီးကာ အောက်ပါအတိုင်း ရှင်းပြလေ၏။

"မင်းတို့က မှားကာကိုးကွ၊ မင်းတို့မှားလို့ ဟိုက မင်းတို့ကို ပညာပေးတာ။ တို့ဆီမှာ လူတွေက အလေးမထားတဲ့ ပဒိုင်းသီးဆိုတာ ရှိတယ်။ သူ့ကိုစားမိရင် တစ်ရက်တိတိ စိတ်ဝေဒနာခံစားရတတ်တယ်ကွ။ ပင်ကိုစိတ် ပျောက်သွားပြီး မိုက်ရင်မိုက်စရိုက်၊ ပျော်ရင်ပျော်စရိုက် ဝင်ပြီး စိတ်ဖောက်တတ်တယ်။

အခု မင်းတို့ ပဒိုင်းသီးအဆိပ်မိလာတာပဲ။ ထန်းရည်နဲ့ ပေါင်းမိတော့ စိတ်ဖောက်လို့ပိုကောင်းတာပေါ့ကွာ။ မူးဝေမယ်၊ အော့အန်မယ်၊ သတိလစ်ပြီး စိတ်ဖောက်မယ်။ ပြီးရင် ပြန်ကောင်းလာမယ်။ ပြေးလွှားရုန်းကန်ထားလို့ ခြေလက်မအီမသာဖြစ်မယ်။ သူ့ဆိုးကျိုးက ဒါပါပဲ၊ ဒီထက်မပိုပါဘူး။ ငါ ဆေးတစ်ခွက်တိုက်ခဲ့မယ်။ သူအိပ်ပျော်သွားလိမ့်မယ်။ နွေးနွေးထွေးထွေး အိပ်ပါစေ။ အိပ်ရာကနိုးတဲ့အခါ သတိပြန်လည်လာမယ်။ ဒါပေမယ့် ကိုက်ခဲနေမယ်၊ ခေါင်းတွေအုံ့နေမယ်။ ဒါလောက်ပဲ ကိစ္စမရှိပါဘူး

ဟု ပြောကာ ဖန်ပုလင်းပိတ်လှလှလေးပါသော ပုလင်းထဲမှ ဆေးအနည်းငယ်ထည့်ကာ ရေနွေးဖြင့်ဖျော်၍ ချော့မော့ကာ တိုက်ကြ၏။ ဆရာကြီးလည်း ပြန်ကြွသွား၏။ အတန်ကြာသော် ကိုဘဲမြီး အိပ်ပျော်သွားသဖြင့် ကြိုးများ ဖြေကာ နွေးနွေးထွေးထွေး သိပ်လိုက်ကြလေ၏။

ကိုမှတ်ကြီးတို့သည် ကိုယ့်အပြစ်နှင့်ကိုယ်မို့ တုတ်တုတ်မှ မလှုပ်ရဲကြပါ။ ကိုမဲကြီးကိုလည်း သွားမပြောရဲကြပါ။ ထို့၏အကျိုးဆက်သည်ကား ကိုဘဲမြီး၊ ကိုအောင်ဒင်၊ ကိုမှတ်ကြီးတို့ သုံးဦးရာသက်ပန် အရက်နှင့် ထန်းရည် ပြတ်သွားကြပေတော့၏။ နောင်တတရားရသွားကြတော့၏။ ကိုမဲကြီးနှင့် ပဒိုင်းသီးကို ကျေးဇူးတင်နေသူကတော့ ကိုဘဲမြီး၏ ဇနီး မတင်လှပင် ဖြစ်၏။

ပြန်ကပြေးဘုရားကြီး

"ပြန်ကပြေးဘုရားကြီး ပါတယ် ဆရာရေ့။ ကားရပ်ပြီးမှ ဆင်းပါ။ တောက်ထိန်ရွာပါလား။ တောက်ထိန်၊ တောက်ထိန်"

ဟူ၍ ကားနောက်လိုက်က အော်ကာ ရပ်ပေး၍ တော်ဝင်ကားကြီးပေါ်မှ ကျွန်ုပ် ဆင်းလိုက်သည်။ ဘုရားသုံးဆူနှင့် ဘုရားကြီးကား မဝေးလှပါ။ ထိုတို့တောင်းသော ခရီးစဉ်အတွင်း သေဆုံးကုန်ပြီဖြစ်သော ရွေးလူတို့၏ ရယ်မောဖွယ်အဖြစ်ကို သတိရခြင်း ဖြစ်၏။ တော်ဝင်ကားကြီး တဒြိမ့်ဒြိမ့် ဆက်လက်ထွက်ခွာသွားခဲ့ပြီဖြစ်၍ ကျွန်ုပ်သည် ဘုရားကြီးဘက်ကို လမ်းဖြတ်၍ ကူးခဲ့ပြီး ဘုရားကြီးအား လှမ်း၍ကြည့်ညိုလိုက်၏။

ကျွန်ုပ်တို့ငယ်စဉ်က ထိုဘုရားကြီးမတည်ရသေးပါ။ ပြန်ကပြေး အနောက်ပိုင်းရပ်မှ သူဌေးဦးအောင်သောင်း၊ ဒေါ်မြကြည်တို့၏ တစ်ဦးတည်းသောသားလေး မောင်တင်မောင်ဝင်း မြင်းစီးရာမှ မြင်းပေါ်မှ လိမ့်ကျသေဆုံးသွားသဖြင့် မိဘများ အရူးမီးပိုင်းသည့်နှယ် ခံစားကြရပြီးမှ အရွယ်မရောက်သေးသော ကံဆိုးသည့်သားလေးအတွက် ရည်စူးကာ သူတို့အပိုင်မြေအား သာသနာတော်ကို ရည်စူးကာ မဟာစည်ရိပ်သာတည်လေ၏။

ထိုရိပ်သာအား မန္တလေး မစိုးရိမ်တိုက်တွင် စာချနေသော သာသနဓဇ သီရိပဝရ ဓမ္မာစရိယ ဝိနယဝါဠိ ပါရဂူ ဘဒ္ဒန္တဇဋိလအား ရေစက်ချ၍ လျှဒါန်းခဲ့ပါသည်။ ထိုစဉ်က ဆရာတော်မှာ သက်တော် (၂၇) နှစ်အရွယ်မျှသာ ရှိသေးသော ထက်မြက်သည့် ရဟန်းတော် ဖြစ်ပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် ဆရာတော် သက်တော် (၇၄) နှစ်ရှိပြီး ဆရာတော်ကြီးမှာ ရန်ကုန် ကုက္ကိုင်း မဟာစည်ရိပ်သာတွင် သီတင်းသုံးကာ ပဋိပတ္တိသာသနာ့တာဝန် ထမ်းရွက်လျက်ရှိပေ၏။ ပြန်ကပြေးတွင် ကိုယ်စားတစ်ပါးထား၏။

ဝါ၊ ယာကျွန်းပင်တို့ဖြင့် လှုပဖြောင့်တန်းနေသော နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးရပ် လမ်းမကြီးကို ကြည့်ကာ မရှိတော့ပြီ ဖြစ်သော ရွေးလူတို့ကို အောက်မေ့ သတိရနေမိလေ၏။

(ဦးကျော်ရှိန်း၊ ဦးခင်မောင်မြင့်၊ ဦးခင်မောင်တင့်တို့သို့ အမှတ်တရ)

ချမ်းမြေ့ကြပါစေ

မိုးကုတ်ကျော်ကျော်စိုး

www.burmeseclassic.com

www.burmeseclassic.com

(သုံးဆယ်)

ကျော်ထက်ခေါင်

အိပ်မက်ပေးသော
ငွေမတ်စေ့ပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com

ပွင့်လင်းရာသီခွင်ကို ရောက်ရှိလာလေသည်။ ပန်းရန်ဆရာများ အလုပ်များလာကြသည်။ အဆောက်အအုံသစ်များ၊ အဟောင်းများ ပြန်လည်တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများက တစ်နေ့မှ မအားရလေအောင် လုပ်ကိုင်ကြရလေသည်။ တစ်ခါတလေ အရေးပေါ် အုတ်ဂူများ ပြုလုပ်ပေးရသေးသည်။ ပန်းရန်ပညာတတ်သူတိုင်း အုတ်ဂူလုပ်ရန် ခဲယဉ်းသည်။ အုတ်ဂူပြုလုပ်နည်း နှစ်မျိုးရှိသည်။ ထိုးခေါင်းပြုလုပ်နည်းနှင့် ကန်ဆယ်ခေါင်းပြုလုပ်ခြင်းတို့ဖြစ်သည်။ ထိုးခေါင်းပြုလုပ်ရာတွင် မြေကြီးကို အနက်ကြီးတူးစရာမလိုအပ်ပေ။ ကန်ဆယ်ခေါင်းပြုလုပ်လိုလျှင်တော့ မြေကြီးကို အနက်ကြီးတူးရသည်။

တစ်နေ့တွင် ပန်းရန်ဆရာ ဦးသောင်းတင်သည် သေသူ ဦးဘဦး၏ အုတ်ဂူပြုလုပ်ရန်အတွက် ပေါက်တန်းသချိုင်းမြေသို့ ရောက်ရှိလာခဲ့သည်။ တပည့်လုပ်သူက ပေါက်ပြား၊ ပေါက်တူး၊ သန်လျက်၊ မဆလာဒယ်အိုးများ သယ်ဆောင်၍ အတူရောက်လာကြသည်။ သချိုင်းမြေထဲတွင် အုတ်များ၊ သဲများ အစဉ်သင့် ရောက်ရှိနေသည်။ ပေါက်တန်းသချိုင်းမြေကို အဝေးကလှမ်းကြည့်လျှင် အုတ်ဂူများက နွားအုပ်များကဲ့သို့ ဖွေးဖွေးလှုပ်နေတာကို မြင်တွေ့ရသည်။ ခဏအကြာတွင် သေဆုံးသူ၏ အမျိုးများနှင့် ပန်းရန်ဆရာတို့ အုတ်ဂူပြုလုပ်ရန်အတွက် မြေနေရာကို ရွေးချယ်နေကြသည်။ ချဲ့နွယ်များ ထူထပ်နေသော လမ်းနှင့်ဝေးသောနေရာကိုလည်း မဖြစ်စေချင်ကြသည်။အရိပ်အာဝါသကောင်းသော ကုက္ကိုပင်ကြီးနှင့် မနီးမဝေး မြေနေရာကို ရွေးချယ်လိုက်ကြသည်။ ရေညှိများတက်နေသော အုတ်ဂူအဟောင်းကြီးဘေးနားတွင် နေရာအတိအကျ ရွေးချယ်ပြီး တပည့်လုပ်သူကို မြေပေါက်ခိုင်းလိုက်သည်။

ဦးဘဦး၏ အုတ်ဂူကို ကန်ဆယ်ခေါင်းပြုလုပ်ပေးရမှာဆိုတော့ မြေကြီးကို နက်အောင်တူးရမှာ ဖြစ်၏။ တပည့်တစ်ယောက်တည်း လည်းမရ။ တစ်ယောက်တစ်လှည့်စီ တူးဖော်နေရင်းက အောက်ဘက်တွင် အရိုးစုများကို တွေ့ရလေသည်။ နှစ်ပေါင်းအကြာကသေခဲ့သော အရိုးများကို ဖယ်ရှားပစ်နေရသည်။ သချိုင်းတွင် မြေနေရာ တောင်းယူပြီးလျှင် နောက်ထပ် တစ်နေရာ ပြောင်းရွှေ့တူးကြခြင်း မရှိကြပါ။ မြို့ပြီးသားအ လောင်းပေါ်တွင် ထပ်နေသော်လည်း အရိုးတွေကို ဖယ်ရှားပစ်ရသည်။ မြေကြီးကို တူးဖော်ပြီးတော့ ဆရာ၊ တပည့်နှစ်ယောက် အောက်ခြေပိုင်းကို စတင်ပြုလုပ်ကြဖို့ အုတ်များကို ရေစွတ်၊ ဘီလပ်မြေစပ်ခြင်းလုပ်ငန်းများကို ပြုလုပ်ကြသည်။ အချိန်က (၁၂)နာရီကျော်နေပါသည်။ ဗိုက်ဆာလာသဖြင့် အိမ်က ပါလာသော ထမင်းချိုင့်နှင့် ရေဘူးကို ယူပြီး နှစ်ဦးသား ထမင်းစားကြပါတော့သည်။

နေ့လယ်စာ ထမင်းစားပြီးချိန်တွင် တစ်အောင့်တစ်နား အနားယူနေစဉ် တူးထားသောကျင်းပေါင်ပေါ်က မြေစာများကို လှမ်းကြည့်မိလိုက်သည်။ လူရိုးတွေကြားက ကြေးညှိတက်နေသောငွေတစ်မတ်စေ့တစ်စေ့ကို တွေ့လိုက်ရသည်။ ဆရာလုပ်သူ ဦးသောင်းတင် လှမ်းကောက်ယူလိုက်သည်။ လူတွေသေဆုံးတိုင်း ပါးစပ်ထဲကို ကူးတို့ခအဖြစ် ထည့်ပေးနေကျ ဖြစ်သည်။ ဦးသောင်းတင်က ငွေတစ်မတ်စေ့ကို ပွတ်သပ်နေသည်။ အနီးက တပည့်လုပ်သူသည် လှမ်းမေးလိုက်သည်။ ပျော်စေပြက်စေ အမြဲပြောတတ်သော ဦးသောင်းတင်က နောက်ပြောင်သလို ပြောလိုက်လေသည်။

"ပွတာပဲကွ၊ ငါတို့ စွေးရောင်းကောင်းအောင် လာဘ်ခေါ် ပေးမယ့် လာဘ်ခေါ် ငွေတစ်မတ် ရတာကွ။ ကဲ-ပိုက်ဆံပိုင်ရှင်၊ ငါ့ကဲ့ အတူလိုက်ခဲ့ပေတော့"

ဟု ခေါ်လိုက်လေသည်။

တပည့်လုပ်သူ အလွန်ကြောက်သွားပြီး မေးလက်စစကားကို ဆက်မမေးဘဲ ရပ်ပစ်လိုက်ရသည်။ ဦးသောင်းတင်သည် ငွေတစ်မတ်စေ့ကို အိတ်ကပ်ထဲထည့်လိုက်ပြီး အုတ်စီခြင်းလုပ်ငန်းကို စတင်လိုက်တော့သည်။ ညနေစောင်းတော့ ပန်းရန်ဆရာ ဦးသောင်းတင်တို့ အိမ်ပြန်လာခဲ့ကြသည်။ အိမ်ရောက်တော့ ကောက်ယူလာသော တစ်မတ်စေ့ကို အပေါက်ဖောက်ပြီး စွေးဆိုင်အနီးတွင်ချိတ်ဆွဲထားလိုက်သည်။ အုတ်ဂူက နှစ်ရက်ဆက်တိုက် လုပ်ရသည်။ အသုဘဂူသွင်းပြီးမှ လုပ်ငန်းက ပြီးဆုံးခဲ့ရသည်။

ပန်းရန်ဆရာ ဦးသောင်းတင်သည် ရပ်ကွက်အတွင်း၌ ကုန်မျိုးစုံရောင်းသော ဆိုင်ကလေး ဖွင့်ထားသည်။ စွေးဆိုင်က ယခင်လများထက် စွေးပိုရောင်းကောင်းသည်။ စွေးဝယ်သူများ မစဲရလေအောင် အလွန်ရောင်းကောင်းလေသည်။ ထူးခြားမှုတော့ပြနေသည်။ လမ်းထဲတွင် စွေးဆိုင်သုံးဆိုင် ရှိပါသည်။ ဦးသောင်းတင် ငွေတစ်မတ်စေ့ကို ယုံကြည်စွာ အသုံးပြုထားလိုက်တော့သည်။ ညအချိန်ရောက်လေတိုင်း အိမ်အောက်ကခွေးညိုမက စွေးဆိုင်တိုင်ပေါ် ကိုမော့ပြီး ဟောင်နေသည်။ ဦးသောင်းတင်က သိနေသည်။ ဇနီးကြောက်မှာစိုးသဖြင့် တစ်မတ်စေ့အကြောင်းကို မပြောခဲ့ပေ။ ဦးသောင်းတင်က ဗဟုသုတ ပြည့်စုံလေသည်။ ရပ်ကွပ်ထဲက ဖဲရိုက်သွားသူများသည် ညောင်ပင်ကဖြစ်စေ၊ သရက်ပင်မြေကဖြစ်စေ သရဲတစ္ဆေများကို အကူအညီတောင်းယူ ခေါ်သွားကြသည်။ ခေါ်သောနေ့တွင် ဖဲနိုင်ခဲ့ဖူးခြင်းကို ဦးသောင်းတင်က ကြားဖူးနားဝရှိသည်။ ထို့ကြောင့် သူ ယုံကြည်စွာပြုလုပ်ထားခြင်း ဖြစ်လေသည်။

တစ်ခါတုန်းက ထူးဆန်းသော အကြောင်းတစ်ခုကို ကြားဖူးလိုက်သည်။ ကျွဲအင်းရွာကလေးအနီးတွင် ဖြစ်သည်။ လမ်းဟောင်းများ အသစ်တိုးခဲ့ဆောက်လုပ်ရန် စီမံကိန်းတစ်ခုပြုလုပ်စဉ်က ဖြစ်သည်။ လမ်းဘေးဝဲယာတွင် မလွတ်လပ်သော သချိုင်းမြေများကို ဖျက်ဆီး၍ နေရာသစ် ပြောင်းရွှေ့ပေးသောအခွင့်အရေး ဖြစ်သည်။ မြေထိုးစက်များ၊ မြေသယ်ကားများ၊ မြေတူးဖော်ရေးကားကြီးများဖြင့် မြေလှန်ပစ်ရလေသည်။ အုတ်များ၊ ကျောက်များ၊ မြေကြီးများနှင့် ရောထွေးနေသော မြေစာများကို နေရာသစ် သချိုင်းမြေကို ပို့ရမည်ဖြစ်သည်။

မြေကြီးသယ်သော ကားဆရာသည် အလွန်ကြောက်သဖြင့် အရက်မူးအောင် သောက်ထားရလေသည်။ မြေသယ်ပို့ရန်အတွက် ကားကိုမောင်းလာခဲ့သည်။ ကားဆရာ၏နားထဲတွင် လူတွေဆူညံသံတွေသာ ကြားနေရပါသည်။ ကယ်ပါယူပါနှင့် ကလေးသံ၊ လူကြီးသံများ ဆူညံစွာကြားနေရပါသည်။ မြေထိုးကားကြီးကလည်း ထိုးထားသော မြေကြီးများကို မြေသယ်ကားပေါ် တင်ပေးနေသည်။ ကားတစ်စီးစာ ပြည့်သွားတော့ ထွက်ဖို့ပြင်ရလေသည်။ ကားဆရာသည် အရက်မူးမူးနှင့် နောက်ပြောင်လိုက်သည်။

"ကဲကဲ- နင်တို့ကို နေရာပြောင်းပေးနေတာ ငိုမနေကြနဲ့။ တက်တက်၊ ငါ့ကားပေါ် အားလုံးတက်ကြ"

လို့ ပြောလိုက်လေသည်။

ကားကို စက်နှိုးပြီး မောင်းလိုက်လေသည်။ ကားကြီးသည် မောင်းလို့မရတော့ပေ။ ချိုင့်လည်းမရှိ၊ မြေကြီးကားဘီးလည်းမနစ်ဘဲ ကားကြီး ဝန်သလိုဖြစ်နေ၏။ ထွက်လို့မရတော့ပေ။ ကားဆရာမှာ အမျိုးမျိုးရွေ့လျားနောက်

www.burmeseclassic.com

www.burmeseclassic.com

လူမိုး(ပညာရေး)

သတ္တဝါလောကနှင့် အတုဝိဇ္ဇာများ

၁၉၇၀ ပြည့်နှစ်ခန့်က ကျွန်တော် တို့မြန်မာနိုင်ငံမှ မြန်မာဘာသာဖြင့်ထုတ် ဝေသော သတင်းစာများ၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် ရေဆင်အကြောင်း ရေးသားကြသည့် ဆောင်းပါးများကို လူအများက စိတ်ဝင်စားကြ၍ သဲသဲမဲမဲ ဖတ်ခဲ့ကြ၏။

အမှန်အားဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ရေဆင် ဆိုသော သတ္တဝါ တစ်ကောင်ရှိသည်ဟု ကြားခဲ့ရ ဖူးသည်။ ကုန်းပေါ်ရှိဆင်များနှင့် တူပြီး အရွယ်အားဖြင့် အလျား (၄) လက်မခန့် ရှိသည် ဟူ၍လည်း ဆိုသည်။ ပါးစပ် ပြောသတင်းများအရ ရေဆင်အထီးမှာ ကုန်းပေါ်ရှိ ဆင်အထီးကြီးများကဲ့သို့ အစွယ်များပါသည် ဟူ၍လည်း သိရှိ ထားကြသည်။

ရေဆင်ဟု အများက ကင်ပွန်း တပ်ခဲ့ခြင်းမှာ ငါး စသော ရေနေသတ္တ ဝါများကဲ့သို့ ရေထဲတွင် ကျက်စားသဖြင့် ဖြစ်၏။ ဤကဲ့သို့ ရေဆင်ရှိသည်ဟူသော သတင်းကို ယုံကြည်သူများရှိသကဲ့သို့ မယုံကြည်သူများလည်း ရှိကြ၏။ ယုံ ကြည်သူများကမူ ရေဆင်သည် ရေထဲ တွင်သာမက ကုန်းပေါ်တွင်လည်း အ ချိန်အတော်အသင့်နေနိုင်သည်ဟု ဆို ကြသည်။ ထိုရေဆင်တို့ကို ကျွန်တော်တို့ မြန်မာနိုင်ငံ ချင်းတွင်းမြောက်ဖျားဒေသ နှင့် ပဲခူးရိုးမအနောက်ဘက်ရှိ အင်းအိုင် များတွင် တွေ့ကြရသည်ဟု ဆိုသည်။ အချို့ကမူ ရေဆင်ကို ရခိုင်ကမ်းရိုးလွန်း ဒေသနှင့် တနင်္သာရီကမ်းရိုးတန်းဒေသ များရှိ မြစ်ချောင်းများတွင်လည်း တွေ့ ကြရသည်ဟု သတင်းများက ဖော်ပြခဲ့ ပါသည်။

သူပြောကိုယ်ပြော ပါးစပ်ပြော သတင်းများအရ ရေဆင်ကို ကုန်းနေ ဆင်ကြီးများက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြသည်ဟုလည်း သိရ၏။ ရေ ဆင်ကိုက်လျှင် ကုန်းဆင်ကြီးများ သေ ဆုံးသည် ဟူ၍လည်း လူအများက ယုံ ကြည်ကြသည်။ ရေဆင်အသေကောင် အခြောက်ကို ဆင်များကြောက်ကြသည် ဆုတ်လိုက် အထပ်ထပ်ပြုလုပ်သော် လည်း ကားမှာ မရွေ့လျားတော့ပေ။ လက်လျှော့၍ စဉ်းစားလိုက်သည်။ သူ နောက်ပြောင်ခဲ့သောစကားကို သတိပြန် ရမိသည်။ ပြန်ပြောရပြန်လေသည်။

"ဟဲ့ဟဲ့- အားလုံးမတက်ကြနဲ့ဦး၊ ပြန်ဆင်းကြပါဦးဟ။ ငါ့ကားကြီး မရုန်း နိုင်တော့ဘူး။ ကားနိုင်သလောက်သာ တက်ခဲ့ကြပါဟ"

လို့ ပြောလိုက်တော့မှ မြေသယ် သောကားကြီး ဘီးလှိမ့်ထွက်ခွာလို့ရ တော့သည်။

တစ်နေ့တွင် ဦးသောင်းတင်၏ဇနီး ဖြစ်သူ စွေးဝယ်ထွက်လာခဲ့လေသည်။ ငါးစွေးတန်းထဲရောက်လာတော့ ဒေါ် ချောက လှမ်းနှုတ်ဆက်လိုက်သည်။ ဦး သောင်းတင်သည် တစ်ခါက ဒေါ်ချော အိမ်တွင် ပန်းရန်လုပ်ပေးခဲ့သည်။

"ဟဲ့ဟဲ့- ကလေးမလေး၊ လာပါ ဦးအေ။ နာမည်ကလည်း မေ့နေလိုက် တာ။ မောင်သောင်းတင်တစ်ယောက် ပန်းရန်လုပ်သေးလား"

"လုပ်ပါတယ် အဒေါ်၊ ပန်းရန် လုပ်စရာရှိလို့လား"

"မဟုတ်ပါဘူးအေ၊ အလုပ်ရှိရင် လှမ်းအကြောင်းကြားလိုက်မှာပေါ့။ ဒါ နဲ့ ဘယ်မှာ ပန်းရန်သွားလုပ်သေးလဲ ပြောပါဦး"

"လွန်ခဲ့တဲ့ တစ်ပတ်လောက်က ပေါက်တန်းသချိုင်းကုန်းမှာ ဂူသွားလုပ် သေးတယ် အဒေါ်"

ဒေါ်ချောလည်း အမှတ်မထင် 'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ' ဟု အသံထွက် သွားသည်။

"ဒါဆို ငါ့တူမရယ် မောင်သောင်း တင်ကို ငါဆိုလွှတ်လိုက်ပါဦးအေ။ ဆက် ဆက်လွှတ်နော်"

"ဟုတ်ကဲ့ ဒေါ်ကြီး"

ပြော၍ ပြန်လာခဲ့လေသည်။

အိမ်ပြန်ရောက်တော့ ဇနီးလုပ်သူ သည် ဦးသောင်းတင်ကို အကြောင်းစုံ ရှင်းပြလေသည်။ နောက်တစ်နေ့တွင် ပေပင်ကုန်းရက်ကွက်ထဲက ဒေါ်ချော၏ အိမ်ကို ဦးသောင်းတင် ရောက်လာခဲ့ သည်။ အပျိုကြီးဒေါ်ချောသည် သူမေး ချင်သောအကြောင်းများကို အေးအေး ဆေးဆေး မေးလေတော့သည်။

"ဒီလိုပါ ငါ့တူရယ်၊ အဒေါ်တို့က ညီမသုံးယောက် ရှိတယ်။ လွန်ခဲ့တဲ့(၁၅) နှစ်လောက်က ညီမအငယ် သေဆုံးသွား တယ်။ ပေါက်တန်းသချိုင်းကုန်းမှာပဲ မြေ မြှုပ်သင်္ဂြိုဟ်ခဲ့တယ်။ လွန်ခဲ့တဲ့တစ်ပတ် လောက်က အိပ်မက်ထဲမှာ စကားတွေ လာပြောခဲ့လို့ ပန်းရန်ဆရာတစ်ယောက် က သူ့ကိုခေါ်သွားခဲ့လို့ ငွေတစ်မတ်စေ့ နဲ့ သူ့ကို ပြန်ခေါ်ပေးပါလို့ အိပ်မက် ခဏခဏလာပေးနေတယ်။ ငါ့တူများ တို့က်ဆိုင်လေမလားလို့ ခေါ်မေးခဲ့ရတာ ပါ။ မဟုတ်ဘူးဆိုရင်လည်း အဒေါ်ကို ခွင့်လွှတ်ပါကွယ်"

ကြည်သူများကမူ ရေဆင်သည် ရေထဲ တွင်သာမက ကုန်းပေါ်တွင်လည်း အ ချိန်အတော်အသင့်နေနိုင်သည်ဟု ဆို ကြသည်။ ထိုရေဆင်တို့ကို ကျွန်တော်တို့ မြန်မာနိုင်ငံ ချင်းတွင်းမြောက်ဖျားဒေသ နှင့် ပဲခူးရိုးမအနောက်ဘက်ရှိ အင်းအိုင် များတွင် တွေ့ကြရသည်ဟု ဆိုသည်။ အချို့ကမူ ရေဆင်ကို ရခိုင်ကမ်းရိုးလွန်း ဒေသနှင့် တနင်္သာရီကမ်းရိုးတန်းဒေသ များရှိ မြစ်ချောင်းများတွင်လည်း တွေ့ ကြရသည်ဟု သတင်းများက ဖော်ပြခဲ့ ပါသည်။

သူပြောကိုယ်ပြော ပါးစပ်ပြော သတင်းများအရ ရေဆင်ကို ကုန်းနေ ဆင်ကြီးများက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြသည်ဟုလည်း သိရ၏။ ရေ ဆင်ကိုက်လျှင် ကုန်းဆင်ကြီးများ သေ ဆုံးသည် ဟူ၍လည်း လူအများက ယုံ ကြည်ကြသည်။ ရေဆင်အသေကောင် အခြောက်ကို ဆင်များကြောက်ကြသည်

ဦးသောင်းတင်၏တိုက်ဆိုင်မှုက အလွန်တိကျနေသည်။ အဖြေမှန်ပေး လိုက်ရတော့သည်။

"ဟုတ်ပါတယ် အဒေါ်ရယ်၊ စွေး ရောင်းကောင်းတယ်လို့ ပြောကြတာနဲ့ ငွေတစ်မတ်စေ့နဲ့အတူ ခေါ်လာမိတယ်။ ဒေါ်ချောညီမရယ်ဘာရယ်မသိခဲ့ပါဘူး"

"ဝမ်းသာလိုက်တာ ငါ့တူရယ်၊ အဒေါ် မထင်မှတ်ပါဘူး။ အံ့ဩဖို့လည်း အလွန်ကောင်းပါတယ်။ မောင်သောင်း တင်သာမဟုတ်ခဲ့ရင် အဒေါ် စိတ်ပူရဦး မယ်။ အရမ်းကျေးဖူးတင်ပါတယ်ကွယ်။ ခုမှပဲ စိတ်အေးရတော့တယ်"

ဒေါ်ချောသည် ပန်းရန်ဆရာ ဦး သောင်းတင်ကို ကျေးဇူးတင်၍မဆုံး တော့ပေသည်။ တစ်ခါတစ်ခါ မထင် မှတ်သောအကြောင်းအရာများက တိုက် ဆိုင်လာတတ်သည်။

ဦးသောင်းတင်နေထိုင်သော ရပ် ကွက်နှင့် ပေါက်တန်းသချိုင်းကုန်းသည် အလယ်တွင် ချောင်းခြားနေပါသည်။ ဦး သောင်းတင် မြေတူးရာလွဲ၍ဖြစ်စေ၊ ငွေတစ်မတ်စေ့ကို, မကောက်ယူခဲ့သည် ဖြစ်စေ ဤဖြစ်ရပ်များဖြစ်လေမည်မထင် ခဲ့ပါသည်။ နောက်တစ်နေ့၌ ဦးသောင်း တင်သည် ကောက်ယူလာသော ငွေတစ် မတ်စေ့ကို ပေါက်တန်းသချိုင်းမြေသို့ ပြန်လည် ပို့ဆောင်ပေးလိုက်ရလေ သတည်း။

ကျော်ထက်ခေါင်(သုံးဆောင်)

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ရေဆင်အကြောင်း ထုတ်ဖော်ရေးသားကြသူများမှာ ကျွန်တော်တို့ လေးစားကြရသော၊ ယုံကြည်ကြရသောပုဂ္ဂိုလ်များ ဖြစ်ကြ၏။ သာဓကအားဖြင့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာကလည်း ပဲခူးရိုးမအနောက်ဘက်ခြမ်း သစ်တောထူထပ်ရာ ရေအိုင်တစ်အိုင်အတွင်းမှ ရေဆင်တစ်ကောင်ကို ကိုယ်တိုင် ဖမ်းဆီးရခဲ့ဖူးသည်ဟု ဆိုသည်။ ဗိုလ်တာရာ၏အဆိုအရ ရေဆင်သည် အလျား (၆) လက်မခန့်ရှိပြီး အမြင့် (၄) လက်မခွဲခန့်ရှိသည်ဟု ဆိုသည်။ ကျွန်တော်တို့ စိတ်ချယုံကြည်ရသော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာကိုယ်တိုင်ကပင် ရေဆင်ကို ကုန်းနေဆင်အများက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ကြသည်ဟု အတည်ပြုပြောကြားခဲ့သဖြင့် လူအများက ရေဆင် ရှိသည်ကို ယုံကြည်ခဲ့ကြ၏။ စာရေးဆရာများ၊ စာနယ်ဇင်းသမားများအဖို့ ရေးကွက်များရသွားကြရကာ ရေဆင်အကြောင်း ဆောင်းပါးများ၊ ဝတ္ထုများ လက်ဆစ်ချိုး ရေတွက်မရအောင် ရေးသား ဖော်ပြခဲ့ကြ၏။ မယုံကြည်သူများကလည်း ယင်းကိစ္စမှာ ယုံတမ်း ဒဏ္ဍာရီသာဖြစ်သည်ဟု ဆိုကြ၏။

သို့သော် ရေဆင်ကိစ္စနှိုင်းချိပ်ရန် အကြောင်းဖန်လာသည်။ ထိုအကြောင်းမှာ ရေဆင်အတုပြုလုပ်သော အတုဝိဇ္ဇာများကြောင့် ဖြစ်၏။ သတင်းမှတ်တမ်းများအရ တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီးထံသို့ ပေးလှူသော ရေဆင်သုံးကောင်ကို သက်ဆိုင်ရာပညာရှင်များက ဓာတ်မှန်ရိုက်ကူးကြည့်ရှုသောအခါ ရေဆင်များမှာ အတုများဖြစ်နေသည်ကို အံ့သြဖွယ် တွေ့ကြရတော့၏။ ထိုရေဆင်ဆိုသည့်အကောင်မှာ အိမ်ကြွက်အသေကောင်များကို အစွယ်တုများ တပ်ထားပြီး ရှေ့ခြေနှင့် နောက်ခြေများကိုလည်း ပြုပြင်ထားသည်ဟု ဆိုသည်။ ထိုရေဆင်ဆိုသည့်သတ္တဝါများကို ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်သတ္တဗေဒဌာနမှ တာဝန်ရှိသူများကလည်း သေသေချာချာ စစ်ဆေး ကြည့်ရှုခဲ့ကြပြီး ကြွက်သေကောင်များကို ရေဆင်အဖြစ် အတုပြုလုပ်ထားခြင်းသာဖြစ်သည်ဟု အတည်ပြု ပြောခဲ့သည်ဟု ထိုစဉ်က မှတ်တမ်းများအရ သိရှိခဲ့ရသည်။

အမှန်အားဖြင့် ဤကဲ့သို့ သတ္တဝါများကို လူအများ ယုံကြည်ထားသော သတ္တဝါများအဖြစ် လက်ခံလာအောင် အတုပြုလုပ်ကြသူ အတုဝိဇ္ဇာများ ရှေးပဝေသဏ္ဌာန်ကပင် ရှိခဲ့သည်ဟု သိရှိခဲ့ကြရ၏။ လူတို့သဘာဝမှာ အသစ်အဆန်းဆိုသည်ကို သိလိုကြသည်၊ သူများမသိသည့်အရာကို မိမိသိသည် ဟူ၍ ဂုဏ်ယူလိုကြသည်။ အများမရှိသောအရာ မိမိ၌ရှိသည်ဟူ၍လည်း ဝင့်ဝါလိုသည်။ ဤပျော့ကွက်ကို သိထားသော မသမာသူ ဝိသမလောကသားများသည် ထူးဆန်းသည့်အရာတွင် ထိပ်ခေါင်ဖြစ်

သည်၊ ထူးပေဆန်းပေသည် စသော ဤလောကတွင် တကယ်မရှိသော၊ တကယ်လည်းမရှိနိုင်သောသတ္တဝါဆန်းများကို စနစ်တကျ ပြုလုပ်၍ ရောင်းချခဲ့ကြသည်။

ဤကဲ့သို့ ဦးကလိမ်များသည် ရှေးပဝေသဏ္ဌာန်ကပင် ယနေ့ထိ တွေ့နေရသည်။ စစ်ကြီးခေတ် ကျွန်တော်တို့ငယ်ငယ် ကျောင်းသားဘဝက ကျင်းပခဲ့သော မန်းစက်တော်ပွဲတော်၊ ကျောင်းတော်ရာဘုရားပွဲတော်များတွင် လူပင့်ကူ ဟူ၍လည်းကောင်း၊ ထူးဆန်းသော ဆင်ပစ်မြွေ ဟူ၍ လည်းကောင်း၊ ထူးဆန်းသော မြွေနဂါး ဟူ၍ လည်းကောင်း ရုံသွင်း၍ ပြသခဲ့ကြသည်ကို တွေ့ခဲ့၊ မြင်ခဲ့ရဖူးသည်။ ကြည့်ရှုပြီးမှပင် လူများ ဖန်တီးထားသောသတ္တဝါများ ဖြစ်နေသည်ကို တွေ့ကြရသည်။

ဤကဲ့သို့ သတ္တဝါများကို အတုအလိမ်ပြုလုပ်၍ စီးပွားရှာစားသော မသမာသူများသည် သမိုင်းအဆက်ဆက် ဒုနှင့်ဒေးရှိခဲ့ကြပါသည်။ သာဓကအားဖြင့် ၁၃ ရာစုနှစ်က မဟာခရီးသည်ဟု ဟိုးဟိုးကျော်ခဲ့သော အီတလီနိုင်ငံ ဗင်းနစ်(စ်)မြို့သား မာကိုပိုလိုသည် သူဖခင်၊ သူဦးလေးတို့နှင့်အတူ အီတလီနိုင်ငံ ဗင်းနစ်(စ်)မြို့မှ တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောမပုပ်ရဟန်းမင်းကြီး၏ သဝဏ်လွှာကို ယူဆောင်၍ ချစ်ကြည်ရေးခရီးသည်များအဖြစ် ထွက်ခွာခဲ့ကြသည်။ ထိုစဉ်က တရုတ်နိုင်ငံတွင် စိုးစံတော်မူသော မဟာကူဗလိုင်ခန်မင်းကြီး၏ အင်ပါယာမှာ အလွန်ကျယ်ဝန်းကြီးမားသော ကြည်းတပ်၊ ရေတပ်ရှိသည်ဟု ဆိုကာ ဥရောပနိုင်ငံအများက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ခဲ့ကြသည်။ တရုတ်နိုင်ငံတော်ကြီး၏ ယဉ်ကျေးမှုအဆင့်မှာလည်း အလွန် မြင့်မားသည် ဟူ၍လည်း ဥရောပနိုင်ငံအများက ယူဆထားကြသည်။ တရုတ်နိုင်ငံမှ ထွက်သောပိုးထည်များကို ဥရောပတိုက် နိုင်ငံအသီးသီးမှ သဘောကျကြသည်။

တရုတ်နိုင်ငံတော်ကြီးနှင့်ရွှေလမ်းငွေလမ်းဖောက်လိုကြသည့်၊ အပြန်အလှန် ကုန်သွယ်လိုကြသည့် ဥရောပနိုင်ငံများသည် လူစွန့်စား မာကိုပိုလို မိသားစုကို တရုတ်နိုင်ငံသို့ စေလွှတ်ခြင်းလည်း ဖြစ်နိုင်ပါသည်။ မာကိုပိုလိုတို့သားအဖနှင့် ဦးလေးတော်သူတို့သည် ဒုက္ခအမျိုးမျိုးကို တတ်နိုင်သလောက် ရှောင်ရှားခဲ့ကြပြီး တရုတ်နိုင်ငံ ကူဗလိုင်ခန်မင်းကြီး၏ ရွှေမြို့တော်သို့ ရောက်ခဲ့သည်။ ကူဗလိုင်ခန်သည် မာကိုပိုလိုအား သားအဖြစ် ချစ်မြတ်နိုးတော်မူခဲ့ရကာ ထိုက်တန်သောရာထူးပေး၍ သူ့အား ခစားစေခဲ့သည်။ ဤသို့ဖြင့် မဟာခရီးသည်ကြီး မာကိုပိုလိုသည် တရုတ်နိုင်ငံတွင် (၁၇) နှစ်ကြာ နေထိုင်ခဲ့သည်။ တရုတ် နိုင်ငံတစ်နံတစ်လျားတွင်သာမက ကျွန်တော်တို့မြန်မာနိုင်ငံသို့ပင် မာကိုပိုလို ခြေချခဲ့သည်ဟု မှတ်တမ်းများကဖော်ပြခဲ့သည်။

ဤဆောင်းပါး တစ်နေရာတွင်

www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြခဲ့သည့်အတိုင်း မာကိုပိုလိုသည် တရုတ်နိုင်ငံ ပေကျင်းတွင် (၁၇) နှစ်တိုင်တိုင် အမှုထမ်းခဲ့ပြီး ဥရောပတိုက်သို့ ရေလမ်းခရီးဖြင့် ပြန်ခွင့်ကြုံလာသည်။ အပြန်ခရီးတွင် ရေလမ်းခရီးဖြင့် ပြန်လာခဲ့ရာ အရှေ့အိန္ဒိယကျွန်းစု (ယနေ့ အင်ဒိုနီးရှား) ရှိ ဆူမတြားကျွန်းတွင် သင်္ဘောများ ခေတ္တ ဆိုက်ကပ်ခဲ့ရာ မာကိုပိုလိုအဖို့ ပတ်ဝန်းကျင်လေ့လာခွင့် ရခဲ့သည်။

မာကိုပိုလိုသည် အာရှတစ်ခွင်၌ ရွာရိုးကိုးပေါက် ခြေချခဲ့သူဖြစ်ရကာ ဦးကလိမ်တို့၏လှည့်စားမှုများအကြောင်းကို ခရေစေ့တွင်းကျ သိထားသူ ဖြစ်၏။ ဆူမတြားမှ ဦးကလိမ်များသည် အိန္ဒိယတိုက်ငယ်မှ ယူလာသော လူခြောက်ကလေးများဟုဆိုကာ ခရီးသည်များကို လိမ်ညာ ရောင်းချကြသည်။ ခရီးသည်အများကလည်း အထူးအဆန်းအဖြစ်လည်းကောင်း၊ အဆောင်ပစ္စည်းများအဖြစ် လည်းကောင်း ဝယ်ယူခဲ့ကြသည်။ အမှန်အားဖြင့် ထိုလူခြောက်ကလေးများမှာ ဆူမတြားကျွန်းမှာပင် ပြုလုပ်ဖန်တီးကြသည်ကို မာကိုပိုလိုက စုံစမ်းသိရှိခဲ့သည်။ ထိုဦးကလိမ်များသည် ဆူမတြားကျွန်းမှ မျောက်အသေကောင်များကို အခြောက်လှန်း၍ အိန္ဒိယနိုင်ငံမှ လူပုလူခြောက်ကလေးများဆိုကာ ကလိမ်စေ့ငြမ်းဆင်၍ ရောင်းချခဲ့ခြင်း ဖြစ်သည်ဟု မာကိုပိုလိုက သူ၏ နာမည်ကျော် မဟာခရီးသွားမှတ်တမ်းတွင် အသေးစိတ် ရေးသား ဖော်ပြခဲ့လေသည်။

၁၆ ရာစုနှစ်ကလည်း ဥရောပတိုက်တွင် နဂါးရောဂါထခဲ့ဖူးသည်။ ပင်လယ်သွားသင်္ဘောသားများ၊ ခရီးသည်များ၏ဒဏ္ဍာရီပုံပြင်များ၊ သူပြောကိုယ်ပြော ပါးစပ်သမိုင်းများအရ အမျိုးအမည်မသိရသော ရေသတ္တဝါကြီးများအကြောင်းနှင့် အိပ်မျော်နေသော ကာလနဂါးကြီးများအကြောင်း ပါဝင်သည်။ နဂါးသည် တန်ခိုးထက်သောသတ္တဝါဖြစ်ရာ နဂါးအသေကောင်များကို ဆောင်ထားသူများသည် ဘေးအန္တရာယ်ကင်း၍ စီးပွားတိုးတက်သည်ဟု အများကယူဆထားကြသည်။ ယင်းနဂါးကို အပြိုင်အဆိုင် ဝယ်ယူသူ များလာသည်။ သို့ဖြစ်၍ ဝိသမလောဘသားများသည် အရှေ့အာရှနိုင်ငံများမှ ဖမ်းဆီးလာသော အိမ်မြှောင်၊ ပုတ်သင်ညို၊ ကင်းလိပ်ချောများကို ခြေ၊ လက်များ ဖြတ်တောက်၍ အစိတ်အပိုင်းအတုများ တပ်ဆင်ကာ နဂါးအဖြစ် ရောင်းချကြလေသည်။

ရောင်းချသူများမှာ စွံ့စွံ့ပြိုပြိုရရှိကြသည် ဟူ၍လည်း သိရသည်။ ယင်းကဲ့သို့ သတ္တဝါအတုအဆန်းများကို အများဆုံး ပြုလုပ်ရောင်းချသူအများမှာ ပြင်သစ်နိုင်ငံ အင်တွပ်မြို့မှဖြစ်သည်ဟု မှတ်တမ်းများအရ သိရသည်။ ထိုသတ္တဝါအတုအဆန်းများကို ဂျင်နီဟာနီဗာဟုခေါ်ကြသည်။ ထိုသတ္တဝါဆန်းများကို ရှေးပဝေသဏီခေတ်မှ ဒဏ္ဍာရီလာရေသတ္တဝါတစ်မျိုး(Basilisk)လားဟု အမည်ပေး၍ ရောင်းချခြင်း ဖြစ်သည်ဟု သိရ၏။

ထိုသတ္တဝါအတုများကို အမေရိကန်ပြည်ထောင်စုတွင် ၁၉၃၀ ပြည့်နှစ်အထိ ရေလုပ်သားများက ရောင်းချကြသည်ဟု သတင်းများက ဖော်ပြခဲ့ကြသည်။ ၁၉ ရာစုနောက်ပိုင်းတွင် ရေသူမအတု ပြုလုပ်ရောင်းချသူများ ပေါ်လာသည်။ အဏ္ဏဝါသွား သင်္ဘောသားများနှင့်ခရီးသည်တို့၏ပုံပြင်များတွင် ရေသူမတို့အကြောင်း ပါဝင်သည်။ ရေသူမများသည် ရုပ်အဆင်း လှပချောမောပြီး လူအမျိုးသမီးခန္ဓာကိုယ်နှင့် ငါးသတ္တဝါ၏ခန္ဓာကိုယ်တို့ ပေါင်းစပ်ထားသည်ဟု ဆိုကြ၏။ ရေသူမများသည် သင်္ဘောသားများ၊ ပင်လယ်ခရီးသည်များကို တေးသံသာများနှင့် သီဆိုဖြားယောင်းပြီး ဖမ်းဆီးစားသောက်ပစ်သည်ဟူ၍ လည်းကောင်း၊ သင်္ဘောသားများကို သူတို့နေထိုင်သည့်နေရာသို့ ခေါ်ဆောင်သွားသည် ဟူ၍ လည်းကောင်း လူအများက ယုံကြည်ခဲ့ကြသည်။ အချို့ ပါးစပ်ပြောသမိုင်းများတွင် ရေသူမနှင့် လူသားတို့ ချစ်ခင်စုံမက်ရာမှ ရေသူမလေး သူဌာနေသို့ ပြန်သွားသဖြင့် လူသားခမျာ စိတ်ဆင်းရဲဒုက္ခရောက်ရပုံများကို ဖော်ပြထားသည်။

ဤကဲ့သို့ လူအများ စိတ်ဝင်စားမှုကို သိကြသော ဦးကလိမ်များသည် ရေသူမဟုဆိုကာ သတ္တဝါအခြောက်လေးများကို ဖန်တီးရောင်းချခဲ့ကြ၏။ နာမည်အကျော်ကြားဆုံးမှာ ဖီဂျီကျွန်းမှ ရေသူမမှာ လူသိများသည်။ ထိုရေသူမမှာ မျောက်ခန္ဓာတစ်ဝက်နှင့် ငါးခန္ဓာတစ်ဝက်ကို ပေါင်းစပ်ထားသည်ဟု ဆိုသည်။ အမေရိကန် ပြည်ထောင်စုမှ အထူးအဆန်းများ ပြသသူ ပီတီဘာနယ် ဆိုသူသည် ဖီဂျီကျွန်းမှ ရေသူမကို ဆက်ကပ်ဖြင့်တွဲ၍ အမေရိကန်ပြည်ထောင်စုတွင် ပြပွဲများ ပြသခဲ့ဖူးသည်ဟု မှတ်တမ်းများက ဖော်ပြခဲ့၏။

၁၉ ရာစုကုန်ဆုံး၍ ၂၀ ရာစုအစပိုင်းများတွင် အီဂျစ်နိုင်ငံမှ ဖေရိုဘုရင်တို့၏ မံမီရုပ်အလောင်း အပိုင်းအစများကို ဆေးအဖြစ် မှီဝဲပါက အသက်ရှည်သည်၊ ရောဂါကင်းသည်ဟု လူအများက ယူဆခဲ့ကြရာ မသမာသူများအဖို့ အသားအမျိုးမျိုးကို နည်းလမ်းအမျိုးမျိုးနှင့် မံမီရုပ်အလောင်း၏အသားစနှင့်တူအောင် ဖန်တီးကြပြီး ရောင်းချခဲ့ကြရာ သောက်သောက်လဲ ရောင်းချခဲ့ကြရသည်ဟု သိရ၏။

၁၉ ရာစုနှောင်းပိုင်းကာလများတွင် လူအများ စိတ်ဝင်စားဆုံးအရာမှာ အရှေ့အိန္ဒိယကျွန်းစု (ယနေ့ အင်ဒိုနီးရှား) ဆူမတြားနှင့် ဂျာဗားကျွန်းတို့တွင် လူနှင့်တူသော လူဝံများ တွေ့ရသည်ဟု သတင်းများ ထွက်ပေါ်လာခဲ့သည်။ ထို လူဝံသည် ကမ္ဘာ့သမိုင်းတွင် ပျောက်ဆုံးနေသော လူမျိုးနွယ်ဆက်၏ ကွင်းဆက်ဖြစ်သည်ဟု ဆို၏။ ထိုလူဝံသည် လူနှင့်အတူဆုံးသတ္တဝါဖြစ်ပြီး လမ်းလျှောက်ရာတွင် မတ်မတ်လျှောက်နိုင်သည်ဟု သိရသည်။ ထိုလူတူသတ္တဝါ အသေကောင်ဆိုသည်ကို သိပ္ပံပညာရှင်များက စနစ်တကျ သိပ္ပံနည်းကျ စစ်ဆေးသောအခါ တောတွင်းမှ မျောက်တစ်မျိုးကို စနစ်တကျ လှီးဖြတ်၍ လူမျက်နှာနှင့်တူစေရန် ဖန်တီးထားသည်ကို တွေ့ရသည်ဟု သတင်းများက ဖော်ပြခဲ့၏။

၁၉၆၀ ပြည့်နှစ်လောက်ကလည်း အမေရိကန်ပြည်ထောင်စု မင်နီဆိုတာပြည်နယ်တွင် ရေခဲခေတ်က လူသားတစ်ဦးကို တူးဖော်ရရှိခဲ့သည်ဟုဆိုကာ ပြပွဲ ကျင်းပခဲ့ရာ သောက်သောက်လဲ ဝင်ငွေ ရခဲ့သည်။ သို့သော် သိပ္ပံပညာရှင်များက စနစ်တကျ စစ်ဆေးသောအခါ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော လူတုအရုပ်ကြီးကို သားမွေးများဖုံးအုပ်ထားခြင်း ဖြစ်နေသည်ကို တွေ့ရှိရသည်ဟု ဆိုကြပါကြောင်း။

လှမိုး(ပညာရေး)

ကျမ်းကိုး

Into The Unknown.

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

"ဆရာတောကျော်၊ ဆရာတောကျော်၊ ဗျို့- ဆရာတောကျော်"

အိမ်ရှေ့မှ ခေါ်သံကြောင့် ကျွန်ုပ်လည်း လက်စွဲတော် ဝင်ချက်စတာ ရိုင်ဖယ်ကို တိုက်နေရာမှ အိမ်ရှေ့သို့ ကဲကြည့်လိုက်သည်။

"ဆရာတောကျော် မရှိဘူးလားဗျို့"

ကိုပါကြီးသည် ကျွန်ုပ်မမြင်ဘူးသော ဝဝဖိုင့်ဖိုင့် အသက် (၅၀) ကျော် လောက်ခန့်မှန်းရသည့် ဧည့်သည်လူကြီးတစ်ယောက်နှင့်အတူ အိမ်ရှေ့မန်ကျည်းပင်အောက်၌ရပ်လျက် ကျွန်ုပ်အားအော်ခေါ်နေသည်ကို လှမ်းမြင်လိုက်ရသဖြင့်-

"ရှိပါတယ်"

ဟု ပြောရင်း သေနတ်တိုက်မှုကို အဆုံးသတ်၍ အိမ်ရှေ့ထွက်ခဲ့၏။

"ဆရာတောကျော်၊ ဟဲ- ဒီကဧည့်သည်က တွေ့ချင်တယ်ဆိုလို့ ကျုပ်ခေါ်လာတာ။ ဒီမှာ မိတ်ဆွေကြီး၊ ဒါမိတ်ဆွေကြီးတွေ့ချင်တဲ့ မုဆိုးကြီး ဆရာတောကျော်ပဲ"

ကိုပါကြီးက ဧည့်သည်နှင့် ကျွန်ုပ်ကို မိတ်ဆက်ပေးပြီး နှုတ်ဆက်၍ ထွက်သွားသည်။ ကျွန်ုပ်က ကျွန်ုပ်မမြင်ဘူးသည့် ဧည့်သည်အား အကဲခတ်ရင်း အိမ်ထဲသို့ ဖိတ်ခေါ်လိုက်၏။

"ကြွပါခင်ဗျား၊ အိမ်ထဲကြွပါ၊ ကျုပ်ဘာကူညီရမလဲပြောပါ"

"ဟုတ်ကဲ့၊ ကျုပ်က ဆရာတောကျော်ကို တွေ့မှတွေ့ပါ့မလားလို့ စိုးရိမ်နေတာ။ ခုလို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ရတော့ ဝမ်းသာလိုက်တာဗျာ"

ဧည့်သည်က ဝမ်းပန်းတသာပြောရင်း အိမ်ထဲဝင်လာသည်။ ဧည့်ခန်း၌ ထိုင်မိကြသည်နှင့် -

"ဆရာတောကျော်၊ ကျုပ်နာမည်က ဆလိုင်းအောင်ဘော်ပါ။ ရခိုင်ရိုးမ အလည်ကြောက မသုံချောင်းဖျားက ဘူးတောင် ဆိုတဲ့ တောင်ပေါ်ရွာကပါ"

www.burmeseclassic.com

www.burmeseclassic.com

ဟု မိတ်ဆက်ရင်း လာရင်းကိစ္စကို ပြောပြပါ၏။

"လာရင်းကိစ္စကတော့ ဆရာတောကျော်ရယ်၊ ကျုပ်တို့ဘူးတောင်ရွာ ပတ်ဝန်းကျင်မှာ ထီးကောင်းကြီးဦးစီးတဲ့ အကောင် (၂၀) လောက်ရှိတဲ့ ဝက်အုပ်ကြီး သောင်းကျန်းနေလို့ ဆရာ့ကို အကူအညီလာတောင်းတာပါ။ အဲဒီဝက်အုပ်ကြီးကို လိုက်ရှင်းပေးပါလို့ မေတ္တာရပ်ခံပါတယ်။ ခုတော့ ကျုပ်တို့ရွာသားတွေဟာ စပါးလည်းစိုက်မရ၊ တောင်ယာလည်း စိုက်မရဖြစ်နေတယ်။ စပါးစိုက်ပြန်တော့ အဲဒီဝက်အုပ်ကြီးက စပါးတွေဖုံးခွိန်လုံးခွိန်ဆို ရောက်လာပြီး စားသောက် ဖျက်ဆီးပစ်ကြတာပဲ။ တခြားတောင်ယာသီးနှံတွေဆိုလည်း အဲဒီလိုပဲ အသီးသီးခွိန်၊ ပွင့်ခွိန်ဆိုလည်း လာပြန်တာပဲ။ သူတို့ကို ခြောက်လှန့်လို့လည်း မရဘူး။ လွှန်ခဲ့တဲ့လကတော့ တောင်ယာသွားစောင့်နေတဲ့ ဆလိုင်းသာဦး အဲဒီဝက်အုပ်နဲ့ သွားတွေ့ပြီး ဝက်ပက်ခံရလို့ သေသွားတယ်။ မသေခင်ပြောသွားတာကတော့ သူ့ကို ထီးကောင်းကြီး ပက်သွားတာတဲ့။ တစ်ကိုယ်လုံးဒဏ်ရာတွေ ဗရပွနဲ့ဗျာ၊ မြင်မကောင်းရှုမကောင်းပါဘဲ။ တစ်ရွာလုံး ဒုက္ခအကြီးအကျယ် ရောက်နေရပါတယ်။ အဲဒီဒုက္ခကို ကယ်နိုင်မယ့်လူကလည်း ဘယ်သူမှ ကြည့်မမြင်ဘူး၊ ဆရာတောကျော်က လွဲရင်ပေါ့ဗျာ။ ဆရာတောကျော်သတင်းကိုလည်း ကျုပ်တို့ကြားဖူးထားတော့ တစ်ရွာလုံး တိုင်ပင်ပြီး ခုလို ဆရာတောကျော်ဆီကို လာခဲ့တာပါ"

ဆလိုင်းအောင်ဘော်၏စကားများကို နားထောင်ရင်း ကျွန်ုပ်သည် ဆလိုင်းအောင်ဘော်နှင့် ဘူးတောင်းရွာသူရွာသားများ၏ ခံစားနေရသော ဒုက္ခများကို ကယ်တင်လိုသည့်ဆန္ဒများ ဖြစ်ပေါ်လာသည်။ ထို့အတူ သားကောင်အသံ ကြားရလျှင် လက်ယားလှသည့် မုဆိုးပီပီ စိတ်ဓာတ်များလည်း တက်ကြွလာကြသည်။

"ဆလိုင်းအောင်ဘော်တို့၊ အဲဒီထီးကောင်းကြီးဦးစီးတဲ့ ဝက်အုပ်တို့ တစ်ခါမှ မပစ်ဖူးမခတ်ဖူးဘူးလား"

ကျွန်ုပ်က စိတ်ထဲ သံသယရှိသည်ကိုမေးလိုက်၏။

"ပစ်ပါခတ်ပါသော်ကောဗျာ၊ ဒါပေမယ့် ထီးကောင်းကြီးက အဲဒီဝက်အုပ်ကြီးရဲ့ ရှေ့ကကာထားတာဗျ"

"ဒါဆို ပို့လွယ်တာပေါ့၊ အဲဒီကောင်ကြီး ပစ်လိုက်ရုံပေါ့"

"မရဘူး ဆရာ တောကျော်ရေ၊ ထီးကောင်းကြီးက သေနတ်ပြီးတယ်ဗျ၊ သေနတ်နဲ့ ပစ်လို့ကတော့ သေနတ်မီးမကူးဘူး၊ ဒူးလေးလင်းလေးနဲ့ ပစ်ပြန်တော့လည်း အသားမပေါက်ဘူး၊ အဲဒါကြောင့် ခက်နေတာပေါ့ဗျာ"

ဆလိုင်းအောင်ဘော်က စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်ပါသည်။ ကျွန်ုပ်လည်း ဆလိုင်းအောင်ဘော်၏ စကားအဆုံး တစ်စုံတစ်ရာကို တွေးပြီး ပြုံးလိုက်ရင်း -

"သေနတ်မီးမကူးတဲ့ ထီးကောင်းကြီး မုဆိုးကြီးတောကျော်နဲ့တွေ့ကြသေးတာပေါ့ဗျာ"

ဟု ပြောလိုက်ပါသည်။

❂

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်လည်း တပည့်ကျော် စောလဖော်ကို ခေါ်ကာ ဆလိုင်းအောင်ဘော်တို့ရွာသို့ လိုက်ခဲ့သည်။

ဆလိုင်းအောင်ဘော်တို့ ရွာမှာ ပန်းတောင်း - တောင်ကုတ်လမ်းမကြီး အတိုင်း ကားစီးပြီး လဲရွာ၊ အုန်းရွှမ်ပင်အလွန် တစ်မိုင်သာသာလောက် ဝေးသည့် ပုသိမ် -မုံရွာ လမ်းမကြီးနံဘေးရှိ ညောင်ခြေထောက်ရွာမှ ခြေကျင်သွားကြရပေသည်။

ညောင်ခြေထောက်ရွာကနေပြီး အနောက်ဘက်စူးစူးထိ ဆက်လက်လာခဲ့ကြရာ နံနက် (၁၂) နာရီလောက်၌ လေသာခုနစ်ထပ်တောင်ကြီးသို့ရောက်ခဲ့ကြပါသည်။ ထိုမှ ဆက်လျှောက်ခဲ့ကြရာ တစ်တောဝင်တစ်တောထွက် တစ်တောင်တက်တစ်တောင်ဆင်းဖြင့် ညနေ (၃) နာရီလောက်၌ တောင်ကျစမ်းရေများ တသွင်သွင်စီးဆင်းလျက်ရှိသော မသုန်ချောင်းကို စတွေ့ရပြီး ထိုမသုန်ချောင်းအတိုင်း အထက်ကို ဆန်တက်ခဲ့ရာ ညနေခင်း၊ မှောင်ရိပျိုးစ (၅)နာရီ (၆)နာရီလောက်၌ တောင်ထိပ်ပေါ်တွင် တည်ထားသည့် ဘူးတောင်းရွာလေးသို့ ရောက်ခဲ့ကြပါတော့၏။

ဘူးတောင်းရွာလေးသည် မသုန်ချောင်းဖျားတွင် တောင်ထိပ်ပေါ်၌ရှိသည့် ရွာလေးဖြစ်သည်နှင့်အညီ အိမ်ခြေများမများစားစား မရှိလှဘဲ သုံးလေးဆယ်မျှသာရှိသည့် ခွင်းတိုင်းရင်းသားများနေသောရွာလေး ဖြစ်ပါသည်။

(စာကြွင်း - လေသာခုနစ်ထပ်တောင် ဆိုသည်မှာ တောင်ကြီးကို တန်းတက်မရသဖြင့် ရစ်ပတ်တက်ရရာ ခုနစ်ခါရစ်ပြီးမှ တောင်ပေါ်သို့ ရောက်ပြီး ၎င်းတောင်ထိပ်ပေါ်မှ မိမိတက်ခဲ့သော လမ်းကို ပြန်ကြည့်လျှင် လမ်းပေါင်းအထပ်ခုနစ်ထပ်ကို မြင်တွေ့ကြရသဖြင့် လေသာခုနစ်ထပ်တောင်ခေါ်ကြောင်း၊ ဒေသခံများ ပြောပြချက်အရ သိရပါသည်။)

ကျွန်ုပ်တို့ရောက်သည်နှင့် ရွာသူရွာသားများ ကလေး၊ လူကြီးအားလုံး ကျွန်ုပ်တို့တည်းရာ ဆလိုင်းအောင်ဘော်တို့အိမ်သို့ စုရုံးရောက်ရှိလာပြီး နှုတ်ဆက်စကားဆိုကြရင်း ဝက်အုပ်ကြီး အအကြောင်းကို ၎င်းတို့၏ထင်မြင်ယူဆချက်များနှင့်အတူ ပြောကြပါတော့၏။ ကျွန်ုပ်လည်း ၎င်းတို့ပြောဆိုသမျှ နားထောင်ရင်း ထိုထီးကောင်းကြီး ခေါင်းဆောင်နေသည့် ဝက်အုပ်ကြီးကို မည်သို့ ဖြိုခွင်းရမည်ကို စဉ်းစားတွေးတောနေမိပါသည်။

❂

ညက တစ်ညလုံး ထီးကောင်းကြီးနှင့် ဝက်အုပ်စုကို မည်သို့မည်ပုံရှင်းလင်းရမည့်အကြောင်း အမျိုးမျိုးတွေးပြီး စီမံကိန်းများချ စဉ်းစားနေမိသဖြင့် တော်တော်နှင့်အိပ်မပျော်သောကြောင့် နံနက်နေထွန်းတစ်ဖျားလောက်မှ အိပ်ရာကနိုးလာလေ၏။

"ဆရာတော၊ ညက တော်တော်နဲ့ အိပ်ပျော်ပုံမရဘူး။ ကျုပ်တစ်ရေးနိုးတော့ ဆရာတော ဆေးတံတိုက မီးတွေရဲနေတုန်းပဲ။ ကျုပ်ကတော့ ပင်ပန်းသွားလို့ ထင်ရဲ့၊ အိပ်ကောင်းလိုက်တာဗျာ"

စောလဖော်က ကျွန်ုပ်အိပ်ရာကနိုးနိုးချင်း မျက်နှာသစ်ရန်ရေခပ်ပေးရင်း ဆီးပြောလိုက်သဖြင့် ကျွန်ုပ်လည်း -

"ဟုတ်တယ် စောလဖော်၊ ထီးကောင်းကြီးအတွက် တစ်ညလုံး ကျုပ်အော်ပရေးရှင်းလုပ်နေတာနဲ့တော်တော်နဲ့ အိပ်မပျော်ဘူးဖြစ်သွားတယ်ဗျ"

ဟု ပြန်ပြောရင်း မျက်နှာသစ်ကိုယ်လက်သန့်စင်ပြီး ဆလိုင်းအောင်ဘော်နှင့် မိုင်းစိန်စိန်တို့ စီစဉ်ထားသော ထမင်းကြမ်း(အစာခံ)နှင့် ပုတက်ခြောက်ကြော်ကိုစားပြီး ရေ့လုပ်ရမည့် အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြသည်။

"ခုအချိန်က လယ်ပြီး မိုးနှောင်းအချိန် ဆိုတော့ လယ်တွေထဲမှာ လယ်တွေစိုက်၊ တောင်စောင်းတွေမှာ စပါးတွေ စူးထိုးစိုက်ပြီးတဲ့အချိန်ပဲ ဆရာ

www.burmeseclassic.com

www.burmeseclassic.com

တောကျော်။ ဒီတော့ ဒီကောင်တွေက သိပ်မလာကြသေးဘူး။ လာမယ့်နောက် လလောက်မှာ စပါးတွေဖုံးကြလုံးကြမှာ။ အဲဒီအချိန်ဆိုရင် သူတို့က ဘယ်ကဘယ် လိုရောက်လာလိုက်မှန်းမသိဘဲ စပါးခင်း တွေကို စားကြ၊ နှာခေါင်းနဲ့ထိုးကြဆွကြ တော့တာပဲ။ သူတို့လာပြီဆိုရင် စပါးခင်း တွေလည်း တစ်ခင်းပြီးတစ်ခင်း ပျက်ကြ တော့တာပါပဲဗျာ။ ခု ဆရာတောကျော် တို့ကို ခေါ်ရတာက စပါးပေါ်ချိန်မတိုင် ခင် သူတို့ရန်ကို ဦးအောင် နှိမ်နင်းဖို့ ကြိုး တင်ကာကွယ်တဲ့အနေနဲ့ အားကိုးတကြီး ခေါ်ရတာဗျ"

"ဒါဆို ခုဟာက တောင်ယာစပါး ခင်းတွေထဲ ဝက်တွေမလာသေးဘူးဆို တော့ ခြေရာကောက်လိုက်ရင်း တော လည်ရမှာပေါ့၊ ဟုတ်စ ဆလိုင်းအောင် ဘော်"

"ဟုတ်ပါ့၊ ဟုတ်ပါ့"

"ဒါဆို ဒီဘူးတောင်းရွာတစ်ဝိုက် မှာ အနီးအနားမှာပေါ့ဗျာ၊ ဝါးတောကြီး တွေရှိလား"

"ဟာ - ပေါရောပေါ့ ဆရာတော ကျော်ရာ။ ရွာကဆင်းသွားတာနဲ့ မသုန် ချောင်းလက်တက် မရော်တောင်ကျ ချောင်းလေးတစ်ဝိုက်မှာ ဝါးဖြူတောကြီး တွေနဲ့ မျှင်ဝါးတောကြီးတွေ၊ သိုက်ဝါး တောတွေ၊ ဝါးပိုးဝါးတောကြီးတွေ ဟီး တိုက်နေတာပဲ"

"ဒါဆို အိုကေပေါ့ဗျာ။ ခုအချိန် က ဝါးတောတွေမှာ မျှစ်ပေါက်တဲ့အချိန် ဆိုတော့ ဒီကောင်တွေက မျှစ်သိပ်ကြိုက် တဲ့ကောင်တွေဗျ။ ခုအချိန်ဆို မျှစ်တော တွေမှာ စားကျက်ဖွင့်ကြတာ"

"ဟာ - သိပ်ဟုတ်တာပါဗျာ"

"ကဲ - ဒါဆို ခုနက်ကစထွက်ကြစို့။ ဝက်စားကျင်းရှာရင်း အခြေအနေပေး လာတဲ့သဘောပေါ့ဆလိုင်းအောင်ဘော်။ အခြေအနေပေးရင်းလည်း ပေးသလို လှုပ်ရှားကြရတာပေါ့ဗျာ။ စောလဖော်၊ လိုအပ်တာတွေ အဆင်သင့်လုပ်ဗျာ"

ကျွန်ုပ်စကားအဆုံး၌ အားလုံး သဘောတူ ဆုံးဖြတ်ပြီး စောလဖော်က လည်း သူ၏ဂရင်းနားဂန်း (ဗထက်ခြွက်) နှစ်လုံးထိုးသေနတ်ကြီးကို စစ်ဆေးကြည့် ရှုပြီး တောထဲတွင် လိုအပ်သလိုသုံးနိုင် ရန် ကြိုးခွေ၊ မား၊ ပေါက်ချွန်းတို့ကို အဆင်သင့် ပြင်ဆင်လိုက်ပါ၏။

ထို့နောက် ကျွန်ုပ်တို့အားလုံး နံနက် (၉)နာရီလောက်တွင် ဘူးတောင်း ရွာ၏ အရှေ့ဘက်(၂)မိုင်ကွာလောက်ရှိ ဝါးဖြူတောကြီးဆီ ထွက်ခဲ့ကြပါတော့ သည်။

✪

ဝါးဖြူတောကြီးမှာ ရွာနှင့် နှစ်မိုင် သာသာလောက်သာ ဝေးသည်ဆိုသော်လည်း တကယ်သွားသောအခါ အင်း ထီးတောင်တန်းကြီးခံနေသဖြင့် ထိုအင်း ထီးတောင်ကြီးကို ပတ်တက်နေရသည့် အတွက် တော်တော်နှင့် မရောက်နိုင်ဘဲ နေ့လယ်တစ်နာရီလောက်မှ ရောက်ကြ ရချေသည်။

ကျွန်ုပ်တို့လည်း ဘူးတောင်းရွာ လေးမှဆင်းပြီး မသုန်ချောင်းဖျားရှိ မရော်တောင်ကျချောင်းလေးမှ အင်းထီး တောင်တန်းကြီးကို ပတ်တက်ခဲ့ကြရ၍ အတော်ပင်ပင်ပန်းပန်းဖြစ်ကြရ၏။ ယမန် နေ့ကလည်း ခရီးပြင်းနှင့်ခဲ့ရ၊ ယနေ့ လည်း ခရီးပြင်း မရပ်မနားလျှောက်ခဲ့ ကြသဖြင့် အတော်ပင်ပန်းကြရခြင်း ဖြစ် သည်။

ရခိုင်ရိုးမကြီး၏ တစ်နေရာဖြစ် သော မသုန်ချောင်းဖျားနှင့် အင်းထီး တောင်တန်းကြီးများမှာ နေပြောက်မထိုး နိုင်လောက်အောင် ကျွန်း၊ အင်၊ ကညင် ပင်ကြီးများနှင့် မျောက်ချော၊ သစ်ရာ၊ အော်လဲ၊ အုံလုံစသော သစ်ကြီးပင်များ နှင့် စပ်းတောကြီးများ ထူထပ် သိပ်သည်း စွာ ပေါက်ရောက်ရာအရပ် ဖြစ်သဖြင့် အေးစိမ့်၍လည်း နေပေသည်။

လယ်ပြီး မိုးနှောင်းကာလဖြစ်၍ မိုးရိပ်မပြယ်သေးသော်လည်း ဆောင်း ဟေမန်နှင်း ငွေရိပ်ကတသိမ့်သိမ့်ဝင်လာ ပြီဖြစ်သည့်အတွက် ပို၍လည်း အေး စိမ့်နေပေသည်။ အပင်တိုင်းအပင်တိုင်း တို့သည် စိမ်းစိမ်းစိုစိုနှင့် မြရောင်မှိုင်း လျက် ရွက်ကိုင်းဝေစည်လျက် ရှိကြပေ သည်။

လမ်းတစ်လျှောက် သားကောင် ကြီးများ မတွေ့ရသော်လည်း တော ကြက်အုပ်နှင့် တောလုံးငှက်များ၊ ဟိုပင် သည်ပင် ခုန်ပေါက်ဆော့ကစားနေကြ သော မျောက်မောင်းနှင့် မျောက်လွဲ ကျော်များကိုတော့ တစ်ကောင်စ၊ နှစ် ကောင်စ တွေ့ခဲ့ကြရ၏။

ကျွန်ုပ်တို့လည်း ဝါးဖြူတောကြီး အစပ်ရောက်သည်နှင့် ထုံးအိုင်ကြီးတစ် အိုင်ဘေးရှိ စရည်းပင်ကြီးအောက်တွင် ရပ်နားရင်း မိုင်းစိန်စိန် ထုပ်ပေးလိုက် သော ထမင်းထုပ်များကို မောမောပန်း ပန်းနှင့် မြိန်ရေရှက်ရေ စားလိုက်ကြပါ ၏။

ထမင်းစားသောက်ပြီးကြသည်နှင့် ဆလိုင်းအောင်ဘော်နှင့် စောလဖော်တို့ စရည်းပင်ကြီး၏ ပင်စည်ကိုမှီရင်း နှစ် ယောက်သား နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော် သွားကြပါတော့သည်။ ကျွန်ုပ်သာ ပတ် ဝန်းကျင်ကို လေ့လာ အကဲခတ်ရင်း ဆေးတံကိုဖွာလျက် မအိပ်နိုင်ဘဲဖြစ်နေ ပါသည်။

ထီးကောင်းကြီး ဦးဆောင်လာ မည့် ဝက်အုပ်ကြီး ဝင်နိုင်ထွက်နိုင် သွား နိုင်လာနိုင် ခိုအောင်းနိုင်မည့်နေရာများ ကိုလည်း မှန်းဆ တွေးတောနေမိ၏။ ကျွန်ုပ်ဆေးနှစ်ဆုံလောက်ကုန်မှ ဆလိုင်း အောင်ဘော်နှင့် စောလဖော်တို့လည်း နိုးလာကြပါသည်။

"ဆရာတောကျော်မအိပ်ဘူးလား၊ ကျုပ်တို့တော့ မောမောနဲ့ အိပ်ပျော် သွားတယ်ထင်ပါ့"

ဆလိုင်းအောင်ဘော်က ထုံးအိုင် ၌ မျက်နှာသစ်ရင်း ပြောလိုက်ပါသည်။

"အေးဗျ၊ အိပ်လို့မဖြစ်ဘူးလေ။ ဆလိုင်းတို့နှစ်ယောက်က အိပ်နေတော့ ကျုပ်ပါ အိပ်လိုက်ရင် အကယ်၍ သား ကောင်ကြီးတွေနဲ့ မမျှော်လင့်ဘဲတိုးခဲ့ရင် ဒုက္ခရောက်ကုန်မှာပေါ့။ ကျုပ်တို့က မုဆိုးမဟုတ်ပဲ သားကောင်ပြန်ဖြစ်သွား မှာပေါ့ဗျ။ နောက်ပြီး ထီးကောင်းကြီးရဲ့ စားကျက်စားကျင်းနဲ့ သူတို့ခိုအောင်း နေနိုင်တဲ့ နေရာတွေကိုလည်း စဉ်းစား နေတာ"

"ဘယ်လိုသုံးသပ်မိလဲ"

"ခုနေကတော့ ဘယ်အဖြေရှာရ ဦးမှာလဲ ဆလိုင်းရ။ ဘာမှာမှ မလှုပ်ရှား ရသေးတာ၊ စဉ်းစားနေတာပါ"

ထို့နောက် ကျွန်ုပ်တို့သည် ဝါးဖြူ တောကြီးတစ်လျှောက် ဝက်ခြေရာ၊ ဝက် ထိုးကျင်းများကို ရှာဖွေကြသည်။ ဝါး တောကြီးများသည် မျှင်ဝါး၊ သိုက်ဝါး၊ တင်းဝါး၊ ငမျောက်ဝါး၊ ဝါးပိုးဝါး စသည် ဖြင့် သူမျိုးနှင့်သူ၊ သူအစုနှင့်သူအရုံလိုက် ပေါက်ရောက်တောကြီးများဖြစ်ရာ ဝါး တောတစ်တော ဝင်လိုက်သည်နှင့် ညို မှိုင်းနေသော ဝါးတောကြီးများက တစ်မျှော်တစ်ခေါ် ရှိသဖြင့် ခရီးက တော် တော်နှင့် မပေါက်နိုင်ဘဲ ဖြစ်နေသည်။

ညနေစောင်းသည့်တိုင် ဝါးတော များအတော်အတန်ရောက်ခဲ့သော်လည်း မည်သည့် ထီးကောင်းကြီး၏ သဲလွန် ကိုမျှ တစေ့တစောင်းပင် မတွေ့ကြရ သည့်အတွက် မမျှော်ဝင့် ရွာအရောက်

www.burmeseclassic.com

www.burmeseclassic.com

ပြန်လှည့်ခဲ့ကြပါ၏။

ညရောက်သောအခါ ရွာသူရွာသားအချို့နှင့် ထီးကောင်းကြီးတို့၏ ရှိနိုင်ကျက်စားနိုင်မည့် နေရာများကို ထင်မြင်ချက်များကို စည်းဝေး တိုင်ပင်ကာ နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်တို့ သုံးယောက်အပြင် ရွာမှ တောကျွမ်းသည့် မုဆိုးနှစ်ယောက်ကိုပါခေါ်၍ ရိက္ခာအပြည့်အစုံဖြင့် ထီးကောင်းကြီးတို့အား ရှာပုံတော်ဖွင့်ကြပါတော့သည်။

ဘူးတောင်းရွာလေးနှင့် မနီးမဝေးရှိ ရွာဝန်းကျင် တောတောင်တစ်ဝိုက် (ရွာနှင့်သုံးမိုင်ခန့်လောက်တွင်) ကျွန်ုပ်တို့၏ ထီးကောင်းကြီး ဦးစီးသော ဝက်အုပ်ရှာပုံတော်စစ်ဆင်ရေးမှာ သုံးရက်မြောက်သည့်တိုင် မည်သို့မျှ မထူးခြားနိုင်ဘဲ ရှိခဲ့ရလေသည်။ ကြခတ်ဝါးတောကြီးများ၊ ဝါးနက်ဝါးတောကြီးများ၊ ထီးရိုးတောများ အပါအဝင် စပါးစိုက်ခင်းအချို့နှင့် မိုးရာသီ တောင်ယာခင်းများအဆုံး အသေးစိတ်ခြေရာကောက်သည့်တိုင် မည်သည့်သဲလွန်စမျှ မတွေ့ရသဖြင့် ကျွန်ုပ်သည်တို့လည်း စိတ်ပျက်စပြုလာကြလေ၏။ သို့သော် ကျွန်ုပ်မှာ တာဝန်ရှိသူ မုဆိုးကြီးဖြစ်နေသဖြင့် စိတ်ပျက်သော အမူအရာကိုမပြရဲဘဲ တာဝန်ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချပြီးသူပီပီ ဟန်လုပ်နေရပေသည်။

"ဆရာတော၊ ဒီတိုက်ပွဲက မလွယ်ပါလားဗျ။ စစ်မရောက်ခင် မြားကုန်ချင်သလိုဖြစ်နေပြီ"

စောလဖော်က စိတ်ပျက်လက်ပျက်ပြောလိုက်သဖြင့် ကျွန်ုပ်က စောလဖော်ကို ခပ်ပြုံးပြုံးကြည့်ရင်း-

"သူရဲကောင်းတို့မည်သည် သေခါမှပဲ လက်လျှော့ရတယ် မဟုတ်လား။ စိတ်မပျက်ပါနဲ့ဗျ၊ ယောကျ်ားတံခွန် လူရည်ချွန်ဖြစ်ဖို့ကြိုးစားစမ်းပါ"

ဟု ဟန်လုပ်၍ အားပေးစကား ပြောကြားလိုက်ပါသည်။

ကျွန်ုပ်တို့လည်း လေးရက်မြောက်နေ့တွင်တော့ ရခိုင်ရိုးမကြီး၏ အလယ်ကြော မရှိရွာဘက်သို့ ရောက်မှန်းမသိ ရောက်သွားကြလေသည်။ ရခိုင်ရိုးမကြီးသည် မြင့်မားမတ်စောက်သော တောတောင်ထူထပ်ရာဒေသဖြစ်သည်နှင့်အညီ နက်ရှိုင်းသော ချောက်ကြီးများ၊ ကျဉ်းမြောင်းသော လျှိုကြီးများကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲရကား မြေအနေအထားအရ တစ်ရွာနှင့်တစ်ရွာမှာ အလွန်ဝေးကွာကြလေ၏။

မရှိရွာနှင့် ဘူးတောင်းရွာမှာ ခန့်မှန်း (၅၀) မိုင်ခန့်လောက်မျှ ကွာဝေးပြီး အကြာ၌ အသူတစ်ရာချောက်ကြီးမျိုး ငါးခုလောက်နှင့် ဇော်လ၊ မီဂန်၊ တောင်ငူ စသောချောင်းကြီးများကို ခက်ခက်ခဲခဲ ကျော်ဖြတ်ခဲ့ကြရပေသည်။

ကျွန်ုပ်တို့ မိုးထိတောင်မှ ဆင်းပြီး တောင်ငူချောင်းကိုဖြတ်ဆင်းလိုက်သည်နှင့် သစ်ဆိမ့်နှင့် သစ်ရာတို့ ရောနှောပေါက်ရောက်လျက်ရှိသည့် သစ်တောကြီးကို တွေ့ရပြီး သစ်တောအစပ်၌ မိုးရာသီ တောင်ယာစိုက်ခင်းအချို့ကို တွေ့လိုက်ရသည့်အတွက် တောင်ယာတဲများ ရှိလိုရှိငြား ဝင်ခဲ့ကြလေသည်။ အကယ်၍ တောင်ယာတဲများ၌ ယာစောင့်သူ တွေ့ရပါက ထီးကောင်းကြီးတို့၏သတင်းစုံစမ်းရန် ဖြစ်ပါသည်။

သို့သော် ကျွန်ုပ်တို့ရောက်ခဲ့သည့် တောင်ယာမှာ ရေတိုစိုက်ခင်းနှင့် ပြောင်းစိုက်ခင်းများဖြစ်ပြီး စိုက်ခင်းတစ်ခုလုံး မြေများ ပေါက်ဖွဆွထားသလို ဖွာရရာကြဲနေကာ အသီးအနှံများလည်း မရှိကြတော့ဘဲ အပင်များလည်း ယိမ်းယိုင်ကျိုးပဲ့နင်းခြေထားသလို ဖြစ်နေကြသည်ကို တွေ့လိုက်ကြရလေ၏။

"ဟာ - ဆရာတောကျော်၊ ဒါထီးကောင်းကြီးတို့ လက်ချက်ဖြစ်နိုင်တယ်ဗျ"

ဆလိုင်းအောင်ဘော်က အခြေအနေကို သုံးသပ်ထင်မြင်ချက်ပေးလိုက်၏။ ကျွန်ုပ်ကိုယ်တိုင်လည်း ထိုအတိုင်းပင် ယူဆမိသဖြင့် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်ကွ၊ ငါ တောင်ယာကွာ ပါးစပ်နားရောက်မှ ဖျက်ဆီးခံလိုက်ရတယ်"

ထိုအချိန်တွင် တဲပျက်ထဲ၌ စိတ်ပျက်လက်ပျက်နှင့် ဒူးလေးကြီးအနားသို့ ချလျက်ထိုင်နေသူတစ်ဦးကို တွေ့လိုက်ကြရလေသည်။ ထိုသူသည် ကျွန်ုပ်တို့ကို ကြည့်ပြီး ယူကျုံးမရသံနှင့်ပြောလိုက်ခြင်းဖြစ်ပေ၏။ သူမျက်နှာသို့လည်း မကျေနပ်မှုကြောင့် ဒေါသရိပ်တို့ လွှမ်းနေသည်ကို တွေ့ရှိရပေသည်။

"တော်တော် ဒုက္ခပေးတဲ့ သတ္တဝါတွေပါကွာ။ ဒီအချိန်ဆို ဘယ်ကဘယ် လိုရောက်လာမှန်းမသိဘဲရောက်ရောက် လာပြီး ဖျက်ဆီးတော့တာပဲ။ ခုလည်း ဒီလိုပါပဲ။ ငါ့တောင်ယာတင်လား ဆို တော့ မဟုတ်ဘူး။ တို့ရွာက တောင်ယာ အတော်များများပါပဲကွာ"

ထိုသူက ဆက်ပြောသဖြင့် ကျွန်ုပ်တို့လည်း ထိုဝက်အုပ်ကြီးကို ရှာဖွေနေသူများဖြစ်ကြောင်း ပြန်လည်ပြောပြကြရာ ထိုသူသည် ဝမ်းသာအားရဖြင့် -

"ဟာ- ဟုတ်လား၊ ဒါဆို အဲဒီဝက်အုပ်ကြီး ဆင်းသွားတဲ့မြောင်ကို ငါသိတာပေါ့ကွာ၊ ငါလိုက်ပြပါ့မယ်"

ဟု ပြောရင်း တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် တုံ့ဆိုင်းဆိုင်းဖြစ်သွားကာ

"ဒါထက် နေဦးကွ။ အဲဒီဝက်အုပ်ကြီးထဲမှာ အချိန် (၈၀)၊ (၉၀) လောက် ရှိမယ့် ဝက်ကြီးတစ်ကောင်က အမြဲတမ်း ဝက်အုပ်ကြီးကို ပတ်ထားတယ်။ အဲဒီဝက်အုပ်ကြီးမှာ အစွယ်ကလည်း အပြင်ကို တစ်မိုက်လောက် ထွက်နေတယ် စွယ်နီကြီးကွ။ သူ့အစွယ်တွေက ရဲပဲတောင်းခတ်နေတာပဲ။ ပစ်လို့ခတ်လို့ကလည်း ဘယ်လိုမှမပေါက်ဘူး။ ငါဆို သစ်ပင်ပေါ် တက် ဒူးလေးနဲ့ ပစ်တာခတ်တာ ခဏခဏပဲ။ ဒါပေမယ့် အရေးတောင်မလုပ်ဘူး"

ဟု ဆက်ပြောလိုက်ပါသည်။

"ဟဲဟဲဟဲ"

ထိုသူ၏ စကားအဆုံး ကျွန်ုပ်က ခတ်ဟက်ဟက်ကလေးရယ်လိုက်ပါသည်။

ထို့နောက်-

"ဒီမှာ မိတ်ဆွေကြီး၊ လိုက်သာပြပါဗျာ။ သူကလည်း ဂမ္ဘီရဝက်ထီးကြီး၊ ကျုပ်ကလည်း ဂမ္ဘီရမုဆိုးကြီးပါ။ ကျုပ်နဲ့တွေ့ရင် သင်းမခံနိုင်လောက်ပါဘူး"

ဟု မိမိကိုယ်မိမိ ယုံကြည်စွာဖြင့် ပြောလိုက်ပါ၏။

ကျွန်ုပ်တို့လည်း ထိုမရှိရွာသားလိုက်လံပြသသည့် ဝက်အုပ်ကြီးသွားရာလမ်းကြောင်းနောက်သို့ အစဉ်တစိုက် လိုက်ခဲ့ကြရာ ဝမ်းဟန်တောင်ကြောအဆုံး လျှိုကြီးထဲ၌ တအင့်အင့် ဝက်အော်သံများနှင့် ဝက်ထိုးသံများကို ရုတ်တရက် ကြားလိုက်ကြရလေသည်။

"အင့် အင့်၊ အင့် အင့်"

"ခွီးခွီး၊ ခွီးခွီး၊ အင့်၊ ဝုန်း၊ ဖူး"

ထိုအခါ မရှိရွာသား ကျော်ဇံသာက ရှေ့မှသွားနေရာမှ တုံ့ခနဲရပ်လိုက်ပြီး-

ဟော - တွေ့ပြီ၊ တွေ့ပြီ။ အဲဒါ ထီးကောင်းကြီးခေါင်းဆောင်တဲ့ ဝက်အုပ်ကြီး မြေထိုးပြီး မျှစ်ချိုးစားနေကြတဲ့

www.burmeseclassic.com

အသံဗျ"

ဟု ဆိုလိုက်သဖြင့် ကျွန်ုပ်က အသံမထွက်ရန် အသာနေဆိုသော သဘောဖြင့် လက်ကာပြလိုက်၍ ၎င်းတို့အားလုံးကို ထိုနေရာမှာပင် ရပ်တန့်နေစေကာ ကျွန်ုပ်တစ်ယောက်တည်း ဝက်အုပ်ကြီး အသံလာရာ လေအောက်ဘက် မျှင်ဝါး တောကြီးဆီသို့ လက်စွဲတော်ကြီးကို အသင့်မောင်းတင်ကာ လုံခြုံရေးခလုတ် ပိတ်ပြီး ဖြည်းဖြည်းချင်း ချဉ်းကပ်ခဲ့၏။

ကိုက် (၂၀၀) လောက်အရောက်၌ ကျွန်ုပ်လည်း သစ်ဆိမ့်ပင်ကြီးအနီးမှ ဝါးရုံတစ်ခုကို အကာအကွယ်ယူကာ အသံလာရာသို့ ကြည့်လိုက်၏။ ဝက်ကြီး၊ ဝက်သေး အကောင် (၂၀)လောက်နှင့် အချိန် (၉၀)၊ (၁၀၀) လောက်ရှိမည့် အပြင်သို့ နီရဲနေသော အစွယ်ကြီးနှစ်ချောင်းပြူးထွက်နေသည့် ဝက်ထီးကြီး တစ်ကောင် ဦးစီးသော ဝက်အုပ်ကြီး ဖြစ်သည်မှာ သေချာကြောင်းပြော၍-

"ဝက်တွေက မျှင်ဝါးကျင်းမှာတစ်နေရာတည်း စုပြုံစားနေကြတာ။ ထီးကောင်းကြီးကတော့ ကျွန်တဲ့ဝက်တွေကို တစ်ဖက်က ဝါးတောကြီးအကာအကွယ်ပြုပြီး သူက ဝါးတောနဲ့ ဝက်အုပ်ရဲ့ အပြင်၊ ဝက်အုပ်ကြီးကို ကြားထဲမှာထားပြီး အစာစားနေတာ တွေ့ခဲ့ရတယ်။ ဒီကောင်တွေ တော်တော်ပါးတယ်။ ကျုပ်တို့ ဒီမှာနေလို့မဖြစ်ဘူး။ ဒီနေရာက ဝက်အုပ်ကြီးရဲ့ လေညာဖြစ်နေတော့ မကြာခင် ကျုပ်တို့အနံ့ကို ရသွားနိုင်တယ်။ ဒီတော့ ချက်ချင်း ဝက်အုပ်ကြီးရဲ့ လေအောက်ကို ပြောင်းကြမှဖြစ်မယ်။ ဒါမှ ကျုပ်တို့အနံ့ကိုမရမှာ"

ဟု ဆိုကာ ချက်ချင်းပင် ဝက်အုပ်ကြီး၏ လေအောက်ဘက်သို့ တိတ်တဆိတ် အသံလုံလုံနှင့် ထွက်လာခဲ့ကြပါသည်။ ဝက်အုပ်ကြီး၏ လေအောက်ဘက်ရောက်သည်နှင့် ထီးကောင်းကြီးအား ပစ်ခတ်ရန် အစီအစဉ်ဆွဲလိုက်ကြပါတော့၏။

သေနတ်မီးမကူးဟုဆိုသော ထီးကောင်းကြီး၏ အန္တရာယ်က မသေးလှသည့်အတွက် ပေါ့ပေါ့ဆဆလုပ်၍မရကြောင်း ကျွန်ုပ်တို့အားလုံး သိထားကြပါသည်။ သို့သော် ကျွန်ုပ်၌ ထို ဓားလုံသေနတ်ပြီးသော ထီးကောင်းကြီးအား အလွယ်တကူဖြို့ခွင်းနိုင်သည့် ဂန္ဓိရပညာတစ်ခု ရှိနေပါသည်။ ထိုပညာအသုံးပြုနိုင်ရေးမှာလည်း ထီးကောင်းကြီးက အချက်ပြမှပင် ဖြစ်နိုင်သည်မို့ ထီးကောင်းကြီး၏ အန္တရာယ်ကို လျော့တွက်၍ မရခြင်း ဖြစ်ပါ၏။

စော်လဖော်ကို အသင့်ပါလာသော ကြိုးခွေကိုထုတ်ရန် အချက်ပြလိုက်ပါသည်။ စောလဖော်ကလည်း ကျွန်ုပ်၏ တပည့် ပီသပါသည်။ ကြိုးခွေထုတ်ရန် အချက်ပြလိုက်သည်နှင့် သစ်ပင်ပေါ်ကို အလယ်၌ ကြိုးစသွင်း ချည်နှောင် ပစ်တင်ရန် ငါးကျပ်သားခန့်၌ ခဲသီးလုံးကိုပါ ထုတ်လိုက်၏။ ထို့နောက် ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်ပြီး သစ်ဆိမ့်ပင်ကြီး၏ ခွဆုံကောင်းကောင်းအကိုင်းသို့ လောက်လေးဖြင့် ပစ်တင်လိုက်ပါသည်။

ပစ်လွှတ်လိုက်သော ခဲသီးနောက်သို့ ကြိုးစက ပါသွားပြီး သစ်ကိုင်းတစ်ဖက်မှ ပြန်ကျလာလေ၏။ မြေပေါ်ရောက်သည်နှင့် ကြိုးစနှစ်စကို လူလက်တစ်ကမ်းလောက်မှ အသေဆွဲချည်ကာ သစ်ဆိမ့်ပင်ကြီးပေါ်သို့ တစ်ယောက်ပြီး တစ်ယောက် ကြိုးစနှစ်ချောင်းကို ပူးဆွဲပြီး တက်စေပါ၏။ (၁၀) မိနစ်လောက် အတွင်းမှာ ကျွန်ုပ် မုဆိုးကြီးတောကျော်မှလွဲ၍ သစ်ဆိမ့်ပင်ဝိုက်ဝိုက်ကြီးပေါ်သို့ မရှိရွာသား ကျော်ဇံသာနှင့် ကျွန်ုပ်၏ အဖွဲ့သားအားလုံး ရောက်ရှိသွားပါတော့၏။

၎င်းတို့အားလုံး သစ်ဆိမ့်ပင်ကြီးပေါ် ရောက်ရှိသွားသည်နှင့် နောက်တစ်ခါ ကျွန်ုပ် အချက်ပေးလိုက်၍ စောလဖော်က စက်သီးဆွဲကြိုးကို ချပေးလိုက်ပါသည်။ ထိုစက်သီးကြိုးကို ကျွန်ုပ်က ဖမ်းဆွဲပြီး ကျောပိုးအိတ်ထဲ၌ အသင့်ထည့်ထားသော ကျောသိုင်းကြိုးကို ထုတ်ကာ ကိုယ်တွင်ချည်၍ စက်သီးနှင့် သစ်ပင်ပေါ်သို့ လျှပ်တစ်ပြက် ဆင်းနိုင်၊ တက်နိုင်ရန် သုံးခါလောက် စက်သီးကို ဆွဲလိုက်၊ ချလိုက် လုပ်ခိုင်းလိုက်ပါသည်။ တပည့်ကျော် စောလဖော်မှာ အတွေ့အကြုံများသူပီပီ ကျွန်ုပ်စေခိုင်းသမျှ တစ်သဝေမတိမ်းလုပ်နိုင်သူ ဖြစ်ပေ၏။ သို့ကြောင့်ပင် ကျွန်ုပ်၏ ခန္ဓာကိုယ်ကြီးမှာ မြေကြီးမှ ဝက်ကြီးနှစ်ရပ်စာလောက် အထိ တက်လိုက်၊ ဆင်းလိုက်ဖြစ်သွားပါသည်။

ထိုအချိန်တွင်ပင် နားကင်းပါးလှသော ဝက်ကြီးထီးကောင်းသည် ကျွန်ုပ်တို့၏ လှုပ်ရှားမှုများကို ကြားသွားပြီး ကျွန်ုပ်ဘက်သို့ နားရွက်ကြီးစု၍ ကျင်းမြောင်းသော မျက်လုံးများနှင့် စူးစူးစိုက်စိုက် ကြည့်လာပါတော့၏။

မှန်ရာကို ဝန်ခံရလျှင် ဝက်ကြီးထီးကောင်းကြီးကို ရရှိရန်ထက် ၎င်း၏ ချွန်ထက်၍ အပြင်သို့ တစ်ထွာတစ်မိုက်ခန့် ရှည်ထွက်နေသော ဟသ်ပဒါးရောင် တောက်ထနေကြသည့် အစွယ်ကြီးနှစ်ချောင်းကို ပိုမို့ရယူလိုနေပါသေးသည်။ ထီးကောင်းကြီးမှာ ထိုစွယ်နီကြီးများကြောင့်ပင် ဓားပြီး၊ လုံပြီး၊ တုတ်ပြီး၊ သေနတ်ပြီးဖြစ်နေသည်မဟုတ်ပါလား။ ဝက်များအစွယ်နီလျှင် အလယ်၌ အခေါင်းမရှိဘဲ ကွင်း(ဂင်း)ပိတ်များဖြစ်၍ ထို အစွယ်ကို ဝက်မသေခင်ရပါက ကျွန်ုပ်တို့အတွက် ကာယသိဒ္ဓိခေါ် ဓား၊ လုံ၊ တုတ်၊ သေနတ် အပြီးအစီးရောက်စေနိုင်သည့်အစီအရင်များစီရင်၍ ရကြောင်း၊ ကျွန်ုပ် သိထားသောကြောင့် ဖြစ်ပါ၏။ ၎င်း ဝက်သေမှ ထိုအစွယ်များကိုရပါမူ သိဒ္ဓိမရှိတော့ဘဲ မည်သို့မျှ အသုံးမဝင်တော့ပါချေ။ (ကျွန်ုပ်၏ ကြားဖူးနားဝဖြစ်ပါသည်။)

သို့ကြောင့်ပင် ကျွန်ုပ်သည် ထီးကောင်းကြီး၏ စူးရဲသော မျက်စိရှေ့၌ ဝင်ချက်စတာ လုံခြုံရေးခလုတ်ကိုဖွင့် အသင့်အနေအထားဖြင့် ကိုင်ရင်း ထီးကောင်းကြီးကို အနည်းငယ် လှုပ်ရှားပြလိုက်ပါ၏။

ထီးကောင်းကြီးသည် ကျွန်ုပ်၏ လှုပ်ရှားမှုပုံရိပ်ကို မြင်သည်နှင့် တအင့်အင့်အော်ရင်း ဒေါသတကြီးဖြစ်ကာ မြေကြီးကိုလိမ်းထိုးနေပါသည်။ ကျွန်ုပ်လည်း မျက်စိမမှိတ်ဘဲ ၎င်း၏ လှုပ်ရှားမှုများကို စောင့်ကြည့်နေလိုက်ပါသည်။

"ဆရာတော၊ သတိထားဗျ"

သစ်ပင်ပေါ်မှ စောလဖော်က လှမ်းသတိပေးလိုက်သည်။ ထို့အတူ ဆလိုင်းအောင်ဘော်နှင့် ကျော်ဇံသာကလည်း-

"ဟုတ်တယ် ဆရာတောကျော် သတိကြီးကြီးထားပါ၊ ဒီကောင်ကြီးက လူသတ်နေကျအကောင်ကြီးဗျ"

ဟု လှမ်းအော်သတိပေးလိုက်ကြပြန်ပါသည်။

"မပူနဲ့ဗျို့။ ဒီကောင်ကြီးက မုဆိုးကြီးတောကျော်ရဲ့ သားကောင်ပါ"

ဟု ပြန်အော်ရင်း ထီးကောင်းကြီး လှုပ်ရှားသမျှ ဆက်လက် ကြည့်နေလိုက်ပါ၏။

ထီးကောင်းကြီးကတော့ ဝါးရုံမြစ်ခြေမှ မြေကြီးများကို တအင့်အင့်အော်ရင်း လိမ့်ထိုးနေဆဲဖြစ်သည်။ သူနောက်လိုက်ဝက်အုပ်ကတော့ ထီးကောင်းကြီး တအင့်အင့်အော်၍ မြေကြီးထိုးသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ပင် ၎င်းတို့အား ပြေးရန် အချက်ပေးလိုက်သည့်အလား နားရွက်များစူပြီး တအင့်အင့်နှင့် ကြောက်လန့်ထွက်ပြေးကြပါတော့သည်။

ကြည့်နေစဉ်ပင် ထီးကောင်းကြီးသည် သူ၏ ဘယ်ဘက်ပေါင်တစ်ခြမ်းကို မျှင်ဝါးရုံကြီးဖြင့် ပွတ်လိုက်ပါသည်။ ထို အချက်ကို စောင့်ကြည့်နေသော ကျွန်ုပ်လည်း ထီးကောင်းကြီးကိုကြည့်ပြီး သဘောကျစွာ နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်ပါ၏။

ပြုံး၍မှမဆုံးခင် ထီးကောင်းကြီးသည် ကျွန်ုပ်ထံသို့ လေးလုံးတိုက်၍ တအား ဒေါ်နှင့်မာန်နှင့်ပြေးလာပါသည်။ ကျွန်ုပ်လည်း မျက်တောင်မခတ်ကြည့်ရင်း ဝက်ကြီး၏ဒေါသကို ဆွပေးသည့်အနေဖြင့် မလှုပ်မယှက် ရပ်နေလိုက်ပါသည်။ အစွယ်တစ်ကမ်းအလိုရောက်မှ ကျွန်ုပ် အချက်ပြ ကြိုးကိုင်လိုက်သည်။ ထိုခဏတွင်ပင် ကျွန်ုပ်၏ ခန္ဓာကိုယ်ကြီးသည် လေထဲသို့ ဝက်ကြီး မမှီနိုင်လောက်သည့် အကွာအဝေးအထိ မြောက်တက်သွားပါတော့၏။ထီးကောင်းကြီးကတော့ မလှုပ်မယှက်ရပ်နေသော ကျွန်ုပ်ကို အပိုင်တွက်ဆ၍ ဒေါသဖြင့် တအား ပြေးထိုးလိုက်ပါသည်။ သို့သော် ကျွန်ုပ်ခန္ဓာကိုယ်က လေထဲမြောက်တက်သွားပြီးဖြစ်၍ ကျွန်ုပ်ကို မထိုးမိတော့ဘဲ သစ်ဆိမ့်ပင် ပင်လုံးကြီးကို ထိုးမိရာ ဖြောင်းခနဲအသံနှင့်အတူ ၎င်း၏ စွေးစွေးနီရဲနေသည့် အစွယ်ကြီးနှစ်ချောင်း သစ်ပင်၌ ကျိုးစိုက်၍ စူးနစ်သွားပါတော့သည်။

ထီးကောင်းကြီးက ဒေါသအလွန်ကြီးသည့်အကောင်ကြီးဖြစ်ပါသည်။ ၎င်း၏ အစွယ်ကြီးနှစ်ချောင်း ကျိုးသွားသည်ကိုပင် ဂရုမထားဘဲ သစ်ပင်ကြီးကို ဆယ်ကိုးခါလောက် ဆက်လက်ထိုးနေပြန်ပါသည်။ ထို့နောက်မှ လေထဲတွင် ချာလည်နေသော ကျွန်ုပ်နှင့် သစ်ပင်ပေါ်မှ စောလဖော်တို့အဖွဲ့ကိုကြည့်ရင်း တအင့်အင့်အော်၍ နောက်ကြောင်းပြန်လှည့်သွားပါတော့၏။ ထီးကောင်းကြီး စိတ်လျှော့သွားခြင်း ဖြစ်ပေ၏။

ထိုအခါမှ ကျွန်ုပ်လည်း ကပျာကယာ မြေပေါ် သို့ ခုန်ဆင်းလိုက်ကာ ဘယ်ဘက်ဒူးကိုထောင်၊ ညာဘက်ဒူးကို မြေမှာ ထိလဲ့ပြီး ညာဘက်ဖနောင့်က စအိုကို ပိတ်၍ (မုဆိုးဒူးထောက်) ထိုင်လျက် ထီးကောင်းကြီး ဒေါသဖြစ်စဉ်က ဝါးရုံနှင့် ပွတ်တိုက်ခဲ့သည့် ဘယ်ဘက်ပေါင်တစ်ခြမ်းဆီသို့ လက်စွဲတော် ဝင်ချက်စတာရိုင်ဖယ်ဖြင့် နှစ်ချက်ဆင့်ပစ်လိုက်ပါတော့သည်။

"ဒိုင်း၊ ဒိုင်း"

"အင့် အင့် ဝူး ဝုန်း ဝုန်း"

တောတောင်တစ်ခုလုံး ကော်ဒိုက်ယမ်းအားပေါက်ကွဲသံကြီး ဖုံးလွှမ်းသွားသံနှင့်အတူ သေနတ်မီးမကူးသည့် ထီးကောင်းကြီး၏ ဘယ်ဘက်ပေါင်နှင့် ခြေထောက်ဆီမှ သွေးတို့ ရဲခနဲ ဖြာကျလာပြီး ကာယသိဒ္ဓိအပြီးတိုင်ပါသည်ဆိုသော ထီးကောင်းကြီးသည် မြေသို့ ဗိုင်းခနဲပစ်ကျကာ လူးလှိမ့်နေပါတော့၏။

"ဟာ- ဒါကြောင့် ထီးကောင်းကြီးကလည်း ဂန္ဓိရဝက်ကြီး၊ မုဆိုးကြီး တောကျော်ကလည်း ဂန္ဓိရမုဆိုးကြီး၊ ထီးကောင်းကြီး ဘယ်လောက်ပြီးပြီး မုဆိုးကြီးတောကျော်နဲ့တွေ့ရင် မခံနိုင်ပါဘူးလို့ပြောတာပဲ။ အဲ့ပါရောဗျာ၊ ဘယ်သူမှ ပစ်မရတဲ့ကောင်ကြီး ဆရာတောကျော်နဲ့တွေ့တော့ဘာခဲနိုင်သေးလဲ၊ ဒါကြောင့် မုဆိုးကြီးတောကျော်နာမည်ကြီးတာပို့"

ဆလိုင်းအော်ဘော်က သစ်ဆိမ့်ပင်ကြီးပေါ်မှ အားရဝမ်းသာအော်ပြောရင်း ဆင်းလာပါသည်။ အောက်သို့ အားလုံးရောက်သည်နှင့် ၎င်းတို့အားလုံးက ဝက်ကြီးဆီ ပြေးသွားကြပါသည်။ မသေမရှင်ဖြစ်နေသော ဝက်ကြီးကို ၎င်းတို့ အဆုံးစီရင်လိုက်ကြပါသည်။

ကျွန်ုပ်ကတော့ သစ်ဆိမ့်ပင်ကြီး၌ ကျိုးပြီး စူးဝင်နစ်မြုပ်ကျန်ခဲ့သည့် ဝက်စွယ်နီကွင်း(ဂင်း)ပိတ်နှစ်ချောင်းကို ရဲတင်းနှင့်ပေါက်၍ နုတ်ယူပြီး အမောအပန်းဖြေရင်း သစ်ဆိမ့်ပင်ကြီးကိုမှီ၍ ဆေးတံကို မီးညှိကာ အားရပါးရခဲနေလိုက်ပါတော့၏။

○

ဆလိုင်းအောင်ဘော်နှင့် ကျော်ဇံသာတို့သည် ထီးကောင်းကြီးကို ကြိုးများဖြင့် တုပ်နှောင်ပြီး စောလဖော်နှင့် ကျွန်ုပ်မှလွဲ၍ ကျန်လူကြီးများဖြင့် ရွာသို့ ထမ်းခဲ့ကြပါ၏။ မရှိရွာသို့ ရောက်သည်နှင့် တစ်ရွာလုံးရှိ ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမအားလုံးတို့ 'အောင်ပြီ၊ အောင်ပြီ' ဟု ထီးကောင်းကြီးကို ကြည့်ပြီး အားရဝမ်းသာ အော်ဟစ်ကြ ခုန်ပေါက်နေကြပါတော့သည်။

"တို့တစ်တွေကို ဒုက္ခပေးတဲ့ တို့တောင်ယာတွေကိုဖျက်ဆီးတဲ့ထီးကောင်းကြီး ခုတော့ နင်ဘာတတ်နိုင်သေးလဲ"

ဟု အပြိုးအတေးကြီးစွာဖြင့် ဆဲဆို၍လည်းနေကြပါတော့၏။တစ်ရွာလုံး အားရဝမ်းသာ ကခုန်အော်ဟစ်နေကြသည်မှာ ဘဝဂ်မျည်းထွက်နေပါတော့သည်။

"ဆရာတော၊ သေနတ်မီးမကူးတဲ့ ထီးကောင်းကြီးကို နင်ကလည်း ဂန္ဓိရဝက်ကြီး၊ ငါကလည်း ဂန္ဓိရမုဆိုးကြီးဆိုပြီး အလဲလဲနိုင်ခဲ့တာ ကျုပ်ဖြင့် တော်တော် အံ့ဩသွားတယ်ဗျာ။ ဂန္ဓိရဝက်ထီးကြီးကို ဂန္ဓိရမုဆိုးကြီးက ဘယ်လိုနည်းနဲ့ အနိုင်ယူခဲ့တယ်ဆိုတာ ကျုပ်ကို ပြောပြစမ်းပါဦး"

တပည့်ကျော်ကြီး စောလဖော်က မရှိရွာသူရွာသားများရှေ့မှောက်၌ ဂုဏ်ယူဝင့်ကြွား ပီတိများ ဝေဖြာစွာဖြင့် မားမားရပ်နေသော ကျွန်ုပ်အနားသို့ ကပ်လာရင်း မေးလာပါ၏။

ထိုအခါ ကျွန်ုပ်သည် စစ်ပွဲကို အောင်နိုင်လာသော စစ်သူကြီးတစ်ဦးကဲ့သို့ မာန်ပါပါဖြင့် လက်ပိုက်ရင်း -

"ဒါပညာပေါ့ စောလဖော်ရဲ့။ သတ္တဝါတွေဟာ ဘယ်လောက်ပဲ ထကာထကာသေ ဆိုတဲ့ ကာယသိဒ္ဓိတွေပြီးနေနေ တစ်နေ့ချင်း သူတို့အတွက် မပြီးနိုင်တဲ့ သုက်ကိန်းတဲ့ နေရာတစ်နေရာတစ်နေရာရှိနေတတ်တယ်။ အဲဒီမပြီးနိုင်တဲ့ သုက်ကိန်းတဲ့ နေရာကလည်း အမြဲတမ်း တည်နေတာ မဟုတ်ဘူး။ နေ့အလိုက် ပြောင်းနေတတ်တယ်။ အဲ- သူတို့စိတ်ဆိုးပြီဆိုရင် အဲဒီသုက်ကိန်းတဲ့နေရာကို ပွတ်ပြတာ၊ ကုတ်ပြတာ စသဖြင့် အချက်တစ်ခုခုပြုပြီးပြတတ်တယ်။ အဲဒါကို သိတာနဲ့ ပြတဲ့အချိန်ရဲ့ တစ်နာရီအတွင်းမှာ မုဆိုးဒူးထောက်ထိုင်၊ စအိုကို ပိတ်ပြီး အဲဒီနေရာကို ထိုးခုတ်ပစ်ခတ်လိုက်ရင် ဘယ်လောက်ပြီးတဲ့ သားကောင်ဖြစ်ဖြစ် မခံနိုင်ဘဲ လဲကျရတာပါပဲဗျာ"

ဟု ပြောလိုက်ပါသည်။

ထိုညက မရှိရွာ၌ ကျွန်ုပ်အား ဂုဏ်ပြုပွဲလေးတစ်ခုကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ပေးကြပါ၏။

"ကျုပ်တို့လည်း ဘူးတောင်းရွာပြန်ရောက်ရင် ဆရာတောကျော်ကိုဂုဏ်ပြုပွဲ ပြုလုပ်ရဦးမယ်။ ဆရာတောကျော်ရဲ့ကျေးဇူးက ကမ္ဘာပါဗျာ"

ဟု ဆလိုင်းအောင်ဘော်ကလည်း မရှိရွာသားများကို အားကျဂုဏ်ပြိုင်ပြောလိုက်ပါသည်။

နေသုံးနို့

www.burmeseclassic.com

www.burmeseclassic.com

ဗေဖန်ပြစ်တင်ရွတ်ချခံရသောဗေဒင်လောကထဲက

သိက္ခာကိုကိုင်စွဲတည်နေသော ဆန်းဗေဒင်

ဆရာဒလမင်းခေါင်

"ဆရာရေ၊ ဗေဒင်လောကကြီးကို စစ်မှန်တဲ့ ဗေဒင်ပညာ ပြန့်ပွားရေး အများကြီး လိုအပ်တယ်နော်"

"ဘာကြောင့်လဲ ဆရာကျော်ရဲ့"

"တစ်နေ့က ဗေဒင်ဆရာတွေရိုက် စားလုပ်ပုံ၊ မဟုတ်တာတွေလုပ်ပုံ စာအုပ်ဟောင်းမှာ ဖတ်လိုက်ရတယ်"

"ဘာစာအုပ်လဲ ဆရာကျော်ရဲ့"

"လွန်ခဲ့တဲ့ နှစ်(၂၀)နီးပါးက ကျော်မြသန်း ရေးတဲ့ အမှန်အကန်နှင့် အကြံအဖန် ဆိုတဲ့ စာအုပ်လေ"

"ဖတ်ဖူးတယ်ဆရာကျော်။ အရင်က ဆရာ ကျော်မြသန်းပဲ မနောအလှဟောသမျှ ဆိုတဲ့ ဗေဒင်ဆရာတွေ အကြောင်း ရေးခဲ့ဖူးတယ်။ ဒီစာအုပ်မှာ လက္ခဏာပညာ မှတ်သားဖွယ်ရာ အများကြီးပဲ။ ဘာမကျေနပ်စာများရှိလို့လဲ"

"ရှိတာပေါ့။ ဒီစာအုပ်ထဲမှာ ဗေဒင်ဆရာတွေရဲ့ သိက္ခာကျအောင်ချထားတယ်"

"ဗေဒင်ဆရာတွေကလည်း သိက္ခာကျအောင်လုပ်တာကိုး။ မိမိကြီးပွားရေး၊ ချမ်းသာရေးအတွက် ဗေဒင်ပညာကို ခုတုံးလုပ်တာကိုး"

"မှန်မှန်ကန်ကန် ဆရာတွေလည်း ရှိတာကို ရှင်းဖို့လိုတယ်နော်"

"ဒီလိုစာအုပ်ထဲက ဗေဒင်ဆရာ ပြုမူပုံကို ဆရာကြီးရန်ကုန်ကျော်ရင်ကို ပြောဖူးတယ်။ ဆရာကြီးရန်ကုန်ကျော်ရင်က ဒီဗေဒင်ဆရာတွေထဲမှာ ကျွမ်းတို့ ဆန်းဗေဒင်ဆရာတွေ ပါလို့လား။ ဆန်းဗေဒင်ပညာသင်ကတည်းက မေးသူအပေါ် စေတနာထားရမယ့်စည်းကမ်းတွေ ပါတယ်မဟုတ်လား။ တိကျတဲ့ စည်းကမ်းတွေ သစ္စာဆိုပြီး သင်ခဲ့ရတယ်လို့ ပြန်ပြောခဲ့တယ်။

ဗေဒင်ဆရာတွေကို ဝေဖန်မှုက တော့ မပြောနဲ့။ ဆရာဒဂုန်က သူ့ရဲ့ အင်တာဗျူးတစ်ခုမှာ ဒီလိုရေးဖူးတယ်။ သတင်းစာတွေ၊ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေနဲ့ ရုပ်ရှင်တွေ၊ အငြိမ့်တွေ၊ ဇာတ်ပွဲတွေမှာပါ ဗေဒင်ဆရာဟာ အစေခံကားခံဖို့ လူဖြစ်လာခဲ့ရတာပါလား ဆိုတာကို တွေ့လာရတယ်လို့ ဖြေဖူးတယ် ဆရာကျော်"

"သိပ်ဟုတ်တာပေါ့နော်"

"ဒါပေမယ့် သတိထားမိလား ဆရာကျော်။ ဆရာကျော်မြသန်း ရေးတဲ့ စာအုပ်တွေဟာ ဗေဒင်ဆရာအကြောင်း လုပ်ကြံရေးတာမဟုတ်။ တကယ်အဖြစ်အပျက် အမှန်ကန်တွေ။ ဗေဒင်ပညာကို အလွဲသုံးစားလုပ်ပြီး ကိုယ်ကျိုးရှာခဲ့လို့ ဗေဒင်ပညာနဲ့ ဗေဒင်ဆရာတွေ နာမည်ပျက်ရတာ။ ဆရာကျော်မြသန်းတင် မကဘူး။ ဆရာဇဝနကလည်း ဗေဒင်ပညာကို ဒီလိုရေးဖူးတယ် ဆရာကျော်ရဲ့။

ယနေ့ ကြီးပွားနေသော ဗေဒင်လက္ခဏာအချို့သည် ဟောပြောမှုကို လုပ်ရှိးလုပ်စဉ်လောက်လုပ်ပြီး ထိုအတွက် ဉာဏ်ပူဇော်ခထက် သူတို့ အဓိကထား ဂရုစိုက်သည်မှာ ဓာတ်ရိုက်ဓာတ်ဆင်ယဉ်ကြာပင် ဖြစ်သည်။ ထိုသို့ ယဉ်ကြာဓာတ်ရိုက်ယဉ်ကြာဆင်၍ ပေးရမည်ဆိုပါက (၅၀)မှ (၁၀၀)၊ (၁၀၀၀) အထိ တောင်းယူကြသည်။ ထိုသို့ ဓာတ်ရိုက်ယဉ်ကြာ သူတို့ ဓာတ်ရိုက်ယဉ်ကြာဆင်ပေးလိုက်သည့်အတွက် အောင်ချင်အောင်၊ မအောင်ချင်နေ သူတို့အဖို့ သပိတ်ဝင်အိတ်ဝင်ဖြစ်နေပြီလို့ ရေးခဲ့တယ်"

"ဒါက ဆရာဇဝနတို့ခေတ်က၊ ခုခေတ်မှာ သိန်းချီယူနေတယ်။ အချစ်ရေးအဆင်မပြေလို့ ယဉ်ကြာမလုပ်နဲ့ တစ်သိန်း။ တကယ်အဆင်မပြေလို့ ထပ်ပြီး လုပ်က လေး၊ ငါးသိန်း ထပ်ပေးရတယ်"

"ဟုတ်ပါတယ် ဆရာကျော်၊ မျက်မှောက်ခေတ်နဲ့ပတ်သက်ပြီး ဆရာကျော်မြသန်းက ဗေဒင်ပညာနဲ့ ပတ်သက်ပြီး ဒီလိုဖော်ပြတယ် ဆရာကျော်။

ယနေ့ ဆရာများကတော့ စေတနာမဖက် ပညာမထက်ဘဲ ကျော်အောင်ညာပြီး အကြံအဖန်ကိစ္စများကို နည်းလမ်းအသွယ်သွယ်ဖြင့် လမ်းကြောင်းထွင်၍ ရိုက်စားလုပ်နေကြသည်။ ပေါကြောင်ကြောင်ဓာတ်ပုံများ၊ စိတ်ဝင်စားဖွယ်မြင်စေသော ဟိတ်လုံးဟန်လုံးများ၊ မရှိကို အရှိထင်လာစေသော ထွင်လုံးဆင်လုံးများဖြင့် စာနယ်ဇင်းပေါင်းစုံမှာ ကြော်ငြာသည့်အလား ကြော်ငြာစာများကို တွေ့ဖူးကြလိမ့်မည်။ ထိုကြော်ငြာများကို အထင်ကြီးပြီး တံလျှပ်ကိုရေထင် ရွှေသမင်လိုက်မှားဆိုဘိသို့ အဖြစ်မျိုး ကြုံခဲ့ရသူတွေ အနေမတဝရှိသော်လည်း ကိုယ်အနှစ်ခံရသည်ကို မပြောချင်သော လူသဘာဝအလျောက် အဟောင်းသွားအသစ်လာ နိယာမသဘောအတိုင်း သူတို့မှာ ဆက်လက်ပြီး စားသာမြစားသာနေကြသည်တဲ့။

ဗေဒင်လောကအကြောင်း နို့က်နို့က်ချွတ်ချွတ် လေ့လာ ရေးသားခဲ့တဲ့ ဆရာ ကျော်မြသန်းဟာ ဗေဒင်ပညာလောကကို လေးစားသူ ဖြစ်တယ်။ ဒါကြောင့် သူ့စာအုပ်ထဲမှာ ဗေဒင်ပညာကို နို့က်လေနက်လေ အဆုံးမထင်သော ပညာလည်း ဖြစ်၏။ ထိုမျှ နက်နဲခက်ခဲကျယ်ဝန်း၍ ဇောက်နက်လှသော ပညာကို အပေါ်ယံလေ့လာပြီး လူပြိန်းကြိုက် အလွယ်သဘော ဟောချက်ထုတ်၍ အကြံအဖန်လုပ်နေကြ၏။ ခြောက်လုံးလှန်လုံးများဖြင့် ယဉ်ကြာကို တွဲစပ် အကြောင်းပြု၍တစ်နည်း၊ ဓာတ်ရိုက်ဓာတ်ဆင် ရိုက်တွဲ၍တစ်ဖုံ၊ အကြံအဖန်အသွယ်သွယ်ဖြင့် ရိုက်စားလုပ်နေကြ၏လို့ လုပ်စားရိုက်စား ဗေဒင်ဆရာများကို ဝေဖန်ရေးသားခဲ့တယ်။

ဆရာကျော်မြသန်းဟာ တစ်ဖက်က အကြံအဖန် ရိုက်စားလုပ်စားနေတဲ့ ဗေဒင်ဆရာ အမည်ခံ အတုအယောင်တွေကို ရှုတ်ချ ရေးသားခဲ့သလို ပညာကို တန်ဖိုးထားပြီး တတ်စွမ်းသမျှသော တွက်ချက်ဟောပြောမှုဖြင့် အမှန်အကန် လုပ်နေတဲ့ပုဂ္ဂိုလ်များ၊ ပညာရှင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

များလည်း ရှိပါတယ်။ ရွှေခေတ်ဗေဒင် ပညာရှင်ကြီးများမှာ သိလ၊ သမာဓိ၊ သစ္စာတရားနဲ့ ငွေကြေးကို အဓိကမထားဘဲ ပညာဖြန့်ဝေရေးကို အဓိကထားကြတယ်။ ငွေကြေးကို သတ်မှတ်ချက်မထား စေတနာအလျောက် ကန်တော့ကြေးကို ခံယူပြီး ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ စေတနာကို အရင်းခံကြတယ်။ စေတနာဖက်မှ တော်သည်ဆိုသလိုပင် စေတနာဖက်လို့ ပညာထက်ကြတယ်လို့ စေတနာထားခဲ့တဲ့ရွှေဆရာများကို လည်း ချီးကျူးသမှုပြုခဲ့တယ်။

ဆရာကျော် မြသန်းဟာ 'မနော အလှ ဟောသမျှ' စာအုပ်ထဲမှာ ဗေဒင်ပညာရှင်အကြောင်းကို ဒီလို ရေးထားပါတယ်။

ဆရာကျိုင်းဆိုတဲ့ ဗေဒင်ဆရာတစ်ယောက် အကြောင်းကို ဒီလို ရေးသားတယ်။

ဆရာကျိုင်းက မွန်းတည့်ချိန်တွင် အလုပ်သိမ်းလေ့ ရှိသည်။ ရိုးရိုးအပိုင်းသုံးကျပ်တစ်မတ်၊ အထူးပိုင်း ငါးကျပ်တစ်မတ်၊ တစ်သက်တာ မဟောပါ။ သူ၏အိပ်ရာဘေးအတွင်းမှာ စုဘူးသုံးဘူး ရှိသည်။ ရသည့်ဝင်ငွေကို လေးပုံပုံပြီး တစ်ပုံကို ဘုရားလှူဖို့အတွက်၊ တစ်ပုံကို ရဟန်းသံဃာများလှူဖို့အတွက်၊ တစ်ပုံကို အိုစာမင်းစာအတွက် စုဘူးသုံးဘူး ထဲထည့်သည်။ ကျန်တစ်ပုံမှာ စားဖို့။ ဥပုသ်နေ့တွင် ဗေဒင် လုံးဝ မဟော။ ဥပုသ်နေ့တိုင်း ဥပုသ်သီတင်းဆောက်တည်သည်။

သူ၏လက်သုံးစကားမှာ -

'ငွေဆိုတာ ရေလိုပဲကွ။ ရေများများသောက်ရင် ရေအိုးထဲကရေ မြန်မြန်ကုန်တာပေါ့။ သင့်ရုံသောက်တော့လည်း သင့်ရုံပဲကုန်တာပေါ့။ သီလစင်ကြယ်ရုံနဲ့မပြီး၊ ဒါနနဲ့လည်းလှူရတယ်။ ရသမျှစားတော့လည်းမစင်တွင်း။ ဗေဒင်ဟောတယ်ဆိုတာ ဟောတဲ့လူက သီလစင်ကြယ်မှ၊ သမာဓိပြည့်ဝမှ ဟောချက်မှန်တာ။ ငါ့ရဲ့ လက်ဦးဆရာကတော့ သည်အတိုင်း မိန့်ဆိုတယ်။ သူကိုယ်တိုင်လည်းလုပ်တယ်။ ပညာဆိုတာ ကြေညာဖို့မလိုဘူးကွ။ တော်ရင် သူဟာ လူကျော်တာပဲ။ ကိုယ့်ပညာ မခိုင်လုံရင်တော့ လူသိအောင်လုပ်ရတာပေါ့ကွာ။ ကိုယ့်အကြောင်း ကိုယ့်ရဲ့ပါးစပ်က လိမ်လို့ ရပေမယ့် ကိုယ်စောင့်နတ်ကိုတော့ ကိုယ်က ဘယ်လိမ်လို့ရမလဲ'

လို့ ရေးခဲ့တယ်"

"ဆရာကျော်မြသန်းရဲ့ ရေးသားချက်တွေက ဒီနေ့ဖြစ်ပျက်တဲ့ ဗေဒင်လောကကို မီးမောင်းထိုးပြနေသလိုပဲနော်"

"ဟုတ်တာပေါ့ ဆရာကျော်၊ ဒီလို ရေးသားချက်ကို ဆရာကြီး ရန်ကုန်ကျော်ရင် သက်ရှိထင်ရှားရှိတုန်းက ပြဖူးပါတယ်။ သူဖတ်ကြည့်တော့ ဒီရေးသားချက်တွေက အမှန်တွေလို့ ပြောတယ်။ ဒါပေမယ် တို့ဆန်းဗေဒင်ပညာနဲ့ ဆရာတွေ မပါဘူး။ ဒီလိုလည်းမလုပ်စားဘူး။ ဒီလိုလုပ်စားကလည်း ဆန်းဂိုဏ်းသင့်တယ်။ မအောင်မြင်ဘူး။ အောင်မြင်ကလည်း တစ်နေ့မှာ ဒီလိုလုပ်စားတဲ့ ဗေဒင်ဆရာမိသားစုဟာ ဘေးဒုက္ခအကြီးအကျယ်ရောက်တတ်တယ်လို့ မှတ်ချက်ပြုတယ် ဆရာကျော်"

"ဆရာကျော်မြသန်းရေးတဲ့ လုပ်စားဆရာတွေဟာ ဆရာကောင်းကောင်း မရှိလို့ ငွေရပြီးရောဆိုပြီး မဟုတ်တရုတ် လုပ်စားတာလား ဆရာ"

"ဟုတ်တာပေါ့ ဆရာကျော်ရဲ့။ ဆရာသမားထဲမှာ စနစ်တကျ သင်ကြားခဲ့ရင် ဒီလိုလုပ်စားမှာ မဟုတ်ဘူး။ ဆန်းဗေဒင်မှာကြည့်လေ၊ ဆန်းဗေဒင်ပညာသင်တဲ့အခါ လိုက်နာရမယ့် ပရိက်ဆိုတာ ရှိတယ်။ အဲဒီ ပရိက်ထဲမှာ ရှေးဆန်းကျမ်းဗေဒင်ပညာရှင်တွေဟာ ကိုယ့်ဆရာရဲ့ ဟောပြောခွင့်၊ ငွေကြေးသတ်မှတ်ခွင့်၊ လုပ်စားခွင့်၊ သင်တန်းဖြန့်ပေးခွင့်၊ တပည့်တပန်းမွေးခွင့် ဆရာကျေနပ်မှ ပေးရတယ်"

"ကွယ်လွန်ရှာပြီဖြစ်တဲ့ ဆရာမင်းသိခ်ဟာ သူတပည့်တွေကို ထင်သလို ငွေကြေးသတ်မှတ်ခွင့် မရှိဘူး။ တပည့်တွေကို စည်းကမ်းသတ်မှတ်ထားတယ်နော်"

"ဟုတ်တယ် ဆရာကျော်၊ ဆရာဖြစ်ဖို့ (၁၀၈)ယောက်ပြည့်အောင် ဟောပြီးမှ ဟောခွင့်ပြုတာ။ အခကြေးငွေတောင်မှ အများတတ်နိုင်တဲ့စျေးကို သတ်မှတ်ပေးတာ။ လုပ်စားရိုက်စား ဆရာတွေလို တစ်ခွန်းမေး တစ်သောင်းမရှိဘူး။ ယတြာကြေးတောင် မယူရဖူးဘူး။ ထူးထူးခြားတွေ့တာက လူပြိန်းကြိုက် ကြော်ငြာနေတဲ့ ဆရာတွေဟာ ဆရာသမားနဲ့ ဟုတ်တိပတ်တိ မသင်ခဲ့ရရှာဘူး။ စာအုပ်တွေဖတ်၊ တခြားဆရာတွေ ဟော်တာတွေကို နှမူနာယူပြီးဟောနေတယ်ဆိုတာကို သူတို့ဟောကွက်တွေကြည့်ပြီး သိရတယ်။

ပြီးတော့ ဗေဒင်ဆရာဟာ အောင်သွယ်လုပ်တာ၊ ပွဲစားလုပ်တာ၊ ချောက်တွန်းတာ၊ ကုန်းတိုက်တာ၊ ရန်တိုက်တာ မလုပ်ရဘူးလို့ ပရိက်အနေနဲ့ တားမြစ်ထားတယ်။ ဒီစည်းကမ်းချက်ဟာ ဆန်းဗေဒင်ဆရာတွေရဲ့ ပရိက်တွေထဲမှာပါတယ် ဆရာကျော်။ ဒါကလည်း ဗေဒင်ဆရာကို လူရိုသေရှင်ရိုသေ အများလေးစားရတဲ့အရာတွေ ဖြစ်အောင်လို့ သတ်မှတ်ထားတာ"

"ဟုတ်တယ် ဆရာ၊ ဗေဒင်ဆရာအချို့ဆိုရင် သူကိုယ်တိုင် ပွဲစားလုပ်နေတာ မတွေ့ဘူးလား။ အရောင်းထွက်အောင် ယတြာလုပ်ပေးတယ်။ ယတြာကို ရောင်းပြီးမှပေးတဲ့။ သူထံမှာ ယတြာလုပ်လို့ ရောင်းထွက်ပြီလို့တော့ ကြေညာထားတယ်"

"တွေ့ပါတယ် ဆရာကျော်၊ သူတို့ ပွဲစားဆန်ဆန် ရာခိုင်နှုန်းယူတာ။ ပွဲစားအလုပ်ကို ဗေဒင်ဆရာ အလုပ်တွေဝင်လုပ်နေပြီ။ အမှန်တကယ် ဗေဒင်ဆရာစစ်စစ်တွေက ဒီအလုပ်ကို မနှစ်သက်ကြဘူး။ ပြီးတော့ ရှေးဆန်းဗေဒင်ပညာရှင်တွေဟာ သတ်မှတ်ထားတဲ့ ဥဏ်ပူဇော်ခမှာ တစ်မတ်စီစွန်းပြီး ယူလေ့ရှိတယ်။ဥပမာ သုံးကျပ်တစ်မတ်၊ ငါးကျပ်တစ်မတ်၊ တစ်ဆယ်တစ်မတ် စသည်ဖြင့် ယူရတယ်။ စွန်းနေတဲ့မတ်စွန်းတွေကို စုထားပြီး ကိုယ်ရှာဖွေထားတဲ့ ငွေတွေ တစ်ချို့၊ အလှူခံလို့ရတဲ့အထဲက တစ်ချို့၊ တပည့်တပန်းတွေက ပံ့ပိုးထောက်ပံ့ကူညီတဲ့ငွေတွေကတစ်ချို့ အားလုံးစုပြီး မြန်မာနှစ်သစ်ကူးချိန် ဒါမှမဟုတ် ကိုယ်တိုင်ယုံကြည်ရာ ကိုယ်လူမျိုး၊ ကိုယ်ဘာသာဓလေ့အရ နှစ်သစ်ကူးချိန်မှာ ဇီဝိတဒါနအလှူလုပ်ကြတယ်။ ဒါက ရှေးဗေဒင်ဆရာကြီးတွေရဲ့ လိုက်နာရတဲ့ ပရိက်တွေထဲက အချက်တချို့ပဲ။ ဆန်းဆရာတွေ ဗေဒင်နဲ့ပတ်သက်ပြီး ခံယူချက်တွေက ဒီလိုရှိတယ်။

ဆန်းဗေဒင်ပညာရှင်တွေရဲ့ အယူအဆမှာ ဆန်းဗေဒင်ဟာ ကိန်းဂဏန်းတွေကို ကြည့်ဟောရတဲ့ ပညာဖြစ်လို့ ကိန်းသည် ကိန်းမှသာဖြစ်၍ ကံ မဟုတ်ခေ့။ ဗေဒင်ဆရာသည် ကိန်းကိုသိသူမှသာ ဖြစ်၏။ ကိန်းပညာရှင်မှသာ ဖြစ်သည်။ လူတစ်ယောက်၏ ကံကိုကား ဘုရား၊ ရဟန္တာတို့မှအပ ဤကမ္ဘာတွင် ကြို၍သိမြင်နိုင်သူ မရှိပြီ။ ဗေဒင်ဆရာသည် ကံကိုမြင်ရသူသဖွယ် ဘယ်ကဲ့သို့ဖြစ်ရမည်ဟု မပြောနိုင်ခေ့။ ပြောလျှင်လည်း မှန်မည် မဟုတ်ခေ့။

ဗေဒင်ဆရာသည် ဗေဒင်ဆရာတစ်ယောက်လို သိနိုင်စွမ်းနိုင်၏။ ကံကို

www.burmeseclassic.com

www.burmeseclassic.com

သိသော ရဟန္တာပုဂ္ဂိုလ်ထူးများကဲ့သို့ ဒီလိုဟောရင် မုချဖြစ်ရမည်မလွဲဟု မဟောနိုင်ပါ။ ဟောပါက စီးပွားရှာသော လူညာများသာ ဖြစ်လိမ့်မည်။ ဗေဒင်ဆရာသည် ဘယ်ခုနှစ်၊ ဘယ်နေ့လမှာ ခင်ဗျားအမွေရမယ်၊ ထီပေါက်မယ် ဒီလို ဟောတာမျိုးမှာ အကြိုက်လိုက်ဟောသော အဖျော်ဖြေခံသူများအတွက် ဆရာများသာ ဖြစ်တော့၏။ ဟောလည်း မဟောနိုင်။

ဥပမာတစ်ခု တင်ပြပါဦးမည်။

'ကျွန်တော် ဒီနှစ်ထဲမှာ အိမ်ထောင်ပြုဖြစ်ပါ့မလား'

'မပြုဖြစ်ပါဘူး သို့မဟုတ် အိမ်ထောင်ကျမှာ သေချာတယ်။ ဘယ်လို မိန်းမျိုးနဲ့'

ဟု ဤသို့လည်း မဟောနိုင်ပါ။

ဟောနိုင်သည်ကား အိမ်ထောင်ကျကိန်းမြင်၏ သို့မဟုတ် အိမ်ထောင်ကျကိန်း မရှိသေး။ ကိန်းက ခွင့်ပြုသဖြင့် အိမ်ထောင်ပြုလိုက်သော်ပြုရလွယ်မည်။ ကောင်းမည်။ (ပြုချင်ပြု၊ မပြုချင်နေနိုင်သည်။)

ကိန်းက ခွင့်မပြုသဖြင့် အိမ်ထောင်ပြုလိုက်သော ခက်ခဲမည်။ ပျက်လွယ်နိုင်သည် မကောင်း။ (ပြုချင်ပြု၊ မပြုချင်နေနိုင်သည်။) ဤဆန်းဗေဒင်ဆရာတို့၏ အယူအဆများသာ ဖြစ်သည်။

ဗေဒင်ကိန်းခန်းတို့ မည်သည် တတ်အပ်သေချာစွာ မုချဖြစ်ရမည်၊ ကြုံရမည်ဟု ပြောဟောခြင်းငှာ မဖြစ်နိုင်။ ဖြစ်ကိန်းကြုံ၍ ဖြစ်နိုင်ခြင်းသဘာဝကိုသာ သိရှိရခြင်း မည်ပေ၏။ အကယ်၍ ဗေဒင်အတတ်ပညာတစ်ခုသည် မုချမည်သို့ဖြစ်ရမည်ဟု ဟောပြောလျှင် ယတြာဓာတ်မည်သည်မှာ မရှိနိုင်ချေတကား။

ယတြာဓာတ်ကို ပြုပြင်ရကြောင်း သိနိုင်ပါလျှင် ဟောပြောသော ဗေဒင်ကိန်းခန်းတို့သည် လုံးဝ ရှောင်လွှဲ၍ မရစကောင်းသောအရာများမဟုတ်ကြောင်း သဘောပေါက်လောက်ပေသည်။ သေနိုင်သည့်ကိန်းခန်း၊ ဖမ်းဆီးချုပ်နှောင်ခံရမည့်ကိန်းခန်းများ ကြုံတွေ့ပေါ် ပေါက်လာလျှင် သေကောင်းသေနိုင်သည်။ အဖမ်းခံရကောင်းခံနိုင်ရနိုင်ပါသည်။ သို့သော် အဖမ်းမခံရအောင်၊ မသေအောင် လောကအမြင်ဖြင့် ရှောင်၍လွတ်နိုင်မည် မဟုတ်ဘဲ ကိန်းခန်းအမြင်အရ ပြုပြင်တိမ်းရှောင်ခြင်းဖြင့် အမှန်ပင် လွတ်ကင်းနိုင်လေသည်။ သဘောမှာ နွေဥတုတွင် လမ်း၌ နေပူနေမည်ကို သိသဖြင့် ထီး၊ ဖိနပ် စသည်ဆောင်း၍ သွားခြင်းသည် ပူမည်အမှန်ကို သိသဖြင့် အပူရန် ကာကွယ်သွားခြင်းသည် လောကယတြာပြုပြင်ခြင်းပင် ဖြစ်လေသည်။

အတွင်းဓာတ်ခံအရ ပူသောကိစ္စကို ကာကွယ်ရန်မှာ အတွင်းဓာတ်ခံက မကြိုက်သော အမှုကိစ္စတို့ကို လုံးဝ လွှဲရှောင်၍ ကြိုက်သော အရာများကိုသာ ဆောင်ရွက်ပါက ၎င်းကိန်းခန်းကာလကို လွန်မြောက်သည့်တိုင် မည်သည့်ဘေးဥပဒ်တို့မှ ကျရောက်ခြင်းမရှိဘဲ ချမ်းသာစွာ နေထိုင်နိုင်ပေလိမ့်မည်။

သို့ကြောင့်ပင် နှစ်စဉ်နှစ်တိုင်း မိမိတို့၏ မွေးရက်၊ မွေးလသို့ရောက်ပြီး တစ်နှစ်တစ်နှစ်ပြောင်းတိုင်း ဘေးအန္တရာယ်ဟူသရွေ့ မကျရောက် မကပ်ငြိစေရန် ယတြာများကို လုပ်ထားသင့်ပါသည်တဲ့။

ဆရာကျော်ရေ၊ ဒါတွေက ကွယ်လွန်ရာပြီဖြစ်တဲ့ ဆန်းဗေဒင်ဆရာကြီး ဦးလွမ်းမိုးရဲ့တပည့် ဆရာမင်းကျော်ဇော်ရဲ့ ဆန်းဗေဒင်ရဲ့ အယူအဆတွေ ဖြစ်တယ်။

အခြားသော ဗေဒင်ဆရာများနဲ့ ဆန်းဗေဒင်ဆရာများမတူတဲ့အချက်က ဆန်းဗေဒင်ပညာရှင်တွေဟာ တစ်လောကလုံး ဆန်းစစ်တဲ့ပညာရှင်တွေ ဖြစ်တယ်။ ဒါကြောင့်လည်း ဗေဒင်ပညာဖြင့် အမြဲတမ်း မိမိနဲ့ ပတ်ဝန်းကျင်ကို ဆန်းစစ်နေတတ်ပါတယ်။ ဆရာဇဝနက ဗေဒင်ဆရာနဲ့ပတ်သက်ပြီး ဒီလိုရေးခဲ့ဖူးတယ် ဆရာကျော်။ ဆရာဇဝန ရေးပုံက ဒီလို ဆရာကျော်ရဲ့။

ဗေဒင်ဆရာ သူခိုးခိုးခံရသည်၊ အိမ်မီးလောင်သည်၊ ကားတိုက်ခံရသည်၊ နာမကျန်းဖြစ်သည်၊ အရှိက်ခံရသည်၊ လူလိမ်ခံရသည် စသည်ဖြင့် တစ်ခုခုဖြစ်သည့်အခါ ဗေဒင်ဆရာက သူများကိုတော့ ရှေ့ဖြစ်ဟောပြီး ကိုယ်ကိုတော့ ဘာဖြစ်လိမ့်မယ်ဆိုတာ တွက်မကြည့်ဘူးလား။ ကိုယ့်ဗေဒင်ကိုယ်မယုံလို့လား၊ မတတ်လို့လားဟု ပြက်လုံးထုတ်လေ့ ရှိသည်။

ဗေဒင်၊ လက္ခဏာဆရာတို့သည် လာဘ်ရရန်အတွက် သူတစ်ပါးကိုဟောပြောသူ ဖြစ်သည်။ မိမိကိုယ်ကို ဟောပြောသဖြင့် ဘာမှရရှိမည်မဟုတ်သဖြင့် ကိုယ့်ဗေဒင် ကိုယ့်အတွက်မကြည့်ရင်လည်းနေမည်။ သူသည် သူတစ်ပါးက ဗေဒင်လာ၍မေးလျှင် ဟောမည်။ ဓာတ်ရိုက်၊ ယတြာဆင်ပေးခိုင်းလျှင် ယတြာဆင်ပေးမည်။ သူသည် သူတစ်ပါးအကျိုးကို ကြည့်သည်။ မိမိအကျိုးကိုကြည့်သည် မဟုတ်ဟု ဆိုလျှင်လည်းဆိုနိုင်သည်လို့ ရေးခဲ့တယ် ဆရာကျော်။

ဒီအကြောင်းတွေကို ဆရာကြီးရန်ကုန်ကျော်ရင်ကို မေးကြည့်တော့ -

'အေး- တခြားဗေဒင်ဆရာတွေက သူများအကြောင်း စိတ်ဝင်စားတယ်။ တို့ဆန်းဗေဒင်ဆရာတွေက မိမိကိုယ်ကို အရင်တွက်ကြည့်ပြီးမှ ဟောတယ်။ မိသားစုအတွက် ဆောင်သာဆောင်၊ ရှောင်ဖို့ အရင် တွက်ကြည့်တယ်။ ငယ်ငယ်တုန်းက အတွေ့အကြုံကို ပြောရရင် ဆန်းဗေဒင်သင်စက ငါ့ရဲ့ ဂြိုဟ်အိပ်တိုင်မှာ မကောင်းဘူး။ သက်ရောက်တိုင်မှာလည်း ထောင်ကျကိန်းရှိတယ်။ ဒါကြောင့် ယတြာချေပြီး အတတ်နိုင်ဆုံး ဆင်ခြင်တယ်။ ဒါနဲ့ အဖမ်းခံရတာပေါ့။ ဒါပေမယ့် ထောင်မကျဘူး။ ချုပ်ရုံသာ အချုပ်ခံရတယ်။ ဒါကြောင့် ဆန်းဗေဒင်တတ်လာရင် ဘယ်နှစ်တွေမှာ၊ ဘယ်အသက်ပိုင်း၊ ဘယ်နေ့တွေမှာ အဆိုး၊ အကောင်း သိနိုင်တယ်။ ကြိုယတြာချေပါက ကြီးတဲ့အမှုသေး၊ သေးတဲ့အမှု ပပျောက်နိုင်တယ်။ ခင်ဗျားတို့ကို သင်ပြီးသား မဟုတ်လား။ အာစရိယဝါဒ အရ သူများမဟောခင် ကိုယ့်ကိုယ်ကိုယ် အရင်တွက်ပြီး ကိုယ့်အညှိုပိုင်းရောက်နေရင် ဘယ်တော့မှ သူများမဟောဘူး။ ဟောလည်း မှားတတ်တယ်။ ဒီအခါမှာ ကံတက်အောင် မိမိကိုယ်ကို ယတြာတွေ လုပ်၊ အဓိဋ္ဌာန်တွေဝင်၊ သက်သတ်လွတ်တွေစား။ ဒါက ကံတက်မယ်။ ကံတက်မှ ဟောသမျှမှန်ပြီး ယတြာတွေ အောင်မြင်မယ်။ ဒါကြောင့် ဆန်းဗေဒင်ဆရာတွေဟာ အမြဲတမ်း မိမိကိုယ်ကိုဟောနေရတယ် ဆရာကျော်"

စစ်မှန်သော ဗေဒင်ပညာ၊ လက္ခဏာပညာဖြင့် ဟောပြောနေကြသော ဗေဒင်ပညာရှင်များကို ဂုဏ်ပြုလျက်။

ဆရာဒလမင်းခေါင်

ကျမ်းကိုး-

၁။ မနောအလှုဟောသမျှ
ကျော်မြဲသန်း

၂။ အမှန်အကန်နှင့် အကြံအဖန်
ကျော်မြဲသန်း

၃။ မြန်မာ့ရိုးရာ ဆန်းကျမ်းဗေဒင်ပညာ
ဆရာဒဂုန်

၄။ လျှို့ဝှက်ရှားပါးသောဗေဒင်ပညာ
ဆရာမင်းကျော်ဇော်

www.burmeseclassic.com

www.burmeseclassic.com

(ပေါင်းတည်)

ကျိုးမဒိုးတောင်ဝင်းဖ

ဘာကိုမှမယုံသောခရိုနှင့် ဘာဖြစ်မည်ကို ကြိုသိနေသော ဘာဘာကြီး

(၁)

မည်မျှပင် သတ္တိကောင်းပါသည်ဟု ဆိုသူပင်လျှင် ဤအရပ်ဒေသသို့ ယခုကဲ့သို့ ညဉ့်နက်သန်းခေါင်ကျော် အချိန် တစ်ယောက်တည်း လာရောက်ရန်မှာ အတော်ပင် ဝန်လေးမည်ဟု ဆိုရမည် ဖြစ်ပါ၏။ ထိုနေရာသည်ကား ရန်ကုန်မြို့၏ နာမည်ကြီး သချိုင်းတစ်ခု ဖြစ်ပါ၏။ ထိုသချိုင်းအတွင်း၌ ရေညှိတက်၍ မည်းနေသော အုတ်ဂူများ၊ ဆေးရောင်လွင့်နေသော အုတ်ဂူများကို တွေ့ရသည်။ မကြာသေးမီကမှ လူသေအလောင်းမြှုပ်ပြီးခါစ မြေပုံမို့မို့နှင့် အချိန်အတော်ကြာက မြှုပ်ပြီး၍ အသားကျသွားသော လူသေအခေါင်းရာချိုင့်ဝင်နေသော မြေကျင်းများလည်း ရှိနေ၏။

ထို့အတူ ချဲ့နွယ်ပိတ်ပေါင်းနှင့်ညှိမ့်ငုံးအုပ်ဆိုင်းနေသော သစ်ပင်ကြီး၊ငယ်တို့သည်လည်း နေရာအနှံ့တွင် တွေ့နေရ၏။ အချိန်မှာ အကာလ ညသန်းခေါင်ကျော်လုစအချိန်ဖြစ်ပြီး သချိုင်းတစ်ခုလုံး လေတိုးသံ၊ ပုရစ်အော်သံတို့မှအပ ချောက်ခြောက်ချားချားကြီးကို တိတ်ဆိတ်နေပြန်၏။ တစ်ချက်တစ်ချက် လေတိုက်သောအခါ သချိုင်းဇရပ်အိုကြီးရှိ သံခွေးတက်၍ လန်နေသော သွပ်ပြားလှုပ်ရှားမှုကြောင့် တကျွိကျွိအော်နေသောအသံမှာ နာနာဘာဝတစ်ကောင်၏ အံကြိတ်သံများလားဟု ထင်မှတ်မှားလောက်စရာ ဖြစ်ပါ၏။

ထိုသချိုင်းသည် ရန်ကုန်မြို့တွင်းရှိသည် ဆိုသော်ငြားလည်း လူနေအိမ်များနှင့် အတန်ပင် အလှမ်းဝေးခြင်း၊ အချိန်မှာလည်း လူသွားလူလာပြတ်၍ လူအများအိပ်၍ကောင်းသော ညဉ့်သန်းခေါင်ကျော်အချိန် ဖြစ်ခြင်းတို့ကြောင့် သာမန်အချိန်များထက် ပို၍ တိတ်ဆိတ်နေသလို ခြောက်ချားစရာလည်းကောင်းနေပြန်ပါ၏။

တစ်ချက်တစ်ချက် မြောက်ဘက်မှ ဖြတ်သန်း တိုက်ခတ်လာသော လေအဝှေ့တွင် ပုပ်အဲ့အဲ့ ညီစိပ်စိပ်အနံ့က ထောင်းခနဲ ထလာ၏။ တော်တန်ရုံ အသည်းငယ်၍ ကြောက်တတ်သူများ အဖို့ဆိုပါမူ ဖြန်းခနဲ ကြက်သီးထလောက်စရာကောင်းလှပါ၏။ ထိုအပုပ်နံ့သည် အမှန်စင်စစ်ကော့ မကြာသေးမီက မြှုပ်သွားသော အလောင်းများမှ ထွက်ပေါ်လာသော အနံ့များပေလော သို့တည်းမဟုတ် ခွေးလေခွေးလွင့်များသေ၍ စွန့်ပစ်ထားသော ခွေးသေကောင်အပုပ်နံ့များပေလော၊ ထိုအနံ့များ မဟုတ်ပါက ပရလောက နာနာဘာဝများထံမှ ထွက်ပေါ်လာသော အနံ့များလောဟူ၍ ခွဲခြားရန် ခက်လှပါ၏။

ထိုအချိန်တွင် သချိုင်းအဝင်ဝဆီမှ ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူလိုက်သောအသံနှင့်အတူ အုပ်ဆိုင်းညှိမ့်ငုံးနေသော ကုက္ကိုပင်ကြီးဆီမှ ငှက်တစ်ကောင်၏ ဂီးခနဲ အော်သံကို ကြားလိုက်ရ၏။ ထိုအသံများနှင့်အတူ သချိုင်း

www.burmeseclassic.com

www.burmeseclassic.com

အတွင်းသို့ မည်းမည်းသဏ္ဌာန် လေး၊ ငါး၊ ခြောက်ဦးခန့် ခြေလှမ်းမှန်မှန်ဖြင့် ဝင်လာသည်ကို တွေ့ရမည်ဖြစ်ပြီး သူတို့ ထံမှ တီးတိုးစကားပြောသံများ ကြားနေရ၏။ ထိုကဲ့သို့ တီးတိုးစကားပြောသံများကို ထောက်ရှုခြင်းအားဖြင့် ထိုမည်းမည်းသဏ္ဌာန်များမှာ နာနာဘာဝ ပရလောကသားများမဟုတ်ဘဲ လူသားများ အမှန်ဖြစ်မည်ကိုတော့ ခန့်မှန်း၍ ရပါ၏။ ထိုသူများ သခ္ခိုင်းအတွင်းသို့ ဝင်လာပြီး ညောင်ပင်ကြီးအောက်သို့ အရောက်၌ သူတို့အထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူ တစ်ဦးက လက်နှိပ်ဓာတ်မီးဖြင့် ဝေ့ဝိုက်၍ ထိုးလိုက်ရာ-

"ဟာ"

"ဟင်"

"အို"

"အမလေး"

ဟူသော အာမေဍိတ်သံများ ထွက်ပေါ်လာလေ၏။ လက်နှိပ်ဓာတ်မီး

www.burmeseclassic.com

www.burmeseclassic.com

အလင်းရောင်အောက်တွင် မပီပိုးတဝါးမြင်လိုက်ရသည့်အရာက အုတ်ဂူမည်းမည်း၏အပေါ်တွင် မည်းမည်းသဏ္ဌာန်ကြီးတစ်ခုက ရုတ်တရက် အပေါ်သို့ မြောက်တက်လာခြင်း ဖြစ်ပါ၏။ လူတစ်ရပ်လောက်အမြင့်ရှိသည့် မည်းမည်းသဏ္ဌာန်ကြီး မလှုပ်မယှက်ရှိနေစဉ်-

"ဟေ့- ဘယ်သူလဲ၊ ရပ်ပြီး ငြိမ်ငြိမ်နေစမ်း"

ဟူသော အောင်မြင် ပြတ်သားသည့် အသံကျယ်ကျယ်တစ်ခုက ထွက်ပေါ်လာ၏။ ထိုအသံ ထွက်ပေါ်လာသော်လည်း အုတ်ဂူပေါ်တွင်ရှိနေသော မည်းမည်းသဏ္ဌာန်ထံမှ မည်သည့်တုံ့ပြန်သံမျှ ထွက်ပေါ်လာခြင်းမရှိ။

ထို့ကြောင့် လူအုပ်ထဲမှ ခေါင်းဆောင်လုပ်သူက လက်နှိပ်ဓာတ်မီးဖြင့် မပြတ်ထိုးရင်း ရှေ့သို့တိုးသွားကာ-

"ဟေ့ - မေးနေတာ မကြားဘူးလား။ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဒီမှာ ဘာလာလုပ်နေတာလဲ"

ဟု ထပ်မေးလိုက်ပြန်၏။

ထိုအခါ ထိုမည်းမည်းသဏ္ဌာန်ထံမှ ထွက်ပေါ်လာသောအသံမှာ-

"ဟား ဟား ဟား- လူလေးတို့၊ ငါဟာ မင်းတို့ထင်နေသလို နာနာဘာဝပရလောကက မဟုတ်ဘူးကွ။ အေး- နာနာဘာဝမဟုတ်သလို လူဆိုးသူခိုးလည်း မဟုတ်ဘူး။ ဒါဆိုရင် ငါဘာလုပ်နေတာလဲ လူလေးတို့ သိကြရဲ့လား"

ဟူသည့် မေးခွန်းထုတ်လိုက်သံပင် ဖြစ်ပါ၏။ ထိုအခါ သူ့အနီးသို့ ရောက်နေကြသောသူများမှာ လူကိုမမြင်ရပါဘဲ လူစကားပြောနေသောမည်းမည်းသဏ္ဌာန်ကြီးကို မျက်ဝါးထင်ထင် ကြည့်နေရင်းက ပါးစပ်များ အဟောင်းသားဖြစ်ကုန်ကြလေ၏။

(၂)

ဖော်ပြခဲ့သောအဖြစ်အပျက်များသည် ရန်ကုန်မြို့ရှိ သခ္ဓိုင်းတစ်ခုတွင် ဖြစ်ပျက်ခဲ့သော တကယ့်ဖြစ်ရပ်မှန်တစ်ခုဖြစ်ပြီး ဖြစ်ပျက်ခဲ့သောအချိန်ကာလမှာ လွန်ခဲ့သော ဆယ်စုနှစ် နှစ်စုကျော် သုံးစုခန့်က ဖြစ်ပျက်ခဲ့ခြင်း ဖြစ်ပါ၏။

ထိုဖြစ်စဉ်တွင် အဓိကအနေဖြင့် ပါဝင်ခဲ့သောသူမှာ S.I.P ခေါ် ဒုရဲအုပ် သင်တန်းဆင်းခါစ အမှုစစ်ရဲအရာရှိ ဒုရဲအုပ် ဌေးဝင်း ဖြစ်ပါ၏။ သူသည် ယခုအခါ ရာထူးများတက်ပြီး အနယ်နယ်အရပ်ရပ်တွင် စခန်းမှူး၊ မြို့နယ်မှူး တာဝန်များ ထမ်းဆောင်ကာ လက်ရှိတွင် စစ်တွေမြို့ အမှတ် (၁၂) ရဲတပ်ရင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်ပါ၏။

သူနှင့်အတူ ရန်ကုန်မြို့မှ ပြောင်းရွှေ့ ရောက်ရှိလာသော ဒု-ရဲမှူး တင်အောင်စိုး အပါအဝင် ၎င်းရဲတပ်ရင်းသို့ လွန်ခဲ့သော (၄) နှစ်ကျော်ကပင် ရောက်ရှိ တာဝန်ထမ်းဆောင်နေခဲ့သော ကျွန်ုပ်နှင့်အတူ ရဲအုပ်ဝင်းတင်တို့ တစ်ခုသော နံနက်ခင်းတွင် တပ်ရင်းရှိ တပ်ကြပ်ကြီး ဆွေခက်၊ မအေးအေးသင်းတို့ လက်ဖက်ရည်ဆိုင်၌ စကားစမြည်ပြောရင်း ရှေးဟောင်းနှောင်းဖြစ် အတွေ့အကြုံများကို စားမြုံ့ပြန်နေကြခြင်း ဖြစ်ပါ၏။

ဒု-ရဲမှူး ဌေးဝင်း ပြောပြနေသော ဇာတ်လမ်းကို အားလုံးက စိတ်ဝင်တစား ရှိနေကြပြီး ကျွန်ုပ်ကလည်း စာရေးဆရာပီပီ စိတ်ဝင်စားဖွယ် ဇာတ်လမ်းကောင်းလေးများရှိပါ့ဟဲ့ မဂ္ဂဇင်းတွင်ရေးမည်ဟု စိတ်ကူးရှိသဖြင့် အခြားသူများထက် ပို၍ စိတ်ဝင်တစားရှိနေပါ၏။

သို့မို့ကြောင့်-

"အဲဒီ မည်းမည်းကြီးက ဘာကြီးလဲ၊ နာနာဘာဝမဟုတ်ဘူးဆိုတော့ ဘာများဖြစ်မလဲ"

ဟု သိချင်ဇောဖြင့် အလောတကြီး စကားဖြတ်ပြီး မေးလိုက်၏။ ဒု-ရဲမှူး ဌေးဝင်းမှ ရေနွေးကြမ်းတစ်ခွက်ကို ကောက်ယူသောက်လိုက်ပြီး-

"အဲဒီမည်းမည်းကြီးဟာ နာနာဘာဝမဟုတ်ဘူးဆိုပေမယ့် ဒီလိုဗျ"

ဟု အစချီကာ ထိုဇာတ်လမ်းအား စိတ်ဝင်စားဖွယ်ကောင်းလောက်အောင် ဆက်၍ ပြောပြလေ၏။

(၃)

အုတ်ဂူပေါ်၌ရှိသော မည်းမည်းအရာကြီးသည် ခဏချင်းအတွင်းမှာပင် မုတ်ဆိတ်ကျင်စွယ်များ ရှည်လျားစွာရှိပြီး ဆံပင်လိမ်ကောက်ကောက်နှင့် လွန်စွာမှ စူးရှတောက်ပြောင်သော မျက်လုံးများကို ပိုင်ဆိုင်ထားသော အသက်(၇၀) နှစ်ဝန်းကျင် အိန္ဒိယလူမျိုး အဘိုးကြီး အသွင်သို့ စက္ကန့်ပိုင်းအတွင်းမှာပင် ပြောင်းလဲသွားလေ၏။

ထိုသို့ဖြစ်သွားရခြင်းမှာ အထက်ပါ အိန္ဒိယလူမျိုး အဘိုးကြီးသည် ၎င်း၏တစ်ကိုယ်လုံး၌ ခြုံထားသော အနက်ရောင်ဝတ်ရုံကြီးအား ခွာချလိုက်ခြင်းကြောင့် ဖြစ်ပါ၏။ ထိုအဘိုးကြီးသည် ဝတ်ရုံအနက်ကြီးကို ခွာချလိုက်ပြီး အုတ်ဂူပေါ်၌ တုန်လှုပ်ခြင်းကင်းမဲ့စွာဖြင့် ကျကျနန ထိုင်ချလိုက်လေ၏။

"ကဲ- ပြောစမ်းပါဦး။ ဒီနေရာ၊ ဒီအချိန်ကြီးမှာ တစ်ယောက်တည်း တစ္ဆေမကြောက်၊ သရဲမကြောက် ဘာလာလုပ်နေတာလဲ"

ဟု ဒု-ရဲအုပ်ဌေးဝင်းမှ ဓာတ်မီးကို အဆက်မပြတ်ထိုးရင်း မေးလိုက်၏။

ထိုအဘိုးကြီးမှ မဆိုင်းမတွပင်-

"တရားကျင့်နေတာ လူကလေး"

ဟု တည်ငြိမ်စွာ ပြန်ပြောလေ၏။

ဒု-ရဲအုပ်ဌေးဝင်းမှလည်း-

"တရားကျင့်နေတာဟုတ်လို့လား၊ ဘာအတွက်ကျင့်နေတာလဲ"

ဟု မေးပြန်လေ၏။

အမှန်စင်စစ် ဒု-ရဲအုပ်ဌေးဝင်းမှာ ထိုအဘိုးကြီးနှင့် အပြန်အလှန် စကားပြောရင်း သူ့အလုပ်၊ သူ့တာဝန်ကို လုပ်နေခြင်း ဖြစ်ပါ၏။ သူတို့အဖွဲ့တွင် စခန်းမှူး လည့်ကင်းတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်များ၊ ရဝ်ကွက်လူကြီးများ ပါဝင်ကြ၏။ သူတို့အဖွဲ့သည် စီမံချက်တစ်ခုဖြင့် အခြေအနေမဲ့ အလုပ်အကိုင်မရှိ ကြုံရာကျပန်း ဦးဆိုးလုယက်တတ်သူများအား ဖမ်းဆီးရန်အတွက်လာသောအဖွဲ့ ဖြစ်၏။ သူတို့အဖွဲ့က မဖြစ်မနေ (၅) ဦးအနည်းဆုံး ဖမ်းဆီးစစ်ဆေးရန် စခန်းမှူး၊ မြို့နယ်မှူးတို့မှ ညွှန်ကြားထား၍လည်း ပီပီပြင်ပြင် လုပ်ဆောင်နေခြင်း ဖြစ်ပါ၏။

ထို့ကြောင့် ယခုတွေ့သော အဘိုးကြီးသည် လူဆိုးလား၊ လူကောင်းလား အမှန်တကယ် တရားကျင့်နေသူလားဆိုသည်ကို သိရှိ၊ စကားပြောရင်းဖြင့် ခွဲခြားသတ်မှတ် အကဲဖြတ်နေခြင်း ဖြစ်လေ၏။

ဒု-ရဲအုပ် ဌေးဝင်း၏ အမေးကို အဘိုးကြီးမှ-

"အကြားအမြင်ရအောင် ကျင့်နေတာ လူကလေး"

ဟု ပြန်ဖြေလိုက်၏။

"ဘာအကြားအမြင်တွေရနေပြီလဲ"

ဟု ဆက်၍မေးပြန်လေ၏။

"လူကလေးတို့ မယုံဘူးဆိုရင် ဒီကအပြန် သိမ်ဖြူထဲကို ဝင်ကြည့်လိုက်၊ အဲဒီမှာ ယောကျ်ားသုံးယောက်နဲ့ မိန်းမတစ်ယောက် ရှိနေတယ်။ ဒါမှ မယုံသေးဘူးဆိုရင် လူကလေးတို့အဖွဲ့ကို စခန်းမှူးက (၅) ယောက်ရအောင် ဖန်ခိုင်းလိုက်တယ် မဟုတ်လား။ မင်းတို့အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

ဒီညာ အဲဒီ(၅)ယောက်ပြည့်အောင် တစ်နေရာတည်းမှာပဲ ဖမ်းမိလိမ့်မယ်"

ဒု-ရဲအုပ်ဌေးဝင်းသည် အဘိုးကြီးပြောသောစကားများကို သုံးသပ်လိုက်၏။ ရပ်ကွက်ထဲတွင် ရန်ဖြစ်နေသည့်ကိစ္စမှာ မုန်းဆ၍ပြောခြင်း ဖြစ်နိုင်သကဲ့သို့ တိုက်ဆိုင်မှုလည်း ဖြစ်ကောင်းဖြစ်နိုင်လေ၏။ သူတို့အဖွဲ့ ယခု ည (၅)ယောက် ဖမ်းရမည်ဆိုသည်ကိုလည်း တစ်စုံတစ်ယောက်ထံမှနေ၍ သတင်းပေါက်ကြား၍လည်း ဖြစ်နိုင်သည်ဟု တွက်ဆလိုက်၏။ မည်သို့ပင်ဖြစ်စေကာမူ သူ၏ရဲလုပ်သက်အတွေ့အကြုံအရ ထိုအဘိုးကြီးမှာ လူဆိုးသူခိုး၊ အခြေအနေမဲ့မဖြစ်နိုင်ဟု တွက်ဆကာ ၎င်းတို့အဖွဲ့ သရဲခြောက်မှ ပြန်လည် ထွက်ခွာလာခဲ့လေ၏။

ဒု-ရဲအုပ်ဌေးဝင်းမှာ ငယ်သောအသက်အရွယ်၊ လက်တွေ့ကျသော တွေးခေါ်မှုတို့ကြောင့် မည်သည့်အကြောင်းအရာကိုမျှ လွယ်လွယ်နှင့် ယုံတတ်သူမဟုတ်ပေ။ သို့မို့ကြောင့်လည်း အဘိုးကြီးပြောသည့် ရပ်ကွက်အတွင်း ရန်ဖြစ်နေသည်ဆိုသည်ကို သွားမကြည့်တော့ဘဲ အခြားနေရာများသို့ ကင်းလှည့်ပြီး ခိုးတတ်လုတတ်အလစ်သုတ်တတ်သော အခြေအနေမဲ့(၅)ဦးကို ဖမ်းဆီး စစ်ဆေးရန် စခန်းသို့ ခေါ်ဆောင်ခဲ့လေတော့၏။

(၄)

နောက်တစ်နေ့ နံနက်တွင် ဒု-ရဲအုပ်ဌေးဝင်းသည် ညက ဖမ်းဆီးထားသောအမှုများ၊ ယခင်လက်ကျန်အမှုများနှင့်ပတ်သက်၍ ရဲလုပ်ငန်းများလုပ်ကာ မအားလပ်အောင် အလုပ်ရှုပ်နေလေ၏။ တိုက်ဆိုင်မှုဟု ပြောရမည်လား မပြောတတ်။ ညက သူတို့အဖွဲ့ ကင်းလှည့်စဉ် သရီဖြူးအတွင်းမှ အဘိုးကြီးပြောလိုက်သည့် ရပ်ကွက်အတွင်းမှ မိန်းမတစ်ယောက်နှင့် ယောကျ်ားသုံးယောက် ရန်ဖြစ်သည့်အမှုက ရဲစခန်းသို့ လာရောက်တိုင်တန်းအမှုဖွင့်လျက်ရှိလေ၏။

အမှုနှေ့စဉ်မှတ်တမ်းများရေးနေရင်း သူပြန်စဉ်းစားမိသည်မှာ ရပ်ကွက်ထဲတွင် ထိုအမှုဖြစ်နေသည့်အချိန်နှင့် အဘိုးကြီးပြောနေသောအချိန်မှာ ကွက်တိဖြစ်နေသည်ကို တွေ့ရလေ၏။ ဦးနောက်ကတွေးလိုက်၊ လက်ကရေးလိုက်နှင့် အလုပ်တွေ အများကြီးများနေခိုက် ၎င်း၏တပည့် ရဲတပ်သား ဝင်းနိုင်မှ-

"ဆရာ၊ ဆရာ့ကို ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့"

ဟု လာပြောလေ၏။

အမှုစစ်ဆေးနေသည့် ရဲအရာရှိတစ်ယောက်အနေဖြင့် တရားလိုများ၊ တရားခံများ၊ သက်သေများ စသည်ဖြင့် လူမျိုး (၁၀၁) ပါးနှင့် ဆက်ဆံနေရသည်ဖြစ်ရာ အချို့ကို မှတ်မိပြီး အချို့သောသူများအား ကောင်းကောင်းမှတ်မိခြင်း မရှိပေ။

အမှုစစ်ဆေးနေသည့် မိမိထံ လာရောက်သူများမှာ အမှုနှင့်ပတ်သက်နေသူတစ်ဦးဦးပင် ဖြစ်လိမ့်မည်ဟု တွေးလိုက်၏။ သူအား တွေ့ချင်သည်ဟုပြောလာသောဧည့်သည်ကိုခေါ်ခဲ့ရန် တပည့်လေးအား ပြောလိုက်လေ၏။ ဝင်လာသော ဧည့်သည်အား ကြည့်လိုက်ရာ ချက်ချင်းပင် မှတ်မိလိုက်ပါ၏။ မမှတ်မိနိုင်စရာ အကြောင်းက မရှိ။ အဘယ်ကြောင့်ဆိုသော် ညတုန်းကမှ သရီဖြူးအုတ်ဂူပေါ်တွင် အဝတ်နက်ကြီးခြုံကာ တရားကျင့်နေသည်ဟုပြောသည့် အိန္ဒိယလူမျိုး အဘိုးကြီးဖြစ်နေသောကြောင့် ဖြည်ပါ၏။

"လူကလေး၊ နေကောင်းရဲ့လား"

တည်ငြိမ်သောအမူအရာ၊ကောင်းမွန်မှန်ကန်သော သံနေသံထားတို့ဖြင့် ပြောလာသူ အဘိုးကြီးအား-

"ကောင်းပါတယ် အဘ၊ ထိုင်ပါ။ ဘာကိစ္စရှိလဲ၊ ကျွန်တော် ဘာများအကူအညီပေးရမလဲ"

ဟု ပြန်လည်ပြောကြားလိုက်၏။

အဘိုးကြီးမှ ဒု-ရဲအုပ် ဌေးဝင်း၏ စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

"ကောင်းပါတယ် လူကလေး၊ ဘာကိစ္စမှမရှိပါဘူး။ လမ်းကြုံလို့ဝင်လာတာရယ်၊ လူကလေးကို တစ်ခုလောက် သတိပေးစရာရှိလို့ရယ် အဲဒါကြောင့် ဝင်လာတာ"

ဒု-ရဲအုပ် ဌေးဝင်းသည် ဘာသာတရားကို လေးစားပြီး သက်ကြီးရွယ်အို များကို ရိုသေတတ်သူပီပီ အဘိုးကြီးပြောစကားများကို ယုံသည်၊ မယုံသည် အပထား၍ ဆန့်ကျင်ဘက်မပြောဘဲ အလိုက်သင့်သာ ဆက်ဆံလိုက်၏။

"ကဲ- အဘ၊ လက်ဖက်ရည်မှာလိုက်မယ်။ အဘာ ဘယ်လိုသောက်မလဲ"

"အဘ ချာပါတီစားပြီး လက်ဖက်ရည်သောက်ခဲ့ပြီးပြီ။ လူကလေးတို့က်ချင်ရင် အဘကို စီးကရက်တိုက်ကွာ"

အဘိုးကြီးသည် လက်ဖက်ရည်မသောက်ဘဲ စီးကရက်သောက်ချင်ကြောင်း ပြောလေ၏။

ဒု-ရဲအုပ်ဌေးဝင်းသည် သူတပည့် လေးအား စီးကရက်ဝယ်ခိုင်းပြီး အဘိုးကြီးအား ပေးလိုက်၏။ အဘိုးကြီးသည် ဘူးထဲမှ တစ်လိပ်နှိုက်ယူ မီးညှိဖွာရှိုက်ကာ မီးခိုးများ မှုတ်ထုတ်လိုက်၏။

"ဒါနဲ့ အဘနာမည် ဘယ်လိုခေါ်လဲ အဘ"

"အားလုံးကတော့ ဘာဘာကြီးလို ခေါ်ကြတာပဲ"

"ဒါဆို ကျွန်တော်လည်း အများခေါ်သလို ဘာဘာကြီးလို့ပဲ ခေါ်မယ်"

"ရတယ် ရတယ်။ ဘာဘာကြီးပဲခေါ်ခေါ်၊ ဘဘကြီးပဲခေါ်ခေါ် ကြိုက်သလိုခေါ်ပါ"

"ကဲ - ဒါဆို ဘာဘာကြီး အခု ဘယ်သွားမလဲ"

"လူကလေး အခု ရဲလိုင်းထဲကို ထမင်းစားပြန်မယ် မဟုတ်လား။ အဘ လိုက်ခဲ့မယ်"

"ဘာနဲ့သွားမလဲ အဘ၊ ကျွန်တော့်မှာတော့ စက်ဘီးပဲရှိတယ်"

"သွားချင်တာတော့ သမ္မတရုပ်ရှင်ရုံနားက ကားအရောင်းပြခန်းမှာ ပြထားတဲ့ ကားအဖြူလေးနဲ့ သွားချင်တာပေါ့ကွာ။ မင်း သွားရင်းလာရင်းနဲ့ မြင်ဖူးတယ် မဟုတ်လား။ ကဲ- လာပါကွာ၊ အဆင်ပြေသလို သွားကြတာပေါ့"

ဤသို့ဖြင့် အမှုတွဲနှင့် စာရွက်စာတမ်းများသိမ်းဆည်းပြီး သူတို့နှစ်ဦးသား ရဲစခန်းမှထွက်၍ ကားလမ်းမပေါ်သို့ ရောက်လာကြ၏။

ထိုအခိုက်မှာပင် သူတို့အနီးသို့ အဖြူရောင်ကားအသစ်တစ်စီး ရှောခနဲ ထိုးဆိုက်လာပြီး ကားပေါ်မှလူက-

"ဘာဘာကြီး၊ ဘယ်သွားမလို့လဲ။ ကျွန်တော်လိုက်ပို့မယ်လေ၊ လာ-တက်"

ဟု လှိုက်လှဲဖော်ရွေစွာ ဖိတ်ခေါ်လေ၏။

ဘာဘာကြီးမှ-

"မြေတံတားရဲလိုင်းကို သွားမလို့"

ဟု ပြောကာ ဒု-ရဲအုပ် ဌေးဝင်းအား ကားရှေ့ခန်းမှထိုင်ရန် ပြောလေ၏။

"ဟာ- မဟုတ်တာ။ ဘာဘာကြီးက ကျွန်တော့်ထက် အသက်ကြီးတာပဲ ရှေ့ခန်းကထိုင်ပါ"

ဟု ပြောကာ ကားထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

(မြေတံတားရဲလိုင်းမှာ ယခင်က ရှိခဲ့ပြီး ယခုအခါ အသစ် ပြောင်းရွှေ့ ဆောက်လုပ်လိုက်သဖြင့် မရှိတော့ပါ။)

ကားအဖြူလေးသည် ဖြည်းဖြည်း မှန်မှန်ဖြင့် မောင်းလာရင်း ဦးဖိုးကျား လမ်းသို့အရောက်တွင် ဘာဘာကြီးသည် ကားရှေ့ခန်းမှနေ၍ ဒု-ရဲအုပ် ဌေးဝင်း ထိုင်နေသော ကားနောက်ခန်းသို့လှည့်ကာ-

"လူကလေး၊ ဟိုရွှေ့မှာလာနေတဲ့ လူကို လူကလေး သိပါတယ်။ အဲဒီလူ လာဘ်စားမှုနဲ့ မကြောခင် အလုပ်ပြုတ်လိမ့်မယ်"

ဟု ပြောလိုက်၏။

ဒုရဲအုပ်ဌေးဝင်းလည်း ဘာဘာကြီးပြသော လူကို ကြည့်လိုက်ရာ အရပ်ဝတ်ဖြင့် လမ်းလျှောက်လာနေသော ၎င်း၏အသိ ရဲအရာရှိတစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရ၏။ ဟုတ်သည်၊ မဟုတ်သည် အပ်ထား ဘာဘာကြီး ရုတ်တရက်ကြီးပြောချလိုက်သောစကား ကြောင့် သူပင် ကျောချမ်းသွားလေ၏။

မကြာမီ မြေတံတားရဲလိုင်းအိမ်သို့ ရောက်လာကြ၏။ အိမ်ရောက်သော အခါ ဒု-ရဲအုပ်ဌေးဝင်းမှ သူဇနီးအား အကျိုးအကြောင်း ရှင်းပြကာ ဘာဘာကြီးအား ဧည့်ခန်းတွင် နေရာထိုင်ခင်း ပေးလေ၏။ ဘာဘာကြီးက ဧည့်ခန်းတွင်ထိုင်ပြီး ဒု-ရဲအုပ်ဌေးဝင်းအား သူ ရှေ့၌ ထိုင်ရန်ခေါ်လိုက်၏။ ထို့နောက် ဒု-ရဲ အုပ်ဌေးဝင်း၏ မျက်ခုံးနှစ်ခုကြား နဖူးပြင်တည့်တည့်ကို မိနစ်ဝက်ခန့် မမှိတ်မသုန် စူးစူးစိုက်စိုက်ကြီးကြည့်ကာ-

"လူကလေးက ဘာသာတရားကိုင်းရှိုင်းပြီး စိတ်ကောင်းရှိတယ်ဆိုတာ အဘသိတယ်။ ဒါကြောင့် မင်းရှိတဲ့နေရာကိုလာပြီး မိသားစုတွေပါသိအောင် အသိပေးတာ။ မင်းဟာ ရဲဝန်ထမ်းဘဝမှာ ဒီထက် ရာထူးတွေတက်ပြီး ဒီထက်ကောင်းတဲ့နေရာတွေကို ရောက်လိမ့်ဦးမယ်။ အဲ- ဒါပေမယ့် လူကလေး သိပ်မကြောခင်မှာ ဒီနေရာကနေပြီ ဒီနေရာလောက်မကောင်းတဲ့၊ ဒီထက်နိမ့်တဲ့နေရာကို ပြဿနာတစ်ခုနဲ့ရောက်ဖို့ရှိတယ်၊ ရောက်ကိုရောက်လိမ့်မယ်။ အဲဒါကို အဘ လာပြီး သတိပေးတာ၊ မင်း သတိထားနေပါ"

ဟု ပြောလေ၏။

ထို့နောက် သိပ်မကြောခင်မှာပင် ဘာဘာကြီးဟုခေါ်သော အသက်(၇၀) နှစ်အရွယ် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ဗရပျစ်နှင့် အိန္ဒိယအဘိုးကြီးသည် ဒု-ရဲအုပ်ဌေးဝင်းတို့ အိမ်မှပြန်သွားလေ၏။

(၅)

အထက်ပါ အကြောင်းအရာအား စီကာပတ်ကုံး စိတ်ဝင်စားဖွယ်ပြောပြနေသော ဒု-ရဲမှူဌေးဝင်းသည် ကွမ်းတစ်ယာကိုကောက်၍ဝါးလိုက်သောကြောင့် ခေတ္တ စကားပြတ်သွားလေ၏။ ထိုကဲ့သို့ ခေတ္တ စကားပြတ်သွားသော အခွင့်အရေးကိုယူကာ သိချင်သည့်အချက်များအား မဆိုင်းမတွ မေးချလိုက်ပါ၏။ ၎င်းအချက်များအား ရှည်လျားစွာ ရေးပြနေပါလျှင် ငြီးငွေ့ဖွယ်ရာ ဖြစ်မည်စိုးသဖြင့် အကျဉ်းချုပ်၍ ဖော်ပြလိုက်ပါ၏။

ပထမဦးဆုံး သိချင်သောအချက် ဖြစ်သည့် ဘာဘာကြီးက သခ္ဓိုင်းအတွင်းမှနေ၍ 'မင်းတို့မယုံရင် သွားကြည့်။ ရုပ်ကွက်ထဲမှာ မိန်းမတစ်ယောက်နဲ့ ယောကျ်ားသုံးယောက် စကားများ၊ ရန်ဖြစ်နေကြတယ်' ဟူသော ပြောစကားသည် ဖြစ်ပြီးနေတာကိုသိ၍ ပြောခြင်းလော၊ သို့တည်းမဟုတ် မဖြစ်ခင်ကြို၍ ပြောခြင်းလောဟူသည့် အချက်ကို-

"အဲဒီတုန်းက ရုပ်ကွက်ထဲမှာ ရန်ဖြစ်တဲ့အချိန်က ဘာဘာကြီးပြောတာထက် နောက်ကျတယ်ဗျ။ သဘောကတော့ ဘာဘာကြီးက မဖြစ်ခင် ကြိုပြီးပြောတာဗျ။ ဘာဖြစ်တော့မယ်ဆိုတာကို သူက ကြိုပြီးသိနေတဲ့ သဘောပါ။ ကျုပ်ကလည်း အဲဒီတုန်းက အသက်ကလည်း ငယ်တဲ့အရွယ်၊ ဘာမဆို လက်တွေ့ကျကျမှ ယုံတတ်တဲ့လူ ဆိုတော့ ဟာ- ဒီအဘိုးကြီး ရဲကိုတွေ့လို့ ရမ်းပြီး ဖြီးဖြန်းနေတာပဲလို့ ထင်နေတာ စာရေးဆရာရေ"

ဟု ပြောလေ၏။

နောက်ထပ် သိချင်သောအချက် ဖြစ်သည့် ဘာဘာကြီးပြောသည့်အတိုင်း သမ္မတရုပ်ရှင်ရုံနားက အရောင်းပြခန်းထဲက ကားအဖြူလေးလို ကားတစ်စီး သူတို့အနားရောက်လာ၍ တက်စီးသွားကြသည်ဆိုသည့်အချက်မှာလည်း ဘာဘာကြီး၏ မမြဲမတ်ဆွေ လူရည်သန့်တစ်ဦးက တိုက်တိုက်ဆိုင်ဆိုင် မောင်းလာတာနှင့်ကြုံ၍ တက်စီးသွားတာဖြစ်ကြောင်း ရှင်းပြပြန်လေ၏။

ထိုအချက်များထက်ပို၍ စိတ်ဝင်စားစရာကောင်းသည့် ဘာဘာကြီးတို့နှင့် လမ်းတွင်တွေ့လိုက်ရသည့် အရပ်ဝတ် နှင့်ရဲအရာရှိတစ်ယောက် အမှန်တကယ် အလုပ်ကပြုတ်၊ မပြုတ် ဟူသည့်အချက်အား-

"ဟုတ်တယ်ဗျို့၊ ဘာဘာကြီးပြောတဲ့အတိုင်း အဲဒီအရာရှိက ကျွန်တော့် အသိပါပဲ။ အမှုတစ်မှုမှာ လာဘ်စားလို့ အထက်က အရေးယူတာနဲ့ သိပ်မကြာဘူး၊ အလုပ်က တကယ်ပြုတ်သွားတယ်ဗျ"

ဟု ပြောပြန်လေ၏။

နောက်ထပ် သိချင်နေသော အချက်တစ်ခုကိုတော့ ကျွန်ုပ်က မမေးပါဘဲနှင့် သူက ပြောပြပါ၏။

"အဲဒီ အဖြစ်အပျက်တွေဖြစ်ပြီးတော့ ဘာဘာကြီး ကျုပ်နဖူးတည့်တည့်ကိုကြည့်ပြီး ပြောခဲ့တဲ့အတိုင်းပဲ အဲဒီ စခန်းကနေ မပြေလည်တဲ့အကြောင်း တစ်ခုနဲ့ တောစခန်းလေးတစ်ခုကို ဆိုင်းမဆင့်ပုံမဆင့် ပြောင်းလိုက်ရတယ်ဗျို့"

ဒု-ရဲမှူဌေးဝင်းသည် သူကြုံတွေ့ခဲ့ရသော လူထူးလူဆန်း ဘာဘာကြီးအကြောင်းပြောပြီး ထိုလူထူးလူဆန်း ဘာဘာကြီးအား ယနေ့ထက်တိုင် နောက်ထပ် ထပ်မံ၍ မတွေ့တော့ကြောင်းပြောပြလေ၏။

ကျွန်ုပ်ကလည်း ဘာဘာကြီးအကြောင်း စိတ်ပါဝင်စားစွာ နားထောင်ရင်း ဒု-ရဲမှူဌေးဝင်းအား နောက်ပြောင်ကျီစယ်လိုသောသဘောဖြင့်-

"ခုနေများ အဲဒီဘာဘာကြီးကို ရုတ်တရက် ပြန်တွေ့ရင် သိပ်အရေးကြီးတဲ့မေးခွန်း မေးချင်တယ်မဟုတ်လား"

ဟု ပြောလိုက်၏။

"ဘာမေးခွန်းများလဲ ကိုကျီးမနိုးရဲ့"

"တခြားဘာရှိဦးမှာလဲ၊ ဒီတပ်ရင်းကနေ ရန်ကုန်ကို အမြန်ဆုံးဘယ်တော့ ပြောင်းရမှာလဲ။ အဲ- ဒါမှမဟုတ်မပြောင်းခင်စပ်ကြား ရန်ကုန်က အိမ်ရှင်မ ဘယ်တော့များ လိုက်လာမလဲဆိုတာ မေးမှာ မဟုတ်လား"

ဟု ပြောလိုက်ရာ လက်ဖက်ရည်ဆိုင်ထိုင်နေသူများ ပြိုင်တူရယ်မောလိုက်ကြသဖြင့် ရယ်သံများမှာ တပ်ကြပ်ကြီး ဆွေခက် လက်ဖက်ရည်ဆိုင်သာမက အမှတ် (၁၂)ရဲတပ်ရင်းရှိ စျေးဆိုင်ခန်းများအထိ ပဲ့လွင့်သွားလေတော့သတည်း။

ကျီးမနိုးဘင်ဝင်း (ပေါင်းဘက္ခ)

www.burmeseclassic.com

www.burmeseclassic.com

ဟန်းတနော်ကျော့မိုး

နွားတစ်ကောင်၏ကံကြမ္မာ

ဦးညိုပုတစ်ယောက် မမျှော်လင့်ဘဲ နွားတစ်ကောင်ဝယ်ဖြစ်သွားမိသည်။

သူဝယ်သည့်နွားက ခိုင်းနွား ဖြစ်သည်။ အသက်လည်းငယ်သေးသည်။ အသွေးအမွေးလည်းကောင်းသည်။ နွားက ဒေါက်ကောင်း၊အလျားကောင်းနှင့် ချိုလှကိုယ်လှ ဖြစ်၏။ သူက နွားမွေးခဲ့ဖူးသူတစ်ယောက်ဖြစ်၍ သူဝယ်လိုက်သည့်နွားမှာ တန်ခိုးသက်သာစွာနှင့် ရလိုက်သည်ကို တွက်မိထားသည်။

အမှန်တော့ ဦးညိုပု နွားမမွေးဘဲ အနားယူခဲ့သည်မှာ (၅)နှစ်ခန့် ရှိပါပြီ။ သူပိုင်ကိုင်းမြေ (၃)ကေလုပ်ခင်းအတွက် အိမ်ထောင်ခွဲဖြစ်သည့် သူသားတွေက လုပ်ငန်းခိုန်ရောက်သည်နှင့် စက်တွေ၊ နွားတွေနှင့် ဝိုင်းဝန်း ထွန်ယက် ကူညီလုပ်ပေးလျက် ရှိနေကြပါသည်။

ဦးညိုပုမှာ အသက်(၆၀)ကျော်ပြီဖြစ်သော်ငြား နွားမွေးသည့်အလုပ်ကို စိတ်ကုန်သူ မဟုတ်။ နွားမရှိပေမင့် သူ့အိမ်နောက်ဖေးတွင် နွားတိုက်ဟောင်းတစ်လုံးက ရှိနေသေးသည်။ နွားကိုဝယ်မိလိုက်သည့်အကြောင်းက လုပ်ငန်းအတွက် လိုအပ်၍မဟုတ်။ အသက်သေရရှာတော့မည့်ဆဲဆဲဖြစ်နေသည့် နွားတစ်ကောင်၏ အသက်ကံကြမ္မာကို ကယ်တင်လိုက်ရခြင်းပင် ဖြစ်ပါသည်။



ကုန်ခဲ့သော (၃) ရက် နံနက်ပိုင်းက ဦးညိုပုတို့ အောက်ကျွန်းရွာက ရွာ

www.burmeseclassic.com

www.burmeseclassic.com

သားတချို့ ရွာရှေ့ဘက်ကမ်းရှိ အသုဘရက်လည်ဆွမ်းသွတ်ကို လှေတွေနှင့်ကူးသွားကြသည်။ ကွယ်လွန်သူမှာ ရွာရှေ့ဘက်ကမ်း ရွာသစ်ရွာက ဖြစ်၏။ အရှေ့ဘက်ကမ်းရှိ ရွာသစ်စုရွာနှင့် အနောက်ဘက်ကမ်းရှိ အောက်ကျွန်းရွာသားများမှာ တစ်ရွာနှင့်တစ်ရွာ သွားလာ ဆက်သွယ် ရောင်းဝယ်ကြရင်း ရင်းနှီးခင်မင်မှု တွေရှိကာ လူမှုရေးအရ သာရေးနာရေး တွေရှိလျှင် သွားလာ ကူညီခြင်းတွေရှိကြသည်။

မနက်ပိုင်းက ရက်လည်ဆွမ်းသွတ်ကိုသွားကြသူတွေ ညနေပိုင်းမှာ ပြန်လာတော့ ဖဲနိုင်၍ နွားတစ်ကောင် ပါလာကြသည်။ ရက်လည်လုပ်သည့် အိမ်မှာ ဖဲဝိုင်းကလည်းရှိနေသေး၍ ရွာကလူတွေ ငွေစပ်ပြီး ဖဲကစားမိကြသည်။ သူတို့ ဖဲဝိုင်းတွင် ဖဲနိုင်ကြတော့ ဖဲဒိုင်လုပ်သည့် ရွာခံရွာသားတစ်ဦးက ငွေမလျော်နိုင်၍ နွားတစ်ကောင်ကို တန်ဖိုးဖြတ်ပြီးပေးလိုက်ခြင်း ဖြစ်သည်။ ရွာကလူတွေက ဖဲနိုင်သဖြင့် ရလာသည့်နွားကို တစ်ဖက်ကမ်းမှနေ၍ ရေထဲဆွဲခေါ်ပြီး ကူးခိုင်းကာ လှေနှင့်ဆွဲခေါ်လာကြသည်။

ရွာဘက်ကမ်းရောက်တော့ နွားကို အမဲပေါ်ရောင်းပြီးရသည့်ငွေကို ဖဲနိုင်ခဲ့သည့် လူငါးဦးက အချိုးကျခွဲယူဖို့ စီစဉ်ကြသည်။ သူတို့ စီစဉ်နေကြသည့် အချိန်မှာ ဦးညိုပုက သတင်းကြားသွားပြီး ရွာထဲသို့ ရောက်ရှိသွားသည်။ ဦးညိုပုမှာ အမဲပေါ်ရောင်းမည့်နွားကို ကြည့်ပြီး နှမြောမိကာ နွားအပေါ်မှာလည်း သနားကရုဏာစိတ်ဖြစ်သွားရှာသည်။

"ဒီနွားကိုမသတ်ပါနဲ့ကွာ၊ ငါဝယ်မယ်။ မင်းတို့ ဖဲနိုင်လာတဲ့တန်ဖိုးအတိုင်း ပေးမယ်"

ဦးညိုပုက ပြောလိုက်တော့ အမဲပေါ်မည့်လူတွေ ဝမ်းသာသွားကြသည်။

"ဦးညိုပုဝယ်မယ်ဆိုရင် ပိုကောင်းတာပေါ့ဗျာ။ ကျွန်တော်တို့လည်း ဒီနွားကို မသတ်ချင်ပါဘူး။ ကျွန်တော်တို့ ဖဲနိုင်လာကြတဲ့ငွေက ဒီနွားအပေါ်မှာ ကျရောက်နေလို့ ငွေပေါ် အောင်ကြံမိတာပါ။ ဦးညိုပု ဝယ်တော့ ကျွန်တော်တို့လည်း အလုပ်မရှုပ်တော့ဘူးပေါ့။ ဦးညိုပုကို ကျွန်တော်တို့ အများကြီး ကျေးဇူးတင်ပါတယ်"

ဦးညိုပုနှင့် အရောင်းအဝယ် သင့်မြတ်သွားကြသည်။

ဦးညိုပုက သူ့အိမ်ကို ငွေပြန်ယူကာ နွားဖိုးငွေပေးချေလိုက်ပြီး ရွာသားတွေလက်ထဲမှ ဖဲနိုင်လာသည့်နွားကို သူ့အိမ်သို့ ဆွဲခေါ်ယူလာခဲ့ခြင်း ဖြစ်လေသည်။

စံလှတစ်ယောက် အောက်ကျွန်းရွာဘက်ကမ်းကို ရောက်ရှိနေသည်မှာ (၅) ရက်ခန့်ရှိပြီ။ သူက အရှေ့ဘက်ကမ်းရွာသစ်စုမှာ နေထိုင်သည်။ နှစ်စဉ် တန်ဆောင်မုန်းလ ကိုင်းလုပ်ခွိန်ရောက်သည်နှင့် အောက်ကျွန်းရွာရှိ ဦးဖိုးခွေးပိုင် သက်ငယ်ခင်းတွေကို အင်္ဂားလာရိတ်ပေးနေသူ ဖြစ်ပါသည်။

သူ အောက်ကျွန်းရွာကို ရောက်ခိုက်မှာ ဦးညိုပု မွေးထားသည့် နွားကို ကြည့်ပြီး အံ့သြနေရှာသည်။ နွားမှာ သူတို့ ရွာသစ်စုဘက်ကမ်းကနွား ဖြစ်သည်။ အမဲပေါ် ရောင်းမည့်ဆဲဆဲမှာ ဦးညိုပုက ဝယ်ယူမွေးထားကြောင်းကိုလည်း ကြားသိခဲ့ပြီ ဖြစ်၏။

အမှန်တော့ ဖဲနိုင်၍ ယူဆောင်လာခဲ့သူတွေမှာ ထိုနွားတွင် တုတ်ရောဂါရှိသည်ကို မသိခဲ့ကြ။ နွားမှာ တုတ်ရှိမှန်းသိလျှင် ယူဆောင်ဖြစ်ခဲ့ကြမည် မထင်။ နွားရှင်က နွားကို လွှဲပေးအပ်ခါနီးအချိန်မှာ သွေးပူအောင်မောင်းနှင်ပြီး ပေးလိုက်ခြင်း ဖြစ်သည်။ ထိုအကြောင်းကိုတော့ စံလှတစ်ယောက် သိထားခဲ့လေသည်။

ယခု ထိုနွားကို စံလှ မြင်ရတော့ နွားမှာ ယခင်ကထက် အသားအရေ စိုပြည် ဝဖြိုးကာ တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ်နှင့်ရှိနေပြီး ထူးခြားနေသည့်အကြောင်းက နွား၏ နောက်ခြေတစ်ဖက်ရှိသော တုတ်ရောဂါကို လုံးဝမတွေ့ရသောကြောင့်ပင် ဖြစ်သည်။ တုတ်ရောဂါရှိသည့် နွားသည် အိပ်စက်နားနေ ဝပ်နေချိန်များတွင် လုပ်ငန်းခွင်အတွက်ခိုင်းရန် ဆွဲယူမောင်းသွားရသည့် အခါ အနောက်ခြေတစ်ဖက်သည် သန်သန်စွမ်းစွမ်းမထောက်နိုင်ဘဲ ခြေယမ်းကာ တရွတ်ဆွဲလျက်လိုက်ပါပြီး ကျန်ခြေထောက်သုံးချောင်းအားကိုးနှင့် အမှီပြု လျှောက်လှမ်းသွားရသည်။ နွားကို မောင်းသွားရင်း အတော်ကြာမှ သွေးပူကာ ခြေပုံမှန်ထောက်ပြီး လျှောက်နိုင်လေသည်။ နွားကို ထမ်းပိုးတပ်ပြီး ထွန်ယက်လုပ်ကိုင်နေရချိန်များတွင် တုတ်ရောဂါရှိသည့်နွားကို အနားပေးထားလို့ မဖြစ်။ အနားပေးထား၍ သွေးအေးသွားလျှင် ပြန်ပြီးတရွတ်ဆွဲနေသည်မို့ ထိုနွားမျိုးကို တောင်သူတိုင်း အသုံးမပြု။ မမွေးမြူဘဲ ရှောင်ကြဉ်တတ်ကြပါသည်။

စံလှမှာ အောက်ကျွန်းရွာရောက်ခိုန်မှစပြီး ထိုနွားကို ဂရုထားကြည့်လာခဲ့သည်။ ဦးညိုပုက သူ့နွား အိပ်စက်ဝပ်နေခိုန်များတွင် နွားတိုက်ထဲမှ ထုတ်မောင်းပြီး မြစ်ဆိပ်သို့ ရေဆင်းတိုက်သည်ဖြစ်စေ၊ အိမ်ရှေ့ချည်တိုင်မှာ ချည်ထားရာမှ အစာထွက်ကျောင်းရန် မောင်းသွားသည်ဖြစ်စေ တုတ်ရောဂါရှိခဲ့သည့် နွား၏ ခြေတစ်ဖက်မှာ မသန်စွမ်းသည့် အနေအထားမျိုးကို မတွေ့ရတော့။ တစ်ခုတော့ရှိသည်။ ဦးညိုပုက သူ့နွားမှာရှိသည့်တုတ်ရောဂါ ပျောက်ကင်းအောင် ကုသထား၍လားဟုပင် ထင်မြင်တွေးတောစရာတော့ ရှိနေသည်။ စံလှမှာ ဦးညိုပုနွားကို စိတ်ဝင်တစားဖြစ်နေရသည်။

တစ်နေ့သောညနေခင်းတွင် စံလှက သူတည်းခိုနေထိုင်သည့်အိမ်မှ သက်ငယ်ခင်းပိုင်ရှင် ဦးဖိုးခွေးနှင့် ရေနွေးကြမ်းသောက်ရင် ဦးဖိုးခွေးထံမှာ လှေလာ စပ်စုလိုသည်နှင့်-

"ဦးဖိုးခွေးကို မေးရဦးမယ်။ အခု ဦးညိုပု ဝယ်ထားတဲ့နွားက ဟိုတုန်းက တုတ်ရှိတဲ့နွားဗျ။ နွားမှာ တုတ်ရှိတာ မတွေ့ရတော့လို့ ဦးညိုပုက သူ့နွားကို တုတ်ရောဂါပျောက်သွားအောင် ကုသထားတာလား"

စံလှစကားကြောင့် ဦးဖိုးခွေးမှာ အနည်းငယ်တွေသွားသည်။

"ငါတော့ ဒီနွားမှာ တုတ်ရှိတဲ့အနေအထားကို ညိုပုဝယ်သွားကတည်းက မတွေ့မိပါဘူး။ တုတ်နွားဆိုရင်လည်း ဦးညိုပုက ဝယ်မှာမဟုတ်ပါဘူး"

"အဲဒါ ကျွန်တော်လည်း အံ့သြနေတာ ဦးဖိုးခွေးရဲ့။ ဖဲရှုံးသူတွေက ငွေမပေးဘဲ တုတ်ရှိတဲ့နွားကို ထိုးပေးလိုက်တာဗျ။ ကျွန်တော် ကောင်းကောင်းသိတယ်။ အခု ဒီနွားမှာ တုတ်ရှိတာ မတွေ့ရတော့လို့ အတော် ထူးဆန်းနေတာနဲ့ ဦးဖိုးခွေးကို မေးကြည့်တာဆိုပါတော့"

စံလှထံမှသိရ၍ ဦးဖိုးခွေးမှာ မယုံကြည်နိုင်၊ နားမလည်နိုင်အောင်ဖြစ်သွားသည်။

"မင်းပြောတာ တကယ်အမှန်ပဲလား"

"အမှန်တကယ်ပါဗျာ၊ ဦးဖိုးခွေးကို ကျွန်တော် လိမ်ပြောပါ့မလား"

"ဒီလိုဆိုရင် ဒီနွားပြောင်းလဲသွားပုံက အတော်ထူးခြားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

ဟူးကုတ်တရွေ့သင်္ဘောကြီး

အောင်ကောင်း

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် နှစ်ပေါင်း(၅၀)ကျော်သည့်တိုင် အောင် ရေအောက်သို့ နှစ်မြှုပ်ဖျက်ဆီးခံခဲ့ရပြီးဖြစ်သည့် U-BOAT ခေါ် ဂျာမန်စစ်သုံး ရေငုပ်သင်္ဘောကြီးတစ်စင်းကို တွေ့မြင်နေကြရကြောင်း ဖော်ပြထားသည့် သတင်းတစ်ပုဒ်ကို ၁၉၉၄ ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့ထုတ် SUN သတင်းစာတွင် စိတ်ဝင်စားဖွယ် တွေ့ရှိခဲ့ရသည်။

U-BOAT ခေါ် ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်များ အသုံးပြုခဲ့သည့် စစ်သုံးရေငုပ်သင်္ဘောကြီးတစ်စင်း ရွေ့လျားသွားလာနေသည်ကို ဖလော်ရိဒါပြည်နယ် အရှေ့ဘက်ကမ်းခြေအလွန်မှ ရေပြင်ထဲတွင် တွေ့ရှိခဲ့ရသည်။ အဆိုပါ ယူဘုတ်ဂျာမန်စစ်သုံးရေငုပ်သင်္ဘောကြီးကို တွေ့မြင်လိုက်ရသူများမှာ အပျော်စီးသင်္ဘောကြီးများပေါ် မှ ခရီးသည်များ၊ ဟောတီနှင့် ကျူးဘားပြည်ပြေးဒုက္ခသည်များနှင့် ရေကူးသမားများ ဖြစ်ကြ၏။

ဦးဖိုးခွေးမှာ ဦးညိုပု၏ နွား ထူးခြားပြောင်းလဲမှုကို အတော် စိတ်ဝင်တစားဖြစ်နေသည်။ သူ့အနေနှင့် ဦးညိုပုနွားဝယ်စဉ်က နွားမှာ တုတ်ရောဂါ၏ အရိပ်အယောင်ပင် မတွေ့ရသည်မှာ အမှန်ပင်။

သူတို့စကားဝိုင်း အနည်းငယ်ကြာမျှ ရပ်နားသွားပြီးနောက် ဦးဖိုးခွေးက ငဲ့ထားသော ရေနွေးကြမ်းခွက်ကို သောက်နေရာမှ ပြန်ချလိုက်ပြီး-

"စံလှရေ၊ ငါ တစ်ခုတော့ မှတ်မိပြီးကွ။ သတိရသွားပြီ"

မျက်နှာပြုံးရွှင်စွာပြောလာသည့် ဦးဖိုးခွေးစကားကြောင့် စံလှမှာ သိလို စိတ်ဇောနှင့်-

"ပြောစမ်းပါဦး ဦးဖိုးခွေးရဲ့"

"ဒီလိုကွ၊ ငါငယ်စဉ်က ငါတို့အဖေက တုတ်ရှိတဲ့ နွားလေးတစ်ကောင်ကို မွေးခဲ့ဖူးတယ်ကွ။ နွားကလည်း ငယ်သေးတယ်။ တုတ်ရောဂါကလည်းရှိနေတော့ ကျင့်ခိုင်းတောင် မလုပ်ပါဘူး။ တို့ အဖေ ယင်းရေငုပ်သင်္ဘောကြီးသည် ဝိညာဉ် အဖြစ် လှုပ်ရှားသွားလာနေခြင်းဖြစ်၍ တွေ့မြင်သမျှ လူအပေါင်း ထိတ်လန့် ချောက်ချားခဲ့ရသည်။

မျက်မြင်တွေ့လိုက်ရသူ ရာပေါင်းများစွာက ဒီအဖြစ်အပျက် ပြောဆိုတင်ပြခဲ့သည့်တိုင် အမေရိကန် ရေတပ်နှင့် ကမ်းခြေစောင့် အသက်ကယ်အဖွဲ့တို့ကမူ ဂျာမန်ရေငုပ်သင်္ဘောကြီးတစ်စင်း ဖလော်ရိဒါကမ်းလွန်၌ ဝိညာဉ်အဖြစ် လှုပ်ရှားနေသည် ဆိုသည့် အချက်မှာ မှန်ကန်မှုမရှိကြောင်း ငြင်းဆိုထားကြ၏။

မည်သို့ပင်ဆိုစေကာမူ ရေတပ်အရာရှိများကမူ ဂျာမန်ရေတပ်ရေငုပ်သင်္ဘောမှ ပေးပို့သော 'မော့(စ်)'အချက်ပြစကားဝှက်များကို မိမိတို့ ကြားဖြတ်ဖမ်းယူရရှိခဲ့ကြောင်း ဝန်ခံထားကြ၏။ ထင်ရှားသော စိတ်စွမ်းအင်ပညာရှင် တစ်ဦး၏ အဆိုပြုချက်အရ အဆိုပါ ဂျာမန်တရွေ့သင်္ဘောကြီး၏မာလိန်မှူးမှာ အဲဒီကမ္ဘာစစ်ကြီးအတွင်း ဟိုက်(စ်)ဗိုဂဲ(လ်)ဖြစ်သည်ဟု သိရှိရသည်။ မာလိန်မှူး ဟိုက်(စ်)ဗိုဂဲ(လ်)သည် ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်နာဇီတို့၏ ထိပ်တန်းတပ်မှူးများအနက်မှ တစ်ဦးဖြစ်သည်။

ဗိုဂဲ(လ်)၏ယူဘုတ်စစ်သင်္ဘောကို ဘီမီနီကမ်းလွန်တွင် မဟာမိတ်ဖျက် သင်္ဘောတစ်စင်းက ၁၉၄၄ ခုနှစ်တွင် ပစ်ခတ်နှစ်မြှုပ်ပစ်ခဲ့သည်။ ဟဲ(လ်)မွတ် ဗျူဂဲ(လ်) ဦးစီးသည့် ဂျာမန်ယူဘုတ်သင်္ဘောတစ်စီးကို ရေတပ်က ရေအောက်မှ ဆယ်ယူခဲ့ပြီး ဝါရှင်တန်မြို့ ဆိပ်ကမ်းတွင် ကမ္ဘာလှည့်ခရီးသည်များအား ပြသထားခဲ့သည်။ ဤကဲ့သို့သော အရှက်ခွဲမှုလုပ်ရပ်အတွက် ဝိညာဉ်တစ္ဆေ ဘဝရောက်ရှိနေသော ဟိုက်(စ်)ဗိုဂဲ(လ်)နှင့် သူ၏ နောက်လိုက်ငယ်သားများက အကြီးအကျယ် စိတ်ဆိုးဒေါသထွက် လျက်ရှိကြောင်း မိုင်ယာမီမြို့မှ ထင်ရှားသော စိတ်စွမ်းအားပညာရှင်တစ်ဦးဖြစ်တို့ကို ပြောပြလိုက်တော့-

"ဟုတ်ပြီဗျို့၊ ဦးဖိုးခွေးပြောတာ ဖြစ်နိုင်တယ်။ ဒီနွားဟာ တုတ်ရောဂါလည်းပျောက်၊ အသက်လည်း ချမ်းသာရာရဖြစ်ပြီး ဦးညီပုလက်ထဲမှာ ကောင်းကောင်းမွန်မွန်နေရလို့ အတော်ကုသိုလ်ကောင်းတဲ့နွားလို့ ဆိုရမှာပဲ"

"အေး-ဟုတ်တယ်၊ ဒီနွားအသက်ကို ကယ်တင်ပြီး ကောင်းကောင်းမွန်မွန် ကျွေးထားတဲ့ ညီပုလည်း သူ့စေတနာသူအကျိုးပေးမှာ မလွဲပါဘူးကွာ"

စံလှနှင့် ဦးဖိုးခွေးတို့နှစ်ယောက် ပြောနေကြသည့် စကားတွေကိုတော့ နွားရှင် ဦးညီပုတစ်ယောက် မသိရှာပါ။ နွားတစ်ကောင်၏ ကံကြမ္မာနှင့် ထူးခြားဆန်းကြယ်သောဖြစ်ရပ်အကြောင်းလေးကိုတော့ စံလှနှင့် ဦးဖိုးခွေးတို့ မေ့နိုင်မည် မဟုတ်တော့ပါ။

ပန်းဘေးကောလိပ်

www.burmeseclassic.com

www.burmeseclassic.com

သူ ဂျာရှမ်းနယ်(လ်)ဆင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဟဲမွတ်ဗျူဂဲ(လ်)သည် ဟို့(စ်)ဗို့ဂဲ(လ်)နှင့်ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်သည်။ ရန်သူတွေကို စွန့်စွန့်စားစားတိုက်ခိုက်ရင်း အသက်စွန့်သွားခဲ့သည့် မိမိ၏ရေတပ်အရာရှိတစ်ဦး၏ရေငုပ်သင်္ဘောကို ရေအောက်က ဆယ်ယူပြီး လူအများရှေ့မှောက်မှာ မျောက်ပွဲပြသကဲ့သို့ ပြသထားခြင်းမှာ ဂျာမန်ရေတပ်မတော်၏ဂုဏ်သိက္ခာကို ထိပါးစေသည့် မဖွယ်မရာကိစ္စအဖြစ် ဗို့ဂဲ(လ်)၏ ဝိညာဉ်က ယူဆလျက်ရှိသည်။

အဆိုပါ ဝိညာဉ်တစ္ဆေသင်္ဘော ယူဘုတ် ယခုလို ဖလော်ရီဒါကမ်းလွန်ရေပြင်မှာ လှည့်လည်လှုပ်ရှားနေခြင်းက ရေကြောင်းခရီး သွားလာသူတွေကို ခြောက်လှန့်လိုသည်သဘောကြောင့်ဖြစ်သည်ဟု ဆို၏။ သူ၏သူငယ်ချင်းဖြစ်သူ ဟဲ(လ်)မွန်ဗျူဂဲ(လ်)၏ ဂျာမန်ကလည်း ယူဘုတ်ကို ပြခန်းက ရုပ်သိမ်းပစ်မှသာ ယူဘုတ်တစ္ဆေသင်္ဘောကြီး ကင်းလှည့်လှုပ်ရှားမှု ရပ်တန့်စေလိမ့်မည်ဟုလည်း ဗို့ဂဲ(လ်)၏ဝိညာဉ်မှ စိတ်စွမ်းအင်ပညာရှင်ကတစ်ဆင့် အသိပေးခဲ့သည်။

ကျူးဘားရေတပ်မတော်က ယခင်အရာရှိဟောင်းတစ်ဦးဖြစ်သူ ဂျော့မူနက်(ဇ်) ဆိုသူက ဖလော်ရီဒါကမ်းလွန်တွင် လှုပ်ရှားလျက်ရှိသော ဝိညာဉ်တစ္ဆေသင်္ဘောမှာ ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်ယူဘုတ်တစ်စင်းဖြစ်ကြောင်း ခိုင်ခိုင်မာမာ ပြောကြားခဲ့ပါသည်။ ဂျော့မူနက်(ဇ်) ကိုယ်တိုင် ဒုတိယကမ္ဘာစစ်အတွင်းက ကျူးဘားရေတပ်မတော်တွင် အမှုထမ်းခဲ့ဖူး၏။သူသည် ယူဘုတ်တစ္ဆေသင်္ဘောကြီးကို မိုင်ယာမီဆိပ်ကမ်းမှ သင်္ဘောဖြင့် ထွက်ခွာလာစဉ် တွေ့မြင်ကြီးကို ဖလော်ရီဒါကမ်းခြေအလွန်တွင် မျက်မြင်ကိုယ်တွေ့ တွေ့ရှိခဲ့ကြရကြောင်းကို ကျူးဘားပြည်ပြေးများနှင့် ဟေတီနိုင်ငံမှထွက်ပြေးလာကြသော ဒုက္ခသည်များကလည်း အတိအလင်း ထုတ်ဖော်ဝန်ခံခဲ့ကြသည်။ အမေရိကန်ရေတပ်မတော်မှ ဆက်သွယ်ရေးအရာရှိများအနေဖြင့် ပြောကြားရာတွင် မိမိတို့ ကြားဖြတ်ဖမ်းယူရရှိသော အချက်ပြ ဆက်သွယ်ရေးစကားဝှက်များကို အဓိပ္ပာယ်ဖော်ကြည့်ရာတွင် တစ္ဆေသင်္ဘောယူဘုတ်မှာ ဟို့(စ်)ဗို့ဂဲ(လ်) ဦးစီးကွပ်ကဲသော SEA-JACKAL 'ပင်လယ်ခွေးအ' ဖြစ်ကြောင်း တွေ့ရှိရသည်ဟု ဆို၏။

မည်သို့ဆိုစေ စိတ်စွမ်းအင်ပညာရှင် ဂျာရှမ်းနယ်(လ်)ဆင်ကမူ ဟပွတိန်ဗို့ဂဲ(လ်)နှင့် သူ၏ ပင်လယ်ခွေးအရေငုပ်သင်္ဘောတို့၏ဝိညာဉ်မှာ သူတို့၏ယူဘုတ်တစ္ဆေသင်္ဘောကို ရေအောက်သို့ ပြန်လည် မနှစ်မြှုပ်ပေးသမျှ ပျောက်ကွယ်သွားလိမ့်မည် မဟုတ်ဘဲ ဆက်လက် ခြောက်လှန့်နေလိမ့်ဦးမည်ဟု အတိအလင်း ထုတ်ဖော် သတိပေးလိုက်ပေသည်။

အောင်ကောင်း

REF: R-D

www.burmeseclassic.com

www.burmeseclassic.com

တစ်ကူးတို့ဆင်းပြည်ကြင်းကုန်ကို

ကိုငေယံ

(ယခင်လမ္ဘအဆက်)

သစ္စာပြုခြင်း

"သူတို့ ရောက်လာလာချင်းမှာ ဒီလိုလုပ်ဖို့ စိတ်ကူးမရှိပါဘူး။ သူက တစ်ခြိန်လုံး နောက်တီးနောက်တောက်တွေ ပြောပြီး ကျွန်မကို ကျိစယ်နေလို့ ဆေးခတ်သည့်ဝိုင်ကို တိုက်ချလိုက်တာပါ။ သူက ဝိုင်ပျစ်ပျစ်ပြင်းပြင်းသောက်ချင်လို့ ပူဆာတာကိုး"

နေသူရိန်စုန်းမက ရှင်းပြသည်။

ဦဆောင်က မပွင့်တပွင့် ရယ်မိသည်။ ပြီးမှ သူက-

"ကျွန်တော်က အမြဲ စည်းစောင့်ပါတယ်။ မိန်းမကောင်းတွေကို ဘယ်သောအခါမှမဖျက်ဆီးပါဘူး။ ဒါပေမယ့် သင့်မျက်လုံးတွေက ပါလာသည့်အထုပ်အပိုးကို ခိုးခိုးကြည့်ပြီး အကဲခတ်နေတာတွေ့တော့ စိတ်ထဲမသက်ာဖြစ်မိတယ်။ အဲဒါကြောင့် တီးခေါက်ကြည့်လိုက်တာပါ။ သင်ချပေးသည့်ဝိုင်ကို မသောက်ဘဲ သွန်ပစ်ခဲ့ပါတယ်။ မူးမေ့လဲဟန်ပြုပြီး အလစ်အငိုက်ဖမ်းလိုက်တာပါ။ ဒီလိုလုပ်မိတာအတွက် ခွင့်လွှတ်ပါ"

ဥယျာဉ်မှူးကျန်ကျင်းသည် ဟက်ဟက်ပက်ပက်ရယ်မောသည်။ထို့နောက် အိမ်အတွင်းခန်းသို့ ခေါ်သွားသည်။

"တပ်ကြပ်ကြီးက ဘာအမှုဖြင့် နယ်နှင်ဒဏ်ထိလာတာလဲ"

ဦဆောင်က အဖြစ်သနစ်ကို အကျဉ်းရုံးပြီး ပြောပြလိုက်သည်။ လင်မယားနှစ်ယောက်သည် ဦဆောင်ပြောပြသည်ကို နားထောင်ရင်း ဦဆောင်ကို လေးစားမိကြသည်။

စကားဆုံးသောအခါ ကျန်ကျင်းက-

"ကျွန်တော် ပြောချင်တာရှိတယ်။ ပြောခွင့်ပြုပါ"

ဟု မေးလိုက်သည်။

ဦဆောင်က-

"ပြောပါ။နားထောင်ပါ့မယ်။လွတ်လွတ်လပ်လပ်ပြောပါ"

ဟု ပြောသည်။

"လူဆိုးလုပ်ဖို့တိုက်တွန်းတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ထောင်ထဲမှာ ဘာလို့ ဒုက္ခခံမှာလဲ။ ဒီမှာ ရက်ကြာကြာနေပါ။ အခြိန်ယူပြီး စဉ်းစားပါ။ တကယ်လို့ တောပုန်းအဖြစ်ဖြင့်နေဖို့ ဆုံးဖြတ်တယ်ဆိုရင် နဂါးနှစ်ကောင်တောင်က ပုလဲရတနာကျောင်းတိုက်ကို ကျွန်တော် လိုက်ပို့ပေးပါ့မယ်။ ဇဝနတို့ထံမှာ သင့်ကို သေသေချာချာ အပ်နှံပေးပါ့မယ်။ စဉ်းစားပါဦး"

"အခုလိုကူညီတာအတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော် ထွက်ပြေးဖို့အတွက် အတူပါလာသည့် အစောင့်နှစ်ယောက်ကို သတ်ရပါလိမ့်မယ်။ သူတို့ဟာ လမ်းခရီးတစ်လျှောက်မှာ ကျွန်တော့်ကို သူတို့ရဲ့ ဆရာသမားတစ်ဦး သဖွယ် ဂရုတစိုက်ရှိခဲ့ကြတယ်။ သူတို့ကို ကျွန်တော်သတ်လျှင် ကျေးဇူးကန်းရာရောက်သွားပါလိမ့်မယ်။ အခုတောင် သူတို့ ဘာဖြစ်နေကြပြီဆိုတာ မသိရလို့ စိတ်ပူနေမိပါတယ်"

"ဒီအတွက် မပူပါနဲ့။ ကျွန်တော် ပြန်ကောင်းအောင်လုပ်ခိုင်းလိုက်ပါ့မယ်"

ထို့နောက် ရဲမက်နှစ်ဦးကို ဖြေဆေး တိုက်ခိုင်းလိုက်သည်။ သွင်းထားသောပယောဂလည်း ပြန်နုတ်စေသည်။ သူတို့နှစ်ဦးကို သတ်ဖြတ်ပြီး နုပ်နုပ်စဉ်းရန် စီစဉ်ထားသည်ကိုလည်း ရှုပ်သိမ်းစေသည်။

သူတို့ သတိ ပြန်လည်လာသောအခါ ရဲမက်တစ်ယောက်က-

"ဘယ်လိုဖြစ်လို့ လူမှန်းသူမှန်း မသိအောင် မူးရတာလဲ။ ဝိုင်အကောင်းစားကို တစ်ခွက်ပဲသောက်ရသေးတယ်၊ ချာချာလည်သွားတယ်။ အပြန်ခရီးကျမှ ထပ်ဝင်သောက်ဦးမယ်"

ဟု ပြောရာ ဦဆောင်က ရယ်သည်။ ကျန်ကျင်းတို့လင်မယားလည်း ရယ်ကြသည်။

ဦဆောင်တို့ကို ကြက်သား၊ ငန်းသား အစရှိသည်တို့ ချက်ပြုတ်ပြီး တည်ခင်း ကျွေးမွေးသည်။ ဝိုင်လည်း တိုက်သည်။ အတူတကွ စားသောက်ကြရင်း ရောက်တတ်ရာရာ ပြောဆိုကြသည်။

ဦဆောင်က-

"ရှန်ဒေါင်က ဆောင်ဂျန်းလည်း ပြဿနာပွေပြီး လေပွေကလေး သင်ကြီးချိုင်ထဲမှာ ရောက်နေတယ်"

ဟု ပြောလိုက်သံသည်။

ထို့နောက် သူတို့သည် တောပုန်းအဖြစ် ရောက်ရှိနေကြသော ထင်ရှားသည့်သူများအကြောင်းကို ပြောဆိုကြသည်။ အတူစားသောက်နေသော ရဲမက်နှစ်ယောက်သည် ဓားပြများ၏စခန်းကို ရောက်ရှိနေကြောင်း ရိပ်စားမိသွားကြသည်။ ဆောက်တည်ရာမရအောင် ကြောက်လန့်သွားကြသည်။ မျက်ကလဲဆန်ပျာဖြစ်သွားပြီး ဒူးထောက် ခစားလိုက်ကြသည်။ အသက်ကိုချမ်းသာပေးဖို့ တောင်းပန်လိုက်ကြသည်။

ဦဆောင်က-

"အခုမှ ပူပန်မနေကြနဲ့။ သင်တို့ကို သတ်လိုပါက သင်တို့သေတာ ကြာပြီ။ ငါထွက်ပြေးမှာကိုလည်း မပူကြနဲ့။ ငါထွက်ပြေးရန် ဆန္ဒရှိပါက သင်တို့ကို ငါသတ်လို့ သေကြရတာ ကြာပြီ။ မင်းကြိုးအထိ ငါလိုက်ခဲ့မယ်"

ဟု ပြောသည်။ ထိုစကားကိုကြားသောအခါမှ ရဲမက်နှစ်ဦးသည် စိတ်ချလက်ချဖြစ်သွားကြသည်။

သူတို့သည် တစ်ညတာအိပ်စက်လိုက်ကြပြီး နောက်တစ်နေ့ နံနက်တွင် ခရီးဆက်ကြရန် ပြင်ဆင်သည်။ ထိုအခါ ကျန်ကျင်းက တားသည်။ နှစ်ရက်တန်သည်၊ သုံးရက်တန်သည် အနားယူပြီးမှ ခရီးဆက်ရန် အကြံပေးသည်။ သို့ဖြစ်ရာ လမ်းဆုံပင်မြင့်စားတော်ဆက်တွင်

www.burmeseclassic.com

www.burmeseclassic.com

ဆက်လက် တည်းခိုလိုက်ကြသည်။

ကျွန်ကျင်းနှင့် ဝူဆောင်တို့သည် ခင်မင်ရင်းနှီးသွားကြသည်။ တစ်ဦးနှင့် တစ်ဦး တစ်အူထွဲဆင်း ညီရင်းအစ်ကို ပမာ သဘောထားမည် ဖြစ်ကြောင်း လက်မောင်းသွေးဖောက်ပြီး သစ္စာရေ သောက်လိုက်ကြသည်။

ကျန်ကျင်းက ကံကုန်သွားရှာ သော ရသေ့ထံမှ ရသည့်ပုတီးကို ပြသ သည်။ ဓားနှစ်လက်ကိုလည်းပြသသည်။ ဝူဆောင်သည် ဓားတို့ လက်ရာကောင်း ပုံကို သတိပြုမိသည်။ သာမန်သံမဏိဓား ဟုတ်ဟန်မတူ၊ လောကီပညာဖြင့် စီရင် ထားသောဓားဖြစ်မည်ဟု ခန့်မှန်းသည်။

မင်းကြိုသို့ ထွက်ခွာမည့်နေ့တွင် ဝူဆောင်၏လည်ပင်းတွင် ထိတ်တုံးပြား ပြန်တပ်သည်။ ထို့နောက် အထုပ်အပိုး များကိုယူပြီး မင်းကြိုသို့ ခရီးဆက်ကြ သည်။

ကြိမ်ဆော်ရန် စီစဉ်ခြင်း

မင်းကြိုသို့ နေ့လယ်ခင်းတစ်ခု တွင် ရောက်ရှိသွားကြသည်။ မင်းကြို တရားရုံးတော်သို့ သွားကြသည်။ ရဲမက် တို့က ယူဆောင်လာသည့် စာရွက်စာ တမ်းများကို ပေးအပ်သည်။ ရာဇဝတ် ဝန်မင်းက အသေအချာ ဖတ်ရှုသည်။ ထို့နောက် ဝူဆောင်ကို လွှဲပြောင်းရယူ သည်။

ရဲမက်တို့သည် ဝူဆောင်ကို နှုတ် ဆက်ပြီး ဒေါင်းပင်မြို့သို့ ပြန်သွားကြ သည်။ ဝူဆောင်သည် အကျဉ်းထောင် သို့ သွားရသည်။

ထောင်ဘူးဝတွင် ဖောင်းကြွစာ လုံးများကို အလှဆင်ရေးသားထားရာ၌ 'အင်ပင်းခံတပ်' ဟု ဖော်ပြထားသည်ကို ဝူဆောင် ဖတ်ရှုရသည်။ ထောင်ထဲတွင် နေရာချပေးပြီးသောအခါ သူထံသို့ အ ကျဉ်းသားတချို့ ရောက်လာကြသည်။ အကြံကောင်းများကို တစ်ယောက်တစ် ခွန်းပေးကြသည်။

"ဟေ့လူ၊ သင့်မှာ မိတ်ဆက်စာ ပါသလား။ မပါလာလျှင် ငွေကို အသင့် ပြင်ထား။ ထောင်ကြပ်လာလျှင် ပေးဖို့ လက်မနှေးစေနှင့်။ လက်နှေးလို့ကတော့ လိပ်ပြာလွင့်ကြိမ်ချက်နှင့်တွေ့သွားမယ်။ သူ့ကို ဘာတစ်ခုမှ မပြနိုင်၊ မပေးနိုင် လျှင် ရက်ရက်စက်စက်နွာလိမ့်မယ်။ ငါ တို့ကလည်း သင့်လို အကျဉ်းသားတွေ ပါဝဲ။ အကျဉ်းသားချင်း ကိုယ်ချင်းစာနာ လို့ လာပြောပြတာ၊ ဒလန်လုပ်တာ မ ဟုတ်ဘူး။ သင်က လူသစ်ဆိုတော့ ဒီက အကြောင်းတွေကို မသိသေးလို့ လာ ပြောပြတာ"

"ခုလို အသိပေးပြောပြတာ ကျေး ဇူးတင်ပါတယ်။ ကျွန်တော့်မှာ ပေးဖို့ ကမ်းဖို့ ပါလာပါတယ်။ သူက ကောင်း ကောင်းမွန်မွန် ဆက်ဆံရင် ကျွန်တော် က ရက်ရောမှာပါ။ သူက ကြမ်းထော် လျှင်တော့ တစ်ပြားတစ်ချပ်မှမပေးဘူး"

"အဲဒီလို မလုပ်ရဘူး။ ရုံးနှင့်ပတ် သက်မိုဗြီဆိုရင် အရာရှိကို ဂရုစိုက်ရာ၏ လို့ ရှေးဆိုရိုးစကားရှိတာ သင်မကြား ဖူးဘူးလား။ ပြီးတော့ နောက်တစ်ခု ရှိ သေးတယ်။ အမိုးက နိမ့်နေလျှင် ခေါင်း မတိုက်အောင် ဂရုစိုက်ရာ၏လို့လည်း ဆိုရိုးစကားရှိတယ်။ စိတ်လိုက်မာန်ပါ မလုပ်စမ်းပါနှင့်"

ထိုစဉ်မှာပင် ထောင်ကြပ်လာနေ ပြီဟု အကျဉ်းသားတစ်ယောက်က အော်ပြောလိုက်ရာ ဝူဆောင်အနီးတွင် ဝိုင်းအုံနေကြသူတို့ ကြက်ပျောက်ငှက် ပျောက် ပျောက်ကုန်ကြသည်။

ထောင်ကြပ်က-

"လူသစ်က ဘယ်သူလဲ"

ဟု မေးလိုက်သည်။

လေသံက မာသည်၊ ဆတ်သည်။ ဝူဆောင်က ခုတင်ပေါ်တွင် ထိုင်နေရာ မှ အဖြေပေးလိုက်သည်။

"ကျွန်တော် လူသစ်ပါ"

"သင်က မျက်လုံးကောင်းတယ် မဟုတ်လား။ ငါလာနေတာ တွေ့ပါ လျက် အမေးကို စောင့်နေတယ်။ သင် ဟာ ကျင်ယန်လျှိမြောင်မှာ ကျားဆိုး ကြီးကို သတ်ပေးခဲ့တယ်လို့ ငါသိထား တယ်။ ပြီးတော့ ယန်ဂူမှာလည်း တပ် ကြပ်တာဝန်ကို ထမ်းဆောင်ခဲ့ဖူးတယ် လို့ ငါဒီထားတယ်။ ဒီလိုလူမျိုးဖြစ်ပါ လျက် ဒီလောက် တုံးရသလား။ ကျွန် တော် လူသစ်ပါလို့ မတ်တတ်ရပ်ပြီးပြော ရကောင်းမှန်း သင်မသိဘူးလား။ သင် ဟာ ငါ့ဝိုင်နက်ထဲမှာရှိနေတယ်ဆိုတာ သဘောပေါက်ပါ"

"ဒါတွေ လာပြောနေတာ ငါ့ဆီက လက်ဆောင်ကို လိုချင်လို့မဟုတ်လား။ တစ်ပြားမပြောနှင့်၊ ပြားဝက်တောင် မ ပေးဘူး။ ငါ့ရဲ့လက်သီးနှစ်ခုပဲပေးမယ်။ ငါ့မှာ ငွေပါလာတယ်။ ငါ့ဘာသာငါ ဝိုင် ဝယ်သောက်ဖို့အတွက် သုံးမယ်။ သင် ဘာလုပ်ချင်သလဲ။ ငါ့ကို မကြိုက်လျှင် ယန်ဂူခရိုင်ကို ပြန်ပို့လိုက်ပါ"

ထောင်ကြပ်သည် စိတ်ဆိုးသွား သည်။ ခြေသံပြင်းပြင်းနင်းပြီး ထွက်သွား သည်။ ဝူဆောင်အနီးသို့ အကျဉ်းသား များ ရောက်လာကြပြန်သည်။

"ဘာလို့ခံပြောလိုက်ရတာလဲ။ ဒုက္ခ အကြီးအကျယ်တွေ့တော့မှာပဲ။ သူက ထောင်ပိုင်ကို ပြန်တိုင်လိမ့်မယ်။ ထောင် ပိုင်နှင့်ပေါင်းပြီး သင့်ကိုနှိပ်ကွပ်လိမ့်မယ်"

"ဘာလို့ကြောက်နေရမှာလဲ။ သူ တို့လုပ်ချင်ရာကိုလုပ်နိုင်တယ်။ သူက သိမ်မွေ့လျှင် ငါက ပျူငှာမယ်၊ သူက မောက်မာလျှင် ငါက ခံချမယ်"

ထိုစဉ် အစောင့်ရဲမက် လေး ယောက် ရောက်လာကြသည်။ ဝူဆောင် အမည်ကို တကြော်ကြော် အော်ခေါ် သည်။

ဝူဆောင်က-

"သင်တို့ရဲ့သခင်က ဒီမှာထိုင်နေ တယ်။ ဘာကိစ္စရှိနေသလဲ၊ တင်လျှောက် ကြစမ်း"

ဟု အထက်စီးလေသံဖြင့် ပြော လိုက်သည်။

အစောင့်ရဲမက်တို့က သူတို့နှင့် အတူ လိုက်ခဲ့ရန် ခေါ်သည်။ အစစ် ဆေးခံရန်အတွက် လာခေါ်ခြင်း ဖြစ် ကြောင်း ပြောပြသည်။

ဝူဆောင်ကို အခန်းကျယ်ကြီးတစ် ခုအတွင်းသို့ ခေါ်သွားသည်။ ရဲမက်နှစ် ဆယ်နီးပါး စောင့်ကြပ်နေသည်။ ထောင် ပိုင်လည်းရှိနေသည်၊ ထောင်ကြပ်လည်း ရှိနေသည်။

ထောင်ပိုင်က လည်ပင်းမှ ထိတ် တုံးပြားကို အဖြုတ်ခိုင်းလိုက်သည်။ ရဲ မက်နှစ်ယောက်က ဖြုတ်ပေးလိုက်ကြ သည်။

"အကျဉ်းသားအသစ် သိစေရန်။ ဆောင်မင်းဆက်၏ပထမဆုံးပြည့်နှင်က ချမှတ်တော်မူသော လုပ်ထုံးလုပ်နည်းအ ရ အကျဉ်းသားအသစ် ရောက်ရှိလျှင် မပျက်မကွက် ဆောင်ရွက်ရမည့်အချက် များ ရှိလေရာ၌ အချက်တစ်ခုမှာ ကြိမ် ဒဏ်အချက်တစ်ရာဆော်ရန်ဖြစ်ပါတယ်။ ပျပ်ဝပ်စေရန် ဤသို့ အဆော်ခိုင်းထား ခြင်း ဖြစ်ပါတယ်။ အကျဉ်းသားအသစ် ဝူဆောင်ကို ကြိမ်ဆော်ရန် စီစဉ်စေ"

ရဲမက်တို့သည် ဝူဆောင်ကို ကြိမ် ဆော်ရန်အတွက် ကြိုးဖြင့်တုပ်ရန် စီစဉ် သည်။ ဝူဆောင်က အသံကျယ်ကျယ် ဖြင့် ပြောလိုက်သည်။

"မလုပ်နှင့်၊ တစ်ယောက်မှမလှုပ် နှင့်။ ငါ့ကို ရိုက်လားနှက်လားလျှင်လို လျှင် ရိုက်ပါနှက်ပါ။ ငါ့ကို ချွန်းချာမလို

www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။ ငါ့ကို တစ်ချက်ဆော်ကြည့်ပါ။ ငါက ရှောင်လျှင် ငါဟာ ယောကျ်ားမဝီသလို့ ပြောကြပါ။ အချက်တစ်ရာ ကြိမ်ဆော်ရာမှ တစ်ချက်မျှ ရှောင်မိလျှင် အစကနေ တစ်ခေါက်ပြန်ဆော်ပါ။ တစ်ချက်အော်မိလျှင်လည်း အစကနေ တစ်ခေါက်ပြန်ဆော်ပါ"

ရဲမက်တို့သည် လှောင်ပြောင်ရယ်မောလိုက်ကြသည်။

"ဒီရာဇဝတ်ကောင်က ကြိမ်ဆော်ခံရင်း အသက်ထွက်ချင်ပုံရတယ်။ ဘယ်လောက်အထိ ခံနိုင်ရည်ရှိသလဲ ကြည့်ကြသေးတာပေါ့"

ဟုလည်း ပြောကြသည်။

ဝူဆောင်က-

"နာနာရှိက်ပါ။ ပျော့လျှင် ငါ မကြိုက်ဘူး"

ဟု လေသံမာမာဖြင့် ပြောလိုက်သည်။ ထိုအခါ ရဲမက်တို့သည် ဟားတိုက်ရယ်မောကြသည်။

"ဒီလူက ရူးနေပုံရတယ်"

ဟုလည်း မှတ်ချက်ချသည်။

ဟားတိုက်ရယ်မောသံများ ဆူညံနေစဉ် ထောင်ပိုင်အနီးတွင် မတ်တတ်ရပ်နေသောလူငယ်က ထောင်ပိုင်ကြီး၏ နားထဲသို့ စကားတိုးတိုးပြောလိုက်သည်။

လူငယ်၏အရပ်အမောင်းမှာ သာမန်ဟုဆိုနိုင်သောအရပ်အမောင်း ဖြစ်သည်။ အသက်အစိတ်ခန့်ရှိသည်။ အသားအရေလတ်သည်။ မုတ်ဆိတ်မွေးနှင့် ပါးသိုင်းမွေးများ ထူထူထဲထဲရှိသည်။ အဖြူရောင်ပိုးစကို ခေါင်းပေါင်းထားသည်။ အမည်းရောင်ပိုးသားဝတ်ရုံကို ဆင်မြန်းထားသည်။ လက်တစ်ဖက်ကို ပိုးသားဖြင့် ပတ်တီးစည်းထားသည်။

ထောင်ပိုင်ကြီးက-

"ဝူဆောင်၊ ငါမေးတာ ဖြေစမ်း။ ဒီကိုလာစဉ် လမ်းမှာ အပြင်းအထန်ဖျားနာခဲ့သေးလား"

"မဖြစ်ခဲ့ပါဘူး။ ဝိုင်လည်း အသောက်မပျက်ဘူး၊ အသားလည်း အစားမပျက်ဘူး။ ထမင်းလည်း စားလို့ကောင်းတယ်၊ လမ်းလည်းလျှောက်လို့ကောင်းတယ်"

ထောင်ပိုင်ကြီးက ပြုံးသည်။

"ဒီရာဇဝတ်သားက လမ်းခရီးမှာ ကျန်းမာရေး ထိခိုက်ထားတယ်။ သူ့အသားအရေကလည်း စိုစိုပြည်ပြည်မရှိဘူး။ သူကျန်းမာရေးပြန်ကောင်းမှ ကြိမ်ဆော်ကြမယ်"

ဝူဆောင်အနီးတွင်ရှိနေသော ရဲမက်တစ်ယောက်က လေသံတိုးတိုးဖြင့် ဝူဆောင်ကို အကြံပေးသည်။

"ဟေ့လူ၊ သင်နေမကောင်းဘူးလို့ ပြောလိုက်လေ"

ဝူဆောင်က အသံကျယ်ကျယ်ဖြင့် ပြန်ပြောလိုက်သည်။

"ငါနေကောင်းပါတယ်၊ လုပ်စရာရှိတာ ဆက်လုပ်ပါ။ ကြိမ်ဆော်စရာရှိတာကိုဆော်သာဆော်ပါ။ ဘာကိုစောင့်နေကြတာလဲ"

ရဲမက်တို့သည် တသောသောရယ်မောကြသည်။ ထောင်ပိုင်ကြီးနှင့် ထောင်ပိုင်တို့လည်း ကျွန်ုပ်မဆည်နိုင်ကြတော့ဘဲ ရယ်မောမိကြလေတော့သည်။

"ဟီးဟီးဟီး-လမ်းမှာနေမကောင်းဖြစ်ခဲ့ရာက အခုထိ ရောဂါတက်နေတုန်းဖြစ်မယ်။ ထောင်ပိုင်လုပ်လာတာကြာပါပြီ။ ဒီလိုပြောတာမျိုး ဒီတစ်ခါပဲ ကြုံဖူးတယ်။ ဟီးဟီးဟီး- သူ့ကို ကြာကြာခေါ်ထားရင် ရယ်ရလွန်းလို့ အူနာပြီး သေရလိမ့်မယ်။ ဟီးဟီးဟီး- အခန်းထဲ မြန်မြန်ပြန်ခေါ်သွားစမ်း"

ဝူဆောင်ကို အကျဉ်းခန်းထဲသို့ ပြန်ပို့လိုက်ကြသည်။ အကျဉ်းသားတို့ သူထဲသို့ရောက်လာကြပြီး သတင်းမေးကြသည်။ တအံ့တသြဖြစ်ကုန်ကြသည်။ တစ်ယောက်တစ်ခွန်းပိုင်းပြောကြသည်။

"သင့်မှာ မိတ်ဆက်စာပါလာသလား"

"ဟင့်အင်း"

"ဒါဆို ကြိမ်ဆော်ဖို့ ဆိုင်းငံ့လိုက်တာ ကောင်းသည့်လက္ခဏာမဟုတ်ဘူး။ ဒီညမှာ သင့်ကို အပြတ်ရှင်းကြလိမ့်မယ်"

"ဘယ်လိုရှင်းမှာလဲ"

"ညနေကျရင် ဆန်ညိုဆန်နီတွေကို ချက်ထားသည့် ထမင်းကို လာပို့လိမ့်မယ်။ ပန်းကန်လုံးနှစ်လုံးအပြည့်ယူလာကြလိမ့်မယ်။ သင်စားလို့ပြီးသည်အထိ စောင့်မယ်။ ပြီးရင် သင့်ကို မြေအောက်ထပ်ကို ခေါ်သွားကြလိမ့်မယ်။ ကြိုးတုပ်မယ်။ သင့်ရဲ့ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်တွေကို ပိတ်ဆို့ပစ်မယ်။ သင့်ကို ကောက်ရိုးဖျာဖြင့်လိပ်မယ်။ ဖျာလိပ်ကို ထောင်ထားမယ်။ ခေါင်းကို အောက်ဘက်မှာထားပြီး ဇောက်ထိုးထောင်ထားလိမ့်မယ်။ ထရံကို မိုပြီး ထောင်ထားလိမ့်မယ်။ သိပ်မကြာခင်မှာ သင်သေပါလေရော။ ဒီနည်းကို 'ဇောက်တိဇောက်ထိုးပန်းကန်လုံးနည်း' လို့ ခေါ်တယ်"

"ဒီတစ်နည်းပဲ သုံးသလား"

"နောက်တစ်နည်း ရှိသေးတယ်။ သင့်ကို ကြိုးတုပ်၊ ကောက်ရိုးဖျာပေါ်မှာ ပက်လက်ထား၊ မျက်နှာပေါ်မှာ သဲအိတ်တစ်အိတ်တင်ပြီး ထားလိုက်တယ်။ သိပ်မကြာပါဘူး။ နှာခေါင်းပြားပြီးသေသည့် မှသာအဖြစ်ကို ရောက်သွားတော့တာပဲ။ ဒီနည်းကို 'မြေအိတ်' နည်းလို့ ခေါ်ကြတယ်"

"တခြားဘာတွေရှိသေးသလဲ"

"ဒီနှစ်နည်းက အပြင်းဆုံးပဲ။ တခြားနည်းတွေက မသေနိုင်ဘူး"

ထိုစဉ် ရဲမက်တချို့ ရောက်လာကြသည်။

"လူသစ်တပ်ကြပ်ဝူဆိုတာ ဘယ်သူလဲ"

"ကျွန်တော်ပါ။ ဘာကိစ္စရှိပါသလဲ"

"ထောင်ပိုင်ကြီးက စားသောက်စရာ ပို့ခိုင်းလိုက်လို့ပါ"

ဝူဆောင်က လှမ်းကြည့်လိုက်၏။

ဝိုင်ထည့်ထားသော ပန်းကန်လုံး၊ အသားထည့်ထားသော ပန်းကန်ပြား၊ ဟင်းချိုထည့်ထားသော ပန်းကန်လုံးကြီး၊ ခေါက်ဆွဲထည့်ထားသော ပန်းကန်ပြားနှင့် ထမင်းထည့်ထားသော ပန်းကန်လုံး အလတ်စားတို့ကို လင်ပန်းပေါ်၌ တွေ့ရသည်။

ဝူဆောင်သည် ဤသို့ အကြံရသည်။

"ဘာတွေလဲဟ၊ ဒါ ဘာနည်းလဲ မသိဘူး။ ဘာပဲဖြစ်ဖြစ် စားစရာရှိတာကို အရင်စားလိုက်မယ်။ ပြီးမှ နောင်ခါလာ နောင်ခါစေး"

နွေးထားသောဝိုင်ကိုလည်း တစ်စက်မကျန်စေရအောင် သောက်လိုက်သည်။ကြော်ထားသောအသားကိုလည်း တစ်ဖတ်မကျန်စေရအောင် စားပစ်လိုက်သည်။ ပြုတ်ထားသော ခေါက်ဆွဲကိုလည်း တစ်မျှင်မကျန်စေရအောင် အပြောင်ရှင်းလိုက်သည်။ ငါးစွပ်ပြုတ်ကိုလည်း ပန်းကန်လုံးကိုကိုင်၍ မော့သောက်ပစ်လိုက်သည်။ ထမင်းလည်း တစ်စေ့မကျန်အောင် စားပစ်လိုက်သည်။

သူစိတ်ထဲ၌ ဤသို့တွေးသည်။

"ထင်ထားသလောက် မဆိုးလှပါဘူး။ မသတ်ခင် အဝကျွေးရှာသားပဲ။ သေရင်တောင် အစာဝသည့်တစ္ဆေဖြစ်သွားမှာ သေချာတယ်"

ရဲမက်တို့က ပန်းကန်ခွက်ယောက်

www.burmeseclassic.com

www.burmeseclassic.com

တို့ကို သိမ်းဆည်းယူဆောင်ပြီး ပြန်သွားကြသည်။

တစ်အောင့်အကြာတွင် ရဲမက်တချို့ ရောက်လာကြပြန်သည်။

"လူသစ်တပ်ကြပ်ဝူဆိုတာ ဘယ်သူလဲ"

"ကျွန်တော်ပါ။ ဘာကိစ္စရှိပါသလဲ"

"ရေချိုးဖို့အတွက် ရေနွေးအဆင်သင့်ဖြစ်နေပါပြီ။ ငါတို့နောက်ကို လိုက်ခဲ့ပါ"

ဝူဆောင်သည် ရေချိုးဆောင်သို့ လိုက်သွားသည်။ လမ်း၌ သူက ဤသို့ တွေးသည်။

"ထင်ထားသလောက် မဆိုးလှပါဘူး။ မသတ်ခင် ရေချိုးခိုင်းလိုက်သေးတယ်။ သေသည့်အခါ သန့်သန့်ပြန့်ပြန့်ရှိသည့်တစ္ဆေဖြစ်သွားမှာ သေချာတယ်"

ဝူဆောင်သည် ဝတ်ထားသောအဝတ်အစားအားလုံးကို ချွတ်လိုက်သည်။ သစ်သားရေစည်ပိုင်းထဲသို့ ဝင်ထိုင်လိုက်သည်။ စည်ပိုင်းထဲတွင် ရေမရှိချေ။ ရဲမက်တို့က အသင့်စပ်ထားသောရေနွေးကို ပုံးဖြင့် သယ်ယူလာပြီး စည်ပိုင်းထဲသို့ လောင်းဖြည့်ပေးသည်။

ရေကို တဝကြီးချိုးလိုက်ရာ လန်းဆန်းသွားသည်။ ရဲမက်တစ်ဦးက အရွယ်အစားကြီးမားသော မျက်နှာသုတ်ပဝါတစ်ထည် ယူလာပေးသည်။ အဝတ်အစားသစ်များကိုလည်း ရဲမက်တစ်ယောက်က ယူလာပေးသည်။

ရေခြောက်အောင် သုတ်ပြီးသောအခါ အဝတ်အစားဝတ်ဆင်လိုက်သည်။ ထို့နောက် အကျဉ်းခန်းသို့ ပြန်သည်။ အိပ်ရာကို အဆင်သင့်ပြင်ပေးထားသည်ကိုတွေ့ရသည်။ခြင်ထောင်လည်းထောင်ပေးထားသည်။ ကျောမပူအောင် ကြိမ်ဖျာကိုခင်းပေးထားသည်။ ဝါးနှီးခေါင်းအုံးကိုလည်း အသင့်ထားပေးထားသည်။

ဝူဆောင်သည် တံခါးကို အတွင်းမှ ကန့်လန့်ထိုး၍ ပိတ်လိုက်သည်။ ထို့နောက် အိပ်ရာသို့ဝင်သည်။ သတ်ဖို့အချိန်ကျရောက်လျှင် လာနှိုးမှာ သေချာသည်ဟု တွေးမိသဖြင့် စိတ်ချလက်ချ အိပ်သည်။ မိုးစင်စင်လင်းမှ တစ်ရေးနိုးသည်။

နံနက်၌ ရေနွေးလာပို့သည်။ ဝူဆောင်သည် ရေနွေးဖြင့် မျက်နှာသစ်သည်၊ ပလုတ်ကျင်းသည်။

ရဲမက်က ဘီးကောင်းကောင်းတစ်ချောင်းထုတ်ပေးသဖြင့် ဝူဆောင်သည် ခေါင်းဖြီးလိုက်သည်။ ထို့နောက် ဘီးကို ပတ်ပြီး သွေ့ခြောက်ထုံးလိုက်သည်။ ပြီးမှ ပိုးစဖြင့် ခေါင်းပေါင်းပေါင်းလိုက်သည်။ ထို့စဉ်မှာပင် ရဲမက်တစ်ယောက်သည် နံနက်စာ လာပို့သည်။

ဟင်းရွက်တစ်ပွဲပါသည်။ အသားစွပ်ပြုတ်တစ်ပွဲပါသည်။ ထမင်းတစ်ပွဲပါသည်။

ဝူဆောင်သည် အကုန်လုံး ကုန်အောင် စားပစ်လိုက်သည်။ ရဲမက်က ပန်းကန်တို့ကို သိမ်းဆည်းယူဆောင်ပြီး ထွက်သွားသည်။ နောက်ထပ် ရဲမက်တစ်ယောက်က ရေနွေးကြမ်း လာပို့သည်။ ရေနွေးကြမ်းပူပူကို အရသာခံ၍ သောက်နေစဉ် ရဲမက်က-

"ဒီမှာနေရတာသက်သောင့်သက်သာရှိမှာ မဟုတ်ဘူး၊ အခြားအခန်းတစ်ခုကို ပြောင်းပြီး နေပေးပါ"

ဟု ပြောသည်။

ရဲမက်သည် ဝူဆောင်ထံမှအဖြေကို မစောင့်ဘဲ ပစ္စည်းပစ္စယတို့ကို သိမ်းဆည်းပေးသည်။ ထို့နောက် ရှေ့မှလမ်းပြခေါ်ဆောင်သွားသည်။

ဝူဆောင်က စိတ်ထဲ ဤသို့တွေးသည်။

"ငါ့ကို ဖျာထဲထည့်လိပ်ပြီး ဇောက်တိုးထိုးထားဖို့ အချိန်ကျပြီ ထင်ပါရဲ့"

တုံးဆိုတိုက် ကျားဆိုကိုက်

ဝူဆောင် ရောက်ရှိသွားသောအခန်းသစ်မှာ လှည်းကျင်းသုတ်သင်ပေးထားသဖြင့် သန့်ရှင်းသပ်ရပ်နေသည်။ ခုတင်မှာလည်း အသစ်ဖြစ်သည်။ စားပွဲမှာလည်း အသစ်ဖြစ်သည်။ ခွေးခြေမှာလည်း အသစ်ဖြစ်သည်။

ဝူဆောင်က ဤသို့တွေးသည်။

"ငါ့ကို မြေတိုက်ခန်းထဲ ခေါ်မသွားဘဲ ဒီကို ခေါ်လာတယ်။ သတ်ဖို့ အချိန်မကျသေးလို့ ဖြစ်မယ်"

အခန်းထဲ၌ တစ်ယောက်တည်း နေရသည်။ အခြား အကျဉ်းသားများ ရောက်မလာကြသည်ကို ထောက်ရှု၍ ဤအခန်းသို့ လာခွင့်ရှိပုံမရဟု ဝူဆောင် တွေးဆလိုက်သည်။

မွန်းတည့်ချိန်တွင် နေ့လယ်စာ လာပို့သည်။ လင်ပန်းဖြင့် သယ်လာသည်။ ဝိုင်လည်း ပါသည်။ သစ်သီးလေးမျိုးလည်းပါသည်။ ကြက်သားဟင်းလျာလည်းပါသည်။ ကော်ပြန့်လိပ်များလည်း ပါလာသည်။

ဝူဆောင်က စိတ်ထဲ၌ ဤသို့တွေးသည်။

"ငါရောက်နေတာ ထောင်မှဟုတ်ပါလေစ"

ညနေစာကို လာပို့ရာ၌လည်း ဟင်းလျာစုံလင်သည်။ နောက်နေ့တို့၌လည်း ကောင်းကောင်းမွန်မွန်ကျွေးမွေးသည်။

အခန်းထဲနေရသည်ကို ငြီးငွေ့လာသောအခါ အပြင်ထွက်၍လမ်းလျှောက်ခွင့်တောင်းရာ ရဲမက်က ဆန္ဒရှိပါက သွားနိုင်လာနိုင်ကြောင်း ပြောပြသည်။

ဝူဆောင်သည် အကျဉ်းထောင်အဖြစ် အသုံးပြုနေသည့် အင်ပင်းခံတပ်ထဲ လျှောက်ကြည့်သည်။ အလုပ်လုပ်နေသော အကျဉ်းသားတို့ကို တွေ့ရသည်။ ရေသယ်သူတို့က သယ်နေကြသည်။ ထင်းခွဲသူတို့က ခွဲနေကြသည်။ လှည်းကျင်းနေသူများလည်း ရှိသည်။ သူတို့သည် နွေလယ်ခေါင်၏ပူပြင်းသော နေဒဏ်အောက်တွင် မခိုမနားလုပ်ကိုင်နေကြသည်။

ဝူဆောင်က နေပူထဲ လုပ်ကိုင်နေသောအကျဉ်းသားတစ်ယောက်ကို ချဉ်းကပ်မေးမြန်းလိုက်သည်။

"နေပူကြီးထဲ ဘာလို့အပင်ပန်းခံပြီး လုပ်ကိုင်နေရတာလဲ"

အကျဉ်းသားက ရယ်သည်။

"ဒီလိုလုပ်ခွင့်ရဖို့ ပေးကမ်းထားရတယ်။ မပေးနိုင်မကမ်းနိုင်သည့်သူတွေက နေရောင်ကို မမြင်ရဘူး။ ဓမ္မတိုက်ခန်းထဲမှာ သံကြိုးအလေးကြီးတွေတန်းလန်းဖြင့် ပိတ်လှောင်ခံနေရတယ်။ ရှင်ပါလျက်နှင့် သေသူလိုဖြစ်နေတယ်။သေမယ့်ရက်ကို စောင့်နေရတယ်"

ဝူဆောင်သည် ဘုရားကျောင်းသို့လည်း သွားကြည့်သည်။ တရားစာရေးသားထားသည့် ကျောက်စာချပ်တို့ကိုတွေ့ရသည်။ ဘုရားကျောင်းအဆောက်အအုံရှေ့ရှိ အလံတိုင်စိုက်ထူရန် အဝိုင်းပေါက်ဖောက်ထားသော ကျောက်ဖျာကြီးပေါ်တွင် နာရီအတန်ကြာထိုင်ရင်း အချိန်ဖြုန်းနေလိုက်သည်။ ပြီးမှ အကျဉ်းခန်းသို့ပြန်သည်။

ရက်အတန်ကြာသည့်အထိ ဝိုင်နှင့်တကွ စားကောင်းသောက်ဖွယ်တို့ဖြင့် ကျွေးမွေးနေသောအခါ ဝူဆောင်သည် ပဟေဠိဖြစ်လာသည်။ သူ့ကို အဘယ်ကြောင့် ကောင်းမွန်စွာ ထားကြရသနည်း။

ဝူဆောင်က စားသောက်ရာလာ

www.burmeseclassic.com

ပို့သောရဲမက်ကို တီးခေါက်ကြည့်သည်။

"သင်က ဘယ်အိမ်ကလဲ။ ဘာလို့ စားစရာတွေ နေ့တိုင်း လာပို့ပေးနေရတာလဲ"

"ကျွန်တော်က ထောင်ပိုင်ကြီးရဲ့ လူယုံဖြစ်လို့ ဒီတာဝန်ကို ယူထားရပါတယ်"

"ဒါဆို ဘယ်သူက သင့်ကို တာဝန်ပေးထားတာလဲ။ သူက ငါ့ကို ဘာလို့ ယခုလို တာဝန်ယူ ကျွေးမွေးနေတာလဲ"

"ထောင်ပိုင်ကြီးရဲ့သားက တာဝန်ပေးထားတာပါ"

"ငါက အကျဉ်းသား၊ ငါက ရာဇဝတ်သား။ သို့ပါလျက် သူက ကျွေးမွေးနေတယ်၊ စောင့်ရှောက်နေတယ်။ သူ့ကိုလည်း ဘာတစ်ခုမှ ငါလုပ်မပေးဖူးဘူး။ သူက ဘာလို့ ဒီလို ဂရုတစိုက်ရှိနေရတာလဲ"

"အဲဒါတော့ ကျွန်တော်မသိဘူး။ ကျွန်တော့်ကိုညွှန်ကြားထားတာကတော့ စားသောက်စရာတွေမှန်မှန်ပို့ပေးဖို့ရယ်ပြီးတော့ သုံးလကနေ ခြောက်လကြာသည်အထိ ဘာတစ်ခုမှ အသိမပေးဖို့ရယ် အသေအချာမှာထားပါတယ်"

"တော်တော် ထူးဆန်းနေတယ်။ ဘာရည်ရွယ်ချက်ရှိနေသလဲ မသိဘူး။ ငါ့ကို အသားတွေနုပြီး အဆီတွေဝသွားအောင်လုပ်ပြီးမှ သတ်မှာလား မသိပါဘူး။ ဘာမှန်းငါမစဉ်းစားတတ်တော့ဘူး။ ဘာလို့ ကျွေးမွေးနေမှန်းမသိတော့ စားရသောက်ရတာ စိတ်မဖြောင့်တော့တာအမှန်ပဲ။ ထောင်ပိုင်ရဲ့သားက ဘယ်သူလဲဆိုတာလည်း ငါမသိဘူး။ သူ့ကို ငါမြင်ဖူးချင်လာပြီ။ သင်သိသလောက် ပြောပြပါလား။ မပြောပြလျှင် ဒီအစာတွေကို ငါမစားဘဲ နေလိုက်တော့မယ်"

"သင် ရောက်ရောက်ချင်းနဲ့က သင့်ကိုကြိမ်ဒဏ်ပေးဖို့ခေါ်တော့ အခန်းကျယ်ထဲမှာ ရဲမက်တွေရယ်၊ ထောင်ကြပ်ရယ်၊ ထောင်ပိုင်ရယ် ရှိနေကြတာကိုမှတ်မိလား။ အဲဒီလူတွေထဲမှာ အဖြူရောင်ပိုးစကို ခေါင်းပေါင်းပြီး အမည်းရောင်ပိုးသားဝတ်ရုံကို ဝတ်ထားသည့်သူကို သင်သတိပြုမိသလား။ သူလက်တစ်ဖက်ကို ပိုးသားဖြင့် ပတ်တီးစည်းထားတယ်။ အဲဒီလူက ထောင်ပိုင်ကြီးရဲ့သားပေါ့"

"ထောင်ပိုင်ကြီးဘေးမှာ မတ်တတ်ရပ်နေသည့်တစ်ယောက်လား"

"ဟုတ်တယ်၊ သူပဲ"

"ဒါဆို ငါ့ကို လိပ်ပြာလွှင့်ကြိမ်ချက်တွေက လွတ်ကင်းအောင်လည်း သူပဲ လုပ်ပေးလိုက်တာလား"

"ဟုတ်တယ်။ သူ ပြောပေးလိုက်တာ"

"ထူးဆန်းလိုက်တာ။ ငါက ကျင်ဟီဇာတိ၊ သူက မင်းကြီဇာတိ။ တစ်ခါမှလည်း မဆုံဖူးကြဘူး။ သူက ဘာလို့ငါ့အပေါ် ကောင်းနေရတာလဲ။ အကြောင်းရှိတာတော့ သေချာတယ်။ သူနှာမည်က ဘယ်လိုခေါ်သလဲ"

"ရှိအင်။ သူက လက်သီးထိုးတာတော်တယ်၊ တုတ်သိုင်းလည်းကျွမ်းကျင်တယ်။ သူ့ကို သိုင်းသမားတွေက 'ရွှေမျက်လုံးကျားပေါက်' လို့ သိကြတယ်"

"သူကြည့်ရတာ စိတ်သဘောကောင်းပုံရတယ်။ ငါဆီ အလည်လာဖို့ ဖိတ်ပေးစမ်းပါ။ သူက ငါ့ကိုတွေ့ချင်ရင် သူကျွေးတာကို ငါစားမယ်။ မတွေ့ချင်ဘူးဆိုရင် ငါမစားတော့ဘူး။ စားဖို့ နေနေသာသာ တူဖျားနှင့်တောင် မတို့တော့ဘူး"

"သူက ညွှန်ကြားထားရာမှာ သုံးလကနေ ခြောက်လအထိ ဘာမှပြောမပြဖို့ မှာထားပါတယ်။ ဘယ်လိုလုပ်ပြီး သူ့ကိုဖိတ်လို့ရမှာလဲ။ ကျွန်တော်ကို ချောက်မချပါနှင့်"

"ငါမစောင့်နိုင်ဘူး။ ဖိတ်မှာသာ ဖိတ်လိုက်စမ်းပါ။ သူမလာလျှင် ဒီအစားအစာတွေကို ငါလုံးဝမစားတော့ဘူး"

ရဲမက်သည် မျက်စိမျက်နှာပျက်ပြီး ပြန်သွားသည်။ မကြာမတင်မှာ ရှိအင် ရောက်လာသည်။ ဝူဆောင်ကို ခါးညွှတ်ပြီး အရိုအသေပေးလိုက်သည်။ ထို့နောက် ဒူးထောက်ခစားသည်။ ဝူဆောင် ကလည်း ဒူးထောက်လိုက်သည်။

"ကျွန်တော်က အကျဉ်းသားပါ။ သင့်လက်အောက်မှာ နေရသူပါ။ သင့်ကိုသိကျွမ်းခွင့်ရတာကို ဂုဏ်ယူပါတယ်။ ကြိမ်ဒဏ်မထိအောင် သင်က ကာကွယ်ပေးခဲ့သည့် ကျေးဇူးကလည်း ကြီးမားပါတယ်။ စားကောင်းသောက်ဖွယ်တွေ မပြတ်စတမ်းပို့ပေးနေသည့် ကျေးဇူးကလည်း ဘယ်လို ပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူး။ ဘာလို့ အခုလို ဂရုတစိုက်ရှိနေမှန်း အကြောင်းရင်းခံကို မသိရသည့်အတွက် မစားနိုင်၊ မအိပ်နိုင်ဖြစ်နေရပါတယ်"

"အစ်ကို့ရဲ့အမည်ဟာ ကျွန်တော်နားထဲမှာ မိုးခြိမ်းသံလို မြည်းဟည်းနေပါတယ်။ ဒီလို မြည်ဟည်းနေတာကြာပါပြီ။ လူချင်းတေးနေရသည့်အတွက် အကွာအဝေးဆိုသည့်အရာကို ကျွန်တော် စိတ်ပျက်မိတယ်။ အခုတော့ နှစ်ယောက်ကြားမှာ အကွာအဝေးဆိုတာ မရှိတော့ဘူး။ အနီးအနားရောက်လာတော့ သင့်ကို လာမတွေ့ဝံ့ဘူး။ လက်ဆောင်မွန်အဖြစ် ဘာတစ်ခုမှ ထွေထွေထူးထူးပေးစရာမရှိလို့ ရှက်မိပြီး သင့်ကို လာမတွေ့ခဲ့တာပါ"

"သင့်ရဲ့လူယုံရဲမက်ကပြောတော့ သုံးလကနေ ခြောက်လအထိ ကျွန်တော်နှင့် မတွေ့သေးဘူးလို့ ဆိုပါတယ်။ ဘာလို့ဆိုင်းငံ့ထားရတာလဲ ဆိုတာ သိချင်နေမိပါတယ်"

"ဒီကောင် ငတုံး၊ ဒီလို မပြောပြသင့်ပါဘူး"

"မသိရလေ ပိုသိချင်လေဆိုသည့် လူသဘာဝအတိုင်း အရမ်းသိချင်နေပါတယ်"

"တပည့်က မလိမ္မာဘဲ စကားတစ်စွန်းတစ်စ ပြောမိလေတော့ ခက်ကုန်ပြီ။ မပြောလို့ မဖြစ်တော့သည့်အခြေကိုဆိုက်ရပြီ။ သင့်လို သူရဲကောင်းမျိုးမှ လုပ်နိုင်မည့်ကိစ္စ ရှိနေလို့ပါ။ သင်ဟာ ပြဿနာတွေ ရှင်းခဲ့ရတယ်။ ခရီးဝေးကိုလည်း ခရီးနှင်ခဲ့ရတယ်။ ဒီတော့ ပင်ပန်းနေချိန်မှာ အပူကပ်ဖို့မသင့်သေးတာကြောင့် စောင့်နေတာပါ။ သုံးလ တန်သည်၊ လေးလတန်သည် ကောင်းကောင်း အနားယူပြီးလို့ အားပြည့်ချိန်ကျမှ အကူအညီတောင်းဖို့ ရည်ရွယ်ထားပါတယ်။ အဲဒါကို ငတုံးက အပြောမတတ်တော့ တလွဲတချော်တွေဖြစ်ကုန်ပြီ"

ဝူဆောင်က ရယ်သည်။

"ပြီးခဲ့သည့်နှစ်က ဌက်ဖွားက သုံးလတိုင်တိုင် နှိပ်စက်ခဲ့တယ်။ အရက်တွေလည်း သောက်တယ်။ ဒါတောင်မှ ကျားကို လက်သီးဖြင့် ထိုးတာက သုံးချက်၊ ခြေဖြင့်ကန်တာက နှစ်ချက်၊ စုစုပေါင်း ငါးချက်တိုက်ခိုက်ရုံမျှဖြင့် အသေသတ်နိုင်ခဲ့တယ်။ အခုလိုအခြေအနေမျိုးမှာ ဘာပူစရာလိုသလဲ။ ဘာကိုမှမဖြို့ဘူး။ ဘာလုပ်ပေးစေချင်တယ် ဆိုတာကိုသာ ပြောပြလိုက်စမ်းပါ"

"ပြောပြဖို့ အချိန်မတန်သေးဘူးလို့ ကျွန်တော်ထင်ပါတယ်။ ဒါ ကြောင့် သည်းခံစောင့်ဆိုင်းပေးပါဦး။ အားမွေးလိုက်ပါဦး။ အချိန်တန်သည့်အခါ ပြောပြပါ့မယ်"

"ကျွန်တော်က အားမွေးဖို့ လိုနေ

www.burmeseclassic.com

www.burmeseclassic.com

သေးတယ်လို့ ထင်လို့လား။ ကောင်းပြီ၊ ကျွန်တော် အားဘယ်လောက်ရှိတယ် ဆိုတာကို လက်တွေ့ပြမယ်။ ဘုရားကျောင်းမှာ အလံတိုင်စိုက်ဖို့လုပ်ထားသည့် ကျောက်ဖျာကြီးတစ်ခုရှိတာ သင်သိတယ်မဟုတ်လား။ အဲဒီကျောက်တုံးကြီးကို နေရာရွှေ့ပြမယ်"

"အလေးချိန်က ကီလိုနှစ်ရာ ကျော်မယ်နော်"

"နှစ်ရာမကလို့ နှစ်ရာငါးဆယ် ရှိနေပါစေ၊ ရွှေ့ပြမယ်"

ထို့နောက် သူတို့နှစ်ယောက်သည် ဘုရားကျောင်းသို့ သွားကြသည်။ ရှိအင်က ကျောက်ဖျာကြီးကိုကြည့်ပြီး ခေါင်းခါပြသည်။ သူက-

"အလေးချိန်က ကီလိုနှစ်ရာမကဘူး"

ဟု ပြောသည်။

ဝူဆောင်က ကျောက်ဖျာကိုလှုပ်၍ နဲ့လိုက်သည်။ မြေ၌ ကျပ်နေရာမှ ချောင်သွားသောအခါ ရပ်လိုက်သည်။ ထို့နောက် အပေါ်ဝတ်ရုံကို ချွတ်လိုက်သည်။ ဝတ်ရုံ၏လက်နှစ်ဖက်ကို ခါး၌ ပတ်၍ ချည်လိုက်သည်။

ကျောက်ဖျာကို ဖက်လိုက်သည်။ ထို့နောက် မ,လိုက်သည်။ ကျောက်ဖျာကြွတက်လာသည်။ မြေမှလွတ်သောအခါ လက်နှစ်ဖက်ကိုဆန့်၍ကိုင်မြှောက်လိုက်သည်။ ခပ်လှမ်းလှမ်းသို့ပစ်သည်။ ဝုန်းခနဲ မြေကို ဆောင့်ကျသည်။ တစ်ပေခန့် မြေကြီးထဲ ကျဲဝင်သွားသည်။

ဝုန်းခနဲအသံကြားသဖြင့် အကျဉ်းသားတချို့ ရောက်လာကြ၏။ ကျောက်ဖျာကြီးကို နေရာရွှေ့ထားသည်ကိုတွေ့သောအခါ ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။

ဝူဆောင်က ထောင်လျက်သားမြေ၌စိုက်နေသော ကျောက်ဖျာကို ယာလက်ဖြင့် ဖက်လိုက်သည်။ ဆတ်ခနဲ ဆွဲလိမ်ပြီး မြေမှ ကျွတ်ထွက်အောင်ပြုလိုက်သည်။ ထို့နောက် အပေါ်သို့ မ,လိုက်သည်။ ကြွတက်လာသောအခါ လက်နှစ်ဖက်ဖြင့် ပင့်မြှောက်ပြီး မူလနေရာသို့ ပစ်လိုက်သည်။ တစ်ဆယ်ပေခန့် မြောက်တက်သွားသည်။ ပြန်အကျတွင် ဝူဆောင်က လက်နှစ်ဖက်ဖြင့်ထိန်းကျောင်း ပေးလိုက်သည်။ ကျောက်ဖျာသည် နဂိုနေရာတွင် ပြန်ရောက်သွားသည်။

ဝူဆောင်၏မျက်နှာတွင် ခွေးမစို့။ အသက်ရှူနှုန်းမှာလည်းပုံမှန်ဖြစ်သည်။ နှလုံးခုန်နှုန်းမှာလည်း ပုံမှန်ဖြစ်သည်။

ရှိအင်က ဝူဆောင်ကို ခါးညွတ်၍ အရှိအသေပြုကာ ဂုဏ်ပြုလိုက်သည်။ သူက-

"သင်ဟာ နတ်မင်းတစ်ပါးဖြစ်ပုံရတယ်"

ဟု ပြောလိုက်သည်။

အကျဉ်းသားတို့သည် ဒူးထောက်ခစားလိုက်ကြသည်။ သူတို့က-

"သူဟာ နတ်မင်းဖြစ်လိမ့်မယ်"

ဟု အချင်းချင်း ပြောလိုက်ကြသည်။

သူတို့တစ်တွေ ပြောကြတာ မှန်သင့်သလောက် မှန်တယ်။ စစ်သူကြီးဟောင်ကြောင့် ကောင်းကင်ဝိညာဉ် (၃၆)ကောင်နှင့် မြေပြင်နတ်ဆိုး (၇၂) ကောင်၊ စုစုပေါင်း (၁၀၈)ကောင်တိတိ အပိတ်အလှောင်ခံနေခဲ့ကြရာက လွတ်သွားခဲ့ကြပါတယ်။

ကောင်းကင်ဝိညာဉ်(၃၆)ကောင်ဟာ မြေပြင်ကို ပြန်ရောက်လာခဲ့ကြပါတယ်။ မနုဿလူသားအဖြစ် မွေးဖွားခဲ့ကြပါတယ်။ အဲဒီအထဲက တစ်ယောက်ဟာ ဝူဆောင် ဖြစ်ပါတယ်။ ဇဝန၊ လျူတန်၊ ဝူယောင်၊ ရှီကျင်၊ ယန်ဇီ ဆောင်ကျန်း အစရှိတို့ဟာလည်း ကောင်းကင်ဝိညာဉ် (၃၆) ကောင်မှာ အပါအဝင် ဖြစ်ကြပါတယ်။ သူတို့ရဲ့အချုပ်ကတော့ ချောင်ဂိုင် ဖြစ်ပါတယ်။

တစ်ယောက်တစ်နေရာစီ မွေးဖွားခဲ့ကြပေမယ့် ယခင်ဘဝဟောင်းရဲ့အထုံအဆက်ကြောင့် ယခုဘဝမှာ ပြန်လည်ဆုံစည်းကြပါတယ်။ တစ်အုပ်ထုံဆင်း ညီရင်းအစ်ကိုသဖွယ်လက်တွဲမိကြပါတယ်။

ရှိအင်က ဝူဆောင်ကို အိမ်သို့ခေါ်သွားသည်။ ဧည့်ခန်းဆောင်တွင် ထိုင်ပြီးသောအခါ ဝူဆောင်က-

"ကျွန်တော့်ကို ပြောပြပါဦး။ ကျွန်တော် ဘာလုပ်ပေးရမလဲဆိုတာကို ပြောပြပါဦး"

ဟု မေးလိုက်သည်။

ရှိအင်က-

"ခဏစောင့်ပါဦး။ ခဏနေလျှင် အဖေ ရောက်လာလိမ့်မယ်။ အဖေကလည်း သင့်ကို တွေ့ချင်နေတယ်။ ဒီတော့ အဖေရောက်လာမှ ပြောကြတာပေါ့"

ဟု ပြောသည်။

ဝူဆောင်က စိတ်မရှည်နိုင်တော့သဖြင့် သူက-

"ဟေ့- ခိုင်းစရာရှိလျှင် ပြတ်ပြတ်သားသားခိုင်းပါ။ ဟိုလိုလိုဒီလိုလို ကျဲတောက်တောက်လုပ်မနေနှင့်။ လုပ်ပေးရမယ့်သူက ထိုင်ရမလိုထရမလို ဖြစ်နေပြီ။ ဖင်တကြွကြွဖြင့် စောင့်နေရတာ မနိပ်ဘူး။ ငါက တုံးဆိုတိုက်၊ ကျားဆိုကိုက် ဆိုသည့် အစားထဲကပါ"

ဟု ပြောချလိုက်သည်။

"ဖင်တကြွကြွ မဖြစ်ပါနှင့်၊ အေးအေးဆေးဆေးထိုင်ပါ။ ပြောပြရမှာက အရှည်ကြီး။ ဇာတ်ရည်လည်အောင် ခရေစေ့တွင်းကျ ပြောပြရမှာ ဆိုတော့ စိတ်ရှည်ရှည်ဖြင့် နားထောင်စေလိုပါတယ်"

ရှိအင်က စကားကို ပျိုးလိုက်၏။ ထို့နောက် သူကြုံတွေ့နေရသောပြဿနာကို ပြောပြလေတော့သည်။

စားကျက်လုခံရခြင်း

"ကျွန်တော် ငယ်ငယ်ကတည်းက တုတ်သိုင်း၊ လုံသိုင်းတို့ကို သင်ယူ လေ့ကျင့်ခဲ့ပါတယ်။ သိုင်းအကျော်အမော်တွေထံမှာ သင်ယူခဲ့ပါတယ်။ ကျွမ်းကျင်သည့်အဆင့်ကို ရောက်ခဲ့ပါတယ်။ သိုင်းလောကမှာ 'ရွှေမျက်လုံးကျားပေါက်' လို့ အမည်တစ်လုံးရခဲ့ပါတယ်။

မြို့ရဲ့အရှေ့တံခါးကနေသွားလိုက်လျှင် သုခတောအုပ်လို့ခေါ်သည့် စျေးရွာတစ်ရွာ ရှိပါတယ်။ ဟီဘိုင်နယ်နှင့် ရှန်ဒေါင်နယ်မှာရှိကြသည့်ကုန်သည်တွေ လာရောက် ရောင်းဝယ်ဖောက်ကားကြသည့် စျေးရွာကြီး ဖြစ်ပါတယ်။ အခေါ်သညာအရသာ ရွာ ဆိုပေမယ့် မြို့လောက်နီးနီး စည်ကားပါတယ်။ တည်းခိုခန်းပေါင်း တစ်ရာကျော် ရှိပါတယ်။ လောင်းကစားဝိုင်းတွေလည်း နှစ်ဆယ်၊ သုံးဆယ် ရှိပါတယ်။

ကျွန်တော်က အတိုက်အခိုက်တော် သူဖြစ်လာသည့်အခါ သုခတောအုပ်ကို အကျဉ်းသား ရှစ်ဆယ်၊ ကိုးဆယ်နှင့်အတူသွားပြီး စားတော်ဆက်တစ်ခုကို ဗန်းပြအလုပ်အဖြစ် ဖွင့်လှစ်လိုက်ပါတယ်။

တကယ်လုပ်သည့်အလုပ်ကတော့ ဆက်ကြေးကောက်တာပါ။ ရှိရှိသမျှ တည်းခိုခန်းတွေ၊ ပွဲရုံတွေ၊ လောင်းကစားဒိုင်တွေဟာ ကျွန်တော့်ကို ဆက်ကြေးပေးသွင်းရပါတယ်။ ကုန်သည်တွေထံမှလည်း ကောက်ခံပါတယ်။ ယုတ်စွအဆုံး သဘင်မယ်တွေတောင်မှ သီချင်းလာဆိုချင်ရင် ကျွန်တော်ထံ အရင်ခွင့်တောင်းရပါတယ်။ ငွေအောင်စ နှစ်ရာ၊ သုံးရာ မဝင်သည့်လ ဆိုတာ မရှိပါဘူး။

www.burmeseclassic.com

အဲဒီလို အဆင်ပြေနေရာက စားကျက်လုသည့်သူ ပေါ်လာပါတယ်။ မြို့စောင့်တပ်ရဲ့ တပ်မှူးကျန်းဟာ အရှေ့လူကြိုကနေ ရောက်လာပါတယ်။ သူက လူတစ်ယောက်ကို ခေါ်လာတယ်။အဲဒီလူရဲ့အမည်က တံခါးစောင့်ဂျန်းမဟာလို့ ခေါ်ပါတယ်။ သူက သိုင်းပညာလည်း တော်တယ်၊ ကိုယ်ခန္ဓာကလည်း အလွန်ထွားကျိုင်းတယ်၊ အားလည်း အလွန်သန်တယ်၊ လက်နက်ကိုင် တိုက်ခိုက်ရာမှာလည်း အလွန်ကျွမ်းကျင်တယ်။ စည်းလုံတ်ဝါးလုတ် တိုက်ခိုက်ရာမှာ အံ့သြစရာဖြစ်ရလောက်အောင် တော်တယ်။ ဘာသိုင်းကွက်မှ သတ်သတ်မှတ်မှတ်မရှိဘဲ တိုက်တတ်သူ ဖြစ်ပါတယ်။ နပန်းလုံးရာမှာလည်း သူ့ကို ယှဉ်ပုံသူမရှိဘူး။

သူက သူ့ဂုဏ်ကို သူဖော်ရာမှာ ငါက တိုင်ရှန်တောင်မှာ သုံးနှစ်တိုင်တိုင် စိန်ခေါ်ပုံသူတွေကို ယှဉ်ပြိုင်ခဲ့ရာမှာ သူ ထက်သာသူ မရှိဘူးလို့ ပြောလေ့ရှိပါတယ်။ မိုးကောင်းကင်အောက်က ကမ္ဘာတစ်လွှားမှာ သူ့ကို ယှဉ်နိုင်သူမရှိဘူးလို့ ပြောလေ့ရှိပါတယ်။

သူက ကျွန်တော့်စားကျက်ကို လုယူလိုက်ပါတယ်။ သူ့ကိုခံချပါသေးတယ်၊ သူက တီးထည့်လိုက်တာ ကျွန်တော် အတော်နာသွားတာ နှစ်လလုံးလုံး အိပ်ရာထဲက မထနိုင်ဘူး။ သင်ရောက်လာသည့်နေ့က ကျွန်တော့်ခေါင်းမှာ ခေါင်းပေါင်းအဖြူပေါင်းထားတာ တွေ့တယ် မဟုတ်လား။ တကယ်က ခေါင်းပေါင်းမဟုတ်ဘူး၊ ပိုးစဖြင့် ပတ်တီးစည်းထားရတာ ဖြစ်ပါတယ်။ လက်မှာလည်း ဒဏ်ရာမပျောက်သေးလို့ ပိုးစဖြင့် ပတ်တီးစည်းထားရပါတယ်။ အခုထိ အနာမပျောက်သေးပါဘူး။

အစကတော့ ဒဏ်ရာအားလုံး ပျောက်ကင်းသည့်အခါမှာ လူစုပြီး သူ့ကို ပြန်ချမလို့ဘဲ။ ဒါပေမယ့် သူမှာ ကျောထောက်နောက်ခံအဖြစ် ခံတပ်မြို့ရဲ့ မြို့စောင့်တပ်ရဲ့ တပ်မှူးကျန်း ရှိနေပါတယ်။ ဒီတော့ ချင့်ချိန်နေရပါတယ်။

တံခါးစောင့်ဂျန်းမဟာကို ပြန်မချရလို့ ရင်ထဲ တန့်နှဲ့ဖြင့် အခဲမကျေဖြစ်နေရပါတယ်။ သင်ရောက်လာသည်အခါ သင့်ကို အားကိုးလို့ရပြီလို့ တွေးမိပြီး ပျော်သွားပါတယ်။ ကျွန်တော့်အတွက် လက်စားချေပေးပါ။ အကောင်စုတ်ကို နှိပ်ကွပ်ပေးစမ်းပါ။ ဒါမှ ကျွန်တော်သေသည့်အခါ စိတ်ဖြောင့်ဖြောင့်ဖြင့် သေနိုင်မယ်။

သင် ရောက်လာလာချင်းမှာ မပြောသေးဘဲ လေး၊ ငါးလစောင့်ရတာကတော့ သင်ဟာ ခရီးပန်းလာသူဖြစ်လို့ အားပြန်ဖြည့်ဖို့အတွက် အချိန်ပေးချင်လို့ပါ။ အစေခံရမက်က လျှာချောင်လိုက်လို့ သင်သိခွင့်ရသွားပါတယ်။ သင့်ကို တောင်းချင်သည့်အကူအညီကတော့ အဲဒါပါပဲ။

လက်သီးပြင်ခြင်း

ဝူဆောင်သည် အကြောင်းစုံ သိရသောအခါ ရယ်မောလိုက်သည်။

သူက-

"မဟာတံခါးစောင့်ဂျန်းအတွက် ဘာမှပူစရာမလိုပါဘူး။ သူ့ကိုရှင်းဖို့ ငါတာဝန်ထားပါ။ သူ့အတွက် ပူရအောင် သူမှာ ခေါင်းဘယ်နှလုံးပါနေလို့လဲ၊လက်ဘယ်နှချောင်းပါနေလို့လဲ"

"ခေါင်းတစ်လုံး၊ လက်နှစ်ဖက်ပဲ ပါပါတယ်။ ပိုမပါပါဘူး"

"ဂဠုန်မင်းနီကျလို လက်ခြောက်ဖက်၊ ခေါင်းသုံးလုံးပါနေသည့်သူမျိုး ဆိုရင်တော့ ငါစိတ်နည်းနည်းပူမိမယ်။ အခု တံခါးစောင့်ဂျန်းမဟာက သူလိုငါလို ပခုံးနှစ်ခုကြားမှာ ခေါင်းပေါက်နေသည့် သူဆိုတော့ ဘာပူစရာရှိလို့လဲ"

ဂဠုန်မင်းနီကျအကြောင်းကို 'နတ်မင်းတို့ရဲ့ဒဏ္ဍာရီ' မှာ အကျယ်တဝင့် ဖော်ပြထားသောကြောင့် ယခု ချန်လှပ်ခဲ့ပါမယ်။

"ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော်က သူလောက် အားလည်းမသန်ဘူး၊ သိုင်းပညာမှာလည်း သူ့ကို မမီလို့ အခက်ကြုံနေရပါတယ်။အခုတော့ သင်က တာဝန်ယူလိုက်လို့ စိတ်အေးရပြီ"

"ကျွန်တော်က မူးရင် သွေးဆိုးတယ်၊ ရန်ဖြစ်တယ်။ ဒီတော့ လမ်းပေါ်က ဇော်တကာ့ဇော်တွေနှင့် အကြိမ်ကြိမ် တိုက်ခိုက်ဖူးတယ်။ အတွေ့အကြုံပေါင်းစုံကို အရေထူနေပြီ"

ဝူဆောင်က ထိုင်နေရာမှထရပ်လိုက်သည်။

ရှီအင့်က-

"အဖေကိုစောင့်ရင်း ဝိုင်ကောင်းကောင်းဖြင့် နည့်ခံရဦးမယ်"

ဟု ပြောပြီး ပြန်ထိုင်ရန် လက်ဟန်ပြသည်။

"ဘာလို့ ထိုင်သောက်မှာလဲ၊ အချိန်ကြာတယ်။ ဝိုင်ကို ယူလာခဲ့ပါ၊ လမ်းမှာ သောက်ရင်း သွားကြမယ်။ တံခါးစောင့်ဂျန်းမဟာကို ဟောဒီ လက်သီးနှစ်လုံး ကျွေးချင်နေပြီ။ ထိုးရင်းကြိတ်ရင်း လက်လွန်သွားလို့ တံခါးစောင့်ဂျန်း မဟာသေသွားလျှင်လည်း ကျွန်တော့် အပေါ် သာ အပြစ်ပုံချလိုက်ပါ။ တပ်မှူးကျန်းက သူလူကို ဆော်သည့်အတွက် ပြဿနာရှာလိမ့်မယ်။ ဒီအခါမှာ တရားခံအဖြစ် ကျွန်တော့်ကိုသာ လက်ညှိုးထိုးပြလိုက်ပါ"

"ထိုင်ပါဦး၊ ခဏစောင့်ပါဦး။အဖေက သင့်ကိုတွေ့ချင်နေတယ်။ သွားချဖို့ အချိန်တန်သည့်အခါ ကျွန်တော်တို့သွားကြမယ်၊ လောကြီးဖို့မသင့်ဘူး။ မနက်ပြန်ကျ လူတစ်ယောက်စေလွှတ်ပြီး အခြေအနေ ထောက်လှမ်းခိုင်းလိုက်မယ်။ အကောင်စုတ်က အိမ်မှာရှိနေတယ်ဆိုရင် နောက်တစ်နေ့ကျ ကျွန်တော်တို့ သွားမယ်။ မရှိဘူးဆိုရင် သူပြန်ရောက်လာမယ့်ရက်ကို စောင့်ကြမယ်။ သိုသိုသိပ်သိပ်ဖြင့် အပိုင်လုပ်မှဖြစ်မယ်။ မြွေကဘယ်နားရှိမှန်း မသိသေးဘဲ မြက်တောကို သွားလှုပ်လျှင် မြက်တောထဲကမြွေကို သံချောင်းခေါက်လိုက်သလိုဖြစ်သွားလိမ့်မယ်။ သူက သိသွားပြီး ငါတို့ကို ထောင်ဖမ်းလျှင် ငါတို့ကိုယ်ကျိုးနည်းရလိမ့်မယ်"

"အဲဒီလို ကြိုကြောက်နေလို့ သူက သင့်ကို နှိပ်နိုင်တာ ဖြစ်လိမ့်မယ်။ မနက်ဖြန်တွေ့၊ သန်ဘက်ခါတွေ့ လုပ်မနေစမ်းပါနှင့်။ အခု သွားမယ်။ သူက ငါတို့လာမှာကို ကြိုသိလို့ အသင့်စောင့်နေလည်း ဘာအရေးလဲ"

ထိုစဉ်မှာပင် ထောင်ပိုင်ကြီးရောက်လာသည်။ သူက ဝူဆောင်ကို ကြည့်ပြီး ပြုံးသည်။ ရောက်ရောက်ချင်းနှေ့က အဖြစ်အပျက်ကို ပြန်သတိရမိပြီး ပြုံးစိစိဖြစ်နေသည်။

"သင်တို့ပြောနေကြတာကို ငါတစ်စွန်းတစ်စကြားမိတယ်။ ဝူဆောင်၊ သင် ရောက်လာတာ ငါအရမ်းဝမ်းသာတယ်။ ငါ့သားအတွက်တော့ သင်ဟာ နေတစ်စင်းပါပဲ။ တိမ်တွေကြားမှာ ထွက်ပြူလာသည့် နေမင်းလိုပါပဲ။ နောက်ဖေးဘက်က ခန်းဆောင်ကို လိုက်ခဲ့ပေးပါဦး"

သူတို့သုံးယောက်သည် နောက်ဖေးဘက်ရှိခန်းဆောင်သို့သွားကြသည်။

(ဆက်ရန်)

ကိုဇေယံ

Ref; Shui Hu Zhuan by Shi Ni'an and Luo Guanzhong

www.burmeseclassic.com

www.burmeseclassic.com

(ဇေယျဝတီ)
တောင်ကျွဲ
စီးရေ၏နိယာမ

မနှစ်က သည်လိုနွေကာလ အလုပ်အားလပ်နေချိန်တွင် တောတောင်ထဲသို့ ညအိပ်ထွက်လာကြကာ ဖွတ်လိပ်တို့ကို ပဲတွေ့တွေ့၊ လျှော်ပဲတွေ့တွေ့၊ ကြိမ်ကိုပဲတွေ့တွေ့ ရရာရှာဖွေယူလာကြမည်ဟု ရည်ရွယ်လျက် တောတက်လာခဲ့ကြခြင်းဖြစ်သည်။ သည်နွေမှာလည်း အလုပ်များ အားသွားသဖြင့် တောတက်လာခဲ့ကြလေသည်။

"ဟေ့ကောင်- ဝင်းအောင်၊ ငါတို့ ဘယ်တောဘက်တက်ကြမှာလဲဟ"

"အိုကွာ၊ ပဲခူးရိုးမကြီးရဲ့ကြောကြီးထိပ်ပေါ် ရောက်မှပဲ စဉ်းစားကြတာပေါ့ သံချောင်းရာ"

သူတို့နေထိုင်သော ရွာကလေး၏ အနောက်ဘက်နှစ်မိုင်ခန့်လျှောက်လျှင် တောင်ခြေသို့ရောက်၏။ တောင်ခြေမှ တောထဲဝင်သွားပါက လှည်းစခန်းတစ်ခုခုသို့ ရောက်မည်။ ထိုလှည်းစခန်းမှ စွတ်လမ်းကြီးအတိုင်း တစ်နာရီကြာအောင် တက်လာသည်နှင့် ကြောကြီးထိပ်ပေါ်သို့ ရောက်၏။ ထိုထိပ်မှ အောက်ဘက်သို့ လှမ်းမျှော်ကြည့်ပါက မြေပြန့်ရှိ လယ်ကွင်းများ၊ ရွာများကို ခပ်ရေးရေးတွေ့မြင်နိုင်သည်။ ကြောကြီးထိပ်မှ တောင်ဘက်၊ မြောက်၊ အနောက်ဘက်သို့ သွားလိုရာဘက်သို့ သွားနိုင်လေသည်။

"ဟူး. . . ကြောထိပ်ပေါ် ရောက်အောင် တက်လာရတာ မောပါကွာ"

ကြောထိပ်ရောက်ပြီး တစ်ခဏမျှနားကြကာ ဆက်သွားကြမည့် ခရီးအတွက် တိုင်ပင်ခဲ့ကြသည်။

"အရင်နှစ်တွေကတော့ ကြောရဲ့ တောင်ဘက်၊ မြောက်ဘက်ထဲကို သွားခဲ့ကြပြီးပြီကွ။ ဒီနွေမှာတော့ ကြောကြီးရဲ့ အနောက်ဘက်ထဲသွားကြရင် မကောင်းဘူးလားကွ။ ငါတို့က ပျားတွေ့လည်းဖွပ်ကြမယ်။ ဖွတ်တို့၊ လိပ်တို့တွေ့လည်း ဖမ်းကြမယ်။ လျှော်တို့၊ ကြိမ်တို့တွေ့လည်း ခုတ်ယူကြမှာဖြစ်တော့ သစ်ပင်ကြီးတွေ ပေါပေါများများ ပေါက်နေတဲ့ အနောက်ဘက်တောနက်ထဲသွားကြမှာပဲကွ"

နားကြပြီး အမောပြေသည်နှင့် ကြောကြီးအနောက်ဘက်ထဲ တဖြည်းဖြည်း ဆင်းလာခဲ့ကြသည်။ ကြောကြီးပေါ် တက်လာခဲ့တော့ ကြောကြီးအရှေ့ဘက်စောင်းတွင် ဝါးခုတ်သံများ၊ သစ်ပင်လဲသံများ၊ ထင်းတုံး၊ ဝါးစွတ်များ စွတ်ဆွဲချလာသံများကို ကြားရသေးသည်။ ကြောကြီး အနောက်ဘက်ထဲ တော်တော်ဝေးဝေး ရောက်လာကြသောအခါ လူသံ၊ နွားငေါက်သံ၊ စွတ်မောင်းသံများ မကြားကြတော့ပေ။ တောတောင်ထဲတွင် မှီတင်းနေထိုင်ကြသော ကျေးငှက်သာရကာများ၏ အော်မြည်သံများ၊ တစ်ပင်မှ တစ်ပင်သို့ ကူးလူးပျံသန်းသံများ၊ သစ်တောက်ငှက်များ သစ်ပင်အခေါက်ကို နှုတ်သီးနှင့်ခေါက်ပြီး အစာရှာနေသော တတောက်တောက်အသံများ၊ တစ်ခါတစ်ရံတွင် မျောက်အုပ်က စားပင် တစ်ပင်၏ထိပ်၌ ဆူညံစွာ စားသောက်နေကြသံများ၊ ရှဉ့်နိုက်လေးများက လူကို တွေ့မြင်ကြသောအခါ ကြောက်လန့်ပြေး တက်သွားကြသည်ကိုလည်းကောင်း တွေ့မြင်ကြရသည်။

နေမွန်းတည့်ချိန်ခန့်တွင် အခြားဘာကောင်မှ ရှာမတွေ့သဖြင့် အိမ်မှ ဖက်နှင့်ထုပ်ထည့်လာခဲ့သော ထမင်းထုပ်ကို မြောင်တစ်မြောင်ထဲရှိ စမ်းရေအိုင်ကို ရှာဖွေကြကာ ထိုအိုင်ဘေးရှိ သောကျောက်တုံးကြီးများပေါ်တွင် စားရန်ပြင်ကြသည်။

www.burmeseclassic.com

"ကဲ- တောပိုင်တောင်ပိုင်ကြီးများ ခင်ဗျား။ ကျွန်တော်မျိုးတို့ စားဦးစားဖျားကို အရှင်ကြီးတို့အား တင်မြှောက်ပ,သပါတယ်။ သွားလေရာလာလေရာ ဘေးမသီ ရန်မခအောင် စောင့်ရှောက်ပေးပါ။ ကျွန်တော်မျိုးတို့ ရှာဖွေနေကြသည်တို့ကိုလည်း လွယ်လွယ်ကူကူ တွေ့ရှိ ရယူနိုင်အောင် ကူညီမစပေးပါ ခင်ဗျား"

"ကဲ - သံချောင်းရေ၊ စားလို့ရပြီကွ။ စားပေတော့"

နှစ်ယောက်သား ဆာဆာနှင့် စားလိုက်ကြရာ ထမင်းတစ်ထုပ်လုံး တက်တက်ပြောင်သွားခဲ့လေသည်။ စားပြီးသည်နှင့် စမ်းရေအိုင်ထဲတွင် လက်ဆေးပြီး လက်ခုပ်နှစ်ဖက်နှင့် ရေခပ်ကာ သောက်ခဲ့ကြသည်။

"ငါတို့ ညနေဘက်ကိုတော့ တောသေချာကြည့်လည်ကြမှပဲကွ။ ဖွတ်တွေက နေအေးသွားမှ သစ်ပင်၊ သစ်ခေါင်းတွေထဲက အောက်ကိုဆင်းကြပြီး အစာရှာကြတာလေ"

နေအေးပြီဖြစ်၍ ေ တာင်ကုန်. တောင်စောင်း၊ လျှိုမြောင်များအတွင်း သူတို့ လှည့်လည် ရှာဖွေလာခဲ့ကြသည်။

"ဟာ- ဝင်းအောင်ရေ၊ ဟိုရှေ့က သစ်ပင်တစ်ဝက်လောက်မှာ ဆင်းလာနေတာ ဖွတ်ကြီးတစ်ကောင်ပဲကွ"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ- ဟုတ်တယ်ဟေ့"

"ဒီဖွတ်ကြီးကို သစ်ပင်ပေါ်တက်မကျော့ရဘဲနဲ့ အောက်ကိုရောက်လာအောင် ငါလုပ်ပြမယ်ကွ"

"ဟင်-မင်းက ဘယ်လိုလုပ်မှာလဲ၊ လေးခွနဲ့ပစ်ချမှာလား"

"မင်း- အသာကြည့်နေပါကွာ"

ဝင်းအောင်က ထိုသို့ပြောပြီးသည်နှင့် ဝါးရှည်ရှည်တစ်လုံးကို အရင်းမှ ခုတ်ယူကာ ဝါးဒလက်များကို သင်လိုက်သည်။ ဝါးအဖျားတွင် ပုဆိုးတစ်ထည်ကို မြဲမြဲချည်နှောင်လိုက်သည်။ ပြီးလျှင် ထို ဝါးလုံးကို ထောင်လိုက်ရာ အလံတိုင်တစ်ခုအလား ဖြစ်ထွားသည်။ ဝါးအရှည်က ဖွတ်ရောက်နေသောနေရာကိုကျော်သွားသဖြင့် ဝင်းအောင်က အောက်မှ ဝါးလုံးကို ကိုင်၍ ဘယ်၊ ညာ ယမ်းပေးလိုက်လေသည်။ ဖွတ်ကြီးလည်း အပေါ်တက်ပြေးရမလို၊အောက်ဘက်ဆင်းပြေးရမလိုဖြစ်ကာ သစ်ပင်မှ အောက်သို့ ကွာကျလာခဲ့လေသည်။ အောက်ရောက်သည်နှင့် ထိုဖွတ်ကြီးကို ဖမ်းယူခဲ့ကြသည်။

"ဟ- မင်းနည်းကမဆိုးပါလားကွ ဝင်းအောင်ရ"

"ဒါနဲ့ကွာ၊ ဖွတ်ကြီးက အဲဒီပုဆိုးချည်ထားတဲ့ ဝါးလုံးနဲ့ ယမ်းပေးလိုက်တာနဲ့ ဘာလို့ အောက်ကို ကွာကျလာရတာလဲကွ"

"မင်းကလည်း တော်တော် ဒုံးဝေးတဲ့ကောင်ပဲ။ ဖွတ်တွေက လင်းယုန်တို့၊ သိမ်းငှက်တို့ကို သိပ်ကြောက်ကြတာလေ။ သူတို့ရှိနေတဲ့အပေါ် ဘက်က ပုဆိုးချည်ထားတဲ့ ဝါးလုံးကို တွေ့ လင်းယုန်တို့၊ သိမ်းငှက်တို့ ထိုးသုတ်တယ်ထင်ပြီး အောက်ကို ခုန်ချခဲ့တာပဲကွ"

"ဩော်- ဒီလိုလား၊ မင်းနည်းက သစ်ပင်တက်စရာမလိုတဲ့အတွက် တော်တော်အဆင်ပြေတဲ့နည်းပဲကွ"

"တက်ရခက်တဲ့ သစ်ပင်ကြီးတွေမှာ ဖွတ်ကပ်နေတာတွေ့ရင် ဒီနည်းနဲ့ ဖမ်းယူရတယ်ကွ။ တက်လို့လွယ်တဲ့ အပင်ဆိုရင် ကျော့ကွင်းနဲ့ ကျော့ဖမ်းယူရတယ်လေ"

ထိုညနေပိုင်းက တောလည်ခဲ့ကြရာ ဖွတ်သုံးကောင်နှင့် တောင်လိပ်နှစ်ကောင်ရခဲ့ကြသည်။ နေတော်တော်စောင်းသွားပြီဖြစ်၍ တောထဲ၌ စခန်းချနားရန်နှင့် ချက်ပြုတ်စားနိုင်ရန် သူတို့နားခဲ့ကြသည်။ စားသောက်ပြီးသောအခါ မှောင်လာခဲ့ပြီဖြစ်၍ နားမည့်နေရာနားတွင် ထင်းတုံးများတေ့ကာ မီးထည့်ခဲ့ကြသည်။ ထိုမီးဖိုဘေးဦးပင် ခွေ၍ အိပ်စက်ခဲ့ကြလေသည်။

✪

နံနက်ခင်း တောကြက်တွန်သံကြားရသဖြင့် နံနက်လေးနာရီလောက်ရှိပြီကို ခန့်မှန်းသိကြ၍ အိပ်ရာမှထကြကာ နံနက်စာ ထမင်းချက်ကြသည်။ စိမ်းစားငါးပိကို ပြား၍ မီးကျီးခဲပေါ် တင်ကာ ဖုတ်လိုက်ကြသည်။ ပြီးလျှင် ဆီဆမ်းလိုက်သည်နှင့် ငါးပိဖုတ်ဆီဆမ်းရလာသည်။ ဝါးဘူးကြီးနှင့် ကျိုထားသော ရေနွေးတွင် လက်ဖက်ခြောက်ခတ်ကာ ထိုရေနွေးနှင့်သောက်ပြီး နံနက်စာစားကြသည်။ ပိုသောထမင်းကို ဖက်နှင့်ထုပ်ယူကာ နေ့ခင်းစာအတွက် ယူလာကြပြီး တောထဲ စတင်လှည့်လာခဲ့ကြသည်။

"ဟာ- သံချောင်း၊ ဒီမြောင်စောင်းမှာ လျှော်ပင်တွေပဲကွ။ ငါတို့ ဒီလျှော်တွေ ခုတ်ယူကြရအောင်ဟေ့"

ထိုနေရာတွင် နားကာ လျှော်ပင်များကို ခုတ်လှဲ၍ တစ်လဲလောက်အပိုင်းများ ပိုင်းဖြတ်သည်။ ထိုအပိုင်းထိပ်တစ်ထွာခန့်ပတ်လည်ကို ရဲတင်းအနှောင့်နှင့် ကြေမွအောင် ထုရိုက်ပေးသူကပေး၏။ ကျန်တစ်ယောက်က ကြေမွနေသောတုံးထိပ်ကိုသစ်ပင်တွင်ထောင်ကာ ကြေမွနေသောနေရာမှ ဆုပ်ကိုင်၍ အောက်အထိ ဆွဲချသဖြင့် လျှော်ပြားအစိုးများ ရလာသည်။ ထိုလျှော်ပြားများကို ဝါးလုံးတန်းလုပ်၍ ခေါက်တင်ပြီး နေလှန်းထားခဲ့ကြသည်။ လျှော်တော်တော်များဆုပ်ပြီးသွားလျှင်နား၍ နေ့ခင်းစာထမင်းစားကြကာ နေခိုနေကြသည်။

ညနေစောင်းလာလျှင် လျှော်ပြားများ ခြောက်ခဲ့ကြ၍ ခေါက်ပြီးစည်းခဲ့ကြသည်။ တစ်ယောက်ကို လျှော်နှစ်ပိဿာခန့် ရခဲ့ကြလေသည်။ ထိုညနေဘက်တွင် သူတို့ တောဆက်လည်လာခဲ့ကြရာ ဖွတ်နှစ်ကောင် ထပ်ရလာပြန်သည်။

"ငါတို့ အခု ညနေရလိုက်တဲ့ ဖွတ်ကြီးက နှစ်ပိဿာလောက်ကို ရှိမယ်ကွ။ တော်တော်ကြီးတယ်"

"အေးပေါ့ကွာ၊ ဒီတောတောင်တွေက လူအရောက်အပေါက်နည်းခဲ့တော့ သူတို့ကို ဖမ်းမယ့်သူမရှိကြတော့ တောထဲမှာ ကြီးချင်တိုင်း ကြီးနေကြတော့တာပေါ့"

"ဟာ- ဝင်းအောင်ရေ၊ ဟိုရှေ့က ကညင်ပင်ထိပ်ဖျားကို လှမ်းကြည့်စမ်းကွာ။ မည်းမည်းကြီးမြင်နေရတာ ပျားအုံကြီးမဟုတ်လားကွ"

"ဟာ- ဟုတ်တယ်ဟေ့၊ ဖျာတစ်ချပ်စာလောက်ကို ကြီးတယ်ကွ"

ပျားအုံတွေ့သဖြင့် ထိုပျားအုံကို ညဘက်တွင် တက်ဖွပ်ရန် ထိုနေရာနားမှာပင် နားလိုက်ကြတော့၏။ ညနေစာချက်စားပြီး ပျားတက်ရန် ပြင်ဆင်ခဲ့ကြသည်။ ကံကောင်းသည်က ကညင်ပင်က သိပ်မမြင့်လှဘဲ ထိုအပင်နားတွင် အခြားသစ်ပင်များ ကပ်ပေါက်နေသည့်အတွက် တက်ဖွပ်ရန် လွယ်ကူလေသည်။ ညဘက်မှောင်လာသောအခါ သံချောင်းက အပင်အောက်မှ စောင့်နေခဲ့လျှင် ဝင်းအောင်က တက်သည်။ ပျားစွဲသော ကိုင်းပေါ် ရောက်လျှင် ခါးတွင် ချည်ပတ်သွားသော ကြိုးကို အောက်လျှောချပေးခဲ့သည်။ ထိုအခါ သံချောင်းက နွယ်ခြောက်စည်းကို မီးရှို့ပြီး မီးရဲလျှင် မီးတောက်ကို မှုတ်လိုက်၍ ကြိုးစကို လှုပ်ပေးလိုက်ရာ အပေါ်မှ ဝင်းအောင်က ဆွဲယူသွားသည်။ မီးရဲနေသော နွယ်ခြောက်စည်းရသည်နှင့် ပျားအုံ၏ တစ်ဖက်ခြမ်းကို ထိုးမွှေပေးလိုက်သည်။ မီးပွားများ အောက်သို့ကျကာ ပျားအုံမှ ပျားကောင်များက ထိုမီးပွားများကို ရန်သူထင်မှတ်ကာ လိုက်တုပ်ခဲ့ကြ၍ အတောင်များ မီးလောင်ပြီး အောက်သို့ကျကုန်၏။ ကျန်တစ်ဖက်ခြမ်းကိုလည်း ထိုနည်းအတိုင်း ထိုးမွှေပေးပြန်သည်။ ပျားအုံတွင် ပျားကောင်များမရှိတော့မှ ကြိုးစကို အောက်သို့ချပေးသဖြင့် သံချောင်းက လေးထောင့်သံပုံးလွတ်ကို ချည်ပေးလိုက်သည်။ ဝင်းအောင်လည်း ထိုသံပုံးကိုဆွဲတင်ပြီး ပျားအုံမှ ပျားရည်ရှိသော ပျားလပို့ကို ဖွဲ့ထည့်ကာ အောက်သို့ တဖြည်းဖြည်းလျှောချပေးပြီး သူပါ ပြန်ဆင်းလာခဲ့တော့သည်။

"ပျားလပို့တွေ ပုံးတစ်ဝက်ကျော်လောက်ရတာ ဆိုတော့ ပျားရည်လေး၊ ငါးပုလင်းလောက်တော့ ရနိုင်မယ်ကွ"

ထို ပျားလပို့ပုံးကို ပုရွက်ဆိတ်မတက်နိုင်ရန် ရေအိုင်အစပ်တွင် ချထားကြပြီး ညအိပ်နားခဲ့ကြလေသည်။

သူတို့တစ်နေကုန် တောလည်ကာ ညဘက်တွင်လည်း ပျားတက်ဖွပ်ခဲ့ကြရ၍ ပင်ပန်းပြီး အိပ်ပျော်ခဲ့ကြရ၍ ပင်ပန်းပြီး အိပ်ပျော်ခဲ့ကြရာ ညသန်း

www.burmeseclassic.com

ခေါင်ကျော်အချိန်ခန့်တွင်း ဝင်းအောင် တစ်ရေးနိုးလာခဲ့သည်။ အပေါ့အပါးထသွားပြီး မီးဖိုမှ မီးတောက်လာစေရန် ထင်းများ၊ ဝါးလုံးတို့ အခြောက်များ ထပ်ထည့်ပေးနေလေသည်။

"ဖောင်း ဖောင်း ဖောက် ဖောက် ဖောင်း"

"ဟင်- ဘာသံတွေ ကြားလာရတာလဲ"

ခပ်လှမ်းလှမ်းဆီမှ အသံများကြားရခြင်းဖြစ်၍ ဝင်းအောင် နားစွင့်နေခဲ့လေသည်။

"ဖောင်း ဖောင်း ဖောက် ဖောက်"

"ဟာ- ဒါတောမီးလောင်တဲ့အသံတွေပဲ။ ဝါးရုံတွေက ထပေါက်ကြတာပါလား"

ဝင်းအောင် မတ်တတ်ရပ်ကာ ဝန်းကျင်ကို လှမ်းမျှော်ကာ ကြည့်နေမိသည်။

"ဟာ- ခပ်လှမ်းလှမ်းမှာ တောကြီးရဲနေပါလား။ ဒါ တောမီးလောင်လာတာပဲ"

"ဟေ့ကောင် သံချောင်း၊ မြန်မြန်ထဟေ့"

"ဟင်- ဘာဖြစ်လို့တုံးကွ"

"ဟိုအရှေ့ဘက်တောင်ကုန်းတွေမှာ တောမီးလောင်နေတယ်ကွ။ မင်းတွေ့ရဲ့လား၊ တောကြီးတစ်တောလုံး ရဲထိန်နေတာ"

"ဟာ- ဟုတ်ပါရဲ့၊ ငါတို့ဘာဆက်လုပ်ကြမှာလဲကွ"

"ဘာမှလုပ်လို့မရဘူးလေ။ ကြိုပြီး မီးလွတ်အောင် ပြေးကြရမှာပေါ့ကွ"

"ဒီပစ္စည်းတွေက ဘယ်နားသွားထားခဲ့မှာလဲကွ"

"မင်းက ပစ္စည်းတွေ မက်နေသေးတယ်၊ လူတွေပဲ မီးလောင်ပြီး မသေရင်ကံကောင်း။ မင်း ကြားဖူးတယ်မဟုတ်လား။ တောမီးက လေအရှိန်နဲ့ ပြေးပြေးလောင်လောင်နဲ့လောင်လာတာဆိုတော့ ငါတို့ဆီကို တစ်ခဏလေးနဲ့ လောင်လာမှာလေ။ နီးလာမှပြေးလို့ မလွတ်နိုင်ဘူးကွ။ အခုကတည်းက လွတ်အောင် ကြိုပြေးထားမှ တန်ကာကျမယ် သံချောင်းရ"

"ဟာကွာ၊ ညကြီးမှောင်မှောင်မှာ ဘယ်ဘက်ကို ပြေးကြမှာလဲကွ"

"ဟေ့ဟေ့ - ဝါးပေါက်သံတွေ တဖြည်းဖြည်း နီးလာပြီဟေ့။ လာ - သံချောင်း၊ လွတ်မယ်ထင်တဲ့ဘက်ကို ပြေးကြရမှာပဲ"

နှစ်ယောက်သား သေဘေးမှ လွတ်နိုင်အောင် သေပြေးရှင်ပြေးနှင့် ကြောက်ပြေးပြေးလာခဲ့ကြရာ တောနက်ထဲ အတော်ဝေးဝေးသို့ ရောက်ခဲ့ကြ၏။ ချောက်ဖုန်းမသိ၊ ကျင်းမှန်းမသိ၊ ဆူးမှန်း, ငြောင့်မှန်းလည်းမသိကြရ။ ပြေးမိပြေးရာသာ မီးဘေးမှလွတ်ရန် ပြေးလာခဲ့ကြခြင်း ဖြစ်သည်။

"ဟာ - ဝင်းအောင်ရေ၊ ငါတော့ မောလွန်းလို့ အမောဆို့ပြီး သေရတော့မယ်ထင်တယ်ကွာ"

"မင်းကလည်းကွာ၊ ယောကျ်ားမဟုတ်သလိုဘဲ။ မင်းပဲမောတာ မဟုတ်ဘူးကွ၊ ငါလည်းမောတာပဲ"

သူတို့ နောက်ရင်းသို့ နားစွင့်ကြည့်ကြပြန်သည်။ မီးအလင်းရောင်ကိုလည်း သစ်ပင်တစ်ပင်ပေါ် တက်၍ ကြည့်ခဲ့ကြသည်။

"ဟာ- ဝါးပေါက်သံတွေ၊ မီးအလင်းရောင်တွေ တော်တော်ဝေးဝေးမှာ ကျန်နေခဲ့ပြီကွ"

ထိုအချိန်တွင် အရှက်လည်း တက်လာပြီဖြစ်၍ အလင်းရောင် တဖြည်းဖြည်းပေါ် လာခဲ့သည်။

"ဟာ - အောက်ဘက်မှာ မြောင်တစ်မြောင်ပဲကွ။ ငါတို့ ရေဆင်းရှာသောက်ကြရအောင်ကွာ"

နှစ်ယောက်သား မြောင်ထဲ ဆင်းကာ ရေအိုင်မှရေကို အငမ်းမရ သောက်ခဲ့ကြသည်။ ရေသောက်ခဲ့ရ၍ အားအင် ပြန်ပြည့်လာခဲ့ကြ၏။ မီးလည်း အတော်ဝေးဝေးမှာ ကျန်နေခဲ့ပြီဖြစ်၍ စိတ်ချသွားခဲ့ကြသည်။

"နေစမ်းပါဦး ဝင်းအောင်ရဲ့၊ ငါတို့ အခုရောက်နေတဲ့ တောက ဘာတောလဲကွ"

"ဟာကွာ- နောက်က မီးလောင်လိုက်လာလို့ မီးလွတ်အောင်သာ ပြေးလာခဲ့ကြတာပဲ၊ ဘယ်တောရောက်လို့ ရောက်တယ်ဆိုတာ ဘယ်သိနိုင်တော့မှာလဲကွ"

"ဟင်- ဒါဖြင့် ငါတို့ရွာကို ဘယ်လိုပြန်ကြမှာလဲကွ။ လမ်းမသိဘာမသိနဲ့"

တကယ်တော့ သူတို့မီးလွတ်နိုင်အောင်သာ တစ်ညလုံး အားစိုက်ပြေးခဲ့ကြသဖြင့် သူတို့တစ်ခါမှ မရောက်ဘူးသော တောနက်ကြီးထဲရောက်ခဲ့ကြ၍ ရွာအပြန်ခက်နေကြလေသည်။ တော တောင်ထဲရောက်နေခဲ့ကြ၍ အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့ကိုလည်း မသိနိုင်ခဲ့ကြပေ။ မြင်မြင်ရာပတ်လည်မှာ ကသစ်ပင်တွေ၊ တောတောင်တွေကိုသာ မြင်တွေ့နေခဲ့ကြသည်။ မှန်းဆ၍ သွားကြည့်မိသော်လည်း လူသာမောခဲ့ကြသည်။

"ခက်ကြပြီကွာ၊ မျက်စိလည်ပြီး လမ်းပါပျောက်နေခဲ့ကြပြီ။ တောထဲမှာ တင် အစာငတ်ပြီး သေကြရမယ်ထင်တယ်"

"သံချောင်းကလည်းကွာ၊ အားငယ်တတ်ရန်ကော။ ငါတို့စဉ်းစားကြည့်ကြသေးတာပေါ့ကွာ။ အခုတော့ ရေသောက်ရင်း ခဏနားကြဦးမယ်ကွာ"

နှစ်ယောက်သား မြောင်ထဲဆင်းကာ ရေသောက်ပြီး ကျောက်တုံးတစ်တုံးပေါ် ပက်လက်လှန်ကာ အမောဖြေနေကြသည်။ လူသူကင်းသော တောနက်ကြီးထဲရောက်နေကြ၍ အကူအညီမဲ့နေကြလေသည်။

"ဟာ- ငါသိပြီဟေ့၊ သံချောင်း"

"လမ်းသိတာလားကွ"

"မဟုတ်ဘူးလေကွာ၊ ငါတို့ ရွာကျောင်းမှာနေစဉ်တုန်းက မြစ်တွေ၊ ချောင်းတွေဟာ အမြင့်က အနိမ့်ဘက်ကို စီးဆင်းကြတာလို့ သင်ယူခဲ့ကြရတယ်။ မင်းဟောဒီ မြောင်ထဲက ရေတွေ ဘယ်ဘက်ကို စီးဆင်းနေလဲ ကြည့်စမ်းသံချောင်း"

"ဟို အောက်ဘက်ကို စီးသွားနေတယ်လေကွာ"

"အေး- ငါတို့ မြောင်ရေစီးသွားတဲ့ အောက်ဘက်အတိုင်း ဆင်းလိုက်သွားကြရင် မြေပြန့်ကွင်းဘက်ကို ထွက်မှာပဲကွ။ မြေပြန့်ရောက်ရင်တော့ ငါတို့ ရွာကို ပြန်နိုင်ကြပြီပေါ့ကွာ"

"ဟာ- ဟုတ်တယ်နော်၊ ငါတို့ရွာတွေက တောင်ခြေအနိမ့်ပိုင်း မြေပြန့်မှာ ရှိနေတာဆိုတော့ ရောက်နိုင်မယ်ကွ"

သူတို့နှစ်ယောက် မြောင်ရေစီးအတိုင်း တောင်ကုန်း၊ ချိုင့်ဝှမ်း၊ မြောင်ကြီးမြောင်ကြားများမှ ရေစီးကိုကြည့်ပြီး ခက်ခက်ခဲခဲ ကျော်ဖြတ်လာခဲ့ကြရာ ကွင်းအထွက်သို့ ရောက်လာကြပြီး လယ်ကွင်းတွေ၊ ရွာတွေကို လှမ်းမြင်ခဲ့ကြတော့သည်။ ထိုအခါမှ လယ်ကွင်းထဲရှိ နွားကျောင်းသားတချို့ကို သူတို့ရွာ ဘယ်ဘက်တွင် ရှိသည်ကို မေးစမ်းပြီး သူတို့အိမ်ရှိရာ ရွာသို့ အခက်အခဲမရှိ ပြန်လာနိုင်ခဲ့ကြလေတော့သည်။

တင့်ထူး (ဇေယျဝတီ)

www.burmeseclassic.com

www.burmeseclassic.com

ဖုန်းဖို့ကြောင်

၃

သုံးထွေလောကဓါတ်
ဂန္ဓိရသောဒ္ဓချက်များ

တစ်ရံရောအခါက အလျှုခံတောင်းနှစ်လုံးကို ရှေ့တစ်လုံး၊ နောက်တစ်လုံး ခိုက်ဆွဲ ထမ်းပိုး လျှိုထမ်းလျက် ရွာစဉ်လျှောက် အလျှုခံနေသော ဘိုးသူတော်တစ်ပါးသည် တစ်နေ့သောအခါ တွင် ရွာတစ်ရွာမှ နောက်တစ်ရွာသို့အကူး ကွင်းပြင်ကျယ်ထဲဝယ် နေကလည်း ပူပြင်း၊ ပင်ပန်းနွမ်းနယ်မှုကလည်းရှိ ဆာလောင်မှုကလည်းရှိလာသဖြင့် လမ်းခုလတ်ရှိ ပြောင်းဖူးခင်းတစ်ခင်းကိုဝင်ပြီး ပြောင်းဖူးတစ်ဖူးကို ခူးချိုးလိုက်သည်။ အဆာပြေစားရန်အတွက် ထိုပြောင်းဖူးအခွံကို ချွတ်လေသော် အစေ့အဆန်နည်းပြီး အသိမ်အဖျင်း များနေသဖြင့် မစားလိုသောကြောင့် ၎င်းကို လွှင့်ပစ်လိုက်သည်။ နောက်တစ်ဖူးကို ခူးလိုက်ကာ စားရန်အတွက် အခွံချွတ်ပြန်လေသော် ရှေးနည်းအတိုင်း အစေ့အဆန်နည်း၊ အသိမ်အဖျင်းများနေသဖြင့် ထိုပြောင်းဖူးကို လွှင့်ပစ်လိုက်ကာ နောက်တစ်ဖူးကို ခူးချိုးပြန်သည်။ အရင်တိုင်းဖြစ်နေသောကြောင့် ထိုပြောင်းဖူးကိုလွှင့်ပစ်ကာ နောက်တစ်ဖူးကို ချိုးပြန်သည်။

ဤသို့ ခူးချိုးလိုက်၊ လွှင့်ပစ်လိုက် အကြိမ်ကြိမ်ဖြစ်လေသော် ဘိုးသူတော်သည် စိတ်မချည်နိုင်စွာဖြင့် မြေစောင့်နတ်ကိုကဲ့ရဲ့ပြီး -

"မြေဆီမြေလွှာတွေ ဒီကလောက်တောင် ဘာဖြစ်လို့ ခန်းခြောက်ရသလဲ"

ဟု ပြစ်တင်လေသည်။

ထိုအခါ မြေနတ်သားသည် ဘွားခနဲ ပေါ်ပေါက်လာပြီး-

"ငါ့အပြစ်မဟုတ်၊ မိုးရွာတာ မမှန်ကန်တာကြောင့် မိုးနတ်သားအပြစ်"

ဟု ဆိုပြီး ပျောက်ကွယ်လေသည်။

ထိုအခါ ဘိုးသူတော်က မိုးနတ်သားကို ရှုတ်ချလေသော် မိုးနတ်သား ရုတ်ခြည်းပေါ်လာလျက်-

"ငါ့အပြစ်မဟုတ်၊ လေတိုက်တာ မမှန်ကန်တော့ ငါဘယ်လိုမိုးမှန်မှန်ရွာနိုင်မလဲ။ လေနတ်သားအပြစ်"

ဟု ဆိုပြီး ပျောက်လေသည်။

ထိုအခါ ဘိုးသူတော်သည် လေနတ်သားကို ပြစ်တင်ပြန်လေသော် လေနတ်သား ဖြုန်းခနဲပေါ်လာပြီး-

"ဂြိုဟ်နက္ခတ်တာရာတွေ မှန်မှန်ကန်ကန် မသွားလာဘူးဆိုရင် ငါ လေမှန်မှန်တိုက်ခတ်လို့မရဘူး"

ဆိုပြီး ပျောက်ကွယ်သွားလေသည်။

ထိုအခါ ဂြိုဟ်နက္ခတ်တာရာနတ်တို့ကို ကျိန်တွယ်ပြန်လေသော် ယင်း ဂြိုဟ်နက္ခတ်တာရာနတ်တွေက ဘိုးသူတော်ကို-

"ငါတို့အပြစ်မဟုတ်၊ နေနတ်သားက နေကို ပုံမှန်မသွားမလာလျှင် ငါတို့ ဘယ်လိုမှ မှန်မှန်ကန်ကန် မသွားလာနိုင်ဘူး"

လို့ ဆိုပြီး ပျောက်ကွယ်သွားလေသည်။

ထိုအခါ ဘိုးသူတော်က နေနတ်သားကို ပြင်းပြင်းထန်ထန် ပြစ်တင်ကြိမ်းမောင်းလေလျှင် နေနတ်သား ရုတ်တရက်ပေါ်ပေါက်လာပြီး-

"အသင်ဘိုးသူတော်၊ မနုဿလူသားတို့ ကိုယ်ကျင့်သီလဖောက်ပြားနေလျှင် သူရိယနေသည်လည်း ဘယ်နည်းနှင့်မျှ မှန်ကန်တည့်မတ်စွာ သွားလာရင်း မရနိုင်။ တခြား ဝေးဝေးလံလံကို ကြည့်မနေပါနှင့်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ

www.burmeseclassic.com

www.burmeseclassic.com

စသော သူတော်ကောင်းတရားတွေနှင့် ပြည့်စုံရမယ် သင့်လို သူတော်စင်ဘိုးသူတော်ကတောင် သူတစ်ပါးပိုင် ပြောင်းဖူးခင်းက ပြောင်းဖူးတွေကို အလှူမခံ၊ မတောင်းခံဘဲ ခိုးချိုးနေတာကိုပဲ ကြည့်ပါ”

ဟု အစချီပြီး ပြစ်တင်မောင်းမဲတရားပြလေသည် ဖြစ်၏။

ယခု ဖော်ညွှန်း တင်ပြပါသော မြန်မာ့ရိုးရာပုံပြင်ကို အသေအချာ ဆန်းစစ် စောကြောကြည့်မည်ဆိုပါလျှင် ထူးထွေဆန်းပြားသော ပြယုဂ်အချို့ကို ပြက်ပြက်ထင်ထင် တွေ့မြင်ရမည်မှာ ဧကန် ဖြစ်သည်။ ဥဒါဟရဏ်ဆိုရသော် လူသားနှင့် ရာသီဥတု၊ လူသားနှင့် သစ်ပင်အပင်များ၊ လူသားနှင့်ဒေဝလောကသားတို့၏ ဆက်နွယ်မှု၊ ယှက်နွယ်မှုမျိုးကိုပင် ဖြစ် ၏။

ဤနေရာ၌ မေးစရာ၊ တွေးစရာ ဖြစ်လာသည်က လူသားနှင့် ရာသီဥတု၊ လူသားနှင့် အပင်၊ လူသားနှင့် ဒေဝလောကသားတို့ ဆက်နွယ်မှု၊ ယှက်နွယ်မှုရှိပါသည်ဟုဆိုလျှင် ညောင်ဦး ကမ်းပါးပြိုတာနှင့် စပ်ဟနဂိုရ်က နွားမ ပေါင်ကျိုးတာ ဘာဆိုင်လို့လဲ။ အရှေ့ဘက် ပေကျင်းမြို့လယ်ပန်းဥယျာဉ်မှာ လိပ်ပြာတောင်ပံခတ်တာနှင့် အနောက်ဘက် ဆန်ဖရန်စစ္စကိုမြို့လယ်က ပန်းဥယျာဉ်မှာ လေနှင်ကြမ်းတိုက်တာ ဘာဆိုင်လို့လဲ ဆိုသော ဦးနှောက်ခြောက်စရာ အဖြေညှို့ရန်မလွယ်သည့် ပဟေဠိမျိုးပဲလား။ ဤကိစ္စကို အဖြေမထုတ်မီ ဤသည် အတွက် နိဒါန်းအခင်းအကျင်းတစ်ခုကို ဖြန့်လှစ် ကြည့်ရှုရန် လိုမည်ထင်သည်။

တကယ်တော့ လူသားတို့သည် သတ္တလောက၊ ဩကာသလောက၊ သခ်ါရလောက ဟူသော သုံးထွေလောက၏လောကသားတစ်မျိုးပင် ဖြစ်သည်။ တစ်နည်းဆိုရလျှင် သက်ရှိအစုအဝေးတို့ တည်မှီရာဖြစ်သော သတ္တလောက၊ သက်ရှိအစုအဝေး၊ သက်မဲ့အစုအဝေးတို့ အမှီသဟဲပြုရာဖြစ်သော ဩကာသလောက၊ ဤသက်ရှိအစုအဝေး၊ သက်မဲ့အစုအဝေးတို့ ဖြစ်-တည်-ပျက် အစဉ်သဘောဓမ္မတာအတိုင်း ကျင်လည် ဖန်ဆောင်နေရသော သခ်ါရလောက။ ဤလောက သုံးပါးတို့သည်ပင် ကမ္ဘာဖြစ်သည်။ ထို့ကြောင့် လူသားတို့သည် ကမ္ဘာသားတစ်မျိုးပင် ဖြစ်သည်။

နောက်အရေးကြီးသော အချက်တစ်ခုက သတ္တလောက၊ ဩကာသလောက၊ သခ်ါရလောကသည် လည်းကောင်း၊ လူ၊ နတ်၊ ငြဟ္မာ စသော သက်ရှိအစုအဝေး ဇီဝမျိုးစုံ မျိုးကွဲတို့သည် လည်းကောင်း၊ သစ်ပင်အပင်ချုံနွယ်၊ ကျောက်တုံးကျောက်ဆောင် အပါအဝင် တော၊ တောင်၊ ရေ၊ လေ၊ မြေ သဘာဝပတ်ဝန်းကျင်တို့သည် လည်းကောင်း၊ နေ၊ လ၊ ဂြိုဟ် နက္ခတ် တာရာ၊ မြေကမ္ဘာစသော စကြဝဠာတစ်ခွင်တစ်ပြင်သည် လည်းကောင်း ယခုဆိုခဲ့သမျှ အားလုံးကြီးတို့သည် တေဇောဓာတ် (မီးဓာတ်)၊ ပထဝီဓာတ် (မြေဓာတ်)၊ ဝါယောဓာတ် (လေဓာတ်)၊ အာပေါဓာတ် (ရေဓာတ်) ဆိုသည့် ဓာတ်ကြီးလေးပါး မဟာဘုတ်တရားဖြင့် တည်ဖွဲ့ထားကြသည်မှာ တတ္ထတည်ပညတ်ဖြစ်သည်။ ဂန္ဓာရီပညာရှင်တချို့၏ အလိုအရ လူခန္ဓာကိုယ် တည်ဖွဲ့ပုံနှင့် စကြဝဠာကြီးတည်ဖွဲ့ပုံတို့မှာ ပုံတူချွတ်စွပ်ပဲဟု ယူမှတ်ကြသည်။ ဆိုချင်သည်က ယခု ဖော်ညွှန်းသော အရာခပ်သိမ်းတို့သည် တေဇောဓာတ်၊ ပထဝီဓာတ်၊ ဝါယောဓာတ်၊ အာပေါဓာတ်ဆိုသည့် မဟာဘုတ်တရားဖြင့်တည်ဖွဲ့ထားခြင်း အတူတူပဲဟု ဆိုလိုခြင်းပင် ဖြစ်သည်။

ထို့ပြင်တစ်ဝ ဤမဟာဘုတ်တရားဖြစ်သော ပထဝီဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာပေါဓာတ်တို့တွင် တေဇောဓာတ်သည် ပဓာနကျသော အရင်းအမြစ် ဖြစ်သည်။ တေဇောဓာတ်သည် ဥတုပင် ဖြစ်သည်။ တေဇောဓာတ်၌ ဦးနှောက်တေဇောဓာတ် (အပူဓာတ်)၊ သီတတေဇောဓာတ် (အအေးဓာတ်) တို့ ပါဝင် ဖွဲ့စည်းထားသည်။ ဤတေဇောဓာတ်သည်ပင် ရာသီဥတုကို ပေါက်ပွားစေသည်။ နွေ၊ မိုး၊ ဆောင်းဟူသော ရာသီဥတုများကို ဖြစ်ပွားစေကာ နှင်းကျခြင်း၊ မိုးရွာချခြင်း၊ ပူအိုက်ခြင်း ဟူသော သဘောသဘာဝကို ဖြစ်ထွန်းစေသည်သာ ဖြစ်၏။ နောက်ပြီး မြန်မာဓာအဘိဓာန်ထဲဝယ် ရာသီဥတုကို လေမိုးအပူအအေး ဓာတ်သဘောဝနှင့် ယင်းတို့နှင့်ဆက်နွယ်နေသော သဘာဝ အခြေအနေဟု ဖွင့်ဆိုပြထားသည်ကို တွေ့ရှိရပေသည်။

လိုရင်းဆိုရလျှင် ဤရာသီဥတုနှင့် လူသားတို့သည် လည်းကောင်း၊ နတ် ဒေဝတာတို့သည် လည်းကောင်း၊ သက်ရှိသတ္တဝါ သက်ရှိအစုအဝေးတို့သည် လည်းကောင်း၊ သစ်ပင်နှင့်တကွ ရေ၊ လေ၊ မြေ၊ တော၊ တောင် သဘာဝပတ်ဝန်းကျင် ဟူသော သက်မဲ့အစုအဝေးတို့သည် လည်းကောင်း၊ နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်၊ တာရာတို့သည် လည်းကောင်း တေဇော၊ ပထဝီ၊ အာပေါ၊ ဝါယောဓာတ်ကြီးလေးပါး မဟာဘုတ်တရားဖြင့် တည်ဖွဲ့တာချင်း အတူတူဖြစ်သော ကြောင့် အချင်းချင်း မိသက၊ အညမည၊ သဟဇာတ ကျနစွာဖြင့် အပြန်အလှန် ယှက်နွယ်မှု၊ ဆက်သွယ်မှုရှိကြသည်ဟူခြင်းပင် ဖြစ်၏။

ပြီးနောက် ဤသည်တို့နှင့် ဆက်နွယ်လျက် ထည့်သွင်းစစ်ကြောစရာတစ်ခု ရှိနေပေသေးသည်။ ထင်လင်းအောင် ဆိုရလျှင် စကြဝဠာအတွင်း မိုးကောင်းကင်ပြင်မှာ သွားလာ လှုပ်ရှားနေသော နေ၊ လ၊ ဂြိုဟ်နက္ခတ်တို့က မြေကမ္ဘာတို့သည် အချင်းချင်းဆွဲငင်ရင်း၊ တွန်းကန်ရင်းဖြင့် ရောင်ခြည်လှိုင်း၊ ဓာတ်လိုင်းများကို ကိုယ်စီကိုယ်ငင ဖြန့်ကြက်ရိုက်ခတ် သက်ရောက်စေလျက် ရှိကြပေသည်။ အရေးကြီးသော တစ်ချက်က ယခုဆိုနေသော ရောင်ခြည်လှိုင်း၊ ဓာတ်လိုင်းတို့သည် ဤကမ္ဘာမြေပြင်ပေါ် သို့ ထောင့်စုံထောင့်စေ့ ဖြာကျရိုက်ခတ်နေပြီးလျှင် ဤကမ္ဘာမြေပေါ်တွင် မှီတင်းနေထိုင်ကြကုန်သော လူ၊ နတ်၊ ငြဟ္မာသတ္တဝါများနှင့် တခြား သက်ရှိအစုအဝေး ဇီဝမျိုးစုံ မျိုးကွဲများဆီသို့ အပင်၊ ကျောက်တုံးကျောက်ဆောင် အပါအဝင် ရေ၊ လေ၊ မြေ၊ တော၊ တောင် သဘာဝပတ်ဝန်းကျင်ဆီသို့ တုံ့လှုပ်သက်ရောက်မှုများ ရှိနေသည် ဟူခြင်းပင် ဖြစ်၏။ အပြန်အလှန်အားဖြင့် ဤကမ္ဘာမှလည်း အဆိုပါ နေ၊ လေ၊ ဂြိုဟ်၊ နက္ခတ်၊ တာရာများဆီသို့ သို့ကလို ရောင်ခြည်လှိုင်းများ၊ ဓာတ်လှိုင်းများ ရိုက်ခတ်သက်ရောက်နိုင်သည် ဆိုခြင်းပင် ဖြစ်၏။

ဤနေရာ၌ မပြောမဖြစ် ပြောဆိုရန် လိုလာသည်က လူသားတို့၏ စိတ်ကူးဓာတ်လှိုင်း၊ မနောဓာတ်လှိုင်းတို့သည် ထိုထိုသော နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်၊ တာရာများသို့ ရောက်ရှိ ထိတွေ့နိုင်သည် ဟူသော ညွှန်းချက်ပင် ဖြစ်၏။ နောက်ပြီး လူသားတို့၏ စိတ်ကူးဓာတ်လှိုင်း၊ မနောဓာတ်လှိုင်းသည် ကမ္ဘာပေါ်ရှိသည့် တခြားသော သက်ရှိအစုအဝေးများ၊ သက်မဲ့အစုအဝေးများနှင့် ရာသီဥတုအပေါ် တွင်လည်း တုံ့လှုပ်ရိုက်ခတ်နိုင်သည်ကလည်း ရှိနေပေသေးသည်။

ဤနေရာမှာ အတွေးနယ်ချဲ့စေ တစ်ခုက လူသားတို့အဖို့ တူညီသော

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးတစ်ခုခု၊ တူညီသော အတွေးအမြင်တစ်ခုခုကို တစ်ဦးတစ်ယောက်တည်း မဟုတ်ဘဲ တစ်စုတစ်ဖွဲ့၊ တစ်ရွာတစ်နယ်၊ တစ်ရွာတစ်မြို့၊ တစ်တိုင်းတစ်ပြည်၊ တစ်ကမ္ဘာလုံးက တစ်ပုံစံတည်း အဖန်တလဲလဲ နှစ်ပရိစ္ဆေဒတာရှည်စွာ ပြုမူနေမည်ဆိုပါလျှင် ပတ်ဝန်းကျင်က သက်ရှိအစုအဝေး၊ သက်မဲ့အစုအဝေးဆီကို နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်၊ တာရာတွေဆီ ရိုက်ခတ် သက်ရောက်မှု ပိုမိုပြင်းထန်သည်ဟူခြင်းပင် ဖြစ်သည်။ ၎င်းတို့အထဲတွင် နာမ်ဓာတ်အထက်သန်ဆုံး၊ 'နာမ်ဓာတ်အထင်ရှားဆုံးသော နတ်ဒေဝတာတို့က သာလွန်စွာ ထိတွေ့သက်ရောက်မှု အခံစားရဆုံး ဖြစ်သည်။

ပြောစရာဖြစ်လာသည်က လူသားတို့ တွေးကြံလိုက်သော စိတ်ကူးဓာတ်လိုင်း၊ မနောဓာတ်လိုင်းတို့သည် သုစရိုက်လွှမ်းမိုးနေခဲ့လျှင် နတ်ဒေဝတာတို့ ကြည်သာ ဝမ်းမြောက်ကြရပြီး အကယ်၍ ဒုစရိုက်ကြီးစိုးမှုဖြစ်နေခဲ့လျှင် နတ်ဒေဝတာတို့ မကြည်မသာ စိတ်မချမ်းမြေ့ဖြစ်ကြရသည် ဟူ၏။ ထိုအခါ နတ်ဒေဝတာတို့သည် သူတို့၏ ခံစားမှုများကိုလိုက်၍ ကောင်းသော တံ့ပြန်မှု၊ မကောင်းသောတုံ့ပြန်မှုများကို ပြုမူတတ်သည် ဆို၏။

မှတ်သားစရာတစ်ခုက မဟာသမယသုတ်၊ ဥပ္ပါတသန္တိပရိတ်တော်တို့၌ စန္ဒသာမနိသာဒေဝါ (လကိုအမှီသဟဲပြုသောနတ်)၊ သူရိယဿုပနိသာဒေဝါ (နေကိုအမှီသဟဲပြုသောနတ်)၊ နက္ခတ်တာရာကို စွဲမှီသော (နိဿိက)၊ မှီရာဖြစ်သော (နိဿယ) နတ်အပေါင်းတို့အား ဟု ဖော်ကျူးထားသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် နတ်ပြည်ခြောက်ထပ်ဝင် စတုမဟာရာဇိနတ်အန္တယ် ဘုမ္မစိုး၊ ရုက္ခစိုး စသည်တို့သည် လူ့ပတ်ဝန်းကျင် တစ်နံတစ်လျားရှိ သစ်ပင်ချုံနွယ်၊ ကျောက်တုံးကျောက်ဆောင်၊ လွင်ပြင်တောင်ကုန်း၊ တောင်ပို့တောင်တန်း၊ တောအုပ်တောနက်၊ မြစ်ချောင်းအင်းအိုင်၊ ပင်လယ်သမုဒ္ဒရာများတွင် အမှီသဟဲပြု နေထိုင်ကြပုံ၊ လူနေ, လူမနေ အဆောက်အအုံများတွင်လည်း စွဲမှီ၍နေထိုင်ကြပုံတို့ကို ဒေဝတာသံယုဂ်၊ ဒေဝပုတ္တသံယုဂ်၊ ဗြဟ္မသံယုဂ်၊ ယက္ခသံယုဂ် စသည်တို့တွင် ဖော်ပြပါရှိခြင်းတို့ကလည်း အထင်အရှား ရှိနေပေသည်။

ဤနေရာမှာ ဆိုခဲ့သမျှကို အနှစ်ချုပ်၍ လိုရင်းကိုပြန်ကောက်ပြောရလျှင် လူသားနှင့် ရာသီဥတုတို့ ဆက်နွယ်မှု၊ လူသားနှင့် သစ်ပင်အပင်တို့ဆက်နွယ်မှု၊ လူသားနှင့် ဒေဝလောကသားတို့ ဆက်နွယ်မှုတို့သည် အမှန်တကယ်ရှိနေသည်ပဲဟု အတည်ပြုပေးရတော့မည်လား။ ဓမ္မာစရိယဦးဌေးလှိုင်က သူ၏ 'သရဏဂုံသုံးပါးဂုဏ်ကျေးဇူး' စာအုပ်ထဲတွင် လူသားတို့၏ ကိုယ်ကျင့်သိလသည် ဥတုနိယာမနှင့် ဗီဇနိယာမကို စီရင်ခြယ်လှယ်နိုင်သည်ဟူသော မိန့်ဆိုချက်ကလည်း တုရင်တိုင်ပမာ ရှိနေပါသေးသည်။ ဤတွင် ကိုးကားနိုင်လောက်သော သက်သေ သာဓကတချို့ ရှာဖွေကြည့်က ပို ကောင်းမည် ထင်သည်။

တိကနိပါတ်တော်လာ ကုရုန္ဒနဇာတ်တော်မှာ ကလိင်္ဂတိုင်း ဒန္တပူရပြည်ဝယ် ကာလတာရှည်စွာ မိုးခေါင်ပြီး အစာရေစာရှားပါးရခြင်း၏ အကြောင်းရင်းကို ကလိင်္ဂမင်းကြီး စူးစမ်းတော်မူရာ မှူးမတ်တို့က ထီးပြိုင်နန်းပြိုင် ဓနဥယတိုင်း ဣန္ဒပတ္ထနဂိုရ်ပြည်သည် မိုးလေမှန်၊ ရာသီဥတုမှန်လျက် အစာရေစာပေါများနေသောကြောင့် ထိုတိုင်းပြည်၏ ပြည့်ရှင် ကောရဗျမင်းကြီးထံ အကူအညီတောင်းသင့်ကြောင်း အကြံပေးလျှောက်တင်ကြလေသည်။

ထိုအခါ ကလိင်္ဂမင်းကြီးက ကောရဗျမင်းကြီးထံ သံတမန်စေပြီး စူးစမ်းမေးမြန်း၍ အကူအညီ တောင်းခံလေသော် ကောရဗျမင်းကြီးက သူနှင့် သူတိုင်းပြည်သားများ ကျင့်ကြံအားထုတ်သော ဂုရုဓမ္မသီလကို ရွှေပေလွှာမှာ ရေးလျက် ပေးနှင်းလိုက်လေသည်။ ကလိင်္ဂမင်းကြီးနှင့် သူ၏ တိုင်းသူပြည်သားတို့ ထိုဂုရုဓမ္မသီလအား အပြည့်အဝ ကျင့်ကြံအားထုတ်လေလျှင် ထိုကလိင်္ဂတိုင်းတွင် သိပ်မကြာမှာပင် မိုးလေမှန်၊ ရာသီဥတုမှန်ကာ အစာရေစာပေါများလေသည် ဟူ၏။

တစ်ဖန် စတုက္ကနိပါတ်တော်လာ ရာဇောဝါဒဇာတ်တော်တွင် ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးသည် တစ်နေ့သ၌ ရုပ်ဖျက်လျက် တိုင်းပြည်အနှံ့ကို စနည်းနာထွက်စဉ် တောအုပ်တစ်ခုအတွင်း ဘုရားလောင်း ရသေ့ သီတင်းသုံးရာ တောကျောင်းသခင်မ်းသို့ တစ်ည တာတည်းခိုရန် ရောက်ရှိလာခဲ့သည်။ ရသေ့ကြီးသည် မိမိထံ ရောက်ရှိလာသောသူကို ပြည့်ရှင်မင်းမှန်း မသိဘဲ ကျောင်းသခင်မ်းအနီး ပညောင်ပင်ကြီးမှ ပညောင်သီးမည်ဖြင့် လောကဝတ်အရ ဧည့်ခံကျွေးမွေးလေ၏။ ထိုပညောင်သီးမှည့်သည် အလွန်တရာ ချိုမြိန်လှသဖြင့် ပြည့်ရှင်မင်းကြီး စူးစမ်း မေးမြန်းလေသော် ရသေ့ကြီးက ပြည့်ရှင်မင်းကြီးက တရားစောင့်ပြီး ပြည်သူတို့ကလည်း တရားစောင့်သဖြင့် ပညောင်သီးမှည့်သည် ထိုမျှလောက် ချိုမြိန်ရသည်ဟု မိန့်မြွက်လေသည် ဆို၏။

ထိုအခါ ပြည့်ရှင်မင်းကြီးသည် ဤကိစ္စကို စမ်းသပ် စစ်ဆေးလိုသဖြင့် မင်းကျင့်တရားကို ဖောက်ဖျက်လျက် နှိုင်ထက်စီးနင်း တိုင်းပြည်ကို အုပ်ချုပ်လေသော် တိုင်းသူပြည်သားတို့သည်လည်း တရားမစောင့် ထင်တိုင်းကြလေသည်။ နှစ်အတန်ကြာလျှင် ပြည့်ရှင်မင်းကြီးသည် ဘုရားလောင်း ရသေ့ကြီးထံ ရုပ်ဖျက်ပြီး သွားလေသော် ဘုရားလောင်း ရသေ့သည် ယခင်အတိုင်းပင် မင်းကြီးအား ကျောင်းသခ်မ်းအနီး ပညောင်ပင်ကြီးမှ ညောင်သီးမှည့်ဖြင့် ဧည့်ခံပြန်လေသည်။ ယခုအကြိမ်၌ ညောင်သီးသည် ချိုမြိန်မနေဘဲ အလွန်ခါးနေသည်ကို တွေ့ရလေသည်။

ထိုအခါ မင်းကြီးက ရသေ့ကြီးကို ဤပညောင်ပင်မှ ညောင်သီးသည် ဟိုတစ်ကြိမ်က အလွန် ချိုမြိန်ပါလျက်နှင့် ယခုအခါ၌ အဘယ်ကြောင့် အလွန် ခါးနေရပါသနည်းဟု မေးမြန်းလေသော် ရသေ့ကြီးက ဤပညောင်ပင်ကြီးက ညောင်သီးသည် မင်းနှင့် ပြည်သူတို့ အလွန် တရားစောင့်ခဲ့ကြသောကြောင့် အလွန် ချိုမြိန်ခဲ့ပါသော်လည်း ယခုတွင် မင်းနှင့် ပြည်သူတို့သည် တရားကို ဖောက်ဖျက်လေကြကုန်သောကြောင့် ပညောင်ပင်ကြီး တစ်ပင်တည်းပင် ဖြစ်သော်ငြားလည်း သီးလာသော ညောင်သီးသည် ခါးသည်းခဲ့ရပေသည်ဟု မိန့်မြွက်လေသည် ဆို၏။

တစ်ခါ အာဒိကပ္ပ ကမ္ဘာဦးကျမ်းတွင်လည်း ကမ္ဘာဦးလူသားတို့ ကိုယ်ကျင့်သိလ အလွန်တရာ စောင့်ထိန်းကြသည့်အခါဝယ် ရာသီဥတု အလွန်အမင်း ကောင်းမွန်ကြပြီး သစ်သီးဝလံ ကောက်ပဲသီးနှံ အစပြုသော အာဟာရတို့သည်လည်း အလွန်အကြူး အဆီအနှစ်ပြည့်ဝ အရသာရှိလွန်းလှသည် ဟူ၏။ လူသားတို့ ကိုယ်ကျင့်သိလ တစ်စတစ်စ ဆုတ်ယုတ်လာသည့်အခါတွင် ရာသီဥတုသည်လည်း တဖြည်းဖြည်း ပျက်ယွင်းဆိုးသွမ်းလာပြီး သစ်သီးဝလံ ကောက်ပဲသီးနှံအစပြုသော အာဟာရတို့သည်လည်း

www.burmeseclassic.com

www.burmeseclassic.com

လုံးပါးပါး ပျက်ပြားဆိုးရွားလာခဲ့သည်ဟု ပြဆိုထားသည်ကို တွေ့ရှိရပေသည်။

သို့ကလိုပင် အင်္ဂတ္တိရ် စတုက္က နိပါတ်တော်၊ အဓမ္မိကသုတ် ပါဠိတော်လာ၌ လူသားများ တရားမစောင့်ကြလျှင် နေ၊ လ၊ ဤဟ်၊ နက္ခတ်၊ တာရာများ အသွားအလာ မမှန်ကန်နိုင်။ ဤဟ်၊ နက္ခတ်၊ တာရာ အသွားအလာမမှန်ကန်လျှင် နေ့တာ၊ ညတာ အပိုင်းအခြား မမှန်ကန်နိုင်။ နေ့တာ၊ ညတာ အပိုင်းအခြား မမှန်ကန်လျှင် လဝက် (ပက္ခ)၊ လ (မာသ)တို့ မမှန်ကန်နိုင်။ လဝက် (ပက္ခ)၊ လ (မာသ) တို့ မမှန်ကန်လျှင် ရတုဥတု ရာသီနှစ်များ မမှန်ကန်နိုင်။ ရတုဥတု ရာသီနှစ်များ မမှန်ကန်လျှင် လေတိုက်လမ်းကြောင်း မမှန်ကန်နိုင်။ ထိုသို့ လေတိုက်လမ်းကြောင်း မမှန်မကန် တိုက်ချင်း သလိုတိုက်နေမည်ဆိုလျှင် အဆောက်အအုံများ၊ ဗိမာန်များ လွင့်ပါးပျက်ပြားနိုင်သဖြင့် လူ၊ နတ် သတ္တဝါတို့ စိတ်ဆင်းရဲကိုယ်ဆင်းရဲရမည်။ အထူးသဖြင့် နာမ်ဓာတ်ထက်မြက်သော နတ်ဒေဝတာတို့ စိတ်ဆင်းရဲ၊ စိတ်မကောင်း ပိုဖြစ်ရမည်။ ထိုအခါ ကောက်ပဲသီးနှံ သစ်သီးဝလံတို့ အဆီအနှစ်ပြည့်ပြည့် အရသာရှိရှိဖြင့် အာဟာရပြည့်ဝရန် မဖြစ်နိုင်ကြကုန်ဟု ဖော်ကျူးထားသည်ကို အတွေးနယ်ချဲ့ဖွယ်ရာ တွေ့ရှိရပေသည်။

သို့ဆိုလျှင် လူသားတို့နှင့် ရာသီဥတု၊ သစ်ပင်အပင်၊ နတ်ဒေဝတာတို့ ဆက်နွှယ်မှု၊ ယှက်နွှယ်မှု ရှိနေသည်ဟု ယတိပြတ်ဆို၍ရနေပြီလား။ ပိုမိုထင်ရှားအောင် ဥဒါဟရုဏ်အချို့ ရှာဖွေ စိစစ်ကြည့်ကြပါဦးမည်။

ယနေ့ ကမ္ဘာကြီးတစ်ခွင်တစ်ပြင်တွင် ရာသီဥတုဖောက်ပြန်လာမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းလာမှု၊ လေဟာစနစ်များ ပျက်ပြားလာမှု၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ထွန်းလာမှုမှသည် ငတ်မွတ်ကပ်ဘေး၊ ရောဂါဘယကပ်ဘေး၊ စစ်မက်ကပ်ဘေး အပါအဝင် တခြား ကပ်ဆိုးများ ဇယ်ဆက်သလို တွယ်ခိုက် လှုပ်ရှား သက်ဝင်နေသည်ကို တွေ့ရှိရသည်။ ပေါက်ပင် ဘာကြောင့် ကိုင်းရတယ် ဆိုသော ကလေးကဗျာထဲကလိုပင် ဖြစ်ရသည့်အကြောင်းရင်းကို မီးခိုးကြွက်လျှောက် ကွင်းဆက် လိုက်လံကြည့်လျှင် နောက်ဆုံး၌ ငါဝမ်းပူဆာမနေသာ၍ ဆိုသော နောက်ဆုံးအဖြေလိုပင် လူသားတို့ သတ္တုတွင်းများ မဆင်မခြင် တူးဖော်မှု၊ အလုပ်ရုံစက်ရုံများ မထိန်းမချုပ် ထူထောင်လည်ပတ်မှု၊ သစ်တောများကို ထင်ရာစိုင်းခုတ်ထွင်မှု စသည် စသည်တို့မှ မြစ်ဖျားခံလျက် အက်စစ်မိုး ရွာသွန်းမှု၊ ဖန်လုံအိမ်အာနိသင်ပြဿနာ၊ စွန့်ပစ်ပစ္စည်းများ ပြဿနာ၊ အိုဇုန်းလွှာပေါက်ပြဿနာ၊ လောင်စာဆီ လောင်စာငွေ့များ ယိုစိမ့်မှုပြဿနာ အစခပ်သိမ်းတို့ ပေါက်ပွားလာကာ ယင်းတို့မှသည် ရေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု၊ မြေထုညစ်ညမ်းမှုများ၊ လေထုပူနွေးလာမှု၊ ရေထုပူနွေးလာမှု၊ မြေထုပူနွေးလာမှုများ စသည်တို့ကို ဖြစ်ပွားစေလျက် ရာသီဥတု ပူနွေးလာမှု၊ ရေခဲကန္တာရများ၊ ရေခဲပြင်များ အရေပျော်လာမှု၊ ပင်လယ်သမုဒ္ဒရာရေမျက်နှာပြင်များ မြင့်တက်ဧရိယာချဲ့လာမှု၊ သဲကန္တာရနယ်ပယ်ကျယ်လာမှုတို့မှ အစပြု၍ မြေပြိုမှု၊ မြေကျွံမှု၊ ရေကြီးမှု၊ ရေလျှံမှု၊ မိုးကြီးမှု၊ မိုးခေါင်မှု၊ လေဆင်နှာမောင်းတိုက်မှု၊ လေမုန်တိုင်းတိုက်မှု၊ ဆူနာမီလှိုင်းရိုက်ခတ်မှု၊ ငလျင်လှုပ်မှု၊ မီးတောင်ပေါက်ကွဲမှု၊ အပူလိုင်းကျရောက်မှု၊ အအေးလိုင်းကျရောက်မှု စသည် စသည်တို့ကို မွေးဖွားသန့်စင်စေခဲ့သည်မှာ ဧကန်ပင်။

ထို့သို့ ဖြစ်ထွန်းရခြင်း၏ ဇာစ်မြစ်များမှ တစ်ခုကို နမူနာအဖြစ် ဝေဖန်စောကြောကြည့်ကြပါမည်။ ၎င်းမှာ သစ်တောကို ထင်ရာစိုင်းခုတ်ထွင်မှုကို ဖြစ်သည်။ လူတို့သည် ကုန်ချောပစ္စည်းထုတ်လုပ်ရန်၊ စက္ကူထုတ်ရန်၊ ထင်း၊ မီးသွေးပြုလုပ်ရန်၊ အဆောက်အအုံပြုလုပ်ရန်၊ ပရိဘောဂပြုလုပ်ရန်၊ စားကျက်မြေပြုလုပ်ရန်၊ တခြား စီးပွားရေးလုပ်ငန်းပြောင်းလဲပြုလုပ်ရန် စသည်တို့ကို ပြုလုပ်ရန်အတွက် သစ်တောခုတ်ထွင်မှု၊ သစ်တောမီးရှို့မှုများကို စိတ်အားထက်သန်စွာ ပြုလုပ်ခဲ့ကြသည်။

တကယ်တော့ သစ်တောဟူသည် သစ်ပင်အပင်၊ ချုံနွယ်၊ နွယ်ပင်၊ နွယ်ယောင်ပင်ယောင်ပင် စသည်တို့ဖြင့် ဖွဲ့စည်းထားသည့် နေရာဒေသပဲ မဟုတ်ပါလော။ သတိထားစရာတစ်ခုက သစ်ပင်တို့တွင် အစောင့်အရှောက်နတ်တို့ ရှိကြသည်ဟူခြင်းပင် ဖြစ်၏။ ၎င်းကို ရုက္ခစိုးဟုလည်း ခေါ်ဝေါ်သည်။ ငါးရှဉ့်ငါးဆယ်နိပါတ်တော်လာ ကုသနာဠိဇာတ်တော်ထဲတွင် သမန်းမြက်ချုံတွင်ပင် အစောင့်နတ်ရှိသည်ဟု ဖော်ပြထားသည်။ ယင်းဇာတ်တော်ထဲတွင် ဘုရားလောင်းသည် တန်ခိုးညံ့သော်လည်း ဉာဏ်ထက်မက်သော သမန်းမြက်ချုံစောင့်နတ်ဖြစ်လျက် ရှင်အာနန္ဒာလောင်းလျှာကမူ တန်ခိုးကြီးသော်လည်း ဉာဏ်နည်းသော ရုစာမင်္ဂလာသစ်ပင်စောင့်နတ် ဖြစ်ခဲ့သည်ဟု ဆို၏။ ပရိတ်ကြီး (၁၁) သုတ်ဝင် မေတ္တာသုတ်ပရိတ်ကြီး ဖြစ်ပေါ်လာရသည်မှာလည်း သစ်ပင်စောင့်နတ်များနှင့် ရဟန်းငါးရာတို့ ဆက်ဆံရေးကို အကြောင်းပြု၍ ဖြစ်ပေါ်ရခြင်း ဖြစ်သည်။

ဤနေရာမှာ အထူးတလည် ရည်ညွှန်းဆိုချင်သည်က သစ်တစ်ပင်ခုတ်လှဲလျှင် ရုက္ခစိုးနတ်ဗိမာန်တစ်ခု ပျက်လွင့်သွားနိုင်သည်ဟု ယူနိုင်ဖွယ်ရာ သစ်တောကို တောပြုန်းမတတ် ခုတ်ထွင်ပစ်လျှင် ဘယ်လိုနေပါ့မလဲ။ သစ်တစ်ပင်ခုတ်လှဲလျှင် သစ်တစ်ပင် အစားထိုးစိုက်ပျိုးပေးပါက ရုက္ခစိုးနတ်ဗိမာန်တစ်ခုအတွက် မှီတွယ်စရာတစ်ခု ပျောက်ကွယ်သွားပေမယ့် နောက်မှီတွယ်စရာတစ်ခု အစားရနိုင်ပေသည်။ ထိုသို့ အစားမရခဲ့ပါလျှင် ထိုရုက္ခစိုးနတ်များဖို့ အချစ်ဝင်ဖို့ထက် အမျက်ဝင်ဖို့ ပိုမိုအားများနေပေသည်။ သို့ဆိုလျှင် သစ်တောပြုန်းတီးမှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာများသည် သူ့ချည်းသက်သက်ကြောင့် ဖြစ်ရသည်မှာ ဟုတ်ပါ့မလား။

အထက်က ဆိုခဲ့သမျှကို အနှစ်ချုပ်လိုက်လျှင် ဘိုးသူတော် ပြောင်းဖူးခိုးချိုးပုံပြင်မှ ထုတ်နုတ်လိုက်သော သင်ခန်းစာများသည် ယခု ကမ္ဘာပေါ်တွင် ဖြစ်ပျက်နေသော ရာသီဥတုဖောက်ပြန်မှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းမှု၊ ဂေဟစနစ်များပျက်ပြားမှု၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ထွန်းမှုတို့၏ ဂမ္ဘီရသော့ချက်များ ဖြစ်နေသလားဆိုသည့် မေးစရာ၊ တွေးစရာများ ဖြစ်နေသည်ကတော့ အမှန်ပင်။

ဗုန်းဦးအောင်

ကျမ်းကိုး

၁။ လယ်တီဆရာတော်၏ လယ်တီဒီပနီပေါင်းချုပ်

၂။ ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ) ၏ ငါးရှဉ့်ငါးဆယ်နိပါတ်တော်ဝတ္ထုများ

၃။ နှစ်ဖက်လှ၏ ခေတ်သိပ္ပံပညာနှင့် ဗုဒ္ဓ၏အစိန္တေယျတရားတော်

၄။ ရှာဖွေစုဆောင်းချက်များ

www.burmeseclassic.com

www.burmeseclassic.com

"အက်ကွန်က ဆရာမ ဒီနေ့လာလိမ့်မယ်"

အကြီးမ ဆိုဖီယာဂေး(လ်)က ပြောသည်။

"ဟုတ်ပါရဲ့"

အငယ်မ အမန်ဒါဂေး(လ်)က ထောက်ခံသည်။

အမန်ဒါက သူ့အစ်မကို ကြောက်လန့်တကြားကြည့်ပြီး-

"နင် အဲဒီလိုမလုပ်သင့်ဘူး ထင်တယ်"

ဟု ပြောသည်။

"ဘာဖြစ်လို့လဲ"

ဆိုဖီယာက စူးစူးရှရှ အော်သည်။ သူညီမထက်ပင် အကဲဆတ်နေသည်။

"ငါမသိဘူး။ ဒါပေမယ့် အန်ကီဟာရက် သေပြီးတာတောင် သိပ်မကြာသေးဘဲ အဲဒီအခန်းထဲမှာ သူ့ကို မအိပ်ခိုင်းသင့်ဘူး"

"အဋ္ဌစကားတွေ၊ ဒီအိမ်ထဲမှာ လူမသေဘူးတဲ့အခန်းကို နင်ရှာကြည့်စမ်းပါဦး။ ဒီလောက် ဆွေမျိုးများတာ၊ လူမသေဘူးတဲ့အခန်းဆိုတာ ရှိမှာကို မ



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ဘူး"

ဆိုဖီယာက ပြောသည်။

"အရှေ့တောင်အခန်းက သေးလည်းသေးတယ်၊ ပူလည်းပူတယ်လေ။ သူက နောက်တစ်နှစ်လုံးနေမယ့်ဟာ။ နင် ဟိုအခန်းကိုပဲ သွားရှင်းလိုက်စမ်းပါ"

သို့အစ်မ မီးဖိုထဲသွားနေခိုက်မှာ အမန်ဒါက သူ့အလုပ်သူလုပ်ဖို့ အနောက်တောင်အခန်းကို သွားသည်။ ဒီအရွယ် အမျိုးသမီးတစ်ယောက်အတွက် အဲဒီအခန်းထဲကိုဝင်ဖို့ ဘယ်လောက်တောင် ကြောက်ရွံ့မိတယ်ဆိုတာ ဘယ်သူမှသိနိုင်မှာ မဟုတ်ပါ။ သူမမှာ ဘာကြောင့် အဲဒီလောက် အကြောက်တရားတွေရှိနေတယ်ဆိုတာလည်း သူမကိုယ်သူမ မသိ။

အခန်းက အတော်ကြီးမားပြီး ပြတင်းပေါက် (၄)ခုပါသည်။ တောင်ဘက်မှာ (၂) ခု၊ အနောက်ဘက်မှာ (၂) ခု ပိတ်လျက်သား။ အခန်းက အစိမ်းရောင်ပိတ်ကား ခပ်မှောင်မှောင်လိုဖြစ်နေသည်။ ပရိဘောဂတွေကလည်း မှုန်ဝါးဝါးအရိပ်တွေလို။

အမန်ဒါက ပြတင်းပေါက်တွေကို ဖွင့်လိုက်သည်။မူမမှန်တဲ့အရိပ်အယောင်တွေမရှိတော့သလို ထင်ရသည်။ ခုတင်နှင့် ပက်လက်ကုလားထိုင်ပေါ်တွင် ဒေါင်းရုပ်များပါသော အဝတ်စဖြင့် ဖုံးအုပ်ထားသည်။ ထိုကုလားထိုင်သည် အရင် ဒီအခန်းမှာနေထိုင်သူ၏အကြိုက်ဆုံးကုလားထိုင် ဖြစ်သည်။ နံရံကပ်ဗီရိုကြီးမှာ တံခါးပွင့်နေပြီး အထဲတွင် ခရမ်းရောင်အစတစ်ခုထွက်နေသည်ကို တွေ့ရသည်။ သူ့အစ်မအခန်းရှင်းစဉ်က ကျန်ခဲ့သည်ဟု ထင်လိုက်သည်။ ဆွဲထုတ်ကြည့်လိုက်တော့ အန်တီ၏ ခရမ်းရောင် ညဝတ်အင်္ကျီတစ်ထည် ဖြစ်နေသဖြင့် ပက်လက်ကုထားထိုင်ပေါ် ပြန်တင်ထားလိုက်သည်။ အန်တီဟာရက်က အမြဲတမ်း အဲဒီအင်္ကျီအိတ်ကပ်ထဲမှာ Lovage တွေ ထည့်စားတတ်သည်။

အမန်ဒါ အနံ့တစ်ခုခုရသလို ထင်မိသည်။ သူ အခန်းကိုရှင်းနေစဉ်တစ်လျှောက်လုံး Lovage အနံ့ကိုရနေသည်။ ပရိဘောဂတွေကို ဖုန်သုတ်ပြီး အိပ်ရာခင်းသည်။ ခရမ်းရောင် ညဝတ်အင်္ကျီကို ထပ်ခိုးပေါ်က သေသူ အမျိုးသမီး၏ ပစ္စည်းတွေထားသော သေတ္တာထဲတွင် ထည့်ထားလိုက်မည်ဟု စဉ်းစားလိုက်သည်။ ခရမ်းရောင်ညဝတ်အင်္ကျီမှာ ပက်လက်ကုလားထိုင်ပေါ်တွင် မရှိတော့ပါ။

အမန်ဒါကေး(လ်)က အမှတ်သညာမရှိသော မိန်းကလေး မဟုတ်ပါ။ ပက်လက်ကုလားထိုင်ပေါ်တွင် တင်ခဲ့တာကို သူသေချာမှတ်မိပါသည်။ သူအမှတ်မှားတာလည်းဖြစ်နိုင်သည်ဟု ချက်ချင်း ပြန်တွေးလိုက်ပါသည်။ ဗီရိုကြီးထဲတွင် ပြန်ရှာဖို့ ကြည့်လိုက်တော့ ဗီရိုကြီးက ပွင့်နေသည်။ သူ ခုနက ပိတ်ခဲ့မိသည်ဟု ထင်သည်။ ဒါပေမယ့်လည်း မသေချာပါ။ ခုတင်အောက်နှင့် အံဆွဲတွေထဲကိုပါ ရှာသည်။ တစ်ခန်းလုံးအနံ့ရှာသည်။ ခရမ်းရောင်ညဝတ်အင်္ကျီကို ဘယ်မှာမှ မတွေ့ရတော့ပါ။ ခရမ်းရောင် ညဝတ်အင်္ကျီကို သုံးမြင်ခဲ့တာတော့ သေချာပါသည်။ ဖြစ်နိုင်တာတစ်ခုတော့ ရှိသည်။ သူအခန်းရှင်းနေတုန်း အစ်မနောက်ကဝင်လာပြီး အဲဒါကိုယူသွားတာ ဖြစ်နိုင်သည်။

အပြင်ကို အမြန်ပြေးထွက်ပြီး ဆိုဖီယာရှိရာ မီးဖိုချောင်ကို ဆင်းလာခဲ့သည်။ ဆိုဖီယာသည် ကိတ်မုန့်ဖုတ်နေပြီး အဝါရောင်ခရမ်းကို အပေါ်ယံမှာ တင်ဖို့လုပ်နေသည်။

"လုပ်ပြီးသွားပြီလား"

သူမက မေးသည်။

"ပြီးပြီ"

အမန်ဒါက ပြန်ဖြေပြီး တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။ ရုတ်တရက်ကြောက်စိတ်ဝင်လာသည်။ ဆိုဖီယာက ကိတ်မုန့်ကိုထားပြီး အပေါ်ထပ်ကိုလာမှမဟုတ်ပါ။

"အဲဒါပြီးရင် ပဲတွေအခွံခွာစမ်းပါ။ ညစာ အချိန်မီ ချက်ရမယ်လေ"

အမန်ဒါက စားပွဲပေါ်က ပဲဗန်းဆီသွားပြီးနောက် သူ့အစ်မကိုကြည့်ကာ-

"အန်တီဟာရက်အခန်းမှာ ငါရှိတုန်း နင်လာသေးလား"

ဟု မေးသည်။

ဘယ်လိုဖြေမယ်ဆိုတာ သိနေပါသည်။

"အပေါ်ထပ်က အခန်းကိုလား၊ မလာပါဘူး။ ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ပါဘူး"

သူ့အစ်မကိုပြန်မပြောဖို့ ဆုံးဖြတ်လိုက်သည်။ ဆိုဖီယာက သူ့ကို ရှူးရှူးနှမ်းနှမ်း အတွေးခေါင်နေသည်ဟု ထင်လိမ့်မည်။

နောက်တစ်နာရီအတွင်း အမျိုးသမီးနှစ်ယောက်စလုံး အလုပ်များနေကြတော့သည်။ သူတို့အိမ်တွင် အိမ်အကူလည်း မရှိပါ။ သူတို့အမေသည် မိဘဆွေမျိုးများ သဘောမတူသောလူနှင့် လက်ထပ်ခဲ့သောကြောင့် ဤအိမ်ကြီးမှ ထွက်ခဲ့ရသည်။ သူတို့ညီအစ်မ သုံးယောက်ကို မွေးခဲ့ပြီး အလုပ်ပင်ပန်းမှုများကြောင့် သက်ဆိုးမရှည်ခဲ့။ ညီအစ်မသုံးယောက်ထဲ၌ အလတ်မတစ်ယောက်သာ အိမ်ထောင်ကျခဲ့သည်။ သူသေဆုံးပြီး သူယောကျ်ား နောက်အိမ်ထောင်ပြုသောအခါ သူတို့သမီးကလေးမှာ အမန်ဒါတို့ညီအစ်မနှစ်ယောက်တာဝန်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

အနောက်တောင်အခန်းထဲတွင် မစ်လူးဝစ်စတပ်(ခ်)သည် သူပစ္စည်းများကို နေရာချပြီးနောက် ညစာစားရန်အတွက် ခရမ်းရောင်ပန်းပွင့်များပါသော အနက်ရောင်ပိုးထည်စကိုလဲ၍ မီးခိုးရောင်စွန်းစဆံပင်များကို ဖြီးသင်သည်။ ကြောင်မျက်ရွဲအနက်နှင့် ပုလဲများဖြင့် ပြုလုပ်ထားသော စပျစ်ခိုင်ပုံရင်ထိုးကို ထိုးဖို့ လုပ်သည်။ အနက်ရောင်ဆံခြည်တစ်ထွေးကို အောက်ခံ ရွှေရောင်ချိတ်ပေါ် ငြိနေသည်ကို တွေ့လိုက်ရသဖြင့် အံ့သြပြီး ဖယ်ပစ်လိုက်ရသည်။ သူတပ်နေကျ ရင်ထိုးတွင် ထိုကဲ့သို့ဖြစ်စရာအကြောင်းမရှိသဖြင့် ကြောက်ရွံ့သလိုပင် ဖြစ်မိသည်။ နောက်တစ်ကြိမ်ထိုးရန် ကြိုးစားရာတွင်လည်း ဆံခြည်တစ်ထွေး ငြိနေသည်ကို ထပ်တွေ့ရပြန်သည်။ မှန်ဆဲတွင်မြင်ရသော သူမျက်နှာမှာလည်း ကြောက်ရွံ့ပုံပေါ် နေသဖြင့် သူကိုယ်သူပင် အံ့သြရသည်။ ထိုအရာကို ဖယ်ပစ်ပြီး သူ့ရင်ထိုးကို အောင့်မြင်စွာတပ်ပြီးနောက် အောက်ထပ်သို့ ဆင်းခဲ့သည်။

ညစာစားပွဲတွင် တခြားအိမ်ဌားသုံးယောက်နှင့် တွေ့ရသည်။ အသက်ကြီးကြီး မုဆိုးမတစ်ယောက်၊ ငယ်ရွယ်သော ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါး၊ သက်လတ်အရွယ် စာကြည့်တိုက်မှူးတစ်ယောက်တို့ ဖြစ်သည်။ စာကြည့်တိုက်မှူးအမျိုးသမီးက မေးသဖြင့် ပြောရင်းနှင့် သူ့အခန်းမှာ အိမ်ရှင်၏အဒေါ်သေဆုံးခဲ့မှုနှင့် သိသွားကြသည်။ စာကြည့်တိုက်မှူးက သူ့ကို အိပ်ရဲသလားဟု မေးသည်။ ဘုန်းကြီးကတော့ ဘုရားသခင်ကို ယုံကြည်ကိုးကွယ်သူတိုင်း မကောင်းသောဝိညာဉ်များ မနှောင့်ယှက်နိုင်ဟု တထစ်ချ မှတ်ယူထားသူ ဖြစ်သည်။ မုဆိုးမ အဘွားကြီးကလည်း မစ်ဟာရက်ကိုယ်တိုင် ခရစ်ယာန်ဘာသာဝင်တစ်ယောက် ဖြစ်သဖြင့် ကြောက်စရာမရှိကြောင်း၊ သူကြောက်တတ်လျှင် အခန်းချင်းလဲပေးမည်ဟု ဆိုသည်။

မစ်လူးဝစ်စတပ်(ခ်)သည် ညစာပြီးသည်နှင့် အခန်းသို့ တန်းပြန်လာခဲ့သည်။ သူသည် ခရီးပန်းလာ၍ အနားယူချင်နေပြီ။ မအိပ်ခင် စာနည်းနည်းလောက်လည်း ရေးချင်သေးသည်။

အခန်းထဲကိုဝင်လိုက်တော့ ညနေဆည်းဆာရောင်ဖျော့ဖျော့က အခန်းတွင်းသို့ကျနေသည်။ ပထမဆုံး သတိထားမိသွားသည်မှာ သူမ၏ အဝတ်အစားဆုံး အနက်ရောင် ဖဲဝတ်စုံ အောက်ပိုင်း

လာခဲ့သည်။ ဆိုဖီယာက မူလတန်းပြဆရာမလုပ်ပြီး အိမ်သေးသေးကလေး တစ်လုံး ဝယ်နိုင်သည်အထိ ကြိုးစားခဲ့ရသည်။ အမန်ဒါက ဇာထိုးပန်းထိုး သိုးမွေးထိုးပြီး တစ်ဖက်တစ်လမ်းရှာရသည်။

သူတို့ အသက်သုံးဆယ်မပြည့်မီ အဖေ ဆုံးသည်။ ဖလော်ရာကလေးအတွက် စဉ်းစား၍ အိမ်ကလေးကိုရောင်းပြီး အထီးကျန်အမျိုးသမီးကြီး ဟာရက် အက်ကလေတစ်ယောက်သာကျန်တော့သော ဤအက်ကလေမိသားစုအိမ်ကြီးသို့ ပြောင်းခဲ့ကြခြင်း ဖြစ်သည်။ အန်တီဟာရက် သေဆုံးပြီးနောက်မှာ သူတို့အတွက် ဤအိမ်ကြီးမှလွဲ၍ အမွေပိုက်ဆံတစ်ပြားတစ်ချပ်မှ မကျန်ခဲ့ပါ။ ဤအိမ်ကြီးကို ထိန်းသိမ်းရန် စရိတ်အတွက် အိမ်ငှားသုံးယောက် ထားခဲ့ရသည်။ ယခု အသစ်တစ်ယောက် ထပ်ရောက်လာတော့မည်။

ဖလော်ရာသည် အပြာရောင် မျက်လုံးကျယ်ကြီးများနှင့် ပြုံးရယ်ခဲပြီး လှပသောနှုတ်ခမ်း၊ ပျော့ပျောင်းသော ဆံနွယ်တို့နှင့် နူးညံ့သော (၁၆) နှစ်အရွယ်မိန်းကလေးတစ်ယောက် ဖြစ်သည်။ စတိုးဆိုင်မှ သကြားနှင့်လက်ဖက်ခြောက်များဝယ်လာသောသူမသည် မီးဖိုချောင်ထဲသို့ဝင်လာပြီး အန်တီအမန်ဒါထိုင်နေသောစားပွဲသို့ လာသည်။

"ဆရာမ နေမယ့်အခန်းထဲက ရေကရားကို ရေဖြည့်ပြီးပြီလား"

ဆိုဖီယာက အမန်ဒါကိုကြည့်၍ မေးသည်။

"ငါမလုပ်ရသေးဘူး"

အမန်ဒါက ဖြေသည်။

"သွားစမ်းပါ ဖရော်ရာ၊ ရေချိုင့်ကိုယူပြီး ရေဖြည့်ထားလိုက်စမ်းပါ။ မဖိတ်စေနဲ့နော်"

"ဟိုအခန်းလား"

ဖလော်ရာက သိပ်မသွားချင်။

"ဟုတ်တယ်၊ သွားစမ်းပါ"

ဖလော်ရာက ရေချိုင့်ကိုယူလာပြီး ရေဖြည့်သည်။ ကြောက်ရွံ့သောမျက်နှာမျိုးနှင့် အပေါ်တက်သွားသည်။

ထိုအချိန်မှာပင် ရထားလုံးတစ်စင်း အိမ်ဘက်သို့ဦးတည်လာသည်ကို တွေ့ရသည်။

"သွားကြိုလိုက်ပါ အမန်ဒါ၊ ငါ ဒီမှာဆက်လုပ်လိုက်မယ်။ သူ့အခန်းကို ပြလိုက်ပါ"

အမန်ဒါ ထွက်သွားပြီးနောက် ဆိုဖီယာက သူ့ကိတ်မုန့်ကို ဆက်လုပ်နေစဉ် ဖလော်ရာက အပြာရောင်ရေကရားနှင့်ဝင်လာသည်ကို တွေ့ရသည်။

"ဘာဖြစ်လို့ အဲဒါကို ထပ်ယူလာပြန်တာတုံး"

ဆိုဖီယာက မေးသည်။

"အန်တီအမန်ဒါက ရေလိုတယ်ဆိုလို့ပါ"

သူမမျက်နှာမှာ ဖြူဖပ်ဖြူရော်နှင့် ရွှဲထွေးနေသောအမူအရာဖြစ်နေသည်။

"ရေတွေအများကြီးကို ဒီလောက်မြန်မြန် ဘယ်လိုသုံးလိုက်တာလဲ"

"ရောက တစိမ့်ကို မရှိတော့တာ"

"မင်း ခုနဖြည့်တုန်းက ဖိတ်ကျကုန်တာလား"

"မဟုတ်ပါဘူး"

"ငါကြည့်မယ်"

ဆိုဖီယာ ယူကြည့်တော့ ရေချိုင့်မှာ ခြောက်သွေ့နေပြီး ဖုန်အနည်းငယ်တောင် တက်နေသေးသည်။ ဖလော်ရာ ရေမဖြည့်ခဲ့ဘူးထင်ပြီးဆူတော့ သူမက ငိုပြီး သူမ ဖြည့်ခဲ့ကြောင်း ပြောသည်။

ရေယူပြီး တက်သွားတော့ ဆိုဖီယာက နောက်က လိုက်သွားသည်။ မစ်လူးဝစ်စတပ်(ခ်)က ရေကို စောင့်နေသည်။

မစ်စတပ်(ခ်)သည် ထောင်ထောင်မောင်းမောင်းအမျိုးသမီးကြီးတစ်ယောက် ဖြစ်သည်။ နှစ်ပေါင်းများစွာ ကျောင်းဆရာမ လုပ်လာ၍ ပိုင်နိုင်တိကျသော ဆရာမပုံစံပေါက်နေသည်။ အမန်ဒါက ဆိုဖီယာနှင့် မိတ်ဆက်ပေးသည်။ အခန်းကို ကြိုက်၊ မကြိုက်မေးရင်းနှင့် နံရံကပ်ဗီရိုကြီးလည်းရှိသည့်အကြောင်း ပြောမိသည်။ ဗီရိုကိုကြည့်မိရာ တံခါးပွင့်နေပြီး ခရမ်းရောင်အစတစ်စထွက်နေသည်ကို တွေ့ရသည်။

"ဘယ်လိုဖြစ်တာပါလိမ့်။ ဒီထဲက ဟာတွေ အကုန်ရှင်းပြီးပြီလို့ထင်တာ"

သူက အစကို ဆွဲယူလိုက်သည်။

အမန်ဒါမှာ မျက်နှာပျက်သွားပြီး အခန်းထဲမှ ပြေးထွက်သွားသည်။ ဆိုဖီယာက ဆရာမကို တောင်းပန်ရသည်။ ဆရာမက အမန်ဒါ တစ်ခုခုဖြစ်သွားသည်ထင်၍ လိုက်ကြည့်ရန်ပြောသည်။

အမန်ဒါမှာ အန်တီဟာရက်၏ ခရမ်းရောင်အင်္ကျီကိုမြင်၍ ကြောက်ရွံ့သွားမှန်း ဆိုဖီယာ သိသွားသည်။ ထိုအရာကို သူယူလာပြီး ထိုဗီရိုထဲတွင် ပြန်ထည့်ထားခြင်းဖြစ်သည်ဟု ပြောလိုက်သည်။ သူမ ထိုသို့မလုပ်ခဲ့မှန်း အမန်ဒါ သိပါသည်။

www.burmeseclassic.com

မှာ နံရံကပ်ပန်းချီကားပေါ် ခွိတ်နေသည်ကို တွေ့လိုက်ရခြင်းပင်။ ထိုဝတ်စုံကို သေတ္တာထဲ ထည့်ထားခဲ့သည်ကို သူကောင်းကောင်း မှတ်မိပါသည်။ ထိုအဝတ်ကို အောက်ပြန်ချပြီး အိပ်ရာလိပ်ပေါ် ပြန်တင်ထားလိုက်သည်။ သို့သော် သူသည် လက်အိတ်တစ်စုံကိုပါ မြင်လိုက်ရသည်။ အနက်ရောင်ပိုးချည်နှင့် သေသပ်စွာ ချုပ်လုပ်ထားသည်။ အိပ်ရာဘေးမှာလည်း အရင်မမြင်ခဲ့ဘူးသည့် တစ်ခုခုရှိနေသည်။ အနက်ရောင် အပ်ချည်လုံး၊ ကတ်ကြေးတစ်လက်နှင့် စတီးအပ်တစ်ချောင်း ထည့်ထားသည့် သေတ္တာလေးတစ်လုံး ဖြစ်သည်။ ထိုအရာသည် အစကတည်းက ထိုနေရာမှာ ရှိနေခဲ့သလား၊ အခုမှ ရောက်လာသလား သူ မသေချာပါ။

မှန်ရှေ့တွင် အဝတ်လဲနေရင်း သူ ရင်ထိုးတွင် ထူးထူးဆန်းဆန်းဖြစ်ခဲ့သည်ကို သတိရလာသည်။ ရင်ထိုးကို ဖြုတ်ကြည့်လိုက်တော့ အောက်ဘက်ရွှေချိတ်တွင် အနက်ရောင်ဆံခြည်တစ်ထွေးကို တွေ့လိုက်ရပြန်သဖြင့် တုန်တုန်ယင်ယင် နှင့်ဖယ်ပစ်ပြီး ဘူးထဲထည့်ကာ အံဆွဲထဲ ထည့်ထားလိုက်သည်။ အဝတ်အစားလဲနေသော သူလက်တွေမှာ အေးစက်ပြီး ထုံကျဉ်သလို ဖြစ်နေသည်။ သူနှာခေါင်းထဲမှာ Lovage အနံ့တွေ ရလာသည်။ ဒီရိုတံခါးအနီးမှ ချိတ်တွင် ခရမ်းရောင် ဝတ်စုံတစ်စုံက အခန်းထဲတွင် လေဝင်နေသလို ဖြည်းဖြည်းလှုပ်ယမ်းနေသည်။ ဒီရိုထဲမှ ချိတ်အားလုံးတွင်လည်း သူပိုင် မဟုတ်သော အဝတ်များဖြင့် ပြည့်နေသည်။ ထိုအဝတ်များမှာလည်း ထူးဆန်းသောပုံစံများ ဖြစ်သည်။

လူးဝစ်စတပ်(ခ်)သည် အဝတ်ပြန်ဝတ်လိုက်ပြီး အောက်ဘက်သို့ဆင်းလာခဲ့သည်။ တခြားလူများက ဧည့်ခန်းထဲမှာထိုင်နေကြဆဲ ဖြစ်သည်။ သူက ဘယ်သူကိုမှမကြည့်ဘဲ အမန်ဒါကိုသာ မေးပြီး သူ့အစ်မရှိရာ မီးဖိုဆောင်ကို လာခဲ့သည်။ ဖလော်ရာက သူ့အဒေါ်ကို ကူလုပ်ပေးနေရင်း မစ်စတပ်(ခ်)ကို ရပ်ကြည့်လိုက်သောအခါ သူမမျက်နှာတွင် ထိတ်လန့်ရိပ်များ ပေါ်လာသည်။

"မစ်ဇေး(လ်)"

သူက ဆရာမလေသံနှင့် ခေါ်လိုက်သည်။

"ကျွန်မ မေးစရာရှိလို့။ ရှင်များ အခန်းထဲဝင်ပြီး ဒီရိုကြီးထဲက ကျွန်မ အဝတ်တွေထုတ်ပြီး အခြားအဝတ်တွေ အစားထိုးထားသလားလို့"

ကျုံမှန့်ပေနေသော လက်များဖြင့် ဆိုဖီယာ၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး စိတ်အနှောင့်အယှက်ဖြစ်သောပုံနှင့် နှုတ်ခမ်းတင်းတင်းစေ့သွားသည်။

"ဘာ- ကျွန်မ ရှင့်ပြောတာ နားမလည်ဘူး မစ်စတပ်(ခ်)"

"ကျွန်မအဝတ်တွေ နေရာမှာ တခြားအဝတ်တွေနဲ့ ပြည့်နေတယ်"

"ရှင်ပြောတာ ဘာမှမသိဘူး။ ဖလော်ရာ၊ မင်းကော သိလား"

"ဟင့်အင်း၊ မသိပါဘူး"

ဆိုဖီယာသည် ကျုံမှန့်များပေနေသောလက်ကို သုတ်ပြီးနောက် မစ်စတပ်(ခ်)နှင့်အတူ အပေါ် သို့တက်သွားသည်။ ဖလော်ရာက သူတို့နောက်မှပါသွားသည်။ သူတို့ အနောက်တောင်အခန်းသို့ ရောက်သွားသောအခါ ဒီရိုကြီး၏တံခါးမှာ ပိတ်နေသည်။ ဆိုဖီယာက ဖွင့်ကြည့်လိုက်သောအခါ ဆရာမ၏အဝတ်များသာ ညီညီညာညာစီထားသည်ကို တွေ့ရသည်။

"ဘာမှလဲ အမှားအယွင်းမရှိပါလား"

ဆိုဖီယာက ပြောတော့သည်။

မစ်စတပ်(ခ်)သည် ဘာမှမပြောနိုင်တော့ဘဲ နီးရာကုလားထိုင်မှာ ထိုင်ချလိုက်ရသည်။ ဒီရိုထဲတွင် သူ့ကိုယ်ပိုင် အဝတ်များသာ ရှိတော့သည်။ ထိုအချိန်လေးအတွင်းမှာ ဘယ်သူမှ လာပြောင်းဖို့ မဖြစ်နိုင်။ ကြောက်လန့်စိတ်က တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားသည်။

"ရှင် တစ်ခုခုများမှားသလား"

ဆိုဖီယာက ပြောသည်။ ဆိုဖီယာ ထွက်သွားပြီးနောက် အဝတ်လဲပြီး အိပ်ရာဝင်လိုက်သည်။

မနက်မိုးလင်းတော့ သူ မနက်စာဆင်းမစားသေးသဖြင့် ဆိုဖီယာ သတင်းမေးဖို့ အပေါ်တက်လာတော့ နှေခင်းရထားအတွက် လက်မှတ်မှာနေသည်ကို တွေ့ရသည်။ သူက နေမကောင်းသဖြင့် ပိုမဆိုးခင် အိမ်ပြန်တော့မည်ဖြစ်ကြောင်း ပြောသည်။ ဆိုဖီယာ လုပ်ပေးသော ပေါင်မုန့်မီးကင်နှင့် လက်ဖက်ရည်ကိုပင် မသောက်နိုင်ဘဲ ထွက်သွားတော့သည်။ ဆိုဖီယာသည် သူမအတွက် စိတ်မကောင်းဖြစ်မိသော်လည်း နောက်တော့ ဒေါသထွက်လာသည်။ ကျောင်းဆရာမ ဘာကြောင့်ထွက်သွားသည်ကို သိသလို လိုရှိသည်။ ထိုအရာက ဆိုဖီယာကိုစိတ်ဆိုးစေသည်။

မုဆိုးမ မစ္စစ် အယ်ဒီလာဆီမွန်က ကျောင်းဆရာမ ပြောင်းသွားမှန်းသိသောအခါ အခန်းပြောင်းချင်သည်ဟု ပြောလာသည်။ ဆိုဖီယာ ပြန်ပြောဖို့ နည်းနည်းတော့ နှောင့်နှေးနေသည်။

"ငြင်းစရာတော့ မရှိပါဘူး။ အဲဒီအခန်းမှာ ကျွန်မတို့အဒေါ် ဆုံးထားတာကို စိတ်အနှောင့်အယှက်မဖြစ်ဘူးဆိုရင် နေလို့ရပါတယ်"

ထိုနေ့ နေ့လယ်မှာပင် ဖလော်ရာ အကူအညီနှင့် အနောက်တောင်အခန်းသို့ ပြောင်းသွားသည်။ ဖလော်ရာသည် သူ့အဒေါ်ကြောင့်သာ ထိုအခန်းမှာ ကူလုပ်ပေးနေခြင်း ဖြစ်သည်။ နည်းနည်းကြာတော့ ဖလော်ရာ ဆင်းလာပြီး ညအိပ်ခေါင်းစွပ်တစ်ခုကို ယူလာပြသည်။

"အန်တီဟာရက်ရဲ့ဟာပဲ။ ခေါင်းအုံးအောက်က တွေ့တာ"

ဟု ဆိုသည်။

ဆိုဖီယာက ဖလော်ရာကို စတိုးဆိုင်လွှတ်လိုက်ပြီး ခေါင်းစွပ်ကို စတိုထဲပစ်ထည့်ကာ အခန်းကို သူကိုယ်တိုင် သွားကြည့်သည်။ နောက်ထပ် အမှားတစ်စုံတစ်ရာ မရှိတော့ပါ။ မစ္စစ်အယ်ဒီယာကတော့ သူ့အခန်းအသစ်ကို အတော်သဘောကျနေသည်။

ညစာစားပြီးတော့ စာကြည့်တိုက်မှူး မစ်အယ်လစ်ဇာနှင့် သူမတို့ နှစ်ယောက်တည်း ဧည့်ခန်းမှာ ကျန်ခဲ့စဉ် အယ်လစ်ဇာက ပြောသည်။

"လွန်ခဲ့တဲ့အပတ်က ကျောင်းဆရာမ မလာခင် အဲဒီအခန်းကိုရောက်ဖူးတယ်"

"အဲဒီတော့. . . "

"အိပ်ရာခင်းနဲ့ လိုက်ကာတွေကို ရှင် သတိထားမိတယ်မဟုတ်လား၊ ဘာအဆင်လဲ"

"အပြာရောင် အောက်ခံပေါ်မှာ ဒေါင်းရုပ်တွေလေ"

"သေချာရဲ့လား"

"သေချာပါတယ်၊ ဘာလို့လဲ"

"အဲဒီနေ့က ကျွန်မရောက်တော့ ဒေါင်းတွေ မဟုတ်ဘူး၊ အဝါရောင် အောက်ခံပေါ်က နှင်းဆီအနီတွေပဲ"

"မစ်ဆိုဖီယာ လဲထားတာ ဖြစ်မှာပေါ့"

"မဟုတ်ဘူး၊ အဲဒီကို ကျွန်မ နောက်တစ်နာရီလောက်မှာ ထပ်ရောက်တယ်။ အဲဒီမှာ ဒေါင်းရုပ်တွေ ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com

"မင်း ပထမတစ်ခါကြည့်တုန်းက အမြင်မှားတာ ဖြစ်မှာပါ"

ကျွန်မကတော့ ပိုက်ဆံ ဘယ်လောက်ပေးပေး အဲဒီအခန်းမှာတော့ မအိပ်ရဲဘူး"

မစ္စစ်ဆီမွန်သည် သူမအခန်းကို ပြန်ရောက်တော့ အိပ်ရာခင်းနှင့်ကုလားထိုင်စွပ်များကိုကြည့်သည်။ အပြာရောင်ပေါ်မှ ဒေါင်းရုပ်များပင် ဖြစ်သည်။ မစ်အယ်လစ်ဇာကို ရယ်ချင်သွားသည်။ သို့သော် သူမ အိပ်ရာမဝင်မီ အခင်းများကို ထပ်ကြည့်မိတော့ ဒေါင်းများအစား အဝါရောင်ပေါ်မှနှင်းဆီနီများ ဖြစ်နေတော့သည်။ သူမ မျက်စိများကို ပိတ်လိုက်၊ ဖွင့်လိုက်လုပ်ပြီး ကြည့်သည်။ အခန်းကို လျှောက်သွားပြီး ပြန်ကြည့်သည်။ အခန်းထဲတွင် လင်းကျင်းနေသည်။ အပြင်မှာလည်း လကသာနေသည်။ ဘယ်လိုမှ မမှားနိုင်ပါ။ အဝါခံပေါ်က နှင်းဆီနီများပင် ဖြစ်နေသည်။ သူမသည် အောက်ထပ်သို့ ဆင်းရန်ပြင်ပြီးမှ ပြန်ဝင်လာသည်။ ဒါက သူမကို ဘာမှအန္တရာယ်မပေးနိုင်မှာမှ မဟုတ်ဘဲ။ သူမရော အယ်လစ်ဇာပါ ရူးကြောင်ကြောင်ဖြစ်နေပြီလား မသိ။ ထိုအရာများက သူမ၏အိပ်ပျော်ခြင်းကို ကြာကြာမနှောင့်ယှက်နိုင်ပါ။ ထိုအိပ်ရာခင်း ဘာအဆင်ပဲဖြစ်ဖြစ် သူမကတော့ အိပ်မောကျသွားသည်။

သို့သော် ညလယ်လောက်တွင် သူမ၏လည်ပင်းကို ညှစ်ထားသလို ခံစားရသောကြောင့် နိုးလာသည်။ အဖြူရောင်လက်ချောင်းရှည်ရှည်များသည် သူမ၏လည်တိုင်ပေါ် ရောက်နေပြီး အဖြူရောင်ခေါင်းစွပ်နှင့် အဘွားအိုတစ်ယောက်က သူမမျက်နှာကို အုပ်မိုးနေသည်ဟု အိပ်မက်မက်ခဲ့သည်။ သူမ နိုးလာသောအခါ ဘာအဘွားအိုမှရှိမနေပါ။ အခန်းက လရောင်ကြောင့် နေ့အလား လင်းနေသည်။ သို့သော် လည်ပင်းညှစ်ခံရသောခံစားမှုကတော့ ဆက်ရှိနေပြီး မျက်နှာနှင့် နားရွက်များကိုပါ တစ်ခုခုနှင့်အုပ်ထားသလိုခံစားရသည်။ လက်မြှောက်ပြီး စမ်းကြည့်သောအခါမှ ညအိပ်ခေါင်းစွပ်က မျက်နှာကိုဖုံးပြီး မေးအောက်မှာ တင်းကျပ်ကာ မသက်မသာဖြစ်နေခြင်း ဖြစ်သည်။ ခေါင်းစွပ်ကိုလွှင့်ပစ်လိုက်ပြီး အိပ်ရာမှ ခုန်ထွက်လိုက်သည်။ အယ်လစ်ဇာများ အခန်းထဲဝင်လာပြီး စွပ်သွားသလားဟု ထင်လိုက်သေးသည်။ အခန်းကိုလည်း သေချာပိတ်မထားဘူးလေ။ သူမက အယ်လစ်ဇာထံသွားရန် တံခါးနားရောက်တော့ အခန်းတံခါးက သော့ကျနေသည်။ သူမက ဘယ်တုံးကမှ သော့ခတ်ပြီး အိပ်လေ့မရှိသဖြင့် အတော်အံ့ဩသွားသည်။ အခုလို သော့ပိတ်နေတော့ အပြင်ကဘယ်သူမှ ဝင်လာပြီး လုပ်နိုင်မည် မဟုတ်တော့။ ကြောက်စိတ်ကို မထိန်းချုပ်နိုင်သလိုဖြစ်လာပြီး ဒေါသလည်းထွက်လာသည်။

"ငါနဲ့ ကစားချင်တယ်ဆိုလည်း ကြည့်ရသေးတာပေါ့။ ဘယ်သူပဲလုပ်လုပ် ဂရုမစိုက်ဘူးဟေ့"

သူမက ကျယ်လောင်စွာ ပြောလိုက်သည်။

ခေါင်းစွပ်ကို ပြတင်းပေါက်မှလွှင့်ပစ်ရန် ဆုံးဖြတ်ပြီး သူမ ပစ်ချခဲ့သော နေရာတွင် ပြန်ရှာသောအခါ လုံးဝ မတွေ့ရတော့ပါ။ အခန်းထဲကို လရောင်ဖြင့်ပင် မြင်နိုင်သော်လည်း သူမက မီးအိမ်ကိုပါထွန်းပြီး နေရာအနှံ့ရှာသည်။ မတွေ့ရပါ။ နောက်ဆုံးတော့ လက်လျှော့ပြီး အိပ်ရာသို့ ပြန်ဝင်သည်။ အိပ်ပျော်သွားပြီးနောက် ပထမတစ်ခါလိုဖြစ်ပြီး နိုးလာပြန်သည်။ ဒီတစ်ကြိမ်မှာတော့ သူမသည် ခေါင်းစွပ်ကိုဖယ်ပြီးနောက် လွှတ်မချတော့ဘဲ ပွင့်နေသော ပြတင်းပေါက်ဆီသို့လာကာလွှင့်ပစ်လိုက်သည်။ လေအေးတစ်ချက်တွေ့လာပြီးနောက် ပစ်ချလိုက်သောအစွပ်က သူမမျက်နှာဆီသို့ ပင့်ကူအိမ်တစ်ခုလို ပြန်လာကပ်သည်။ သူမက ပြန်ဖမ်းဆုပ်ထားသည်။ သူမ တကယ်ပင် ဒေါသထွက်နေပြီ။ ထိုအရာက လက်ထဲမှ ရုန်းထွက်သွားပြီး နောက် ဘယ်မှာမှမမြင်ရတော့။ ကြမ်းပြင်မှာလည်း မရှိ။ မီးအိမ်ထွန်းပြီး ထပ်ရှာသော်လည်း အရိပ်အယောင်ပင် မမြင်ရ။

ကြောက်ရွံ့မှုတွေ ပျောက်နေပြီး ဘာကြောင့်ဒေါသထွက်နေမှန်းပင်မသိ။ သူမမှာ သရော်ချင်စိတ်နှင့် ပြင်းထန်သောအားတစ်ခုက သူမ၏ အားနည်းချက်ကို ဆန့်ကျင်ဘက်အနေနှင့် ဝင်ရောက်နေသည်။ တော်တော်ကြီးကို မကျေနိုင်မချမ်းနိုင် ဖြစ်နေသည်။ နောက်ဆုံးမှာတော့ အိပ်ရာပြန်ဝင်လိုက်ရသည်။ အိပ်လို့တော့ မပျော်တော့။ လည်ပင်းမှ အထိအတွေ့ကို ခံစားနေရသည်။ အဖြူရောင်အမျှင်များက သူမ၏လည်မျိုကို တင်းကျပ်စွာ ရစ်ပတ်နေသည်။ သူမ ရန်သူကတော့ လာပြန်ချေပြီ။ ထိုအရာကို တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး ကတ်ကြေးကိုယူကာ ညှပ်ပစ်လိုက်သည်။

"ကဲ- ဒီတစ်ခါတော့ ဒီခေါင်းစွပ် အစုတ်က ဒုက္ခမပေးနိုင်တော့ပါဘူး"

အစမှားကို ခြင်းထဲပစ်၍ အိပ်ရာထဲ ပြန်ဝင်သည်။ ချက်ချင်းလိုပင် ထိုအရာက သူမ၏လည်ပင်းကို ရစ်ပတ်လာပြန်သည်။ နောက်ဆုံးတော့ ထိုအရာကိုပြန်တိုက်ရပြန်သည်။ မျက်နှာပေါ်မှ အတင်းဆွဲခွာပစ်ရသည်။ အဲဒီနောက်တော့ သူမ၏အခန်းဟောင်းလေးဆီသို့ တိတ်တဆိတ် ပြန်သွားပြီး အိပ်ရာဟောင်းပေါ်မှာပဲ အိပ်ရသည်။ လည်ပင်းပေါ်သို့ ထိုအရာ တက်လာဦးမလားလို့ ထိတ်လန့်စွာ စောင့်နေသော်လည်း ထို့အရာက ဤအခန်းအထိတော့ လိုက်မလာတော့ပါ။

မိုးလင်းတော့ အနောက်တောင်အခန်းသို့ အဝတ်လဲရန် ပြန်ရသည်။ မူမမှန်တာ တစ်စုံတစ်ရာ ရှိနေသည်ဟု လုံးဝ မထင်ရပါ။ ပြီးတော့ နံနက်စာစားရန် အောက်သို့ဆင်းခဲ့သည်။ အယ်လစ်ဇာက အိပ်ပျော်ရဲ့လားဟု မေးသောအခါ အိပ်ရာပြောင်း၍ ကောင်းကောင်း အိပ်မပျော်ဟု ပြန်ဖြေပြီး အခန်းအဟောင်းကို ပြန်ပြောင်းတော့မည်ဟုပြောလိုက်သည်။ အယ်လစ်ဇာကို မလိမ်ချင်သော်လည်း ဆိုဖီယာတို့က ရှိနေသည်။

"ရှင် ကျွန်မကို ကောင်းကောင်း အိပ်ပျော်တယ်လို့ ပြောစရာကိုမလိုပါဘူး။ အဲဒီအခန်းထဲမှာ တစ်ခုခုဖြစ်လိမ့်မယ်ဆိုတာ သိပြီးသားပဲ"

အယ်လစ်ဇာက တဲ့တိုးကြီးပြောလိုက်သောအခါ သူတို့အားလုံးက မစ္စစ်ဆီမွန်ကို ကြည့်ကုန်ကြသည်။ မထူးတော့ပြီမို့ ညကအဖြစ်အပျက်ကို ပြောပြလိုက်ရသည်။ နံနက်စာအပြီးမှာတော့ အမန်ဒါနှင့်ဖလော်ရာက သူမကို အခန်းဟောင်းသို့ ပြန်ပြောင်းရန် ကူညီပေးကြသည်။

အဲဒီနောက်မှာတော့ ဘုရားသခင်အပေါ် ယုံကြည်မှုအပြည့်ရှိသော ခရစ်ယာန်ဘုန်းကြီးလေး ဂျွန်ဒမ်းက အနောက်တောင်ဘက်အခန်းသို့ ပြောင်းပေးရန် တောင်းဆိုသဖြင့် ဆိုဖီယာက လက်ခံလိုက်ရသည်။

ထိုည (၁၂) နာရီခန့်တွင် ဘုန်းကြီးလေး ဂျွန်ဒမ်းသည် သူ၏အနောက်တောင်အခန်းသို့ အေးအေးဆေးဆေး ပင် သွားသည်။ ထိုအချိန်မတိုင်ခင်အထိ သူသည် သမ္မာကျမ်းစာများကို ရွတ်ဖတ်နေခဲ့သည်။ မီးအိမ်ငယ်တစ်လုံးနှင့် ခန်း

www.burmeseclassic.com

မကျယ်ကိုဖြတ်ခဲ့ပြီး အနောက်တောင်အခန်းကို ဖွင့်၍ဝင်ရန် ဖြစ်သည်။ ထိုတံခါးမှာ ပွင့်ပြီးသားဖြစ်ခဲ့ပြီး လရောင်ဖျော့ဖျော့နှင့် အခန်းထဲကိုပင် ကြည့်လို့ရသည်။ အိပ်ရာကိုပင် မြင်နိုင်သည်။ သို့သော် သူ မဝင်နိုင်ဖြစ်နေသည်။ ဝင်ဖို့ကြိုးစားလိုက်တိုင်း မမြင်ရသော တစ်စုံတစ်ယောက်၏ ဆန့်ကျင်သော အင်အားစုကို မကျော်လွန်နိုင်သလို ထူးဆန်းသောခံစားမှုမျိုးကိုရနေသည်။ သူသည် အားကစားသမား မဟုတ်သော်လည်း သန်မာသူတစ်ယောက်တော့ ဖြစ်သည်။ သူ၏တံတောင်ဆစ်များကိုကွေးပြီး နှုတ်မိုးကို တင်းတင်းစေ့၍ ရင်ဆိုင်ရန် အသင့်ပြင်ကာ အတွင်းသို့ဝင်ရန်ပြင်သည်။ သူတွေ့နေသော ဆန့်ကျင်ဘက် အင်အားကလည်း တောင်တစ်လုံးလိုပင် တင်းမာခက်ထန်ပြီး တိတ်ဆိတ်ကြောက်လန့်ဖွယ်ကောင်းလှသည်။

နာရီဝက်ခန့်အကြာမှာတော့ သူသည် အခန်းထဲသို့ဝင်ရန် ကြောက်ရွံ့သည်ထက် သံသယနှင့် ဒေါသဖြစ်ခြင်းက သူ့စိတ်ကို လွှမ်းမိုးလာသည်။ စိုးထိတ်စရာ အဆန်းတကြယ် အတားအဆီးက သူ့ကို အင်အားမဲ့စေသည်။

နောက်ဆုံးမှာတော့ ကြီးမားသော ကြောက်ရွံ့ထိတ်လန့်မှုကပင် မကောင်းဆိုးဝါးလို သူ့အပေါ် ခြုံလွှမ်းလာသည်။ သူသည် ကြောက်လန့်နေသော မိန်းကလေးငယ်တစ်ယောက်လိုပင် သူ့အခန်းအဟောင်းသို့ ပြေးလာခဲ့ပြီး တံခါးပိတ်ထားလိုက်သည်။

နောက်နေ့မနက်မှာတော့ မစ်ဆိုဖီယာဆီသွားပြီး ဘာဖြစ်ခဲ့သည်ကို မပြောနိုင်သော်လည်း ထိုအခန်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မှားယွင်းနေသည်ဟု ယုံကြည်ကြောင်း ပြောခဲ့သည်။

"ဘာလဲဆိုတာတော့ မသိဘူး။ ဒါပေမယ့် အဲဒီအခန်းထဲမှာ ကျိန်စာသင့်နေတဲ့ မကောင်းဆိုးဝါးအင်အားတစ်ခုတော့ ရှိနေတယ်။ ခေတ်သစ်သိပ္ပံနည်းနဲ့ ဘယ်လိုမှမသိနိုင်တဲ့အရာမျိုးဘဲ"

သူကပြောသည်။

"ဒီညတော့ ကျွန်မကိုယ်တိုင် အဲဒီအခန်းမှာ သွားအိပ်မယ်"

ဆိုဖီယာက ပြောလိုက်သည်။

ထိုည (၁၀) နာရီခန့်တွင် ဆိုဖီယာသည် အနောက်တောင်အခန်းသို့ သွားခဲ့သည်။ အခန်းထဲရှိ စာရေးစားပွဲပေါ်တွင် မီးအိမ်တစ်ခုကိုထွန်းပြီး ခန်းဆီးများကိုချသည်။ အိပ်ရာဖုံးကိုဖယ်ပြီး ညအတွက် ပြင်ဆင်သည်။ တည်တည်ငြိမ်ငြိမ်စဉ်းစားပြီးလုပ်နေခိုက် သူမ တွေးနေမိသောအကြောင်းများကို ထူးဆန်းသည်ဟု ခံစားလာရသည်။ သူမမှတ်မိနိုင်သော မမွေးခင်က အကြောင်းများကို မှတ်မိနေသည်။ သူမအမေ၏ လက်ထပ်ပြီးနောက်ဒုက္ခများ၊ ခါးသက်ဖွယ် ဆန့်ကျင်မှုများ၊ အိမ်၏ အပယ်ခံဖြစ်ခဲ့ပုံများ၊ သူမကိုယ်တိုင်ပင် မကျေမချမ်းနိုင်ဖြစ်ပြီးနောက် သူမအမေကို အဲဒီလို ဆက်ဆံခဲ့သော အမွေအမနှင့်ညီအစ်မများကို မဆန့်ကျင်ချင်သလိုလိုနှင့် သူမအမေကို ဆန့်ကျင်မိသလိုလို ဖြစ်လာသည်။ သူမ ဘယ်လိုမှ မမှတ်မိနိုင်သော်လည်း မိန်းမငယ်လေးတစ်ယောက်အနေနှင့် မှတ်မိနေသော သူမအမေအပေါ် အန္တရာယ်တစ်ခုခုကျရောက်တော့မည်ကဲ့သို့ ခံစားရသည်။ သူမကိုယ်တိုင်နှင့် အမစ်ဒါ၊ ဖလော်ရာတို့အပေါ် အန္တရာယ်တစ်ခုခုကျရောက်တော့မည်ကဲ့သို့ ခံစားရသည်။ မကောင်းဆိုးဝါး၏အကြေအစည်များက သူမဦးနှောက်ကို စီးဝင်ပြီး အသည်းထဲထိ အေးစက်စေသည့်အပြင် သူမကိုဆွဲဆောင်နေသလိုပင်။ သူမ၏သိစိတ်က နှစ်ထပ်ဖြစ်နေပြီး ထူးထူးခြားခြားတွေ တွေးမိနေသည်။ သူမသည် သူမသိသော တခြားလူတစ်ယောက်၏ အတွေးများကို တွေးနေမိပြီး ကိုယ်တိုင်ပင် ဖြစ်နေသလို ခံစားရသည်။

သူမသည် သူ၏ အဆက်အနွယ် မကောင်းဆိုးဝါး ဝိညာဉ်ဆိုမှ မှန်ကန်ခိုင်မာသော အင်အားကို ဆက်ခံရရှိခဲ့သည်။ သူမ၏ကိုယ်ပိုင်စဉ်းစားဉာဏ်နှင့် ပြန်စဉ်းစားပြီး သဘာဝလွန် ကြောက်လန့်စရာအတွေ့အကြုံကို ပြန်စဉ်းစားပြီး-

"ငါစိတ်ကူးယဉ်နေတာပါ"

ဟု ကိုယ့်ကိုယ်ကိုယ် ပြောလိုက်သည်။

သူမသည် ဆံပင်ကို ဖြန့်ချလိုက်ပြီး မှန်ရှေ့သို့ သွားကြည့်သောအခါ သက်လတ်ပိုင်းအရွယ် အပြာရောင်မျက်လုံးများနှင့် ကြည့်ပျော်ရွှင်ပျော်ရှိသော၊ သူတစ်ပါးအပေါ် ရိုးရိုးသားသားနှင့် စိတ်ကောင်းထားတတ်သော ဆိုဖီယာ၏မျက်နှာအစား အနက်ရောင်မျက်လုံးများနှင့် ကိုယ်တိုင်ကိုရော လူတိုင်းကိုပါ သေသည်အထိ နာကျင်စွာ မုန်းတီးနေခဲ့သော အဘွားအိုတစ်ယောက်၏မျက်နှာကို မြင်ရသည်။ သူမ ဝတ်ထားသော ဝတ်စုံများနှင့် ပခုံးများပေါ်တွင် သူမ မျက်နှာအစား အန်ကီဟာရက်၏မျက်နှာ ရောက်နေသည်။

ဆိုဖီယာသည် အခန်းထဲမှထွက်လာခဲ့သည်။ သူမ ပြောပြနိုင်မည့် တစ်ဦးတည်းသောသူ အမန်ဒါ၏အခန်းသို့ လာခဲ့သည်။ အမန်ဒါသည် မျက်နှာကို လက်ကိုင်ပဝါအုပ်ပြီး ရပ်နေသော ဆိုဖီယာကို ကြည့်ပြီးနောက် စားပွဲပေါ်တွင် မီးအိမ်ကို ထွန်းလိုက်သည်။

"ဘာဖြစ်သလဲ ဆိုဖီယာ၊ ဘာဖြစ်တာလဲ"

သူမကအလောတကြီးမေးသည်။ ဆိုဖီယာက လက်ကိုင်ပဝါကို အုပ်ထားဆဲ။

"အိုး- ဆိုဖီယာ၊ သူများတွေကိုပါခေါ်လိုက်ရမလား။ မင်းမျက်နှာခိုက်မိသွားသလား။ ဘာဖြစ်တာလဲ"

ဆိုဖီယာက မျက်နှာပေါ်မှပဝါကို ဖယ်လိုက်ပြီးနောက်-

"ငါ့ကိုကြည့်စမ်းပါ အမန်ဒါ"

ဟု ချောက်ချားသောအသံနှင့် ပြောသည်။

"ဘာမှလည်း မဖြစ်ပါလား။ ဘာဖြစ်လို့လဲ ဆိုဖီယာ"

"နင်ဘာမြင်ရလဲ"

"ဘာဖြစ်လို့တုံး၊ နင့်ကို မြင်တာပေါ့"

"ငါ့ကိုလား"

"အေးလေ၊ နင်က ဘာမြင်မယ်ထင်တာတုံး"

ဆိုဖီယာက သူ့ညီမကို ကြည့်သည်။

"နင်မြင်မယ်ထင်တာကို ငါတစ်သက်လုံး ပြောမပြတော့ပါဘူး။ နင်လည်း ဘယ်တော့မှ မမေးပါနဲ့တော့"

"ထားပါတော့၊ မမေးတော့ပါဘူး"

အမန်ဒါက ကြောက်ရွံ့မှုနှင့် ပြန်ပြောသည်။

"နင် နောက်တစ်ခါ ဟိုအခန်းထဲကို သွားမအိပ်ပါနဲ့တော့ ဆိုဖီယာ"

"မဟုတ်ဘူး၊ ငါ ဒီအိမ်ကိုရောင်းတော့မယ်"

ဆိုဖီယာက ပြောလိုက်သည်။

သဲဂိုကျော်

Mary Wilkins ၏ *The South-west Chamber* ကို သင့်လျော်သလိုပြန်ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ညာ၏သိပ်သည်းမှုကို ကြယ်စင်တို့က မထိုးဖောက်နိုင်။ တစ်ခါတစ်ရံ ညဉ့်ငှက်တို့ရဲ့အော်မြည်သံမှအပ ညသည် တိတ်ဆိတ်စွာ အိပ်မောကျနေသည်။

ခပ်လှမ်းလှမ်းရွာနားဆီမှ ခွေးအူသံက အိပ်မောကျနေတဲ့ညကို လှန့်နှိုးလိုက်သည့်နှယ်ရှိသည်။

"အင်း- ဒီအချိန်ရောက်ရင် ဒီခွေးက အူတာပဲ"

မောင်လွင်သည် တစ်ကိုယ်တည်း ညည်းတွားသလို ရေရွတ်လိုက်မိသည်။

"ငါမအိပ်ဘူး၊ အိပ်ပျော်သွားလို့ မဖြစ်ဘူး"

တွေးရင်း မျက်စိနှစ်လုံးကို ဖွတ်အတင်းဖွင့်ကာ ကုလားအုံ အပြင်ဘက်သို့ လှမ်းကြည့်လိုက်တဲ့သူမျက်ဝန်းတွေသည် အလင်းအားတို့ မဲ့နေတာကို သူသတိထားလိုက်မိသည်။

"ဟင်- ငါမျက်လုံးတွေ ဘာလို့ဖွင့် မရတော့တာလဲ။ သူတို့ ငါ့ကို အိပ်မွေ့ချကြပြန်ပြီလား။ ဒါ. . . ဒါဖြစ်နိုင်တယ်။ ငါမထနိုင်တော့ဘူး။ ဟော- ခြေသံတွေ၊ နှိုးပြတ်ကို နင်းလာတဲ့ခြေသံတွေ။ လာနေကြပြီ၊ လာနေကြပြီ။ လာကြလာကြ၊ မင်းတို့လာခဲ့ကြ။ မင်းတို့ကို ငါဘယ်တော့မှ အနှိုးမပေးဘူး။ ငါဟာ ယောကျ်ားကွ၊ ယောကျ်ား"

မာန်ကိုတင်းသည်။ စိတ်ဓာတ်ကို စုစည်းသည်။ ပြီးတော့ သူထထိုင်ဖို့ ကြိုးစားသည်။ မရ၊ သူ လှုပ်လို့မရ။ နှောင်ကြိုးမဲ့ ချုပ်နှောင်ထားမှုကို သူမရုန်းနိုင်။ ခွေးစတို့က အေးမြလှတဲ့ ဆောင်းညကို အန်တုရင်း ခန္ဓာကိုယ်တစ်ခုလုံးကို စွတ်စို၍လာစေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗျာဗိုု-ရည်လွှင်ကောင်

ပရဝိညာဉ်လယ်ကြီးရှင်



www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားတို့ဇွဲ သေခါမှလျှော့မတဲ့လို့ ဘယ်လိုပင်မာန်တင်းတင်း လက်ငင်းအဖြေကတော့ သူလှုပ်လို့မရတော့။ ခြေသံတို့က တစ်စတစ်စ နီးကပ်၍လာသည်။ ကျွဲတစ်အုပ် ချည်တိုင်မှ လွတ်ထွက်လာသလား အောက်မေ့ရလောက်အောင် များပြားလွန်းလှသည်။

ထိုစဉ် အရိပ်မည်းသဏ္ဌာန်တစ်ခုက သူကုလားအုံအဝဲ့ရပ်တန့်လာသည်ကို မျက်ဝန်းက မမြင်ရပေမယ့် အသိစိတ်ကတော့ အလိုလိုသိနေခဲ့သည်။

ဒါအိပ်မက်မဟုတ်နိုင်၊ ဘယ်နည်းနှင့်မှ အိပ်မက်မဟုတ်။ ဒါဖြင့် ဘာတွေလဲ၊နာနာဘာဝဆိုတာတွေလား။ ဒီလယ်ယာကို ပိုင်ဆိုင်ထားတယ်ဆိုတဲ့ လယ်စောင့်တွေလား။ သူမှာ စဉ်းစားရ အတော်ခက်နေသည်။

"ထွက်သွား၊ ထွက်သွား။ မင်းအခုငါ့ပိုင်နက်ထဲက ထွက်သွား"

ဆိုတဲ့ အသက်နှက်ကြီးက မောင်လွင်ရဲ့ နားကို ပဲ့တင်ရိုက်ခတ်၍ သွားသည်။

"မထွက်ဘူး၊ လုံးဝမထွက်နိုင်ဘူး။ ဒါ ငါ့လယ်၊ ငါ့ယာ၊ ငါ့ငွေတွေများစွာနဲ့ အကုန်အကျခံပြီး ဝယ်ထားရတဲ့နေရာ။ ငါ အလွယ်တကူနဲ့ မင်းတို့ကို အနှုံးပေးပြီး ဖယ်မပေးနိုင်ဘူး။ သတ္တိရှိရင် ဝင်ခဲ့ကြ"

သူပြန်အော်လိုက်ပေမယ့် အသံကထွက်မလာခဲ့။ ထိန်းချုပ်မှုမဲ့စွာနဲ့ ထိန်းချုပ်ခံထားရတဲ့သူအဖြစ်ကို မောင်လွင်ရင်ထဲမှာ မခံချင်။ ဒါကို အရိပ်မည်းကြီးက ကြိတင်၍ သိနေသည့်အလား တို့ပြန်မှုအသံက နားမခံသာအောင် ရှိလှသည်။

"ဟားဟားဟား. . . တွေ့ကြပြီ တွေ့ကြပြီ။ မင်းနဲ့ငါ တွေ့ကြပြီ"

စကားသံဆုံးသည်နှင့်ခြေလှမ်းကျဲကြီးများဖြင့် လှမ်းဝင်လာသောသဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသည်။

မောင်လွင် အံကိုတင်းတင်းကြိတ်ထားသည်။ လှုပ်မရတဲ့ကြားထဲက လှုပ်ရလာမယ့်အချိန်ကို မျှော်လင့်ရင်း အသင့်ပြင်ထားလိုက်မိသည်။

နောက်နားဆီမှ အားပေးသံလား၊ လက်ခုပ်သံလား တဖြောင်းဖြောင်းကြားနေရသည်။ လက်ခုပ်သံတွေ တစ်စတစ်စ ပိုမြည်လာသည်နှင့်အမျှ အရိပ်မည်းကြီးကလည်း သူနားသို့ ပို၍တိုးကပ်လာသည်။

အရိပ်မည်းကြီးဆီမှ ညှို့စို့စို့အနံ့သည် အော်ကလီဆန်လွန်းလှစွာ သူ ရှူရှိုက်လိုက်မိတုန်းမှာပဲ အရိပ်မည်းကြီးက သူ့ထံသို့ ခုန်ဝင်လာသည်ကို သူနောက်ဆုံး သိလိုက်ရသည်။

❂

"ရှင့်. . . ရှင့် သတိရပြီနော်"

အစိုးရိမ်ပိုလွန်းစွာမေးနေတဲ့ သူမရဲ့ဟန်ပန်ကို မြင်နေရပေမယ့် အကြားအာရုံက ခံစားမရတော့တာကို မောင်လွင် သတိထားလိုက်မိသည်။

သူနားတွေ အမှန်တကယ် ကန်းသွားပြီလား။ အရိပ်မည်းကြီး သူ့ထံဝင်လာပြီး ပြေးလုံးလိုက်တဲ့အခိုက် စီခနဲ နောက်ဆုံးကြားလိုက်ရသည့်အသံသည် သူ့ဘဝအတွက် အကြားအာရုံကိုနောက်ဆုံး နှုတ်ဆက်လိုက်ရသည့်အသံ ဖြစ်နေပြီလား။

"ကိုလွင်၊ ကျွပ်မေးနေတယ်လေ။ ရှင်ကြားတယ်မဟုတ်လား"

ကိုင်လှုပ်ရင်း မေးလာတဲ့ သူမကို ဖျော့လျသောအပြုံးတွေနှင့်ခေါင်းညိတ်ပြလိုက်ရင်း သူအမေးကို ကြားသည့်အလား ဟန်ကို့ဖို့သဘောမျိုးဖြင့် တုံ့ပြန်လိုက်သည်။

"ကြားပါတယ် မရီ၊ ငါသတိရပါပြီ။ ဘာမှမစိုးရိမ်နဲ့တော့၊ ငါဘာမှမဖြစ်ပါဘူး။ မင်းယောကျ်ားဘဦး ရေကူးတတ်ပါတယ်ကွာ"

သူမ စိတ်သက်သာရာရအောင် ဟာသနှောလို့ ပြောလိုက်ရင်း ကြုံးထလိုက်မှ ခန္ဓာကိုယ်ဆီမှ နာကျင်မှုဝေဒနာကို သူ သတိထားလိုက်မိသည်။

"ရှင်မထနဲ့ဦးလေ၊ ဆန်ပြုတ်လေးသောက်လိုက်ဦး။ ကျွပ် ဆန်ပြုတ်သွားယူလိုက်ဦးမယ်"

ပြောရင်း ထမယ်ဟန်ပြင်ပြီးမှ အကြားအာရုံ သက်ရောက်မှုမရှိသူတစ်ဦး ပမာငြိမ်သက်နေတဲ့ မောင်လွင်ကိုကြည့်ရင်း-

"ကိုလွင်၊ ရှင် ကျွပ်ပြောတာတွေ ကြားရဲ့လား"

လို့ မေးနေတဲ့ သူမရဲ့ပြောဟန်ဆိုဟန်ကို အရိပ်အကဲဖမ်းရင်း-

"မရီ မင်း ငါ့ကို ကျွပ်ပြောတာ ကြားရဲ့လားလို့ မေးနေတာပို့လား"

"ဟုတ်တယ်လေ၊ ကျွပ်ရှင့်ကိုမေးနေတယ်"

"ငါ မင်းကို မလိမ်ချင်ဘူး။ မင်းပြောသမျှ မင်းရဲ့ ခြေရိုင်းလက်ရိုင်းကိုဖမ်းပြီး ငါပြန်ပြောနေပေမယ့် မင်းပြောတဲ့စကားကို ငါတစ်လုံးမှ မကြားတော့ဘူး။ ဟုတ်တယ်၊ ညက ငါ့ကို သူတို့ ဒုက္ခပေးလိုက်ကြပြီ မရီ။ ငါက သူတို့ကို ရန်စပြီး မမူပေမယ့် ငါ့ကို သူတို့ ရန်မူကြတယ်။ ငါက မတိုက်ခိုက်ချင်ပေမယ့် သူတို့ငါ့ကို တိုက်ခိုက်ကြတယ်။ ရတယ်၊ ငါ့ကို သူတို့ တိုက်ကြစမ်း။ ငါ သူတို့ကို ဘယ်တော့မှ အနှုံးလည်း မပေးဘူး၊ အညံ့လည်း မခံဘူး။ သူတို့ကဝိညာဉ်၊ ငါကလူ။ ကံနိမ့်လို့ခံလိုက်ရပေမယ့် ကံမြင့်တဲ့အခါ ငါနိုင်မှာပါ"

လို့ မောင်လွင်က ပြောလိုက်ပေမယ့် မရီရဲ့မျက်နှာပြင်တစ်ခုလုံးမှာတော့ စိုးရိမ်မှုအရိပ်သဏ္ဌာန်တို့က ဟန်ဆောင်၍မရလောက်အောင်ကို ထင်ကျန်လျက်ရှိသည်။

"မစိုးရိမ်နဲ့၊ မင်း လုံးဝ စိုးရိမ်စိတ်တွေမထားနဲ့။ ငါ့ရင်ထဲမှာ ဘုရားရှိတယ်။ ငါ့နှလုံးသားမှာ တရားရှိတယ်။ လူဆိုတဲ့ ဘုန်းကံကို သင်းတို့ ဘယ်အထိ တွန်းလှန်နိုင်မှာလဲ"

ပြောရင်း မျက်စိကို အသာမှိတ်လျက် အိပ်ရာပေါ်ကို ဖြည်းညင်းစွာလဲချလိုက်ကာ အမှောင်တိုက်ထဲမှ အရိပ်မည်းကြီးနှင့် လက်ခုပ်သံတွေ တဖြောင်းဖြောင်း အားပေးနေကြတဲ့ သူ့ရဲ့ဘက်တော်သားတွေ။ သူတို့တစ်တွေဟာ ဘာတွေလဲ၊ ဘယ်လိုတွေလဲ၊ ဘာကြောင့် သူ့ကို ဒီနေရာကနေ မောင်းထုတ်ပစ်ချင်နေရတာလဲ ဆိုတဲ့ ပဲပေါင်းများစွာကို စိတ်ထဲမှာ ကြိတ်ခဲမရစွာ အဖြေထုတ်ကြည့်လိုက်မိသော်လည်း ရလာသောအဖြေသည်က မသေချာခြင်းနှင့် မရေရာခြင်းဆိုတဲ့ အဖြေပဲ ဖြစ်ပါတော့သည်။

❂

"ခက်တယ်ကွ၊ဒီကောင်ကိုက စုန်းမကိုး၊ နတ်မရိုး တစ်ဇွတ်ထိုးကြီး။ ဒါမျိုးဆိုတာက ဒီလို တစ်ဇွတ်ထိုးလုပ်လို့ရတဲ့အရာ မဟုတ်ဘူး။ ပရလောကဆိုတာက ကိုယ့်မျက်စိနဲ့မြင်ရတာမှမဟုတ်တာ"

"မင်းပြောတာ ဟုတ်တော့ဟုတ်တယ်။ ဒါပေမယ့် အပြည့်အဝမမှန်ဘူး။ ဘာလို့လဲဆိုတော့ မောင်လွင်ဟာ စုန်းမကိုး၊ နတ်မရိုးဆိုတဲ့ဝါဒ သူမှာမရှိတာတော့ အမှန်ဘဲ။ အခုဖြစ်ရတာကလည်း ပရလောကကို သူမယုံလို့မဟုတ်ဘူး။ ဒီလယ်က အဆမတန်ဈေးချိနေတာရယ်၊ သူ့ကိုယ်သူ ယုံကြည်မှုပိုတာရယ်ကြောင့် ဖြစ်ခဲ့ရတဲ့အဖြစ်ပဲ"

"ဟုတ်တယ်။ သူ့ကိုယ်သူ ယုံကြည်

www.burmeseclassic.com

www.burmeseclassic.com

တတ်တာကတော့ ဒီကောင့်ကို ငါတော်တော် ခီးကျူးတယ်။ ဘာလို့လဲဆိုတော့ သူဟာ တို့လို တစ်ခြိန်က စာရင်းငှားလုပ်စားရာကနေ လယ်ပိုင်ရှင် ဆိုတဲ့ဘဝကို ရောက်အောင် ယုံကြည်မှုတွေ၊ ကြိုးစားမှုတွေကို အခြေတည်ရင်း သူဖန်တီးဖြစ်ခဲ့တာ။ အဲဒါ သူ့ရဲ့စွမ်းရည်ပဲ"

ဆိုတဲ့ ထွန်းရွှေရဲ့ ပြောစကားကို ကိုနီနှင့် ညွန့်သောင်က ခေါင်းညိတ်ကာ ထောက်ခံလိုက်ရင်း အကြမ်းပန်းကန်ကို ကိုယ်စီမော့ချလိုက်ကာ စကားကိုဆက်သည်။

"အေးကွာ- မှားတယ်လို့ပဲပြောရမလား၊ ဒါမှမဟုတ် မှန်တယ်လို့ပဲ ပြောရမလားဆိုတာကိုတော့ ငါတောင် ဝေခွဲမရဖြစ်လာတယ်။ ဘာပဲဖြစ်ဖြစ်ကွာ တို့သူငယ်ချင်းကြီး မောင်လွင်တစ်ယောက် အမြန်ကျန်းမာပါစေလို့ ဆုတောင်းရုံမှ တစ်ပါး တို့လည်း မတတ်နိုင်ဘူး"

ညွန့်သောင်က ညည်းညည်းညူညူ ပြောလိုက်ရင်း တည်ခင်းစည့်ခံထားတဲ့ လက်ဖက်ကို တစ်ဇွန်းခပ်ထားလိုက်ခိုက် အဝေးဆီမှ ကြက်တွန်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

"ဟား- အချိန်တောင်မနည်းတော့ပါလား။ ကိုနီရေ၊ တို့လည်း ပြန်ကြမှနဲ့တူတယ်။ တို့ဖြတ်ရမယ့်လမ်းက ဟဲဟဲ- မောင်လွင့်လယ်တဲနော်"

ညွန့်သောင်ရဲ့စကားကို ကွမ်းယာနေတဲ့ မောင်နီကပါ တစ်ချက် ရောယောင်ပြုံးလိုက်ရင်းက-

"ဘာလဲ မင်းက ကြောက်နေလို့လား။ မကြောက်ပါနဲ့ကွာ၊ သူလည်း သူ့ဘာသာနေ၊ ကိုယ်လည်း ကိုယ့်ဘာသာသွားတာ ဘာဖြစ်တာမို့လို့လဲ"

"အေး- သူလည်း သူ့ဘာသာနေ၊ ကိုယ်လည်း ကိုယ့်ဘာသာသွားဆိုတာတော့ ကိုယ့်ဘက်ကတော့ မှန်တာပေါ့။ မမှန်တာက အဲဒီလယ်ပဲ။ သွားသမျှလူတိုင်းကို ဒုက္ခပေးပေါင်းများနေပြီမဟုတ်လား။ ဒါကြောင့်လည်း ညဆိုရင် ဒီနေရာကို ရှောင်ကြပြီး ဘယ်လောက်ပဲဝေးဝေး အဝေးကပဲ ရှောင်ပြေးကြတာပေါ့"

"အေး- အဲဒီလို တို့ကသာရှောင်ပြေးနေကြတာပါဗျာ၊မောင်လွင်ကတည့် တည့်တောင် ဝင်တိုးပစ်လိုက်သေးတယ် မဟုတ်လား"

"ဒါကတော့ ကိုနီရာ လ ယ်တစ်ကွက် (၇၀)၊ (၈၀)ပေါက်နေချိန်မှာ (၄၅) ကျပ်နဲ့ ရောင်းတယ်ဆိုတော့လည်း သူဝယ်ချင်တာ သိပ်တော့မဆန်းပါဘူး"

"အဲဒါကိုက မှားတာ။ စျေးချိုပြီဆိုတာထက် ဒီလယ်ကို ဘာလို့ စျေးချိုခဲ့ရောင်းတာလဲဆိုတာ သူတွက်ဖို့ကောင်းတယ်။ နောက်ပြီး ဒီလယ်အကြောင်းကိုလည်း သိနေရဲ့သားနဲ့"

"အေးလေ၊ ဒါကလည်း တို့အမြင်ကိုး။ ကဲ- ဒါတွေထားလိုက်ပါတော့။ တို့ပြန်ကြရအောင်၊ လတောင်ဝင်ခါနီးနေပြီ။ သိပ်ညဉ့်နက်လို့မကောင်းဘူးကွ"

လို့ ပြောရင်း ကိုနီက ပြန်ဖို့ဟန်ပြင်လိုက်မှ ညွန့်သောင်လည်း ထိုင်ရာမှ ထကာ အကြောဆန့်ရင်း ထွန်းရွှေကို နှုတ်ဆက်လိုက်သည်။

"ကဲ- ထွန်းရွှေရေ၊ တို့သွားမယ်။ မနက်ကျမှပဲ မောင်လွင့်အိမ် တို့သတင်းသွားမေးကြတာပေါ့"

ဟု ပြောဆို နှုတ်ဆက်ရင်း ကိုနီနှင့် ညွန့်သောင်ဟာ ရွာလမ်းဘက်သို့ လှမ်းထွက်လိုက်ပါတော့သည်။

"အု. . . ဝူ. . . ဝူ"

အဝေးဆီမှ ခွေးတစ်ကောင်ရဲ့ ဆွဲဆွဲငင်ငင် အူလိုက်တဲ့အသံက ဝင်လုဆဲဆဲ လရောင်အောက်က ညအမှောင်ထုကို ထိုးဖောက်ရင်း ထွက်ပေါ်လာတာကို ကြားလိုက်ရတဲ့အခိုက် ကိုနီနှင့်ညွန့်သောင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ပါပါနှင့် လှည့်ကြည့်လိုက်ကြသည်။

ပတ်ဝန်းကျင်သည် ခွေးအူသံဆုံးသည်နှင့် ပြန်လည် တိတ်ဆိတ်ခြင်းဖြင့် ငြိမ်သက်၍သွားသည်။မြောက်လေညင်းရဲ့ တိုက်ခတ်မှုက အရိုးကွဲမျှ အေးလှသော်လည်း သူတို့နှစ်ယောက်မှာတော့ မမှုနိုင်သော ခြေလှမ်းများဖြင့် မောင်လွင်၏ လယ်တောဆီသို့ တဖြည်းဖြည်း ချဉ်းကပ်၍နေမိကြသည်။

"မောင်နီရေ၊ ဟုတ်ပါ့မလား"

"မင်က ဘာကိုဆိုလိုတာလဲ"

"ဟို မောင်လွင့် စလင်းကုန်းမှာ လူမရှိဘူးဆိုတာကိုပြောတာ"

ညွန့်သောင်ရဲ့ သံသယစွက်တဲ့ မေးခွန်းကို မောင်နီက အဓိပ္ပာယ်ပါပါ တစ်ချက်ပြုံးရင်း-

"ညွန့်သောင်ရေ၊ ကျိန်းသေသမှ ကွက်တိ ကွက်တိ။ ငါကိုယ်တိုင်စောင့်ကြည့်ပြီး သတင်းမေးခဲ့တာ။ သူမိန်းမက ပြောတယ် စလင်းစောင့်ဖို့ လူငှားတာ ဘယ်သူမှ မနေရဲလို့ ငှားလို့မရဘူး။ အဲဒါကြောင့် ငါ့ကိုတောင် အားရင်စောင့်ပေးပါလို့ ပြောနေတာကွ"

"အဟမ်း. . . အဟမ်း. . . အဟမ်း"

စကားပြောနေစဉ်မှာပဲ စလင်းကုန်းဘက်ဆီမှ ခွေးငယ်သံကို ကြားလိုက်ရသည်။ ကြက်သီးမွေးညင်းတို့ပင် ထောင်ထသွားအောင် အလန့်တကြားဖြင့် တာရိုးဘေးကို နှစ်ယောက် ပြိုင်တူဝပ်ချလို့က်ရင်း-

"ဟေ့ဟေ့ကောင်၊ မင်းပြောတော့ စလင်းမှာ လူစောင့်မရှိဘူးဆို"

"မရှိပါဘူး"

"ဒါဖြင့် ခုနခွေးဟန့်တာ ဘယ်သူတုံး"

ညွန့်သောင်ရဲ့အမေးစကားကြောင့် ကိုနီ မျက်ခုံးကို တစ်ချက်တွန့်လိုက်ရင်း တွေးတွေးဆဆပုံဖြင့်-

"အင်း- ထူးတော့ထူးခြားနေပြီ။ နေဦး၊ တို့အသာလေးစောင့်ကြည့်ကြတာပေါ့"

ဟု ပြောရင်း စလင်းကုန်းဘက်ဆီသို့ သူတို့နှစ်ယောက် မျက်တောင်မခတ်တမ်း စိုက်ကြည့်နေတုန်းမှာပဲ ကုလားအုံအတွင်းမှ အရိပ်မည်းကြီးဦးဆောင်လျက် တစ်ယောက်ပြီးတစ်ယောက် ထွက်လာတာကို သူတို့နှစ်ယောက် တွေ့လိုက်ရသည်။

ဘယ်လိုလဲဆိုတဲ့သဘောဖြင့် ကိုနီက ညွန့်သောင်ကို ခေါင်းဆတ်ပြလိုက်ရင်း ထွက်လာသော အရိပ်မည်းများရဲ့ အရေအတွက်ကို ရေကြည့်ဖို့ကြိုးစားနေစဉ်မှာပဲ ကုလားအုံနှင့်မမျှသော ဦးရေက စလင်းကုန်းတစ်ခုလုံး ပြည့်နှက်သွားတာကို တွေ့လိုက်ရသည်။

ရှေ့ဆုံးမှဦးဆောင်ထွက်လာသော အရိပ်မည်းကြီးရဲ့ အသွင်သဏ္ဌာန်ကို ကောင်းစွာ မမြင်တွေ့ရသော်လည်း မီးဝင်းဝင်းတောက်မျှ စိုက်ကြည့်နေတဲ့ မျက်ဝန်းအစုံကိုတော့ ညအမှောင်ကို ထွင်းဖောက်ရင်း မြင်လိုက်ရသည်။

အကြည့်သည် သူတို့နှစ်ဦးထံမှ လွဲဖယ်၍မသွား။ ထိုနည်းအတူ ကျန်အရိပ်မည်းများ၏မျက်ဝန်းများသည်လည်း သူတို့နှစ်ဦးအပေါ် သို့ စုပြုံရောက်ရှိလာခိုက် မတိုင်ပင်ပါဘဲလျက် တိုင်ပင်ထားသည့် အလား ဖဝါးနဲ့တင်ပါး တစ်သားတည်း ကျအောင်ပြေးဖို့ အားယူနေတုန်းမှာပဲ-

"ပြေးပြီ၊ ပြေးပြီ၊ ဟားဟားဟား. . . ပြေးပြီဟေ့၊ ပြေးပြီ"

ဆိုသည့်အသံများသည် အနောက်ဆီမှ ဝဲပျံလျက် ချွေးသီးတို့က တစ်ကိုယ်လုံးကို စွတ်စိုနေသော်ငြားလည်း သူတို့မှာတော့ မနားနိုင်။

www.burmeseclassic.com

www.burmeseclassic.com

"ပြေးပြီ၊ ပြေးပြီ၊ ပြေးပြီဟေ့"

ဆိုတဲ့အသံသည် တလင်းနှင့် မည်မျှပင်ဝေးဝေး အရိပ်ပမာထက်ကြပ်မကွာလိုက်ပါကြားနေရဆဲ။ တဖြောင်းဖြောင်းဖြင့် လှမ်း၍ လိုက်ပါလာသော ခြေလှမ်းတို့သည်ကလည်း ကိုယ်ပြေးနေသော ခြေလှမ်းထက်ပင် မြန်နေသေးလားဟု ထင်ရလောက်အောင် နီးကပ်လျက်ရှိသည်။

ရင်ထဲမှာ မောပန်းခြင်းကြောင့်ဆို တက်လာတဲ့ အပူလုံးကြီးက မျက်စိကိုပင် ပြာဝေစေအောင် ခံစားလာရသည်နှင့်အမျှ ခြေလှမ်းတို့က မမှန်ချင်တော့။ ထိုစဉ် ကိုနီ ရုတ်ခြည်း လဲကျသွားတာကို ညွှန်သောင် နောက်ဆုံးမြင်လိုက်ရပြီးသည့်နောက် ခြေတို့သည်လည်း ပျော့ခွေ၍သွားကာ သူသည်လည်း လောကကြီးနှင့် အဆက်အသွယ်ပြတ်တောက်၍ သွားပါတော့သည်။

❂

ကိုယ့်မှာဖြစ်ပေါ် နေတဲ့ရောဂါဝေဒနာတွေက သက်သာမည်မှ မကြံသေး၊ နောက်ဆက်တွဲ ရင်မအေးစရာသတင်းတွေက ထပ်ဆင့်လို့ ဝင်ရောက်လာကြလေသည်။

"မနေ့က ညွှန်သောင်နဲ့ ကိုနီ သရဲအလိုက်ခံရလို့"

"အလိုက်ခံရတာတောင် နည်းသေး။ သူတို့က ဒီနေရာကို ညကြီးအချိန်မတော် ဘာကြောင့်သွားရတာလဲ။ အခြေသတင်းကြီးနေတဲ့ ဒီလယ်ကြီးအကြောင်းကို သင်းတို့လည်း သိရဲ့သားနဲ့ မိုက်လုံးကြီးပြီးသွားတာခဲ့"

ဆိုတဲ့အသံတွေလည်း အရပ်ထဲမှာ ညံလို့နေသည်။

"ဟင်း"

မောင်လွင် သက်ပြင်းမောကို အသာအယာ ကျိတ်ပြီးချလိုက်သည်။ ရင်ထဲက အမောလုံးကြီးက ရှောခနဲ ဆင်းမသွားဘဲ တင်းကျပ်ဆို့တစ်စွာခံလို့နေလေသည်။ ခက်ပြီ၊ ဒီလယ်ကိုဝယ်လိုက်မိတာ အကုသိုလ်ကို ဝယ်လိုက်မိခြင်းပေပဲလားဟု မောင်လွင် တွေးလိုက်မိပြန်တော့ အရာရာဟာ သူ့အတွက် နောက်ကျခဲ့ပြီဆိုတာကို သိလိုက်ရသည်။

ပြင်လို့လည်း မရ။ ပရ ဆိုသော လောကသားတွေကို ယှဉ်လို့လည်းမရဖြင့် အကောင်းဆုံးလမ်းစတွေ ပျောက်ဆုံးခဲ့ရခြင်းက တကယ့်ကို ခံပြင်းစရာ။

'လုပ်စားတော့ မိုးခေါင်၊ ခိုးစားတော့ ခွေးဟောင်' ဆိုတဲ့ စကားလိုမျှားဖြစ်နေပြီလား။ ကိုယ့်နဖူးကခွေး ခြေမကျသည့်တိုင် နိုးသားစွာရှာဖွေရရှိခဲ့သောငွေတို့ကြေးစလေးမျှားဖြင့် ကျားကုတ်ကျားခဲ ဝယ်ယူထားခဲ့ရတဲ့ ဒီလယ်ဟာ ဘာမှမဟုတ်တဲ့ပရလောကသားရဲ့လက်မှာ ဖုန်းဆိုးတောဘဝနဲ့ ပစ်ထားရတော့မှာလား။

"စွန့်လွှတ်လိုက်ပါတော့မောင်လွင်ရာ၊ မမြင်ရတဲ့ ဝိညာဉ်ဆိုတာကို တို့တစ်တွေအနေနဲ့ ဘယ်လိုယှဉ်ကြမှာလဲ။ မထူးခြားတာကို ကြိုးစားကြည့်နေမယ့် အစား အကောင်းဆုံးတွေကိုပဲ မင်းရွေးချယ်ပြီး စဉ်းစားသင့်တယ်"

"မထူးခြားတာကို ထူးခြားလာအောင် ကြိုးစားနေတာဟာ အချည်းအနှီးပဲဆိုတာကို ငါလက်သင့်ခံပေမယ့် ပုစ္ဆာတိုင်းမှာ အဖြေရှိတယ်။ ဝှက်ဖဲတစ်ချပ်ရဲ့ နောက်ကွယ်က အနိုင်ရမယ့်အဖြေကို ကြိုးစားရှာဖွေခြင်းကတော့ ငါ့အတွက် အချည်းအနှီးအလုပ်တစ်ခု မဟုတ်ဘူးဆိုတာ ငါယုံကြည်တယ် ကျော်သောင်။ အခုဟာက ငါ ဝှက်ဖဲတစ်ချပ်ရဲ့အဖြေကို ဖော်ထုတ်နေတာ"

မောင်လွင်ရဲ့ပြောစကားကိုကျော်သောင်းက ခေါင်းခါယမ်းလိုက်ရင်း-

"မဟုတ်သေးဘူး မောင်လွင်၊ မင်း ဒီလိုထင်ရာတွေစိုင်းပြီး တဇောက်ကန်းတွေ လုပ်မနေနဲ့။ အဲဒီလို မင်းလုပ်ခဲ့လို့လည်း အခုပဲကြည့်၊ မင်းမိသားစု ဘယ်လောက် စိတ်ဆင်းရဲသွားရလဲ။ တော်သေးတာပေါ့၊ မရိုက စိတ်ကူးကောင်းသွားပြီး သူတို့မကြိုက်တဲ့ အဲဒီကုလားအုံကို တောင်းပန်ပြီး သွားဖြိုလိုက်လို့သာပေါ့။ နို့မို့ဆို မင်း နားကန်းဘဝကြီးနဲ့ ဘယ်လောက်တောင် ဒုက္ခရောက်နေဦးမလဲဆိုတာ မသိနိုင်ဘူး"

"ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်။ ငါ့အတွက်နဲ့ ငါ့မိသားစုတွေ စိတ်ဆင်းရဲကြတယ်ဆိုတာကို ငါ လက်သင့်ခံပါတယ်။ ဒါပေမယ့် ပုစ္ဆာတစ်ပုဒ်မှာ အဖြေရှိတယ်ဆိုတာကို အဲဒီကပဲ ငါ သိလိုက်တယ်။ ဘာလို့လဲဆိုတော့ ဒီလယ်တဲမှာ ငါလယ်လုပ်တာတွေ့၊ ကုလားအုံဆောက်တာတွေ့ကို သူတို့မကြိုက်ဘူး။ သူတို့မကြိုက်တဲ့ ကုလားအုံကို ငါတို့က ဖျက်ပေးလိုက်တော့ ငါ့ကိုဖမ်းစားထားတဲ့ သူတို့ရဲ့လုပ်ရပ်ကိုလည်း ဖြေလျော့ပေးလိုက်ကြတယ်။ အဲဒါဟာ ပုစ္ဆာတစ်ပုဒ်ရဲ့အဖြေပဲပေါ့ကွ"

မောင်လွင်ပြောနေတဲ့စကားတွေကို နားလည်မှု၊ သဘောပေါက်မှု အားနည်းစွာဖြင့် အဓိပ္ပာယ်မသိမျက်ဝန်းတွေဖြင့် ပြန်ကြည့်နေရင်း-

"ဘာအဖြေလဲ၊ အဲဒီအဖြေရဲ့နောက်ဆက်တွဲတွေကို မင်းက ဘယ်လိုများ ဆက်ပြီးရှာဖွေဦးမလို့လဲ"

"ဆက်ပြီး ရှာဖွေဖို့ ငါတွေးထားတာတစ်ခုတော့ရှိတယ်။ ဖြစ်မယ်၊ မဖြစ်ဘူးဆိုတာ ကိုယ်တော့ ငါအာမမခံရဲသေးဘူး။ ဒါပေမယ့် ငါကြိုးစားမယ်။ စစ်မတိုက်ဘဲ သေရတာထက် စစ်တိုက်ပြီး သေရတာက ပိုပြီးမြတ်တယ်ဆိုတဲ့စကားလိုပဲ ဘဝရဲ့ အခက်အခဲ စစ်ပွဲတွေကို တိုက်မကြည့်ဘဲ အရှုံးပေးလိုက်ရခြင်းထက် တိုက်ကြည့်ပြီးမှ မနိုင်တာကို ငါ ကျေကျေနပ်နပ်ကြီးကို ခံယူလိုက်မယ်"

မောင်လွင်ရဲ့အားပါပါပြောနေတဲ့စကားတွေကို ကျော်သောင်းက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ရင်း-

"အင်းလေ၊ ပြောမရတော့လည်း မင်းသဘောပေါ့ကွာ။ ငါကတော့ မင်းဒုက္ခရောက်မှာစိုးရိမ်လို့ ပြောတာပါ။ ကဲကဲ-ငါပြန်ဦးမယ်၊အကူအညီလိုရင်လည်း ပြော ငါကူညီနိုင်သမျှ ကူညီပါ့မယ်ကွာ။ ကဲ- ငါသွားပြီဟေ့"

နှုတ်ဆက်ရင်းမှ လှမ်းထွက်သွားတဲ့ သူငယ်ချင်းကောင်း ပီသလွန်းတဲ့ ကျော်သောင်းရဲ့ ကျောပြင်ကိုကြည့်ရင်း တစ်နေ့တော့ အောင်မြင်မှာပါ သူငယ်ချင်းရယ်လို့ ပြောလိုက်တဲ့စကားသံကိုတော့ အိမ်အပြင်ရောက်သွားပြီဖြစ်တဲ့ ကျော်သောင်း ကြားနိုင်လိမ့်မည် မထင်ပါ။

❂

နေ့တို့သည် တရွေ့ရွေ့ကုန်ဆုံးလာခဲ့သည်။ လတို့သည်လည်း သရာဇ်တို့၏ ဝါးမျိုခြင်းကိုခံရကာ ဘာလဆိုတဲ့ တစ်နှစ်တာကို ပြန်လည်ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com

လာခဲ့ပြီ ဖြစ်သည်။

ဒီနှစ် စပါးအထွက်နှုန်းက မဆိုးလှ။ အန္တရာယ်ကင်းကင်းဖြင့် တစ်ဧကကို တင်းတစ်ရာ ကျော်ခဲ့လေသည်။ အလှူလုပ်မည်ဟူသောရည်မှန်းချက်လည်း ပြည့်ခဲ့ပြီ။ မဖြစ်နိုင်တော့ပြီလို့ ထင်ထားသောအရာက ဖြစ်လာတော့ မောင်လွင့်ရင်မှာ အမည်မဖော်နိုင်သော ပျော်ရွှင်မှုတစ်ရပ်က ဘာနှင့်မှ လဲနိုင်မည်မထင်။

အိမ်ရှေ့အလှူမဏ္ဍပ်အတွင်း လှုပ်လှုပ်ရှားရှားနှင့် အလှူအတွက် ကြိုးစားနေကြသော ပါရမီဖြည့်ဖက် မိတ်ဆွေအပေါင်းအသင်းများနှင့် ရွာသားတွေအား လုံးသည်ပင် အံ့ဩရသောအဖြစ်။ ဘယ်သောကာလ ဘယ်သောအခါမှအနှောင့်အယှက်မကင်းခဲ့သောရာဇဝင်တွင်ခဲ့တဲ့ လယ်ကြီးက ယခုနှစ်မှာတော့ အပြစ်ကင်းသည့် ကလေးငယ်တစ်ဦးအလား တကယ့်ကို ချစ်စရာကောင်းလောက်အောင်ကို ထူးခြားစွာ ငြိမ်သက်နေလေသည်။

အဖြေဆိုသောအရာကို ကြိုးစားရှာခဲ့တဲ့ရလဒ်ကို ခံစားရခြင်းဖြစ်သည်ဟု မောင်လွင် ယုံကြည်ထားသည်။ ဒီအဖြေကို သူရှာခဲ့သလို ဒီကတိကို သူပေးခဲ့သည်။

'မင်းမှာသစ္စာ၊ လူမှာကတိ' ဆိုတဲ့ စကားကို လက်ကိုင်ထားရင်း နားလည်မှုတွေနှင့် လက်တွေ့အကောင်အထည်ဖော်ပြခဲ့တဲ့ပရလောကသားတွေအတွက် သူ ကတိတည်စွာ ဤအလှူကို လုပ်ပေးနေခြင်း ဖြစ်သည်။

နေမင်းသည် တဖြည်းဖြည်း ငုပ်လျှိုးကွယ်ပျောက်ခဲ့ရုံသာမက ညသည်ပင် တစ်စတစ်စ မင်းမူလာပြီ ဖြစ်သည်။ ကြက်သွန်းလှီး၊ ငှက်ပျောပင်ခွာ၊ ငါးရိုးထွင်အလုပ်များကို ကူညီပေးခဲ့ကြသည့် ရွာမှကလေးမလေးတွေပင် ပြန်ကုန်ကြပေပြီ။

"ဒင်. . . ဒင်. . . ဒင်"

တိုင်ကပ်နာရီအိုကြီးဆီမှ (၁၂) နာရီ အချက်ပြသံကို ကြားလိုက်မှ အပျော်တွေဖုံးပြီး ထမင်းစားဖို့ပင် မေ့နေသည့် မိမိအဖြစ်ကို မောင်လွင် သတိရလိုက်မိသည်။

"မရီရေ၊ ငါ့အတွက် ထမင်းခူးပေးပါဦးကွာ"

အလှူပစ္စည်းတွေကို အစီအရီနေရာချနေသော ဇနီးသည်အား လှမ်းပြောရင်း အိမ်ပေါ် သို့တက်လိုက်သည့်အခိုက် 'မောင်လွင်' ဆိုသော ခေါ်လိုက်သံက နားဆီသို့ ဆောင့်တိုးဝင်ရောက်လို့လာလေသည်။

"မရီ၊ ငါ့ကိုဘယ်သူခေါ်လိုက်တာလဲ"

သူ့အမေးကို မရီက ကြောင်စီစီ ငေးကြည့်ရင်း-

"တော်ဘာတွေပြောနေတာလဲ၊ တော့်ကိုဘယ်သူကခေါ်လို့လဲ။ ကျုပ်ဖြင့် မကြားပေါင်တော်"

ဆိုတဲ့ မရီရဲ့စကားကြောင့် မောင်လွင် ကိုယ့်ကိုယ်ကိုယ့် နားမလည်နိုင်အောင် ဖြစ်သွားရလေသည်။ အမှန်ပင် ခေါ်လိုက်သောအသံသည် အများမကြားခဲ့ပေမယ့် မောင်လွင် ကြားသည်။

ဒါဆို ဘယ်သူခေါ်တာလဲ။ သွေးလေချောက်ချားမှုတစ်ခုတော့ မဟုတ်နိုင်။ ဘယ်သူလဲ၊ ဘယ်သူတွေလဲအတွေးဖြင့် ခွဲခြားရင်း စဉ်းစားနေတဲ့အခိုက် 'သူတို့အတွက် ရည်စူးပြီး လှူဒါန်းတယ်ဆိုရင် သူတို့ကို အလှူမှာ ကိုယ်နဲ့ တရားအတူနာဖို့ကို ဖိတ်ဖြစ်အောင်ဖိတ်။ အဲဒါကို မမေ့နဲ့ ဆိုတဲ့ ရွာဦးဆရာတော်ရဲ့ သတိပေးစကားတို့ နားထဲသို့ တိုးဝင်လာသည့် အခိုက်-

"ဟုတ်ပြီ၊ ငါသိပြီ မရီ။ သူတို့ငါ့ကို ခေါ်တာ၊ ငါသူတို့ဆီကို သွားရမယ်"

"တော်ဘယ်သူဆီကိုသွားတာလဲ၊ တော်ဘာတွေပြောနေတာလဲ"

"ဟုတ်တယ် မရီ၊ ငါသွားရမယ်။ ငါ သူတို့ကို ကတိပေးထားတယ်၊ မသွားလို့မဖြစ်ဘူး"

ပြောပြောဆိုဆို အိမ်ရှေ့ကို လှမ်းထွက်သွားတဲ့ မောင်လွင့်အနောက်ကို မရီ အပြေးကလေးလိုက်သွားရင်း လက်မောင်းကို ဖမ်းဆုတ်လျက်-

"တော်ဘယ်ကိုသွားမှာလဲ၊ ကျုပ်ကိုပြောစမ်းပါဦး"

"မရီ၊ မင်း ငါ့အတွက် ဘာမှမပူနဲ့။ ငါဘယ်ကိုသွားမယ်ဆိုတာလည်း မင်း မသိချင်နဲ့။ နောက်ပြီး ငါ့နောက်ကိုလည်း ဘယ်သူကိုမှ အဖော်မထည့်လိုက်နဲ့။ သွားသွား မင်းလုပ်စရာရှိတာ သွားလုပ်"

ပြောပြောဆိုဆို လှမ်းထွက်သွားတဲ့ မောင်လွင့်ကို ငေးကြည့်ရင်း-

"တော်အခုထိ တစ်ဇတ်ထိုးလုပ်နေတုန်းပါပဲလား"

လို့ ပြောလိုက်တဲ့ မရီရဲ့စကားသံကို အမှောင်အတွင်းသို့ တိုးဝင်သွားတဲ့ မောင်လွင်ကတော့ မကြားသည်ဘဲလား၊ ကြားလျက်ဖြင့် နောက်မတွန့်သည်ဘဲလား မောင်လွင်မှအပ ဘေးလူကတော့ မသိနိုင်ပေ။

ပုစဉ်းရင်ကွဲတို့၏ အော်မြည်သံမှအပ ညသည် တိတ်ဆိတ်လျက် မှောင်ဝါးဝါးလရောင်အောက်၌ အိပ်မျော်နေလေသည်။

လုပ်ငန်းခွင်တွေ မပြီးပြတ်သေးသည့် ခပ်လှမ်းလှမ်း တလင်းများဆီမှ ခပ်သဲ့သဲ့ ကျွဲငေါက်သံကို ရံဖန်ရံခါကြား တတ်သည်မှအပ ညသည် ငြိမ်သက်လွန်းစွ။

မောင်လွင်သည် ရိုးပြတ်တို့ကို တဖြည်းဖြည်း ထိုးခွဲရင်း တလင်းကုန်းဆီသို့ ဦးတည်လျှောက်လှမ်းလျက် ရှိသည်။ အမြင်သည် မဝေဝါးသော်လည်း နားဆီသို့ စကားပြောသံသဲ့သဲ့တို့ တိုးဝင်လာမှုက တလင်းကုန်းနှင့် နီးလာလေပို၍ ကျယ်လာလေ ထင်မှတ်ရသည်။

သို့သော် မည်သည့်စကားကိုပြောနေခြင်းဖြစ်သည်ကိုကား မခွဲခြားနိုင်။

တလင်းကုန်းပေါ် လှမ်းတက်လိုက်တဲ့အခိုက်မှာပဲ 'ဝေး' ခနဲ အော်သံများ ဆူညံစွာ ကြားလိုက်ရသည်ဟု မောင်လွင် ထင်လိုက်မိသည်။

"အို- လယ်စောင့် ပရလောကသားအပေါင်းတို့၊ ကျွန်ုပ်သည် မင်းမှာသစ္စာ လူမှာကတိဆိုတဲ့ စကားအတိုင်း သင်တို့ဘက်က ကတိတည်သလို ကျွန်ုပ်ဘက်ကလည်း ကတိတည်စွာဖြင့် သင်တို့ လိုလားလျက်ရှိတဲ့ အလှူကိုလည်း ကျွန်ုပ် မနက်ဖြန်မှာ ပြုလုပ်ပေးတော့မှာဖြစ်ပြီး သင်တို့အတွက် လယ်ငှားခ၊ ဝမ်းစာစပါးကိုလည်း ကျွန်ုပ် သင်တို့ပိုင် တလင်းကုန်း၌ ဝမ်းစာထည့်ပေးခဲ့ပြီး ဖြစ်သည်။ ဤအတွက် သင်တို့ကျေနပ်လိမ့်မည်ဟု ကျွန်ုပ် ယုံကြည်ပါသည်"

ပြောလက်စ စကားကို ခေတ္တရပ်ရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ပြီးမှ-

"ကျွန်ုပ် ပြုလုပ်သမျှကို သင်တို့ကျေလည် ကျေနပ်စေချင်ပါသည်။ ဤကိစ္စအား ကျေနပ်သည်ဆိုပါက ကျွန်ုပ်နှင့်အတူ ကုသိုလ်ယူ၍ သာဓုအနုမောဒနာခေါ် ဆိုရန်လိုက်ခဲ့ဖို့ ကျွန်ုပ်က ဖိတ်မန္တကပြုလိုက်ပါသည် အို ဝိညာဉ်လောက ပရသားအပေါင်းတို့"

မောင်လွင်၏ ဖိတ်ခေါ်သံသည် တစ်ကွင်းလုံးကို လွှမ်းခြုံ၍ သွားသည်။ ဝိညာဉ်သားတို့၏ လှုပ်ရှားသံကိုတော့ စိုးစဉ်းမျှ မကြားရသေးချေ။ အားလုံးက

www.burmeseclassic.com

www.burmeseclassic.com

ညနှင့်အတူ တကယ့်ကို ငြိမ်သက်လျက်ရှိသည်။

မောင်လွင်သည် ပြောသင့်တာကို ပြောပြီးသည်နှင့် လာလမ်းကို ပြန်ရန် ခြေလှမ်းလှည့်လိုက်သည်နှင့် တိတ်ဆိတ်မှုကို လှုပ်ရှားသံများဖြင့် အသက်သွင်းလိုက်သည့်အသံများကို ကြားလိုက်ရ၏။

မောင်လွင် တစ်ချက်ပြုံးလိုက်ရင်း-

"ကဲ- သွားလိုက်ကြရအောင်ဟေ့"

ဟုဆိုကာ ခြေလှမ်းစလိုက်သည့် အခိုက် ရိုးပြတ်တို့ကို တွန်းတိုက်ရင်း လိုက်ပါလာသည့် ခြေသံတို့သည်ကား ရေတွက်၍ပင်မရအောင် ရှိပါတော့၏။

'သြော်- သူတို့တစ်တွေ ဝမ်းသာနေကြရော့ထင့်' ဟု တွေးလိုက်မိသည့် အခိုက် ကြောက်စိတ်ဝင်ရမယ့်အစား မောင်လွင်ရဲ့ရင်မှာ ပီတိတို့သာဝေဖြာ၍ ပေါ်ထွက်လာပါတော့သည်။ နောက်တစ်နေ့ မိုးလင်းသည်နှင့် အလှူလည်း ပြီးမြောက်သွားသည်။ ပရလောကသား အားလုံးကို မောင်လွင်က လှိုက်လှိုက်လဲ့လဲ့ကြီး အမျှအတန်း ပေးဝေလိုက်လေတော့သည်။

✪

"ကိုလွင် ကိုလွင်၊ ထစမ်းပါဦး"

အဆောတလျင်နှိုးလာတဲ့ မရီရဲ့ အသံကြောင့် အလှူရက်က အိပ်ရေးပျက်ထားသမျှအတိုးချအိပ်နေတဲ့ မောင်လွင်ဟာ မျက်လုံးကို အသာအယာ ပွတ်လိုက်ရင်း-

"မရီ၊ မင်းဘာဖြစ်လို့လဲ။ ဟင်- ကြည့်စမ်းပါဦး၊ မင်းတစ်ကိုယ်လုံးလည်း ချွေးတွေကိုရွဲလို့ပါလား"

မောင်လွင်ရဲ့ ပြောလိုက်တဲ့စကား သံကြောင့် မရီဟာ အိပ်ရာအနီးမှာရှိတဲ့ မျက်နှာသုတ်ပဝါနှင့် ချွေးတို့ကို သုတ်ပစ်ရင်း-

"ဟုတ်တယ် ကိုလွင်၊ ကျွပ်အိပ်မက်တွေမက်နေလို့"

"နို့- နေစမ်းပါဦး၊ မင်းက ဘာအိပ်မက်တွေများမက်နေရလို့ ဒီလောက်တောင် အလန့်တကြားဖြစ်နေရတာလဲ။ ဧကန္တ- မင်းထမင်းလုံးတစ္ဆေအခြောက်ခံနေရပြီထင်တယ်"

"ဘယ်ကလာ ထမင်းလုံးတစ္ဆေအခြောက်ခံရမှာလဲ၊ ကျွပ်ပြောပြမယ် နေဦး"

မရီသည် စကားကို မဆက်နိုင်သေးဘဲ ရေတစ်ခွက်ကို ကမန်းကတမ်း မော့ သောက်လိုက်ပြီးမှ-

"ဒီလိုရှင့်၊ ကျွပ်တို့အိမ်ရှေ့ကို လူထွားကြီးတစ်ယောက် ဦးဆောင်ထားတဲ့ လူတစ်အုပ်စု ရောက်လာပြီး ရှင်နဲ့ကျွပ်ကို လှမ်းခေါ်တယ်။ ဒါနဲ့ ကျွပ်လည်း အိမ်ရှေ့ပေါက်ကနေထွက်ပြီး ဘာကိစ္စရှိလို့လဲလို့ မေးတော့ နှင်တို့ကို ငါတို့ ကျေးဇူးတင်တယ်ဆိုတဲ့အကြောင်း လာပြောတာပါတဲ့။ နောက်ပြီးတော့ သူတို့က ဟို အဝေးကြီးကို သွားရတော့မှာမို့လို့ ဒီနေ့ ဒီအချိန်ကစပြီး နင်တို့ အခုလုပ်နေတဲ့ လယ်ကို အပိုင်ယူလိုက်ကြတော့လို့ပြောပြီး အခု လယ်မှာ တစ်ယောက်စ၊ နှစ်ယောက်စ ကျန်သေးတယ်။ နှစ်စဉ်တော့ သူတို့အတွက် ဝမ်းစာလေးထည့်ထည့် ပေးပါကွယ်။ မင်းတို့ကို သူတို့က စောင့်ရှောက်ပြီး အကူအညီပေးပါလိမ့်မယ်လို့ ပြောပြီး ကျွပ်တို့ကို နှုတ်ဆက်သွားတယ်တော့။ ပြီးတော့ နင်တို့ ငါတို့အတွက် ရည်စူးပြီးလှူတဲ့အလှူကို ငါတို့အားလုံး သာခုခေါ်တယ်။ အခု ငါတို့ ဒီထက်ကောင်းတဲ့နေရာကို သွားရတော့မယ်။ သာခု. . . သာခု. . . သာခု"

မရီပြောစကားကို မောင်လွင်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း-

"အင်း - အားလုံး အေးငြိမ်းသွားကြပါပြီကွယ်။ တို့ပြုသမျှကုသိုလ်တွေ အားလုံး အမျှရပါစေ"

"ဟုတ်ပါတယ်တော်၊ သူတို့ အခုလိုပြောပြီးထွက်သွားကြတော့ ကျွပ်ဖြင့် စိတ်တောင်မကောင်းဘူး။ သူတို့ထွက်သွားရာကို ကျွပ်လှမ်းကြည့်လိုက်တော့ ရောင်စုံမီးတန်းကြီးနဲ့ ကျွပ်မမြင်ဘူးသေးတဲ့ ယာဉ်ကြီးတစ်စင်းပေါ်ကို တက်ပြီး ဟိုးအရှေ့စူးစူးဘက်ကို ထွက်သွားကြတာ။ အပြင်မှာအတိုင်းပဲ ထင်ထင်ရှားရှားကြီးကို ကျွပ်မြင်လိုက်ရတယ်။ အားလုံးကတော့ ပျော်ရွှင်နေကြတာပါပဲရှင့်"

မရီရဲ့ အဆုံးသတ်စကားကို မောင်လွင်က စိတ်ပါဝင်စားစွာ နားထောင်နေရင်းမှ မောင်လွင်၏နှုတ်ဖျားဆီမှ မတိုးမကျယ် ထွက်ပေါ်လာတဲ့ စကားသံကတော့-

"ကျေးဇူးတင်ပါတယ် လယ်ရှင်တို့ရယ်၊ ကောင်းရာမွန်ရာကို ရောက်နိုင်ကြပါစေတော့ကွယ်"

ဟူ၍သာ ဖြစ်ပါတော့သည်။

ဗျာပုံ-ခြည်လွှင်အောင်

ရင်ကျပ်ပန်းနာ ဖြစ်နေသူများအတွက်

ခင်မြိုင်ရွှေ(ကျောက်ပုံ)

အလုပ်တာဝန်နဲ့ရန်ကုန်ကိုပြောင်းသွားတဲ့ အစ်မတစ်ယောက် ရင်ကျပ်ပန်းနာဖြစ်နေတာကြာပြီ။ နဂိုက ရောဂါအခံရှိနေပြီး အစားမှားလိုက်တာနဲ့ တစ်ပြိုင်နက် တစ်အိမ်သားလုံး အလုပ်ရှုပ်ပြီသာမှတ်ပေတော့။

အဲဒီလိုနဲ့ ရန်ကုန်မှ ပြန်လာတော့ အစ်မရဲ့ ရင်ကျပ်ပန်းနာ သက်သာပျောက်ကင်းသွားပြီလို့ စာရေးသူကို ပြောပြလို့ ဘယ်လို ဆေးနည်းနဲ့များ သက်သာ ပျောက်ကင်းသွားတာလဲလို့ မေးကြည့်မိတယ်။

အစ်မ ပြောပြတာကတော့-

ရင်ကျပ်စေမယ့်အစားအသောက်များဖြစ်တဲ့ ဝက်သား၊ အမဲအု၊ ကလီစာ ဟင်း၊ ဩဇာသီး၊ ငှက်ပျောသီး၊ ရုံးပတီသီး၊ ရေခဲမုန့် စတဲ့ အစာများကို ရှောင်ပြီး ရင်ချောင်စေတဲ့ အစားအစာများကို ရွေးချယ်စားကာ အောက်ပါ ဆေးကို တစ်လလောက် စွဲပြီးစားလိုက်တာနဲ့ ရင်ကျပ်ပန်းနာ သက်သာပျောက်ကင်းသွားတာပဲလို့ ပြောပြသဖြင့် ရင်ကျပ်ပန်းနာဖြစ်နေသူများအတွက် တင်ပြလိုက်ရပါတယ်။

ဆေးနည်းမှာ-

လတ်ဆတ်သော ကြိတ်မှန့်ရွက်သတ္တုရည်နဲ့ ခွေးသေးပန်းရွက်သတ္တုရည် ဆတူရောပြီး အကြမ်းပန်းကန် တစ်ဝက်လောက်ထဲ ဆားစိမ်းအနည်းငယ်ထည့်ကာ နေ့စဉ် တစ်နေ့ (၁) ကြိမ် သောက်ပေးရုံပါတဲ့ရှင်။

(ရှင်ကျပ်ပန်းနာဝေဒနာနှင့် ကင်းဝေးကြပါစေ)

ခင်မြိုင်ရွှေ (ကျောက်ပုံ)

www.burmeseclassic.com

www.burmeseclassic.com

'အကြည့်ချင်းဆုံ ရင်ခုန်' ဆိုသော စကားမှာ လူငယ်စကားဖြစ်ပါသည်။ သို့သော် လူတိုင်းပင် အကြည့်ချင်းဆုံ၍ ရင်ခုန်ခဲ့ကြဖူးပါသည်။ ထို့ကြောင့်လည်း အကြည့်ဆိုသော စကားလုံး၏ အကျိုးသက်ရောက်မှုကို ဂရုပြုလေ့လာစေချင်ပါသည်။

မျက်စိက အရာအားလုံးကို မြင်ပါသည်။ ထိုအထဲမှ ဦးနှောက်၏ ဆုံးဖြတ်မှုကို အကြည့်ဟု ဆိုချင်ပါသည်။ ထပ်မံ ရှင်းပါဦးအံ့။ သဘာဝအားဖြင့် မျက်စိမှ အရာဝတ္ထုများကို မြင်ပါသည်။ ထိုထိုမြင်သမျှ အရာများထဲမှ ကျွဒ္ဓရဲ့ အနိဋ္ဌာရုံ ရှိလာပါမည်။ ထိုသို့ ခွဲခြားသွားကာ မြင်ချင်တာ၊ မမြင်ချင်တာ ဖြစ်လိုက်ကတည်းက အမြင်သဘောမှသည် အကြည့်သို့ ရုတ်ခြည်း ပြောင်းသွားပါပြီ။ သတိထားကြည့်ပါ။

နောက်ဆုံးမှာတော့ အရာအားလုံးကို အမြင်သဘာဝမှ အကြည့်သဘောသို့ ရောက်သွားကြပါသည်။ တစ်ဖန် ထိုအကြည့်သဘောကို ဝေခွဲလိုက်ပြန်ပါက ရွံရှာ မုန်းတီးသော အကြည့်နှင့် ချစ်ခင်သောအကြည့် ဟူ၍ ယေဘုယျအားဖြင့် ခွဲခြားနိုင်ပါသည်။ လူတို့တွင် အတွင်းစိတ်သန္တာန်ကို မျက်လုံးက ဖော်ပြပါသတဲ့။ တစ်နည်း မျက်စိသည် စိတ်၏ထွက်ပေါက် ဖြစ်သည်တဲ့။

(ချောင်းနက်)

ဦးနှောက်နှိုး

အကြည့်ချင်းဆုံ ရင်ခုန်သည်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်လည်း မျက်လုံးအကြည့်ကို မှန်းဆကာ ချစ်ခြင်းလား၊ မုန်းခြင်းလားကို ခွဲခြားနိုင်ပါသည်။ ထို့ကြောင့် အကြည့်ချင်းဆုံတော့ ရင်ခုန်ရတာပေါ့။ ချစ်ခြင်းမေတ္တာဖြင့် အကြည့်ချင်းဆုံ၍ ရင်ခုန်နိုင်သော်လည်း မုန်းတီးမှုဖြင့် အကြည့်ချင်းဆုံပြန်ရတော့ ထရိုက်တော့ မလိုပါဘဲ။

တိရစ္ဆာန်တို့သော်မှ

ကြည့်ကြတာချင်းတွင် လူနှင့် တိရစ္ဆာန် ဆိုကြပါစို့။ တိရစ္ဆာန်လေး၏ ကြည့်ပုံကို အကဲခတ်၍ရပါသည်။ ဟိုး တစ်ခါက ရှဉ့်ကလေး ဆောင်းပါးတွင် ရှဉ့်ငယ်ကလေးကြည့်နေပုံက ကျွန်တော့်ကို မသတ်ပါနဲ့ဗျာ။ ကျွန်တော့်ကို သနားဖြင့် လွှတ်ပေးပါဟု တောင်းပန် ဟိုး လျှိုးသောအကြည့်ကို ရေးသားခဲ့ဖူးပါပြီ။ ဤသို့ အကြည့်ချင်းဆုံ၍ ရှဉ့်ကလေး များ၏ ချစ်ခင်ပုံကို ဆတ်သွားမြို့ ဘုံကျော်ဆရာတော် ဦးဝိလာသ ကလောင် အမည် ခမွဲလာသလည်း ရေးသားခဲ့ဖူး ပါပြီ။

စာရေးသူအတွေ့

ယခုရက်ပိုင်းအတွင်း စာရေးသူ စွေးဆိုင်ရှေ့သို့ ခွေးပိန်မကလေးတစ်ကောင် ရောက်ရောက်လာသည်။ စွေး ဆိုင်က မုန့်ပဲသရေစာလည်း ရောင်းသမို့ မုန့်နှံ့ရသည် ထင်ပါရဲ့။ ခွေးမလေးက သခင်မရှိ ကျွေးမဲ့မွေးမဲ့သူရှိသည်မထင်ပါ။ ဆာလောင်မွတ်သိပ်နေဟန်ရှိပါသည်။ ဆိုင်ရှေ့ရောက်တိုင်း ဆိုင်အ တွင်းသို့ ခေါင်းကလေးစောင်းကာစောင်းကာ အနံ့ခံနေရှာပါရဲ့။ စာရေးသူလည်း ထမင်းကျန်ဟင်းကျန် ချမကျွေးဖြစ်ခဲ့ပါ။ လက်ရှိအိမ်မှာလည်း ခွေးသုံးကောင်က ရှိနေနှင့်ပြီးသားပါ။ အစာချကျွေးမိပါက အိမ်ကိုကပ်နေမှာက အမှန်လေ။ စာရေး သူက ခွေးမထေးအား သနားကရုဏာ စိတ်အပြည့်နှင့်ကြည့်နေမိပါသည်။ ခွေးမ လေးကလည်း သနားစဖွယ်။ နားရွက်က လေးနောက်ပစ်ကာ အမြီးလေးနှဲ့ပြီး ပြန်ကြည့်ပါသည်။ ဒါဆိုလျှင် အကြည့် ချင်းဆုံပြီပေါ့။ ချစ်ခင်ကြင်နာသော အကြည့်ပါ။

ဤသို့ဖြင့် နေ့စဉ် လာနေကျဖြစ် နေပါသည်။ ခွေးမကလေးက သူ၏ အသက်ရှင်ရေး ဝမ်းစာလေး ရလိုရငြား ပြေးလွှားရှာဖွေနေခြင်းပါ။ ဒါကို စာရေး သူဇနီးက မြင်သွားပါလေရော။ ဇနီးက လည်း သနားကြင်နာတတ်သူပါ။ သို့ သော် အိမ်က ခွေးသုံးကောင်ကိုမှ မနိုင် ရတဲ့အထိ ဒီခွေးမက ရောက်လာပြန်ပြီ ပေါ့။ ခွေးဝင်စား မမွေးနဲ့တဲ့ ဆိုသော စကားကိုပြောကာ ခွေးမလေးကို ကြည့် နေပါသည်။ ခွေးမကလေးက ပြန်ကြည့် ပါသည်။ သို့သော် ခွေးမကလေးက အ မြီးကုပ်ကာ လာလမ်းကို ပြန်ခဲ့ပါသည်။ မဆိုမဆဲ မငေါက်ဘဲနှင့် ထွက်ခွာသွား ခြင်းပါ။ ဇနီးသည်အကြည့်က မလိုလား သောအကြည့်ဆိုသည်ကို ခွေးမလေး အ မှန်ပင် သိနေပြီလား။

စာရေးသူ ဘုန်းတော်ကြီးကျောင်း ကျောင်းသားဘဝတုန်းကပါ။ အတူနေ ဦးပဉ္စင်းတစ်ပါးက ခွေးများကို အလွန် ချစ်ပါသည်။ ခွေးများ၏သစ္စာရှိပုံ၊ သခင် ကို စောင့်ရှောက် ချစ်ခင်ပုံကို ပြောပြ တတ်ပါသည်။ အဲဒီတုန်းက ဦးပဉ္စင်းက ခွေးများက သူတို့သဘောကျလျှင် မျက် နှာကြုံးလာ၍ သူတို့သဘောမကျလျှင် မဲ့ပြတတ်သည်ဟု ပြောဖူးပါသည်။ စာ ရေးသူ ထိုစကားကို လက်မခံခဲ့ပါ။ ခွေး က ပြုံးတတ်ပါ့မလားဟု ထင်မိပါသည်။ နောင်အခါကျမှ ခွေးများပြုံးတတ်ပုံကို ကိုယ်တွေ့ တွေ့ကြုံပါတော့သည်။

လူများအကြည့်

လူလူချင်း ကြည့်ကြပုံကို တွေ့ဖူး ကြမှာပါ။ သို့သော် သတိထားကြည့် တတ်ဖို့တော့ လိုပါသည်။ 'စက္ခုရူပေန သံဝါသာ ရာဂပုတ္တာ ဝိဇာယတိ' ဆို သော စကားပင် ရှိပါသည်။ ထို့ကြောင့် လည်း 'မကြည့်တတ်လျှင်တဏှာ၊ ကြည့် တတ်လျှင် ဘာဝနာ' ဆိုသော စကား ဖြစ်ပေါ်လာပါသည်။ အထက်တွင်ဖော် ပြခဲ့သည့်အတိုင်း ချစ်ခင်သောအကြည့် နှင့် မုန်းတီးသောကြည့်ခြင်းမျိုး ရှိပါ သည်။ စာရေးသူက နေ့စဉ် ဆိုင်ရှေ့ရှိ ဒန်းစင်ပေါ် ထိုင်ရင်း ဖြတ်သွားဖြတ်လာ များကို ကြည့်နေတတ်ပါသည်။ စာရေး သူက စာဖတ်ခြင်း၊ စာရေးခြင်း၊ သစ် ပင်စိုက်ပျိုးခြင်း၊ အခန်းတွင်း ပုတီးစိပ် နေသောအချိန်မှအပ ဒန်းစင်ပေါ်တွင် ထိုင်နေမြဲပါ။ ဤသို့အားဖြင့် ဖြတ်သွား ဖြတ်လာ ဧည့်သည်များနှင့် ရပ်သူရွာ သားများကို လေ့လာမိပါသည်။ ဧည့် သည်များ၏အကြည့်ကတော့ ပြောစရာ မလိုပါ။ ရိုးသားမှုအပြည့်နှင့် ကြည့်သွား ကြပါရဲ့။ သို့သော် မိမိကျေးရွာသူကျေး ရွာသားများကတော့ အချို့က ချစ်ခြင်း အကြည့်နှင့် အချို့ကတော့ မုန်းတီးမှု အကြည့်များနှင့်ပါ။ အချို့က မလိုမုန်း ထားမှုအကြည့်နှင့်ပါ။ သူတို့က မနာလို ဝန်တိုမှုများနှင့် ရောထွေးလျက်ပါ။

လောကကြီးကလည်းအခက်သား မို့လား။ ကိုယ့်ထက်သာ မနာလိုတဲ့။ စာ ရေးသူတို့ကလည်း အချမ်းသာကြီး မဟုတ်သော်မှ စားနိုင်သောက်နိုင်လေ။ ရတနာသုံးပါးနှင့် ဆရာသမား၊ မိဘ ဂုဏ်ကျေးဇူးပေါ့။ အသုံးအဖြုန်းနည်းစွာ နှင့် လိမ္မာစွာ နေထိုင်ခဲ့သည်။ ဒါ သူတို့ အကျိုးစီးပွားကို မထိခိုက်ပါဘဲလျက် သူတို့က မနာလိုနေကြတာဟု တွေးမိပါ ရဲ့။ တစ်ဖန် စာရေးသူကော သူ တစ်ပါး ကို ဒီလို မလိုမုန်းထားအကြည့်မျိုးကြည့် ဖူးခဲ့သလား ပြန်လည် ဆန်းစစ်ပါသည်။ ရှိတာတော့ ရှိခဲ့ပါသည်။ သို့သော် မနာ လိုမှု၊ မုန်းတီးရွံရှာမှုကနည်းပြီး ရိုးရိုး အကြည့်နှင့် ချစ်ခင်မေတ္တာအကြည့်က များပါသည်ဟု အမှန်ကို ဝန်ခံပါသည်။

မေတ္တာစိတ်၊ ကရုဏာစိတ်နှင့် ကြည့်ခြင်းနှင့် မနာလိုဝန်တို မုန်းတီးတဲ့ စိတ်နှင့် ကြည့်ခြင်းကို နည်းနည်း ထပ်ခွဲ ကြည့်ပါဦးမည်။ မေတ္တာ၊ စေတနာ၊ ကရု ဏာစိတ်နှင့် ကြည့်တတ်သူများက များ သောအားဖြင့် ကိုယ်ရောစိတ်ပါ ချမ်း သာကြပြီး အခြားသူများကို ကျသာမစ္ဆာ ရိယစိတ်နှင့် ကြည့်တတ်သူများကတော့ ကိုယ်ရောစိတ်ပါ ဆင်းရဲကြသူများပါ ခင်ဗျား။ စာရှုသူများလည်း လေ့လာ အကဲခတ်ကြည့်ပါ။

ဒီတော့ အကြည့်ဆိုသော စကား ရပ်ကို နိဂုံးချုပ်ပါတော့မည်။ အကြည့် ဖြစ်မလာအောင် မမြင်စေနှင့်ပေါ့။ မြင် သည့်တိုင်အောင် မြင်သည်ဟု အသိရှိ ပြီး ဖြတ်ထားလိုက်ပါ။ ပြဟ္မစိုရ်တရား တွင်လည်း ဥပေက္ခာ ဆိုတာ ပါပါရဲ့။ ဥပေက္ခာသဘောနှင့် အရာရာကို ရှုမြင် သုံးသပ်လိုက်မယ်ဆိုလျှင် အားလုံး ချမ်း သာသွားမှာပါ။

ဒါကြောင့် ဥပေက္ခာတရားကို များများကြီး ပွားများ ကျင့်သုံးနိုင်ပါစေ လို့ ဆုတောင်းလိုက်ပါသည်။ စာရေးသူ လည်း ပြုနိုင်အောင်တော့ လေ့ကျင့်ဆဲ ပါ ခင်ဗျား။

အားလုံး ကျန်းမာချမ်းသာကြပါစေ

ဦးသန်းစိုး(ချောင်းနက်)

www.burmeseclassic.com

www.burmeseclassic.com

ဧရိဧရင်း

ရှင်သူယေဉ္ဇင်္ကော်ပျောနှင့် အစွမ်းထက်မှုများ

ရှင်သူယေဉ္ဇင်္ကော်ပျောပင်အကြောင်း ရေးချင်သည်မှာ အတော်ပင် ကြာခဲ့ပြီ။ သို့သော်လည်း အကြောင်းအမျိုးမျိုး ကြောင့် မရေးဖြစ်ပါ။ အကြောင်းမှာ စာရေးသူသည် မျက်စိနှင့် ပတ်သက်ပြီး တစ်မျိုးပြီးတစ်မျိုးရောဂါဖြစ်နေသည်။ ၂၀၀၇ ခုနှစ်တွင် အဘိဓမ္မာသင်တန်း တက်ခဲ့ရာ စာမေးပွဲဖြေခါနီး နှစ်လအလို တွင် မျက်လုံးနှစ်လုံးစလုံး ခွဲစိတ်ခဲ့ရ သည်။ မျက်လုံးခွဲပြီး တစ်လအကြာမှ စာဖတ်ပြီး စာမေးပွဲဖြေဆိုခဲ့ရာ သုံးဆင့် စလုံး အောင်မြင်ခဲ့ပါသည်။ မျက်လုံးခွဲ ထားသည့်အတွက် နှစ်နှစ်ခန့် နားပြီးမှ ဝိသုဒ္ဓိမဂ်သင်တန်းတက်ခဲ့ရာ စာမေးပွဲ ဖြေခါနီး (၁၅) ရက်တွင် မျက်လုံးတွင် မျက်ရည်အိတ်ပိတ်သည့်ရောဂါဖြင့် နာရီးဖောက်ရပြန်သည်။ နာရီးဖောက်စဉ် ခွဲခန်းထဲ၌ နှစ်နာရီကျော်မျှ ကြာမြင့်ခဲ့ပါ သည်။ ထိုနှစ်၌ ဝိသုဒ္ဓိမဂ်စာမေးပွဲ ဖြေ ဆိုခဲ့ရာ သုံးဆင့်စလုံး အောင်မြင်ခဲ့ပါ သည်။

နောက်တစ်နှစ်တွင် ဦးကာကျော် ဆက်တက်ခဲ့ရာ စာမေးပွဲနီးတိုင်း မျက်စိက ဒုက္ခပေးလွန်းသည့်အတွက် စာရေး သူမှာ စိတ်တထင့်ထင့်ဖြစ်နေပါသည်။ ထို့နောက် စာရေးသူ အမြဲ ဥပုသ်စောင့် သည့် ကိုးထပ်ကြီးဘုရားအနီးရှိ ယုဂန္ဓာ ကျောင်းဆရာတော်ကြီး ဦးပဏ္ဏိတနှင့် တွေ့ဆုံခဲ့ပါသည်။ ထို့ကြောင့် ဤမျက်စိ နှင့် ပတ်သက်ပြီး ဆရာတော်ကြီးအား လျှောက်ထားခဲ့ရာ ဆရာတော်ကြီးမှ ၎င်း၏ ကျောင်းဝင်းအတွင်း၌ စိုက်ထား သော ရှင်သူယေ ဉ္ဇင်္ကော်ပင်တစ်ပင် ကို ပေးလိုက်ပါသည်။

ထိုအခါ စာရေးသူမှ -

"အရှင်ဘုရား၊ တပည့်တော်မျက် စိရောဂါဖြစ်တာနဲ့ ရှင်သူယေဉ္ဇင်္ကော်ပျော ပင်နဲ့ ဘယ်လိုများ ဆက်နွယ်နေလို့ပါလဲ ဘုရား"

ဟု လျှောက်ထားရာ ဆရာတော် မှ ဘောလ်ပင်နှင့် စာရွက်ကို ချပေးပြီး-

"ကဲ - လိုက်ရေးစမ်း ဒကာမကြီး"

ဟု ပြောသဖြင့် စာရေးသူလိုက် ရေးခဲ့ရပါသည်။

ဆရာတော်ကြီးရေးခိုင်းသော စာ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ရှင်သူယေဉ္ဇင်္ကော်ပျော၏ အစွမ်းသတ္တိ

ထက်မြက်သြဇာ၊ နတ်သုဒ္ဓါသို့ အိုနာပျောက်ကင်း၊
ရွယ်ဆင်းတင်ဘိ
မျက်စိမသီ၊ မကြဲလိုဘဲ
သားစီမွားတိုး၊ သက်ရှည်ဖြိုးသား
ရသာဆေးမင်း၊ မှီဝဲခြင်းဖြင့်
ဓာတ်ရင်းညီဖျော်က်၊
သက်ဘာဇာစောင့်၏။

ဤတွင် စာရေးသူမှ အထက်ပါ လက်အကြောင်း မေးမြန်းလျှောက်ထား ခဲ့ပါသည်။

ရှင်သူယေဉ္ဇင်္ကော်ပျောသည် ထူးခြား သော ဆေးဖက်ဝင်ပစ္စည်းဖြစ်ပြီး ထက် မြက်သော သြဇာအဆီအနှစ်ရှိကာ နတ် သုဒ္ဓါကဲ့သို့ အစွမ်းသတ္တိရှိပါသည်။ ၎င်း ကို စားသုံးခြင်းအားဖြင့် အိုနာအဆင်း ပျောက်၍ အရွယ်တင်နုပျိုစေပါသည်။ အထူးသဖြင့် မျက်စိအတွက် လွန်စွာ ကောင်းသော စွမ်းအင် ရှိသည့်အတွက် အမြင်မှန်ဝါးခြင်း၊ မျက်ရည်ပူထွက်ခြင်း၊ မျက်ဝတ်ထွက်ခြင်းကိုလည်း သက်သာ ပျောက်ကင်းစေပါသည်။ အသက်ရှည် ဆေးအဖြစ်လည်း ရှေးလူကြီးများ မှီဝဲ သောက်သုံးကြပါသည်။ အရသာထူးကဲ သည့်အပြင် ကောင်းခြင်းဝေဖြာသော ကြောင့် 'ဆေးမင်း' ဟု ပင် ခေါ်ဆိုကြပါ သည်ဟု အဆိုရှိကြောင်း ဆေးကျမ်းများ၌ ဖော်ပြထားပါသည်။

ထို့နောက် ဆရာတော်က ရှင်သူ ယေဉ္ဇင်္ကော်ပျောနှင့် ပတ်သက်ပြီး သိထိုက် သိသင့်သော အကြောင်းများကို ဆက် လက် မိန့်ကြားခဲ့ပါသည်။

ရှင်သူယေဉ္ဇင်္ကော်ပျောသည် ထူးခြား သော ဆေးဖက်ဝင်သည့် ဂမုန်းဟူ အမည်တွင်သော ရုက္ခအမျိုးအနွယ် ဖြစ် ပါသည်။ စတင် စိုက်ပျိုးရာတွင် အခြိန် အခါနှင့် စိုက်ပျိုးမည့်မြေနေရာ၊ စိုက်ပျိုး သူ၏ စရဏတို့အပေါ်၌ မူတည်ပြီး စိတ် ကောင်းစေတနာရှိသူများအား ကြီးပွား ချမ်းသာခြင်းကို ပေးတတ်ပါသည်။

၎င်းသည် မြေနေရာနှင့် စိုက်ပျိုး သူ၏ သီလစင်ကြယ်ပြီး သဒ္ဓါတရားရှိ လျှင် (၆)လနှင့် အဖူးဖူး၊ အသီးသီးပေ မည်။ မြေမကြိုက်လျှင် နှစ်နှစ်၊သုံးနှစ်ဖြစ် လျှင်လည်း မသီးပေ။

ရှင်သူယေ (၁၂) မျိုး ရှိကြောင်း ကျမ်းစာအရ သိရှိရကြောင်း ဆက်၍ မိန့်ကြားခဲ့ပါသည်။

၁။ အရွှေက်ကြောတွင်အနီရင့်ရှိသော ရှင်သူယေအနီရင့်မျိုး၊

www.burmeseclassic.com

www.burmeseclassic.com

၂။ အရွက်လည်းနှီ၍ အတွင်း၌အနီနုရှိသော ရှင်သူငယ်အနီနုမျိုး၊
၃။ အတွင်း၌အနီပြောက်ရှိသော ရှင်သူငယ်အနီပြောက်မျိုး၊
၄။ အရွက်ကြောတွင်အဝါရင့်ရှိသော ရှင်သူငယ်ဝါမျိုး၊
၅။ အဝါနုရှိသောရှင်သူငယ်ဝါနုမျိုး၊
၆။ အကြောဝါအတွင်း၌ အဝါပြောက်ရှိသော ရှင်သူငယ်မျိုး၊
၇။ အရွက်ကြောနီအတွင်း၌ အဝါပြောက်ရှိသောရှင်သူငယ်မျိုး၊
၈။ အရွက်နီအတွင်း၌ အစိမ်းရင့်ရှိသော ရှင်သူငယ်မျိုး၊
၉။ အရွက်နီအတွင်း အပြာရင့်ရှိသော ရှင်သူငယ်မျိုး၊
၁၀။ အရွက်နီအတွင်း အပြာနုရှိသော ရှင်သူငယ်မျိုး၊
၁၁။ အရွက်အကြောနီအတွင်း နီညိုရင့်ရှိသော ရှင်သူငယ်မျိုး၊
၁၂။ အရွက်အကြောနီအတွင်း နီညိုနုရှိသော ရှင်သူငယ်မျိုး။

ယခု ဆရာတော်ကြီးမှ စာရေးသူအား စွန့်သော ရှင်သူငယ်ဌက်ပျောမှာ အရွက်အကြောနီအတွင်း အနီနုရှိသော ရှားပါးသည့် ရှင်သူငယ်အနီဖြစ်ပါသည်။ ရှင်သူငယ်ပင်၏ ပုံသဏ္ဌာန်မှာ ဌက်ပျောပင် အသေးနှင့်တူပြီး အမြစ်ကလည်း နီထွေးနေပါသည်။ အရွက်ကြောကလည်း နီပြီး အရွက်စိမ်းတွင် အနီရောင်သွေးကြောများ ယှက်သန်းနေပါသည်။

စာရေးသူမှာ ဆရာတော် ခြံးမြှင့်လိုက်သည့် ဌက်ပျောပင်လေးကို ယူပြီး တနင်္ဂနွေနေ့ နံနက် (၉) နာရီ၌ ထိုဌက်ပျောပင်လေးကို ရေဖြင့်စင်ကြယ်အောင် ဆေးပြီး အိမ်ခေါင်ရင်းဘက်ရှိ သြဇာပင်အနီး၌ စိုက်ခဲ့ပါသည်။ နေ့စဉ် ပဌာန်းပရိတ်တော်များ ဖွင့်ပေးခဲ့ပါသည်။

သို့ဖြင့် ဌက်ပျောပင်မှ ဌက်ပျောဖူးကြီးတစ်ဖူးကို တွေ့ရှိရ၍ အံ့သြသွားပါသည်။ ထိုဌက်ပျောဖူးကြီးမှာ မိုးပေါ် သို့ ထောင်နေသော်လည်း အပင်မှာ အဖူး၏ အလေးချိန်ကြောင့် အိမ်ဘက်သို့ ယိမ်းနေပါသည်။ ထိုအခါ ပတ်ဝန်းကျင်မှ အိမ်နီးချင်းများက ဌက်ပျောဖူးအိမ်ဘက်သို့ ထိုးနေသည်သဖြင့် ခိုက်တတ်ကြောင်းပြောရာ စာရေးသူမှာ မကြာခဏ မျက်စိရောဂါ ဖြစ်တတ်သဖြင့် အိမ်သားများက စိတ်ပူနေပါသည်။

စာရေးသူကလည်း အစွမ်းသတ္တိရှိသော ဌက်ပျောမျိုးဖြစ်၍ မကောင်းတာမဖြစ်နိုင်ဟု ယုံကြည်သောကြောင့် ဒီအတိုင်းထားလိုက်ပါသည်။ ထိုအဖူးမှ ဌက်ပျောသီး ငါးလုံးစီပါသော ဌက်ပျောသုံးခိုင်သီးပါသည်။

ထို့ကြောင့် ဆရာတော်ကြီးအား လျောက်ထားရာ ဆရာတော်ကြီးသည် ထိပ်မှ ဌက်ပျောဖူးကိုဖြတ်ပြီး ပြုတ်၍ သုပ်စားပါဟု မိန့်ကြားခဲ့ရာ စာရေးသူလည်း သုပ်၍စားခဲ့ပါသည်။ ချက်ချင်းတွင် ထူးခြားမှုမရှိသော်လည်း တစ်ပတ်ခန့်အကြာတွင် ဝေနေသော မျက်လုံးမှ မျက်ရည်များထွက်လာပြီး မျက်စိကြည်လင်လာခဲ့ပါသည်။

ထို့နောက် ဆရာတော်ကြီးက အသုံးဝင်ပုံကို ဆက်လက် မိန့်ကြားခဲ့ပါသည်။

၁။ အဖူးမှကွာကျသည့်အနီရောင် အဖတ်များနှင့် ဌက်ပျောသီးမဖြစ်သည့် အဖူးများကို အခြောက်လှန်း ပြာချပြီး ပွားရည်စစ်စစ်နှင့် ဖျော်စားပါက ပန်းနာ၊ ရင်ကျပ်၊ အံမောရောဂါ၊ နှလုံးတုန်ရင်ခုန်ခြင်းကို ပျောက်စေပါသည်။

၂။ ဌက်ပျောဖူးအဖတ်၊ အသီးအခြောက်များကို အခြောက်လှန်း မီးရှို့ ပြာချပြီး ပွားရည်စစ်စစ်နှင့် ဖျော်ပါ။ နံနက်တစ်ဇွန်း၊ ညတစ်ဇွန်းစားပါက သိဒ္ဓိသုံးပါးပြီးပါသည်။

၃။ ထိုဌက်ပျောသီးကို အစိတ်သေးလေးများ ပြုလုပ်ပြီး ပွားရည်မှာစိမ်ပါ။ ပြီးလျှင် မြေအိုးနှင့်ထည့်ပြီး အပေါ်မှ သေချာစွာ ပိတ်ပါ။ ထို့နောက် ထိုမြေအိုးကို မြေကြီးထဲတွင် ခြောက်လ၊ တစ်နှစ်ခန့် ထားပါ။ တစ်နှစ်ကျော်မှ ဖော်စားပါက အရွယ်တင်နုပျိုခြင်း၊ မျက်စိမမှုန်ခြင်း၊ မှုန်သောမျက်စိ ပြန်မြင်လာခြင်း၊ အသက်ရှည်ကျန်းမာခြင်း စသည့်အကျိုးထူးကို ရပေမည်ဟု ဆရာတော်ကြီးက မိန့်ပါသည်။

ထို့ပြင် စီးပွားတတ်ခြင်း၊ အလုပ်အကိုင်တိုးတက်ခြင်း၊ ရန်အပေါင်းတို့မှ ကာကွယ်စောင့်ရှောက်သည်ဟု ဆက်လက် မိန့်ကြားပါသည်။

သို့ဖြင့် ထိုအသီးကို ပွားရည်ဖြင့် စိမ်ကာ စားခဲ့ပါသည်။ ထူးခြားသည်မှာ ထိုနှစ်၌ စာမေးပွဲကို မျက်စိဒုက္ခမပေးဘဲ ကောင်းစွာ ဖြေဆိုနိုင်ခဲ့ပါသည်။ စာရေးသူလည်း စာပေကိစ္စများဖြင့် အလုပ်ရှုပ်နေသဖြင့် ထိုအပင်ကို မကြည့်ဖြစ်ခဲ့ပေ။ စာမေးပွဲပြီးသောအခါ နောက်ပွားသော အပင်မှ အဖူးကြီးထွက်နေပြန်ပါသည်။ ထိုအပင်ကိုကြည့်ပြီး စာရေးသူမှ ဤအပင်များ အိမ်၌ ရောက်နေသည်မှာ တစ်နှစ်ကျော်နေပြီ။ အစောင့်အရှောက်များ ရောက်နေပြီလား မသိဘူး ဟူ၍ စိတ်ထဲတွင် တွေးတာမိပါသည်။

တစ်ပတ်ခန့်အကြာတွင် သမီးဖြစ်သူ မကလျာမှ ထူးဆန်းသော အိပ်မက်မက်ကြောင်း စာရေးသူအား ပြောပြပါသည်။ သမီး၏ အိပ်မက်ထဲတွင် ဘုရားသို့သွားရာ လမ်းပျောက်နေစဉ် ကိုရင်လေးတစ်ပါးနှင့်တွေ့ပြီးလမ်းပြခဲ့ပါသည်။ လမ်းမှန်ကို ပြပေးသဖြင့် ကျေးဇူးတင်ကြောင်းပြောရန် ပြန်လှည့်ကြည့်လိုက်ရာ ထိုကိုရင်လေးသည် စာရေးသူတို့ အိမ်ရှေ့မှ ဌက်ပျောပင်ထဲသို့ ဝင်သွားပြီး ဌက်ပျောပင်ဖြစ်သွားသည်ဟု မြင်မက်ပါသည်။ စာရေးသူမှာ သူ့အိပ်မက်အတွက် အံ့သြရပါသည်။

စာရေးသူ၏ အတွေးကို မည်သူကိုမျှ မပြောမီသလို သမီးကလည်း မည်သည့်အစွဲအလမ်းမျှမရှိ။ နောက်ဆုံးတွင် ထိုအပင်ကိုပင် ရေမလောင်းခဲ့သော သမီးဖြစ်သူကို အိပ်မက်ပေးခဲ့ပါသည်။ ထိုနေ့မစ၍ သမီးလည်း ထိုအပင်ကို ရေလောင်းခဲ့ပါသည်။ အငယ်ဆုံးသမီးကမူ သစ်ပင်ချစ်တတ်သူဖြစ်၍ နေ့စဉ် ရေလောင်းပါသည်။ သူမကလည်း အလုပ်အကိုင် အဆင်ပြေပါသည်။

စာရေးသူသည် မျက်စိအားပြန်ကောင်းလာခြင်း၊ ကြည်လင်လာခြင်းတို့ကြောင့် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ ယခုသီးသောအသီးမှည့်လျှင် ပွားရည်နှင့်စိမ်၍ စားသုံးမည်ဟု စိတ်မှာကြံစည်ထားပါသည်။

စာရေးသူ ပြောပြ၍ ထိုကျောင်းတွင် ဥပုသ်စောင့်သော ဥပုသ်သည်များမှ ရှင်သူငယ်ဌက်ပျောပင်များကို တောင်းခဲ့ရာ ဆရာတော်မှခြီးမြှင့်ခဲ့သည်။ ဆရာတော်ထံ၌ အနည်းအကျဉ်းရှိလိမ့်ဦးမည်ဟုထင်၏။ အလိုရှိသူများသည် ဆရာတော်ကြီး ဦးပဏ္ဏိတ၊ ယုဂန္ဓာကျောင်း (မော်ဘီကျောင်း) ကိုးထပ်ကြီးဘုရား အနီးထံ၌ တောင်းခံကြည့်နိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ခိုခိုဌေး

www.burmeseclassic.com

www.burmeseclassic.com

(၉ပဒေ)

ဝိုးတွန်း

ကြည့်လည်းလုပ်ကြပါဦး

ကျွဲပတို့မြို့မှာ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးတွေ မြို့ပေါ်က ထွက်ပြေးသွားတော့ အခြားစီးပွားဖြစ်လောက်မယ့် ကိစ္စတွေ ရှာကြပြန်တာပေါ့။ သိတယ်မဟုတ်လား။ ကျွဲပတို့လူသားတွေ ဆိုတာ အရင်းနည်းနည်းနဲ့ အမြတ်များများကို တယ်ပြီးမက်ကြတာကိုး။ အဲဒါ မြန်မာပြည်မှာပဲ ဒီလိုလောဘရှိသလားလို့ ရင် မဟုတ်ပါဘူး၊ ကမ္ဘာမှာလည်း ဒီ

www.burmeseclassic.com

www.burmeseclassic.com

အတိုင်းပါပဲ။ တချို့ဆိုရင် အမြတ်များများရနိုင်တဲ့နည်းလိုက်ရင်း ထီးဖြူ ဖိနပ်ပါးရင်းနဲ့ လုံးပါးပါးသွားတာ ဒုနဲ့ဒေး။

ဒီလို အပွဲကြဲနည်းမှာ (Antique) ရှေးဟောင်းပစ္စည်းလည်း ပါသဗျ။ ဟောင်းလေ၊စွေးရလေပါပဲ။ ဝယ်လက်ပေးတဲ့ စွေးကို ရလှချေလား ဆိုပြီး သဘောကျတဲ့လူကကျ။ မူရင်းဝယ်စွေးကို မသိတော့ ဒီလောက်ရရင်ပဲ ကျေနပ်နေကြတယ်။ ဒီလိုနဲ့ မြို့ခံ ဝယ်လက်ပေးတဲ့စွေးကို ဟုတ်လှပြီဆိုပြီး ရောင်းကြ၊ ဝယ်ကြတာပေါ့။

ရောင်းကြ၊ဝယ်ကြတဲ့ရှေးဟောင်းပစ္စည်းတွေအထဲမှာ ကျွပ်အကြိုက်ဆုံးက လျှပ်စစ်မသုံးရတဲ့ ရေခဲသေတ္တာပါပဲ။ ဒီပစ္စည်းကို လျှပ်စစ်မရောက်သေးတဲ့ ကျေးရွာတွေမှာ ရေခဲချောင်းလုပ်ဖို့ လိုအပ်နိုင်တာပေါ့။ ဒီပစ္စည်းကို သဘောကျတာက လျှပ်စစ်က မော်တာကိုလည်း ပတ်တယ်။ ဒီလိုလည်တဲ့အရှိန်နဲ့ အာမိုးနီယားဓာတ်ငွေ့တွေကို တွန်းထုတ်၊ ရေခဲသေတ္တာမှာရှိတဲ့ ပိုက်လိုင်းတွေကို အာမိုးနီးယားဖြတ်တောက် အအေးဓာတ်ကို ဖြစ်ပေါ် စေတယ်။

ဒါက ကျွပ်တို့ သဘောလောက်သိတဲ့အချက်။ အခု ရေခဲသေတ္တာက လျှပ်စစ်နဲ့မော်တာတွေမရှိတာ အသေအချာပဲ။ ရေခဲသေတ္တာအောက်မှာ လေဘူး၊ လေဘူးအောက်မှာ မီးထိုင်ခွက်တစ်လုံး ရှိတယ်။ မီးခွက်ရဲ့ အပူအားကြောင့် လေဘူးထဲကလေတွေ ရှေ့ကို တိုး၊ ဒီတိုးတဲ့အရှိန်နဲ့ အာမိုးနီးယားကို ပိုက်လိုင်းအတိုင်း လည်ပတ်စေတာပေါ့။ တကယ်ဆိုရင် စွေးကွက်စီးပွားရေးအရ လျှပ်စစ်မရှိတဲ့ရွာတွေအတွက် ထုတ်ပြီး ရောင်းကြပေါ့။

အင်း. . . ကျွပ်ပြောချင်တဲ့ကိစ္စ မရောက်သေးဘူး။ အခုမှ စပြီး ပြောပါတော့မယ်။ 'ကြည့်လည်းလုပ်ကြပါဦး' ခေါင်းစဉ်နဲ့ ပတ်သက်တဲ့အရာကတော့ တိရစ္ဆာန် (၇) မျိုးနဲ့ ပတ်သက်ပါတယ်။ ကျွပ်တို့ ဘိုးဘွားတွေလက်ထက်က ကိုယ့်အမည်ကိုယ်ဖော် မသူတော် (၇) ပါးရှိတယ်လို့ စကားထာဖွက်ကြတယ်။ ဒီတိရစ္ဆာန် (၇) မျိုးက-

၁။ တောက်တဲ့၊
၂။ ဇီးကွက်၊
၃။ တစ်တီတူး၊
၄။ ဖိုးခေါင်ငှက်၊
၅။ ယောက်ဖခွေးခေါင်၊
၆။ ဒီးဒုတ်၊
၇။ ဥဩတို့ပါပဲ။

ဒီအကောင် (၇) မျိုးအထဲက သဲသဲမဲမဲလိုက်ရှာနေတဲ့အကောင်ကတော့ စူပါစတား တောက်တဲ့ပေါ့။အဲဒီတောက်တဲ့ရဲ့အနှစ်ဖတ်ဆိုလား၊ အသည်းဆိုလား တစ်မျိုးမျိုးနဲ့ AIDS ရောဂါ ကုမယ်တဲ့။ တကယ်ပျောက်တာ၊မပျောက်တာတော့ မသိဘူး၊ လက်ရှိအချိန်မှာ တောက်တဲ့စွေးကတော့ လွှတ်ကောင်းဆိုပဲ။ ငါးကြီးအန်ဖတ်တို့၊ ငှက်သိုက်တွေတောင် သူ့ပေါက်စွေးကို မမီတော့ဘူး။ တောက်တဲ့စန်းပွင့်ခိုနဲ့လို့ ခေါ်ရမှာပေါ့နော်။

ကြားသတင်းအရ နှစ်ဆယ်သားကျော်တဲ့အကောင်က သိန်း (၂၀၀) ပေးမယ်တဲ့ဗျား။ နှစ်ဆယ်သားကျော်လို့ သုံးဆယ်သားသာဖြစ် ဒီထက် နှစ်ဆရမယ်တဲ့။ ပေးချက်ကတော့ ကြောက်ခမန်းလိလိပဲ။ တကယ်ပေးနေတာနော်။ ဘယ်နေရာမှာပေးမှန်းတော့ ကျွပ်လည်းမသိဘူး။ တောက်တဲ့မွေးမြူရေးလုပ်ပြီး စီမံကိန်းနဲ့ အကောင်အထည်ဖော်နေသူတွေလည်း မရှိဘူးလို့ ဘယ်လာပြောနိုင်ပါ့မလဲ။

ကဲ- တောက်တဲ့ဖမ်းပွဲကို ဆက်ချင်ပါသေးတယ်။ ဒီအကောင်တွေက သစ်ခေါင်းတွေ၊ အိမ်ရဲ့ မှောင်မိုက်တဲ့ချောင်တွေထဲမှာ အနေများကြတယ်။ သူ့ကိုမထိရင် ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး။ ပြီးတော့ သစ်ခေါင်းနဲ့ သစ်ပင်အရောင်လိုက်ပြီး သူတို့ရဲ့ခန္ဓာကိုယ်က အရောင်ပြောင်းကြတယ်ဗျ။ သူတို့ရဲ့ခန္ဓာကိုယ်က တစ်ခါတစ်ရံ ပြားပြားကြီးဖြစ်လိုဖြစ်၊ တစ်ခါတလေ ခပ်လုံးလုံးဖြစ်လိုဖြစ်နဲ့ အရွယ်အစားကို ခန့်မှန်းရတာ သိပ်ခက်တယ်လို့ ဖမ်းတဲ့လူတွေက ပြောဖူးပါတယ်။

အခု ဆက်ပြီးပြောမှာက လက်တွေ့ဖမ်းခဲ့တဲ့လူတွေ၊ ရောင်းဝယ်ကြတဲ့

လူတွေရဲ့အတွေ့အကြုံကို တင်ပြမှာပါ။ တောက်တဲ့မှဆိုးတွေက သားကောင်ရဖို့ ရွာကိုဆင်း၊ ရွာသားက သူ့ထန်းပင်ကို လက်ညှိုးထိုးပြ၊ 'ကြိုက်ရင်ဝယ်၊ အမြင်အတိုင်း ရောင်းမယ်။ ဘယ်လောက်ပဲပေး' လို့ပြောပြီး ရောင်းတာမျိုး။ မျက်မြင်အရ တောက်တဲ့ကြီးက တောင်ဆုပ်လောက်ရှည်မယ်၊ မျက်စိက လက်ညှိုးလက်သည်းခွံလောက်ရှိမယ်ဆိုရင် နှစ်ဆယ်သားကျော်ဖို့ သေချာနေတယ်လို့ တွေးပြီး ကြိုက်စွေးပေးဝယ်လိုက်တယ်။

ဝယ်တဲ့လူတွေက တောက်တဲ့ရော ထန်းပင်ပါ ဝယ်တာဖြစ်လို့ လိုအပ်ရင် အပင်ပါခုတ်ကြမယ်လေ။ ပထမဆုံးလူနှစ်ယောက်က ဓားကိုယ်စီနဲ့ ထန်းပင်ပေါ် တက်ကြတယ်။ တောက်တဲ့က ဟို အပင်ပေါ်တက်ပြေး၊ လူနှစ်ယောက်က ဆက်တက်။ ဒီလိုနဲ့ ထန်းလက်တွေဆွဲပြီး အပင်ပေါ်ကိုရောက်လာတယ်။

ရှုပ်ယှက်ခတ်နေတဲ့ ထန်းလက်တွေကို ခုတ်လိုက်ကြတာ ထိပ်က အညွန့်တစ်လက်ပဲ ကျန်ပါတော့တယ်။ ဒါပေမယ့် ကိုယ်ရွေတောက်တဲ့ကြီးကို မတွေ့သေးဘူး။တွေ့နေတာက အကောင်ပေါက် (၃) ကောင်။ ထန်းပင်မှာ အခေါင်းပေါက်လည်း မတွေ့၊ ပုန်းကွယ်စရာ ထန်းလက်လည်း နတ္ထိ။ ဘယ်လိုမှ ရှာမတွေ့တော့မှ အောက်ကို စိတ်ပျက်လက်ပျက် ဆင်းလာကြတယ်။ ဝယ်သူတွေမသိသေးတဲ့အချက်က ရောင်းသူက အခုလို လက်ညှိုးထိုးရောင်းတာ (၃)ဦးတောင်ရှိကြောင်း မသိတဲ့အချက်ပါဘဲ။

အဲ- နောက်အရောင်းအဝယ်ဖြစ်တာက ပေပင်ကြီး။ ထန်းပင်မှာ တွေ့သလို လူသုံးရပ်စာလောက်မှာ မြင်ရတဲ့အကောင်။ မျက်လုံးက လက်မလက်သည်းခွံလောက်။ ထန်းပင်က အကောင်ထက်ကြီးသေး။ ပိုင်ရှင်က အပင်ရော အကောင်ပါ ရောင်းတာဖြစ်လို့ ထန်းပင်ဇာတ်လမ်းနဲ့ ခပ်ဆင်ဆင်ပါပဲ။ ဝယ်သူတွေက အပင်ပေါ် မတက်ရဲဘူး။ ပေပင်က ဆူးတွေပါတာကိုး။

ဒီတော့ ဝါးနက်ဝါးတွေနဲ့ထောက်ပေး၊ ကြိုးတွေနဲ့ဆိုင်းပြီး အောက်ခြေကနေ ခုတ်ကြတယ်။ ကွင်းလယ်က အပင်ဖြစ်လို့ လူတွေက စက်ဝိုင်းသဏ္ဌာန်ဝိုင်းပြီး ကြည့်နေကြတယ်။ ဝယ်တဲ့လူတွေက ဘာပြောသလဲဆိုတော့-

"ပေပင်ကြီး တဖြည်းဖြည်းလဲလာရင် ဒီအကောင်ကြီး ခုန်ဆင်းလာနိုင်တယ်။ ဘယ်သူမှ ရိုက်တာနှက်တာ မ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြပါနဲ့။ ပုဆိုးနဲ့အုပ်ပြီး ထိန်းထားပါ။ ထိန်းနိုင်တဲ့လူကို ငွေသုံးသောင်းဆုချမယ်။ သေရင်တော့ တစ်ပြားမှမရတဲ့အပြင် ကိုယ့်ကြောင့်သေရင် အလျော်ပါ ပေးရမယ်နော်"

ဒီလိုနဲ့ အပင်ကြီးက မြေကြီးပေါ်လဲလာတယ်။ လူတွေက အကိုင်းတွေခုတ်၊ အသီးတွေဖယ်၊ ကြွက်သိုက်,ငှက်သိုက်တွေရှင်းနဲ့ တောက်တဲ့ကြီးကို ရှာပုံတော်ဖွင့်ကြတာပေါ့။ တစ်ပင်လုံးကတုံးသာဖြစ်သွားတယ်။ ဒီအကောင်ကြီးက ဘယ်ရောက်တယ်မသိ။ ဒီအဖွဲ့က ထန်းပင်သတင်းကြားပြီးသားဖြစ်လို့ ပေပင်ရဲ့ပင်စည်အရောင်လို ပြောင်းထားသလားဆိုပြီး ဓားနဲ့လိုက်ထစ်လိုက်ကြတာ။ တစ်ပင်လုံး မွစိသာတိုက်သွားတယ်၊ တောက်တဲ့ကိုတော့ ရှာလို့မရ။

ကဲ- နောက်ဇာတ်လမ်းကို ဆက်ပါဦးမယ်။ ဒီအကောင်ကြီးကို (၅) ရက်ခွောင်းပြီးမှ ရခဲ့တာပါ။ ဒီအကောင်မြင်တာနဲ့ သူနေဖို့ ဝါးလှောင်အိမ်လုပ်ထားတယ်။ ပြီးတော့ လှောင်အိမ်ကို အလေးချိန်နဲ့တိုက်ထားတယ်။ ဟိုအကောင်ကြီးထည့်လိုက်ရင် ဖြစ်လာမယ့်အလေးချိန်ကို လှောင်အိမ်အလေးချိန် နုတ်လိုက်တယ်။ ဒါဆိုရင် တောက်တဲ့ရဲ့ အလေးချိန်စစ်စစ်ရမှာပေါ့။ ပြေးလိုက်တဲ့ဉာဏ်။ ဖမ်းပုံဖမ်းနည်း ပြောပါဦးလို့ မေးတော့-

"ဒီလိုဗျ။ ဒီအကောင်တွေက လက်သိပ်မြဲတယ်။ ဒီအတိုင်း ဆွဲယူလို့ မရနိုင်ဘူး။ ဖမ်းမယ့်လူက သွေ့ရှေ့မှာ လှုပ်တုပ်လှုပ်တုပ်တုတ်ရှည်ရှည်နဲ့ ကစားပြ။ ဒီတုတ်ရဲ့အဖျားမှာ မြန်မာ့ဆေးရွက်ကြီးကို လက်သန်းလုံးလောက် အလိပ်သေးသေးချည်ထား။ ဒီလှုပ်တုပ်လှုပ်တုပ်က ဒီအကောင်အတွက် ပိုးကောင်လိုလို၊ ရန်သူလိုလိုဖြစ်ပြီး ပါးစပ်ဟ,ပြီးကြည့်။ လူက ဒီအချိန်မှာ ဆေးရွက်ကြီးအလိပ်ကို သူ့ပါးစပ်ထဲထည့်လိုက်။ သိပ်မကြာဘူး၊ ဒီအကောင် မွေသွားလိမ့်မယ်။ ဒီတော့ ပလတ်စတစ်အိတ်စွပ်ပြီး သာသာလေးယူ၊ ရပြီ။ ဒါပေမယ့် လိုအပ်တဲ့နေရာ ရောက်ရင် ရေလောင်းပေး၊ ဒါမှ အမှုန်ပြေမှာ၊ ရေမလောင်းရင် သေရောဗျ"

ဒါက ပညာရှင်အဆင့်ဖမ်းတဲ့သူတွေသုံးတဲ့ လက်နက်။ ဒီလိုနဲ့ တောထဲက သုံးဆယ်သားကျော်ကျော်အကောင်ရလာ၊ မြို့ကဝယ်လက် စုံစမ်း၊ သိန်း(၃၀၀) နဲ့ ဈေးဆိုင်၊ ပစ္စည်းယူလာ၊ ကြည့်ရှုစစ်ဆေး၊ စိတ်ကြိုက်ဖြစ်တော့ ထုပ်ပြီးခါနီတယ်။ အဲဒီမှာ အကောင်က မျက်စိအမြင်မှာတင် သေးသွားတယ်။ ခါနီလိုက်တော့ ဆယ့်ခုနစ်ကျပ်သားပဲ ရှိတယ်ဗျ။ ဒါနဲ့ ဝယ်ဈေးပျက်သွားတယ်။ (၅) သိန်းပဲ ပေးမယ်ဆိုပြီး ဈေးပြောင်းသွား။ စိတ်ပျက်လက်ပျက်နဲ့ ရောင်းသွား။ ပွဲက ဒီမှာတင် မပြီးပါဘူး။

ရောင်းတဲ့သူအိမ်ပြန်ရောက်တော့ ညဘက်မှာ အိပ်မက်မက်တယ်။

'ဟဲ့-နင်ရောင်းလိုက်တဲ့အကောင်ကို မူရင်းနေရာ ပြန်ပို့စမ်း။ ငွေလည်း ပြန်ပေးလိုက်။ ပြောတဲ့အတိုင်းမလုပ်ရင် နင်တို့တစ်မိသားစုလုံး ဒုက္ခရောက်ပြီသာမှတ်။ ပြောတာ မှတ်မိတယ်နော်'

လို့ အိပ်မက်မေးသလို ဝယ်သူကိုလည်း အိပ်မက်ပေးသဗျ။ ဘယ်လိုအိပ်မက်ပေးသလဲဆိုတော့-

'ဟဲ့- မနေ့က နင်ဝယ်လာတဲ့အကောင်ကို ဒီမနက် ရောင်းတဲ့လူ ပြန်လာလိမ့်မယ်။ ငွေပြန်အမ်းရင် အဲဒီအကောင်ကို ပြန်ပေးလိုက်။ ပြောတဲ့အတိုင်းမလုပ်ရင် နင့်မိသားစုနဲ့ နင်နဲ့ ဘယ်တော့မှမတွေ့ရဘူး မှတ်ထား'

လို့ ပေးလိုက်တာ။ ဝယ်သူဆိုတာ ချွေးသီးချွေးပေါက်တွေထွက်အောင်လန့်သွားတယ်။ လိုရင်းပြောရရင် ရောင်းသူပြန်လာ၊ ဝယ်သူက အကောင်ပြန်ပေး၊ ငွေပြန်အမ်း။ ဒါနဲ့ ကိစ္စကိုပြီးအောင်ရှင်း။ ရောင်းသူကတောကိုရောက်၊ ပြန်မလွတ်ခင် ထည့်တဲ့ဝါးခြင်းပါ မသက်သာလို့ ပြန်ချိန်ကြည့်။ ဒီအကောင်က သုံးဆယ်သား ပြန်ကျော်နေတယ်။ သိုက်က အစောင့်အကောင်လားဘာလားဆိုပြီး ချက်ချင်း တောထဲပြန်သွား၊ သစ်ခေါင်းထဲပြန်ပို့။ အလုပ်တွေရှုပ်သွားတာပေါ့။

နောက်ဇာတ်လမ်းတစ်မျိုးက အရောင်းအဝယ်ဖြစ်တာမျိုး မဟုတ်ဘူး။ အိမ်နံ့ရဲမှာရှိတဲ့ အကောင်ကြီး။ အမြင်အရတင် သုံးဆယ်သားလောက်ရှိလိမ့်မယ်။ အိမ်ရှင်က ဒါကြီးကြည့်ကြည့်ပြီး အိမ်မှာ နေစေချင်ဘူး၊ ဒီကောင့် ကျေးက အဆိပ်လည်းပြစ်တာကိုး၊ တောက်တဲ့ချေးကို ရောတ်လျှောက်မှာတင်နေရင် ဒီရောတ်လျှောက်က အိုးထဲကို ရေဆင်း၊ ဒီရေကို လူကသောက်မိ၊ သောက်မိတဲ့လူတိုင်း သေပါရော။ ဒါက မူခင်းမှာ ဖတ်လိုက်ရတဲ့ဖြစ်ရပ်။

ဒီလို ဗဟုသုတရှိတဲ့ အိမ်ရှင်က တုတ်နဲ့ထိုးခု၊ မောင်းလွှတ်တာ မပြေးတော့ရိုက်ခု၊ အောက်ပြုတ်ကျ။ အောက်ရောက်တော့ ပိုင်းရိုက်။ ကိစ္စချောသွားတာပေါ့။ ညရောက်တော့ အိမ်ရှင်ကို အိပ်မက်ပေးသဗျ။

'ဟဲ့ - အပြစ်မရှိတဲ့ ငါ့ကို သေအောင်သတ်ကြတယ်။ နင်တို့တွေကို သိအောင်ပြောလိုက်မယ်။ နင်တို့တစ်ရွာလုံး မီးသုံးကြိမ်လောင်ပြီး ရန်သူမျိုးငါးပါး ဘေးမလွတ်ဘူး။ ကြည့်လိုက်လေ၊ မကြာပါဘူး'

လို့ ပေးတာမျိုး။ တိရစ္ဆာန်ကပေးတဲ့အိပ်မက်ပဲ။ ဘယ်လာယုံပုံမလဲ။ ဒါပေမယ့် ဒီဇင်ဘာလကစပြီး ဧပြီလအတွင်းမှာ မီးသုံးကြိမ်လောင်တယ်။ ရွာလည်း ပြောင်တလင်းခါသွားသလိုပါပဲ။ မေလလည်းရောက်ရော မိုးနဲ့လေကတွဲပြီး နာဂစ်မိုက်တယ်လေ။ မီး၊ ရေ၊ လေ သုံးမျိုးထိတဲ့ရွာကို ဧရာဝတီတိုင်းသားဆိုရင်တော့ ဘယ်နေရာလို့ သိပါလိမ့်မယ်။ ကျုပ်က ရွာနာမည် မထည့်တော့ပါဘူး။

ဒါကြောင့် ဒီအကောင်မျိုးဟာကြီးလာရင် ပရလောကနဲ့ ဆက်နွယ်ပဲသွားသလား၊ သိုက်စောင့်တွေပဲဖြစ်သွားသလား ဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး။ ဒီအထဲမှာ လွတ်လွတ်ကင်းကင်း သဘာဝတောတွင်းတိရစ္ဆာန်တွေလည်း ရှိကောင်းရှိမှာပါ။ ဘာပဲဖြစ်ဖြစ် အန္တရာယ်နဲ့တော့ မကင်းတာ အမှန်ပါဘဲ။ ဒီကြားထဲ အလေးချိန်ကလည်း အံ့သြလောက်အောင် ပြောင်းလဲတတ်သေးတယ်။

အရောင်းအဝယ်ကိစ္စမှာ အလိမ်အပတ်တွေအကြောင်း ကျုပ်က မရေးသေးလို့။ ဒီကဏ္ဍက ပိုပြီးရှုပ်ထွေးပါသေးတယ်။ ဒီကြားထဲ သစ်တောဥပဒေက အရိပ်လို ကပ်ပြီး ပါလာပါလိမ့်မယ်။ ဒါကြောင့် ငွေကိုမြင်ပြီး အန္တရာယ်ကြီးတဲ့ တောက်တဲ့ဖမ်းပွဲကို ရပ်တန်းကရပ်ကြပါလို့ တွေ့ကြုံသမျှကို ဖောက်သည်ချလိုက်ရပါကြောင်း။

စိုးထွန်း(ဥပဒေ)

www.burmeseclassic.com

www.burmeseclassic.com

လူယိုးကျလေ့လာ လက်ကာပညာ

မင်းထွဋ်မင်း (ဘာသာပြန်သည်)

အခန်း (၁၄)
Hour Fourteen
The Vitality Line
အသက်လမ်းကြောင်း (Life Line)

အသက်လမ်းကြောင်းသည် လူတိုင်းအတွက် မိုးရိမ်ထိတ်လန့်ဖွယ် လမ်းကြောင်းအဖြစ် အများစုက သတ်မှတ်ထားကြသည်။ အကြောင်းမှာ သေခြင်းနှင့်ပတ်သက်၍ မည်သည့်အချိန်ကာလတွင် သေဆုံးမည်ကို ဖော်ပြလိမ့်မည်ဟု ရှေးရိုးစွဲ ယူဆထားသောကြောင့်ပင် ဖြစ်သည်။

အသက်လမ်းကြောင်းသည် လူတစ်ဦး၏ တည်ငြိမ်ခြင်း၊ အသက်ပါခြင်းတို့ကို ကိုယ်စားပြုသည်။ အသက်လမ်းကြောင်းပေါ်၌ အဖျက်အမှောင့်လက္ခဏာများ (Breaks)၊ အမှတ်အသားများ (Marking) ပါရှိနေခြင်းသည် ၎င်းအသက်လမ်းကြောင်း၏ Stability အား အကြီးအကျယ် ပြောင်းလဲစေမည့် အကြောင်း အသိပေးနေပါသည်။

အသက်လမ်းကြောင်း၏ အရှည်သည် သက်ဆိုင်ရာပုဂ္ဂိုလ်၏ခွန်အားသုံးနိုင်သော အခြေအနေကို ကိုယ်စားပြုသည်။

အလယ်ခေတ် (အေဒီ ၁၁၀၀-၁၄၀၀) ခန့်ကာလအတွင်းက လက္ခဏာပညာရပ်အရ အသက်လမ်းကြောင်းပေါ်၌ မည်သို့သော အပြောင်းအလဲပုံစံအမျိုးမျိုး ပေါ်ပေါက်လာပါက အသက်တမှ အရေးပါသောကိစ္စများ၊ အသက်နှင့်ဆိုင်သော ဘေးအန္တရာယ်များကို ကိုယ်စားပြုနေကြောင်း လေ့လာတွေ့ရှိရသည်။ ၎င်းမကောင်းသောလက္ခဏာများကြောင့် ထိပေါက်ခြင်း၊ ငွေ့မရခြင်း၊ မရှိခြင်း၊ အလုပ်အကိုင် ရာထူးတိုးတက်မှုရှိခြင်း၊ လစာမတိုးတက်ခြင်း၊ ကောလိပ် တက္ကသိုလ်သို့ တက်ရောက် ပညာမသင်နိုင်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ထို့အပြင် ၎င်း(အသက်လမ်းကြောင်း)ပေါ်၌ အမှတ်အသား၊အစက်အပြောက်များ ပါဝင်နေခြင်းသည် စစ်မက်ဖြစ်ပွား နိုင်ခြင်း၊ ရောဂါထူပြောခြင်း၊ အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်းနှင့် သဘာဝဘေးအန္တရာယ်တစ်ခုခုတို့ကြောင့် သေကိန်းနှင့် ကြုံရခြင်းတို့ကို ဖြစ်ပေါ်စေကြောင်း လေ့လာတွေ့ရှိရသည်။

အစွမ်းရှိလမ်းကြောင်းများ
(Power Line)

အသက်လမ်းကြောင်းသည် လက်မအောက်ဘက် အသားအထူဆုံး (အဆူဖြိုးဆုံး) နေရာ Thumb Ball Mound ဧရိယာအတွင်းသို့ ထိုးဆိုက်ဆင်းသွားပြီး ရှိသမျှခွန်အားများ စုစည်း အမြစ်တွယ် (သို့လော်ငင်) လျက် ထိုနေရာမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းပိုင်း အင်္ဂါအစိတ်အပိုင်းများသို့ ပို့ဆောင်ရောက်ရှိစေပါသည်။ ထို့အခါ သက်ဆိုင်ရာပုဂ္ဂိုလ်အား တည်ငြိမ်စွာဖြင့် နေသားတကျ ပြုမူလှုပ်ရှားစေကာ လုံခြုံမှုနှင့် အသက်ဇီဝိန်ခိုင်မြဲမှုတို့ကို ဖြစ်စေပါသည်။

တိုသော၊ တိမ်သော အသက်လမ်းကြောင်းနှင့် အားပျော့သောအသက်လမ်းကြောင်း
(Shallow Roots, Weak Roots)

တိုသောအသက်လမ်းကြောင်း

အဆိုပါလက်ဝါးပိုင်ရှင်သည် ဘဝတစ်သက်တာအတွင်း အခြေခိုင်မှုမရှိသည့်အနေအထားများနှင့် ကြုံတွေ့ရပါမည်။ ထိုသို့ ဘဝအာမခံချက်နည်းသော၊ အခြေခံမကောင်းသော အဖြစ်ကြောင့် လုံခြုံမှု နည်းလာလေလေ မိမိအသက်မွေးဝမ်းကျောင်း အလုပ်အကိုင်၊ မိမိအိမ်ထောင်ရေးတို့သည်လည်း တည်ငြိမ်မှုကင်းလာလေလေဖြစ်သည်ကို ကြုံတွေ့ရပါမည်။ တိုသောအသက်လမ်းကြောင်း၏ သဘာဝအရ အချိန်ကာလတိုတိုအတွင်း ခွန်အားစွမ်းရည်များ ပြည့်ဝစွာ အသုံးချနိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲရန် အတွက်မူ မစွမ်းဆောင်နိုင်ကြပေ။

အသက်လမ်းကြောင်း ရှည်နေသော်လည်း ၎င်းလမ်းကြောင်းသည် မှေးမှိန်ပါးလွှာနေပါက အညံ့စား အသက်လမ်းကြောင်းအဖြစ်သာ သတ်မှတ်ပါသည်။ တစ်ခါတစ်ရံ မှေးမှိန်သေးမျှင်သည့်ကြားမှ အမှောင့်ပယောဂဖြစ်စေသည့်အဖျက် (အပြတ်ကြောင်း) ကျွန်းများတို့ပါ ပါဝင်နေတတ်ကြောင်း တွေ့ရှိရသည်။



Short Vitality Line

www.burmeseclassic.com

www.burmeseclassic.com

အားနည်းသော အသက်လမ်းကြောင်း
(Weal Vitality Line)

အားနည်းသော အသက်လမ်းကြောင်း



Short Vitality Line

Thumb Ball (လက်မအောက် အသားထူသည့်နေရာ) သည် ပေါ့ဖပ်ဖပ်ဖြစ်နေပါက (သို့) ပြားချပ်ချပ်ဖြစ်နေပါက ၎င်းဇရိယာအတွင်း ပိုက်ဆင်းသွားသော အသက်လမ်းကြောင်းကို အားနည်းသော အသက်လမ်းကြောင်းဟု သတ်မှတ်ပါသည်။ ၎င်းလက်ဝါးပိုင်ရှင်များသည် မကြာခဏဆိုသလို အဖျားရောဂါဝေဒနာများ တရှောင်ရှောင်ဖြစ်နေတတ်ပါသည်။

အားနည်းသော Life Line ပိုင်ရှင်များသည် မိမိကိုယ်မိမိပင် အနိုင်နိုင်ရှာဖွေစားသောက်ရတတ်သည်။ အားနည်းပျော့ညံ့သည့်အနေအထားကြောင့်ပင် ဘဝ၏စိန်ခေါ်မှုအမျိုးမျိုး မကြာခဏ ကြုံတွေ့ခံစားရတတ်သည်။ အားနည်းသော အသက်လမ်းကြောင်းသည် Passive Hand ဘက်တွင်ရှိပါက အဆိုပါပုဂ္ဂိုလ်သည် လုံခြုံမှုကင်းမဲ့စွာ အသက်ရှင် ကြီးပြင်းလာရခြင်း၊ မိဘနှစ်ပါးကွာရှင်းပြတ်စဲကြခြင်းကြောင့် မိကွဲဖကွဲဖြင့် နေထိုင်ရခြင်း၊ စားဝတ်နေရေးတွင် အတွက် အဆမတန် ခက်ခဲလှုပ်ရှားရတတ်ခြင်းတို့ကို ဖန်တီး ဖြစ်ပေါ်စေပါသည်။

အသက်လမ်းကြောင်းကျွန်းများခံနေခြင်းနှင့် ၎င်းလမ်းကြောင်းသည် ပါးလွှာသေးမျှင် (မှေးမှိန်) နေပါက ဆင်းရဲနေသည့်အလျောက် လုံးဝ အနားမရနိုင်လောက်အောင် အခက်အခဲ ဝန်ထုပ်ဝန်ပိုးများအား ဆက်တိုက်ဖြေရှင်းနေရတတ်သည်။ အဆိုပါ ဘဝများ၌ ကျင်လည်နေကြသောလူတို့သည် ဘဝနာခြင်းမှ လွတ်မြောက်အောင် အမြဲတစေ ကြိုးစားနေလျက် ရှိတတ်သည်။

အသက်လမ်းကြောင်း ထင်ရှားနက်ရှိုင်း၍ အားကောင်းသောအခါ အဆိုပါ လက်ဝါးပိုင်ရှင်သည် ရုပ်ပိုင်းဆိုင်

Boxer Muhammad Ali's plams-note the strong Vitality Lines

ရာအားဖြင့် ခွဲသန်အားကောင်းခြင်း၊ ရုပ်ပိုင်း ကျန်းမာသန်စွမ်းအားကောင်းသလို စိတ်ပိုင်းဆိုင်ရာ၌လည်း အမှန်အတိုင်းကို ပြတ်သားစွာ ရှုမြင်သုံးသပ်လာနိုင်ကြသည်။ ကမ္ဘာကျော် လက်ဝှေ့ပညာရှင်ဟောင်း မိုဟာမက်အလီသည် အားကောင်းသော အသက်လမ်းကြောင်းအား ပိုင်ဆိုင်ထားကြောင်း မှတ်တမ်းများအရ လေ့လာတွေ့ရှိရသည်။

(ပုံနှင့်တကွ လေ့လာပါ။)

Naomi ၏ လက်ဝါးနှင့် Amber လက်ဝါး

Naomi's plams

Amber's palms

ပုံတွင်ပြထားသည့် လက်ဝါးပြင် (၂) ခုအား နှိုင်းယှဉ်လေ့လာပါက-

ပထမတစ်ဦးသည် Amber ဆိုသူဖြစ်ပြီး သူသည် (၅) နှစ်တာကာလအတွင်း အိုးအိမ်အပြောင်းအရွှေ့ (၁၄) ကြိမ်တိုင်တိုင် လုပ်ခဲ့ဖူးသူလည်း ဖြစ်သည်။ သူမသည် ထမင်းဟင်းချက်ပြုတ်စားသောက်ရခြင်းအလုပ်ကို မုန်းတီးတတ်ပြီး တည်ငြိမ်မှုမရှိသည့် နောက်ခံအကြောင်းရင်းများကြောင့် ဘဝကို ဖြစ်သလိုရုန်းကန်နေသည့်သဘောရှိသည်။ သူမ၏ဝါသနာသည် Wieca (သို့) Witchcraft (ကဝေစုန်းအတတ်) စသည့် လောကီပညာများကို စိတ်ဝင်စားစွာ သင်ယူလေ့လာပြီး ခရီးထွက်ခြင်းကို နှစ်ခြိုက်သည့်ဝါသနာ ပါရှိသည်။

Naomi ၏ လက်ဝါးပြင်အား လေ့လာရာတွင် သူမသည် သားသမီး (၃) ဦးရှိပြီး အထက်ပါ Amber လုပ်ကိုင်သည့် စျေးဆိုင်၌ပင် (တစ်နေရာတည်း) ရာထူးအတူတူလုပ်နေသူဖြစ်သည်။ Naomi သည် မိဘများနှင့် အနီးကပ်နေထိုင်သူဖြစ်ပြီး ထမင်းဟင်းချက်ပြုတ်ရခြင်းကို နှစ်သက်သူ ဖြစ်သည်။ အချက်အပြုတ်အပြင် ပန်းမန်စိုက်ပျိုးခြင်းကိုလည်း စိတ်ဝင်စားသည်။ (၁၀) နှစ်တာကာလအတွင်း သူမ၏အိုးအိမ်အပြောင်းအလဲ လုံးဝမရှိပါ။ ဖော်ပြပါ လက်ဝါးပြင် (၂) ခုတွင် Naomi ၏လက်ဝါးနှင့် Amber ၏ လက်ဝါးအား မည်သို့ ခွဲခြားသိမြင်နိုင်သနည်း။

ထင်ရှားစွာကွဲပြားနေသည့်အချက်များအရ Naomi ၏လက်ဝါးသည် ဘယ်ဘက်အခြမ်းမှဖြစ်ပြီး ညာဘက်အခြမ်းသည် Amber ၏လက်ဝါးပင်ဖြစ်သည်။

ခရီးသွားလမ်းကြောင်းပြလက္ခဏာများ
(Wandering Roots)



Travel line on an airline pilot's palm

လက်ဝါးပြင်၏အောက်ခြေအဆုံး လက်ကောက်ဝတ်အနီး ခက်ရင်းခွသဏ္ဌာန်ပါရှိပြီး လက်မရှိရာဘက်မှ ခွဲထွက်သွားသည့်ပုံစံရှိသောလမ်းကြောင်းသည် ခရီးသွားလမ်းကြောင်းပင် ဖြစ်ပါသည်။ ခရီးသွားခြင်းကိုပြသည့် လမ်းကြောင်းသည် အမြဲတစေ အောက်ခြေ၌ ခွဲထွက်လျက်ရှိပြီး မိမိနေရင်းဌာနေမှ မကြာခဏ ခရီးထွက်နေရတတ်သူ ဖြစ်သည်။

အထက်ပါပုံစံနှင့် ဆန့်ကျင်ဘက်ဖြစ်သောလမ်းကြောင်းသည် လက်ဝါးပြင်အောက်ခြေ၌ လက်မရှိရာဘက်

www.burmeseclassic.com

www.burmeseclassic.com

Vitality Line curling into the base of the thumb ball

Thumb Ball နေရာသို့ ကွေးကောက်လိပ်တက်နေပြီး မိမိနေရပ်ဌာနေ (ဇာတိမြေအိုးအိမ်) မှခွာ၍ ဘယ်အရပ်ကိုမှ ခရီးမသွားလိုကြောင်း ဖော်ပြပါသည်။



Break with overlap

အသက်လမ်းကြောင်း၌ အပျက်လမ်းကြောင်း Breaks များ ပါရှိနေပါက သက်ဆိုင်ရာ လက်ဝါးပိုင်ရှင်၏ စွမ်းအင်ခွန်အားများ ယုတ်လျော့ ကျဆင်းစေရန်ကြားဖြတ် နှောင့်ယှက် ဟန့်တားခြင်းတို့ကြောင့် သစ်ပင်တစ်ပင်အား အမြစ်မှ ဆွဲလှန်နုတ်ယူပြီးမှ မြန့်စိုက်သကဲ့သို့ (အခြေပျက်ပြီးမှ ပြန်လည်အရှိန်ယူရခြင်း)ကဲ့သို့ လောကဓံအထုအထောင်းကို ပြင်းထန်စွာ ခံစားရတတ်ပါသည်။ အဆိုပါ အဖျက်လမ်းကြောင်းသည် တစ်ကြောင်းပေါ် တစ်ကြောင်း ထပ်နေသည့် Over Lap ပုံစံမဟုတ်ဘဲ သိသာထင်ရှားစွာ ကွာဟလျက် (တစ်ဆက်တည်းမရှိဘဲ) Break ဖြစ်နေပါက အမြဲတစေ ပရိဒေဝဓီး တောက်လောင်ခြင်းခံနေရပါမည်။ သို့သော်လည်း အဖျက်လမ်းကြောင်းသည် Break ပုံစံမဟုတ်ဘဲ တစ်ကြောင်းနှင့်တစ်ကြောင်း ထပ်နေသည့် Over Lap ပုံစံဖြစ်နေပါက ကျဆုံး ဆုံးရှုံးလက်လွှတ်ခဲ့ရသော အခြေအနေအရပ်ရပ်ကို အချိန်မီ စုစည်း ပြန်လည်ပြုပြင်၍ စိတ်သစ်လူသစ်ဖြင့် ဘဝခရီးအား ဆက်လက် ဖြတ်သန်းနိုင်ပါမည်။ တစ်နည်းအားဖြင့် အဆိုးထဲက အကောင်း (သို့) အရှုံးထဲမှအမြတ်ထွက်သည့်သဘောပင် ဖြစ်သည်။ အကယ်၍ အိမ်ထောင်ရေးတွင် ကွာရှင်းပြတ်စဲထားသူ ဖြစ်ပါက နောက်ထပ်ပြုလိုက်သော အိမ်ထောင်သည် ယခင်အိမ်ထောင်ထက် ပိုမို သာယာပျော်ရွှင် ချမ်းမြေ့မှုပေးသည်ကို လေ့လာတွေ့ရှိရသည်။

Break and gap in the Vitality Line

Passive Hand (မသန်သောလက်သို့မဟုတ် အသုံးနည်းသည့်လက်) ရှိ အသက်လမ်းကြောင်းပေါ်တွင် (Break) အဖျက်အပြတ်လိုင်းများ ဖြစ်နေပါက မိဘ၊ မောင်နှမအရင်းအချာတို့ ဆုံးရှုံးရတတ်ခြင်း၊ ပျောက်နေတတ်ခြင်း (သို့) မိဘနှစ်ပါး ကွာရှင်းထား၍ မိကွဲဖကွဲဖြစ်ရခြင်း (သို့) မိသားစုဝင်များအတွင်း ကြမ္မာဆိုးတစ်ခုခု ဝင်ရောက် ဖျက်ဆီးမှုကြောင့် အကြီးအကျယ်ပြောင်းလဲမှုများ ကြုံတွေ့ရခြင်းတို့ကို ကိုယ်စားပြု ဖော်ပြပါသည်။ အဆိုပါ လက်ဝါးပိုင်ရှင်တို့သည် အသက်ရွယ်ကြီးရင့်လာသည့် အလျောက် ပိုမို တည်ငြိမ်သောဘဝကို ကြီးစားတည်ဆောက်သော်လည်း လုံခြုံစိတ်ချရမှုမရှိသလို ခံစားနေရတတ်ပါသည်။

Active Hand (သန်သောလက်သို့မဟုတ် အသုံးများသည့်လက်) ၌ အသက်လမ်းကြောင်းပေါ်တွင် အဖျက်လမ်းကြောင်း (Break) များ ပါရှိနေပါက မိမိနေထိုင်ရာ တိုင်းနိုင်ငံမှ ပြောင်းရွှေ့ရတတ်ခြင်း၊ အိမ်ထောင်ကွဲခြင်း၊ နာမကျန်းဖြစ်ခြင်း၊ အိမ်ပြောင်းရခြင်းတို့ဖြင့် ကြုံတွေ့ရတတ်ပါသည်။



Timing on the Vitality Line.

အထက်ပါ အပြောင်းအလဲများ ဖြစ်ပေါ်ပုံကို ပုံတွင်ပြထားသည့်အတိုင်း နှစ်ကာလအလိုက်၊ အသက်အပိုင်းအခြားအလိုက် စက်ဝိုင်းခြမ်းပုံစံရှိ အသက်လမ်းကြောင်းတစ်လျှောက် Section (အစိတ်) များ ခွဲခြားကာ လေ့လာနိုင်ပါသည်။

အသက်လမ်းကြောင်းပေါ်၌ မကောင်းသော Break များ ပါဝင်နေခြင်းကို သက်ဆိုင်ရာ လက္ခဏာပိုင်ရှင်အား အဆောတလျင် (အမှန်အတိုင်း) ထုတ်ဖော် မပြောသင့်ပေ။ အဆိုပါလက်ဝါးပိုင်ရှင်အနေဖြင့် စိတ်ဓာတ်အကြီးအကျယ် ကျဆင်းကာ မထူးဇာတ်ခင်းသွားနိုင်သည်။ ထို့အတွက် လက္ခဏာဟောပြောသူများအနေဖြင့် မကောင်းသောကြမ္မာဆိုးနှင့် ရင်ဆိုင်နေရသူအား စိတ်တည်ငြိမ်မှုရအောင်ကြိုးစားစေပြီး အစားအသောက်၊ အနေအထိုင်၊ အိပ်စက်ခြင်းမှအစ လေ့ကျင့်ခန်းလုပ်သည်အထိ ဟိုက်တွန်း အကြံပြုသင့်ပါသည်။ ဤသို့အားဖြင့် အချိန်ယူကြိုးစားကာ ပြုပြင်လျက် အနာဂတ်ကာလကို ရဲရဲ့စွာ ရင်ဆိုင်စေသင့်ပါသည်။

အခက်အလက်သဏ္ဌာန် ခွဲဖြာထွက်သော လမ်းကြောင်းများ (Branches)



Bar line crossing the Vitality Line

အသက်လမ်းကြောင်းမှ ခွဲဖြာထွက်သွားသောလမ်းကြောင်းများသည် ဘဝတစ်သက်တာအတွင်း အတွေ့အကြုံသစ်များဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ဖော်ပြပါသည်။ အထူးသဖြင့် လာခြင်းကောင်းသောအနာဂတ်၌ အောင်နိမိတ်ဆောင်သည့်ရလဒ်များအဖြစ် အမွေရရှိခြင်း၊ အလုပ်အကိုင်သစ်ရရှိခြင်း၊ နောက်ထပ် ကလေး(သားသမီး)ရရှိခြင်း စသည့် အခွင့်အရေးကောင်းများအား ရယူဆုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း အသိပေးနေပါသည်။

အသက်လမ်းကြောင်း၌ ကျန်းခံနေခြင်းသည် စိတ်ဖိစီးမှုခံနေရသော

www.burmeseclassic.com

www.burmeseclassic.com

ကာလအပိုင်းအခြားနှင့် ဆုံးဖြတ်ချက်ပိုင်နိုင်စွာ မချနိုင်ခြင်းတို့ကို ကိုယ်စားပြုနေပါသည်။ အထူးသဖြင့် မိသားစုပြဿနာများ၌ အများဆုံး ကြုံတွေ့ရတတ်ပါသည်။

အသက်လမ်းကြောင်း၌ Bar များကန့်လန့်ဖြတ် ပါရှိနေခြင်းသည် မိမိ၏ဘဝတစ်သက်တာအတွင်း တိုးတက်အောင်မြင်မှုများ ပြင်ပပယောဂတစ်ခုခုကြောင့် ကြားဝင်နှောင့်ယှက် ဖျက်ဆီးခံရမှုကို ဖော်ပြသည်။

အသက်လမ်းကြောင်း (၂)ကြောင်း ပါရှိခြင်း (Double Tyouble) (or) Doubled Vitality Lines

Doubled Vitality Lines

တစ်ခါတစ်ရံ၌ အသက်လမ်းကြောင်း (၂) ကြောင်း ပါရှိသော လက်ဝါးပြင်များကို တွေ့ရတတ်သည်။ အကယ်၍ Passive Hand ဘက်၌ အသက်လမ်းကြောင်း (၂) ကြောင်း ပါရှိခဲ့လျှင် အဆိုပါ လက်ဝါးပိုင်ရှင်၌ မိဘအရင်းအချာအပြင် အခြားကျေးဇူးရှိသူ (အရင်းအချာမဟုတ်သော) မိဘများပါရှိကြောင်း ဖော်ပြပါသည်။

အကယ်၍ Active Hand ဘက်၌ အသက်လမ်းကြောင်း (၂) ကြောင်း ဖြစ်နေပါက လက်ဝါးပိုင်ရှင်သည် ခွန်အား (စွမ်းအင်) ပြည့်ဝသူ၊ ခရီးကျယ်ပြန့်စွာ ထွက်ရတတ်သူ၊ အိမ် (၂) လုံး ပိုင်ဆိုင်နေသူနှင့် မိသားစု (၂) စု၊ ဘဝရှင်သန်ရပ်တည်ပုံ (၂) မျိုး စသည်ဖြင့် ထူးခြားချက်များစွာ ပိုင်ဆိုင်ထားကြောင်း လေ့လာတွေ့ရှိရသည်။

(အောက်ပါ အမေး၊ အဖြေများကို လေ့လာပါ။)

၁။ အသက်လမ်းကြောင်းတို့သူများသည် ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးရလိမ့်မည်ဟု ဆိုလိုပါသလား။

မဆိုလိုပါ။ အသက်လမ်းကြောင်းတိုခြင်းသည် တက်ကြွရွင်လန်းသောဟန် ပန်မရှိဘဲ အခြေခံမကောင်းသော လူအဆင့်အတန်း၊ အသိုင်းအဝန်းတွင် ကျင်လည်နေရတတ်ခြင်း၊ ဘဝရပ်တည်မှုဆိုင်ရာ လုံခြုံမှုကင်းမဲ့လျက် မိမိကိုယ် မိမိအနိုင်နိုင် ရုန်းကန်နေရတတ်ခြင်းကို ရည်ညွှန်းဆိုလိုပါသည်။

၂။ အသက်လမ်းကြောင်း၏ အောက်ခြေမှ ခက်ရင်းခွသဏ္ဌာန် ဖြာထွက်သွားသောလမ်းကြောင်းသည်မည်သည့်အဓိပ္ပာယ်ကိုဆောင်သနည်း။

၃။ အသက်လမ်းကြောင်းသည် Passive Hand ဘက်ရှိ လက်ဝါးပေါ်၌ တိုနေပါက မိသားစုအတွင်း တည်ငြိမ်မှု၊ လုံခြုံမှုရှိပါသလား။

Passive Hand ဘက်. လက်ဝါးပြင်ရှိ အသက်လမ်းကြောင်းတိုနေခြင်း၊ အားပျော့နေခြင်းသည် သဘာဝအရ နောက်ခံ အသိုင်းအဝန်း မကောင်းခြင်းကြောင့် မိသားစုအတွင်း လုံခြုံစိတ်ချရခြင်း မရှိပါ။

၄။ လူတစ်ယောက်အတွက် အိမ်မကြာခဏပြောင်းနေရခြင်းသည် မည်သို့သော အသက်လမ်းကြောင်းပါသည့် လက်ဝါးပိုင်ရှင် ဖြစ်သနည်း။

အထက်ပါအခြေအနေဖြစ်ရသည်မှာ အသက်လမ်းကြောင်းတိုခြင်း၊ အားနည်းခြင်း တစ်ခုခုပါနေခြင်းကြောင့်ပင် ဖြစ်သည်။

၅။ လက်ဝါးပြင်ပေါ်၌ ထင်ရှားရှင်းလင်းသော အပျက်လမ်းကြောင်း (Break) များက အသက်လမ်းကြောင်းပေါ်တွင် ပါနေခြင်းနှင့် ၎င်းတွင် Over Lap တစ်ကြောင်းနှင့်တစ်ကြောင်း ထပ်နေခြင်းသည် မည်သို့ကွာခြားသနည်း။

အသက်လမ်းကြောင်းပေါ်တွင် Break နှင့် Over Lap တို့ပါဝင်မှုကြောင့် အကျိုးသက်ရောက်မှုလည်း ကွာခြားပါသည်။ ထင်ရှားရှင်းလင်းသော Break (အပျက်အဖြတ်လမ်းကြောင်း) ဖြစ်ပါက အခက်အခဲကြုံတွေ့မှု၊ တည်ငြိမ်ခြင်း ကင်းမဲ့မှု ကျိုးပြတ်ကွာဟနေသည်။ လမ်းကြောင်းရှည်လျှင် ရှည်သလောက် မကောင်းသော လက္ခဏာက အကျိုးပေးပါမည်။ Over Lap တစ်ခုနှင့်တစ်ခု ထပ်နေသည့်လမ်းကြောင်းဖြစ်ပါက အခက်အခဲနှင့် ရင်ဆိုင်ရတတ်သော်လည်း အတွေ့အကြုံသစ်များနှင့် ကြုံတွေ့ရနိုင်ပါသည်။

၆။ အသက်လမ်းကြောင်း Double (၂ ကြောင်း) ပါနေခြင်းသည် Schigophrenic ခေါ် စိတ်ကစဉ့်ကလျားရောဂါ ဖြစ်နိုင်ပါသလား။

Passive Hand ဘက်၌ အသက်လမ်းကြောင်း Double ဖြစ်နေပါက မိဘအရင်းအချာအပြင် ကျေးဇူးသိရှိခဲ့ဖူးသူ (မွေးစားမိဘ) များပါရှိနေတတ်ပြီး Active Hand ဘက်၌ Double ဖြစ်နေပါက ခွန်အား (စွမ်းအား) အပြည့်ရှိတတ်သူ၊ မိသားစု (၂) စု ရှိတတ်သူ၊ အိမ် (၂) လုံးရှိတတ်သူနှင့် ဘဝရှင်သန်ရပ်တည်မှုပုံစံ (၂) မျိုး ပိုင်ဆိုင်ထားသူများ ဖြစ်နေပါသည်။

၇။ အသက်လမ်းကြောင်းမှ ဖြာထွက်၍ အပေါ်ဘက်လက်ချောင်းများရှိရာ ထောင်တက်သွားသောလမ်းကြောင်းငယ်များသည် ကိုယ်စိတ်(၂)ပါး ကျန်းမာမှုမရှိခြင်းကို ဖော်ပြပါသလား။

မဟုတ်ပါ။ အသက်လမ်းကြောင်းမှ အပေါ်ဘက်သို့ ခွဲခြားထောင်တက်သွားသော လမ်းကြောင်းငယ်များသည် အောင်မြင်ရေးလမ်းကြောင်းများအဖြစ် လက်ချောင်းများရှိရာသို့ ဦးတည်ကာ ပြင်းပြသော ရည်မှန်းချက်ဆန္ဒများ အကောင်အထည်ဖော်နိုင်ခြင်း၊ လာခြင်းကောင်းသော ဘဝအတွေ့အကြုံသစ်များဖြင့် ရင်ဆိုင်ရခြင်းတို့ကို ဖော်ပြပါသည်။

၈။ အသက်လမ်းကြောင်းပေါ်၌ မကောင်းသော အမှတ်လက္ခဏာများ ပါရှိပါက အန္တရာယ်ကိုရောက်တော့မည့် အရေး ကြိုတင်တွက်ဆနိုင်ပါသလား။ ထို့အတွက် ကာယက်ရှင်အား အသိပေးသင့်ပါသလား။

ကြိုတင်အသိပေးမည့်အစား စိတ်တည်ငြိမ်အောင် ကြိုးစား၍ ကျန်းမာအောင် နေထိုင်တတ်ရေးအတွက်သာ အကြုံပြုသင့်ပါသည်။

၉။ အသက်လမ်းကြောင်းသည် မည်သည့် အသက်အရွယ်၌ အလယ်တစ်ဝက်ရှိအမှတ်ကိုရောက်ရှိမည်နည်း။

အသက် (၄၃) နှစ်အရွယ်၌ အသက်လမ်းကြောင်းပြ စက်ဝိုင်းခြင်းပုံရှိလမ်းကြောင်း၏ အလယ်တစ်ဝက်ခန့် အမှတ်ကို ရောက်ရှိပါသည်။

မင်းဘွဲ့မင်း

www.burmeseclassic.com

www.burmeseclassic.com

မြတ်သက်ကျော်

ချပ်ပွားတော်အောက် ဝလုံးပေါက်

(၁)

အချိန်ကား ၁၉၅၀ ဝန်းကျင်ကာလခန့်က ဖြစ်ပေသည်။ ထိုကာလများတုန်းက ဘီလူးကျွန်းခေါ် ချောင်းဆုံမြို့နယ်သည် အေးချမ်းသော အဖြူရောင်နယ်မြေ မဖြစ်တတ်သေးပေ။ မုဒုံမြို့နယ်ကိုဖြတ်၍ ရေလမ်းခရီးကို ကူးကာသောင်းကျန်းသူများ ချောင်းဆုံမြို့နယ်အတွင်းသို့ ဝင်ရောက်ပြီး မြို့နယ်၏ အရှေ့ဘက်ခြမ်းဖြစ်သော သင်္ကြာ၊ ဘိုးနက်၊ ခရိုက်သစ်၊ နတ်မှော်၊ ကွမ်းသစ်စသော ကျေးရွာများကို ဒုက္ခပေးတတ်သကဲ့သို့ အနောက်ဘက်ကမ်းစပ်ရွာများဖြစ်သော ဒရယ်၊ ကွင်းပေါက်၊ ဇီးကုန်း၊ တော်ပွန်၊ ဆယ်ပလာ စသောရွာများသို့ ပေါင်မြို့နယ်ကိုဖြတ်၍ ရေလမ်းကူးကာ လာရောက်ပြီး ဒုက္ခအပေါင်းအား ခိုးမြှောက်တတ်ပေသေး၏။ ထို့ကြောင့် ထိုကာလများသည် ချောင်းဆုံမြို့နယ်၏ အနက်နှင့်အညိုရောင်လွှမ်းမိုးထားသော ကာလများ ဖြစ်ပေသည်။

ထို့ကြောင့် ဘီလူးကျွန်း ချောင်းဆုံမြို့နယ်၏ နေ့ပိုင်းကာလများသည် သုခဘုံဟု တစ်ယောက်ယောက်က ဆိုခဲ့သည်ရှိသော် ညပိုင်းကာလများသည် လူသံ၊ ခွေးသံဆိတ်၍ တထိတ်ထိတ်နှင့် အိပ်စက်ရသောဒုက္ခညများသာ ဖြစ်ခဲ့တော့သည်။ ထိုသို့သော အခြေအနေများကို သက်ဆိုင်ရာ ရွာအသီးသီးတို့မှ သူကြီးမင်းတို့ကလည်း ကျေးရွာသားများ၏လုံခြုံရေးအတွက် သိမှတ်သမျှ လုံခြုံရေးအသိစိတ်ဖြင့် အကာအကွယ်များ ပေးခဲ့ပါ၏။ နေ့ခင်းပိုင်း လူစိမ်းသူစိမ်းများ ရွာထဲဝင်လာလျှင် ခေါ်ယူစစ်ဆေးမေးမြန်း၏။ အခြေအနေမဟန်ဟု ယူဆလျှင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံ ဆက်လက် အပ်နှံချေတော့၏။ သို့သော် အမောင်သောင်းကျန်းသူသူတော်ကောင်းများကား မကြာမကြာ ဟိုရွာဝင် ဒီးပြတိုက်၊ ဒီနေရာဝင် ပြန်ပေးဆွဲလိုက် လုပ်နေလေ့ရှိရကား ဓာတ်လေးပါးဖြင့် တည်ဆောက်ထားသော ခန္ဓာကိုယ်ပိုင်ရှင် သူကြီးမင်းများခမျာလည်း အကာလညအခါများ၌ ခိုးမြှင့်ခြင်းခံထားရသည့် နှစ်လုံးပြူးသေနတ်လေးပိုက်ကာ ကောက်ရိုးပုံတိုးလိုက်၊ ချုံတောဝပ်လိုက်၊ မုဆိုးမအိမ်အောက်ပုန်းဝပ်လိုက်နှင့် အသက်မပြတ်စေရန် ကြံဖန် ကြိုးစားနေကြရချေ၏။

ယနေ့လည်း တော်ကနာရွာတွင် အုတ်အော်သောင်းတင်းကိစ္စတစ်ခု ဖြစ်ပွားသဖြင့် သူကြီးမင်း ဦးစံရ နှစ်လုံးပြူးသေနတ်ကိုဆွဲ၍ ရွာအလယ်ပိုင်းရှိ

www.burmeseclassic.com

www.burmeseclassic.com

သုဓမ္မာတိုက်ကျောင်းဘက်သို့ လှမ်းထွက်ခဲ့ချေတော့သည်။ သုဓမ္မာတိုက်ကျောင်းကား တော်ကနာရွာလယ်ရှိ ပေ (၂၅၀) ခန့်မြင့်သော တောင်ကုန်းတစ်ခုပေါ်တွင် တည်ထားခြင်းဖြစ်ပြီး ကျောင်းတောင်ဘက်စောင်းတန်းကား ရွာလမ်းနံဘေးတွင်ရှိချေ၏။ ကျောင်းသို့အတက်စောင်းတန်းအဝင် (၁၀) ပေခန့်မြင့်သည့် ခြင်္သေ့နှစ်ကောင် ဆောင့်ကြောင့်ထိုင်နေဟန် အင်္ဂတေရုပ်တုနှစ်ခု ရှိ၏။

ထိုခြင်္သေ့နှစ်ကောင်၏ ဝမ်းဗိုက်အောက်နေရာသည်ကား တစ်ခါတစ်ရံ ကာလသားများ၏ အနားယူအိပ်စက်သည့်နေရာ ဖြစ်သကဲ့သို့ တစ်ခါတစ်ရံ ဂွတို့၊ မျက်စောင်း၊ ချက်ဖောင်း၊ နံပိန်စသော လူမက မျောက်မှိုင်သည့်အရပ်အော့ကြောလန် မိမနိုင်ဖလက်မြောက်ကလေးများ ကစားမြူထူးရာ ဘူမိနက်သန် ဖြစ်ချေတော့၏။

ယခုလည်း မျောက်မူးလဲသေ ခပ်တေတေ ကလေးများကြောင့် ရွာထဲရှိ ထူးခြားဖြစ်စဉ်ကို တစ်ရွာလုံး သိရှိရခြင်းဖြစ်၏။ လူစိမ်းတစ်ယောက် သုဓမ္မာတိုက်ကျောင်းစောင်းတန်းအဝရှိ ခြင်္သေ့ရုပ်တုအောက်တွင် အထုပ်တစ်ထုပ်နှင့် ထိုင်နေလေသည်တဲ့။ သူတို့က ရွာအတွင်းရှိ ထူးခြားမှုသတင်းကို သက်ဆိုင်ရာ သူကြီးမင်းအား လည်းကောင်း၊ မိဘများအား လည်းကောင်း၊ သတိပေးဖော်ရသည့်အတွက် လည်းကောင်း၊ ထူးခြားဖြစ်စဉ်များကို သက်ဆိုင်သူများအား သတင်းပေးရမည်ဟူသည့်အသိရှိသည့်အတွက် လည်းကောင်း သင်းတို့လေးများအား သူကြီးမင်းစိတ်ထဲမှ ကျိတ်၍ ချီးကျူးမိချေတော့သည်။

(၂)

သူကြီးမင်း ဦးစံရ ကျောင်းအဝင်စောင်းတန်းဝရောက်တော့ ခြင်္သေ့နှစ်ကောင်ရှေ့တွင် ရွာသားများ ကျွက်စီကျွက်စီဖြင့် ဆူညံနေချေ၏။ အနောက်ပိုင်း ဆယ်အိမ်ခေါင်း ပေစိက ထိုလူစိမ်းကို မွန်စကားဖြင့် မေးမြန်းနေသံ၊ အရှေ့ပိုင်း ဆယ်အိမ်ခေါင်း ထော်လှက ကရင်ဘာသာစကားဖြင့်မေးမြန်းနေသံများကို ကြားနေရပေ၏။ သို့သော် ပြန်ဖြေသံကိုကား ဦးစံရ မကြားရချေ။ ထိုအခိုက် ရွာသားတစ်ယောက်အသံကြောင့် ရွာသားများက သူကြီးဦးစံရ ဝင်သာရန်လမ်းဖယ်ပေးကြပေ၏။

"ဟေ့၊ မဆိုင်တဲ့သူတွေဘေးဖယ်ပေးကြကွ၊ သူကြီးမင်းလာပြီ"

ရွာသားများ အလိုက်သင့် ဖယ်ပေးသောလမ်းကြောင်းအတိုင်း နှစ်လုံးပြူးသေနတ်ကိုထမ်း၍ သူကြီးဦးစံရ လူအုပ်ထဲဝင်ခဲ့သည်။ လူအုပ်၏အလယ်၌ သူရွာမှ ဆယ်အိမ်ခေါင်းငယ်၊ ပေစိ၊ ထောလှနှင့် အတွတ်တို့ကိုတွေ့ရပြီး ၎င်းတို့ကြားထဲတွင် အသက်အစိတ်ခန့် လူရွယ်တစ်ဦး ဆောင့်ကြောင့်ထိုင်နေ၏။ သူ၏ ပခုံးထက်တွင် ညစ်ထေးထေး လုံချည်တစ်ထည်နှင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို လွယ်ထားလေသည်။ လူပုံမှာ လူရည်သန့်ဟု ဆိုနိုင်သော်ငြားလည်း ဆီမလိမ်းမဖြီးမသင်ဘဲထားသော ပွရောင်းရောင်းဆံပင်များ၊ အသားခပ်လတ်လတ်သည်လည်း ရေမချိုးသောကြောင့် အကွက်လိုက်အလိပ်လိုက်တင်နေသောကြေးညှော်များဖြင့် မည်းသည်းနေပေသည်။ မျက်လုံးအစုံမှာမူ တောက်ပသော်ငြားလည်း ကြောင်စီစီခိုခိုသည်ဟု ထင်ရပြီး ဟိုလှည့်ကြည့်လိုက်၊ ဒီလှည့်ကြည့်လိုက်နှင့် ဂနာမငြိမ်ရှိလေ၏။

သူကြီးဦးစံရသည် သူ၏ ဆယ်အိမ်ခေါင်းများကိုကြည့်ပြီး မေးခွန်းထုတ်လိုက်လေ၏။

"မင်းတို့တွေဘာသိပြီလဲ၊ ဘာတွေထူးခြားလဲ"

"ဘာမေးမေး မောင်ကြဲ ဆိုတဲ့စကားတစ်လုံးကလွဲပြီး ဘာမှမသိပါဘူး သူကြီးမင်း"

"သူ့အထုပ်ထဲမှာကော ဘာတွေပါလဲ၊ စစ်ဆေးပြီးပြီလား၊ကွ"

"မစစ်ရသေးပါဘူး သူကြီးမင်း"

"ကဲကဲ- ဒါဆိုလည်း ငါ့အိမ်ကို ခေါ်ခဲ့ပေတော့ကွာ။ အိမ်ကိုရောက်မှ အသေးစိတ် စစ်ဆေးကြည့်ကြတာပေါ့ကွာ။ နောက်ပြီး အဲဒီလူစိမ်းနဲ့ပတ်သက်လို့ အစ၊အဆုံး သတင်းပေးတိုင်ကြားတဲ့ မျောက်လောင်းလေးတွေ ဘယ်မလဲကွ"

သူကြီးမင်းစကားကြောင့် ဂွတို့၊ ချက်ဖောင်း၊ မျက်စောင်း၊ နံပိန်နှင့် အပေါင်းအပါ မျောက်လောင်းကလေးများ ဘောင်းဘီတို့၊ လုံချည်ခါးစောင်းကျိုက်၊ လုံချည်ကွင်းသိုင်း ပုံစံအမျိုးမျိုးနှင့် လူအုပ်ကြားထဲမှ တိုးထွက်လာကြသည်။

"ကဲကဲ - ကွန်ဗလိုင်တို့၊ မင်းတို့သူ့ကိုဘယ်နေရာမှာတွေ့သလဲ၊ သူဘာလုပ်နေလဲ ဘာကို ပြောကြစမ်းပါဦးကွ"

မျောက်လောင်းအုပ်စုတွင် လူရည်အလည်ဆုံးသော အသက် (၁၀)နှစ်ခန့်ရှိ လုံချည်ကွင်းသိုင်းနှင့် ချက်ဖောင်းက ပြန်ဖြေလေသည်။

"သူ ခြင်္သေ့ရုပ်အောက်မှာ ထိုင်နေပါတယ် ဘဘ"

"သူဘာလုပ်နေလဲကွ"

"ဘာမှမလုပ်ပါဘူး"

"ဒါဆိုရင် မင်းတို့က ဘာကို ဘာလို့လာသတင်းပေးတာလဲ"

"သူ့ကို သားတို့မေးလိုက်တဲ့အခါ ဘာပဲမေးမေး မောင်ကြဲလို့ပဲ ဖြေတယ်။ နောက်ပြီး သူ့ကို ဟိုဘက်ရွာတွေမှာလည်း မမြင်ဘူးလို့ပါ ဘဘ"

"တော်လိုက်တဲ့ သားတွေ။ ရော့ ရော့- မင်းတို့ မုန့်ဖိုးယူပြီး အားလုံးဝေသုံးလိုက်ကြကွ။ တခြားသူတွေလည်း ဒီကလေးတွေရဲ့အတုယူပါ။ ထူးခြားတာတွေ့ရင် ရုပ်မရုပ်ဖန့် ငါ့ကို သတင်းပို့ဖို့ မမေ့ကြနဲ့"

သူကြီးမင်း ဦးစံရသည် သူ၏ အကျီအိတ်ထဲမှ ငွေတစ်ကျပ် ထုတ်၍ ချက်ဖောင်းတို့အုပ်စုအား ပေးလိုက်ပေ၏။ ထို့နောက် သူကြီးမင်း ဦးစံရသည် သူ၏ဆယ်အိမ်ခေါင်းများအား လူစိမ်းကို အိမ်ခေါ်ခဲ့ရန် အရိပ်အကဲပြပြီး ရှေ့ဘက်မှ ဦးဆောင်ထွက်ခဲ့လေသည်။

(၃)

အိမ်သို့ရောက်သောအခါ ဆယ်အိမ်ခေါင်းများ၊ လူစိမ်း၏ ညစ်ထပ်ထပ်ပုဆိုးထုပ်အား ဖွင့်ဖော်ရှာဖွေရာ ညစ်ထေးထေးလုံချည်နှစ်ထည်၊ စုတ်ပြတ်ပြတ်အင်္ကျီနှစ်ထည်မှလွဲ၍ ဘာမှ ရှာမတွေ့ချေ။

ထိုအခါ သူကြီးမင်းဦးစံရ မေးမြန်းစုံစမ်းမှုကို စ,လေတော့၏။

"မင်းနာမည် ဘယ်သူလဲ"

"မောင်ကြဲ"

"မင်းဘယ်မှာနေလဲ"

"မောင်ကြဲ"

"မင်းနေတဲ့အရပ်ကို မေးတာကွ၊ ကောင်းကောင်းဖြေစမ်း"

"မောင်ကြဲ"

"ဟာ- ဒီကောင်ကွာ. . ."

သူကြီးမင်း ဦးစံရက ရိုက်ရန် လက်ရွယ်လိုက်ပြီးမှ သူ့အား အကြောင်းသား ငေးကြည့်နေသော လူစိမ်းအား မရိုက်ရက်တော့ဘဲ သူဆယ်အိမ်ခေါင်းများအား အမိန့်ပေးလိုက်လေတော့၏။

"ဟေ့ကောင်တွေ၊ လှည်းတပ်ကွာ။ မင်းတို့အဖေကို ချောင်းဆုံဌာနကို ပို့ကြရအောင်"

သူကြီးမင်း၏စကားကြောင့် ဘယ်

www.burmeseclassic.com

www.burmeseclassic.com

အိမ်ခေါင်းများမှာ မျက်နှာရှုံ့မဲ့ကုန်ကြပြီး ခပ်နောက်နောက် ဆယ်အိမ်ခေါင်းပေစိက မကြားတကြားတံ့ပြန်သည်။

"ဟုတ်ကဲ့၊ ကျွန်တော်တို့အဖေသူကြီးသမက်ကို ဌာနပို့ဖို့ လှည်းတပ်လိုက်ပါတော့မယ်"

(၄)

ချောင်းဆုံဌာန(ချောင်းဆုံရဲစခန်း) သို့ပို့လိုက်သော လူစိမ်းမှာ တစ်ပတ်ခန့် အကြာတွင် သူတို့ရွာကလေးသို့ ပြန်ရောက်လာပြန်၏။

ချောင်းဆုံဌာနသို့ ပြန်လည်ဆက်သွယ် မေးမြန်းကြည့်သည့်အခါ စိတ်မနှံ့သူတစ်ယောက်သာဖြစ်နိုင်သည်ဟူသော အဖြေကိုရသည့်အဲတွက် သူ့အား ဒီအတိုင်းသာကြည့်နေလိုက်ပြီး ဘာမေးမေး မောင်ကြဲ ဟူသော စကားတစ်ခွန်းသာ အဖြေပေးတတ်သည့်သူ့အား တစ်ရွာလုံးက အရူးမောင်ကြဲဟူ၍သာ ခေါ်ဆိုကြချေတော့၏။

မောင်ကြဲသည် အခြားစိတ်ရောဂါသည်များနှင့်မတူ၊ အေးဆေး ငြိမ်ဆိမ်သည်။ အများအားဖြင့် နေ့လယ်ပိုင်း၌ တော်ကနာရွာသာမကဘဲ တစ်ဆက်တည်းရှိနေသော ကွမ်ရိုက်ရွာများသို့ လှည့်လည် သွားလာလျက်ရှိပြီး ညပိုင်း၌ တော်ကနာရွာလယ်ရှိ ဇရပ်၌ လည်းကောင်း၊ သုမ္မာတိုက်ကျောင်းအတက် လေ့ကားရင်း၌ရှိသော ခြင်္သေ့ရုပ်၏ ဝမ်းဗိုက်အောက်တွင် လည်းကောင်း အိပ်စက်တတ်ပေ၏။

အစားအသောက်နှင့်ပတ်သက်၍ လည်း ကျွေးသူရှိလျှင် စားသ်။ ကျွေးမည့်သူမရှိလျှင် သူ့ဗိုက်သူပွတ်၍ 'မောင်ကြဲ၊ မောင်ကြဲ' ဟု ရေရွတ်၏။ အေးဆေးငယ်ရွယ်သော စိတ်ရောဂါသည်ဖြစ်ခြင်းကြောင့် တစ်ရွာလုံးက သနားကြ၏။ ထို့ကြောင့် တစ်ဦးမဟုတ်တစ်ဦး မောင်ကြဲအား အာဟာရဒါနပြုလေ့ရှိပေသောကြောင့် တော်ကနာရွာတွင် မောင်ကြဲ ထမင်းနပ်မှန်နေလေတော့၏။

မောင်ကြဲတွင် သနားစရာ၊ ချစ်စရာကောင်းသောအမူအကျင့်မှာ တစ်ခါတစ်ရံ ဘုန်းကြီးကျောင်းဝရဝဏ်အတွင်း တံမြက်စည်းလှည်းခြင်း၊ အမှိုက်များစုရှိ မီးရှို့ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းများကို မခိုင်းစေရဘဲ ခြေပေါ်လက်ပေါ် လုပ်ကိုင်ပေးတတ်ချေ၏။ ထို့ကြောင့် ကျောင်းထိုင်ဆရာတော်ပင်လျှင် ကရုဏာသက်ကာ စားသောက်စရာများကို စွန့်ကြဲပေးကမ်းတတ်ပေ၏။ ထိုအခါမျိုးတွင် လက်ဘလိုလို၊ ကဗျာလိုလို စိတ်ကူးတည့်ရာစာများကို ရွတ်ဆိုတတ်ချေသေး၏။

"ရုပ်ပွားတော်အောက် ဝလုံးရောက်၊ အပေါက်ဖောက်ကာ ချမ်းသာရွာ"

မောင်ကြဲ ပြောတတ်လေသမျှ စကားများမှာ မောင်ကြဲနှင့် တစ်ခါတစ်ရံ ရွတ်ဆိုတတ်သော ဤကဗျာလိုလို၊ လက်ဘလိုလို စကားစုများသာ ဖြစ်ချေတော့၏။

(၅)

မိုးဦးကျနေ့တစ်နေ့ဖြစ်လေသည်။ မြန်မာပြည်တောင်ပိုင်းဒေသများ၏ထုံးစံအတိုင်း မိုးကြီးသည်၊ လေထန်သည်၊ သစ်ကိုင်းမျှားကျိုးသည်၊ သုခမ္မာတိုက်ကျောင်း၏ဝင်းအတွင်းရှိ သစ်တိုပင်ကြီး တစ်ပင်မှအကိုင်းများ ကျိုးကျသည်။ ထိုကျိုးကျသော သစ်ကိုင်းများကို မိုးထဲလေထဲတွင် မောင်ကြဲက ဓားမတစ်လက်နှင့် ခုတ်ထွင်ရှင်းလင်းနေသည်။

ထွင်းပြီးသား သစ်ကိုင်းများကို တစ်ပုံပုံပြီး အမှိုက်များကို ကျောင်းခြံထောင့် အပင်ကြီးတစ်ပင်အရင်းတွင် သွားပုံသည်။ ထို့နောက် သစ်ကိုင်းများကို ကျောင်းအောက်သို့ ယူသွင်းလာပြီး အရှည်တစ်တောင်ခန့် ထင်းပိုင်းများဖြစ်အောင် ဓားမတစ်လက်ဖြင့် ခွဲစိတ်ဖြတ်တောက်နေပေသည်။ သူ၏တစ်ကိုယ်လုံးကား မိုးရေများ စို့ရွှဲနေချေတော့၏။

မောင်ကြဲ မိုးထဲရေထဲတွင် လုပ်ကိုင်နေသမျှကို မြင်တွေ့သော ကျောင်းထိုင်ဆရာတော်မှာ သနားကရုဏာသက်မိလေတော့သည်။ ထိုအခိုက်တွင် ရွာထဲမှ သူကြီးဦးစံရနှင့် ကျောင်းဒါယကာအချို့တို့ ကျောင်းပေါ်သို့ တက်လာသည်။ ဘုရားဦးချ၊ ဆရာတော်အား ဝတ်ဖြည့်ပြီး လာရင်းကိစ္စ လျှောက်တင်ကြသည်။

"ဆရာတော်ဘုရား၊ တပည့်တော်တို့ ဘာများ ကျောင်းမှာ သေနာသနဝတ်ဖြည့်စရာရှိပါသေးလဲလို့ ဓာကြည့်တာပါ ဘုရား"

"အေးအေး- ကျောင်းဝင်းအတွင်း လှည်းကြည့်ပြီး သင့်သလိုလုပ်ကြကွယ်။ သစ်တိုပင်ကြီးက ကျိုးကျတဲ့သစ်ကိုင်းတွေတော့ မောင်ကြဲပဲ ခုတ်ထွင်ရှင်းလင်းပြီး ကျောင်းအောက်မှာ ထင်းပိုင်းနေလေရဲ့"

"အား - ဒီကောင် သူကြီးဦးစံရထက်တောင် အားကိုးရပါလား"

ကျောင်းဒါယကာတစ်ယောက်၏ စကားကြောင့် သူကြီးဦးစံရမှာ တွန့်ခနဲဖြစ်သွားပြီး ဆရာတော်ရှေ့တွင် ဖြစ်သောကြောင့် မည်သို့မျှ တုံ့ပြန်ပြောဆို နေခြင်းမရှိဘဲ မချိသွားဖြဲနေရရှာလေတော့၏။ ခဏအကြာတွင် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဘာမှလုပ်ကိုင်စရာမတွေ့သောအခါ ကျောင်းပေါ်သို့ တက်လာပြီး ဆရာတော်အား လျှောက်ထားကြသည်။

"မောင်ကြဲ လုပ်ထားကိုင်ထားလို့ လုပ်စရာဘာမှမကျန်တော့ပါဘုရား"

"အေးအေး- ကောင်းလေစွ ဒါယကာတို့"

"ဒါယကာတို့တွေနဲ့ဆုံတုန်း ဆရာတော် စဉ်းစားမိတာတစ်ခု ပြောပြချင်တယ်။ အခြားတော့ မဟုတ်ဘူး၊ မောင်ကြဲကိစ္စပဲ။ သူ့ခမျာ ဘဝပေးကံမကောင်းရှာလို့ ငယ်ငယ်ရွယ်ရွယ်နဲ့ အသိဉာဏ်ချို့တဲ့နေပေမယ်လို့ အခြားစိတ်ရောဂါသည်များလို ဆူပူသောင်းကျန်းတာ၊ ရုန်ရင်းကြမ်းတမ်းတဲ့အမူအရာအပြောအဆို မရှိရှာဘူး။ ခု - မိုးလည်းကျစပြုလာပြီ။ ဒီတော့ သူ့ခမျာ ရွာလယ်ဇရပ်မှာ အိပ်တာ၊ ခြင်္သေ့ဗိုက်အောက်မှာအိပ်တာတွေဟာ မလုံမခြုံနဲ့ ကျန်းမာရေးထိခိုက်နိုင်တယ်။ သနားစရာပါ။ ကျောင်းအောက်က ဒယ်အိုးတွေ၊ မီးဖိုတွေထားတဲ့အခန်းထဲမှာ သူ့ကို အိပ်ဖို့နေရာပေးထားရင် ကောင်းမလားလို့ ဆရာတော် စဉ်းစားမိတယ်။ ဒါယကာတို့ရဲ့ အမြင်နဲ့ သဘောကော ဘယ်လိုရှိသလဲ"

ဆရာတော်၏ မိန့်မြွက်စကားကြောင့် သူကြီးနှင့်တကွ ကျောင်းဒါယကာများ ခေတ္တမျှ တိတ်ဆိတ်သွားပြီး တစ်ဦးနှင့်တစ်ဦး တီးတိုးဆွေးနွေးကြသည်။ ခဏကြာသော် သူတို့အားလုံး၏ အမြင်နှင့် သဘောထားအား ကျောင်းဒါယကာများကိုယ်စား သူကြီးဦးစံရက လျှောက်ထားလေသည်။

"ဆရာတော် စဉ်းစားထားတာကောင်းပါတယ်ဘုရား။ သူက စိတ်မနှံ့ပေမယ့်လို့ ဟော့ရမ်းတဲ့သူမဟုတ်လို့ ဆရာတော်နဲ့တကွ ကျန်တဲ့ ရဟန်း၊ သာမဏေများပါ အန္တရာယ်မရှိနိုင်ဘူးလို့ ယူဆရပါတယ်ဘုရား"

"အေး- ဒါဆိုရင် ဒကာကြီး ကျက်သရေခန်းထဲက မုန့်နည်းနည်းယူလာခဲ့။ မောင်ကြဲကို ကျောင်းအောက်ဆင်းပြီး ခိုးမြှောက်ရတာပေါ့လေ"

ဆရာတော်က ပြောပြောဆိုဆို

www.burmeseclassic.com

ထိုင်ရာမှထ၍ ကျောင်းအောက်သို့ဆင်းလာသောအခါ ကျောင်းဒါယကာများကလည်း ဆရာတော်နောက်မှ လိုက်ဆင်းလာကြသည်။ ထင်ပိုင်းနေသော မောင်ကြဲအနားရောက်သည့်အခါ ဆရာတော်က အသံပြုသည်။

"ဟဲ့- မောင်ကြဲ၊ ထင်းပိုင်းတာ ခဏရပ်ထားပါဦးကွယ်"

ဆရာတော်အသံကြောင့် မောင်ကြဲမှာ ရုတ်တရက်တုန်သွားသည်။ ထို့နောက် ထင်းပိုင်းနေသောဓားကိုချထားပြီး ဆရာတော်အား ကန်တော့လေသည်။

"ကဲကဲ - ဒကာသူကြီးရေ၊ မောင်ကြဲကို မုန့်ပေးလိုက်ပါဦးလေ။ အမောပြေ စားပါစေလား"

သူကြီးဦးစံရက မောင်ကြဲအား ယူလာသည့်မုန့်ကို ပေးလိုက်လေသည်။ မောင်ကြဲသည် ဆရာတော်နှင့်တကွ သူကြီး အပါအဝင် ကျောင်းဒါယကာများ၏မျက်နှာကို အကြောင်သား ငေးကြည့်နေသည်။ သူ၏မျက်ဝန်းများတွင် ထူးဆန်း နားလည်ရခက်သော အရိပ်အယောင်များ ထင်ဟပ်နေသကဲ့သို့ သွန္နတ်ခမ်းများကလည်း တစ်ခုခုပြောချင်နေဟန် တလှုပ်လှုပ်။ သို့သော် မည်သည့်စကားသံမျှ ထွက်ပေါ်၍မလာ။ မုန့်ကိုမူ ကိုင်ထား၏။

"မောင်ကြဲရေ မင်းဒီနေ့ညကစပြီး ဒယ်အိုးတွေ၊ မီးဖိုတွေထားတဲ့အောက်ခန်းမှာ ညအိပ်ပေတော့။ နေ့ခင်းပိုင်းလည်း ကျောင်းဝေယျာဝစ္စကို ပိုင်းလုပ်ပေး၊ ကျောင်းမှာပဲထမင်းစားဟုတ်လား။ ခု မင်းလက်ထဲကမုန့်ကို အရင်စားလိုက်ဦး။ ဆရာတော်ပြောတာ မင်းနားလည်ရဲ့လား"

ဆရာတော့်စကားဆုံးသည့်အခါ မောင်ကြဲသည် ခေါင်းညိတ်ပြပြီး သူ့လက်ထဲမှမုန့်ကိုဖြေ၍ အငမ်းမရ စားနေရှာသည်။ အသက်အရွယ်ငယ်ငယ်၊ လူပုံစံက သနားကမားရှိသော်ငြားလည်း အသိဝိဉ်ယွင်းနေရှာသည့် မောင်ကြဲအား ပိုင်း၍ကြည့်နေသည့်မျက်ဝန်းအသီးသီးတွင် ကြေကွဲမှု၊ မချိတင်ကဲဖြစ်မှု၊ ကရုဏာသက်မှု တည်းဟူသော အရိပ်အယောင်များထင်ဟပ်နေကြသည်တကား။

(၆)

ကျောင်းအောက်ခန်းတွင် ဆရာတော်လက်ခံပြီးသည့်အချိန်မှစ၍ မောင်ကြဲမှာ ဆံပင်ရှည်ရှည်ဖုတ်သိုက်နှင့်ဖြစ်ခြားလည်း အသားအရေစိုပြည်ပြီး တစ်သွေးတစ်မွေးဖြစ်လာ၏။ သို့သော် ဘာမေးမေး 'မောင်ကြဲ' ဆိုသော စကားနှင့် ထူးဆန်းသော လက်ာလိုလို၊ ကဗျာလိုလို စကားစုများ ရွတ်ဆိုမှုကား ပျောက်ပျက်၍မသွားချေ။

ဝါခေါင်လပြည့်ကျော်ပိုင်း၏ နေသာသောရက်တစ်ရက်တွင် ဖြစ်သည်။ မောင်ကြဲသည် ရွာထဲတွင် လှည့်လည်ပြီး သူ့ရွတ်ဆိုနေကျ ကဗျာလိုလို၊ လက်ာလိုလိုစကားစုများကို ရွတ်ဆိုနေချေ၏။

"ရှမ်းပွားတော်အောက်ဝယ်းရောက်၊ အပေါက်ဖောက်ကာ ချမ်းသာရှာ"

ထိုနေ့ညနေပိုင်း ဆရာတော် ရေမိုးသုံးသပ်ပြီး ပြတင်းပေါက်အနီး ဖျာခင်း၊ ခေါင်းအုံးတစ်လုံးကို ရင်ဘတ်အောက်၌ခုပြီး စာဖတ်နေခိုက် ဆရာတော့်အနီး မောင်ကြဲ လာ၍ဝတ်ဖြည့်သည်။ ဝတ်ဖြည့်ပြီးသည်နှင့် ဆရာတော်အား ခြေဖျားမှစ၍ တစ်ကိုယ်လုံးအား နှိပ်နှယ်ဝတ်ဖြည့်ပေးနေလေတော့၏။ နှိပ်နေရင်းလည်း ထူးခြားသော စကားလုံးများကို ရွတ်ဆိုနေချေတော့၏။ နှိပ်နယ် ဝတ်ဖြည့်ပြီးသောအခါ လူကောင်းတစ်ဦးကဲ့သို့ပင် ဆရာတော်အား ကန်တော့ဝတ်ဖြည့်ပြီး လက်အုပ်ချီကာ နောက်ဆုတ်နောက်ဆုတ်နှင့် ကျောင်းအောက်သို့ ပြန်လည် ဆင်းသွားရှာလေတော့၏။

နောက်နေ့နံနက်တွင်ကား မောင်ကြဲကို ဘုန်းတော်ကြီးကျောင်းတွင်လည်း ကောင်း၊ တော်ကနာရွာထဲတွင် လည်းကောင်း မည်သူမျှ မတွေ့ကြရသော်ငြားလည်း သွေးမတော်သားမစပ် စိတ်ရောဂါသည်တစ်ယောက် ပျောက်ဆုံးခြင်းအား မည်သူမျှ ရေးကြီးခွင်ကျယ်လုပ်၍ လိုက်လံ ရှာဖွေမနေတော့။ မသိလိုက်မသိဘာသာပင်နေလိုက်ကြချေ၏။

(၇)

သီတင်းကျွတ်ပြီးစ နေ့တစ်နေ့ဖြစ်ပါသည်။ သီတင်းကျွတ်ပြီးဖြစ်သောကြောင့် ကထိန်ပွဲကျင်းပရန် စည်းဝေးတိုင်ပင်နေကြခိုက် ချောင်းဆုံစာတိုက်မှ စာပို့သမားလေးတစ်ယောက် စာတိုက်တွင် ငွေတစ်ထောင်ကျပ် လာရောက်ထုတ်ယူရန် အကြောင်းကြားလေသည်။ ထို့ကြောင့် သူကြီးဦးစံရနှင့် ရွာသားနှစ်ယောက် စက်ဘီး (၂) စီးနှင့် စာတိုက်သို့ လိုက်သွားကြလေသည်။ စာတိုက်သို့ရောက်သည့်အခါ စာတိုက်မှူးမှ ငွေတစ်ထောင်ကို ရေတွက်ပေးအပ်ပြီး ငွေပို့လွှာ၏ ငွေလက်ခံသူနေရာတွင် လက်မှတ်ရေးထိုးစေ၏။

ငွေပို့သည့်လိပ်စာမှာ တောင်ငူမြို့ဖြစ်ပြီး ငွေပို့သူနေရာတွင် 'ဆရာတော်၏အရိပ်ကို ခိုလှုံခွဲဖူးသူ' ဟူ၍သာ ဖော်ပြထားပြီး လက်မှတ်နေရာတွင် လက်ငွေရာသာ တွေ့ရသဖြင့် သူကြီးနှင့်ရွာသားများလည်း အထွေအထူး မေးမြန်းမနေကြတော့ဘဲ ပြန်လာပြီး ဆရာတော်အားငွေကိစ္စလျှောက်ထားကြလေသည်။

ကထိန်မတိုင်ခင်နေ့၌ ကျောင်းအောက်ခန်း သမံတလင်းအခင်း၌ တူးဆွထားသည့်အရာကိုတွေ့ရပြီး တူးထားသည့်ကျင်းထဲမှ သပိတ်သဏ္ဌာန် လုံးခောခောအရာတစ်ခု ထုတ်ယူထားဟန် အရာကျန်နေသည်ကို တွေ့ကြရသဖြင့် ဆရာတော်အား လျှောက်ထားကြသည့်အခါ ဆရာတော်မှ ကျောင်းအောက်ခန်းသို့ ကြွရောက်ကြည့်ရှု၏။ မြေတွင်းနှင့်တည့်တည့်ကျောင်းအခင်းအား မော့ကြည့်မိရာ သစ်သားဖြင့် ဝယ်းသဏ္ဌာန် ပုံဖော်ကပ်ရိုက်ထားသည်ကို တွေ့ကြရ၏။ ယင်းသစ်သား ဝယ်းတည့်တည့်နေရာ၌ကား ဘုရားခန်းမှ အကြီးဆုံး ထိုင်တော်မူဆင်းတုတော်ကြီး ပူဇော်ထားရာနေရာ ဖြစ်ပေတော့၏။

ဆရာတော်မှ အခြေအနေအရပ်ရပ်အား စဉ်းစားပြီး ဝမ်းသာ၊ ဝမ်းနည်းခြင်းကင်းသောလေသံဖြင့် မိန့်မြွက်တော်မူလေတော့သည်။

"အင်း- စိတ်ဝေဒနာသည်ဟန်ဆောင်တဲ့ မောင်ကြဲ ဆိုတဲ့ဒကာလေး သူ့မိဘဘိုးဘွားများရဲ့ ရတနာသိုက်ကို တိတိကျကျ အမှန်တကယ်ကို ရသွားရှာခဲ့ပြီကိုး။ ဒါကြောင့်လည်း မောင်ကြဲ ဆိုတဲ့စကားနဲ့ ရုပ်ပွားတော်အောက် ဝယ်းရောက် အပေါက်ဖောက်ကာ ချမ်းသာရှာ ဆိုတဲ့ စကားအထူးအဆန်းတွေ ရွတ်ဆိုနေတာကိုး"

ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးသည့်နောက် သုမင်္ဂလာတိုက်ကျောင်းတွင် ဇရပ်သစ်တစ်ဆောင် ထွက်ပေါ်လာပြီး ဇရပ်၏ကောင်းမှုရှင်နေရာ စာတန်းထိုးရာ၌ 'မောင်ကြဲနှင့် တော်ကနာရွာသားများကောင်းမှု' ဟူသော စာတန်းကို တွေ့မြင်ကြရလေတော့သည်။

မြတ်သက်ကျော်

www.burmeseclassic.com

www.burmeseclassic.com

တောင်ကျချောင်းရေက အရှိန်အဟုန်နှင့်စီးနေ၏။ချောင်းတစ်လျှောက် သစ်ကိုင်းသစ်ခက်၊ သစ်တုံး၊ တောတိရစ္ဆာန်နှင့် အမှိုက်သရိုက်များပါမကျန် ရေလုံးနှင့် မျောပါလာ၏။ တောင်ပေါ်တွင် မိုးညို့လာပါက သတိထားရသည်။ မိနစ်ပိုင်းအတွင်း တော်ကျရေများ ဒလဟော ထိုးဆင်းလာတတ်သောကြောင့် ဖြစ်သည်။

ဦးတက်ခေါင်နှင့် စောဂျိမ်းက မိုးရွာလာလျှင် အဆင်သင့်ဖြစ်အောင် စစ်မိုးကာကြီးနှစ်ခုကိုစပ်ကာ အောက်မှ ဝါးများထောက်၍ တဲသဏ္ဌာန် လုပ်ထားလိုက်သည်။ အနားတွင်ရှိသော မီးဖိုတွင် ဟမ်းကောချိုင့်များဖြင့် ချက်ထားသည့် အငွေ့တထောင်းထောင်းထနေသော

www.burmeseclassic.com

www.burmeseclassic.com

ထမင်းချိုင့်နှစ်လုံး။ ဦးတက်ခေါင်က ဆေးပေါ့လိပ်တစ်တိုကိုခဲကာ ခါးထောက်၍ တောင်ကျရေများကို ကြည့်နေ၏။ စောဂျိမ်းက ဆတ်သားခြောက် (၄)၊ (၅) ချောင်းကို မီးဖိုထဲသို့ပစ်ထည့်လိုက်သည်။

တဝေါဝေါနှင့် စီးဆင်းနေသော တောင်ကျရေနှင့်အတူ မျောပါလာသော တစ်စုံတစ်ခု ဦးတက်ခေါင်က မြင်လိုက်ရသည်။ ထို့ကြောင့် တပည့်အဖြစ်ခေါ်လာသော သံဒိုးအား-

"သံဒိုး၊ ရေထဲမှာ မျောလာတာ ချေလား၊ ဆတ်လားကွ"

"ဘယ်မှာလဲ ဆရာ"

သံဒိုးက ဦးတက်ခေါင်ပြနေသော တောင်ကျရေထဲကို ဂရုစိုက်၍ လိုက်ကြည့်လိုက်သည်။ တွေ့ပါပြီ။

"တစ်ကောင်ကောင်ပဲဆရာ၊ဆယ်လိုက်ရမလား"

"အေး-ဆယ်လိုက်ကွာ၊ ပိုးကောင် (မြွေ)လည်း သတိထားဦး"

တောင်ကျရေနှင့်အတူ မြွေများပါပါလာတတ်သောကြောင့် ဦးတက်ခေါင်က သတိပေးရခြင်း ဖြစ်သည်။ သံဒိုးက ထီးနိုးဝါးကို အဖျားတွင် ချိတ်တပ်ထားသော ဝါးလုံးရှည်ကြီးဖြင့် လိုက်ဆယ်နေခြင်း ဖြစ်သည်။ ရေအရှိန်က များသောကြောင့် သံဒိုး အတော်ကြိုးစား၍ ဆယ်နေရသည်။ ဝါးလုံးထိပ်မှ ချိတ်တွင်ပါလာသည်က အချိန်(၅၀)လောက်ရှိ ဒရယ်ပေါက်တစ်ကောင်။

"အဘတက်ရေ၊ ဒရယ်ကြီးဗျ"

"အေး- ကောင်းတယ်ကွ၊ မာင်းစားတော့ရပြီ"

သံဒိုးက ဒရယ်ကောင်ကို ထမ်းလာကာ ဦးတက်ခေါင်ရှေ့တွင် ချသည်။

"တောင်ကျရေနဲ့မျောလာပြီး ရေနစ်သေတဲ့ကောင်တွေကွ။ လတ်လတ်ဆတ်ဆတ်ပဲ၊ ဖျက်ပြီးတွယ်လိုက်ကြတာပေါ့ကွာ"

စောဂျိမ်းက-

"အဘတက်၊ ပိုတာတွေကို ကျပ်တင်ထားရင် မကောင်းဘူးလား"

"အေး- ကောင်းတာပေါ့။ ဒီတစ်ကောင်ကို တို့သုံးယောက် ဘယ်ကုန်မှာလဲ။ ကျပ်တင်ထားမှပေါ့"

ထိုအချိန်တွင် သံဒိုးက ချောင်းဘက်ဆီသို့ ပြေးဆင်းသွားပြန်သည်။ နှုတ်ကလည်း အော်သွားသေးသည်။

"အဘတက်ရေ၊ တောဝက်တစ်ကောင်ဗျ"

တောဝက် ဆိုသောကြောင့် စောဂျိမ်းရော ဦးတက်ခေါင်ပါ ကမ်းပါးထိပ်ကို အပြေးသွားကာ ကြည့်လိုက်ကြ၏။ သံဒိုးက ချောင်းစပ်မြေသားပေါ်မှ ဒယီးဒယိုင်ဖြင့် သွားနေသည်။ ချောင်ရေပြည့်နေသောကြောင့် ခပ်စောင်းစောင်းဖြစ်နေသော ကမ်းပါးအောက်မြေသားပေါ်မှ သွားနေရခြင်းဖြစ်၍ ချောင်းထဲသို့ ချော်မကျစေရန်လည်း ဂရုထားနေရ၍ သံဒိုး ခရီးမတွင်လှ။

သံဒိုး ဦးတည်သွားရာဘက်သို့ ဦးတက်ခေါင်နှင့် စောဂျိမ်းက မျှော်ကြည့်လိုက်သောအခါ ရှေ့ ကိုက် (၅၀)အကွာလောက်တွင် ကျောက်တုံးများပေါ်သို့ ကုတ်ခြစ်တွယ်ကပ်တက်နေသော တောဝက်တစ်ကောင်။ ဒလဟောစီးနေသော တောင်ကျချောင်းရေထဲတွင် မျောပါမသွားစေရန် အသက်လုကာ ကျောက်တုံးများပေါ်သို့ ကုတ်ခြစ်တွယ်ကပ်တက်နေခြင်း ဖြစ်သည်။ ကျောက်တုံးများကရေညှိများနှင့် ချောနေသောကြောင့် တော်တော်နှင့် တက်မရ။

စောဂျိမ်းနှင့် ဦးတက်ခေါင်က ကမ်းပါးပေါ်မှ ရပ်ကြည့်နေရင်း ကမ်းပါးတစ်လျှောက် ချဲ့များကိုတိုးကာ အပြေးသွားလိုက်၏။ စောဂျိမ်းတို့နှစ်ယောက် တောဝက်ရှိရာနေရာတည့်တည့်ဆီသို့ ရောက်ချိန်တွင် သံဒိုးကလည်း တောဝက်နှင့် (၁၀) ကိုက်အကွာနေရာသို့ ရောက်နေပြီ ဖြစ်သည်။ ထိုအချိန်တွင် တောဝက်ကလည်း ကျောက်တုံးပေါ်သို့ ရောက်နေကာ ဒယီးဒယိုင်ဖြင့် ရပ်နေသည်။ အသက်ဘေးမှလုလာရသောကြောင့် မောနေဟန်တူသည်။

(ဘိုကလေး)

မောင်ဖြုန်းများ

ဟင်းမျိုးနှင့်သတင်းဆိုး

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် သံဒိုးက သူလက်ထဲတွင် ကိုင်လာသော လုံတိုကလေးကို ချိန်ကာ တောဝက်ရှိရာသို့ တရွေ့ရွေ့ သွားနေသည်။ စောဂျိမ်းနှင့် ဦးတက်ခေါင်က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ဦးတက်ခေါင်က-

"သံဒိုး မလုပ်နဲ့။ ပြန်လာခဲ့တော့"

သံဒိုးက ဦးတက်ခေါင်ရှိရာ ကမ်းပါးပေါ်သို့ မော့ကြည့်လိုက်ကာ-

"အဘတက်၊ ဘာဖြစ်လို့လဲ"

"ပြန်လာခဲ့ပါကွာ၊ မင်းကို နောက်မှ ရှင်းပြမယ်"

တောဝက်က ကျောက်တုံးပေါ်တွင်ရပ်ကာ သံဒိုးနှင့် ဦးတက်ခေါင်တို့ကို ပေ့ါကြည့်နေဆဲ။ယာယီလုပ်ထားသော တဲသို့ရောက်လာကြသောအခါ သံဒိုးက-

"အဘတက်၊ ဝက်ကြီးက ဝဖီးနေတာပဲ။ အချိန် (၅၀)လောက်ကတော့ အသာကလေးပဲ။ ဒီကောင်ကြီးက မောနေတာ၊ ပြေးတောင်မပြေးနိုင်ဘူး"

"သံဒိုး အဘပြောမယ်။ မုဆိုးဆိုတာ သားကောင်တွေ့ရင် ပစ်ရမယ်ဆိုတာ မြောစရာမလိုဘူး။ ဒါပေမယ့် သားကောင်တွေ့တိုင်း ပစ်ရတာမဟုတ်ဘူး။ ဇီးရှိတဲ့ အကောင်တို့၊ သားပေါက်တို့၊ အခုလို အန္တရာယ်တွေ့လာပြီး ဒုက္ခရောက်လာတဲ့အကောင်တို့ကို ရှောင်ရတယ်။ သတ္တဝါဆိုတာ သူလည်း သူ့ဒုက္ခနဲ့သူ အသက်ဘေးကို လုပြေးလာရတဲ့အခါ တို့မုဆိုးတွေအတွက်တော့ သက်သာသာကလေး ပစ်လို့ရတာပေါ့ကွာ။ ဒါပေမယ့် အဲဒါမျိုးကို ရှောင်ရတယ်။ စည်း ဆိုတာ ထားရတယ်။ တောင်ကျချောင်းရေကြောင့် သူခမျာ အသက်လုပြေးလာရတာကွာ။ အမောတောင်မပြေသေးဘူး တို့က စောင့်ပစ်မယ်ဆိုတော့ တရားပါ့မလား"

"အဘတက်ပြောတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် တောကောင်ရဖို့ဆိုတာ တစ်နေကုန် ခြေတိုအောင်လျှောက်တာတောင် မရတတ်တော့ အခုလို အချောင်ရတာမျိုး ကြုံရခဲလို့ပါ"

"အေး- မင်းပြောတာကိုလည်း သဘောပေါက်ပါတယ်။ ဒါပေမယ့် အခုလို အခြေအနေမျိုးတော့ မလုပ်သင့်ပါဘူး။ ရှောင်လိုက်တာ ကောင်းပါစေတယ်ကွာ။ စောဂျိမ်းရေ ကာ ဘယ့်နှယ်လဲ"

"ကောင်းပါတယ်အဘ"

"အချိန်တွေလည်း အများကြီးရှိပါသေးတယ်။ ဒီတောဒီတောင်တွေ ရှိနေသရွေ့ သားကောင်မရှားပါဘူး သံဒိုးရာ"

သံဒိုးက ကမ်းပါးပေါ်တွင်ရပ်၍ နှမြောတသစွာနှင့် တောဝက်ရှိရာကို လှမ်းကြည့်လိုက်သည်။ တောဝက်က ကျောက်တုံးများပေါ်မှ တစ်လှမ်းချင်း လှမ်း၍ တရွေ့ရွေ့သွားနေသည်။

"ဒီအတိုင်းဆို တောင်ပေါ်မှာပဲ မိုးရွာတာကွ။ တို့ဆီမှာရွာမှာမဟုတ်တော့ဘူး။ ကောင်းကင်မှာလည်း ရှင်းလင်းနေတာပဲ။ ကဲ- တို့စားဖို့သောက်ဖို့လုပ်ကြရအောင်ကွာ။ ဒရယ်ကိုဖျက်ပြီး ကလီစာဟင်းချက်၊ တချို့ကိုလည်း ကျပ်တင်တာပေါ့ကွာ။ အဘဆီမှာတော့ ငါးပိထောင်းနဲ့ ဖက်သန်းသီးသုပ်ပါတယ်။ စောဂျိမ်းဆီမှာလည်း ဆတ်သားခြောက်ပါတော့ တစ်နပ်စာတော့ အဆင်ပြေပါတယ်"

စောဂျိမ်းနှင့် သံဒိုးက ဒရယ်ကို ဖျက်ကာ အသားများကို အတွဲလိုက် ကျပ်တင်ထားလိုက်သည်။ ကလီစာများကို ပါလာသောဟင်းခတ်အမွှေးအကြိုင်များဖြင့် ကလီစာဟင်း အရည်သောက် ချက်လိုက်သည်။

ဆတ်သားခြောက်ဖုတ်၊ ဖက်သန်းသီးသုပ်၊ ငါးပိထောင်းကလီစာဟင်းများနှင့် ထမင်းဝိုင်းက မြိုင်နေသည်။ ထမင်းမစားမီ စောဂျိမ်းက စစ်လွယ်အိတ်ထဲမှ ပုလင်းတစ်လုံး ထုတ်လိုက်သည်။ ရမ်ပုလင်းဖြစ်သည်။ ရမ်ပုလင်းကို မြင်သည်နှင့် သံဒိုးက ရေခွက်တစ်လုံးတွင် အနည်းငယ်ထည့်ကာ ဆတ်သားခြောက်ဖုတ်အနည်းငယ်နှင့် သစ်ပင်တစ်ပင်အောက်ကို ယူသွားကာ ပိုင်ရာဆိုင်ရာများအား တင်မြှောက်ပသလိုက်သည်။ ပြီးမှ ပြန်လာကာ စောဂျိမ်းနှင့် တစ်ယောက်တစ်ခွက် မော့လိုက်ကာ ဆတ်သားခြောက်ကို ဝါးလိုက်သည်။ အဘဦးတက်ခေါင်ကတော့ ထမင်းကို အားရပါးရစားနေသည်။

တောင်ကျချောင်းရေက တဖြည်းဖြည်း နေးသွားပြီ ဖြစ်သည်။ တသွင်သွင်တော့ စီးနေဆဲ။ ထိုအချိန် အနောက်ဘက်တောတွင်းဆီမှ ခွေးဟောင်သံများ ကြားလာရ၏။

အဘတက်၊ စောဂျိမ်းနှင့် သံဒိုးတို့ သုံးယောက်သား ခေါင်းထောင်ကာ နားစွင့်လိုက်ကြသည်။ ခွေးဟောင်သံများ တဖြည်းဖြည်း နီးလာသည်။ အဘတက်က-

"ဒါ,ဖိုမိခွေးတွေအသံကွ၊ တော ထဲမှာ ဘယ်ကအိမ်ခွေးတွေရောက်နေရတာလဲ"

"အဘတက်၊ သေချာရဲ့လား"

"သေချာတာပေါ့၊ စောဂျိမ်းရ၊ ဒါ အိမ်ခွေးအသံကွ။ (၃)၊ (၄)ကောင်တော့ အနည်းဆုံးပဲ"

သိပ်မကြာလိုက်၊ ခွေးဟောင်သံများနှင့်အတူ ခွေး(၃)ကောင် တောတွင်းမှ အပြေးထွက်လာကြသည်။ စောဂျိမ်းတို့အဖွဲ့ကို တွေ့တော့ တန့်သွားကာ ခပ်လှမ်းလှမ်းမှ ဟောင်နေကြသည်။ ထို အချိန်တွင် တောတွင်းမှ လူနှစ်ယောက် ဒ ရောသောပါးနှင့် ပြေးထွက်လာကြသည်။ ကျောပိုးအိတ်များနှင့် သေနတ်ကိုယ်စီ ကိုင်ထားကြသည်။ သခင်ပါလာသောကြောင့် ခွေးများက ပို၍ဟောင်ကြကာ စောဂျိမ်းတို့ကို ဝင်ဆွဲတော့မတတ် အနားကို ရောက်လာသည်။

လူတစ်ယောက်က ကရင်လိုပြောလိုက်မှ ခွေးများက ငြိမ်သွားသည်။ စောဂျိမ်းက ကရင်လိုလှမ်းပြောလိုက်သည်။ ထိုလူက စောဂျိမ်းကို ကရင်လို ပြန်ပြောသည်။ စောဂျိမ်းက ဦးတက်ခေါင်အား-

"အဘတက်၊ သူတို့က ရွှေကျင်ဘက်ကလာတဲ့ မုဆိုးတွေတဲ့။ သူတို့နေတဲ့ရွာနားက လယ်ထဲမှာ ကျားဝင်ဆွဲလို့ လယ်စောင့်အဘိုးကြီးတစ်ယောက်သေပြီး နွားတစ်ကောင် ဆွဲသွားလို့ ကျားနောက်ကို ခြေရာခံပြီး လိုက်လာကြတာတဲ့။ နေ့ဝက်ကျိုးနေပြီ၊ ကျားကို မတွေ့သေးလို့ ဒီဘက်များရောက်လာသလားလို့ မေးနေတာပါ"

"မင်းကဘယ်လိုဖြေလိုက်လဲ"

"အရိပ်အယောင်တောင် မတွေ့မိပါဘူးလို့ ဖြေလိုက်ပါတယ်"

နောက်တစ်ယောက်က မြန်မာလို ပြောသည်။

"ကျွန်တော်တို့က ရွှေကျင်ဘက်က မုဆိုးတွေပါ။ ကျွန်တော်က အောင်မောင်း၊ သူက စောပီတာပါ။ ဟင်းမျိုးကြီးကို ခြေရာခံရင်း လိုက်လာတာကြာပြီ"

ဦးတက်ခေါင်က-

"တို့လည်း မုဆိုးတွေပဲကွ၊ တို့ဒီကို ရောက်နေတာ (၂)ရက်ရှိပြီ။ ဟင်းမျိုးဆိုတာ အရိပ်အယောင်တောင်မတွေ့သေးဘူး။ ဒီနယ်ကိုလည်း မကြာခဏ တို့တောပစ်ထွက်ဖူးတယ်။ ဟင်းမျိုးကို တစ်ခါမှ မတွေ့ဖူးသေးဘူး။ လွန်ခဲ့သဲ့ (၄)၊ (၅)၊(၁၀)နှစ်လောက်ကတော့ ပစ်ခဲ့ဖူးပါတယ်။ အခုတော့ မတွေ့တာကြာပြီ၊ ရှိ

www.burmeseclassic.com

တယ်လို့လည်း မကြားမိပါဘူး"

ထိုအခါကျမှ စောပီတာဏာ မြန်မာလို ဝင်ပြောသည်။

"တောတွေကဆက်နေတော့ မျက်စိလည်လာတာတို့၊ တောပြောင်းလာတာတို့ကော မဖြစ်နိုင်ဘူးလား ဆရာကြီး"

"အေး - ဖြစ်နိုင်ပါတယ်ကွာ၊ ဒီဘက်ကို လာတယ်ဆိုတာ သေချာရဲ့လား"

"သေချာပါတယ် ဆရာကြီး၊ ကျွန်တော်တို့လိုက်လာတဲ့ လမ်းတစ်လျှောက် ခြေရာတွေသုံးခါလောက်တွေ့ခဲ့ပါတယ်"

"ဟင်းမျိုး ဆိုတာ တောမုဆိုးကွ။ တောဆိုတာ သူတို့နယ်ပဲ၊ အင်မတန် အန္တရာယ်များတယ်။ မင်းတို့က ကျားပစ်ဖူးလို့လား"

"မပစ်ဖူးပါဘူး"

"အေး- ဒါဆိုရင် ပိုပြီးဂရုစိုက်ပါ။ အင်း- တစ်ခုတော့ရှိတယ်ကွ။ ဟင်းမျိုး ဆိုတဲ့အကောင်မျိုးက လူကို အင်မတန် ရှောင်တယ်။ ရင်ဆိုင်တွေ့မှ လူက သူ့ကို အန္တရာယ်ပေးမှ မလွဲမရှောင်သာ ပြန်ခုခံတတ်တာ။ မင်းတို့ပြောသလို လယ်တဲစောင့်တဲ့ အဘိုးကြီးကို ဝင်ကိုက်ပြီး နွားတစ်ကောင်ပါ ဆွဲသွားတယ် ဆိုတော့ ကျားအိုကြီးဖြစ်နိုင်တယ်"

မုဆိုးအောင်မောင်းက-

"ဒါဆိုရင် အဘရယ်၊ အဘက ကျွန်တော်တို့ထက်စာရင် အတွေ့အကြုံရှိပါတယ်။ ကျွန်တော်တို့နဲ့ အဘလိုက်ခဲ့ပါလား"

"လိုက်ရတာ မခက်ပါဘူးကွာ။ ဒါပေမယ့် တို့အဖွဲ့ရည်ရွယ်တာက ဟင်းမျိုးပစ်ဖို့ မရည်ရွယ်ဘူးကွ။ မောင်ရင်တို့က မဖြစ်မနေပစ်ရအောင် လာကြတာ ဆိုတော့ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်တာကောင်းပါတယ်ကွာ၊ မလိုက်ပါရစေနဲ့"

မုဆိုး စောပီတာက ကိုအောင်မောင်းအား-

"အောင်မောင်း လာပါကွာ၊ တို့မှာ လက်နက်တွေပါတာပဲ ကျားထက်ကြီးတဲ့ အကောင်တောင်ပစ်လို့ရပါတယ်။ မင်းက ကြောက်လို့လား"

"မကြောက်ပါဘူးကွာ၊ မကြောက်လို့လည်း ဒီအထိရောက်လာတာပဲဟာ။ ဒါပေမယ့် ပစ်ဖူးကြုံဖူးတဲ့လူပါတော့ ပိုကောင်းတာပေါ့။ တောဆိုတာ ပရိယာယ်များတယ်ကွ။ သားကောင်ကလည်း ပရိယာယ်များတယ်။ ဟင်းမျိုးဆိုတာ တောမုဆိုး၊ သူက ပရိယာယ်ပိုများသေးတယ်။ အဲဒါကြောင့်ပါ"

"လာပါကွာ၊ တို့မှာ အားကိုးရတဲ့ ဗလ၊ တောင်ကြီးနဲ့ တောင်ကျော် သုံးကောင်တောင်ပါတာပဲ။အင်အားမသေးပါဘူး၊ သွားကြမယ်"

မုဆိုးအောင်မောင်းနှင့် စောပီတာတို့ ထွက်သွားပြီးနောက် ဆူညံနေသော ခွေးသံများလည်း တိတ်သွားတော့သည်။

ဦးတက်ခေါင်က ခေါင်းတဆတ်ဆတ်ညိတ်သည်။

နို့မတောကြီးက ကျယ်၏။ တော်တောင် ထူထပ်သည်။ ကိုအောင်မောင်းနှင့် စောပီတာတို့ ဦးတက်ခေါင်တို့စခန်းက (၁) နာရီလောက် ထွက်လာသည် အထိ ဟင်းမျိုး၏အရိပ်အယောင်တောင် မတွေ့ရသေး။ သစ်ရာ၊ အင်ကြင်း၊ ယမနေပင်ကြီးများအောက်တွင် ရှုပ်ထွေးစွာ ပေါက်နေကြသော သန်းသတ်ခဲ့။ စွန်လက်သည်းချဲ့၊ စောင်ပဲချဲ့များ အကြားတွင် မုဆိုး ကိုအောင်မောင်း၊ စောပီတာနှင့် ခွေးသုံးကောင်တို့က တိုးဝှေ့ကာ သွားနေကြရင်း မြေပြန့်ကလေးတစ်ခုသို့အရောက်တွင် စောပီတာက တုံ့ခနဲရပ်လိုက်၏။ မြေဖျော့ဖြစ်နေသောကြောင့် ခြေရာက ထင်းနေသည်။ ရှေ့ပိုင်းက အဖုခွက်ကလေးလေးခွက်နှင့် နောက်ပိုင်းက အဖုခွက်ကြီးတစ်ခွက်၊ အကျယ်က (၇)လက်မခန့် ရှိသည်။ ခြေရာတစ်ခုက မြက်ပေါ်တွင် ရောက်နေသောကြောင့် သိပ်မထင်ရှားလှ။

"ဟင်းမျိုးခြေရာကွ"

ကိုအောင်မောင်းက-

"စောပီတာ၊ ဒါဆိုရင် သိပ်မဝေးတော့ဘူးကွ။ ဒီနားတစ်ဝိုက်မှာ ရှိနိုင်တယ်။ သတိတော့ထားရမယ်"

"အေး- ခြေရာတွေက အနောက်ဘက်ကို ဦးတည်နေတယ်ကွ။ ကလိန်ချောင်ဘက်ကို သွားနိုင်တယ်။ ကဲ- အချိန်ရှိတုန်း လိုက်ကြရအောင်"

စောပီတာ၊ ဗိုက်တွေလည်းချောင်နေပြီကွာ။ မောတိုင်း ရေချည်းပဲသောက်နေရတာလို့ ရေဘူးတောင် အတော်လျော့နေပြီ။ ထမင်းစားကြရအောင်"

"အေး- ငါလည်း ဇောနဲ့ဆိုတော့ စားဖို့တောင်မေ့နေတယ်။ ခွေးတွေလည်း ခေါ်ပြီးကျွေးလိုက်ရအောင်။ ဒီကောင်တွေလည်း မောပြီးဆာနေရောပေါ့။ ဒီကောင်တွေပါလာတာ အားတော့ကိုးရပါရဲ့။ သူတို့အသံကြောင့် ဟင်းစားကောင်တွေ ပြေးကုန်တော့ တို့လမ်းမှာ စားဖို့ ဟင်းစားတောင် တစ်ကောင်မှမရဘူး။ ကိုယ့်ရိက္ခာပဲကိုယ်စားရမှာပေါ့ကွာ"

ပါလာသော ထမင်းထုပ်များ၊ ငါးခြောက်ဖုတ်များ၊ ဘဲဥပြုတ်များကို ထုတ်ကာ ဝမ်းဖြည့်လိုက်ကြသည်။ ခွေးများအတွက်ကတော့ ငါးခြောက်ရိုးများနှင့် ရောပြုတ်ထားသော ပြောင်းဆန်များကို ကျွေးလိုက်သည်။

ကိုအောင်မောင်းနှင့် စောပီတာတို့ စားသောက်ပြီး ထွက်လာကြတော့ ခွေးများကလည်း ဗိုက်ဖြည့်သွားသောကြောင့် ရှေ့ကနေတက်ကြွစွာနှင့်ခွီတက်နေကြကာ တစ်တောလုံး ခွေးသံများနှင့် ဆူညံနေသည်။ ခွေးများက ဆူဆူညံညံနှင့် ရှေ့ကနေ သွားနေရင်း ခွေးသံများ တဖြည်းဖြည်း ဝေးသွားတော့သည်။

စောပီတာက-

"မင်းမို့လို့ကွာ၊ ဒီအဘိုးကြီးကို တို့နဲ့လိုက်ဖို့ တောင်းတောင်းပန်ပန် သွားခေါ်နေတယ်။သူကြည့်ရတာ ဂရိုဂရျောင်ကြီးပါ"

"အသက်ကြီးတဲ့လူဆိုတော့ သူက တို့ထက်စာရင် အတွေ့အကြုံများတယ်လေကွာ။ သူက ဟင်းမျိုးကို ပစ်ဖူးတော့ တို့အတွက် အကူအညီရမလားလို့ပါ"

ငါက ဟင်းမျိုးကို ကိုယ်တိုင်သာ မပစ်ဘူးတာပါကွာ၊ အမဲလိုက် အတွေ့အကြုံရှာနေတုန်းက တောထဲက ငှဲရေဘော်တွေနဲ့ ဟင်းမျိုးလိုက်ပစ်တာ ငါ ခဏခဏကြုံဖူးတယ်။ အဓိကကတော့ လက်နက်ကောင်းဖို့ အရေးကြီးတာပဲ။ တို့ပါလာတဲ့ဟာတွေက ဟင်းမျိုးမပြောနဲ့ ပြောင်တောင်ပစ်လို့တောင်ရပါတယ်"

"ဒါကတော့ ကျွမ်းကျင်ရာလိမ္မာ

www.burmeseclassic.com

www.burmeseclassic.com

ပေါ့ကွာ။ တချို့ မုဆိုးတွေဆိုရင် ဒူးလေးတို့၊ တူမီးတို့နဲ့တောင် ဟင်းမျိုးလိုကောင်မျိုးကိုရအောင်ပစ်ကြတာပဲ။ တောဘုရင်ဆိုတာ ပရိယာယ်များတတ်လို့ အတွေ့အကြုံရှိတဲ့လူကို ငါကခေါ်တာပါ"

စောပီတာက မောမောနှင့်စစ်သုံးရောဘူးကြီးကို မော့သောက်လိုက်၏။

"ဟာ - ရေတောင် အတော် နည်းနေပြီ။ မင်းရေဘူးကော"

"ငါ့ရေဘူးလည်း ကုန်နေတာကြာပြီကွ"

"ဒါဆိုရင် ရှေ့နားက မြောင်ထဲကို ငါရေဆင်းခပ်လိုက်ဦးမယ်။ ခရီးက ရှေ့ကို အတော်ဆက်ရဦးမှာ"

ထိုအခိုန်တွင် ခပ်ဝေးဝေးမှ ကျားဟိန်းသံသဲ့သဲ့ကို နှစ်ယောက်လုံး ကြားလိုက်ကြရသည်။ စောပီတာက မြောင်ဘက်သို့ခြေဦးလှည့်လိုက်ရာမှ ကိုအောင်မောင်းဘက်သို့ ကြည့်လိုက်သည်။ ပြီးမှ-

"ကိုအောင်မောင်း၊ ဝေးပါသေးတယ်ဗျ"

ဟု ဆိုကာ မြောင်တွင်းသို့ ပြေးဆင်းသွားတော့သည်။ ကိုအောင်မောင်းက အရိပ်ကောင်းသော သစ်ပင်တစ်ပင် အောက်တွင် အေးအေးဆေးဆေး ထိုင်ကာ အနားယူနေတော့သည်။ ကိုအောင်မောင်းထိုင်နေ၍ (၅)မိနစ်မျှအကြာတွင် ခွေးသုံးကောင် အမောတကောဖြင့် အပြေးရောက်လာကြသည်။ တစ်ကောင်မှ အသံမထွက်တော့။ တောင်ကျော် ဆိုသော ခွေးက အမြီးပင်ကုပ်နေသေး၏။ သုံးကောင်စလုံး လျှာထွက်နေကြသည်။

ကိုအောင်မောင်း စိတ်ပူသွား၏။ ခွေးများ ဟင်းမျိုးနှင့် ရင်ဆိုင်တွေ့လိုက်ပြီဟု သဘောပေါက်လိုက်သည်။ တခြား တောကောင်များဆိုလျှင် အမြီးတထောင်ထောင်ဖြင့် ဒေါသကြီးနေသော ခွေးများ ဟင်းမျိုးနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့လိုက်ရသောအခါ ခွေးသဘာဝအတိုင်း ဖင်သီနေကြခြင်း ဖြစ်သည်။

ခွေးများကို စုတ်သပ်၍ ချော့လိုက်သည်။ ခွေးများက ကိုအောင်မောင်း အနားတွင် ဝိုင်းနေသည်။ (၁၀) မိနစ်ခန့် အကြာတွင် ကိုအောင်မောင်း မြောင်တွင်းကို မျှော်ကြည့်လိုက်သည်။ အရိပ်အယောင်ပင် မတွေ့ရသေး။ မြောင်အောက်တွင် စမ်းချောင်းရှိသည်။ စမ်းချောင်းကို ရေဆင်းခပ်လျှင် ဒီလောက် မကြာသင့်။ မြောင်က တောင့်ပျော ပင်များ၊ မြက်ရိုင်းပင်များဖြင့် ပြည့်နေသည်။ ရေ ကောင်းစွာ ရသောဒေကြောင့်

သစ်ပင်များ အရမ်းသန်နေခြင်း ဖြစ်၏။ ကိုအောင်မောင်းက မြောင်အစပ်တွင် ရပ်ကာ အောက်ကို ငုံ့ကြည့်လိုက်သည်။ ထူးခြားမှုမတွေ့ရ။ ကိုအောင်မောင်းက အနားဦးပါလာသောခွေးများကို မြောင်အတွင်းသို့ လက်ညှိုးထိုးပြလိုက်သည်။ ခွေးသုံးကောင်က တဝုတ်ဝုတ်ဟောင်ကာ မြောင်တွင်းသို့ ဆုပ်ခဲစွာ ပြေးဆင်းသွားကြသည်။

မြောင်က နက်လှသည် မဟုတ်။ အလွန်ဆုံးရှိမှ ကိုက် (၅၀)လောက်သာ နက်လောက်သည်။ ရေဆင်းခပ်ပြီး ပြန်လာလျှင် (၁၀)မိနစ်၊ (၁၅)မိနစ်လောက်သာ ကြာသင့်သည်။ ကိုအောင်မောင်း စိတ်ပူစပြုပြီ။ ထိုအခိုန်တွင် မြောင်တွင်းသို့ ဆင်းသွားသော ခွေးသုံးကောင်အနက် ဗလနှင့် တောင်ကြီးက တအိအိ အော်ကာ အမြီးကုပ်၍ မြောင်ပေါ် ကို ပြေးတက်လာ၏။ တောင်ကျော်တောင် ပါမလာတော့။ ကိုအောင်မောင်း ခေါင်းကြီးသွားသည်။ သစ်ပင်ခြေရင်းတွင် ထောင်ထားသော သေနတ်ကို ပြေးယူလိုက်ကာ မောင်းထိန်းခလုတ်ကိုဖွင့်၍ မြောင်တွင်းသို့ သတိထား၍ တဖြည်းဖြည်း ဆင်းသွားလိုက်သည်။

မြောင်က သစ်ပင်များ၊ မြက်ရိုင်းပင်များ၊ တောင့်ပျော်ပင်များ ထူထပ်စွာ ပေါက်နေသောကြောင့် တရွေ့ရွေ့ ဆင်းလာသည်နှင့်အမျှ တဖြည်းဖြည်း မှောင်လာသည်။ တစ်နေရာတွင် ပြွတ်သိပ်စွာသီးနေသော ဝိန္ဓပင်တစ်ပင်။ တချို့ အသီးများက မှည့်နေသောကြောင့် အက်ကွဲကာ ဝိန္ဓသီးအမြွာများထွက်ကျနေသည်။ မြောင်အောက်ခြေသို့ မရောက်မီတစ်ဝက်လောက်တွင် ဟဲခနဲ မြည်သံကြီးကို ကြားလိုက်ရသည်။ သတ္တဝါတစ်ကောင်၏အော်သံမှန်း ကိုအောင်မောင်း အတပ် သိလိုက်သည်။ စောပီတာတစ်ယောက် ဟင်းမျိုးကြီးနှင့် ရင်ဆိုင်တွေ့နေပြီလား။ သူရေခပ်ဆင်းသွားချိန်က သေနတ်ကို ကျောတွင် လွယ်လျက်ပါသွားသည်ကို မြင်လိုက်သည်။ ဟင်းမျိုးကြီးနှင့် တွေ့ပါက သေနတ်သံကြားရမည်။ အခု ဘာကြောင့် သေနတ်သံ မကြားရသလဲ။ ဟင်းမျိုးကြီးဟိန်းသံကို ခပ်ဝေးဝေးက ကြားလိုက်ရပြီး အခု ဘာကြောင့် မြောင်တွင်းကို ဟင်းမျိုးကြီး ရောက်နေသလဲ။ တခြား တစ်ကောင် ကောင်များဖြစ်နေသလား။

ကိုအောင်မောင်း အတွေးတွင် သို့လောသို့လောအတွေးဖြင့် သေနတ်ကို သတိအနေအထားဖြင့် တင်းတင်း ဆုပ်ကာ တရွေ့ရွေ့ဆင်းလာခဲ့၏။ ရေစီးသဲ့သဲ့ကို ကြားနေရသည်။ ကိုအောင်မောင်း မြောင်အောက်ခြေအရောက်တွင် မျက်စောင်းထိုး (၁၀)ကိုက်အကွာလောက်မှ တောင့်ပျော်ပင်များ တဖြောဖြောမြည်ကာလှုပ်သွားသည်။ ကိုအောင်မောင်းက အသံကြားရာဆီသို့ သေနတ်ကို ထိုးချိန်လိုက်သည်။ ဒုက်ပျောလက်များက လှုပ်သွားပြီးနောက် ပြန့်ငြိမ်သွားသည်။ ကျောက်တုံးအကြိုအကြားမှကွေ့ပတ်ကာစီးနေသော စမ်းချောင်းကလေး အတိုင်း အသံကြားရာ ဒုက်ပျောတော ဆီသို့ ဘေးတိုက်တည့်တည့် တရွေ့ရွေ့ လျှောက်သွားလိုက်သည်။ တည့်တည့် အရောက်တွင် ဒုက်ပျောတောအစပ်၌ တွေ့လိုက်ရသော စစ်လွယ်အိတ်တစ်လုံး။ စောပီတာ လွယ်နေက္ခ စစ်လွယ်အိတ် ဖြစ်သည်။ သေချာပြီ၊ ဒီအတိုင်းဆို စောပီတာဒုက္ခတွေ့နေပြီဖြစ်ကြောင်း ကိုအောင်မောင်း သဘောပေါက်လိုက်သည်။

ထိုအခိုန်တွင် ဟဲခနဲ အော်ကာ ကိုက် (၂၀)အကွာလောက်ရှိ ဒုက်ပျောတောမှ ဖြတ်ပြေးသွားသော အဝါနှင့် အနက်စင်း ဟင်းမျိုးကြီး။ မြန်လိုက်သည့် ဖြစ်ခြင်း။ လျှပ်လက်သလို တွေ့လိုက်ပြီးနောက် ချက်ချင်း ပျောက်သွားသည်။ ကိုအောင်မောင်း သေနတ်နှင့်ချိန်ဖို့ပင် အချိန်မရလိုက်။ ကိုအောင်မောင်းက ကျောက်တုံးများကို ကျော်လွှားကာ စမ်းချောင်းကလေးကိုဖြတ်၍ ဒုက်ပျောတော အစပ်ရှိ စစ်လွယ်အိတ်ရှိရာသို့ သွားလိုက်သည်။ စစ်လွယ်အိတ်ကို ကောက်ယူ၍ ဒုက်ပျောတောအတွင်းသို့ ဖျတ်ခနဲ ကြည့်လိုက်ရာ ခေါင်းပိုင်းက ဒုက်ပျောပင်တွေကွယ်နေ၍ မမြင်ရတဲ့ ဖင်

www.burmeseclassic.com

www.burmeseclassic.com

ပိုင်းသာ မြင်လိုက်ရသော တောင်ကျော်။

ဌက်ပျော်ပင်ခြေရင်းတွင် ပိုက်ပွင့်ကာ အူများထွက်၍ အသက်ပျောက်နေသော တောင်ကျော်။ ဌက်ပျော်တောအတွင်း သတိအနေအထားဖြင့် လျှောက်လာရင်း တစ်နေရာတွင် မှောက်လျက်လဲ၍ ဦးခေါင်းပိုင်းတစ်ခုလုံး သွေးများအိုင်ထွန်းကာ အသက်ပျောက်နေသော စောပီတာ။ လည်ပင်းတွင် ကျပ်ပြားပိုင်းခန့် အစွယ်ရာ အပေါက်ကြီးက သွေးများ ဒလဟောထွက်နေခြင်း ဖြစ်သည်။

ကိုအောင်မောင်း မေးရိုးကြီးများ ထောင်လာအောင် အံကိုကြိတ်လိုက်၏။ ထိုအချိန်၌ ကိုအောင်မောင်းအနောက် ဘက်ဆီမှ ဌက်ပျော်လက်လှုပ်သံကိုကြားမိလိုက်သည်။ ကိုအောင်မောင်းက အနီး ရှိ ဌက်ပျော်ပင် (၄)၊ (၅)ပင် စုၪေပါက်နေသော ဌက်ပျော်ရုံအကြား တိုးဝင်လိုက်သည်။ ဌက်ပျော်လက်ဖားဖားကြီးများက ကိုင်းကျနေသောကြောင့် ကိုအောင်မောင်း တစ်ကိုယ်လုံး ဌက်ပျော်ပင်များထဲတွင် ပျောက်နေသည်။

တစ်တောလုံး တိတ်ဆိတ်နေ၏။ ဌက်ပျော်လက်များကို သေနတ်ပြောင်းနှင့် တရွေ့ရွေ့ဖြဲရင်း ဌက်ပျော်တောအတွင်း အကဲခတ်လိုက်သည်။ လေငြိမ်နေသောကြောင့် ဌက်ပျော်ရွက်လှုပ်သည်ကိုပင် မမြင်ရ။ ဟင်းမျိုးကြီးက ငြိမ်ချက်သားကောင်းနေသည်။ အလွန် ပါးနပ်သောအကောင်ဖြစ်၍ ကိုအောင်မောင်းကို ကွေ့ပတ်၍ ချောင်းနေမည်ကို သဘောပေါက်ထားသည်။ (၁၅)မိနစ်ခန့် ကြာသည်အထိ ငြိမ်သက်နေဆဲ။ ထို အခါကျမှ လည်ချောင်းများခြောက်ကာ ရေငတ်နေသည်ကို ကိုအောင်မောင်း သတိထားမိသည်။

တိတ်ဆိတ်နေသောအချိန်တွင် ရစ်ဌက်တစ်ကောင်က စူးရှစွာ အော်လိုက်သည်။ ကိုအောင်မောင်း သဘောပေါက်လိုက်သည်။

ငြိမ်သက်နေသောဌက်ပျော်တောအတွင်းမှ ခပ်လှမ်းလှမ်းရှိ ဌက်ပျော်လက်အရင့် အဝါရောင်တစ်ခုက မသိမသာကလေး ရွေ့နေသည်။ ဌက်ပျော်လက်က ရင့်လာလျှင် အဝါရင့်ရောင်သန်းလာ၍ သိပ်မကြာမီ အညိုရောင်ပြောင်း၍ ခြောက်တော့မည် ဖြစ်သည်။ ကိုအောင်မောင်းက မသိမသာကလေး ရွေ့နေသော ဌက်ပျော်လက်အဝါရောင်ကို သတိထားမိ၍ ဂရုစိုက်ကာ ကြည့်နေသည်။ သိပ်မကြာလိုက်၊ အဝါရောင် ဌက်ပျော်လက်ကြားမှ အရောင်မတူသော အဝါရောင်တစ်ခု ပေါ်လာကာ ထို့နောက် အမည်းရောင်အစင်းကြီးပေါ်လာပြန်သည်။

အဝါ၊ အနက်အစင်းက အောက်သို့ တဖြည်းဖြည်း ရွေ့သွားချိန်တွင် လက်ပြင်နေရာဟု ကိုအောင်မောင်း မှန်းဆမိသောကြောင့် စိတ်ကို အတည်ငြိမ်ဆုံးထားကာ ခလုတ်ကို ညှစ်လိုက်သည်။

"ဒိန်း"

ပဲ့တင်သံနှင့်အတူ ကျေးဌက်သာရကာ တောသတ္တဝါများ၏ အသံများပါတစ်တောလုံး ဆူညံသွားသည်။ ဆူညံသံများ တစ်ခဏအတွင်း ပြန်လည် ငြိမ်သက်သွားချိန်တွင် တဝုန်းဝုန်းတဒိုင်းဒိုင်း ဖြင့် မာန်သွင်းကာ မြောင်အတွင်း၌ သောင်းကျန်းနေသော ဟင်းမျိုးကြီး။ ကိုအောင်မောင်း သေနတ်ကျည်က ယာဘက်လက်ပြင်အတွင်းမှ ဝင်သွားပြီး ဟင်းမျိုးကြီးက သုံးပေခန့် မြောက်တက်သွားကာ ဝဲဘက်သို့ ဗုန်းခနဲ ပစ်ကျသွားသည်။ ထို့နောက် မြေကြီးများကို ကုတ်ခြစ်ရင်း အနီးရှိ ဌက်ပျော်ပင်များကို တဂျွမ်းဂျွမ်းမြည်အောင် ကိုက်ဝါးနေပြန်၏။ ကျည်ဝင်သော အပေါက်ကြီးမှ သွေးများ ဒလဟော စီးထွက်နေသော်လည်း ချက်ကောင်းမတုတ်သောကြောင့် သောင်းကျန်းနေခြင်း ဖြစ်သည်။ ကိုအောင်မောင်းက အနားသို့ တရွေ့ရွေ့တိုးလာရင်း မထနိုင်တော့သည့် ဟင်းမျိုးကြီး၏ခေါင်းကို ဒုတိယကျည်တစ်တောင့် ပစ်သွင်းလိုက်သည်။

❂

ရိုးမတောအတွင်းရှိ သစ်ထုတ်လုပ်ရေးစခန်းမှာ ဖြစ်သည်။

စောဂျိမ်းက ချေတစ်ကောင်ကို ထမ်းလာကာ သစ်ထုတ်လုပ်သားများနှင့် ရေနွေးကြမ်းဝိုင်းဖွဲ့နေသောဦးတက်ခေါင်ရှိရာသို့ လျှောက်လာရင်း-

"အဘတက်ရေ၊ စိတ်မကောင်း စရာသတင်းတော့ ကြုံဝိုင်းထဲက ကြားလာတယ်"

"မုဆိုးတစ်ယောက် ဟင်းမျိုးကိုက် ခံရတဲ့သတင်း မဟုတ်လား"

"ဟာ - အဘတက်က သိနေပြီလား"

"ကြုံဝိုင်းထဲက တောခေါင်းကြီး ကိုအေးမောင် ဌက်ဖျားပြန်ထလို့ ဒီစခန်းကို ရောက်နေတယ်လေကွာ။ သူပြောပြလို့ ငါလည်းသိတာပါ"

"ဘယ်သူတဲ့လဲ အဘရဲ့"

"ဘယ်သူရှိဦးမှာလဲကွ၊ ဟိုတစ်နေ့က တို့နဲ့တွေ့တဲ့ ရွှေကျင်ဘက်ကလာတဲ့ မုဆိုးနှစ်ယောက်လေ။ ဟင်းမျိုးကိုက်လို့ သေတာက စောပီတာဆိုတဲ့ကောင်ပေါ့။ မင်းတို့လူမျိုးပဲ၊ မင်းနဲ့တောင် စကားပြောကြသေးတယ်လေ"

"ဩော်- သိပြီ။ အဘတက်ကို တောင် တစ်ယောက်က လိုက်ခဲ့ဖို့ခေါ်သေးတယ်လေ။အဘတက်ကငြင်းလိုက်တာ မှတ်မိတာပေါ့။ စောပီတာက သူ့ကိုယ်သူ အထင်ကြီးပုံရတယ်"

"မုဆိုး ဆိုတာ အဲဒါပဲကွ။ ဘယ်လောက်တော်တော်၊ဘယ်လောက်ကျွမ်းကျွမ်း ဟင်းမျိုးဆိုတာ တောမုဆိုးထက် မာယာများတယ်။ ဒီကောင်က သူ့ကိုယ်သူ လက်နက်အားကိုးနဲ့အထင်ကြီးတော့ တောမုဆိုးရဲ့ မာယာကို အမိခံလိုက်ရတာပေါ့။ နောက်တစ်ချက်က အမဲလိုက်ခွေးကောင်းဆိုတာ ဘယ်တော့မှ ဆူဆူညံညံအသံမထွက်ဘူး။ တောကောင်ရမှသာ သခင်ကို အသံပေးပြီး အသိပေးတတ်တာ။ ဒါလောက် တစ်တောလုံးဆူညံနေမှတော့ ဟင်းမျိုးက သိနေပြီပေါ့ကွ"

"ဟင်းမျိုးကိုလည်း အသေတော့ ရလိုက်တယ်တဲ့။ ဒါပေမယ့် မုဆိုးချင်း ဒီလိုမျိုးကြားရတော့ စိတ်မကောင်းပါဘူး အဘရာ"

"မင်းလည်းမုဆိုးပဲ နောက်ကို သင်ခန်းစာယူပေါ့ကွာ။ ဟ- မင်းထမ်းလာတဲ့ ချေကို ချလိုက်ပါဦးကွ"

"ဩော်- မေ့လို့အဘရေ၊ ဒီညနေတော့ ဒီစခန်းကလူတွေ ချေသားဟင်းနဲ့ ထမင်းမြိန်ဦးမှာပဲ။ သူတို့လည်း ဟင်းငတ်နေတာကြာပြီလို့ ပြောတယ်"

"မင်းအတွက်ကကော"

"ချက်အရက်ကလေးနဲ့ ချေသားကလီစာဟင်းပေါ့ အဘရာ"

မောင်မြင့်မား (ဘိုကလေး)

www.burmeseclassic.com

www.burmeseclassic.com



(ယခင်လမ္ဘအဆက်)

ချစ်သူ့လွမ်းစကား
ညင်းလေပြည်နှင့် အမှာပါး
တိုးသဲ့လွန်းပါလား။ ။

ဘွန်ကလန်မဒင်ရေခဲတောင်ပေါ်မှ ပြန်ဆင်းလာခဲ့ကြသော လွန်ဒေါ်နှင့် လည်ပော်တူးတို့နှစ်ယောက် ခုတော့ အင်ဆော(န်)ခချောင်းစပ်သို့ ခြေချမိလေပြီ။

ချောင်းကမ်းတစ်ဖက် အထက်အမြင့်ကုန်းရိုးပေါ်က ပြန့်ယောင်ယောင်တောင်ခါးပန်း ခပ်ပြေပြေကလေးတစ်လျှောက် အလိုက်သင့် အလျားသင့် စီတန်း ရှာတည်ထားသော အင်ခွန်လရိန်တို့ရဲ့ ကချင်ရွာတန်းရှည်ကလေးကို သာသောင့်သာယာ လှမ်းမြင်နေရသည်။ ရွာပတ်လည်မှာတော့ တောင်ယာစိုက်ခင်းများ၊ သစ်တော၊ ဝါးတောကြီးတွေ ခြုံလွှမ်းထားသည့် တောင်စဉ်တောင်တန်းများ၊ ကုန်းရိုးကုန်းတန်းများက သဘာဝတံတိုင်းကြီးများသဖွယ် အဆင့်ဆင့် အစီစီ ပတ်ရံစီးမိုးလျက်။

ချောင်းအထက်သို့ ကွေ့ကွေ့ကောက်ကောက် တက်သွားသော မြေသားနီနီ ရွာဝင်လမ်းကလေးရဲ့ တစ်ဖက်တစ်ချက်မှာတော့ ဝါးရုံပင်တောများ၊ သီးပင်စားပင်စိုက်ခင်းများ၊ တောင်ယာခင်းများ၊ စိမ်းမြမြမြက်ခင်းများနှင့် အလေ့ကျ တာပန်းရောင်စုံတို့ ပွင့်ဝေနေသော စည်းရိုးတန်းများ။

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ဘုံက ကြယ်စင်

အခန်း - ဆက်ဝတ္ထုရှည်အပိုင်း - ၁၀



www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ယောက်သား ရွာတံခါးဝါးတန်းကို မှဖွင့်ပြီး ဝင်ကြသည်။ ပြီးတော့ လွန်ဒေါက ဝါးတန်းကို နေရာတကျပြန်ပိတ်ရင်း-

"လည်ော်တူး၊ နင်က ရွာဟိုဘက်ထိပ်က ငါတို့ခရီးတစ်ထောက်နားနေကျ မရစ်လရဲ့ ပန်းပဲဖိုက စောင့်နှင့်။ ငါ လရိန်အမှာပါးလိုက်တာလေးတွေ သူညီမ (ဂျာနန်) ဆီ ပြေးသတင်းပို့လိုက်ဦးမယ်။ နင်စားစရာသောက်စရာလေးတွေ စီစဉ်ထားနှင့်ပေါ့နော"

"အိမ်းပ- ငါလည်း ဗိုက်အားကြီး ဆာနေပြီ။ နင့်ကို အမောပြေ ခေါင်သောက်ရင်း စောင့်နေမယ်၊ မြန်မြန်ပြန်လာနော"

"ငါလည်း နားချင်၊ စားချင်ပြီပအေး။ စိတ်ချနော"

သို့ဖြင့် လွန်ဒေါလည်း လရိန်တို့ အိမ်ရှိရာသို့ အပြေးတစ်ပိုင်းနီးနီး သုတ်ခြေတင်လာခဲ့သည်။

အိမ်ဝိုင်းတံခါးဝ ခြေစုံရပ်မိတော့ အိမ်ရှေ့တွင် ဝါးနီးဖျာကလေးခင်းလျက် တစ်ယောက်တည်း ခြေဆင်းကာ ဂျပ်ခုတ် (ရိုးရာရက်ကန်း) ရက်နေသည့် ဂျာနန်ကို အခန့်သင့်တွေ့ရသည်။

"ဟေး- ဂျာနန်၊ ငါ ဟိုး. . . ဘွန်ကလန်မဒင်ပေါ်မှာ နင့်အစ်ကို လရိန်နဲ့ တွေ့ခဲ့တယ်။ သူက နင့်ဆီဝင်ပြောလိုက်ဦးဆိုလို့ ရွာအပြန် လှည့်ဝင်လာလိုက်တာကော"

တစ်ဖက် တောင်ရိုးပေါ်ရှိ အင်ထိန်နန်ရွာသားကြီး လွန်ဒေါရဲ့ အော်ကျယ်ကျယ် ပြောဆိုအသိပေးသံက ဂျာနန့်နှလုံးသားကို အမှတ်မထင် ဆွဲကိုင်လှုပ်ယမ်းပစ်လိုက်သလို တုန်ခါသွားစေသည်။

မိမိရှိရာသို့ ခပ်သုတ်သုတ် လှမ်းလျှောက်လာနေသည့် လွန်ဒေါကို ဘာပြန်ပြောရမှန်း မသိနိုင်စွာဖြင့် ဂျာနန် တဒင်္ဂ မှင်တက် ကြောင်ငေးကြည့်နေမိ၏။

ခဏာရှိမှ ဖြုန်းခနဲ သတိပြန်ဝင်လာကာ ရက်လက်စ ဂျပ်ခုတ်ထည်လေးကို ပေါင်ပေါ်မှ အသာမ,ဖယ်လျက် ကမန်းကတန်းထရပ်ရင်း-

"ဩဩ- အစ်ကိုက ဘာမှာလိုက်တုံးညည်။ သူနေကောကောင်းရဲ့လား၊ အဆင်ပြေရဲ့လား။ ဘယ်နားမှာ တွေ့ခဲ့တာတုံး"

ဂျာနန့်နှုတ်ဖျားက ကြိုတင်စီစဉ်ထားခြင်းမရှိဘဲ မေးခွန်းတွေ တရစပ်ကြီး အလိုအလျောက် ထွက်ကျလာသည်။

"ဟိုး. . . တာကင်ယန်လွင်ပြန့် အောက်နားမှာ တွေ့ခဲ့တာပ။ သူ နေကောင်းတယ်တဲ့။ အားလုံး အဆင်ပြေတယ်လို့လည်း မှာလိုက်တာပအေး"

အစ်ကိုလရိန်ရဲ့တည်ကြည်ခံ့ညားသော်လည်း အနည်းငယ်မျှ မှုန်သိုးသိုး မခိုးမခန့် မထိတရိန်ိုင်လှသော ရုပ်သွင်က ဂျာနန့်အာရုံထဲ ရိုးခနဲရိပ်ခနဲ တိုးဝင်လာသည်။ ဖွေးဆွတ်ဖြူလွှ နှင်းတောင်ကြီးတွေ၊ မြသားပကတိ တောတောင်ကြီးတွေ နောက်ခံထားလို့ပေါ့။

"အန်းယယ်- သူတို့ နွမ်ဒွန်လခါးရေခဲတောင်ပေါ် တက်မယ် ဆိုပြီး ရွာက ထွက်သွားကြတာပဲကောညယ်"

ဂျာနန့်စကားသံထဲမှာ သံသယတွေ၊ ပူပန်မှုတွေ၊ တမ်းတခြင်းတွေ အထွေးထွေးအယှက်ယှက် ပျော်ဝင်နေမှာ သေချာပါသည်။ ဒါပေမယ့် ဒါတွေကို ဘယ်လို သွေးအေး ရင့်ကျက်မှုမျိုးနှင့် ဟန်ဆောင် ဝှက်ကွယ်ထားနိုင်မှာတဲ့လဲ ကွယ်။

စေတမန်ကြီး လွန်ဒေါကတော့ ရိုးရိုးအအ,ကြီးပို့ ဂျာနန့်ရင်ထဲ ယောက်ယက်ခတ် ပွက်ထ ဆူဝေလာသမျှ အလုံးစုံကို စိုးစဉ်းမျှပင် ရိပ်စားမိပုံမရပါ။ ဒါကြောင့်မို့လည်း-

"အိမ်းပ- သူတို့အဖွဲ့ နွမ်ဒွန်လခါးပေါ် တက်တော့တက်ခဲ့သေးတာပနော။ အတက်ရဆိုးလွန်းအားကြီးလို့ လမ်းတစ်ဝက်ကနေ ဘွန်ကလန်မဒင်ဘက်ပြောင်းတက်ခဲ့ကြတာပဲကော။ အဲလိုပြောတာပအေး"

အဲဒီတစ်ခဏမှာပဲ ဂျာနန့်ရင်ထဲ လက်ခနဲ ဝင်းပလာသူက ဂျာနန်ချစ်တဲ့ မရန်ဇော်ဘောက် မဟုတ်လို့ တခြား ဘယ်သူမျှား ဖြစ်နိုင်ဦးမှာလဲ။

"ဒါဖြင့် ဇော်. . . ဇော်ဘောက် တို့နဲ့ကော မတွေ့ခဲ့ဘူးလားညယ်"

"မတွေ့ပအေး။ ငတို့တွေ့တာက နင့်အစ်ကို လရိန်ရယ်၊ တူးဂျိုင်ရယ်၊ အထမ်းသမားတွေရယ်၊ ဒါပဲပနော"

ဂျာနန့်ရင်ထဲ လေဟာနယ်ကျယ် ကျယ်ကြီးတစ်ခု ဖြုန်းခနဲ ရောက်ရှိလာသလိုမျိုး ဆုပ်ကိုင်ဆောက်တည်ရာမဲ့စွာ ဟာလာဟင်းလင်းကြီးဖြစ်သွားပြီမှ တစ်ဖန် နောက်ထပ် လှိုင်းကြမ်းကြီးတစ်လုံးက အားကြီးကြီးဖြင့် ရိုက်ခတ်လာပြန်သည်။

တူးဂျိုင်. . .

တူးဂျိုင် ဆိုပါလား။

"ဒါဖြင့် တူးဂျိုင်နဲ့ အစ်ကိုတို့ အတူရှိနေကြမှာပေါ့။ သူတို့ချင်းကော အဆင်ပြေကြရဲ့လားညယ်"

ဂျာနန်ရဲ့အမေးကို ပြန်လည်ဖြေကြားသည့် လွန်ဒေါရဲ့ စကားသံလေးလေးကြီးက ကိုယ့်စကားအလွန်အကျွံ မဖြစ်စေရအောင် ထိန်းသိမ်းခိုန်ဆပြီး ပြောဆိုနေခြင်းမျှား ဖြစ်နေမလားဟု မရွံ့မရဲ သံသယဝင်မိသွားတာကကော ဂျာနန့်အလွန်တော့ မဟုတ်လောက်ပါဘူးနော်။

"အိမ်း- သူတို့အဆင်ပြေကြလိမ့်မယ် ထင်ပါရဲ့။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ တူးဂျိုင်ကိုတွေ့တုန်းက အဲဒီကောင် အရက်နည်းနည်းမူးနေပုံပဲ။ ငါနဲ့အတူပါတဲ့ လည်ော်တူးကိုတောင် အရက်သောက်ဖို့အဖော်စပ်တာနဲ့ လည်ော်တူးလည်း အားနာပါးနာလိုက်သွားသေးတာကော။ အဲဒီတုန်းက တူးဂျိုင်ကိုပြောရဆိုရတာ လက်ပေါက်ကတ်တယ်လို့တောင် လရိန် ညည်းနေသေးပအေး"

"ဘုရားသခင် - သူတို့ကို ဘာမှမဖြစ်အောင် စောင့်ရှောက်ပေးတော်မူပါ။ ဒါ. . . ဒါဖြင့် အစ်ကိုက တခြားကော ဘာမှာလိုက်သေးလဲ၊ ဘာတွေတွေ့သေးလဲညယ်"

"လရိန် တခြား မှာတာကတော့ သူတို့ မြန်မြန်ပြန်ဆင်းလာခဲ့မယ်။ စိတ်ချနေ၊ ဘာမှပူမနေနဲ့တဲ့။ တခြားတော့ ငါလည်း ဘာမှထူးထူးခြားခြားမတွေ့ပ။ ငါနဲ့လမ်းခွဲတော့ လရိန်လည်း တာကင်ယန်လုံပြန့်ပေါ် ဆက်တက်သွားတယ်။ အေးအေးဆေးဆေးတက်သွားတာကောလေ။ ကိုင်းကိုင်း- ငါလည်း ငါ့ရွာကို အရေးတကြီး ပြန်ရဦးမှာရှိသေးလို့သွားဦးမယ်နော"

ပြောပြောဆိုဆို ထွက်ခွာသွားသည့် လွန်ဒေါရဲ့ ကျောပြင်ကြီးတို့ ကြောင်ငေးကြည့်ရင်း ဂျာနန် ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့သည်။

အစ်ကိုလရိန်က စိတ်ချ၊ မပူနဲ့လို့ အမှာပါးလိုက်ပေမယ့် ဂျာနန် ဘယ်လို နေစိမ့်နိုင်သောအင်အားမျိုးနှင့် စိတ်ချဘဲ၊ မပူပန်ဘဲ နေနိုင်မှာလဲကွယ်။

ပြီးတော့ ဂျာနန် ချစ်သော ဇော်ဘောက်အကြောင်း နားဖျားလေးလေးမျှတောင် ကြားသိခွင့်မရတာလည်း ဂျာနန် ကံဆိုးတာပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

လား။

ချစ်သူနှင့် တစ်ကမ္ဘာစီ ခြားမနေသေးဘူး ဆိုပေမယ့် ဒီလောက် ပူပန်ကြောင့်ကြတကြီး တမ်းတနေရခြင်းဟာလည်း နတ်ဆိုးရဲ့ကျိန်စာသင့်နေတာပဲဖြစ်ပါလိမ့်မည်။ နာကျင် ခါးသက်စေသော အတွေးဆိုးတွေရဲ့ ဖိစီးမှုအကြားမှာ အချစ်ဆိုတာလည်း မီးမုန်တိုင်းတစ်မျိုးလို အကြမ်းပတမ်း မွှေနှောက်လောင်မြိုက်တတ်သေးကြောင်း ထိတ်လန့်တကြား သိရှိလာခဲ့ရပြန်ပါသည်။

အဆုံးမှာတော့ အစ်ကိုလရိန်ရဲ့ ချစ်ရည်းစား မခေါင်ထွယ်လေးရှိရာသို့ ဂျာနန် အပြေးတစ်ပိုင်း ရောက်ရှိသွားရပြန်တော့တ၏။

"အန်းယယ်- တာတယ်"

"တကယ်ပြောတာပေါ့ ခေါင်ထွယ်ရဲ့။ ငါလည်း ဘာလုပ်ရမှန်းမသိအောင် စိတ်တွေယောက်ယက်ခတ်နေတာနဲ့ နင့်ဆီပြေးလာခဲ့တာပကော"

"အဲဒီ လွန်ဒေါ် ဆိုတဲ့ လူကြီးကို ခေါင်ထွယ်လည်း မြင်တော့မြင်ဖူးတာပ။ ရိုးရိုးအေးအေး လူကောင်းကြီးပနော။ သူက ဆေးလေးဝါးလေးလည်းကုတယ်။ မုဆိုးအလုပ်တော့ လုပ်သလားဘာလား ခေါင်ထွယ်မသိ။ သူ့အပြင် ဘယ်သူပါသေးတုံး အစ်မဂျာနန်"

"အဉ်- ပြောတော့အပြောသားပ။ ငါလည်း အစ်ကိုလရိန်တို့၊ ဇော်ဘောက်တို့သတင်း သိချင်, ကြားချင်တဲ့ဇောကများနေလို့ အဲဒီကိစ္စတောင် မေးဖို့သတိမရလိုက်ဘူးကော။ ညြော်- ဟုတ်ပြီ။ လညော်၊ လညော်တူးတဲ့အေး"

"လညော်တူး၊ ဟုတ်လားညယ်။ သူလည်း အင်ထိန်နန်ရွာသားပဲကော။ သူ့ကို ခေါင်ထွယ် သိသားပနော။ ဟိုးတစ်နှစ်က ခေါင်ထွယ်တို့ တောင်ယာခုတ်တော့ သူတောင်ယာနားမှာ ဆိုတော့ ခင်ဖူးတာပ။ သူလည်း သဘောအကောင်းပအေး"

"အေး- အဲဒီလူကို တူးဂျိုင်က အရက်အတူသောက်ဖို့ ခေါ်သွားတယ်တဲ့။ လွန်ဒေါ် ပြောသေးတာကော"

"ဒါဆို သူ့ကို တူးဂျိုင်က အရက်အတူသောက်ရင်း ဘာတွေပြောဦးမလဲ မသိဘူးနော်။ အန်းယယ်- အစ်မဂျာနန် စဉ်းစားကြည့်စမ်း။ အဲဒီ လညော်တူးဆီ ခေါင်ထွယ်တို့ သွားမေးကြည့်ရအောင်လေနော။ တစ်ခုခု ထပ်များမသိနိုင်ဘူးလားညယ်"

အို- ဟုတ်ပါရဲ့။ ဂျာနန် တော်တော်တုံးသေးတာပဲနော်။ အဲလို ဘာလို့ မတွေးမိရတာပါလိမ့်။ ခေါင်ထွယ်လေးတော်လိုက်တာကွယ်"

ဘာအကြောင်းပဲဖြစ်ဖြစ် ဂျာနန် သိချင်ပါသည်။ ခုအချိန် ဟိုးရေခဲတောင်ကြီးပေါ်မှာ သူတို့ ဘာတွေဖြစ်နေသလဲ ဆိုတာ အပ်ကျတာကအစ အရာရာတိုင်းကို ဂျာနန် အရမ်း. . . အရမ်းကြီးနဲ့ သိချင်နေပါသည်။

ကို့ယ်ရပ်ရေမြေရဲ့
အလှတွေကို လာမဖျက်နဲ့
မုန်းဖွယ် အို-နယ်ချဲ့။ ။

မောင်ရီဖျိုးဖျလုလုအချိန်ဝယ် ပင်ယံအမြင့်ထက်ရှိ သူဝံသိုက်ပေါ်မှ ဝမ်းစာရှာထွက်ရန်အလို့ငှာ အေးအေးလူလူ လျှောဆင်းလာခိုက်-

"ဒိန်း. . . ဒိန်း. . . ဒိန်း. . . "

"အုန်း. . . ဝုန်း. . . ဝုန်း. . . ဝုန်း. . . "

ဟိုးအထက်ရေခဲတောင်ယံအမြင့်ပေါ်က တစ်ခဲနက် ပေါက်ကွဲထွက်ပေါ်လာသည့် သေနတ်သံကြီးများကို သူသည်းတုန့်အူတုန် ကြားလိုက်ရသည်။

သေနတ်သံက အခါတိုင်း ကြားနေကျအသံမျိုး မဟုတ်။ ကြားနေကျ အသံတွေက တစ်ချက်ချင်း တစ်ချက်ချင်း ပစ်ခတ်သံတွေ။ ခု ကြားလိုက်ရသည့်အသံကြီးကတော့ သေနတ်အလက်ပေါင်းများစွာထဲမှ တစ်ချိန်တည်း တစ်ပြိုင်တည်း ထွက်ပေါ်လာသော ကြောက်မက်ဖွယ် ကျည်ယမ်းပေါက်ကွဲသံကြီးတွေ။

အဲဒီ ပေါက်ကွဲသံကြီးရဲ့ နောက်ဆက်တွဲ တော်ဝင်ရံများကို ပဲ့တင်ရိုက်ခတ်သံတွေသည်ပင်လျှင် တော်တော်နှင့်မစဲနိုင်အောင် အဆင့်ဆင့် ခုနစ်စဉ့် အမျှင်တန်းလျက်။ ဟောဒီ ဘွန်ကလန် မဒင်ရေခဲတောင်ကြီးတစ်ခုလုံး တုန်ခါလဲပြိုသွားမတတ်ပါဘဲ။ ဟိုးအမြင့်ပိုင်းက ရေခဲတုံးကြီးတွေဆို အဲဒီအသံကြီးရဲ့ ရိုက်ခတ်အားကြောင့် ကွဲအက်ပြိုပျက်ကျကုန်လောက်သည်။

ခပ်ဝေးဝေးမှာရှိနေသော ဝက်ဝံတစ်ကောင်ဖြစ်သည့်သူတောင်မှ ထိတ်လန့်ချောက်ချားခြင်းကြီးစွာဖြင့် ရင်တွေတဒိန်းဒိန်းခုန်နေလိုက်တာ ဘယ်တော့မှ ဒီရင်အခုန် ရပ်တန့်မသွားဘဲနေတော့မည့်ပုံမျိုး။

(ထိုသေနတ်သံများမှာ ဤညနေခင်းတွင် တာကင်ယန်လုံပြန့်အထက် ရေခဲတောင်အမြင့်ပိုင်းရှိ ကျောက်ပုံအိုင်ကျစ်တွင်း၌ မရန်ဇော်ဘောက်၊ ဇော်တောင်၊ မဂမ်၊ အောင်ခွမ်တို့အဖွဲ့ ကတိုးနှင့် တာကင်ကောင် (သားမင်း) တို့ကို ပြိုင်တူပစ်ခတ်လိုက်သံများ ဖြစ်သည်။)

နောက်တော့ တစ်တောလုံး တစ်တောင်လုံး တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်ငြိမ်သက်သွားပြန်၏။

ခဏာရှိတော့မှသေနတ်သံကြောင့် ကြောက်လန့်တကြား မှင်တက် တိတ်ဆိတ်သွားသည့်တောမျောက်များ၊ ကျေးငှက်များနှင့် အခြား အကောင်ပလောင်မျိုးစုံတို့ သတိပြန်ဝင်လာပြီး ထူးထူးခြားခြား စူးစူးဝါးဝါး ဟစ်အော်အချက်ပေးသံ၊ မြည်ကြွေး ခေါ်ထူးသံများ သောသောအုတ်အုတ် ရုတ်ရုတ်သဲသဲ ထွက်ပေါ်လာလေသည်။

တောမျောက်တို့ဆိုသည်က ခုလို နေ့ဝင်ရိုးရီချိန်ရောက်လာပြီဆိုလျှင် သူနိုင်ငါနိုင် အပြိုင်ကြကြသည့်အလား အသံဗလံမျိုးစုံကို သံကုန်ည့်စ်၍ အဆက်မပြတ် ဟစ်အော်တတ်သော သတ္တဝါမျိုးတွေ။ တစ်တောလုံး တစ်တောင်လုံး နားမခံသာအောင် ပွက်ပွက်ဆူညံနေလိုက်ကြသည်မှာ သေချင်စော်နံစရာကောင်းလှတော့သည်။

သူက ပင်စည်တစ်ဝက်တစ်ပျက် အမြင့်တွင် ကြောင်ငေး ငြိမ်သက် ဖက်တွယ်ထားရာမှ ပင်ခြေမြေပြင်သို့ ဆက်မဆင်းသေးဘဲ အပေါ် ဘက် ကိုင်းမကြီးများခွဆုံဆီ ပြန်တက်သွား၏။ ပြီးတော့ ကိုင်းကြို့ကိုင်းကြားများထဲမှ ချောင်းမြောင်းလျက် ဝန်းကျင်အဝန်းကို စေ့စေ့စပ်စပ် စူးစမ်းစစ်ကြောကြည့်သည်။

ဒီတော့လည်း ရန်သူအရိပ်အခြည်ကို စိုးစဉ်းမျှပင် မတွေ့ရပြန်။

သူကျင်လည်ကျက်စားရာ ဟောဒီ ရေခဲတောင်နယ်မြေအဝန်း သူနည်းတူ လှည့်လည်သွားလာကျက်စားနေကျ ကြောင်အန္တယ်၊ ဝံအန္တယ်များနှင့် အခြား အကောင်ပလောင်ငယ် တချို့ကိုသာ သစ်ပင်ချုံနွယ်တို့အကြား ဖျိုးခနဲဖျပ်ခနဲ ရိုးခနဲရိပ်ခနဲ တွေ့ရတတ်သည်။ ပြီးတော့ အဲဒီ ကျားသားမိုးကြိုး သားရဲမင်းရဲစီးပြီး အဆော့သန်လှစွာသော ဗရုတ်သုတ်ခ တောမျောက်တွေရယ်ကိုသာ။

ဒီတစ်ည ကြုံတွေ့ရဦးမည့် ပဋိ

www.burmeseclassic.com

www.burmeseclassic.com

ယေသန ဝမ်းရေးညခရီးကို ဘယ်ပုံဘယ်နည်းဖြင့် ဖြတ်သန်းရင်ဆိုင်ရပါ့။

သူ့ဘဝရဲ့ ပြီးခဲ့သည့်ကာလတွေတုန်းက ကြုံတွေ့ဖူးခဲ့သော မမေ့နိုင်စရာအတိတ်ဖြစ်ရပ်တွေကတော့ သူ့နှလုံးသားထဲ ယခုတိုင် စွဲထင်နေဆဲမို့။ ဥပမာသူ အမေ့ရင်ခွင် ခိုဝင်မွေ့လျော်ဆဲ ဝံငယ်ပေါက်စတုန်းက သူမျက်စိရှေ့မှာတင် သူမိခင် ဝက်ဝံမကြီးနှင့် သူနှင့်အမြွာညီနောင်ဝံငယ်ကို လူသားတွေ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ပုံများ၊ တစ်ည ချမ်း၌ ဝံပုလွေများ ဝိုင်းအဆွဲခံရသဖြင့် သွေးရူးသွေးတန်း ကယောင်ချောက်ချား ဖြစ်နေသည် တောဝက်ငယ်တစ်ကောင်ကို ဝံပုလွေများထံမှ သူဆာလောင်မွတ်သိပ်စွာ လုယူစားသောက်ခဲ့ရပုံများ၊ ပြီးခဲ့သောတစ်ည တောခွေးရိုင်းတစ်အုပ်က သူမျက်မှောက်မှာပင် ဆတ်ထီးကြီးတစ်ကောင်ကို အလုအယက် ဝိုင်းဝန်းကိုက်ဖြဲ အမဲဖျက်ကာ အရှင်လတ်လတ် အာသာငမ်းငမ်း စားသောက်ခဲ့ကြပုံများ . . . ။

ပြီးတော့ ဟောဒီ တောနက်တောင်ယံကြီးထဲ သူမကြာခဏကြားရလေ့ရှိသည့် လူသားတို့ရဲ့ နှလုံးသွေးပျက်စရာ တူမီးသေနတ်သံကြီးများ။

သူ အင်မတန် စက်ဆုပ်မုန်းတီးလှသည့် အဲဒီ သေနတ်သံ။ ငရဲမိုးကြိုးထစ်ချန်း ပေါက်ကွဲသံတွေထဲမှာ ယခုနောက်ဆုံးကြားလိုက်ရသောအသံတွေကတော့ အကျယ်လောင်ဆုံး၊ စက်ဆုပ်မုန်းတီးစရာအကောင်းဆုံး၊ ကြောက်မက် သွေးပျက်ဖွယ်အကောင်းဆုံး သေနတ်သံကြီးတွေပင် မဟုတ်ပါလား။

သစ်ပင်ခွဆုံပေါ် ကျောက်ဆစ်ရုပ်တစ်ရုပ်ဖြစ်သွားလုခမန်း အကြာကြီး ထိုင်နေပြီးမှပင် သူလည်း ရာသီတော်တောင်၏ အင်္ဂေအသက်များနှင့်အတူ သွေးအေးစ,ပြုလာတော့သည်။ သွေးအေးလာသည်နှင့်အမျှ သူဝမ်းဗိုက်ကလည်း တကြွက်ကြွက် ဆာလောင်မွတ်သိပ်လာ၏။

ငါဝမ်းပူဆာ မနေသာပြီမို့ မြေပြင်ပေါ် သို့ ဆင်းသက်ကာ ထင်းရှူးပင်အမျှားစု ကြီးစိုးထားသော တောတောင်ကြီးထဲ လှည့်လည် အစာရှာဖွေရပြန်တော့သည်။

စိမ်းစိုစိုမြက်ရိုင်းနှင့် ချုံပေါင်းထူရာ ပြန့်သာတစ်ခုဆီအရောက် မြင်ကွင်းရှင်းနေသမို့ အထက်တောင်ယံဆီသို့ လရောင်ရေးရေး နှင်းမှုန်ဖွေးဖွေးအကြားမှ လှမ်းမြင်ရပြန်သော် . . .

ဟိုးအမြင့်ပိုင်း တာကင်ယန်လုံပြန့်ဆီက လူသားတို့ဖန်တီးထားသော မီးဖို နှင့် မီးရောင်တွေကို တွေ့လိုက်ရ၏။

သူ့ရင်ထဲ နာကျင်မှုတစ်မျိုးကို တင်းတင်းကျပ်ကျပ် ခံစားလိုက်ရ၏။

မီးရောင်များကို အော့နှလုံးနာစွာ တဒင်္ဂ ရပ်တန့်ကြည့်နေပြီးမှ တောနက်ရာဘက်သို့ ချိုးကွေ့ပြေးဝင်လာခဲ့၏။

ငါကိုဒုက္ခပေးမယ့် ရန်သူလူသားတွေ တကယ်ရောက်နေကြပြီပဲ။

ပြောင်းလဲခြင်းပန်းချီ
ဥတုရာသီ တောကိုမှီ
ပန်းတိုင်းလှနေမည်။ ။

မြူနှင်းနှင့် မီးခိုးတို့ ရောထွေးမှုန်မှိုင်းနေသည့်အကြားမှ လှမ်းမြင်နေရသော လရောင်က အဝါသွေးလွှမ်းကာ ရေးပျပျ မသာချင့်သာချင်။ တောင်ခိုးတို့ တစ်အုပ်တစ်မ လွင့်မျော ဖုံးလွှမ်းသွားခိုက်အချိန်မျိုးမှာ တောတောင်တစ်ခွင် အမှောင်ပြင်ကြီးဖြစ်သွားတတ်၏။ ဒါပေမယ့် ဒီညအဖို့ တောင်ခိုးတွေသိပ်မဝေပါ။ အခိုက်အတန့် ခဏလေးမျှသာဖြစ်ပြီး တိမ်လည်းကင်းစင်နေသလောက် ရှိသည်။

ဂူရွှေ့မလှမ်းမကမ်း ထင်းရှူးပင်ငယ်များဆီက နှင်းပေါက်ခဲကျသံတွေ တဖြောက်ဖြောက်ကြားနေရသည်။ တိမ်ကင်းစင်သဖြင့် ညဉ့်ယံလေထုမှာ ငြိမ်သက်ပြီး ရေခိုးရေငွေ့ဖြင့် ပြည့်ဝ ထိုင်းမှိုင်းနေခြင်းသာ ဖြစ်သည်။ ဒီအချိန်မျိုး ဝယ် အောက်ဘက် တောင်ချိုင့်တွေထဲမှာတော့ အေးစက်သောလေထုရဲ့ သိပ်သည်းလေးလံစွာ အဖိစီးခံထားရသဖြင့် အအေးပိုပေလိမ့်မည်။

ဘာပဲဖြစ်ဖြစ် အေးတာချမ်းတာကိုတော့ ဒီနေ့ရာမှာလည်း ခိုက်ခိုက်တုန် အောင် ခံစားနေရတာအမှန်ပဲဖြစ်သည်။

တစ်ခုတော့ရှိသည်။

တူးဂျိုင်ရင်ထဲမှာတော့ မီးတောက်မီးလျှံများဖြင့် တောက်လောင်ပူပြင်းနေမြဲသာ။

မတောက်လောင် မပူပြင်းဘဲ ဘယ်နေပါ့မလဲ။ အင်ခွန်လရိန်နှင့် မရန်ဇော်ဘောက်တို့ နှစ်ယောက် ဆိုင်းမပါဘဲမဆင့်ကြီး ငြိမ်းချမ်းရေးရသွားကြပုံက တစ်စက်ကလေးမှ ယုံနိုင်စရာမကောင်း။

မိမိအား အကျိုးယုတ်စေသည့် နတ်ဆိုးများက မထောက်မညာ အငြိုးတကြီး ပြောင်းပြန်လှန်၍ ဖန်တီးပစ်လိုက်သည့်အလား။ မခံမရပ်နိုင်အောင် အသည်းနာစရာကောင်းလိုက်သည့်အဖြစ်။

ကနဦး၌ လရိန်ရဲ့ သုဘောထားမှာ တင်းမာခက်ထန်နေဆဲပင်ဖြစ်သည်ကို တွေ့ရ၏။ သို့သော် ဇော်ဘောက်ကတော့ ဆေးမှားသောက်မိသွားသော စိတ်ရောဂါသည်တစ်ယောက်လို (လရိန်နှင့်ပတ်သက်လျှင်) အသစ်တစ်ဖန် ပြန်လည် မွေ့ဖွားလာသော လူတစ်ယောက်လို အပြောင်းလဲကြီး ပြောင်းလဲနေသည်။ အံ့ဖွယ်အတိဖြစ်အောင် ချိုသာပျော့ပျောင်းနေသည်။

ပြီးတော့ ဇော်ဘောက် ဆိုသောကောင့်ရဲ့ တည်ငြိမ် သိမ်မွေ့ပြီး ပရိယာယ်ကြွယ်ဝလှသော ကမ်းလှမ်းဖိတ်ခေါ်မှုမှာ ဟိုအကြောင်ကျား လရိန် ဆိုတဲ့ကောင်လည်း အရှက်မရှိ အရည်ပျော်ကျသွားတော့သည်။

ဒါ့အပြင် နှစ်ဖက်သော တောင်တက်အဖွဲ့သားတွေ တလုံးတစည်းတည်း ပလဲနံပသင့်ပြီး ပလူးပလဲလုပ်နေကြပုံကလည်း (တူးဂျိုင်အဖို့တော့) အင်မတန် အင်မတန် အော့နှလုံးနာစရာ၊ အော်ဂလီဆန်စရာကောင်းလှတော့၏။

ကြည့်လေ- ထင်းရှူးသားမီးပုံကြီးကို အလယ်မှာထားပြီး သူတို့တွေ ပူးပူးကပ်ကပ် ဝိုင်းဖွဲ့ထိုင်ရင်း တပျော်တပါး ပြောဆို ရယ်မော စားသောက်နေကြပုံကို။ ပူပူနွေးနွေး ဖြတ်သန်းခဲ့ရသည့် ဘွန်ကလန်မဒင်နှင့် နွမ်ဒွန်လခါးတောင်တက်အတွေ့အကြုံများနှင့် သားကောင်တွေ ပစ်ခတ်ရရှိခဲ့ပုံများကို အာပေါင်အာရင်းသန်သန် အပြန်အလှန်ပြောဆိုနေလိုက်ကြသည်မှာ ပွက်ပွက်ညံလို့။ သူ့အဖွဲ့ကိုယ့်အဖွဲ့ (မူလက ပြိုင်ဘက်အဖွဲ့တွေ ဖြစ်ခဲ့ပါလျက် ခုဖြစ်နေပုံက. . .) ပြိုင်ဘက်တွေ မဟုတ်သလိုမျိုး။ တစ်ဖွဲ့တစ်စည်းတည်းအသွင်။ ကျောမကွာရင်မခြား တစ်သားတည်းဖြစ်ကာ တူတူညီညီ ရယ်ရယ်ပြုံးပြုံးနှင့် လုံးဝအသုံးမကျတဲ့ ငတုံးငအ,ကောင်တွေ။

မီးတောက်အရောင်အလျှံဟပ်နေသည့် သူတို့ရဲ့မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတသောသော အဆီပြန်မျက်နှာပြင်တွေက တစ်ဦးကိုတစ်ဦး နွေးထွေးသော ချစ်ကြည်ခင်မင်ခြင်း၊ ပျော်ရွှင်နှစ်သိမ့်

www.burmeseclassic.com

www.burmeseclassic.com

ခြင်း အရိပ်အယောင်များဖြင့် တဝင်းဝင်း တလက်လက်။ သူတို့စကားဆိုပြော ရယ်မောလေတိုင်း ခံတွင်းဝမှ အာင်္ဂေတွေကိုယ်စီ တထောင်းထောင်းထလျက်။

သူတို့အလယ်ရှိ ညလင်းမီးဖိုကြီးရဲ့အလင်းကြောင့် ဂူနံရံနှင့်ကျောက်တုံးကျောက်ဆောင်များပေါ် ထင်ဟပ်နေသည့် သူတို့ရဲ့အရိပ်တွေသည်ပင်လျှင် တလှုပ်လှုပ် တယိမ်းယိမ်း ပူးတုံခွာတုံ ရောယှက် ပေါင်းဖွဲ့ကာ ပျော်ရွှင် ချစ်ကြည်စွာ ကခုန်မြူးထူးနေသလိုမျိုး။

သောသောအုတ်အုတ်ပြောဆိုနေကြရင်းမှ တစ်ချက် တစ်ချက် အူးခနဲ၊ ဝါးခနဲ ကျယ်လောင်စွာ ထွက်ပေါ်လာတတ်သော တစ်ယောက်ကိုတစ်ယောက် ခိုးမွှမ်းအားပေး ဟစ်အော်လိုက်သံတွေကလည်း တူးကျိုင်ရဲ့နားထဲ ပွက်ပွက်ဆူနေသည့် သံရည်ပူတွေ လောင်းထည့်နေသည်နှင့်မခြားပါလေ။

သူတို့အဖွဲ့နှင့် မလှမ်းမကမ်းရှိ လေကွယ်ရာ ကျောက်ဆောင်အကြားရှိ မီးဖိုငယ်လေးအနားတွင် တစ်ယောက်တည်းငြိမ်၍ကုပ်၍ တူးကျိုင် တိတ်ဆိတ်စွာ ထိုင်နေသည်။ *(အရက်အတန်ငယ်မူးယစ်နေပုံမျိုး။)* ပြီးတော့ ဂူရှင်ဖုန် ဧည့်ဝတ်ပြုထားသော ဆေးစိမ်အရက်ပြင်းကို နည်းနည်းချင်း စုပ်မျှဉ်းကာ သောက်ရင်း သူတို့အဖွဲ့ ဖြစ်နေကြပုံကို မျက်လုံးမှေးကာ ကြည့်နေ၏။

သူ့ရင်ထဲမှာတော့ တစိမ့်စိမ့် စုဖွဲ့လာသော အရက်ပြင်းရဲ့ အပူဓာတ်နှင့် အတူ အင်ခွန်လရိန်ကို အခြေပြုကာ စတင် လောင်မြိုက်ခဲ့သော အာယာတမီးလျှံရဲ့ အရှိန်ကလည်း တဖြည်းဖြည်း အားတောင်းစွာ ပူပြင်းလာပေရာ အေး၍အေးမှန်း၊ ချမ်း၍ချမ်းမှန်းပင် မသိတတ်နိုင်၊ မခံစားနိုင်သလိုလို ဖြစ်လာရ၏။

ပြီးတော့ ကြာလေလေ အထီးကျန် အပယ်ခံဆန်သော တင်းကျပ် မာကျောသည့် ခံစားမှုတစ်မျိုးကိုပါ အေးစက်ကြမ်းတမ်းစွာ ခံစားလာရလေလေ ဖြင့်။

ဒါ. . . ဒါပေမယ့်ပေါ့လေ။ တူးကျိုင် ပင့်သက်ကို တလေးတလံကြီး ရှိုက်ချလျက် တောင့်တင်းကြမ်းရင့် မာခဲနေသည့်စိတ်ကို ဖြေလျှော့နိုင်အောင် ကြိုးစားသည်။

တူးကျိုင်ပဲလေ၊ တခြားသူမှမဟုတ်တာ။ ဒီနာကျင်ခက်ခဲမှုလေးလောက်ကို တော့ ခံနိုင်ရည်ရှိရမှာပေါ့ကွာ။

သူ့ရဲ့ဦးခေါင်းကို ခပ်ကြမ်းကြမ်း ခါယမ်းလျက် သို့ကလို အသံမဲ့စွာ အားတင်းလိုက်ရ၏။ ပြီးတော့ သူမှာ ပါးနပ်တဲ့ လျှို့ဝှက်အကြံအစည်တွေ၊ ဝှက်ဖဲတွေ ရှိနေသေးတာပဲ မဟုတ်ဘူးလား။

ဟောဒီ တာကင်ယန်လုံပြန့်ရှိရာ ဆီတက်အလာ ကမ်းပါးပြတ်တောင်ကွေ့တစ်နေရာ၌ လွှဒဲ့၊ လညောတူးတို့နှင့် အမှတ်မထင်တွေ့ဆုံမိခြင်းက သူ့ရဲ့ ပျက်လုပျက်ခင် လျှို့ဝှက်အကြံအစည်များ တစ်ဖန် ပြန်လည်နှိုးထပြီး အောင်မြင်မှုလမ်းစကို ရရှိစေခဲ့တာပဲ မဟုတ်ဘူးလား။ မိမိရဲ့ နဂိုရှိရင်းစွဲ အရှိန်အဝါနှင့်တကွ လညောတူးရဲ့လက်ထဲ စို့စို့ပို့ပို့ ထည့်ပေးလိုက်သည့် အဖိုးအခ ငွေကြေးရဲ့ တန်ခိုးအာနုဘော်ဖြင့် မိမိစေခိုင်းအမှာပါးလိုက်သော သတင်းစကားတွေ ဆိုင်းဂူထဲ မနှေးမမြန် ရောက်ရှိသွားတော့မှာပဲ မဟုတ်ဘူးလား။

ဆိုင်းဂူ ဆိုတာက မိမိအား ဧသေချာ ခိုင်မာသည့် ယုံကြည်လေးစားမှုအပြည့်ဖြင့် သစ္စာခံထားသော မိမိယောက်ဖအရင်း။ ပြီးတော့ မိမိအား ဘာအကြောင်းနှင့်မျှ မလွန်ဆန်နိုင်သူ။ မိမိရဲ့ အထောက်ပံ့ခံ လက်ရင်းတပည့်။ ညာလက်ရုံးစစ်စစ်။

အဲဒီ ဆိုင်းဂူထံ သတင်းစကား ရောက်သွားပြီဆိုလျှင် ကံကြမ္မာအလှည့် အပြောင်းက မိမိဘက် မျက်နှာသာကောင်းကောင်းပေးလာမည်မှာ မလွဲဧကန်။

ဒီတော့ စစ်မရောက်ခင် မြားကုန်ပစ်လို့ မဖြစ်သေး။

ပရိယာယ် မာယာနှင့် ဗျူဟာသဘောအရ ဒီအတိုင်း ငုတ်တုတ်ထိုင်နေလို့ မဖြစ်သေး။ ဒီတော့လည်း. . . ။

တူးကျိုင်က ကျောက်ဆောင်ထောင့်ကွေးတွင် မှီလဲထိုင်နေရာမှ ခပ်ဖြည်းဖြည်း ခြေစုံထရပ်လိုက်သည်။ သူ့သွင်ပြင်ဟန်ပန်က အတန်ငယ် မူးယစ်ရီဝေနေသည့်အသွင်။

သူက ဂရုတစိုက် လျှောက်ယူနေရသော ခြေလှမ်းမျိုးဖြင့် စုံညီပိုင်းဖွဲ့နေသည့် မီးပုံကြီးရှိရာသို့ တစ်လှမ်းချင်း ချဉ်းကပ်သွားသည်။

အဖွဲ့သားတွေကလည်း သတိကောင်းသော တောင်ပေါ် မုဆိုးများပီပီ တူးကျိုင် ချဉ်းကပ်လာနေသည်ကို သတိပြုမိကြသည်သာ။

သူ အနားသို့ ရောက်သွားတော့ စိတ်ရင်းရိုးဖြောင့်ပြီး တစ်ဖက်သားအပေါ် ဖေးမငဲ့ညှာတတ်သော ရတမ်ကြီး ဂူရှင်ဖုန်က ထိုင်နေရာမှ တစ်ဖက်သို့ ခပ်သွက်သွက်တိုးကပ်ကာ ထိုင်စရာနေရာပေးရင်း-

"တူးကျိုင်၊ လာလာ- ငါ့အနားမှာ မီးလာလှုံလှည့်။ တော်တော်ကြီး အေးတာပနော။ ရော့- ဟောဒီမှာ အသားကင်လည်း မြည်းဦး"

တူးကျိုင်က ဂူရှင်ဖုန်ထံမှ အသားကင်ကို မငြင်းမဆန်ယူလျက် မီးပုံဘေးမှာ ဝင်ထိုင်လိုက်ရင်း အတင်းအမာမရှိသောလေသံဖြင့် တုံ့ပြန်စကားကိုဆို၏။

"အိမ်းပ - တအားနဲ့အေးတာပဲကော။ နင်တို့ကြားက မီးဖိုငွေ့တွေ၊ လူငွေ့တွေနဲ့ဆိုတော့ ပိုပြီးနေလို့ကောင်းမှာပအေး"

သူရောက်လာသဖြင့် ကျန်အဖွဲ့သားတွေ တဒင်္ဂ နှုတ်ဆိတ်သွားကြသယောင်ရှိသော်လည်း ဇော်ဘောက်ကပင် အိမ်ရှင် (ဤဂူကို လက်ဦးနေရာယူထားပြီးဖြစ်သူ) ပီပီ-

"ဘယ်လိုလဲ တူးကျိုင်၊ နင့်သဘောထားကိုလည်း ပြောပါဦး။ တို့အဖွဲ့နဲ့အတူတူ အမဲပစ်မလား၊ တစ်နေရာစီ အစုခွဲပြီး ပစ်ကြမလားဆိုတာ"

တူးကျိုင်က အသားကင်ကို ကိုက်ဖဲ့စားတော့မည့်ဟန်ပြင်ပြီးမှ ပါးစပ်နားရောက်နေသည့် အသားကင်ကိုင်ထားသောလက်ကို ပြန်ချလျက်-

"အိမ်းပ - နင်တို့ကတော့ ပြောအားရှိတာပ ဇော်ဘောက်ရာ။ တာကင်တို့၊ ကတိုးတို့လို သားကောင်အကောင်းစားတွေ ရထားပြီးသားဆိုတော့။ ငတို့မှာတော့ ဘာမှ မည်မည်ရရ ပစ်ထားရသေးတာ မဟုတ်ဘဲကော။ ဒါပေမယ့် နင်တို့သဘောပါ။ အတူပစ်တဲ့အခါပစ်ပေါ့၊ လူခွဲပစ်တဲ့အခါလည်း ပစ်ပေါ့။ ဟုတ်ဘူးလားကွာတို့ ဟားဟားဟား"

တူးကျိုင်က သဘောမနောကောင်းတစ်ယောက်အသွင်ဖြင့် အဖွဲ့သားအားလုံးကိုပါ ညှိနှိုင်းပြောပြောရင်း အားပါးတရကြီး ရယ်ပြနေလိုက်သေးသည်။

ဒီတော့ ဂူရှင်ဖုန်ကလည်း လေသံအောအောအေးအေးကြီးဖြင့်-

"အိမ်း- ကောင်းတာပနော။ အခြေအနေအရ နေရာဖြန့်၊ လူဖြန့်ပြီး ပစ်တဲ့အခါလည်း ပစ်ရမှာပဲ။ အရင်က ငါတို့တွေ အကြောင်းကြောင်းကြောင့် နှစ်

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့ကွဲနေခဲ့ပေမယ့် အခု တစ်ဖွဲ့တည်းလို့ သဘောထားလိုက်ကြရအောင်။ အားလုံး ဘာမဆို အတူတူ၊ အတူတူပဲပေါ့နော”

နှစ်ဖက်အဖွဲ့သား အားလုံးမျက်နှာများပေါ်တွင် ဂူရှင်ဖုန်စကားကို ကန့်ကွက်လိုသည့် အရိပ်အယောင်များ ရှိမနေပါ။ တကယ်ဆိုတော့ ဟောဒီ ရေမြေတောတောင် သဘာဝတွေပေါ်မှာ အတူတကွ ကျင်လည် ရှင်သန် ကြီးပြင်းလာခဲ့ကြသော အရိုးခံသဘောထား ရိုးသား တူညီရင်းစွဲရှိပြီးသား တစ်မြေတည်းမွှား သွေးချင်းညီအစ်ကိုတွေပဲလေ။

သို့ပေမယ့် တူးကျိုင်ရဲ့ အတွင်းမနောကို ကောင်းကောင်းကြီး ရိပ်စားမိထားပြီး ဖြစ်သည့် အင်ခွန်လရိန်ရော၊ ဇော်ဘောက်ရော၊ တူးကျိုင်ရဲ့ အနီးဆုံး လူဖြစ်ခဲ့ပြီးခါမှ အမြင့်မှချော်ကျပြီး ခြေထောက်တွင် ဒဏ်ရာအနာတရဖြစ်ခိုက်၌ ပစ်ပစ်ခါခါအပြုခံခဲ့ရသည့် လဂမ်ကမ်ရော ဂူရှင်ဖုန်ကိုယ်တိုင်ပါ အနည်းနှင့်အများတော့ စိုးရိမ်မကင်းဖြစ်မိကြသေးသည်သာ။ သို့သော် မိမိတို့ဘက်က အများ၊ တူးကျိုင်ဘက်က တစ်ယောက်တည်းသမားလိုဖြစ်နေပြီမို့။ အခြေအနေကြည့်ပြီး အကောင်းဆုံးဖြစ်အောင် ပြုပြင်ထိန်းသိမ်းယူရမှာပေါ့လေဟု ကိုယ်စီကိုယ်စီ တွေးမှတ် ခံယူထားလိုက်ကြသည်မို့။

“ကဲကဲ - ညဉ့်လည်းနက်လှပြီ။ မနက်ကျရင် ပြေးကြလွှားကြပစ်ကြခတ်ကြရဦးမှာတွေ ရှိသေးတယ်။ ဒီတော့ နှစ်ယောက်ကို တစ်ဆိုင်းကျစီ အလှည့်ကျကင်းစောင့်ပြီး အိပ်ကြတာပ။ ဘယ်သူအရင်စ၊ စောင့်မတုံးညယ်”

ဂူရှင်ဖုန်က သို့ကလို ညှိနှိုင်းမေးမေးတော့ ဇော်ဘောက်ရဲ့ ညီ ဇော်တောင်က မဆိုင်းမတွပင်-

“ငါရယ်၊ ပြီးတော့ အဲ. . . (တစ်ဖက်အဖွဲ့သားများဆီ မျက်လုံးတစ်ချက် ဝေ့ကြည့်ပြီး လူရွေးလိုက်ကာ) အဲ - ဒဟမ်းဒီး(တူးကျိုင်ရဲ့အထမ်းသမား)ရယ် အတူစောင့်ကြရင် မကောင်းဘူးလား”

ဒဟမ်းဒီးက အားတက်သရောပင် လက်ကိုဝှေ့ယမ်းကာ ပြုံးပြသည်။

“ဟုတ်ပြီ။ ဒါဖြင့် နင်တို့အဖွဲ့က တစ်ယောက်၊ တို့အဖွဲ့က တစ်ယောက်။ အဲလို အတွဲချပြီး အလှည့်ကျစောင့်တာပအေး။ ငါ့အလှည့်ကျရင် တူးကျိုင်နဲ့ စောင့်မယ်”

ဂူရှင်ဖုန်က သို့နှယ် ထပ်ဆင့်အကြံပြု ညှိနှိုင်း၏။ သိပ်အမြော်အမြင်ကြီးတဲ့ ဂူရှင်ဖုန်ပဲ ဟူသော အတွေးဖြင့် ဇော်ဘောက်က သူ့ရဲ့ရဲဘော်သူငယ်ချင်းကြီး အတွက် ဝမ်းမြောက်ဂုဏ်ယူမဆုံး ဖြစ်ရသည်။

ပြီးတော့ ဇော်ဘောက်က လရိန့်ဆီ မေးဆတ်ကာ လှမ်းကြည့်ပြုံးပြပြီး-

“ငါက လရိန်နဲ့အတူ စောင့်မယ်။ ဘယ့်နှယ်လဲ လရိန်၊ နင်သဘောတူရဲ့မဟုတ်လား၊ည”

“ရော့- ဘာကြောင့် မတူရမှာတုံးညယ်”

လရိန့်ရဲ့တို့ပြန်သံထဲမှာ အေးစက်တင်းမာသောအငွေ့အသက် စိုးစဉ်းမျှ မပါပါ။

မာယာမုန်တိုင်းကြား
မီးလျှံအားလုံးငြိမ်းစေသား
ချစ်ခြင်းအင်အားများ။ ။

ဂျာနန်နှင့် ခေါင်ထွယ်တို့ နှစ်ယောက်သား အင်ထိန်နန်ရွာသို့ အားချင်းလိုက်သွားကြသည်။ သူတို့ တွေ့ဆုံမေးမြန်းရမည့် လညော်တူးအား လက်ဆောင်ပေးရန် အသားခြောက်၊ ဆေးရွက်ကြီးအချို့နှင့် မြန်မာပြည်မြောက်ဖျားဒေသ ကချင်တောင်တန်းကြီးများပေါ်၌ ရွှေတမျှ ရှားပါးပြီး တန်ဖိုးကြီးလှသည့် ဆား အနည်းငယ်နှင့်အတူ။

အင်ထိန်နန်ရွာကလေးမှာ ဂျာနန်တို့ရွာလောက် လူနေအိမ်ခြေ မများ။ တစ်ဖက်တောင်ကြီးရှိရာသို့ နိမ့်လျှောလိုက်ဆင်းသွားပြီး တစ်ဖန် ပြန်လည် ဦးမော့၍တက်သွားရာ ကြောဆက်ခင်ရိုးကုန်းတန်းတစ်ခုပေါ်၌ အစီအရီ သွယ်တန်းထားသော တဲအိမ်ကလေးများဖြင့် ဖွဲ့စည်းထားသည့်ရွာငယ်လေး။ အောက်ချိုင့်ဝှမ်းရဲ့အထက်နားတွင်ရှိသည်မို့ သစ်ကြီးဝါးကြီးတွေထူထပ်ပြီး အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့ရှိသည်။ ပြီးတော့ ချိုင့်ဝှမ်းချောင်းရိုးနံဘေး လွင်ပြင်ငယ်လေးများပေါ်မှာတော့ လှပစိုလွင်သော ရောင်စုံပန်းတွေ ရှုမောဖွယ် ပွင့်ဝေနေသည့် ဘိန်းခင်းတွေကို တွေ့ရသည်။

“အဲဒါ တူးကျိုင်နဲ့ သူလူတွေ စိုက်ထားတဲ့ ဘိန်းခင်းတွေပေါ့”

ဟု ခေါင်ထွယ်က မလိုတမာလေသံဖြင့် နှုတ်ခမ်းမဲ့ကာပြောတော့ ဂျာနန် ဘိန်းခင်းတွေဆီ မျှော်ကြည့်ရင်း-

“ဘိန်းပန်းကလေးတွေက သူ့သဘာဝအတိုင်း အရောင်စုံလှပနေတာပဲကော။ အဲဒီသဘာဝကို လူတွေ လွန်ဆန် ပြုပြင်ထားတဲ့ ဘိန်းရဲ့ ဆိုးကျိုးတွေကတော့ အရုပ်ဆိုးလွန်း၊ ကြောက်စရာကောင်းလွန်းတာပအေး”

(ထို့ကာလက မူးယစ်ဆေးဝါးတိုက်ဖျက်စစ်ဆင်ရေးများဖြစ်သည့် မိုးဟိန်းစစ်ဆင်ရေး အဆင့်-၁ မှ အဆင့်-၁၀၊ တောင်ရန်ရှင်းစစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး စသည်တို့ မရှိသေးပါ။)

လညော်တူးရဲ့အိမ်က ရွာအစွန်ပိုင်းမှာပင် ရှိနေသည်။ ဝါးရုံပင်များနှင့် တကွ သီးပင်စားပင်များ စိုက်ပျိုးထားသည့် အလျားရှည်ရှည် ခြံဝင်းကျဲယဲထဲက သစ်၊ ဝါးတို့ဖြင့် ဆောက်လုပ်ထားသော ရိုးရာအိမ်ငယ်တစ်လုံး ဖြစ်၏။

တိုက်တိုက်ဆိုင်ဆိုင် လညော်တူးနှင့်အတူ လွန်ဒေါကိုပါ အခန့်သင့်တွေ့ရပြီး သူတို့အသွင်က လုပ်ငန်းခွင်တစ်ခုသို့မဟုတ် ခရီးရှည်တစ်ခုမှ အိမ်ပြန်ရောက်လာစ အပန်းဖြေ အနားယူနေကြပုံမျိုး။

အချင်းချင်း နှုတ်ဆက်စကားတွေ အပြန်အလှန်ပြောဆို၊ ပါလာသည့်လက်ဆောင်တွေပေးပြီးတော့ ခေါင်ထွယ်ဂဲ့ လညော်တူးအား-

“ခုနပြောသလိုပနော၊ ဘွန်ကလန်မဒင်ပေါ်မှာ ဆုံကြတုန်း လညော်တူးနဲ့ တူးကျိုင်တို့နှစ်ယောက် အရက်အတူတူသောက်ကြတယ်ဆိုတော့ တူးကျိုင်က ဘာတွေများ ပြောလို့ကဲ့၊ မာလိုက်သေးလဲ သိချင်လို့ ချက်ချင်းလိုက်လာခဲ့တာပအေး”

“နင်တို့ မိန်းမသားတွေကိုတော့ တူးကျိုင် ဘာမှမမှာလိုက်ပါလားညယ်”

“မဟုတ်ဘူးလေ။ ခေါင်ထွယ်ဆိုလိုတာက တခြားတစ်ယောက်ယောက်နဲ့ပတ်သက်ပြီး ဘာတွေပြောတယ်၊ ဘာတွေမှာတယ်ဆိုတာ သိချင်တာ။ နင်နဲ့ တူးကျိုင် အရက်အတူသောက်တုန်းပြောခဲ့သမျှအားလုံး တစ်ခုမကျန် အသေးစိတ်သိချင်တာ”

“ရော့. . . ခက်ပအေး”

လညော်တူးက လေသံခပ်လေးလေးကြီးဖြင့် မသက်မသာ ညည်းတွားပြီး ဟိုးဝေးဝေးဝယ် မိုးသားကောင်းကင်ကြီးထဲ ဘွန်ကလန်မဒင်ရေခဲတောင်ကြီးဆီ လှမ်းမျှော်ကြည့်လိုက်ပြန်၏။ ပြီးမှ ချင့်ချိန်စဉ်းစားဟန်ဖြင့် ခပ်ဆဆပြော-

www.burmeseclassic.com

www.burmeseclassic.com

သည်။ *(စောစောကပင် လွန်ခဲ့ခါနှင့် လည်ော်တူး 'ခေါင်' သို့မဟုတ် အရက် အတူတူသောက်ထားသဖြင့် အနည်း ငယ်တော့ ရီဝေဝေရှိနေဟန်တူသည်။)*

"အိမ်း. . . သူက ငါ့ကို အရက် သောက်ကြရအောင် ဆိုပြီး ဟိုးမလှမ်း မကမ်းကျောက်တုံးကြီးနား ဆွဲခေါ် သွား တာပဲကော။ အဲ့မှာ ငါ့ကို သူ အရက် တိုက်တယ်။ တော်တော်ပြင်းတဲ့ ဆေး စိမ်မီးတောက်အရက်အကောင်းစား၀။ ပြီးတော့ သူပြောတယ်။ ငါမှာစရာရှိလို့ တဲ့။ သိပ်အရေးကြီးတယ်တဲ့။ အဲ့လူဆီ ချက်ချင်းသွားမပြောဘဲ လုံး၀မနေရဘူး တဲ့။ ပြီးတော့ နင်လည်း ငါ့အကြောင်း ကောင်းကောင်းသိတာပဲတဲ့။ အဲ့မျိုးပြော ပြီး ဒါက နင့်အတွက် သွားပြော၁ပေး တာ ဆိုပြီး ပို့ကဆံတွေလည်း ထုတ်ပေး တာပဲကော"

"ဩဩ- ဘယ်သူဆီ သွားပြော ခိုင်းတာလဲညည်။ ဘာတွေပြောခိုင်းတာ လဲ"

"အာ- ဒါတော့ ဘယ်ပြောဖြစ်မ တုံး။ သူက ငါ့ငွေပေးခိုင်းတယ်လေး။ ငါ သူ့ကို သစ္စာရှိရမှာပေါ့။ ငါဘာမှမပြောချင် ဘူး ခေါင်ထွယ်"

ခေါင်ထွယ်ရော ဂျာနန်ပါ စိတ် ညစ် စိတ်မောဖြစ်ရပြန်သည်။ ဒီတော့ ဂျာနန်လည်း မနေသာဘဲ ခေါင်ထွယ် ဘက်မှ အားဖြည့်၍ တွန်းတွန်းတိုက် တိုက်ပြောရပြန်သည်။

"နင် ငါတို့ကိုပြောပြတာ ဘယ်သူ မှမသိစေရပါဘူး လည်ော်တူးရယ်၊ စိတ် ချပါ။ ပြီးတော့ နင့်အတွက် ပြောပြခ လည်း အများကြီးထပ်ပေးဦးမှာ။ အဲဒီ တောင်ပေါ်မှာ တူးဂျိုင်နဲ့အတူရှိနေတဲ့ အင်ခွန်လရိန်ကို နင်သိမှာပါ။ အဲဒါ ငါ့ အစ်ကို၊ ပြီးတော့ ခေါင်ထွယ်ရဲ့ရည်းစား။ သူတို့ ဟိုးရေခဲတောင်ကြီးပေါ်မှာ ဘာ တွေဖြစ်နေသလဲ အားကြီးသိချင်လို့ပါ။ ငါတို့ကို ပြောပြလို့ နင် ဘာမှမဖြစ်စေ ရဘူး။ ငါတို့ တာ၀န်ယူတယ် စိတ်ချ"

သို့တိုင် လည်ော်တူးရဲ့ မျက်လုံး နွမ်းနွမ်းတွေထဲမှာ စိုးထိတ်ပူပန်မှုတွေက အထင်းသား။ ပြီးမှ လေသံတိုးတိုးဖြင့် သူ့တစ်ကိုယ်တည်း ညည်းတွားသလို ပြောသည်။

"တူးဂျိုင် အားကြီးကြောက်ဖို့ ကောင်းတယ်နော။နင်တို့ သူ့အကြောင်း မသိဘူး။ ငါ မပြောရဲဘူးပအေး"

"ဟုတ်တယ်၊ တူးဂျိုင် ကြောက်ဖို့ ကောင်းတာ တို့သိတယ်။ အဲဒါကြောင့်

သူနဲ့လရိန်တို့ ဘာတွေဖြစ်နေလဲ သိရ အောင်၊ သိရင် အကာအကွယ်ပေးနိုင် အောင် ပြောပြခိုင်းတာပါ။ တောင်းပန် ပါတယ်နော်။ တို့ကို ကိုယ်ချင်းစာပေးပါ။ သနားပါဟယ်။ နင်ပို့ကဆံဘယ်လောက် လိုချင်လဲပြော၊ ငါ ခုချက်ချင်းသွားယူ ပေးမယ်"

"ပို့ကဆံအရေးမကြီးဘူး၊ သူရန် လုပ်ရင် ငါသေသွားမှာပအေး"

ဒီတော့ ခေါင်ထွယ်က ဝင်ပြီး-

"ငါတို့ရဲ့ မရန်ဇော်ဘောက်တို့၊ အင်ခွန်လရိန်တို့အကြောင်း နင်ဘာသိ လဲ"

"သူတို့လား။ အဲ- လူကောင်းတွေ၊ မဟုတ်မခံကောင်တွေ။ သတ္တိရှိတယ်၊ ခွန်အားဗလတောင့်တယ်၊ လူချစ်လူခင် လည်းပေါတယ်။ ဒါပေမယ့် သူတို့ချင်း မတည့်ကြဘူး။ ဟုတ်လား၊ အဲ့မျိုး ပြော ရမှာလား"

"ဒါဆို ဘာကြောက်စရာရှိလဲ။ နင်တို့ငါတို့ဘက်မှာ တကယ့်လူကောင်း၊ သတ္တိရှိတဲ့ သူရဲကောင်းတွေ ရှိနေတာ ပဲ။ နောက်တစ်ခုရှိသေးတာက အခု သူ တို့ ဘွန်ကလန်မဒင်ပေါ် တက်ကြတာ ဟာ ဟောဒီ တစ်နယ်လုံးကို အုပ်ချုပ်နေ တဲ့ ဒူ၀ါကြီးရဲ့အိမ်တက်ပွဲအတွက် သား ကောင်တွေ၊ ဆေး၀ါးတွေ လက်ဆောင် ပေးဖို့ ငါ့အဖေ ဆလန်၀ါ-ပေါ်မိုင်းကြီး တာ၀န်ပေးထားလို့ သွားကြတာ။ သူတို့ တစ်ခုခုဖြစ်သွားရင် နင်ဖုံးကွယ်ထားလို့ နင် ဒူ၀ါကြီးတို့, ပေါ်မိုင်းတို့နဲ့အတူ ဒီ နယ်မြေသားတွေအပေါ် သစ္စာဖောက် လိုဖြစ်တာ ဆိုပြီး နင့်အပေါ် အပြစ် ရောက်လာမှာကိုကော နင်တွေးမကြည့် မိဘူးလား လည်ော်တူး"

ခေါင်ထွယ်ရဲ့စကားက လည်ော် တူးရော လွန်ဒေါပါ တုန်လှုပ်သွားစေ သည်အထိ ထိရောက်သောစကား။ သူ တို့ တုန်လှုပ်တွေ၀သွားကြသည်။ နေ မထိထိုင်မသာဖြစ်ကုန်သည်။ ဘေးကျပ် နံကျပ်နှင့် ဇောချွေးပြန်လာသည်။ အ ဆုံးမှာတော့ လည်ော်တူးက-

"နင်တို့ ဒီရွာရဲ့ ဟိုဘက်တစ် တောင်ကျော်က တူးဂျိုင်ရဲ့ရွာကို သိ တယ်မဟုတ်လား။ အေး- အဲ့ရွာကို တူး ဂျိုင် သွားအပြောခိုင်းလို့ ငါတို့ နှစ် ယောက်သွားပြောပြီး၊ အခုမှ ပြန်ရောက် ပြီး အနားယူနေတာပ"

"အန်းယယ်၊ ဒါဖြင့် ဘယ်သူဆီ သွားပြောတာတုံးညယ်"

"တူးဂျိုင်ယောက်ဖ ဆိုင်းဂူဆီ"

"ဘုရားသခင် - ဆိုင်းဂူ ဆိုတာ လူကောင်းမှ မဟုတ်တာကော။ ဘိန်း၊ ကျောက်စိမ်း၊ မိန်းမ၊ သူခိုး၊ ဓားပြ၊ သူပုန် အကုန်လုပ်နေတဲ့သူ ဆိုတာ နင်မသိ ဘူးလားညယ်"

"သိတာပအေး၊ ဒါကြောင့် ငါ ကြောက်တယ်ပြောတာပ"

"နင်ဘာတွေသွားပြောရတာတုံး ညယ်"

"နင်တို့ အခုလိုလာမေးမှ ဒီကိစ္စ ပေါ့သေးသေးမဟုတ်ဘူးလို့ ငါလည်း သဘောပေါက်လာတာပနော။ ပြီး သူ ပြောခိုင်းလိုက်တာတွေကလည်း နောက် တောက်တောက်အူကြောင်ကြောင်လိုလို နဲ့ အဓိပ္ပာယ်မရှိ အပျင်းပြေ လျှောက် ပြောခိုင်းတာတွေလိုလို၊ အရက်မူးပြီး ပေါက်တတ်ကရ လျှောက်ပြောခိုင်းလိုက် တာလိုလိုနဲ့"

"ဩဩ- ဘာတဲ့တုံးညယ်"

"ကွဲချို့ တောခွေးနီ၊ ထမင်းထုပ် (၅)ထုပ်နဲ့ တာကင်လည်ပင်းတဲ့။ ဒါပဲပ။ ကဲ- ငါပြောတာ မဟုတ်ဘူးလား"

ဂျာနန်ရော ခေါင်ထွယ်ပါ မျက် ခုံးတွန့်ကုန်၊ ခေါင်းခြောက်ကုန်ကြသည်။ ဂျာနန်က တွေးတွေးဆဆဖြင့်-

"အေး - ငါတို့လည်း ဘာဆိုလို တယ်ဆိုတာ မသိပအေး။ ဒါပေမယ့် ဒါ ဟာ မကောင်းမှု တစ်ခုခုကို လျှို့၀ှက်ကြံ စည်ဖို့ စကား၀ှက်တစ်မျိုး ဖြစ်လောက် တယ်။ ဒါနဲ့ နင့်ကို တူးဂျိုင်က ပို့ကဆံ ဘယ်လောက်ပေးတုံး"

လည်ော်တူးက ငွေအရေအတွက် ကိုပြောပြတော့-

"အိုး- အများကြီး. . ကြီးပဲကော။

www.burmeseclassic.com

www.burmeseclassic.com

ရိုးရိုးတန်းတန်း ဒီစကားလေးပြောပေးရုံနဲ့ ဒီလောက်ကြီး မတန်တဆ ပေးစရာမလိုဘူးလေ။ ခုန နင်ပြောတယ်နော်။ တူးဂျိုင်က သိပ်အရေးကြီးတယ်၊ ချက်ချင်းသွားပြော။ မပြောဘဲ မနေရဘူးလို့ မှာတဲ့အကြောင်း”

“အိမ်းပ - ချက်ချင်း မဖြစ်မနေသွားပြောခိုင်းတာပ”

ခေါင်းထွယ်က ပူပန်ကြီးကြီးလေသံဖြင့်-

“နင်တို့ ဆိုင်းဂူဆီသွားပြောတော့ ဆိုင်းဂူတို့ ဘာလုပ်ကြလဲ”

“ဆိုင်းဂူ ငါတို့ကိုအရှက်ပြင်းတိုက်ပြီး ထမင်းကျွေးတယ်။ အဲဒီတုန်း သူလည်း သူ့တပည့်ကို တခြားလူတွေသွားခေါ်ဖို့ မြန်မြန်ခေါ် ခဲ့ဖို့ခိုင်းနေတာပဲလေ။ သူတို့ကိစ္စ ငါတို့က ဘာသိမှာတုံးညယ်။ ထမင်းစားပြီး ချက်ချင်းပြန်လာခဲ့တာပအေး”

“ကောင်းရော၊ ဒါဖြင့် ဒီကိစ္စအတွက် ဒီအတိုင်း အေးနေလို့ မဖြစ်ဘူးကော။ ငါ့အဖေ (ဆလန်ဝါ-ပေါ်မိုင်း) ကို အားလုံးဖွင့်ပြောပြပြီး လုပ်သင့်တာ အမြန်ဆုံး ဆက်လုပ်ကြမှ ဖြစ်မယ်။ ငါ့အဖေကို ဖွင့်ပြောမှတော့ နင်တို့နှစ်ယောက်လည်း မပါလို့မဖြစ်ဘူး။ နင်တို့ ရှောင်ဖယ်ဖယ်လုပ်နေရင် ပိုဆိုးကုန်မှာလေနော။ လိုက်ခဲ့မယ် မဟုတ်လားညယ်”

လည်ပော်တူးတို့အတွက် သန်းခေါင်ထက်တော့ ထူးပြီး ညဉ့်မနက်သာပြီမို့-

“အိမ်း - လိုက်ဆိုလည်းလိုက်ရတော့မှာပအေး”

“ဘာမှကြောက်နေစရာမလိုပါဘူး။ ငါ့ဝ (အဖေ့) မှာ ကျွမ်းကျင် ထက်မြက်ပြီး ရဲရင့်တဲ့ ဓား, လှံ, လေးမြားသမားတွေ၊ အတိုက်အခိုက်သမားတွေ အများကြီးရှိတာပဲကော။ နင်တို့ နှစ်ယောက် ဘာမှမဖြစ်စေရဘူး၊ စိတ်ချ”

“ဩဩ- ဒါဖြင့်လည်း ငါတို့ကိုယ်တိုင်လည်း ရဲဆေးကောင်းကောင်းတင်ထားဦးမှ ဖြစ်မှာပလေနော”

❂

တူးဂျိုင်ရဲ့အထောက်တော် အူတူတူ အ,တတ လည်ပော်တူး အမောတကောဖြင့် လာပေးသွားသော သတင်းစကားက ဘိန်းပြောင်းကလေး တယုတယကိုင်ကာ ဇိမ်နှင့်နှပ်နေသည့် ဆိုင်းဂူ၏ ပေမွေးမွေးမျက်လုံးအစုံကို ပြူးခနဲ ပြဲခနဲ ဖြစ်သွားစေတော့သည်။

တောက်- အရေးကြီးလည်းကြီးပါဦးတော့။ ခုဟာက တကယ့်အလောတကြီး အလူးမီးဝိုင်းသလိုမျိုးနဲ့။

ဒါပေမယ့် တကယ်တမ်းကျတော့ တူးဂျိုင်အပေါ် ဆိုင်းဂူ တစ်ဖက်စောင်းနင်း ပြစ်တင်ပုတ်ခတ်ခြင်းမပြုလိုပါ။ ဒီကိစ္စက မိမိအတွက် အလွန့်အလွန် မတန်တဆ အကျိုးအမြတ်ကောင်းကောင်း ရစေမည့်ကိစ္စမို့ပါ။

အဲ- စွန့်တော့စွန့်စားရမည်။ သေလုမတတ် အပင်ပန်းလည်းခံရကောင်းခံရမည်။

နှယ်နှယ့်ကိစ္စမှ မဟုတ်တာ။

ပေပေါင်းသောင်းချီ မြင့်မားပြီး အတက်အဆင်း ခက်ခဲ ကြမ်းတမ်းလှပေသော ဘွန်ကလန်မဒင်ရေခဲတောင်ကြီးပေါ် ဓရောသောပါး ကောက်ကာငင်ကာကြီး အပြေးတက်ရမည့်ကိစ္စ။ အန္တရာယ် ပြွမ်းတီးအသက်ဘေးနီးလှသော အနိုင်မခံ အရှုံးမပေး သေရေးရှင်ရေးကိစ္စ။ အဲ - တိုက်ရေခိုက်ရေး၊ သတ်ဖြတ်လုပ်ကြရေးကိစ္စ။

အဲဒီတော့ကော ဘာဖြစ်လဲကွာ။ ဒီလိုအခွင့်အလမ်းကောင်းမျိုးဆိုတာ ရခဲဘိခြင်း။ တစ်ချက်တည်းနှင့် သုံး၊ လေး၊ ငါးကောင်အပိုင်ထုနိုင်သည့်ချက်ကောင်း (အချက်ကောင်း) မျိုး။ ပြီးခဲ့သော့ကာလ တစ်လျှောက် မိမိ ဘာပဲလုပ်လုပ် ရှေ့ကနက်လန်ခံပြီး ကဖျက်ယဖျက်လုပ်တတ်တဲ့ အရှုပ်ကောင်တွေကိုလည်း လက်စတုံး ရှင်းလင်းပြီးသား ဖြစ်သွားမည်။ အဲဒီနောက် မိမိသြဇာကိုလည်း လွှတ်လွှတ်ကျွတ်ကျွတ်ကြီး ထူထောင်နိုင်မည်။ အဲဒီနောက် ငွေကြေးဓန ကြွယ်ဝချမ်းသာမှုနှင့်အတူ ဒုဝါတစ်ဦးပမာ ဟောဒီနယ်ပယ်ကို ဘုရင်တစ်ဆူ မင်းမူနိုင်တော့မည်။

ဘာတဲ့၊ တူးဂျိုင်ပါးလိုက်တဲ့ အမှာစကားလေးက-

‘ကျွဲချို၊ တောခွေးနီ၊ ထမင်းထုပ် (၅)ထုပ်နဲ့ တာကင်လည်ပင်း’ ဆိုပဲ့လား။

ဒါက သူတို့နှစ်ဦးတည်းသာသိနိုင်တဲ့ အရေးပေါ် ထိပ်တန်းစကားဝှက်။ အမြင့်ဆုံး၊ အပြင်းထန်ဆုံး၊ ရင်ခုန်မက်မောစရာအကောင်းဆုံးစကားလုံးများ။

၁။ ကျွဲချို- တို့ချင်း တိတ်တဆိတ် (လျှို့ဝှက်) တွေ့ဆုံ ဆောင်ရွက်ရန်။

၂။ တောခွေး- ရန်သူကို တိတ်တဆိတ် ချောင်းခြောင်းလုပ်ကြရန်ကိစ္စ။

၃။ နီ- အလွန့်အလွန် အရေးကြီးသဖြင့် ယခုချက်ချင်း အဆောတလျင် ဆောင်ရွက်ရန်နှင့် အထူးထိပ်တန်းလျှို့ဝှက်ခြင်း။

၄။ ထမင်းထုပ်- အကျိုးအမြတ်ပေါင်း မြောက်များစွာ။

၅။ (၅)ထုပ်- ရိက္ခာနှင့် လက်နက်အပြည့်အစုံပါသော ကျွမ်းကျင် အတိုက်အခိုက်သမား (၅) ယောက် ခေါ်ခဲ့ရန်။

၆။ တာကင်လည်ပင်း- တာကင်ယန်လုံပြန့်အောက်နားတစ်နေရာရှိ ဆုံမှတ်မှာ တွေ့ဆုံကြရန်။

ကဲ- ဘယ်လောက်စိတ်ဝင်စားဖို့ကောင်းသလဲ၊ စိတ်ဓာတ်တက်ကြွဖို့ကောင်းသလဲ၊ စွန့်စွန့်စားစားပွဲကြမ်းပစ်ဖို့ကောင်းသလဲ။

ပြီးတော့ အခုတစ်လော သားကောင် မပစ်ရတာ ကြာသွားပြီ။ သားကောင်ကောင်းကောင်းကိုမှ ပစ်ချင်လွန်းလှသဖြင့် လက်တယားယား၊ အူတကြွကြွလည်း ဖြစ်နေမိခဲ့သည်။

ကံများကောင်းချင်တော့ တိုင်းရက်တဲ့ ပက္ကလာ မိုးရွာနှင့်အခန့်သင့်ဆိုသလို တိုက်တိုက်ဆိုင်ဆိုင် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး။

ဘယ်လို သားကောင်မျိုးလဲ ပြောရဦးမဲ့လား။

ချောက်ခြီးချောက်ချက် ကရော်ကမည် ပစ်ရိုးပစ်စဉ် အကောင်ပလောင်လောက်ကို ဆိုင်းဂူတို့က တယ်စိတ်မပါလှ။

တကယ်တမ်း ပစ်ချင်တာက မနုဿသားကောင်။

ဟော - အခုပစ်ရမှာကလည်း မြိမိလျှောက်နေသောလမ်းပေါ်မှာ အမြဲတမ်း အဟန့်အတားပြုလာခဲ့တဲ့ အင်အားကြီး မဟာရန်သူတွေ၊ မနုဿသားကောင်အကြီးစားတွေ။

အား. . . ပစ်လိုက်ရရင် ဘယ်လောက်များ စေးစေးပိုင်ပိုင်ရှိလိုက်မလဲ၊ မြိန်ရေရှက်ရေရှိလိုက်မလဲကွာ။

ကဲ- ငါတို့အဖွဲ့ ဘွန်ကလန်မဒင်ရေခဲတောင်ကြီးပေါ် အပြေးတက်လာခဲ့ပြီ ချစ်ယောက်ဖကြီး တူးဂျိုင်ရေ။

မနုဿအမဲလိုက်ပွဲကြီးတစ်ပွဲကို တော့ ရေကုန်ရေခန်း အားရပါးရကြီးနဲ့ လိုက်ကြသေးတာပလေ. . . နော. . . ။

(ဆက်ရန်)

ကောင်းပြည့်ဟန်

www.burmeseclassic.com

www.burmeseclassic.com

အလွန် ရှေးကျသော ကာလကပင် ထိုင်းနိုင်ငံ မီကလောင်မြစ်အောက်ပိုင်းနှင့် မဲနမ်မြစ်ဝှမ်းများတွင် မွန်တို့ အခြေချ နေထိုင်ခဲ့ကြသည်။ ယင်းဒေသကို တရုတ်တို့က တို့-လို့-ပို့-တီ (To-Lo-po-Ti) ဟု ခေါ်၏။

ထန်မင်းဆက်သမိုင်းသစ်တွင် ပျူနိုင်ငံ၏အပိုင်းအခြား ကိုပြရာ၌ ပျူနိုင်ငံသည် ယုန်ချန်၏တောင်ဘက် လီပေါင်း (၂၀၀၀)၊ မိုင်ပေါင်း (၇၀၀) နီးပါးခန့်တွင် တည်ရှိ၏။ ထန်မင်းဆက်မြို့တော်နှင့် လီပေါင်း (၁၄၀၀၀)၊ မိုင်ပေါင်း (၄၇၀၀) ခန့် ကွာဝေး၏။ အရှေ့ဘက်တွင် ကျဲန်လာ့ကုန်းမြင့် ရှိ၏။ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ ရှိ၏။ အနောက်တောင်ဘက်တွင် တော်လော်ဟော် (To-Lo-Ho) တောင်ဘက်တွင် ပင်လယ်နှင့် မြောက်ဘက်တွင် နန်းစောရှိ၏။ အလျားလီပေါင်း (၃၀၀၀)၊ မိုင်ပေါင်း (၁၀၀၀) နီးပါးခန့်ရှိ၏။ အနံမှာ လီပေါင်း (၅၀၀၀)၊ မိုင်ပေါင်း (၁၇၀၀) နီးပါးခန့်ရှိ၏။ တော်လော်ဟော်သည် တရုတ်တို့က ဒွါရာဝတီကိုခေါ်သော အခေါ်အဝေါ် ဖြစ်၏။

အေဒီ ၄ ရာစုခန့်တွင် သုဝဏ္ဏဘူမိမှ မွန်များ မြဝတီ မဲဆောက်လမ်းနှင့် ဘုရားသုံးဆူလမ်းများမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ဝင်ရောက်လာခဲ့ကြ၏။ ဒွါရာဝတီရှိ မွန်များနှင့် ပူးပေါင်းပြီး နယ်ပယ်ချဲ့တွင်ကြ၏။ ထိုစဉ်က ထိုဒေသသည် ဖူနန်အင်ပါယာက ချုပ်ကိုင်ထား၏။ ထို့ကြောင့် မွန်များ ခေါင်းထောင်၍မရ။ အေဒီ ၅ ရာစုတွင် ဖူနန်အင်အား ကျဆင်းလာ၏။ အရှေ့ဘက်ရှိ ကမ္ဘောဇ (ဝါ) ခမာများနှင့် တိုက်ခိုက်နေရသဖြင့် အနောက်ဘက်ဒေသကို လှည့်မကြည့်နိုင်။ ထိုသို့ အခါအခွင့်ရသည်နှင့် မွန်တို့သည် ဒွါရာဝတီနိုင်ငံကို တည်ထောင်ခဲ့၏။ အေဒီ ၆ ရာစုနှောင်းပိုင်းတွင် ဒွါရာဝတီသည် အလွန် အရေးပါသောနိုင်ငံတစ်ခု ဖြစ်လာ၏။ အေဒီ ၇ ရာစုအတွင်း တရုတ်နိုင်ငံသို့ မွန်သံအဖွဲ့များ မကြာခဏ စေလွှတ်ခဲ့၏။ ထို့နောက်ပိုင်း ဒွါရာဝတီနိုင်ငံကို (ကမ္ဘောဇ) ခမာနိုင်ငံက တစ်ဖက်၊ မြောက်ဘက်ရှိ ထိုင်းတို့က တစ်ဖက် ညှပ်၍ ဖိဝင်လာသဖြင့် အေဒီ ၈ ရာစုခန့်မှစ၍ မွန်များ အင်အားကျဆင်းလာ၏။ သို့သော် ဒွါရာဝတီသည် အေဒီ ၁၀ ရာစုအထိ လွတ်လပ်သောနိုင်ငံများ ဖြစ်တည်ရှိခဲ့၏။

သို့မဟုတ်
ဒွါရာဝတီမွန်များ

နိုင်ခင်မောင်လေး

www.burmeseclassic.com

www.burmeseclassic.com

၁၀ ရာစုလွန်ပြီးနောက် ဒွါရာဝတီ၏ မြောက်ပိုင်းမြို့တော်ဖြစ်သော လန်ဖွန်းတွင် မွန်နိုင်ငံတစ်ခု ထွန်းကားပြန်၏။ ယင်းနိုင်ငံကို ဟရီဗုဉ္စနိုင်ငံဟု ခေါ်၏။ မွန်ဘုရင်မ စမ္မဒေဝီက တည်ထောင်ခဲ့ခြင်း ဖြစ်၏။ ဟရီဗုဉ္စသည် အေဒီ ၁၃-၁၄ ရာစုအထိ တည်တံ့ခဲ့၏။ ၁၃ ရာစုနောက်ပိုင်းတွင် ဒွါရာဝတီပျက်၏။

ထိုင်းနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် ကိုးရတ်ကုန်းမြင့် (Korat Plateau) ရှိ၏။ ကိုးရတ်ကုန်းမြင့်ရှိ ကျေးရွာ (၂၅) ရွာတွင် လူမျိုးစုတစ်စု ပြန့်ကြဲနေထိုင်လျက်ရှိ၏။ ထိုင်းတို့က ယင်းတို့ကို ချောင်ဗွန် (Chaobon) ဟု ခေါ်၏။ သူတို့ကိုယ်သူတို့ Ngah Kur ဟု ခေါ်၏။

လွန်ခဲ့သော နှစ်ပေါင်း (၅၀)ခန့်က Erile Seidenfaden သည် Chaobon နှင့်ပတ်သက်၍ 'ကိုးရတ်ကုန်းမြင့်မှ မျောက်ကွယ်နေသောလူမျိုးစု' ဟူသော ဆောင်းပါးကို ရေးသားခဲ့၏။ ယင်းဆောင်းပါးကို ၁၉၁၈ ခုနှစ်ထုတ် JSS စာစောင်၊ အတွဲ (၁၂) တွင် ဖော်ပြခဲ့၏။ ချောင်ဗွန်နှင့် ပတ်သက်သော ဒုတိယဆောင်းပါးတစ်စောင်ကို ၁၉၁၉ ခုနှစ်ထုတ် JSS စာစောင်၊ အတွဲ (၁၃) တွင် ဖော်ပြခဲ့၏။ Erile Seidenfaden သည် Nyuh kur အကြောင်း ပထမဦးဆုံးလေ့လာခဲ့သော ပညာရှင် ဖြစ်၏။ ဒုတိယပညာရှင်မှာ Phra Petchaobumburi ဖြစ် ၏။ ယင်း၏ 'Changvad Pechabun မှ လုဝ သို့မဟုတ် ချောင်ဗွန်များ ဆောင်းပါးကို ရေးသားခဲ့၏။ ယင်းဆောင်းပါးကို ၁၉၂၁ ခုနှစ်ထုတ် JSS စာစောင်၊ အတွဲ (၁၄) တွင် ဖော်ပြခဲ့၏။ ထိုပညာရှင်နှစ်ဦးစလုံးက Ngah Kur သည် လဝလူမျိုးဖြစ်ကြောင်း ရေးသားခဲ့၏။ ၁၉၃၅ သို့ ရောက်သော် Credner ဆိုသူက Nyah Kur ဘာသာစကားသည် Kui လူမျိုး တို့၏ ဘာသာစကားဖြစ်၏။ Kui တို့၏ဘာသာစကားသည် မွန်ခမာဘာသာစကားဖြစ်ကြောင်း ထုတ်ဖော်ရေးသားခဲ့၏။ ၁၉၅၈ တွင် Chintana က Nyah Kur ဝေါဟာရဆိုင်ရာ စာအုပ်တစ်အုပ် ရေးသား ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် Nyah Kur သည် လဝချောင်ဗွန်လူမျိုးစု ဖြစ်သည်ဟု ဆို၏။ ၁၉၇၉ တွင် Payau Memanas သည် သူမ၏ အမ်အေဘွဲ့အတွက် မဟီဒေါတက္ကသိုလ်သို့ စာတမ်းတစ်စောင် တင်သွင်းခဲ့၏။ ယင်းစာတမ်းတွင် ချောင်ဗွန် (Nyah Kur)ဘာသာစကားသည် အော်စတိုအေရှားတစ်ဘာသာစကားတွင် အကျုံးဝင်သော ဘာသာစကားဖြစ်ကြောင်း ဖော်ပြခဲ့၏။ ထိုစဉ်က ဘာသာဗေဒလေ့လာသူများအတွက် အထောက်အကူပြုမည့် မွန်အဘိဓာန်များ မရှိသလောက် နည်းပါးခဲ့၏။ ထို့ကြောင့် Nyah Kur ဘာသာစကားသည် မည်သည့်ဘာသာစကား ဖြစ်သည်ကို တိတိကျကျ မပြောနိုင်ခဲ့။ လန်ဒန်တက္ကသိုလ် SOAS မွန်ခမာလေ့လာရေးဌာနပါမောက္ခ မစ္စတာရော်တို သည်ပင် Nyah Kur ဘာသာစကားနှင့် ပတ်သက်၍ ဘာမှ မပြောမဆို ရေငုံနှုတ်ပိတ်နေလာခဲ့၏။

မည်သို့ပင်ဖြစ်စေ ၁၉၇၀ ပြည့်နှစ် ရောက်သောအခါ ပါမောက္ခ ဒေးဗစ်သောမတ်နှင့် ရောဘတ်ဟက်ဒလေတို့က Nyah Kur သည် မွန်အမျိုးအနွယ်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့၏။ ယင်းအဆိုကို ကော်နယ်တက္ကသိုလ်မှ ဘာသာဗေဒ ပါမောက္ခ Franklin E.Huffmana က ထောက်ခံခဲ့၏။ ၁၉၈၀ ပြည့်နှစ်တွင် Gerard Diffloth က အတည်ပြုခဲ့၏။ ထိုစဉ် ပါမောက္ခ Diffloth သည် ချီကာကို တက္ကသိုလ်မှ ဘာသာဗေဒပါမောက္ခဖြစ်ပြီး လဝဘာသာစကားကို အထူးပြုလေ့လာခဲ့သူဖြစ်၏။ ပါမောက္ခ Diffloth သည် မွန်ခမာဘာသာစကားကိုလည်း အလွန်စိတ်ဝင်စားသူဖြစ်ပြီး ပထမတွင် Nyah Kur ဘာသာစကားသည် လဝဘာသာစကားဖြစ်သည်ဟု သတ်မှတ်ခဲ့၏။ ထို့နောက် ယင်းဘာသာစကားကို လေ့လာရန်အတွက် ထိုင်းနိုင်ငံသို့ ထွက်လာ၏။ ထိုင်းနိုင်ငံသို့ ရောက်သောအခါ ကိုးရတ်ကုန်းမြေတွင် ညေးဂူတို့၏ ဓလေ့ထုံးစံ ဘာသာစကား၊ ဝေါဟာရ စသည်များကို ဘာသာဗေဒ၊ သတ္ထုဗေဒနည်းများဖြင့် (၁) နှစ်တိတိ လေ့လာခဲ့၏။ ထိုအခါကျမှ ညေးဂူသည် မွန်ဖြစ်သည်ကို လက်ခံခဲ့၏။ ထိုအချိန်တွင် ချူလာလောင်ကောင်တက္ကသိုလ်မှ ဘာသာဗေဒပညာရှင် ဒေါက်တာ Theraphan Thangku ဘုံကလည်း Nyah kur ဘာသာစကားကို လေ့လာနေ၏။ ၁၉၈၄ ခုနှစ်တွင် ပါမောက္ခ Diffloth ရေးသားပြုစုသော (The Dvaravati Old Mon Language and Nyah Kur) 'ရှေးဒွါရာဝတီမွန်ဘာသာစကားနှင့် ညေးဂူ' ဟူသောစာအုပ်နှင့် ဒေါက်တာ Tharig kun ၏ Nyah Kur - Thai - English Dictionary စာအုပ် နှစ်အုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့၏။

Nyah Kur များနေထိုင်သည့် ကျေးရွာ (၂၅) စုအနက် phra Bung ကျေးရွာသည် ကိုးရတ်ကုန်းမြင့်၏တောင်ဘက် (၅၀) ကီလိုမီတာခန့်တွင် တည်ရှိ၏။ လမ်းမကြီးမှ (၄) ကီလိုမီတာဝင်သွားရ၏။ အိမ်ခြေ (၇၀) ခန့်သာရှိ၏။ တိုင်ရှည်များဖြင့် တည်ဆောက်ထားသော Nyah kur တို့၏ နေအိမ်များသည် မြန်မာပြည်ရှိ မွန်အိမ်များနှင့် ခပ်ဆင်ဆင်ဖြစ်၏။ အိမ်၏ကြမ်းပြင်သည် မြေပြင်မှ (၈)ပေခန့်မြင့်၏။ အိမ်လှေကားသည် မြန်မာပြည်ရှိ မွန်အိမ်များနှင့် ခပ်ဆင်ဆင်ဖြစ်၏။ အိမ်၏ကြမ်းပြင်သည် မြေပြင်မှ (၈) ပေခန့်မြင့်၏။ အိမ်လှေကားသည် သစ်ပင်တက်သည့်လှေကားနှင့်တူနေ၏။ အိမ်အားလုံးကို မွန်အိမ်များလို မြောက်ဘက်လှည့်ထား၏။ မွန်များကဲ့သို့ အိမ်အောက်တွင် ကြက်၊ ဝက်များ မွေးမြူထား၏။ စပါးကျီကို အိမ်ဘေးတွင် ဆောက်ထား၏။

မိန်းကလေးများ အိမ်အောက်တွင် ရက်ကန်းယက်ကြ၏။ နွေရာသီတွင် အိမ်သားများ အိမ်အောက်တွင်သာ နေကြ၏။ Nyah Kur တို့နေရာများတွင် စေးဆိုင်မရှိ၊ မုန့်ပဲသရေစာရောင်းသည့် ဆိုင်လည်းမရှိ။ ထို့ကြောင့် ကလေးများအတွက် ထမင်းဆုပ်၊ အာလူးမီးဖုတ်ရန်နှင့် ဆောင်းတွင်းအခါ အနွေးဓာတ်ရရှင် အိမ်ဘေးတွင် မီးဖိုပြုလုပ်ထား၏။

Nyah Kur ရွာတွင် နတ်စင်တစ်ခု ရှိ၏။ ယင်းနတ်စင်တွင် အခါအားလျော်စွာ အရက်နှင့် အစားအစာများဖြင့် ပူဇော်ပသကြ၏။ တစ်စုံတစ်ဦးသည် အိမ်လှေကားမှ ပြုတ်ကျလျှင် အိမ်ရှင်က ပြုတ်ကျသူကို ရေလောင်းပြီး နတ်စင်အား တောင်းပန်ရ၏။ Nyan Kur အမျိုးသမီးများသည် လက်ထပ်မင်္ဂလာနှင့် အခြား အခမ်းအနားများတွင် ဗွီပုံစံ ဘလောက်အင်္ကျီဝတ်ဆင်ကြ၏။ သင်္ကြန်ကာလတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရေပက်၏။ တစ်အိမ်နှင့်တစ်အိမ် လည်ပတ်ကြပြီး မိမိတို့ကိုယ်တိုင်ချက်သောအရက်ဖြင့် ဝိုင်းဖွဲ့စားသောက်ကြ၏။ လူပျိုနှင့် မိန်းမပျိုများသည် အမြဲတစေ ခုံညင်းဖိုးတမ်းကစားကြ၏။ အဖွဲ့ဖွဲ့၍ ကစားကြ၏။ ခုံညင်းကို တန်းလိုက်စီထားပြီး (၁၀)ပေ၊ ပေ(၂၀) အကွာမှ ဖိုးဖြင့် လှမ်းပစ်သည့် ကစားနည်းဖြစ်၏။ မိန်းကလေး၊ ယောကျ်ားလေးရောနှောမကစားကြ၏။ မိန်းကလေးနှင့် ယောကျ်ားလေး အချင်းချင်း ရင်းနှီးမှုရစေရန် ရည်ရွယ်၏။

www.burmeseclassic.com

www.burmeseclassic.com

ပျောက်ကွယ်နေသည့် ဒွါရာဝတီ မွန်ဘာသာစကားကို ပြန်လည် ဖော်ထုတ်သူ ပါမောက္ခ Diffloth က ခုံညင်းထိုးသည့် ဓလေ့သည် ဒွါရာဝတီကပင် စတင်ခဲ့၏။ အေဒီ (၆) ရာစုကတည်းက ထိုင်းနိုင်ငံ အလယ်ပိုင်းလွင်ပြင်တွင် ဒွါရာဝတီ မွန်နိုင်ငံတစ်ခု ထွန်းကားခဲ့၏။ ယင်းဒေသပန်ဝန်းကျင်တွင် ထိုစဉ်က ရေးထိုးခဲ့သော မွန်ကျောက်စာများ တွေ့ရှိရ၏။ ဤအချက်များကိုထောက်၍ Nyah Kur လူမျိုးတို့သည် ဒွါရာဝတီ မွန်မျိုးနွယ်စုမှ ဆင်းသက်လာသည်ဟု အခိုင်အမာ ပြောနိုင်သည်ဟု မိန့်ဆိုခဲ့၏။

တေးဂီတနှင့်ပတ်သက်၍ Nyah Kur ညေးဂူတို့ အထူးသဖြင့် သီဆိုသည့်သီချင်းသည် Pa-ree-ree ဟုခေါ်၏။ ရှေးမွန်နှစ်ပါးသွားအကတွင် မင်းသားနှင့် မင်းသမီး တစ်ဦးကို တစ်ဦး စောင်းချိတ် သီဆိုရသောသီချင်းမျိုး ဖြစ်၏။

၁၉၆၂ ခုနှစ်တွင် ပါမောက္ခရှောတိုက A dictionary of Modern Spoken Mon စာအုပ်ကို ထုတ်ဝေခဲ့၏။ ယင်းစာအုပ်၏နိဒါန်းတွင် 'ယခုအခါ မူလဒွါရဝတီလူမျိုးများသည် ထိုင်းစကားပြောသူများ၏ဝါးမျိုမှုကို ခံနေရ၏။ ထိုစဉ်က ဘာသာဗေဒပညာရှင်များသည် Nyah Kur ဘာသာစကား၏ ရင်းမြစ်အမှန်ကို သိရှိခဲ့ဟန်မတူ၊ Nayh Kur ဘာသာစကားသည် ယခင်က ဘာသာဗေဒပညာရှင်များ ယူဆသလို လဝ ဘာသာစကားမဟုတ်၊ မွန်ဘာသာစကားဖြစ်ကြောင်း' အောက်ဖော်ပြပါ ဝေါဟာရ နှိုင်းယှဉ်ချက်များက သက်သေခံလျက်ရှိကြောင်း ရေးသားခဲ့၏။

သခ်ၤာ	လဝ	ညေးဂူ	ခေတ်ဟောင်းမွန်	ခေတ်သစ်မွန်
1	ti?	muey	muoa	moa

အထက်ပါ နှိုင်းယှဉ်ချက်ကို ကြည့်ခြင်းအားဖြင့် Nyah Kur တို့၏ သခ်ၤာအခေါ် အဝေါ်သည် လဝအခေါ် အဝေါ်နှင့် နီးစပ်မှု မရှိ။ ခေတ်ဟောင်းမွန်၊ ခေတ်သစ်မွန်နှင့် လုံးလုံးတူညီနေသည်ကို တွေ့လေ့ရှိ၏။ ညေးဂူနှင့် ခေတ်ဟောင်းမွန်၊ ခေတ်သစ်မွန်ဝေါဟာရ နှိုင်းယှဉ်ဖော်ပြရလျှင်-

အဓိပ္ပာယ်	ညေးဂူ	ခေတ်ဟောင်းမွန်	ခေတ်သစ်မွန်
ဘုရား	Khyaak	Kyaik/Kyot	caik/cyx
သား	kuan	kuon	kon
မြေ	tii?	tii?	tai?/toe?

ထိုင်းနိုင်ငံရှိ တောင်ပေါ်သားများသည် ရှေးအခါက အိန္ဒိယနှင့် အဆက်အဆံမရှိခဲ့။ အထူးသဖြင့် ထိုင်းနိုင်ငံမှ လဝတို့သည် အိန္ဒိယများနှင့် အဆက်အဆံမရှိခဲ့၊ အဆက်အဆံမရှိသဖြင့် အိန္ဒိယပါဠိ၊ သင်္ကရိုက်တို့မှ ကောက်ယူမွေးစားထားသော ဝေါဟာရလည်း မရှိ။ ဒွါရဝတီမွန်များကသာ အိန္ဒိယနှင့် ကူးလူးဆက်ဆံမှုရှိခဲ့၏။ အချို့အိန္ဒိယယဉ်ကျေးမှုရယူပြီး ကိုယ်ပိုင်ဟန်နှင့် ပေါင်းစပ်ကာ ကိုယ်ပိုင်ယဉ်ကျေးမှုကို ဖန်တီးခဲ့၏။ ထိုသို့ ကူးလူးဆက်ဆံမှုရှိသဖြင့် အိန္ဒိယ (ပါဠိ၊ သင်္ကရိုက်) ဘာသာတို့မှ ကောက်ယူမွေးစားထားသော ဝေါဟာရများ ရှိ၏။ ညေးဂူတို့တွင်လည်း အိန္ဒိယမှ

အဓိပ္ပာယ်	ပါဠိ/ သင်္ကရိုက်	ညေးဂူ	ခေတ်ဟောင်း မွန်	ခေတ်သစ် မွန်
ကောင်းကင်	akasa	kaas	akaas	akaah
မြေကြီး/ တိုင်းပြည်	bhumi	phum	phum	phum
ဇာတိ	jata	chaat	chaat	chaat
ဂူ	guha	kuh	kuh	kuh
အလှူ	punya	bun	pun	pon

ကောက်ယူမွေးစားထားသော ဝေါဟာရများ ရှိ၏။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ညေးဂူသည် မွန်ဖြစ်ကြောင်း အခိုင်အမာ ကောက်ချက်ချနိုင်၏။ ညေးဂူ ဟူသော ဝေါဟာရကလည်း မွန်ဝေါဟာရပင် ဖြစ်၏။ ညေး(ညး) သည် သူဟု အဓိပ္ပါယ်ရ၏။ ဂူမှာ ဥယျာဉ်ခြံကို ဆိုလို၏။ ထို့ကြောင့် ညေးဂူသည် ဥယျာဉ်ခြံလုပ်ကိုင်စားသောက်သူဟု အဓိပ္ပာယ်ရ၏။ သို့သော် ညေးဂူတို့ဆိုသည် သူတို့ကိုယ်သူတို့ မွန်မှန်းမသိကြ။ မျက်မှောက်ခေတ် မွန်များနှင့်လည်း အဆက်အဆံမရှိ။ ယခု မွန်တို့ပြောစကားကို သူတို့နားမလည်၊ သူတို့ပြောစကားကိုလည်း ယခုမွန်များ နားမလည်။ ပုဂံခေတ်တွင် 'လေ'ကို မွန်ဘာသာအားဖြင့် 'ကျာလ်'၊ ပေးသည်ကို ကိလ်၊ နားသည်ကို ဇူလ် စသည်ဖြင့် လသတ်(လ်)သံပါ၏။ ထို့အတူ စ်၊ ည်၊ ရ်၊ သ်၊ အသံပါသည်လည်း ရှိ၏။ ကိုးရတ်ကုန်းမြင့်ရှိ ညေးဂူတို့ စကားပြောရာတွင် ပုဂံခေတ်ကျောက်စာပါ ဝေါဟာရများကဲ့သို့ လ်၊ စ်၊ ည်၊ ရ်၊ သ် အသံများထည့်၍ ပြော၏။ တစ်နည်းအားဖြင့် အင်္ဂလိပ်စကားပြောသကဲ့သို့ (C,ny.R,S) လေသံများထုတ်၍ ပြော၏။

၁၉၄၆ ခုနှစ်ခန့်က ဆရာဒေါက်တာ နိုင်ပန်းလှ၊ ဆရာကြီးဒေါက်တာလုစ်ထံတွင် မွန်ကျောက်စာ စတင် သင်ကြား၏။ 'ဗောဓိသတ္တ သို့ငှ်' ဟူသော ရှေးမွန်စာထဲက ဒသ် ကို (das) ဟု (s) အသံဖြင့် ဖတ်ခြင်း၊ အခြားစကားလုံးများကိုလည်း ဆိုင်ရာဆိုင်ရာ-ရ် (R)။ လ် (L) များကိုလည်း အသတ်ဗျည်းသံများဖြင့် ဖတ်ပြကြောင်း ရေးသားခဲ့၏။ ယခု ညေးဂူတို့ပြောသောစ ကားသည် ဒေါက်တာလုစ် ဖတ်ပြသော ရှေးမွန်စာနှင့်အတူတူဖြစ်၏။ သည့်ကြောင့် ညေးဂူတို့သည် ဒွါရာဝတီခေတ်က ကြွင်းကျန်ရစ်သော ဒွါရာဝတီမွန်များဖြစ်သည်ဟု အခိုင်အမာ ကောက်ချက်ချနိုင်၏။

နိုင်ခင်မောင်လေး

ကျမ်းကိုး-

၁။ ဒေါက်တာနိုင်ပန်းလှ၊ သုတေသနစာပေ၊ မိုးကြည် စာပေ၊ ရန်ကုန်၊ ၁၉၉၈

၂။ Dr Nai Pan Hla, Remnant of a lost nation rediscovered in Thailand and theri Historcal perpective Ch - ulture delivered at the institute of Asian Cultural Studies, international Chrstian University, Tokyo on 1-2-1990.

၃။ Dr Nai Pan Hla, The Major Role of the Mons in Southeast Asia.

၄။ Dr Nai Pan Hla, Some New Discoveries concerning Mon Studies in Thailand.

www.burmeseclassic.com

www.burmeseclassic.com



သိင်္ဃိသန္နိုးအောင်

အရက်တစ်ခွက်ရဲ့
မောဟနယ်ခရီးမှအပြန်

၂၇၀
အမှတ် (၇၅) ၂၀၁၂ ခုနှစ် ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင်- သန်းလင်း"

ထိုအသံကြောင့် လျှောက်လှမ်းနေသော သန်းလင်း၏ခြေလှမ်းများ တို့ခနဲ ရပ်ဆိုင်းသွားတော့သည်။ နောက်ပြီး ရှေ့လည်း ဆက်မသွား၊ နောက်သို့လည်း ပြန်မလှည့်၊ ဘေးကိုလည်း ဖဲ့မလျှောက်၊ ရပ်မြဲနေရာမှာပင် ရပ်၍နေလိုက်၏။

"ဟေ့ကောင် သန်းလင်း- ဒီက ခေါ်နေတာကွ ငတုံးရ၊ မင်းက ဘယ်ကို ညောင်းမလို့လဲ။ ဒီကိုလာစမ်းပါဦး"

ထိုအခါမှ သူ့ကိုခေါ်နေသည်မှာ သေချာနေပြီဟု သိလိုက်သဖြင့် ခန္ဓာကိုယ်ကို မလှည့်သေးဘဲ ခေါင်းကိုသာ အသံလာရာဘက်သို့ လှည့်ကြည့်လိုက်ပါလေ၏။ သူ့ကိုလှမ်းခေါ်လိုက်သည်က တခြားဟုတ်ရိုးလား၊ အောင်ကျော်ငွေတို့အိမ်ထဲမှလှမ်းခေါ်လိုက်ခြင်း ဖြစ်၏။ အောင်ကျော်ငွေတို့အိမ်မှန်း သူမသိ၍မဟုတ်၊ သိသမှ သိပ်သိသပေါ့။ မသိလို့မဝင်ချင်လို့ မဟုတ်၊ တမင် မဝင်ချင်သဖြင့် လှည့်မကြည့်ဘဲ ရှောင်ထွက်လာခြင်းသာ ဖြစ်သည်။ ခုမှတော့ ရှောင်ထွက်သွား၍ မဖြစ်ပါလေတော့။ ထို့ကြောင့် သူခြေလှမ်းများအား အောင်ကျော်ငွေတို့အိမ်ဆီသို့ လှည့်ဝင်သွားရလေတော့၏။

အိမ်ထဲရောက်မှ သူတို့သုံးယောက်ဝိုင်းဖွဲ့သောက်နေကြသည်ကို တွေ့လိုက်ရသည်။ သူတို့ဆိုသည်က အောင်ကျော်ငွေရယ်၊ ဖိုးထူးရယ်၊ လှမြင့်သန်းတို့ပင် ဖြစ်သည်။ သူတို့ ဝိုင်းထိုင်နေကြသောစားပွဲပေါ်ဝယ် ထုံးစံအတိုင်း ပလောင်ထင်းနေကြခြင်းသာ ဖြစ်ပါလေ၏။

"ဟ- လာလကွာ၊ ဘာငိုင်ကြည့်နေတာလဲ။ ငါတို့ဝိုင်းက ထိုင်ကောင်းပါတယ် သန်းလင်းရ"

ပြောမနာဆိုမနာတွေ့မို့ သန်းလင်းက ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ရတော့၏။ သူတို့ကိုကြည့်ရသည်မှာ ရေချိန်မကိုက်ကြသေးသော်ငြား မျက်နှာများမှာ တင်းပြောင်နေစပြုနေချေပြီလေ။

"ဒီဟ့ကောင် ဖိုးထူး- သူ့ကိုငဲ့ပေးလိုက်လေ၊ ဘာငိုင်နေတာလဲ"

အောင်ကျော်ငွေက ပြောလိုက်သဖြင့် ဖိုးထူးက ဖန်ခွက်ထဲသို့ ပုလင်းမှ အရက်များကို လောင်းထည့်ပေးလိုက်၏။ ဇနာက်ပြီး သန်းလင်းဘက်သို့ ထိုးပေးလိုက်သည်။

"ဟာ- ငါမသောက်ချင်ပါဘူးကွာ၊ မင်းတို့ဘာသာပဲ သောက်ကြပါ"

ဟု သန်းလင်းက လက်ကာရင်း ပြောလိုက်သည်။

"ဘယ်လို ဘယ်လို- ငါတို့ပဲလုပ်ကြပါ၊ ဟုတ်လား။ ဟော့ကောင်တွေ၊ ငါနားကြားလွဲတာတော့မဟုတ်ပါဘူးနော်"

အောင်ကျော်ငွေက ပြောလိုက်သဖြင့် အားလုံးက ဝိုင်းရယ်လိုက်ကြသည်။

"ဘာလဲ၊ နည်းလို့လား။ ဟုတ်သားပဲ ဖိုးထူးရ၊ သူက နောက်ကလိုက်ရမှာလေ။ ဖန်ခွက်ထဲ အပြည့်ငဲ့ပေးမှပေါ့။ ဒီကောင့်အကြောင်းလည်း သိရဲ့သားနဲ့"

"မဟုတ်ပါဘူးကွာ၊ ငါတကယ် ပြောနေတာပါ။ ငါအရက်ဖြတ်ထားတာကွ။ ခုဆို လေးလလောက်တောင်ရှိသွားပြီ"

"ဘာရယ်- မင်းက အရက်ဖြတ်ထားတယ်၊ ဟုတ်စ။ ကြံကြံနဲ့ဖန်ဖန်ကွာ၊ တော်ကြာ တို့ဝိုင်းကို မိုးကြိုးပစ်ချပါဦးမယ်။ မင်းဟာ လုပ်မနေပါနဲ့၊ ချမှသာချစမ်းပါ"

"မဟုတ်ဘူး အောင်ကျော်ငွေရ၊ ငါတကယ်ပြောတာ။ မင်းတို့ပဲလုပ်ကြပါ"

ဟုတ်တော့လည်း ဟုတ်သည်၊ သန်းလင်းက ဟိုယောင်ယောင်ဒီယောင်ယောင်ဖြင့် အလုပ်မရှိ၊ သူမိန်းမ သန်းမြင့်က ကလေးတစ်ဖက်ဖြင့် မြေပဲနုတ်၊ ပေါင်းသင်လိုက်လုပ်နေရသည်မှာ လူလုံးမပေါ်တော့။ တောလုပ်တောကိုင်မရှိသည့်အခါ စေးတောင်းခေါင်းရွက် စေးရောင်းထွက်ရသည်။ သန်းလင်း အရက်သောက်ခြင်းကို ယောကျ်ားကြီးက မကြည်သဖြင့် သူသမီးနှင့် မြေးလေးထမင်းမတော်အောင် အိမ်ခေါ်ကျွေးထားသဖြင့် သန်းလင်းမှာ ထမင်းစားပွဲပျောက်နေတော့သည်လေ။ သန်းလင်းကလည်း ဟိုတစ်ခွိန်က နာမည်ကြီးစာရေးဆရာ ၏ဝတ္ထုထဲကလို ကြွေးကြော်လျက် အတော်မခံဟုဆိုကာ ဘုန်းကြီးကျောင်းသို့ သွား၍ ဝေယျာဝစ္စလုပ်ပေးရင်း သူဝမ်းကိုသူ ဖြည့်လေတော့၏။ နောက်ပိုင်း သူအရက်သောက်သောက်လာသဖြင့် ဘုန်းကြီးက မထားတော့။

ဒကာ မောင်သန်းလင်း၊ မင်း ဒီအတိုင်း အရက်ကို ခင်တွယ်နေလို့ဖြင့် မင်းမိသားစုကို မင်းဘယ်ဦးဆောင်လုပ်ကျွေးနိုင်ပါတော့မလဲ။ အရက်ကို နေ့စဉ်သောက်နေရင် လူကဲ့ရဲ့စရာဖြစ်နေတော့မပေါ့။ ဒကာ အရက်ကိုဖြတ်လိုက်ရင် ကောင်းမယ်ထင်တယ်"

အစတော့ ဘုန်းကြီးစကားကို သူက အရေးမစိုက်။ လူမိုက်အတွေးနှင့် ရှေ့ရေးကိုလည်း သူမမြင်။ နေဝင်ချိန်ရောက်ပြီဆိုလျှင်တော့ အရက်ဆိုင်ကို ခြေတစ်ဖက်လှမ်းနေပေပြီ။ ကြာတော့ ဘုန်းတော်ကြီးက ခပ်ပြတ်ပြတ်အမိန့်စကားဖြင့် သူ့အား နှင်ထုတ်လိုက်လေတော့၏။ အိမ်နှင့် ဇနီး၊ သားနှင့်လည်း ဝေး၊ ဘုန်းကြီးကလည်း မကျွေးချင်၊ ခင်မင်သော အပေါင်းအသင်းများထံ ကပ်သောက်ရပါများလာတော့ သန်းလင်းဆုံးဖြတ်ချက်ကို မဖြစ်မနေချလိုက်ရတော့၏။

"အရှင်ဘုရား၊ တပည့်တော်ကို အရက်ဖြတ်ပေးပါဘုရား"

ဟု ဘုန်းတော်ကြီးအား လျှောက်ထားရတော့သည်။

ထိုအခါ ဘုန်းတော်ကြီးက ဝမ်းမြောက်ဝမ်းသာဖြင့် သန်းလင်းအား ဘုရားထံ အရက်အလျှဉ်းခံ၍ အရက်ကို ဖြတ်ပေးလိုက်သည်။ ထိုအဖြစ်မှာ နည်းမကျသော်လည်း သူစိတ်ကို ထိန်းသိမ်းထားနိုင်စေရန် ရည်သန်၍ သန်းလင်းအရက်ပြတ်အောင် ဆောင်ရွက်ပေးလိုက်ခြင်းမျှသာ ဖြစ်သည်။ သူအရက်ပြတ်သွားသည့် အကြောင်းစုံအား သူ့အပေါင်းအသင်းများအား ပြောပြသောအခါ အားလုံးက ဝိုင်း၍ရယ်လိုက်ကြတော့သည်။

"ဖြစ်မှဖြစ်ရလေ သန်းလင်းရာ၊ အရက်သောက်တာကို ဘုရားမကြိုက်လို့ အများစရိုက်ဆိုပြီး ဆုံးမသြဝါဒပေးရှောင်ခိုင်းတာကွ။ ဒါကို မင်းက ဘုရားမှာ သွားလျှောက်တယ် ဆိုတော့ မင်း အဝီစီကို ဇောက်ထိုးမိုးမျှော်ကျမယ့်ကောင်ပဲ ဟားဟားဟား"

ကုလားစပ် လှမြင့်သန်းက ဘာသာတရားနှင့်ယှဉ်လျက် သန်းလင်းအား အပုပ်ချလိုက်ပြန်သည်။ ကုလားက ဗုဒ္ဓစကားလုံးများသုံး၍ သန်းလင်းကို သရော်လိုက်သဖြင့် ဖိုးထူးနှင့် အောင်ကျော်ငွေတို့က ပွဲကျသွားကြပြန်တော့သည်။ သန်းလင်းမှာ ဘာဆက်ပြောရမှန်းမသိအောင်ပင် ရှက်သွားသည်။ ပြောလို့သာ ပြောရသည်၊ အရက်ပုလင်းနှင့် အရက်ခွက်ကို မြင်ရတော့ သူပါးစပ်ထဲ၌ တံတွေးများတောင် သီးလာသည်လေ။

"မင်းဒီလိုလုပ်။ အဝီစီငရဲလည်း မကျအောင်၊ မင်းသောက်ချင်တဲ့အရက်ကိုလည်း သောက်လို့ရအောင် ဘုရားဆောင်ရွက်မှာသွားပြီး ဘုရားကိုတောင်းပန်လိုက်။ တပည့်တော် ဘုရားမကြိုက်တဲ့အရက်ကို ကပ်လျှမိတဲ့အတွက် ရွံ

www.burmeseclassic.com

www.burmeseclassic.com

လွတ်တော်မူပါဘုရား။ တပည့်တော်ကပ်လှူထားတဲ့အရက်ကို မလှူကောင်းတာမို့ ပြန်စွန့်သနားတော်မူပါ ဘုရားလို့ သွားပြီးတောင်းပန်ရင်း ကန်တော့လိုက်။ ဒါဆို မင်းလည်း ငရဲကိုမကျတော့ဘူး၊ ဘုရားကပြန်စွန့်လိုက်တာမို့ မင်းသောက်လို့ရသွားပြီ။ ကဲ- မဟုတ်ဘူးလား”

ကုလားစပ်လှမြင့်သန်းက ဘုရားဒကာလုပ်၍ အကြံပေးလိုက်သဖြင့် သန်းလင်းမှာ တွေဝေသွားသည်။ တွေးမိရင်းကြောက်စိတ်တွေဝင်လာတော့၏။ လှမြင့်သန်းပြောလိုက်သည့်စကားများအားသဘောကျသွားသလိုလိုလည်း စိတ်ကူးလိုက်မိသည်။ ‘ငရဲကိုလည်းမကျ၊ ငါလည်း အရက်သောက်လို့ရမည့် အကြံကောင်းပဲလေ’။

“အေး- ဟုတ်တယ်နော်။ ဘုရားကို အရက်လှူတဲ့ဆိုတာ ငရဲကြီးမှာပေါ့နော့။ ကုလားပေးတဲ့အကြံ မဆိုးဘူး။ လှမြင့်သန်းပြောသလို ဘုရားကို တောင်းပန်ပြီး အရက်ကို ပြန်စွန့်ခိုင်းမယ်”

သန်းလင်းက သုတ်ခနဲ ဘုရားဆောင်ရှိရာသို့သွားကာ ဒူးတုပ်ထိုင်ချလိုက်ရင်း ပါးစပ်မှလည်း တတွတ်တွတ်ဖြင့် ရွတ်ဆိုလျက် ခဏအကြာတွင် ဦးချကန်တော့လိုက်၏။ သူ့အဖြစ်ကိုကြည့်၍ အားလုံးက ပြုံးစိစိဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ဘုရားဆောင်ရှေ့မှ ပြန်ထလာသော သန်းလင်းက သူတို့စားပွဲဆီသို့ ဝင်ထိုင်လိုက်လေတော့၏။

“ကဲ- ငါတော့ ဘုရားထံက လှူထားတဲ့အရက်ကို မင်းတို့ပြောသလို ပြန်စွန့်လာခဲ့ပြီ။ ငဲ့လေကွာ ငါ့ဖို့ ဖန်ခွက်အပြည့်နော် ဟဲဟဲဟ”

အားလုံးတာ သန်းလင်းကို ကြည့်ကာ သဘောကျစွာ ရယ်မောလိုက်ကြ၏။ စင်စစ် အရက်ဝိုင်းကို မြင်ကတည်းက သန်းလင်းက အရက်သောက်ချင်နေသည်မှာ တစ်ပိုင်းကိုသေနေပေပြီ။ ဘုရားနှင့် ဘုန်းကြီးကိုကြောက်၍သာ ကြိတ်မှိတ် ဟန်ဆောင်နေရခြင်းပင်။ ပေးခဲ့သောကတိ လေးလကျော်မှ သန်းလင်း ပြန်လည်အရက်သောက်ဖြစ်သွားခဲ့ချေပြီတကား။

ညော့. . . သူတော်အချင်းချင်း ပေါင်းဖက်သရွေ့ လွန်ပျော်မွေ့ ဆိုဘိသို့ပင် လေးယောက်ပေါင်း၍ လောင်းကျော်သွားကြပေပြီလေ။

စာပိုဒ် (နှစ်)

သူတို့အဖွဲ့၏စားပွဲဝိုင်းလေးက စိုစိုပြည်ပြည်ဖြစ်လာသည်။ စိုပြည်သည့် ဆိုရခြင်းကလည်း အခြား မဟုတ်။ အရက်ငွေ့သူက ဖန်ခွက်တွင် အရက်ပြည့်သည်ကို ပြည့်မှန်းမသိ၊ လျှံကျလာသည် အထိ ငဲ့ပေးနေသဖြင့် ဖိတ်ကျကုန်တာတွေ့၊ သောက်သူကလည်း ဖန်ခွက်ကို မထိန်းနိုင်မသိမ်းနိုင်ဖြစ်၍ ဖိတ်စဉ်ကုန်တာတွေကြောင့် စိုစိုပြည်ပြည်ဖြစ်နေသည်ဟု ဆိုရခြင်းသာ ဖြစ်ပါလေ၏။ ပုလင်းခွံတွေကလည်း စားပွဲအောက်တွင်တချို့၊ စားပွဲပေါ်၌ တုံးလုံးလဲကျနေသည်ကတစ်ဖုံ၊ အလုံးစုံက စိုပြည်နေကြပေပြီလေ။

“ဟေ့- မင်းတို့ အဆင်မပြေကြပြီလား။ အေ့- လိုသေးရင် ထပ်ချကြဦးမလား။ အေ့- ပြောလေ”

ဖိုးထူးအသံက ကြို့ထိုးသံတွေဖြင့် ရောထွေးနေပြီ။ ဖိုးထူးမှာ တစ်ချိန်တုန်းက အနာကြီးရောဂါစွဲကပ်နေသူ ဖြစ်၏။ ယခုအခါ ရောဂါပျောက်ကင်းပြီဖြစ်သော်လည်း ယခုအခါ နှာခေါင်းသံက နှာသံနှောနေသဖြင့် စကားပြောရာ၌ မပီမသဖြစ်သည်ကလွဲ၍ အကောင်းပကတိဟု ဆိုရခဲမဲ့မည်။ အပေါင်းအသင်းတွေဆိုတော့လည်း ရွဲရွာခြင်းမရှိ၊ ဒူးတင်ပေါင်တင် ဝိုင်းဖွဲ့သောက်နေကြသည်သာ။

“တို့ တော်ကြရအောင်ကွာ၊ သိပ်များနေရင် မကောင်းပါဘူး။ ငါတော့ ဆက်မသောက်နိုင်တော့ဘူး၊ မင်းတို့ သောက်ချင်ရင် သောက်ကြ”

သန်းလင်းမှာ အရက်ဖြတ်ထားသည်မှာ လေးလကျော်လောက်ရှိနေပြီမို့ ခေါင်းထဲဝယ် တစ်မျိုးခံစားနေရသည်။ ထို့ကြောင့် နောက်ပိုင်းတွင် ဆက်မသောက်တော့ဘဲ မာကာအလုပ်ဖြင့် ခွက်ကျော်သောက်ခဲ့ခြင်းကြောင့် မလဲဘဲ ရပ်တည်နေနိုင်ခြင်းပင်။ သို့မဟုတ် လျှင် သန်းလင်းနှင့် စားပွဲတို့ ကစ်(စ်)ပေးနေလောက်သည်။ သူတို့ထဲတွင် လှမြင့်သန်းက ခံနိုင်ရည်အရှိဆုံး။ အောင်ကျော်ငွေကတော့ အိမ်ရှင်မို့ မူးလျှင် လဲအိပ်ရုံသာရှိသည်။ သူမိန်းမ မကျည်းတန်ကလည်း လမ်းဘေးအကြော်ဆိုင်လေးဖွင့်ရောင်းနေရ၍ ပြန်မလာသေး။ ကလေးငယ်ကလည်း ကျောင်းမဆင်းသေးသဖြင့် အိမ်တွင် လွတ်လပ်စွာ ဝိုင်းဖွဲ့သောက်နေကြခြင်းပင် ဖြစ်ပါလေ၏။

ဒီအခိုက်မှာပင် သန်းလင်းမှာ လှုပ်လှုပ်ရှားရှားဖြင့် မတ်တတ်ရပ်လိုက်ရင်း အော်ဟစ်လိုက်တော့သည်။

“အား. . အမယ်လေး- ကြောက်ပါပြီဗျ၊ ကြောက်ပါပြီ။ မရိုက်ပါနဲ့၊ ကြောက်လှပါပြီ”

သန်းလင်းက မူးကြောင်နူးကြောင်ဖြင့် အော်ဟစ်လိုက်သဖြင့် အားလုံးက သန်းလင်းကို ကြည့်လိုက်ကြပါလေ၏။ သန်းလင်းမှာ မျက်နှာက အပေါ် သို့မော့ကြည့်လျက် လက်နှစ်ဖက်က တစ်စုံတစ်ရာအား ကာကွယ် ဟန့်တားနေဘိသို့ လုပ်ရင်း အော်ဟစ်နေခြင်း ဖြစ်သည်။

“ဟေ့- သန်းလင်း၊ ဘာဖြစ်လို့ ဒီလောက်အော်နေရတာလဲ။ တို့အရက်မူးတာတွေတော့ ပြေကုန်တော့မှာပဲ”

ဖိုးထူးက စကားသံ မပီကလာ ပီကလာဖြင့် ပြောလိုက်၏။ အောင်ကျော်ငွေကတော့ ခေါင်းစိုက်နေပြီ။ လှမြင့်သန်းကတော့ ထပြန်ရန် ဟန်တပြင်ပြင်ဖြစ်နေသည်။ သန်းလင်းက သူတို့ပြောစကားကို မကြားတော့။

“ဟုတ်တဲ့ပါခင်ဗျ၊ ကျွန်တော် အရက်မသောက်တော့ပါဘူး။ ကြောက်ပါပြီဘုရာ့။ နောက် အရက်ကိုမသောက်တော့ပါဘူး၊ ကြောက်လှပါပြီဘုရား”

သန်းလင်းက ကာထားသောလက်များကို လက်အုပ်ချီလျက် မော့တောင်းပန်ရင်း သူ့ခန္ဓာကိုယ်ကလည်း တစ်ခုခုကို ရှောင်လိုက်ရှားလိုက်လုပ်နေသည်မှာ မြင်ရသူတို့အဖို့ စိတ်မနှံ့သူတစ်ဦးနှယ် ရယ်ဖွယ်အတိပင် ဖြစ်နေသည်လေ။ သို့သော်ငြားလည်း မည်သူမျှ မရယ်နိုင်ပါတော့။ သူတို့အား အရက်တန်ခိုးက စိုးပိုးနေချေပြီပဲလေ။ အောင်ကျော်ငွေက သန်းလင်းအဖြစ်ကိုကြည့်ရင်း မူးသံကြီးဖြင့်ခပြာရင်း ရယ်နေပြန်သည်။

“ဟကောင် သန်းလင်းရ၊ အေ့- မင်းကို ဘုရားက ဒဏ်ခတ်နေပြီလား ဟားဟားဟား အေ့”

“ဟုတ်တယ်ကွ။ ဒီကောင့်ကို ဘုရားက ငရဲသားကြီးတွေလွှတ်ပြီးရိုက်နှက်နေတာထင်တယ်။ ဒီကောင်က ဘုရားလှူပြီးမှ အရက်ကိုပြန်သောက်လို့ထင်ပါရဲ့ကွာ”

“ဟုတ်တယ်၊ ဟုတ်တယ်။ ငရဲသားရော ငါ့ဘုန်းကြီးပါ ငါ့ကိုလိုက်ရိုက်နေကြတာ မင်းတို့ မမြင်ကြဘူးလား။ အား. . ကြောက်လှပါပြီဘုရာ့။ တပည့်တော် နောက်ကိုအရက်မသောက်တော့ပါဘူးဘုရာ”

သန်းလင်းမှာ တကယ့်ကို အရှိုက်အနှက်ခံနေရသလို ခံစားချက်အပြည့်ဖြင့် အော်ဟစ် တောင်းပန်နေခြင်းပင်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။

"ဟေ့- သန်းလင်း၊ တို့ကိုတော့ အရှုးမလုပ်နဲ့နော် ဒါပဲ"

သန်းလင်းကလည်း သူတို့ပြောသည့်စကားအား ကြားပုံမပေါ်။ လက်အုပ်ချီရင်း တောင်းပန်နေတော့သည်။ မကြာပါခဲ့၊ သန်းလင်းမှာ အော်ဟစ်တောင်းပန်နေရာမှ အောင်ကျော်ငွေတို့ ရှေ့မှ ထွက်ပြေးလေတော့တ်။ အချိန်က လေးနာရီထိုးလောက်ပင် ဖြစ်သည်။ သန်းလင်း အိမ်ထဲမှထွက်ပြေးသွားသည်နှင့် မိုးခြိမ်းသံပမာ ကြိမ်မောင်းလိုက်သည့် အသံတစ်ခုက ထွက်ပေါ်လာတော့သည်။

"ခြော်- တော်တို့က အိမ်ထဲမှာ လဲပြီး သောက်နေကြတာ့ကိုး။ ထွက်ကြ၊ ထွက်ကြ။ အကုန်လုံးထွက်ကြ။ အောင်ကျော်ငွေ၊ နင်လည်း အိမ်မှာမနေနဲ့။ တော့်လူတွေနဲ့လိုက်သွား၊ လိုက်သွား"

ထွက်ပေါ်လာသည့် အော်ဟစ်ကြိမ်းမောင်းလိုက်သူက အောင်ကျော်ငွေ၏ မိန်းမ မကျည်းတန်ရယ်လေ။ အကြော်တောင်းကြီး ခေါင်းပေါ် ရွက်၊ လက်တစ်ဖက်က သမီးငယ်ကို ဆွဲကိုင်လျက် အကြော်ဖိုဆိုင်မှ ပြန်ရောက်လာခြင်း ဖြစ်သည်။ မကျည်းတန် ဟောက်လိုက်သည့်အသံကြောင့် ဖိုးထူးနှင့်လှမြင့်သန်းတို့နှစ်ယောက်သား ခပ်ကုပ်ကုပ်ဖြင့် ထွက်သွားကြသည်။ အောင်ကျော်ငွေကမူ ပက်လက်ကုလားထိုင်ပေါ်တွင် ခေါင်းငိုက်စိုက်ကျရင်း သွားရည်တွေစီးကျကာ အိပ်ပျော်၍ပင်နေချေပြီ။

"သူက အိမ်မှာဒိုင်ခံပြီး သောက်စားနေကြတာ။ ဒီကတော့ တစ်နေကုန် အကြော်ဖိုမှာ ညှော်နဲ့ခံ၊ မျက်နှာအပူဟပ်ခံပြီး ကြော်ရောင်းနေရတာ။ သူက တော့ အပေါင်းအသင်းတွေနဲ့ အိမ်မှာ ဖြစ်ချင်တိုင်းဖြစ်နေလိုက်ကြတာ ဟီးဟီးဟီးဟီး. . .

မကျည်းတန်က ခေါင်းပေါ်မှ တောင်းကို ချ၊ ဆောင့်ကြောင့်ထိုင်ချလိုက်ရင်း တဟီးဟီးနှင့် ငိုချလိုက်လေတော့သည်။

စာပိုဒ် (သုံး)

ကြောက်အားကြီးသောသန်းလင်းမှာ နောက်မှ ရန်သူလိုက်လာသည့်အလား အောင်ကျော်ငွေတို့အိမ်ထဲမှာ တစ်ရှိန်ထိုး ထွက်ပြေးသွားတော့သည်။ သူပြေးလာသည်က အိမ်ကိုလည်းမရောက်၊ ဘယ်ဆီဘယ်ဝယ် ရောက်လာသည်ကိုပင် မသိတော့။ သတိရ၍ ပတ်ဝန်းကျင်အား ကြည့်လိုက်တော့ အမှောင်ထုက လွှမ်းမိုးနေချေပြီ။ နောက်ပြန်လှည့်ကြည့်လိုက်တော့လည်း အမှောင်ထုအား ဇာပဝါပါးပါးကဖုံးအုပ်ထားသည့်နှယ် ဘယ်ဆီဘယ်ဝယ် မှန်းဆလို့ပင် မရပါလေတော့။

ရှေ့နားဆက်လျှောက်လိုက်တော့ လှည်းလမ်းကြောင်းတစ်ခုအား တွေ့လိုက်ရသဖြင့် ထိုလှည်းလမ်းအတိုင်း ရွာကိုပြန်ရောက်လိုရောက်ငြား တစ်ဦးတည်း ဆက်လျှောက်လာခဲ့ပြန်သည်။ ပုစဉ်းရင်ကွဲကောင်တို့၏ အော်မြည်နေသည့်အသံက ညဉ့်အလွှာပဝါပါးနောက် ကွယ်မှ ဂီတသံစဉ် ကျူးရင့်နေဘိသို့ပင်။ ထိုအခိုက်ထိတိုင် သူအား ရိုက်နှက်နေသည့် ဆရာတော်ဘုန်းတော်ကြီးနှင့်လူဝကြီးတစ်ယောက်၏အသွင်ကိုမြင်ယောင်နေဆဲ။ ထိုအကြောက်တရားကြောင့်ပင် လက်ရှိညအမှောင်တွင်း၌ လမ်းလျှောက်နေရသည့်အဖြစ်သို့ ရောက်ရှိလာရခြင်းဟု မှတ်ချက်ချလိုက်တော့သည်။

သန်းလင်းမှာ ဆက်လျှောက်လာရင်းမှ ရှေ့နားအရောက်၌ လမ်းဆုံးလမ်းခွတစ်ခုကို ဖြတ့်လိုက်ရပြန်သည်။ သူရွာပတ်ဝန်းကျင်အနှံ့ကို ရောက်ဖူးပါသည်။ သို့သော်လည်း ညအမှောင်တွင်း၌ သူရောက်ခဲ့သည့်နေရာကိုမူ မှန်းဆ၍မရအောင် ဖြစ်နေရတော့သည်။ ဘယ်လမ်းလိုက်ရမည်ကို မစဉ်းစားမဆုံးဖြတ်တတ်အောင်ဖြစ်နေသဖြင့် ထိုလမ်းဆုံးလမ်းခွရှိသစ်ပင်တစ်ပင်အောက်သို့ ထိုင်ချလိုက်ရင်း အဖြေရှာနေလိုက်သည်။

ထိုအခိုက်လေးမှာပင် လမ်းတစ်ဖက်ဆီမှ နွားခလောက်သံကို ကြားလိုက်ရသဖြင့် ကြားလိုက်ရသဖြင့် ထိုင်နေရာမှ ထကြည့်လိုက်ပါလေသည်။ ဟုတ်ပါသည်။ လမ်းဆုံ၏တစ်ဖက်မှ လှည်းတစ်စီး မောင်းလာသည်ကို ခပ်ရေးရေးလှမ်းမြင်လိုက်ရပါသည်။ သူစိတ်ထဲကတော့ ဒီလှည်း ညအချိန်မတော်ကြီးကျမှ ဘယ်ကလာ၍ဘယ်သွားမှာပါလိမ့်ဟု သံသယပင်ဝင်လာမိသည်။

သူ့အတွေးမဆုံးမီ လှည်းက သူ့ရှေ့သို့ရောက်လာတော့တ်။ အနီးရောက်လာမှ သေသေချာချာ ကြည့်လိုက်တော့ လှည်းမောင်းလာသူက ယောကျ်ားသားမဟုတ်ဘဲ မိန်းမသားတစ်ဦးဖြစ်နေသည်ကို ထူးခြားအံ့သြဖွယ် တွေ့လိုက်ရပြန်သည်။ သံသယစိတ်က သူ့အား ခြောက်လှန့်လိုက်သလိုဖြစ်သွားရာမှ ကြက်သီးမွေးညှင်းများပင်ထလာတော့သည်။ စဉ်းစားကြည့်ပါဦးတော့။ ညကြီးအချိန်မတော် မိန်းမသားတစ်ဦးတည်း လှည်းတစ်စီးမောင်းလာသည်ပဲ မဟုတ်လား။

"ဒီမှာဗျာ၊ ခင်ဗျားဘယ်ကိုသွားမှာလဲဟင်။ ကျွန်တော် လမ်းပျောက်နေလို့ပါ။ တစ်ဆိတ် ရေသျှားရွာရောက်ရင် လိုက်ခဲ့ပါရစေ"

မည်သို့ပင် တွေးလိုက်မိစေကာမူ အဖော်တော့တွေ့ပြီဟု အားတက်သရော မေးကြည့်လိုက်ပါလေ၏။ သို့သော်ငြားလည်း လှည်းပေါ်မှ အမျိုးသမီးမှာ သူ့အား တွေ့လိုက်ရသဖြင့် အံ့သြခြင်းလည်းမရှိ စကားပြန်ပြောခြင်းလည်းမရှိ။ ပကတိ နှုတ်ဆိတ်စွာဖြင့် လှည်းကိုသာ ဆက်မောင်းသွားတော့သည်။ ဒီတော့မှ သန်းလင်းစိတ်ထဲမှ-

ရော- တော်ပေါ်ဟ။ လူသာဆိုလျှင်တော့ စကားပြန်ပြောဖော်တော့ရဦးမယ်။ ခုတော့ လူတစ်ယောက်လုံးတွေ့ရုံမက စကားမေးသည်ကိုပင် ပြန်ပြောခြင်းမရှိလေသောကြောင့် နောက်ကျောထဲ စိမ့်အေးသွားလိုက်ဘိခြင်းရယ်လေ။ အဖြစ်အား ပြန်တွေးကြည့်ရင်း ရင်တုန်၍ နှလုံးခုန်တွေမြန်လာတော့သည်။

သန်းလင်းအဖြစ်က ထိုင်ရမလို ထရမလိုနှင့် တစ်ယောက်တည်း မတွေးရဲအောင်ပင်။ ထိုခဏ၌ လှည်းမောင်းလာသောလမ်းဘက်မှ လှုပ်ရှားသံလိုလို ကြားလိုက်ရပြန်သဖြင့် လှည့်ကြည့်လိုက်ပြန်သည်။ ရုတ်တရက်ဆိုတော့ ဘာကိုမှမမြင်ရ။နောက်တော့မှ ခွေးတစ်ကောင် ပြေးလာသည်ကို တွေ့မြင်လိုက်ပြန်၏။ ခွေးက သူ့ကိုမြင်တော့ ရပ်ကြည့်ရင်း အူလိုက်တော့သည်။ ရော- ခက်ချေပေါ့။ ဒီတစ်ညမှာတော့ သူ့အတွက် ထူးထူးခြားခြားနှင့် တုန်လှုပ်ချောက်ချားစရာတွေနှင့်သာ ကြုံနေရပါပေါ့လား။ စဉ်းစားကြည့်လေ။ ခွေးဆိုသည်က လူတွေ့လျှင် ဟောင်တတ်ကြသည်မှာ မဆန်း။ ခွေးအူသည်ဆိုခြင်းကတော့ မကောင်းဆိုးဝါး နာနာဘာဝတွေကို မြင်ရမှသာလျှင် ခွေးတွေက အူတတ်ကြသည်ဟု သူကြားဖူးခဲ့ပါသည်။ သို့ဆိုပါလျှင် သူမှာ မကောင်းဆိုးဝါးအဖြစ် ဘဝတစ်ပါး သို့ ပြောင်းသွားချေပြီလား။

ဒါကတော့ မဖြစ်နိုင်။ သူအရက်ပြန်သောက်သဖြင့် ဆရာတော်ဘုန်းကြီးက လိုက်ရိုက်သောကြောင့် ထွက်ပြေးလာခဲ့သည်မှတစ်ပါး သူမသေသေးသည်ကတော့ သေချာသည်လေ။ သို့ဆိုပါလျှင်. . . ။

www.burmeseclassic.com

ထိုအတွေးက သူ၏ကြောက်စိတ်အား လှုံ့ဆော်ပေးလိုက်ဘိသို့ ဖြစ်သွားသဖြင့် တစ်ကိုယ်လုံး ကြက်သီးတွေထလာကာ တုန်လှုပ်ချောက်ချားသွားတော့သည်။ ငါမဟုတ်လျှင် နင်ပဲဟု ပြောမည်ဆိုလျှင် သူ့အပြင်အနီးအနားဌာ မကောင်းဆိုးဝါးတွေ ရှိနေလေသလား။ နာနာဘာဝ ဆိုသည်က အမှောင်ကို အားပြုတတ်သတဲ့။ သန်းလင်းက ဘေးဘီအနီးအနားဆီသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြန်၏။ တစ္ဆေသရဲနှင့်တူသည့် ရုပ်ဆိုးအကျည်းတန် အသွင်သဏ္ဌာန်ကား စိုးစဉ်းမျှ မတွေ့ပါလေခဲ့။ ဒီတော့မှ သူ၏ကြောက်လန့်စိတ်များအား ဖယ်ရှားလျက် အားမာန်အသစ်မွေးလိုက်သည်။

"ဟဲ့ခွေး၊ ငါ့ကို လာအုပ်နေနဲ့။ သွားစမ်း၊ သွားစမ်း"

သန်းလင်းက အော်ငေါက်လိုက်သဖြင့် ခွေးက နောက်သို့ရွဲသွားသည်။ လူက ငေါက်လိုက်သည်ကို နားလည်သွားဟန်ဖြင့် ဆက်လက် မအုတ်တော့ဘဲ တစ်ဖက်ရှိ လှည်းလမ်းအတိုင်း ထွက်သွားလေတော့သည်။ထိုအခါ သန်းလင်း ခေါင်းထဲ အသိတစ်ခုဝင်လာပြန်၏။

'ခွေး ဆိုတာ ကိုယ်နေတဲ့နေရာကို ဘယ်တော့မှ မမေ့တတ်ဘူး။ ဘယ်နေရာရောက်ရောက် ပြန်လာတတ်သတဲ့'

ထိုအသိကြောင့် သန်းလင်းက 'လမ်းမသိ ခွေးနောက်လိုက်' ဆိုဘိသို့ ခွေးနောက်မှ ကောက်ကောက်ပါအောင် လိုက်သွားလေတော့၏။

စာပိုဒ် (လေး)

ခွေးကလည်း သူ့အား ရန်ပြုမည့်အထင်ဖြင့် နောက်သို့ လှည့်ကြည့်လှည့်ကြည့်နှင့် ရှေ့ခပ်လှမ်းလှမ်းမှဆက်သွားနေသည်။ သန်းလင်းကလည်း နောက်မှ ဆက်လိုက်၏။ သန်းလင်းနှင့် ခွေး အပေးအယူမှန်သွားကြသည်ဟု ဆိုရလေမည်လား မသိ။ ခွေးသွားရာသို့ နောက်မှလိုက်ရင်း တစ်မိုင်ခွဲလောက် ခရီးရောက်ခဲ့သည်တွင် သန်းလင်းနားတွင်းသို့ နွားခလောက်သံလိုလို ကြားလိုက်ရပြန်သဖြင့် အားတက်သွားတော့၏။ နွားခလောက်သံက လူရှိသည့်အရပ်ကို လမ်းပြနေခြင်းသာ ဖြစ်သည်ဟု သန်းလင်းက အတွေးပေါက်ရင်း ခွေးနောက်မှ မျက်ခြည်အပြတ်မခံဘဲ ခပ်သုတ်သုတ်ပင် လိုက်သွားတော့သည်။

တစ်နေရာအရောက်ဝယ် ခွေးက ရှေ့တူရွှသို့ လှမ်းကြည့်ရင်း မထင်မှတ်ဘဲ အူလိုက်လေတော့သည်။ သန်းလင်းက ခွေးအူနေသည့်ရှေ့တူရွှကို ကြည့်လိုက်ရာ အားပါးပါး- ရွာတစ်ရွာပါပဲလား။ ဟန်ကျလိုက်လေဟု တွေးကာ ကြောက်စိတ်တွေ၊ စိုးရိမ်စိတ်တွေ လျော့ပါးသွားပါလေတော့၏။ သို့ပေမင့် ခွေးက ရွာဆီသို့မျှော်ကြည့်ရင်း ဆွဲဆွဲငင်ငင် အူနေပြန်သဖြင့် သန်းလင်းက အနီးမှ ခဲတစ်လုံးဖြင့် ကောက်ယူ၍ ခွေးအား ပစ်ပေါက်လိုက်သည်။ စဉ်းစားကြည့်တော့ သန်းလင်းက ဘုရားတည်ပြီးသဖြင့် ငြမ်းကိုဖျက်ဆီးလိုက်သလိုပင်။ ခဲနှင့်အမေါက်ခံလိုက်ရသဖြင့် ခွေးက အဝေးသို့ ထွက်ပြေးသွားတော့သည်။ ကိစ္စမရှိတော့၊ ရှေ့မှာ ရွာကို တွေ့နေရပေပြီပဲ။ ရွာထဲမှ မီးအလင်းရောင်လဲ့လဲ့ကို မြင်နေပြီ။

ထိုအခါမှ သန်းလင်းက ရှေ့သို့ ဆက်လျှောက်သွားကြည့်လိုက်သည်တွင် အမှောင်ထုအတွင်း၌ အိပ်မောကျနေသော ရွာလေးတစ်ရွာအား တွေ့လိုက်ရလေတော့သည်။ ခဏအကြာမှာပင် မိန်းမပျိုတစ်စု၏ အော်တစ်နေသံကို လည်း ကြားလိုက်ရပြန်သည်။ မဟုတ်မလွဲရော ရွာထဲဝယ် ပျော်ပွဲရွှင်ပွဲတွေ ရှိနေလိမ့်မည်ဟု ထင်လိုက်သည်။ စင်စစ်သူတို့ရွာ မဟုတ်သည်ကတော့ သေချာနေသည်။ ရွာထိပ်တွင် ဘုရားပျက်တစ်ဆူနှင့် ဇရပ်တစ်ခုကိုလည်း တွေ့လိုက်ရသဖြင့် ဇရပ်နားသို့ ကပ်သွားလိုက်၏။

သန်းလင်းက ကောင်းကင်သို့မော့ကြည့်လိုက်သည်။ ကောင်းကင်၌ ခုနစ်စင်ကြယ်ပြောင် အမြီးထောင်နေပေါ့။ ဒါဆို လူကြီးခေါင်းချခိုန်လွန်လို့ သန်းခေါင်တော်ချဉ်းနေချေပြီလေ။ ဒီအချိန်မျိုးကျမှ ရွာထဲဝင်သွားလို့ မဖြစ်။ ရွာကင်းရှိနေလျှင် သူ့အား သူခိုးထင်၍ အန္တရာယ်လုပ်နေဦးမည်လေ။ သန်းလင်းက လှုပ်။ သူ့အနား လူတွေရှိနေသော ရွာတစ်ရွာကို တွေ့နေပြီပဲ။ ဘာမှကြောက်ရွံ့စရာ၊ စိုးရိမ်စရာမလိုတော့။ ဒီတော့ အန္တရာယ်မရှိမှန်း သူစဉ်းစားမိလိုက်သည်။ အခိုန်ကလည်း သန်းခေါင်ကျော်ပြီမို့ အိပ်ချင်စိတ်တွေရောက်လာတော့သည်။ သန်းလင်းက ဇရပ်ပေါ်မှာပင် လှဲ၍ချလိုက်လေတော့သည်။ ပင်ပန်းမှုက သူ့အား အိပ်စက်ခြင်းဆီသို့ ခေါ်ဆောင်သွားလေတော့သည်။

စာပိုဒ် (ငါး)

"ကိုသန်းလင်း. . . ကိုသန်းလင်း၊ ထတော့လေ။ ဘာဖြစ်လို့ ဒီနေရာကို လာအိပ်နေရတာလဲ။ တော်မို့လို့ မကြောက်မလန့်နဲ့ ဒီနေရာမျိုး လာအိပ်နေတာ။ ကဲ- ထပါတော့"

သန်းလင်းက သူပခုံးကို ပုတ်နှိုးလိုက်သဖြင့် အိပ်နေရာမှ လန့်နိုးသွားတော့သည်။ နိုးလျင်နိုးချင်း အိပ်နေရာမှထ၍ မျက်လုံးများကို ပွတ်သပ်ကြည့်လိုက်သည်။

"ဟင်- သန်းမြင့်၊ ဩော်. . . သူတို့ကော ပါသကိုး"

သန်းလင်းက သူ့အားပုတ်နှိုးလိုက်သည့် ဇနီးဖြစ်သူ သန်းမြင့်အပြင် သူမနောက်မှရပ်နေသော သူ့ဘော်ဒါများဖြစ်သည့် ဖိုးထူး၊ အောင်ကျော်ငွေနှင့် လှမြင့်သန်းတို့ကိုပါ တွေ့လိုက်ရသဖြင့် အံ့သြသည့်မျက်နှာဖြင့် ပြောလိုက်လေ၏။

"နေစမ်းပါဦး၊ ငါ ဒီရွာက ဇရပ်ပေါ်မှာရောက်နေတယ်ဆိုတာကို မင်းတို့က ဘယ်လိုနဲ့သိလို့ လိုက်လာကြတာလဲ"

"ဘာ - ဘယ်သူကပြောသလဲ၊ ဟုတ်လား။ အေး- ဘယ်သူကမှ ပြောလို့မဟုတ်ဘူးဟေ့။ မင်း အိမ်မရောက်လို့ မင်းမိန်းမ မသန်းမြင့်က မင်းအိမ်ပြန်မရောက်ဘဲ ဘယ်ထွက်ပြေးသွားမှန်း မသိလို့ လိုက်ရှာပေးပါဦးဆိုလို့ ဒီကောင်တွေကို လိုက်ခေါ်ပြီး လိုက်ရှာခဲ့ကြတာ။ တွေ့မယ့်တွေ့တော့လည်း မိုးလင်းမှ မင်းကို ဒီနေရာမှာ လာတွေ့ရတော့တာပဲ။ တို့ဖြင့် တစ်ရေးမှတောင် မအိပ်ရသေးဘူး"

ဖိုးထူးက နှာသံနှော၍ ညည်းညည်းညူညူဖြင့် ပြန်ပြောလိုက်သည်။ နောက်မှလိုက်လာကြသည့် သူ့ဘော်ဒါလှမြင့်သန်းနှင့် အောင်ကျော်ငွေတို့ကလည်း မှန်သိုးသိုးဖြင့် အမူးတွေပြေကုန်ကြဟန်တူသည်။ သူတို့မျက်နှာထွေကပြူးတူးပြဲတဲဖြင့် တစ်စုံတစ်ခုကိုလည်း ကြောက်လန့်ထိတ်လန့်နေပုံပေါ်နေသည်။

"အေး- ငါလည်း လန့်ပြေးရာက ဘယ်ရောက်မှန်းမသိတော့ဘူးကွ။ ညကြီးကလည်းမှောင်နေတော့ ဘယ်လမ်းလိုက်ရမှန်းမသိတုန်း ခွေးတစ်ကောင်တွေ့တာနဲ့ သူနောက်ကလိုက်လာရင်း ဒီရွာနားကိုရောက်လာခဲ့တာ။ ညကြီးဆိုတော့ ရွာထဲမဝင်ရဲလို့ ဒီဇရပ်ပေါ်မှာပဲ အိပ်ပျော်သွားတာပါဝံကွာ။ မနေ့ညက ဒီရွာထဲမှာ ကောင်မလေးတွေ သီချင်းဆိုသံကြားလို့ သွားကြည့်ချင်တာတောင် သွားမကြည့်ခဲ့ရပါဘူးကွာ။ မင်းတို့ လာနှိုးမှ နိုးလာခဲ့တော့တာပဲလေ"

သန်းလင်းစကားကြောင့် အားလုံး

www.burmeseclassic.com

www.burmeseclassic.com

က အံ့အားသင့်ကုန်ကြတော့သည်။ သူတို့မျက်လုံးတွေက ဇရပ်ပျက်အနီးအနား ဆီသို့ ဟိုဟိုဒီဒီ လျှောက်ကြည့်လိုက်ကြပြန်သည်။

"ဖြစ်မှဖြစ်ရလေ ကိုသန်းလင်းရယ်၊ ရှင်ရောက်နေတဲ့နေရာကိုလည်း ထကြည့်ပါဦး။ ဒီနားကရွာဆိုတာလည်း ဘယ်မှာလဲ။ ကျွပ်တို့တော့ ရွာနဲ့တူတာတဲတစ်လုံးတောင် မတွေ့ရဘူး။ ကျွပ်တို့ဖြင့် ဘယ်ရွာမှ ရှာမတွေ့ကြလို့ ဒီနေရာကို ကြောက်ကြောက်နဲ့လာခဲ့ကြရတာ။ ရှင်အိပ်နေတဲ့ဇရပ် ဆိုတာလည်း ကြည့်ပါဦးလေ။ လူသူမရှိတဲ့ ဇရပ်ပျက်ကြီး။ နောက်ပြီး ဒီနေရာက နာမည်ကြီးတဲ့ တစ္ဆေကုန်းရှင့်၊ တစ္ဆေကုန်း။ ရှင်မို့လို့ မူးကြောင်ရူးကြောင်နဲ့ မကြောက်မလန့် လာအိပ်နေတာ။ သေသေချာချာလည်း ပြန်ကြည့်ပါဦးတော့"

ထိုအခါမှ သန်းလင်းက မနေ့ညက သူတွေ့ခဲ့သောရွာဘက်သို့ လှည့်ကြည့်လိုက်ပါလေ၏။ သူဇနီး သန်းမြင့်ပြောသလိုပင် ရွာက ပျောက်သွားပါပြီကော။ ရွာက ညတွင်းချင်း ရွှေ့ပြောင်းသွားသည်ကတော့ မဖြစ်နိုင်။ ရွာနှင့်တူလို့ တဲအိုတဲပျက်တစ်လုံးကိုမျှ မတွေ့ရပါလေတော့။ သူအိပ်နေသည့်ဇရပ်ကို ပြန်ကြည့်လိုက်တော့လည်း သစ်ခိုင်းဇရပ်ပျက်တစ်ခုပမာ ဇရပ်အိုတစ်ခုရယ်သာ ဖြစ်နေတော့သည်။ လားလား- စင်စစ်သူ ညကရောက်ခဲ့သည်က သူတို့ရွာနှင့် နှစ်မိုင်သာသာလောက်ဝေးသည့် နာမည်ကြီး တစ္ဆေကုန်းပါပဲလား။ ဤတစ္ဆေကုန်းမှာ နာမည်နှင့်လိုက်ဖက်သည့် ကုန်းမြင့်တစ်နေရာမှာပင် ဖြစ်သည်။ အနီးအနားရွာများမှာ ညနေစောင်းဆိုလျှင် ဤတစ္ဆေကုန်းဘက်သို့ ခြေဦးမလှည့်ကြ။ ခပ်ဝေးဝေးက ရှောင်သွားတတ်ကြသည်ပဲလေ။

တစ္ဆေကုန်း ဆိုသည်ကို သိလိုက်ရသည်နှင့် သန်းလင်းမှာ တစ်ကိုယ်လုံး တောင့်တင်းသွားကာ ဆံပင်များပင် ထိုးထိုးထောင်ထောင်ဖြစ်သွားရတော့သည်။ ညကအဖြစ်ကိုတွေးရင်း ကြောက်မိလိုက်သည့်ဖြစ်ခြင်း၊ မပြောပါနှင့်တော့။

"ဟ- ကြည့်စမ်းပါဦး။ မနေ့ညက ငါ့မျက်စိနဲ့ တပ်တပ်အပ်အပ် တွေ့လိုက်ရတဲ့ရွာက ဘယ်ပျောက်သွားတာလဲမသိတော့ဘူး။ ညက ကောင်မလေးတွေသီချင်းသံတောင် ကြားခဲ့ရသေးတာပဲလေ။ နွားခလောက်သံနဲ့ မီးရောင်ပျပျကို တောင် မြင်ခဲ့သေးတာ။ ဩော်- ဟုတ်ပြီ၊ ဟုတ်ပြီ။ ခုမှ ငါစဉ်းစားမိတယ်။ ငါ့ရှေ့ကသွားတဲ့ခွေးက ဒီနားအရောက်မှာ တစ္ဆေကုန်းဘက်ကိုလှည့်ပြီး အူနေတာကိုး။ အမလေး- ပြောရင်းနဲ့တောင် ကြက်သီးမွေးညင်းတွေထလာပြီ-ဟီးဟီး"

"အေး- ဟီးဟီးလုပ်မနေနဲ့၊ မင်းကံကောင်းလို့သာမှတ်။ ဒီတစ္ဆေကုန်းက မကောင်းဆိုးဝါးတွေက မင့်စိတ်ကို လွှဲမှားသွားအောင် ရွာတစ်ရွာလို ဖန်ဆင်းခဲ့တာကွ။ နောက်ပြီး ရွာထဲက မိန်းကလေးတွေရဲ့သီချင်းသံဆိုတာလည်း မင်းကို သူတို့ပိုင်နက်ထဲဝင်လာအောင် ဆွဲဆောင်နေတာ။ မင်းသတိတရားဝင်လာလို့ တော်သေးတာပေါ့ကွာ"

"ကဲ - တော်ပါတော့ရှင်။ ကျွပ်ယောကျ်ားကိုလည်း ပြန်တွေ့ပါပြီ၊ ဒီနားမှာ ကြာကြာနေပြီး စကားပြောမနေကြပါနဲ့တော့။ ကျွပ်တောင် ပြောရင်းနဲ့ ကျောချမ်းလာပြီ။ လာလာ- သွားကြပါစို့ရဲ့"

ပြောလို့သာပြောနေကြသည်။ သူတို့ကိုယ်တိုင်ကလည်း နေရောင်ထွက်လာမှ ဒီနေရာက တစ္ဆေကုန်းဆိုတာကို သိလိုက်ကြခြင်းပင် ဖြစ်သည်။ စောစောပိုင်းကသာ သိခဲ့ပါလျှင် ရောက်လာဖို့ရာဝေလာဝေး၊ သန်းလင်းကိုတွေ့ဖို့ဆိုသည်ကလည်း ရင်လေးစရာ။ ခုတော့ သန်းလင်းကို ရှာတွေ့ကြပြီမို့ ကြာကြာနေရန် မသင့်တော့ကြောင်း သဘောပေါက်လိုက်သည်။ ထို့ကြောင့် တစ္ဆေကုန်းမှသုတ်ခြေတင် ပြန်လာခဲ့ကြတော့သည်။ လမ်းရောက်မှ လှုမြင့်သန်းက သူ့ထင်မြင်ချက်ကို ပြောပြလိုက်၏။

"ခုလိုဖြစ်ခဲ့တာက တို့အမှားပဲကွ။ ရှင်းရှင်းပြောရရင် သန်းလင်းကို ဆရာတော်ဘုန်းကြီး အရက်ဖြတ်ပေးထားလို့ လပိုင်းအတော်လေးကြာမှအရက်သောက်ခိုင်းလိုက်မိတာက စ,ခဲ့တာပဲ။ စဉ်းစားကြည့်ပါလား၊ သူအရက်မဝင်ခင်က လူကောင်းတစ်ယောက်ပဲ ဥစ္စာ။ လအတော်ကြာ အရက်ဖြတ်ထားတဲ့လူ အရက်ပြန်သောက်ရင် ခုလို ကယောင်ကတမ်းဖြစ်တတ်ကြတာ။ ခုလည်း သန်းလင်းက အရက်ကိုဖြတ်ထားပြီးမှ ပြန်သောက်လိုက်တော့ တရားတော်ထဲကအတိုင်း မောဟတွေဖြစ်ကုန်ပြီး သူ့ကိုယ်သူ သတိမရတော့ဘဲ ဘုန်းတော်ကြီးကို ကြောက်တဲ့စိတ်ကြောင့် သူ့စိတ်ထဲမှာ မလုံမလဲဖြစ်ပြီး ဘုန်းတော်ကြီးကလိုက်ရိုက်တယ်ဆိုတဲ့အထင်နဲ့ ကြောက်လန့်ထွက်ပြေးခဲ့တာကလား။ အဲဒီကနေ သူတောထဲရောက်သွားရာက ညကြီးမင်းကြီးမှာ တစ္ဆေကုန်းကို ရောက်သွားတာပေါ့"

ကုလားလှမြင့်သန်းက တရားတော်နှင့်ချီကာ ရှင်းပြလိုက်တော့မှ အားလုံး သဘောပေါက်သွားကြတော့၏။

"ဘာမှမဟုတ်ဘူး။ ဒီကောင် ရှော့ဖြစ်ပြီး မောဟစိတ်တွေကြောင့်ကြောက်လန့်ရင်း ထွက်ပြေးသွားလို့ လိုက်ရှာလိုက်ရတာ။ တို့ကို တော်တော်ဒုက္ခပေးတဲ့အကောင်"

အောင်ကျော်ငွေက ပြောရင်း သန်းလင်း နောက်ကျောအား လက်ဝါးဖြင့် လှမ်းရိုက်လိုက်လေသည်။ ဒီမှာပင် ကြောက်စိတ်မပြေသေးသော သန်းလင်းက လန့်အော်လိုက်တော့သည်။

"အမယ်လေး. . . ကြောက်ပါပြီ ဘုရား၊ တပည့်တော် နောက်အရက်မသောက်တော့ပါဘူး၊ ကြောက်ပါပြီ ဘုရား"

"ဟကောင်- မင်းဒီလိုအော်လိုက်ရင် တို့တော့လန့်နေပြီမောင်။ တော်ပါတော့ကွာ၊ ဒီအသံကို မကြားချင်တော့ပါဘူး"

ဖိုးထူးက ထိုစကားပြောလိုက်တော့ အားလုံးက ဝိုင်းရယ်လိုက်ကြ၏။

ထိုစဉ် မသန်းမြင့်က သူ့ယောကျ်ား သန်းလင်းအနား ကပ်သွားရင်း တိုးတိုးလေးဖြင့် စကားတစ်လုံးကို ပြောလိုက်ပါလေ၏။ ထိုအခါ သန်းလင်းက ခေါင်းခါခါလက်ကာကာဖြင့် ပြန်ပြောလိုက်သည်ကတော့-

"တော်ပါပြီ မရွှေသန်းမြင့်ရယ်၊ နင်ကိုယ်တိုင် အမြည်းကောင်းကောင်းနဲ့ အရက်ကောင်းကောင်းလုပ်ပေးမယ် ဆိုရင်တောင် ငါကတော့ အရက်ကို မသောက်ရေးချမသောက်။ ဘယ်တော့မှ ကောင်းကျိုးမပေးတဲ့ ဒီအရက်ကို မသောက်တော့ပါဘူးတဲ့ဗျာ။ အဟုတ်၊ အဟုတ်ကိုပြောတာ"

မသန်းမြင့်၏ဘဝဝယ် သန်းလင်းပြောလိုက်သောစကားလုံးများမှာ သူမအတွက် အချိုသာဆုံးနှင့် နားဝင်ပီယံအဖြစ်ဆုံး စကားလုံးများသာ ဖြစ်နေပါတော့သတည်း။

မေတ္တာရည်လျှက်

သိဇ်းသန်းအောင်(မြင်းခြံ)

(နွားထိုးကြိုးမြို့မှ ညီ မောင်သန်းလင်းနှင့်သူ့အပေါင်းအသင်းများအတွက် အမှတ်တရ)

www.burmeseclassic.com

www.burmeseclassic.com

ကျဉ်းခွန်းကို

တမာပင်မှရက္ခစိုး

သမီးရေ ကြားရရဲ့လား။ ဟုတ်တယ် ဖုန်းလိုင်းတွေက ဒီဘက်မှာ သိပ်မကောင်းဘူး သမီးရဲ့။ အေးအေး- ကြားရရင်ပြောရော။ အမေလေ ဒီနေ့ သမီးတို့ကို သိပ်သတိရတာပဲ။ အထူးသဖြင့် သမီးလေးကိုပေါ့။ သမီးလေးက အငယ်ဆုံးလေး ဆိုတော့ ကျန်တဲ့အကြီးတွေထက် ပိုပူမိတယ်ကွယ်။ ဒါနဲ့ ကျောင်းတက်ရတာကော အဆင်ပြေရဲ့လား။ ဟိုလက သမီးရဲ့ဝတ္ထုတစ်ပုဒ် ထပ်ပါလာပြီကြားရတော့ အမေဖြင့် ဝမ်းသာလိုက်တာ။ စာရေးဆရာ ဆိုတာ လူတိုင်းဖြစ်နိုင်တာမဟုတ်ဘူး သမီးရဲ့။ အမေလည်း ဖြစ်ချင်လွန်းလို့ စာတွေဖတ်ခဲ့ပေမယ့် မရေးတတ်ခဲ့ပါဘူးကွယ်။ အဲ- ဒါပေမယ့် အမေ့မှာ ကုန်ကြမ်းတွေတော့ ရှိတယ်။ ဒီနေ့ အမေ သမီးရဲ့အဖေနဲ့ မိုးညှင်းသမ္မဒ္ဓေဘုရားကို သွားဖူးမြော်ရင်း လမ်းမှာ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်ကို သမီးလေးကို ပြောပြမယ်။ သမီးလေး စိတ်ဝင်စားမှာ အသေအချာပဲ။

ရန်ကုန်မှ မုံရွာသို့ လုပ်ငန်းတာဝန်အရ ပြောင်းရွှေ့လာရပေမယ့် ကျွန်မစိတ်ထဲတွင် ယခုအချိန်ထိ နေရာဒေသနှင့် လိုက်လျောညီထွေမရှိသေး။ ခင်ပွန်းသည်က ဌာနဆိုင်ရာအကြီးအကဲတစ်ဦးဖြစ်သည်ကြောင့် ဝန်းဝန်းကူညီလုပ်ကိုင်ပေးမည့် တပည့်တပန်းတွေ ရှိနေပေမယ့် ကျွန်မစိတ်ထဲတွင်တော့ အသိုက်အမြုံကို စွန့်ခွာခဲ့ထွက်လာရသလို ခံစားနေရပြီး ရန်ကုန်အိမ်၌ ကျန်ရစ်ခဲ့လေသည့် သားသမီးများကိုသာ တမ်းတလွမ်းဆွတ်နေမိသည်။

မုံရွာမြို့၏ ရာသီဥတုသည် ရန်ကုန်နှင့်မတူညီ၊ အေးမြသည့် ဆောင်းကာလတွင် အလွန်မှ ချမ်းအေးလှသည်။ ခြေအိတ်၊ လက်အိတ် ဝယ်ရရုံမက နားရွက်တွေပင်ဖုံးထားရလောက်သည်အထိ ချမ်းအေး တုန်ခိုက်နေသလောက် နွေရာသီအချိန်ကျပြန်တော့လည်း ပူလိုက်သည်မှာ ထိုင်နေလျှင်ပင် ချွေးတပြိုက်ပြိုက်ကျလောက်အောင် ဥတုညှဉ်းမှု၊ စိတ်မချမ်းမြေ့မှုတွေကြောင့် ကျွန်မပင်ပန်းနွမ်းနယ်နေခဲ့ရသည်။

ထိုအခိုက် ကျွန်မခင်ပွန်းသည်က အားလပ်ရက်တစ်ရက်တွင် မိုးညှင်းသမ္မဒ္ဓေဘုရားသို့ သွားရောက် ဖူးမြော်ရန် စီစဉ်လိုက်သည့်အခါ ကျွန်မ အလွန်တရာမှ စိတ်ကြည်လင် ပျော်ရွှင်သွားမိသည်။

နုံးအားလပ်သည့် တနင်္ဂနွေနံနက်ခင်းတွင် ကျွန်မတို့ မိုးညှင်းသမ္မဒ္ဓေဘုရားသို့ ဂျစ်ကားလေးနှင့် ထွက်ခဲ့ကြသည်။ ကျွန်မတို့ဆိုသည်မှာ ကျွန်မရယ်၊ ကျွန်မခင်ပွန်းရယ်၊ ကားမောင်းကောင်လေးတစ်ယောက်ရယ် သည်သုံးဦးကို ဆိုလိုခြင်း ဖြစ်သည်။ ဤတွင် ဂျစ်ကားလေး၏ အခန်းကဏ္ဍမှာ အဓိကပါဝင်နေခြင်းကြောင့် ကျွန်မတို့ဂျစ်ကားလေး၏ သဘောသဘာဝကို အနည်းငယ် ရှင်းပြလိုပါသည်။ ဂျစ်ကားလေးသည် အင်ဂျင်ကောင်းသောကားလေးဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ တစ်ချက်နှစ်ချက် ထဖောက်တတ်သော ညည်ဆိုးလေးရှိခြင်းကြောင့် ခင်ပွန်းသည်မှာ ကားမောင်းတတ်သော်လည်း ကားမောင်း၊ ကားပြင်တတ်သည့် တပည့်လေးတစ်ယောက်ကို ဘယ်ကိုသွားသွား အမြဲခေါ်သွားရသည်။ ကားမောင်းသမားလေးက ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနှင်လျက် မိုးညှင်းသမ္မဒ္ဓေဘုရားသို့ ကျွန်မတို့ရည်စူးထွက်ခွာလာခဲ့ကြသည်။

ဆောင်ဦးနံနက်ခင်းလေးဖြစ်သောကြောင့် ရာသီဥတုသည် အေးစိမ့်ချမ်းမြလျက်ရှိသော်လည်း အလွန်အမင်းကြီးတော့ မဟုတ်။ မုံရွာမြို့ပတ်လမ်းအတိုင်း မောင်းနှင်လာခဲ့ခြင်းကြောင့် မုံရွာမြို့သည် ကျွန်မတို့တစ်ဖက်တွင် ကေ

www.burmeseclassic.com

www.burmeseclassic.com

လျက်ဝေးလျက် ကျန်ရစ်ခဲ့ကာ တဖြည်းဖြည်း မြို့အပြင်သို့ ရောက်ရှိလာခဲ့သည်။

မြို့ပြင်လမ်း ဖြစ်သည့်အတိုင်း လမ်းဘေးတစ်ဖက်တစ်ချက်တွင် သစ်ပျိုပင်တို့ဖြင့် စိမ်းစိုသာယာလို့နေသည်။ နံနက်စောစောအချိန်ဖြစ်၍ လမ်းမကြီးထက်တွင် ကားသွားကားလာ၊ လူသွားလူလာ ရှင်းလင်းကာ တိတ်ဆိတ်အေးချမ်းလျက် ရှိသည်။ ပ တ်ဝန်းကျင်၏ ဆိတ်ငြိမ်မှု၊ ဘုရားကြီးကို ပူဇော်ဖူးမြော်လိုသော ပီတိဖြစ်မှုတို့ဖြင့် ကျွန်မတစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းကြည်လင်နေကာ စိတ်ချမ်းမြေ့ပျော်ရွှင်နေမိသည်။ ဘုရားသို့ရောက်လျှင် ကျွန်မ ဆွမ်းတော်ကပ်ရမည်၊ ပန်း၊ ရေချမ်း ကပ်လှူမည် စသည်စသည် ရည်သန်ရင်း ကျွန်မ သမ္မဒ္ဓေဂါထာတော်ကိုလည်း နှုတ်မှရွတ်ဆိုနေသည်။ သမ္မဒ္ဓေဂါထာတော်ကြီးသည် အန္တရာယ်ကင်း ဘေးရှင်းစေသောကြောင့် ကျွန်မဘယ်ကိုပဲသွားသွား အမြဲမပြတ် ရွတ်ဆိုတတ်သော ဂါထာတော်ကြီး ဖြစ်သည်။ ကားလေးမှာ တရိပ်ရိပ်ပြေးနေသောကြောင့် နံဘေးမှ ရှုခင်းများကို လှစ်ခနဲလှစ်ခနဲသာ မြင်တွေ့ရသည်။

ကားက ပုံမှန်အတိုင်း ခပ်မြန်မြန် ပြေးလွှားနေရင်းနှင့်မှ တစ်ချက်၊ တစ်ချက် တုံ့ခနဲတုံ့ခနဲဖြစ်လာသည်။ ဘုရား ဘုရား- လူသူကင်းမဲ့သည့် ဤနေရာတွင်တော့ ကားမမျက်ပါစေနှင့်။ ဆုတောင်းမပြည့်စွာပင် ကားသည် တုံ့ခနဲ ရပ်တန့်သွားလေသည်။

"ဟာ - ဒီကားတော့"

ခင်ပွန်းသည်က ထစ်ချက် ညည်းညူလိုက်ရင်း ကျွန်မကို ကားတံခါးဖွင့်ခိုင်းကာ ကားပေါ်မှ ဆင်းခိုင်းသည်။ သူလည်း ကားပေါ်မှ ဆင်းလာပြီး ကားစက်ခေါင်းရှိရာ ကားရှေ့သို့ ထွက်လာသည်။ ကားမောင်းတဲ့ကောင်လေးက ကားကို တစ်ချက်နှစ်ချက် စက်နှိုးကြည့်သေးသော်လည်း မရ။ ကားက ထိုနေရာ၌ ကွေးကောင်းကောင်းနှင့် ကွေးနေပုံရသည်။

ခင်ပွန်းသည်နှင့် ဒရိုင်ဘာကောင်လေးက တွားစက်ခေါင်းကို ဖွင့်ကြည့်ကာ ဟိုဟိုသည်သည် နှိုက်ချွတ်ကြည့်နေစဉ် ကားနှင့်ပတ်သက်၍ တစ်စုံတစ်ရာ နားမလည်သော ကျွန်မ ခပ်လှမ်းလှမ်း တမာပင်နားတွင် သွားရပ်နေမိသည်။ ခင်ပွန်းသည် ကိုခင်မောင်ခမျာ ကားစက်ခေါင်းခန်းတို့ ကြည့်လိုက်၊ အင်ဂျင်ကို စစ်ဆေးကြည့်ရှုလိုက်လုပ်ရင်းနှင့် ဆောင်းနံနက်ခင်းအေးအေးတွင်ပင် ချွေးတွေဖြင့် ရွှဲနစ်နေလေပြီ။ ကားပြင်တတ်သည်ဆိုသော ဒရိုင်ဘာကောင်လေးမှာလည်း အင်ဂျင်ထဲ လက်နှိုက်ကာ ဟိုလုပ်သည် လုပ် လုပ်နေသော်လည်း ကားစက်က နိုးမလာ။ ဒီကောင်လေး ပြင်မှပြင်တတ်ရဲ့လားမုပင် ကျွန်မ သံသယပွားချင်လာမိသည်။

နာရီဝက်ကျော်ကျော်ခန့်တောင် ကြာသွားခဲ့ပေမယ့် ကားစက်က ယခုအချိန်ထိ တစ်ချက်မနိုး။ ကျွန်မ စိတ်ပျက်လက်ပျက်နှင့် တမာပင်ခြေရင်းတွင် ထိုင်ချမိလိုက်သည်။

"အမလေး"

တင်ပါးနေရာမှ စူးခနဲ။ ဟင်- မွှေးမွှေးမျှားလား။ သည်ဒေသတွင် မွှေးဆိုးများ ပေါများလှသည်မို့ ကျွန်မ ထိတ်လန့်တုန်လှုပ်စွာနှင့် လှည့်ကြည့်လိုက်တော့ မြေပြင်တွင် ကပ်ငြိစွာယ်ပေါက်နေသော ချဲ့နွယ်ဆူးပင်များ။ ကျွန်မ ထိုအခါမှ သက်ပြင်းချနိုင်တော့သည်။

"ဟူး တော်သေးတာပေါ့။ ဆူးပင်တွေဖြစ်နေပေလို့"

ထို ဆူးချဲ့ပင်ပုလေးများကို ကြည့်ရင်း ကျွန်မစိတ်ကူးတစ်ခုရသွားမိသည်။ အလကားရပ်နေမည့်အစား ထိုချဲ့နွယ်များကို ရှင်းလင်းပေးလိုက်လျှင် တမာပင်အောက်ခြေတွင် ချဲ့နွယ်များ ကင်းရှင်းကာ ပြောင်သန့်သွားလိမ့်မည်။

ကားကလည်း ဘယ်လိုမှ ပြင်လို့မရ၊ စက်နှိုးလို့မရ။ ကိုခင်မောင်လည်း မောလွန်းလို့ ကားနံဘေးတွင် ဆောင့်ကြောင့်ထိုင်နေရပြီ။ ကားသမားလေးလည်း ချွေးတလုံးလုံးနှင့် အကျီမကပ်တော့။ ကျွန်မ ကိုယ်တိုင်လည်း ချဲ့ပင်လေးထွေ နုတ်သင်ရင်း စိတ်ပျက်လက်ပျက်ဖြစ်နေမိသည်။ ဩော် - ငါ့နယ် ဘုရားဖူးသွားချင်သည်ဆိုကာမှ အရာနှင့် အကြောင်းကြောင်းချည်းပါလား။

"အေးရေ၊ ကားလည်း နှိုးလို့မရ ဘူးကွာ၊ မနေကပဲ ပြင်ထားရဲ့သားနဲ့ ဘာဖြစ်မှန်းလဲ မသိပါဘူး။ ဟိုဓောင်လေးလည်းပြင်နေတာပဲ၊ မရဘူးကွ"

ခင်ပွန်းသည်က ကားနံဘေးကနေ ကျွန်မရှိရာဆီသို့ လျှောက်လာရင်း ပြောလိုက်သည်။ ကျွန်မက တော့ ချဲ့နွယ်လေးတွေကို ရှင်းနုတ်နေတုန်း။

"အေး၊ ဘာတွေလုပ်နေတာလဲ"

"တမာပင်အောက်ခြေမှာ ချဲ့နွယ်တွေ ရှုပ်နေတာနဲ့ ရှင်းနုတ်ပေးနေတာပါ ကိုမောင်ရယ်။ ဒါနဲ့ ဟိုကောင်လေးက ကားကောတကယ်ပြင်တတ်ရဲ့လား။ ဒီကားလေးပြင်နေတာ အတော်ကြာပြီ"

ကျွန်မ စိတ်ထဲမှ သင်္ကာမကင်းဖြစ်နေသည်ကို ခင်ပွန်းသည်အား ဖွင့်ထုတ်မေးလိုက်မိသည်။

"အာ-ဒီကောင်လေးကိုတော့ သံသယမဖြစ်နဲ့၊ အေး သူက ကိုမောင်တို့ရုံးက ကားကြီးတွေတောင် ပျက်ရင်ပြင်တတ်တယ်။ ခုဟာက ဘာချို့ယွင်းမှန်းကို မသိရသေးတာ။ အင်း - သံသယဖြစ်ချင်းဖြစ် ဒီနေရာကိုဖြစ်ရမှာ"

ခင်ပွန်းသည်စကားက အဆန်း။ သံသယဖြစ်ချင်းဖြစ် ဒီနေရာကို ဖြစ်ရမှာတဲ့။ ကျွန်မ ခင်ပွန်းသည်ကို ဖျတ်ခနဲမော့ကြည့်လိုက်ပြီး-

"ဒီနေရာကို ဘာလို့သံသယဖြစ်ရမှာလဲ ကိုမောင်ရဲ့။ အေးတော့၊ နားမလည်တဲ့ဘူး"

"အင်း- ဘာမှမဟုတ်ပါဘူးကွာ။ ကိုမောင် ကားကို သွားကြည့်လိုက်ဦးမယ်"

ခင်ပွန်းသည်က သူ့ဝသီအတိုင်း စကားကိုရှင်းအောင်မပြောဘဲ ကားရှိရာသို့ ပြန်လှည့်ထွက်သွားသည်။ တမာပင်ခြေရင်းမတ်လည်တွင် ဆူးချဲ့နွယ်ပင်တို့အတော့်ကိုရှင်းပြောင်သွားပြီ။ ဒါတောင် ကျွန်မ မကျေနပ်သေး။ ကြွေလွင့်ကျဆင်းနေသော သစ်ရွက်ခြောက်များကို တစ်ရွက်ချင်းစီ လိုက်ကောက်ကာ မြေပြင်ကိုလည်း ခြေထောက်နှင့် အနည်းငယ်ညီညာအောင်ညှိလိုက်သည်။ စိတ်တိုင်းကျပြီဆိုမှ ကျွန်မ စိတ်ကူးထားမိသည့်အတိုင်း -

"ဤတမာပင်တွင် နေထိုင်သော် ရုက္ခစိုးမင်းကြီးရှင့်။ သင်သွားလာရအဆင်ပြေစေဖို့ ကျွန်မ အသင့်ဗီမာန်ခြေရင်းမှ ချဲ့နွယ်တွေကို ရှင်းလင်းပေးထားပါတယ်။ သို့ကြောင့် ကျွန်မတို့ကိုလည်း ကားပျက်ပြီး ဒုက္ခရောက်နေတဲ့ ယခုအခြေအနေမှအမြန်ဆုံးကင်းလွတ်စေဖို့ သင် အတတ်နိုင်ဆုံး ကူညီပေးပါ။ တမာပင်မှ ရုက္ခစိုးမင်းကြီး ကျန်းမာ၊ ချမ်းသာပါစေ။ ကျွန်မ ရရှိသော ကောင်းမှုကုသိုလ်တွေကိုလည်း အမျှပေးဝေပါတယ်"

ဟု ခပ်တိုးတိုး ရွတ်ဆိုလိုက်မိ၏။ အမှန်ပြောရလျှင် ကျွန်မကြုံရာမရသည့်အဆုံး ကြားဖူးနားဝ အကြောင်းအရာတစ်ခုကြောင့် ထိုသို့လုပ်ဖြစ်ခဲ့ခြင်း ဖြစ်သည်။ ထိုကြားဖူးနားဝအကြောင်းအရာကို ပြောပြရလျှင် အတော်လည်း ထူးဆန်း အံ့ဩဖွယ်ကောင်းသည်။ ထိုအဖြစ်အပျက်ကို အကြောင်းမသိသူတစ်ယောက်

www.burmeseclassic.com

သာ ပြောပြခဲ့လျှင် ကျွန်မနည်းနည်းမှ ယုံကြည်ဖြစ်လိမ့်မည် မဟုတ်။ ယခုတော့ ထိုအဖြစ်အပျက်ကို ပြောပြသူမှာ ကျွန်မတို့နှင့် ဆွေမျိုးကဲ့သို့ ခင်မင်ရင်းနှီးနေသည့် မောင်လွင်သိန်းဇော် ဖြစ်သည်။

လွင်သိန်းဇော်မှာ အသက်လေးဆယ်ကျော် လူပျိုကြီးတစ်ယောက်ဖြစ်ပြီး မိဘကို လုပ်ကိုင်ကျွေးမွေးနေသော သားလိမ္မာလေးဖြစ်သလို လူတကာအပေါ် လည်း စိတ်ရင်းနှလုံးကောင်းနှင့် ကူညီတတ်သည်။ သူနှင့် ကျွန်မတို့ လင်မယားက ဟိုးအနှစ်နှစ်ဆယ်ကျော်က တည်းက ခင်မင်ရင်းနှီးခဲ့ကြသူတွေ။ မှတ်မှတ်ရရ သိန်းလွင်ဇော် အသက် ဆယ့်ခြောက်နှစ်လောက်က သိန်းဇော်တို့ မိသားစုနှင့် တစ်ခြံတည်းနေ ဆွေမျိုးတစ်စုတို့ အမွေလုရင်း ရုံးပြင်ကနား ရောက်လုမတတ်ဖြစ်ခဲ့ရသည်။

ဖြစ်ပုံက ဤသို့။

လွင်သိန်းဇော်မမွေးခင် ဟိုးအဘိုးအဘွားလက်ထက်တည်းက ခြံကျယ်ကြီးထဲတွင် အိမ်နှစ်လုံးပြိုင်ဆောက်ကာ ခြံမြေမခွဲခြားဘဲ အတူတကွနေထိုင်ခဲ့ကြသည်။ ထိုသို့နေရာမှ အဘိုးအဘွားတွေ ဆုံးပါးသွားပြီး လွင်သိန်းဇော်တို့ မိဘတွေလက်ထက်တွင် တစ်ဖက်အိမ်မှ ခြံမြေခွဲခြားနေထိုင်ဖို့ တောင်းဆိုလာရုံမက မတရား ပိုပိုသာသာ တောင်းဆိုမှုများကြောင့် ညှိနှိုင်းမရတော့၍ ထိုသို့ ရုံးပြင်ကနားရောက်တော့မလို ဖြစ်ခဲ့ရခြင်း ဖြစ်သည်။

အိမ်နှစ်အိမ်၏ ကြားခြံစည်းရိုးနေရာတွင် တမာပင်ကြီးတစ်ပင်ရှိသည်။ ထိုတမာပင်ကြီးက အိမ်နှစ်အိမ်၏ အလယ်ကိုပိုင်းခြားပေးထားသလိုဖြစ်သော်လည်း အရွှယ်ရောက်နေပြီဖြစ်သော လွင်သိန်းဇော်က ရုံးပြင်ကနားသွားရမည်ကို ရှက်ရွံ့သည်ကြောင့် တစ်ဖက်အိမ်ကို ခြံမြေပိုပိုသာသာပေးလိုက်ရန် ဖခင်ဖြစ်သူကို ပြောဆိုတောင်းပန်လိုက်သဖြင့် အိမ်နှစ်အိမ်ကြားမှ ထိုတမာပင်ကြီးမှာ ဟိုဘက်အိမ်သာဘက်ခြမ်းသို့ ပါသွားလေသည်။

ပြဿနာက ထိုအချိန်မှ စတော့သည်။ တစ်ဖက်ခြံမှ ခြံကာရံပြီး မကြာထိုမိသားစု၏ ခွေးမဖြစ်သူ မလှန္တယ်သည် ဖြူန်းဆို ခွေးနဲလဲကျသွားသည်။ နံဘေးမှ ခင်ပွန်းဖြစ်သူက ဖေးမဆွဲထူလိုက်တော့ တအင်းအင်းညည်းညူကာ ပုံမှန်မဟုတ်သည့် ပုံစံမျိုးဖြစ်နေ၍ အားလုံး ထိတ်ထိတ်ပျာပျာဖြစ်သွားကြရသည်။

"ဟဲ့- လှန္တယ်၊ သမီးဘာဖြစ်နေတာလဲ"

"အန္တယ်၊ ဒါအန္တယ့်ယောကျ်ားကိုဦးလေ။ အန္တယ့်ကြည့်ရတာ တစ်မျိုးပဲ"

အားလုံးက တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြပေမယ့် မလှန္တယ်ဆိုသည့် အမျိုးသမီးကတော့ မည်သူ့ကိုမျှ ဂရုမစိုက်သည့်ပုံစံ။ ရုတ်တရက် မလှန္တယ် ထိမှ ထွက်လာသော စကားသံကြောင့် အားလုံး ရဲခနဲ နောက်ဆုတ်မိလိုက်ကြတော့သည်။ မလှန္တယ်အသံက ဘိုးဘရွှေ၏အသံမှ ဘိုးဘရွှေ၏ အသံစစ်စစ်။

"ဟဲ့- နင်တို့တစ်တွေ ငါမရှိတော့ ဘူးဆိုတာနဲ့ ဖြစ်ချင်တိုင်းဖြစ်နေကြတာပဲ။ တရားမသိ ဘုရားမသိတွေ။ အေး- နင်တို့စိတ်ကြိုက်လုပ်လိုက်ပြီဆိုတော့ ဒီလောက်ပဲထိုက်လို့ ဒီလောက်ပဲ ကျေနပ်ကြတော့။ သွား၊ ဟိုဘက်အိမ်က ငါ့မြေးလွင်သိန်းဇော်ကို သွားခေါ်"

ဘိုးဘိုးဘရွှေကိုတော့ အားလုံးက ကြောက်ရွံ့ကြသည်။ ဘိုးဘိုးဘရွှေက အားလုံးရဲ့ငယ်နိုင်ပေကိုး။ ဘိုးဘိုးခိုင်းလိုက်သည်နှင့် မလှန္တယ်၏ ယောကျ်ားကို ဦးတစ်ယောက် ဟိုဘက်အိမ်ဆီသို့ ပြေးထွက်သွားသည်။ ခဏအကြာတွင် ကိုဦးနှင့်အတူ မောင်လွင်သိန်းဇော် တစ်ယောက် ခပ်မြန်မြန်ခြေလှမ်းတို့ဖြင့် လိုက်ပါလာသည်။

"လာ၊ မြေး"

"ဟင် - ဘိုးဘိုး၊ ဘိုးဘိုး မကျွတ်လွတ်သေးဘူးလားဟင်။ ဖြစ်မှဖြစ်ရလေ ဘိုးဘိုးရယ်"

လွင်သိန်းဇော်က ဘိုးဘိုးတစ်ဖြစ်လဲ မလှန္တယ်ကိုကြည့်ရင်း စိတ်မကောင်းဖြစ်စွာ ပြောလိုက်မိသည်။

"မဟုတ်ပါဘူး ငါ့မြေးရဲ့။ ဘိုးဘိုးက နတ်ဖြစ်နေတာ။ နတ်ဆိုပေမယ့် ဒါနကုသိုလ်နည်းတော့ ဟိုတမာပင်မှာ ရုက္ခစိုးဖြစ်နေတာ"

"သြော်-တော်သေးတာပေါ့ ဘိုးဘိုးရယ်။ ကျွန်တော့်မှာ ဘိုးဘိုးမကျွတ်လွတ်သေးလို့ ဝင်ဖူးတယ် ထင်နေတာ"

"ငါ့မြေးကို သဲယောဇဉ်ဖြစ်လို့ကွယ့်။ အခု ခြံကာလိုက်တော့ ဘိုးဘိုး ငါ့မြေးနဲ့ အတူမနေရတော့ဘူး။ ဒါကြောင့် ဘိုးဘိုး ငါ့မြေးကို တိုက်တွေ့၊ ကားတွေ ဝယ်နိုင်လာအောင် ကူညီမယ်။ အဲ - ဘိုးဘိုးက ကူညီရုံပဲတတ်နိုင်မှာဆိုတော့ ငါ့မြေးကလည်း ကိုယ့်ဘာသာကိုယ် ကြိုးစားရမှာနော်။ ဘုရား၊ တရား သံဃာကိုလည်း မမေ့နဲ့"

"ဟုတ်ကဲ့ဘိုးဘိုး၊ ကျွန်တော် ဒီနေ့ကစပြီး ဘိုးဘိုးနဲ့အတူနေရအောင် ကြိုးကြိုးစားစားလုပ်ပါ့မယ်။ တရားလည်း ပိုအားထုတ်ပါ့မယ်။ ကျွန်တော်ခြံဝယ်နိုင်တဲ့တစ်နေ့ ဘိုးဘိုးကို ဗီမာန်ကောင်းကောင်းဆောက်ပြီး ခေါ်ထားပါ့မယ်"

လွင်သိန်းဇော် ထိုသို့ ကတိပေးလိုက်မှ ဘိုးဘိုး ထွက်သွားသည်။ မကြာလွင်သိန်းဇော် သဘော်လိုက်ရ၏။ ပြန်ရောက်ရောက်ချင်း ခြံတစ်ခြံဝယ်ပြီး ဗီမာန်ဆောက်ကာ အဘိုးရုက္ခစိုးကို ပင့်ခေါ်ထားသည်။ ယခုအထိလည်း ဘုရား၊ တရား ကိုင်းရှိုင်းဆဲ၊ အဘိုးရုက္ခစိုးကို ဆီမီးဆက်ကပ်ကာ မေတ္တာပို့ အမျှပေးဝေမှုပြုလုပ်နေဆဲ စီးပွားရေး တိုးတက်မြဖြစ်သည်။

ထိုအဖြစ်အပျက်ကို လွင်သိန်းဇော် ပြောပြသဖြင့် ကျွန်မတို့ အသေးစိတ် သိရှိခဲ့ရသည်။ သို့ကြောင့်လည်း ယခုလို ကားပျက်၍ အခက်အခဲကြုံသည့်အခါ ကျွန်မ လုပ်မိလုပ်ရာလုပ်လိုက်မိခြင်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်ဟု ကျွန်မ ယုံကြည်ပါသည်။

"ဦး"

"ဟာ - ထူးဆန်းလိုက်တာ ဆရာရေ။ ခုနက နှိုးမရတဲ့အင်ဂျင်က ခုချက်ချင်း ပြန်ကောင်းသွားပြီ။ သိကြားမ,တာပဲ"

"မင်းကလည်း လက်ပူတိုက်တာ မျှားသွားလို့ နိုးတာပေါ့ကွ။ ဘယ်သိကြားမှဆင်း မ,မဘူး"

ကားမောင်းတပည့်လေး၏ ဝမ်းသာအားရအပြောကို ကိုခင်မောင်က ခပ်ငေါ့ငေါ့ဟောက်လိုက်သည်။

"အေးရေ၊ ကားစက်နိုးသွားပြီ၊ လာ - သွားကြစို့"

"လာပြီ ကိုမောင်ရေ၊ လာပြီ"

ကျွန်မ တမာပင်ကြီးကို တစ်ချက်ငေးကြည့်ပြီး ကားရပ်ထားရာဆီသို့ ထွက်သွားလိုက်သည်။ တမာပင်မှ ရုက္ခစိုး မ,စခြင်းပေလား။ သူတစ်ပါး၏ဗီမာန်ခြေရင်းကို ရှင်းလင်းပေးသည့် အကျိုးတန်ပြန်သက်ရောက်ခြင်းပဲလား။ မည်သို့ပင်ဖြစ်ပါစေ သမ္မာဒေဘုရားကြီး ဖူးမြော်အပြီးအပြတ် ဤနေရာသို့ ရောက်ရှိလျှင် ထိုတမာပင်မှ ရုက္ခစိုးကြီး ကျန်းမာချမ်းသာပါစေလို့ မေတ္တာပို့သရဖြင့်မည်။ ပြခဲ့သမျှ ကုသိုလ်အဖို့ အမျှရပါစေဟု လည်း အမျှပေးဝေရဦးမည်။ သို့မှသာ ကျွန်မကိုယ်ကျွန်မ တာဝန်ကျေသည်ဟု ခံစားမိမည် မဟုတ်ပါလား။

ကြိုးနွှဲနှင့်ကို

www.burmeseclassic.com

www.burmeseclassic.com

မင်းရှိန်အောင်

ရတနာနှစ်ပါးသော ဗျာလ

ဤနေရာ၌ မေးခွန်းထုတ်စရာဖြစ်လာသည်က 'ဗျာလ' ဟူသည် အဘယ်နည်း။ ဗျာလ ဟူသည် တခြားမဟုတ်။ နဝရူပတစ်မျိုးပင် ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုရုပ်ဝန်း တစ်စိတ်တစ်ဒေသ ဖြစ်သော ရခိုင်ပြည်နယ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများတွင် အတွေ့ရများသောကြောင့် ရခိုင်နဝရူပ်ဟုဆိုလျှင်မှားနိုင်မည်မထင်။

ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းခဲ့သော ရွှေဘုံနိဒါန်းကျမ်းထဲတွင် နဝရူပ်ကို ထူးခြားသော တိရစ္ဆာန် (၉) မျိုးထံမှ ထူးကဲသော ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်မျိုးစီကို ရယူ၍ သပ္ပာယဖြစ်အောင် ပေါင်းစပ်ထားသော အရုပ် (ရုပ်ပုံ) ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုကဲ့သို့ပင် ပဥ္စရူပ်၊ သတ္တရူပ်၊ ဒသရူပ်၊ ဒွါဒသရူပ်တို့သည်လည်း အလားတူပင် ဖြစ်၏။ ရှေးမြန်မာမင်းတို့သည် ရေလားသွားသည့်အခါ၌ ပဥ္စရူပ်ဖောင်တော်၊ သတ္တရူပ်ဖောင်တော်၊ နဝရူပ်ဖောင်တော်၊ ဒသရူပ်ဖောင်တော်၊ ဒွါဒသရူပ်ဖောင်တော်တို့ကို အခါအားလျော်စွာ စီးနင်းတော်မူကြလေ့ရှိသည် ဟူ၏။

ဗျာလကို နဝရူပ်တစ်မျိုးဟု ဆိုသောကြောင့် ကနဦးဆုံး ရွှေဘုံနိဒါန်းမှ နဝရူပ်ရုပ်ကို ဆန်းစစ်သောအခါတွင် ဤသို့တွေ့ရှိရသည်။ ယင်းတို့မှာ-

၁။ ကရဝိက်နှုတ်သီးနှင့် လည်ဆံမွေး၊
၂။ နွားလဘို့၊
၃။ ငါးကြင်းအမြီး၊
၄။ ဆင်စွယ်နှစ်ချောင်း၊
၅။ မကန်းနှာမောင်း၊
၆။ သမင်ဦးချိုနှစ်ဖက်၊
၇။ ကြက်တူရွေးအတောင်နှစ်ဖက်၊
၈။ တိုး၏ခြေ၊လက်၊
၉။ မြင်းနားရွက်တို့ ဖြစ်ပါသည်။

ရခိုင်နဝရူပ်ရုပ်ဟု ဆိုအပ်သော ဗျာလရုပ်ကို စိစစ်သောအခါတွင် အဆိုပြုင်များရှိနေကြသည်ကို အတွေးနယ်ချဲ့ဖွယ်ရာ တွေ့ရှိရပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ အငြိမ်းစားအရာရှိတစ်ဦးလည်းဖြစ်၊ ရခိုင်ယဉ်ကျေးမှု သုတေသီတစ်ဦးလည်းဖြစ်သော တက်ထွန်းနီ (မြောက်ဦး) က ဗျာလရုပ်ကို ဤသို့သရုပ်ဖော်ခဲ့သည်။

၁။ နဂါးအမောက် သို့မဟုတ် ဆင်နှာမောင်း၊
၂။ သမင်မျက်လုံး၊
၃။ ကြုံချို
၄။ ကြက်တူရွေးလျှာ၊
၅။ တိုးကိုယ် သို့မဟုတ် ငါးကြင်းကွက်
၆။ စာမရီအမြီး သို့မဟုတ် မြင်းနားရွက်
၇။ ဆင်နားရွက် သို့မဟုတ် ဒေါင်းမြီး
၈။ ခြင်္သေ့လက်၊ ခြေ၊ လည်ဆံ

ရပေသည်။

တစ်ခါ ရွှေခိုင်ကျော်(မြောက်ဦး) ကပင် ဗျာလရုပ် နောက်တစ်မူ ရှိသေးသည်ဟုဆိုပြီး ဤသို့ ရှင်းလင်းဖော်ထုတ်ပြဆိုထားသည်ကို တွေ့ရပြန်သေးသည်။ ယင်းမှာ-

၁။ ခြင်္သေ့ဦးခေါင်း, လည်ဆံမွေး၊
၂။ သမင်မျက်လုံး၊
၃။ နဂါးပါးစပ်၊
၄။ ကြက်တူရွေးလျှာ၊
၅။ မြင်းနားရွက်၊
၆။ ဆင်နှာမောင်း၊
၇။ ကြုံအစွယ်၊
၈။ ခြုံးကိုယ်, ခြေ, လက်၊
၉။ ဒေါင်းအမြီး

စသော ကိုယ်အင်္ဂါအစိတ်အပိုင်း



ကျောက်ဖြူမြို့ကုံကော်တောဘုရားမှခံမှ ဗျာလရုပ်ပုံ

သို့မဟုတ် ကရဝိက်ငှက်လည်ဆံ၊
၉။ ကျားစွယ်

တို့ ပါဝင်ဖွဲ့စည်းသည်ဟု ဆိုထားသည်ကို တွေ့ရှိရသည်။

ထို့ပြင် ရခိုင်ယဉ်ကျေးမှုသုတေသီ နောက်တစ်ဦးဖြစ်သော ရွှေခိုင်ကျော်(မြောက်ဦး)ကမူ ဗျာလရုပ်တွင်-

၁။ ခြင်္သေ့ဦးခေါင်း, လည်ဆံမွေး, ခြေ, လက်၊
၂။ သမင်မျက်လုံး၊
၃။ ကျားပါးစပ်၊
၄။ ကြက်တူရွေးလျှာ၊
၅။ မြင်းနားရွက်၊
၆။ ဆင်နှာမောင်း၊
၇။ ကြုံအစွယ်၊
၈။ ခြုံးအစွယ်၊
၉။ စာမရီအမြီး

စသဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်း (၉)မျိုး မတူကွဲပြားစွာ ပါဝင် ပေါင်းစပ်ထားသည်ဟု ဖော်ပြထားသည်ကို တွေ့ရပေသည်။

တစ်ခါ ရွှေခိုင်ကျော်(မြောက်ဦး) ကပင် ဗျာလရုပ် နောက်တစ်မူ ရှိသေးသည်ဟုဆိုပြီး ဤသို့ ရှင်းလင်းဖော်ထုတ်ပြဆိုထားသည်ကို တွေ့ရပြန်သေးသည်။ ယင်းမှာ-

၁။ ခြင်္သေ့ဦးခေါင်း, လည်ဆံမွေး၊
၂။ သမင်မျက်လုံး၊
၃။ နဂါးပါးစပ်၊
၄။ ကြက်တူရွေးလျှာ၊
၅။ မြင်းနားရွက်၊
၆။ ဆင်နှာမောင်း၊
၇။ ကြုံအစွယ်၊
၈။ ခြုံးကိုယ်, ခြေ, လက်၊
၉။ ဒေါင်းအမြီး

စသော ကိုယ်အင်္ဂါအစိတ်အပိုင်း (၉)မျိုးဖြင့် ဗျာလရုပ်ကို တစ်မျိုးတစ်မည် တစ်မူထူးခြားစွာ ဖွဲ့စည်းထားသည်ဟု သရုပ်ပြထားသည်ကို တွေ့ရှိရပြန်သည်။

ဤတွင် မေးစရာ၊ တွေးစရာဖြစ်လာသည်က ဗျာလ၏ အနက်အဓိပ္ပာယ်ကိုပင် ဖြစ်သည်။ ကနဦး သိမှတ်ထားရန် သင့်သည်က ဗျာလကို ဗျာလ္လဟုလည်း ကောင်း၊ ဗျာလ်ဟုလည်းကောင်း ခေါ်ဝေါ်မှုလည်းရှိသည် ဟူခြင်းပင် ဖြစ်၏။ ဤဗျာလခေါ် ဗျာလ္လခေါ် ဗျာလ်ကို ရှေးပညာရှိအများစုက ဤသို့ ဖွင့်ဆိုသမှုခဲ့သည်ကို ဤသို့ တလေးတနက် တွေ့ရှိရပေသည်။

(က) အဗျယ် လာဘိ ဂဏာတိ တိဗျာလော။

အဗျယ်- *ခွဲခြမ်းစိတ်ဖြာ ဆန်းကြယ်သော ရုပ်အမူအရာဖြင့် လိုရာအောင်ပြီး မပျက်စီးခြင်းကို*၊ **လာဘိဂဏာတိ**- *ယူတတ်၏*၊ **ဣတိ**- *ထို့ကြောင့်*၊ **ဗျာလော**- *ဗျာလမည်၏ဟူ၍ လည်းကောင်း*၊

www.burmeseclassic.com

www.burmeseclassic.com

(ခ) ဝိဝိစေနေ အလေတိ ဝိဘူသဏ် ကရောတိ ဗျာလော။

ဝိဝိစေနေ- ဆန်းကြယ်သောသတ္တဝါ ကိုးမျိုးတို့၏ ထူးဆန်းသော အင်္ဂါအစိတ်အပိုင်းဖြင့်၊ **အလေတိ ဝိဘူသဏ် ကရောတိ -** *တန်ဆာဆင်ခြင်းကိုပြုတတ်၏*၊ **ဣတိ-** ထို့ကြောင့်၊ **ဗျာလော-** *ဗျာလမည်၏*ဟူ၍ လည်းကောင်း၊

(ဂ) အဗျယော လာဘော ယဿာတိ ဗျာလော။

ယဿတိ- *သတ္တဝါကိုးမျိုးတို့၏ အင်္ဂါအစိတ်အပိုင်းတို့ဖြင့် တန်ဆာဆင်အပ်သောကြောင့် ထို့သတ္တါသဲ့သည်*၊ **အဗျယော-** *ဘေးဥပဒ်အန္တရာယ်ကို မဖြစ်စေတတ်ဘဲ*၊ **လာဘော-** *လာဘ်ကိုဖြစ်စေတတ်၏*၊ **ဣတိ-** ထို့ကြောင့်၊ **ဗျာလော-** *ဗျာလမည်၏* ဟု ဝိဂြိုဟ်ပြု ဖော်ပြထားသည်ဟု အလေးဂရုပြုစရာပင် ဖြစ်၏။

တစ်ခါ ရန်ကုန်မြို့ မင်္ဂလာရာမ ကျောင်းတိုက်မှ ဆရာတော် သျှင်ရဋ္ဌသာရက ဗျာလအား ဤသို့ အနက်ပေးဖွင့်ဆိုထားသည်ကလည်း သိမှတ်စရာပင် ဖြစ်သည်။

ၵင်းမှာ -

ဗျာလ = ဝိ + အလဲ

ဝိ = ဝိသေသန (အထူးအားဖြင့်)

အလဲ = သမတ္ထ(စွမ်းဆောင်နိုင်သော)

ဗျာလ = ဝိ + အာလဲ = တန်ခိုးဖြင့် စွမ်းဆောင်နိုင်သည်

ဟု ဝိဂြိုဟ်ပြုထားခြင်းပင် ဖြစ်၏။

ရခိုင်ယဉ်ကျေးမှု သုတေသီဦးစက်ကန့်ကမူ အထူးပျော်ရွှင်ချမ်းမြေ့ခြင်းသဘောဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။

ထို့နောက် ဟိန္ဒီ၊ သက္ကတစာပေ ပညာရှင်လည်းဖြစ်၊ ရခိုင်ယဉ်ကျေးမှု သုတေသီတစ်ဦးလည်းဖြစ်သော ဆရာကြီး သျှင်အုန်းက ဗျာလနှင့် ပတ်သက်၍ ဤသို့ သရုပ်ခွဲရှင်းလင်းခဲ့လေ့သည်။

ဗျာလ် (ဗျာလ) ဟူသော ဝေါဟာရသည် သက္ကတအဘိဓာန်နှင့် ဟိန္ဒီ အဘိဓာန်တို့တွင် (ဝ+ယ+အာ+လ) ကို သံယုဂ်ပြု၍ 'ဗျာလ်' အသံထွက်သော အခါ 'ဗျာလ်' ဟု ထွက်ကြောင်း၊ ၎င်းကို အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ကျား ဟူ၍ လည်းကောင်း၊ လင်းယုန် ဟူ၍ လည်းကောင်း၊ ဂဠုန် ဟူလည်း လည်းကောင်း၊ ဘုရင် ဟူ၍ လည်းကောင်း သတ္တလောကထဲမှ တန်ခိုးရှိသော ကြီးမားသည့်သတ္တဝါများကို ဖော်ပြထားကြောင်း၊ ဗိသဏှု ဟူ၍လည်းကောင်း ဖွင့်ဆိုကြောင်း၊ ရခိုင် ဓလေ့ထုံးအရ ခေါ်ဆိုကြသော ဗျာလ် (ဗျာလ) ဆိုသော ဝေါဟာရသည် တန်ခိုးရှိသောရုပ်များကို ပေါင်းစပ် ရောနှော ထားသော သဲမိုသကရုပ်ဖြစ်ကြောင်းဟု ရှင်းလင်းဖော်ပြထားသည်ကို တွေ့သိရပေသည်။

ဆရာကြီး သျှင်အုန်းက ဆက်လက်ပြီး လူဦးခေါင်းနှင့် ခြင်္သေ့ကိုယ်၊ လူဦးခေါင်းနှင့် မြင်းခန္ဓာ၊ လူဦးခေါင်း၊ နတ်ဦးခေါင်း၊ ဘီလူးဦးခေါင်းတို့နှင့် ပေါင်းစပ် တွယ်ကပ်ထားသော ဟိန္ဒူနတ်ဘုရားရုပ်တုနှင့် မိန်းမတစ်ပိုင်း၊ ယောကျ်ားတစ်ပိုင်း ပေါင်းစပ် ရောနှောထားသော ရုပ်တုများကို တွေ့ရကြောင်း၊ အားလုံးကို ခြုံလိုက်လျှင် ဤသဲမိုသကရုပ်များသည် တန်ခိုးအာနိသင်ရှိသည်ဟု ရှေး(သန္တနဝမ္ဘ) သနာတနဝမ္ဘကို ကိုးကွယ်သူများက ဆိုကြောင်း စသဖြင့် ရှင်းပြဖော်ညွှန်းသွားသည်ကို တွေ့ရှိရပေသည်။

အားလုံးကိုခြုံ၍ လိုရင်းကို ဆိုရလျှင် သို့ကလို ဂုဏ်ရည်ဂုဏ်သွေးရှိသော ဗျာလရုပ်ကို ရခိုင်ဒေသ ရှေးဟောင်း အဆောက်အအုံများတွင်၊ ရှေးဟောင်း အသုံးအဆောင်များတွင် ရုပ်လုံးရုပ်ကြွ ရုပ်တုများအဖြစ် ပြုလုပ်စီမံခဲ့သည့် ပြယုဂ်များသည် တထင်တရှား ရှိနေပေသည်ဟုခြင်းပင် ဖြစ်သည်။ ထို ဗျာလရုပ်များကို ဝေသာလီခေတ် (ပုဂံခေတ်စောစောပိုင်းကာလနှင့်ခေတ်ပြိုင်) ကပင် ပေါ်ပေါက်နေပြီဟု ပြောဆိုကြသည်။ တချို့ကမူ ထိုဗျာလရုပ်များသည် ယင်းခေတ်မတိုင်မီကပင် ရှိနှင့်နေပြီးဟု စောဒကတက်နေသည်။ မည်သို့ပင်ဆိုစေ ရခိုင်ဒေသ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများရှိ တချို့သော ရှေးဟောင်း စေတီပုထိုး၊ သိမ်၊ တံတိုင်း၊ လိုဏ်ဂူ၊ နတ်ကွန်း၊ ပလ္လင်၊ တံခါး၊ မုခ်ဝ၊ မုခ်ဦး၊ နံရံများတွင် နီပါတ်တော်ဇာတ်ကွက် အခန်းဆက်နေရာများတွင် ဗျာလရုပ်များကို ရုပ်လုံး၊ ရုပ်ကြွ ရုပ်တုများအနေဖြင့် သေသပ်လှိုက်ဖက်စွာ တန်ဆာဆင်ထည့်သွင်းထားသည်ကို တွေ့ရှိရသည်က အမှန်ပင်။ ဤဗျာလရုပ်များကို မင်းနှင့်ပြည်သူတို့ အသုံးပြုသော အသုံးဆောင်များတွင်၊ အခမ်းအနားများတွင် တထဲထည်တဝါအသုံးပြုခဲ့သည့် လက္ခဏာများကိုလည်း တွေ့ရှိရသေးသည်။ နမူနာဆိုရသော် ပဗိုရ်စည်ဓောင်များ၊ မင်္ဂလာစည်တော်များ ချိတ်ဆွဲသော လက်ရန်းတိုင်များတွင် ဗျာလရုပ်များကို တန်ဆာဆင်ထားသလို နီးရာလက်ထပ်ထိမ်းမြား မင်္ဂလာဆောင်ပွဲအခမ်းအနားတွင် သတို့သား၊ သတို့သမီးတို့ မင်္ဂလာမြှောက်သောက်သုံးရသော မင်္ဂလာဆေးတံတွင်လည်း ဗျာလရုပ်များကို တန်ဆာဆင်ထည့်သွင်းကြသည်မှာ အလှအပသက်သက်တော့ ဟုတ်ဟန်တူ။

ဤသည်တို့ကို တလေးတနက် ဝေဖန်စောကြောကြည့်လျှင် နိုးရာပင်မူမှာ သိပ္ပံပညာဆိုင်ရာဘက်မှာ တန်ကျိုင်းရှိုင်း ခဲ့ညားထည်ဝါမှုကို ရှုမြင်ရသလို ဂန္ဓာရီပညာဆိုင်ရာဘက်တွင်လည်း တစ်စုံတစ်ရာ အတိုင်းအတာထိ ပါဝင်ပတ်သက်မှုများရှိနေသလားဟူသည့် သင်္ကေတနိမိတ်ပုံများကိုလည်း တွေ့မြင်ရသည်ဟု ထင်သည်။ ပသို့ပင်ဆိုစေ အထက်ကဆိုခဲ့သလိုပင် ရခိုင်နဇရုပ်ခေါ် ဗျာလရုပ်မှာ ထူးခြားသော တိရစ္ဆာန်(သတ္တဝါ)(၉)မျိုးမှ ထူးကဲသော ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုစီတို့ ပါဝင် ပေါင်းစပ်လိုက်ခြင်းဖြင့် ထူးဆန်းသော ဂုဏ်သတ္တိစွမ်းရည်များတို့ ပေါ်ထွက်စေပြီး တစ်စုံတစ်ရာ အတိုင်းအတာအထိ အကျိုးသက်ရောက်မှုများကို ရရှိစေသည် ဟူသော ယူစွဲမှုများ ဖြစ်ပေါ်စေခဲ့သည်မှာတော့ အသေအချာပင်။

ထို့ကြောင့် ဗျာလရုပ်၌ အများအားဖြင့် ပါဝင်လေ့ရှိကြသော ခြင်္သေ့၊ နဂါး၊ သမင်၊ ကျား၊ ကြွ်၊ ဆင်၊ မြင်း၊ ကြက်တူရွေး၊ ခြွေး၊ တိုး၊ စာမရီ၊ ကရဝိက်၊ ဒေါင်း၊ ငါးကြင်း၏ ထူးကဲချက်များကို ဤနေရာ၌ ရှာဖွေ စောကြောကြည့်ကြပါမည်။

ခြင်္သေ့

ရှေးရှေးကမ္ဘာဦးကာလ၌ ခြင်္သေ့ကို သားရဲတိရစ္ဆာန်တို့၏ ဘုရင်အဖြစ် တင်မြှောက်ခဲ့ကြသည် ဟု၏။ ခြင်္သေ့ငါးမျိုးရှိသည့်အနက် ခြင်္သေ့ဦးခေါင်းနှင့် လူခန္ဓာရှိသော ခြင်္သေ့မျိုးသည် ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိမှ ပေါ်ထွန်းလာသည်ဖြစ်၍ ၎င်းကိုပယ်လျှင် ကျန်လေးမျိုးထဲတွင် ကေသရသီဟခေါ် ကေသရာဇာခြင်္သေ့မျိုးသည် အမြတ်ဆုံး အထွတ်ဆုံး ဖြစ်သည်။ ရဲဝံ့သတ္တိရှိမှု၊ လုံ့လဝီရိယရှိမှု၊ တခြားသတ္တဝါများထိတ်လန့် တုန်လှုပ် ချောက်ချားသွားအောင် ဟိန်းဟောက်နိုင်မှု၊ လျင်မြန်ဖျတ်လတ်မှု၊ ခဲ့ညားထည်ဝါသော လည်ဆံမွေးရှိမှုတို့ကြောင့် ထင်ရှားသည်။ စက်ကြီး (၁၃) ပါးမန္တန်ထဲတွင် ပါဝင်သော သုံးထောင်ခန့် ဟေမဝန္တာ အာဇာစိုး လျက် သီဟစက်ဆိုသည်က တစ်စုံတစ်ခုကို ဖော်ကျူးနေသလိုပင်။ သံယုဂ်အဋ္ဌကထာလာ အာဇာနည် (၆) မျိုးထဲတွင် **သီဟာဇာနေယျ -** ခြင်္သေ့အာဇာနည်ဟု ဖော်ပြသလိုပင် ဗုဒ္ဓစက်လက္ခဏာတော် (၁၀၈) ပါးထဲတွင်လည်း **ကောဏ္ဍာ-**

www.burmeseclassic.com

www.burmeseclassic.com

ကေသရာဇာခြေသ့်မင်းဟု ပါရှိသည်။ နောက် မဟာပုရိသလက္ခဏာတော်(၃၂) ပါးထဲမှာ **သိဟ်မုပုဗ္ဗကာယ** - ခြသ့်မင်း ရှေ့ထက်ဝက်ကိုယ်ကဲ့သို့ ပြည့်ဖြိုးခဲ့ညား ကြီးမားသောကိုယ်တော်၊ **သိဟဟနု** - ခြသ့်မင်း၏မေးကဲ့သို့ မေးတော်ရှိခြင်း ဟု ခိုင်းနှိုင်းဖော်ပြခံရသကဲ့သို့ပင် လက္ခဏာတော်ငယ် (၈၀) ထဲမှာလည်း **သိဟသာမနကာမ**-ကေသရီအလားကဲ့သို့ သွား လာပုံတူခြင်းဟု နှိုင်းယှဉ်ခံရသည်ပင်ဖြစ်၏။

ဟိန္နူဗြဟ္မဏကျမ်းများအလိုအရ အာကာသဂင်္ဂနတ်ဘုရား၊ ဂဏဂင်္ဂနတ်ဘုရား၊ သီဟာနာဒနတ်၊ ဝါဂီသူရနတ်၊ ပဘာစတီနတ်သမီး၊ ဂေါရိနတ်သမီး၊ စန္ဒီနတ်သမီး၊ ဒုရ်ဂါနတ်သမီး၊ ဟေရမ္ဗနတ်တို့၏ စီးတော်ယာဉ်သည် ခြသ့်ဟု ဖော်ညွှန်းကြသည်။ ဗေဒင်ပညာအလိုအရဆိုလျှင် အရှေ့တောင်ထောင့်အရပ်ကို စိုးမိုးသော အဂ်ီဂြိဟ်မင်း၏ စီးတော်ယာဉ်သည်လည်း ခြသ့်ပင် ဖြစ်ပေသည်။

ရှေးမြန်မာမင်းတို့၏ ပလ္လင်တော်ရှစ်ခန်းတွင်ပါဝင်သော သီဟာသနပလ္လင်တော်သည် နန်းဦးပြာသာဒ်ဆောင်တွင် ထားသော ယမနေသားဖြင့် ပြုလုပ်သော ခြသ့်ရုပ်ခံပလ္လင်ပင် ဖြစ်သည်။ ပြည့်ရှင်မင်း၏ အဓိကကျသော ရာဇသင်္ကေတ နိမိတ်ပုံပင် ဖြစ်သည်။ နောက်ပြီး စေတီပုထိုး၊ ကျောင်းကန်များတွင် ခြသ့်ရုပ်ကို အစောင့်အရှောက်အဖြစ် တွေ့ရှိရသည်။ သားကောင်ကြီး၊ ငယ်မဟူ တူညီသော ဝီရိယဖြင့် ဖမ်းယူခြင်း၊ မည်မျှပင် ငတ်မွတ်စေကာမူ ခြသ့်တို့သည် မြက်ကိုမစား၊ ခြသ့်ဆီနှင့် သိဂ်္ဂလွေခွက်ဟူသော စကား စသည်များသည် ခြသ့်၏ ဂုဏ်ရည်ကို ဖော်ကျူးခြင်းပင် ဖြစ်သည်။ ခြသ့်ကို ဘုန်းသမ္ဘာ၊ ဩဇာအာဏာ၊ သူရသတ္တိ၊ လွှဲလဝီရိယတို့၏ သရုပ်အဖြစ် ဖော်ပြကြသည်။ ဗျာလရုပ်ကို စီရင်သောအခါတွင် ခြသ့်၏ ဦးခေါင်း၊ လည်ဆံမွေး၊ ခြေ၊ လက်များကို ဆီလျော်သလို ထုတ်ယူအသုံးပြုကြသည်။

နဂါး

နဂါးသည် တိရစ္ဆာန်ဇာတ်ဝင်ဖြစ်သော်လည်း ဒေဝလောကသားအဖြစ် အသိအမှတ်ပြုခံရသည်။ မူလကပင် ကမ္မဇိဒ္ဓိတန်ခိုးရှိသူဖြစ်ပြီး နဂါးပတ်ကျော့ကွင်း၊ ဂဠုန်ပြေးမန္တန်၊ အမြွေတေပတ္တမြားများကို ပိုင်ဆိုင်ထားသူများ ဖြစ်သည်။ မြင်းမိုရ်တောင်၏ အာလိန်ငါးဆင့်တွင် ပထမ အာလိန်အဆင့်မှာ နေထိုင်ရသူများ ဖြစ်သည်။ မြွေများ၏အကြီးအချုပ်ဖြစ်ကာ ဗုဒ္ဓဘုရားရှင်အား အလုပ်အကျွေး၊ ဗုဒ္ဓသာသနာတော်နှင့် ဗုဒ္ဓသာသနိကအဆောက်အအုံအစောင့်အရှောက်အဖြစ် ဖော်ပြခြင်းခံရသည်။ ဗုဒ္ဓဘုရားရှင် စက်လက္ခဏာတော် (၁၀၈) ပါးထဲတွင် **ဗာသုကိနာဂရာဇာ**- ဗာသုကီနဂါးမင်းပုံပါရှိသည့် စက်ကြီး(၁၃)ပါးမန္တန်ထဲမှာ အာခံတွင်းမှ ဝင်းဝင်းတောက်လျက် နဂါးစက်ဟုဖော်ပြခြင်းမှာ နဂါး၏ ဂုဏ်ရည်တစ်ခု လှစ်ပြခြင်းပင် ဖြစ်သည်။ သို့လိုပင် နဂါးမှန်းသိအောင် အမောက်ထောင်ပြ၊ ရောနဂါးရောပတ္တမြား၊ နဂါးတို့မျက်စောင်း အကြောင်းကြီးငယ်မရွေး ဆိုသော စကားပုံများသည် နဂါး၏ တခြားစွမ်းရည်များကို ဖော်ပြနေသလိုပင် ဖြစ်သည်။

နဂါးကို မြင်းမိုရ်တောင်အနောက်ဘက် အိုးရသော ဝိရူပက္ခနတ်မင်းကြီး၏ စီးတော်ယာဉ်အဖြစ် ဖော်ပြသလို ဗေဒင်ကျမ်းများအလိုအရ အနောက်တောင်ထောင့်အရပ်ကို အစိုးရသော စနေဂြိုဟ်မင်းကြီး၏ စီးတော်ယာဉ်အဖြစ်လည်း ဖော်ပြကြသည်။ ဟိန္နူဗြာဟ္မဏကျမ်းများ၏အလိုအရ နဂါးကို ကရစ်သူနနတ်မင်းကြီး၊ ဗိဿနိုးနတ်မင်းကြီး၏စီးတော်ယာဉ်ဟု ဆိုထားသည်။ ရှေးတုန်းက ဘုန်းကြီးသောမင်းများ မြို့ရာနန်းရာ ရွေးချယ်လျှင် သိကြားမင်းက ညွှန်ပြရပြီး နဂါးမင်းက စက်ကွင်းချပြရသလို မြို့ရာနန်းရာပန္နက်လျှင် နဂါးသည် တံမျဉ်းကြိုးအဖြစ် အသုံးတော်ခံရသည်။ နဂါးကို စေတီ၊ ပုထိုး၊ ဘုရားကျောင်းကန်များ၌ အစောင့်အရှောက်အဖြစ် ရုပ်လုံးရုပ်ကြွရုပ်တုပြုရသလို သက်ဆိုင်ရာဒေသ၏ရာသီဥတုကောင်းမွန်ရေး၊ ဆန်ရေစပါး ပေါကြွယ်ဝရေးအတွက် ဖန်ဆောင်ပေးရသည် ဟူ၏။ ဗျာလရုပ်များ စီရင်သောအခါတွင် နဂါး၏ အမောက်၊ နဂါး၏ ပါးစပ်များကို လိုအပ်သလို ထုတ်ယူ အသုံးပြုသည်ဆို၏။

သမင်

သမင်ကို ရိုးသားဖြူစင်ခြင်းနှင့် အပြစ်ကင်းစင်ခြင်းပြယုဂ်အဖြစ် ရှေးဟောင်းကျမ်းဂန်များတွင် ဖော်ပြလေ့ရှိကြသည်။ လေအဟုန်ကဲ့သို့ သွက်လက်လျင်မြန်ခြင်း၏ သင်္ကေတအဖြစ်လည်း ပုံဖော်ကြသည်။ **ဂါတာမိဂ**- လေအဟုန်ကဲ့သို့မြန်ဆန်ခြင်းဟု ဖွင့်ဆိုကြသည်။ သမင်ကို အိန္ဒိယ လေနတ်သား ဝါယု၏ စီးတော်ယာဉ်အဖြစ် ဖော်ညွှန်းကြသလို တရုတ်လေနတ်သား ဖူတန်၏ စီးတော်ယာဉ်အဖြစ်လည်း မြွက်ဆိုကြသည်။ မကာရရာသီ၏ရာသီရုပ်ကို သမင်တစ်ပိုင်း၊ မိကျောင်းတစ်ပိုင်း (၇၂) သမင်ဦးခေါင်းနှင့် မကန်းကိုယ်ဖြင့် သရုပ်ဖော်ကြသည်။ ခနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်တွင် မဟာဝေဒဗ္ဗမန္တန်ကို ရွတ်ဖတ်လျှင် ရတနာမိုးရွာတတ်သည်ဟု အများစုက ဆိုကြသော်လည်း တချို့က သမင်ဦးခေါင်းရုပ်အသွင် မိဂသိနက္ခတ်နှင့် စန်းယှဉ်ချိန်တွင် မဟာဝေဒဗ္ဗမန္တန်ကို ရွတ်ဖတ်က ရတနာမိုးရွာတတ်သည်ဟု ဆိုကြပြန်သေးသည်။

နောက်တိုက်ဆိုင်မှုတစ်ခုက ဗုဒ္ဓဘုရားရှင် တရားဦးဓမ္မစကြာဟောကြားတော်မူရာ နေရာဌာနသည် သမင်များ ဘေးမဲ့ပေးရာ မိဂဒါဝုန်တော ဖြစ်နေပေသည်။ နောက် ရှေးမြန်မာမင်းဆို့၏ ပလ္လင်တော်ရှစ်ခန်းဝင် တောင်စမုတ်ဆောင်တွင်ထားရှိသော ပလ္လင်တော်မှာ ရေသဖန်းဖြင့် ပြုလုပ်ထားသော သမင်ခံပလ္လင်ခေါ် မိဂါသနပလ္လင်ဖောတ်ပင် ဖြစ်သည်။ နောက် သမင်၏ ထူးခြားချက်တစ်ခုမှာ မျက်စိအမြင်အလွန်လျင်၊ အလွန်စူးရှကြသည်။ ဘယ်လောက်ပင်ဝေးဝေး၊ ဘယ်လောက်ပင် မြင်ကွင်းရှုပ်ထွေးရှုပ်ထွေး ရိပ်ခနဲ လှစ်ခနဲ တွေ့လိုက်ရ၊ မြင်လိုက်ရရုံမျှဖြင့် ရန်သူ၊ မိတ်ဆွေကို ခွဲခြားသိရှိနိုင်သည်ဟူ ၏။ ပြီး သမင်၏ မျက်စိသည် အလွန်လှုပ်၍ အလွန်ကြည်လင်ရွှန်းလဲ့သည် ဆို၏။ ထို့ကြောင့် ဗျာလရုပ် စီရင်သောအခါတွင် သမင်မျက်လုံးကို ရွှေချယ် အသုံးပြုကြသည်ဖြစ်၏။

ကျား

တောတောင်တို့၏ဘုရင်၊ သားရဲတိရစ္ဆာန်ဘုရင်အဖြစ် ခြသ့်ကို ဖော်ကျူးကြသော်လည်း တချို့က ကျားကိုလည်း ထိုသို့ ဖော်ပြကြသည်။ အမှန်မှာတော့ ကျားနှင့် ခြသ့်တို့သည် အမြဲတစေ ဗိုလ်လုပွဲဆင်နွှဲနေရသည်သာ ဖြစ်၏။ ဗုဒ္ဓဘုရား၏ စက်လက္ခဏာတော် (၁၀၈) ပါးထဲတွင် **ဗျဂ္ဃရာဇာ**- ကျားမင်းပုံလည်း ပါရှိပေသည်။ ဗေဒင်ပညာအလိုအရ အရှေ့အရပ်ကို စိုးမိုးသော တနင်္ဂါဂြိဟ်မင်း၏စီးတော်ယာဉ်သည်လည်း ကျားပင် ဖြစ်သည်။ ကျားကို ရဲစွမ်းသတ္တိရှိမှု၊ စွန့်စွန့်စားစား လုပ်ဆောင်မှု၊ အနိုင်ရယူရန် ကြိုးပမ်းတတ်မှု၊ အချိန်ကိုစောင့်

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်းလုပ်ဆောင်တတ်မှု၊ ဩဇာအာဏာ ကြီးမားမှု၊ စွမ်းပကားကြီးမားမှု ပြယုဂ် အဖြစ် ဖော်ညွှန်းကြ၏။ စွန့်စွန့်စားစား လုပ်ဆောင်မည့်အခါတိုင်း အားယူဟစ် အော်သည့် အာမေဍိတ်စကားမှာ 'ကျား' ဟူ၍ ဖြစ်၏။ ကျား၏ ထူးခြားချက်မှာ သားကောင်များကို ဖမ်းဆီးသည့်အခါ တွင် အချိန်ယူစောင့်ဆိုင်းခြောင်းခြောင်း ၍ အားထုတ်မှုပင် ဖြစ်သည်။ ကျား ဘယ်ဘက်လက်သည် အားအသန်ဆုံး ဖြစ်ပြီး တစ်ချက်ပုတ်ရုံမျှပင် သားကောင် ငယ်လေးများ ကျိုးကြေတတ်၏။ ကျား သွား၊ ကျားစွယ်သည် အလွန်ထက်မြက် တတ်ပြီး ကျားစွယ်ကို သရဲတစ္ဆေများ အလွန် ကြောက်ရွံ့သည် ဟူ၏။ ဗျာလ ရုပ် စီရင်သည့်အခါတွင် ကျားစွယ်၊ ကျားသွားများကို ရွေးချယ်ထည့်သွင်း အသုံးပြုတတ်သည် ဖြစ်၏။

ကြံ့

ကြံ့သည် နှာတံထက်တွင် ဦးချို တစ်ချောင်းပေါက်၊ အရေထူထဲ၍ လေး လံ ထိုင်မှိုင်းသယောင် ရှိသော်လည်း တကယ့်အရေးကြုံလျှင် သွက်လက်ဖျတ် လတ် လျင်မြန်လျက် ခွန်အားကြီးမား သော ခြေလေးချောင်းသတ္တဝါမျိုး ဖြစ် သည်။ ရန်သူကို တိုက်ခိုက်ရာတွင် ကြီး မားသော ခွန်အားဖြင့် ရန်သူကို တစ်ရှိန်ထိုး လျင်မြန် သွက်လက်စွာ တရစပ် တိုက်ခိုက်တတ်သဖြင့် ကျား၊ ခြင်္သေ့၊ ဆင်များပင် တပ်လန်ထွက်ပြေးရခြင်း၊ အရှုံးနှင့်ရင်ဆိုင်ရခြင်းများရှိရသည်။ သို့ သော် ကြံ့များသည် စတင် ရန်လိုတိုက် ခိုက်တတ်ခြင်းမရှိဘဲ မိမိကို တရားလွန် ဖိအားပေး ရန်မူလာမှ တိုက်ခိုက်တတ်သူ ဖြစ်သည်။ ကြံ့၏ တစ်ချောင်းတည်း သောဦးချိုကို အစွဲပြု၍ တောထဲတွင် တစ်ပါးတည်း တရားဘဝနာ ကျင့်ကြံ အားထုတ်နေသော ရသေ့ရဟန်းများဖြင့် ခိုင်းနှိုင်းခြင်းခံရလေ့ ရှိသည်။ ထို့ကြောင့် ကြံ့ကို ရန်မလိုတတ်ခြင်း၊ ငြိမ်းချမ်းခြင်း ကို လိုလားခြင်း၊ အနိုင်မကျင့်တတ်ခြင်း၊ တရားသဖြင့် ခုခံကာကွယ်တတ်ခြင်း ပြယုဂ်အဖြစ် ဖော်ဆောင်ကြလေသည်။ နောက် အရေးကြီးသော အချက်တစ်ခု မှာ ရှေ့စစ်သည်ရဲမက်များသည် ရန်သူ ၏ ဓား၊ လံ့၊ မြားလက်နက်များကို ကာ ကွယ်ရန်နှင့် အနီးကပ် တုံ့ပြန်တိုက်ခိုက် မှုများပြုရန်အတွက် ထူထဲသော ကြံ့ သားရေများဖြင့် ပြုလုပ်သော ဒိုင်း၊ ကာ၊ လွှားများကို အသုံးပြုခဲ့ကြခြင်းပင် ဖြစ် ၏။ ဗျာလရုပ် စီရင်သောအခါမှာ ကြံ့ချို၊ ကြံ့စွယ်များကို လိုအပ်သဖို့ ထည့်သွင်း အသုံးပြုလေ့ရှိကြသည်။

ဆင်

ဆင်သည် ရှေးမင်း၏ မရှိမဖြစ် စီးတော်ယာဉ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ ရသည်။ စကြာမင်း၏ စကြာရတနာ ခုနစ်ပါးထဲတွင် ဆင်ပျံရတနာသည် လည်း တစ်ပါးအပါအဝင် ဖြစ်ခဲ့သည်။ ရှေးမင်းတို့၏ စစ်အင်္ဂါ (၄) ပါးထဲတွင် ဆင်တပ်သည်လည်း တစ်ပါးအပါအဝင် ဖြစ်ခဲ့သည်။ ဆင်(၁၀)မျိုးထဲတွင် ဥပေ သထဆင်မျိုးနှင့် ဆဒ္ဒန်ဆင်မျိုးတို့သည် မြေလျိုးမိုးပျံနိုင်သော ကမ္ဘဏ္ဍိတန်ခိုးရှင် ဖြစ်ပြီး သိဒ္ဓိဝင်အမြတေမများ ပိုင်ဆိုင် တတ်သည်။ သဲယုတ် အဋ္ဌကထာလာ အာဏာနည်း(၆)ပါးထဲတွင် ဟတ္ထိအာဏာ နည်းသည် ဆင်အာဏာနည်းကို ဆိုလိုခြင်း ဖြစ်ပြီး လေးခန်း ဗုဒ္ဓဝင်၌ ဆင်မင်းလည်း တစ်ခန်း ပါဝင်သည်။ ဗုဒ္ဓဘုရားရှင်၏ စက်လက္ခဏာတော် (၁၀၈) ကွက်ထဲမှာ ဥပေါသထ၊ ဆဒ္ဒန်ဆင်မင်းပုံ၊ ဧရာဝဏ် ဆင်မင်းပုံတို့ ပါရှိသည်။ လက္ခဏာတော် (၈၀) ထဲတွင် ဆဒ္ဒန်ဆင်မင်းသွားခြင်း ကဲ့သို့သွားခြင်း၊ ဆင်နှာမောင်းကဲ့သို့ သွယ်ပျောင်းချောပြေသောပေါင်, လက် ရုံးရှိခြင်းဟု ဖော်ပြထားသည်ကို တွေ့ရှိရ သည်။ အန္တရာယ်မပြုနိုင်သောဖြစ်တော် ပေါင်း (၁၃၆)ဘဝထဲတွင် ဆင်(၁၁)ဘဝ ပါရှိသည်။ ရှေးမင်းတို့၏ ပလ္လင်တော်ရှစ် ခန်းထဲ ၊ ဗြဟ္မာတော်အဆောင်တွင် ထားရှိသော ပလ္လင်တော်သည် စံကား နှင့်ပြုလုပ်ပြီး ဆင်ရုပ်ခံသော ဂဇာသန ပလ္လင်တော် ပါဝင်သည်။ ရှေးကျမ်းဂန် များတွင် သိကြားမင်း၏စီးတော်ယာဉ် ကို ဦးခေါင်း (၃၃) လုံးပါသော ဧရာဝဏ် ဆင်ဟု ဆိုကြသလို ဗေဒင်ပညာကျမ်း ဂန်များထဲ၌ တောင်ဘက်အရပ်ကို စိုးမိုး သော ဗုဒ္ဓဟူးဂြိုဟ်မင်းသည် စွယ်စုံကို စီးတော်ယာဉ်အဖြစ် အသုံးပြုပြီး အ နောက်မြောက်ဘက်အရပ်ကိုစိုးမိုးသော ရာဟုဂြိုဟ်မင်းသည် ဟိုင်းဆင်ကို စီး တော်ယာဉ်အဖြစ် အသုံးပြုသည်ဟု ဆို ၏။ ဗြာဟ္မဏကျမ်းဂန်များ အလိုအရ ဂ္ဂန္ဒန္ဒနတ်မင်း၊ ဗလကန္ဒနတ်မင်း၊ မာရ် နတ်မင်း၊ ဥတေနနတ်မင်းတို့၏ စီးတော် ယာဉ်မှာ ဖော်ပြကြသည်။ လိုရင်းဆိုရ လျှင် ဆင်ကို တန်ခိုးအာဏာ၊ ဘုန်း သမ္ဘာ၊ ဩဇာတိက္ကမကြီးမားမှု၊ စစ်အင် အားကြီးမားမှု၊ ဘုရင်မင်းမြတ် ဟူသော သင်္ကေတနိမိတ်များကို ဖော်ညွှန်းနေ သည် ဆို၏။ ဗျာလရုပ် စီရင်သောအခါ တွင် ဆင်နှာမောင်း၊ ဆင်နှာရွှက်များကို ထည့်သွင်း အသုံးပြုလေ့ ရှိကြပေသည်။

မြင်း

ရှေးမင်းတို့၏ မဖြစ်မနေ လိုအပ် သော စီးတော်ယာဉ်တစ်မျိုးမှာ မြင်းဖြစ် သလို စစ်အင်္ဂါလေးပါးထဲတွင် မြင်းတပ် အပါအဝင်ဖြစ်သည်။ ရှေးစကြာမင်းတို့ ၏စကြာရတနာခုနစ်ပါးထဲ မြင်းပျံလည်း ပါဝင်သည်။ သဲယုတ် အဋ္ဌကထာလာ အာဏာနည်း (၆) မျိုးထဲဝယ် **အဿာဝါ နေယျ**- မြင်းအာဏာနည်းဟု ပါဝင်ပြီး ဗုဒ္ဓ ဝင်လေးခန်းတွင် မြင်းလည်းတစ်ခန်းပါ ဝင်သည်။ ရှေးမြင်းကျမ်းများလာ မြင်း (၁၀) ပါးထဲတွင် အာကာသဘိန္နမျိုးကို ကောင်းကင်ခွဲမျိုး၊ ဝလာဟကမျိုးကို တိမ် တိုက်ပျံမျိုးဟု ထူးထူးခြားခြား ဖော်ပြ ထားသည်ကို တွေ့ရှိရသည်။ တချို့ လောကီကျမ်းများတွင် သိန္ဓဝမြင်း၊ ဝေ လာဟကမြင်း၊ အာကာသဘိန္နမြင်း၊ ဝလာဟမြင်း၊ သုဝဏ္ဏသာမမြင်းတို့ သည် သိဒ္ဓိဝင် အမြတေများ ပိုင်ဆိုင် တတ်ပြီး မြေလျိုးမိုးပျံနိုင်သော ကမ္ဘဏ္ဍိ တန်ခိုးကို ရရှိနေတတ်သည် ဟူ၏။ နောက်မှတ်သားစရာတစ်ခုမှာ အာဏာ နည်းမြင်းမနှင့် မြည်းထီးမှ မွေးသော အဿတိုရ်မြင်းတို့သည် အလွန်အရည် အသွေးကောင်းသော စံတော်ဝင် မြင်း ကောင်းများ ဖြစ်ကြသည် ဟူ၏။ ထို့ပြင် ဗုဒ္ဓစက်လက္ခဏာတော် (၁၀၈) ပါးထဲ မှာ ဝါဋဟကမြင်းပျံပါရှိသလို အန္တရာယ် မပြုနိုင်သော ဖြစ်တော်ပေါင်း (၁၃၆) ဘဝတွင် မြင်းတစ်ဘဝ ပါရှိသည် ဆို၏။ ဟိန္ဒူဗြာဟ္မဏကျမ်းထဲတွင် သူရိယနတ် မင်းကြီး၊ အာဒိကျနတ်မင်းကြီး၊ ဂ္ဂန္ဒန နတ်မင်းကြီးတို့၏ စီးတော်ယာဉ်သည် မြင်းက,သော ရထားများဟု ဖော်ပြကြ သည်။

မြင်း၏ ထူးခြားချက် တစ်ခုမှာ အကြားအာရုံ အလွန်ထက်မြက်ခြင်းပင် ဖြစ်သည်။ ဘယ်လောက်ပင် ဝေးလံသော နေရာမှ အသံများဖြစ်စေ၊ ဘယ်လောက် ပင် တိုးညင်းသောအသံဖြစ်စေ မြင်းတို့ ကြားနိုင်သည် ဟူ၏။ ရန်သူအသံ၊ မိတ် ဆွေအသံကို ခွဲခြားနိုင်သည်၊ မိမိသခင် ၏အသံကို မှတ်မိနိုင်သည် ဟူ၏။ ဗျာ လရုပ် အစီအရင်ပြုသည့်အခါတွင် မြင်း နားရွက်ကို ရွေးချယ် အသုံးပြုသည်က ထူးခြားမှုတစ်ခုပင် ဖြစ်သည်။

ကြက်တူရွေး (ကျေး)

စေတီ၊ ပုထိုး၊ သိမ်၊ ကျောင်း အပါ အဝင် ရှေးအဆောက်အအုံများတွင် ရာဇ ပလ္လင်၊ သလွန်၊ ညောင်စောင်းများတွင် ကြက်တူရွေးငှက်၏ အစိတ်အပိုင်းတစ် ခုခု ပါဝင်နေသည်က ထူးခြားမှုတစ်ခု

www.burmeseclassic.com

ပင်။ ရှေးပြောဟူဏကျမ်းအလိုအရ ရာဇပလ္လင်တွင် ကျေးတွေ ဟူသော အစိတ်အပိုင်းတစ်ခု မဖြစ်မနေ ထည့်သွင်းပေးရသည် ဟူ၏။ အန္တရာယ်ပြုမခံရသော ဖြစ်တော်ပေါင်း (၁၃၆) ဘဝတွင် ကျေးမင်း (၃) ဘဝ ပါရှိသည် ဖြစ်၏။ စေတီပုထိုး၏ထီးတော် ငှက်မြတ်နားတွင် ပါဝင်သော ဟင်းလင်းကြက်ကျေး ဟူသော ဟသ်ငှက်၊ လင်းမြီးဆွဲငှက်၊ ကြက်ဖငှက်၊ ကျေးငှက် ဆိုထားရာ ကျေးခေါ်ကြက်တူရွေးလည်း အပါအဝင်ဖြစ်သည်။ နောက်ဇာတိတတ္ထဗေဒင်ကျမ်း၏ကျက်သရေမင်္ဂလာရှိသောအိမ်မွေးငှက်လေးပါး ဖြစ်သော-

၁။ ပါတထာ-အိမ်ခိုငှက် (သဒ္ဒော်ခိုငှက်)
၂။ မယူရ-ဥဒေါင်းငှက်
၃။ သုက-ကြက်တူရွေး
၄။ သာရိက-သာလိကာငှက်

ဟူ၍ ရှိရာ ကြက်တူရွေးသည်လည်း မင်္ဂလာကျက်သရေဆောင်ငှက်မျိုးပင် မဟုတ်ပါလား။

ပိဋကတ်တော်ထဲတွင် ကြက်တူရွေးကို ကတိသစ္စာကို စောင့်ထိန်းခြင်း၊ ထောက်လှမ်း စူးစမ်းနိုင်ခြင်း၊ စကား အပြောအဆိုကောင်းသော သံတမန်လောင်းဖြစ်ခြင်း ဆိုသော ပြယုဂ်ကို ဖော်ကျူးထားသည်ကို တွေ့ရှိရသည်။ ပသုဘုဒ္ဓိဇာတ်တော်၌ ဘယ်လို အကြောင်းနှင့်မှ မြီခိုရင်းသပြေကို စွန့်ခွာမသွားသော ကျေးမင်း၊ မဟောသဓဇာတ်တော်ထဲမှာ ရန်သူ၏ လျှို့ဝှက်ချက်ကို မရမက ထောက်လှမ်းရယူပြီး ရန်သူနှင့် စေ့စပ်စကားဆိုတတ်သော ကျေးငှက်၊ အမ္မန္တရဇာတ်တော်တွင် ကုမ္ဘဏ်တစ်ထောင် စောင့်ရှောက်ပြီး သံကွန်ချာခုနစ်ထပ် ဖုံးအုပ်ထားသော အမ္မန္တရသရက်ပင်မှ အမ္မန္တရသရက်သီး ရရှိအောင် စကားပြောဆို ရယူခဲ့သော ကျေးငှက်တို့သည် ထူးခြားသော နိမိတ်ပုံများပင် ဖြစ်သည်။

ရှေးစာဆိုရှင်များက ကြက်တူရွေးကို အချစ်ရေးစေတမန်အဖြစ် ရည်ကာ ကျေးစေရတုများ ရေးသားခဲ့ကြသည်။ ဟိန္ဒူပြာဟူဏကျမ်းများတွင် ကြက်တူရွေးကို ဖူးစာရေးနတ်၊ မစ္ဆကရနတ်တို့၏ စီးတော်ယာဉ်အဖြစ် ဖော်ပြကြသည်။ တရုတ်တို့ကမူ ကွမ်ရင်မယ်တော်အနီး ဝယ် ကြက်တူရွေးကို ပုလဲလုံးကိုက်ခို လျက်ဖော်ပြကြသည်။ အရေးကြီးသော အချက်တစ်ခုမှာ ကြက်တူရွေးတို့သည် လူစကားကို တုပမြောဆိုနိုင်ခြင်းပင် ဖြစ်သည်။ ဗျာလရုပ်ကို စီရင်သောအခါ တွင် ကြက်တူရွေးလျှာကို ထည့်သွင်း ကြသည်က တိုက်ဆိုင်မှုသက်သက်တော့ ဟုတ်ဟန်မတူ။

ခြင်္သေ့

ဟိမဝန္တာတွင် နေထိုင်သော သိုးငယ်၊ ဆိတ်ငယ်ပမာ သတ္တဝါမျိုးဟု ဆိုသည်။ အမွေးအမှင်များ ထူထပ်ရှည်လျားလျက် ခြင်္သေ့နွယ်ခြင်္သေ့ခက်များ ခြယ်သထားသည့်အသွင်ရှိသဖြင့် အလွန်ချစ်စနိုးဖွယ်ရာရှိသည် ဆို၏။ သွားလာလှုပ်ရှားတိုင်း အမွေးအမှင်ချင်း ရိုက်ခတ်သံများသည် ဆည်းလည်းသံ၊ ချွဲသံများလို ငြိမ့်ငြိမ့်ညောင်းညောင်းအသံများ ထွက်ပေါ် တတ်သည် ဟူ၏။ ဤခြင်္သေ့ဆတ္တဝါများ၏အမွေးအမှင်များ ဖြစ်တည်ပုံကို ကြည့်၍ ပန်းချီ၊ ပန်းပု၊ ပန်းတဲ့၊ ပန်းထိမ်ပညာများ၊ ခြင်္သေ့ပန်းခြင်္သေ့နွယ် ခြင်္သေ့ခက်များ ပေါ် ပေါက်လာသည်ဆို၏။ စေတီ၊ ပုထိုး၊ ကျောင်း၊ သိမ်၊ ဓမ္မာန်းတော် အပါအဝင် ရှေးဟောင်း အဆောက်အအုံများတွင် ပလွင်၊ သလွန်၊ ညောင်စောင်းများ၌ ခြင်္သေ့နွယ်ခြင်္သေ့ခက်များ၊ ခြင်္သေ့ကောင်များကို ထည့်သွင်း အသုံးပြုကြသည် ဟူ၏။ ပရိဘောဂအသုံးအဆောင်တို့တွင်လည်း ထိုသို့ဆို၏။ ရှေးခေတ်သုံး ဒဂုံးပြားများတွင် တန်ဖိုး အနည်းဆုံး ကြေးပြားမှာ ခြင်္သေ့ပုံများခတ်နှိပ်ထားလေ့ရှိသည် ဟူ၏။ ငင်းကို ခြင်္သေ့ပြားဟု ခေါ်လေ့ရှိသည်။ မှတ်သားစရာက ခြင်္သေ့ကို မင်္ဂလာရှိခြင်း၊ ကံကောင်းခြင်း၊ လာဘ်လာဘပေါ်ကြွယ်ခြင်း၊ ရန်မလိုတတ်ခြင်း၊ အပြစ်ကင်းစင်ခြင်း၊ ရိုးသားဖြူစင်ခြင်း၏ သင်္ကေတနိမိတ်အဖြစ် ယူစွဲကြသည် ဟူ၏။ ဗျာလရုပ် စီရင်သောအခါတွင် ခြင်္သေ့ကိုယ်၊ ခြင်္သေ့ခြေ၊ ခြင်္သေ့လက်များကို ထည့်သွင်း အသုံးပြုကြသည်မှာ သတိပြုစရာပင်။

တိုး

ဟိဝမန္တာမှာသာ ရှားရှားပါးပါး တွေ့ရှိရတတ်သော သမင်ငယ်၊ သမင်ပေါက်လို သတ္တဝါတစ်မျိုးကို ဆို၏။ ခြင်္သေ့သတ္တဝါလို အမွေးအမှင် ရည်လျားပြီး ငင်းအမွေးအမှင်ကြောင့် ချစ်စနိုးဖွယ်ပြီး ရုပ်အသွင်၊ အပြုအမူကလည်း ချစ်စရာကောင်းသည်ဟူ၏။ ရှေးအဆောက်အအုံများ၊ ပရိဘောဂ အသုံးအဆောင်များတွင် ထိုသတ္တဝါ အသွင်အပြင်များကို ထည့်သွင်း အသုံးပြုတတ်သည်။ ရှေးမင်္ဂလာရှိသော အခမ်းအနား ပွဲလမ်းသဘင်များမှာ တိုးအကကို ထည့်သွင်းဖြေဖျော်လေ့ရှိသည် ဆိုသည်။ တိုးကို အပြစ်ကင်းစင်ခြင်း၊ ရိုးစင်းခြင်း၊ မင်္ဂလာရှိခြင်း၊ လာဘ်လာဘကောင်းခြင်း၊ ပျော်ရွှင်ကြည်နူးခြင်း၏ နိမိတ်ပုံအဖြစ် မှတ်ယူကြသည်။ တိုးကို တိုးနဂါး ဟုလည်း ခေါ်ကြသည်။ ဗျာလရုပ်စီရင်သောအခါတွင် တိုး၏ခန္ဓာကိုယ်ကိုထည့်သွင်းလေ့ရှိသည်။

စာမရီ

စာမရီကို သားကောင်ဟု ပြောကြသလို ငှက်ဟု ဆိုကြသူများလည်း ရှိသည်။ သူများ အန္တရာယ်ပြု၍ ဘေးမဖြစ်နိုင်သော ဖြစ်တော်ပေါင်း (၁၃၆) ဘဝတွင် စာမရီ(၁၅)ဘဝ ပါရှိသည်ဖြစ်၏။ ဗုဒ္ဓ၏စက်လက္ခဏာတော်(၁၀၈)ပါး ထဲ၀ယ် စာမရီဟတ္ထ စာမရီသားမြီးယပ်ပုံ ပါရှိသည်။ ရှေးဘုရင်တို့၏ မင်းမြွှောက်တန်ဆာငါးပါးထဲမှာ-

၁။ သန်လျက်
၂။ ထီးဖြူ
၃။ သင်းကျစ်
၄။ ခြေနင်း
၅။ သားမြီးယပ်ဟု ပါရှိရာ သားမြီးယပ်သည် စာမရီအမြီးဖြင့် ပြုလုပ်ထားသည် ဆို၏။ အမွေးအမှင်တစ်ပင်မျှ မကျွတ်ရအောင် အသက်စွန့် ခုခံကာကွယ်တတ်သော စာမရီ၏ စွမ်းရည်ကို အတုယူရန်အတွက်၊ ကျက်သရေမင်္ဂလာ အပေါင်းတို့ကို ဆောင်ယူရန်အတွက် ထိုသို့ စာမရီအမြီးသားမြီးယပ်ကို ပြုကြသည် ဟူ၏။

ပါဠိအဘိဓာန်ထဲတွင် စာမရီကို အောင်းဟု ဖွင့်ကြသည်။ မြန်မာစာ အဘိဓာန်ထဲမှာ အာရှအလယ်ပိုင်းကုန်းမြင့်ဒေသတို့တွင် ဝန်တင်တိရစ္ဆာန်အဖြစ် အသုံးပြုသော မွေးရည်နွားတစ်မျိုးဟု ပြဆိုထားသည်။ တချို့က ယက် ခေါ် နွားတစ်မျိုးဟု ပြဆိုသည်။ နွားဦးခေါင်း၊ မြင်းမြီး၊ ကျဲရိုင်းကိုယ်၊ ဆိတ်မွေး၊ နွားချို၊ ဝက်နှာခေါင်းတို့ ပေါင်းဖက်ထားသော အလွန်သတ္တိကောင်းသော အမွေးရှည်နွားတစ်မျိုးဟု ဆိုကြပြန်သည်။ လေးလေးပင်ပင် ထုံထုံထိုင်းထိုင်းဟု ထင်ရသော်လည်း အလွန်သွက်လက်လျင်မြန်ပြီး တိုက်ရည်ခိုက်ရည် အလွန်ကောင်းသည် ဆို၏။ မိမိကိုထိခိုက်လျှင် မနစ်နာ မဆုံးရှုံးရအောင် ခုခံကာကွယ်တတ်သည် ဟူ၏။

စာမရီကို ငှက်ဟု ယူဆကြသူများကလည်း အရောင်အဆင်း အလွန်လှပသည်။ မျက်လုံး ကြည်လင်တောက်ပသည်။ ဥဒေါင်းကဲ့သို့ အမွေးအမှင်များ ပြီးလျက် အမောက်ပါရှိသည်။ အမြီးမှာ ရှေးခေတ် အောင်လံကဲ့သို့ ကြက်လျှာကဲ့သို့ နှစ်ခွဖြစ်ကာ တစ်ဖက်တစ်ချက်မှာ ဘူးငယ်ကဲ့သို့ အမျှင်ငယ်အတိုပြီးလောက်

www.burmeseclassic.com

စူးပန်းသီးအသွင် အသီးငယ်နှစ်လုံးတွဲလဲပါရှိသည်။ အမြီးရင်းတွင် ပေါက်ရောက်သော အမျှင်တို့မှာ အမျိုးမျိုးသောအရောင်တို့ဖြင့် အသွယ်သွယ်ကျဆင်းနေသည်။ ကြက်ဖတို့၏ အမြီးခေါင်းနှင့် အလားတူသည်။ နှုတ်သီးမှာ ဥဒေါင်း၏နှုတ်သီးအသွင်တူသည်။ နှုတ်သီးနှင့်မျက်လုံးကြားထဲဝယ် အရောင်အမျိုးမျိုးရှိသော အမျှင်ငယ်များ တွဲလွဲကျနေသည်။ ၎င်းကို တချို့က လင်းမြီးဆွဲဌက်ဟု ထင်ကြသည်။ ရခိုင်ဒေသတချို့တွင် ဝေဖလီဌက်ဟု ခေါ်ကြသည်ဟု ဖွင့်ဆိုကြသည်။

သိမ်ဖြူဆရာတော်၏ သရုပ်ပြဆေးအဘိဓာန်ထဲတွင် စာမရီကို ဌက်အဖြစ် ဖော်ပြထားသည်။ ရှေးမင်းတို့က ကရဝိက်ဖောင်၊ ပဥ္စရုပ်ဖောင်၊ နဝရုပ်ဖောင်လို စာမရီကို ဖောင်ပြုလျက်အသုံးပြုကြသည်။ မည်သို့ပင်ဆိုစေ စာမရီကို သူရသတ္တိရှိမှု၊ ခုခံကာကွယ်တတ်မှု၊ စွန့်စားတတ်၊ စွန့်လွှတ်တတ်မှု၊ စောင့်ရှောက်ထိန်းသိမ်းတတ်မှု၏ပြယုဂ်အဖြစ် ဖော်ညွှန်းတတ်သည်။ ဗျာလရုပ် စီရင်သောအခါတွင် စာမရီအမြီးကို ထည့်သွင်း အသုံးပြုတတ်သည်။

ကရဝိက်

ကရဝိက်ဌက်ကို ဟိမဝန္တာတောဠသာ တွေ့ရတတ်ပြီး ခြင်္သေ့လည်ဆံမွေးလို လည်ဆံမွေးများ ရှိတတ်ကာ ယင်းတို့သည် ခြောက်ပါးသောအရောင်တို့ဖြင့် ပြိုးပြက်လင်းလက်နေတတ်သည်ဟူ၏။ နောက်အဓိကကျသော ထူးခြားချက်ကတော့ ကရဝိက်ဌက်၏မြည်ကြွေးသံသည် အလွန်တရာ နားဝင်ပီယံ ချို့မြိန်သဖြင့် တစ်ကြိမ်တည်း ကြားရုံမျှဖြင့် နားမထောင်ဘဲမနေနိုင်လောက်အောင် မိန်းမော ခံစားသွားရသည် ဟူ၏။ ကရဝိက်ဌက်၏ မြည်သံကို ဗုဒ္ဓဘုရားရှင်၏ အသံတော်နှင့် ခိုင်းနှိုင်းဖော်ပြတတ်ကြသည် ဖြစ်၏။

ရှေးဟောင်း ကျမ်းဂန်များတွင် ကရဝိက်ဌက် တွန်ကျူးမြည်သံကို ကြားရလျှင် ကြားရသော်ဘဲ သတ္တဝါတိုင်းသည် သေရည်မူးသလို မိန်းမောသွားတတ်ပြီး ကရဝိက်ဌက်၏ တွန်ကျူးမြည်သံကို ဆက်လက် နားထောင်ချင်မိသွားတတ်သည် ဟူ၏။ သားကောင် လိုက်ဖမ်းနေသော သားရဲကောင်တို့သည် လည်းကောင်း၊ အသက်ဘေးမှ လွတ်မြောက်အောင် ပြေးလွှားနေသော သားကောင်တို့သည် လည်းကောင်း မိမိဆက်လက် လိုက်ဖမ်းရမည်ကို၊ မိမိ ဆက်လက်ပြေးလွှားရမည်ကို ဂရုမပြုနိုင်ဘဲ ကရဝိက်ဌက်သံကို ဆက်လက်နားထောင်မိတတ်သည် ဟူ၏။ ကောင်းကင်ထက် ပျံသန်းနေသောဇက်တို့သည်လည်း ဆက်လက် မပျံသန်းမိဘဲ၊ ရေထဲ ကူးခပ်နေသော ငါးတို့သည်လည်း ဆက်လက် မကူးခပ်မိဘဲ ကရဝိက်ဌက်မြည်သံကိုသာ နားစိုက်ထောင်မိသည် ဟူ၏။

(၁၀၈)ကွက်ဗုဒ္ဓစက်လက္ခဏာထဲမှာ ကရဝိက်ဌက်မင်းပုံ ပါရှိသလို သူတစ်ပါး ဘေးအန္တရာယ်မပြုနိုင်သော ဖြစ်တော်ပေါင်း (၁၃၆) ဘဝထဲတွင် ကရဝိက်ဌက် (၅) ဘဝ ပါရှိသည် ဟူ၏။ ရှေးမင်းတို့သည် ကရဝိက်ဖောင်တော်ကို အသုံးပြုခဲ့သလို ကရဝိက်ရုပ်ခံ အသုံးအဆောင်များကို အသုံးပြုခဲ့သည် ဖြစ်၏။ စေတီ၊ ပုထိုးများ ထီးတော်တင်သော အခါတွင် ကရဝိက်ရထားပျံကို အသုံးပြုခဲ့ကြသည်။ ဟိန္နျူဘာဟ္မဏကျမ်းများတွင် ရေနတ်မင်းကြီး၏ စီးတော်ယာဉ်ကို ကရဝိက်ဌက်ဟု သရုပ်ပြကြသည်။

ကရဝိက်ဌက်ကို အသံချို့မြိန်ခြင်း၊ ဘေးရန်ကင်းဝေးခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ ရန်သတ္တုရူကင်းမဲ့ခြင်း၏သရုပ်အဖြစ် ဖော်ပြကြသည်။ ဗျာလရုပ်များစီရင်သောအခါတွင် ကရဝိက်ဌက်၏လည်ဆံမွေးကို ထည့်သွင်း အသုံးပြုတတ်၏။

ဒေါင်း

ကမ္ဘာဦးကာလက ဒေါင်း ခေါ် ဥဒေါင်းဌက်ကို ဌက်တို့၏ ဘုရင်အဖြစ် တင်မြှောက်ကြသည် ဟူ၏။ မူကွဲတစ်ခုမှာ ဟင်္သာဌက်ဟု ဆို၏။ ဇောတိတတ္ထဇေဒင်ကျမ်းလာ မင်္ဂလာရှိသောအိမ်မွေးတိရစ္ဆာန်လေးပါးထဲတွင် ဥဒေါင်းခေါ် ဒေါင်းဌက်လည်း ပါဝင်သည် ဖြစ်၏။ စန္ဒလဝန်းတွင် ယုန်ရုပ်ရှိသည်ဟု ယုံမှတ်ကြသလို သူရိယနေဝန်းတွင်လည်း ဒေါင်းရုပ်ရှိသည်ဟု မှတ်ယူကြသည်။ ဗုဒ္ဓစက်လက္ခဏာတော်(၁၀၈)ပါးထဲတွင် ဥဒေါင်းမြီးယပ်ပုံ၊ ရွှေဥဒေါင်းမင်းပုံများ ပါရှိသည်။ သူတစ်ပါးအန္တရာယ်မပြုနိုင်သော ဖြစ်တော်ပေါင်း (၁၃၆) ဘဝတွင် ဥဒေါင်းမင်းဘဝ (၂)ဘဝပါရှိလေသည်။ ဘုရားလောင်း ရွှေဥဒေါင်းမင်းကို အကြောင်းပြု၍ မောရပရိတ်တော် ပေါ်ပေါက်လာသည် ဟူ၏။

ရှေးမင်းတို့ ပလ္လင်တော်ရှစ်ခန်းထဲတွင် မြောက်စမုတ်ဆောင်တွင် ထားသော ပေါက်သားကို ပြုလုပ်သည့် ဥဒေါင်းရုပ်ခံပလ္လင်ခေါ် မာရုယသုနပလ္လင်တော်ပါဝင်သည် ဆို၏။ မင်းခမ်းမင်းနားများ၊ ဘာသာရေး အခမ်းအနားတို့တွင် ရွှေဥဒေါင်းဖောင်တော်၊ ရွှေဥဒေါင်းရထားပျံများကို အသုံးပြုလေ့ရှိသည် ဟူ၏။

တစ်ခါ ဥဒေါင်းရုပ်ပါသော မောရသန၊ မယူယာသန၊ မယူရဝါဟနပလ္လင်များကို ထုလုပ်ကြပြီး ရာဇပလ္လင်များ၊ ဘုရား, ရဟန္တာတို့၏ ပလ္လင်များအဖြစ် အသုံးပြုခဲ့ကြသည် ဟူ၏။ စေတီ၊ ပုထိုး အပါအဝင် ရှေးအဆောက်အအုံများတွင် ပလ္လင်တံကဲ့ အပါအဝင် ပရိဘောဂ အသုံးအဆောင်များတွင် ဥဒေါင်းဌက်၏ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခု မဟုတ်တစ်ခု ပါရှိနေတတ်သည် ဆို၏။

ဟိန္နျူဘာဟ္မဏကျမ်းဂန်များ၊ မဟာယနကျမ်းဂန်များတွင် အမိတာဘာ ဘုရားလောင်း၊ ဝဇီရဓမ္မဘုရားလောင်း၊ နတ်စစ်ဘုရင်ကိတ္တိကေယျ၊ သုဇြဟ္မာနတ်မင်း၊ ဂ္ဂန္ဓိနတ်မင်းတို့၏ စီးတော်ယာဉ်သည် ဥဒေါင်းဌက်ဖော် ဖော်ပြကြသည်။ နောက်ပြီး သူရဿတီဒေဝီနတ်သမီး၏ အချစ်တော်သည် ဥဒေါင်းဟုလည်း ဆိုကြပြန်သည်။ ဥဒေါင်းဌက်သည် ကျားများ၊ မြွေ လာလျှင် သတိပေးတတ်ရုံသာမက မိုးကြိုးရွာမည် ဆိုလျှင် သတိပေးတတ်သည်ဟူ၏။ နောက်ပြီး ဥဒေါင်းဌက်သည် မကောင်းမိစ္ဆာများကို မောင်းနှင်တတ်ပြီး မင်္ဂလာအပေါင်းကို ယူဆောင်တတ်သည်ဟုယူကြပြန်သေးသည်။

မှတ်သားစရာတစ်ခုက မြန်မာ့ယဉ်ကျေးမှုဓလေ့တစ်ခုတွင် ဘီလူးမများကို ဒေါင်းမြီးများကို ကိုင်စွဲလျက် ဖော်ပြတတ်ကြခြင်းပင် ဖြစ်သည်။ ထူးခြားချက်တစ်ခုက ဥဒေါင်းဌက်ကို စစ်မက်ရေးရာ၊ အတိုက်အခံ အပြိုင်အဆိုင် ရေးရာ၊ ငြိမ်းချမ်းသာယာဝပြောမှု၊ ဗျော်ရွှင်ချမ်းမြေ့မှု၊ မင်္ဂလာကျက်သရေနှင့် ပြည့်စုံမှု၊ အသိပညာကြွယ်ဝမှုပြယုဂ် အဖြစ် ဖော်ဆောင်မှုပင် ဖြစ်သည်။ ဗျာလရုပ် စီရင်သောအခါတွင် ဒေါင်းမြီးကို ထည့်သွင်း စီရင်တတ်သည် ဖြစ်၏။

ငါးကြင်း

ဗုဒ္ဓဘုရားရှင်၏ စက်လက္ခဏာတော် (၁၀၈) ကွက်ထဲတွင် ငါးကြင်းရုပ်သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ဟိန္နျူဘုရားရှင်တစ်ပါးဖြစ်သော ခရစ်သျှနနှင့် ဂျိန်းဘုရားရှင် မဟာဝီရတို့၏ ခြေဖဝါးတော်တွင် ငါးကြင်းရုပ်ပါရှိသည်ဟု ဆို၏။ လက္ခဏာအတတ်ပညာတွင် ငါးကြင်းရုပ်ပါရှိခဲ့လျှင် မင်္ဂလာရှိသော၊ စီးပွားဥစ္စာဓနပြည့်စုံသောဟု ဟောကွက်ဟောချက်ပါရှိနေပါသည်။ တစ်ခါတစ်ရံမှာ ငါးကြင်းဦးခေါင်းဝယ် အမြွေတေပုလဲများ ရှိနေတတ်သည် ဟူ၏။

ရှေးတရုတ်တို့က ငါးကြင်းကို ကောင်းကင်ဘုံနှင့် ဆက်နွယ်နေပြီး မင်္

www.burmeseclassic.com

www.burmeseclassic.com

လာရှိခြင်း၊ တော်ဝင်ဖြစ်ခြင်း၏ သရုပ်အဖြစ် ဖော်ဆောင်ကြသည်။ ဂိုနိုးဘာသာဝင်တို့က ငါးကြင်းကို အချစ်အမှတ်တံဆိပ်အဖြစ် ညွှန်းဆိုကြသည်။ ရှေးမြန်မာ့နိုးရာ ထိမ်းမြားမင်္ဂလာပွဲ၏အဓိကကျသော မင်္ဂလာထမင်းပွဲတွင် ငါးကြင်းနှစ်ကောင် ပါဝင်လေ့ရှိသည် ဟူ၏။ ရှေးဆယ့်နှစ်ရာသီစက်ဝန်းတွင် မိန်ရာသီ၏ ရာသီရုပ်ကို ငါးကြင်းနှစ်ကောင်ဖြင့် ဖော်ပြကြသလို ရဲဖန်ရဲခဲ၌ ကန်ရာသီ၏ ရာသီရုပ်၊ ငြိဿာရာသီ၏ရာသီရုပ်အဖြစ် ထူးထူးဆန်းဆန်း ပြည်ွန်းကြသည်ကိုလည်း တွေ့ရှိရပေသည်။ ထို့အပြင် ငါးကြင်းကို မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာ၏ ရေနိမိတ်ပုံအဖြစ် ညွှန်းဆိုမှုများကိုလည်း တွေ့ရှိရသည်။ ငါးကြင်း၏ အဓိက ထူးခြားချက်မှာ အထပ်ထပ်အလွှာလွှာဖြစ်နေသော ငါးကြင်းကြေး၊ ငါးကြင်းကွက်ပင် ဖြစ်သည်။ ထိုငါးကြင်းကြေး၊ ငါးကြင်းကွက်ပုံများကို ရှေးဟောင်းအဆောက်အအုံများ၊ ပရိဘောဂ၊ အသုံးအဆောင်များတွင် ထည့်သွင်း အသုံးပြုလေ့ ရှိကြသည်။

နမူနာဆိုရသော် ရှေးပြောသာဒ်ဗိမာန်တို့တွင် ငါးကြင်းကြေးသဏ္ဌာန် အဆင်တန်ဆာများ တပ်ဆင်ကြသလို စိန်၊ ကျောက်ရတနာများ သွေးသည့် အခါမှာလည်း ငါးကြင်းကြေးသဏ္ဌာန် အကွက်များဖော်တတ်ကြသည်။ ရှေးစစ်သည်ရဲမက်တို့၏ မောက်တူ၊ မောက်လူ၊ ဗာလည်ကွေး စသော စစ်ဝတ်တန်ဆာများတွင်လည်း ငါးကြင်းကြေး၊ ငါးကြင်းကွက်များကို ထည့်သွင်း လုပ်ဆောင်တတ်ကြသည်။ ဗာလရုပ်များကို စီရင်ကြသည့်အခါတွင်လည်း ငါးကြင်းကြေး၊ ငါးကြင်းကွက်များကို ထည့်သွင်း စိမံကြသည် ဖြစ်၏။

အထက်က ဖော်ပြခဲ့သမျှကို ခြုံငုံ၍ လိုရင်းဆိုရလျှင် သို့ကလို ထူးကဲသော ဂုဏ်ရည်ရှိသော သတ္တဝါကို (၉) မျိုးထဲမှ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်မျိုးစီကို ပေါင်းစပ်ရောနှောထားသော သမိဿကရုပ်တစ်မျိုးဖြစ်သည့် ဗာလရုပ်ကို ရခိုင်ဒေသတွင် ရှေးသရောအခါကပင် လျှင် အလှအပအဖြစ် လည်းကောင်း၊ အဆောင်အဖြစ် လည်းကောင်း ရိုးရာပဋိမာသိပ္ပံပညာအလိုဖြင့် အသုံးပြုခဲ့သည်ဆိုခြင်းကို အလေးဂရုမပြုဘဲနေနိုင်မည် မထင်။

၁၉၉၃ ခု စတုတ္ထအကြိမ်မြောက် ကျောင်းသားအားကစားပွဲတော်ကို ရခိုင်ပြည်နယ် စစ်တွေမြို့ ဝေသာလီ အားကစားကွင်းတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပသောအခါတွင် ဗာလရုပ်သည် နှစ်ပရိဏ္ဍေဒ အတော်ကြာကြီး အိပ်မောကျနေခဲ့ရာမှ ပြန်လည် တစ်ဖန်ရှင်သန်ထမြောက်လာခဲ့သည်။ ကျောင်းသားပွဲတော် မီးရှူးတိုင်ကြီးခြေရင်းတွင် ထူးထွေဆန်းပြားသော ဗာလရုပ်များကို ရှုမြင်လာရသလို အထိမ်းအမှတ်သော့တွဲများ၊ အထိမ်းအမှတ်ပို့စကတ်များ၊ ပြက္ခဒိန်များတွင်လည်း ဗာလရုပ်များကို တွေ့ရှိလာရသည်။ ၎င်းနောက်တွင်း ဆေးမင်ကြောင်ထိုး၍တစ်မျိုး၊ အင်္ကျီများတွင် ပုံနှိပ်၍တစ်သွယ်၊ လက်စွပ်, လက်ကောက်ပြုလုပ်၍တစ်ဖုံ ဗာလရုပ်များကို စီရင်လာကြသကဲ့သို့ပင် တရားဟောပလ္လင်များ၊ ဘုရားပလ္လင်များ၊ စေတီ, ပုထိုးကျောင်း, သိမ်, တန်ဆောင်းနှင့် အခြားသော သမိုင်းဝင် အဆောက်အအုံနေရာဌာနများတွင် ဗာလရုပ်များကို ထုလုပ်သွန်းလုပ်၍ စီမံထားရှိမှုများ အလျှိုလျှိုပေါ် ပေါက်လာခဲ့သည်

နမူနာဆိုရသော် စစ်တွေမြို့ ဗုဒ္ဓပြတိုက်ရှေ့တွင် ဗာလရုပ် ထားရှိသလိုပင် ကျောက်ဖြူမြို့ ကုံကော်တောဘုရားမုခဝရှေ့မှာ ဗာလရုပ် ထားရှိခြင်းမျိုး ဖြစ်သည်။ စေတီ၊ ပုထိုးများတွင် အစောင့်အရှောက်အဖြစ် တွေ့ရတတ်သော ခြင်္သေ့ရုပ်၊ ဆင်ရုပ်၊ နဂါးရုပ်ကဲ့သို့ ဖြစ်မည် ထင်သည်။

နောက်ပြောစရာတစ်ခုက ၁၉၈၇ ခုလောက်တွင် ဤဗာလရုပ်ကို ရခိုင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမှတ်တံဆိပ်ရုပ်အဖြစ်သတ်မှတ်ပေးရန် သက်ဆိုင်ရာသို့ တင်ပြခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အထမမြောက်ခဲ့ပေ။ သို့ဖြစ်သည့်တိုင် ဗာလရုပ်ကို ထုတ်ဖော်သုံးစွဲမှု၊ အဆောင်အဖြစ် အသုံးပြုမှုများသည် တစ်စတစ်စ ထင်ပေါ်လာခဲ့သည်။

ဤနေရာ၌ အလေးအနက်ထားဖွယ်ရာတစ်ခုက ရန်ကုန်မြို့ ရခိုင်သားကြီးစာပေ ထုတ်ဝေသူ ဦးလှမြင့်၏အဆိုအမိန့်ပင် ဖြစ်၏။ သူ၏ ဆောင်းပါးတစ်ပုဒ်ထဲတွင် ဤဗာလရုပ်ကို ဆောင်ထားသူတို့သည် လာဘ်လာဘကို တိုးပွားစေသည်ကို တွေ့မြင်ရသဖြင့် အထူးအံ့သြမိသည်ဟု ဖော်ပြထားပြီး နောက်တစ်နေရာမှာ ကျွန်တော် မြောက်ဦးမြို့ကို ရောက်ခဲ့စဉ်က လူငယ်တချို့၏ လက်မောင်းတွင် ကျားခေါင်းရုပ်ပါ ဗာလရုပ်ကို မင်ရေးထိုးသည်ကို တွေ့ရသဖြင့် မေးကြည့်ရာ တိုက်ခိုက်ရေးဗာလဟု ဆိုပါသည်။ အိပ်နေဟန်ပုံသည် ငြိမ်းချမ်းရေးဗာလဟု ခေါ်ပါသည်။

ထိုသို့ဆိုပါလျှင် ဗာလအမျိုးအစား မည်မျှရှိသနည်းဟု စဉ်းစားမိသည်။ ဗာလရုပ်များသည် နေရာဒေသကိုလိုက်၍၊ ရုပ်သဏ္ဌာန်ကွဲပြားခြင်းကိုလိုက်၍၊ ရုပ်ဖွဲ့စည်းပုံရှိ ဦးခေါင်းများကိုလိုက်၍ စွမ်းရည်သတ္တိများ ကွဲပြားခြင်းများ ရှိသလားဟု တွေးထင်မိသည်ဟု ဖော်ပြထားသည်မှာ အတွေးနယ်ချဲ့စရာ အထူးကောင်းလှပေသည်။ တစ်ဖန် စည်ပင်သိုက်မြိုက်ရေးဗာလ၊ ဘေးရှင်းရန်ကာဗာလ၊ ကျန်းမာချမ်းသာရေးဗာလ၊ ဉာဏ်ပညာ ပေါ်ကြွယ်ရေးဗာလ အစရှိသည်မှာ ခေတ်အလိုက် လူ့အဖွဲ့အစည်းတို့ရှိသည်ဟုလည်း အပြောအဆိုရှိရပါသေးသည်။

သို့ဆိုလျှင် ယခု ဖော်ပြနေသော သတ္တဝါများ၊ သတ္တဝါတို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို အသုံးပြုသော ဗာလရုပ်များအပြင် တခြားသတ္တဝါများကိုယ်အင်္ဂါအစိတ်အပိုင်းများကို အသုံးပြုသော တခြားဗာလရုပ်များ ရှိနေသလားဟု မေးစရာ၊ တွေးစရာဖြစ်လာသည်ကတော့ အမှန်ပင်။

ရခိုင်ယဉ်ကျေးမှု သုတေသီ ဆရာတက်ထွန်းနီ (မြောက်ဦး) ရှာဖွေတင်ပြချက်အရ ဗာလရုပ် (၁၄) မျိုးတို့သည် တစ်ခုနှင့်တစ်ခု မတူကွဲပြားသည့်အပြင် အသုံးပြုသောသတ္တဝါ၊ အသုံးပြုသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့သည်လည်း ခြားနားနေသည်ကို တွေ့ရှိရပေသည်။ မင်းဗာကြီး၏ ကုသိုလ်တော်တစ်ခုဖြစ်သော သွန်စ်သောင်း ပုထိုးတော်ကြီးမှာ တွေ့ရှိရသော ဗာလရုပ် (၇) ခုသည်ပင် တစ်ခုနှင့်တစ်ခု မတူညီသည်က ပဟေဠိအဖြေညှိကြလော့ဟု ဆိုနေသလိုပင်။

မည်သို့ပင်ဆိုစေ ကြည်နူးရွှင်မြူးနေသော ကလေးငယ်လေးတစ်ဦး လျှာကလေး ပြူတစ်ပြူတစ်နှင့် ကစားပြနေသလို အမူအရာမျိုးနှင့်တူသည်ဟု ရခိုင်ဒေသသားတချို့က တွေးထင်လျက် လျှာထုတ်ကေ (လျှာထုတ်ကလေး) ဟု ချစ်စနိုး ခေါ်ဝေါ်ကြသော ဗာလရုပ်သည် ဂန္ဓိရ နွယ်ယုက် လျှို့ဝှက် ဆန်းကြယ်စွာဖြင့် ရိုးရာယဉ်ကျေးမှုသင်္ကေတ နိမိတ်ပုံတစ်ခုကို ဖော်ညွှန်းနေသည်ကတော့ အမှန်ပင်။

မင်းနိုင်နိုအောင်

စာကိုး-

၁။ ရွှေခိုင်ကျော်(မြောက်ဦး)၏ ဗာလဆောင်းပါး
ရခိုင်သုတစာစောင်

၂။ တက်ထွန်းနီ (မြောက်ဦး) ၏

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ် မောင်လှလှ

ပထဝီနှောက်ယှက်ခြင်း

ဤဖြစ်ရပ်များကား ၁၉၇၀ ပြည့်နှစ်၊ သြဂုတ်လဆန်းက ဖြစ်ပါသည်။ ထိုအချိန်က ဖောင်ကြီးဗဟိုရှိ ပြည်သူ့ဝန်ထမ်းကျောင်း ဇေယျတပ်ခွဲ၏ အပတ်စဉ် (၁)မှ သင်တန်းသားများ ရန်ကုန်မြို့တွင်းရှိ စက်ရုံအလုပ်ရုံနှင့် အရေးကြီးဌာနများသို့ လေ့လာရေးခရီးစဉ်အရ ကွင်းဆင်းနေခဲ့ချိန်က ဖြစ်ပါသည်။

တစ်နေ့သောနံနက်ခင်းတွင် ကျွန်တော်တို့ ဇေယျတပ်ခွဲသည် တံတားလေးစိတ်ကျန်းမာရေးဆေးရုံ (ယခု နဝဒေးရုပ်ရှင်ရုံအနီး)သို့ သွားခဲ့စဉ်က ဖြစ်ပါ၏။ ထိုနေ့က အဖြစ်စုံသနစ်ပုံများကို မည်မျှပင် နှစ်ပရိစ္ဆေဒတွေ ကြာညောင်းခဲ့ပြီ ဖြစ်သော်လည်း ကျွန်တော့်မှာ ယနေ့တိုင် မေ့မရနိုင်ဖြစ်နေဆဲပါ။ ထိုဆေးရုံသို့ ရောက်ပြီးနောက် သင်တန်းသားအားလုံးကို ဆေးရုံအုပ်ကြီးက လှိုက်လှဲစွာ ကြိုဆို၍ ဆေးရုံရှိ ဝန်ထမ်းများနှင့် မိတ်ဆက်ပေးပါသည်။

ထို့နောက် ဆေးရုံ၏ သမိုင်းကြောင်းနှင့် လက်ရှိ ဝန်ထမ်းအင်အား၊ လူနာဦးရေ၊ ယခု လူနာများကို အစိုးရနှင့် ပြင်ပအလှူရှင်များ၏ လှူဒါန်းငွေများဖြင့် စုပေါင်းပြီး ကျေးမွေးစောင့်ရှောက် ကုသပေးနေပုံတို့ကို ရှင်းပြပေးခဲ့ပါသည်။ ဆေးရုံအုပ်ကြီးက -

"ကျွန်တော်တို့ ဆေးရုံက ကျန်တဲ့ဆေးရုံတွေလို လူတွေရဲ့ ရုပ်ခန္ဓာမှာဖြစ်တဲ့ရောဂါတွေကို ကုပေးနေတဲ့ ဆေးရုံမဟုတ်ပါဘူး။ မံသစက္ခုနဲ့ မမြင်ရတဲ့ စိတ်ပိုင်းမှာ ဖြစ်ပွားခံစားနေကြရတဲ့ စိတ်ဝေဒနာတွေကို ခေတ်မီ ဆေးဝါးကိရိယာတွေနဲ့သာမက အကြင်နာတွေ၊ နှစ်သိမ့် ဆွေးနွေး ပညာပေးမှုတွေနဲ့ပါပေါင်းပြီး လူနာတွေရဲ့ ဒုက္ခသုက္ခတွေကို မျှဝေခံစားပြရပါသေးတယ်။ လူဆိုတာ ရုပ်ကောစိတ်ပါ ကျန်းမာမှ ကျန်းမာတယ်လို့ ဆိုနိုင်ပါတယ်။

စိတ်ရောဂါရှင်တစ်ယောက် ကျွန်တော်တို့ဆီ ရောက်လာခဲ့ရတဲ့ ရောဂါရဲ့ အရင်းအမြစ်ကို ဂဃနဏသိရရင် တိကျတဲ့ဆေးကျွေးပြီး ကုသလို့ရပါတယ်။ ခက်နေတာက လူအများ အယူသီးစွဲလမ်းပြီး လက်ခံနေကြတဲ့ နေ့နိုးရာ

www.burmeseclassic.com

www.burmeseclassic.com

ပယောဂခေါ် စုန်း၊ ကဝေ ပဥ္စလှည့်၊ နဝလှည့်၊ ဂါထာမန္တန်တွေရွတ်ပြီးမှ ကုကြတာတွေရယ်၊ နောက်ထပ် နတ်တိုက်၊ ပုဏ္ဏားတိုက်၊ အင်းတိုက်၊ အစိမ်းတိုက်၊ ကြပ်၊ မှော်စတာတွေနဲ့ကုပြီး အားလျော့တော့မှ ကျွန်တော်တို့ဆေးရုံကို ရောက်လာခဲ့ကြတာပါ။ ဒီတော့ လွန်နေပြီပေါ့။ ကျွန်တော်တို့ရဲ့ ခေတ်မီ ကုထုံးတွေက ဒါကို လုံးဝလက်မခံပါဘူး။ ကြုံကြိုက်တုန်း အသိပေးလိုက်ချင်တာက ဒီဆေးရုံမှာ မူးယစ်ဆေးစွဲ လူနာတွေကို ကုသပြီးဆေးဖြတ်ပေးနေတာလည်း ရှိပါသေးတယ်။ ကဲ - ကျွန်တော်ပဏာမပြောချင်တာက ဒီလောက်ပါပဲ။ လက်တွေ့ကွင်းဆင်းကြည့်ရင် ပိုပြီး သိလာကြပါလိမ့်မယ်။ လေ့လာပြီးတဲ့နောက်မှာ ကျွန်တော် ခင်ဗျားတို့နဲ့ တစ်ခါထပ်တွေ့ပါဦးမယ်။ ကဲ - ပရော်ဖက်ဆာ ရှဖီး ရောက်ပြီလား"

"ဟုတ်ကဲ့"

ဆိုပြီး အသားညှိညှိ၊ ပုဗျပ်ပျပ်၊ ပခုံးပေါ် ဒေါက်ပါ ရှပ်လက်တိုဖြူနှင့် အောက်က ဘောင်းဘီရှည်အညှိုကို ဝတ်ဆင်ထားသော အိန္ဒိယနွယ်ဖွားလူကြီးတစ်ယောက် ဝင်လာသည်။ ဆေးရုံအုပ်ကြီးကို သူက ဦးညွှတ်လိုက်သည်။ ဆေးရုံအုပ်ကြီးက -

"ကဲ -သင်တန်းသားများအားလုံးကို ဒီပရော်ဖက်ဆာရှဖီးကပဲ အသေးစိတ်ရှင်းပြပါလိမ့်မယ်"တဲ့။

ထို့နောက် ကျွန်တော်တို့ သင်တန်းသားတွေအားလုံး ပရော်ဖက်ဆာရှဖီးခေါ်ရာနောက်သို့ တကောက်ကောက်လိုက်ပြီး မှတ်သားခဲ့ကြရပါသည်။

ဆရာရှဖီးက ဝေဒနာရှင်တစ်ဦးကို ရှေ့ဦးစွာပြ၍ -

"သူ့ကိုတော့ ဥစ္စာရှူးလို့ ခေါ်ရင် မမှားဘူးထင်ပါရဲ့။ သူက စီးပွားတွေတက်နေတုန်း ပိန်ကိုသွားတဲ့ သူ့မှောင်ခိုစက်လေ့က အဖမ်းခံလိုက်ရတယ်။ ဒီအမှုနဲ့ အချုပ်ကျခံနေရတုန်း သူ့အိမ်က တိုက်တိုက်ဆိုင်ဆိုင် မီးလောင်ခံလိုက်ရပြန်တယ်။ ဒါနဲ့ မနားသေးဘူး၊ ကျန်တဲ့ သူ့ငွေတွေကို သူစီးပွားဖက် လူယုံတစ်ယောက်က 'လိမ်ယူပြေးသွားတယ်တဲ့'။ နောက်ဆုံးမှာတော့ ဒီလူဟာ ငယ်ထိပ်ခြွေပေါက်သလိုဖြစ်သွားပြီး သူ့စစ္စည်းတွေကို ပြန်ရချင်တဲ့ လောဘဇောတွေ တိုက်ကာ ရူးသွားတာနဲ့ သူကို ဒီဆေးရုံပို့လိုက်တာပေါ့။ အင်း- ဒီလူက မနုဿတ္တဘာဝ ဒုလ္လဘ ဆိုတာကို မသိဘူး ထင်ပါရဲ့။ လူဘဝက ရခဲတယ်။ လူသာအသက်ရှိသေးရင် ဘာမဆိုပြန်ဖြစ်နိုင်သေးတာပဲ။ ဒီလူ သေသွားရင်ကော ဘာပါသွားမှာမို့လို့လဲ။

အခုမြင်နေရတဲ့လူကိုတော့ မယားတရူးလို့ပဲ လွယ်လွယ်ခေါ်ကြပါစို့ရဲ့။ သူရှပ်က ဖြောင့်တယ်။ အရပ်က မြင့်ပြီး ယောကျ်ားပီသတယ်။ တော်ရုံ မိန်းကလေးတွေဆို သူ့ကိုမြင်ရင် ဝိုင်းပစ်ကျတဲ့ ရုပ်မျိုးပျ။ နောက်ပြီး နှုတ်ကလည်း သွက်၊ လက်ကလည်းမြန်တယ်၊ မိန်းမကျမ်းလည်းကျေတော့ သူဘဝမှာ မိန်းမတွေကို သူက ပစ်သွားခဲ့တာ ရိုးအီနေပြီတဲ့။ ဒါပေမယ့် ထူးထူးဆန်းဆန်းဗျာ၊ သူ့ကို စ,ပစ်သွားခဲ့တဲ့ မိန်းမချောလေးတစ်ယောက် ပေါ်လာပြန်တယ်။ ဒီမိန်းကလေးက သူ့ကိုတော့ စပြီး အပစ်မခံခိုင်ဘူး။ ပစ်ခြင်းပစ် သူကပဲ လက်ဦးမှုယူမယ်ဆိုပြီး နောက်တစ်ယောက်နောက်လိုက်ပြေးသွားတာဆိုလားပဲဗျာတဲ့။ ဒီလူက သူ့ကိုပစ်သွားခဲ့တဲ့ မိန်းမချောလေးကိုတော့ သိပ်ချစ်ဆိုပဲ။ အချစ်ကကြီးတော့ အမျက်ကကြီး၊ အမျက်ကြီးတော့ အပြုံးကြီး၊ အပြုံးကြီးပြီး ပြန်ကလဲစားချေချင်တယ်။ ဒါပေမယ့် သူကဘာမှ မလုပ်လိုက်ရတော့လို့ အခဲမကျေဖြစ်ပြီး သူ့ရင်ထဲပေါက်ကွဲ ဆို့ကျပ်လာပြီး ဂိတ်ဆုံးမှာ ဒီကိုပဲရောက်လာတော့တာပေါ့"

ဟဲ-ဒီမိန်းကလေးကျတော့ ခေတ်သစ် မပဋ္ဌာပေါ့ဗျာ။ သူမှာ မိဘနှစ်ပါးက မရှိတော့ အစ်မလင်မယားဆီမှာပဲ ဦးကပ်နေရတော့တာပေါ့ဗျာ။ ခဲအိုလုပ်တဲ့လူက သူ့အစ်မလစ်ရင်လစ်သလို ရိသဲ့သဲ့နဲ့ စတယ်။ အဝတ်အစားနဲ့ မြူတယ်။ ဒီကလေးမက ဘာနဲ့မက်လုံးပေးပေး လက်မခံဘူးဗျ။ တစ်ညမှတော့ သူမက ခေါင်းကိုက်နေလို့ သူ့အစ်မ တစ်မိသားစုလုံး ဘုရားပွဲသွားနေတာကို လိုက်မသွားဘူးတဲ့။ ဒါနဲ့ မေးခဲ့ အိပ်ပျော်သွားတုန်း ချွတ်ချွတ်သံကြားလို့ ထကြည့်မယ်လုပ်တော့ လူတစ်ယောက်က သူ့အပေါ် ဖိထားတာကို တွေ့လိုက်ရတယ်။ ဒီမိန်းကလေးက သူခဲအိုမှန်းလည်း သိလိုက်ရော အတင်းတွန်းချပြီး တံခါးကြားက တွေ့ရာဓားနဲ့ ပိုင်းချလိုက်တာ ပွဲချင်းပြီး သေရာပါရော၊ နောက်ဆုံးမှာ ဒီမိန်းကလေးက သူ့ကြောင့် သူ့အစ်မကလည်း မုဆိုးမဖြစ်၊ သူတူတွေ့တူမတွေကို လုပ်ကျွေးမယ့် အဖေလည်းမရှိတော့၊ သူလည်း လူသတ်တရားခံဖြစ်နဲ့ အို- လူဘဝမှာ ငါမနေတော့ပါဘူးဆိုပြီး အိမ်ပေါ်က ခုန်ချလိုက်တာ ခြေကျိုးရုံပဲကျိုးသွားတယ်တဲ့။ တရားရုံးရောက်တော့ ဒီကလေးမက လူသတ်မှု၊ ကိုယ့်ကိုယ့်ကိုယ် သေကြောင်းကြံစည်မှုတွေနဲ့ တရားအစွဲခံလိုက်ရတော့ ဘာမှမကြံတတ်တော့ဘဲ မွမ်းကျပ်ပိတ်လှောင်သွားတော့တာပေါ့။ နောက်ဆုံးမှာ စိတ်ထွက်ပေါက်မရှိတော့ဘဲ သူ့စိတ်တွေကရှုပ်၊ ယောက်ယက်ခတ်နဲ့ အဝတ်အစားပါမကပ်တော့လို့ ကျွန်တော်တို့ဆေးရုံကိုရောက်လာခဲ့ရတာပါ"

ထို့နောက် လူနာများကိုပြန်ဆက်ရှင်းပြ၏။ လူနာတစ်ယောက်ကို တစ်ခန်းနှုန်းနှင့် သီးခြားစီထားပေးသည့် လူရည်သန့်များကို မြင်ရပြန်ပါသည်။ ၎င်းတို့အခန်းထဲမှာပင် သောက်ရေ၊ ကိုယ်လက်သန့်စင်ရန်တို့ ပါရှိသည်။ သူတို့အခန်းများကို သံတိုင်အချို့ ကာရံထား၍ အတွင်းက လူနာများကို 'ကောင်းစွာ' မြင်ရသည်။ အချို့က ဂန္ဓဝင် စာကြီးပေကြီးများကို သဲကြီးမဲကြီး ဖတ်နေကြပြီး ပြင်ပလောကကို လုံးဝ ဂရုမစိုက်တော့ပါ။ ယခု ဝေဒနာရှင်အများစုမှာ ဘဝင်မြင့် ရောဂါရနေသူများ၊ ကိုယ်ဘာသာကိုယ် ပညာရှိကြီးများဟု အထင်ကြီးလွန်းနေသူများဖြစ်ကြကြောင်း ရှင်းပြပါသည်။

ပရော်ဖက်ဆာ ရှဖီးက အံ့ဖွယ်သုတအဖြစ် ပြောပြသည်မှာ ဘယ်လိုပင် သွက်သွက်ခါအောင် စိတ်နောက်နေတဲ့သူဖြစ်ပါစေ ထမင်းစားသံချောင်းခေါက်ရင်တော့ သိကြသည်၊ လာစားကြသည်တဲ့။ တချို့လူနာများဆို လူပုံကခုံခုံကြီးနှင့် ပန်းချီပုံလှလှလေးတွေကို ဆွဲနေလိုက်တာ စိတ်ဝေဒနာရှင်မှန်းတောင် မထင်ရက်ပါဘူးတဲ့။ သူတို့က သူတို့ထင်ရာကိုသာ ဇွတ်တရွတ်လုပ်ပြီး ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်တော့၊ ပတ်ဝန်းကျင်နှင့် သူတို့ကဏ္ဍကောစဖြစ်သွားကြတဲ့လူမျိုးတွေပေါ့။ ဥပမာ ရှေးခေတ်ကဆို ဇာတ်လိုက်ပိုလ်အောင်ဒင်ရှူးရှူးကြပြီး နောက်ပိတ်ဖိနပ်စီး၊ ခါးပတ်ကြီးပတ်၊ မာဖလာလေးစီးနှင့်လုပ်ပြနေကြတဲ့ ဇာတ်လိုက်ရှူးတွေကို တွေ့ခဲ့ဖူးပါတဲ့။

နောက် အဆောင်များ ဆက်ကူးတော့ အနည်းငယ်ပူလာ၍ ဆရာရှဖီးနှင့် အတူ ကျွန်တော်တို့ သစ်ပင်ရိပ်ကြီး အောက်မှာ ခေတ္တနားကြသည်။ ဆရာရှဖီးက သူမျက်နှာက ခွေးတွေကို ဆုတ်ရင်း-

"ဒါနဲ့ ခင်ဗျားတို့ ဒီသင်တန်းသားတွေထဲမှာ ကျွန်တော့်လို စာရေးတဲ့ စာရေးဆရာ မပါဘူးလားတဲ့။ အေး - ကျွန်

www.burmeseclassic.com

www.burmeseclassic.com

တော်ရေးလိုက်တဲ့ ဂန္ထဝင်ဝတ္ထုရှည်ကြီး တစ်ပုဒ်ဆိုရင် ကမ္ဘာ့နိုဘယ်ဆုရွေးချယ်ရေးကော်မတီက စာပေနိုဘယ်ဆုခံဖြင့် ပေးလိုက်တယ်ဗျာ။ ခင်ဗျားတို့ မသိဘူးလား၊ အို - ကျွတ်ကျွတ် စာဖတ်အားနည်းတဲ့လူတွေပဲနော်။ ဆရာရှဖီးက ကျွန်တော် စာပေနိုဘယ်ဆုရလို့ ဝမ်းလည်းသာတယ်၊ ဂုဏ်လည်းယူပါတယ်။ ကျွန်တော် ရလာခဲ့တဲ့ ဒေါ်လာတွေကို ပရတိတလုပ်ငန်းတွေမှာလျှုသွားမယ်" တဲ့။

ဆရာရှဖီးပြောတာ ရပ်သွားတော့ သင်တန်းသားအများစုက ဆရာရှဖီးကို လေးစားစွာဖြင့် ငေးကြည့်နေသည်။ ထိုစဉ် သင်တန်းသားတစ်ဦးက -

"ဒါကြောင့် ဆေးရုံအုပ်ကြီးက ပရော်ဖက်ဆာရှဖီးလို့ ခေါ်နေတာကိုး" လို့ ကောက်ချက်ချနေပြန်သည်။

သူက ဆက်ပြောပြပြန်သည်မှာ -

"ကျွန်တော် နော်ဝေးကနေ နိုဗယ်ဆုရပြီးလို့မှ မကြာသေးပါဘူး။ အမေရိကန် ဟောလီးဝုဒ်ရုပ်ရှင်ကုမ္ပဏီကြီးတွေက ကျွန်တော်ရဲ့ဝတ္ထုကို ကမ္ဘာကျော်အောင် ရုပ်ရှင်ရိုက်ပေးချင်လှပါတယ်ဆိုပြီး အပြိုင်ကမ်းလှမ်းလာခဲ့ကြတယ်ဗျာ။ အိုးဟိုး- ကျွန်တော်က ကြေးစကားမပြောဘူး။ ရိုက်ချင်လှပါတယ်ဆိုတဲ့ နာမည်ကြီးဒါရိုက်တာတွေနဲ့ ဇာတ်ညွှန်းခွဲမယ့် ဆရာကွေကိုပါ ကျွန်တော်ကိုယ်တိုင်ခေါ်ပြီး အင်တာဗျူးကြည့်တယ်။ နောက်ဆုံးမှာ ကျွန်တော့်ရဲ့ ပင်ရင်းဝတ္ထုရဲ့ ရသနဲ့ မတ်ဆော့ချ်ကို မီအောင် ရိုက်နိုင်ကြမယ့်လူမတွေ့ရလို့ အားလုံးကို ပယ်လိုက်ရပါတယ်" တဲ့။

ထို့နောက် သင်တန်းသားတစ်ဦးက -

"ဆရာရှဖီးရခဲ့တဲ့ ဒေါ်လာတွေကို ကျွန်တော်တို့ကို ဝေပေးလိုက်ပါလားဆိုတော့ ဆရာရှဖီးက ကျွန်တော်က အများအကျိုးရှိမယ့်နေရာတွေမှာ လျှုမှာပါ" တဲ့။

"ကျွန်းမာရေးနဲ့ ပညာရေးမှာ ဘယ်ဟာကို လျှုရမှာလဲလို့ စဉ်းစားနေတုန်းပါ။ ဟော-အခုတော့ရှင်းသွားပါပြီ။ လူဆိုတာ ကျန်းမာမှအလုပ်လုပ်နိုင်တယ်။ ပညာရှာနိုင်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ပညာအခြေခံရှိထားမှ၊ ပညာတတ်ထားမှ၊ ပညာတင် မဟုတ်ဘူး။ ကျန်းမာအောင်ပါ နေတတ်စားတတ်လာတယ်ဗျာ။ အဲဒီတော့ ပညာရေးကို လျှုလိုက်ရင် ကျန်းမာရေးအတွက်ပါ လျှုပြီးသားဖြစ်သွားတယ်မို့လား။ ဒါကို ခင်ဗျားတို့ကော သဘောတူကြတယ်မို့လားတဲ့။ ဒါ့ကြောင့် ကျွန်တော့် ဒေါ်လာတွေကို WHO ကို မလျှုတော့ဘဲ UNESDO ကိုပဲ လျှုလိုက်တော့မယ်"တဲ့။

သင်တန်းသားများက -

"ဆရာရှဖီးပြောတာ မှန်တာပေါ့" ဟု ဝိုင်းပြီး ထောက်ခံပေးလိုက်ကြသည်။

ဆရာရှဖီးက -

"ကျွန်တော်တို့ ဆေးရုံရောက်လာတဲ့ လူနာဆန်းတွေကလည်းရှိသေးသဗျ။ ဆေးရုံကို လူနာပို့လာတဲ့ ညီအစ်ကို နှစ်ယောက်ဆို သူကမှ လူနာ၊ ကျွပ်က လူကောင်းပါဆိုပြီး လက်ညှိုးတွေအပြန်အလှန်ထိုးနေကြတာကို ဆရာဝန်တွေက ခေါင်းရှုပ်နေခဲ့ကြတယ်။ ဒါပေမယ့် အတွေ့အကြုံရှိတဲ့ ဝါရင့်ဆရာဝန်တွေက စိတ်ကစဉ့်ကလျားဖြစ်နေတဲ့ ညီလူနာအမှန်ကိုပဲ လျှပ်စစ်နဲ့ ရှော့ရိုက်ပေးလိုက်တော့ လူကောင်ပြန်ဖြစ်သွားတယ်ဗျ။ အေး- ရှော့မရိုက်ခင်မှာတော့ ဒီလူနာမှာ သွေးတိုး၊ နှလုံး၊ အတက်စတဲ့ ရောဂါတွေ ရှိ၊ မရှိ စမ်းသပ်ပြီး မရှိတာသေချာမှ ရှော့ရိုက်ပေးလို့ရပါတယ်"တဲ့။

ယင်းနေ့က လေ့လာချက်များအရ တံတားကလေးစိတ်ကျန်းမာရေးဆေးရုံကြီးက ကြီးမားကျယ်ပြန့်သလောက် လူနာတွေကလည်း များပြားလှပါသည်။ အခါအားလျော်စွာ လူနာများကိုယ်တိုင် ပါဝင်ကပြဖျော်ဖြေစေသည့် ပျော်ပွဲရွှင်ပွဲများကို ပြုလုပ်ပေးပြီး စိတ်ရောဂါများကို စိတ်နှင့် ကုသပေးနေခဲ့ကြောင်းလည်း သိရှိခဲ့ရပါသည်။ ကိုယ်တိုင်ကြည့်ရှုလေ့လာခွင့်ရခဲ့ခြင်းအပြင် ပရော်ဖက်ဆာရှဖီး၏ ထိမိတိကျလှသော စိတ်ဝင်စားဖွယ်ရှင်းပြပေးနိုင်မှုတို့ကြောင့်လည်း ပိုမိုပြည့်စုံစွာ သိခဲ့ရပါသည်။ လေ့လာရေးခရီးစဉ် ပြီးဆုံးပြီးနောက် ဆေးရုံအုပ်ကြီး၏ ရုံးခန်းမကြီးမှာ တစ်ဖန်နေရာယူကြရပြန်ပါသည်။

ထိုစဉ်မှာ ပရော်ဖက်ဆာရှဖီးတစ်ယောက် ကျွန်တော်တို့ သင်တန်းသားများအား ထားခဲ့၍ ဘယ်ကို ပြေးထွက်သွားလိုက်သည်မသိ။ လုံးဝ မမြင်လိုက်ရတော့ပါ။

ဆေးရုံအုပ်ကြီးရောက်လာပြီး -

"ကျွန်တော်တို့ ဆေးရုံကြီးနဲ့ ဒီကလူနာတွေအကြောင်းတော့ ပရော်ဖက်ဆာရှဖီး ရှင်းပြပေးလို့ အားလုံး စုံလင်အောင် သိပြီးဖြစ်ကြလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်တဲ့။ ကျွန်တော် နိဂုံးချုပ်အနေနဲ့ ပြောရရင် စိတ်ရောဂါရှင် နှစ်မျိုးပဲရှိပါတယ်။ တစ်မျိုးက သွက်သွက်ခါအောင် ရူးနေပြီး နေ့၊ ညလည်းမသိ။ သူ့ကိုယ်သူလည်းမသိ၊ လူနာများကိုလည်း မသိဖြစ်နေတဲ့ လူနာတွေပါ။ သူတို့ကို အန္တရာယ်ရှိလို့ အမြဲစောင့်ကြည့်ပေးနေရပါတယ်။ နောက်တစ်မျိုးကတော့ စိတ်ငြိမ်ဆိတ်ငြိမ်ပြီး စိတ်ကြွနေကြတဲ့ လူနာမျိုးပါ။ အေး - ကြမ်းတမ်းတဲ့လူနာက ရောဂါသိရင် ဆေးရှိတယ်။ ဆေးကျေးပြီးရင် သက်သာလာပါတယ်။ အေး - တစ်ယောက်တည်း ကိုတ်ဆွေးပြီး ငြိမ်ကုပ်နေတဲ့ လူနာမျိုးကျတော့ ဆေးပေးကုသရတာ ခက်ပါတယ်။

အမှန်ပြောရရင် ပရော်ဖက်ဆာရှဖီးဟာ ဒီဆေးရုံက ဝန်ထမ်းမဟုတ်ပါဘူးတဲ့။ သူက ဝါရင့်ဧဒနာသည်တစ်ဦးပါ။ ကျွန်တော် ဒီဆေးရုံကိုမရောက်လာခင်ကတည်းက ရှိနေခဲ့ပြီးသားပါ။ အေး- ဒီကိုသူရောက်လာပုံကတော့ သူ(၁၈)နှစ်သားတုန်းက သူ့ရည်းစားကို ခိုးပြေးဖို့ အပိုင်ခိုန်းထားခဲ့ပါတယ်တဲ့။ သူ့ရည်းစားက အဲဒီညမှာ သူ့ကိုလာတွေ့ခဲ့ပေမယ့် မလိုက်နိုင်တော့ဘူး။ မိုးလင်းရင် အိမ်က မိဘတွေ ပေးစားတဲ့လူနဲ့ ယူရတော့မှာ ဆိုပြီး မျက်ရည်ခံထိုးပြတယ်။ ဒါပေမယ့် ဆရာရှဖီးက အမျိုးမျိုး ချော့ခေါ်တယ်။ သူ့ရည်စားကလည်း မလိုက်ဘူး။ နောက်ဆုံးမှာ ဆရာရှဖီးက စိတ်တိုလာပြီး သူ့ရည်စားရဲ့ ရင်ညွှန့်ကို သူမှာအသင့်ပါလာတဲ့ ဓားမြှောင်နဲ့ သုံးလေးချက်ဆင့်ထိုးချလိုက်တယ်တဲ့။ သူ့လက်ထဲမှာပဲ သူ့ရည်စားက သွေးပွက်ပွက်ဆူပြီး ငြိမ်သွားတော့တယ်။ သတိရလာတော့ ဆရာရှဖီးက သူ့ရည်စားဟောင်းကြီးကို ပစ်ချလိုက်ပြီး သွေးရူးသွေးတန်းနဲ့ ဓားမြှောင်ကိုပါယူကာ ရဲစခန်းမှာ သူကိုယ်တိုင်သွားပြီး အဖမ်းခံလိုက်တယ်တဲ့။ နောက်တစ်နေ့ရဲ့ အချုပ်ထဲမှာ သူ့ရည်းစားကို သူကိုယ်တိုင် ကာယကံမြောက်သတ်ခဲ့မိလို့ ယူကျုံးမရနဲ့ ကြေကွဲဝမ်းနည်းနေတာရယ် လူသတ်မှုနဲ့ ရင်ဆိုင်ရမှာတွေကိုပါတွေးပြီး၊ သူ့စိတ်တွေ ဗလောင်ဆူလာတော့တွေရယ်ကြောင့် မခံစားနိုင်တော့ဘဲ တကယ်စိတ်နောက်မှားလို့ ကျွန်တော်တို့ ဆေးရုံကိုရောက်လာခဲ့ရတာပါ"တဲ့။

ဆရာဝန်ကြီး ရှင်းပြပြီးနောက် စုတ်သပ်သူသပ်၊ တီးတိုးတီးတိုး သဖန်း

www.burmeseclassic.com

www.burmeseclassic.com

ပိုးလုပ်သူအချို့က -

"တို့ကတော့ကွာ၊ ဆရာဝန်ကြီး အပ်ပေးတော့ ယုံကြည်ပြီး ဒေါက်တာရှဖီး ပြောပြတာတွေကို တကယ်လိုက်မှတ်နေခဲ့ကြတာကွာ။ လက်စသတ်တော့ အရူးက တစ်မူးသာဆိုတာ ဒါမျိုး ထင်ပါရဲ့ကွာ"

ဆရာဝန်ကြီးက သင်တန်းသားများ၏ ပဲ့တင်သံကိုပြန်ကြားလိုက်ရပြီး နောက် -

"ဆရာရှဖီးကို စိတ်ရောဂါရှင်ဆိုလို့ အထင်မသေး အထင်မလွဲလိုက်ကြပါနဲ့ ကျွန်တော် မေတ္တာရပ်ခံပါတယ်။ ကျွန်တော် တာဝန်ပေးလိုက်တဲ့သူရဲ့ ပြောစကားတွေကိုလည်း ကျွန်တော်က တာဝန်ယူပါတယ်။ သူက Memory သိပ်ကောင်းတဲ့ Computer Brain ပိုင်ရှင်ပါ။ ဆရာဝန်တွေက လုံနာမှတ်တမ်းကိုကြည့်ပြီးမှ ပြောနိုင်ကြတယ်။ သူကတော့ သူသိပြီးတဲ့ကိစ္စတစ်ရပ်ကို ဘယ်လောက်ပဲကြာကြာ လုံးဝမေ့မသွားဘူး။ အလွတ်ပြောနိုင်တယ်။ ဆရာရှဖီးက မှတ်ဉာဏ်နဲ့ ပတ်သက်လာရင် ထူးခြားတဲ့ ပါရမီရှင်တစ်ဦးပါ။ တကယ်ပါ ကျွန်တော့် တစ်သက် တစ်ယောက်မှမတွေ့ခဲ့ဖူးသေးပါဘူး။

သူ့အကြောင်းကို စုံအောင်ပြောရင် ဒီဆေးရုံက သူဆင်းချင်နေတာကြာပါပြီ။ ဆေးရုံကဆင်းချင်ရင်တော့ သူ့အတိတ်နဲ့ သူ့ပစ္စုပ္ပန်ကို ကောင်းလွတ်ထွက်နေသောတယ်ဆိုတာကိုလည်း သူကသိရမယ်။ ဒါတွေကို သူအားလုံးသိနေပါပြီ သိတာတွေကို ပြန်ပြောပြနိုင်ရင်တော့ သူ့ကို ဆင်းခွင့်ပေးလိုက်မှာပါ။ တစ်ခါက ကျွန်တော်တို့ဆေးရုံနဲ့ ဘတ်ဂျက်တွေကို လူကြီးပိုင်းက အလွဲသုံးထားတယ်လို့ နိုင်ငံတော်အကြီးအကဲဆီကို တိုင်လိုက်တယ်။ စစ်ကြတော့ ဘာမှ အလွဲသုံးစားမရှိပါဘူး။ တိုင်တဲ့လူကို စစ်ကြည့်တော့ ဆရာရှဖီး ဖြစ်နေတယ်။ သူက ဂေါ်ရခါလူမျိုးပါ။ ရှေးဆယ်တန်းအထိရောက်ခဲ့တယ်။ အင်္ဂလိပ်သတင်းစာ ဖတ်နိုင်တယ်။ စာကြီးပေကြီးဖတ်တယ်။ အေး-သူ့စိတ်တွေဖောက်လာချိန်မျိုးမှာ ဆိုရင်တော့ စကားကြီးစကား ကျယ်တွေပြောတတ်တယ်။ မလုပ်သင့်တာတွေကိုလည်းလုပ်တတ်တယ်။ အေး-အဲဒီလိုတွေ မကြာခဏလုပ်နေပေမယ့် သူ့ကိုယ်သူကျတော့ လူကောင်းပကတိလို့ထင်ပြီး ဒီဆေးရုံက ဆင်းချင်နေတာကြာလှပါပြီ။ ကျွန်တော်တို့က သူ့စိတ်တွေ ပုံမှန်မဖြစ်သေးလို့ ဆင်းခွင့်တော့ မပေးသေးတာပါ။ ဒါပေမယ့် သူ့စိတ်ပျော်ရွှင်လာအောင်တော့ သူ့ကိုဂုဏ်ပြုပေးတဲ့အနေနဲ့ အခုသင်တန်းသားတွေလို လေ့လာရေးခရီးစဉ်ရှိရင် သူ့ကိုရှင်းပြဖို့ တာဝန်ပေးလိုက်ပါတယ်။ သူက အဲဒီတာဝန်မျိုးကို လိုလိုလားလားနဲ့ ဆောင်ရွက်ခွင့်ရသွားခဲ့ရင် သူ့စိတ်တွေ ပေါ့ပါးသွားခဲ့တာ အမှန်ပါ။ ဒါစိတ်ကုထုံးတစ်ရပ်ပေါ့ဗျာ။ ကဲ - အားလုံးကို မင်္ဂလာပါ"

ဆရာဝန်ကြီးက နှုတ်ဆက်ပြီး သူ့ရုံးခန်းထဲကို ပြန်ဝင်သွားသည်။

ညနေစောင်း၌ သင်တန်းသားများပြန်ရန် ကားတန်းကြီးပေါ်သို့ တက်နေကြသည်။ ထိုစဉ် မမျော်လင့်ဘဲ ကားတန်းအနီးသို့ ဆရာရှဖီးတစ်ယောက် ရောက်လာပြီး -

"ဗျို့ ဆရာတို့၊ ဆရာတို့ ကျုပ်တို့ အာရှတိုက်က ပထမဆုံး စာပေနိုဗယ်ဆုရတဲ့ စာရေးဆရာကို သိကြလား"တဲ့။

သင်တန်းသားတစ်ဦးက -

"အိန္ဒိယက ဘင်္ဂါလီကဗျာစာဆိုတော်ကြီး တဂိုးလေဗျာ။ သူကွယ်လွန်တာ ကြာလှပါပြီ"

ဆိုတော့ -

"အေး - ခင်ဗျားပြောတာ တစ်ဝက်ပဲမှန်တယ်။ အိန္ဒိယတဂိုးက သေပေမယ့် မြန်မာပြည်တဂိုးကမသေဘူးဗျ။ သူက လူဝင်စားပြန်ဖြစ်လာပြီး ရာဘင်ဒြာနတ်တဂိုးဆိုတဲ့နာမည်နဲ့ပဲ သိပ်နာမည်ကြီးနေပါတယ်။ ဆရာတို့အားလုံးမသိရင် မှတ်ထားလိုက်ကြ၊ စာဆိုတော်တဂိုးလက်သစ်ဆိုတာ ကျုပ်ပဲဗျ"

လို့ သူ့ရင်ဘတ်ကို ပုတ်ပြကာ တစ်ချီးတည်း လစ်ပြေးသွားတော့သည်။ ကျွန်တော်က ကားပေါ်တွင် ထိုင်ပြီးနောက် ပရော်ဖက်ဆာရှဖီးလို အရိယာသူတော်စင် မဖြစ်ကြသေးတဲ့ ကျွန်တော်နှင့်တကွ ပုထုဇဉ်လူသားမှန်သမျှဟာ ပုထုဇနော ဥမ္မတ္တကော - အားလုံးဟာ အရူးတွေချည်းပါပဲကလားလို့ တွေးလိုက်မိကြောင်းပါခင်ဗျာ။

တက္ကသိုလ်-မောင်လူလှ

ငါးအစိုတောဆိုနှစ်ဖွဲ့

ခင်မြိုင်ဇွေ (ကျောက်ပုံ)

စွေးသွားတိုင်း မိသားစု အစားညီတဲ့ ငါးကို နေ့စဉ်ဝယ်ချက်ဖြစ်တယ်။ စွေးနှုန်းကလည်းချို၊ တစ်အိမ်သားလုံး ငါးဟင်းဆိုရင် ခေါင်းမဖော်တမ်း စားတတ်ကြသည်မို့ ချက်ကျွေးရသူ ကျွန်မလည်း စိတ်ချမ်းသာရပါတယ်။

နေ့စဉ် စွေးသွားတိုင်း ငါးဝယ်ရလွန်းလို့ ငါးသည်ဖြစ်တဲ့ လက်ပံတုန်းကျေးရွာက မမျိုးနဲ့ခင်မင်ရင်းနှီးခဲ့ရတယ်။

မမျိုးမှ ငါးအစို မပုပ်သိုးအောင် ထားသိုနည်းကို စာရေးသူအား ပြောပြလို့ ဗဟုသုတရစေရန် စာဖတ်သူများအတွက် ရေးသားတင်ပြလိုက်ပါတယ်။

"မမျိုးတို့က ရွာ ဆိုတော့ ရေခဲအလွယ်တကူမရနိုင်ဘူးလေ။ ဒါကြောင့် ညနေဘက်ဖမ်းမိသော ငါးအစိုတွေကို မနက်မိုးလင်းမှ နတ်မောက်စေ့းထဲရောင်းရမှာဆိုတော့ မပုပ်မသိုးအောင် ငါးရဲ့ပါးဟက်အတွင်းမှာ မန်ကျည်းသီးမှည့်အနည်းငယ်ထည့်ထားရတယ်။ အဲဒီလို ပါးဟက်အတွင်း မန်ကျည်းသီးမှည့် အနည်းငယ် ထည့်ထားခြင်းအားဖြင့် ရေခဲရိုက်ထားတဲ့ ငါးအစိုလို မပုပ်မသိုးဘဲ အေးပြီး တောင့်တောင့်လေးဖြစ်ပြီး ရောင်းပန်းလှလို့ ငါးဝယ်သူများလည်း ကြေး(ဂျီး)မများဘဲ ဝယ်သွားကြတာ ချည်းပါပဲ"

လို့ ပြောပြတာကြောင့် စာစီပြရေးခြယ်လိုက်ပါတယ်။

(ငါးအစို မပုပ်အောင် ထားနည်းပြောပြတဲ့ လက်ပံတုန်းကျေးရွာက မမျိုးကို ကျေးဇူးတင်ပါသည်။)

ခင်မြိုင်ဇွေ (ကျောက်ပုံ)

www.burmeseclassic.com

www.burmeseclassic.com

စေးလာနွယ်

ဖြူးမောက်ဝေစည်နဂါးတို့တိုင်းဖြည်

ယခုနှစ်အတွင်း ကျွန်ုပ်တော့်မှာ နေပြည်တော်နှင့် အတော် ဓာတ်တည့်နေမိသည်။ တစ်လလျှင် တစ်ခေါက်၊ နှစ်ခေါက်မျှ ရောက်ရှိပြီး ဆည်မြောင်းဆိုင်ရာကိစ္စရပ်များကို ဆောလျင်စွာ ပြုလုပ်ရင်း နေရာအရပ်အသီးသီးသို့ လှည့်လည်ခြေဆန့်မိပါသည်။ ဟော -ယခုတော့ ပင်လောင်းလမ်းဆုံ(အဟောင်း)၊ ရန်ကုန်၏မန္တလေးသွား ကားလမ်းမကြီးနံဘေး ရေဆင်းတက္ကသိုလ်အနီး သစ်တပ်ကျေးရွာအကျော်ရှိ ဧက (၃၀)ကျယ်ပြန့်သောခြံကြီးတွင် တာဝန်ယူရပြန်သဖြင့် နေပြည်တော်သားစစ်စစ်ဖြစ်ချပြီ။

စိမ်းစိုသောလယ်ကွင်းများအကြား တည်ရှိနေသည်မို့ ဝ နှံးကျင်တစ်ခုလုံး လန်းဆန်းနေပါသည်။ 'ပေါင်းစည်းလယ်ယာ' ဟု ခေါ်ဝေါ် သမုတ်ထားသည့် အတိုင်း ကွဲခြံ၊ နွားခြံ၊ ကြက်ခြံ၊ ငါးကန်များ၊ သင်္ဘောပင်၊ ငှက်ပျောပင်၊ ဖရဲသခွားပင်တို့အကြား အစီအရီ ဖြူးမောက်ဝေစည်နေသော နဂါးမောက်ပင်ပျို့ ပင်လတ်၊ ပင်ကြီးတို့အလယ် ချမ်းမြေစွာ သင်ရောက်ရှိသွားပေမည်။

ပျို့ပင်တို့အကြား အလုပ်များနေသော အလုပ်သမားများ၊ မိုးနှင့်အပြိုင် ထွန်ယက် စိုက်ပျို့နေကြသော စပါးမွေးကောက်ပင်ပျို့ကြားမှ ကောက်စိုက်သမများ၊ Sylo ခေါ် ခေတ်မီစပါးကို၊ ကောက်ပဲသီးနှံ အပါအဝင် စပါးများမိုးစိုခြင်းမှ ခြောက်သွေ့ရန် ပြုလုပ်ပေးသော Dryer ခေါ် အခြောက်ခံစက်၊ တင်းပေါင်းများစွာ သိုလှောင်နေသော သံဂိုဒေါင်ကြီးကို ဆောက်လုပ်နေသည့် စက်မှုလုပ်သားများဖြင့် 'ပေါင်းစည်းလယ်ယာ' တစ်ခွင်လုံး ညီစီနေပါ၏။

အထူးသဖြင့် လယ်ယာလမ်းတစ်လျှောက် နေရာမလပ်စိုက်ပျိုးထားသော ထူးခြားသည့် အပင်တို့သည်ကား 'နဂါးမောက်သီးပင်' များသာ ဖြစ်၏။ အပင်ခူင်းအလိုက်သော် လည်းကောင်း၊ စင်တန်းလျားကြီးများဖြင့် အုပ်စုဖွဲ့၍ စိုက်ပျိုးထားသည်ကို လည်းကောင်း ပုံပါအတိုင်း မြင်တွေ့ရပါ၏။

နဂါးမောက်သီးတွင် ပရိုတိန်း၊ အမျှင်ဓာတ်၊ ကယ်ရိုးတင်း၊ ကယ်လစီယမ်၊ ဖော့စ်ပဖရပ်၊ သံဓာတ်၊ ဗီတာမင် ဘီ ၁၊ ၂ ၃ နှင့် ဗီတာမင်စီ စသည့် အာဟာရဓာတ်မျိုးစုံပါဝင်သည်။ အစာအိမ်နာ၊ ဆီးချို၊ ဆီးလွန်၊ ကင်ဆာရောဂါ၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်ရောဂါတို့ကိုပါ သက်သာပျောက်ကင်းစေသည့် ဆေးဖက်ဝင်တစ်မျိုး ဖြစ်သည်။ ပိုးမွှားကျရောက်မှု နည်းသောကြောင့် ဓာတုပစ္စည်းလွတ် စိုက်ပျိုးထုတ်လုပ်နိုင်သော သီးနှံတစ်မျိုး ဖြစ်၏။ နဂါးမောက်သီး၏အသီးပုံသဏ္ဌာန်နှင့် အသီးခွံအရောင်မှာ ဆွဲဆောင်မှုရှိ

နဂါးမောက်အပင်တန်း

www.burmeseclassic.com

www.burmeseclassic.com

သဖြင့် အလှပင်အဖြစ်လည်း စိုက်ပျိုးနိုင်ပါသည်။

ထိုနဂါးမောက်ပင်ပျိုတို့အလယ် ကျွန်တော်တို့ ရောက်ရှိနေသည်မှာ လအနည်းငယ် ကြာခဲ့ပါပြီ။ သို့ပါသော်ငြား အနှီအပင်တို့၏ မျိုးရိုးဗီဇအခြေအနေဖြစ်ကြောင်းကုန်စင်ကို တိတိကျကျ မသိရသေး။ ဈေးကောင်းရသော ထိုအပင်တို့ကို မျိုးထုတ်ရောင်းရင်း စားကောင်းသော သီးနှံတစ်မျိုးဟုသာ စိတ်ဝင်စားမိသည်။ ရံဖန်ရံခါ မဂ္ဂဇင်း၊ ဂျာနယ်များတွင် တွေ့ရခဲသော နဂါးမောက်ပင်ဆောင်းပါးများကို ဖြတ်၊ ညှပ်၊ ကပ်လုပ်ရင်း လေ့လာမိပါသည်။ အပြည့်အစုံတော့ မဟုတ်သေးပါ။

တစ်နေ့။

ထိုတစ်နေ့တွင် သူရဇ္ဈမဂ္ဂဇင်း၌ ဆေးဖက်ဝင်သစ်ပင်သီးနှံများအကြောင်း ရေးသား ထုတ်ဝေနေသော စောဝဝါ (ပျဉ်းမနား) နှင့် စာပေရဲဘော်များ ၈က (၃၀) ခြံသို့ လေ့လာရေး ရောက်ရှိခိုက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မိတ္ထီလာခြံ ဥယျာဉ်မှူး ဦးအောင်သန်းနှင့်ပါ ကြုံဆုံခွင့်ရသဖြင့် လေ့လာ ဆည်းပူးမိပါသည်။

"ဦးအောင်သန်းရေ၊ မိတ်ဆက်ပေးရမယ်ဆိုရင်တော့ ဟောဒီအဘဟာ မဂ္ဂဇင်းတွေမှာ ဆေးဖက်ဝင်အပင်တွေ အကြောင်းရေးနေတဲ့ စောဝဝါ (ပျဉ်းမနား)ပါပဲ။ ကျွန်တော် အခုတစ်လော နဂါးမောက်အကြောင်းကို ပြည့်ပြည့်စုံစုံ သိချင်လို့ အဘဆီမှာရော ခင်ဗျားဆီမှာပါ ဒီအပင်နဲ့ ပတ်သက်ပြီး သိကောင်းစရာနည်းပညာဗဟုသုတကို ပြောပြပေးပါဦး"

ကျွန်တော်မိတ်ဆက်ပေးမှကြောင့် အဘ စောဝဝါ (ပျဉ်းမနား) နှင့် စာပေလုပ်သားအဖွဲ့ဝင်များဖြစ်သော ဦးကျော်မြင့်၊ ဦးကျော်ကြီး၊ ဦးပန်းနီတို့သည် စိုက်ပျိုးရေးလက်ထောက်မန်နေဂျာ ဦးအောင်သန်းနှင့် ရင်းနှီးခွင့်ရခဲ့ပါသည်။

"ဟုတ်တယ်၊ ဦးအောင်သန်းရေ၊ ကျွန်တော့်ရဲ့ခြံမှာ စားပင်၊ မျိုးပင်တွေ စုံသလောက် စိုက်ပေမယ့် အခု နာမည်ကြီးနေတဲ့ နဂါးမောက်က စိုက်လို့ သိပ်မဖြစ်ဘူးဗျ။ အဲဒီအရပ်က မြေနိမ့်ပိုင်းဖြစ်နေတာရယ်၊ စွတ်စိုနေတဲ့အရပ်ကြောင့် ဖြစ်မယ်ထင်ရဲ့။ ထင်သလောက်မဖြစ်ဘူးခင်ဗျ"

ဦးအောင်သန်းမှာ အမြဲပြုံးရွှင်သော မျက်နှာထားရှိပြီး သူတစ်ထူးအား ကူညီလိုစိတ်ရှိသူအမှန်ပင်။ ကျရာအရပ်



နဂါးမောက် (ပန်းခရမ်းရောင်) အား စားချင့်စဖွယ်မြင်ရပုံ



ဆွတ်ခူးထားသော နဂါးမောက်သီးများ

ဒေသတွင် အပင်မျိုးစုံကို စိုက်ပျိုးထူထောင်ထားသည်သာမက မိတ္ထီလာဥယျာဉ်ခြံမှ ဥမန်နေဂျာတစ်ဦးလည်းဖြစ်၏။

"ဒါကဒီလိုရှိပါတယ်။ ရာသီဥတု၊ စိုက်ပျိုးမယ့် အခြေအနေအရတော့ နှစ်စဉ် မိုးရေခိုန်လက်မ (၂၀) ကနေ (၅၀) လက်မရရှိပေမယ့် အပူပိုင်းဒေသနဲ့ အပူလျှော့ပိုင်းဒေသတွေမှာ စိုက်ပျိုးဖို့အသင့်တော်ဆုံးပဲခင်ဗျ။ ဒါကြောင့်မို့ မြန်မာပြည်အလယ်ပိုင်းဒေသတွေဖြစ်တဲ့ ပုပ္ပား၊ မိတ္ထီလာမှာ လှိုင်လှိုင်စိုက်ပျိုးကြတယ် မဟုတ်လား"

ဦးအောင်သန်းမှာ အသက်ငယ်ရွယ်သော်လည်း ကျောင်းဆရာဟောင်း တစ်ဦးဖြစ်ခဲ့ဖူးသော အဘ စောဝဝါအား ရိုသေကျိုးနွံစွာဖြင့် ရှင်းလင်း ပြောပြပါ၏။ အဘအား ရေနွေးကြမ်းတစ်ခွက် ထပ်ဖြည့်ပေးရင်း -

"စကားဆက်ရရင် အသင့်လျော်ဆုံးအပူချိန်ကတော့ (၂၁) ဒီဂရီကနေ (၂၉) ဒီဂရီစင်တီဂရိတ် ဖြစ်ပါတယ်။ စွတ်စိုတဲ့ ဒေသ၊ အပူပိုင်းဒေသတွေမှာ အပင်ကောင်းကောင်းဖြစ်ထွန်းပေမယ့် အသီးတင်နှုန်း နည်းပါတယ်၊ အမြင့်ဆုံး (၄၀) ဒီဂရီ စင်တီဂရိတ်အထိ ခံနိုင်ပါတယ်"

"ဘယ်မြေအမျိုးအစားမှာစိုက်ရင် ကောင်းမလဲဆရာ"

ခန္ဓာကိုယ်ဝန်ခိုင်တုတ်ဖြီးပြီး လက်ဖက်ပန်းကန်ကို လက်မှမချချင်သော စာရေးဆရာ ကိုကျော်ကြီးက လက်တွေ့ကွင်းဆင်းလိုက်၏။

"ဒါက ဒီလိုရှိတယ်ခင်ဗျ၊ ရေစိမ့်ဝင်လို့ကောင်းတဲ့ သဲနုန်းမြေဟာ အသင့်လျော်ဆုံးပဲ။ မြေစေးမှာတော့ အပင်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ထွန်းတာ နှေးကွေးပြီး နောက်ကျတယ်၊ အသင့်လျော်ဆုံးမြေချဉ်ငန်ကိန်းကတော့ PH-6.5, 7.5 ပါပဲ။

အပင်အမျိုးအစားကတော့ တွယ်ကပ်ပင်ပါ။ မြေပေါ်တွားပြီးပေါက်တဲ့ ရေငတ်ခံနိုင်တဲ့ ရှားစောင်းမျိုးနွယ်ဝင်အပင်ဖြစ်ပါတယ်။ ပင်စည်က သုံးမြောင့်ပုံစံရှိတယ်။ ပင်စည်အနားမှာ ဆူးပင်မျိုးရှိပါတယ်။ မျိုးအလိုက် ပင်စည်စောင်းပုံ၊ ရွက်နားဟိုက်ပုံစံ၊ ဆူးအတိုအရှည်နဲ့ ဆူးအရေအတွက် ကွာခြားပါတယ်။ ပင်မပင်စည်၊ အဖူးက ထွက်လာတဲ့ အကိုင်းသစ်ဟာ သက်တမ်း (၆) လ၊ (၈)လရှိလာရင် ပန်းပွင့်နိုင်ပါတယ်။ ညနေပိုင်း ဒါမှမဟုတ် ညပိုင်းကျရင် ပန်းပွင့်ပါတယ်။ နေထွက်လာရင် ပန်းပွင့်ငုံသွားတယ်။ အတွင်းသား အဖြူရောင်မျိုးမှာ ပွင့်ဖတ်ဟာ အစိမ်းရောင်ရှိတယ်။ ပွင့်ချပ်ဟာ နီနှစ်ရောင်ဖြစ်ပါတယ်။ အတွင်းသား ခရမ်းနီရောင်မျိုးဟာ ပွင့်ဖတ်က နီညိုရောင်၊ ပွင့်ချပ်က အနီရောင်သန်းပြီး နီနှစ်ရောင်ဖြစ်ပါတယ်။ အသီးအရောင်က မျိုးအလိုက် အနီရောင်၊ ပန်းရောင်၊ အဝါရောင်သန်းတဲ့ ပန်းရောင်များ ရှိပါတယ်။ အသီးလုံးပတ်လည်မှာ နဂါးမောက်ပုံစံလို ကော့ပြန်နေတဲ့ အဖတ်များရှိတယ်။ အတွင်းသားအရောင် အဖြူရောင်မျိုးနဲ့ အနီရောင်၊ ပန်းရောင်မျိုးကို စီးပွားဖြစ် စိုက်ပျိုးနိုင်ပါတယ်။ အစေ့က အမည်းရောင် ဖြစ်ပါတယ်"

"ဟုတ်ပါပြီဗျာ၊ ကျွန်တော်သိချင်တာက ဒီနဂါးမောက်ပင်ရဲ့ ဆေးဖက်ဝင်မှုအပိုင်းပဲ။ မဂ္ဂဇင်းတွေမှာလည်း ပြည်သူတွေ သိသင့်သိထိုက်တဲ့ ဆေးဖက်ဝင်အပင်တွေကို ရှာဖွေဖော်ထုတ်ရေးနေတာလည်း လစဉ်လိုလိုပါပဲ"

ဟု ဆရာကြီးစောဝါမှ မေးမြန်းပါ၏။

ဆရာ ဦးအောင်သန်းမှာလည်း ခေသူ မဟုတ်၊ ဆရာကြီး၏ အမေးကို အောက်ပါအတိုင်း ဖြေကြားပါ၏။

နဂါးမောက်ဆေးဖက်ဝင်မှုအပိုင်းကတော့ ဒီလိုပြဆိုထားပါတယ် ဆရာကြီး။ နံပါတ်(၁)အနေနဲ့ကတော့ ခြေဖျက်အားကောင်းစေပါတယ်။ ဘိုလိုပြောရရင်တော့ Dragon fruit helps the digestive process. နံပါတ်(၂)ကတော့ အူမကြီးကင်ဆာနဲ့ ဆီးချို၊ ဆီးလွန်ရောဂါကို ကာကွယ်ပေးပါတယ်။ Dragon fruit helps prevent color cancer and diabetes. နံပါတ်(၃)ကတော့ အဆိပ်အတောက်ဖြစ်စေတဲ့ heavy metal များကို ခြေဖျက်ပေးပါတယ်။ ကိုလက်(စ်)ထရောကို လျော့ကျစေတယ်။ သွေးတိုးနှုန်း ကျစေပါတယ်။ Dragon fruits helps to neutralize toxic substance such as heavy metals, reduce cholesterol levels and high blood pressure တဲ့။ နံပါတ်(၄)အချက်ကတော့ အမြဲစားသုံးခြင်းဖြင့် ချောင်းဆိုးရင်ကျပ်ရောဂါ သက်သာ ပျောက်ကင်းစေပါတယ်။ Consumed regularly, the dragon fruit can help agairst as thma and eough ပါတဲ့။ နောက်ဆုံး နံပါတ် (၅)အချက်ကတော့ အာဟာရဓာတ် ကြွယ်ဝပြီး မို့သတ်ဆေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများ အသုံးမပြုဘဲ စိုက်ပျိုးထုတ်လုပ်နိုင်သောကြောင့် စားသုံးသူများနှင့် သဘာဝပတ်ဝန်းကျင်အတွက် အန္တရာယ်ကင်းသော သစ်သီး ဖြစ်တယ်လို့ ဆိုပါတယ်။ အဲ-ဘိုလိုတော့ဆက်မမှုတ်တတ်တော့ဘူးခင်ဗျ။ အလွတ်ကျက်ထားတာတွေ မေ့ကုန်ပြီ"

ကျွန်တော်တို့အဖွဲ့ ပေါ့ပါးစွာ ရယ်မောလိုက်ကြ၏။ ဆရာဦးအောင်သန်းလည်း စာအုပ်ထဲမှ အချက်အလက်များကို 'ပါတာဖတ်' လုပ်လိုက်ရသဖြင့် အတော် မောသွားဟန်တူပါသည်။ ရေနွေးအေးအေးလေးတစ်ခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်ပါ၏။

ကျွန်တော်ကလည်း အလိုက်သိစွာ စိတ်နှင့်ထားသော နဂါးမောက်သီးအဖြူနှင့် အနီအစိတ်အမွှာတို့အား ဆရာကြီး စောဝါနှင့် ဆရာဦးအောင်သန်း အပါအဝင် စာရေးဆရာတို့ရှေ့ချရင်း နွားနို့ပူပူကလေးများ ဒါနမြောက်စေရန် သောက်စေခဲ့ပါသည်။ ဆရာကြီးတို့လည်း ဝမ်းမြောက်ရွှင်လန်းစွာ အားပေးကြပါ၏။ ပြီးမှ ကျွန်တော်သည်လည်း

မြဲလုပ်သားများနှင့် နဂါးမောက်ပျိုးပင်များ



နဂါးမောက်ပျိုးပင်များ

www.burmeseclassic.com

www.burmeseclassic.com

အားကျမခံ နဂါးမောက်ပွင့်ခြောက်၏ အာနိသင်ကို ထပ်လောင်းပြောပြလိုက်ပါ၏။

"ဒီလိုဆရာကြီးရေ၊ နဂါးမောက်ကလည်း တခြားအသီးအပွင့်တွေလို ပဉ္စင်းပါးမကျန် အသုံးသင့်သလို သူ့အပွင့်ကလည်း နွမ်းခြောက်သွားရင် အသုံးဝင်ပေးတယ် ခင်ဗျ။ လယ်တောထဲကို အလုပ်ဝင်ကြတဲ့ လယ်သူမကြီးတွေရဲ့ ပြောစကားအရ နဂါးမောက်အသီးတွေ အဝါပွင့်တွေပွင့်လာပြီး နွမ်းခြောက်သွားရင် ဒီပွင့်ခြောက်တွေကို စုစည်းပြီး ရေနွေးနဲ့ စင်ကြယ်အောင် ဆေးကြော။ ပြီးမှ အဲဒီပွင့်ခြောက်တွေကို လက်သုပ်သုပ်စားသလို ဒေသန္တရအစားအစာ

ရှင်းလင်းပြောကြားပေးသူ မိတ္ထီလာစိုက်ကွင်း ခ-မန်နေဂျာ ဦးအောင်သန်း

အဖြစ် စားသုံးလို့ရတယ်ဆိုပဲ။ဒါမှမဟုတ် ပွင့်ခြောက်တွေကို ထပ်မံ နေလှန်းပြီး လက်ဖက်ခြောက် အစားထိုး ရေနွေးပူပူနဲ့ သောက်လို့ရတယ်တဲ့"

ကျွန်တော့်စကား မဆုံးသေးခင် ကိုပန်းနိုက-

"အစွမ်းအာနိသင်ကကောင်ဗျာ"

ဤအမေးကို သူ့နံဘေးရှိကိုကျော်ကြီးက ချက်ချင်း တုံ့ပြန်အဖြေပေးပါသည်။

"(၉၆) ပါးရောဂါ အကုန်ပျောက်သတဲ့ဗျာ"

ဟု ပြောလိုက်ရာ တစ်ခန်းလုံး ရယ်မောသံများ စီညံပြီး ဆရာကြီးစောဥဝါကိုယ်တိုင် လက်ဖက်ရည်သီးသွားပါတော့သည်။

အခြားအသုံးပြုမှုများအနေဖြင့် အကိုင်းနှပန်းဖူးများကို ဟင်းသီးဟင်းရွက်ကဲ့သို့ ချက်စားနိုင်ပါသည်။ အကိုင်းနုများကို ပါးပါးလှီးပြီး ရေဖြင့် (၅)မိနစ်ခန့်ပြုတ်၍ ရေသွန်ပစ်ပါ။ ပြီးမှ ကြော်ချက်စားပါ။ နူးညံ့ပြီး ကော်ကဲ့သို့ ဖြစ်သော်လည်း အရသာရှိသော ဟင်းတစ်ခွက် ဖြစ်သည်။ အသီးမှည့်ကို စားသုံးခြင်းဖြင့် ရင်ကို အေးမြပြီး လူကို လန်းဆန်းသည်။ ဖျော်ရည်အစာသွတ်မုန့်ပြုလုပ်စားနိုင်သည်။ ဂျယ်လီတွင်ထည့်၍ လည်းကောင်း၊ နွားနို့နှင့် စပ်၍ လည်းကောင်း၊ အရက်တွင် ထည့်၍ လည်းကောင်း ယိုပြုလုပ်၍ စားကြသည်။ ရေခဲမုန့်များပေါ် တွင်လည်း တင်၍ စားသုံးနိုင်ပါသေးသည်။

❂

ကျွန်တော်တို့၏ နဂါးမောက်သီးပင်စကားဝိုင်းလေးမှာ အတော်ပင် စိုပြည်လှပါ၏။ အခန်းထောင့်တွင် ခွေးဆွတ် စုပုံထားသော နဂါးမောက်သီးများမှာလည်း များပြားလှပါဘိတော့၏။ တစ်နေ့လျှင် နဂါးမောက်အပင်မှ ပျမ်းမျှလေး၊ ငါးလုံး ဆွတ်ခူးရ၍ ဤထောင်ကျော်သော နဂါးမောက်အပင်များစွာမှ အလုံးအရေအတွက်ထွက်သည်ကို တွက်ချက်နေရန် မလိုပါ။ တစ်ခါတစ်ရံ အကိုင်းအလက်တစ်ခုတည်းမှ အသီးငယ်သုံး၊ လေးလုံးမျှ စုပြုံ ဖူးပွင့် ပေါ်ထွက်လာ၏။ သို့ပါသော်လည်း အသီးအား ဆုတ်မည်စိုး၍ ဖူးလက်စ အသီးကလေးများကို နှမြောတသမှကင်းစွာ ခွေထုတ်ရပါသည်။ သို့မှသာ သန်မာကြီးထွားသောအလုံးကြီး ခူးဆွတ်ရပေလိမ့်မည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် နဂါးမောက်သီးသည် ဧပြီလတွင် ပန်းဖူးစဝင်ပြီး မေလတွင် ပန်းပွင့်ပါသည်။ ဇွန်လတွင် အသီးစထွက်ပါသည်။ ဧပြီလတွင် အပူခိုန်မြင့်ခြင်း၊ မိုးရေမရရှိခြင်းကြောင့် အဖူးအားလုံး ပန်းမပွင့်နိုင်ဘဲ အပွင့်အားလုံးလည်း အသီးမတင်နိုင်ပါ။ မေလတွင် ပန်းဖူးအရေအတွက် များလာပြီး အဖူးအပွင့်အားလုံးနီးပါး အသီးတင်ပါသည်။ အသီးများများထွက်နိုင်သောကာလမှာ ဇူလိုင်၊ သြဂုတ်နှင့် စက်တင်ဘာလများသာ ဖြစ်ပါသည်။ စက်တင်ဘာလတွင် ပန်းဖူးဝင်မှုနည်းသောကြောင့် အောက်တိုဘာလတွင် အသီးထွက်နှုန်းပြန်လျော့သွားပါသည်။

နဂါးမောက်သီးသည် အလင်းအနည်းဆုံး (၁၂) နာရီရသောကာလ အသီးသီးပါသည်။ မြန်မာနိုင်ငံတွင် အလင်း (၁၂) နာရီကျော် ရရှိသော မေလမှ အောက်တိုဘာလကုန် နိုဝင်ဘာလဆန်း အထိ ပွင့်သီးမှုရှိပါသည်။ ပန်းဖူးစအထိ ပွင့်သီးပါသည်။ ပန်းဖူးစဝင်ပြီး (၁၅)ရက်တွင် ပန်းပွင့်ပါသည်။ ပန်းပွင့်ပြီး (၂၅)၊ (၃၀) ရက်ကြာလျှင် အသီးရင့်မှည့်ပါသည်။ Final crop offseason (late crop) ထုတ်လျှင် အသီးရင့်မှည့်သည့်ကာလသည် ဒီဇင်ဘာ၊ ဇန်နဝါရီ ဖြစ်သည်။ ၎င်းကာလသည် အေးသောကြောင့် အသီးရင့်မှည့်ရန် ပန်းပွင့်သည်မှ ရက် (၄၀)၊ (၄၅) ရက်ခန့် ကြာပါသည်။

ကျွန်တော်က နဂါးမောက်စိုက်ပျိုးရေးစာတမ်းတစ်ခုမှ 'အသီးသီးခြင်း' ဟူသောအပိုဒ်ကို အထက်ပါအတိုင်း ဖတ်ပြပါသည်။

"ဟာ - ဒါဆို အသီးထွက်ရာသီရှည်တော့ ဝင်ငွေရရှိမယ့်ကာလက ကြာမှာပေါ့"

ဟု စာရေးဆရာတစ်ဦးက မေးမြန်း၏။

စိုက်ပျိုးရေးဆရာ ဦးအောင်သန်းမှ တစ်ချက်ပြုံးရင်း-

"အဲဒီအချက်က စိုက်ပျိုးထုတ်လုပ်သူတွေအတွက် ကောင်းတဲ့အချက်ပါပဲ ခင်ဗျာ။ ဒီလိုလေ၊ ဝင်ငွေကာလရှည်တဲ့အတွက်ကြောင့် စိုက်ပျိုးသူရဲ့ စားဝတ်နေရေးအတွက် ဝင်ငွေရသလို အပင်ကိုလည်း အစာပြန်ကျွေး၊ ပြုစုနိုင်ပါတယ်။ ဒါ့အပြင် တစ်ကြိမ်သီးထွက်နည်းရင် အသီးငယ်ခဲ့ပေါ့ဗျာ၊ နောက်တစ်ကြိမ်မှာ အသီးထွက်လည်း များများ၊ အသီးလည်း ကြီးကြီးဖြစ်ဖို့ အချိန်မီ ပြုပြင်ပေးနိုင်ပါတယ်"

ဆရာကြီးစောဥဝါမှ သေချာမဖွင့်

www.burmeseclassic.com

www.burmeseclassic.com

စွာ နားထောင်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေပါသည်။ ပြီးမှ-

"နဂါးမောက်ပင်ဟာ ရှားစောင်း နွယ်ဝင်အပင်မျိုး ဆိုတာ ဖတ်ရတယ်။ အင်္ဂလိပ်အမည်ကတော့ Dragon fruit ပဲ။ ရုက္ခဗေဒအမည်ကတော့ Hyloce-rells Species ပါ။ မျိုးရင်းကတော့ Cactaceae ပဲတဲ့။ စီးပွားဖြစ် စိုက်စားနေ တဲ့မျိုးများရဲ့ မူရင်းဒေသကတော့ မက္ကဆီကိုနိုင်ငံအလယ်ပိုင်းဒေသတွေပဲ"

ဟု အပင်သမိုင်းကြောင်းကို အတို ချုပ်ပြောပြ၍ အပင်ဗဟုသုတရပါသည်။ ဆရာကြီး၏စကားအပြီး ဦးကျော်မှ-

"ကဲ - ကျွန်တော်တော့ ဒီနဂါး မောက်ပင်ကို စိုက်ကိုစိုက်ချင်နေပြီဗျာ။ အပြန်ကျရင် ဟောဒီဆရာနွယ်ဆီက ပျိုး ပင်ပေါက်လေးတွေ အလကားတောင်း ပြီး စိုက်ကိုစိုက်ဦးမှာ"

ဟု စကားဦးသန်းနေသဖြင့် ကျွန် တော့်မှာ အတော်ပင် ထိတ်လန့်သွားရ ပါသည်။ မလန့်ဘဲရှိပါ့မလား။ ပျိုးပင် တစ်ပင် (၁၅၀၀)၊ အသီးတစ်လုံး (၈၀၀)၊ (၁၀၀၀) ကျပ်ကျော်မှ ရောင်းနိုင်မည့် အသီးတွေကိုး။

"နောက်တာပါ ဆရာနွယ်ရယ်၊ ကျွန်တော်က လူပျိုကြီးပါ။ အစားအ သောက် အပူအပင်ကင်းမဲ့ပါတယ်။ ဟို ဆရာတွေအတွက် ကြိုတောင်းပေးထား တာပါ။ ကျွန်တော်ရေးနေတဲ့ မြဝတီ သတင်းစာထဲမှာ ရေးနိုင်အောင်လို့ စိုက် ပျိုးတဲ့အချက်ကလေးကိုလည်း ပြောပြ ပါဦးခင်ဗျ"

ဦးအောင်သန်းမှာ စိုက်ပျိုးရေး ဝန်ထမ်းပီပီ အခြားစိုက်ပျိုးရေးလုပ်ငန်း များသာမက နဂါးမောက်ပင်ပါ ပူးတွဲ စိုက်ပျိုးနေသူဖြစ်၍ အတွေ့အကြုံ အတန်ပင်ရှိခဲ့ပေရာ ကျွန်တော်တို့သိလို သောအချက်အလက်တို့ကို မမောတမ်း ပြောပြနိုင်ပါ၏။

"ပျိုးထောင်ခြင်းရော စိုက်ပျိုးခြင်း ပါပေါ့ဗျာ။ တစ်ဆက်တည်းပါပဲ၊ ပျိုး ထောင်မယ့်အကိုင်းတွေဆိုတော့ အရိပ် အောက်မှာ တစ်ပတ်လောက်ထားပြီးမှ ပျိုးပေါင် ဒါမှမဟုတ် ပျိုးအိတ်ထဲမှာ ပျိုး ထောင်ရမယ်။ ဒီနေရာမှာ တချို့စိုက်ပျိုး ခင်းမှာဝယ်ရင်တော့ အထုပ်အိတ်လေး ထဲမှာ အသင့်ပျိုးပင်ကလေး ရနိုင်ပါ တယ်။ ကိုယ့်ဟာကိုယ်လုပ်မယ်ဆိုရင် တော့ ပျိုးအိတ်ထဲမှာ မြေဩဇာရယ်၊ ဖွဲ ပြာရယ် ပေါင်းစပ်ပြီး အပင်နဲ့အတူ ပျိုး ရမယ်ဆိုတာပါပဲ။

စိုက်ပျိုးတဲ့အခါမှာ ပင်ခြား၊ တန်း ခြား (၉×၉) ပေ ဒါမှမဟုတ် (၉×၁၂) ပေထား၊ (၄×၄) လက်မ ဒါမှမဟုတ် လုံး ပတ်ထွာဆိုင်ရှိ မျောတိုင် ဒါမှမဟုတ် အ ချင်း (၆) လက်မရှိ ကွန်ကရစ်ပြွန်ကို မြေပြင်အထက် (၆) ပေ ရရှိအောင်စိုက် ပါ။ ကွန်ကရိပြွန်ကိုသုံးရင် ပြွန်အခြေကို အင်္ကတဲနဲ့ လုံအောင်ပိတ်ပြီးမှ သုံးရင် ကောင်းတယ်။ ကွန်ကရစ်ပြွန်ထဲ ရေ ထည့်ပေးနိုင်အောင်ပါ။ တိုင်ထိပ်မှာ အ ကိုင်းမျှားတွဲခိုရန် (၄) ပေပတ်လည်သစ် သားခွေ ပြုလုပ်ပေးပါ"

"နေပါဦး ဆရာ၊ ကျွန်တော်တို့ အလာတုန်းက ခြံဝမှာ တွေ့တာတော့ တန်းလျားကြီးအလိုက် အပင်တွေကို စု ပေါင်းစိုက်ထားတာရယ်။မှို့ပွင့်ပုံသဏ္ဌာန် ထီးလို သံချောင်းတွေနဲ့ ယှက်ဖြာစိုက် ထားတာ တွေ့တာပဲ။ ဆရာ့ပုံစံကျတော့ တစ်မျိုးပါလား"

"ဒါကတော့ ကိုယ်စိုက်ချင်တဲ့ပုံစံ နဲ့ နဂါးမောက်အပင်ရဲ့ခံနိုင်မှုအားကို မူ တည်ပြီး ဆောက်လုပ်တဲ့နည်းစနစ်ပါပဲ။ ကြိုက်ရာပုံစံယူပြီး စိုက်လို့ရပါတယ်။ အသီးအပွင့်တွေ အောင်မြင်ဖို့ အဓိက မဟုတ်လား။

ဆက်ပြောရမယ်ဆိုရင် စိုက်ထား တဲ့ တိုင်ပတ်လည်မှာ တိုင်ကနေ (၄) လက်မမှ (၆) လက်မခွာပြီး (၁×၁×၁) ပေလောက်ရှိတဲ့ စိုက်ကျင်း (၄)ကျင်း တူးပါ။ စိုက်ကျင်းထဲကို NPK အချိုး (၁၅း၁၅း၁၅) ဓာတ်မြေဩဇာ ဟင်းစား ဇွန်း (၂) ဇွန်းနဲ့ သဘာဝမြေဆွေး (၈) ပြည်ခန့်ကို အပေါ်ယံမြေနဲ့ မြေအောင်း ပိုးသတ်ဆေးတစ်မျိုးမျိုး သမအောင် ရောမွှေဖြည့်ပေးပါ။ မိုးများတဲ့ဒေသမှာ စိုက်ကျင်းအထက် (၆) လက်မအမြင့် ပေါင်ပြုလုပ်ပါ။ ၎ရေပတ်တဲ့နေရာမှာ ရေ နှတ်မြောင်း ပြုလုပ်ပေးရန် လိုပါတယ်။ စိုက်ကျင်းအလယ်တည့်တည့်မှာတော့ မိခင်အပင်ကနေ ဖြုတ်ယူထားတဲ့ နဂါး မောက်ပင်စည်ကိုင်းဖြတ်ကို (၄)လက်မ လောက် မြှုပ်စိုက်ပေါ့။ ပင်စည်ကိုင်း ပြတ်ကတော့ အလျား အနည်းဆုံး (၈) လက်မလောက် ရှိသင့်ပါတယ်။ စိုက်ပျိုး ပြီးအပင်ကို (၂) ပတ်လောက် အရိပ်ပြု လုပ်ပေးပါ။ ထိုင်မှာဂပ်ချည်၊ ရေ လောင်းပေးပါ"

"ဟူး- ဆရာရယ်၊ ဝယ်စားလိုက် ရင် သက်သာမယ်ထင်တယ်"

ဆရာကျော်၏ အချွန်းကြောင့် ကျွန်တော်တို့အားလုံး ရယ်မောမိကြ၏။

ပြီးမှ ဦးပန်းနိုက-

"ဒါကြောင့် သူ လူပျိုကြီးဖြစ်တာ ဆန်းသလား ဆရာရယ်။ ကဲ- ဆက် ပြောပေးပါဦး"

ဟု တိုက်တွန်းပေးပါ၏။

"ပြီးတော့မှာပါဗျာ။ မြေကြီးအစို ဓာတ်မပြတ်ရအောင်တော့ ပုံမှန်ရေသွင်း ပေးပါ။ ရာသီဥတုကိုကြည့်ပြီး (၅)ရက် ကနေ (၁၀) ရက်ခြား တစ်ကြိမ် ရေပေး သွင်းပါ။ နောက်ဆုံးအပိုင်းကတော့ အ ပင်ပြုစုခြင်းပါပဲ။ ပေါင်းမြက်ကင်းရှင်း အောင် ပင်ခြေပတ်လည်မှာ ကောက်ရိုး၊ မြက်ခြောက်တို့နဲ့ ဖုံးအုပ်ပေးခြင်း၊ ပေါင်း သင်ဆေးသုံးပြီး နှိမ်နင်းပေးခြင်းတို့နဲ့ ဆောင်ရွက်နိုင်ပါတယ်။ အမြစ်တွေဟာ အပေါ်ယံမြေကြီးပေါ်မှာ ရှိတဲ့အတွက် ပေါက်ပြားနဲ့ မကြာခဏ ပေါင်းမရှင်း သင့်ဘူး။

နဂါးမောက်ပင်ရဲ့ အဓိကဖျက် ဆီးရေးသမားကတော့ ပုရွက်ဆိတ် ဖြစ် ပါတယ်။ တခြားရောဂါအနေနဲ့ကတော့ ပင်စည်ပုပ်ရောဂါနဲ့ အမြစ်ပုပ်ရောဂါ ကျ ရောက်တတ်ပါတယ်။ အသီး ဆွတ်ခူး မယ့်အချိန်ကတော့ အသီးခွံတွေ အနီ ရောင်ပြောင်းရင် ဆွတ်ခူးနိုင်ပါပြီ။ အနီ ရောင်ပြောင်းပြီး နှစ်ရက်၊ သုံးရက်ကြာ မှခူးရင် အသီးအရည်အသွေး ပိုကောင်း တယ်။ အပင်ပြုစုမှုပေါ် မူတည်ပြီးတော့ မေ၊ ဇွန်မှ အောက်တိုဘာလကုန်အထိ အသီးရနိုင်ပါတယ်။ စိုက်ပျိုးရေးနည်း စနစ်ကတော့ ဒီလောက်ပါပဲ"

တစ်ချိန်လုံး မှတ်စုစာအုပ်ဖြင့် ဂရုတစိုက် မှတ်တမ်းတင်နေကြသော နေပြည်တော် ပျဉ်းမနားမြို့မှ စာပေမိတ် ဆွေများသည် နဂါးမောက်သီးပင်စိုက် ပျိုးနည်းပညာရပ်ကို ပညာရှင်တစ်ဦးထံ မှ တစေ့တစောင်း သိခွင့်ရ၍ များစွာ ကျေနပ်ကြပါသည်။ အထူးသဖြင့် အစာ လည်းဆေး၊ ဆေးလည်းအစာဟု သတ် မှတ်နိုင်သော အနီ နဂါးမောက်ကို တစ် နှိုင်တစ်ပိုင် စိုက်ပျိုးပြီး မိသားစုဝင်ငွေ အတွက်သော် လည်းကောင်း၊ ကျန်းမာ ပျော်ရွှင်မှုတစ်ရပ်အနေဖြင့် ပန်းသစ်ပင် စိုက်ပျိုးနိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက် ရပေသည်။

စေးလာနွယ်

(မိတ္ထီလာဥယျာဉ်ခြံမှ ခြံမန်နေကာ ဒေါ်စန်းရီနှင့် ဒု-မန်နေဂျာ ဦးအောင် သန်းတို့အား ကျေးဇူးတင်ရှိစွာဖြင့်)

www.burmeseclassic.com

www.burmeseclassic.com

ဝေဖိုဆိုန်းဝ

မင်္ဂလာရှိသောလူ

သင်္ကြန်ပြီးခါစ နှစ်ဆန်း (၃) ရက်နေ့က ကျွန်ုပ်သည် ယခင် နေထိုင်ခဲ့ဖူးသော ကမ္ဘာအေးဘုရားလမ်းရှိ ကမ္ဘောဇရိပ်သာ (ယဉ်ကျေးမှုဝင်း) သို့ အလည်ရောက်ရှိလေ၏။ ယခင် (၄) နှစ်ခန့်က ကျွန်ုပ်သည် ယဉ်ကျေးမှုဝင်းရှိ ပန်တျာဌာနတွင် သန်းတန်း(၃)နှစ် တက်ခဲ့ဖူးသူမို့ ယခုအခါ ဆရာသမားများ၊ မိတ်ဆွေများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် မကြာမကြာ ပန်တျာဌာနသို့ ရောက်ရှိပြီး ဆရာသမားများနှင့် စကားစမြည်ပြောကာ ပညာယူလေ့ ရှိ၏။

ယခုလည်း ယဉ်ကျေးမှုဝင်းအတွင်း သို့မဝင်မီ မုခ်ဝ၌ သိကျွမ်းသော ကိုရန်ပိုင် ဆိုသူနှင့် တွေ့၏။ သူကား ယမကာလုလင်ပင်ဖြစ်သဖြင့် ထုံးစံအတိုင်း မေးလိုက်၏။

"ဗျို့- ကိုရန်ပိုင်၊ စောစောစီးစီး မှိုင်လို့ပါလား။ မကောင်းသေးဘူးထင်တယ်။ လျှော့သောက်နော်၊ အသက်လည်း ရလာပြီ"

ကျွန်ုပ်ကပြောလိုက်ရာ ကိုရန်ပိုင်မှာ အုတ်ခဲ့လေးပေါ်ထိုင်ရင်း ဆေးပေါ့လိပ်ကိုဖွာရှိုက်၍-

"မသောက်ရသေးပါဘူး စာရေးဆရာရယ်၊ သောက်ဖော်သောက်ဖက် တစ်ယောက်လျော့သွားလို့ ပျင်းနေတာပါ"

ဟု ပြန်ဖြေသဖြင့် ကျွန်ုပ်လည်း ဇဝေဇဝါဖြစ်သွားသည်။

"ဘယ်သူလဲဗျ၊ ဘယ်တုံးကဆုံးသွားတာလဲ။ ကျွန်တော်လည်း မသိလိုက်ရပါလား"

"မဆုံးပါဘူးကွာ၊ အရက်ဖြတ်လိုက်လို့ပါ။ မိုးခိုင်ကို မင်းသိတယ်မဟုတ်လား"

"ဗျာ"

ကျွန်ုပ်သည် ကိုယ့်နားကိုပင် ကိုယ် မယုံနိုင်အောင်ဖြစ်သွား၏။ မိုးခိုင် ဆိုသူမှာ အသက်(၂)နှစ်မျှသာကြီးပြီး အရက်ချိုးတစ်ယောက် ဖြစ်၏။ နံနက်မိုးလင်းလျှင် အရက်ဖြင့် မျက်နှာသစ် အာလုတ်ကျင်းပြီး ညအိပ်ချိန်အထိ တစွတ်စွတ် သောက်တတ်သူဖြစ်ရာ ယခုအရက်ဖြတ်လိုက်ပြီ ဆိုသဖြင့် အံ့အားသင့်မိသည်။ ကျွန်ုပ် ကြားဖူးသမျှ၊ မြင်ဖူးသမျှ ဆိုပါလျှင် အရက်ကို နှစ်ရှည်လများ သောက်သူတစ်ယောက် အရက်ကို တုံးခနဲ ဖြတ်လိုက်ပါက အန္တရာယ်ရှိ၏။ ကိုယ်တစ်ပိုင်းသေခြင်း၊ လေငန်းဆွဲခြင်း၊ အကြောဆိုင်းခြင်းဆိုသည့် လက္ခဏာများပင်ဖြစ်ရာ များသောအားဖြင့် ဆေးရုံ၌ဖြတ်မှ ရသည်။

ထို့ကြောင့်-

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်တုံးကဖြတ်လို့က်တာလဲဗျ၊ အခုအကြောဆွဲနေပြီလား"

"ဘယ်ကဆွဲရမှာလဲကွာ၊ အခုပုတီးနဲ့ဘုရားနဲ့ မြေလို့ပဲ။ အရက်ဖြတ်တာကတော့ နှစ်ဆန်း(၁)ရက်နေ့က ဆိုပါတော့။မင်းတွေ့ချင်ရင် ဝင်ဒါမီယာထဲက သဲလွင်လမ်းမှာ အောင်မင်းခေါင်ဘုရားရှိတယ်။ အဲဒီဘုရားမှာ တစ်နေကုန် ပုတီးသွားစိပ်နေလေရဲ့"

ကိုရန်ပိုင်သည် ထိုသို့ ပြောပြီးနောက် သူ့သူငယ်ချင်းတစ်ဦးနှင့်အတူ ဝတ္တုလစ်ရှိ 'နွေတ်ခမ်းမွေး' အရက်ဆိုင်သို့ တစ်ချီးတည်း လစ်တော့၏။ ကျွန်ုပ်မှာမူ ဤလူစုထဲမှ မိုးခိုင်သာ ကွက်၍ကျွတ်လွတ်သွားခြင်းကို စဉ်းစားမရနိုင်အောင် ဖြစ်နေရာ ကိုမိုးခိုင်ကို တွေ့ချင်သွား၏။ သူနှင့်တွေ့လျှင် သူ၏ ပြောင်းလဲသွားသော စိတ်အမြင်ကိုသိရပြီး အတုယူနိုင်မည်။ ကံကောင်းလျှင် ဇာတ်လမ်းတစ်ပုဒ်ပင် ရဦးမည်မို့ သဲလွင်လမ်းရှိ အောင်မင်းခေါင်ဘုရားသို့ တစ်ချီးတည်းလစ်လေသည်။

တကယ်တော့ မိုးခိုင်သည် ကျွန်ုပ်နှင့် ဟိုးငယ်စဉ်ကတည်းက တောင်ဥက္ကလာပဋ္ဌ တစ်ရပ်ကွက်တည်းနေ ကစား ဖော်ကစားဖက် ဖြစ်သည်။ ကျောင်းတက်သောအခါတွင် ကျွန်ုပ်နှင့် အတူတူပင် ဖြစ်သော်လည်း သူသည် ပထမတန်း၊ ဒုတိယတန်းကိုပင် ကောင်းစွာမဖြေဘဲ အလေလိုက်သဖြင့် ကျွန်ုပ်တို့အတန်းကြီးသော်လည်း သူမှာ အတန်းငယ်နေ၏။ သူမိဘများကလည်း လက်လုပ်လက်စားမို့ သားသမီးကို ကောင်းစွာမထိန်းကျောင်းနိုင်ရာ မိုးခိုင်မှာ တစ်ကိုယ်ရေ ရှာဖွေစားသောက်သည်။ သူရှာဖွေစားပုံမှာ အခြားမဟုတ်။ ရပ်ကွက်တကာ မြောင်းကြိုမြောင်းကြားသွားပြီး ငါးနှိုက်ခြင်း၊ ငါးရှဉ့်ဖမ်းခြင်းတို့ကိုပြုကာ ရသောငွေဖြင့် လုပ်ချင်တာလုပ်၏။ ကြုံတုန်း ဗဟုသုတအဖြစ် မိုးခိုင် ထိုစဉ်က ငါးရှဉ့်ဖမ်းပုံကို တင်ပြပါ ဦးမည်။

ပထမဦးစွာ အုန်းလက်အရွက်တစ်ချောင်းအား ဆူးကာ အလယ်နှိုးချည်းကျန်အောင် အရွက်သားများကို ခွာရ၏။ ပြီးသော ကျောက်တုံးများ၊ အုတ်ပုံများအောက်မှ နှစ်ချို့ကျောက်တီကောင်ကို ရှာသည်။ နှစ်ချို့တီကောင်မှာ လက်သန်းခန့်ကြီးပြီး ဖြူဖွေးဆွတ်၏။ သာမန်တီကောင်နှင့် မတူချေ။ ထိုတီကို တစ်ဖက်မှ ခြေဖြင့် ဖိထားပြီး လက်မဖြင့် ဖိကာ အခြားတစ်ဖက်ကို တွန်းထုတ်လျှင် တီကောင်စားသောရွံများ ထွက်လာပြီး နောက်ဆုံး အရေခွံသာကျန်မှ ခွာထားသော အုန်းလက်ရိုးအတွင်းသို့ ထိုးထည့်ရ၏။ ထိုအခါ ရှဉ့်ရှဉ့်၍ဝင်သွားပြီး ဂငယ်ပုံကွေးကာ သားရေကွင်းဖြင့် စည်းလိုက်ရသည်။ ပြီးသော် ထိုတီကောင်အကွင်းလေးအား တစ်ဖက်အုန်းလက်ရိုးမှကိုင်ကာ မြောင်းကြီးကြား၌ ငါးရှဉ့်စမ်းပြီး ဖမ်းရခြင်းပင်တည်း။ မိုးခိုင်သည် ခေတ်အနေဖြင့် ပြောရပါမူ ပေါက်လွတ်ပဲစားဆန်၏။

ကျွန်ုပ်နှင့် ထိုစဉ်မှစ၍ (၁၅) နှစ်မျှ မတွေ့တော့ဘဲ ကျွန်ုပ် (၁၀) တန်းအောင်ပြီးနောက် ရန်ကုန်ပန်တျာကျောင်းတွင် ပြန်တွေ့ခြင်း ဖြစ်သည်။ ကျွန်ုပ်က သူ့ကို ထိုစဉ်ကတည်းက အမြဲ ဘုရား၊ တရားအကြောင်းပြောပြီး ဆုံးမသလို လိုအပ်သလို ကျွေးမွေးခြင်း၊ အဝတ်အစားပေးကမ်းခြင်းတို့ကိုပြုခဲ့၏။ သို့သော် အရက်သမားတစ်ယောက်ကို ချေချွတ်ဖို့ မလွယ်မှန်းသိဖြင့် မတတ်နိုင်သည့်အဆုံး ကြည့်နေရတော့၏။

ကျွန်ုပ်သည် တွေးရင်းတွေးရင်းဖြင့် အောင်မင်းခေါင်ဘုရားသို့ ရောက်လေသည်။ အောင်မင်းခေါင်ဘုရားသည် သမထသမားများစုဝေးရာဟုဆိုက မမှားချေ။ ယခုလည်း အဓိဋ္ဌာန်ဝင်သူ၊ တရားထိုင် ပုတီးစိပ်သူ ယောဂီအညီ၊ အဖြူတို့ဖြင့် စည်ကားနေ၏။

ထိုသူများ၏ အလယ်တွင်မတော့ ယောဂီပုဆိုး၊ လည်ကတိုးအဖြူလက်တို အင်္ကျီဖြင့် လွန်စွာမျှ တည်ကြည်သန့်ပြန့် လျက်ရှိသော မိုးခိုင်အား တွေ့ရပါတော့၏။ ၎င်းသည် ကျွန်ုပ်အား တွေ့တွေ့ချင်း ဝမ်းသာအားရဖြင့်-

"ဟား- ဝေယ်သိန်း၊ တွေ့ရတာ ဝမ်းသာတယ်ကွာ။ ငါလည်း မင်းလာမှ လာပါ့မလားလို့ မျှော်နေမိတာ။ ငါ အရက်ဖြတ်တာသိရင် မင်းလာမယ်လို့ တထစ်ချ တွက်ထားပြီးသားကွ"

"အေးဗျာ - ခင်ဗျားပုံစံက မယုံနိုင်စရာဘဲကိုး၊ ဘယ်လိုဖြစ်သွားတာလဲ"

"ဟာ- မင်းစကားကိုနားမထောင်ခဲ့တာလည်း မဟုတ်ပါဘူးကွာ။ အချိန်မကျသေးလို့ပါ။ အခု အချိန်ကျလို့ ပြောင်းလဲသွားတာလို့ မှတ်လိုက်ပါ။ မင်းပဲပြောခဲ့တယ်လေ။ အရက်သောက်ရင် အပြစ်ခြောက်ပါးရတယ်တဲ့။

'ဥစ္စာယုတ်ခြင်း၊ ငြင်းခုံမှုးစွာ
ရောဂါထူပြော၊ ကျော်စောမဲ့တုံ
မလုံအင်္ဂါ၊ ပညာနည်းရှား
ဤခြောက်ပါးကား၊
သောက်စားသေစာ အပြစ်တည်း'

အဲဒီလိုအပြစ်တွေကို ဆင်ခြင်နိုင်တဲ့ဉာဏ်ရလာလို့ပဲကွ။ သံဝေဂဉာဏ်ပေါ့ကွာ"

ကျွန်ုပ်လည်း မိုးခိုင်စကားကြောင့် အံ့အားသင့်သွား၏။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ၊ ခင်ဗျား တစ်ခုခုတွေ့ကြုံခဲ့ရလို့လား"

"ဟာ - သိပ်မှန်တာပေါ့ကွာ၊ ငါပြောရင် တခြားလူကမယုံဘဲ အရက်ကြောင်သွားပြီလို့ ပြောမှာစိုးလို့။ မင်းလာတာကိုစောင့်နေတာပဲ။ မင်းကတော့ ယုံမှာပါကွာ။ တကယ်တော့ ငါ့အဖြစ်ဟာ အသက်ဘေးကနေ သီသီကလေး လွတ်ခဲ့သလိုပဲ။ အင်မတန်မှလည်းကြက်သီးထပြီး ကြောက်စရာကောင်းတယ်ကွ။ မင်္ဂလာတရားမရှိတဲ့ အ,မင်္ဂလာကောင်ငါဟာ အဲဒီအဖြစ်အပျက်တွေကို ကြုံတွေ့ရပုံက ဒီလိုဟေ့"

မိုးခိုင် ပြန်ပြောပြသည်ကို ကျွန်ုပ်လည်း ရင်တမမ နားထောင်ရင်း စာရှုသူဖတ်၍ ကောင်းစေရန် အရေးအသားပြောင်းလဲလိုက်ပါသည်။

❂

ထိုနေ့ကား နှစ်ဆန်း(၁)ရက်နေ့ဖြစ်သည်။ သင်္ကြန်တွင်း သောက်စားပျော်ပါးသူများရော အိမ်တွင်းပုန်းသူများပါ ကုသိုလ်ကောင်းမှုပြုကြသည်။ စတုဒိသာတွေကျွေး၊ လမ်းဆုံလမ်းခွများ၌ ပရိတ်ရွတ်ပွဲများဖြင့် ပျော်စရာပင်ကောင်း၏။ တစ်နည်းအားဖြင့်ဆိုသော် မင်္ဂလာကျက်သရေရှိသောနေ့တည်း။

သို့သော် မင်္ဂလာမရှိသူမှာ မိုးခိုင်ဖြစ်၏။ မိုးလင်းကတည်းက ရီဝေဝေမျက်လုံးများကို အရက်ဖြင့် ကြည်လင်စေကာ သူ့ဘာသာသူပျော်၏။ သူများတွေ ဘာလုပ်လုပ် သူနှင့်မဆိုင်ဟု ယူဆထားပြီး စားစရာရှိလျှင်စားပြီး မရှိလျှင် စတုဒိသာများကို သွား၍စားသည်။ စတုဒိသာတော်တော်များများ၌ ကလေးများပင်ရှိရာ အရက်သမားကို အဝင်မခံဘဲ အထုပ်ထုပ်၍ပေးလိုက်ကြ၏။ မည်သို့ပင်ဖြစ်စေ မိုးခိုင်ကတော့ အပြုံးမပျက်ဘဲ နှလုံးပွက်၍ သေအောင်သောက်နေဦးမည် ဖြစ်သည်။

နေ့လယ်၌ မိုးတဖွဲဖွဲရွာပြီး ညနေစောင်းသော် မြေသင်းနံ့ကလေးဖြင့် သာယာနေ၏။ ထိုအချိန်မှာပင် ယဉ်ကျေးမှုဝင်းအတွင်းရှိ ပန်းခြံဆရာများနှင့် တန်းလျား အဆောင်များနေ ကျောင်းသားများ စုစည်း၍ တစ်ခါမှမလုပ်စဖူး ဝင်းအတွင်း၌ ပရိတ်ရွတ်ရန် စီစဉ်နေကြ၏။

www.burmeseclassic.com

ပန်းချီဆရာတစ်ယောက်က စ၍ဆော်သြ၏။

"ဒီအထဲမှာ ဟိုးလွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က မကောင်းဆိုးဝါးတွေ၊ မကျွတ်မလွတ်သေးတဲ့ပုဂ္ဂိုလ်တွေ ရှိနေတယ်ဗျ။ ခေတ်အဆက်ဆက် ဒီချင်းချောင်းနန်းတော်ကြီးမှာ ဒုက္ခသည်တွေလည်းလာပြီး ခေါင်းချခဲ့ကြတယ်။ အခုမှသာ ယဉ်ကျေးမှုဝင်းရယ်ဆိုပြီးဖြစ်လာတာ။ ဒီတော့ ဒီဝင်းကြီးကို သန့်ရှင်းအောင် ပရိတ်ရွတ်ပွဲ လုပ်ကြပါစို့'

ထိုဆရာ၏ စကားအတိုင်း အားလုံး တညီတညွတ်တည်းလုပ်ကြ၏။ မြေပြင်တွင် ကော်ဇောများခင်းကာ အတာအိုးများဖြင့် ပြင်ဆင်ကြပြီး စည်ကားလှသည်။ (၅) နာရီထိုးသော် သံယာတော်များကြွလာပြီး တရားပေးလေ၏။ ပြီးသော် တစ်ဝင်းလုံး ပရိတ်ရွတ်သံများဖြင့် စည်ကားလေတော့သည်။ မိုးခိုင်သည် ထိုအချိန်၌ အလွန်အကျွံ သောက်ပြီး ကုတ္တိုပင်အောက်တွင် မှောက်နေလေ၏။ သို့နှင့်ပင် သံယာတော်များ ပရိတ်ရွတ်ပြီးသောအခါတွင် အမျှဝေပါတော့သည်။

'ဤကမ္ဘာဇရိပ်သာ ချင်းချောင်းနန်းတော်အတွင်း၌ရှိသော မကျွတ်မလွတ်သေးသည့် သတ္တဝါမှန်သမျှကား အမျှပေးဝေပါကုန်၏။ အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့'

ထိုစဉ်မှာပင် ဝင်းအတွင်းရှိ ခွေးများ အကြီးအကျယ်ပင် အူသူကအူ၊ တစ်စုံတစ်ရာကို စူးစူးဝါးဝါး ဟောင်သူကဟောင်ဖြင့် ဆူညံတော့၏။

'ဝူး. . . ဝူး. . . ဝုတ်. . . ဝုတ်'

ခွေးအူသံများနှင့်အတူ ရိုးရာထုံးစံအတိုင်း ပရိတ်ရွတ်ပွဲအပြီး၌ သံပုံးခေါက်ကြလေသည်။ တစ်ဝင်းလုံး ပွက်ပွက်ညံသောအခါ မိုးခိုင်လည်း မျက်လုံးအစုံဖွင့်လိုက်၏။ ထိုအခါ ထူးဆန်းသောမြင်ကွင်းကိုမြင်ရသဖြင့် ကုန်းရုန်းထလိုက်သည်။ များစွာသောလူတို့သည် ဝရုန်းသုန်းကားဖြင့် ထွက်ပြေးနေခြင်းဖြစ်ရာ မိုးခိုင်က အော်၍မေးလိုက်၏။

"ဟေ့- ဟေ့လူတွေ ဘယ်ကိုသွားကြမှာလဲ၊ မပြေးကြနဲ့လေ"

ထိုသူတို့သည် တစ်စုံတစ်ရာကို အကြီးအကျယ် ကြောက်လန့်ခြင်း၊ ပူဆွေးခြင်းမျက်နှာများဖြင့် ပြေးလွှားဖြတ်ကျော်သွားကြပါသည်။ အချို့က ငို၍ကလေးကိုချီကာ ပြေး၏။

"အမယ်လေး- ငါတို့တော့ ဘုံဖျောက်ပါပြီ အီးဟီးဟီး"

"ဟဲ့- လာကြပါဟ၊ ဟိုမှာ နောက်ကနေလာကြပြီ"

သူတို့အချင်းချင်း ခေါ်ကြပြောကြမို့နှင့် မျက်နှာများကိုကြည့်သော် မိုးခိုင်သည် မိမိနှင့် သိကျွမ်းဖူးသူတစ်ဦးတစ်ယောက်မျှ မရှိသည်ကို တွေ့ရသဖြင့် လွန်စွာမျှ အံ့အားသင့်နေမိ၏။ သူတို့သည် ကိုယ်ရောင်ကိုယ်ဝါမရှိဘဲ ခပ်မှိန်မှိန်ပင်ဖြစ်ပြီး အချို့မှာ အလွန်ကြီးမားသလို အချို့မှာ မှင်စာမျှသေးငယ်၏။ ထို့ပြင် သူတို့အနားမှဖြတ်သွားသောအခါ၌လည်း အပုပ်နံ့ကြီး စွဲကျန်နေသဖြင့် မိုးခိုင်မှာ ကြက်သီးထကာ တစ်စုံတစ်ရာကို သတိရသွားသည်။ ဤသူများကား လူတွေမှဟုတ်ပါလေဟု တွေးနေစဉ်မှာပင် ခပ်လှမ်းလှမ်း၌ အလွန်ပင်ကြီးမား တုတ်ခိုင်သော လူသန်ကြီးနှစ်ယောက်သည် ကျာပွတ်တရွမ်းရွမ်း ဝေ့ယမ်းရင်း လျှောက်လေ၏။ ထိုသူနှစ်ဦးမှာလည်း ကိုယ်အဝတ်ဗလာဖြင့် ပုဆိုးကို ခါးတောင်းကျိုက်ထားလေသည်။ ထိုလူသန်ကြီးနှစ်ဦးမှာ မိုးခိုင်အနားသို့ရောက်လာပြီး မိုးခိုင်ကို ကုပ်မှဆွဲထူလိုက်၏။

"ဟေ့ကောင် ဒီလောက် အမျှဝေသံပုံးတီးနေတာ မင်းနားကန်းနေလား။ မထွက်သေးဘဲ ဒီမှာ ဘာလို့အိပ်နေရတာလဲ"

လူသန်ကြီးတစ်ဦးကမေးရာ မိုးခိုင်လည်း ကြောင်သွားပြီး အထစ်ထစ် အငေါ့ငေါ့ ပြန်ဖြေလိုက်၏။

"ခင်ဗျား ဘယ်သူကိုပြောတာလဲ၊ ကျွန်တော့်ကိုလား"

"ဘာကွ၊ ရူးချင်ယောင်ဆောင်နေတာလား။ ကျာပွတ်စာမိချင်ပြီထင်တယ်။ အခုချက်ချင်းထွက်သွားစမ်း"

"ဟုတ်ကဲ့၊ သွားမှာပါ မရိုက်ပါနဲ့။ ဒါ. . . ဒါပေမယ့် ခင်ဗျားတို့က ဘယ်သူတွေလဲ။ ကျုပ်ကို ဘာကိစ္စနှင့်ထုတ်နေရတာလဲ။ ဒီဝင်းထဲမှာ ကျုပ်နေတာကြာပြီဗျ"

မိုးခိုင်က ပြန်ဟောက်လိုက်ရာ ကျန်သောလူသန်ကြီးက အသေအချာကြည့်၍-

"နေစမ်းပါဦး၊ မင်းက ငါတို့ကို ဘာလို့ မကြောက်ရတာလဲ။ ငါတို့က ဆရာတော်ဘုရားတွေရဲ့ မေတ္တာပို့သံကြောင့် ဒီဝင်းကို စောင့်ရှောက်ဖို့ရောက်လာတဲ့ နတ်ဘီလူး၊ နတ်ရက္ခိသ်ကြီးတွေပဲ။ ဇကန္တ မင်းကိုကြည့်ရတာ ပရလောကသားမဟုတ်ဘူးနဲ့ တူတယ်'

ဟု ပြောရာ မိုးခိုင်လည်း ထိုအခါကျမှ သဘောပေါက်သွားပြီး ကြက်သီးမွေးညင်းများထကာ သူသည် မသေသေးကြောင်း၊ လူသားပင် ဖြစ်ကြောင်း ရှင်းပြလိုက်လေသည်။ ထိုအခါမှ နတ်ဘီလူးကြီးက တအံ့တသြဖြင့်-

"အေးကွာ၊ မင်းက ပရလောကသား မဟုတ်ဘူးသာ ဆိုတယ်။ မင်းရဲ့ကိုယ်ရောင်ကိုယ်ဝါက လုံးဝ မှိန်နေပါလား။ ငါတို့က မှားပြီးမောင်းထုတ်နေမိတာဟာ မင်းက ပရလောကသားတွေနဲ့ အရောင်တူနေလို့ပဲ။ မင်းမှာ မင်္ဂလာမရှိတော့ဘူး ကောင်လေး။ မင်း မသေသေးဘူးဆိုရင် ကုသိုလ်ကောင်းမှုတွေ များများလုပ်စမ်းကွာ"

ဟု ပြောကာ ကျာပွတ်ကို တရွမ်းရွမ်း ဝေ့ယမ်းထွက်ခွာသွားတော့သည်။

မိုးခိုင်သည် အလွန်တရာမျှ ထိတ်လန့်တုန်လှုပ်နေသဖြင့် ငေါက်ခနဲ မတ်တတ်ရပ်ကာ လမ်းလျှောက်ရန် ကြိုးလိုက်စဉ်မှာပင် ခေါင်းထဲ၌ မိုက်ခနဲ ဖြစ်သွား၏။ ထို့နောက် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ကျကာ ထိုနေရာ၌ပင် ပစ်လဲကျသွားတော့သည်။

❂

"အဲဒါပါပဲကွာ၊ ငါလဲကျသွားရာက သတိရလာတော့ အဖျားတွေတက်နေပြီး ည (၁၀) နာရီလောက် ရှိမယ်ကွ။ လမ်းသွားလမ်းလာတွေကလည်း ငါအရက်မူးလဲနေတာပဲထင်ပြီး မကြည့်ကြဘူး ထင်ပါတယ်။ ဒါနဲ့ ငါလည်း ဝုတ္တလစ်ဆေးခန်းကိုပြေးပြီး အရက်ဖြတ်ဖို့ အတွက် ဆရာဝန်နဲ့ တိုင်ပင်တော့တာပဲ။ ဆေးရုံမှာဖြတ်ဖို့ပြောပေမယ့် ငါဟာ စိတ်ကို ချုပ်တည်းပြီး ဗုဒ္ဓါနုဿတိ 'အရဟံ' ဂုဏ်တော်လေးပွားခဲ့လို့ အခုလို ကျန်မာနေတာပေါ့ကွာ။ ငါ့အဖြစ်ကိုကြည့်ရင် ငါဟာ ဝိညာဉ်ထွက်သွားတာလား၊ တကယ်ပဲ လူ့ခန္ဓာနဲ့ ပရလောကသားတွေကို' ကြုံခဲ့ရတာလားဆိုတာ မဝေခွဲနိုင်လို့ ဘယ်သူကိုမှမပြောတော့တာပဲ ဝေယံသိန်းရေ ဟဲဟဲ"

မိုးခိုင်၏ စကားအဆုံး၌ ကျွန်ုပ်၏ရင်ထဲတွင် ဟာတာတာဖြင့် တစ်မျိုးကြီး ခံစားရ၏။ ဘာပဲပြောပြော တစ်ချိန်လုံး သောက်စားမူးယစ်သော အ,မင်္ဂလာတရားတို့လွှမ်းနေသည့်လူတစ်ယောက် ယခုအခါ မင်္ဂလာတရားများ ပြည့်ဝနေခြင်းမှာ ဝမ်းသာစရာ မဟုတ်ပါလား။

သဒ္ဓါအားဖြင့် အမြင့်ရှင်းပါစေ

ဝေယံသိန်း

www.burmeseclassic.com

www.burmeseclassic.com

စွန့်စားဝိဇ္ဇာများ

လျှမ်းထက်

၁၉၈၂ ခုနှစ် နှစ်ဦးပိုင်းဖြစ်မည် ထင်ပါသည်။ နေ့ လ၊ ရက်ကိုမူ တိတိကျကျ မမှတ်မိတော့။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ထုတ်ဝေသော သတင်းစာကြီးများတွင် ထိုသို့ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာ၏သား ကားမောင်းပြိုင်ပွဲ ဝါသနာပါသူ မားစ်သက်ချာသည် အပြည်ပြည်ဆိုင်ရာ ကားမောင်းပြိုင်ပွဲတွင် ဝင်ရောက် ပါဝင်ခဲ့ရာ အမေရိကန်မြောက်ပိုင်းရှိ ဆာဟာရသဲကန္တာရအတွင်း၌ ကားနှင့် လူပါ ပျောက်ဆုံးနေသည်သတင်းကို ဖော်ပြခဲ့ကြပါသည်။

အမေရိကန်ပြည်ထောင်စုမှထုတ်ဝေသော သတင်းမဂ္ဂဇင်းများဖြစ်ကြသော နယူးဝိ(ခ်)မဂ္ဂဇင်း၊ တိုင်း(မ်)မဂ္ဂဇင်းကြီးများတွင်လည်း ထိုသတင်းကို မာစ်သက်ချာ၏ ဓာတ်ပုံများနှင့်တကွ ဝေဝေဆာဆာ ဖော်ပြခဲ့ပါသည်။ နိုင်ငံခြားရုပ်သံလွှင့်ဌာနများ၊ ဘီဘီစီရုပ်သံလွှင့်ဌာနကလည်း ယင်းသတင်းကို အကျယ်တဝင့် ထုတ်ပြန် ကြေညာခဲ့သည်။

အင်္ဂလန်နိုင်ငံမှ သြဇာအကြီးမားဆုံးဖြစ်သော လန်ဒန်တိုင်း(မ်)သတင်းစာ၊ အမေရိကန်ပြည်ထောင်စုမှထုတ်ဝေသော နယူးယောက်တိုင်းသတင်းစာ၊ ပြင်သစ်နိုင်ငံမှ ထုတ်ဝေသော လာဖီဂရို သတင်းစာ၊ တရုတ်နိုင်ငံမှထုတ်ဝေသော ပြည်သူ့နေ့စဉ်သတင်းစာ၊ ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံမှ ထုတ်ဝေသော ပရာဗဒါသတင်းစာကြီးများကလည်း မျက်နှာဖုံးသတင်းဖြစ်ခဲ့ပါသည်။ အေပီသတင်းကိုယ်စားလှယ်၊ ရိုက်တာသတင်းကိုယ်စားလှယ် အစရှိသော နိုင်ငံခြားသတင်းကိုယ်စားလှည့်များကလည်း ယင်းသတင်းကို ချဲ့ထွင်ဖော်ပြခဲ့ကြပါသည်။

အီဂျစ်အစိုးရ၏အာဘော်ဖြစ်သော အယ်(လ်)အာရ၏ သတင်းစာကြီးကလည်း အီဂျစ်အစိုးရအနေဖြင့် ပျောက်ဆုံးသွားသော မားစ်သက်ချာအား ရှာဖွေရာတွင် အစွမ်းကုန် ကူညီမည်ဟု ထုတ်ဖော် ရေးသားခဲ့သည်။ ကောလာဟလသတင်းများကလည်း တောမီးပမာ ထွက်ပေါ်လာခဲ့သည်။ ဗြိတိသျှဝန်ကြီးချုပ်၏သား ဖြစ်သဖြင့် အကြမ်းဖက်သူများက ဖမ်းဆီးထားနိုင်သည်ဟူသော ကောလာဟလသတင်းများ၊ ငွေစို့စို့ပို့ပို့ရနိုင်မည် ယူဆရသော လူဆိုးဂိုဏ်းတစ်ဂိုဏ်းက ပြန်ပေးဆွဲထားသည်ဟူသော သတင်းများလည်း ထွက်ပေါ်လာသည်။ ဗြိတိသျှ ကြည်းတပ်မတော်နှင့် လေတပ်မတော်တို့ကလည်း ဒေသခံနိုင်ငံများ၏ အကူအညီနှင့် ပို့ကစ်တိုက်ရှာဖွေခဲ့ရာ ကံကောင်းထောက်မသဖြင့် မားစ်သက်ချာနှင့် သူ့ပြိုင်ကားမှာ ပြန်တွေ့ခဲ့ရ၏။

မားစ်သက်ချာ၏ ထူးခြားဖြစ်စဉ်ကို အမေရိကန်ပြည်ထောင်စု ဟောလိဝု(ဒ်)ရောက် အစ္စရေးရုပ်ရှင်ထုတ်လုပ်သူ သန်းကြွယ်သူဌေးကြီး မိနာချစ်ဂိုလန်က ရုပ်ရှင်ဇာတ်လမ်းဖန်တီး၍ 'ဆာဟာရ' အမည်ဖြင့် ရိုက်ကူးခဲ့လေရာ သောက်သောက်လဲ ဝင်ငွေရသည့် ရုပ်ရှင်ကားကြီးဖြစ်ခဲ့ပြီး ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော ရုပ်ရှင်ကားတစ်ကားဖြစ်ခဲ့ရသည်။

သမိုင်းအဆက်ဆက် မော်တော်ကားထုတ်လုပ်သော ကုမ္ပဏီကြီးများသည် မိမိတို့ကုမ္ပဏီက ထုတ်လုပ်သော မော်တော်ကား အဘယ်မျှကောင်းကြောင်းကို ကမ္ဘာ့နိုင်ငံအသီးသီး သိရှိရန် ကြော်ငြာသည့်နည်းမှာ ပြိုင်ကားမောင်းပြိုင်ပွဲတွင် မိမိတို့ မော်တော်ကားဖြင့် ဝင်ရောက် ယှဉ်ပြိုင်သည့်နည်းလမ်း ဖြစ်သည်။ အားကစားယှဉ်ပြိုင်ပွဲများတွင် ဤမော်တော်ကားပြိုင်ပွဲသည် အန္တရာယ်အများဆုံး ဖြစ်သည်ဟုလည်း အများကယူဆခဲ့ကြ၏။ ကုန်းတစ်တန်၊ ရေတစ်တန် ကြမ်းတမ်းသည့် ခရီးရှည်ကြီးကို စွန့်စားဝံ့သူများသည် မိမိတို့အသက်ကို စွန့်၍ ဝင်ရောက် ယှဉ်ပြိုင်ကြသည်။ ထို ဝင်ရောက် ယှဉ်ပြိုင်သူများမှာလည်း ထူးထူးခြားခြား ချမ်းသာကြွယ်ဝသူများ၊ မိမိတို့တိုင်းပြည်များတွင် ထင်ပေါ်ကျော်ကြား လူသိများကြသည်။ သို့သော် ပုထုဇဉ်လူသားများပီပီ နာမည်ကြီးသည်ထက် ကြီးလိုသည်၊ လူသိများသည်ထက် များလိုသည်။ ထို့ကြောင့် နိုင်ငံတကာ မော်တော်ကားပြိုင်ပွဲများကို အသက်စွန့်၍ ဝင်ရောက် ယှဉ်ပြိုင်ကြခြင်းလည်း ဖြစ်ပေသည်။

ယခု ရေးသားဖော်ပြမည့် ဂန္ထဝင်သမိုင်းဝင် မော်တော်ကားပြိုင်ပွဲကြီးမှာ ပထမဆုံး ခရီးမိုင်အရှည်ဆုံး၊ ဘေးအန္တရာယ် အများဆုံး ပြိုင်ကားမောင်း မော်တော်ကားပြိုင်ပွဲကြီး ဖြစ်ပါသည်။ ထိုပြိုင်ပွဲကြီးအကြောင်း ဇာတ်လမ်းဆင်ရေးသားကြသည့် ဝတ္ထုတွေလည်း လက်ဆစ်ချိုး ရေတွက်မရအောင် ထုတ်ဝေခဲ့ပြီး ထိုမော်တော်ကားပြိုင်ပွဲကြီးအကြောင်းကို နိုင်ငံတကာမှ ထုတ်ဝေသော စွယ်စုံကျမ်းကြီးများတွင် ဓာတ်ပုံသာဓက အထောက်အထား ဝေဝေဆာဆာဖြင့် ဖော်ပြခဲ့ကြ၏။ ပြိုင်ပွဲဝင်ရမည့် ခရီးမှာ မိုင်တစ်သောင်းရှိသဖြင့် လက်ဖျားခါရအောင် အံ့ဖွယ်သရဲဖြစ်ရသော ပြိုင်ကားမောင်းပြိုင်ပွဲ ဖြစ်သည်။ ယင်းပြိုင်ပွဲကို ပြင်သစ်နိုင်ငံ ပါရီမြို့မှ တာထွက်၍ တရုတ်နိုင်ငံ ပေကျင်းမြို့၌ ပန်းဝင်ရမည် ဖြစ်၏။

ထိုစဉ်က မော်တော်ကား တီထွင်ခဲ့သည်မှာ (၁၈)နှစ်သာ ရှိသေးသည်။ သို့ဖြစ်၍ သက်တမ်းအားဖြင့် နုသေးသည်ဆိုရမည်ဖြစ်သည်။ ဤပြိုင်ပွဲကျင်းပရေးအတွက် 'ပထမဆုံး အကြံရခဲ့သူများမှာ ပြင်သစ်နိုင်ငံ ပါရီမြို့မှ သြဇာအကြီးမားဆုံးနှင့် စောင်ရေ အများဆုံးထုတ်ဝေရသော လာမာတင်သတင်းစာတိုက်ကြီးမှ ထုတ်ဝေသူများနှင့် အယ်ဒီတာအဖွဲ့ဝင်များ ဖြစ်သည်။ သူတို့၏ မျှော်မှန်းချက်မှာ ပါရီ-ပေကျင်း ကားမောင်းပြိုင်ပွဲကျင်းပခြင်းဖြင့် သတင်းစာစောင်ရေ ခုန်တိုးကျော်လွှားတက်နိုင်မည်ဖြစ်ပြီး နိုင်ငံတကာမှ လာမာတင်သတင်းစာကြီးကို စိတ်ဝင်စားလာနိုင်သည်ဖြစ်သည်သာမက ပြင်သစ်နိုင်ငံမှ မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်း တိုးတက် ထုတ်လုပ်နိုင်လိမ့်မည်ဟု ဖြစ်သည်။ လာမာတင်သတင်းစာအယ်ဒီတာအဖွဲ့အား ပြင်သစ်မော်တော်ကားထုတ်လုပ်သူများက အရေးတယူ ထောက်ခံခဲ့သည်။

သို့ဖြစ်၍ ၁၉၀၇ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့ ထုတ်ဝေသော လာမာ

www.burmeseclassic.com

www.burmeseclassic.com

တင်သတင်းစာကြီး၏ မျက်နှာဖုံးတွင် အောက်ဖော်ပြပါ ဦးစီးပိုင်ပိုင်ရှိသော သတင်းခေါင်းစဉ်ဖြင့် မျက်နှာဖုံးတွင် ဖော်ပြခဲ့သည်။

စွန့်စားတဲ့သူ သူရဲကောင်းများ
ပါရီ-ပေကျင်း
ခရီးရှည်မော်တော်ကားမောင်းပြိုင်ပွဲ
ဝင်ရောက်ယှဉ်ပြိုင်ကြလော့

ဤသတင်းကိုပင် နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာကြီးများကလည်း မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့မှ ထုတ်ဝေသော ဩဇာကြီးများသည့် နယူးယောက်တိုင်း(မ်) သတင်းစာကြီးကလည်း လာမာတင် သတင်းစာမှ ဦးစီးဦးဆောင်ပြုလုပ်၍ မိုင် တစ်သောင်းကျော် ခရီးရှည်မော်တော်ကားမောင်းပြိုင်ပွဲကျင်းပမည့် အစီအစဉ်ကို ထောက်ခံချီးကျူး ရေးသား ဖော်ပြခဲ့သဖြင့် နိုင်ငံအသီးသီးမှ မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီကလည်း စိတ်ဝင်စားကြသည်။ ဤခရီးရှည်ကားမောင်းပြိုင်ပွဲကြီးဖြစ်မြောက်ရေးအတွက် လိုအပ်သောအကူအညီပေးရန် စီမံကြပြီး မိမိတို့ကုမ္ပဏီများမှထုတ်လုပ်သော မော်တော်ကားများ အရောင်းစံချိန်တင်နိုင်ရန် ဤကားမောင်းပြိုင်ပွဲတွင် မိမိတို့ ကုမ္ပဏီမှ ထုတ်လုပ်သော မော်တော်ကားများ ဝင်ရောက် ယှဉ်ပြိုင်ရန် ကြိုးစားကြမည်ဟူသော သတင်းများလည်း ထွက်ပေါ်လာခဲ့၏။

အမှန်အားဖြင့် ဤမိုင်တစ်သောင်းကျော်ခရီးမှာ ဒဏ္ဍာရီဆန်လှသည်။ အဘယ်ကြောင့်ဆိုသော် ခရီးစဉ်တစ်လျှောက်တွင် သဲကန္တာရများ၊ မြစ်ချောင်း၊ လျှိုမြောင်များ၊ ရေစီးသန်လှသည့် ချောင်းများ၊ စိမ့်မြေများ၊ ကြမ်းတမ်းသော တောင်ကြားလမ်းများ၊ တောင်ကြောများ၊ သားရဲတိရစ္ဆာန်များနှင့် ဓားပြများခို အောင်းသည့်နယ်မြေများကို ဖြတ်သန်းမောင်းနှင်ရမည် ဖြစ်သည်။ အထူးသဖြင့် ဤခရီးထက်ဝက်နီးပါးမှာ ရုရှားနိုင်ငံ၏ ပြည်နယ်များကို ဖြတ်ကျော်ရမည်ဖြစ်၏။ ရုရှားပြည်နယ်အချို့၏ လမ်းပန်းအဆက်အသွယ်များ အခြား ဥရောပတိုက်နိုင်ငံများထက် ခေတ်နောက်ကျလျက်ရှိပြီး မိုးရာသီအချိန်များတွင် လမ်းများမှာ ရွံ့နွံများကြောင့် သွားလာရန်ခက်ခဲလှသည်။ တရုတ်နိုင်ငံတွင်လည်း ဤကဲ့သို့ပင်ဖြစ်သဖြင့် မိုင်တစ်သောင်းကားမောင်းပြိုင်ပွဲကြီးကို မိုးလင်းလွတ်သည့်အချိန်တွင် သာ ကျင်းပရမည်ဖြစ်၏။

အထူးသဖြင့် ရုရှားနိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ် အထူးသဖြင့် ဇာနီကိုလတ်ဘုရင်အစိုးရအား ဆန့်ကျင်သူတော်လှန်ရေးအင်အားစုများနှင့် အစိုးရအဖွဲ့တပ်များ၏တိုက်ခိုက်မှုများဖြစ်ပေါ်နေသည်။ ပြည်နယ်အချို့တွင်လည်း ဆင်းရဲတွင်းနက်သော ဒေသများဖြစ်၍ ပစ္စည်းမဲ့များသည်လည်း မိမိတို့အစီအစဉ်ဖြင့် လုယက်တိုက်ခိုက် ပြန်ပေးဆွဲမှုများ ဖြစ်ပွားနေသဖြင့် ခရီးလမ်းပန်းလုံခြုံချောမွေ့ရေးမှာ အခက်အခဲဖြစ်နေ၏။ ရုရှားဇာရာ၏ ဇာနီကိုလတ်ကမူ မော်တော်ကားပြိုင်ပွဲကျင်းပသည့်လမ်းတစ်လျှောက်တွင် လုံခြုံချောမွေ့စေရန် သက်ဆိုင်ရာပြည်နယ်အသီးသီးမှ တာဝန်ရှိသူများကို တာဝန်ပေးအပ်ခဲ့သည်သာမက ရုရှားနိုင်ငံအတွင်း ဖြတ်သန်းမောင်းနှင်စဉ် ပထမဆုရသူများအား ဒေါ်လာငွေတစ်ထောင် ဆုချီးမြှင့်မည်ဟု ကြေညာချက်ထုတ်ခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့၏။ ထိုစဉ် မော်တော်ကားများမှာ မကြာခဏ စက်ချို့ယွင်းလေ့ရှိသဖြင့် 'အလွန်သိမ်မွေ့သည်၊ အကြမ်းမခံနိုင်၊ မိန်းမပျိုတစ်ဦးနှင့်တူသည်' ဟု အများကယူဆထား၍ ဤမိုင်တစ်သောင်းကျော် ခရီးကားမောင်းပြိုင်ပွဲမှာ အောင်မြင်ပေါက်ရောက်မှု ရှိနိုင်ပါမည်လောဟု သံသယရှိခဲ့သည်။ ပြိုင်ပွဲကားတိုင်း မော်တော်ကားမောင်းသူနှစ်ဦးနှင့် စက်ပြင်ဆရာတစ်ဦး လိုက်ပါခွင့်ပြုမည်ဟု မော်တော်ကားပြိုင်ပွဲ ကျင်းပမည့်ကော်မတီက သတင်းထုတ်ပြန်ထားခဲ့၏။

မော်တော်ကားပြိုင်ပွဲမှာ မကျင်းပမီကပင် အထူးရိုက်ခတ်ခဲ့သည်။ နယူးယောက်တိုင်း(မ်) သတင်းစာကြီးကမူ ဤမော်တော်ကားပြိုင်ပွဲကျင်းပမည့် ခရီးလမ်းသည် နောင်(၁၀)ခုနှစ်များအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးအား ဆက်သွယ်သော ကမ္ဘာကျော် လမ်းမကြီးများ ဖြစ်လာပေလိမ့်မည်ဟု တင်ကြွခန့်မှန်းခဲ့၏။ ခန့်မှန်းခဲ့သည့်အတိုင်း နောင်အခါ ထင်ရှားသောလမ်းမကြီး ဖြစ်လာခဲ့သည်ဟု ဆိုသည်။

ဤပြိုင်ပွဲကြီးသို့ ဝင်ရောက် ယှဉ်ပြိုင်ရန် (၁၁) ဦး စာရင်းတင်သွင်းခဲ့သော်လည်း (၅) ဦး နုတ်ထွက်သွားခဲ့သဖြင့် (၆) ဦးသာ ကျန်ရစ်ခဲ့သည်။ ယင်းယှဉ်ပြိုင်သူများတွင် ဂျာမနီနိုင်ငံ မော်တော်ကားထုတ်လုပ်သည့်ကုမ္ပဏီမှ တပ်မတော်သား အင်ဂျင်နီယာက ပထမဆုံးစာရင်းတင်သွင်းခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့သည်။ ပြင်သစ်နိုင်ငံသားသုံးဦး၊ အီတလီနိုင်ငံသားတစ်ဦးနှင့် အမေရိကန်ပြည်ထောင်စုသား တစ်ဦး စုစုပေါင်း ခြောက်ဦးတို့ ပါဝင်ခဲ့သည်။ ပါဝင်သူများအားလုံးသည် မိမိတို့နိုင်ငံအသီးသီးရှိ မော်တော်ကားများအား ပါဝင်သူများ အသုံးပြုရန်ပေးခဲ့သည်သာမက ကုန်ကျစရိတ်များ ကျခံခဲ့သည့် သတင်းများက ဖော်ပြခဲ့ပါသည်။

ဤပြိုင်ပွဲဝင်သူများတွင် ပြင်သစ်မော်တော်ကားရောင်းဝယ်သူ ကျော့ကိုမီးယားမှာ ထူးထူးခြားခြား လူသိများသူဖြစ်၏။ သူနှင့်အတူ အခြားထင်ရှားသူလူသိများသူမှာ ဒင်(ခ်)အမျိုးသားချာလ်(စ်)ဂေါ့ဒက် ဆိုသူ ဖြစ်သည်။ ဤမော်တော်ကားပြိုင်ပွဲကို ဦးဆောင်ကျင်းပသည့် လာမာတင်သတင်းစာကြီးမှ အထူးသတင်းထောက်များကို ဤပြိုင်ပွဲကျင်းပရာတွင် သတင်းတိတိကျကျ ယူနိုင်ရေးအတွက် မော်တော်ကားတစ်စီးဖြင့် လိုက်ပါ ကြီးကြပ်စေသည်။ လာမာတင်သတင်းစာကြီးမှာ ဤမော်တော်ကားပြိုင်ပွဲ မကျင်းပမီကပင် ထင်ရှားကျော်ကြားလာခဲ့ပြီး စောင်ရေမှာ နှစ်ဆတိုးလာခဲ့၏။

ဤပြိုင်ပွဲကို တရုတ်နိုင်ငံ ယခုပေကျင်းမြို့မှ စတင်ကျင်းပရန်အစီအစဉ်ကို ပြောင်းခဲ့ကြသည်။ ပထမတွင်မူ မော်တော်ကားတာထွက်ကို ပါရီမြို့အောင်ဗိမာန်မှစတင်ထွက်ခဲ့ပြီး ပေကျင်းတွင် ပန်းဝင်ရန်ဖြစ်သည်။ သို့သော်လည်း အစီအစဉ်ပြောင်းလဲခဲ့သဖြင့် ပြိုင်ပွဲဝင်မည့် မော်တော်ကားများနှင့် အပို ပစ္စည်းများ၊ လိုအပ်သောပစ္စည်းများကို ပြင်သစ်နိုင်ငံမှ တရုတ်နိုင်ငံ ပေကျင်းသို့ သင်္ဘောဖြင့် ပို့ဆောင်ပေးခဲ့ရာ ၁၉၀၇ ခု၊ မေလ၌ ပြိုင်ပွဲဝင်ကားများ ပေကျင်းသို့ ရောက်ရှိလာခဲ့သည်။ ပြိုင်ပွဲဝင်သူတစ်ဦး နုတ်ထွက်သွားပြန်သဖြင့် ငါးဦးသာ ယှဉ်ပြိုင်နိုင်တော့သည်။

၁၉၀၇ ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့ နံနက်စောစောတွင်မူ ပေကျင်းမြို့တော်မှ မော်တော်ကားများပြိုင်ပွဲကို စတင်ရန် စီစဉ်ထားသည်။ ပေကျင်းမြို့တော်သူမြို့တော်သားများ၊ တရုတ်နိုင်ငံမှ အာဏာပိုင်များ၊ နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များတက်ရောက်ကြသဖြင့် ပြိုင်ပွဲတာလွတ်ပွဲအား ကြည့်ရှုသူပရိသတ်မှာ သိန်းချီရှိခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့ကြသည်။ 'ပေကျင်းဆင်ခြေဖုံး

www.burmeseclassic.com

www.burmeseclassic.com

ကလေးချူဖော်
ကဖ်ဖဖ်ချကြိုးနေဆော်

ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် အနေအထိုင်၊ အစားအသောက် ဆင်ခြင်ပါမှ တော်ကာကျဖေမည်။ ဒါတောင် အခန့်မသင့်လျှင် မွေးဖွားလာမည့်ကလေးငယ်များသည် ရောဂါတစ်မျိုးမဟုတ်တစ်မျိုး ပါလာတတ်ပါသည်။ ထိုရောဂါဝေဒနာများထဲတွင် ကပ်ပယ်ဥကြီးတဲ့ရောဂါလည်း ပါဝင်ပါသည်။

ကပ်ပယ်ဥ (မုတ္တာ) ဟာ တစ်ဖက်ကြီး၊ တစ်ဖက်သေး အရွယ်နှင့် မလိုက်အောင် အကြီး၊ အသေးမည်ဘဲဖြစ်နေလျှင် အောက်ဖော်ပြပါနည်းဖြင့် ကုပေးလိုက်ပါ။ ကပ်ပယ်ဥကြီးသော ဝေဒနာသက်သာပျောက်ကင်းသွားပါလိမ့်မည်။

ဆေးနည်းမှာ -

ဆေးသွေးသောကျောက်ပျဉ်မှာ ဂုံမင်းသီးနှင့် တောင်တန်ကြီးကို သနပ်ခါးသွေးသလို ရောသွေးပြီး အနှစ်များကို မိခင်ဖြစ်သူမှ လက်ခလယ်နှင့် ကော်ယူပြီး ကလေးငယ်၏ ကပ်ပယ်ဥကို ထူထူလေး လိမ်းပေးထားလိုက်ပါ။ တစ်နေ့ သုံးကြိမ် လိမ်းပေးခြင်းဖြင့် ကလေးငယ်ခံစားနေရသောရောဂါသည် နဂိုမူလအနေအထားအတိုင်း တစ်ပြေးညီဖြစ်သွားပြီး ကျန်းမာလန်းဆန်းလာပါလိမ့်မည်။

အထက်ပါဆေးနည်းဖြင့် ကလေးငယ် တော်တော်များများ သက်သာပျောက်ကင်းခဲ့၏။ ထို့ကြောင့် ကလေးမိခင်များ အရေးကြုံက အသုံးပြုကြည့်နိုင်ရန် တင်ပြ ရေးသားလိုက်ရပါသည်။

(ဆေးနည်း ပြောပြသော အစ်မကြီး ဒေါ်ဝင်းကြည်အား ဤစာစုဖြင့် မှတ်တမ်းတင်အပ်ပါသည်။)

ခင်မြိုင်ရွှေ (ကျောက်ပုံ)

ကျေးလက်ဒေသများမှ ထောင်ပေါင်းများစွာသောလူထုသည် မော်ထော်ကားများ မောင်းနှင်မည့် အဝေးလမ်းမတစ်လျှောက် စုဝေးရောက်ရှိလာကြသဖြင့် အုပ်အော်သောင်းနင်းဖြစ်ခဲ့ရသည်။ ထိုစဉ်က နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာကြီးများကမူ မော်တော်ကားပြိုင်ပွဲဝင်သူရဲကောင်းများအကြောင်းကို မျက်နှာဖုံးသတင်းအဖြစ် ဝေဝေဆာဆာ ဖော်ပြခဲ့ကြ၏။

ထိုမော်တော်ကားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများ စွန့်စားရပုံမှာ တကယ်သည်းထိတ်ရင်ဖိုဖြစ်ရသည်။ စတင်ဖြတ်သန်းခဲ့ရသော တရုတ်နိုင်ငံ ကျေးလက်ဒေသများမှာ လူများ၊ တိရစ္ဆာန်များသည် ပထမဆုံး မော်တော်ကားကို မြင်ကြရခြင်းဖြစ်သဖြင့် ထိတ်လန့်တကြားဖြစ်ကြသည်။ အချို့ကျေးလက်ဒေသများတွင် ပြိုင်ပွဲဝင်မော်တော်ကားများ၏စက်သံ၊ ဟွန်းတီးအသံများကိုကြားရသော ကျွဲ၊ နွားတိရစ္ဆာန်များမှာ ပြေးလွှားကြသဖြင့် တစ်ခါတစ်ရံ လမ်းတွင် နာရီပေါင်းများစွာ ကြာသည့်အထိ စောင့်ဆိုင်းနေကြရ၏။ ကလေးသူငယ်များကလည်း ဆူညံစွာ အော်ဟစ်ဝိုင်းကြွေးကြပြီး မော်တော်ကားကို သံဖြင့်ပြုလုပ်ထားသော သည်းထိတ်ရင်ဖိုသတ္တဝါကြီးဟု အော်ဟစ်ခဲ့ကြသည်ဟု သတင်းများက ဖော်ပြခဲ့သည်။

ပြိုင်ပွဲဝင် မော်တော်ကားများနှင့် ဝင်ရောက် ယှဉ်ပြိုင်သူများ၏ လုံခြုံရေးအတွက် နိုင်ငံအသီးသီးရှိ ပြည်နယ်များတွင် အထူးလုံခြုံရေးများချထားခဲ့သော်လည်း လုံခြုံရေးမှာ စိတ်မချရပေ။ ပေကျင်းမှ စတင်ထွက်ခွာလာပြီး ရုရှားနိုင်ငံ အရှေ့ဖျား ဗလာဒီဗောစတော့ဆိပ်ကမ်းမြို့နှင့် ဆိုက်ဗေးရီးယားပြည်နယ်သွား နာမည်ကျော် မီးရထားလမ်းအတိုင်း မြို့ရွာများကို ဖြတ်သန်းမောင်းနှင်လာခဲ့ကြရသည်။ တရုတ်နိုင်ငံနယ်စပ်အကျော် ရုရှားနိုင်ငံအတွင်း စတင် ဝင်ရောက်သည့်ပြည်နယ်ရှိ ရေလွှဲနေသောတံတားတစ်ခုကို ဖြတ်သန်းမောင်းနှင်စဉ် အီတလီနိုင်ငံမှ ပြိုင်ပွဲဝင် အီတလီယာ မော်တော်ကားမှာ ချောင်းအတွင်း လမ်းချော်၍ထိုးကျသွားခဲ့ရာ ဒေသခံများအား ဆင့်ခေါ်၍ ကုန်းပေါ် သို့ ကြိုးကြိုးစားစား မှတင်ခဲ့ရသည်။

မော်တော်ကားပြိုင်ပွဲ စတင်ရန် စီစဉ်ခဲ့စဉ်ကမူ ပြိုင်ပွဲဝင်မော်တော်ကားများ ဖြတ်သန်းမောင်းနှင်မည့် ပြည်နယ်များမှာ အစောင့်အရှောက်တာဝန်ယူရမည်ဟု သဘောတူညီထားကြသည်။ ပြိုင်ပွဲဝင်ကားများနှင့်အတူ စောင့်ကြပ်သူများသည် ဂျာမနီနိုင်ငံအရောက် လိုက်ပါမည်ဟု ဝန်ခံထားကြသော်လည်း ပြိုင်ပွဲကျင်းပပြီး ရက်သတ္တပတ် သုံးပတ်ကြာသည့်အထိ ပြိုင်ပွဲဝင်ကားများ၏ လုံခြုံရေးအတွက် ဒေသခံ တာဝန်ရှိသူများက အရေးတယူမပြုခဲ့သဖြင့် ရိုဘီသဲကန္တရအား ဖြတ်ကျော်စဉ် ပြိုင်ပွဲဝင် မော်တော်ကားတစ်စီးမှာ လမ်းဓားပြတစ်စု၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။ သို့သော် ဒေသခံများ၏ စေ့စပ်မှုဖြင့် နာရီအနည်းငယ်အကြာတွင် ဖမ်းဆီးထားသော မော်တော်ကားနှင့် ပြိုင်ပွဲဝင်သူအား ပြန်လွှတ်ပေးခဲ့သည်။

ဤကဲ့သို့ အခက်အခဲများအပြင် ရုရှားနိုင်ငံမှ နာမည်ကျော် ဘာကူ(လ်) ရေအိုင်ကြီးဒေသသို့ ဖြတ်သန်းခဲ့ရသည့် အခါ စိမ့်မြေများ၊ ရွံ့နွံများကို ကြိုးစား၍ ဖြတ်ခဲ့ရသည်။ မှတ်တမ်းများအရ ရေလွှဲနေသော တံတားပေါင်း (၁၁၇) စင်းကို ဒေသခံလူမျိုးစုများ အကူအညီနှင့် ခဲခဲယဉ်းယဉ်း ဖြတ်ကျော်ခဲ့ရသည်ဟု သိရ၏။

မည်သို့ပင်ဖြစ်စေကာမူ ဤပြိုင်ပွဲကြီးကျင်းပမည့်အကြောင်းနှင့် ပြိုင်ပွဲကျင်းပခဲ့သည့်အကြောင်းကို သတင်းစာများ၊ ဂျာနယ်များက ဖော်ပြခဲ့သဖြင့် ကမ္ဘာ့တစ်ဝန်းလုံး ဟိုးဟိုးကျော်ခဲ့သည် ပထမဆုံးမော်တော်ကားခရီးဝေးပြိုင်ပွဲဖြစ်သေးသည်။ ပြိုင်ပွဲဝင်များ ဖြတ်သန်းသည့်နိုင်ငံများ၊ မြို့တော်များမှာ တစ်ခဲနက် ကြိုဆိုခဲ့ကြ၏။ ရုရှားနိုင်ငံ မော်စကိုမြို့တော်၊ စိန့်ပီတာစတပ်မြို့တော်၊ ပိုလန်နိုင်ငံ ဝါဆောမြို့တော်နှင့် ဂျာမနီနိုင်ငံ ဘာလင်မြို့တော်များတွင် ထောင်ချီသောပရိသတ်ကြီးက ကြိုဆိုခဲ့သည်ဟု ဆိုသည်။ ယင်းနိုင်ငံများမှ တော်ဝင်မိသားစုများကိုယ်တိုင် ကြိုဆိုခဲ့ကြသည်။ ၁၉၀၇ ခု၊ ဩဂုတ်လ (၁၁) ရက်နေ့ နံနက်တွင်မူ အီတလီနိုင်ငံမှ ပြိုင်ပွဲဝင် အီတလီယာမော်တော်ကားမှာ ပထမဆုံး ပန်းဝင်ခဲ့သည်ဟု ဆိုကြပါကြောင်း။

လျှမ်းထက်

ကျမ်းကိုး

Above and Beyond

www.burmeseclassic.com

www.burmeseclassic.com

ရော့ လာမယ့် တစ်နှစ်တာလုံး အန္တရာယ်အမျိုးမျိုး၊ ဘေးဆိုးဟူသမျှ ကင်းလွတ်စေတဲ့

မြန်မာနှစ်ဆန်းတစ်ရက်မှာ ဆောင်ရွက်ရမယ့်ယဉ်ကြွများ

ဆရာဒလမင်းခေါင်

"ဆရာပေးခဲ့တဲ့ နှစ်ဆန်းတစ်ရက် ယဉ်ကြွလုပ်ခဲ့လို့ ဒီနှစ်တစ်နှစ်လုံး ကျန်းကျန်းမာမာပါပဲ"

"ဟုတ်လား ဆရာကျော်၊ ကျွန်တော်လည်း နှစ် (၂၀) လုံးလုံး နှစ်ဆန်းတစ်ရက်ရောက်တိုင်း နှစ်ဆန်းတစ်ရက် ယဉ်ကြွလုပ်ခဲ့တယ်။ ဒီလိုလုပ်ခဲ့လို့ နှစ် (၂၀) လုံး ဘာမှမဖြစ်ခဲ့ဘူး ဆရာကျော်"

"ဒီကျန်တဲ့ ယဉ်ကြွတွေတော့ ရေးပြီး ဒီနှစ်ဆန်းတစ်ရက်လုပ်ရမယ့် ယဉ်ကြွတော့ မရေးသေးဘူးနော်"

"ဟုတ်ပါတယ် ဆရာကျော်၊ ရေးဖို့ ကြံစည်နေတာ ကြာပါပြီ။ ဒါပေမယ့် နှစ်တွေသာကုန်သွားတယ် မရေးဖြစ်ဘူး"

"ဒီနှစ်တွေတော့ ရေးမှာပေါ့နော်"

"ရေးမယ် ဆရာကျော်။ ဆရာကျော်ကို နှစ်ဆန်းတစ်ရက်တိုင်း ကိုယ်တိုင်လုပ်တဲ့ ယဉ်ကြွကို ပေးပြီးပြီပဲ။ ဒါကြောင့် တစ်နှစ်လုံး ဘေးကင်းကျန်းမာဖို့ နှစ်ဆန်းတစ်ရက်မှာလုပ်ရမယ့်ယဉ်ကြွ ပေးပါ့မယ်။

ပထမဆုံး နှစ်ဆန်းတစ်ရက်ယဉ်ကြွက 'ဓာတ်ရိုက်ဓာတ်ဆင့် ဆရာငါဘုရင်' ကျမ်းထဲက ယဉ်ကြွ။ ဒီယဉ်ကြွဟာ ကျွန်တော်ငယ်ငယ် ဟိုလွန်ခဲ့တဲ့ နှစ် (၅၀) ကျော်ကတည်းက သိခဲ့တဲ့ယဉ်ကြွ။ ကျွန်တော်ငယ်ငယ်က ကျွန်တော့်ကို ပခုက္ကူမြို့မှာ အရပ်ပုပုနဲ့ အင်္ဂိုဇ္ဈာ လွန်စွာမှ ကျွမ်းကျင်တဲ့ ဆရာတော် ဦးကျော်ဝ ဆိုတာရှိတယ်။ ပခုက္ကူမြို့နဲ့ သုံးမိုင်လောက်ဝေးတဲ့ ကျွန်တော့်ကို မွေးတဲ့ အနောက်ချောက်ကန်းရွာကို မကြာခဏာရောက်လာလေ့ရှိတယ်။ ကျွန်တော့် မိဘတွေနဲ့ အလွန်ခင်တယ်။ အရေးအကြောင်းရှိလာရင် ဆရာတော်ဦးကျော်ဝကပဲ ဗေဒင်နဲ့ပတ်သက်ပြီး ဆောင်ရွက်ပေးလေ့ ရှိတယ်။

နှစ်ဆန်းတစ်ရက်ရောက်တိုင်း ဒီယဉ်ကြော လုပ်ခဲ့ပါတယ်။ ဆရာတော်ကို ကိုးကွယ်သူတွေ ဒီယဉ်ကြွပဲ ဆရာတော်က လုပ်ခိုင်းတယ်။ ဒါနဲ့ ၁၉၆၈ ခုနှစ်လောက်မှာ ကျွန်တော်တို့နဲ့ တစ်ရွာတည်းသား ဦးလှခင်ဆိုတဲ့သူ ကျွန်တော်နေတဲ့ သာကေတကို တစ်ပတ်တစ်ခါ ရောက်လေ့ရှိတယ်။ ဦးလှခင်ကလည်း သခင်ဗဟိန်းရဲ့ ဇနီးဖြစ်သူရဲ့ မောင်အရင်းဖြစ်တယ်။ သူလွယ်အိတ်ထဲမှာ သူအမြဲတမ်းဆောင်ထားတာက 'ဓာတ်ရိုက်ဓာတ်ဆင့် ငါဘုရင်' ဆိုတဲ့ စာအုပ်လေးပဲ။ သူက သိပ်ညွှန်းလို့ ရွှေတိဂုံဘုရားမှာ ဒီစာအုပ်ကို ဝယ်လိုက်တယ်။ စျေးက (၁) ကျပ်ပေးရတယ်။ ဒါပေမယ့် ဒီစာအုပ်ကို ဖတ်ပေမယ့်နားမလည်ဘူး။ ကျွန်တော်ကအလယ်တန်းကျောင်းသားလေ။ ဒီစာအုပ်ထဲမှာ ဆရာတော် ဦးကျော်ဝပေးတဲ့ နှစ်ဆန်းတစ်ရက်မှာပေးတဲ့ ယဉ်ကြွပါတယ်။ ဒီနှစ်ဆန်းတစ်ရက်မှာ လုပ်ရတဲ့ယဉ်ကြွက ကောင်းပေမယ့် ရန်ကုန်မြို့ကြီးထဲမှာ လုပ်ရမလွယ်ဘူး။

နယ်မှာ အလုပ်သွားလုပ်ရတဲ့အခါ အဲဒီနယ်က ဆရာတွေလည်း နှစ်ဆန်းတစ်ရက် ရောက်တိုင်း ဒီယဉ်ကြွပဲပေးကြတယ်။ ဒါပေမယ့် ရန်ကုန်က ဆရာအများစုဟာ ဒီယဉ်ကြွကို သိတဲ့သူနည်းတယ်။ နှစ်ဆန်းတစ်ရက်မှာ ဆောင်ပန်း၊ နင်းကြမ်းနဲ့ ခေါင်းလျော်ရတဲ့ ယဉ်ကြွပဲသိတယ်။ ဒါပေမယ့် ဟိုးလွန်ခဲ့တဲ့ (၁၅) နှစ်လောက်က လွယ်လွယ်ကူကူလုပ်တဲ့ နှစ်ဆန်းတစ်ရက် ယဉ်ကြွကို ဆရာတစ်ယောက်က ပေးသွားတယ်။ ဒါကြောင့် ရင်းနှီးတဲ့သူတွေကို ဒီယဉ်ကြွကို ပေးခဲ့တယ်။ သူတို့ လက်တွေ့အသုံးပြုတော့ ဆရာကျော့်လိုပဲလက်တွေ့ခံစားရတယ်"

"ဒါကြောင့်လည်း ဆရာ့အနေနဲ့ ရေးသင့်တာပေါ့"

"အလားတူ နှစ်ဆန်းတစ်ရက် ယဉ်ကြော ရှိသေးတယ်။ ဒီယဉ်ကြွလည်း အလွန်ထိရောက်တဲ့ယဉ်ကြွပါ။ ဒီယဉ်ကြွက ဆရာကြီးဦးကြာမြင့်ရဲ့ အုန်းသီးယဉ်ကြွပါပဲ။ ဒီယဉ်ကြွနှစ်ခုစလုံး တစ်နှစ်တာ ဘေးကင်းရန်ကာစေဖို့ အစွမ်းထက်တဲ့ ယဉ်ကြွတွေပဲ။ ဒီယဉ်ကြွနှစ်ခုကို နှစ်ဆန်းတစ်ရက်မှာ လုပ်ရမယ်။ နည်းတွေက ဒီလိုရှိတယ် ဆရာကျော်။

ပထမနည်းက ငယ်စဉ်ကလေးဘဝကတည်းက တွေ့ကြုံခဲ့ရတဲ့ ဓာတ်ရိုက်ဓာတ်ဆင့် ငါဘုရင်ကျမ်းထဲက နည်းဖြစ်တယ်။

'ဓာတ်ရိုက်ဓာတ်ဆင့်ငါဘုရင်'ကျမ်းမှာ နှစ်ဆန်းတစ်ရက်မှာလုပ်မယ့်ယဉ်ကြွကို ဒီလိုဖော်ပြထားတယ်။ မိမိတို့ကိုယ်ဝယ် အန္တရာယ်အမျိုးမျိုး ဘေးဆိုးဟူသမျှ ကင်းလွတ်စေရန် စီရင်နည်းမှာ မည်သည့်နှစ်ဆန်းတစ်ရက်နေ့တွင် နာရီ (၆၀) (စက်နာရီ ၂၄ နာရီ) ခေါ်သော တစ်ရက်အတွင်း တစ်ချိန်ချိန်မှာ မိမိနေ့အလိုက် ဘုမ္မိဖြစ်သောအရပ်တွင် တည်ရှိသော သစ်ငုတ်တိုကိုရှာ၍ ထိုသစ်ငုတ်တိုရှေ့နောက်ပြန်ရပ်ပြီး အသက်အောင့်ပြီးလျှင် မကောင်းသမျှဘေး၊ မကောင်းသမျှဒဏ်၊ ကျွန်ုပ်အစားခံဟု နှုတ်ကဖြစ်စေ၊ စိတ်ကဖြစ်စေ မှန်းဆရွတ်ဆို ဖနောင့်နှင့် ကန်ကျောက်ခဲ့ပြီးလျှင် မိမိတို့၏နေ့အလိုက် အာယုအရပ် နံပင်ရှိရာဖြစ်စေ၊ အနုစ်ရှိသော သစ်ပင်မှာဖြစ်စေ၊ နတ်ရဲသစ်ပင်မှာဖြစ်စေ၊ ရေသွန်းလောင်း၍ စိတ်မှ ဆုတောင်း တိုင်တည်ခြင်းပြုပြီးလျှင် ကျန်းမာ၊ ချမ်းသာ အသက်ရှည်ရန် ရည်မှန်းရေလောင်းခြင်းပြုပါလေဟု ဖော်ပြထားသည်။

အသေးစိတ်အနေဖြင့် -

တနင်္ဂနွေသားသမီး

နှစ်ဆန်းတစ်ရက်နေ့မှာ ဘုမ္မိဖြစ်တဲ့ တောင်အရပ်မှာရှိတဲ့သစ်ငုတ်တိုရှာ၍ ဖနောက်ပြန်ရပ်လျက် ဖနောင့်နှင့် အသက်အောင့်ပြီး (၇) ချက်ကန်ကာ 'ငါ့မကောင်းသမျှဘေး၊ မကောင်းသမျှဒဏ် ငါ့အစားနင်ခံ' ဆိုပြီး အရွေ့အာယုအရပ်တွင်ရှိ တနင်္ဂနွေ အုန်းပင် သို့မဟုတ် အပင်ကြီးကြီးမှာ ရေလောင်း၍ စိတ်မှ ကျန်းမာ၊ အသက်ရှည်ရန် ဆုတောင်းလေ။ အကယ်၍ ဤကဲ့သို့ လုပ်ရန်အခက်အခဲရှိပါက သစ်ငုတ်တိုအစား မြေကြီးမှာ သစ်ကိုင်းစိုက်ပြီး တောင်ဘက်အရပ်မှ နောက်ပြန်ရပ်ပြီး အထက်ပါအတိုင်း (၇) ချက် အသက်အောင့် ကန်

www.burmeseclassic.com

www.burmeseclassic.com

ပါ။ ပြီးက အရှေ့အရပ် တနင်္လာထောင့်ရှိ ဘုရားမှာ အုန်း (၆) ခက် လျှုဒါန်း၍ သက်စေ့ ရေသပ္ပာယ်ပြီး ကျန်းမာ၊ အသက်ရှည်၍ ဘေးကင်းရန် ဆုတောင်းပါ။

တနင်္လာသားသမီး

အနောက်တောင်အရပ်မှာရှိတဲ့ သစ်ငုတ်တိုကိုနောက်ပြန်ရပ်၍ အသက်အောင့်ပြီး ဖနောင့်နှင့် (၇) ချက်ကန်ပြီး ငါ့မကောင်းသမျှဘေး၊ မကောင်းသမျှဒဏ် ငါ့အစား နင်ခံဆို၍ အရှေ့တောင်အာယုအရပ်တွင် ရှိသော ကုံကော်ပင် သို့မဟုတ် ကုက္ကိုပင်. သို့မဟုတ် အပင်ကြီးကြီးမှာ ရေလောင်းပြီး ကျန်းမာအသက်ရှည်အောင်၍ ဘေးရန်ကင်းရန် ဆုတောင်းရမည်။ အကယ်၍ အခက်အခဲရှိပါက သစ်ကိုင်းကြီးကြီးကို မြေကြီးမှာစိုက်၍ အနောက်တောင်ဘက်ကနောက်ပြန်ရပ်၍ အသက်အောင့်ပြီး သစ်ကိုင်းစိုက်ကာ အသက်အောင့်၍ အထက်ပါအတိုင်း (၇) ချက်ကန်ပြီး ပြောရမည်။ ထို့နောက် အင်္ဂါထောင့်ရှိ ဘုရားကို ရေသက်စေ့သပ္ပာယ်၍ ဤတစ်နှစ်တာမှာ ကျန်းမာအသက်ရှည်ရန် ဆုတောင်းရမည်။

အင်္ဂါသားသမီး

နှစ်ဆန်းတစ်ရက်နေ့၌ အနောက်ဘက်မှာရှိသော သစ်ငုတ်တိုကို ရှာ၍ နောက်ပြန်ရပ်ပြီး အသက်အောင့်ပြီး ဖနောင့်နှင့် (၇) ချက်ကန်၍ ငါ့မကောင်းသမျှဘေး၊ မကောင်းသမျှဒဏ် ငါ့အစား နင်ခံဆို၍ တောင်အရပ်မှာရှိတဲ့ ဆီးပင် သို့မဟုတ် အပင်ကြီးကြီးမှာ ရေလောင်း၍ စိတ်က ကျန်းမာ၊ အသက်ရှည်ရန် ဆုတောင်းရမယ်။ အကယ်၍ ဤသို့ ဆောင်ရွက်ရန် အခက်အခဲရှိပါက မြေကြီးမှာ သစ်ကိုင်းစိုက်၍ အနောက်ဘက်မှနေပြီး နောက်ပြန်ရပ်၍ အသက်အောင့်၍ ငါ့မကောင်းသမျှဘေးဒဏ် နင်သာခံဆိုပြီး (၇) ချက် ကန်ပါ။ ထို့နောက် တောင်ဘက်ထောင့်ရှိ ဘုရားမှာ ဆီးခက် (၈) ခက်လျှုပြီး ရေသက်စေ့သပ္ပာယ်၍ ကျန်းမာ၊ ချမ်းသာရန် ဆုတောင်းရမည်။

ဗုဒ္ဓဟူးသားသမီး

နှစ်ဆန်းတစ်ရက်နေ့၌ အနောက်မြောက်အရပ်တွင်ရှိသော သစ်ငုတ်ကိုရှာ၍ နောက်ပြန်ရပ်ပြီး အသက်အောင့်ပြီး ဖနောင့်နှင့် (၇) ချက်ကန်၍ ငါ့မကောင်းသမျှဘေး၊ မကောင်းသမျှဒဏ် ငါ့အစား နင်ခံဆို၍ အရှေ့တောင်အာယုအရပ်တွင် ရှိသော ကုံကော်ပင် သို့မဟုတ် ကုက္ကိုပင်. သို့မဟုတ် အပင်ကြီးကြီးမှာ ရေလောင်း၍ ကျန်းမာအသက်ရှည်အောင်၍ ဘေးရန်ကင်းရန် ဆုတောင်းရမည်။ အကယ်၍ အခက်အခဲရှိပါက သစ်ကိုင်းကြီးကြီးကို မြေကြီးမှာစိုက်၍ အနောက်တောင်ဘက်ကနောက်ပြန်ရပ်၍ အသက်အောင့်ပြီး သစ်ကိုင်းစိုက်ကာ အသက်အောင့်၍ အထက်ပါအတိုင်း (၇) ချက်ကန်ပြီး ပြောရမည်။ ထို့နောက် အင်္ဂါထောင့်ရှိ ဘုရားကို ရေသက်စေ့သပ္ပာယ်၍ ဤတစ်နှစ်တာမှာ ကျန်းမာအသက်ရှည်ရန် ဆုတောင်းရမည်။

အင်္ဂါသားသမီး

နှစ်ဆန်းတစ်ရက်နေ့၌ အနောက်ဘက်မှာရှိသော သစ်ငုတ်တိုကို ရှာ၍ နောက်ပြန်ရပ်ပြီး အသက်အောင့်ပြီး ဖနောင့်နှင့် (၇) ချက်ကန်၍ ငါ့မကောင်းသမျှဘေး၊ မကောင်းသမျှဒဏ် ငါ့အစား နင်ခံဆို၍ တောင်အရပ်မှာရှိတဲ့ ဆီးပင် သို့မဟုတ် အပင်ကြီးကြီးမှာ ရေလောင်း၍ စိတ်က ကျန်းမာ၊ အသက်ရှည်ရန် ဆုတောင်းရမယ်။ အကယ်၍ ဤသို့ ဆောင်ရွက်ရန် အခက်အခဲရှိပါက မြေကြီးမှာ သစ်ကိုင်းစိုက်၍ အနောက်ဘက်မှနေပြီး နောက်ပြန်ရပ်၍ အသက်အောင့်၍ ငါ့မကောင်းသမျှဘေးဒဏ် နင်သာခံဆိုပြီး (၇) ချက် ကန်ပါ။ ထို့နောက် တောင်ဘက်ထောင့်ရှိ ဘုရားမှာ ဆီးခက် (၈) ခက်လျှုပြီး ရေသက်စေ့သပ္ပာယ်၍ ကျန်းမာ၊ ချမ်းသာရန် ဆုတောင်းရမည်။

ဗုဒ္ဓဟူးသားသမီး

နှစ်ဆန်းတစ်ရက်နေ့၌ အနောက်မြောက်အရပ်တွင်ရှိသော သစ်ငုတ်ကိုရှာ၍ နောက်ပြန်ရပ်ပြီး အသက်အောင့်ပြီး ဖနောင့်နှင့် (၇) ချက်ကန်၍ ငါ့မကောင်းသမျှဘေး၊ မကောင်းသမျှဒဏ် ငါ့အစား နင်ခံဆို၍ အရှေ့တောင်အာယုအရပ်တွင် ရှိသော ကုံကော်ပင် သို့မဟုတ် ကုက္ကိုပင်. သို့မဟုတ် အပင်ကြီးကြီးမှာ ရေလောင်း၍ ကျန်းမာအသက်ရှည်အောင်၍ ဘေးရန်ကင်းရန် ဆုတောင်းရမည်။ အကယ်၍ အခက်အခဲရှိပါက သစ်ကိုင်းကြီးကြီးကို မြေကြီးမှာစိုက်၍ အနောက်တောင်ဘက်ကနောက်ပြန်ရပ်၍ အသက်အောင့်ပြီး သစ်ကိုင်းစိုက်ကာ အသက်အောင့်၍ အထက်ပါအတိုင်း (၇) ချက်ကန်ပြီး ပြောရမည်။ ထို့နောက် အင်္ဂါထောင့်ရှိ ဘုရားကို ရေသက်စေ့သပ္ပာယ်၍ ဤတစ်နှစ်တာမှာ ကျန်းမာအသက်ရှည်ရန် ဆုတောင်းရမည်။

အင်္ဂါသားသမီး

နှစ်ဆန်းတစ်ရက်နေ့၌ အနောက်ဘက်မှာရှိသော သစ်ငုတ်တိုကို ရှာ၍ နောက်ပြန်ရပ်ပြီး အသက်အောင့်ပြီး ဖနောင့်နှင့် (၇) ချက်ကန်၍ ငါ့မကောင်းသမျှဘေး၊ မကောင်းသမျှဒဏ် ငါ့အစား နင်ခံဆို၍ တောင်အရပ်မှာရှိတဲ့ ဆီးပင် သို့မဟုတ် အပင်ကြီးကြီးမှာ ရေလောင်း၍ စိတ်က ကျန်းမာ၊ အသက်ရှည်ရန် ဆုတောင်းရမယ်။ အကယ်၍ ဤသို့ ဆောင်ရွက်ရန် အခက်အခဲရှိပါက မြေကြီးမှာ သစ်ကိုင်းကြီးကြီးစိုက်၍ အနောက်ဘက်မှနေပြီး နောက်ပြန်ရပ်၍ အသက်အောင့်၍ ငါ့မကောင်းသမျှဘေးဒဏ် နင်သာခံဆိုပြီး (၇) ချက် ကန်ပါ။ ထို့နောက် တောင်ဘက်ထောင့်ရှိ ဘုရားမှာ ဆီးခက် (၈) ခက်လျှုပြီး ရေသက်စေ့သပ္ပာယ်၍ ကျန်းမာ၊ ချမ်းသာရန် ဆုတောင်းရမည်။

ဗုဒ္ဓဟူးသားသမီး

နှစ်ဆန်းတစ်ရက်နေ့၌ အနောက်မြောက်အရပ်တွင်ရှိသော သစ်ငုတ်ကိုရှာ၍ နောက်ပြန်ရပ်ပြီး အသက်အောင့်ပြီး ဖနောင့်နှင့် (၇) ချက်ကန်၍ ငါ့မကောင်းသမျှဘေး၊ မကောင်းသမျှဒဏ် ငါ့အစား နင်ခံဆို၍ အရှေ့တောင်အာယုအရပ်တွင် ရှိသော ကုံကော်ပင် သို့မဟုတ် ကုက္ကိုပင်. သို့မဟုတ် အပင်ကြီးကြီးမှာ ရေလောင်း၍ ကျန်းမာအသက်ရှည်အောင်၍ ဘေးရန်ကင်းရန် ဆုတောင်းရမည်။ အကယ်၍ အခက်အခဲရှိပါက သစ်ကိုင်းကြီးကြီးကို မြေကြီးမှာစိုက်၍ အနောက်တောင်ဘက်ကနောက်ပြန်ရပ်၍ အသက်အောင့်ပြီး သစ်ကိုင်းစိုက်ကာ အသက်အောင့်၍ အထက်ပါအတိုင်း (၇) ချက်ကန်ပြီး ပြောရမည်။ ထို့နောက် အင်္ဂါထောင့်ရှိ ဘုရားကို ရေသက်စေ့သပ္ပာယ်၍ ဤတစ်နှစ်တာမှာ ကျန်းမာအသက်ရှည်ရန် ဆုတောင်းရမည်။

ကြာသပတေးသားသမီး

နှစ်ဆန်းတစ်ရက်မှာ အရှေ့မြောက်အရပ်မှာရှိတဲ့ သစ်ငုတ်တိုကို ရှာ၍ နောက်ပြန်ရပ်၍ ငါ့မကောင်းသမျှဘေးဒဏ် ငါ့အစား နင်ခံဆိုပြီး အသက်အောင့်ပြီး ဖနောင့်နှင့် (၇) ချက်ကန်ပါ။ အနောက်မြောက်အရပ်တွင်ရှိသော ပျဉ်းမပင် သို့မဟုတ် အပင်ကြီးကြီးမှာ ရေလောင်း၍ သက်ရှည်ကျန်းမာရန် ဆုတောင်းပါ။

အကယ်၍ အထက်ပါအတိုင်း ဆောင်ရွက်ရန် အခက်အခဲရှိပါက မြေကြီးမှာ သစ်ကိုင်းကြီးကြီးစိုက်၍ အရှေ့မြောက်အရပ်ဘက်နေပြီး နောက်ပြန်ရပ်၍ ငါ့မကောင်းတဲ့ဘေးဒဏ် ငါ့အစားနင်ခံဆိုပြီး ဖနောင့်ဖြင့် အသက်အောင့်ပြီး (၇) ချက်ကန်ပါ။ ထို့နောက် ရာဟုထောင့်က ဘုရားမှာ မေမြို့ (၁၉) ခက်လျှု ဘုရားမှာ ရေသက်စေ့သပ္ပာယ်ပြီး ကျန်းမာချမ်းသာစေရန် ဆုတောင်းပါ။

သောကြာသားသမီး

အရှေ့တောင်အရပ်မှာရှိတဲ့ သစ်ငုတ်တိုကိုရှာ၍ နောက်ပြန်ရပ်ပြီး ၎င်း သစ်ငုတ်တိုင်ကို ဖနောင့်ဖြင့် အသက်အောင့်ပြီး ငါ့မကောင်းသမျှ ဘေးဒဏ် ငါ့အစားနင်ခံဆိုပြီး ဖနောင့်ဖြင့် (၇)ချက်ကန်ရမယ်။ ထို့နောက် အရှေ့မြောက်အရပ်မှာရှိတဲ့ သီးပင် သို့မဟုတ် သီတိုင်ပင် သို့မဟုတ် အပင်ကြီးကြီးမှာ ရေလောင်းပြီး သက်ရှည်ကျန်းမာစေရန် ဆုတောင်းရမည်။

ဤသို့ ဆောင်ရွက်ရန် အခက်အခဲရှိပါက မြေကြီးမှာ သစ်ကိုင်းကြီးကြီးစိုက်၍ အရှေ့တောင်အရပ်က နောက်ပြန်ရပ်ပြီး ငါ့မကောင်းတဲ့ဘေးဒဏ်မှန်သမျှ ငါ့အစား နင်ခံဆိုပြီး အသက်အောင့်၍ ဖနောင့်ဖြင့် (၇) ချက်ကန်ရမည်။ ထို့နောက် တနင်္လာထောင့်ရှိ ဘုရားမှာ သီး သို့မဟုတ် သီဟိုဠ် (၂၁) ခက်လျှု၍ ရေသက်စေ့သပ္ပာယ်ပြီး ဘေးကင်းရန်ကွာ ကျန်းမာချမ်းသာစေရန် ဆုတောင်းပါ။

စနေသားသမီး

နှစ်ဆန်းတစ်ရက်နေ့မှာ မြောက်အရပ်မှာ ရှိတဲ့ သစ်ငုတ်တိုရှာ၍ နောက်ပြန်ရပ်ပြီး (၇) ချက်အသက်အောင့်ပြီး ငါ့ရဲ့မကောင်းတဲ့ဘေး၊ မကောင်းတဲ့ဒဏ် ငါ့ကိုယ်စား နင်ခံဆိုပြီး ဖနောင့်နှင့် (၇) ချက်ကန်ရမည်။ ထို့နောက် အနောက်အရပ်မှာရှိတဲ့ ထန်းပင်၊ တည်ပင် သို့မဟုတ် အပင်ကြီးကြီးမှာ ရေလောင်းပြီး လျှင် ကျန်းမာအသက်ရှည်စေရန် ဆုတောင်းပါ။

အကယ်၍ ဤသို့လုပ်ရန် အခက်အခဲရှိပါက မြေကြီးတွင် သစ်ကိုင်းကြီးကြီးစိုက်၍ မြောက်ဘက်မှ နောက်ပြန်ရပ်၍ အသက်အောင့်ပြီး ငါ့မကောင်းတဲ့ဘေးဒဏ်မှန်သမျှ ငါ့ကိုယ်စားနင်ကခံဆိုပြီး ဖနောင့်နှင့် (၇) ချက်ကန်ရမည်။ ထို့နောက် ကြာသပတေးထောင့်မှဘုရားမှာ ထန်း (၁၀) လက်လျှု၍ ရေသက်စေ့သပ္ပာယ်မြဲး ကျန်းမာ၊ ချမ်းသာစေရန် ဆုတောင်းရမည်။

မှတ်ချက်။ ။ သစ်ငုတ်အစား မြေကြီးမှာ စိုက်သော သစ်ကိုင်းကို ပြီးပါက အမှိုက်ပုံသို့ လွှင့်ပစ်ရမည်။ ၎င်းကို အိမ်သို့ ယူမလာရ။ ထင်းအဖြစ် အသုံးမပြုရပါ။

"ဒီယတြာက နှစ်ဆန်းတစ်ရက်ရောက်မှပဲ လုပ်လို့ရတာပေါ့နော်"

"မဟုတ်ဘူး ဆရာကျော်။ ဓာတ်ရိုက်ဓာတ်ဆင်ကျမ်းမှာပဲ အထက်ပါယတြာကိုပဲ ဒီလိုလုပ်လို့ရတယ်လို့ ဖော်ပြထားတယ်။ နှစ်ဦးနှစ်ဆန်းတစ်ရက်ကို မမီလိုက်သဖြင့် လုပ်လိုပါက မည်သည့်လမဆို လ၏အဦး မြန်မာနာရီ (၆၀) (စက်နာရီ ၂၄ နာရီအတွင်း) တစ်ရက်၏ အတွင်း တစ်လစာ လဆန်းလဆန်းတိုင်း (၁) ရက်နေ့တွင် ပြုလုပ် စီရင်ရန် ဖြစ်သည်လို့ ဖော်ပြထားတယ်။

သစ်ငုတ်ကန်တဲ့ယတြာကို ဆရာတော်တော်များများ သုံးတာကို လေ့လာတွေ့ရှိရတယ်။ ဒီအထဲမှာ ဝွတ္ထုလစ်

www.burmeseclassic.com

www.burmeseclassic.com

(ယခု ဆရာစံရပ်ကွက်) က မင်းလမ်းက ဆရာကြီးဦးသောင်းဟာ ဒီယတြာကို အများဆုံး သုံးတယ်။ ဆရာကြီးဦးသောင်းဟာ ထင်ပေါ်ကျော်ကြားခြင်းမရှိပေမယ့် သူပရိသတ်နဲ့သူ ရှိပါတယ်။ ဆရာကြီးနည်းက မူလမဟာဘုတ်နဲ့ ကောဇာမဟာဘုတ်ကို အခြေပြုသုံးတယ်။ သစ်ငုတ်ကန်တဲ့ ယတြာ အဓိကထားတယ်။ ဆရာကြီးရဲ့ လွန်ခဲ့တဲ့ နှစ်သုံးဆယ်ကျော် သူ့ရဲ့ ဟောစာတမ်းသုံးလေးစောင်တွေ့ဖူးတယ်။ ထူးခြားတာက နှစ်ဆန်းတို့၊ လဆန်းတို့မှာ သုံးတာမဟုတ်ဘူး။ ကိန်းခန်းညှဲ့တဲ့အခါ သုံးတယ်။ သုံးပုံကို ဒီလို ရေးထားတယ်။

မိမိအန္တရာယ်အပေါင်း ကာကွယ်ရန် ကိန်းဆိုပြီး တနင်္ဂနွေသား ပုဒ္ဓဟူးနေ့မှာ သစ်ငုတ်ကိုရှာပြီး ညာခြေထောက်နဲ့ နောက်ပြန် အရှေ့မြောက်ဘက်ကို မျက်နှာပြု၍ (၇) ချက်ကန်ပါ။ ကန်တဲ့အခါ ငါမကောင်းတဲ့ဘေးဒဏ်၊မကောင်းတဲ့နိမိတ်၊ မကောင်းတဲ့အတိတ် ငါ့ရဲ့ကိုယ်စား သစ်ငုတ်တိုက ခံတော့ဆိုပြီး ကန်တဲ့အခါ ပြန်မကြည့်နဲ့။ အရသာရှိတဲ့မုန့်ကိုစားပြီးပြန်ခဲ့။ အိမ်ရောက်တော့ အုန်းပင်ကို အရှေ့မျက်နှာပြု ရေ (၆) ခွက်လောင်း၊ ယပ် (၆) ချက်ခတ်ရင်း ကိုယ်လိုတဲ့ဆုကိုတောင်း အညှဲ့ပြေတယ်လို့ ဟောစာတမ်းမှာ ရေးထားတယ်။ ထပ်ပြီး ရေးထားတာက အိပ်မက်မကောင်းလည်း အညှဲ့ပြေပါတယ်။ ၎င်းနောက် ခရီးသွားမယ်ဆိုရင်လည်း အထက်က ကန်တဲ့နည်းအတိုင်းကန်ပါ။ ရေလောင်း၊ ယပ်ခတ်ပါ။ ကိုယ်လိုတဲ့ခရီး ကောင်းမွန်စွာရောက်၍ စိတ်ချမ်းသာစွာ သွားနိုင်ပါတယ်လို့ ရေးထားတယ်"

"ဆရာကြီးဦးသောင်းရဲ့နည်းက ဘုမ္မိနွေမှာ ယတြာလုပ်ခိုင်းတာ မဟုတ်လား"

"ဟုတ်တယ် ဆရာကျော်၊ ဓာတ်ရိုက်ဓာတ်ဆင်ငါဘုရင်ကျမ်းအခြေပြုပြီး ဉာဏ်ကွန်ချက်တွေပါတယ်။ ဒါကြောင့် ဒီယတြာကို တနင်္ဂနွေသားသမီး ပုဒ္ဓဟူးနေ့မှာ လုပ်ရမယ်။ တနင်္လာသားသမီးက စနေနေ့၊ အင်္ဂါက ကြာသပတေးနေ့၊ ပုဒ္ဓဟူးက ပုဒ္ဓဟူး (၁၂) နာရီအကျော်၊ ကြာသပတေးက တနင်္ဂနွေနေ့၊ သောကြာက အင်္ဂါနေ့၊ စနေက သောကြာနေ့တွေမှာ သစ်ငုတ်ကန်ယတြာကို လုပ်ရမယ်။

ဒါတင်မက အကယ်၍များ ကိန်းမကောင်းတာများ ကြုံလာရင် ဘုမ္မိနေ့ကို စောင့်မနေဘဲ နာရီကိန်း (အင်္ဂဝိဇ္ဇာခို်နှ်) ဘုမ္မိခို်နှ်မှာလုပ်ရမယ်လို့ ဖော်ပြထားတယ်။ သစ်ငုတ်ကန်ယတြာနဲ့တွဲပြီး ကိုယ်စားပစ်ယတြာလုပ်တယ်။ ဒီနည်းနဲ့ပဲ ယတြာချေပေးတယ်"

"ခု ဆရာကြီး ဦးသောင်း ရှိသေးလား ဆရာ"

မရှိလောက်ဘူးထင်တယ်။ ဒါပေမယ့် သူ့ရဲ့ ဟောစာတမ်း (၃) စောင်လောက်မှာ သူပညာ အကုန်နီးပါး ရေးထားတယ်။ မြန်မာဗေဒင်ပညာရပ်အနေနဲ့ အားကိုးလောက်တယ်"

"လူက မရှိပေမယ့် သူပညာက ကျန်သေးတော့ တော်သေးတယ်နော်။ ဆရာလက်ထဲမှာရှိတော့ လူအများဖတ်ရတာပေါ့ ဆရာ။ နောက်ထပ် နှစ်ဆန်းတစ်ရက်မှာလုပ်ရတဲ့ယတြာရှိသေးတယ်နော်"

"ဟုတ်တယ် ဆရာကျော်၊ ဒီယတြာက အုန်းသီးယတြာ။ ဆရာကြီး ဦးကြာမြင့်ရဲ့ယတြာ။ ဒီအုန်းသီးကို ကျွန်တော် နှစ်ဆန်းတစ်ရက်ရောက်တိုင်း လုပ်တာ နှစ်နှစ်ဆယ်ရှိပါပြီ ဆရာကျော်"

"ကျွန်တော်လည်း ဒီယတြာ သိပ်သဘောကျလို့ လုပ်လာတာ ငါးနှစ်လောက်ရှိပြီဆရာ။ အမှန်တကယ်လည်း အသုံးဝင်တယ်နော်"

"ဟုတ်တယ် ဆရာကျော်ရဲ့၊ ဒီယတြာလုပ်တဲ့နှစ်ပေါင်း (၂၀) လောက်မှာ ဘာမှမဖြစ်ဘူး ဆရာကျော်။ တစ်မိသားစုလုံးပါပဲ။ လုပ်နည်းက လွယ်တယ်။ အတက်နေ့ညမှာ မိသားစုအားလုံး ချည်မန်းကွင်း (ကိုးလံကိုးမျှင်ကို အထုံးထုံးထားတဲ့ ချည်မန်းကွင်း) စွပ်အိပ်ရမယ်။ နှစ်ဆန်းတစ်ရက်နံနက်မှာ ခြေသည်း၊ လက်သည်း (၁၀) ချောင်းလုံး ညှပ်ပြီး စက္ကူထဲ ဆံပင်အနည်းငယ် ညှပ်ထည့်ပြီး အုန်းသီးခြောက်ကို ထိပ်မှဖောက်ပြီးထည့်။ အုန်းသီးအပေါက်ကို ဖောက်ထားသော အုန်းသားနဲ့ ပိတ်ပြီး မြစ်ထဲချောင်းထဲ မျောရမယ်။ အုန်းသီးတစ်လုံးတည်းနဲ့ တစ်မိသားစုလုံးလုပ်လို့ရတယ်။ မူကွဲအနေနဲ့ ဆံပင်၊ ခြေသည်း၊ လက်သည်းများကို မွေးနံ့အရွက်နဲ့ထုပ်ပြီး အုန်းသီးထဲထည့်ရတဲ့မူရှိတယ်။ နောက်မူကွဲကတော့ နှစ်ဆန်းတစ်ရက် နံနက်ပိုင်းမှာ ချည်မန်းကွင်းကို (၅) မိနစ်၊ (၁၀) မိနစ်ခန့်စွပ်ပြီး အုန်းသီးထဲကို ခြေသည်းတစ်ထုပ်၊ လက်သည်းတစ်ထုပ်၊ ဆံပင်တစ်ထုပ်စီထည့်၊ စွပ်ထားတဲ့ ချည်မန်းကွင်းကို ခြေထောက်မှ ချွတ်ပြီး အုန်းသီးထဲကို ထည့်၊ အုန်းသီးတစ်လုံးထဲကို တစ်မိသားစုလုံးထည့်ရတယ်။ အချို့က အုန်းသီးထဲ ရေထပ်ဖြည့်ပြီးမှ ပိတ်တယ်။ ဒီလိုလုပ်ခြင်းဖြင့် မြစ်၊ချောင်းကို ပစ်တဲ့အခါ ရေမြုပ်ရန်ဖြစ်တယ်။ အုန်းသီးထဲထည့်တဲ့အခါ အငယ်ဆုံးမှ အိမ်ထောင်ဦးစီး ငယ်စဉ်ကြီးလိုက်ထည့်ရတယ်။

ဤသို့ဖြင့် မြန်မာနှစ် မဟာဘုတ်အကူးအပြောင်း နှစ်သစ်မဂ်လာနေ့ဖြစ်တဲ့ နှစ်ဆန်းတစ်ရက်နေ့မှာ၊ တစ်နှစ်တာ ဖြတ်သန်းတဲ့ကာလမှာ ဥပဒ် ဘေးဆိုး အန္တရာယ်အမျိုးမျိုးတို့မှ လွတ်ကင်း ချမ်းသာ ခန္ဓာကိုယ်၊ စိတ်နှစ်ဖြာ ရွှင်လန်းစေတယ်။ ထို့အပြင် တစ်နှစ်တာအတွက် ဥပေဒ္ခဒကတ်၊ မမျော်လင့်ဘဲ ရုတ်တရက် ထိခိုက်သော ဘေးဥပဒ်ဆိုးတို့မှ လွတ်ကင်းလွဲဖယ်ခြင်း ကောင်းကျိုးတွေ ဖြစ်ထွန်းမယ်လို့ အဆိုရှိတယ်။

နှစ်ဆန်းတစ်ရက်မှာ ဆောင်ရွက်ရမည့် ယတြာရှိသေးတယ်။ ဒီယတြာက အိမ်ထောင်ဦးစီးရဲ့ အကောင်းဆုံး ဆောင်ပန်း အရွက်များကို အိမ်ရဲ့ ဥရုတိုင်မှာ ပရိတ်ကြိုးနဲ့ နှစ်ဆန်းတစ်ရက်နေ့မှာ ချည်ထားရမယ်။ နောက်နှစ်ဆန်းတစ်ရက်အထိ ချည်ထားရမယ်။ အိမ်ထောင်ဦးစီးရဲ့ အကောင်းဆုံး ဆောင်ပန်းကို ချည်ထားခြင်းဖြင့် တစ်အိမ်လုံးရှိ မိသားစုအားလုံး ကျန်းမာရေးကောင်းပြီး ဘေးကင်း၊ လာဘ်လာဘ ပွင့်လန်းစေတယ်လို့ဆိုတယ်။ အကောင်းဆုံး ဆောင်ပန်းအညွှန့်အခက်တွေက-

တနင်္ဂနွေသားသမီး

ရာဇဖွား၊ မရဏဖွားများအတွက် ကံ့ကော် (၁၅) ခက်။ ပုတိန့်၌ သိုက်ဖွားများအတွက် မေမြို့ သို့မဟုတ် ပျဉ်းမ (၁၉) ခက်။ အထွန်း၊ အဓိပတိ၊ ဘင်္ဂဖွား အတွက် သီဟိုဠ် သို့မဟုတ် သီး (၂၁) ခက်။

တနင်္လာသားသမီး

ရာဇဖွား၊ မရဏဖွားများ ဆီး သို့မဟုတ် ဇော်စိမ်း (၈) ညွှန့်။ ပုတိန့်၌ သိုက်ဖွားအတွက် သီး သို့မဟုတ် သီဟိုဠ် (၂၁) ခက်။ အထွန်း၊ အဓိပတိ၊ ဘင်္ဂဖွား အတွက် ထန်းရွက် (၁၀) ရွက်။

အင်္ဂါသားသမီး

ရာဇနှင့် မရဏဖွားများအတွက် ရွှက်လှ သို့မဟုတ် လင်းလွန်း (၁၇) ခက်။ ပုတိန့်၌ သိုက်ဖွားအတွက် ထန်း (၁၁) ရွက်။ အထွန်း၊ အဓိပတိ၊ ဘင်္ဂဖွား အတွက် အုန်း (၆) ခက်။

www.burmeseclassic.com

www.burmeseclassic.com

(၁)

"ကျွန်တော်ကလေ ကျွန်တော့် ကိုယ်ကျွန်တော်ထင်နေတာ"

"ဘယ်လိုထင်တာလဲ"

"ကျွန်တော်မှ ကျွန်တော်ပဲလို့ပေါ့။ ကိုယ့်ကိုယ်ကိုယ်နှိုင်း ပုံမရှိင်းပေါ့။ ကိုယ့်ကိုယ်ကိုယ် အရှင်သခင်လို့ ထင်ထားတာ။ ကျွန်တော့်လောက်တော်တဲ့လူဟာ မရှိသေးဘူးလို့ထင်တားတာ။ တော်ခြင်းရွေ့နားကပ်ထားတဲ့ ဝေါဟာရတစ်လုံးကို တော်တော်ကြာကြာ မမြင်နိုင်ခဲ့ဘူး။ အဲဒီစကားလုံး 'ကျွန်' ဆိုတဲ့ ပညတ်လေးတစ်လုံးပဲလေ။ ပညတ်သွားရာ ဓာတ်သက်ပါတတ်တာလည်း မဆင်ခြင်ခဲ့မိဘူးလေ။

'ဘုရားကျွန်တော်မျိုးကြီး တင်ငှံ့ပါသည် ဘုရား'

ထီးသုံးနန်းသုံး စကားလုံးတွေထဲမှာ အဲသလို နိမ့်ကျတဲ့အဓိပ္ပာယ် ရှိခဲ့တယ်။

'သခင်မျိုးဟေ့ တို့ဗမာ'

ကာလရွှေ့လျောလာတော့ ဓာတ်သဘောပြောင်းချင်တာနဲ့ ပညတ်ကို ပြောင်းလိုက်ကြပြန်တယ်။

'သခင်ကြီး၊ သခင်ကြီး။ ဒါ ဗမာ

ရေမင်းချို

တိမ်နှင့်တူသောအိမ်

ဗုဒ္ဓဟူးသားသမီး

ရာဇနှင့် မရဏဖွားများ ပျဉ်းမ သို့မဟုတ် မေမြို့ (၁၉) ခက်။ ပုတီနှင့်သိုက်ဖွားများအတွက် အုန်း(၆)ခက်။အထွန်း၊ အဓိပတိ၊ ဘင်္ဂဖွားများအတွက် ကံ့ကော် (၁၅) ခက်။

ကြာသပတေးသားသမီး

ရာဇနှင့် မရဏဖွားများ သီး သို့မဟုတ် သီဟိုဠ် (၂၁) ခက်။ ပုတီနှင့် သိုက်ဖွားများအတွက် ကံ့ကော် (၁၅) ခက်။ အထွန်း၊ အဓိပတိ၊ ဘင်္ဂဖွားများအတွက် ဆီး သို့မဟုတ် ဇော်စိမ်း (၈) ညွှန့်။

သောကြာသားသမီး

ရာဇနှင့် မရဏဖွားများ ထန်း (၁၀) ရွက်။ ပုတီနှင့် သိုက်ဖွားများအတွက် ဆီး သို့မဟုတ် ဇော်စိမ်း (၈) ခက်။ အထွန်း၊ အဓိပတိ၊ သိုက်ဖွားများအတွက် ရွက်လှ သို့မဟုတ် ဝါး (၁၇) ညွှန့်။

စနေသားသမီး

ရာဇနှင့် မရဏဖွားများအတွက် အုန်း (၆) ရွက်။ ပုတီနှင့် သိုက်ဖွားအတွက် ရွက်လှ သို့မဟုတ် ဝါး (၁၇) ခက်။ အထွန်း၊ အဓိပတိ၊ ဘင်္ဂအတွက် ပျဉ်းမ သို့မဟုတ် မေမြို့ (၁၉) ညွှန့်။

မိမိရဲ့ အကောင်းဆုံး ဆောင်ပန်းအရေးအတွက်အတိုင်း တိုင်မှာ ပရိတ်ချည်နဲ့ တစ်နှစ်လုံး ခိုင်ခိုင်ချည်ထားရမယ်။ တိုက်ခန်းနဲ့ နေတဲ့သူတွေအဖို့ ခေါင်းရင်း ယာဘက် အမြင့်တစ်နေရာမှာ အိတ်နဲ့ထည့်ပြီး ချည်ထားနိုင်တယ်။

ကဲ - ဆရာကျော်ရော၊ နှစ်ဆန်းတစ်ရက်နေ့မှာ အထက်ပါအတိုင်း ယတြာလုပ်ထားပါက ရွှေ့ လာမယ့် တစ်နှစ်လုံး ဘေးကင်း ကျန်းမာပြီး ကြံသမျှ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ အောင်မြင်ကြပါစေလို့ ဆုတောင်းပါတယ်"

ဆရာဒလမင်းခေါင်

အကိုးအကား

၁။ အင်္ဂဝိဇ္ဇာအဖွင့် ဟိတသိဒ္ဓိခေါ် ဓာတ်ရိုက်ဓာတ်ဆင်ငါဘုရင်ကျမ်း

၂။ အုန်းသီရေမြော၊ ချည်မန်းကွင်း ယတြာ
ဆရာပရမတ်၊ ဇောတိသဝေ မဂ္ဂဇင်း

၃။ ဆရာကြီးဦးသောင်း၏ ဟောစာတမ်းပါယတြာများ

www.burmeseclassic.com

www.burmeseclassic.com

ဧစ်သားတွေလုပ်သွားတာပါ ဘုရား'တဲ့။

'ဟုတ်လား မောင်မင်း၊ လူက လေးကို ဆုချရမယ်'

ဓာတ်သဘောတွေကထပ်ပြောင်း နေပြန်တယ်။ ရေက အငွေ့ပြန်လိုက်၊ ရွာချလိုက်နဲ့ပေါ့။

သခင်အမည်၊ ကျွန်အမည်တွေကို ရှင်ဋီသဘော၊ အနွတ္တသဘော ခွဲခြားရင်း ခုတော့ တွေးတော စဉ်းစား စိတ်ရှုပ်သွားပါပြီ။ ဒါပေမယ့် သဲချာတာက သခင် ဆိုတာ သူလည်းဖြစ်ချင်၊ ကိုယ်လည်းဖြစ်ချင်ပါလားနော်။

ဝတ္ထုတွေဖတ်ရှုလာတော့ ဇာတ်ကောင်က ကျွန်တော်လည်း မဟုတ်ဘူး။ သခင်လည်း မဟုတ်ဘူး။ သူတဲ့၊ သူမတဲ့။

'ဟယ်လို၊ ဘယ်သူနဲ့တွေ့ချင်တာလဲ ခင်ဗျာ'

ဖုန်းခေါ်သံကိုကြားတဲ့အခါ ဖုန်းခွက်ထဲက အဲသလိုပြောမိပါတယ်။ ပြောမိပါလိမ့်မယ်။

'ခင်ဗျားနဲ့ကိုတွေ့ချင်တာ'

ဖုန်းထဲက ပြန်ပြောပါတယ်။ တွေ့ချင်တဲ့လူက အင်း- သူဆိုတဲ့မိမိပါလား။ ကျွန်လား၊ သခင်လား စဉ်းစားမရတော့။ ဒါတောင် ဟုတ်ကဲ့ ပြောပါ။ ကျွန်တော်လူမင်းပါလို့ လွှတ်ခနဲပြောထွက်တုန်းသြော်- လွှတ်ခနဲဖြစ်ဖြစ်၊ ရုတ်တရက်ဖြစ်ဖြစ်၊ အမှတ်တမဲ့ဖြစ်ဖြစ် စိတ်နှစ်ကိုယ်နှစ် ကျွန်ပြန်ဖြစ်သည်ပင်။

လူမင်းဆိုတာ မင်းသဲချာတယ်နော်။ ရုပ်ရှင်မင်းသား မဟုတ်ဘူးနော်'

'ခင်ဗျားဗျာ၊ ဖုန်းနံပါတ်မှားဆက်တယ်ထင်နေလား'

'အေး- ဟုတ်သားပဲ၊ လူထက် အရေးကြီးတာက ဖုန်းနံပါတ်ပဲနော်'

'ခင်ဗျား နားလည်လွယ်သားပဲ'

'ငါနားလည်တာ၊ နားမလည်တာ အရေးမကြီးဘူး။ မင်းနားလည်ဖို့ ငါ ဆက်လိုက်တာ'

'တယ်ကြီးကျယ်တာပဲ၊ ဆရာလုပ်ရအောင် ခင်ဗျားက ဘာလို့မလဲ၊ ဘယ်သူလဲ'

'သြော်- တော်တော်မာနကြီးနေပါလား'

'ဒါ ကိုယ်ပိုင်ဖုန်းနော်၊ ကျွန်တော့် ဖုန်း။ နေဦး ငါဖုန်းပဲ၊ နောင့်မယှက်နဲ့။ နောက်မဆက်နဲ့။ ငါ တခြားကိစ္စတွေရှိသေးတယ် ကြားလား'

'သြော်- ဒီဌိပါလား'

'ဘာရယ်၊ ဘာပြောတယ်'

'လောဘက တစ်ခါတစ်ရံ မှာနနဲ့တွဲသတဲ့။ တစ်ခါတစ်ရံ ဒီဌိနဲ့တွဲသတဲ့။ သိပ်သိချင်နေလို့လောလောလောလောနဲ့မေးပြီ၊ လောဘနဲ့မေးပြီ။ မင်းဟာ ခုချက်ချင်း သေပါလို့ပြောရင် ဖြည်းဖြည်းသေပါရစေ၊ ရက်ချိန်းရွှေပေးပါလို့ ပြောမှာနော်။ ဆင်းရဲဒုက္ခကိုမတွေ့သေးတော့လည်း မမြတာမမြင်။ မဆင်ခြင်သမျှ အတ္တနှင့်ပေါ့။ မင်းကို ငါက သနားနေတာ။ ဒါပေမင့် မင်းအလှည့်ကျပြီကွာ'

'ဘာပြုလို့ သနားတာလဲ။ အဲဒါ အရင်ပြောဗျာ'

'မင်း အလှူအတန်းပြုတဲ့အခါ ငါ့ကို မင်းမမေ့ဘူး။ အမှုအတန်းဝေတယ်လေ။ ဒါဟာ မိတ်ဆွေတို့အလုပ်ပဲ။ မိတ်ဆွေမို့ သနားမိတာ ရိုးရိုးပါ'

'ဘာ့အလှည့်ကျတာလဲ ဆက်ပြောပါဦး'

'အလှည့်အကြိမ်က လေးမျိုးလေးစားတောင်ရှိတာ။ ဒါတွေက မီးစာကုန်ပေမယ့် ဆီမခန်းသေးတာ၊ ဆီခန်းပေမယ့် မီးစာမကုန်သေးတာ၊ မီးစာလည်းကုန် ဆီးလည်းအတူခန်းကြတာ၊ မီးစာမကုန် ဆီမခန်းသေးပေမယ့်လည်း ရုတ်တရက် လေပြင်းအတိုက်ခံရတာ'

'အဲဒါနဲ့ ကျွန်တော် ဆိုင်လို့လား'

'ပြောရမယ်ကွာ၊ ကျွန်တော်ဆိုတာက ခန္ဓာအိမ်တစ်ခုပဲလေ။ မင်းက ဆီမီးခွက်တစ်ခွက်နဲ့တူတဲ့ ခန္ဓာအိမ်ပဲ မဟုတ်လား။ ကံကုန်လို့သေခြင်း၊ သက်တမ်းကုန်လို့သေခြင်း၊ ကံရောသက်တမ်းပါ နှစ်မျိုးစုံကုန်လို့သေခြင်း၊ ဥပစ္ဆေဒက ကံဆိုတဲ့ မမျှော်လင့်ဘဲ အကြောင်းတစ်ခု အမှုပယောဂကြောင့်သေခြင်း ဆိုပြီး လေးမျိုးရှိကြတယ်။ အဲဒါ ဆီခန်းတာ မီးစာကုန်တာ၊ မီးစာကုန် ဆီခန်းတာ၊ လေပြင်းအတိုက်ခံရတာတဲ့'

'ဒီလိုဆိုရင် မင်္ဂလာဈေးကြီး မီးလောင်သွားတာကကောဗျာ'

'လေပြင်းအတိုက်ခံရတယ်လို့ပဲ လွယ်လွယ်မှတ်ဦးကွာ။ စကားကိုဖြတ်ပြောလွဲပြောမလုပ်ပါနဲ့'

'ကျွန်တော်က ပိုတောင် အပိုမပြောချင်သေးဘူးဗျ။ ခင်ဗျားနဲ့ စကားပြောရတာ တန်ဖိုးနည်းနည်းရှိတယ်ထင်လာလို့သာ'

'တန်ဖိုးများများရှိတာပါကွာ'

'ဟုတ်ပါပြီ၊ ကြောက်တောင်လာတယ်'

'ကြောက်ရင် လွတ်အောင်ရှုန်းကွာ'

'ဒါပေမယ့် ကျွန်တော့်မှာ အချိန်ကျပြီ၊ အလှည့်ကျပြီဆို ရှုန်းချိန်ရှိသေးသတဲ့လား'

'အလှည့်ကျပြီ ဆိုတာကတော့ တကယ်ပဲ။ သဒ္ဓါတရား ဆိုတာ ကံဆက်တာမျိုးအထိဖြစ်လာရင် အသက်ဆိုတဲ့ အချိန်ကို ဆွဲဆန့်နိုင်ပါသေးတယ်။ ဒါနဲ့ စတဲ့အကြောင်းတွေပေါ့။ အသက်သက်တမ်း (၆၀) ရှိပေမယ့် ရေတွင်းရေကန်တူးလိုက်လို့၊ သစ်ပင်စိုက်လိုက်လို့၊ ဇရပ်ဆောက်လိုက်လို့ အသက် (၁၂၀) နေသွားရတဲ့ ဗေဒင်ဆရာ ပုဏ္ဏားကြီးအကြောင်းလေ။ အရေးကြီးတာက သီလ။ ပိုအရေးကြီးတာက ဘာဝနာ'

'နေပါဦး၊ ကျောတောင်ချမ်းလာပြီ။ ခင်ဗျားက ကျွန်တော့်သေမင်းပဲလား'

'အေး- မင်းခန္ဓာထဲမှာပဲ အစောကြီးကတည်းက 'ပြောရရင် မွေးကတည်းက ရှိခဲ့တာ။ ဟိုင်ရဲပြည်က ယမမင်းကြီးအဖြစ်နဲ့ အသိအမှတ်ပြုပြီး အမှုဝေတာ သာခုခေါ်ရတဲ့ မိတ်ဆွေလို့ စောစောလေးက ငါပြောခဲ့တာကိုတော့နည်းနည်းပြင်ပြောပါရစေကွာ'

'ရပါတယ်ဗျာ။ ကျွန်တော် သဘောထားမသေးပါဘူး'

'အလဲ - မာနလေးကျန်ပါသေးလား'

'လောဘ၊ မာန၊ ဒိဌိတွေ သိမ်းဆည်းမှာပါ'

'အေးလေ-ဆက်လုပ်၊ ဆက်လုပ်။ အိပ်မနေနဲ့'

အိပ်မနေနဲ့ ဟူ၍ ဘဝင်စိတ်မှသည် ဇောစိတ်အစဉ် ဖြစ်လာခဲ့သည်။ မျက်လုံးဖွင့်အကြည့်မှာ အသံရှင် ဝေးသွားခဲ့ပြီ။ တစ်စုံတစ်ယောက် လှုပ်အော်သွားတာပဲ ဖြစ်မည်။ ကြားသိစိတ်ဖြစ်ပြီး တစ်ခဏမှာပင် စိတ်တို့သည် များစွာသော အခြင်းအရာတို့အားဖြင့် ဖြစ်သွားပျက်သွားခဲ့ပြီးပြီပဲ။ အသံရှင်ကို လိုက်လံထကြည့်နေဖို့လိုအပ်သလား ဒါမှမဟုတ် ဒီလိုဖြစ်ခြင်း၊ ပျက်ခြင်းတို့ကိုပဲ မှတ်ကြည့်ဖို့ လိုအပ်ပါသလား။ သေမင်းကမူ မင်းကိုယ်မင်းလိုအပ်တာပဲကြည့်ပေါ့ လူမင်းရယ်ဟု မှာသွားခဲ့သလိုပင်။

"တိမ်တစ်ခဲနက် ကြည့်ရင်းပျက်သို့
အသက်ဇီဝါ ဟူသည်မှာလည်း
ခြင်းရာသဘောကြောက်ဖွယ်နော်။"

အိပ်ရာထသည့်အချိန်မှာ မန်လည် ဆရာတော်ဘုရားကြီး၏ လင်္ကာတစ်ခ

www.burmeseclassic.com

www.burmeseclassic.com

ကို ရွတ်ဆိုမိသေးသည်။ သည်လိုဆိုပြန်တော့ 'အာရုံများကို သိမ်းဆည်းရမည့် အချိန်မျိုးမှာ အာရုံသစ်များကို ရှာဖွေနေဆဲ လေထဲကအိမ် ကျွန်တော့်အိမ်၏ အရှင်သခင် ဖြစ်ပင်မဖြစ်ချင်။

(၂)

သူ လျှုရန်ရည်ရွယ်ထားသော စာအုပ်များထဲက တစ်အုပ်ကို ယူဖတ်သည်။ ဖြစ်သင့်သည်မှာ သည်လိုတရားစာအုပ်ဆိုသည်ကာ ဖတ်သင့်သည်ဟု စဉ်းစားပြန်သည်နောက်ပိုင်းပင်။ အကျိုးသင့် အကြောင်းသင့်ဆိုသည် မဟုတ်လား။ အကြောင်းဆိုသော ထိုအရာသည် ဖြစ်စဉ်တစ်ခု၊ ဝတ္ထုတစ်ပုဒ်၊ ဇာတ်တစ်ထုပ်လေ။

"စာသိပ်တတ်တဲ့ ခမ္မကထိကလည်း အကျင့်မြတ်ကိုကျင့်နိုင်မှ စျာန်ရပြီး အချည်းနှီးရယ်လို့ အခေါ်ခံဘဝမှ လွတ်တော့တယ်။ ပဋ္ဌကတ်သုံးပုံဆောင်တဲ့ ပေါဠိလဆရာ ရဟန်းရယ်လေ။ ငါတတ်တယ်ဆိုတဲ့မာနကို အရင်ဆုံး ချွတ်ခွာလိုက်ရတယ်။ မိမိအုပ်စိုးတဲ့ ကျောင်းက ခေတ္တထွက်လာတာ ယူဇနာတစ်ရာ့နှစ်ဆယ်ကွာခဲ့သတဲ့။ ရဟန်းသုံးကျိပ်သီတင်းသုံးတဲ့ အခြားကျောင်းတစ်ကျောင်းကို ရောက်လာရသတဲ့။ အဲဒီမှာ ရဟန်းတွေက အားလုံး ရဟန္တာတွေပဲ။ ထေရ်ကြီးဆိုတဲ့ ရဟန္တာမှာ တပည့်ခံပြီး ပြုပြင်ဆုံးမပေးပါရယ်လို့ ကိုယ်တိုင်အသနားခံသတဲ့။ စာတတ်ပုဂ္ဂိုလ်က အသနားခံတာ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်။ အကြောင်းက စျာန်မရသေးတာ။ စျာန်ရဖို့က တရားအားထုတ်မှရမှာ။ တရားအားထုတ်နိုင်ဖို့က မာနမရှိမှဖြစ်မှာ။ မာန်ကျဖို့က မိမိထက်ငယ်သူထံ အဆုံးအမခံယူရဲမှဖြစ်မှာလို့ ထေရ်ကြီးက စဉ်းစားသတဲ့။ ဒီလိုနဲ့ တပည့်ခံဖို့ဆိုရင် ငါ့အောက်က ထေရ်ငယ်ထံသွားပါလို့ သူ့ကို ထေရ်ကြီးကညွှန်တယ်။ညွှန်ရာရောက်ပြန်တော့ အောက်၊ အောက်ကို ထပ်အညွှန်ခံရပြန်တယ်။ နောက်ဆုံး သင်္ကန်းချုပ်နေတဲ့ ရှင်သာမဏေလေးထံ ရောက်သွားတယ်။ သူတော်ကောင်း တပည့်တော်ကို ဆိုဆုံးမတော်မူပါလို့ လျှောက်တယ်။ မီးပုံထဲဆင်းခိုင်းရင်တောင် ဆင်းပါ့မယ်လို့အသနားခံတယ်။ အဲဒီအချိန်က သူမှာ အင်မတန် အဖိုးထိုက်တဲ့ နှစ်ထပ်သင်္ကန်းကြီးရုံလို့ထားပေမယ့် ရှင်သာမဏေလေးမှာတော့ သင်္ကန်းစုတ်လေးတစ်ထည်ကို ချုပ်လုပ်ဖာထေးနေတာလေ။ ရှင်သာမဏေလေးက သူ့ကိုပြောတယ်။ လက်ရှိ သင်္ကန်းဆင်မြန်းရုံလျက် ပုံမပျက်ဘဲ ရေထဲဆင်းပါတဲ့။ ချက်ချင်းပဲ သူဆင်းတယ်။ သူ့သင်္ကန်းအောက်နားစ ရေစိုချိန်လေးမှာပဲ အခုပြန်တက်ခဲ့ပါလို့ ရှင်သာမဏေက ခိုင်းပြန်တယ်။ ချက်ချင်းပဲ သူပြန်တက်တယ်။ သူမှာ မာနကုန်ပါပြီ။ ဒါတွေကို ဝေးလံတဲ့အရပ်က မြတ်စွာဘုရား မြင်သိတော်မူသတဲ့။ တရားအားထုတ်ဖို့ သင့်လျော်ပြီမို့ အားထုတ်နိုင်မယ့် တရားဒေသနာကို မြတ်စွာဘုရားက သူ့အားဟောကြားတော်မူသတဲ့။ ဟောကြားပုံကတော့ မဟာကရုဏာတော်နဲ့အတူ လွှတ်ဖြန့်တော်မူတဲ့ မြတ်စွာဘုရားကိုယ်တော်ရဲ့ ရောင်ခြည်တော်"

ခမ္မပဒကိုဖတ်ပြီးနောက် သူပြန်ပြောကြည့်သည်။ဘုရားဟောဂါထာတွေက သူ့ရေးခဲ့သော ကဗျာတွေနှင့် လားလားမှ မတူမှန်း သဘောပေါက်လာသည်။ ခမ္မပဒဝတ္ထုတွေက လောကီဝတ္ထုများနှင့် လားလားဖြင့်မတူမှန်း သဘောပေါက်လာသည်။ နိပါတ်တော်ကို ပြန်ရေးနေသည့် ဆရာတွေကရေးသော အကြောင်းကြောင့်ပင် ရေးဖို့ရန်နေနေသာသာ ဖတ်ပင်မဖတ်ဖြစ်သေးသော သူနှင့် လားလားဖြင့် မတူမှန်း သဘောပေါက်လာသည်။ နိပါတ်တော်ကို ပြန်ရေးနေသည့်ဆရာတွေကရေးသော အကြောင်းကြောင့်ပင် ရေးဖို့ရန်နေနေသာသာ သူနှင့်လားလားဖြင့်မတူမှန်း သဘောပေါက်လာသည်။

"စာသိ သိချင်ရင် သူဆီသွား၊ ငါသိ သိချင်ရင် ဆရာ့ဆီလာပေါ့။ သူက ဘုရားစာတွေ တော်တော်ဖတ်ထားတာ စာတတ်ပုဂ္ဂိုလ်လေ။ ဆရာကတော့ လက်တွေ့အားထုတ်ရမှာ မဟုတ်လား။ ဆရာ့ဆီလာရင် စိတ်ချတော့ မဂ်ဖိုလ် ရစေရမယ်။ ယုံရဲ့မဟုတ်လား"

တစ်ခါက လက်ဖက်ရည်ဆိုင်ထဲကို ဆရာတွေ့သဖြင့် ဝင်လာသောတရား



စခန်းဝင် ရပ်ဝေးယောဂီအချို့အား ပြောလိုက်သည့် ကမ္မဋ္ဌာန်းဆရာတစ်ဦး၏ စကားကို ဘာကြောင့်ဟူ၍ကား ပြန်နားကြားယောင်ရှိရပါသနည်း။ ထိုစဉ်က သူသည် အဘိဓမ္မာကို လေ့လာဆည်းပူးနေသောအခိုက်၊ ယခုလို သုတ္တန်ဒေသနာများကို နာယူဖတ်ရှုခြင်း မပြုရသေးမီအခိုက်၊ ပြီးတော့ တစ်ဖက်မှာ ဝတ္ထုရေးစာရေးဆရာဖြစ်ချင်နေခိုက်၊ တစ်ဖက်မှာ ကမ္မဋ္ဌာန်းဆရာနံဘေးမှာ ထိုင်နေခိုက်။

သတ္ထာဒေဝမနုဿာနံ မည်သော မြတ်စွာဘုရားသည်ပင် ဓမ္မကာယမည်သောတရားကို ဦးညွှတ်ရသေးလျှင် လူတစ်ဦးသည် ပဋ္ဌကတ်စာပေ အတွေ့ကို ဦးမညွှတ်သင့်ဘူးလော။ ဆရာတို့၏ ဇာတ်ကြောင်းသည် အရာခပ်သိမ်းကို တွက်ဆရရိုးမှန်လျှင် မတွက်ဆနိုင်ခြင်းသည် ထိုမည်သော ဆရာတကာတွင် ကမ္မဋ္ဌာန်းတရားပြသခြင်း၌ ဂုဏ်ဆောင်မှားခဲ့ချေပြီပဲ။ ထိုင်နေဆဲမှာပင် ကျော်ချမ်းလာခဲ့သည်။ ထိုင်နေဆဲမှာပင် ရင်ပူလာခဲ့သည်။ အချမ်းအပူစခန်းမကူသမျှ လူကထိုင်စဉ် စိတ်လွင့်ချင်လာ၏။ အသက် (၆၀) လုံဖြစ်လွယ်စ 'ငါတွေ့' မျှသည် ဟိုလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင်တွေ့ခဲ့သော 'သူတွေ့'ကို မီပါမလား။ ဗုဒ္ဓမြတ်စွာဒေသနာတွေသည် ဤမည်သော 'သူတွေ့'ဒေသနာ ဖြစ်ခဲ့သည်။ ဤဒေသနာများကို ပဋ္ဌကတ်ကျမ်းစာများတွင် တင်ထားခဲ့သည်။ သံဃာက စောင့်ရှောက်ခဲ့သည်။ မိုက်မဲသူတို့သည် သံဃာကို မျက်ကွယ်ပြု၍ လူကမ္ဘာ့နှင်းဆရာထံ ခိုဝင်ခဲ့သည်။ 'ငါက ခြင်္ဂမရိုက်ဘူး။ ခြင်ထောင်ထဲက လူကိုး' ဟု ဆိုသည့်နှယ် ခန္ဓိအတုကို စံမီပြုလိုသူကမူ ပဋ္ဌကတ်မလို စာမချိုဟု ပြောတော့မည်ပင်။

သို့နှင့် အခိုက်အတန့်ဆိုသည် ခဏနှင့်ပင် ထိုကမ္ဘာန်းကို ကြိုးပမ်းအားထုတ်ခဲ့သည်။ ကြိုးပမ်းအားထုတ်ခြင်းက လူအလုပ်၊ သင်ကြားပြသခြင်းက ဆရာတော်ရဟန်း၏အလုပ် ဟူ၍ မှတ်ယူခဲ့သည်။ သည်လိုအခိုက်အတန့်တွေများလာသော်လည်း စာရေးဆရာဖြစ်ချင်စိတ်ကမူ မပျောက်။ အာရုံကိုရှာခြင်း၊ မရှာခြင်းထက် နှလုံးသွင်းမှန်မှုက အရေးကြီးကြောင်း ဆိုချင်လာသောအခါ စာရေးဆရာလုပ်ခြင်း၊ မလုပ်ခြင်းထက် ဗုဒ္ဓဓမ္မကို အခြေခံခြင်း၊ မခံခြင်းက သူ့အတွက် အရေးကြီးလာသည်။ ဇာတ်လမ်း ဟူ၍ ရေးလျှင်ပင် ဟိုအသင်္ချေ

www.burmeseclassic.com

အနန္တဆီက ဖြစ်ခဲ့ပြီးသော လူကိစ္စကို ချန်မထားခဲ့ချင်ပြီ။

တစ်နေ့တွင် သူနှင့်ရင်းနှီးသော စာရေးဆရာမတစ်ဦး၏ နေအိမ်ကို အကြောင်းတစ်ခုဖြင့် သူရောက်သည်။ မမျော်လင့်ဘဲ လူကမပဋ္ဌာန်းဆရာ၏ ဓာတ်ပုံကို သူမနည့်နဲ့ခန်း၌မြင်ရသည်။

"ဆရာ၊ သူကိုသိလား"

"သိပါတယ်"

"ဆရာကြီး ဦး. . . "

"မပြောပါနဲ့တော့၊ ကျွန်တော်မြင်ပါတယ်"

"ဘယ်လိုမြင်တာလဲ"

"ကမ္ဘဏ်းနဲ့ပါ။ ဦးပုညကပြောတယ်လေ၊ ကမ္ဘဏ်းနှင့် စုံစမ်းငယ်ရာသည် ဘယ်မှာ မောင့်ကို မြင်ဖူးမယ်တဲ့ ဆရာမရယ်"

"ဆရာ၊ ဘာဆက်ပြောရမှန်းမသိတော့ဘူး"

"ကျွန်တော်ကတော့ ဇာတ်လမ်းတစ်ပုဒ်ကို ရလိုက်တာပါ"

"ရှင်သာမဏေဗိမာန်မှာ ဆရာကြီးဦးဌေးအောင်ရဲ့ သင်တန်းကို ကျွန်မတက်နေပါတယ်"

"တက်ပါ၊ အဲဒီလို တကယ့်စာတတ်ပေတတ်တွေက ပညာရှိပါ။ ကျွန်တော်လည်း တက်ခဲ့ပြီးပါပြီ"

"ဟင်- လူဆရာချဲင်း အတူတူ ခွဲခြားခွဲခြားနဲ့"

"လူအကြောင်း ပေါင်းမှသိသတဲ့"

"ဘယ်လိုသိခဲ့ပါသလဲ"

"လျှို့ဝှက်ထားမယ်လို့ ကျွန်တော် ဆုံးဖြတ်ထားတဲ့ကိစ္စမို့ သည်းခံပါ ဆရာမရယ်"

မည်သို့ရှိစေ ကျွန်တော်၊ ကျွန်တော်နှင့်ကား ပြောနေခဲ့မိပြန်သည်။

(၃)

အလာတုန်းကလိုပင် အပြန်ခရီးတွင် မြစ်ယံဆီးချေ၏။ သမ္မန်သည် ဘတ်(စ်)ကား မဟုတ်သောကြောင့် ဦးခေါင်းထက်တွင် မျက်နှာကြက်အရံမရှိပါ။ ကောင်းကင်ကို ဟင်းလင်းမြင်ရသည်။ မော့ကြည့်လျှင် အုပ်မိုးထားသော တိမ်စိုင်တိမ်တိုက်တို့ကိုမြင်ရတတ်သည်။ တိမ်တိုက်ဖြစ်ဖြစ်၊ တိမ်တဲဖြစ်ဖြစ် တရွေ့ရွေ့ ပျက်နေတတ်သည်။ ငယ်ငယ်တုန်းကတော့ ဒီတိမ်တွေအကြား နတ်သား၊ နတ်သမီးတွေ တကယ်နေသလားဟု အမေ့ကို မေးမြန်းဖူးသည်။ ယခုအခါ အမေလည်း မရှိတော့ပါ။ ရှိလျှင်လည်း မမေးချင်တော့ပါ။ တရွေ့ရွေ့ ကျဆင်းလာပြီဖြစ်သော မိမိနေအိမ်ကို မိမိပြန်သွားနေပြီ မဟုတ်လား။ အိမ်ကမှ အစားထိုးရန် သစ်သားဝယ်၍ ပြုပြင်နိုင်သေးသည်။ မိမိအရေအသား၊ အရိုးများက ပြင်မရအောင် အချို့အချို့ တစ်စတလေ တစ်ထွေတစ်နည်း ဆုံးရှုံးပျက်စီးပြီးပြီ။ ဥပမာ သွားလေးတစ်ချောင်းပေါ့။ ကျိုး၍ အစားထိုးသည့်တိုင် နဂိုသို့မခိုင်။

"အိမ်. . . ခန္ဓာအိမ် တိမ်နှင့်တူလိုက်တာ"

မိမိနား မိမိကြားရုံမျှ ဆိုဟသည်။ သူ့အကြည့်သည် တိမ်ကိုမှီတဲ့ ငေးကြည့်ဆဲ။

"ဦးလူမင်း၊ ဦးလူမင်း သမ္မန်ဆိုက်ပြီ။ ထတော့လေဗျာ"

အဖော်တစ်ဦးက လှမ်းပြောသည်။ ဟုတ်ပေပြီ၊ ရေအဆုံးကုန်းတစ်ဝက်ဆက်ခရီးလက်ကျန်ဆန့်ရဦးမည်။

"အဲဒီလူက နာမည်သာ မင်းသား၊ လူက စုတ်ချာချာ"

နောက်အဖော်တစ်ဦးက တစ်ဖက်လှည့်လျက် ပြောထွက်၏။

"သူများကိုမပြောနဲ့၊ ကိုယ့်ကိုယ် ကိုယ်ပြန်ကြည့်ဦး။ မင်းလို ဆိုက်ကားသမားက"

ပထမလူနှင့် နောက်လူ စကားများချေပြီ။

"ကျွန်တော့် အတွက်များတော့ မဖြစ် ကြပါနဲ့ဗျာ။ အိမ်ဆိုတာက အိုတတ်တာပါ"

သူပြောလိုက်သည်။ နားမလည်စွာ လှည့်ကြည့်ခြင်းခံရ၏။ လှည့်ကြည့် သူတို့နောက်နားကကပ်လျက် ကမ်းကို တက်ရန် သမ္မန်မှ ဆင်းရမည်။ လေ့အဆင်း မြင်းအတက် ဆိုသည်က လက်တွေ့မျက်တွေ့ ကျင့်ဆောင်ရမည့်ကိစ္စ တစ်ရပ်ပဲ ဖြစ်သည်။ ရှေ့လူအဆင်းမှာ လေ့(သမ္မန်)ဦးသည် ခဏချင်းနိမ့်ပြီး ခဏချင်းပြန်တက်သောကြောင့် ဖိအားနှင့်အမျှ တန်ပြန်သက်ရောက်သော လက်တွေ့သဘောကို ကြုံသည်။ ရှေ့လူက မြေသို့ အသာခုန်အဆင်း နောက်ဆင်းမည့်သူက သမ္မန်ဝင်းထဲမှ သမ္မန်ဦး(အဖုံး)သို့ လှမ်းအတက် ဟန်ချက်ကပျက်သည်။ မည်သို့ပျက်သနည်း၊ ဤသို့ပင် ပျက်ပါသည်။ ခြေတစ်လှမ်းမှာ နှင်းလက်စ၊ ခြေတစ်ဖက်မှာ လှမ်းတက်စ လှိုင်းကြွေလှေခုန်။ ဤသို့ပင် ကြုံလျက် ပျက်ပါသည်။ အပျက်ကြုံလျှင် သက်လုံမကောင်းချင်သော သူတွင် ကျွန်တော်သည် လဲပြိုမည်သို့ဖြစ်သေးသည်။

လှိုင်း. . . လှေလှုပ်သောကြောင့် ဖြစ်ရသောလှိုင်း။

လှေ. . . လှိုင်းလှုပ်သောကြောင့် လူးရသောလှေ။

ကျွန်တော်. . . လှိုင်းနှင့်လှေအကြား တုန်လှုပ်သွားသော ကျွန်တော်။ သူ၏'ကျွန်တော်'။

မြေပြင်မှာ ခြေစုံရပ်၍ ကောင်းကင်ကိုမော့ကြည့်သည်။ နောက် မျက်စိအစုံကို ခဏမှိတ်သည်။ လှေလှုပ်ခဲ့လား၊ လှိုင်းလှုပ်လား၊ ကျွန်နှင့် သခင် စကားစဉ်မှာ ဘဝင်လှုပ်လား၊ ဇောလှုပ်လားဟု ခဏရှုသည်။ ကမ္ဘဏ်းရိပ်သာမဟုတ် သဖြင့်ကား ဝန်းကျင်ကို ပူလောင်ခဲ့၏။ အပူဟု သူမှတ်ရချေသည်။

(၄)

"ဒီလူ မူးနေပြီထင်ပါရဲ့၊ မျက်စိကို စုံမှိတ်ထားတယ် ကြည့်စမ်း"

"ဟာ - ကိုလူမင်းပဲ"

"မင်း ဆိုတာ သခင်လား"

"ကျွန်တော် မူးတတ်သည်လို့ လည်ပင်းစာဆွဲထားရောပေါ့ကွာ"

"ငါသူငယ်ချင်းကို မနောက်ပါနဲ့ကွာ"

"တချို့ကတော့ ဒီဇတိကို ကဗျာဆရာလို့ခေါ်တာပဲ"

"သူမိန်းမကတော့ သူ့ကို အစ်ကို လို့ခေါ်တယ်"

"မောင်လို့မခေါ်ဘူးလား"

"သူရည်းစားကတော့ ခေါ်ခဲ့မှာပေါ့ ဟုတ်လား"

"ဟော. . . ဟော- ဒီလူရယ်လာပြီ၊ မျက်စိပွင့်လာပြီ။ ဩော် - သူက ဘယ်သူ"

တကယ်ခဏလေးမှာပင် အခေါ်အဝေါ်တွေ မြောက်မြားလှစွာ ပြောင်းလဲနေခဲ့သည်။

နေမင်းချို

www.burmeseclassic.com

www.burmeseclassic.com

ကတိဂုဏ်–မျိုးမြင့်အောင်

ကြယ်ကြေကောက်၍ လမ်းပျောက်ကိုရှာ

လွန်ခဲ့သော(၄၅)နှစ်ခန့်က မကွေးမြို့သည် ယခု မကွေးမြို့၏ (၁၀)ပုံ(၁)ပုံခန့်မျှပင် မရှိသေးပါ။ ထိုစဉ်က ကျွန်ုပ်သည် တိုးချဲ့ရပ်ကွက်သစ်ဖြစ်ခဲ့သော သီဂီဂီရိရပ်ကွက် သုခလမ်း အနောက်ဖျားတွင် နေပါသည်။ လူအများသည် သော်က်ရေ သုံးရေတို့အတွက် ဧရာဝတီမြစ်သို့သွား ရေခပ်ကြရသည့်အချိန်အခါဖြစ်ပါသည်။ သုခလမ်း၏မြောက်ဘက်ရှိ ပတ္တမြားလမ်းနှင့် တောင်ဘက်တွင်ရှိကြသော သီရိမင်္ဂလာလမ်း၊ သီရိဇေယျာလမ်းတို့မှာလည်း ကျွန်ုပ်တို့ ရေခပ်ဆင်းသည့်လမ်းတွင် ပေါင်းဆုံကြ၍ အတူသွားကြရပါသည်။

ထိုလမ်းသုံးခု ပေါင်းဆုံသောနေရာမှာ မြင်းဖြူရှင်နတ်စင်ကြီးအတွင်းရှိ ညောင်ပင်ကြီးအောက်တွင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ရောက်လျှင် နတ်စင်လမ်း တစ်လမ်း တည်းသာ ရှိတော့၏။ နွေရာသီ မြစ်ရေကျချိန်တွင် ဧရာဝတီမြစ်ကမ်း တစ်လျှောက်၏ ညနေခင်း ရေခပ်ချိန်သည် လူစည်ကား လျက်ရှိနေပြီး သာယာ လှပသော ရှုခင်းတစ်ခုကို ဖြစ်ပေါ်နေစေပါတော့သည်။

ထိုစဉ်က ကျွန်ုပ်သည် ဆယ်ကျော်သက်သို့ ရောက်ခါစ အလယ်တန်းပညာကို သင်ယူနေစဉ်ပင် ရှိသေး၏။ ညနေ (၅) နာရီခန့်တွင် ရေခပ်ဆင်းလေ့ ရှိပါသည်။ ကျွန်ုပ်သည် ရေခပ်ချိန် ရောက်ပြီဖြစ်၍ ရေအိုးကိုထမ်းလျက် မြစ်ဆိပ်သို့ ဆင်းခဲ့ပါသည်။ ညောင်ပင်အောက်တွင် ဆိုင်းထမ်းကိုချ၍ ရပ်စောင့်နေသော ကိုထွေးကို တွေ့ရ၏။ ကိုထွေးသည် ကျွန်ုပ်ထက် (၇) နှစ်ခန့်ကြီးသူ ဖြစ်၏။ တစ်လမ်းတည်းတွင် အတူနေကြပြီး ကျွန်ုပ်အား ညီရင်းပမာ ချစ်ခင်သူ ဖြစ်ပါသည်။ လမ်းသုံးလမ်းမှ ရေခပ်အတူသွားလိုကြသူများ သည်လူစုံအောင် စောင့်လိုကြလျှင် စုရပ်သဖွယ် ဖြစ်နေသော နတ်စင်ညောင်ပင်ကြီးအောက်မှ စောင့်လေ့ရှိကြပါသည်။ ကျွန်ုပ် ကို ထွေးဘနီးသို့ ရောက်သွားသောအခါ-

"ဟေ့ - ကိုမျိုး၊ မင်းလာအောင် စောင့်နေတာကွ။ ဒီနေ့မှပဲ နောက်ကျလိုက်တာကွာ"

"ဟာ- အခါတိုင်းအချိန်ပဲ ထွက်လာတာပါ ကိုထွေးကလည်း"

"အေးပါ၊ ဒီနေတော့ ကမ်းနားရောက်မှပဲ စကားပြောကြရအောင်ကွာ။ မင်းနဲ့ငါ နှစ်ယောက်တည်းပဲ ပြောချင်တယ်။ သောင်ခုံပေါ်ကိုသွားပြီး ပြောကြတာပေါ့ကွာ"

"ကိုထွေးကြီးကတော့လုပ်ပြီ၊ ဘာတွေများ အထူးအဆန်းတွေပြောမှာမို့လို့လဲ"

"လာပါကွာ၊ သွားကြရအောင်။ ဟိုကျမှပြောကြတာပေါ့"

ကျွန်ုပ်တို့သည် မြစ်ကမ်းစပ်သို့ ရောက်ကြသောအခါ ရေအိုးနှင့် ဆိုင်းထမ်းများကို ကမ်းစပ်တွင်ထားခဲ့ပြီး မလှမ်းမကမ်းရှိ သောင်ခုံပေါ်သို့သွား ထိုင်လိုက်ကြပါသည်။

"ကဲ- ကိုထွေး၊ ပြောဗျာ။ ဘာတွေများ လူမသိစေချင်တာပါနေလို့လဲ"

"အခု ငါ့ပြောမယ့်ကိစ္စကို ဘယ်သူ့ကိုမှ ပြန်ပြောလို့မဖြစ်ဘူးနော်။ မင်းကိုပဲယုံတာ"

"သိပါတယ်ဗျာ၊ ဘယ်သူ့ကိုမှပြန်မပြောပါဘူး စိတ်ချ။ ပြောမှာသာပြောစမ်းပါဗျာ"

"မင်းလည်းသိပါတယ်။ ဟိုကွာ မုတ်ဆိတ်နဲ့ ရသေ့ကြီးလေ ဟီးဟီး. . . ဟိုဒင်း. . . ဟိုကိစ္စကို သူ့ကိုပြောပြလိုက်တယ်ကွ။ ပြီးတော့ အကူအညီတောင်းတာပေါ့ကွာ။ သူက ငါ့ကိုအစီအရင်လုပ်တဲ့ နည်းပေးတယ်ကွ။ ဒါပေမယ့် ငွေတစ်ကျပ်ပေးမှ ရမယ်ဆိုလို့ အိမ်ကမသိအောင် ရေရှစ်ထမ်းပိုထမ်းပြီး ရောင်းပေးလိုက်တယ်"

"ဟာဗျာ- များလှချည်လား။ လုပ်နည်းကကော ခက်သလား"

"ကိုမျိုး ပါရင်တော့ အဆင်ပြေမယ်လို့ ထင်တာပဲ"

"ခင်ဗျားကိစ္စကလည်း ကျွန်တော် ပါမှတဲ့လား။ နောက်ပြီး တကယ်လည်း စွဲမှာမို့လားဗျာ"

"ငါကတော့ သေချာပေါက်စွဲလိမ့်မယ်လို့ ယုံကြည်ထားတယ်"

ကိုထွေးကား လွန်စွာပင် စိတ်အားထက်သန်နေ၏။ သူပြောသော မုတ်ဆိတ်နှင့်ရသေ့ကြီးဆိုသူသည် အညိုရောင်များကိုသာ အမြဲတံဆင်ထားသူ ဖြစ်ပါသည်။ သူသည် မြသလွန်ဘုံရားသို့ သွားရာတွင် ကျွန်ုပ်တို့နေသော သုခလမ်းမှသွားလေ့ရှိ၏။ ကိုထွေးပြောသော

www.burmeseclassic.com

www.burmeseclassic.com

ဟိုကိစ္စဆိုသည်မှာ အချစ်ရေးကိစ္စပင်ဖြစ်၏။ ကိုထွေးသည်း သီရိဇေယျာလမ်းမှ မပြုံးဟုခေါ် သော အမျိုးသမီးကို တစ်ဖက်သတ်ကြိုက်နေသူ ဖြစ်၏။ မပြုံးကမူ ကိုထွေးကို ပြန်၍ မကြိုက်ပေ။ ကျွန်ုပ်တို့ လမ်းထဲမှ ကိုထွေးထက် ပို၍ခဲ့ညားပြီး ချမ်းသာသော ကိုကျော်ကျော်မောင် ဆိုသူကိုတော့ မပြုံးက ကြိုက်နေသည်ဟု သတင်းကျော်ကြားနေသူပင် ဖြစ်၏။ ထို့ကြောင့် ကိုထွေးမှာ မခံမရပ်နိုင်ဖြစ်နေပြီး စိတ်အားထက်သန်နေရခြင်းပင် ဖြစ်တော့၏။

"နေပါဦး ကိုထွေး၊ ကျွန်တော်ပါ ပါရမယ်ဆိုတာက ဘယ်လိုကြောင့်လဲ"

"ပြောပါ့မယ်ကွာ၊ မင်းကလည်း ကိုမျိုးလို အဖော်ကောင်းပါရင်တော့ အဆင်ပြေပြီထင်တာပဲ"

"ကိုထွေးလုပ်ရမယ့် ကိစ္စထဲမှာ မကောင်းတာတွေပါမှာလား"

"ဟာကွာ မပါပါဘူး၊ မကောင်းတာပါနေရင် ငါကလည်း မလုပ်ပါဘူးကွ"

"ဒီလိုဆိုလည်း မြန်မြန်ပြောဗျာ၊ ရေက လေးခေါက်တောင်ခပ်ရဦးမှာဗျ"

"ဒီလိုကွ၊ သမိုင်းဝင်တဲ့တောင်ကုန်းထိပ်ပေါ် ကိုသွားပြီးလုပ်ရမှာ။ နေဝင်ချိန်ကစပြီး တစ်နာရီအတွင်းမှာပဲ ပြုလုပ်ခွင့်ရှိတာ။ ဒါပေမယ့်လည်း တစ်နေ့လုံး လုပ်ရမှာပါကွာ"

"ခင်ဗျားပြောတာက ရှုပ်နေတာပဲ။ ကျွန်တော်က ကျောင်းသားဗျ၊ မဖြစ်နိုင်တာကို"

"ဟာ-ကိုမျိုးကလည်း နားထောင်ပါဦးကွ။ အစီအရင်က ခက်လည်းမခက်ဘူး။ လွယ်လည်းမလွယ်ဘူးပေါ့ကွာ။ စိတ်ရှည်ရှည်ထားမှဖြစ်မှာ။ နေစပြီး ထွက်လာတဲ့အချိန်မှာပေါ့ကွာ။ လက်တစ်ဝါးလောက်ရှိတဲ့ စာရွက်အဖြူလေးပေါ်မှာ ဝလုံးကြီးကြီးရေးထားရမယ်။ အဲ - နေစပြီးဝင်တဲ့အချိန်ကျတော့ ရေးပြီးသား ဝလုံးထဲမှာ ဝလုံးတစ်လုံး ထပ်ပြီး ရေးရမယ်။ ဝနှစ်လုံးထပ်ပေါ့ကွာ။ အဲဒါကို ရေးပြီးရင် အထင်ကရ တောင်ထိပ်ပေါ် ကို သွားရမယ်။ ဘယ်ဘက်လက်ပေါ်မှာ ရေးပြီးသား စာရွက်ကိုဖြန့်ထား။ နောက်ပြီး ညာဘက်လက်နဲ့ အုပ်ထားရမယ်။ မပြုံးရဲ့ မွေးနံ့ဖြစ်တဲ့ အနောက်အရပ်ဘက်ကိုလှည့်ပြီး မတ်တတ်ရပ်နေရမယ်။ ကောင်းကင်ကိုလည်း ကြည့်နေရမယ်။ ကြယ်ကြွေတာကိုစောင့်ရမှာလေ။ အဲ - ကြယ်ကြွေပြီဆိုတာနဲ့ ဝနှစ်လုံးရဲ့ အလယ်ကို ညာဘက်လက်ညိုးနဲ့ထောက်ပြီး စိတ်ထဲက မပြုံး ငါ့ကိုချစ်ပါလို့ ပြောရမယ်။ ပြောပြီးရင် မျက်စိကိုမှိတ်လိုက်ရမှာ။ မျက်စိကိုမှိတ်လိုက်တယ်ဆိုရင်ပဲ ရှေ့မှာ အမျိုးသမီးတစ်ယောက် ပေါ် လာရမယ်တဲ့။ အဲဒီအမျိုးသမီးပေါ် လာရင် 'အောင်ပြီ၊ အောင်ပြီအောင်ပြီ' လို့ သုံးခါအသံထွက်ပြောပြီးမှ မျက်လုံးကိုဖွင့်လိုက်ရမယ်တဲ့။ မျက်လုံးကိုဖွင့်ပြီးကြည့်နေရင် အမျိုးသမီးပုံရိပ်က ပေါ် လာမဘူးတဲ့။ ကဲ- ဘာများခက်လို့လဲ။ စိတ်ရှည်ဖို့ပဲလိုတယ်။ ဟီးဟီး - ငါစွဲတော့မယ်ကွ"

"အလုပ်တွေရှုပ်လိုက်တာဗျာ၊ အဲဒီစာရွက်ကို ဘာဆက်ပြီးလုပ်ရဦးမှာလဲ"

"လုံးပြီးမျိုချလိုက်ရုံပဲ ကိုမျိုး။ အဲဒီအချိန်က နေ့စဉ် ကိုမျိုးအားကစားလုပ်နေတဲ့အချိန်မှန်းသိလို့လည်း ကိုမျိုးကို အဖော်ခေါ် တာပါကွာ။ အိမ်ကို လိမ်လို့ရတာပေါ့။ မင်းကိုယုံတာကတစ်ကြောင်းဟဲဟဲ- ငါသိပ်ကြောက်တတ်တာလည်း ပါတာပေါ့ကွာ"

"ဘယ်နေရာကိုသွားပြီးလုပ်မယ်လို့ စဉ်းစားထားတာလဲ"

"စက်ပစ်တောင်ကိုသွားပြီး လုပ်ကြမယ်ကွာ။ ဒါဆိုရင် အထင်ကရဖြစ်ပြီလေ။ ကိုမျိုးက ညောင်ပင်အောက်က ထိုင်ပြီး စောင့်ပေးနေရုံပါပဲကွာ။ ဖြစ်တယ်မဟုတ်လား။ ငါက မှောင်လာပြီဆိုရင် ဘယ်ကိုမှ သွားရဲလာရဲတာ မဟုတ်ဘူး။ ဒါကြောင့် ညီလေးကိုခေါ် ရတာပါ"

"ကဲပါဗျာ၊ ကျွန်တော် ကူညီပါမယ်။ စာအရေးကြီးတဲ့နေ့မျိုးဆိုရင်တော့ မရဘူးနော်"

"အေးပါကွာ၊ မင်းလိုက်နိုင်တဲ့နေ့မျိုးကျမှပဲ သွားကြရမှာပေါ့။ ကဲ- ရေခပ်ကြစို့"

ကျွန်ုပ်တို့သည် ရေခပ်၍ ပြန်ခဲ့ကြသည်။ သူပြောသော စက်ပစ်တောင်ဆိုသည်မှာ မကွေးမြို့တွင်ရှိသော မြသလွန်ဘုရားသမိုင်း အပါအဝင် ဘုရားသုံးဆူအနက် မြောက်ဘက်ဆုံး ဘုရားတည်ထားရာတောင်ကုန်း ဖြစ်ပါသည်။ မြသလွန်ဘုရား တည်ခဲ့စဉ်က တစ်ပြိုင်နက်တည်ခဲ့ကြသော သမိုင်းဝင် ရှစ်ဌာန တို့တွင် ဘုရားသုံးဆူလည်း တစ်ခုအပါအဝင် ဖြစ်၏။ ဂေါတမမြတ်စွာဘုရား ကျိန်းစက်တော်မူရာ မြသားသလွန်တော်အား စောင့်ရှောက်ထိန်းသိမ်းခဲ့ကြသော ရသေ့ညီနောင်သုံးဦးတို့ တည်ထားကိုးကွယ်ခဲ့ကြသော ဘုရားများ ဖြစ်ကြပါသည်။

ဘုရားသုံးဆူနှင့် ကပ်လျက်တွင် အရှေ့ဘက်၍ စစ်တပ်ရှိပါသည်။ ထို့တောင်ကုန်းကို နောက်ခံထား၍ စက်သေနတ်ပစ်ခတ်လေ့ကျင့်ခြင်းကို ပြုလုပ်ခဲ့ကြသဖြင့် စက်ပစ်တောင်ဟု ခေါ် တွင်ရခြင်း ဖြစ်ပါသည်။ ထိုစဉ်က မကွေးမြို့တွင်ရှိသော စစ်တပ်မှာ အမှတ် (၂၁) ခြေလျင်တပ်ရင်းဖြစ်ပါသည်။ ထိုတောင်ကုန်းပေါ် တွင် တည်ထားသော ဘုရားအနီး၌ ညောင်ပင်ငယ်တစ်ပင်ရှိပါသည်။ (ယခုအခါ၌ အလွန်ကြီးနေပေပြီ။) ထို နေရာသို့ နောင်ချိန်မှ အစပြု၍ လူအများ သွားလာခြင်း မပြုကြတော့ပေ။ အဘယ်ကြောင့်ဆိုသော သိုက်ပေါင်းစုံရှိသည်ဟူ၍ လည်းကောင်း၊ ဥစ္စာစောင့်ပေါများလှသည်ဟူ၍ လည်းကောင်း၊ အခြောက်အလှန့် အားကြီးသည်ဟူ၍ လည်းကောင်း ကျော်ကြားသောနေရာဖြစ်သောကြောင့်ပင် ဖြစ်သည်။

ကျွန်ုပ်တို့သည် စီစဉ်ထားကြသည့်အတိုင်း ထိုနေရာသို့ (၃)ရက်ဆက်တိုက်သွားခဲ့ကြပါသည်။ သို့သော်လည်း ကြယ်ကြွေခြင်းမရှိသဖြင့် ပြန်ခဲ့ကြရသည်သာ ဖြစ်တော့၏။ မိမိတို့အိမ်မှ ရိပ်မိသွားမည်ကိုလည်း စိုးရိမ်ရသေးသဖြင့် ကြိုကြားကြိုကြား ရက်ခြား၍ သွားကြရပါသည်။ နောက်တစ်ကြိမ်သွားကြရာတွင် ဖြစ်ပါသည်။ ညောင်ပင်လေး၏အောက်တွင် အသက် (၆၀)ခန့်ရှိမည်ထင်ရသော လူကြီးတစ်ယောက်ကို တွေ့ရ၏။ သူ၏ဘေးနားတွင် အရက်ပုလင်းတစ်လုံးနှင့် စက္ကူပေါ် တွင်ပုံထားသော ပဲကြီးလှော်များ ရှိနေကြ၏။ အရက်ကိုမော့လိုက်၊ ပဲကြီးလှော်ကို မြို့လိုက်ဖြင့် စည်းစိမ်ခံနေခြင်းပင် ဖြစ်တော့၏။ ကျွန်ုပ်တို့ရောက်ရှိလာသည်ကို နှစ်သက်ပုံမရပေ။ အံ့သြနေပုံလည်း ရ၏။ ကျွန်ုပ်တို့အဖို့ရာ၌ ထိုလူကြီးရှိနေပါက အလုပ်မဖြစ်တော့ပေ။ ကိုထွေးက ကျွန်ုပ်အား လက်တို့၍ လှည့်ပြန်ရန် အရိပ်ပြသဖြင့် ပြန်ခဲ့ကြရပါသည်။ သုခလမ်းအရှေ့ဖျားရှိ လမ်းခွဲနားသို့ရောက်သောအခါ ကိုထွေးက-

"ကိုမျိုး၊ ဒီလူကြီးနဲ့ဆိုရင် တို့ ဘယ်လိုလုပ်ကြမလဲ"

"ဟုတ်တယ်ဗျာ၊ သူမလာတဲ့နေ့မျိုးကျမှပဲ လုပ်လို့ရတော့မှာ"

"အဲသည်လိုသာ စောင့်နေလို့ရတော့ကွာ အခက်ပါပဲ။ အလိုလိုမှ ကြယ်က မကြွေရတဲ့အထဲမှာကွာ တောက်၊ အခုနေတုန်း ဟိုကောင် ကျော်ကျော်မောင်ကိုသာ သူ. . . သူကြိုက်သွားရင်တော့ ငါ ဘယ်လိုမှ မခံစားနိုင်တော့ဘူး ကိုမျိုးရ။ အဲလိုသာဆိုရင် ငါ မိန်းမလည်း မယူတော့ဘူး။ ဒီမြို့မှာလည်း မနေတော့ဘူး။ ဘယ်ကိုပဲရောက်ရောက် ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com

ပဲပေါက်ပေါက် ထွက်သွားတော့ဖို့ ဆုံးဖြတ်ထားတယ်။ အိမ်ကိုတော့ သွားမပြောလိုက်နဲ့နော် ညီလေး"

ကျွန်ုပ်လည်း အချစ်ကြီးလွန်းသော ကိုထွေးအတွက် များစွာ စိတ်မကောင်းဖြစ်မိရပါသည်။

"ကိုထွေးကလည်းဗျာ၊ ယောကျ်ားပဲ နည်းလမ်းလေးဘာလေး စဉ်းစားဦးမှပေါ့ဗျ"

ကိုထွေးသည် ခေါင်းညိတ်၍ လျှောက်ပြန်ကြရင်း စဉ်းစားနေတော့၏။ ကျွန်ုပ်တို့ စကားမပြောဖြစ်ကြတော့ပေ။ ငယ်ရွယ်သေးသူပီပီ နောက်တစ်ယောက် ပြောင်းလဲ၍ချစ်ကြည့်ရန် ကိုထွေးအား တိုက်တွန်းပေးပါက အဆင်ပြေမည်လားဟု တွေးမိသဖြင့်-

"ကိုထွေး၊ အခြားမိန်းကလေးတွေ အများကြီးပါဗျာ။ နောက်တစ်ယောက် ပြောင်းပြီး ချစ်ကြည့်ပါလား"

"ဟာကွာ - မဖြစ်နိုင်ဘူးကွ။ ဒါထက် ငါ စောစောက အကြံတစ်ခုရတယ်။ ဒီလိုလုပ်ကြည့်ရအောင်ကွာ။ ကိုမျိုးကတော့ ထပ်ပြီး ကူညီရဦးမှာပဲ"

"ခင်ဗျားက တော်တော်သနားဖို့ကောင်းတဲ့လူပဲ။ အင်းလေ၊ တတ်နိုင်တာဆိုလည်း ကူညီရမှာပေါ့"

"ကျေးဇူးရှင်ကလေးရယ်၊ မင်းကငယ်နေလို့သာ။ ထိုင်ပြီး ရှိုခိုးချင်စိတ်တောင်ဖြစ်လာတယ်"

"ဟို. . . ဟို အဲဒါတော့ မလုပ်ပါနဲ့ဗျာ။ ကဲ- ဘာထပ်ပြီးကူညီရမှာလဲ"

"ငါ့အိမ်က အမေမသိအောင် ရေထမ်းရောင်းပြီး အရက်ကောင်းကောင်း တစ်ပုလင်းရအောင်ဝယ်မယ်။ မင်းက ကျောင်းမှန်ဖိုးထဲကစုပြီး ပဲကြီးလှော်တစ်ဘူးဝယ်နိုင်အောင် ကြိုးစားကွာ။ အဲဒါတွေရတဲ့နေ့ကျရင် တို့သွားကြမယ်။ အဲဒီလူကြီးကိုတွေ့ရင် လက်ဆောင်ပေးမယ်ကွာ။ ငါ့ခံစားချက်ကိုလည်း ဖွင့်ပြောပြပြီး အကူအညီတောင်းမယ်ကွာ။ သူပါကူစောင့်ပေးရင် ပိုကောင်းတာပေါ့။ အဲသည်လို စမ်းကြည့်ရအောင်နော်"

"ကိုထွေးက အကုန်လုံးကို ဖွင့်ပြောလိုက်မှာလား။ တခြားလူတွေသိကုန်ရင် ဘယ်လိုလုပ်မှာလဲ"

"ဟာ - နာမည်တွေပါပြောလို့ ဘယ်ဖြစ်မလဲကွ။ အကြောင်းအကျိုးလောက်ပဲ ပြောရမှာပေါ့။ ဒီကိစ္စသာမပြီးသိသွားခဲ့ရင် ငါ့ခေါင်းကို မိုးကြိုးပစ်ချတာကမှ တော်ဦးမယ်"

ဟုတ်ပေသည်၊ ဤကိစ္စအား မပြီးသိသွား၍ မဖြစ်ပါ။ သို့ဖြင့် ကျွန်ုပ်တို့သည် ပစ္စည်းများပြည့်စုံသောနေ့တွင် စက်ပစ်တောင်သို့ သွားကြပြန်ပါသည်။ ကျွန်ုပ်တို့ ရောက်သွားကြသောအခါ ထိုအရက်သမားကြီးအား တွေ့ရ၏။ ကျွန်ုပ်တို့အား ဒေါသတကြီးဖြင့်-

"ငါ့ဘာသာငါ အေးအေးဆေးဆေး ဇိမ်ယူချင်လို့ ဒီလိုနေရာမျိုးကို တမင်တကာ လာပါတယ်ဆိုမှပဲ မင်းတို့က ခဏခဏလာနေတယ်။ သွား- ပြန်ကြ၊ ဒီနေရာဟာ မင်းတို့လာရမယ့်နေရာမဟုတ်ဘူး။ လူကြီးတွေတောင် လာရဲကြတာမှတ်နေလား။ ငါလို မကြောက်တတ်တဲ့ကောင်မျိုးတွေဘဲ လာကြတာကွ။ ဘယ်နှယ် မကြောက်မလန့်နဲ့ဗျာ အံ့ရော။ ဘယ်လိုကောင်လေးတွေမှန်းကို မသိဘူး"

အရက်သမားကြီးမှာ မူးနေပြီဖြစ်၏။ ကိုထွေးသည် ရှေ့သို့ ဇွတ်တိုးဝင်သွားပြီးနောက် လွယ်အိတ်ထဲမှ အရက်ပုလင်းနှင့် ပဲကြီးလှော်ထုပ်တို့ကို ထိုလူကြီး၏ရှေ့တွင် ချထားလိုက်ပြီး ထိုင်၍ အကြိမ်ကြိမ် ရှိခိုးနေပါတော့၏။ ထိုအခါ အရက်သမားကြီးမှာ တွေဝေသွားပြီး-

"ဟေ့. . . ဟေ့ကောင်လေး၊ ဒါက ဘာလုပ်တာလဲ"

"ဦးကြီးရယ်၊ ကျွန်တော့်ကို ကူညီပါခင်ဗျာ။ ဦးကြီးကို ကန်တော့ချင်လို့ အဲဒါလေးတွေကိုလည်းယူလာခဲ့ပါတယ်။ ဦးကြီးမှ မကူညီရင်တော့ ကျွန်တော် သေရပါလိမ့်မယ်။ ဒါမှမဟုတ်ရင် သွားရပါလိမ့်မယ်"

"ဘာကွ- သေမယ်၊ သွားမယ် ဟုတ်လား။ ဘာတွေလဲကွ၊ အရှိန်လေးရနေတာတောင် ဘယ်ရောက်သွားမှန်းမသိတော့ဘူး။ ဒီနေရာကို ဘယ်သူမှ မလာရဲကြလို့ ငါလာနေတာကွ။ ငါ့မိန်းမနဲ့ ငါ့သားသမီးတွေ ငါအရက်သောက်တာကို ဗျစ်စိဗျစ်စိလုပ်လွန်းလို့ ဒီလိုနေရာမှာလာပြီး ဇိမ်ခံတာကွ။ မင်းတို့နဲ့မှ ကြံကြံဖန်ဖန်လာပြီးတွေ့နေရသေးတယ်လို့ကွာ။ နေပါဦး သေမှာတွေ၊ သွားမှာတွေက ဘာတွေလဲ"

ထိုအခါ ကိုထွေးက သူ၏ ဖြစ်ကြောင်းကုန်စင်တို့ကို သနားစဖွယ်မျက်နှာလေးဖြင့် နတ်သံနှော၍ ပြောပြလိုက်ပါတော့သည်။

ကိုထွေး၏စကားပြီးဆုံးသွားသောအခါ ထိုလူကြီးသည် ကိုထွေးကို ခေတ္တစိုက်၍ကြည့်လိုက်ပြီးနောက် တဟားဟားဖြင့် ရယ်ပါလေတော့၏။ ၎င်းနောက်-

"ဖြစ်မှဖြစ်ရလေ ကောင်လေးရာ၊ မိန်းမတွေ တစ်ပုံတစ်ပင်ကြီးရှိတဲ့ဟာကို မင်းလို ကလေးမျိုးတော့ ငါမတွေ့ဖူးပါဘူး။ အခုမှပဲ စဉ်းစားမိတော့တယ်။ ငါတောင် ငါ့မိန်းမကို အဲသည်လောက် မချစ်မိဘူးထင်တာဘဲ။ ကဲကဲ- ငါလည်း တိတ်တိတ်ဆိတ်ဆိတ်နေရတာကိုကြိုက်ပါတယ်။ မင်းတို့ကိစ္စကလည်း စကားပြောရတာမဟုတ်တော့ အဆင်ပြေတာပေါ့။ ငါလည်း ကူပြီးစောင့်ပေးပါ့မယ်ကွာ။ ဒါပေမယ့် ဒီလိုဝယ်ပေးတာမျိုး နောက်မလုပ်နဲ့နော်"

"ဦးကြီးကလည်း၊ ကျွန်တော်တို့က စေတနာနဲ့ပါ"

"ဟိတ်ကောင်လေး၊ တော်တော့။ မင်းကို သနားလို့ ကူညီတာကွ။ ငါက အရက်သမားဆိုပေမယ့် မဟုတ်တာ၊ မတရားတာဆိုရင် မကြိုက်ဘူး။ စည်းကမ်းရှိတာကိုပဲ ကြိုက်တယ်။ ငါ့ပဲကြီးလှော်နဲ့ ငါ့အရက်ရိုးရိုးပဲကောင်းတယ်။ မင်းတို့ပေးတာတွေကို ငါကြိုက်သွားရင် ငါ့စည်းကမ်းကို ငါကိုယ်တိုင်ဖျက်သလိုဖြစ်သွားမှာပေါ့။ နောက်ပြီး မင်းတို့ကကော တစ်သက်လုံး ဝယ်ပေးမှာတဲ့လား။ ဒီတစ်ခါတော့ မင်းကိုသနားလို့ လက်ခံလိုက်မယ်။ နောက်ဆိုရင် ဘယ်တော့မှ ဘာမှယူမလာခဲ့နဲ့ ကြားလား။ ငါ မင်းတို့ကိုတော့ ကူညီမှာပါ"

"ဟုတ်. . . ဟုတ်ကဲ့ပါ ဦးကြီး"

ကျွန်ုပ်တို့လည်း ကျန်နေသေးသောအချိန်အတွင်း အလုပ်ကို ဆက်၍လုပ်ကြရတော့သည်။ ကိုထွေးက ကျွန်ုပ်တို့နှင့် (၁၀) ပေခန့်အကွာတွင် မိုးကို မျှော်၍ မတ်တတ်ရပ်လျက်ကြည့်နေရ၏။ ကျွန်ုပ်တို့ အရက်သမားကြီးနှင့် အတူထိုင်နေရ၏။ အရက်သမားကြီးက အရက်သောက်ခြင်း၊ အမြည်းဝါးခြင်းတို့ဖြင့် ညောင်ပင်ကိုမှီ၍ ဇိမ်ခံနေ၏။ ဤသည်ကား ကျွန်ုပ်တို့၏နေ့စဉ်ပုံမှန်အလုပ်ပင် ဖြစ်ပါတော့သည်။ ထိုနေ့ကလည်း ကြယ်ကြေခြင်းကို မတွေ့ကြရသဖြင့် ပြန်ခဲ့ကြရသည်သာ ဖြစ်၏။ အရက်သမားကြီးကလည်း ကိုထွေးအား သနားလာတော့သဖြင့် လက်လျှော့လိုက်ရန် အကြံပေးတော့၏။

ကျွန်ုပ်တို့လည်း ကြိုကြားကြိုကြား ဖြင့် စက်ပစ်တောင်သို့ လာခဲ့ကြသည်မှာ တစ်လပင်ကျော်ခဲ့ပေပြီ။ ကိုထွေးကိုယ်တိုင်မှာလည်း ငိုမဲ့မဲ့ပင်ဖြစ်နေရပေပြီ။ အကြောင်းမှာ ကိုကျော်ကျော်မောင်သည် သီရိဇေယျာလမ်းထဲသို့ လူပျိုလှည့်သွားနေသည်ဟု သတင်းထွက်နေသောကြောင့်ပင်ဖြစ်၏။ ကျွန်ုပ်ပင်လျှင် အတန်းတင် စာမေးပွဲဖြေဆိုရန် နီးကပ်လာပြီဖြစ်၏။ ထိုအချိန်အထိ မအောင်မြင်သေးပါက အစီအရင်လုပ်ထားရဦးဖြစ်ကြောင်း ပြောပြထားရ၏။ မစီရင်ရလျှင်

www.burmeseclassic.com

သော် လည်းကောင်း၊ မပြုံးက ကိုကျော်ကျော်မောင်၏အချစ်ကို လက်ခံလိုက်လျှင်သော် လည်းကောင်း မကွေးမြို့မှ ထွက်ခွာသွားမည်ဖြစ်ပြီး ဘယ်သောအခါမှပြန်လာတော့မည်မဟုတ်ကြောင်း တို့ကို ပြောလာပါတော့သည်။

ယနေ့လည်း ထုံးစံအတိုင်း နေဝင်ပြီးချိန်၌ ကျွန်ုပ်တို့သည် စက်ပစ်တောင်ပေါ် သို့ ရောက်ကြရပြန်ပါသည်။ အရက်သမားကြီးလည်း ရောက်နေပြီ ဖြစ်၏။ ထုံးစံအတိုင်းပင် ငှက်တုတ်နှစ်ယောက်နှင့် မတ်တတ်တစ်ယောက်တို့၏လုပ်ငန်းကို ပျင်းရိလေးတွဲ့စွာ စကြပြန်ပါတော့၏။ ထိုနေ့ကမူ ကံအားလျော်စွာ ကြယ်ကြွေခြင်းကို မြင်တွေ့လိုက်ကြရ၏။ ကျွန်ုပ်က အရက်သမားကြီးအား လှည့်ကြည့်၍ ကောင်းကင်ကို လက်ညှိုးထိုးပြလိုက်၏။ အရက်သမားကြီးကလည်း မြင်လိုက်ကြောင်းကို ခေါင်းညိတ်၍ပြ၏။ ကျွန်ုပ်တို့ရှိနေသောနေရာသို့ ဘုရားသုံးဆူဘုန်းကြီးကျောင်းမှ မီးရောင်သည် မှုန်ပျပျမျှ ရောက်ရှိနေသည် ဖြစ်၏။ (ထိုစဉ်က ကျောင်းထိုင်ဆရာတော်မှာ ဦးဉာဏောဘာသ ဖြစ်၏။) သို့ဖြစ်၍ ကျွန်ုပ်တို့နှစ်ယောက်သည် ကိုထွေးဆီသို့ အာရုံစိုက်၍ ကြည့်နေကြပါတော့သည်။ အောင်ပြီကွ သုံးခါတစ်ကြွေးမည့်အသံကိုစောင့်မျှော်နေကြခြင်းပင် ဖြစ်၏။

ကိုထွေးသည် ဘယ်ဘက်လက်ပေါ်ရှိ ဝန့်လုံးထပ်ရေးထားသော စာရွက်ပေါ် သို့ ညာဘက် လက်ညှိုးဖြင့် ထောက်ထားသည်ကို တွေ့ရ၏။ မည်သည့်အသံမျှ ထွက်ပေါ်မလာပါ။ မသက်သာဖြင့် သူ၏ဘေးနားရပ်၍ သေချာစွာကြည့်လိုက်ရာ မျက်စိမှိတ်ထားသည်ကိုလည်း တွေ့ရ၏။ သို့သော် တုန့်ယင်နေသည်ကို တွေ့ရ၏။ အစီအရင်အရအောင်ပြီဟု သုံးကြိမ်တိုင်တိုင် ဟစ်ကြွေးပြီးမှသာလျှင် မျက်လုံးဖွင့်ရမည် ဖြစ်၏။ ယခုသော်ကား သူ၏မျက်လုံးများမှာ ဖွင့်ရုံမျှမက ပြူးကျယ်စွာဖြင့် ရှေ့သို့စိုက်ကြည့်နေသည်ကို တွေ့ရ၏။ အစီအရင်ကိစ္စ၌ အမှားအယွင်းဖြစ်ပေပြီ။ ကြိုးစားအားထုတ်ခဲ့ကြရာမှ အချည်းနီးသာလျှင် ဖြစ်ရတော့၏။ သို့ဖြစ်၍ ကျွန်ုပ်သည် စိတ်တိုသွားရပြီး-

"ကိုထွေး၊ ဟေ့- ကိုထွေး။ ဘာလို့ မအော်ရတာလဲ။ အောင်ခါနီးမှာဗျာ။ သွားပါပြီ"

ကိုထွေးကား ပြန်၍မထူးပါ။ နောက်ထပ်တစ်ကြိမ် ခေါ်သော်လည်း ပြန်မထူးသည့်အပြင် မတ်တတ်ရပ်လျက်မှ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေတော့၏။ ထိုအခါတွင် အရက်သမားကြီးသည် မနေနိုင်တော့ဘဲ ကိုထွေးအနားသို့သွား၍-

"ဟဲ့- ကောင်လေး၊ ဘာဖြစ်နေတာလဲ။ ဟာ- ပုဆိုးတစ်တွင်းလုံး သေးတွေ၌ရွဲစိုလို့ပါလား။ ဟောဗျာ- အခုထိတောင် ထွက်ကျနေတုန်းပါလား။ ဒီကောင်လေး မတ်တတ်မေ့နေတာပါကော။ မဖြစ်ဘူး။ ကဲဟာ မေ့ဦး၊ ကဲဟာ မေ့ဦး"

အရက်သမားကြီးသည် မတ်တတ်မေ့နေသော ကိုထွေး၏ပါးအား နှစ်ချက်ဆင့်၍ ရိုက်လိုက်ပါသည်။ ထိုအခါကျမှ ကိုထွေးသည် မျက်တောင်ခတ်လာပြီး-

"ဘယ်ရောက်သွားပြီလဲဟင်၊ဘယ်ကိုရောက်သွားပြီလဲ"

"ဟဲ့ကောင်လေး၊ သတိရလာပြီလား။ ဘာတွေက ဘယ်ရောက်နေလို့လဲ ဒုက္ခပါပဲ"

"ဟင်- ဘာဖြစ်လို့ ကျွန်တော့်ကို အရက်တွေလောင်းချထားတာလဲ"

"ဘာကွ၊ ထွီ. . . ဝေ့. . . အော့. . . အော့။ ဟေ့ကောင်၊ အဲဒါ အရက်မှတ်နေသလား။ မင်းဘာသာမင်း ပါတော်မူထားတဲ့ ကြောက်သေးတွေကွ။ ငါ့အရက်ကိုများ ရာရာစစ မင်းက သေးဖြစ်အောင်ပြောတယ်ရှိရသေးတယ်"

ထိုအခါမှ ကိုထွေးသည် ကြောင်စီစီဖြစ်နေရာမှ ထိုင်ချလိုက်ပြီး ရှိုက်ကြီးတငင်ငိုပါလေတော့၏။ သူ၏ သေးရန့်များမှာလည်း သင်းပျံ့၍လှိုင်နေပါတော့သည်။

"အဟီးဟီးဟီး. . . ဟင့်ဟင့်၊ကျွန်တော့်ဘဝကတော့ ရေစုန်မျောပါပြီဗျာ"

ဘာလို့မျောရမှာလဲ ကောင်လေးရ။ ဒီလောက်မှဖြစ်နေရင် နောက်တစ်ခါထပ်လုပ်ပေါ့"

"ဒီအစီအရင်မျိုးက တစ်ခါပဲလုပ်ခွင့်ရှိတာတဲ့။ နောက်တစ်ခါထပ်လုပ်ရင် မစွမ်းတော့ဘူးတဲ့"

"ဒါဆိုလည်းကွာ ဒီလောက်အထိ ရူးဖို့မလိုပါဘူး။ မိန်းကလေးတွေအများကြီးပါကွ။ နေပါဦး၊ ဘာဖြစ်လို့ အောင်ပြီလို့ မအော်ရတာလဲ။ မင်းမျက်စိမှိတ်ထားတုန်းမှာ အမျိုးသမီးပုံရိပ်က ပေါ်မလာလို့လား"

"ပေါ်တော့လာတယ် ဦးကြီးရဲ့။ ဒါပေမယ့် ဘယ်လိုမိန်းမမျိုးကြီးလဲ မသိပါဘူး။ ပြောရင်းတောင် ကြောက်လာပြန်ပြီ။ ထဘီရင်ရှားကြီးနဲ့ပေါ်လာတာဗျ။ ရုပ်ကလည်းဆိုးလိုက်တာဗျာ။ မျက်နှာမှာလည်း အဖုအပိပ်မ့်တွေချည်းပဲ။ ပါးစပ်ကထွက်နေတဲ့ အစွယ်ကြီးနှစ်ချောင်းကလည်း အရှည်ကြီးပဲ။ ကျွန်တော်တော့ ကြောက်တာပဲသိလိုက်တော့တယ်။ ဘာကိုမှ သတိမရတော့ဘူး"

"ဟ- ကောင်လေးရ၊ အဲဒါ မိန်းမပဲကွ။ ဘီလူးမလို့ခေါ်တယ်။ မင်းအော်လိုက်ရမှာ"

"သိမှမသိဘဲ ဦးကြီးရဲ့၊ နောက်ပြီး ဘာမှမသိတော့ပါဘူးဆို"

"ဩော- ဒုက္ခ၊ ဒုက္ခ။ လောကမှာ မင်းလိုဝင့်ကောင်မျိုးလည်း ရှိသေးသကိုး။ ကဲ- ပြန်ကြရအောင်"

သို့ဖြင့် ကျွန်ုပ်တို့သုံးဦး လမ်းခွဲနေကျဖြစ်ပါသည်။

BURMESE CLASSIC .com

အပြန်တွင် ကိုထွေး က-

"ညီလေး ကိုမျိုး၊ ငါထွက်သွားမှာကို ငါ့အိမ်မသိပါစေနဲ့နော်။ နောက်ပြီး မပြုံးကိုလည်း ငါတို့အကြောင်းတွေကို သွားပြီးမပြောလိုက်ပါနဲ့ကွာ။ ငါထွက်သွားပြီဆိုမှ မပြုံးဆီကို ညီလေးသွားလိုက်ပါ။ သူ့အချစ်ကို မရတော့လို့ ငါထွက်သွားတာလို့ ပြောပေးပါကွာ"

ဟုတ်ကဲ့ပါ၊ ကိုထွေး ထွက်သွားမှာကို ကျွန်တော် စိတ်မကောင်းဘူးဗျာ။ ဒါပေမယ့်ဗျာ မပြုံးကိုတော့ သွားပြောရမယ်။ စိတ်သာချ၊ သူတို့ သိရိဇေယျာလမ်းကလူတွေကလည်း ကျွန်တော်တို့နှစ်စင်လေးကိုပဲ ရေခပ်ဆင်းကြရတာပါ။ နှစ်စင်ညောင်ပင်ကြီးအောက်က စောင့်ပြီး ပြောလိုက်ရုံပါပဲ"

ထိုအခါတွင် အရက်သမားကြီးက ကျွန်ုပ်တို့အား မေးလိုက်ပါသည်။

"ဟေ့- ကလေးတွေ၊ မင်းတို့က ဘယ်လမ်းထဲမှာနေကြတာလဲ"

"ကျွန်တော်တို့က သုခလမ်းမှာ နေကြတာပါ ဦးကြီး။ ဘာပြုလို့လဲဗင်"

"ဒါဆိုရင် မင်းတို့က သိပ်မဝေးပါဘူး။ ကဲ- လမ်းခွဲရောက်ပြီ၊ ကြောက်သေးပါတဲ့ကောင်ကြောင့် ငါ့မှာရှိတဲ့အချိန်လေးတောင်ကုန်သွားပြီ။ ရှေ့နားက အရက်ဆိုင်ကျရင် အရှိန်နည်းနည်းလောက် ထပ်ပြီးတင်လိုက်ဦးမယ်။ ကဲ- သွားပြီဟေ့"

အရက်သမားကြီးက စတင် နှုတ်ဆက်၍ လမ်းခွဲလိုက်ကြတော့၏။ ကိုထွေးသည် တုန်တုန်ယင်ယင်ဖြစ်နေသဖြင့် ကျွန်ုပ်က တွဲပေးရပြီး ပြန်ခဲ့ကြပါတော့သည်။ ကိုထွေး အိမ်သို့ရောက်သောအခါ လမ်းတွင် ခြေချော်လဲသဖြင့် ယခုလိုဖြစ်နေကြောင်း လိမ်ညာပြောပြ၍ ကိုထွေးကို ထားခဲ့ပါသည်။ နောက်နေ့တွင် ကိုထွေးဆီသို့ သွားသောအခါ ကိုထွေးသည် ကောင်းစွာ မတ်တတ်မရပ်

www.burmeseclassic.com

www.burmeseclassic.com

၍မရသဖြင့် တွဲထူတွဲထပြုလုပ်ပေးနေရသည်ကို တွေ့ရပါသည်။ ဝါးကုလားထိုင်ပေါ်၌ မှီ၍ထိုင်နေရင်း ငူငူကြီးဖြစ်နေသည်ကို တွေ့ရတော့၏။ စိတ်ထိခိုက်လွန်းသွား၍ပဲလား၊ အကြောက်လွန်သွား၍ပဲလား မသိတော့ပါ။ အောက်တစ်ပိုင်းသေသလိုပင် ဖြစ်နေသည်ကို စိတ်မကောင်းစွာ တွေ့ရတော့၏။ ကို ထွေးသည် ကျွန်ုပ်အား သူ၏အနီးသို့ လက်ဖြင့်ယပ်ခေါ် လိုက်ပြီးနောက်-

"ကိုမျိုး၊ ငါသွားမှာကို အိမ်ကလူတွေ မသိစေနဲ့နော်"

"ဟာ - ကိုထွေးကလည်း ပြောစရာလားဗျ"

"မပြုံးကော၊ ရေခဲ့ဆင်းတာတွေ့မိသေးလားဟင်"

"တွေ့ပါတယ်ဗျာ၊ သူက မိန်းကလေးအဖော်တွေနဲ့ ရေခဲ့ဆင်းတာဗျ"

"အေးပါကွာ၊ ငါထွက်သွားပြီဆိုမှ သူကိုလည်း သွားပြောပေးပါနော်။ ကြိုတော့မပြောပါနဲ့"

"သိပါတယ်ဗျာ၊ ကိုထွေးသာ ကိုယ့်ကိုယ်ကိုယ် နေကောင်းအောင်နေပါ။ ကဲ - သွားမယ်နော်"

ကိုထွေးကို အားပေး၍ ပြန်လာခဲ့ပါသည်။ ညနေ ရေခဲ့ဆင်းချိန်များတွင် ကျွန်ုပ်မှာ ဘက်ပဲ့၍နေလေတော့၏။ သို့နှင့် နှစ်ရက်ခန့်အကြာတွင် စုရပ်ဖြစ်သော နတ်စင်ညောင်ပင်ကြီးအောက်၌ ရေအိုးကိုပိုက်၍ ရပ်စောင့်နေသော မပြုံးကို တွေ့ရ၏။

"ဟဲ့ - မောင်လေး ကိုမျိုး၊ တစ်ယောက်တည်းလား။ ဟိုတစ်ယောက်လည်း မမြင်ပါလား"

"ကိုထွေးကို ပြောတာလား၊ နေမကောင်းဖြစ်နေတယ်။ လမ်းတောင်မလျှောက်နိုင်ဘူး"

ပြောချင်နေသည်နှင့် အတော်ပင်ဖြစ်သွား၏။ မပြုံး၏မျက်နှာတွင် စိတ်မကောင်းဖြစ်သွားသည့် ပုံသဏ္ဌာန်ကို မြင်လိုက်ရ၏။ နောက်ထပ် (၂)ရက်ခန့် အကြာတွင်လည်း ကျွန်ုပ်အား နတ်စင်ညောင်ပင်ကြီးအောက်မှ စောင့်နေသည်ကို တွေ့ရပြန်ပါသည်။ သူမအနီးသို့ ရောက်လျှင်-

"မောင်လေး မောင်မျိုး၊ မမ မင်း ကိုစောင့်နေတာ။ ဟိုတစ်ယောက် ဘယ်လိုနေသေးသလဲ"

ကျွန်ုပ်လည်း အံ့အားသင့်သွားပါသည်။ ကျွန်ုပ်တို့အပေါ် ဤသို့ဖော်ရွေခြင်းကို ဘယ်သောအခါကမျှ မပြုခဲ့ဘူးပေ။

"မသက်သာပါဘူးဗျာ၊ တွဲထူတွဲထလုပ်ပေးနေရတယ်။ မတ်တတ်ရပ်လို့ မရဘူး"

"ဟင် - ဟုတ်လား၊ အဲသည်လောက်ထိအောင်ပဲ ဖြစ်နေသလား။ ဒါဖြင့်လည်း မမပြုံး သူတို့အိမ်ကိုမသိလို့ မောင်လေးလိုက်ပို့ပေးပါလား။ လူမမာမေးသွားချင်လို့ပါ"

"ဒီလိုဆိုရင်လည်း ရေအိုးတွေကို ဟိုအိမ်မှာ ခဏအပ်ထားခဲ့ပြီး သွားကြတာပေါ့"

ကျွန်ုပ်တို့သည် ရေအိုးများကိုအပ်နှံ၍ ကိုထွေးအိမ်သို့ သွားကြပါသည်။ ယခုကဲ့သို့ ဆက်ဆံရေးပြောင်းလဲလာရခြင်းကိုလည်း စဉ်းစား၍မရပါ။ သို့နှင့် ကိုထွေးအိမ်သို့ ရောက်သွားသောအခါ ကျွန်ုပ်က ရှေ့မှဦးဆောင်၍ ဝင်သွားပြီးလျှင်-

"လာ- မမပြုံး၊ ဒါ ကိုထွေးတို့အိမ်ပဲလေ။ ဟိုမှာလေ ကိုထွေး"

ပက်လက်ကုလားထိုင်တွင် ထိုင်နေသော ကိုထွေးသည် ကျွန်ုပ်တို့နှစ်ယောက်ကို မြင်လိုက်ရသည်နှင့် ပါးစပ်အဟောင်းသားဖြစ်သွားပြီးနောက်-

"ဟာ- လာ. . . လာပါ မပြုံး။ ဒီကုလားထိုင်မှာထိုင်ပါ"

ကိုထွေးသည် ပက်လက်ကုလားထိုင်တွင် ထိုင်နေရာမှ ရုတ်တရက်ထ၍ ရပ်လိုက်ပြီးနောက် အနီးရှိ ခုတင်ပေါ်သို့ ပြောင်း၍ထိုင်လိုက်ပါသည်။ ကိုထွေး၏အမေ အဘွားမြင့်ကလည်း မိန်းကလေးဧည့်သည်ရောက်လာသဖြင့် အိမ်ပေါ် မှဆင်းလာပါသည်။ စိတ်ထဲ၌ ဦးလိုးခုလုံဖြစ်သွားရသည်ကတော့ ကျွန်ုပ်ပင်ဖြစ်၏။

"မမပြုံးရှေ့ကနေတဲ့ ကျွန်တော့်ကို ကျတော့ မျက်စိက မမြင်ဘူးပေါ့လေ။ နောက်မှာနေတဲ့ မမပြုံးကျတော့ မျက်လုံးက မြင်တတ်တယ်ပေါ့။ မတ်တတ်ရပ်ပြီးနေရမှာလား"

"ဟီးဟီး- ညီလေးကလည်းကွာ၊ တို့က အချင်းချင်းတွေပဲ။ ဧည့်သည်စိတ်ဖျက်သွားပါဦးမယ်။ နောက်ပြီးကျမှ မင်းကြိုက်သလိုလုပ်ပါ။ အစ်ကိုကြီး ခံပါမယ်။ လာလေကွာ၊ ဘာလုပ်နေတာလဲ။ ကိုမျိုးက အစ်ကိုကြီးနဲ့အတူတူလာထိုင်ပေါ့ကွ။ ကုလားထိုင်က တစ်လုံးတည်း ရှိတာမို့ပါကွာ။ ဟဲဟဲဟဲ - ညီလေးကလည်း သိရဲသားနဲ့"

ထိုစဉ်မှာပင် အိမ်ပေါ်မှဆင်းလာသော အဘွားမြင့်သည် ကျွန်ုပ်တို့အနီးသို့ရောက်လာပြီး-

"ဟဲ့- မိန်းကလေး၊ ထိုင်လေကွယ်။ သားတို့သူငယ်ချင်းတွေလား။ အလို့ ဟဲ့- ဟိုကောင် ငထွေး။ မင်းက ဘယ်လိုလုပ်ပြီး ခုတင်ပေါ် ရောက်နေရတာလဲ။ ကိုမျိုး ရွှေ့ပေးထားတာလား"

"မဟုတ်ဘူး အဘွားမြင့်၊ သူဘာသာသူထပြီးသွားတာပါ"

"ဟဲ့- ငထွေး၊ နင့်ရောဂါ ပျောက်ချင်တော့လည်း ချက်ချင်းကြီးပါပဲလား။ အခါတိုင်းဆိုရင် တွဲပြီးပို့မှ ခုတင်ပေါ် ကို ရောက်ရတာ။ ကဲ- သမီးလေး၊ ထိုင်ပါဦးကွယ်"

မပြုံးသည် ပက်လက်ကုလားထိုင်ပေးတွင် ဝင်ထိုင်လိုက်ပြီး ပြုံးစိစိအမူအရာဖြင့်-

"ကိုထွေး၊ နေမကောင်းဘူးဆိုလို့ လာပြီးမေးတာပါ အဒေါ်။ အခုပဲပြန်မှာပါ။ ကိုထွေးလည်း မြန်မြန်နေကောင်းအောင်ကြိုးစားပေါ့။ လူစုံမှ ရေခဲ့ဆင်းကြရတာ ပျော်စရာကောင်းမှာ။ ကဲ- ကျွန်မရေခဲ့ရင်း ဝင်လာတာ။ ကိုမျိုး၊ မမတို့သွားကြရအောင်"

"ဟုတ်ကဲ့ မမပြုံး"

လမ်းတွင် မမပြုံး၏ ပြောင်းလဲသွားပုံကိုလည်းကောင်း၊ လူမမာမေးလာရခြင်းကို လည်းကောင်း စဉ်းစား၍မရသဖြင့် ကျွန်ုပ်လည်း မပြုံးကို မေးလိုက်မိပါသည်။

"မမပြုံး၊ နောက်ဆိုရင် ကျွန်တော်တို့နဲ့အတူတူ ရေခဲ့ဆင်းတော့မှာလား"

"အို - မောင်လေးကလည်း မင်းအစ်ကိုကြီး မြန်မြန်နေကောင်းသွားအောင်လို့ အားပေးခဲ့တာပါ"

ကျွန်ုပ်လည်း သဘောပေါက်သွားပါသည်။ အံ့သြဖွယ်ရာကား လူမမာကိုထွေးသည် နောက်တစ်နေ့တွင် ရေခဲ့ဆင်းနိုင်ခြင်းပင် ဖြစ်၏။ မပြုံးကို နတ်ဆေးဆရာမဟုပင် သတ်မှတ်ရတော့မည် ဖြစ်၏။ မပြုံးတို့အဖွဲ့တွင် ကျွန်ုပ်တို့သည် ညနေတိုင်း ရေခဲ့အတူတူသွားကြရင်းဖြင့် ရင်းနှီးခင်မင်မှု တိုးပွားခဲ့ကြပါသည်။ သို့နှင့် တစ်လအတွင်းမှာပင် ကိုထွေးနှင့် မပြုံးတို့သည် ချစ်သူများအဖြစ်သို့ ရောက်ရှိသွားကြတော့၏။ မကြာပါချေ၊ ကိုထွေးဘက်မှ ရပ်ရွာလူကြီးများ၏ ညှိနှိုင်းမှုးဖြင့် ကန်တော့တောင်းမင်္ဂလာပွဲကို အကျဉ်းချုံး၍ စီစဉ်နိုင်ကြတော့၏။ အထူးတလည် မင်္ဂလာဆောင်စရာမလိုတော့ဘဲ မိန်းကလေးအိမ်သို့ လူကြီးစုံလင်စွာဖြင့် လည်းကောင်း၊ ကန်တော့ပွဲနှင့် ပစ္စည်းစုံလင်စွာဖြင့် လည်းကောင်း ပြောဆိုတောင်းရမ်းခြင်းဖြင့်

www.burmeseclassic.com

အတည်ပြုကြရခြင်းကို ကန်တော့တောင်းဟု ခေါ်ကြပါသည်။ အကျဉ်းချုံးခြင်းပင်ဖြစ်၏။ မပြုံး၏အိမ်သို့ ကန်တော့တောင်းသွားသည့်နေ့က ကျွန်ုပ်လည်း လိုက်ပါခဲ့ရပါသည်။ မပြုံး၏အိမ်ပေါ်သို့ နှစ်ဖက်သောလူကြီးများ အပြန်အလှန်အားဖြင့် နာရီဝက်ခန့် မင်္ဂလာစကား ပြောကြပါသည်။ ထိုအခါတွင်မှ မပြုံး၏မိဘများကို မြင်ဖူးရခြင်း ဖြစ်ပါသည်။

မပြုံး၏အဖေကို မြင်လိုက်ရသည်နှင့် ကိုထွေးနှင့် ကျွန်ုပ် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြပါသည်။ အံ့အားလည်းသင့်သွားကြရပါသည်။ အကြောင်းသော်ကား မပြုံး၏ အဖေသည် စက်ပစ်တောင်ပေါ်တွင် အစီအရင်ပြုလုပ်ခဲ့ကြစဉ်က အကူအညီပေးခဲ့သော အရက်သမား ဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။ ကျွန်ုပ်နှင့် ကိုထွေးတို့၏ မျက်နှာများမှာ ဖျာကိုင့်၍ကြည့်နေရာမှ မော့မကြည့်တော့ပေ။ ကိုထွေးကတော့ ကန်တော့စဉ်အခါတွင် မော့ကြည့်ရတော့မည် ဖြစ်၏။ သို့နှင့်ပင် ကိုထွေးနှင့် မပြုံးတို့သည် ဇနီးမောင်နှံဘဝသို့ရောက်ခဲ့ကြတော့၏။

ကိစ္စအဝဝ ပြီးစီးသွားသည့်အခါတွင် သူတို့ဇနီးမောင်နှံသည် အဘွားမြင့်၏အိမ်၌ အတူနေကြ၏။ ကျွန်ုပ်လည်း အတန်းတင်စာမေးပွဲကြီး ဖြေဆိုနေခ်ိန်ဖြစ်နေ၍ တစ်ပတ်ကျော်ကျော် သူတို့အိမ်သို့ မရောက်ခဲ့တော့ပေ။ စာမေးပွဲဖြေဆို၍ပြီးသည့် နောက်နေ့တွင်တော့ သူတို့ဆီကို အလည်သွားပါတော့သည်။ ကျွန်ုပ်ကိုမြင်လျှင်ပင် သူတို့၏မျက်နှာများမှာ ပြုံးပြီးဖြီးဖြဖြစ်နေကြသည်ကို တွေ့ရ၏။ မပြုံးက မီးဖိုချောင်ကိစ္စများကိုပြုလုပ်နေ၏။ ကိုထွေး-

"လာလေကွာ ညီလေး ကိုမျိုး၊ စာမေးပွဲဖြေနိုင်ရဲ့လား"

"ဖြေနိုင်ပါတယ်။ ဒီနှစ် အောင်မှာသေချာပါတယ်"

"အောင်ပါစေကွာ၊ ငါနဲ့ မင်းမမပြုံးက စာမေးပွဲအောင်ရင် ကိုမျိုး သိပ်ကြိုက်တဲ့ ပိုင်းလေ့ဖောင်တိန်တစ်ချောင်းနဲ့ လွယ်အိတ်အကောင်းစားတစ်လုံးကို ဆုချမယ်လို့ တိုင်ပင်ထားတယ်ကွ"

"ဒါဆိုရင်တော့ ကိုထွေးတို့ ပေးဖို့သာပြင်ထားကြပေတော့"။ ကျွန်တော် စာမေးပွဲ ကောင်းကောင်းဖြေနိုင်တယ်။ ဩော် - ဒါနဲ့ မေးရဦးမယ်။ ခင်ဗျားတို့ မှန်တာကို ဖြေရမယ်နော်"

"ဟားဟားဟား- ငါတို့ကလည်း ကိုမျိုး မေးလိမ့်မယ်ဆိုတာ တင်ကြိုပြီး သိထားပါတယ်။ စိတ်ချ၊ အမှန်အတိုင်း ပြောပါလိမ့်မယ်။ ကဲ - ဘယ်နှယ်လဲ မပြုံး၊ ကိုမျိုး စာမေးပွဲပြီးတာနဲ့ ချက်ချင်း ရောက်လာလိမ့်မယ်လို့ ငါပြောထားတာ တွေ့ပြီမဟုတ်လား။ ကဲ- အခုရောက်လာပါပြီဗျာ။ ကျွန်တဲ့အပိုင်းကတော့ မပြုံးအပိုင်းလို့ ပြောထားပြီးသားနော်"

မပြုံးသည် လက်ဖက်သုပ်ပန်းကန်ကိုကိုင်၍ မီးဖိုချောင်ထဲမှထွက်လာပါသည်။ ၎င်းနောက် တခွိခွိဖြင့်ရယ်မောရင်း တစ်ဖန် တန်းလျားတွင် ဝင်ထိုင်လိုက်ပါသည်။

"ကဲပါ- ကိုမျိုးရယ်၊ မမပြုံး ပြောပြပါမယ်။ လက်ဖက်သုပ်လည်း စားဦးပေါ့။ အဲဒီညက စက်ပစ်တောင်မှာ မင်းတို့နှစ်ယောက်ရဲ့ဖြစ်ပုံတွေကို အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ အဖေက တစ်ခုမကျန် ပြောပြတော့တာပဲ။ ငါတို့မိသားစုတွေ ပြောပြောပြီး ရယ်လိုက်ကြရတာ အူတွေများတောင်နာတယ်။ ကိုထွေးကိုလည်း မမပြုံးက တကယ့်ကို သနားသွားတယ်။ အဖေကလည်း မမပြုံးကို ပြောပြတယ်။ ကိုယ့်အပေါ်မှာ ဒီလို ချစ်ချစ်ခင်ခင်ရှိတဲ့လူမျိုးကို ငါ့သမီးက စဉ်းစားမယ်ဆိုရင် အဖေကတော့ သဘောတူတယ်တဲ့။ ငါလည်း သေချာစဉ်းစားပြီးမှ သူ့ကိုယူဖို့ ဆုံးဖြတ်လိုက်တာပဲ။ အဲဒီညက ကိုမျိုးတို့ အပြန်လမ်းမှာပြောကြတဲ့စကားတွေရယ်၊ မင်းတို့နေကြတဲ့ လမ်းရယ်ကို အဖေက သိသွားတယ်လေ။ အဲဒီတော့မှ မင်းတို့ပြောနေကြတာဟာ မမပြုံးပဲဆိုတာ သိသွားတာပေါ့"

"အဲကွာ၊ ကောင်းရော့။ ကျားရှေ့မှာမှ မှောက်လျက်လဲမိသလိုဖြစ်သွားတာပါလား"

"ဟာ- ကိုမျိုး၊ ညီလေးပြောတာများနေပြီကွ။ ဘယ်ကလာပြီး ကျားရှေ့မှာ မှောက်လျက်လဲရမှာလဲ။ အဲဒါသိကြားရှေ့မှာ မှောက်လျက်လဲတယ်လို့ ခေါ်တယ် မဟုတ်ဘူးလား"

"အေးဗျ၊ ဒီလိုဆိုပြန်တော့လည်း ဟုတ်ပေသားပဲ။ မမပြုံးကကော ကိုထွေးကို တကယ်ပြန်ကြိုက်တာဟုတ်ရဲ့လား။ ကိုထွေးလောက်ကတော့ ချစ်မယ်မထင်ဘူးနော်"

"အံမယ် အံမယ်- သူလူဘက်က ရှေ့နေလိုက်နေတာများ။ ဟွန်း-ကိုမျိုးရေ မှတ်ထား၊ သူတို့က သူများတွေလို သေးပါအောင်လည်း မကြိုက်တတ်ဘူး၊ မတ်တတ်မှေ့လောက်အောင်လည်းမချစ်တတ်ပါဘူး။ ရိုးရိုးပဲချစ်တတ်တယ်ဟေ့"

"ဟာ- မပြုံးကလည်း၊ ငါအတုပြုတာတွေ ထည့်မပြောပါနဲ့တော့ကွာ။ တွေးမိရင် ရှက်လွန်းလို့ပါကွာ။ ရှိခိုးဆိုရင်လည်း ရှိခိုးပါ့မယ်ကွာ"

"မလုပ်လိုက်ပါနဲ့ ကိုထွေးရယ်၊ ရှင်က ဘာမဆို အဲဒီလက်နက်ကြီးနဲ့ ပစ်ဖို့လောက်ပဲ စဉ်းစားထားတာ မဟုတ်လား။ အသည်းမာပါတယ်ဆိုတဲ့ အဖေတောင် အဲဒီလက်နက်ဒဏ်မခံနိုင်ဘဲနဲ့ ကျွန်မကိုတော့ အဲဒါကြီးနဲ့ထပ်ပြီးမပစ်လိုက်ပါနဲ့တော့"

"ငါရှက်လို့ပါကွာ၊ ဟေ့- ကိုမျိုး၊ ညီလေးလည်း အဲဒါတွေကို လျှောက်မပြောနဲ့နော်"

"မပြောပါဘူးဗျာ၊ အင်း- အခုတော့ ကျွန်တော်ဘက်ပဲ့သွားရပြီပေါ့"

"ဟာ- မဟုတ်တာဘဲ၊ မပဲ့ပါဘူးကွ။ တစ်ယောက်တောင် ပိုပြီးတိုးလာသေးတယ်လေ။ တို့နှစ်ယောက်လုံး ညီလေးကို အမြဲ ချစ်ချစ်ခင်ခင်နေသွားမယ်လို့ တိုင်ပင်ထားကြတာပါ"

"ဒီလိုဆိုလည်း ဝမ်းသာပါတယ်ဗျာ"

"ညီလေးမှာ အခက်အခဲရှိလို့ လို အပ်တာရှိနေရင် တို့ကိုဖွင့်ပြောပါ။ ဘာမှအားနာမနေနဲ့နော်။ ငါတို့တတ်နိုင်သမျှ ကူညီကြမယ်လို့လည်း ဆုံးဖြတ်ထားတာပါ"

"ဟုတ်ကဲ့ပါ၊ ကဲ- နှစ်ယောက်လုံးပဲ ကျွန်တော် ပြန်လိုက်ဦးမယ်"

ကျွန်ုပ်သည် အပြန်လမ်းတွင် သူတို့နှစ်ယောက်အတွက် ဝမ်းသာမိခဲ့ရပါသည်။ သူတို့ကလည်း ကျွန်ုပ်အား အမှန်တယ် ချစ်ချစ်ခင်ခင်ပင် ဆက်လက် နေထိုင်သွားကြပါသည်။ သူတို့နှစ်ယောက်သည် ယခု စာရေးနေသည့်အချိန်တိုင် အောင် မကွေးမြို့မှာပင် ရှိနေကြပါသေးသည်။ အဘိုး၊ အဘွားများအဖြစ် သို့ရောက်ရှိခဲ့ကြပြီဖြစ်ပြီး သား၊ သမီး၊ မြေး၊ မြစ်များအထိပင် ရရှိနေကြပေပြီ။ ထိုစဉ်က ကျွန်ုပ် စဉ်းစားခဲ့မိသည်မှာ ကိုထွေးသည် စေတနာမှန်လျှင် ကံဖြစ်သည်ဆိုသော စကားအတိုင်းပင် ဖြစ်သွားခဲ့လေရော့သလား သို့မဟုတ်ပါက ကြယ်ကြေကိုကောက်၍ လမ်းပျောက်ကိုပင် ရှာဖွေခဲ့လေရော့သလားဟု အတွေးနယ်ချဲ့ခဲ့မိဖူးပါသည်။

မည်သို့ပင်ဖြစ်စေ သူတို့ဇနီးမောင်နှံကတော့ ယနေ့ထက်တိုင်ပင် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဖြင့် လက်တွဲမပျက်ကြဘဲ ဆက်လက် ချီတက်နေကြသည်ကတော့ အမှန်ပင်ဖြစ်ပါသတည်း။

BURMESE CLASSIC .com

ဇာတိဂုဏ်-မျိုးမြင့်အောင်

www.burmeseclassic.com